ဟဇရသ် မောင်လာနာ မွဖ်သီ မိုဟမ္မဒ် ရှဖီး(အ်)
၏
ကုရ်အာန် သဖ်စီရ် (အူရ်ဒူ) ကျမ်းမှ

မအာရိဖွလ်ကုရ်အာန် မြန်မာဘာသာပြန်

အစောင် ၂၂

ပြန်ဆို ရေးသား တည်းဖြတ်သူ

မောင်လာနာ မွဖ်သီ ကာရီ မိုဟမ္မဒ် ယူစွဖ် (အဆ်အဒီ)

فَاسْئَلُوْا اَهْلَ الذِّكْرِ اِنْ كُنْتُمْ لَا تَعْلَمُوْنَ ۝

معارف القرآن

''အသင်တို့ မသိကြပါမူ

တတ်သိသူများအား မေးမြန်း ကြလေကုန်။''

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ပါရာ [၂၂]	
	စုရောပ် အပ်ဇာစ်	
	မဟာမိတ်များကဏ္ဍ	
	၃၃ ׃ ၃၁ မှ ၃၃ ׃ ၃၄ အထိ	
၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂
၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၆
၃။	ကြင်ယာတော်များ၏ထူးမြတ်မှုတစ်ရပ်နှင့် ထိုထူးမြတ်မှုကြောင့် ကြင်ယာတော်များအပေါ် ခိုင်မာသော တာဝန်သတ်မှတ်ခြင်း	၉
၄။	အကျိုးကျေးဇူး	၁၀
၅။	အာလင်မ်၏ ကောင်းမှုများ၏ အကျိုးကုသိုလ်သည်လည်း အခြားသူများထက်များ၍ ၄င်း၏ပြစ်မှုကျူးလွန်ခြင်း၏ အပြစ်ဒဏ်သည်လည်း အခြားသူများထက်ပိုမို များပြားခြင်း	၁၁
၆။	ကြင်ယာတော်များအဖို့ အထူးလမ်းညွှန်ချက်	၁၂
၇။	ကြင်ယာတော်တို့သည် တစ်လောကလုံးရှိ အမျိုးသမီးများထက် ပို၍ မြင့်မြတ်မှုရှိကြပါသလား	၁၃
၈။	ပထမလမ်းညွှန်မိန့်ကြားချက်	၁၄
၉။	ဒုတိယလမ်းညွှန်မိန့်ကြားချက်	
၁၀။	'ပရ်ဒါဟ်' အပြည့်အဝပြုခြင်း	၁၆
၁၁။	အိမ်များ၌သာ တည်ငြိမ်စွာနေကြရမည်ဟု ဆိုရာ၌ အရေးကြီးလိုအပ်၍ အပြင်ထွက်ရသော အခြေအနေများ မပါဝင်ခြင်း	၁၇
၁၂။	ဟာဇရသ်အာအေရှာဟ် ﷺ သခင်မ၏ 'ဗဆွရဟ်' ခရီးစဉ်နှင့် 'ဂျမလ်' စစ်ပွဲ၏ဖြစ်ရပ်များအပေါ် 'ရဝါဖိဇ်' တို့၏ သပုတ်လေလွင့်စကားများ	၁၉

စဉ်	အကြောင်းအရာ	စာမျက်နှာ

၁၃။ ကြင်ယာတော်များအတွက် ကုရ်အာန်ကျမ်းတော်မြတ်၏ တတိယ၊ စတုတ္ထနှင့် ပဉ္စမလမ်းညွှန် မိန့်ကြားချက် ၂၄

၁၄။ ဤလမ်းညွှန် မိန့်ကြားချက် (၅) ရပ်စလုံးသည် မွတ်စလင်မ်အားလုံးအတွက် အမိန့်ဖြစ်ခြင်း ၂၅

၁၅။ အာယသ်တော်၌လာရှိသော 'အဟ်လိဗိုင်သ်' ဆိုသည်မှာ မည်သို့ပါနည်း။ ၂၆

အကျိုးကျေးဇူး ၂၉

၁၆။ ကုရ်အာန်ကဲ့သို့ ဟဒီးစ်အား ထိန်းသိမ်းခြင်း ၃၀

၃၃ း ၃၅

၁၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၁

၁၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ....

၁၉။ ကုရ်အာန်၏ ဦးတည်မိန့်ကြားမှုများသည် အမျိုးသားများအပေါ်၌ဖြစ်ပြီး အမျိုးသမီးများသည်လည်း ဤမိန့်ကြားမှု၌ ပါဝင်ရခြင်း၏လျှို့ဝှက်ချက် ၃၃

၂၀။ အလ္လာဟ်အသျှင်မြတ်အား များမြောင်စွာ သတိရတသရန် အမိန့်တော်နှင့် ထိုအမိန့်တော် သတ်မှတ်ရခြင်း၏ အမြော်အမြင် ၃၄

၃၃ း ၃၆ မှ ၃၃ း ၃၉ အထိ

၂၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၇

၂၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၄၀

၂၃။ ထူးခြားဖွယ်ဖြစ်ရပ် ၄၀

၂၄။ 'နေကာဟ်' တွင် မျိုးနွယ်၏အဆင့်ကို ထောက်ရှုရန်အမိန့်နှင့် အဆင့်အတန်း ... ၄၃

၂၅။ အဆင့်တူခြင်း၏ ဓမ္မသတ် ၄၄

၂၆။ ဒုတိယဖြစ်ရပ် ၄၅

၂၇။ လူတို့၏ မကောင်းပြောဆိုခြင်းများမှ ရှောင်ကြဉ်ခြင်းသည် 'ရှရီအသ်' တရားတော်၏ အဓိက ရည်ရွယ်ချက်တစ်ခုခုကို မထိခိုက်သရွေ့ ကောင်းသော လုပ်ရပ်ဖြစ်ခြင်း ၄၉

၂၈။ သံသယနှင့် စောဒကများကို ဖြေကြားခြင်းနိဒါန်း ၅၁

၂၉။ လျှို့ဝှက်ချက်တစ်ရပ် ၅၂

၃၀။ စောဒကတစ်ခုနှင့် အဖြေ ၅၃

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၃၃ း ၄၀ မှ	
၃၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၅၄
၃၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၅၅
၃၃။	'ခသ်မေ့နဗူဝသ်' နှင့် စပ်လျဉ်းသည့် ဓမ္မသတ်	၆၁
၃၄။	ကိုယ်တော်မြတ် ﷺ ၏ နောက်ဆုံး နဗီချုပ်ဖြစ်ခြင်းသည် နောက်ဆုံးခေတ်၌ အီဆာ ﷺ ဆင်းသက်လာမည် ဆိုခြင်းဖြင့် မည်သည့် ဆန့်ကျင်ခြားနားမှု မရှိကြောင်း	၆၁
၃၅။	'နဗူဝသ်'၏ အဓိပ္ပာယ်ကို ပြောင်းလဲခြင်း၊ 'ရှရီအသ်'တရားတော်အသစ်နှင့် ကျမ်းဂန်အသစ်ဖြင့် 'နဗူဝသ်' ကို တီထွင်ခြင်း	၆၃
	၃၃ း ၄၁ မှ ၃၃ း ၄၈ အထိ	
၃၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၇၁
၃၇။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၇၄
၃၈။	'ဇိက်ရုလ္လာဟ်' (အလ္လာဟ်အသျှင်မြတ်အား တသမှု) သည် အချိန်တိုင်းတွင် 'ဖွရဒ်' ဖြစ်သော 'အေဗာဒသ်' ဖြစ်ခြင်းနှင့် ၄င်းအား များမြောင်စွာ ပြုရန် အမိန့်ပေးခြင်းခံရသော 'အေဗာဒသ်'ဖြစ်ခြင်း	၇၄
၃၉။	အလ္လာဟ်အသျှင်မြတ်နှင့် တွေ့ဆုံရမည့်နေ့မှာ မည်သည့်နေ့ဖြစ်သနည်း?	၇၈
၄၀။	တမန်တော်မြတ် ﷺ ၏ အထူးဂုဏ်ရည်တော်များ	၇၉
	၃၃ း ၄၉	
၄၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၈၃
၄၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၈၃
၄၃။	'သွလာက်'ပေးချိန်တွင် ဝတ်စုံပေးရခြင်းအကြောင်း	၈၆
၄၄။	အစ္စလာမ်သာသနာ၌ ကောင်းမြတ်သောလူမှုဆက်ဆံရေးကို တုနှိုင်းမဲ့သင်ကြား ပေးခြင်း အကြောင်း	၈၆
	၃၃ း ၅၀ မှ ၃၃ း ၅၂ အထိ	
၄၅။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၉၀
၄၆။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၉၃

စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၇။	ပထမအမိန့်	၉၄
၄၈။	ဒုတိယအမိန့်	၉၄
၄၉။	အကျိုးကျေးဇူး	၉၈
၅၀။	တမန်တော်မြတ် ﷺ ၏ လောကီရေးစွန့်လွှတ်မှု ဘဝသက်တမ်းနှင့် တမန်တော်မြတ် ﷺ ၏ ကြင်ယာတော်များ၏ အရေအတွက်ဆိုင်ရာအကြောင်း	၁၀၃
	၃၃ း ၅၃ မှ ၃၃ း ၅၅ အထိ	
၅၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၀၉
၅၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၁၀
၅၃။	ပထမအမိန့်တော်	
၅၄။	ဖိတ်ခေါ်ကျွေးမွေးခြင်းအကြောင်းနှင့် ဧည့်သည်၏စည်းကမ်းချက်အချို့	၁၁၁
၅၅။	ဒုတိယစည်းကမ်းချက်	၁၁၁
၅၆။	တတိယစည်းကမ်းချက်	၁၁၂
၅၇။	ဒုတိယအမိန့်တော်	
၅၈။	အမျိုးသမီးတို့၏ 'ပရ်ဒဟ်'	၁၁၃
၅၉။	အမျိုးသမီးများအား 'ပရ်ဒဟ်'ပြုခြင်းကို အထူးအလေးအနက်ထားခြင်း	၁၁၃
၆၀။	ဖော်ပြပါအာယသ်တော် ကျရောက်လာခြင်း၏ အကြောင်းခံများ	၁၁၄
၆၁။	အကျိုးကျေးဇူး	၁၁၆
၆၂။	တတိယအမိန့်	၁၁၇
၆၃။	'ပရ်ဒဟ်'၏ အမိန့်တော်များ	
၆၄။	ရှက်ဖွယ်လိလိ ကိစ္စများကို ပိတ်ပင်တားဆီးသော အစ္စလာမ်သာသနာတော်၏ အစီအမံများ	၁၁၉
၆၅။	မကောင်းမှုအပြစ်ဒုစရိုက်လုပ်ရပ်များကို တားဆီးရာ၌ အစ္စလာမ်သာသနာတွင် အကြောင်းခံများကို ပိတ်ပင်သည့် အမိုးတန်ဥပဒေများနှင့် ယင်းဥပဒေများတွင် အလယ်အလတ်ဖြစ်ခြင်း	၁၂၁
၆၆။	အရေးကြီးသော သတိပေးချက်	၁၂၃
၆၇။	'ပရ်ဒဟ်'၏အာယသ်တော်များ ကျရောက်လာသည့်သမိုင်း	၁၂၅
၆၈။	အရှက်ဖုံးအုပ်ခြင်းအမိန့်နှင့် အမျိုးသမီးများ 'ပရ်ဒဟ်'ပြုရခြင်း၏ အမိန့်တို့တွင် ကွာခြားမှု	၁၂၈

စဉ်	အကြောင်းအရာ	စာမျက်နှာ
၆၉။	တရားတော်အရ 'ပရ်ဒဟ်'ပြုခြင်း၏ အဆင့်အတန်းနှင့် 'ပရ်ဒဟ်'၏အမိန့်များ အကြောင်း ရှင်းလင်းချက်	၁၃၁
၇၀။	ပထမအဆင့်	၁၃၂
၇၁။	အိမ်အတွင်း၌သာ နေထိုင်လျက် မိမိတို့၏ ခန္ဓာကိုယ်ကို လုံးဝ အမြင်မခံ 'ပရ်ဒဟ်'ပြု နေထိုင်ခြင်း	၁၃၂
၇၂။	အကျိုးကျေးဇူး	၁၃၄
၇၃။	ဒုတိယအဆင့်	၁၃၆
၇၄။	'ဗွရ်ကအ်'ဖြင့် 'ပရ်ဒဟ်'ပြုခြင်း	၁၃၆
၇၅။	ဖေကာဟ်ပညာရှင်များအတွင်း ကွဲလွဲမှုရှိသော ရှရီအသ်တရားတော်အရ 'ပရ်ဒဟ်' (အကွယ်) ၏ တတိယအဆင့်	၁၃၇
၇၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၄၂
၇၇။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၄၂
၇၈။	صلوة နှင့် سلام ၏ အဓိပ္ပာယ်	၁၄၃
၇၉။	သံသယတစ်ခု၏ ဖြေကြားချက်	၁၄၄
၈၀။	'ဆွလာသ်' နှင့် 'စလာမ်' ပြုနည်း	၁၄၅
၈၁။	'ဆွလာသ်'နှင့်'စလာမ်'တို့နှင့်စပ်လျဉ်းသောဖော်ပြပါနည်းလမ်း၏အမြော်အမြင် 'ဆွလာသ်'နှင့် 'စလာမ်'၏ အမိန့်တော်များ	၁၄၆ ၁၄၇
	၃၃ း ၅၇ မှ ၃၃ း ၅၈ အထိ	
၈၂။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၅၀
၈၃။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၅၁
၈၄။	တမန်တော်မြတ် ﷺ အား မည်သည့်နည်းဖြင့်ဖြစ်စေ ဒုက္ခရောက်စေခြင်းသည် 'ကုဖွရ်' ဖြစ်ခြင်း	၁၅၄
၈၅။	မွတ်စ္စလင်မ်တစ်ဦးအား တရားတော်၏အကြောင်းပြချက်မရှိဘဲ ဒုက္ခရောက်စေခြင်းသည် 'ဟရာမ်'ဖြစ်ခြင်း	၁၅၄
	၃၃ း ၅၉ မှ ၃၃ း ၆၂ အထိ	
၈၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၅၆
၈၇။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၅၉

စဉ်	အကြောင်းအရာ	စာမျက်နှာ
၈၈။	အရေးကြီးသော သတိပေးချက်	၁၆၁
၈၉။	မွတ်စ္စလင်မ်ဖြစ်ပြီးနောက်တွင်မှ 'မုရ်သဒ်' ဖြစ်သွားသူ၏ အစားပေးအပြစ်မှ သတ်ဖြတ်ခြင်း	၁၆၂
၉၀။	အချို့သော ဓမ္မသတ်များ	၁၆၃
	၃၃ း ၆၃ မှ ၃၃ း ၆၈ အထိ	
၉၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၆၅
၉၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၆၆
	၃၃ း ၆၉ မှ ၃၃ း ၇၁ အထိ	
၉၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၆၇
၉၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၆၈
၉၅။	အလ္လာဟ်အသျှင်မြတ်၏ ဝေလှေတော်သည် နဗီတမန်တော်တို့အား ရှုံရှာဖွယ်ဖြစ်စေသည့် ခန္ဓာကိုယ်၏ ပြစ်ချက်များမှလည်း ကင်းရှင်းတော်မူခြင်း	၁၇၀
၉၆။	နှုတ်လျှာကို ပြုပြင်ခြင်းသည် ကျန်ရှိခန္ဓာကိုယ် အစိတ်အပိုင်းများနှင့် ကျင့်စဉ်ကျင့်ရပ်များကို ပြုပြင်ခြင်းတွင် စူးရှသက်ရောက်စေသောအကြောင်းခံဖြစ်ခြင်း	၁၇၂
	ကုရ်အာန်၏အမိန့်တော်များတွင် လွယ်ကူမှုကို အထူးအလေးအနက်ပြုခြင်း	၁၇၂
၉၇။	နှုတ်လျှာ၏မှန်ကန်မှုနှင့် စကားဖြောင့်မတ်မှန်ကန်စွာ ပြောဆိုခြင်းသည် သာသနာနှင့်လောကီနှစ်ရပ်စလုံး၏ကိစ္စများကို ကောင်းမွန်စေသောအရာပင်ဖြစ်ခြင်း	၁၇၃
	၃၃ း ၇၂ မှ ၃၃ း ၇၃ အထိ	
၉၈။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၇၄
၉၉။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၇၆
၁၀၀။	'အမာနသ်' (အပ်နှံတာဝန်) ဆိုသည့် သဘောမှာ မည်သို့ပါနည်း	၁၇၆
	'အမာနသ်'ကို စောင့်ထိန်းခြင်းနှင့် 'အမာနသ်'တာဝန် အပ်နှင်းသည့်အကြောင်းကို ဆန်းစစ်ခြင်း	၁၇၉
၁၀၁။	'အမာနသ်' ကို တင်ပြခြင်းသည် ရွေးချယ်ခွင့်ပေးခြင်းဖြစ်ပြီး အဓမ္မပြုစေခြင်း မဟုတ်ကြောင်း	၁၈၀

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၀၂။	'အမာနသ်' အပ်နှံတဲ့ဝန်ပေးခြင်း ဖြစ်ရပ်သည် မည်သည့်ကာလတွင် ဖြစ်ပေါ်ခဲ့သနည်း	၁၈၂
၁၀၃။	ကမ္ဘာမြေပထဝီတွင် ကိုယ်စားလှယ်ဖြစ်ရန်အတွက် 'အမာနသ်' ၏ တာဝန်ကို ထမ်းရွက်နိုင်သည့် အရည်အချင်းရှိရန် အရေးကြီးကြောင်း	၁၈၃

စူရာဟ် စဗာ
ရှိဗာ (ပြည်သူပြည်သားတို့၏) ကဏ္ဍ

၃၄ း ၁ မှ ၃၄ း ၂ အထိ

၁၀၄။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၈၇

၃၄ း ၃ မှ ၃၄ း ၉ အထိ

၁၀၅။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၉၀
၁၀၆။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၉၃

၃၄ း ၁၀ မှ ၃၄ း ၁၄ အထိ

၁၀၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၉၈
၁၀၈။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၀၁
၁၀၉။	အကျိုးကျေးဇူး	၂၀၄
၁၁၀။	လက်မှုအတတ်ပညာသည် ကြီးမားသော ထူးမြတ်မှုရှိခြင်း	၂၀၅
၁၁၁။	လက်မှုအတတ်ပညာလုပ်ငန်း လုပ်ကိုင်သူများကို သေးသိမ်သည်ဟု ယူဆခြင်းသည် ပြစ်မှုဖြစ်ခြင်း	၂၀၅
၁၁၂။	ဟဇရသ်ဒါဝူးဒ် ﷺ အား သံချပ်ကာအင်္ကျီပြုလုပ်သည့်အတတ်ပညာ သင်ကြားပေးခြင်း၏ အမြော်အမြင်	၂၀၆
၁၁၃။	'ဂျင်န်' တို့ကို ထိန်းချုပ်မှုဆိုင်ရာ ဓမ္မသတ်	၂၁၀
၁၁၄။	ဗလီဝတ်ကျောင်းတော်များတွင် 'မိဟ်ရားဗ်' အတွက် စနစ်တကျ အခိုင်အမာ ဆောက်လုပ်ခြင်း ဆိုင်ရာ အမိန့်	၂၁၃
၁၁၅။	အစ္စလာမ့်တရားတော်တွင် သက်ရှိတို့၏ ရုပ်ပုံများပြုလုပ်ခြင်းနှင့် သုံးစွဲခြင်းများ၏ တားမြစ်ချက်	၂၁၄

ခဉ်	အကြောင်းအရာ	စာမျက်နှာ

၁၁၆။ ရုပ်ပုံရုပ်တုများရေးဆွဲထုဆစ်ခြင်းတို့ကို 'ဟရာမ်'သတ်မှတ်ခြင်းအပေါ် သံသယ
မေးခွန်းများနှင့် ဖြေကြားချက် ၂၁၅
၁၁၇။ ဓါတ်ပုံသည်လည်း ရုပ်ပုံပင် ဖြစ်ခြင်း ၂၁၈
၁၁၈။ ကျေးစူးသိတတ်ခြင်း၏ အရင်းအမြစ်နှင့် ၄င်းကျေးဇူး သိတတ်ခြင်းဆိုင်ရာ
အမိန့်များ ၂၁၉
၁၁၉။ ဟဇရသ်စုလိုင်မာန် ﷺ ကွယ်လွန်ခြင်း၏ အံ့ဖွယ်ဖြစ်ရပ် ၂၂၁

၃၄ ။ ၁၅ မှ ၃၄ ။ ၁၉ အထိ

၁၂၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၂၆
၁၂၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၂၉
၁၂၂။ 'စဗာ'အမျိုးသားများနှင့် ၄င်းတို့အပေါ်အလ္လာဟ်အသျှင်မြတ်၏အထူးချီးမြှင့်မှုများ ၂၂၉
'အရင်မ်'ရေကာတာမှ ပြင်းထန်သောရေစီးနှင့် 'မအာရိဗ်'ရေကာတာ ၂၃၁
၁၂၃။ အကျိုးကျေးဇူး ၂၃၆

၃၄ ။ ၂၀ မှ ၃၄ ။ ၂၁ အထိ

၁၂၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၄၂

၃၄ ။ ၂၂ မှ ၃၄ ။ ၂၇ အထိ

၁၂၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၄၄
၁၂၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၄၈
၁၂၇။ 'မုနာဇရဟ်'တွေ့ဆုံရှင်းလင်းငြင်းခုံခြင်း၌ တစ်ဖက်လူ၏ သိက္ခာကို ထောက်ရှု
ခြင်းနှင့် အမျက်ဒေါသထွက်စေသော စကားများမှရှောင်ကြဉ်ခြင်း ၂၄၉

၃၄ ။ ၂၈

၁၂၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၅၀
၁၂၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၅၀

၃၄ ။ ၂၉ မှ ၃၄ ။ ၃၃ အထိ

၁၃၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၅၄

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၃၄ း ၃၄ မှ ၃၄ း ၃၈ အထိ	
၁၃၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၅၇
၁၃၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	
၁၃၃။	လောကီရေးရာစည်းစိမ်ဥစ္စာများနှင့် ဂုဏ်သိက္ခာတို့သည်အလ္လာဟ်အသျှင်မြတ်ထံတော်၌ လက်ခံမှုခံရခြင်း၏ အထောက်အထားဖြစ်သည်ဟု ယူဆခြင်းသည် ရိုက်သွာန်၏ လှည့်ဖြားမှု မှုဟောင်းဖြစ်ခြင်း	၂၅၉
	၃၄ း ၃၉	
၁၃၄။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၆၃
၁၃၅။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၆၄
၁၃၆။	ရှရီအသ်တရားတော်နှင့် မကိုက်ညီသောသုံးစွဲမှုများအပေါ် အစားပေးမည်ဟူသော ကတိတော် မရှိခြင်း	၂၆၆
၁၃၇။	သုံးစွဲမှု နည်းသွားသည့် အရာများ ထွက်ပေါ်ခြင်း၊ ပေါက်ဖွားခြင်းသည်လည်း နည်းပါးသွားခြင်း	၂၆၆
	၃၄ း ၄၀ မှ ၃၄ း ၄၂ အထိ	
၁၃၈။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၆၈
	၃၄ း ၄၃ မှ ၃၄ း ၅၀ အထိ	
၁၃၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၇၂
၁၄၀။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၇၈
၁၄၁။	မက္ကာဟ်မြို့သား ကာဖိရ်များကို 'ဒအ်ဝသ်'ပေး ဖိတ်ခေါ်ခြင်း	၂၇၈
	၃၄ း ၅၁ မှ ၃၄ း ၅၄ အထိ	
၁၄၂။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၈၁
၁၄၃။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၈၂

စူရာဟ်ဖာတွိရ်
စတင်ဖန်ဆင်းတော်မူသော အသျှင် ကဏ္ဍ

၃၅ း ၁ မှ ၃၅ း ၃ အထိ

၁၄၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၈၆
၁၄၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၈၇
၁၄၆။ အလ္လာဟ်အသျှင်မြတ်အပေါ် ယုံပုံကိုးစားခြင်းသည် ဒုက္ခအပေါင်းမှ လွတ်ကင်းရာဖြစ်ခြင်း ၂၉၀

၃၅ း ၄ မှ ၃၅ း ၈ အထိ

၁၄၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၉၃
၁၄၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၉၄

၃၅ း ၉ မှ ၃၅ း ၁၄ အထိ

၁၄၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၉၇
၁၅၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၀၂

၃၅ း ၁၅ မှ ၃၅ း ၂၆ အထိ

၁၅၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၁၀
၁၅၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၁၃

၃၅ း ၂၇ မှ ၃၅ း ၂၈ အထိ

၁၅၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၁၆
၁၅၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ....
၁၅၅။ အာယသ်တော်များ၏ ဆက်စပ်မှု ၃၁၇

၃၅ း ၂၉ မှ ၃၅ း ၃၇ အထိ

၁၅၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၂၄
၁၅၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၂၇
၁၅၈။ ကောင်းမှု ကိုယ်ကျင့်တရားများ၏ ဥပမာကို ရောင်းဝယ်ဖောက်ကားမှုနှင့် ခိုင်းနှိုင်းခြင်း ၃၂၉

စဉ်	အကြောင်းအရာ	စာမျက်နှာ

၁၅၉။ ‘အွမ္မသ်မုဟမ္မဒီယဟ်’ အထူးသဖြင့် ဤအွမ္မသ်၏အိုလမာသာသနာ့ပညာရှင်တို့၏ ထူးခြားခြင်းနှင့် ထူးမြတ်ခြင်းတစ်ရပ် ၃၃၂

၁၆၀။ ‘အွမ္မသေမုဟမ္မဒီယဟ်’ (၃) မျိုး ၃၃၃

၁၆၁။ သံသယတစ်ခုနှင့်အဖြေ ၃၃၄

၁၆၂။ ‘အွမ္မသ်မုဟမ္မဒီယဟ်’ အိုလမာပညာရှင်များ၏ အကြီးမားဆုံးသောထူးမြတ်မှု ... ၃၃၇

၁၆၃။ အကျိုးကျေးဇူး ၃၃၈

၁၆၄။ လောကတွင် ရွှေခွက်၊ ငွေခွက်များကို အသုံးပြုသူ ပိုးထည်အဝတ်ကို ဝတ်ဆင်သူတို့သည် ‘ဂျန္နသ်’ တွင် ထိုအရာများမှ နဖူးစာမဲ့မည့်သူများဖြစ်ခြင်း ၃၃၉

၃၅ း ၃၈ မှ ၃၅ း ၄၁ အထိ

၁၆၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၄၅

၁၆၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ .... ၃၄၇.

၃၅ း ၄၂ မှ ၃၅ း ၄၅ အထိ

၁၆၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၅၀

၁၆၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၅၂

စူရာဟ်ယာစီန်

ယာစီးန်ကဏ္ဍ

၃၆ း ၁ မှ ၃၆ း ၁၂ အထိ

၁၆၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၅၅

၁၇၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၅၈

၁၇၁။ ‘စူရာဟ်ယာစီးန်’ ၏ ထူးမြတ်မှုများ ၃၅၈

၁၇၂။ ‘ယာစီးန်’ ကို လူတစ်ဦး၏ အမည်အဖြစ်ထားခြင်း မည်သို့ရှိပါသနည်း။ ၃၆၀

၁၇၃။ ‘အအ်မာလ်’ ပြုမူဆောင်ရွက်ချက်များကဲ့သို့ပင် ‘အအ်မာလ်’ ၏ ရလဒ်များသည်လည်း ရေးမှတ်ခြင်းခံရခြင်း ၃၆၃

၃၆ း ၁၃ မှ ၃၆ း ၂၁ အထိ

၁၇၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၆၇

ပါရာ [၂၂]

စူရာဟ် အဟ်ဇာဗ်

မဟာမိတ်များကဏ္ဍ

بِسۡمِ ٱللَّهِ ٱلرَّحۡمَٰنِ ٱلرَّحِيمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

وَمَن يَقۡنُتۡ مِنكُنَّ لِلَّهِ وَرَسُولِهِۦ وَتَعۡمَلۡ صَٰلِحٗا
نُّؤۡتِهَآ أَجۡرَهَا مَرَّتَيۡنِ وَأَعۡتَدۡنَا لَهَا رِزۡقٗا كَرِيمٗا ٣١

၃၃ : ၃၁ ။ ။ ထိုနည်းတူစွာ မည်သူမဆို အသင်မတို့အနက် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကိုလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်၏ အမိန့်တော်ကိုလည်းကောင်း လိုက်နာသည်ရှိသော် ၎င်းပြင် ကောင်းမြတ်သော အကျင့်သီလကို ဆောက်တည်သော်၊ ငါအသျှင်မြတ်သည် ၎င်းအား ၎င်း၏ အကျိုးကို နှစ်ဆ ချီးမြှင့်ပေးသနားတော်မူပေမည်။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်း၏အဖို့ မြင့်မြတ်လှစွာသော ရိဇ္ဇက္ကာကိုလည်း အဆင်သင့်ပြုလုပ်၍ ထားရှိတော်မူပြီး ဖြစ်ချေသည်။

يَٰنِسَآءَ ٱلنَّبِيِّ لَسۡتُنَّ كَأَحَدٖ مِّنَ ٱلنِّسَآءِ إِنِ ٱتَّقَيۡتُنَّ فَلَا تَخۡضَعۡنَ
بِٱلۡقَوۡلِ فَيَطۡمَعَ ٱلَّذِي فِي قَلۡبِهِۦ مَرَضٞ وَقُلۡنَ قَوۡلٗا مَّعۡرُوفٗا ٣٢

၃၃ : ၃၂ ။ ။ အို၊ နဗီတမန်တော်မြတ်၏ ကြင်ရာတော်အပေါင်းတို့၊ အသင်မတို့သည် အခြားအမျိုးသမီးကဲ့သို့ မဟုတ်ကြချေ။ သို့ဖြစ်ပေရာ အကယ်၍ အပြစ်မှ ရှောင်ကြဉ်ကြပါလျှင်၊ အသင်မတို့သည် စကားပြောဆိုရာတွင် ကန့်ကလျ (မူယာမာယာ) မရှိကြကုန်လင့်။ သို့ရှိခဲ့ကြပါလျှင် စိတ်တွင်း၌ (မဖြူစင်သော) ရောဂါရှိသည့် သူတို့သည် ရမ္မက်ထားရှိ လာပေမည်။ သို့ရာတွင် အသင်မတို့သည် ထုံးစံအတိုင်းသာလျှင် (သိက္ခာရှိစွာ၊ တည်ကြည်စွာ) စကားပြောဆိုမှုကို ပြုကြ လေကုန်။

وَقَرْنَ فِي بُيُوتِكُنَّ وَلَا تَبَرَّجْنَ تَبَرُّجَ الْجَاهِلِيَّةِ الْأُولَىٰ
وَأَقِمْنَ الصَّلَاةَ وَآتِينَ الزَّكَاةَ وَأَطِعْنَ اللَّهَ وَرَسُولَهُ
إِنَّمَا يُرِيدُ اللَّهُ لِيُذْهِبَ عَنكُمُ الرِّجْسَ أَهْلَ الْبَيْتِ
وَيُطَهِّرَكُمْ تَطْهِيرًا ﴿٣٣﴾

၃၃ : ၃၃ ။ ။ ထို့ပြင် အသင်တို့သည် မိမိတို့၏ နေအိမ်များ၌ပင် တည်ငြိမ်စွာ နေကြလေကုန်။ ထို့ပြင် အသိပညာကင်းမဲ့သော ရှေးဟောင်းအတိတ်ခေတ်တွင် မိမိတို့၏ ကိုယ် (ခန္ဓာ) ကို ပြကြသကဲ့သို့၊ အသင်တို့သည် မိမိတို့၏ ကိုယ် (ခန္ဓာ) ကို မပြကြကုန်လင့်။ ၄င်းပြင် အသင်တို့သည် 'ဆွလားသ်' ဝတ်ပြုမှုကို ဆောက်တည်ကြလေကုန်။ ထို့ပြင် အသင်တို့သည် 'ဇကားသ်' ပေးဆောင်ကြလေကုန်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကိုလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်၏ အမိန့်တော်ကိုလည်းကောင်း လိုက်နာကြလေကုန်။ အိုး (နဗီတမန်တော်မြတ်၏) အိမ်တော်သူ အိမ်တော်သားတို့၊ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့မှ မစင်ကြယ်မှုကို ပပျောက်စေတော်မူရန်နှင့် အသင်တို့အား ကောင်းမွန်စွာ သန့်ရှင်းစင်ကြယ်တော်မူရန်သာလျှင် ရည်စူးတော်မူ၏။

وَاذْكُرْنَ مَا يُتْلَىٰ فِي بُيُوتِكُنَّ
مِنْ آيَاتِ اللَّهِ وَالْحِكْمَةِ ۚ إِنَّ اللَّهَ كَانَ لَطِيفًا خَبِيرًا ﴿٣٤﴾

၃၃ : ၃၄ ။ ။ ထို့ပြင် အသင်တို့သည် မိမိတို့၏ အိမ်များတွင် ဖတ်ကြားခြင်းခံရလေသော အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကိုလည်းကောင်း၊ ဉာဏ်ပညာကိုလည်းကောင်း ကျက်မှတ်ကြလေကုန်။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ သိမ်မွေ့တော်မူသော အသျှင်၊ အလွန်တရာ ကြားသိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် အသင်မတို့အနက် မည်သူမဆို အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကိုလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်၏ အမိန့်တော်ကိုလည်းကောင်း လိုက်နာခဲ့ပါလျှင် (ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်က 'ဝါဂျိဗ်' သတ်မှတ်ထားသည်တို့ကို လိုက်နာကျင့်ဆောင်ခြင်းနှင့် တမန်တော်မြတ် ﷺ ၏ ကြင်ယာတော် ဖြစ်ခြင်းအပေါ် အမိန့်နာခံခြင်း အစရှိသော 'ဝါဂျိဗ်' တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခြင်းတို့ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရစူလ်တမန်တော်နှင့် စပ်လျဉ်းသော ဝတ္တရားများသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံမှုတွင် ပါဝင်နေသောကြောင့် ဖြစ်သည်။) ထို့ပြင် ('ဝါဂျိဗ်' မဟုတ်သော လုပ်ရပ်များအနက် ကောင်းမြတ်သော လုပ်ရပ်များကို ပြုကျင့်ဆောက်တည်ခဲ့ပါလျှင် ငါအသျှင်

မြတ်သည် ၎င်း၏ အကျိုးကို (လည်း) နှစ်ဆ ချီးမြှင့်တော်မူပေမည်။ ၎င်းပြင် ငါအသျှင်မြတ်သည် ၎င်းအတွက် (အကျိုးနှစ်ဆ ချီးမြှင့်မည့် ကတိအပြင်) ကောင်းမြတ်လှစွာသော ရိဇ်ဇိရိက္ခာတစ်မျိုးကို (ကြင်ယာတော်များအတွက် 'ဂျန္နသ်'တွင် သူမတို့၏ လိုက်နာကျင့်ဆောင်မှုများထက် ပိုသော ချီးမြှင့်ခံရမှုတစ်ရပ်ဖြစ်သည်။) အသင့်ပြုလုပ် ထားရှိတော်မူပြီးဖြစ်သည်။ (အမိန့်နာခံ လိုက်နာကျင့်ဆောင်ခြင်းအပေါ် အကျိုးနှစ်ဆရရှိခြင်းနှင့် လိုက်နာကျင့်ဆောင်မှု မပြုသည့်အပေါ် အပြစ်ဒဏ်နှစ်ဆ ပေးမည်ဆိုခြင်းတို့မှာ နဗီတမန်တော်မြတ် ﷺ ၏ ကြင်ယာတော်များ ဖြစ်ရခြင်းကြောင့် ဖြစ်သည်။ ထိုအပေါ် يٰنِسَآءَ النَّبِيِّ ဟူသော စာလုံးက ညွှန်ပြနေသည်။ အဘယ်ကြောင့်ဆိုသော် အထူးပြုခံရသူတို့၏ ချွတ်ချော်မှားယွင်းမှုသည် အခြားသောသာမန်အဆင့်ရှိသူတို့၏ ချွတ်ချော်မှားယွင်းမှုထက် ပို၍ ကြီးမားပြင်းထန်၏။ ထိုနည်းတူစွာ ၎င်းတို့၏ အမိန့်နာခံမှု၊ ဆောက်တည်မှုသည်လည်း အခြားသာမန်အဆင့်ရှိသူတို့ အမိန့်နာခံပြုမှု ဆောက်တည်မှုတို့ထက် ပို၍ ကြီးမားပြင်းထန်၏။ ထိုနည်းတူစွာပင် ၎င်းတို့၏ အမိန့်နာခံမှု၊ ကျင့်မှုဆောက်တည်မှုသည်လည်း အခြားသာမန်အဆင့်ရှိသူတို့ အမိန့်နာခံမှုထက် ပို၍ လက်ခံခြင်းခံရသည်။ သို့ဖြစ်ပေရာ အကျိုးနှစ်ဆပေးသည်ဟူသော ကတိတော်နှင့် ပြစ်ဒဏ်နှစ်ဆ ပေးမည်ဟူသော ခြိမ်းခြောက်ခြင်း နှစ်မျိုးစလုံးတွင် ကြင်ယာတော်များသည် အခြားသော သူများနှင့်မတူ ထူးခြား ခြားနားသွားပေသည်။ အထူးသဖြင့် ဤနေရာတွင် 'မုအ်မင်န်တို့၏ မိခင်မွန်များ ဖြစ်ကြသော နဗီတမန်တော်မြတ် ﷺ ၏ ကြင်ယာတော်တို့ကို ဤသို့ပြောဆိုခြင်းဖြင့် ၎င်းတို့၏ ပြုစုခြင်း၊ လိုက်နာကျင့်ဆောင်ခြင်းနှင့် အမိန့်နာခံခြင်းတို့အပေါ် တမန်တော်မြတ် ﷺ ၏ စိတ်နှလုံးတွင် အေးချမ်းသာယာမှု ပိုမိုဖြစ်စေပြီး ထိုကဲ့သို့ ကိုယ်တော်မြတ် ﷺ ၏ စိတ်နှလုံးကိုအေးချမ်းသာယာ၊ စိတ်ချမ်းသာမှု ရောက်စေခြင်းသည်ပင် အကျိုးကုသိုလ် များပြားစွာ ရရှိစေသော အကြောင်းတရားဖြစ်သွားပေသည်' ဟု ပြောဆိုနိုင်ပေသည်။ ၎င်းနှင့် ဆန့်ကျင်လျှင် ဆန့်ကျင်မှု၏ အပြစ်ဒဏ်ကိုမိမိကိုယ်ကို မှတ်ယူပါလေ။ ဤနေရာအထိမှာ ကြင်ယာတော်များအား ကိုယ်တော်မြတ် ﷺ ၏ တာဝန်ဝတ္တရားများနှင့် စပ်လျဉ်းသော အကြောင်းများကို မိန့်ကြားထားခြင်း ဖြစ်သည်။)

ရှေ့တွင် အခြားသော အမိန့်များနှင့် စပ်လျဉ်း၍ မိန့်ကြားသည်မှာ အို၊ နဗီတမန်တော်၏ ကြင်ယာတော်အပေါင်းတို့၊ ('ကျွန်မတို့သည် နဗီတမန်တော်မြတ် ﷺ ၏ ကြင်ယာတော်များဖြစ်ကြသည်။ ထို့ကြောင့်သာမန်အမျိုးသမီးထက် ထူးခြားမြင့်မြတ်မှုရှိသည်။ ဤပတ်သက်မှုနှင့် ထူးမြတ်မှုများသည် ကျွန်မတို့အတွက် လုံလောက်သည်' ဟု မယူဆကြလေနှင့်။ ဤကဲ့သို့ အတွေး မဝင်မိကြစေနှင့်။ ဤသည်မှာအမှန်ပင်ဖြစ်သည်။) အသင်မတို့သည် သာမန်အမျိုးသမီးများကဲ့သို့ မဟုတ်ကြပေ။ (ဧကန်မုချ အခြားသောသာမန်အမျိုးသမီးများထက် ထူးမြတ်ခြားနားမှု ရှိပေသည်။ သို့ရာတွင် လုံးဝဥဿုံ ထူးမြတ်သည်ကားမဟုတ်ဘဲ စည်းကမ်းချက်တစ်ရပ် ရှိပေသည်။ ယင်းစည်းကမ်းချက်မှာ) အကယ်၍ အသင်မတို့သည်အပြစ်မှ ရှောင်ကြဉ်ကြပါလျှင် (အသင်မတို့သည် မုချပင် အခြားအမျိုးသမီးများထက် ထူးမြတ်မှုရှိသူများဖြစ်ကြပေမည်။ အကျိုးကုသိုလ်၌လည်း နှစ်ဆရရှိကြပေမည်။ အကယ်၍ ဤစည်းကမ်းချက်ကို လိုက်နာ

ခြင်း မပြုကြပါလျှင် အထက်ပါ အကျိုးကုသိုလ်နှင့် ဆန့်ကျင်သော အပြစ်ဒဏ်နှစ်ဆရရှိမည့် အကြောင်းတရား ဖြစ်သွားပေမည်။ ပြစ်မှုဒုစရိုက်များကို ရှောင်ကြဉ်မှုမပြုသောအခါတွင် ဇနီးမယား တော်စပ်မှုသည် အလဟဿ အချည်းနှီးသာ ဖြစ်မည်။ သို့ဖြစ်ပေရာ (ယေဘုယျအားဖြင့် အသင်မတို့သည် ရှရီအသ်တရားတော်၏ အမိန့်တော်များကို အပြည့်အဝ လိုက်နာကြရပေမည်။ ထို့ပြင် အရှေ့၌ တင်ပြမည့် အာယသ်တော်မှ အမိန့်တော်များကို အထူးသဖြင့် လိုက်နာကြရပေမည်။ ထိုအမိန့်တော်များမှာ) အသင်မတို့သည် ('နေကာဟ်' ပြုပိုင်သော သူစိမ်းယောကျ်ားများနှင့်) စကားပြောဆိုရာတွင် (လိုအပ်ချက်အရ ပြောဆိုရန်ရှိသော်) ကန္တဲ့ကလျ မရှိကြကုန်လင့်။ (အလိုသဘောမှာ တမင်ရည်ရွယ်၍ ကန္တဲ့ကလျ ပြုလုပ်ခြင်းကို ဆိုလိုသည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ ပြုခြင်း၏ ဆိုးရွားမှုသည် အလွန်ထင်ရှားသောကြောင့်ပင် ဖြစ်သည်။ ကြင်ယာတော်များဘက်မှ ထိုသို့ ပြုရန်မှာလည်း သံသယပင် မရှိအပ်သော အရာဖြစ်၏။ အာယသ်တော်၏ အလိုသဘောမှာ အမျိုးသမီးများ၏ စကားပြောဆိုမှု ပြောဆိုဟန်တို့တွင် နူးညံ့သိမ်မွေ့မှုနှင့် ကန္တဲ့ကလျ ရှိမှုတို့မှာ သဘာဝအလျောက်ရှိပြီး ဖြစ်သည်။ သို့သော် ထိုကဲ့သို့သော ပုံစံနှင့်လည်း စကားမပြောဆိုကြလေနှင့်ဟု ဆိုလိုခြင်းဖြစ်သည်။) အကြောင်းမှာ ထိုကဲ့သို့သော ပုံစံနှင့် စကားပြောဆိုခြင်းကြောင့် စိတ်အတွင်း၌ (မကောင်းသော) ရောဂါရှိသူအဖို့ (အလိုအလျောက် မကောင်းသော) အတွေးများ ဖြစ်ပေါ်လာနိုင်သည်။ (ဤသို့သော အခြေအနေတွင် သတိထားလျက် ပြောလေ့ရှိသည့် ပြောဆိုဟန်ကို ပြောင်းလဲ၍ ပြောဆိုရပေမည်။) ထို့ပြင် အသင်မတို့သည် စနစ်တကျ (သိက္ခာရှိစွာ) ဖြင့် စကားပြောဆိုကြလေကုန်။

(ဆိုလိုသည်မှာ သိက္ခာတရားကို ထိန်းသော ခြောက်သွေ့သည့် ခပ်ပြတ်ပြတ် နှုန်းထားဖြင့် ပြောဆိုရမည်။ ဤသို့ ပြောဆိုခြင်းသည် အရှက်သိက္ခာ၊ ဂုဏ်သိက္ခာကို ထိန်းသိမ်းကာကွယ်ပေးသည်။ ဤသို့ ပြောဆိုခြင်းမှာ ဆက်ဆံရေးညှံ့ဖျင်းခြင်းမဟုတ်။ ဆက်ဆံရေး ညှံ့ဖျင်းခြင်း ဆိုသည်မှာ တစ်ဘက်သား၏ စိတ်နှလုံးသားကို ထိခိုက်နာကျင်စေခြင်း ဖြစ်သည်။ မကောင်းသော စိတ်ထားကို ဟန့်တားပိတ်ပင်ခြင်းမှာ ဒုက္ခဖြစ်စေခြင်းဟု မဆိုနိုင်ပါ။ ဤနေရာတွင် ပြောဆိုခြင်းနှင့် စပ်လျဉ်းသော အမိန့်တော်များ မိန့်ကြားခြင်း ဖြစ်သည်။) ၄င်းပြင် (ရှေ့တွင် 'ပရ်ဒဟ်'နှင့်စပ်လျဉ်း၍ မိန့်ကြားထားသည်။ ထိုအမိန့်တော် နှစ်မျိုးစလုံးမှာ သိက္ခာတရားအတွက်သာ ဖြစ်ပေသည်။) အသင်မတို့သည် မိမိတို့အိမ်များ၌သာ တည်ငြိမ်စွာ နေကြလေကုန်။ (အဝတ်အစားနှင့် ခေါင်းအုပ်ခြုံထည်များဖြင့် 'ပရ်ဒဟ်'ပြုလုပ်ခြင်းအပေါ်၌သာ ရောင့်ရဲခြင်းမပြုဘဲ ကိုယ်ခန္ဓာနှင့် အဝတ်အစားများကိုပါ မမြင်နိုင်သည့်ပုံစံဖြင့် နေကြလေကုန်ဟု ဆိုလိုခြင်းဖြစ်သည်။ ဥပမာ- မျက်မှောက်ခေတ်တွင် မွန်မြတ်သော သိက္ခာရှိသူတို့ အသိုင်းအဝိုင်းမှ အမျိုးသမီးများသည် အိမ်အတွင်းမှ အပြင်သို့ မထွက်ကြသကဲ့သို့ ဖြစ်သည်။ သို့ရာတွင် လိုအပ်ချက်ရှိသော အခြေအနေများအတွက် ဤအမိန့်သည် အခြားသော အထောက်အထားများအရ ကန့်သတ် ပယ်ထုတ်ထားပါသည်။) ထို့ပြင် (ဤအမိန့်တော်၏ လေးနက်မှုအတွက် ရှေ့၌ မိန့်ကြားတော်မူသည်မှာ) ရှေးယခင်အမိုက်ခေတ်သကဲ့သို့ မိမိတို့ကိုယ်ကို ပြသ၍ လှည့်လည်ခြင်း မပြုကြလေနှင့်။ (ထိုခေတ်ကာလ၌ ရက်ဖွယ်လိလိကိစ္စများ မဖြစ်သည့်တိုင် 'ပရ်ဒဟ်'မရှိဘဲ လှည့်လည်သည့်ဓလေ့မှာ ပြန့်နှံ့လျက် ရှိသည်။ အမိုက်ခေတ်၊ အမှောင်ခေတ်ဆိုသည်မှာ

အစ္စလာမ်သာသနာ မထွန်းကားမီက ခေတ်ကို ဆိုလိုသည်။ ထိုခေတ်၏ အခြားတစ်ဘက်တွင် အဇိုက်ခေတ် တစ်ခေတ် ရှိပေသေးသည်။ အဘယ်ကြောင့်ဆိုသော် အစ္စလာမ်၏အမိန့်တော်များ ပို့ချမှုနှင့် သင်ကြားပေး မှုများ ဖြစ်ရှိပြီးနောက်တွင် ထိုအမိန့်တော်များ ပို့ချမှုနှင့် သင်ကြားပေးမှုများအပေါ် လိုက်နာကျင့်ကြံခြင်း မရှိသည့် ခေတ်သည်လည်း အဇိုက်ခေတ်ပင် ဖြစ်ပေသည်။ ထို့ကြောင့် အစ္စလာမ်ရောက်ရှိပြီးနောက် ပိုင်းတွင် မိမိတို့ကိုယ်ကို လှည့်လည်ပြသခြင်းမျိုး ပြုလျှင် ထိုခေတ်သည် 'နောက်ပိုင်းအဇိုက်ခေတ်' ဖြစ်သည်။ ထို့ကြောင့် ပမာခိုင်းနှိုင်းမှုပြုရာတွင် 'ရှေးယခင်အဇိုက်ခေတ်'ဟု သုံးနှုန်း၍ ခိုင်းနှိုင်းထားသည်။ အကြောင်း မှာ ခိုင်းနှိုင်းတင်ပြနေသော အရာနှင့် ခိုင်နှိုင်းခံရသည့် အရာတို့တွင် ကွဲပြားရန် အရေးကြီးသောကြောင့် ဖြစ်သည်။ ထို့ကြောင့် 'နောက်ပိုင်းအဇိုက်ခေတ်' ကို တီထွင်၍ 'ရှေးယခင်အဇိုက်ခေတ်၏ နောက်လိုက်မှုကို မပြုကြလေနှင့်'ဟု ဆိုလိုခြင်းဖြစ်သည်။ အဇိုက်ခေတ်ကို ပပျောက်စေရန် အစ္စလာမ်သာသနာ ရောက်ရှိ လာခြင်း ဖြစ်သည်။ ဤအထိမှာ သိက္ခာတရားနှင့် စပ်လျဉ်းသော အမိန့်တော်များ ဖြစ်သည်။)

ထို့ပြင် (ရှေ့၌ အခြားသော အမိန့်တော်များ မိန့်သည်မှာ) အသင်မတို့သည် နမာဇ်ဝတ်ပြုမှုကို ဆောက်တည်ကြလေကုန်။ ထို့နောက် 'ဇကာသ်' (အကယ်၍ 'နိဆွာဗ်'ရှင်ဖြစ်သော်) ပေးဆောင်ကြ လေကုန်။ (ဤအမိန့်တော်နှစ်ရပ်မှာ အစ္စလာမ်၏ အကြီးမားဆုံးအမှတ်အသားများ ဖြစ်သည့်အတွက် ထိုအမိန့် နှစ်ရပ်ကို အထူးမိန့်ကြားထားခြင်း ဖြစ်သည်။ ထို့ပြင် (လည်း ရှိရှိသမျှသော အမိန့်တော်များတွင်) အလ္လာဟ် အသျှင်မြတ်၏ အမိန့်တော်များကိုလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်၏ အမိန့်တော်များကို လည်းကောင်း အသင်သိထားပြီးဖြစ်ရာ လိုက်နာကြလေကုန်။ (ငါအသျှင်မြတ်သည် အသင်တို့အား ထိုအမိန့် တော်များကို ဂရုမူခြင်းနှင့် လေးလေးနက်နက် ကျင့်သုံးစေရန် တာဝန်ပေးခြင်းသည် အသင်တို့အတွက် သာလျှင် အကျိုးဖြစ်ထွန်းမှု ရရှိစေမည့်အရာ ဖြစ်ပေသည်။ အကြောင်းမှာ အို၊ နဗီတမန်တော်၏) အိမ်သူ အိမ်သားအပေါင်းတို့၊ အလ္လာဟ်အသျှင်မြတ်သည် (ထိုအမိန့်တော်များကို ထုတ်ပြန် ပြဋ္ဌာန်းတော်မူခြင်း အားဖြင့်) အသင်တို့မှ (ပြစ်မှုကျူးလွန်ခြင်းနှင့် အမိန့်ဖီဆန်ခြင်းတို့၏) မစင်ကြယ်မှုများ ဝေးလွင့်ပပျောက် စေရန်နှင့် အသင်တို့အား (အပြင်ရုပ်ပိုင်းအရသော်လည်းကောင်း၊ အတွင်း မနောပိုင်းအရသော်လည်းကောင်း၊ ယုံကြည်ချက်တွင်လည်းကောင်း၊ ကျင့်စဉ်များတွင်လည်းကောင်း၊ စာရိတ္တတွင်လည်းကောင်း လုံးဝဥဿုံ) စင်ကြယ်သန့်ရှင်းစေရန်သာ ရည်ရွယ်တော်မူခြင်းဖြစ်သည်။ (အကြောင်းမှာ အမိန့်တော်များကို သိရှိထား သောကြောင့် ဆန့်ကျင်ဖီဆန်ခြင်း၊ ၎င်းသည် မစင်ကြယ်မှုများနှင့် သန့်ရှင်းစင်ကြယ်မှုကို တားမြစ်သော အရာများ ဖြစ်သည်မှ ရှောင်ကြဉ်ရန် ဖြစ်နိုင်သောကိစ္စရပ်ပင် ဖြစ်သည်။) ထို့ပြင် (ထိုအမိန့်တော်များအပေါ်၌ ပြုကျင့်ရန် 'ဝါဂျိဗ်'ဖြစ်သည်။ ၎င်းနောက် အစဉ်စွဲမြဲစွာ ပြုကျင့်ရမည့် 'အမလ်'သည် အမိန့်တော်များကို သိနားလည်ခြင်းနှင့် ၎င်းတို့အား ကျက်မှတ်နားလည်ထားမှုအပေါ် မူတည်ရာ) အသင်မတို့သည် မိမိတို့ အိမ်များ၌ ဖတ်ကြားခြင်းခံရသော အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များ (ကုရ်အာန်) ကိုလည်းကောင်း ထိုအသိပညာ (အမိန့်ပညတ်တော်) များကိုလည်းကောင်း ကျက်မှတ်ကြလေကုန်။ (ထို့ပြင် သတိရှိရမည် မှာ) ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အကြံအစည်များကို သိတော်မူသော အသျှင်၊ (စိတ်နှလုံးသား

၏ ပြုမူချက်များကိုပင် သိတော်မူသည်။ ထို့ပြင်) အလုံးစုံကို သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (လျှို့ဝှက်စွာ ပြုလုပ်သော လုပ်ရပ်များကိုလည်း သိတော်မူသည်။ ထို့ကြောင့် အပြင်ပိုင်းနှင့် ပတ်သက်သည့် ကိစ္စရပ်များ၌ဖြစ်စေ၊ အတွင်းပိုင်း၌ ပတ်သက်သည့် ကိစ္စရပ်များ၌ဖြစ်စေ၊ လျှို့ဝှက်စွာပြုလုပ်ရမည့် ကိစ္စရပ်များ၌ဖြစ်စေ၊ ပေါ်လွင်စွာ ပြုလုပ်ရမည့် ကိစ္စရပ်များ၌ဖြစ်စေ အမိန့်တော်များကို နာခံရန်နှင့် တားမြစ်ချက်များကို ရှောင်ကြဉ်ရန် အလေးအနက်ထားရမည်မှာ 'ဝါဂျိဗ်'ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤစူရာဟ်၏ ရည်ရွယ်ချက်များအနက် အဓိကရည်ရွယ်ချက်မှာ တမန်တော်မြတ် ﷺ အား ဒုက္ခဖြစ်စေသော အရာဟူသရွေ့တို့မှ ရှောင်ကြဉ်ရန် အလေးအနက် တင်ပြရန်ဖြစ်သည်။ ထိုနည်းတူ ကိုယ်တော်မြတ် ﷺ ၏ အမိန့်နာခံမှုနှင့် နှစ်လိုမှုရရှိစေမည့် လေးလေးနက်နက် တင်ပြထားသော အမိန့်ပညတ်တော်များလည်း ပါရှိသည်။ 'အဟ်ဇာဗ်'စစ်ပွဲအကြောင်း အထက်တွင် အကျယ်တဝင့် တင်ပြခဲ့ပြီးဖြစ်သည်။ ထိုစစ်ပွဲတွင် ကာဖိရ်နှင့် မုနာဖစ်က်တို့ဘက်မှ တမန်တော်မြတ် ﷺ အား ဒုက္ခရောက်စေခြင်းအကြောင်းနှင့် ထိုသို့ ပြုမူခြင်းအပေါ် ကာဖိရ်နှင့် မုနာဖစ်က်တို့သည်သာ သေးသိမ်မှုဖြစ်ခဲ့ရကြောင်း၊ ထို့ပြင် တမန်တော်မြတ် ﷺ အဖို့ အခြေအနေတိုင်း၌ အောင်မြင်မှု ရရှိခဲ့ကြောင်းများကို တင်ပြထားသည်။ ၎င်းပြင် တစ်ဆက်တည်းမှာပင် စစ်မှန်သော မုအ်မင်န်သက်ဝင် ယုံကြည်သူတို့သည် တမန်တော်မြတ် ﷺ ၏ အမိန့်အပေါ် မိမိတို့၏ အရေးအားလုံးကို စွန့်လွှတ်စတေးခဲ့ကြောင်းကိုလည်းကောင်း၊ ၎င်းတို့အား ချီးမွမ်းထားသည့် ဂုဏ်ရည်တို့ကိုလည်းကောင်း ၎င်းတို့သည် တမလွန်၌ မြင့်မားသော အဆင့်အတန်းများ ရရှိကြမည်ကိုလည်းကောင်း တင်ပြထားသည်။

ဖော်ပြပါအာယသ်တော်များတွင် ကြင်ယာတော်များအား အလူး သင်ကြား လမ်းညွှန်ထားသည်။ အထူးသဖြင့် ၎င်းတို့၏ ပြောဆိုမှုနှင့် လုပ်ရပ်တစ်စုံတစ်ရာကြောင့် ကိုယ်တော်မြတ် ﷺ အား ဒုက္ခမရောက်စေရန် အလေးအနက် ဂရုပြုရန်ဖြစ်သည်။ ဤသို့ ဖြစ်ရန်မှာ ကြင်ယာတော်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်၏ အမိန့်တော်များကို တသွေမတိမ်း လိုက်နာခြင်း၌ မွေ့လျော်ခြင်းဖြင့် ဖြစ်နိုင်ပေသည်။ ဤအခန်းကဏ္ဍတွင် အချို့သော အမိန့်တော်များမှာ ကြင်ယာတော်များကို ဦးတည် မိန့်ကြားထားခြင်းများ ပါရှိသည်။

ပထမအာယသ်တော်များတွင် ကြင်ယာတော်များအဖို့ 'သွလာက်'ယူပိုင်ခွင့် ပေးထားသော အကြောင်း တင်ပြထားသည်။ ထိုအကြောင်းသည် တမန်တော်မြတ် ﷺ ၏ ဆန္ဒတော်နှင့် ဆန့်ကျင်လျက် ကြင်ယာတော်များဘက်မှ ဖြစ်ပေါ်ခဲ့သော အဖြစ်အပျက်အချို့ကို အခြေခံ၍ ဖြစ်သည်။ ထိုအကြောင်း ဖြစ်ရပ်များကြောင့် တမန်တော်မြတ် ﷺ မှာ အကြောင်းမဲ့ စိတ်ဒုက္ခရောက်ခဲ့ရသည်။

ထိုဖြစ်ရပ်များအနက် ဖြစ်ရပ်တစ်ခုကို ဆွဟီးဟ်မွတ်စ္စလင်မ် စသော ကျမ်းများတွင် ဟဇရသ်ဂျာဗိရ် ﷺ ၏ ဆင့်ပြန်ချက်ဖြင့် အကျယ်တဝင့် တင်ပြထားသည်။ ထိုဆင့်ပြန်ချက်၌ လာရှိသည်မှာ ကြင်ယာတော်များသည် အချင်းချင်း စုရုံးလျက် တမန်တော်မြတ် ﷺ ထံတော်၌ အသုံးစရိတ် တိုးမြှင့်ပေးရန် လျှောက်ထား တောင်းဆိုကြသည်။ သဖ်စီးရေမဲဟ်ရေမှဟ်းသွိကျမ်းတွင် အဘူဟိုင်ယားန်က ထိုအကြောင်းကို ဖွင့်ဆိုတင်ပြသည်မှာ 'အဟ်ဇားဗ်' စစ်ပွဲပြီးနောက် ဗနူနဒ္ဒီးရ်တို့အားလည်းကောင်း၊ တစ်ဖန် ဗနူကုရိုင်ဇွာဟ် အားလည်းကောင်း အောင်နိုင်ခြင်းများနှင့်အတူ သုံ့ပန်းပစ္စည်းများ ခွဲဝေပေးခြင်းသည် အများစု မွတ်စ္စလင်မ် တို့ကို အခြေအနေကောင်းများ ဖြစ်ပေါ်စေခဲ့သည်။ ထိုအခါ ကြင်ယာတော်တို့သည် ထိုသုံ့ပန်းပစ္စည်းများမှ ကိုယ်တော်မြတ် ﷺ သည်လည်း မိမိ၏ ဝေစုဝေပုံကို ရယူပြီးထားပြီး ဖြစ်လိမ့်မည်ဟု ယူဆခဲ့ကြသည်။ ထို့ကြောင့် ကြင်ယာတော်တို့သည် စုရုံးလျက် 'ယာရစူလွလ္လာဟ်၊ ကစ္စရာဟ်နှင့် ကိုင်စွရ်ဘုရင်တို့၏ ကြင်ယာတော် မိဖုရားများသည် လက်ဝတ်ရတနာမျိုးစုံနှင့် အဖိုးတန်အဝတ်အစားများ ဝတ်ဆင်ခဲ့ကြပါသည်။ ၎င်းတို့ အား ပြုစုရန်အတွက် ကျွန်,မများ ရှိခဲ့ပါသည်။ ကျွန်တော်မျိုးမတို့၏ အခြေအနေမှာ ဆင်းရဲနွမ်းပါးစွာ ရှိသည်ကို ကိုယ်တော် ကိုယ်တွေ့ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်မျိုးမတို့အား ယခု အနည်းငယ် အသုံးစရိတ် တိုးမြှင့်ပေးတော်မူပါ'ဟု တောင်းဆိုကြသည်။

တမန်တော်မြတ် ﷺ သည် မိမိ၏ ကြင်ယာတော်များဘက်မှ 'လောကီရေးသမား ဘုရင်များ ပြုလုပ်ပေးကဲ့သို့ ပြုလုပ်ပေးရန်'ဟူသော တောင်းဆိုချက်အပေါ် 'သူမတို့သည် 'နဗူဝသ်'၏ တန်ဖိုးကို နားမလည်ကြပါလော' ဟူ၍ အလွန်ပင် စိတ်ထိခိုက်ရလေသည်။ ကြင်ယာတော်များသည် ကိုယ်တော်မြတ် ﷺ စိတ်ထိခိုက်သွားမည်ဟု သတိမမူ မထင်မိခဲ့ကြပေ။ အများစုမွတ်စ္စလင်မ်များမှာ ဥစ္စာစေ ပေါကြွယ်ဝ သည်ကို တွေ့မြင်ပြီး မိမိတို့လည်း ထိုသို့ ဖြစ်လိုသည့် အတွေးများ ဝင်ရောက်လာကြခြင်းသာ ဖြစ်သည်။

အဘူဟိုင်ယားန်က မိန့်သည်မှာ ဤဖြစ်ရပ်အား 'အဟ်ဇားဗ်'စစ်ပွဲ၏ နောက်၌ တင်ပြထားခြင်းသည် ကြင်ယာတော်များ၏ ဤတောင်းဆိုမှုသည်ပင် 'သွားလက်'ယူခွင့်အတွက် အကြောင်းခံဖြစ်စေခြင်းကို ထောက်ခံလျက် ရှိသည်။ အချို့ဟဒီးစ်ဆင့်ပြန်ချက်များ၌ ဟဇရသ်ဗိုင်နဗ် ﷺ ၏ အိမ်တွင် ပျားရည် သောက်သည့် ဖြစ်ရပ် (၎င်းဖြစ်ရပ်မှာ စူရာဟ်သဟ်ရီးမ်တွင် အကျယ်တဝင့် လာရှိပေမည်။) တွင် ကြင်ယာ တော်အချင်းချင်း အားပြိုင်ခြင်းကြောင့် ပေါ်ပေါက်လာရသော အကြောင်းများသည် 'သွလားက်'ယူခွင့်အတွက် အကြောင်းခံများ ဖြစ်ပေသည်ဟု လာရှိထားသည်။ အကယ်၍ ဤဖြစ်ရပ်နှစ်ခုသည် နီးကပ်သော အချိန် ကာလအတွင်း၌ ဖြစ်ပေါ်ခဲ့သည်ဆိုလျှင် ထိုဖြစ်ရပ် နှစ်ခုစလုံးသည်ပင် 'သွလားက်'တောင်းခွင့်အတွက် အကြောင်းခံဖြစ်သည်ဆိုခြင်းမှာ မမှားနိုင်ပေ။ သို့ရာတွင် 'သွလားက်'တောင်းခံခွင့်၏ အာယသ်တော်ပါ စာလုံးများသည် ကြင်ယာတော်များ၏ ဥစ္စာပစ္စည်းများ တောင်းဆိုမှုသည် 'သွလားက်'တောင်းခွင့် အကြောင်း ခံဖြစ်ကြောင်းကို ပိုမို၍ ထောက်ခံပေးနေသည်။ အကြောင်းမှာ ဤအာယသ်တော်တွင်

اِنْ كُنْتُنَّ تُرِدْنَ الْحَيٰوةَ الدُّنْيَا وَزِيْنَتَهَا

ဟု မိန့်တော်မူထားသည်။ ထိုအာယသ်တော်သည် ကြင်ယာတော်များအား သူမတို့သည် ကိုယ်တော်မြတ် ﷺ ၏ လက်ရှိ ဆင်းရဲကျပ်တည်းမှုအခြေအနေတွင် ကိုယ်တော်မြတ် ﷺ ၏ ကြင်ယာတော်အဖြစ် လက်ခံ၍ နေနိုင်သည်။ (သို့) ကိုယ်တော်မြတ် ﷺ ထံမှ 'သွလာ:က်'ယူ၍ ခွဲခွာခြင်းလည်း ပြုနိုင်သည်ဟူ၍ အခွင့်အရေးပေးထားသည်။ ပထမပုံစံအရ ကြင်ယာတော်တို့အား သာမန်အမျိုးသမီးများထက် အလွန်များပြားသော အကျိုးကုသိုလ်များနှင့် တမလွန်တွင် အထူးမြင့်မားသော အဆင့်အတန်းများ ချီးမြှင့်ခြင်းခံရပေမည်။

ဒုတိယပုံစံ 'သွလာ:က်'ယူခြင်း၌လည်း သူမတို့အဖို့ လောက၏ လူအများကဲ့သို့ မည်သည့်ခါးသည်းမှု၊ ဒုက္ခများမှု ရောက်ရှိလိမ့်မည်မဟုတ်ပေ။ ထိုမျှမက စွန့်သည်နှင့်အညီ ဝတ်စုံများ အစရှိသော အရာများ ပေးလျက် စွန့်လွှတ်ခံရမည် ဖြစ်သည်။

သိရ်မေဇီ (ရဟ) က မိခင်မွန် ဟဇရသ်အာအေရှာဟ် ؓ ထံမှ ဆင့်ပြန်သည်မှာ 'ဤ 'သွလာ:က်' တောင်းခံခွင့် အာယသ်တော် ကျရောက်လာသောအခါ တမန်တော်မြတ် ﷺ သည် ထိုအမိန့်ကို ထုတ်ဖော်ကြေညာရာတွင် ကျွန်မအား ဦးစွာပထမ ထုတ်ဖော်ခဲ့သည်။ ထို့နောက် အာယသ်တော်ကို မိန့်ကြားခြင်းမပြုမီ 'ငါကိုယ်တော်သည် အသင်မအား စကားတစ်ခွန်း ပြောဆိုမည်။ သို့သော် အသင်မသည် ထိုစကားကို စောလျင်စွာ အဖြေမပေးဘဲ မိမိ၏ မိဘနှစ်ပါးနှင့် တိုင်ပင်ပြီးမှ အဖြေပေးရမည်'ဟု မိန့်ကြားလေသည်။ ဟဇရသ်အာအေရှာဟ် ؓ က ပြောဆိုသည်မှာ 'ဤသည် ကျွန်မအဖို့ ကိုယ်တော်က အထူးအခွင့်အရေးပေးခြင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်မအား မိဘနှစ်ပါးနှင့် မတိုင်ပင်ဘဲ မိမိ၏ ဆန္ဒအလျောက် အဖြေမပေးရန် ကိုယ်တော်က တားမြစ်တော်မူခဲ့၍ ဖြစ်သည်။ အကြောင်းမှာ 'ကျွန်မ၏ မိဘနှစ်ပါးသည် ကျွန်မအား ကိုယ်တော်မြတ် ﷺ နှင့် ပြတ်စဲ၍ ဝေးကွာစေမည့် အကြံဉာဏ်ကို မည်သည့်အခါမျှ ပေးမည်မဟုတ်ကြောင်း ကိုယ်တော်မြတ် ﷺ က ယုံကြည်ထား၍ ဖြစ်သည်။ ကျွန်မသည် ဤအာယသ်တော်ကို ကြားနာရသည်နှင့် ချက်ချင်းပင် ကျွန်မသည် ဤအရေးကိစ္စတွင် မိဘများနှင့် တိုင်ပင်ရန် သွားရမည်လော? ကျွန်မသည် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်ကိုလည်းကောင်း၊ တမလွန်ကိုလည်းကောင်း ရွေးချယ်ပါသည်'ဟု လျှောက်ထားလိုက်သည်။ တစ်ဖန် ကျွန်မအား မိန့်ဆိုပြီးနောက် ကြင်ယာတော်အားလုံးကို ကုရ်အာန်၏ ဤအမိန့်ကို ဖတ်ကြားပြတော်မူသည့်အခါ အားလုံးက ကျွန်မ ဦးစွာ လျှောက်ထားသည့်အတိုင်း လျှောက်ထားကြလေသည်။ မည်သူကမျှ လောကီရေး ချောင်လည်မှုကို တမန်တော်မြတ် ﷺ ၏ ကြင်ယာတော်ဖြစ်ရခြင်းထက် ဦးစားပေးလက်ခံခဲ့ခြင်း မရှိကြပေ။

အကျိုးကျေးဇူး ။ ။ 'သွလာ:က်'၏ အခွင့်အရေးပေးခြင်း နှစ်မျိုးရှိသည်။ တစ်မျိုးမှာ အမျိုးသမီးထံအပ်နှံ သော 'သွလာ:က်'ဖြစ်သည်။ အကယ်၍ အမျိုးသမီးက လိုလားပါလျှင် မိမိကိုယ်ကို မိမိ 'သွလာ:က်' ပေး၍ လွတ်မြောက်မှု ရယူခြင်းဖြစ်သည်။ ဒုတိယအမျိုးအစားမှာ 'ခင်ပွန်းသည်၏ လက်ဝယ်၌သာ 'သွလာ:က်'ရှိပြီး အကယ်၍ အမျိုးသမီးက လိုလားပါလျှင် ခင်ပွန်းက 'သွလာ:က်'ပေးလိုက်ခြင်း ဖြစ်သည်။

ဖော်ပြပါအာယသ်တော်တွင် အချို့အဖွင့်ပညာရှင်တို့က ပထမပုံစံကိုလည်းကောင်း၊ အချို့က ဒုတိယပုံစံကိုလည်းကောင်း ရွေးချယ်ကြသည်။ ကျွန်ုပ်၏ ဆရာသခင် ဟဇရသ်ဟကီမွလ်အွမ္မသ် (ရဟ) က ဗယာနုလ်ကုရ်အာန်ကျမ်း၌ မိန့်သည်မှာ 'အာယသ်တော်၏ စာလုံးများတွင် နှစ်မျိုးလုံး၏ အဓိပ္ပာယ် ပါရှိနေသည်။ ထင်ရှားသော အာယသ်တော်တစ်ပါးပါးဖြင့် တစ်ခုခုကို မသတ်မှတ်သမျှ မိမိဘက်မှ ပုံစံတစ်ခုကို သတ်မှတ်ရန် မလိုပေ'ဟု ဖြစ်သည်။

ဓမ္မသတ် ။ ။ ဤအာယသ်တော်အရ သိရှိရသည်မှာ 'ဇနီးမောင်နှံနှစ်ဦးတွင် သဘောထား မတိုက်ဆိုင်ကြသည့်အခါ ခင်ပွန်းသည်၏ လက်ရှိအခြေအနေအပေါ် ရောင့်ရဲတင်းတိမ်၍ အတူနေလိုက အတူနေ'ဟူ၍ အမျိုးသမီးအား အခွင့်အရေးပေးရမည်။ ထိုသို့မဟုတ်ပါက စွန္နသ်တော်နှင့်အညီ 'သွလာက်'ပေး၍ ဝတ်စုံများ ပေးကမ်းလျက် သိက္ခာရှိရှိဖြင့် ပြတ်စဲလိုက်ခြင်းမှာ 'မွတ်စ်သဟဗ်' ဖြစ်သည်။

ဖော်ပြပါအာယသ်တော်အရ ဤအရေးကိစ္စအတွက် 'မွတ်စ်သဟဗ်'ဟုသာ အတည်ပြုနိုင်သည်။ 'ဝါဂျိဗ်'ဖြစ်ကြောင်း မည်သည့်အထောက်အထားမျှ မရှိပေ။ အချို့ဖေကာဟ်အေမာမ်များက ဤအာယသ်တော်ဖြင့် 'ဝါဂျိဗ်'ဖြစ်ကြောင်း အထောက်အထား ပြဆိုကြသည်။ ဤအထက်ပါ ဓမ္မသတ်အပေါ် အခြေခံ၍ ဇနီးသည်အား စားစရိတ်မပေးစွမ်းနိုင်သော ဆင်းရဲသည့် ခင်ပွန်း၏ ဇနီးကို တရားရုံးတော်ဘက်မှ 'သွလာက်' ပေးရန် အခွင့်အရေးပေးထားသည်။

ဤဓမ္မသတ်အကျယ်တဝင့်ကို 'အဟ်ကာမုလ်ကုရ်အာန်'ကျမ်းတွင် အရဗီဘာသာဖြင့် ဤအာယသ်တော်၏ ရှင်းလင်းချက်၌ ဖော်ပြထားသည်။

ကြင်ယာတော်များ၏ ထူးမြတ်မှုတစ်ရပ်နှင့် ထိုထူးမြတ်မှုကြောင့် ကြင်ယာတော်များအပေါ် ခိုင်မာသော တာဝန်သတ်မှတ်ခြင်း

يٰنِسَآءَ النَّبِيِّ مَنْ يَّاْتِ مِنْكُنَّ بِفَاحِشَةٍ مُّبَيِّنَةٍ يُّضٰعَفْ لَهَا الْعَذَابُ

ضِعْفَيْنِ وَكَانَ ذٰلِكَ عَلَى اللّٰهِ يَسِيْرًا ۝ وَمَنْ يَّقْنُتْ مِنْكُنَّ لِلّٰهِ

وَرَسُوْلِهٖ وَتَعْمَلْ صَالِحًا نُّؤْتِهَآ اَجْرَهَا مَرَّتَيْنِ ﴿الاية﴾

ဤအာယသ်တော်နှစ်ပါးတွင် 'ကြင်ယာတော်တို့သည် အကယ်၍ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်လိုက်ပါလျှင် အခြားသော သာမန်အမျိုးသမီးများထက် ပြစ်ဒဏ်နှစ်ဆပေးခြင်း ခံရပေမည်'ဟူသော ထူးခြားချက်ကို မိန့်ကြားထားသည်။ ဆိုလိုသည်မှာ ကြင်ယာတော်တို့၏ ပြစ်မှုတစ်ခုသည် ပြစ်မှုနှစ်ခု ကျူးလွန်

ခြင်းအဆင့်၌ ရှိသည်ဟု ဖြစ်သည်။ ထိုနည်းအတိုင်းပင် ကြင်ယာတော်တို့သည် ကောင်းမှုတစ်ခု ပြုကျင့်ပါလျှင် အခြားအမျိုးသမီးများထက် ကုသိုလ်အကျိုးနှစ်ဆပေးခြင်း ခံရပေမည်။ ကောင်းမှုတစ်ခုသည် ကောင်းမှုနှစ်ခုပြုကျင့်သည့် အဆင့်၌ ရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ဤအာယသ်တော်သည် ပုံသဏ္ဌာန်တစ်မျိုးအရ ကြင်ယာတော်များအတွက် ၎င်းတို့၏ လုပ်ရပ်တစ်ခု၏ အကျိုးကုသိုလ်ကို ဖော်ပြခြင်းဖြစ်သည်။ ၎င်းလုပ်ရပ်မှာ ကြင်ယာတော်တို့သည် 'သွလားက်' တောင်းခံခွင့် အာယသ်တော် ကျရောက်လာခြင်းအပေါ် တမန်တော်မြတ် ﷺ ၏ ကြင်ယာတော်ဖြစ်ရခြင်းကို လောကီရေးချောင်လည်မှုအား စွန့်လွှတ်စတေးခဲ့ကြသည်။ ထိုသို့ စွန့်လွှတ်ခြင်း၏ အစားပေးမှုအဖြစ် အလ္လာဟ်အသျှင်မြတ်သည် ကြင်ယာတော်တို့၏ ကျင့်စဉ်တစ်ခုကို နှစ်ခု၏ အဆင့်ပေးတော်မူလိုက်သည်။ အပြစ်ကျူးလွန်ရာ၌ နှစ်ဆဖြစ်ရခြင်းမှာလည်း ကြင်ယာတော်တို့၏ ထူးမြတ်မှု အဆင့်အတန်းကြောင့်ပင် ဖြစ်သည်။ ဤအချက်သည် ဦးနှောက်အတွေးအခေါ်အရလည်းကောင်း၊ ဆင့်ပြန်ချက်အရလည်းကောင်း အမှန်ဖြစ်သည်။ အကြောင်းမှာ 'တစ်စုံတစ်ဦး၏ ချီးမြှင့်မှုနှင့် ဂုဏ်ပေးမှုတို့ရှိသည်နှင့်အမျှ မေ့လျော့ခြင်းနှင့် ဆန့်ကျင်ခြင်းတို့အပေါ် အပြစ်ဒဏ် တိုးမြှင့်သွားမည်သာ ဖြစ်သောကြောင့်ပင် ဖြစ်သည်။

ကြင်ယာတော်များအပေါ် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်မှာ အလွန်ကြီးမားများပြားပေသည်။ အလ္လာဟ်အသျှင်မြတ်သည် သူမတို့အား တမန်တော်မြတ် ﷺ ၏ ကြင်ယာတော်အဖြစ် ရွေးချယ်တော်မူခဲ့သည်။ သူမတို့၏ သာမန် မှားယွင်းချွတ်ချော်မှုသည်လည်း ကြီးမားသွားပေမည်။ အကယ်၍ အခြားသူများကြောင့် တမန်တော်မြတ် ﷺ အဖို့ ဒုက္ခရောက်ရသည်ရှိသော် ထိုဒုက္ခထက် ကြင်ယာတော်များကြောင့် ရောက်ရသော ဒုက္ခသည်သာ ပို၍ ကြီးမားပြင်းထန်မည် ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ စာလုံးများ وَاذْكُرْنَ مَا يُتْلَىٰ فِي بُيُوتِكُنَّ ကိုယ်တိုင်ကပင် ၎င်း၏ အကြောင်းခံကို ညွှန်းဆိုထားသည်။

အကျိုးကျေးဇူး

ကျင့်စဉ်တစ်ခုအတွက် အကျိုးကုသိုလ်နှစ်ဆ ရမည်ဟူသော ကြင်ယာတော်များ၏ ထူးမြတ်မှုနှင့် ယှဉ်၍ ကျန်အမ္မသ်အားလုံးတွင် ဤကဲ့သို့ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချီးမြှင့်တော်မူခြင်း ရရှိမည် မဟုတ်ဟူ၍ မယူဆလေနှင့်။ အဟ်လိကိတာဗ်တို့အနက် မွတ်စ္စလင်မ်ဖြစ်လာသူများအား

أُولَٰئِكَ يُؤْتَوْنَ أَجْرَهُم مَّرَّتَيْنِ

(၎င်းတို့အား ၎င်းတို့၏ ပြုကျင့်ခဲ့သည့်အရာ၏ အစားကို နှစ်ဆ ချီးမြှင့်တော်မူမည်) ဟူ၍ ကုရ်အာန်ကျမ်းတော်မြတ်က မိန့်ကြားတော်မူထားပြီး ဖြစ်သည်။

ရောမဘုရင် ကိုင်ဆွရ်ထံသို့ တမန်တော်မြတ် ﷺ က သဝဏ်လွှာ ပေးပို့ရာတွင် ထိုသဝဏ်လွှာ၌ ကုရ်အာန်ကျမ်းတော်မြတ်၏ ထိုအမိန့်တော် ရှိထားခြင်းကြောင့်

يُؤْ تِكَ اللّٰهُ اَجْرَكَ مَرَّتَيْنِ

ဟု ရေးသားတော်မူခဲ့သည်။ အဟ်လိကိသားဗ်တို့အနက် အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည် လက်ခံသူများနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်တွင် အကျိုးကုသိုလ်နှစ်ဆ ပေးသနားတော်မူမည့် အကြောင်း အတိအလင်း မိန့်ကြားတော်မူထားသည်။

ထို့ပြင် ဟဒီးစ်တော်တစ်ပါး၌လည်း ပုဂ္ဂိုလ် ၃ ဦးနှင့် စပ်လျဉ်း၍ ဤအတိုင်းပင် အကျိုးနှစ်ဆ ချီးမြှင့်မည့်အကြောင်း ဖော်ပြထားသည်။ ထိုအကြောင်း အကျယ်တဝင့်ကို စူရာဟ်ကဆွဆ်၏ အာယသ်တော်

اُولٰٓئِكَ يُؤْتَوْنَ اَجْرَهُمْ مَّرَّتَيْنِ

တွင် အကျယ်တဝင့် ရေးသားခဲ့ပြီး ဖြစ်သည်။

အာလင်မ်၏ ကောင်းမှုများ၏ အကျိုးကုသိုလ်သည်လည်း အခြားသူများထက် များ၍ ၄င်း၏ ပြစ်မှုကျူးလွန်ခြင်း၏ အပြစ်ဒဏ်သည်လည်း အခြားသူများထက် ပိုမို များပြားခြင်း

အေမာမ်အဘူဗကရ်ဂျဆ်ဆွာဆ်သည် 'အဟ်ကာမုလ်ကုရ်အာန်' ကျမ်း၌ မိန့်ဆိုသည်မှာ ကြင်ယာတော်များ၏ ကောင်းမှုများ၏ အကျိုးကုသိုလ်သည်လည်း နှစ်ဆ၊ ပြစ်မှုဒုစရိုက်၏ အပြစ်ဒဏ်သည်လည်း နှစ်ဆဟု သတ်မှတ်တော်မူခြင်းမှာ ကြင်ယာတော်တို့သည် 'နုဗူဝသ်'၏ အသိပညာများနှင့် အသျှင်မြတ်၏ 'ဝဟီ'ဗျာဒိတ်တော်များနှင့် အထူးပတ်သက်မှုများ ရှိကြသောကြောင့် ဖြစ်သည်။ ဤအကြောင်းတရားသည်ပင် သာသနာ့ပညာရှင်များ၌လည်း ရှိပေသည်။ ထို့ကြောင့် မိမိ၏ အသိပညာအပေါ် ကျင့်သုံးသော အာလင်မ် ဖြစ်လျှင် ၄င်းအတွက် ထိုကျင့်သုံးမှု၏ အကျိုးကုသိုလ်သည် အခြားသူများထက် ပို၍ ရရှိပေမည်။ အကယ်၍ ၄င်းသည် အပြစ်တစ်စုံတစ်ရာ ကျူးလွန်မည်ဆိုပါက 'အဇာဗ်'အပြစ်ဒဏ်တွင်လည်း အခြားသူများထက် ပိုမို ရရှိပေမည်။

فَاحِشَةٍ مُّبَيِّنَةٍ

فاحشة 'ဖာဟိရှဟ်'ဟူသော စာလုံးသည် အာရဗီဘာသာတွင် မကောင်းသောလုပ်ရပ်နှင့် 'ဇေနာ' စသည်တို့အတွက်လည်း အသုံးပြုသော စာလုံးဖြစ်သည်။ အပြစ်ဒုစရိုက်နှင့် မကောင်းမှုများအတွက်လည်း ကုရ်အာန်ကျမ်းတော်မြတ်၌ ဤစာလုံးကို များစွာ သုံးစွဲထားသည်ကို တွေ့ရသည်။ ဤအာယသ်တော်တွင် **فاحشة** 'ဖာဟိရှဟ်' စာလုံးသည် မကောင်းသောလုပ်ရပ်နှင့် 'ဇေနာ'တို့ကို ဆိုလိုခြင်းမဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် မိမိစေလွှတ်တော်မူသော နဗီတမန် တော်အားလုံးတို့၏ ကြင်ယာတော်များတွင် ဤကြီးမားသော ပြစ်မှုမှ ကင်းရှင်းစေတော်မူခဲ့သောကြောင့် ဖြစ်သည်။ နဗီတမန်တော်အားလုံး၏ ကြင်ယာတော်များတွင် မည်သည့်ကြင်ယာတော်တွင်မှ ဤကဲ့သို့သော လုပ်ရပ်မျိုး ကျူးလွန်ဖြစ်ပေါ်ခဲ့ခြင်း အလျဉ်း မရှိပေ။

ဟဇရတ်လူးသ္ဂ် عليه السلام နှင့် နူးဟ် عليه السلام တို့၏ ကြင်ယာတော်များမှာ ၎င်းတို့၏ သာသနာမှ ဖယ်ခွာပြီး အမိန့်ဖီဆန်မှုများ ပြုလုပ်ခဲ့ကြသည်။ ထိုသို့ပြုခြင်းအတွက် သူမတို့အဖို့ အပြစ်ဒဏ်ထိုက်သက်ခဲ့ပြီး ဖြစ်သည်။ သို့သော်ငြားလည်း မကောင်းသော ရှက်ဖွယ်လိလိဖြစ်သော လုပ်ရပ်ကို ကျူးလွန်ခဲ့ကြောင်း စွပ်စွဲချက်သည် သူမတို့အနက် မည်သူ့တွင်မျှ မရှိခဲ့ပေ။ နဗီကိုယ်တော်မြတ် ﷺ ၏ ကြင်ယာတော်များအား အရှက်တရားကင်းမဲ့သည့် မကောင်းသောလုပ်ရပ် ကျူးလွန်သည်ဟု ထင်ယောင်ထင်မှားဖြစ်ရန်ပင် မလိုအပ်ပေ။ ထို့ကြောင့် ဤအာယသ်တော်မှ **فاحشة** 'ဖာဟိရှဟ်'၏ အလိုသဘောမှာ ပြစ်မှုအားလုံး (သို့) တမန်တော်မြတ် ﷺ ၏ ဒုက္ခစိတ်သောကကို ဆိုလိုခြင်းဖြစ်သည်။ ဤနေရာတွင် **فاحشة** 'ဖာဟိရှဟ်' ဟူသော စာလုံးနှင့်အတူ **مبيّنة** 'မုဗိုင်ယိနာဟ်'ဟူသော စာလုံးလာရှိခြင်းမှာ ထိုအချက်အပေါ် သက်သေပြခြင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အရှက်တရားမဲ့ခြင်းနှင့် မကောင်းမှုတို့ကို မည်သည့်နေရာတွင်မှ **مبيّنة** 'မုဗိုင်ယိနဟ်' (ပွင့်လင်းထင်ရှားစွာ) မပြုလုပ်ကြဘဲ အကွယ်၌ ပုန်းလျှိုးဝှက်လျှိုး ပြုလုပ်ကြသောကြောင့် ဖြစ်သည်။ **فاحشه مبيّنه** ၏ အလိုသဘောမှာ ပြစ်မှုအားလုံးကို ဆိုလိုသည်။ သို့မဟုတ် တမန်တော်မြတ် ﷺ ၏ စိတ်သောက၊ ဒုက္ခကို ဆိုလိုသည်။ အဖွင့်ပညာ၏ အေမာမ်များအနက် မုကာသိလ်ဗင်န် စုလိုင်မာန်သည် ဤအာယသ်တော်တွင် **فاحشة** 'ဖာဟိရှဟ်'၏ အလိုသဘောမှာ တမန်တော်မြတ် ﷺ ၏ အမိန့်ဖီဆန်မှု (သို့) တမန်တော်မြတ် ﷺ ထံမှ ပြုလုပ်ပေးရန် အခက်အခဲရှိသော အရာကို တောင်းခံခြင်းဟု သတ်မှတ်ခဲ့သည်။ *[ဗိုင်ဟကီ]*

ကုရ်အာန်ကျမ်းတော်မြတ်တွင် အခြား'အဇားဗ်'အပြစ်ဒဏ်နှင့် စပ်လျဉ်း၍မူ **فاحشه مبيّنه** အပေါ်၌ပင် ၎င်း'အဇားဗ်'အပြစ်ဒဏ်ကို သတ်မှတ်တော်မူသည်။ သို့ရာတွင် အကျိုးကုသိုလ်နှစ်ဆ ရရှိရန်အတွက် ကိုမူ များစွာသော စည်းကမ်းများ သတ်မှတ်ထားသည်။

وَمَنْ يَّقْنُتْ مِنْكُنَّ لِلّٰهِ وَرَسُوْ لِه وَتَعْمَلْ صَالِحًا

ဟူသော အာယသ်တော်၌ အလ္လာဟ်အသျှင်မြတ်ကိုလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်ကိုလည်းကောင်း အမိန့်နာခံရန် စည်းကမ်းချက် သတ်မှတ်ထားသည်။ တစ်ဖန် ကောင်းမှုကိုယ်ကျင့်တရားများ ပြုကျင့်ရန်ကိုလည်း စည်းကမ်းချက်အဖြစ် သတ်မှတ်တော်မူထားသည်။ အကြောင်းမှာ ကုသိုလ်အကျိုးသည် အမိန့်နာခံမှုနှင့် လိုက်နာကျင့်ဆောင်မှုတို့တွင် ပြည့်ပြည့်ဝဝ ဖြစ်သည့်အခါ၌သာ ရရှိသောကြောင့် ဖြစ်သည်။ အပြစ်ဒဏ်မှာမူ ပြစ်မှုတစ်ခု ကျူးလွန်ရုံမျှဖြင့် လုံလောက်သောကြောင့် ဖြစ်သည်။

ကြင်ယာတော်များအဖို့ အထူးလမ်းညွှန်ချက်

يٰنِسَآءَ النَّبِيِّ لَسْتُنَّ كَاَحَدٍ مِنَ النِّسَآءِ اِنِ اتَّقَيْتُنَّ فَلَا تَخْضَعْنَ بِالْقَوْلِ

ရှေ့၌ တင်ပြပြီးသည့် အာယသ်တော်တွင် ကြင်ယာတော်တို့အဖို့ တမန်တော်မြတ် ﷺ ထံမှ ပြုလုပ်ဆောင်ရွက်ပေးရန် ခက်ခဲသော (သို့) တမန်တော်မြတ် ﷺ ၏ ဂုဏ်သိက္ခာတော်နှင့် မလျော်ကန်သော

အရာကို မတောင်းခံကြရန် တားမြစ်ခြင်း ခံရသည်။ ကြင်ယာတော်တို့သည် ထိုတားမြစ်သည့် အမိန့်ကို လိုက်နာခဲ့ကြသည့်အခါ သူမတို့၏ အဆင့်အတန်းကို အခြားသော အမျိုးသမီးများထက် တိုးမြှင့်ပေးခြင်း ခံခဲ့ရသည်။ ကြင်ယာတော်များ၏ ပြုမူဆောင်ရွက်ချက် 'အမလ်'တစ်ခုကို နှစ်ခုနှင့် တန်းတူဖြစ်စေတော်မူလိုက်သည်။ ရှေ့၌ သူမတို့၏ ကျင့်စဉ်ကျင့်ရပ်များကို ပြုပြင်မွမ်းမံခြင်းနှင့် တမန်တော်မြတ် ﷺ ၏ အသိုင်းအဝိုင်းနှင့် ကြင်ယာတော်အဖြစ်တွင် လျော်ကန်သင့်မြတ်ခြင်းများ ရှိစေရန် အချို့လမ်းညွှန်ချက်များ ပေးထားတော်မူသည်။ ထိုလမ်းညွှန်ချက်အားလုံးသည် အမှန်စင်စစ် ကြင်ယာတော်များအတွက်သာ သီးသန့်မဟုတ်ဘဲ မွတ်စ္စလင်မ်အမျိုးသမီးအားလုံးအတွက် လိုက်နာရမည့် ညွှန်ကြားချက်များ ဖြစ်ပေသည်။ သို့ရာတွင် ဤနေရာ၌ ကြင်ယာတော်များအား အထူးဦးတည်လျက် အမိန့်ရှိခြင်းမှာ 'ဤကျင့်စဉ်ကျင့်ရပ်နှင့် အမိန့်ပညတ်ချက်များသည် မွတ်စ္စလင်မ်အမျိုးသမီးအားလုံးအတွက် အရေးကြီးသော 'ဝါဂျိဗ်'တာဝန်များ ဖြစ်သည်။ သို့ရာတွင် အသင်မတို့သည် အခြားအမျိုးသမီးများထက် ဤလမ်းညွှန်ချက် အမိန့်ပညတ်ချက်များကို ပိုမို၍ အလေးအနက်ထားရပေမည်ဟု သတိပြုစေရန် ဖြစ်သည်။

لَسْتُنَّ كَاَحَدٍ مِّنَ النِّسَآءِ

(အသင်မတို့သည် အခြားအမျိုးသမီးများကဲ့သို့ မဟုတ်) ဟူသော အပိုဒ်သည် ဤထူးခြားမှုကိုသာ ဆိုလိုခြင်းဖြစ်သည်။

ကြင်ယာတော်တို့သည် တစ်လောကလုံးရှိ အမျိုးသမီးများထက် ပို၍ မြင့်မြတ်မှု ရှိကြပါသလား

အာယသ်တော်၏ စာလုံးများအရ ကြင်ယာတော်တို့သည် တစ်လောကလုံးရှိ အမျိုးသမီးများထက် ပို၍ မြင့်မြတ်သည်ဟု ထင်ရပေသည်။ သို့သော် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်တစ်ပါး၌ ဟဇရသ်မရ်ယမ် عليها السلام နှင့်စပ်လျဉ်း၍

اِنَّ اللّٰهَ اصْطَفٰكِ وَطَهَّرَكِ وَاصْطَفٰكِ عَلٰى نِسَاۤءِ الْعٰلَمِيْنَ

ဟူ၍ ဟဇရသ်မရ်ယမ် عليها السلام သည် တစ်လောကလုံးရှိ အမျိုးသမီးများထက် မြင့်မြတ်ကြောင်း အတည်ပြု မိန့်ကြားတော်မူထားသည်။ သိရ်မေဇီကျမ်းတွင် ဟဇရသ်အနတ်စ် رضي الله عنه ၏ ဟဒီးစ်တော် လာရှိသည်မှာ တမန်တော်မြတ် ﷺ က 'အသင်တို့အဖို့ တစ်လောကလုံးရှိ အမျိုးသမီးများအနက် မရ်ယမ်ဗင်န်သေ့အင်မ်ရာန်၊ ခဒီဂျဟ်ဗင်န်သေ့ခုဝိုင်လိဒ် (အွန်းမွလ်မုအ်မိနီးန်)၊ ဖာသိမဟ်ဗင်န်သေ့မုဟမ္မဒ် ﷺ နှင့် ဖိရ်အောင်န်၏ဇနီး အာစိယဟ်တို့သည် လုံလောက်ပေသည်'ဟု မိန့်တော်မူခဲ့သည်။

ဤဟဒီးစ်တော်တွင် ဟဇရသ်မရ်ယမ် عليها السلام နှင့်အတူ အမျိုးသမီး (၃) ဦးကို တစ်လောကလုံးရှိ အမျိုးသမီးများထက် မြင့်မြတ်ကြောင်း မိန့်ကြားတော်မူထားသည်။

ထို့ကြောင့် ဤအာယသ်တော်တွင် ကြင်ယာတော်များ၏ မြင့်မြတ်မှုကို နဗီတမန်တော် ﷺ ၏ ကြင်ယာတော်များ ဖြစ်ရခြင်းကြောင့် သူမတို့သည် တစ်လောကလုံးရှိ အမျိုးသမီးများထက် ကေန်မုချ မြင့်မြတ်မှုရှိကြောင်း အထူးအဆင့်အတန်းတစ်ရပ်အဖြစ် တင်ပြထားသည်။ ထိုသို့ တင်ပြထားခြင်းဖြင့် အခြားသော ကုရ်အာန်၊ ဟာဒီးစ်၏ အမိန့်များကို ဆန့်ကျင်လျက် လုံးဝဥသုံ မြင့်မြတ်ကြောင်း အတည် မဖြစ်ပေ။ *[မဇ္ဇဟရီကျမ်း]*

لَسْتُنَّ كَاَحَدٍ مِنَ النِّسَاءِ

၏ နောက်တွင် اِنِ اتَّقَيْتُنَّ ဟူသော စည်းကမ်းချက်သည် သူမတို့အား နဗီတမန်တော်မြတ် ﷺ ၏ ကြင်ယာတော်များဖြစ်ခြင်းကြောင့် အလ္လာဟ်အသျှင်မြတ်က ချီးမြှင့်တော်မူသော ထူးမြတ်မှုအတွက် စည်းကမ်း ချက်ဖြစ်သည်။ ဆိုလိုသည်မှာ ထိုကဲ့သို့သော နဗီတမန်တော်မြတ် ﷺ နှင့် ပတ်သက်ဆက်နွယ်မှုဖြစ်ခွင့်ရသော အခွင့်ထူး အပေါ်၌ပင် ယုံပုံကိုးစား မှီခိုခြင်းပြုလျက် ကျွန်မတို့သည် တမန်တော်မြတ် ﷺ ၏ ကြင်ယာတော်များ ဖြစ်သည်' ဟူ၍ ထိုင်မနေဘဲ 'သက္ကဝါ'ပြစ်မှုရှောင်ကြဉ်ခြင်းနှင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များ အပေါ် လိုက်နာကျင့်သုံးခြင်းဖြင့်သာ ထူးမြတ်မှုဖြစ်မည့် စည်းကမ်းချက်ဖြစ်ကြောင်း သတိပေးတော်မူခြင်း ဖြစ်သည်။ *[ကုရ်သုဗီကျမ်း၊ မဇ္ဇဟ်ရီကျမ်း။]*

ထို့နောက် ကြင်ယာတော်တို့အား အချို့လမ်းညွှန်ချက်များ ပြုထားပေသည်။

ပထမလမ်းညွှန်မိန့်ကြားချက်

အမျိုးသမီးများ၏ 'ပရ်ဒဟ်'နှင့် စပ်လျဉ်း၍ အသံနှင့် စကားအပေါ် ပညတ်ထားသည်မှာ-

فَلَا تَخْضَعْنَ بِالْقَوْلِ

'နေကာဟ်'ပြုပိုင်သူတစ်ဦးနှင့် စကားပြောဆိုရန်အကြောင်း ဖြစ်ပေါ်လာပါလျှင် စကားပြောဆို ရာ၌ အမျိုးသမီးတို့သဘာဝ ကန့်ကလျနှင့် နူးညံ့သိမ်မွေ့သော လေသံဖြင့် ပြောဆိုခြင်းကို ရှောင်ကြဉ်ရမည်။ အလိုသဘောမှာ ကန့်ကလျနှင့် နူးညံ့ပျော့ပြောင်းသော လေသံသည် နားထောင်သူ၏ စိတ်တွင် တိမ်းညွတ် ယိမ်းယိုင်မှုများ ဖြစ်ပေါ်စေသော လေသံကို ဆိုလိုသည်။ ထို့ကြောင့်ပင် ၄င်းနောက်၌

فَيَطْمَعَ الَّذِىْ فِىْ قَلْبِهٖ مَرَضٌ

ဟု မိန့်ကြားထားတော်မူခြင်းဖြစ်သည်။ ဆိုလိုသည်မှာ 'စိတ်နှလုံးသား၌ ရောဂါရှိသောသူသည် ရမ္မက် နှင့် တိမ်းညွတ်ယိမ်းယိုင်လာစေသော နူးညံ့ပျော့ပြောင်းသည့် လေသံမျိုးဖြင့် စကားပြောဆိုခြင်း မပြုလေနှင့်' ဟု ဖြစ်သည်။ مرض (ရောဂါ) ဟု ဆိုရာ၌ نِفَاق 'နိဖာက်' (အယောင်ဆောင်မှု)

ကိုလည်းကောင်း၊ (သို့) အယောင်ဆောင်မှု တစ်စိတ်တစ်ဒေသ ပါဝင်နေခြင်းကိုလည်းကောင်း ဆိုလိုသည်။ မုနာဖစ်ကအစစ်ဖြစ်လျှင်မူ ဤကဲ့သို့သော ရမ္မက်များ ဖြစ်ပေါ်မည်မှာ ထင်ရှားပေသည်။ သို့ရာတွင် မုအ်မင်န် အစစ်အမှန် ဖြစ်လျက်နှင့် 'ဟရာမ်'ကိစ္စတစ်ခုခုဘက်သို့ တိမ်းညွတ်ခြင်းဖြစ်လျှင် ထိုသူမှာ မုနာဖစ်က် မဖြစ်သွားပါလျှင် အီမာန်လျော့နည်းသူ ဖြစ်မည်မှာ အသေအချာပင် ဖြစ်သည်။ 'ဟရာမ်'ကိစ္စဘက်သို့ တိမ်းညွတ်စေသော အီမာန်အားနည်းမှုမှာ အမှန်စင်စစ် 'နိဖာက်'အယောင်ဆောင်မှု၏ တစ်စိတ်တစ်ပိုင်းသာ ဖြစ်သည်။ 'နိဖာက်'အယောင်ဆောင်မှု၏ သံသယပင် မရှိသော စစ်မှန်သည့် အီမာန်ရှင်အဖို့ မည်သည့် 'ဟရာမ်'ကိစ္စဘက်သို့မှ တိမ်းညွတ်ယိမ်းယိုင်ခြင်း မရှိနိုင်ပေ။

အချုပ်ဆိုရသော် ဤပထမလမ်းညွှန်ချက်သည် အမျိုးသမီးများအဖို့ သူစိမ်းယောက်ျားများကို ရှောင်ကြဉ်ရန်နှင့် အီမာန်အားနည်းသော သူစိမ်းယောက်ျားတစ်ဦး၏ စိတ်တွင် ရမ္မက်စိတ်များ (သို့) တိမ်းညွတ်မှု တစ်စုံတစ်ရာဖြစ်နိုင်သည်ဆိုပါက ၎င်း၏ အနီးအနားသို့ပင် မသွားရန်ဟူသော 'ပရ်ဒဟ်'၏ အမြင့်ဆုံးအဆင့်ကို ရယူနိုင်ရန်ဖြစ်သည်။

'ပရ်ဒဟ်'နှင့် စပ်လျဉ်းသော အကျယ်တဝင့် ရှင်းလင်းချက်သည် ဤစူရာဟ်တွင် ရှေ့၌ လာမည့် အာယသ်တော်များ၌ လာရှိပေမည်။ ဤနေရာတွင် ကြင်ယာတော်များအတွက် အထူးညွှန်ကြားချက်များ လာရှိသည်တို့ကို အကျယ်တဝင့် ရေးသားထားခြင်း ဖြစ်သည်။ စကားပြောဆိုခြင်းနှင့် စပ်လျဉ်း၍ လမ်းညွှန် မိန့်ကြားချက်များကို ကြားနာပြီးနောက်တွင် အချို့ကြင်ယာတော်တို့သည် အကယ်၍ သူစိမ်းယောက်ျားများနှင့် စကားပြောဆိုရန် ရှိသည့်အခါ မိမိ၏ ပါးစပ်တွင် လက်တင်၍ ပြောဆိုလေ့ရှိခဲ့ကြသည်။ သို့မှသာ အသံပြောင်းသွားပေမည်။ ထို့ကြောင့် ဟဇရသ်အမရ်ဗင်န်အားဆွ် ﷺ ၏ ဟဒီးစ်တော်တစ်ပါးတွင်

انَّ النَّبِیَّ ﷺ نَھٰی اَنْ یُّکَلِّمَ النِّسَاءُ اِلَّا بِاِذْنِ اَزْوَاجِھِنَّ

(တမန်တော်မြတ် ﷺ သည် အမျိုးသမီးများအား မိမိတို့ခင်ပွန်း၏ ခွင့်ပြုချက်မရဘဲ စကားမပြောဆိုရ ဟု တားမြစ်ခဲ့သည်) ဟူ၍ မိန့်ဆိုထားပေသည်။

ဓမ္မသတ် ။ ။ ဤအာယသ်တော်နှင့် ဖော်ပြပါဟဒီးစ်တော်တို့အားဖြင့် အမျိုးသမီး၏ အသံသည် ستر (အမြဲဖုံးကွယ်ထားရမည့်) 'အရုက်'တွင် မပါဝင်ကြောင်း အတည်ဖြစ်ပေသည်။ သို့ရာတွင် အသံအပေါ်၌လည်း ဆင်ခြင်မှုပြုရန် ပညတ်ထားသည်။ ထို့ပြင် 'အေဇာဒသ်'နှင့် ပညတ်ချက်ဟူသရွေ့တွင် အမျိုးသမီးတို့၏ အသံကို အမျိုးသားများ ကြားနိုင်လောက်အောင် မကျယ်လောင်ရဟူ၍ ပညတ်ထားသည်။ အေမာမ် ရှေ့ဆောင်သည် တစ်စုံတစ်ရာမှားယွင်းသွားပါက မုက္တသဒီများအဖို့ နှုတ်အားဖြင့် ထောက်ပေးရန် ပညတ်ထားသည်။ သို့ရာတွင် အမျိုးသမီးများအဖို့ နှုတ်ဖြင့် ထောက်ပေးရမည့်နေရာတွင် မိမိ၏ လက်ဖမိုးပေါ်တွင် အခြားလက်ဖြင့် ရိုက်၍ အေမာမ်ကို သတိပေးရန် ပညတ်ထားသည်။ နှုတ်မှ မည်သို့မျှ မပြောဆိုရပေ။

ဒုတိယလမ်းညွှန်မိန့်ကြားချက်

'ပရ်ဒါဟ်' အပြည့်အဝပြုခြင်း

وَقَرْنَ فِي بُيُوتِكُنَّ وَلَا تَبَرَّجْنَ تَبَرُّجَ الْجَاهِلِيَّةِ الْأُولَىٰ

'မိမိတို့၏ အိမ်များ၌ပင် တည်ငြိမ်စွာ (ထိုင်) နေကြကုန်။ ရှေးယခင် အမိုက်ခေတ်မှ လူများကဲ့သို့ မိမိတို့ကိုယ်ကို ပြသ၍ လှည့်လည်ခြင်း မပြုကြလေနှင့်။'

ဤနေရာတွင် جاهليت اولى ရှေးယခင် အမိုက်ခေတ်ဆိုသည်မှာ အစ္စလာမ်သာသနာမထွန်းကားမီ ကမ္ဘာပေါ်တွင် ကြီးစိုးခဲ့သော အမှောင်ခေတ်၊ အမိုက် ခေတ်ကို ဆိုလိုခြင်းဖြစ်သည်။ ထိုစာလုံးတွင် 'ရှေးယခင် အမိုက်ခေတ်' အပြင် အမိုက်ခေတ်နောက် တစ်ခေတ် ပေါ်ပေါက်လာမည်။ ထိုခေတ်တွင် ရှေးယခင် အမိုက်ခေတ်'မှာကဲ့သို့ အရှက်မဲ့စွာ 'ပရ်ဒဟ်'မရှိသော အခြေအနေများ ဖြစ်ပေါ်လာမည်ကို ညွှန်းဆိုပြသထားသည်။ ထိုဒုတိယအမိုက်ခေတ်သည် ယခု ကျွန်ုပ်တို့ရှေ့ရှိ မျက်မှောက်ခေတ်ပင် ဖြစ်ပေမည်။ ရှေးယခင် အမိုက်ခေတ်တွင်ကဲ့သို့သော လုပ်ရပ်များကို ယခု မျက်မှောက်ခေတ်၌ နေရာတိုင်းတွင် တွေ့မြင်နေရပြီးဖြစ်သည်။

ဤအာယသ်တော်၌ 'ပရ်ဒဟ်'နှင့်စပ်လျဉ်း၍ အဓိကအမိန့်မှာ 'အမျိုးသမီးတို့သည် အိမ်များအတွင်း ၌သာ နေကြရမည်'ဟု ဖြစ်သည်။ (ဆိုလိုသည်မှာ တရားတော်အရ လိုအပ်ချက်မရှိဘဲ အပြင်သို့ မထွက်ရဟုဖြစ်သည်။) ထိုအမိန့်နှင့် ကာဆက်တည်းမှာပင် အစ္စလာမ်၏အလျင် ရှေးယခင် အမိုက်ခေတ်မှ အမျိုးသမီးတို့သည် ပေါ်ပေါ်ထင်ထင် 'ပရ်ဒဟ်'မရှိဘဲ လှည့်လည်သွားလာခဲ့ကြသည်။ ထိုကဲ့သို့ လှည့်လည်သွားလာခြင်း မပြုကြရ'ဟုလည်း မိန့်ကြားထားသည်။ تَبَرُّجٌ ၏ မူရင်းအဓိပ္ပာယ်မှာ ပေါ်လွင်မှုဟု ဖြစ်သည်။ ဤနေရာ၌ မိမိ၏ အလှအပကို သူစိမ်းအမျိုးသားများရှေ့တွင် ပေါ်လွင်စေခြင်း၊ ပြသခြင်းကို ဆိုလိုသည်။ အခြားအာယသ်တော်တစ်ပါးတွင် غَيْرَ مُتَبَرِّجٰتٍ بِزِيْنَةٍ ဟု လာရှိသည့်အတိုင်း ဖြစ်သည်။ 'အမျိုးသမီးများအဖို့ အပြည့်အဝ 'ပရ်ဒဟ်'ပြုရမည့်အကြောင်းသည် ဤစူရာဟ်အတွင်း ရှေ့၌ လာရှိပေမည်။ ဤနေရာ၌ အထက်ဖော်ပြပါ အာယသ်တော်၏ အဖွင့်ကိုသာ ရေးသားပေမည်။ ဤအာယသ်တော်အရ 'ပရ်ဒဟ်'နှင့် စပ်လျဉ်းသော အချက်နှစ်ချက်ကို သိရှိရသည်။ ပထမအချက်မှာ အမျိုးသမီးများအတွက် အလ္လာဟ်အသျှင်မြတ်၏ အဓိကလိုလားချက်မှာ အမျိုးသမီးတို့သည် မိမိတို့၏ အိမ်များမှ အပြင်သို့ မထွက်ရန် ဖြစ်သည်။ အမျိုးသမီးများ၏ ဖန်ဆင်းမှုသည် အိမ်မှုလုပ်ငန်းများ လုပ်ဆောင်ကြရန် ဖြစ်သည်။ ထိုလုပ်ငန်း များ၌သာ လုံးပမ်းနေကြရန် ဖြစ်သည်။ ထို့ပြင် တရားတော်အရ လိုလားသည့် အဓိက 'ပရ်ဒဟ်'မှာ အမျိုးသမီးတို့သည် အိမ်များအတွင်း၌ အကာအကွယ်ပြု၍ လုံခြုံစွာ နေကြခြင်းသာဖြစ်သည်။'

ဒုတိယအချက်မှာ အကယ်၍ လိုအပ်ချက်အရ အမျိုးသမီးသည် တစ်ခါတစ်ရံ အိမ်မှ အပြင်သို့ ထွက်ရန် အကြောင်းဖြစ်ပေါ်လာသည့်အခါ အလှအပများ ပေါ်လွင်စွာဖြင့် မထွက်ရဘဲ ခန္ဓာကိုယ်တစ်ခုလုံးကို ဖုံးအုပ်စေသော 'ဇွရ်ကအ်' စသည်တို့ကို ဝတ်ဆင်လျက် ထွက်ရပေမည်။ ရှေ့၌ စူရာဟ်အဟ်ဇာဗ်၏ အာယသ်တော်တွင်

يُدْنِيْنَ عَلَيْهِنَّ مِنْ جَلَا بِيْبِهِنَّ

၌ ထိုအကြောင်း အကျယ်တဝင့် လာရှိပေမည်။

အိမ်များ၌သာ တည်ငြိမ်စွာ နေကြရမည်ဟု ဆိုရာ၌ အရေးကြီး လိုအပ်၍ အပြင်ထွက်ရသော အခြေအနေများ မပါဝင်ခြင်း

قَرْنَ فِيْ بُيُوْ تِكُنَّ

တွင် အမျိုးသမီးများအပေါ် အိမ်များ၌ တည်ငြိမ်စွာနေကြရန် 'ဝါဂျိဗ်'ပြုထားသည်။ ဆိုလိုသည်မှာ အမျိုးသမီးများအဖို့ အိမ်မှ အပြင်သို့ ထွက်ခြင်းသည် လုံးဝဥဿုံ တားမြစ်ထားသော အရာနှင့် 'ဟရာမ်'ဖြစ်သည်ဟု သိရှိရသည်။ သို့သော် ဤအာယသ်တော်အတွင်းမှာပင် وَلَا تَبَرَّجْنَ စာလုံးအားဖြင့် လိုအပ်ချက်အရ ထွက်ခြင်းတွင် တားမြစ်ချက်မရှိဘဲ အလှအပများ ပေါ်လွင်စေခြင်း၊ ထုတ်ဖော်ပြသခြင်းဖြစ်သော ထွက်ခြင်းသည်သာ တားမြစ်ချက်ရှိကြောင်းကို ညွှန်းဆိုပြသထားသည်။ ဒုတိယအချက်မှာ ရှေ့၌ လာမည့် 'စူရာဟ်အဟ်ဇာဗ်' ၏ အာယသ်တော်

يُدْنِيْنَ عَلَيْهِنَّ مِنْ جَلَا بِيْبِهِنَّ

အမျိုးသမီးများအဖို့ 'ဇွရ်ကအ်' စသော 'ပရ်ဒဟ်'များ ပါရှိသည့် စည်းကမ်းချက်ဖြင့် အိမ်မှ အပြင်သို့ ထွက်ခွင့်ရှိသော အဆင့်လည်းရှိကြောင်း ပြဋ္ဌာန်းထားသည်။

ထို့ပြင် တမန်တော်မြတ် ﷺ ကိုယ်တော်တိုင် ကြင်ယာတော်များအား မိန့်ဆိုခဲ့သော ဟဒီးစ်တော်တစ်ပါးတွင် လိုအပ်ချက်ဖြစ်သော အခြေအနေမျိုးသည် ဤအမိန့်၌ မပါဝင်ကြောင်း ပေါ်လွင်စွာ မိန့်ကြားထားသည်မှာ-

قَدْاُ ذِنَ لَكُنَّ اَنْ تَخْرُجْنَ لِحَاجَتِكُنَّ

ဆိုလိုသည်မှာ 'အသင်မတို့အဖို့ လိုအပ်ချက်ဖြစ်ပေါ်သည့်အခါ အိမ်မှ ထွက်ခွင့်ရှိသည်' ဟု ဖြစ်သည်။ တစ်ဖန် 'ပရ်ဒဟ်'၏ အမိန့်တော်များ ကျရောက်လာခဲ့ပြီးနောက် တမန်တော်မြတ် ﷺ သည် အမျိုးသမီးများအား လိုအပ်ချက်ဖြစ်သော အခြေအနေမျိုးတွင် အိမ်မှ ထွက်ခွင့်ပြုတော်မူခြင်းမှာ ဤအပေါ်၌ သက်သေဖြစ်သည်။ ဥပမာ- 'ဟဂျ်'နှင့် 'အွမ္မရာဟ်'တို့အတွက် ကိုယ်တော်မြတ် ﷺ နှင့်အတူ ကြင်ယာတော်များ

လိုက်ပါလာခြင်းသည် ဆွဟီးဟ်ဟဒီးစ်တော်များဖြင့် အတည်ဖြစ်ပေသည်။ အလားတူ သာသနာ့စစ်ပွဲများ၌ ကြင်ယာတော်များ လိုက်ပါခဲ့ကြောင်းလည်း လာရှိသည်။ ထို့ပြင် ကြင်ယာတော်များသည် မိမိတို့၏ မိဘများနှင့် တွေ့ဆုံရန် မိမိတို့အိမ်များမှ ထွက်ကြကြောင်းလည်း ဆင့်ပြန်ချက်များစွာတို့ဖြင့် သိရှိရသည်။ မိတ်ဆွေများထံ လူမမာမေးခြင်းနှင့် 'သအ်ဇီယသ်' (ကွယ်လွန်သူအတွက် ကျန်ရစ်သူမိသားစုထံ နှစ်သိမ့်စကား ပြောဆိုရန် သွားခြင်း) စသည်တို့၌ ပါဝင်ခဲ့ကြသည်။ တမန်တော်မြတ် ﷺ ၏ ခေတ်သမယတွင် အမျိုးသမီးများ ဗလီသို့ သွားခွင့်ရှိခဲ့ကြသည်။

ထို့ပြင် တမန်တော်မြတ် ﷺ နှင့် အတူတကွ (သို့) တမန်တော်မြတ် ﷺ ၏ ခေတ်သမယ၌သာ ဤသို့ ဖြစ်ခဲ့ခြင်းမဟုတ်ပေ။ တမန်တော်မြတ် ﷺ 'ဝဖားသ်'ဖြစ်တော်မူပြီးနောက်တွင်လည်း ဟဇရသ်စောင်ဒဟ် رضي الله عنها သခင်မနှင့် ဟဇရသ်ဇိုင်နပ်ဗင်န်သေဂျဟ်ရှ် رضي الله عنها သခင်မတို့မှအပ ကြင်ယာတော်အားလုံးသည် 'ဟဂ်ျ'နှင့် 'အွမ္ဗရာဟ်'အတွက် သွားခဲ့ကြကြောင်း လာရှိထားသည်။ ထိုသို့ သွားခြင်းအပေါ် မည်သည့် ဆွဟာဗဟ်ကမျှ တားမြစ်ခြင်း မပြုခဲ့ကြပေ။ ထို့မျှမက ဟဇရသ်အုမရ် رضي الله عنه သည် မိမိ၏ 'ခိလာဖသ်' သက်တမ်းတွင် ကြင်ယာတော်တို့အား မိမိ၏ အစီအစဉ်ဖြင့် 'ဟဂ်ျ'ပြုရန် စေလွှတ်ခဲ့သည်။ ဟဇရသ်အွတ်စ်မာန် رضي الله عنه နှင့် အဗ်ဒုရ်ရဟ်မာန်းဗင်န်အောင်ဖ် رضي الله عنه တို့ကို ကြင်ယာတော်တို့အား စောင့်ရှောက်ရန်နှင့် အစီအမံများ ပြုလုပ်ပေးရန် စေလွှတ်ခဲ့သည်။

အွန်းမွလ်မုအ်မိနီးန် ဟဇရသ်စောင်ဒဟ် رضي الله عنها သခင်မနှင့် ဟဇရသ်ဇိုင်နပ်ဗင်န်သေ့ဂျဟ်ရှ် رضي الله عنها သခင်မတို့သည် တမန်တော်မြတ် ﷺ 'ဝဖားသ်'ဖြစ်တော်မူပြီးနောက် 'ဟဂ်ျ'နှင့် 'အွမ္ဗရဟ်'ပြုရန် မသွားခြင်းသည် ဤအာယသ်တော်အပေါ် အခြေခံ၍မဟုတ်ဘဲ ဟဒီးစ်တော်တစ်ပါးကြောင့် ဖြစ်သည်။ ထိုဟဒီးစ်တော်မှာ 'ဟဂ်ျဂျသွလ်ဝိဒါအ်' (နောက်ဆုံးဟဂ်ျ) ၌ တမန်တော်မြတ် ﷺ သည် ကြင်ယာတော်များအား မိမိကိုယ်တော်တိုင် 'ဟဂ်ျ'ပြုစေတော်မူခဲ့သည်။ 'ဟဂ်ျ'မှ ပြန်သည့်အခါ

هٰذِهٖ ثُمَّ لُزُوْمُ الْحُصُرِ

ဟု မိန့်ကြားတော်မူခဲ့သည်။

هٰذِهٖ သည် 'ဤ' 'ဟဂ်ျ'ပြုခြင်း' ကို ညွှန်းဆိုသည်။ حُصُر သည် حَصِيْر ၏ အများကိန်းဖြစ်သည်။ အဓိပ္ပာယ်မှာ ဖျာ၊ အိပ်ယာအခင်းဟု ဖြစ်သည်။ ဟဒီးစ်တော်၏ အလိုသဘောမှာ 'အသင်မတို့၏ ထွက်ခြင်းသည် ဤ 'ဟဂ်ျ'အတွက် ပြီးဆုံးခဲ့ပြီး ဤ 'ဟဂ်ျ'၏ နောက်တွင် မိမိတို့အိမ်များမှ အိပ်ယာခင်းများကိုသာ စွဲမြဲစွာ ကိုင်ကြလေကုန်။ အိမ်များမှ ထွက်ခြင်းမပြုကြကုန်လင့်' ဟု ဖြစ်သည်။ ဟဇရသ်စောင်ဒဟ်ဗင်န်သေဇမ်အဟ် رضي الله عنها သခင်မနှင့် ဟဇရသ်ဇိုင်နပ်ဗင်န်သေ့ဂျဟ်ရှ် رضي الله عنها သခင်မ တို့သည် ဤဟဒီးစ်တော်၏ အလိုသဘောကို 'အသင်မတို့၏ ထွက်ခြင်းသည် ဤ 'ဟဂ်ျဂျသွလ်ဝိဒါအ်' (နောက်ဆုံးဟဂ်ျ) အတွက်သာ ပိုင်ပေသည်။ ရှေ့တွင် မပိုင်ပေ'ဟူ၍ သတ်မှတ်ခဲ့ကြသည်။ ဟဇရသ်အာအေရှဟ် رضي الله عنها သခင်မကဲ့သို့သော 'ဖကီဟဟ်'လည်း ပါဝင်သည့် ကြင်ယာတော်အားလုံးတို့ကမူ 'ဤခရီးစဉ်သည် 'ရှရီအသ်'တရားတော်

အရ 'အိဗာဒသ်'တစ်ခုကို ထမ်းဆောင်ရန် ထွက်ခြင်းဖြစ်သကဲ့သို့ အလားတူ ခရီးထွက်ခြင်းများလည်း ပိုင်ပေသည်။ ထိုသို့မဟုတ်ပါက မိမိတို့အိမ်များ၌ပင် နေထိုင်ကြရန် အရေးကြီးသည်'ဟူသော အလိုသဘောကို သတ်မှတ်ခဲ့ကြသည်။

အချုပ်ဆိုရသော် وَقَرْنَ فِى بُيُوتِكُنَّ ၏အလိုသဘောမှာ 'ကုရ်အာန်၏ ညွှန်းဆိုချက်သည်လည်းကောင်း၊ နဗီကိုယ်တော်မြတ် ﷺ ၏ ကျင့်စဉ်သည်လည်းကောင်း၊ ဆွဟာဗာတို့၏ တစ်ညီတစ်ညွှတ်တည်း ဆုံးဖြတ်ချက်မှာ လိုအပ်ချက်အခြေအနေများသည်လည်းကောင်း အမိန့်၌ မပါ'ဟု ကန့်သတ်ဖယ်ထုတ်ထားပေသည်။ ထိုကန့်သတ်ဖယ်ထုတ်၍ မပါသည့် 'အေဗာဒသ်'များတွင် 'ဟဂ်ျ'နှင့် 'အွမ္မရာဟ်'လည်း ပါဝင်သည်။ ထို့ပြင် သဘာဝအလျောက် လိုအပ်ချက်ဖြစ်သော မိဘများ၊ ဆွေမျိုးများနှင့် တွေ့ဆုံရန်လည်းကောင်း၊ မကျန်းမာသူအား မေးမြန်းရန်လည်းကောင်း စသော ကိစ္စများလည်း ပါဝင်သည်။ အလားတူ အကယ်၍ စားဝတ်နေရေးအတွက် မည်သည့်အားကိုးရာမှ မရှိသည့်အခါမျိုးတွင် 'ပရ်ဒဟ်'နှင့်တကွ အလုပ်လုပ်ရန် ထွက်ခြင်းလည်း ပါဝင်သည်။ သို့ရာတွင် လိုအပ်ချက်ဖြစ်သော အချိန်၌ ထွက်ခြင်းတွင်လည်း အလှအပများကို မထုတ်ဖော်ဘဲ ထွက်ရန်မှာ စည်းကမ်းသတ်မှတ်ချက်ဖြစ်သည်။ ထို့ပြင် 'ဗွရ်ကာအ်'ဝတ်ရုံခြုံထည် စသော လုံခြုံစေမည့် အရာများ ဝတ်ဆင်၍ ထွက်ရပေမည်။

ဟဇရသ်အာအေရှာ် ﵂ သခင်မ၏ 'ဗဆွရဟ်'ခရီးစဉ်နှင့် 'ဂျမလ်'စစ်ပွဲ၏ ဖြစ်ရပ်များအပေါ် 'ရဝါဖိဇ်'တို့၏ သပုတ်လေလွင့်စကားများ

وَقَرْنَ فِى بُيُوتِكُنَّ

၏ အစိပ္ပာယ်အလိုသဘောကို ကုရ်အာန်ကျမ်းတော်မြတ်ကိုယ်တိုင်၏ ညွှန်းဆိုချက်များဖြင့်သာမက အတိအလင်း မိန့်ကြားချက်များအရလည်းကောင်း၊ အလားတူ နဗီကိုယ်တော်မြတ် ﷺ ၏ လက်တွေ့ကျင့်စဉ်များအရလည်းကောင်း၊ နဗီကိုယ်တော်မြတ် ﷺ ၏ နောက်ပိုင်းတွင် ဆွဟာဗာသခင်တို့၏ 'အေဂျ်မာအ်' (စုပေါင်းဆုံးဖြတ်ချက်) များအရလည်းကောင်း၊ 'ဟဂ်ျ'နှင့် 'အွမ္မရဟ်'အစရှိသော သာသနာကိစ္စရပ်များသည် လိုအပ်ချက်ဖြစ်သော အခြေအနေမျိုးသည် ထိုအမိန့်၌ မပါဝင်ကြောင်း အထက်တွင် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်သည်။

ဟဇရသ်အာအေရှာ် ﵂ သခင်မနှင့်အတူ ဟဇရသ်အွမ်းမေ့စလမဟ် ﵂ သခင်မနှင့် ဟဇရသ်ဆွဖီယဟ် ﵂ သခင်မတို့သည် 'ဟဂ်ျ'ခရီးသို့ ထွက်ခွာသွားခဲ့ကြသည်။ မက္ကာဟ်သို့ ရောက်ပြီးသည့်အခါ ဟဇရသ်အွတ်စ်မားန်ဂနီ ﵁ 'ရှဟီးဒ်'ဖြစ်ခြင်းနှင့် ပုန်ကန်ခြားနားမှုများအကြောင်း ကြားသိရပြီး လွန်စွာစိတ်သောကရောက်ခဲ့ကြရသည်။

မွတ်စ္စလင်မ်များအချင်းချင်း ကွဲလွဲမှုများနှင့် မွတ်စ္စလင်မ်တို့၏ စီမံအုပ်ချုပ်မှုများတွင် အနှောင့်အယှက်နှင့် ပြဿနာများကြောင့် စိုးရိမ်ကြောင့်ကြမှုများ ဖြစ်နေကြရသည်။ ထိုအခြေအနေတွင် ဟဇရသ်သွလ်ဟဟ်

ؓ ၊ ဟဇရသ်ဇုဗိုင်ရ် ؓ ၊ မာဇရသ်နူးအ်မာန်ဗင်န်ဇရီးရ် ؓ ၊ ကအ်ဗ်ဗင်န်အဂျ်ရဟ် ؓ နှင့် ဆွဟာဗာ အချို့တို့သည် မဒီနာမြို့မှ မက္ကာဟ်မြို့သို့ ထွက်ပြေးတိမ်းရှောင် ရောက်ရှိလာခဲ့ကြသည်။ အကြောင်းမှာ ဟဇရသ်အွတ်စ်မာန်းဂနီ ؓ အား သတ်ဖြတ်သူများသည် ၎င်းတို့အားလည်း သတ်ဖြတ်ရန် လိုက်လံရှာဖွေ နေကြသောကြောင့် ဖြစ်သည်။ ဤပုဂ္ဂိုလ်တို့သည် သောင်းကျန်းသူများ၌ ပါဝင်ခဲ့သူများ မဟုတ်ကြသည့် အပြင် သောင်းကျန်းသူများအား ထိုလုပ်ရပ်မှ တားမြစ်ခဲ့သူများ ဖြစ်သည်။ ဟဇရသ်အွတ်စ်မာန်း ؓ အား သတ်ဖြတ်ပြီးနောက် ၎င်းတို့ကိုလည်း သတ်ဖြတ်ရန် လိုက်နေသည့်အတွက် ဤပုဂ္ဂိုလ်တို့သည် အသက်ကို ကယ်၍ မက္ကာဟ်မြို့သို့ ရောက်ရှိခဲ့ကြခြင်း ဖြစ်သည်။ ထို့နောက် အွန်းမွလ်မုအ်မိနီးန် ဟဇရသ်အာအေရှဟ် ؓ ထံတွင် ဝင်ရောက်၍ 'မရှ်ဝရဟ်'အကြံဉာဏ်များ တောင်းခံကြလေသည်။ ဟဇရသ်အာအေရှဟ် ؓ သခင်မက ၎င်းတို့အား 'ပုန်ကန်သောင်းကျန်းသူများသည် 'ဟဇရသ်အလီ ؓ ၏ အပါးတော်၌ ဝန်းရံ လျက် ရှိနေသမျှ အသင်တို့သည် မဒီနာမြို့သို့ မသွားကြလေနှင့်။ ထို့ပြင် ဟဇရသ်အလီ ؓ သည် ၎င်းတို့ အား 'ကိဆွားဆ်' (အသေစားသေစေရန် ပြစ်ဒဏ်ပေးခြင်း) ပြုလုပ်လိုက်လျှင် ပြဿနာ ပိုမိုကြီးထွားလာ မည်ကို စိုးရိမ်ရသောကြောင့် ဆိုင်းငံ့ထားခြင်းဖြစ်သည်။ ထို့ကြောင့် အသင်တို့သည် 'အမီးရွလ်မုအ်မိနီးန်' (မုအ်မင်န်တို့၏ ခေါင်းဆောင်) အနေဖြင့် အုပ်ချုပ်ရေးအစီအမံများကို ထိန်းချုပ်နိုင်မှု မရှိမချင်း မိမိတို့ အတွက် လုံခြုံစိတ်ချရမည်ဟု ယူဆရသည့် နေရာတွင် သွား၍ နေကြပါကုန်။ ထို့နောက် သောင်းကျန်း သူများ 'အမီရွလ်မုအ်မိနီးန်'၏ အနီးဝန်းကျင်မှ အုပ်စုကွဲသွားကြပြီး 'အမီရွလ်မုအ်မိနီးန်'သည် ၎င်းတို့ အား 'ကိဆွားဆ်' (အသေစားသေစေသော) စီရင်ချက်ချမှတ်ခြင်း (သို့) ကလဲ့စားချေခြင်းများ ပြုလုပ်နိုင် ရန် အသင်တို့ ပြုလုပ်နိုင်သမျှကို ပြုလုပ်ကြိုးစားကြပါကုန်'ဟု 'မရှ်ဝရဟ်' အကြံဉာဏ်ပေးလေသည်။

ဤပုဂ္ဂိုလ်တို့သည် ထို 'မရှ်ဝရဟ်'အကြံဉာဏ်ကို သဘောတူကြလေသည်။ ထို့နောက် 'ဗဆွရဟ်' သို့ သွားရန် ရည်ရွယ်လိုက်ကြသည်။ အကြောင်းမှာ ထိုအချိန်က 'ဗဆွရဟ်'တွင် မွတ်စ္စလင်မ်တို့၏ စစ်တပ်များ စုရုံးလျက် ရှိသောကြောင့် ဖြစ်သည်။ ထိုပုဂ္ဂိုလ်တို့သည် 'ဗဆွရဟ်'သို့ ခရီးထွက်ရန် ရည်ရွယ် ပြီးသောအခါ အွန်းမွလ်မုအ်မိနီးန် ؓ ကိုလည်း 'အုပ်ချုပ်ရေးအစီအမံများ တည်ငြိမ်အေးချမ်းသည့် အချိန် အထိ သခင်မသည်လည်း ကျွန်ုပ်တို့နှင့်အတူ 'ဗဆွရဟ်'၌ နေပေးပါ'ဟူ၍ တောင်းဆိုကြသည်။

ထိုအချိန်ကာလသည် အွတ်စ်မာန် ؓ သခင်အား သတ်ဖြတ်သူများနှင့် သောင်းကျန်းသူတို့၏ အင်အား၊ အရှိန်အဝါကြီးထွားမှုနှင့် ဟဇရသ်အလီ ؓ သည် ၎င်းတို့အား တရားတော်အရ စီရင်ချက် ချမှတ်ရန် အင်အားမရှိသေးသည့်အကြောင်းတို့ကို 'နဟ်ဂျွလ်ဗလာဂဟ်'ကျမ်းပါ တင်ပြချက်မှ ထင်ရှားစွာ သိရှိရသည်။ ၎င်း'နဟ်ဂျွလ်ဗလာဂဟ်'ကျမ်းသည် ရှီအဟ်တို့က အခိုင်အမာကျမ်းဟု မှတ်ယူသည့်ကျမ်း ဖြစ်သည်။ 'နဟ်ဂျွလ်ဗလာဂဟ်' ကျမ်းတွင် လာရှိသည်မှာ 'ဟဇရသ်အမီရွလ်မုအ်မိနီးန်'အား ၎င်း၏ ဘက်တော်သားများနှင့် မိတ်ဆွေများကိုယ်တိုင်က 'အကယ်၍ အသင်သည် ဟဇရသ် အွတ်စ်မာန်း ؓ သခင်အား သတ်ဖြတ်သူများအပေါ် အပြစ်ဒဏ်ပေးလိုက်မည်ဆိုလျှင် အကောင်းဆုံးဖြစ်ပေမည်' ဟု ပြောရာ

ထိုစကားအပေါ် 'အမီရွလ်မုအ်မိနီန်း' ဟဇရသ်အလီ ﵁ က 'အို၊ ကျွန်ုပ်၏ နောင်တော်၊ အသင်ပြောဆိုသည့် စကားများကို ကျွန်ုပ်မသိ၍ မဟုတ်ပါ။ သို့သော် ဤအလုပ်သည် မည်ကဲ့သို့ ဖြစ်နိုင်ပါမည်နည်း။ အဘယ်ကြောင့်ဆိုသော် မဒီနာတွင် ၎င်းတို့သည်သာ ကြီးစိုးလျက်ရှိကြပြီး အသင်တို့၏ ကျေးကျွန်များ နှင့် အနီးဝန်းကျင်ရှိ 'အအ်ရာဗီ'ကျေးတောသားများသည်ပင် ၎င်းတို့နှင့် ဆက်သွယ်မှုများ ရှိသွားကြသော ကြောင့် ဖြစ်သည်။ ဤအခြေအနေမျိုးတွင် ၎င်းတို့အား အပြစ်ဒဏ် အမိန့်ချမှတ်ခဲ့ပါလျှင်လည်း မည်သို့ စီရင်နိုင်ပါမည်နည်း'ဟု ပြောဆိုခဲ့ကြောင်း လာရှိပေသည်။

ဟဇရသ်စွိဒ်ဒီကဟ်အာအေရှာဟ် ﵂ သခင်မသည် တစ်ဆက်တည်းတွင် ဟဇရသ်အလီ ﵁ ၏ ဘေးကြပ်နံကြပ် အခက်အခဲကိုလည်း ခန့်မှန်းသိရှိသည်။ အခြားတစ်ဖက်တွင် ဟဇရသ်ဥသ်မာန်ဂနီ ﵁ 'ရှဟီးဒ်'ပြုခံရခြင်းကြောင့် မွတ်စ္စလင်မ်တို့၏ စိတ်တွင် အနာတရဖြစ်သွားရသည်ကိုလည်း သိရှိသည်။ ထို့ပြင် လူသတ်သမားများအား လက်စားချေရန် ဟဇရသ်အလီ ﵁ ၏ အခက်အခဲများကိုလည်း တွေ့မြင်နေရသည်။ ပို၍ ဆိုးသည်မှာ အမီရွလ်မုအ်မိနီန် ဟဇရသ်အလီ ﵁ ၏ အပါးတွင် ဟဇရသ်ဥသ်မာန်ဂနီ ﵁ အား သတ်ဖြတ်သူများလည်း ရောနှောပါဝင်နေကြခြင်းပင်ဖြစ်သည်။ ဟဇရသ်အလီ ﵁ ၏ အကြပ်အတည်းကို မသိနားမလည်ကြသူများသည် ထိုအရေးကိစ္စတွင် အမီရွလ်မုအ်မိနီန် ဟဇရသ်အလီ ﵁ အပေါ် အပြစ်တင်ဝေဖန်၊ စောဒကများတက်ကြသည်။ ဤအပြစ်တင်ဝေဖန်၊ စောဒကတက်မှုများသည် အခြားသော ပြဿနာရှုပ်ထွေးမှုများ၏ အစပျိုးခြင်းလည်း ဖြစ်သွားနိုင်သည်။ ထို့ကြောင့် ဟဇရသ် အာအေရှာဟ် ﵂ သခင်မသည် လူတို့အား နားလည်အောင် ရှင်းပြလျက် သည်းခံကြရန်လည်းကောင်း၊ ထို့ပြင် အမီရွလ်မုအ်မိနီန် ဟဇရသ်အလီ ﵁ အဖို့ အင်အားရရှိစေပြီး အုပ်ချုပ်ရေးအစီအမံများကို အခိုင်အမာ ပြုလုပ်နိုင်စေရန် လည်းကောင်း၊ အချင်းချင်းအပြစ်တင်ဝေဖန်မှု၊ စောဒကတက်မှုများကို နှိမ်နင်း၍ လူတို့အချင်းချင်း ပြေငြိမ်း မှုများ ရရှိစေရန်လည်းကောင်း ရည်ရွယ်၍ 'ဗဆွရဟ်'သို့ ခရီးထွက်ခဲ့သည်။ ထိုခရီးတွင် သခင်မ၏ တူအရင်း ဖြစ်သူ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်ဇုဗိုင်ရ် ﵁ စသည်တို့သည် ခရီးဖော်အဖြစ် လိုက်ပါလာခဲ့ကြသည်။ မိမိ ၏ ဤခရီးစဉ်၏ ရည်ရွယ်ချက်ကို အွန်းမွလ်မုအ်မိနီန် ﵂ သခင်မသည် ဟဇရသ်ကအ်ကာအ် ﵁ ၏ ရှေ့မှောက်၌ တင်ပြခဲ့သည်။ ထိုအကြောင်း ရှေ့၌ တင်ပြပေမည်။

ဤကဲ့သို့သော ပြင်းထန်သည့် ပြဿနာအရှုပ်အထွေးများ ဖြစ်ပေါ်နေချိန်တွင် မုအ်မင်န်များအကြား ညှိနှိုင်း၍ ရင်ကြားစေ့ပေးမည့် လုပ်ရပ်သည် မည်မျှ အရေးပါသည့် သာသနာ့ကြီးပမ်းမှုဖြစ်သည့်အကြောင်း လည်း အထင်အရှားဖြစ်သည်။ ထိုသို့ ပြုလုပ်ရန်အတွက် အွန်းမွလ်မုအ်မိနီန် ဟဇရသ်အာအေရှာဟ် ﵂ သခင်မသည် 'ဗဆွရဟ်'ခရီးစဉ်တွင် မိမိ၏ 'မဟ်ရမ်' တူအရင်းတို့နှင့်အတူ ကုလားအုတ်၏ စီးတော်အိမ် အတွင်း၌ စီးနင်းခဲ့သည်ကိုပင် ရှီအဟ်နှင့် ရာဖိဇီတို့က အွန်းမွလ်မုအ်မိနီန် ﵂ သည် ကုရ်အာန်၏ အမိန့် ကို ဆန့်ကျင်ခဲ့သည်။ ၎င်းမှာ မည်သို့ ပြုပိုင်သော ကိစ္စဖြစ်နိုင်ပါသနည်း'ဟူ၍ စွပ်စွဲချက်မှန်တိုင်းများကို တင်ပြခဲ့ကြသည်။ ရှေ့၌ မုနာဖစ်ကီများနှင့် သောင်းကျန်းသူ အဖျက်သမားတို့၏ ဆိုးသွမ်းမှုများသည်

အချင်းချင်း စစ်ပွဲအသွင်သို့ ပေါ်ပေါက်စေခဲ့သည်။ ထိုသို့ ဖြစ်ပေါ်လိမ့်မည်ဟူ၍ ဟဇရသ်အာအေရှာဟ် ﷺ ၏ အတွေးတွင် မထင်မိခဲ့ပေ။

ဤအာယသ်တော်၏ သဖ်စီးရ်အဖွင့်အတွက် ဤမျှဖြင့် လုံလောက်ပေသည်။ ရှေ့တွင် 'ဂျမလ်' စစ်ပွဲ၏ ဖြစ်ရပ်အကျယ်တဝင့်မဟုတ်သော်လည်း အကျဉ်းချုံး၍ အဖြစ်မှန်ကို ရှင်းလင်းရန်အတွက် စာကြောင်းရေ အနည်းငယ် ရေးသားတင်ပြအပ်ပါသည်။

အချင်းချင်း ကွဲလွဲမှု၊ ပြဿနာအရှုပ်အထွေးများ ပေါ်ပေါက်လာသည့် အခါမျိုး၌ ကြုံတွေ့ရသော အခြေအနေဆိုး များကို ကမ္ဘာလောကတွင် ဖြစ်ပျက်သမျှတို့အား မည်သည့် ရှုမြင်သုံးသပ်နိုင်စွမ်းရှိသော အသိပညာရှင်၊ အတွေ့အကြုံ ရင့်ကျက်သူမျှ ဤဖြစ်ပျက်ခြင်းများကို မေ့လျော့နိုင်ကြမည် မဟုတ်ပါ။ ဤနေရာ၌လည်း ဖြစ်ပေါ်လာသည်မှာ မဒီနာမြို့မှ ရောက်ရှိလာသည့် ဆွဟာဗာများနှင့်အတူ ဟဇရသ်အာအေရှာဟ် ﷺ သခင်မသည် 'ဗဆွရဟ်'သို့ ခရီးထွက်ခဲ့သည်ဖြစ်ရာ ထိုခရီးစဉ်ကို မုနာဖစ်က်များနှင့် အဖျက်သမားတို့သည် ဟဇရသ်အလီ ﷺ ၏ ရှေ့မှောက်သို့ ဖြစ်ရပ်သဏ္ဍာန်ကို ပြောင်းလဲပြီး တင်ပြကြသည်မှာ 'ငှင်းတို့အားလုံးသည် 'ဗဆွရဟ်'မှ စစ်တပ်များကို ခေါ်ဆောင်၍ အသင့်အား ရင်ဆိုင်တိုက်ခိုက်ရန် 'ဗဆွရဟ်'သို့ သွားကြခြင်းဖြစ်သည်။ အကယ်၍ အသင်သည် လက်ရှိ 'အမီရွလ်မုအ်မိနီးန်' ဖြစ်သည်ဆိုလျှင် ဤပြဿနာရှေ့သို့ မတိုးမီ 'ဗဆွရဟ်'သို့ သွား၍ တားမြစ်ပါ'ဟူ၍ တင်ပြတောင်းဆိုကြသည်။ ဟဇရသ်ဟစန်ဗ်နုစိုင်န်၊ အဗ်ဒုလ္လာဟ်ဗင်န်ဂျအ်ဖရ်၊ အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗားစ် ﷺ သခင်တို့ကဲ့သို့သော ထိပ်ထိပ်ကြဲ ဆွဟာဗာတို့သည် ဤအကြံအစည်ကို ဆန့်ကျင်ခဲ့ကြသည်။ ထို့ပြင် 'အသင်သည် အဖြစ်မှန်ကို ရှင်းလင်းစွာ မသိရသေးသမျှ ၄င်းတို့နှင့် ရင်ဆိုင်စစ်ထိုးခြင်း မပြုပါနှင့်'ဟု အကြံဉာဏ်များ ပေးကြသည်။ သို့ရာတွင် အခြားတစ်ဖက်မှ အကြံပြုတင်ပြသူများ၏ အရေအတွက် များပြားခြင်းကြောင့် ဟဇရသ်အလီ ﷺ သည် ၄င်းတို့ဘက်သို့ ယိမ်းယိုင်ယုံကြည်လျက် စစ်တပ်နှင့်အတူ ထွက်ခွာလာခဲ့သည်။ ထိုသောင်းကျန်းသူ အဖျက်သမားများသည်လည်း ဟဇရသ်အလီ ﷺ နှင့်အတူ လိုက်ပါလာခဲ့ကြသည်။

၄င်းတို့သည် 'ဗဆွရဟ်'အနီးသို့ ရောက်သောအခါ ဟဇရသ်ကအ်ကာအ် ﷺ အား 'အွန်းမ္မွလ်မုအ်မိနီးန်' ဟဇရသ်အာအေရှာဟ် ﷺ သခင်မထံသို့ အခြေအနေကို မေးမြန်းစုံစမ်းရန် စေလွှတ်လိုက်သည်။ ဟဇရသ်ကအ်ကာအ် ﷺ က 'အို၊ မုအ်မင်န်တို့၏ မိခင်ကြီး၊ ဤနေရာသို့ မည်သည့်အကြောင်းဖြင့် ရောက်ရှိလာရပါသနည်း'ဟု လျှောက်ထားမေးမြန်းရာ သခင်မက

اَىْ بُنَىَّ الْاِصْلَاحُ بَيْنَ النَّاسِ

'အို၊ ချစ်သား၊ ငါသည် လူတို့အတွင်း ရင်ကြားစေ့ ညှိနှိုင်းပေးရန် ရည်ရွယ်ချက်ဖြင့် ဤနေရာသို့ ရောက်ရှိလာခြင်းဖြစ်သည်'ဟု ဖြေကြားလေသည်။ ထို့နောက် ဟဇရသ်ဍွလ်ဟဟ် ﷺ နှင့် ဟဇရသ်ဇုဗိုင်ရ် ﷺ တို့ကိုလည်း ဟဇရသ်ကအ်ကာအ် ﷺ ၏ ထိုင်ဝိုင်းသို့ ဆင့်ခေါ်လိုက်သည်။ ဟဇရသ်ကအ်ကာအ် ﷺ က ၄င်းတို့အား 'အသင်တို့သည် မည်သည့်အရာကို လိုလားကြပါသနည်း'ဟု မေးရာ ၄င်းတို့နှစ်ဦး

က 'ကျွန်ုပ်တို့သည် ဟဇရတ်အွတ်စ်မာန်း رضي الله عنه သခင်အား သတ်ဖြတ်သူများကို တရားတော်အရ အပြစ်ဒဏ် ချမှတ်ခြင်းမှအပ အခြားမည်သည့်အရာကိုမျှ လိုလားခြင်းမရှိပါ'ဟု ဖြေကြားကြသည်။ ဟဇရတ်ကာအ်ကာအ် رضي الله عنه က 'ဤအလုပ်သည် မွတ်စ္စလင်မ်လူထုအတွက် ခိုင်မာသော အုပ်ချုပ်ရေးအစီအမံများ မဖြစ်သေးသမျှ ကာလပတ်လုံး ပြုလုပ်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် အသင်တို့သည် ယခုအချိန်တွင် ပြေငြိမ်းရာလမ်းကြောင်း ကိုသာ ရွေးချယ်ကြပါ'ဟု ရှင်းပြလေသည်။

ထိုပုဂ္ဂိုလ်တို့သည် ၎င်း၏ ရှင်းပြချက်ကို လက်ခံခဲ့ကြသည်။ ဟဇရတ်ကာအ်ကာအ် رضي الله عنه သည် ဟဇရတ်အလီ رضي الله عنه ထံသို့ သွားရောက်၍ ဖြစ်ကြောင်းကုန်စင် တင်ပြလေသည်။ ဟဇရတ်အလီ رضي الله عنه သည် လည်း အလွန်ပင် ပျော်ရွှင်သွားလေသည်။ စိတ်လည်း အေးချမ်းသွားခဲ့ရသည်။ ထို့နောက် လူအားလုံးသည် အပြန်ခရီးအတွက် ရည်ရွယ်ကြတော့သည်။ အုပ်စုနှစ်စုစလုံးတွင် ငြိမ်းချမ်းရေး၏ ကြေညာချက် ဖြစ်တော့ မည့်အကြောင်းနှင့် စပ်လျဉ်း၍ မည်သူမျှ သံသယမရှိဘဲ ဤကွင်းပြင်၌ (၃) ရက်တိုင် စခန်းချနေခဲ့ကြသည်။ စတုတ္ထမြောက်နေ့ နံနက်တွင် ငြိမ်းချမ်းရေးကြေညာချက်ကို ထုတ်ပြန်မည် ဖြစ်သည်။ 'အမီရွလ်မုအ်မိနီးန်' ဟဇရတ်အလီ رضي الله عنه ထံသို့ ဟဇရတ်သွလ်ဟာဟ် رضي الله عنه နှင့် ဟဇရတ်ဇုဗိုင်ရ် رضي الله عنه သည် တွေ့ဆုံရန် ရောက်လာ ကြမည်ဖြစ်သည်။ ဤတွေ့ဆုံပွဲတွင် ဟဇရတ်အွတ်စ်မာန်း رضي الله عنه အား သတ်ဖြတ်သူများ ပါဝင်ရမည်မဟုတ်ပေ။ ဤအချက်သည် ၎င်းတို့အား ဒေါသအမျက်ချောင်းချောင်း ထွက်စေခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့ သည် မိမိတို့၏ အုပ်စုကို 'အသင်တို့သည် ဦးစွာပထမ ဟဇရတ်အာအေရှာဟ် رضي الله عنه သခင်မ၏ အုပ်စုကို သွားရောက်တိုက်ခိုက်ပါ။ သို့မှသာ ဟဇရတ်အာအေရှာဟ် رضي الله عنه သခင်မနှင့် ၎င်း၏ အုပ်စုဝင်တို့က ဟဇရတ် အလီ رضي الله عنه ဘက်မှ ကတိသစ္စာ ချိုးဖောက်လိုက်ပြီဟု ယူဆကြပေလိမ့်မည်။ ထိုအခါ ၎င်းတို့သည် ဤသို့ အထင်မှား အမြင်မှားခြင်း၏ သားကောင်ဖြစ်ပြီး ဟဇရတ်အလီ رضي الله عنه ၏ စစ်တပ်ကို ပြန်လည်တိုက်ခိုက် ကြမည်။ ၎င်းတို့၏ ထိုအစီအမံသည် အမှန်တကယ်ပင် အောင်မြင်သွားသည်။ ဟဇရတ်အလီ رضي الله عنه ၏ စစ်တပ်၌ ပါဝင်ခဲ့ကြသော အဖျက်သမားများဘက်မှ ဟဇရတ်အာအေရှာဟ် رضي الله عنه သခင်မတို့အား တိုက်ခိုက် ခဲ့ကြရာ ဟဇရတ်အာအေရှာဟ် رضي الله عنه သခင်မကြီးအနေဖြင့် ဤတိုက်ခိုက်မှုသည် ဟဇရတ်အလီ رضي الله عنه ၏ စစ်တပ် မှ တိုက်ခိုက်ခြင်းဖြစ်သည်ဟု လွဲမှားစွာ နားလည်၍ ပြန်လည်တိုက်ခိုက်လေတော့သည်။ ထိုကဲ့သို့ လွဲမှားစွာ နားလည်ခြင်းအတွက် ဟဇရတ်အာအေရှာဟ် رضي الله عنه သခင်မအပေါ် အပြစ်မဖို့အပ်ပေ။ ၎င်းတို့၏ လှည့်ကွက်ကို မသိထား၍ ဖြစ်သည်။ ဟဇရတ်အလီ رضي الله عنه သည်လည်း ဤအချင်းအရာကို တွေ့မြင်ပြီး တိုက်ခိုက်ခြင်းမှ အပ အခြားလမ်းကြောင်း မရှိလေတော့ပြီ။ အချင်းချင်း တိုက်ခိုက်သတ်ဖြတ်ခြင်းတို့မှာ အမှန်တကယ် ဖြစ်ပေါ်ခဲ့လေပြီ။

إِنَّا لِلّٰهِ وَإِنَّا إِلَيْهِ رٰجِعُوْنَ

ဤဖြစ်ရပ်အတိအကျကို သွဗ်ရီ (ရဟ) နှင့် အခြားသော တိကျခိုင်မာသည့် သမိုင်းပညာရှင်တို့က ဤ အတိုင်းပင် 'ဟဇရတ်ဟစန်၊ ဟဇရတ်အဗ်ဒွလ္လာဟ်ဗင်န်ဂျအ်ဖရ်နှင့် အဗ်ဒွလ္လာဟ်ဗင်န်အဗ္ဗားစ် رضي الله عنه စသည့် ပုဂ္ဂိုလ်များထံမှ ဆင့်ပြန်ခဲ့သည်။ *[ရူဟွလ်မအာနီကျမ်း]*

နောက်ဆုံးတွင် တရားခံများနှင့် အဖျက်သမားတို့၏ ဆိုးသွမ်းမှုနှင့် ထိုးနှက်ချက်တို့၏ ရလဒ်သည် မွန်မြတ်လှစွာသော အုပ်စုနှစ်စုအကြား အကြောင်းအကျိုးမသိရဘဲ တိုက်ခိုက်မှုများ ပေါ်ပေါက်ခဲ့ရသည်။ ပြဿနာများ ပြီးဆုံးသွားချိန်တွင် နှစ်ဖက်စလုံးမှ ပုဂ္ဂိုလ်များသည် ထိုဖြစ်ရပ်အပေါ် လွန်စွာ ယူကျုံးမရ ဖြစ်ကြရသည်။ ဟဇရသ်အာအေရှာဟ် ﷺ သည် ဤဖြစ်ရပ်ကို သတိရလေတိုင်း မျက်ရည်များဖြင့် ခြုံထည် ပုဝါ ရွဲရွဲစိုသွားသည်အထိ ငိုကြွေးခဲ့ရသည်။ အလားတူ အမီရွလ်မုအ်မိနီးန် ဟဇရသ်အလီ ﷺ သည် ဤဖြစ်ရပ် အပေါ် အတိုင်းမသိ ကြေကွဲခဲ့ရသည်။ တိုက်ပွဲပြီးဆုံး၍ ကျဆုံးသွားသည့် စစ်သည်အလောင်းများကို ကြည့်ရှုရန် သွားရာတွင် မိမိ၏ ပေါင်ကို လက်ဖြင့်ရိုက်၍ 'ဤဖြစ်ရပ် မဖြစ်ပေါ်မီ ကျွန်ုပ်သည် သေဆုံး သွားပြီး အစအနပင် မကျန်သောသူဖြစ်လျှင် ကောင်းလေစွ' ဟု ပြောဆိုခဲ့သည်။

အချို့ဆင့်ပြန်ချက်များတွင် ဟဇရသ်အာအေရှာဟ် ﷺ သခင်မသည် ကုရ်အာန်တွင်

وَقَرْنَ فِي بُيُوتِكُنَّ

ဟူသော အာယသ်တော်ကို ဖတ်ရွတ်သည့်အခါတိုင်း 'ခြုံထည်ပုဝါသည် မျက်ရည်များဖြင့် စိုရွဲသွား သည်အထိ ငိုကြွေးလေ့ရှိသည်' ဟု လာရှိထားသည်။ *[ရူးဟွလ်မအာနီကျမ်း]*

ဖော်ပြပါအာယသ်တော်ကို ဖတ်ရွတ်ခြင်းအပေါ် ငိုကြွေးခြင်းမှာ 'အိမ်၌သာ တည်တံ့စွာ နေရမည့် အမိန့်ကို ဆန့်ကျင်ခြင်းသည် သခင်မထံတွင် အပြစ်ထိုက်သက်ခြင်း (သို့) ခရီးထွက်ရန် တားမြစ်ချက် ရှိခြင်း' တို့ကြောင့်မဟုတ်ဘဲ 'အိမ်မှ ထွက်လာခဲ့ပြီး ကြုံတွေ့ရသော မနှစ်သက်ဖွယ် ဖြစ်ရပ်များနှင့် ကြောက်မက်ဖွယ်အန္တရာယ်များ တွေ့ကြုံခဲ့ရခြင်းတို့အပေါ် သဘာဝအလျောက် ဝမ်းနည်းကြေကွဲမှုများ ဖြစ်ရ ခြင်းတို့ကြောင့်သာ ငိုကြွေးရခြင်း ဖြစ်သည်။

(ဤဆင့်ပြန်ချက်အားလုံးနှင့် အကြောင်းအရာ အပြည့်အစုံကို သဖ်စီးရ်ရူးဟွလ်မအာနီကျမ်းမှ ကောက်နုတ်တင်ပြထားပါသည်။)

ကြင်ယာတော်များအတွက် ကုရ်အာန်ကျမ်းတော်မြတ်၏ တတိယ၊ စတုတ္ထနှင့် ပဉ္စမလမ်းညွှန် မိန့်ကြားချက်

وَاَقِمْنَ الصَّلٰوةَ وَاٰتِيْنَ الزَّكٰوةَ وَاَطِعْنَ اللّٰهَ وَرَسُوْلَهٗ

ဆိုလိုသည်မှာ 'နမာဇ်ဝတ်ပြုမှု ဆောက်တည်ကြလေကုန်။ 'ဇကာသ်' ပေးဆောင်ကြလေကုန်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်၏ အမိန့်တော်များကို လိုက်နာ ကြလေကုန်' ဟု ဖြစ်သည်။ လမ်းညွှန်ချက်နှစ်ရပ်မှာ အကျယ်တဝင့် တင်ပြခဲ့ပြီးဖြစ်သည်။ ဆိုလိုသည်မှာ သူစိမ်းအမျိုးသားများနှင့် စကားပြောဆိုရာတွင် နူးညံ့သိမ်မွေ့၍ ကနွဲ့ကလျှပြုခြင်းမှ ရှောင်ကြဉ်ခြင်းနှင့်

အိမ်များမှ လိုအပ်ချက်အကြောင်းမရှိဘဲ မထွက်ခြင်းတို့ ဖြစ်သည်။ လမ်းညွှန်မိန့်ကြားချက် (၃) ရပ်ကို ဖော်ပြပါအာယသ်တော်၌ တင်ပြထားသည်။ ဤဖော်ပြပါ လမ်းညွှန်မိန့်ကြားချက် (၅) ရပ်သည် အမျိုးသမီးများအတွက် သာသနာအတွင်း၌ အထူးအလေးအနက်ပြုရမည့် အချက်များ ဖြစ်သည်။

ဤလမ်းညွှန်မိန့်ကြားချက် (၅) ရပ်စလုံးသည် မွတ်စ္စလင်မ်အားလုံးအတွက် အမိန့်ဖြစ်ခြင်း

ဖော်ပြပါလမ်းညွှန်မိန့်ကြားချက်များအနက် နောက်ဆုံးလမ်းညွှန်မိန့်ကြားချက်များတွင်မူ ဤသည် ကြင်ယာတော်များအတွက်သာ သီးသန့်ဖြစ်သည်။ အခြားအမျိုးသမီးများအတွက်မဟုတ် ဟူ၍ မည်သူမျှ သံသယမရှိနိုင်ပါ။ နမာဇ်၊ ဇကားသ်နှင့် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်၏ အမိန့်များကို လိုက်နာခြင်းမှ မည်သည့် မွတ်စ္စလင်မ်အမျိုးသား၊ အမျိုးသမီးသည် မပါဝင်ဘဲ ရှိနိုင်ပါမည်နည်း။ အမျိုးသမီးများ၏ 'ပရ်ဒဟ်' နှင့် စပ်လျဉ်းသော ပထမလမ်းညွှန်မိန့်ကြားချက်တွင်လည်း အနည်းငယ်မျှ လေးနက်စွာ စဉ်းစားကြည့်လျှင် ထိုလမ်းညွှန် မိန့်ကြားချက်သည်လည်း ကြင်ယာတော်များအတွက်သာ သီးသန့်မဟုတ်ဘဲ အုမ္မသ်ထုတစ်ရပ်လုံးရှိ အမျိုးသမီးအားလုံးသည် ထိုအမိန့်ကို လိုက်နာရမည့် တာဝန်ရှိသည်ကို သိရှိရမည်ဖြစ်သည်။ ဤနေရာ၌ ၄င်းလမ်းညွှန်မိန့်ကြားချက်များ၏ အလျင် ကုရ်အာန်ကျမ်းတော်မြတ်၌

لَسْتُنَّ كَاَحَدٍ مِنَ النِّسَاءِ اِنِ اتَّقَيْتُنَّ

'နဗီတမန်တော်များ၏ ဇနီးကြင်ယာတော်များသည် အခြားအမျိုးသမီးများကဲ့သို့ မဟုတ်။ အကယ်၍ ၄င်းတို့သည် 'သက္ကဝါ' တရားကို လက်ကိုင်ထားကြမည်ဆိုလျှင်' ဟု အမိန့်ရှိထား၏။ ၄င်း၏ အပေါ်ယံကို ကြည့်လျှင် ဤအမိန့်များသည် ၄င်းတို့အတွက်သာ သီးသန့်ဖြစ်သည်ဟု သိရှိရ၏။ ၄င်း၏ အဖြေမှာ ၄င်းတို့အား အထူးတင်ပြခြင်းသည် အမိန့်လမ်းညွှန်ချက်များအတွက် မဟုတ်။ ပို၍ ဂရုတစိုက် ကျင့်ကြံဆောက်တည်ရန်အတွက် ဖြစ်သည်။ အလိုသဘောမှာ နဗီတမန်တော်မြတ် ﷺ ၏ ဇနီးကြင်ယာတော်များသည် အခြားအမျိုးသမီးများကဲ့သို့ မဟုတ်။ ၄င်းတို့၏ အဆင့်အတန်းမှာ မြင့်မားကြီးကျယ်လှ၏။ ဤအတွက်ကြောင့် အခြားအမျိုးသမီးများအတွက်ပင် 'ဖွရ်ဇ်' ဖြစ်သော အရာများအပေါ် ၄င်းတို့အနေနှင့် အခြားအမျိုးသမီးများထက် ပို၍ ဂရုတစိုက် ကျင့်ကြံဆောက်တည်ရမည်ဟူ၍ ဖြစ်သည်။

اِنَّمَا يُرِيْدُ اللّٰهُ لِيُذْهِبَ عَنْكُمُ الرِّجْسَ اَهْلَ الْبَيْتِ وَيُطَهِّرَكُمْ تَطْهِيْرًا

တင်ပြပြီးဖြစ်သော အရှေ့အာယသ်တော်များတွင် အမိန့်လမ်းညွှန်ချက်များကို နဗီတမန်တော်မြတ် ﷺ ၏ ဇနီးကြင်ယာတော်များကို ဦးတည်၍ မိန့်ကြားခဲ့သည်။ အမှန်စင်စစ် ၄င်းအမိန့်လမ်းညွှန်ချက်များသည် ၄င်းတို့အတွက်သာ သီးသန့်မဟုတ်။ အုမ္မသ်ထုတစ်ရပ်လုံး၏ အမျိုးသမီးများအားလုံး လိုက်နာကျင့်သုံးရမည့် အမိန့်လမ်းညွှန်ချက်များ ဖြစ်သည်။

သို့သော် ကြင်ယာတော်များအား အထူးဦးတည်၍ မိန့်ကြားရခြင်းမှာ ကြင်ယာတော်များသည် မိမိတို့၏ ဂုဏ်ရည်အဆင့်အတန်းနှင့် နဗီတမန်တော်မြတ်၏ အိမ်သူ၊ အိမ်သားများ ဖြစ်ရခြင်းနှင့် လျော်ညီစွာ ထိုအမိန့်ကို လိုက်နာကျင့်ကြံရာတွင် ပို၍ အလေးအနက်ပြုရန်ဖြစ်သည်။ ဤအာယသ်တော်တွင် ထိုသို့ အထူးဦးတည်မိန့်ကြားရခြင်း၏ လျှို့ဝှက်ချက်ကို တင်ပြထားသည်မှာ 'အလ္လာဟ်အသျှင်မြတ်ထံတော်တွင် ရရှူလ်တမန်တော်မြတ် ﷺ ၏ အိမ်သူအိမ်သားများကို 'ညစ်ညမ်းခြင်း' များမှ သန့်ရှင်းစေရန် လိုလားတော်မူသောကြောင့် ဖြစ်သည်' ဟူ၏။

رِجْسٌ ဟူသော စာလုံးသည် ကုရ်အာန်တွင် အဓိပ္ပာယ်များစွာအတွက် အသုံးပြုသော စာလုံး ဖြစ်သည်။ တစ်နေရာတွင် 'ဗွသ်' ရုပ်များ၏ အဓိပ္ပာယ်အဖြစ် လာရှိသည်။

وَاجْتَنِبُوا الرِّجْسَ مِنَ الْاَوْثَانِ

(အသင်တို့၏ 'ဗွသ်' ရုပ်တု ကိုးကွယ်ခြင်း၊ ညစ်ညမ်းခြင်းမှ ရှောင်ကြဉ်ကြကုန်) ၌ ၎င်းအဓိပ္ပာယ် အတွက်ပင် လာရှိထားသည်။ တစ်ခါတစ်ရံ رِجْس သည် အပြစ်ဒုစရိုက်တိုင်း၏ အဓိပ္ပာယ်၌လည်းကောင်း၊ တစ်ခါတစ်ရံ 'အဇာဗ်' အပြစ်ဒဏ်၏ အဓိပ္ပာယ်၌လည်းကောင်း၊ တစ်ခါတစ်ရံ မသန့်သော ညစ်ညမ်းသော အဓိပ္ပာယ်၌လည်းကောင်း အသုံးပြုသော စာလုံးဖြစ်သည်။ အချုပ်မှာ တရားတော်အရဖြစ်စေ၊ ပင်ကိုယ်ဗီဇ စိတ်သဘောထားအရဖြစ်စေ၊ ရွံရှာဖွယ်ရာဖြစ်သော အရာဟူသရွေ့သည် رِجْس ပင် ဖြစ်သည်။ ဤအာယသ် တော်တွင် ဤခြုံငုံ၍ သုံးသော အဓိပ္ပာယ်ကိုပင် ဆိုလိုခြင်းဖြစ်သည်။ *[ဗဟာရ်မုဟီးသွကျမ်း]*

အာယသ်တော်၌ လာရှိသော 'အဟ်လိဗိုင်သ်' ဆိုသည်မှာ မည်သို့ပါနည်း၊

အထက်မှ အာယသ်တော်များတွင် နဗီကိုယ်တော်မြတ် ﷺ ၏ ကြင်ယာတော်များအား ဦးတည် မိန့်ကြားခြင်းများ လာရှိထားသည်။ ထို့ကြောင့် စာလုံးကိုလည်း تانيث (အမျိုးသမီးအပေါ် သုံးစွဲ သည့် စာလုံး) ကိုပင် သုံးစွဲထားသည်။ ဤနေရာ၌ 'အဟ်လိဗိုင်သ်' တွင် ကြင်ယာတော်များနှင့်အတူ ကြင်ယာတော်တို့၏ သားသမီးများနှင့် ဖခင်တို့လည်း ပါဝင်နေသည်။ ထို့ကြောင့် مزكر (အမျိုးသား အပေါ် သုံးစွဲသော) စာလုံးဖြင့် عَنْكُمْ နှင့် يُطَهِّرَكُمْ ဟူ၍ မိန့်ကြားထားသည်။ အချို့အဖွင့်ပညာရှင် အေမာမ်ကြီးများက 'အဟ်လိဗိုင်သ်' ၏ အလိုသဘောမှာ ကြင်ယာတော်များသာ ဖြစ်သည်ဟု သတ်မှတ် ကြသည်။ ဟဇရသ်အိက်ရမဟ်နှင့် မုကာသိလ်တို့က ဤအတိုင်းပင် ဆိုကြသည်။ စအီးဒ်ဗင်န်ဂျုဗိုင်ရ် ﵁ နှင့် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﵁ တို့ကလည်း ဤအတိုင်းပင် ဆင့်ပြန်ခဲ့ကြသည်။ ၎င်းတို့က 'အာယသ်တော်၌ 'အဟ်လိဗိုင်သ်' ၏ အလိုသဘောကို ကြင်ယာတော်များသာဖြစ်သည်' ဟု သတ်မှတ်ခဲ့ကြသည်။ အထောက် အထားအဖြစ်

وَاذْكُرْنَ مَايُتْلٰى فِىْ بُيُوْتِكُنَّ

ဟူသော ရှေ့မှ အာယသ်တော်ကို ပြဆိုကြသည်။ *[အိဗ်နေအဘီဟာသင်မ်၊ အိဗ်နေဂျရီးရ်။]*

ထို့ပြင် ရှေ့၌ တင်ပြပြီးဖြစ်သော အာယသ်တော်များတွင် **نِسَاءُ النَّبِىِّ** (နဗီတမန်တော်မြတ် ﷺ ၏ ကြင်ယာတော်များ) ဟူသော စာလုံးများဖြင့် မိန့်ကြားခြင်းမှာလည်း ၎င်း၏ အထောက်အထားဖြစ်သည်။ ဟဇရသ်အိက်ရမဟ်သည် ဈေးတွင် 'ဤအာယသ်တော်၌ 'အဟ်လိဗိုင်သ်'ဟု ဆိုခြင်းမှာ ကြင်ယာတော်များကို ဆိုလိုခြင်းဖြစ်သည်။ အကြောင်းမှာ ဤအာယသ်တော်သည် ကြင်ယာတော်များ၏ ကြီးမြတ်ခြင်း ဂုဏ်ရည်များအဖြစ် ကျရောက်ခဲ့သောကြောင့် ဖြစ်သည်'ဟု ကြွေးကြော်လေ့ရှိခဲ့သည်။ ထို့ပြင် ဤကိစ္စနှင့် စပ်လျဉ်း၍ 'ကျွန်ုပ်သည် 'မုဗာဟလဟ်' (အပြန်အလှန် 'လအ်နသ်'ကျိန်ဆဲခြင်း) ပြုရန်လည်း အသင့်ရှိပါသည်' ဟု ပြောဆိုလေ့ ရှိခဲ့သည်။

သို့ရာတွင် ဤအာယသ်တော်၏ အောက်၌ ဆင့်ပြန်ခဲ့သည့် အိဗ်နေကဆီးရ်၏ ဆင့်ပြန်ချက်များစွာတို့သည် 'အဟ်လိဗိုင်သ်'တွင် ဟဇရသ်အလီ ؓ ၊ ဟဇရသ်ဖာသွိမဟ် ؓ သခင်မ၊ ဟဇရသ်ဟစန် ؓ နှင့် ဟဇရသ်ဟုစိုင်န် ؓ တို့လည်း ပါဝင်ကြောင်း ထောက်ပြလျက်ရှိသည်။ ဆွဟီးဟ်မွတ်စ္စလင်မ်၏ ဟဒီးစ်တော်တွင် ဟဇရသ်အာအေရှာဟ် ؓ သခင်မ၏ ဆင့်ပြန်ချက် လာရှိသည်မှာ 'အခါတစ်ပါး၌ ကိုယ်တော်မြတ် ﷺ သည် အိမ်မှ အပြင်သို့ ထွက်တော်မူခဲ့သည်။ ထိုစဉ်က ကိုယ်တော်မြတ် ﷺ သည် အနက်ရောင်ရောမခြုံထည်ကို ခြုံရုံထားတော်မူသည်။ ထိုစဉ် ဟစန်ဗင်န်အလီ ؓ ရောက်ရှိလာခဲ့ရာ ၎င်းအား ခြုံထည်အတွင်း၌ ခေါ်ယူလိုက်သည်။ တစ်ဖန် ဟူစိုင်န် ؓ ရောက်ရှိလာပြန်ရာ ၎င်းအားလည်း ဤအတိုင်းပင် ခြုံထည်အတွင်း၌ ထည့်တော်မူလိုက်သည်။ ထို့နောက် ဟဇရသ်ဖာသွိမဟ် ؓ သခင်မ၊ တစ်ဖန် ဟဇရသ်အလီ ؓ တို့ ရောက်ရှိလာပြန်ရာ ၎င်းအားလည်း ဤအတိုင်းပင် ခြုံထည်အတွင်း၌ ဝင်ရောက်စေတော်မူပြီး

اِنَّمَايُرِيْدُ اللّٰهُ لِيُذْهِبَ عَنْكُمُ الرِّجْسَ اَهْلَ الْبَيْتِ وَيُطَهِّرَكُمْ تَطْهِيْرًا

ဟူသော အာယသ်တော်ကို ဖတ်ရွတ်တော်မူလေသည်။ အချို့ဆင့်ပြန်ချက်များတွင် ဤအာယသ်တော်ကို ဖတ်ရွတ်ပြီးနောက်

اَللّٰهُمَّ هٰؤُلَاءِ اَهْلُ بَيْتِى

(အို၊ အလ္လာဟ်အသျှင်မြတ်၊ ဤသူတို့သည် ကျွန်ုပ်၏ အိမ်သူအိမ်သားများ ဖြစ်ကြပါသည်) ဟု ပြောဆိုခဲ့ကြောင်းလည်း လာရှိသည်။ *[အိဗ်နေဂျရီးရ်]*

အိဗ်နေကဆီးရ်သည် ထိုအကြောင်းနှင့် သက်ဆိုင်သော ခိုင်မာသည့် ဟဒီးစ်တော်များစွာကို တင်ပြပြီးနောက် အမိန့်ရှိသည်မှာ 'အမှန်စင်စစ် အဖွင့်ပညာရှင် အေမာမ်များမှ ဆင့်ပြန်ခဲ့သည့် ထိုအဆိုနှစ်ရပ်စလုံးတွင် မည်သည့်ဆန့်ကျင်ခြားနားမှုမျှ မရှိပေ။ အချို့ပညာရှင်များ၏ အဆိုမှာ ဤအာယသ်တော်သည် ကြင်ယာတော်များ၏ ဂုဏ်ရည်အဖြစ်နှင့် ကျရောက်လာခြင်းကြောင့် 'အဟ်လိဗိုင်သ်'သည် ကြင်ယာတော်

များကို ဆိုလိုသည်ဟု တင်ပြအမိန့်ရှိခြင်း ဖြစ်သည်။ အခြားသော ပုဂ္ဂိုလ်များသည်လည်း 'အဟ်လိဗိုင်သ်'တွင် ပါဝင်သည်ကို ဆန့်ကျင်ငြင်းဆိုနေခြင်း မဟုတ်ပေ။ ဤအတွက်ကြောင့် မှန်ကန်သောအဆိုမှာ 'အဟ်လိဗိုင်သ်' တွင် ကြင်ယာတော်များလည်း ပါဝင်သည်။ အဘယ်ကြောင့်ဆိုသော် အာယသ်တော် ကျရောက်လာရခြင်း အကြောင်းခံသည်ပင် ကြင်ယာတော်များအတွက် ဖြစ်သည်။ အာယသ်တော်ကျရောက်ခြင်း အကြောင်းခံ ရည်ညွှန်းချက်သည် အာယသ်တော်၌ ပါဝင်နေခြင်းမှာ မည်သို့မျှ သံသယဖွားရမည့် အရာမဟုတ်ပေ။ ဟဇရသ်ဖာသွိမဟ် ﷺ သခင်မ၊ ဟဇရသ်အလီ ﷺ ၊ ဟဇရသ်ဟစန် ﷺ ၊ ဟဇရသ်ဟုစိုင်န် ﷺ တို့သည်လည်း နဗီကိုယ်တော်မြတ် ﷺ ၏ မိန့်ကြားချက်နှင့်အညီ 'အဟ်လိဗိုင်သ်'တွင် ပါဝင်သူများ ဖြစ်ကြသည်။

ဤအာယသ်တော်၏ အရှေ့နှင့် အနောက် နှစ်နေရာစလုံးတွင် نِسَاءَ النَّبِيِّ နဗီကိုယ်တော်မြတ် ﷺ ၏ ကြင်ယာတော်များဟုဆို၍ ဦးတည်မိန့်ကြားခြင်းနှင့် ကြင်ယာတော်များအတွက် 'မ'စာလုံးများဖြင့် သုံးနှုန်းထားသည်။ ရှေ့လွန်ခဲ့သည့် အာယသ်တော်များတွင် فَلَا تَخْضَعْنَ بِالْقَوْلِ မှ စ၍ နောက်ဆုံးအထိ 'မ'စာလုံးများကို သုံးနှုန်းထားသည်။ ရှေ့တွင် ထပ်မံ၍ وَاذْكُرْنَ مَا يُتْلَى တွင်လည်း 'မ'စာလုံး သုံးနှုန်း၍ မိန့်ကြားထားပြန်သည်။ ကြားအလယ်မှ အာယသ်တော်ကို ကြားဖြတ်၍ عَنْكُمْ နှင့် يُطَهِّرَكُمْ ဟူ၍ 'ဖို'စာလုံးများ သုံးနှုန်းထားခြင်းသည်လည်း 'အဟ်လိဗိုင်သ်'တွင် ကြင်ယာတော်များသာ ပါဝင်ခြင်း မဟုတ်ဘဲ အမျိုးသားအချို့ ပါဝင်ကြောင်းကိုလည်း သက်သေပြနေခြင်း ဖြစ်သည်' ဟု မိန့်ဆိုထားသည်။ ဖော်ပြပါ အာယသ်တော်တွင်

لِيُذْهِبَ عَنْكُمُ الرِّجْسَ أَهْلَ الْبَيْتِ وَيُطَهِّرَكُمْ تَطْهِيرًا

ဟူ၍ မိန့်ကြားထားခြင်းမှာ ထိုလမ်းညွှန်မိန့်ကြားချက်များအားဖြင့် အလ္လာဟ်အသျှင်မြတ်သည် ရှိုင်သွာန်၏ ဆိုးသွမ်းမှု၊ အပြစ်ဒုစရိုက်များနှင့် မကောင်းသော အရာများမှ ကာကွယ်စောင့်ရှောက်တော်မူမည်ဖြစ်ကြောင်းနှင့် သန့်ရှင်းစင်ကြယ်စေတော်မူမည်ဖြစ်ကြောင်း ပေါ်လွင်ပေသည်။

အချုပ်ဆိုရသော် ဤသည် တရားတော်အရ (အပြစ်ဒုစရိုက်တို့မှ) သန့်ရှင်းစင်ကြယ်ခြင်းကို ဆိုလိုသည်။ စတင်ဖန်ဆင်းချိန်ကတည်းက သန့်ရှင်းစင်ကြယ်ခြင်းသည် နဗီတမန်တော်တို့၏ ဂုဏ်ရည်ဖြစ်သည်။ ထိုနဗီတမန်တော်တို့၏ ဂုဏ်ရည်ကို ဆိုလိုခြင်းမဟုတ်ပေ။ ဤသို့ဆိုခြင်းကြောင့် ဤသူများအားလုံးသည် အပြစ်ကင်းစင်သူများဖြစ်ပြီး နဗီတမန်တော်များကဲ့သို့ မည်သည့်အပြစ်မျှ ကျူးလွန်ခြင်းမဖြစ်နိုင်ဟု ဆိုလိုခြင်းမဟုတ်ပေ။

'ရှီအဟ်'အုပ်စုသည် ဤအာယသ်တော်တွင် အွမ္မသ်၏ ပညာရှင်များနှင့် ဆန့်ကျင်လျက် ဦးစွာပထမ 'အဟ်လိဗိုင်သ်'ဟူသော စာလုံးကို တမန်တော်မြတ် ﷺ ၏ သားသမီးများအတွက်သာ အထူးသီးသန့် သတ်မှတ်လျက် ကြင်ယာတော်များအား 'အဟ်လိဗိုင်သ်'စာရင်းမှ ထုတ်ပယ်ကြောင်း ကြွေးကြော်ကြသည်။

ဒုတိယအချက်မှာ ဖော်ပြပါအာယသ်တော်တွင် သန့်ရှင်းစင်ကြယ်ခြင်း၏ အလိုသဘောကို ၎င်းတို့၏ အပြစ်ကင်းစင်သန့်ရှင်းခြင်းဟု သတ်မှတ်၍ 'အဟ်လိဗိုင်သ်'ကို နဗီတမန်တော်များကဲ့သို့ အပြစ်မဲ့သူများဟု ကြွေးကြော်ကြသည်။ ၎င်းတို့၏ ဤကြွေးကြော်မှု၏ တုန့်ပြန်ဖြေကြားချက်နှင့် ဓမ္မသတ်အကျယ်တဝင့်ကို 'အဟ်ကာမုလ်ကုရ်အာန်'ကျမ်းတွင် 'စူရာဟ်အဟ်ဇာဗ်'၏ အဖွင့်၌ ရေးသားထားပေသည်။ ထိုရေးသားချက်တွင် အပြစ်မဲ့ခြင်းအကြောင်းနှင့် အပြစ်မဲ့ခြင်းဆိုသည်မှာ နဗီတမန်တော်များနှင့် ဖရစ်ရှ်သာဟ်များအတွက်သာ သီးသန့်ဖြစ်ကြောင်းနှင့် ၎င်းတို့မှအပ မည်သူမျှ အပြစ်မဲ့သူများ မဟုတ်ကြောင်းတို့ကို တရားတော်၏ အထောက်အထားများဖြင့် ရှင်းလင်းတင်ပြထားသည်။ ၎င်းကို ပညာရှင်များ လေ့လာနိုင်ပါသည်။

وَاذْكُرْنَ مَا يُتْلٰى فِىْ بُيُوْتِكُنَّ مِنْ اٰيٰتِ اللّٰهِ وَالْحِكْمَةِ

اٰيٰت الله ဆိုသည်မှာ ကုရ်အာန်ကို ဆိုလိုခြင်းဖြစ်ပြီး حكمت ဆိုသည်မှာ တမန်တော်မြတ် ﷺ ၏ သင်ကြားပေးမှုများနှင့် တမန်တော်မြတ် ﷺ ၏ 'စွန္နသ်'ကျင့်စဉ်များကို ဆိုလိုသည်။ အဖွင့်ပညာရှင်များစွာတို့သည် حكمت ၏ ဖွင့်ဆိုချက်ကို ဤနေရာတွင် 'စွန္နသ်'ဟုသာ ဖွင့်ဆိုကြသည်။

وَاذْكُرْنَ ဟူသော စာလုံး၏ အဓိပ္ပာယ်သည် နှစ်မျိုးဖြစ်နိုင်သည်။

(၁) ၎င်းလမ်းညွှန် အမိန့်ရှိထားသော အရာများကို မိမိတို့ကိုယ်တိုင် ကျက်မှတ်ထားခြင်း၊ ၎င်း၏ အလိုသဘောရလဒ်မှာ ၎င်းအဆုံးအမများအပေါ် ကိုယ်တိုင်ကျင့်သုံးခြင်းဖြစ်သည်။

(၂) မိမိတို့၏ အိမ်များတွင် မိမိတို့၏ ရှေ့မှောက်၌ပင် ကျရောက်လာသည့် ကုရ်အာန်အားလည်းကောင်း၊ (သို့) တမန်တော်မြတ် ﷺ က မိမိတို့အား သင်ကြားပေးသည်များကို အုမ္မသ်၏ အခြားသူ များကို သင်ကြားပေးခြင်းနှင့် ပို့ချပေးခြင်းတို့ ဖြစ်သည်။

အကျိုးကျေးဇူး

အိဗ်နေအာရဗီ (ရဟ) က အဟ်ကာမုလ်ကုရ်အာန်ကျမ်း၌ မိန့်ဆိုသည်မှာ ဤအာယသ်တော်အားဖြင့် 'တမန်တော်မြတ် ﷺ ထံမှ ကုရ်အာန်၏ အာယသ်တော်များဖြစ်စေ၊ (သို့) ဟဒီးစ်ဖြစ်စေ ကြားနာရပါလျှင် ထိုသူသည် ၎င်းကြားနာရသည်တို့ကို အုမ္မသ်အပေါ် ပို့ချခြင်းသည် အရေးကြီး တာဝန်ဖြစ်ကြောင်း အတည်ဖြစ်ပေသည်။ ကြင်ယာတော်များအပေါ်၌လည်း မိမိတို့၏ အိမ်များ၌ ကျရောက်ခဲ့သော ကုရ်အာန် (သို့) တမန်တော်မြတ် ﷺ ၏ သင်ကြားပေးမှုများ ရရှိခဲ့သည်ဖြစ်ရာ ၎င်းတို့ကို အုမ္မသ်၏ အခြားသူများထံသို့ ပို့ချရန် တာဝန်ပေးခံရလေသည်။ အလ္လာဟ်အသျှင်မြတ်၏ ဤ 'အမာနသ်'တာဝန်ကို အုမ္မသ်အား ပို့ချ၍ တာဝန်ကျေရန် တာဝန်အဖြစ် သတ်မှတ်ခဲ့သည်။

ကုရ်အာန်ကဲ့သို့ ဟဒီးစ်အား ထိန်းသိမ်းခြင်း

ဤအာယသ်တော်တွင် ကုရ်အာန်၏ အာယသ်တော်များကို ပို့ချခြင်းနှင့် သင်ကြားပေးခြင်းကို အွမ္မသ်အပေါ် တာဝန်အဖြစ် သတ်မှတ်ထားသကဲ့သို့ حكمة (ဟိက်မသ်) ဟူသော စကားလုံးကို မိန့်ကြား၍ တမန်တော်မြတ် ﷺ ၏ ဟဒီးစ်တော်များကို ဖြန့်ချီပို့ချခြင်းနှင့် သင်ကြားပေးခြင်းများကိုလည်း တာဝန်အဖြစ် သတ်မှတ်ထားသည်။ ထို့ကြောင့် ဆွဟာဗာများသည် ဤအမိန့်တော်ကို အခါမလပ် လိုက်နာကျင့်ဆောင်မှု ပြုခဲ့ကြသည်။

ဆွဟီးဟ်ဘိုခါရီကျမ်းတွင် ဟဇရသ်မအာဇ် ﷺ ၏ ဖြစ်စဉ်တစ်ရပ် လာရှိသည်မှာ ၎င်းသည် တမန်တော်မြတ် ﷺ ထံမှ ဟဒီးစ်တော်တစ်ပုဒ်ကို ကြားနာခဲ့ရသည်။ သို့သော် ထိုဟဒီးစ်တော်ကို လူတို့သည် ၎င်း၏အဆင့်၌ မထားမည်ကို ထို့ပြင် နားလည်မှုလွဲခြင်း၌ နစ်မွန်းသွားကြပေလိမ့်မည်ဟု စိုးရိမ်မှုကြောင့် လူတို့အား မတင်ပြခဲ့ပေ။ သို့ရာတွင် ၎င်းသည် ကွယ်လွန်ခါနီးအချိန် ရောက်ရှိလေသောအခါ လူတို့အား စုရုံးစေ၍ ထိုဟဒီးစ်ကို တင်ပြခဲ့သည်။ ထို့နောက် ‘ကျွန်ုပ်သည် ဤအချိန်ထိတိုင် သာသနာအတွက် ကောင်းသော အမြော်အမြင်ဖြင့် ဤဟဒီးစ်ကို မည်သူ့ကိုမျှ မတင်ပြခဲ့ပေ။ သို့သော် ယခုမူ သေခြင်းတရား ဆိုက်ရောက်ရန် နီးကပ်လာပြီး ဖြစ်သည့်အတွက် အွမ္မသ်၏ ဤ ‘အမာနသ်’ တာဝန်ကို အွမ္မသ်အပေါ် ပို့ချပေးရန် အရေးကြီးသည်ဟု ယူဆခဲ့သည်’ ဟု ပြောဆိုလေသည်။ ဆွဟီးဟ်ဘိုခါရီကျမ်းတွင်

فَاَخْبَرَ بِهِ مَعَاذٌ عِنْدَ مَوْتِهِ تَأَثُمًا

ဆိုလိုသည်မှာ ‘ဟဇရသ်မအားဇ် ﷺ သည် ကွယ်လွန်တော့မည့်အချိန်တွင် တမန်တော်မြတ် ﷺ ၏ ဟဒီးစ်အား အွမ္မသ်အပေါ် ပို့ချခြင်းမပြုသည့်အတွက် အပြစ်မထိုက်စေရန် လူတို့အား ဖတ်ကြားတင်ပြခဲ့ခြင်းဖြစ်သည်’ ဟူသော စာသား ဖြင့် တင်ပြထားသည်။

ဤဖြစ်ရပ်သည်လည်း ‘ကုရ်အာန်ကျမ်းမြတ်၏ ဤအမိန့်တော်ကို လိုက်နာရန် ဆွဟာဗာသခင်တို့သည် ‘ဝါဂျိဗ်’ အရေးကြီးကြောင်း မှတ်ယူခြင်း၏ သက်သေဖြစ်သည်။ ထို့ပြင် ဆွဟာဗာများသည် ဟဒီးစ်တော်ကို ဆင်ခြင်မှုများဖြင့် လူတို့ထံ ပို့ဆောင်ခြင်းကို အထူးအလေးထားခဲ့ကြသည်။ သို့ဖြစ်ပေရာ ဟဒီးစ်တော်အား ထိန်းသိမ်းခြင်းသည်လည်း အဆင့်တစ်ခုအရ ကုရ်အာန်ကျမ်းမြတ်ကို ထိန်းသိမ်းခြင်းပင် ဖြစ်ပေသည်။ ဤအခန်းကဏ္ဍတွင် ဒိုဟာသံသယပွားခြင်းများသည် စင်စစ် ကုရ်အာန်ကျမ်းမြတ်အပေါ် ဒိုဟာသံသယပွားခြင်းသာ ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

إِنَّ الْمُسْلِمِينَ وَالْمُسْلِمَاتِ وَالْمُؤْمِنِينَ وَالْمُؤْمِنَاتِ
وَالْقَانِتِينَ وَالْقَانِتَاتِ وَالصَّادِقِينَ وَالصَّادِقَاتِ وَالصَّابِرِينَ
وَالصَّابِرَاتِ وَالْخَاشِعِينَ وَالْخَاشِعَاتِ وَالْمُتَصَدِّقِينَ وَ
الْمُتَصَدِّقَاتِ وَالصَّائِمِينَ وَالصَّائِمَاتِ وَالْحَافِظِينَ
فُرُوجَهُمْ وَالْحَافِظَاتِ وَالذَّاكِرِينَ اللَّهَ كَثِيرًا وَ
الذَّاكِرَاتِ أَعَدَّ اللَّهُ لَهُم مَّغْفِرَةً وَأَجْرًا عَظِيمًا ﴿٣٥﴾

၃၃ : ၃၅ ॥ ॥ စေကန်မုချ မွတ်စ္စလင်မ်ယောက်ျားများသည်လည်းကောင်း၊ မွတ်စ္စလင်မ်မိန်းမများသည်လည်းကောင်း၊ မုအ်မင်န်ယောက်ျားများသည်လည်းကောင်း၊ မုအ်မင်န်မိန်းမများသည်လည်းကောင်း၊ အမိန့်တော်ကို လိုက်နာကြသည့် ယောက်ျားများသည်လည်းကောင်း၊ အမိန့်တော်ကို လိုက်နာကြသည့် မိန်းမများသည်လည်းကောင်း၊ သစ္စာဝါဒီ ယောက်ျားများသည်လည်းကောင်း၊ သစ္စာဝါဒီမိန်းမများသည်လည်းကောင်း၊ သည်းခံကြကုန်သော ယောက်ျားများသည်လည်းကောင်း၊ သည်းခံကြကုန်သော မိန်းမများသည်လည်းကောင်း နှိမ့်ချခြင်းတရား ထားရှိကြသော ယောက်ျားများသည်လည်းကောင်း၊ နှိမ့်ချခြင်းတရား ထားရှိကြသော မိန်းမများသည်လည်းကောင်း၊ အလှူဒါနပြုကြကုန်သော ယောက်ျားများသည်လည်းကောင်း၊ အလှူဒါန ပြုကြကုန်သော မိန်းမများသည်လည်းကောင်း၊ ဆွိယမ်' ဥပုသ်သီလ ဆောက်တည်ကြကုန်သော ယောက်ျားများသည်လည်းကောင်း၊ 'ဆွိယမ်' ဥပုသ်သီလ ဆောက်တည်ကြကုန်သော မိန်းမများသည်လည်းကောင်း၊ မိမိတို့၏ အရှက်အင်္ဂါများကို စောင့်ထိန်းကြကုန်သော ယောက်ျားများသည်လည်းကောင်း၊ ထိုနည်းတူစွာ (မိမိတို့၏ အရှက်အင်္ဂါများကို) စောင့်ထိန်းကြကုန်သော မိန်းမများသည်လည်းကောင်း၊ ထိုနည်းတူစွာ (အလ္လာဟ်အသျှင်မြတ်အား များစွာ) အောက်မေ့တသ သတိရကြကုန်သော ယောက်ျားများသည်လည်းကောင်း အလ္လာဟ်အသျှင်မြတ်အား များစွာ အောက်မေ့တသ သတိရကြကုန်သော မိန်းမများသည်လည်းကောင်း အလ္လာဟ်အသျှင်မြတ်သည် ထိုသူတို့ (အားလုံးတို့) အဖို့ (အပြစ်မှ) လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကြီးကျယ်လှစွာသော အကျိုးကို အဆင်သင့် ပြုလုပ်စီမံ၍ ထားရှိတော်မူပြီး ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မုချစေကန် အစ္စလာမ်၏ လုပ်ရပ်များကို ပြုလုပ်သူ မွတ်စ္စလင်မ်အမျိုးသားများသည်လည်းကောင်း၊ မွတ်စ္စလင်မ်အမျိုးသမီးများသည်လည်းကောင်း၊ မုအ်မင်န်အမျိုးသားများသည်လည်းကောင်း၊ မုအ်မင်န်အမျိုးသမီးများသည်လည်းကောင်း ('မွတ်စ္စလီမီန်' နှင့် 'မွစ်လိမားသ်' ဤသဖ်စီးရ်ဖွင့်ဆိုချက်၌ အစ္စလာမ် ဟူသည့် သဘောမှာ 'နမာဇ်၊ ရိုဇာဟ်၊ ဇကားသ်နှင့် ဟဂျ်' အစရှိသော ကျင့်စဉ်များကို ဆိုလိုသည်။ 'မုအ်မိနီးန်' နှင့် 'မုအ်မိနားသ်'၏ သဖ်စီးရ်တွင် အီမာန်ဟူသည့် သဘောမှာ အယူဝါဒခံယူချက်ကို ဆိုလိုသည်။

ဥပမာအားဖြင့် ဆွဟီးဟ်ဘုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းတို့တွင် ဟဇရသ်ဂျီဗ်ရာအီးလ် عليه السلام ၏ မေးမြန်းခြင်း အပေါ် ကိုယ်တော်မြတ် ﷺ မှ အစ္စလာမ်၏ အီမာန်နှင့် စပ်လျဉ်း၍လည်း ထိုအဖြေကို ပေးတော်မူခဲ့ကြောင်း ဆင့်ပြန်ချက် လာရှိသည်။) ထို့ပြင် အမိန့်တော်ကို လိုက်နာကြသည့် အမျိုးသားများသည်လည်းကောင်း၊ အမိန့်တော်ကို လိုက်နာကြသည့် အမျိုးသမီးများသည်လည်းကောင်း၊ မှန်ကန်သော သစ္စာဝါဒီ အမျိုးသား များသည်လည်းကောင်း၊ မှန်ကန်သော သစ္စာဝါဒီ အမျိုးသမီးများသည်လည်းကောင်း၊ (ထိုမှန်ကန်မှု သစ္စာ ဝါဒီဟု ဆိုရာ၌ 'ပြောဆိုသည့် စကားများလည်း မှန်ကန်ရမည်။ လုပ်ရပ်များသည်လည်း မှန်ကန်ရမည်။ အီမာန်၌ နီယသ်တွင်လည်း မှန်ကန်မှု ရှိရမည်။ ဆိုလိုသည်မှာ ၎င်းတို့၏ စကားများတွင် မည်သည့်လိမ်လည် မှုမျှ မပါဝင်စေရ။ လုပ်ရပ်များတွင်လည်း ဖွဲ့သတ္တိ လျော့နည်းခြင်း၊ ပျင်းရိခြင်း၊ ပြစ်မှားမှုများ ပါဝင်ခြင်း (သို့) အယောင်ဆောင်မှုများ ပြုလုပ်ခြင်း မဖြစ်စေရ' ဟု ဖြစ်သည်။) ထို့နောက် သည်းခံကြကုန်သော အမျိုးသားများသည်လည်းကောင်း၊ သည်းခံကြကုန်သော အမျိုးသမီးများသည်လည်းကောင်း (ဤနေရာ တွင် သည်းခံခြင်းဟူသမျှ အကျုံးဝင်သည်။ ဆိုလိုသည်မှာ အမိန့်နာခံမှုနှင့် 'အေဗာဒသ်'ခဝပ်မှုများ၌ မြဲမြံမှုရှိခြင်း၊ အပြစ်ဒုစရိုက်များမှ မိမိ၏ စိတ်ကို တားမြစ်ခြင်း၊ ဒုက္ခများအပေါ်၌ သည်းခံမှုတရား ထားရှိ ခြင်းတို့ ဖြစ်သည်။) ထို့ပြင် ကျိုးငဲ့နှိမ့်ချစွာနေသော အမျိုးသားများသည်လည်းကောင်း၊ ကျိုးငဲ့နှိမ့်ချစွာ နေသော အမျိုးသမီးများသည်လည်းကောင်း (خشوع 'ခုရှုအ်' (ရိုကျိုး၊ ကျိုးငဲ့နှိမ့်ချမှု) ဟူသော စာလုံးတွင် 'နမာဇ်'နှင့် 'အေဗာဒသ်'များ၌ 'ခုရှုအ်'ရှိခြင်းလည်း အကျုံးဝင်သည်။ ၎င်းနမာဇ်နှင့် 'အေဗာဒသ်'များ၌ 'ခုရှုအ်'ရှိခြင်းမှာနှလုံးသားသည်လည်း 'အေဗာဒသ်'ဘက်သို့ အာရုံပြုပြီး မိမိ၏ ကျန်ခန္ဓာကိုယ် အစိတ်အပိုင်း အားလုံးကိုလည်း နှလုံးသား၏ အာရုံနှင့် ကိုက်ညီစွာထားခြင်း ဖြစ်သည်။ ဤနေရာတွင် 'သကဗ်ဗုရ်' (မာနတရား) နှင့် ဆန့်ကျင်ဘက်ဖြစ်သော ကျိုးငဲ့နှိမ့်ချမှုလည်း အကျုံးဝင်သည်။ ဆိုလိုသည်မှာ ဤသူများ သည် မာန်မာနနှင့် မိမိကိုယ်ကို အထင်ကြီး ဘဝင်မြင့်မှုများမှ ကင်းရှင်းလျက် နမာဇ် စသော 'အေဗာဒသ်' များတွင်လည်း ရိုကျိုးမှုနှင့် ကျိုးငဲ့နှိမ့်ချမှုများသည် ၎င်းတို့၏ အမှုအကျင့်များပင် ဖြစ်ပေသည်။)

ထို့ပြင် အလှူဒါနပြုကြကုန်သော အမျိုးသားများသည်လည်းကောင်း၊ အလှူဒါနပြုကြကုန်သော အမျိုးသမီးများသည်လည်းကောင်း (ဤနေရာတွင် 'ဇကားသ်'နှင့် 'နဖိလ်ဆွဒ်ကာဟ်'အားလုံး အကျုံး ဝင်သည်။) ထို့ပြင် ဥပုသ်သီလ ဆောက်တည်ကြကုန်သော အမျိုးသားများသည်လည်းကောင်း၊ ဥပုသ် သီလ ဆောက်တည်ကြကုန်သော အမျိုးသမီးများသည်လည်းကောင်း၊ ထို့ပြင် မိမိတို့၏ အရှက်အင်္ဂါများ ကို စောင့်ထိန်းကြကုန်သော အမျိုးသားများသည်လည်းကောင်း၊ မိမိတို့၏ အရှက်အင်္ဂါများကို စောင့်ထိန်း ကြကုန်သော အမျိုးသမီးများသည်လည်းကောင်း။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်အား များမြောင်စွာ သတိရ တသကြကုန်သော အမျိုးသားများသည်လည်းကောင်း၊ သတိရတကြကုန်သော အမျိုးသမီးများသည် လည်းကောင်း၊ ('ဖွရဇ်'တာဝန်ဖြစ်သော သတိရတသမှုများအပြင် အပို 'နဖိလ်'သတိရတသမှုကိုလည်း ပြုကြသူများကို ဆိုလိုသည်။) ထိုသူအားလုံးအတွက် အလ္လာဟ်အသျှင်မြတ်သည် 'မဂ်ဖိရသ်'၏ လွတ်ငြိမ်း ချမ်းသာခွင့်နှင့် ကြီးကျယ်လှစွာသော အကျိုးကို အသင့်ပြုလုပ် စီမံထားတော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

ကုရ်အာန်၏ ဦးတည်မိန့်ကြားမှုများသည် အမျိုးသားများအပေါ်၌ ဖြစ်ပြီး အမျိုးသမီးများသည်လည်း ဤမိန့်ကြားမှု၌ ပါဝင်ရခြင်း၏ လျှို့ဝှက်ချက်

ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်တော်များတွင် စင်စစ် အမျိုးသား၊ အမျိုးသမီးနှစ်ဦးစလုံး ပါဝင်သည်။ သို့ရာတွင် များသောအားဖြင့် ဦးတည်မိန့်ကြားခြင်းသည် အမျိုးသားများအပေါ်၌သာဖြစ်ပြီး အမျိုးသမီးတို့သည် အမျိုးသားများ၏ နောက်လိုက်အဖြစ်ဖြင့် ထိုမိန့်ကြားခြင်း၌ ပါဝင်လေသည်။ နေရာတိုင်းတွင်

يَاَيُّهَا الَّذِيْنَ اٰمَنُوْا

ဟု မိန့်ကြားလျက် အမျိုးသမီးများသည်လည်း အမျိုးသားများ၏ နောက်လိုက်အဖြစ် မိန့်ကြားခြင်းခံရလေသည်။ ဤနေရာမှ အမျိုးသမီးတို့၏ ကိစ္စရပ်အားလုံးတို့ကို အကာအကွယ်နှင့် လုံခြုံစွာ ဖုံးအုပ်ထားရမည့်အပေါ် ညွှန်းဆိုထားခြင်းဖြစ်သည်။ ဤသို့ ပြုကျင့်စေခြင်းသည်သာ အမျိုးသမီးတို့၏ ဂုဏ်သိက္ခာပင် ဖြစ်ပေသည်။ အထူးသဖြင့် ကုရ်အာန်ကျမ်းတော်မြတ်တစ်စောင်လုံးတွင် သေချာကျနစွာ ကြည့်မည်ဆိုလျှင် ဟဇရတ်မရ်ယမ် ဗင်န်သေ့ အင်မ်ရားန်မှအပ မည်သည့်အမျိုးသမီး၏ အမည်မျှ မဖော်ပြထားသည်ကို တွေ့ရှိရပေမည်။ ထိုမျှမက ဖော်ပြထားလျှင်ပင် အမျိုးသားများနှင့် နွယ်ဆက်၍

امرأة نوح — امرأة فرعون

(ဟဇရတ်နူးဟ် ﷺ ၏ ဇနီး၊ ဖိရ်အောင်န်၏ ဇနီး) ဟူသော စာလုံးများဖြင့်သာ ဖော်ပြသုံးနှုန်းထားသည်။ ဟဇရတ်မရ်ယမ်၏ အမည်ကို အထူးတလည် တင်ပြရခြင်းမှာ ဟဇရတ်အီစာ ﷺ နှင့် စပ်လျဉ်း၍ ဖခင်တစ်ဦးဦးဘက်သို့ ဆက်နွယ်၍ တင်ပြရန် မဖြစ်နိုင်သောကြောင့် မိခင်ဘက်သို့ ဆက်နွယ်၍ တင်ပြလိုက်ရခြင်း ဖြစ်ပေမည်။ ထိုသို့ ဆက်နွယ်၍ တင်ပြရန်အတွက်ပင် သူမ၏ အမည်ကို ဖော်ပြခဲ့ခြင်း ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ဤသုံးနှုန်းမှုသည် အမှန်စင်စစ် ကြီးကျယ်လှစွာသော လျှို့ဝှက်ချက်နှင့် ကောင်းမြတ်သော ရည်ရွယ်ချက်အပေါ် အခြေခံခြင်း ဖြစ်သည်။ သို့ရာတွင် အမျိုးသမီးများအဖို့ ဤအကြောင်းကို အာရုံရောက်ပြီး စိတ်အားငယ်ရခြင်းမှာ သဘာဝအလျောက်သာ ဖြစ်သည်။ ထို့ကြောင့် ဟဒီးစ်ကျမ်းကြီးများရှိ ဆင့်ပြန်ချက် များစွာတို့တွင် အမျိုးသမီးများသည် တမန်တော်မြတ် ﷺ ထံတော်၌ လျှောက်ထားတင်ပြကြသည်မှာ 'ကျွန်မတို့၏ အမြင်အရ အလ္လာဟ်အသျှင်မြတ်သည် နေရာတိုင်းတွင် အမျိုးသားတို့ကိုသာ ဖော်ပြပြီး ကုရ်အာန်ကျမ်း၌ မိန့်ကြားတော်မူလေ့ ရှိပါသည်။ ၎င်းတို့ကိုပင် ဦးတည်၍ မိန့်ကြားတော်မူပါသည်။ ထိုအချက်အားဖြင့် သိရှိရသည်မှာ ကျွန်မတို့ အမျိုးသမီးများတွင် မည်သည့် ကောင်းခြင်းမျှ မရှိပါ။ ကျွန်မတို့၏ 'အေဗာဒသ်'များကိုလည်း လက်ခံတော်မမူခြင်း ပြုမည်ကို စိုးကြောက်နေရပါသည်'ဟု ဖြစ်သည်။ *[ဗဂဝီသခင်က ကြင်ယာတော်များထံမှ ဆင့်ပြန်ခဲ့သည်။]*

ထို့ပြင် သိရ်မေဇီကျမ်းတွင် ဟဇရက်အွန်းမေ့အမ္မာရက်အန်ဆွာရီယဟ် ﷺ သခင်မထံမှလည်းကောင်း၊ အချို့ဆင့်ပြန်ချက်များတွင် ဟဇရက်အတ်စ်မာအ်ဗင်န်သေ့ အုမိုင်းစ် ﷺ သခင်မထံမှလည်း ကောင်း ဤနည်းအတိုင်း လျှောက်ထားတင်ပြခဲ့ကြောင်း ဆင့်ပြန်ချက်များစွာ လာရှိသည်။ ထိုဆင့်ပြန် ချက်အားလုံးတွင် 'ဖော်ပြပါအာယသ်တော် ကျရောက်လာရသည့် အကြောင်းရင်းသည် ဤလျှောက်ထား တင်ပြချက်ပင် ဖြစ်ကြောင်း သတ်မှတ်ထားသည်'ဟု လာရှိထားသည်။

ဖော်ပြပါအာယသ်တော်တွင် အမျိုးသမီးများအတွက် စိတ်ဖြေနိုင်ရန်နှင့် ၄င်းတို့၏ ကျင့်စဉ်ကျင့်ရပ်များ လက်ခံသည့်အကြောင်း အထူးတင်ပြ၍ မိန့်ကြားထားသည်။ ထိုမိန့်ကြားချက်တွင် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးတွင် လက်ခံခြင်းနှင့် ထူးမြတ်ခြင်း၏ မူတည်ချက်မှာ ကောင်းမှုကိုယ်ကျင့်တရားများနှင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို နာခံခြင်းများပင် ဖြစ်သည်။ ထိုအချက်တွင် အမျိုးသား၊ အမျိုးသမီးဟူ၍ ခွဲခြားထားခြင်း မရှိကြောင်း တင်ပြထားသည်။

အလ္လာဟ်အသျှင်မြတ်အား များပြောင်စွာ သတိရ တသရန် အမိန့်တော်နှင့် ထိုအမိန့်တော် သတ်မှတ်ရခြင်း၏ အမြော်အမြင်

အစ္စလာမ်သာသနာတော်တွင် 'အေဗာဒသ်'ခဝပ်ကိုးကွယ်မှု (၅) မျိုး ရှိသည်။ 'နမာဇ်၊ ရိုဇာဟ်၊ ဇကားသ်၊ ဟဂ်ျ' နှင့် 'ဂျိဟားဒ်' တို့ ဖြစ်သည်။ သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်တစ်စောင်လုံးတွင် ဖော်ပြပါ 'အေဗာဒသ်'များအနက် မည်သည့် 'အေဗာဒသ်'ကိုမျှ များပြောင်စွာ ပြုလုပ်ကြဟူ၍ အမိန့်ပေးထားခြင်း မရှိပေ။ သို့သော် 'ဇိကရ်ရုလ္လာဟ်' (အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်း) နှင့် စပ်လျဉ်း၍မူ များပြောင်စွာ ပြုလုပ်ရန် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များစွာတို့၌ အမိန့်ပေးထားသည်။ စူရာဟ်အန်ဖားလ်နှင့် စူရာဟ်ဂျုမုအဟ်တို့တွင်လည်းကောင်း၊ ဤစူရာဟ်၌လည်းကောင်း

وَالذّٰكِرِيْنَ اللّٰهَ كَثِيْرًا وَّالذّٰكِرٰتِ

ဟူ၍ မိန့်ကြားတော်မူထားသည်။

(၁) 'ဇိကရ်ရုလ္လာဟ်' (အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်းတည်း) ဟူသော 'အေဗာဒသ်'သည် 'အေဗာဒသ်'အားလုံးတို့၏ အဓိကဝိညာဉ်ဖြစ်သည်။ ဟဇရက်မအားဇ်ဗင်န်အနက်စ် ﷺ ၏ ဆင့်ပြန်ချက်တွင် လာရှိသည်မှာ 'ပုဂ္ဂိုလ်တစ်ဦးသည် တမန်တော်မြတ် ﷺ အား လျှောက်ထားမေးမြန်းသည်မှာ 'မုဂျာဟိဒ်'များအနက် အကျိုးကုသိုလ်အများဆုံး ရရှိသူမှာ မည်သို့သောသူ ဖြစ်ပါသနည်း။' ကိုယ်တော်မြတ် ﷺ က 'ဇိကရ်ရုလ္လာဟ် (အလ္လာဟ်အသျှင်မြတ်အား တသမှု) အများဆုံးပြုသူ ဖြစ်သည်'ဟု မိန့်ကြားလေသည်။ တစ်ဖန် 'ရိုဇာဟ်စောင့်ထိန်းသူများအနက် မည်သူ၏ အကျိုးကုသိုလ်သည် အများဆုံးဖြစ်ပါသနည်း'ဟု လျှောက်ထားမေးမြန်းပြန်ရာ ကိုယ်တော်မြတ် ﷺ က အားလုံးထက် ပို၍ အလ္လာဟ်အသျှင်

မြတ်အား သတိရတသသူပင် ဖြစ်သည်'ဟု မိန့်ကြားတော်မူလေသည်။ တစ်ဖန် ဤအတိုင်းပင် 'နမာဇ်၊ ဇကားသ်၊ ဟဂျ်၊ ဆွဒ်ကာဟ်'များနှင့် စပ်လျဉ်း၍ မေးခွန်းများ မေးမြန်းလျှောက်ထားလေရာ မေးခွန်းတိုင်းတွင် ကိုယ်တော်မြတ် ﷺ က 'အလ္လာဟ်အသျှင်မြတ်အား သတိရတသမှုပြုသူသည်သာ အကျိုးကုသိုလ်များစွာ ထိုက်သက်သူဖြစ်သည်'ဟု မိန့်ကြားတော်မူသည်။ *[အိဗ်နေကဆီးရ်ကျမ်း]*

(၂) ထို 'ဇိကရ်ရုလ္လာဟ်' (အလ္လာဟ်အသျှင်မြတ်အား သတိရတသ)ခြင်းသည် 'အေဗာဒသ်'အားလုံးတို့တွင် အလွယ်ကူဆုံးဖြစ်သည်။ ရှရီအသ်တရားတော်သည်လည်း ထို 'ဇိကရ်ရုလ္လာဟ်'အတွက် မည်သည့်စည်းကမ်းသတ်မှတ်ချက်မျှ ပြုထားတော်မမူပေ။ 'ဝူဇူ'နှင့်သော်လည်းကောင်း၊ 'ဝူဇူ'မရှိလျှင်သော်လည်းကောင်း၊ လဲလျောင်းလျက်သော်လည်းကောင်း၊ ထိုင်လျက်သော်လည်းကောင်း၊ သွားလာရင်းဖြင့်လည်းကောင်း၊ အချိန်တိုင်းတွင် အလ္လာဟ်အသျှင်မြတ်အား သတိရတသမှု ပြုနိုင်သည်။ ထို 'ဇိကရ်ရုလ္လာဟ်'ပြုခြင်းသည် လူသားအား မည်သည့်အထူး ကြိုးပမ်းမှုမျှ မဖြစ်စေပါ။ အားလပ်သည့် အချိန်ကိုလည်း တောင်းဆိုခြင်းမပြုပါ။

ထို 'ဇိကရ်ရုလ္လာဟ်'၏ စူးရှသက်ရောက်မှုနှင့် အကျိုးကျေးဇူးမှာ 'ဇိကရ်ရုလ္လာဟ်'ပြုခြင်းဖြင့် လောကီရေးရာလုပ်ငန်းဆောင်တာများသည်လည်း လောကုတ္တရာရေးနှင့် 'အေဗာဒသ်'များ ဖြစ်သွားသည်။ မစားသောက်မီနှင့် စားပြီး ဖတ်ရွတ်ရသည့် ဒိုအာ၊ အိမ်ဝင်၊ အိမ်ထွက်ဒိုအာများ၊ ခရီးထွက်ခြင်း၊ လမ်းခရီး၌ရှိနေစဉ်နှင့် ခရီးမှအပြန် ဒိုအာများ၊ လုပ်ငန်းဆောင်တာများ မပြုလုပ်မီနှင့် ပြုလုပ်ပြီးချိန်များတွင် တမန်တော်မြတ် ﷺ သင်ကြားပေးတော်မူသည့် ဒိုအာများကို ဖတ်ရွတ်ခြင်းဖြင့် မွတ်စ္စလင်မ်သည် မည်သည့်အခါတွင်မျှ အလ္လာဟ်အသျှင်မြတ်အား မေ့လျော့လျက် မည်သည့်အလုပ်ကိုမျှ ပြုလုပ်မည်မဟုတ်ပေ။ ထိုသူသည် ဤ 'စွန္နသ်'၏ ဒိုအာများကို မိမိ၏ လုပ်ငန်းဆောင်တာများတွင် ဖတ်ရွတ်ပါလျှင် ၎င်း၏ လောကီရေးလုပ်ငန်းများသည်လည်း လောကုတ္တရာရေးရာများ ဖြစ်သွားပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَمَا كَانَ لِمُؤْمِنٍ وَّلَا مُؤْمِنَةٍ إِذَا قَضَى اللّٰهُ وَرَسُوْلُهٗٓ أَمْرًا أَنْ
يَّكُوْنَ لَهُمُ الْخِيَرَةُ مِنْ أَمْرِهِمْ ۗ وَمَنْ يَّعْصِ اللّٰهَ وَرَسُوْلَهٗ فَقَدْ
ضَلَّ ضَلٰلًا مُّبِيْنًا ۞

၃၃ : ၃၆ ။ ။ မည်သည့်မုအ်မင်နသက်ဝင် ယုံကြည်သူ ယောကျာ်းတစ်ဦးတစ်ယောက်၌ဖြစ်စေ၊ မည်သည့်မုအ်မင်နသက်ဝင် ယုံကြည်သူ မိန်းမတစ်ဦးတစ်ယောက်၌ဖြစ်စေ၊ အရေးကိစ္စ တစ်စုံတစ်ရာကို အလ္လာဟ်အသျှင်မြတ်သည်လည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်သည်လည်းကောင်း အမိန့်ချမှတ်တော်မူလိုက်ပါလျှင်၊ ၎င်းတို့၏ (ထို)

အရေးကိစ္စနှင့် စပ်လျဉ်း၍ ၎င်းတို့၌ ရွေးချယ်ပိုင်ခွင့်သည် (လုံးဝ) မရှိတော့ပြီ။ စင်စစ် မည်သူမဆို အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို လည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်၏ အမိန့်တော်ကိုလည်းကောင်း၊ ဖီဆန်သည်ရှိသော် ဧကန်မလွဲ ထိုသူသည် ထင်ရှားလှစွာသော လမ်းလွဲခြင်းသို့ ရောက်ရှိခဲ့ချေပြီ။

وَإِذْ تَقُولُ لِلَّذِيٓ أَنْعَمَ ٱللَّهُ عَلَيْهِ وَأَنْعَمْتَ عَلَيْهِ أَمْسِكْ
عَلَيْكَ زَوْجَكَ وَٱتَّقِ ٱللَّهَ وَتُخْفِي فِي نَفْسِكَ مَا ٱللَّهُ مُبْدِيهِ
وَتَخْشَى ٱلنَّاسَ وَٱللَّهُ أَحَقُّ أَن تَخْشَىٰهُ فَلَمَّا قَضَىٰ زَيْدٌ مِّنْهَا وَطَرًا
زَوَّجْنَٰكَهَا لِكَيْ لَا يَكُونَ عَلَى ٱلْمُؤْمِنِينَ حَرَجٌ فِيٓ أَزْوَٰجِ أَدْعِيَآئِهِمْ
إِذَا قَضَوْا۟ مِنْهُنَّ وَطَرًا وَكَانَ أَمْرُ ٱللَّهِ مَفْعُولًا ﴿٣٧﴾

၃၃ : ၃၇ ။ ။ ၎င်းပြင် (အို၊ နဗီတမန်တော်၊ ပြန်လည်၍ သတိရပါလေ။) အကြင်အခါဝယ် အလ္လာဟ်အသျှင်မြတ်သည်လည်းကောင်း၊ အသင်ကိုယ်တိုင်သည်လည်းကောင်း ကျေးဇူးပြုခဲ့သောသူအား၊ အသင် (မိုဟမ္မဒ်) က (သာဝကကြီး ဇိုက်ဒ်အား) 'အသင်သည် မိမိ၏ ဇနီးကို (ကွာရှင်းခြင်းမပြုဘဲ) မိမိ၏ ထံ၌ပင် (တရားဝင်ဇနီးအဖြစ်) ထားရှိပါလေ။ ၎င်းပြင် အသင်သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ပါလေ' ဟု ပြောဆိုဆုံးမလျက် ရှိခဲ့၏။ ထို့ပြင် အသင် (မိုဟမ္မဒ်) သည် မိမိ၏ စိတ်တွင်းဝယ် အကြင် (ဇိုက်ဒ်၏ ဇနီး၊ ဇိုင်နပ်အား နှစ်သိမ့်စေရန် မိမိကိုယ်တိုင် ထိမ်းမြားခြင်း) ကိစ္စကို လျှို့ဝှက်ဖုံးအုပ်၍ ထားလေ၏။ အလ္လာဟ်အသျှင်မြတ်သည် ထိုကိစ္စကို (နောက်ဆုံးတွင်) ထင်ရှားစေတော်မူမည်သာ ဖြစ်သည်။ ထို့ပြင် အသင်သည် လူတို့အား (မိမိမွေးစားသား၏ ဇနီးနှင့် ထိမ်းမြားသည်ဟု ကဲ့ရဲ့ ပြစ်တင်ကြမည်ကို) စိုးရိမ်လျက်ရှိခဲ့၏။ စင်စစ် အသင်သည် အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ပိုမိုစိုးရိမ်ထိုက်၏။ ထို့နောက် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့၌ ၎င်းတို့၏ မွေးစားသားများ၏ ဇနီးမိန်းမများနှင့် ပတ်သက်၍ ထိုမွေးစားသားများသည် ၎င်း (၏ ဇနီး) တို့အား အလိုမရှိတော့သည့်အခါ၊ တစ်စုံတစ်ရာ ကျပ်တည်းမှုမရှိရန်၊ ဇိုက်ဒ်သည် ထို (ဇိုင်နပ်) မိန်းမများအား အလိုမရှိတော့သည့်အခါ၊ ငါအသျှင်မြတ်သည် အသင့်အား ထို (ဇိုင်နပ်) မိန်းမနှင့် ထိမ်းမြား၍ ပေးတော်မူခဲ့၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်သည် ပြီးမြောက် အောင်မြင်မည်သာ ဖြစ်၏။

مَّا كَانَ عَلَى ٱلنَّبِيِّ مِنْ حَرَجٍ فِيمَا فَرَضَ ٱللَّهُ لَهُۥ
سُنَّةَ ٱللَّهِ فِي ٱلَّذِينَ خَلَوْا۟ مِن قَبْلُ وَكَانَ أَمْرُ ٱللَّهِ قَدَرًا مَّقْدُورًا ﴿٣٨﴾

၃၃ : ၃၈ ။ ။ အလ္လာဟ်အသျှင်မြတ်သည် နဗီတမန်တော်မြတ်အပေါ်၌ သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့သော ကိစ္စနှင့် စပ်လျဉ်း၍ (ဆောင်ရွက်တော်မူသည်အတွက်) ထိုနဗီတမန်တော်မြတ်အပေါ်၌ မည်သို့မျှ အပြစ်တင်ခြင်း မရှိပေ။ (ဤသည်)

ရှေးယခင်က လွန်ခဲ့ကြသောသူ (တမန်တော်) တို့နှင့် ပတ်သက်သည့် အလ္လာဟ်အသျှင်မြတ်၏ စည်းကမ်းအတိုင်းပင် ဖြစ်၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်သည် ကောင်းမွန်စွာ စီမံပြီးသား ဖြစ်ပေသည်။

ٱلَّذِينَ يُبَلِّغُونَ رِسَٰلَٰتِ ٱللَّهِ وَيَخۡشَوۡنَهُۥ وَلَا يَخۡشَوۡنَ أَحَدًا إِلَّا
ٱللَّهَۗ وَكَفَىٰ بِٱللَّهِ حَسِيبٗا ٣٩

၃၃ : ၃၉ ။ ။ (ထိုသူတို့သည်) အကြင်သူများပင် (ဖြစ်၏။) ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ မိန့်မှာချက်များကို (တိကျမှန်ကန်စွာ) ပို့ဆောင်ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ကြောက်ရွံ့ကြကုန်၏။ အလ္လာဟ်အသျှင်မြတ်အပြင် မည်သူတစ်ဦးတစ်ယောက်ကိုမျှပင် ကြောက်ရွံ့ကြသည် မဟုတ်ပေ။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည်ပင် စောကြောစစ်ဆေးတော်မူမည့် အသျှင်မြတ်အဖြစ် လုံလောက်တော်မူ၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မည်သည့်မုအ်မင်န်အမျိုးသားဖြစ်စေ၊ မည်သည့်မုအ်မင်န်အမျိုးသမီးဖြစ်စေ၊ အလ္လာဟ်နှင့် အလ္လာဟ့် ရစူလ်တမန်တော်က (လောကီရေးကိစ္စပင်ဖြစ်လင့်ကစား၊ 'ဝါဂျိဗ်'အရေးကြီးသော အဆင့်ဖြင့်) အမိန့်ချမှတ်တော်မူလိုက်ပါလျှင် ထို (သက်ဝင်ယုံကြည်) သူတို့အဖို့ ၎င်းတို့၏ ထိုအရေးကိစ္စတွင် မည်သည့် ရွေးချယ်ပိုင်ခွင့်မျှ မရှိတော့ပေ။ (ဆိုလိုသည်မှာ ပြုလုပ်လိုလျှင် ပြုလုပ်၍ မပြုလုပ်လိုလျှင် မပြုလုပ်ဘဲ နေပိုင်ခွင့်၊ ရွေးချယ်ပိုင်ခွင့် မရှိတော့ဘဲ လိုက်နာကျင့်သုံးရန်သာ 'ဝါဂျိဗ်'ဖြစ်သွားပေသည်။ ထို့ပြင် မည်သူမဆို (ထို 'ဝါဂျိဗ်'၏ အမိန့်တော် ရောက်ရှိလာပြီးနောက်) အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ တမန်တော်တို့၏ အမိန့်တော်များကို ဖီဆန်ပါလျှင် မုချဧကန် ထိုသူသည် ထင်ရှားစွာသော လမ်းမှားခြင်း၌ ရောက်ရှိသွားခဲ့ပေပြီ။

၎င်းအပြင် (အို၊ နဗီတမန်တော်) အသင်သည် (နားလည်ရန် ရှင်းပြခြင်းနှင့် အကြံဉာဏ်ပေးခြင်း ပုံစံဖြင့်) ထိုသူ့အပေါ် ပြောကြားခဲ့သည်ကို သတိရပါလေ။ အကြင်သူအပေါ်၌ အလ္လာဟ်အသျှင်မြတ်သည်လည်း ကျေးဇူးတော်များ ပြုတော်မူခဲ့သည်။ (သာသနာရေးရာအရ အစ္စလာမ်သာသနာကို ချီးမြှင့်တော်မူခဲ့သည်။ လောကီရေးအရ ကျွန်ဘဝမှလည်း လွတ်မြောက်စေတော်မူခဲ့သည်။) အသင်ကိုယ်တိုင်သည်လည်း ကျေးဇူးပြုခဲ့သည်။ (သာသနာ့အသိပညာများ သင်ကြားပေးခဲ့သည်။ ထို့နောက် ကျွန်ဘဝမှ သူကောင်းပြုခဲ့သည်။ ထို့ပြင် အသင်၏ အဒေါ်ဖြစ်သူ၏ သမီးနှင့် 'နေကာဟ်'ပြုပေးခဲ့သည်။ ဆိုလိုသည်မှာ ဟဇရသ် ဇိုက်ဒ် ﷺ ဖြစ်သည်။ အသင်သည် ၎င်းအား) မိမိ၏ ဇနီး (ဇိုင်နဗ်) ကို မိမိ၏ ထံ၌ပင် (တရားဝင် ဇနီး အဖြစ်) ထားရှိပါလေ။ (သူမ၏ မပြောပလောက်သော မှားယွင်းမှုများကို အရေးမယူလေနှင့်။) ၎င်းပြင် (အသင်သည် ဇနီးနှင့် သဘောထားမတိုက်ဆိုင်မှုများ ဖြစ်ပေါ်လာသည့်အခါ) အလ္လာဟ်အသျှင်မြတ်အား

ကြောက်ရွံ့ပါလေ။ (ဇနီး၏ ဝတ္တရားများတွင်လည်း မပျက်ကွက်စေနှင့် (ဟု ပြောဆိုဆုံးမခဲ့သည်။ ထို့ပြင် တိုင်တန်းမှုများသည် အတိုင်းထက် ကျော်လွန်ပြီး အကောင်းဆုံးနည်းများဖြင့် ဖြောင့်ဖျပြုပြင်၍ ရရန် မျှော်လင့်ချက်မရှိတော့သည့်အခါ ၄င်းအား ဖြောင့်ဖျ ပြောဆိုနေချိန်ဝယ်၊ အို, နဗီတမန်တော်) အသင် သည် မိမိ၏ စိတ်တွင်းဝယ် လျှို့ဝှက်ဖုံးကွယ် ထားသည်ကို အလ္လာဟ်အသျှင်မြတ်သည် (နောက်ဆုံးတွင်) ဖော်ထုတ် ထင်ရှားစေတော်မူပေမည်။ (ဆိုလိုသည်မှာ ဟဇရသ်ဇိုက်ဒ်သည် သူမအား 'သွလားက်' ပေး ကွာရှင်းလိုက်သည့်အခါ သူမအား 'နေကာဟ်' ပြုရန် စိတ်ကူးထားခြင်းဖြစ်သည်။ ၄င်းကို အလ္လာဟ်အသျှင် မြတ်က زَوَّجْنَٰكَهَا ဟူ၍ မိန့်ကြားခြင်းဖြင့်လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် 'နေကာဟ်' ပြုပေး၍ လုပ်ရပ်အားဖြင့်လည်းကောင်း ထင်ရှားစေတော်မူမည်ကို ဆိုလိုခြင်းဖြစ်သည်။)

ထို့ပြင် (ထိုသတ်မှတ်ချက်၊ ရည်ရွယ်ချက်များနှင့်အတူ) အသင်သည် လူတို့ (၏ မကောင်းပြောဆိုမှု) ကို စိုးရိမ်လျက်ရှိခဲ့သည်။ (အကြောင်းမှာ ထိုအချိန်က ထို 'နေကာဟ်' တွင် သာသနာရေးဆိုင်ရာ လေးနက်သော ကောင်းခြင်းများရှိသည်ကို အတွေး၌ မပေါ်ခဲ့၍ ဖြစ်ပေမည်။ ဟဇရသ်ဇိုင်နဗ် (رضي الله عنها) ၏ လောကီရေး ကောင်းခြင်းများကိုသာ အတွေးထဲ၌ ရှိနေ၍ ဖြစ်မည်။ လောကီရေးကိစ္စတွင်မူ ထိုသို့ အတွေးများရှိခြင်း မှာ မည်သို့မျှ ပြဿနာမဟုတ်ပေ။ ထို့မျှမက အချို့သော အခြေအနေများတွင် ထိုသို့ အတွေးရှိခြင်းမှာ ကောင်းပေသည်။ စင်စစ် စောဒကတက်ခြင်းများပြုကြလျှင် ထိုသူတို့၏ သာသနာရေး၌ မကောင်းခြင်းများ ဖြစ်ပေါ်မည်ကို စိုးရိမ်လျက် ထိုသို့ မဖြစ်စေရန် ကာကွယ်ခြင်းဖြစ်သည်။) ထို့ပြင် အသင်သည် အလ္လာဟ် အသျှင်မြတ်ကို သာပို စိုးရိမ် ကြောက်ရွံ့ထိုက်ပေသည်။ (အကြောင်းမှာ ဤနေရာတွင် သာသနာရေး ကောင်းကျိုးရှိပေသည်။ ရှေ့တွင် لِكَيْ لَا يَكُونَ ဟူ၍ ဖော်ပြထားသည်။ ထို့ကြောင့် အသင်သည် ဖန်ဆင်းခံ များအား စိုးရိမ်ကြောက်ရွံ့ခြင်း မဖြစ်လေနှင့်။ သို့ဖြစ်ပေရာ တမန်တော်မြတ် ﷺ သည် သာသနာရေး ကောင်းကျိုးများရှိသည်ကို သိရှိပြီးနောက် စိုးရိမ်မှု မပြုတော့ပေ။ 'နေကာဟ်' ပြုရန် ရည်ရွယ်ရာတွင်မူ မည်သည့်အရာကို စိုးရိမ်ရပါမည်နည်း။ 'နေကာဟ်' ပြုပြီးနောက်တွင်လည်း စိုးရိမ်မှုမပြုခဲ့ပါ။ ထိုအကြောင်း ရှေ့၌ လာရှိသည်မှာ) ဇိုက်ဒ်သည် ထို ဇနီး (ဇိုက်နဗ်) အား အလိုမရှိတော့သည့်အခါ (ငါအသျှင်သည် အသင်နှင့် ထိုအမျိုးသမီးတို့ကို 'နေကာဟ်' ပြုပေးတော်မူခဲ့သည်။ ထိုသို့ပြုခြင်းဖြင့် မွတ်စ္စလင်မ်တို့တွင် မိမိတို့၏ မွေးစားသားများ၏ ဇနီးများနှင့် ('နေကာဟ်' ပြုခြင်းနှင့်) စပ်လျဉ်း၍ ထို (မွေးစားသားတို့ သည်) ဇနီးများအား အလိုမရှိတော့သည့်အခါ ('သွလားက်' ပေး၍ တရားတော်အတိုင်း ထုတ်ဖော်ဆောင်ရွက် သည့်အခါ) တစ်စုံတစ်ရာ ကျပ်တည်းမှုမရှိစေရန် ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်၏ ဤအမိန့် တော်သည် ဖြစ်မြောက်အောင်မြင်မည်သာ ဖြစ်သည်။ (အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်၏ မြော်မြင်မှု သည် ဤသည်ကိုပင် လိုလားတော်မူသောကြောင့် ဖြစ်သည်။)

ထိုနဗီတမန်တော်မြတ်အတွက် အလ္လာဟ်အသျှင်မြတ်က (လောကီရေး၌ဖြစ်စေ၊ သာသနာရေး၌ ဖြစ်စေ) သတ်မှတ်ထားတော်မူခြင်းနှင့် စပ်လျဉ်း၍ ထိုနဗီတမန်တော်အပေါ် မည်သည့်အပြစ်တင် (ရှုတ်ချ)

ခြင်းမျှ မရှိအပ်။ (ဤသည်) အလ္လာဟ်အသျှင်မြတ်က ရှေးယခင်က လွန်ခဲ့သောသူ (နဗီတမန်တော်) တို့နှင့် စပ်လျဉ်း၍လည်း ထားခဲ့သော စည်းကမ်းအတိုင်းပင် ဖြစ်သည်။ (၄င်းတို့အဖို့ ပြုပိုင်ခွင့် ရှိသည်များကို လွတ်လပ်စွာ ပြုခွင့်ပေးထားတော်မူသည်။ ထိုသို့ ပြုလုပ်ခဲ့ရာတွင် မည်သည့်ပြစ်တင် ရှုတ်ချခြင်းမျှ မခံခဲ့ရပေ။ ထိုအတိုင်းပင် ဤနဗီအပေါ်၌လည်း မည်သည့်စောဒကတက်ရန်မျှ မရှိပေ။) ထို့ပြင် (ထိုနဗီတမန်တော်များ ပြုလုပ်ခဲ့ကြသော ၄င်းလုပ်ရပ်များအားလုံးနှင့် စပ်လျဉ်း၍လည်း) အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်သည် (ကနဦးမှပင်) ကောင်းမွန်စွာ စီရင်ပြီး ဖြစ်ပေသည်။ (ထို့ပြင် ထိုအကြောင်းကိစ္စများကို ၄င်းတို့အား ပြုလုပ်ရန် အမိန့်ပေးတော်မူခဲ့၍ ၄င်းတို့သည် ထိုအမိန့်ကို နာခံ၍ ပြုလုပ်ခဲ့ကြသည်။ တမန်တော်မြတ် ﷺ ၏ အခန်းကဏ္ဍတွင် ထိုအကြောင်းအရာများကို တင်ပြခြင်း၊ တစ်ဖန် နဗီတမန်တော်တို့၏ အကြောင်းများတွင် ထိုအကြောင်းကိုသာ ထပ်ကာထပ်ကာ တင်ပြနေခြင်းတို့မှာ 'လောကီရေးကိစ္စ ဟူသရွေ့တို့၌ အလ္လာဟ်အသျှင်မြတ်၏ အမြော်အမြင် လျှို့ဝှက်ချက် ပါဝင်လျက်ရှိပြီး ကနဦးကပင် အလ္လာဟ်အသျှင်မြတ်၏ အသိရွှေဉာဏ်တော်၌ သတ်မှတ်စီရင်ပြီးဖြစ်သည့် အားလျော်စွာ နဗီတမန်တော်မြတ်အပေါ် ပြစ်တင်ရှုတ်ချမှုပြုခြင်းသည် အလ္လာဟ်အသျှင်မြတ်အား ပြစ်တင်ရှုတ်ချက်ခြင်းသာ ဖြစ်ပေမည်။ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် ရှုတ်ချတော်မူခဲ့သော အရာများမှအပ ၄င်းသည် 'သက္ကဒီးရ်' သတ်မှတ်ချက်တွင် ပါဝင်၍ အလ္လာဟ်အသျှင်မြတ်၏ အမြော်အမြင်တော်၌ ပါဝင်သော်ငြားလည်း ရှုတ်ချခံရခြင်းသည်ပင်လျှင် မကောင်းမှုများ ပါဝင်နေခြင်းအပေါ် အထောက်အထားတစ်ရပ်ဖြစ်သည်။ ဤအတွက်ကြောင့် ထိုမကောင်းခြင်းများကို ထောက်ရှု၍ ၄င်းတို့အပေါ်၌ တားမြစ်ပိတ်ပင် ပြစ်တင်ခြင်းမှာ ပိုင်ပေသည်။ ရှေ့တွင် အသင့်အား စိတ်ဖြေသိမ့်နိုင်ရန် နဗီတမန်တော်များ၏ အထူးချီးမွမ်းခန်းတစ်ရပ် လာရှိပေသည်။ ဆိုလိုသည်မှာ) ဤ (လွန်လေပြီးသော ရှေးနဗီ) အားလုံးတို့သည်' အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို ပို့ဆောင်ခဲ့ကြသည်။ (အကယ်၍ အမိန့်တော်များ ပို့ဆောင်ခြင်းသည် နှုတ်စကားဖြင့် ပို့ဆောင်ရန်ဖြစ်လျှင် နှုတ်စကားဖြင့်လည်းကောင်း၊ လုပ်ရပ်အားဖြင့် ပို့ဆောင်ရန်ဖြစ်လျှင် လုပ်ရပ်အားဖြင့်လည်းကောင်း ပို့ဆောင်ခဲ့ကြသည်။)

ထို့ပြင် (ဤကဏ္ဍတွင်) အလ္လာဟ်အသျှင်မြတ်ကိုသာ ကြောက်ရွံ့ခဲ့ကြသည်။ အလ္လာဟ်အသျှင်မြတ်မှအပ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကြောက်ရွံ့ကြသည် မဟုတ်ပေ။ (သို့ဖြစ်ပေရာ အသင်သည်လည်း 'ဤထိမ်းမြားခြင်းသည် လုပ်ရပ်အားဖြင့် 'သဗ်လီးဂ်' ပို့ချမှုဖြစ်ကြောင်းကို မသိသေးသည့်အချိန်အထိ စိုးရိမ်မှုဖြစ်ခဲ့သည်မှာ အကြောင်းမဟုတ်ပေ။ သို့ရာတွင် ယခု အသင်သည် ဤအကြောင်းကို သိရှိခဲ့ပြီးဖြစ်ရာ မည်သည့်စိုးရိမ်မှုမျှ မဖြစ်လေနှင့်။ နဗီဘွဲ့၏ တောင်းဆိုချက်အတိုင်းသာ နေပါလေ။ သို့ဖြစ်ပေရာ ဤအကြောင်း သိရှိပြီးနောက် အသင်သည် ကြောက်ရွံ့စိုးရိမ်မှု မပြုတော့ပေ။ အသင့်အဖို့ 'ရိစာလသ်'၏ 'သဗ်လီးဂ်' ပို့ချမှုပြုရာတွင် မည်သူ့ကိုမျှ ကြောက်ရွံ့ခြင်းမရှိ။ ကြောက်ရွံ့မည်ဟု မယူဆရသော အခြေအနေမျိုးလည်း မရှိပါ။ သို့တိုင်အောင် အသင့်အား နဗီတမန်တော်များ၏ ဖြစ်ရပ်များကို တင်ပြရခြင်းမှာ အသင်၏ နှလုံးသားစိတ်ဓါတ်တွင် ပို၍ ခိုင်မာမှုများ ရရှိလာစေရန်ဖြစ်သည်။) ထို့ပြင် (အသင့်အား စိတ်ဓါတ်

ပို၍ မြင့်မားစေရန် မိန့်သည်မှာ) အလ္လာဟ်အသျှင်မြတ်သည် (ကျင့်စဉ်ကျင့်ရပ်များကို) စောကြော စစ်ဆေးတော်မူရာတွင် လုံလောက်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (သို့ဖြစ်ပေရာ မည်သူ့ကိုမျှ အဘာယ်ကြောင့် စိုးရိမ်ကြောက်ရွံ့နေရမည်နည်း။ အသင့်အား ပြစ်တင်ရှုတ်ချမှု ပြုသူတို့ကိုလည်း အစားပေးတော်မူပေလိမ့်မည်။ အသင်သည် ပြစ်တင်ရှုတ်ချမှုများအပေါ် ဝမ်းနည်းသောက မဖြစ်လေနှင့်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

'စူရာဟ်အဟ်ဇာဗ်' တွင် အများဆုံး အမိန့်ပညတ်ချက်များမှာ တမန်တော်မြတ် ﷺ ၏ ကြီးမြတ်မှုနှင့် ချစ်ခင်မှုထားရန်နှင့် အပြည့်အဝ အမိန့်နာခံမှုပြုရန်လည်းကောင်း၊ (သို့) ကိုယ်တော်မြတ် ﷺ အား ဒုက္ခဖြစ်စေခြင်း၊ ထိခိုက်စေခြင်းများမှ တားမြစ်ရန်လည်းကောင်း၊ ကနဦးမှပင် အကြိမ်ကြိမ် တင်ပြခဲ့ရာ သိရှိခဲ့ပြီး ဖြစ်သည်။ ဖော်ပြပါအာယသ်တော်များသည် ဤအခန်းကဏ္ဍမှ အချို့ဖြစ်ရပ်များနှင့် စပ်လျဉ်း၍ ကျရောက်ခဲ့ ခြင်းဖြစ်သည်။

ဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့သည်မှာ ဟဇရသ်ဇိုက်ဒ်ဗင်န်ဟာရိဆဟ် ﵁ သည် လူတစ်ဦး၏ ကျွန်ဖြစ်ခဲ့သည်။ အမှောင်ခေတ်၌ တမန်တော်မြတ် ﷺ သည် ၎င်းအား 'အုကားဇ်' ဈေးမှ ဝယ်ယူခဲ့ခြင်း ဖြစ်သည်။ ဝယ်ယူစဉ်က အသက်ငယ်ရွယ်သူဖြစ်ခဲ့သည်။ ကိုယ်တော်မြတ် ﷺ သည် ၎င်းအား ဝယ်ယူပြီးသည့်နောက်တွင် သူကောင်းပြုတော်မူ၍ အာရဗ်၏ ဓလေ့ထုံးစံအတိုင်း ၎င်းအား မွေးစားသားအဖြစ် ချီးမြှင့်တော်မူခဲ့သည်။ ၎င်းအား ကျွေးမွေးစောင့်ရှောက်မှု ပြုခဲ့သည်။ မက္ကာဟ်မြို့တွင် ၎င်းအား ဇိုက်ဒ်ဗင်န်မိုဟမ္မဒ် ﷺ ဟူသော အမည်ဖြင့် ခေါ်ဝေါ်ခဲ့ကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ဤသို့ ခေါ်ဝေါ်ခြင်းကို အမှောင်ခေတ်၏ လွဲမှားသော ဓလေ့ထုံးစံအဖြစ် သတ်မှတ်၍ မွေးစားသားအား ၎င်းအား မွေးစားသူ၊ မွေးစားဖခင်၏ အမည်နှင့် တွဲ၍ ခေါ်ဝေါ်ခြင်းကို တားမြစ်ခဲ့သည်။ ထို့နောက် ထိုမွေးစားသားအား ၎င်း၏ ဖခင်အရင်း၏ အမည်နှင့်သာ တွဲခေါ်ရန် အမိန့်ပေးခဲ့သည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ ဤစူရာဟ်၏ အစပိုင်း၌ပင် လာရှိခဲ့ပြီးဖြစ်သည်။ ادْعُوهُمْ لِآبَائِهِمْ ဟူ၍ ဤအမိန့်တော် ကျရောက်လာပြီးနောက် ဆွဟာဗာများသည် ၎င်းအား ဇိုက်ဒ်ဗင်န်မိုဟမ္မဒ် ﷺ ဟု ခေါ်ဝေါ်ခြင်းကို စွန့်လွှတ်၍ ၎င်းအား ၎င်း၏ ဖခင် ဟာရိဆဟ်နှင့်သာ တွဲ၍ ခေါ်ဝေါ်ကြလေတော့သည်။

ထူးခြားဖွယ်ဖြစ်ရပ်

ကုရ်အာန်ကျမ်းတော်မြတ်တွင် နဗီတမန်တော်များမှအပ ကြီးမားကျော်ကြားသော ဆွဟာဗာများ၏ အမည်များပင် ဖော်ပြခြင်းမရှိပေ။ သို့ရာတွင် ဟဇရသ်ဇိုက်ဒ်ဗင်န်ဟာရိဆဟ် ﵁ ၏ အမည်ကို ဖော်ပြထားသည်။

ထိုသို့ ဖော်ပြရသည့် အမြော်အမြင်ကို အချို့ပညာရှင်များက တင်ပြကြသည်မှာ ဟဇရသ်ဇိုင်ဒ် ﷺ ၏ ဖခင်အဖြစ် ပတ်သက်ဆက်နွယ်မှုကို တမန်တော်မြတ် ﷺ နှင့် တွဲ၍ ခေါ်ဝေါ်နေခြင်းအား ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်ဖြင့် ပယ်ဖျက် ဖြတ်တောက်လိုက်သည့်အခါ ၄င်းအဖို့ အလွန်ကြီးမားသော ထူးမြတ်မှုဂုဏ်ပုဒ်တစ်ခုကို ဆုံးရှုံးသွားရတော့သည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုဆုံးရှုံးမှုအား အစားပေးခြင်းအဖြစ် ၄င်း၏ အမည်ကို ကုရ်အာန်ကျမ်းတော်မြတ်၌ ထည့်သွင်း ဖော်ပြပေးတော်မူလိုက်သည်။ ထို့ပြင် **زيد** ဟူသော စာလုံးသည် ကုရ်အာန်ကျမ်းတော်မြတ်၏ စာလုံးတစ်လုံးဖြစ်ခြင်းကြောင့် ၄င်းစာလုံး၏ အက္ခရာတိုင်းအပေါ် 'ဟဒီးစ်တော်မှ ကတိတော်နှင့်အညီ' ကောင်းမှု (၁၀) ခုကို မှတ်တမ်းစာအုပ်တွင် ရေးမှတ်ခြင်း ခံရပေမည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ၄င်း၏ အမည်ကို ဖတ်ရွတ်သည့်အခါ ဖတ်ရွတ်ခြင်းအပေါ်၌ ကောင်းမှု (၃၀) ရရှိပေသည်။

တမန်တော်မြတ် ﷺ သည်ပင် ၄င်းအား ဂုဏ်ပေးတော်မူခဲ့သည်။ ဟဇရသ်အာအေရှာဟ် ﷺ သခင်မက မိန့်သည်မှာ 'တမန်တော်မြတ် ﷺ သည် စစ်တပ်တစ်ခုနှင့်အတူ ၄င်းအားလည်း စေလွှတ်တော်မူပါလျှင် ၄င်းအား စစ်တပ်၏ ဗိုလ်အဖြစ် ခန့်အပ်တော်မူလေ့ ရှိသည်။' *[အိဗ်နေကဆီးရ်ကျမ်း]*

မှတ်ချက် ။ ။ ဤသည် အစ္စလာမ်သာသနာ၏ ကျွန်စနစ်၏ သရုပ်မှန်ကို ဖော်ပြခြင်းဖြစ်သည်။ 'ကျွန်ဖြစ်ခဲ့သူတစ်ဦးအား သင်ကြားပေးမှုများ အသိအလိမ္မာများ သင်ကြားပေးခြင်းများဖြင့် ပြည့်ဝသော အရည်အချင်း ရရှိလာသည့်အခါတွင် ခေါင်းဆောင်အဆင့်သို့ ပေးအပ်ခဲ့သည်'ကို တွေ့မြင်နိုင်ပေသည်။

ဇိုက်ဒ်ဗင်န်ဟာရိဆဟ် ﷺ သည် လူလားမြောက်၍ အရွယ်ရောက်လာသောအခါ တမန်တော်မြတ် ﷺ သည် ၄င်း၏ 'နေကာဟ်'အတွက် မိမိအဒေါ်၏ သမီးဖြစ်သူ ဟဇရသ်ဇိုင်နဗ်ဗင်န်သေ့ဂျဟ်ရှ် ﷺ သခင်မနှင့် ပြုပေးရန် ရွေးချယ်လျက် 'နေကာဟ်'၏ သတင်းပို့လိုက်သည်။ ဟဇရသ်ဇိုက်ဒ်သည် သူကောင်းပြုခံရသည့် ကျွန်တစ်ဦးဖြစ်ကြောင်းမှာ လူအများ သိထားသည့် ပြစ်ချက်တစ်ခု ဖြစ်သည်။ သို့ဖြစ်ပေရာ ဟဇရသ်ဇိုင်နဗ် ﷺ နှင့် သူမ၏ အစ်ကို အဗ်ဒုလ္လာဟ်ဗင်န်ဂျဟ်ရှ် ﷺ တို့က 'ကျွန်ုပ်တို့သည် မျိုးနွယ်အားဖြင့် ၄င်းထက် ပိုမို ထူးမြတ်ပါသည်' ဟု ပြောဆိုလျက် ထိုထိမ်းမြားရန် ကမ်းလှမ်းခြင်းကို ငြင်းဆိုခဲ့ကြသည်။

ဤဖြစ်ရပ်အပေါ်

مَاكَانَ لِمُؤْمِنٍ وَلَامُؤْمِنَةٍ

ဟူသော အာယသ်တော် ကျရောက်လာခဲ့သည်။ ဤအာယသ်တော်၌ လမ်းညွှန်မိန့်ကြားသည်မှာ တမန်တော်မြတ် ﷺ သည် တစ်စုံတစ်ဦးအား တစ်စုံတစ်ရာကိစ္စကို ပြုလုပ်ရန် 'ဝါဂျိဗ်'အဆင့်ဖြင့် မိန့်ကြားပါလျှင် ထိုသူသည် ထိုကိစ္စကို ပြုလုပ်ရန် 'ဝါဂျိဗ်'ဖြစ်သွားသည်။ ထိုအလုပ်ကို မပြုလုပ်ဘဲနေရန် တရားတော်အရ အခွင့်မရှိတော့ပေ။ စင်စစ် ထိုအလုပ်သည် ရှရီအသ်တရားတော်အရ 'ဝါဂျိဗ်'နှင့် အရေးကြီးသော

အလုပ်မဟုတ်သည့်တိုင် ကိုယ်တော်မြတ် ﷺ က ပြုလုပ်ရန် အမိန့်ပေးတော်မူလိုက်သည်ဖြစ်ရာ ထိုသူ့အဖို့ ထိုအလုပ်ကို ပြုလုပ်ရန် 'ဝါဂျိဗ်'ဖြစ်သွားပေတော့သည်။ အကယ်၍ ထိုအလုပ်ကို မပြုလုပ်ဟုဆိုလျှင် နောက်ဆုံးအာယသ်တော်၌ 'ထိုသူ့အဖို့ ထင်ရှားသော လမ်းမှားခြင်းပင် ဖြစ်သည်'ဟူ၍ မိန့်ကြားထားသည်။

ဤအာယသ်တော်အား ဇိုင်နဗ်ဗင်န်သေ့ဂျဟာရှ် ﷺ နှင့် သူမ၏ အစ်ကိုဖြစ်သူတို့ ကြားရသောအခါ မိမိတို့၏ ငြင်းဆိုမှုကို ရုပ်သိမ်းလိုက်ကြသည်။ ထို့နောက် 'နေကာဟ်'ပြုရန် သဘောတူလိုက်ကြသည်။ ဤသို့ဖြင့် 'နေကာဟ်'ပြုခဲ့လေသည်။ ၎င်း၏ 'မဟရ်'ကို တမန်တော်မြတ် ﷺ ဘက်မှ ပေးဆောင်ခဲ့သည်။ 'မဟရ်'မှာ ဒီနားရ်ရွှေဒင်္ဂါး အနီ (၁၀)၊ (ထိုရွှေဒင်္ဂါးအနီ ၁၀ မှာ အနည်းဆုံး ရွှေ (၄) တိုလာခန့် ရှိသည်) နှင့် ဒိရ်ဟမ်ငွေဒင်္ဂါး (၆၀) (၎င်းမှာ ငွေသား ၁၈ တိုလာခန့် ရှိသည်။) ထို့နောက် ဝန်စည် စလွယ် သယ်ဆောင်သည့် သတ္တဝါတစ်ကောင်၊ အမျိုးသမီးဝတ်စုံအပြည့် တစ်စုံ၊ ထို့နောက် မွဒ် (၅၀) ရှိသော ဂျုံ၊ (ထိုအလေးချိန်မှာ ၂၅ စိုက်ရ် ရှိသည်။) ထို့နောက် ၁၀ မွဒ်ရှိသော စွန်ပလွံသီး (ဤသည်မှာ ၅ စိုက်ရ်နှင့် ညီမျှသော အလေးချိန် ရှိသည်) တို့ဖြစ်သည်။ *[အိဗ်နေကဆီးရ်ကျမ်း]*

ဤအာယသ်တော်ကျရောက်လာခြင်း၏ အကြောင်းခံဖြစ်သည့် ဖြစ်ရပ်မှာ အဖွင့်ပညာရှင် အများစု တို့ထံတွင် ဟဇရသ်ဇိုက်ဒ် ﷺ နှင့် ဟဇရသ်ဇိုင်နဗ်ဗင်န်သေ့ဂျဟာရှ် ﷺ တို့၏ 'နေကာဟ်'ပြုသော ဖြစ်ရပ်ပင် ဖြစ်ပေသည်။ *[အိဗ်နေကဆီးရ်ကျမ်း]*

အိဗ်နေကဆီးရ် စသော အဖွင့်ပညာရှင်တို့သည် ဤဖြစ်ရပ်နှင့် အလားတူ အခြားဖြစ်ရပ်နှစ်ခုကို လည်း တင်ပြခဲ့ကြသည်။ ထိုတင်ပြချက်တွင် ဖော်ပြပါအာယသ်တော်သည် ၎င်းဖြစ်ရပ်များနှင့် စပ်လျဉ်း၍ ကျရောက်ခဲ့သည်ဟု ဖော်ပြထားသည်။ ၎င်းတို့အနက်မှ ဖြစ်ရပ်တစ်ခုမှာ ဟဇရသ်ဂျုလိုင်ဗီးဗ် ﷺ ၏ ဖြစ်ရပ်ပင် ဖြစ်သည်။ ၎င်း၏ 'နေကာဟ်'ကို အန်ဆွာရီဆွဟာဗာတစ်ဦး၏ သမီးနှင့် ပြုလိုသော်လည်း ထိုအန်ဆွာရီဆွဟာဗာနှင့် ၎င်း၏ အိမ်သူအိမ်သားများက ငြင်းဆိုခဲ့ကြသည်။ ဤသို့ဖြင့် ဤအာယသ်တော် ကျရောက်လာသည့်အခါ အားလုံးက သဘောတူသွားကြသည်။ ထို့နောက် 'နေကာဟ်' ပြုပေးလိုက်ကြသည်။ တမန်တော်မြတ် ﷺ သည် ၎င်းအတွက် ရိဇ်ဂ်ကွာ ချောင်လည်စေရန် ဒုအာပြုပေးတော်မူခဲ့သည်။ ဆွဟာဗာ တို့က ပြောဆိုကြသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏အိမ်တွင် မဒီနာ၏ အိမ်များအနက် အတောက် ပြောင်ဆုံးနှင့် သုံးစရိတ်အများဆုံးအဖြစ် 'ဗရ်ကသ်'တိုးပွားမှု မင်္ဂလာတော်များကို ချီးမြှင့်တော်မူခဲ့သည်။ နောက်ပိုင်းတွင် ဟဇရသ်ဂျုလိုင်ဗီးဗ် ﷺ သည် 'ဂျိဟားဒ်'စစ်ပွဲတစ်ခု၌ 'ရှဟီးဒ်'ဖြစ်သွားလေသည်။ တမန် တော်မြတ် ﷺ သည် ၎င်းအတွက် ကဖန်ဝတ်ဆင်ပေးခြင်းနှင့် 'ဒဖန်'ပြုခြင်းတို့ကို မိမိ၏ လက်တော်ဖြင့် ပင် ပြုပေးတော်မူခဲ့သည်။

အလားတူဖြစ်ရပ်တစ်ခုသည် ဟဒီးစ်ဆင့်ပြန်ချက်များတွင် အွန်းမေ့ကွလ်ဆူးမ်ဗင်န်သေ့ အွက္ကဗဟ် ဗင်န်မုအီးသွ် ﷺ နှင့် စပ်လျဉ်း၍လည်း လာရှိပေသည်။ *[အိဗ်နေကဆီးရ်၊ ကုရ်သုဗီး]*

ထိုဖြစ်ရပ်များတွင် ဖြစ်ရပ်တစ်ခုနှင့်တစ်ခု ဆန့်ကျင်ခြင်းမရှိပေ။ ဤကဲ့သို့သော ဖြစ်ရပ်များစွာတို့ သည် ဤအာယသ်တော် ကျရောက်လာသည့်အကြောင်းခံ ဖြစ်ခဲ့သည်လည်း ဖြစ်နိုင်သည်။

'နေကာဟ်'တွင် မျိုးနွယ်၏ အဆင့်ကို ထောက်ရှုရန် အမိန့်နှင့် အဆင့်အတန်း

ဖော်ပြပါ 'နေကာဟ်'နှင့်စပ်လျဉ်း၍ ဟဇရတ်ဇိုင်နဗ်ဗင်န်သေ့ဂျဟ်ရှ် ﷺ နှင့် သူမ၏အစ်ကို အဗ်ဒွလ္လာဟ် ﷺ တို့သည် ဇိုက်ဒ်ဗင်န်ဟာရိဆဟ် ﷺ နှင့် ပြုရမည့် 'နေကာဟ်'ကို အစကနဦးတွင် မလိုလားခဲ့ကြပေ။ အကြောင်းမှာ နှစ်ဦးနှစ်ဖက်တွင် သွေးမျိုးအစဉ်အဆက်၏ အဆင့်အတန်း မတူညီမှုကြောင့် ဖြစ်သည်။ ဤအကြောင်းခံသည် ရှရီအသ်တရားတော်ကိုယ်တိုင်ကပင် လိုလားသော အကြောင်းခံဖြစ်သည်။ ထို့ပြင် တမန်တော်မြတ် ﷺ က မိန့်သည်မှာ 'အမျိုးသမီးများ၏ 'နေကာဟ်'ကို သူမတို့၏ အဆင့်တူဖြင့် ပြုပေးရမည်'ဟု ဖြစ်သည်။ (ထိုအဆင့်အတန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းချက်ကို ရှေ့၌ တင်ပြပါအံ့။) ထို့ကြောင့် 'ဤအရေးကိစ္စတွင် ဟဇရတ်ဇိုင်နဗ် ﷺ နှင့် သူမ၏ အစ်ကိုတို့၏ အကြောင်းပြချက်ကို အဘယ် ကြောင့် လက်မခံရပါသနည်း'ဟု မေးမြန်းဖွယ်ဖြစ်လာသည်။

ထိုမေးခွန်း၏ အဖြေမှာ သာသနာကို ထောက်ရှု၍ အဆင့်အတန်းတူညီမှုသည် လင်မယားနှစ်ဦး အတွက် ရှိရမည်မှာ အရေးကြီးသော တာဝန်တစ်ရပ် ဖြစ်သည်။ မွတ်စ္စလင်မ်အမျိုးသမီးတစ်ဦး၏ 'နေကာဟ်' သည် ကာဖိရ်တစ်ဦးနှင့်ပြုခြင်းသည် အွမ္မသ်တစ်ရပ်လုံးတွင် မည်သည့်ပညာရှင်ထံမှ မပိုင်ပေ။ အမျိုးသမီး က သဘောတူသည်ပင်ဖြစ်လင့်ကစား မပိုင်ပေ။ အကြောင်းမှာ 'ထိုအမျိုးသမီး၏ သဘောတူညီချက်ဖြင့် ပျက်ပြယ်သွားမည့် အမျိုးသမီး၏ အခွင့်အရေးမျှသာ မဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်၏ ဝတ္တရားအခွင့် အရေးနှင့် အလ္လာဟ်အသျှင်မြတ်၏ သတ်မှတ်ချက်တာဝန် ဖြစ်သောကြောင့်ပင် ဖြစ်သည်။ အမျိုးအနွယ်နှင့် ချမ်းသာကြွယ်ဝမှု၌ အဆင့်တူခြင်းမှာမူ အမျိုးသမီး၏ အခွင့်အရေးဖြစ်သည်။ အမျိုးအနွယ် အဆင့်တူညီမှု တွင် အမျိုးသမီးနှင့်အတူ သူမ၏ အုပ်ထိန်းသူ မိဘလူကြီးများလည်း ပါဝင်သည်။

အကယ်၍ အရွယ်ရောက်၍ အသိဉာဏ်ရှိသူ အမျိုးသမီးသည် ကြွယ်ဝသော အမျိုးအနွယ်မှ ဖြစ်သည့်တိုင် ဆင်းရဲချို့တဲ့သော အမျိုးသားတစ်ဦးနှင့် 'နေကာဟ်'ပြုရန် သဘောတူလျက် မိမိ၏ အခွင့် အရေးကို စွန့်လွှတ်သည်ဆိုပါလျှင် သူမအဖို့ ပြုပိုင်သော အခွင့်အရေးရှိသည်။

မျိုးနွယ်အဆင့် တူညီမှုတွင် အမျိုးသမီးနှင့်အတူ သူမ၏ အုပ်ထိန်းသူ မိဘလူကြီးအားလုံးတို့က ထိုအခွင့်အရေးကို အခြားသော အရေးပါသည့် ကောင်းကျိုးအတွက် စွန့်လွှတ်၍ မျိုးနွယ်အဆင့်အတန်း တွင် နိမ့်ကျသူတစ်ဦးနှင့် 'နေကာဟ်'ပြုရန် သဘောတူလိုက်သည်ဆိုလျှင် ၎င်းတို့အဖို့ ဤသို့ ပြုရာတွင် ပြုပိုင်သော အခွင့်အရေးရှိပေသည်။ ထို့မျှမက သာသနာ့ရေးရာ ကောင်းကျိုးကို ထောက်ရှုလျက် ထိုအခွင့် အရေးကို စွန့်လွှတ်ခြင်းဖြစ်လျှင် နှစ်သက်ဂုဏ်ယူဖွယ်ပင် ဖြစ်သည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် များစွာသော နေရာတို့တွင် ထိုအခွင့်အရေးကို ဂရုမမူဘဲ သာသနာရေးကောင်းကျိုးအတွက်သာ 'နေကာဟ်' ပြုပေးကြရန် အကြံဉာဏ်ပေးတော်မူခဲ့ခြင်း ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ တင်ပြချက်များဖြင့် တမန်တော်မြတ် ﷺ ၏ အခွင့်အရေးသည် မိမိ၏ အွမ္မသ်အမျိုးသား၊ အမျိုးသမီးအပေါ် အများဆုံးဖြစ်သည့်အကြောင်း အတည်ဖြစ်ပေသည်။ ထို့မျှမက မိမိ တို့၏ အသက်ဇီဝိန်ထက်ပင် ပိုပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်

النَّبِىُّ اَوۡلٰى بِالۡمُؤۡمِنِيۡنَ مِنۡ اَنۡفُسِهِمۡ

ဟု မိန့်ကြားချက် လာရှိထား၏။ ဆိုလိုသည်မှာ 'နဗီကိုယ်တော်မြတ် ﷺ ၏ အခွင့်အရေးသည် မုအ်မင်န် များအပေါ်တွင် မိမိတို့၏ အသက်စည်းစိမ်များထက်ပင် ပိုပေသည်'ဟု ဖြစ်သည်။

ထို့ကြောင့် ဟဇရသ်ဇိုင်နဗ် ﷺ သခင်မနှင့် အဗ်ဒွလ္လာဟ် ﷺ သခင်တို့၏ အရေးကိစ္စတွင် တမန်တော်မြတ် ﷺ သည် အမျိုးအနွယ်၏ အဆင့်အတန်းဟူသော အခွင့်အရေးကို ဥပေက္ခာပြုလျက်ဇိုက်ဒ်ဗင်န်ဟာရိဆဟ် ﷺ နှင့် 'နေကာဟ်'ပြုခြင်းကို လက်ခံရန် အမိန့်ပေးတော်မူသောအခါ ၎င်းတို့အနေဖြင့် ထိုအမိန့်၏ ရှေ့တွင် မိမိတို့၏ ရပ်တည်ချက်များနှင့် မိမိတို့ပိုင်ဆိုင်သော အခွင့်အရေးကို စွန့်လွှတ်လိုက်ရပေမည်။ ထို့အတွက်ကြောင့်ပင် ၎င်းတို့၏ ငြင်းဆိုမှုအပေါ် ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်တော် ကျရောက်လာခဲ့သည်။

ကိုယ်တော်မြတ် ﷺ ကိုယ်တော်တိုင်သည် အမျိုးအနွယ် အဆင့်တူညီမှုကို အလေးထားတော်မူခဲ့သည်ဖြစ်ရာ 'ယခု ဤအရေးကိစ္စတွင် အဘယ်ကြောင့် အမျိုးအနွယ် အဆင့်တူညီမှုကို အလေးထားတော်မမူပါသနည်း'ဟု မေးမြန်းဖွယ် ဖြစ်ပေါ်လာသည့်အခါ ၎င်း၏ အဖြေသည်လည်း ဖော်ပြပါတင်ပြချက်၌ ရှင်းလင်းခဲ့ပြီး ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤအလေးထား ထောက်ရှုမှုသည် အခြားသော သာသနာရေးရာ ကောင်းကျိုးရှိသော အရေးနှင့် ထိပ်တိုက်ဖြစ်လာလျှင် ဤမျိုးနွယ်အဆင့်တူညီမှု ထောက်ရှုခြင်းကို စွန့်လွှတ်ရပေမည်။ တမန်တော်မြတ် ﷺ ၏ ခေတ်သမယ၌ပင် 'နေကာဟ်'ထိမ်းမြားမှု များစွာတို့သည် ဤအတိုင်းပင် အမျိုးအနွယ် အဆင့်မတူဘဲ ဤပုံစံအတိုင်း သာသနာရေးကောင်းကျိုးကို ထောက်ရှုလျက် ပြုခဲ့ကြသည်များ ရှိပေသည်။ ထိုသို့ပြုခြင်းကြောင့် ပင်မ ဓမ္မသတ်အပေါ် မည်သို့မျှ ပြောင်းလဲမှု မရှိပေ။

အဆင့်တူခြင်း၏ ဓမ္မသတ်

ဇနီးမောင်နှံအတွင်း စိတ်သဘောထား မတိုက်ဆိုင်သည့်အခါ 'နေကာဟ်'၏ ရည်ရွယ်ချက်များတွင် အနှောင့်အယှက်များ ပေါ်ပေါက်လာတတ်သည်။ တစ်ဦးအပေါ် တစ်ဦး ဝတ္တရားများ ထမ်းဆောင်ခြင်းတို့တွင် အနှောင့်အယှက်များ ပေါ်ပေါက်လာသည်။ အချင်းချင်း ပြဿနာများနှင့် မသင့်မြတ်မှုများ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ရှရီအသ်တရားတော်တွင် အဆင့်အတန်းတူညီမှုဆိုသည်ကို အလေးထားထောက်ရှုရန် အမိန့်ပေးထားတော်မူခြင်း ဖြစ်သည်။ သို့သော် ဤသို့ဆိုခြင်းဖြင့် အဆင့်အတန်းမြင့်မားသူတစ်ဦးသည် မိမိထက် မျိုးနွယ်အဆင့်နိမ့်သူကို သေးသိမ်သူ (သို့) အောက်တန်းကျသူဟု မှတ်ယူရန် ဆိုလိုခြင်း မဟုတ်ပေ။ သေးသိမ်မှုနှင့် သိက္ခာအဆင့်ရှိမှုတို့သည် အစ္စလာမ်သာသနာတွင် 'သက္ကဝါ'ဖြစ်မှု ရှောင်ကြဉ်မှုတရားနှင့် သာသနာကိုင်းရှိုင်းမှုတို့အပေါ်၌ မူတည်သည်။ ဤနေရာတွင် မျိုးနွယ်အဆင့် မည်မျှပင်မြင့်မားသည်ဖြစ်စေကာမူ အလ္လာဟ်အသျှင်မြတ်ထံတော်တွင် မည်သို့မျှ အဆင့်မရှိပေ။ ဤသည်မှာ လူမှုဆက်ဆံရေးနယ်ပယ်တွင် အဆင့်တူညီမှု ဖြစ်စေရန် 'နေကာဟ်'ပြုရာတွင် မျိုးနွယ်အဆင့်အတန်းကို ထောက်ရှုရမည်ဟု အမိန့်ပေးထားခြင်းသာ ဖြစ်သည်။

ဟဒီးစ်တော်တစ်ရပ်တွင် တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'အမျိုးသမီးများ၏ 'နေကာဟ်'သည် သူမတို့၏ အုပ်ထိန်းသူမိဘများ၏ အကြောင်းခံဖြင့်သာ ပြုရပေမည်' ဟု ဖြစ်သည်။ ဆိုလိုသည်မှာ အရွယ်ရောက်သူ အမျိုးသမီးသည်လည်း 'နေကာဟ်'ပြုခြင်းကိစ္စကို မိမိသဘောဖြင့် မပြုရပေ' ဟု ဖြစ်သည်။ ဤ 'နေကာဟ်'၏ အရေးကိစ္စသည် အမျိုးသမီး၏ မိဘများနှင့် အုပ်ထိန်းသူများက ဆောင်ရွက်ခြင်းမှာ အရှက်သိက္ခာတရား၏ တောင်းဆိုချက်လုပ်ရပ်ပင် ဖြစ်သည်။ ထို့ပြင် ကိုယ်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ 'အမျိုးသမီးများ၏ 'နေကာဟ်'ကို သူမတို့၏ အဆင့်တူသူနှင့်သာ ဖြစ်ရမည်' ဟူ၏။ ဤဟဒီးစ်တော်၏ စနဒ်သည် 'ဇွအီးဖ်' (အားနည်းမှု) ရှိသော်လည်း ဆွဟာဗာများ၏ လုပ်ရပ်များနှင့် အဆိုတို့ဖြင့် ထိုဟဒီးစ်တော်ကို ထောက်ခံလျက် ဟဒီးစ်သည် အထောက်အထားပြဆိုနိုင်စရာ ဖြစ်သွားလေသည်။ အေမာမ်မိုဟမ္မဒ်သည် 'ကိသာဗုလ်အာဆားရ်'ကျမ်းတွင် ဟဇရတ်အုမရ်ဖာရူးက် ؓ ၏ အဆိုကို တင်ပြထားသည်မှာ 'ကျွန်ုပ်သည် အဆင့်အတန်းမြင့်၍ ကျော်ကြားသော မျိုးနွယ်မှ အမျိုးသမီး၏ 'နေကာဟ်'ကို အခြားအဆင့်နိမ့်သူနှင့် မပြုရဟူသော အမိန့်ကို သတ်မှတ်ပြဋ္ဌာန်းမည်'ဟု ဖြစ်သည်။ အလားတူ ဟဇရတ်အာအေရှာဟ် ؓ သခင်မနှင့် ဟဇရတ်အနတ်စ် ؓ တို့ကလည်း 'နေကာဟ်'တွင် အဆင့်တူညီမှုကို ထောက်ရှုရမည်'ဟူ၍ အထက်ပါအချက်ကို ထောက်ခံမှုပြုခဲ့ကြသည်။ အေမာမ်အိဗ်နေဟိုမာမ် (ရဟ) သည်လည်း ဖသ်ဟုလ်ကဒီးရ်ကျမ်းတွင် ထိုအကြောင်းကို အကျယ်တဝင့် ရေးသားတင်ပြထားသည်။

အချုပ်မှာ 'နေကာဟ်'ပြုရာတွင် အဆင့်တူခြင်းကို ထောက်ရှုအလေးထားခြင်းသည် သာသနာတွင် လိုလားသော အချက်ဖြစ်သည်။ သို့မှသာလျှင် အကြင်လင်မယားတို့အတွင်း သင့်မြတ်ကြပေမည်။ သို့ရာတွင် အခြားသော အရေးပါလေးနက်သည့် ကောင်းကျိုးတစ်စုံတစ်ရာသည် အဆင့်တူကြည့်ရခြင်းထက် ရှေ့သို့ ကျော်ဖြတ် ရောက်ရှိနေလျှင်မူ အမျိုးသမီးနှင့် သူမ၏ မိဘအုပ်ထိန်းသူတို့သည် မိမိတို့၏ ဤအခွင့်အရေးကို စွန့်လွှတ်လျက် အဆင့်မတူသူနှင့် 'နေကာဟ်'ပြုလိုက်ပါလျှင်လည်း ပိုင်ပေသည်။ အထူးသဖြင့် သာသနာရေးကောင်းကျိုးတစ်စုံတစ်ရာကို ဦးစားပေး ပြုလုပ်ခြင်းသည် အကောင်းဆုံးနှင့် အမြတ်ဆုံးဖြစ်သည်။ ဆွဟာဗာများ၏ ဖြစ်ရပ်များစွာတို့က သက်သေဖြစ်သည်။ ထိုဖြစ်ရပ်များအားဖြင့် အဆင့်တူရမည်ဟူသော ဓမ္မသတ်မရှိဟု အတည်မဖြစ်ကြောင်းကိုလည်း သိရှိရပေသည်။

ဒုတိယဖြစ်ရပ်

ဟဇရတ်ဇိုင်နဗ်ဗင်န်ဇေ့ဂျဟရှ် ؓ သည် တမန်တော်မြတ် ﷺ ၏ အမိန့်တော်ဖြင့် ဟဇရတ်ဇိုက်ဒ် ဗင်န်ဟာရိဆ် ؓ နှင့် 'နေကာဟ်'ပြုခဲ့ရသည်။ သို့ရာတွင် နှစ်ဦးနှစ်ဖက် သဘောထား တိုက်ဆိုင်မှု မရှိခဲ့ကြပေ။ ဟဇရတ်ဇိုက်ဒ် ؓ သည် သူမ၏ နှုတ်ခွန်းတုန့်ပြန်ထက်မြက်မှု၊ မျိုးနွယ်အဆင့်မြင့်သည့်အတွက် မိမိကိုယ်မိမိ မြင့်လှသည်ဟု မှတ်ယူမှုများနှင့် အမိန့်နာခံမှုတွင် အားနည်းချက်များ ရှိခြင်းတို့ကို တိုင်တန်းလျက် ရှိနေခဲ့သည်။ တစ်ဖက်တွင် တမန်တော်မြတ် ﷺ သည် 'ဝဟီ'အားဖြင့် 'ဇိုက်ဒ် ؓ သည် သူမအား

'သွလားက်'ပေးလိုက်လိမ့်မည်။ ထို့နောက် ဇိုင်နဗ် ﷺ သခင်မသည် အသင်၏ 'နေကာဟ်'တွင် ရောက်လာလိမ့်မည်'ဟု အသိပေးခြင်း ခံရသည်။ ဤသို့ဖြင့် တစ်နေ့တွင် ဇိုက်ဒ် ﷺ သည် ထိုပြစ်ချက်များကို ကိုယ်တော်မြတ် ﷺ ထံတော်တွင် တိုင်တန်းရင်း 'ကျွန်တော်မျိုးသည် သူမအား 'သွလားက်'ပေးလိုက်ပါတော့မည်'ဟူ၍ မိမိ၏ ဆန္ဒကို ထုတ်ဖော်တင်ပြ လျှောက်ထားလေသည်။ တမန်တော်မြတ် ﷺ အဖို့ 'ဇိုက်ဒ်သည် သူမအား 'သွလားက်'ပေးလိမ့်မည်။ ထို့နောက် ဇိုင်နဗ် ﷺ သည် ကိုယ်တော်မြတ် ﷺ ၏ 'နေကာဟ်'တွင် ရောက်ရှိလာလိမ့်မည်'ဖြစ်ကြောင်းကို အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ အသိပေးခံရပြီးဖြစ်သည်။ သို့ရာတွင် အကြောင်းနှစ်ချက်ဖြင့် ကိုယ်တော်မြတ် ﷺ သည် ဟဇရသ်ဇိုက်ဒ် ﷺ အား 'သွလားက်'မပေးရန် တားမြစ်တော်မူခဲ့သည်။

ပထမအကြောင်းမှာ 'သွလားက်'ပေးခြင်းသည် စင်စစ် ရှရီအသ်တရားတော်၌ ပိုင်ပါသည်။ သို့သော် မနှစ်သက်ဖွယ်ဖြစ်ရုံသာမက ပြုပိုင်သော လုပ်ရပ်များအနက် ရွံမုန်းဖွယ်ရာဖြစ်ခြင်းနှင့် မနှစ်သက်ဖွယ် အကောင်းဆုံးလုပ်ရပ် ဖြစ်သည်။ အတွင်းပိုင်း အစီအမံများအရ ကိစ္စတစ်ခု ဖြစ်ပေါ်ခြင်းအပေါ် အပြင်ပိုင်း အမိန့်များကို ထိခိုက်စေခြင်း မဖြစ်ပေ။

ဒုတိယအကြောင်းမှာ အကယ်၍ ၎င်းက 'သွလားက်'ပေးလိုက်လျှင် ဇိုင်နဗ် ﷺ သခင်မသည် ကိုယ်တော်မြတ် ﷺ နှင့် 'နေကာဟ်'ဖြစ်သွားသည့်အခါ အာရဗ်တို့သည် မိမိတို့၏ အမှောင်ခေတ်မှ ဓလေ့အရ 'မိမိသား၏ ဇနီးနှင့် 'နေကာဟ်'ပြုလိုက်သည်ဟူသော မကောင်းပြောဆိုမှုများ ပြုကြလိမ့်မည်'ဟု စိတ်တွင်း၌ အတွေးပေါ်လာခြင်း ဖြစ်သည်။ အမှန်စင်စစ် ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုအမှောင်ခေတ်၏ ဓလေ့ထုံးစံများကို စူရာဟ်အဟ်ဇာဗ်၏ ရှေးလွန်ခဲ့သည့် အာယသ်တော်များက အဆုံးသတ်ပေးခဲ့ပြီး ဖြစ်သည်။ ထို့နောက် မုအ်မင်န်များအတွက်မူ စိုးရိမ်သံသယဖြစ်ရန်ပင် မရှိပေ။ သို့ရာတွင် ကုရ်အာန်ကို ယုံကြည်လက်ခံခြင်းမပြုသူ ကာဖိရ်များမှာမူ မိမိ၏ မသိနားမလည်သည့် ထုံးစံအရ မွေးစားသားအတွက် အမိန့်ပညတ်ချက်တိုင်းသည် သားအရင်းကဲ့သို့ပင် ဖြစ်သည်ဟူ၍ ယူဆလျက် မကောင်းပြောဆိုမှုများ ပြုကြပေမည်။

ဤသို့ စိုးရိမ်မှုသည်လည်း ဟဇရသ်ဇိုက်ဒ် ﷺ အား 'သွလားက်'ပေးခြင်းမှ တားမြစ်ရသော အကြောင်းတစ်ရပ် ဖြစ်ရသည်။ ထိုသို့ပြုသည့်အပေါ် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ချစ်သောအားဖြင့် အရေးယူမှုကို ကုရ်အာန်၏

وَاِذْتَقُوْلُ لِلَّذِىْٓ اَنْعَمَ اللهُ عَلَيْهِ وَاَنْعَمْتَ عَلَيْهِ اَمْسِكْ عَلَيْكَ زَوْجَكَ
وَاتَّقِ اللهَ وَتُخْفِىْ فِىْ نَفْسِكَ مَااللهُ مُبْدِيْهِ وَتَخْشَى النَّاسَ وَاللهُ اَحَقُّ اَنْ تَخْشَاهُ

ဟူသော အာယသ်တော်ဖြင့် ပို့ချပေးတော်မူခဲ့သည်။

ဆိုလိုသည်မှာ (အို၊ နဗီတမန်တော်) အသင်သည် ထိုသူ့အပေါ်၌ အသင်ပြောကြားခဲ့သည့်အချိန်ကို ပြန်လည်သတိရပါလေ။ ထိုသူ့အပေါ်၌ အလ္လာဟ်အသျှင်မြတ်သည်လည်းကောင်း၊ အသင်သည်လည်း

ကောင်း ကျေးဇူးပြုတော်မူခဲ့ပါသည်။ ထိုသူဆိုသည်မှာ ဟဇရသ်ဇိုက်ဒ် ﵁ ကို ဆိုလိုသည်။ ၄င်းအပေါ်၌ အလ္လာဟ်အသျှင်မြတ်သည် ဦးစွာပထမ အစ္စလာမ်ကို ချီးမြှင့်ခြင်းဖြင့် ကျေးဇူးပြုတော်မူခဲ့သည်။ ဒုတိယ အနေဖြင့် အသင်၏ထံပါး၌ နေနိုင်ခွင့်ကို ချီးမြှင့်၍ ကျေးဇူးပြုတော်မူခဲ့သည်။ ထို့ပြင် အသင်သည် ၄င်းအပေါ်၌ ကျွန်အဖြစ်မှ သူကောင်းပြု၍ လွတ်လပ်သူဖြစ်စေခြင်းကို ကျေးဇူးပြုပေးခဲ့သည်။ ဒုတိယအနေဖြင့် ၄င်းအား အသိပညာများ သင်ကြားပေးပြီး အကြီးအကဲ ဆွဟာဗာများကပင် လေးစားဂုဏ်ပြုရသူအဖြစ် ပြုပေးခဲ့သည်။

ရှေ့၌ တမန်တော်မြတ် ﷺ က ဇိုက်ဒ် ﵁ အား မိန့်ဆိုနားချခဲ့သည့်

اَمۡسِكۡ عَلَيۡكَ زَوۡجَكَ وَاتَّقِ اللّٰهَ

အာယသ်တော်ကို တင်ပြထားသည်။ ဆိုလိုသည်မှာ 'မိမိ၏ ဇနီးကို မိမိထံ၌ပင် တရားဝင်ဇနီးအဖြစ် ထားပါလေ။ 'သွလာက်'မပေးလေနှင့်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ပါလေ'ဟု ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ရန်ဟူသော အမိန့်မှာ ဤနေရာတွင် 'သွလာက်သည် အမျက်ရှဖွယ် မနှစ်မြို့ဖွယ်လုပ်ရပ်ဖြစ်၍ ထိုလုပ်ရပ်ကို ရှောင်ကြဉ်ပါလေ'ဟူသော အဓိပ္ပာယ်ဖြစ်နိုင်သည်။ ထို့ပြင် 'မိမိ၏ ဇနီးအဖြစ်၌ပင် ဆက်လက်ထားရှိပြီးနောက် စိတ်မှ ရွံရှာမုန်းတီးသည့်အတွက် ၄င်းနှင့် စပ်လျဉ်း၍သော တာဝန်ဝတ္တရားများ ပေးဆပ်ရာတွင် မလစ်ဟင်းစေရန်'ဟူသော အဓိပ္ပာယ်လည်း ဖြစ်နိုင်သည်။ တမန်တော်မြတ် ﷺ ၏ ဤသို့ မိန့်ကြားခြင်းသည် သူ့နေရာနှင့်သူ မှန်ပေသည်။ သို့ရာတွင် ဖြစ်ပေါ်လာမည့် ဖြစ်ရပ်အား အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ အသိရရှိပြီးဖြစ်ခြင်းနှင့် ဟဇရသ်ဇိုင်နဗ် ﵂ နှင့် 'နေကာဟ်' ပြုရန် စိတ်၌ ရည်ရွယ်ချက်ဖြစ်ပေါ်ခြင်းတို့ ဖြစ်ပြီးနောက် ဇိုက်ဒ် ﵁ အား 'သွလာက်'မပေးရန် ဆုံးမ နေခြင်းသည် ဓလေ့ထုံးစံအရ အကောင်းလိုလား၍ ပြောဆိုခြင်းဖြစ်လင့်ကစား နဗီ၏ဂုဏ်ရည်နှင့် မသင့် လျော်သော အချက် ဖြစ်သည်။ အထူးသဖြင့် ၄င်းကိစ္စရပ်နှင့် ပတ်သက်၍ လူတို့၏ မကောင်းပြောဆိုမှု များအပေါ် စိုးရိမ်စိတ်များလည်း ပါဝင်၍ ဖြစ်သည်။ ထို့ကြောင့် ဖော်ပြပါအာယသ်တော်၌ 'အသင်၏ စိတ်၌ လျှို့ဝှက်ဖုံးကွယ်ထားသည့် အရာများကို အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ပေါ်လွင်စေမည်သာ ဖြစ်သည်။ ဟဇရသ်ဇိုင်နဗ် ﵂ နှင့် အသင်သည် 'နေကာဟ်'ပြုရမည့်အကြောင်း သတင်းရရှိပြီးနောက် တွင်လည်းကောင်း၊ အသင်၏ စိတ်တွင် သူမနှင့် 'နေကာဟ်'ပြုရန် ရည်ရွယ်ချက် ပေါ်ပေါက်ပြီးချိန်၌ လည်းကောင်း၊ ထိုရည်ရွယ်ချက်ကို လျှို့ဝှက်ဖုံးကွယ်ပြီး ဓလေ့ထုံးစံအရ ဤသို့သော စကားများပြောဆို ခြင်းသည် အသင်၏ ဂုဏ်ရည်နှင့် မသင့်လျော်ပေ။

ထို့နောက် လူတို့၏ မကောင်းပြောဆိုမှုများအား ကြောက်ရွံ့စိုးရိမ်ခြင်းအပေါ် အမိန့်ရှိသည်မှာ 'အသင်သည် လူတို့အား စိုးရိမ်ကြောက်ရွံ့နေသည်။ အမှန်စင်စစ် ကြောက်ရွံ့ရမည်မှာ အလ္လာဟ်အသျှင်မြတ် ကိုသာ ဖြစ်ပေသည်။ ဆိုလိုသည်မှာ ဤအရေးကိစ္စသည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ဖြစ်ရန် ရှိသော အရေးကိစ္စဖြစ်ကြောင်း အသင် သိရှိပြီးဖြစ်သည်။ ထိုအရေးကိစ္စနှင့် ပတ်သက်၍ အလ္လာဟ်အသျှင်မြတ်၏ မနှစ်သက်ခြင်း၊ သဘောမတူခြင်းအတွက် မည်သည့်စိုးရိမ် ကြောက်ရွံ့ဖွယ်မျှ မရှိပေ။ သို့ဖြစ်ပေရာ အသင်

သည် လူတို့၏ မကောင်းပြောဆိုမှုများကို ကြောက်ရွံ့စိုးရိမ်လျက် ဤသို့သော စကားလုံးများ ပြောဆိုနေခြင်းမှာ မသင့်လျော်ပေ'ဟု ဖြစ်သည်။

ဤဖြစ်ရပ်၏ အကျယ်တဝင့်အကြောင်းစုံကို အထက်တွင် ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။ ဤ 'သဖ်စီးရ်'ဖွင့်ဆိုချက်အားလုံးကို အိဗ်နေကဆီးရ်၊ ကုရ်သုဗီနှင့် ရှူးဟွလ်မအာနီကျမ်းတို့မှ ကောက်နုတ်တင်ပြခြင်းဖြစ်သည်။ ထို့ပြင် အာယသ်တော်တွင်

تُخْفِىْ فِىْ نَفْسِكَ مَااللّٰهُ مُبْدِ يْهِ

၏ သဖ်စီးရ်တွင် 'အသင်၏ စိတ်၌ လျှို့ဝှက်ဖုံးကွယ်ထားသည့် ဇိုက်ဒ် ﷺ က 'သွလားက်'ပေးလိုက်လျှင် အသင်သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်နှင့်လျော်ညီစွာ ထိုသူမနှင့် 'နေကာဟ်'ပြုလုပ်မည်ဟူသော ရည်ရွယ်ချက်ဖြစ်သည်ဟု ဖွင့်ဆိုခဲ့သည်။ ဤသဖ်စီးရ်ကို ဟကီးမ်သိရ်မေဇီနှင့် အိဗ်နေအာဘီဟာသင်မ် စသော မုဟဒ်ဒိဆ်တို့က ဟဇရသ်အလီဗင်န်ဟုစိုင်န်ဇိုင်နွလ်အာဗိဒီးန်၏ ဆင့်ပြန်ချက်မှ ဆင့်ပြန်ဖော်ပြခဲ့ကြသည်။ ထိုဆင့်ပြန်ချက်စာလုံးများမှာ-

اَوحَى اللّٰهُ تَعَالٰى اِلَيْهِ ﷺ اَنَّ زَيْنَبَ سَيُطَلِّقُهَا زَيْدٌ وَيَتَزَوَّجُهَا بَعْدَهٗ عَلَيْهِ الصَّلٰوةُ وَالسَّلَامُ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ အား 'ဝဟီ'၏ အကြောင်းခံဖြင့် 'ဟဇရသ်ဇိုင်နဗ် ﷺ သခင်မအား ဇိုက်ဒ် ﷺ က 'သွလားက်'ပေးလိမ့်မည်။ ထိုအခါ ဟဇရသ်ဇိုင်နဗ် ﷺ သခင်မသည် အသင်၏ 'နေကာဟ်'တွင် ရောက်ရှိလာလိမ့်မည်' ဟု အသိပေးတော်မူခဲ့သည်'ဟု ဖြစ်သည်။ ထို့ပြင် အိဗ်နေကဆီးရ်သည် အိဗ်နေအာဘီဟာသင်မ်၏ အညွှန်းဖြင့် ဆင့်ပြန်ခဲ့သည့် စာလုံးများမှာ-

اِنَّ اللّٰهَ اَعْلَمَ نَبِيَّهٗ اَنَّهَا سَتَكُوْ مِنْ اَزْوَاجِهٖ قَبْلَ اَنْ يَّتَزَوَّجَهَا فَلَمَّا اَتَاهُ

زَيْدٌ لِيَشْكُوْ هَا اِلَيْهِ قَالَ اِتَّقِ اللّٰهَ وَاَمْسِكْ عَلَيْكَ زَوْجَكَ فَقَالَ اَخْبَرْتُكَ

اِنِّىْ مُزَوِّ جُكَهَا وَتُخْفِىْ فِىْ نَفْسِكَ مَااللّٰهُ مُبْدِيْهِ

ဆိုလိုသည်မှာ "အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ နဗီတမန်တော်ကို 'ဟဇရသ်ဇိုင်နဗ် ﷺ သခင်မသည်လည်း ကြင်ယာတော်များတွင် အပါအဝင်ဖြစ်သွားပေမည်' ဟု အသိပေးတော်မူခဲ့သည်။ ထို့နောက် ဟဇရသ်ဇိုက်ဒ် ﷺ သည် သူမ၏ ပြစ်ချက်များကို တိုင်တန်းရန် အသင့်ထံပါးသို့ ရောက်ရှိလာသောအခါ အသင်က ၄င်းအား 'အလ္လာဟ်အသျှင်မြတ်ကို ကြောက်ရွံ့ပါ။ မိမိ၏ ဇနီးကို 'သွလားက်'မပေးပါနှင့်'ဟု ဆုံးမခဲ့သည်။ ထိုအခါ အလ္လာဟ်အသျှင်မြတ်က 'ငါအသျှင်မြတ်သည် အသင့်အား သူမနှင့် 'နေကာဟ်'ပြုပေးတော်မူမည်။ ထို့ပြင် အသင်သည် မိမိ၏ စိတ်၌ လျှို့ဝှက်ဖုံးကွယ်ထားသည့် အရာကို ငါအသျှင်မြတ်သည် ထုတ်ဖော်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်'ဟု အသိပေးတော်မူခဲ့သည်"ဟု ဖြစ်သည်။

အများစု ပညာရှင်များဖြစ်ကြသော ဇုဟ်ရီ၊ ဗကရ်ဗင်နအလာအ်၊ ကုရှိုင်ရီးနှင့် ကာဇ္ဇီအဘူဗကရ် ဗင်နအာရဗီတို့က 'စိတ်၌ လျှို့ဝှက်ဖုံးကွယ်ထားသည့်အရာ၏ သဖ်စီးရ်ဖွင့်ဆိုချက်ကို အလ္လာဟ်အသျှင်မြတ်၏ 'ဝဟီ'၏ အကြောင်းခံဖြင့် 'နေကာဟ်'ပြုရန် ရည်ရွယ်ချက်ထားခြင်းကို ဆိုလိုခြင်းဖြစ်သည်'ဟု မိန့်ဆိုကြသည်။ ထိုအချက်နှင့် ဆန့်ကျင်ဘက်မှ ဆင့်ပြန်ချက်များတွင် مَافِيْ نَفْسِكَ (အသင်၏စိတ်၌ ဖုံးကွယ်ထားရှိသော အရာ) ၏ သဖ်စီးရ်ကို ဇိုင်နဗ် ﷺ အား ချစ်ခင်မှုဟု လာရှိထားသည်။ ထိုဆင့်ပြန်ချက်နှင့် စပ်လျဉ်း၍ အိဗ်နေကဆီးရ်က 'ကျွန်ုပ်သည် ဤဆင့်ပြန်ချက်များကို တင်ပြရန် မနှစ်သက်သည့်အကြောင်းမှာ ယင်းဆင့်ပြန်ချက်များတွင် ဆင့်ပြန်ချက်တစ်ခုမှာ မမှန်ကန်သောကြောင့် ဖြစ်သည်' ဟု မိန့်ဆိုလေသည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ စာလုံးများကိုယ်တိုင်ကပင် ထိုသဖ်ဆီးရ်ဖွင့်ဆိုချက်ကို အထက်တွင် ဟဇရသ်ဇိုင်နွလ်အာဗိဒီးန်၏ ဆင့်ပြန်ချက်အတိုင်း ဖွင့်ဆိုချက်အပေါ် ထောက်ခံလျက်ရှိသည်။ အကြောင်းမှာ ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင်က မိန့်တော်မူထားသည်မှာ 'စိတ်တွင်း၌ လျှို့ဝှက်ဖုံးကွယ်နေသော အရာကို အလ္လာဟ်အသျှင်မြတ်က ထုတ်ဖော်ပြသတော်မူပေမည်'ဟု ဖြစ်သည်။ ထို့ပြင် ထိုလျှို့ဝှက်ဖုံးကွယ်သောအရာကို ရှေ့အာယသ်တော်၌ ဟဇရသ်ဇိုင်နဗ် ﷺ သခင်မနှင့် 'နေကာဟ်'ထိမ်းမြားခြင်းဖြစ်သည်' زَوَّجْنَكَهَا ဟု မိန့်ကြားတော်မူထားသည်။ *[ရူးဟွလ်မအာနီကျမ်း]*

လူတို့၏ မကောင်းပြောဆိုခြင်းများမှ ရှောင်ကြဉ်ခြင်းသည် 'ရှရီအသ်'တရားတော်၏ အဓိက.. ရည်ရွယ်ချက်တစ်ခုခုကို မထိခိုက်သရွေ့ ကောင်းသော လုပ်ရပ်ဖြစ်ခြင်း

ဤနေရာ၌ မေးခွန်းတစ်ခု ပေါ်ပေါက်လာသည်မှာ 'လူတို့၏ မကောင်းပြောဆိုမှုများမှ လွတ်ကင်းရန်အတွက် တမန်တော်မြတ် ﷺ သည် ဤအရေးကိစ္စတွင် အရေးယူခြင်း ခံရသည်အထိဖြစ်အောင် အဘယ်ကြောင့် လျှို့ဝှက်ဖုံးကွယ်မှု ပြုခဲ့ရပါသနည်း'ဟု ဖြစ်သည်။

၎င်း၏အဖြေမှာ ဤအရေးကိစ္စတွင် ကုရ်အာန်နှင့် စွန္နသ်တို့ဖြင့် အတည်ဖြစ်သော အဓိကဥပဒေမှာ အလုပ်တစ်ခုခုကို ပြုလုပ်လိုက်ခြင်းကြောင့် လူတို့တွင် အထင်မှားအမြင်မှားဖြစ်သွားခြင်းနှင့် ၎င်းတို့၏ မကောင်း ပြောဆိုမှုများ၌ နစ်မွန်းခြင်းဖြစ်ရန် စိုးရိမ်ရသောအခါ လူတို့၏ သာသနာကို ထိန်းသိမ်းခြင်းနှင့် ၎င်းတို့အား မကောင်းပြောဆိုသော အပြစ်မှ လွတ်ကင်းစေရန် ရည်ရွယ်ချက်ဖြင့် ထိုအလုပ်ကို မပြုလုပ်ခြင်းမှာ ဤအခြေအနေမျိုးတွင် ပိုင်ပေသည်။ သို့သော် ဤအလုပ်သည် ရှရီအသ်တရားတော်၏ အဓိကရည်ရွယ်ချက်များမှ မဖြစ်ရပေ။ သာသနာရေးဆိုင်ရာ အမိန့်ပညတ်ချက်များဖြစ်သော 'ဟရာမ်'၊ 'ဟလာမ်' တို့နှင့် ပတ်သက်သော အလုပ်မဖြစ်စေရပေ။ ပင်ကိုယ်မူလအရ ပြုပိုင်သော အလုပ်ဖြစ်ရပေမည်။ အလားတူ ပုံစံများ ဟဒီးစ်တော်နှင့် တမန်တော်မြတ် ﷺ ၏ 'စွန္နသ်'တော်များ၌ ရှိပေသည်။ တမန်တော်မြတ် ﷺ က မိန့်ဆိုသည်မှာ 'အမှောင်ခေတ်တွင် 'ကအ်ဗာဟ်'ကျောင်းတော်ကို ပြုပြင် တည်ဆောက်သောအခါ များစွာသော ပုံသဏ္ဌာန်တို့သည် ဟဇရသ်အိဗ်ရာဟီးမ် ﷺ တည်ဆောက်ခဲ့သည့် ပုံသဏ္ဌာန်နှင့် ဆန့်ကျင်ခဲ့သည်။ ပထမလွဲမှား ဆန့်ကျင်မှုမှာ 'ဗိုင်သွလ္လာဟ်'၏ အစိတ်အပိုင်းအချို့သည် အဆောက်အဦး၏ အပြင်၌ လွတ်ထား

ခဲ့ခြင်းဖြစ်သည်။ ဒုတိယလွဲမှား ဆန့်ကျင်မှုမှာ ဟဇရတ်အီဗ်ရာဟီးမ် عليه السلام ၏ တည်ဆောက်မှုတွင် လူများ 'ဗိုင်သွလ္လာဟ်' အတွင်းသို့ ဝင်ရောက်ရန် တံခါးပေါက်နှစ်ခု ရှိခဲ့သည်။ တစ်ခုမှာ အရှေ့ဘက်တွင် ဖြစ်၍ ကျန်တစ်ခုမှာ အနောက်ဘက်တွင် ဖြစ်သည်။ ထိုသို့ တံခါးနှစ်ပေါက်ရှိခြင်းကြောင့် 'ဗိုင်သွလ္လာဟ်' သို့ ဝင်ရန်၊ ထွက်ရန် အခက်အခဲမရှိပေ။ အမှောင်ခေတ်၌ လူတို့သည် ဤသည်ကို ပြောင်းလဲပစ်လိုက်ကြသည်။ အနောက်ဘက်တံခါးကို လုံးဝ ပိတ်ပစ်လိုက်ကြသည်။ ထို့နောက် အရှေ့ဘက်မှ မြေမျက်နှာပြင်နှင့် ထိစပ်နေသော တံခါးကို လှေကားမပါဘဲ မဝင်ရောက်နိုင်အောင် မြှင့်တင်လိုက်ကြသည်။ ဤသို့ ပြုခြင်းမှာ အခွင့်ရှိသူသာ ဝင်ရောက်နိုင်ရန် ရည်ရွယ်၍ဖြစ်သည်။

တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ အသစ်စက်စက် နောင်မွတ်စ္စလင်မ်တို့၏ အထင်အမြင် လွဲမှားမှုကို မစိုးရိမ်ရပါက ကျွန်ုပ်သည် 'ဗိုင်သွလ္လာဟ်' ကို ဟဇရတ်အီဗ်ရာဟီးမ် عليه السلام ဆောက်လုပ်ခဲ့သည့် အတိုင်း ပြန်လည်တည်ဆောက်ပေမည်' ဟု ဖြစ်သည်။

ဤဟဒီးစ်တော်သည် ခိုင်မာသော ဟဒီးစ်ကျမ်းအားလုံးတို့၌ ရှိသော ဟဒီးစ်ဖြစ်သည်။ ထိုဟဒီးစ်တော်အားဖြင့် တမန်တော်မြတ် ﷺ သည် ရှရီအသ်တရားတော်အရ ပြုလျှင် ကောင်းသော ကိစ္စကိုပင် လူတို့၏ အထင်မှားအမြင်မှားဖြစ်ခြင်းကို ကာကွယ်ရန်ဟူ၍ စွန့်လွှတ်ခဲ့သည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ထိုသို့ စွန့်လွှတ်ခြင်းအပေါ် တင်စုံတစ်ရာ အရေးယူတော်မူခြင်း မရှိရာ ဤသို့ ပြုခြင်းသည်ပင် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် လက်ခံမှုဖြစ်ခြင်းဟု သိရှိရပေသည်။ သို့ရာတွင် 'ဗိုင်သွလ္လာဟ်' အား ဟဇရတ်အီဗ်ရာဟီးမ် عليه السلام တည်ဆောက်ခဲ့သည့် ပုံစံကဲ့သို့ ပြန်ဆောက်ခြင်းအပေါ် ရှရီအသ်တရားတော်၏ အဓိကရည်ရွယ်ချက်အဖြစ် မူတည်ခြင်း (သို့) ထိုသို့ ပြုခြင်းသည် 'ဟရာမ်' နှင့် 'ဟလာလ်' ပညတ်တော်များနှင့် ပတ်သက်မှုမရှိခြင်းတို့ကြောင့် ဖြစ်သည်။

ဟဇရတ်ဇိုင်နဗ် رضي الله عنها ၏ 'နေကာဟ်' ၏ ဖြစ်ရပ်နှင့်ကား မဟုတ်ပေ။ အကြောင်းမှာ ထိုဖြစ်ရပ်တွင် တရားတော်အရ အဓိကရည်ရွယ်ချက်တစ်ရပ်နှင့် ပတ်သက်နေသောကြောင့် ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် အမှောင်ခေတ်တွင် 'မွေးစားသားမှ 'သွလာက်' ပေး ကွာရှင်းလိုက်သည့် ဇနီးကို 'နေကာဟ်' ပြုခြင်း 'ဟရာမ်' ဖြစ်သည်' ဟူသော ဓလေ့ဆိုးနှင့် လွဲမှားသော ခံယူချက်များကို လက်တွေ့ကျကျ ပယ်ဖျက်ရန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူမျိုးစုအတွင်း အစဉ်အလာဖြစ်နေသော လွဲမှားသည့် ဓလေ့ စရိုက်များကို ပယ်ဖျက်နိုင်သည့်အချိန်မှာ ထိုသို့သော လုပ်ရပ်တစ်ခု ပေါ်ပေါက်လာမှသာ ဖြစ်နိုင်သောကြောင့်ပင် ဖြစ်သည်။ အသျှင်မြတ်၏ အမိန့်တော်သည် ထိုဓလေ့စရိုက်ဆိုးများကို ချိုးဖျက်ဖယ်ရှားရန်အတွက်ပင် ဟဇရတ်ဇိုင်နဗ် رضي الله عنها သခင်မနှင့် 'နေကာဟ်' ပြုရန် ဆက်နွယ်ကျရောက်ခဲ့ခြင်း ဖြစ်သည်။

ဤတင်ပြချက်အားဖြင့် 'ဗိုင်သွလ္လာဟ်' အား ပြုပြင်ခြင်းကို စွန့်လွှတ်ခြင်းနှင့် ဇိုင်နဗ် رضي الله عنها သခင်မ၏ 'နေကာဟ်' အပေါ် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အရ ပြုလုပ်ခြင်းတို့တွင် ပေါ်လွင်သော ဆန့်ကျင်မှု ဖြစ်သည်ဟူသော စောဒက၏ အဖြေဖြစ်သွားပေသည်။

ဤသို့ဖြစ်ရခြင်းမှာ တမန်တော်မြတ် ﷺ သည် စူရာဟ်အဟ်ဇာဗ်၏ ပထမအာယသ်တော်၌ လာရှိခဲ့သည့်အတိုင်း ဤအမိန့်တော်ကို နှုတ်အားဖြင့် ပို့ချခြင်းဖြင့်ပင် လုံလောက်သည်ဟု မှတ်ယူတော်မူခဲ့ပြီး

လက်တွေ့ကျင့်ဆောင်လိုက်နာရန်ဟူသော လျှို့ဝှက်ချက်ကို သတိမမူမိ၍ ဖြစ်ခဲ့သည်ဟု ယူဆရသည်။ ထို့ကြောင့်လည်း အသိနှင့် ဆန္ဒများရှိသည့်တိုင် ၎င်းတို့ကို လျှို့ဝှက်ဖုံးကွယ်တော်မူခဲ့ခြင်း ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ဖော်ပြပါအာယသ်တော်များတွင် ထိုချွတ်ချော်မှုကို ပြုပြင်ပေးတော်မူပြီး လျှို့ဝှက်ချက်ကို ဤသို့ ဖော်ထုတ်တော်မူလိုက်သည်။

لِكَيْلَا يَكُوْنَ عَلَى الْمُؤْمِنِيْنَ حَرَجٌ فِىْٓ اَزْوَاجِ اَدْعِيَآئِهِمْ اِذَا قَضَوْا مِنْهُنَّ وَطَرًا

ဆိုလိုသည်မှာ 'ငါအသျှင်မြတ်သည် ဇိုင်နဗ် ؓ ၏ 'နေကာဟ်'ကို အသင်နှင့် ပြုပေးရခြင်းမှာ မွတ်စ္စလင်မ်များတွင် ထိုအရေးကိစ္စနှင့် စပ်လျဉ်း၍ ပြုလုပ်ရန် တစ်စုံတစ်ရာ ခက်ခဲမှုမရှိစေရန် ဖြစ်သည်' ဆိုလိုသည်မှာ မွေးစားသားတို့၏ 'သွလားက်'ပေး ကွာရှင်းခံရသော ဇနီးနှင့် 'နေကာဟ်'ပြုနိုင်ရန် အခွင့်အရေးရရှိသည်။

زَوَّجْنٰكَهَا ၏ အဓိပ္ပာယ်မှာ 'ငါအသျှင်မြတ်သည် သူမ၏ 'နေကာဟ်'ကို အသင်နှင့် ပြုပေးလိုက်သည်' ဟု ဖြစ်သည်။ ဤအချက်ဖြင့် သိရှိရသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ဤ 'နေကာဟ်'ကို အခြား 'နေကာဟ်'များနှင့်မတူဘဲ ကိုယ်တော်တိုင် 'နေကာဟ်'ပြုပေးသည့် အခွင့်အရေးကို ချီးမြှင့်တော်မူလိုက်သည်။ ထို့ပြင် 'ငါအသျှင်မြတ်သည် ထို 'နေကာဟ်'ထိမ်းမြားခြင်းကိုပြုရန် အမိန့်ပေးလိုက်သည်။ အသင်သည် ရှရီအသ်တရားတော်၏ ဥပဒေများနှင့်အညီ သူမနှင့် 'နေကာဟ်'ထိမ်းမြားခြင်းပြုပါလေ' ဟူသော အဓိပ္ပာယ်လည်း ဖြစ်နိုင်သည်။

'မုဖတ်စိရ်'အဖွင့်ပညာရှင်တို့တွင် အချို့က ပထမအဓိပ္ပာယ်ကို ကောက်ယူကြသည်။ အချို့က ဒုတိယအဓိပ္ပာယ်ကို ရွေးချယ်ကြသည်။ ဟဇ္ရသ်ဇိုင်နဗ် ؓ သခင်မသည် အခြားအမျိုးသမီးများရှေ့တွင် 'အသင်မတို့၏ 'နေကာဟ်'မှာ အသင်မတို့၏ မိဘများက ပြုပေးခဲ့ခြင်းဖြစ်သည်။ ကျွန်မ၏ 'နေကာဟ်'မှာမူ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင်က မိုးကောင်းကင်ပေါ်၌ ပြုပေးတော်မူခဲ့သည်'ဟု ပြောဆိုခဲ့ကြောင်း ဆင့်ပြန်ချက်များတွင် လာရှိသည်။ ဤပြောဆိုမှုသည် အခြေအနေနှစ်ရပ်စလုံး၌ အမှန်ဖြစ်သည်။ ပထမပုံစံ၌ ပို၍ ရှင်းလင်းသည်။ ဒုတိယပုံစံသည်လည်း ၎င်းနှင့် ဆန့်ကျင်မှု မရှိပေ။

သံသယနှင့် စောဒကများကို ပြေကြားခြင်းနိဒါန်း

سُنَّةَ اللّٰهِ فِى الَّذِيْنَ خَلَوْا مِنْ قَبْلُ وَكَانَ اَمْرُ اللّٰهِ قَدَرًا مَّقْدُوْرًا

ဤသည်မှာ အခြားကြင်ယာတော်များ ရှိပါလျက် ဤ 'နေကာဟ်'ကို အဘယ်ကြောင့် အရေးတယူ ပြုလုပ်ရပါသနည်း' ဟူ၍ ဤ 'နေကာဟ်'ပြုခြင်းအပေါ် ဖြစ်ပေါ်လာမည့် သံသယနှင့် စောဒကများ အပေါ် အဖြေပေး နိဒါန်းအစဖြစ်သည်။ အသျှင်မြတ်က မိန့်ကြားတော်မူသည်မှာ 'ဤသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ဓလေ့တော်ဖြစ်သည်။ မိုဟမ္မဒ် ﷺ အတွက်သာ အထူးသီးသန့်မဟုတ်ဘဲ ကိုယ်တော်မြတ် ﷺ ထက်အလျင် ရှေးနဗီတမန်တော်တို့တွင်လည်း ဤဓလေ့တော်ကို ချမှတ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော်

သာသနာရေး ကောင်းကျိုးအတွက် အမျိုးသမီးများစွာတို့နှင့် 'နေကာဟ်'ပြုခွင့် ပေးတော်မူခဲ့သည်။ ၄င်းတို့တွင် ဟဇရသ်ဒါဝူးဒ် ﷺ နှင့် ဟဇရသ်စုလိုက်မာန် ﷺ တို့မှာ အကျော်ကြားဆုံးဖြစ်သည်။ ဟဇရသ်ဒါဝူးဒ် ﷺ ၏ 'နေကာဟ်'တွင် ဇနီးကြင်ယာတော် (၁၀၀) နှင့် စုလိုက်မာန် ﷺ ၏ 'နေကာဟ်'တွင် ကြင်ယာတော်ပေါင်း (၃၀၀) ရှိခဲ့ကြသည်။ အကယ်၍ တမန်တော်မြတ် ﷺ အတွက် မိမိကောင်းကျိုးအတွက် မြောက်မြားစွာသော 'နေကာဟ်'များ ပြုလုပ်ခွင့်ရှိပြီး ဤ'နေကာဟ်'သည်လည်း ၄င်းတို့၌ အပါအဝင်ဖြစ်မည်ဆိုလျှင် မည်သို့မျှ မဖြစ်နိုင်စရာ အကြောင်းမရှိပါ။ 'နဗူဝသ်'နှင့် 'ရိစာလသ်'၏ ဂုဏ်ရည်နှင့် ဆန့်ကျင်မှုလည်း မရှိပါ။ 'အေဗာဒသ်'နှင့် 'သက္ကဝါ'ပြစ်မှုရှောင်ကြဉ်ခြင်းတို့နှင့်လည်း ဆန့်ကျင်မှုရှိမည် မဟုတ်ပါ။

နောက်ဆုံးအပိုဒ်တွင် 'နေကာဟ်'၏ အရေးကိစ္စသည်လည်း အခြားသော ရိဇိရိက္ခာပေးခြင်းမျိုးကဲ့သို့ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ သတ်မှတ်ပြီးဖြစ်သည်။ မည်သူ၏ 'နေကာဟ်'သည် မည်သူနှင့်ဖြစ်လိမ့်မည်။ အစကနဦးကတည်းက ရေးမှတ်ပြီးသည့် 'သက္ကဒီးရ်'အတိုင်းဖြစ်ပေါ်လာလိမ့်မည်'ဟုလည်း မိန့်ကြားထားသည်။

ဤဖြစ်ရပ်တွင် ဟဇရသ်ဇိုက်ဒ် ﷺ နှင့် ဟဇရသ်ဇိုင်နဗ် ﷺ သခင်မတို့အကြား သဘောထားကွဲလွဲမှုများနှင့် ဟဇရသ်ဇိုက်ဒ် ﷺ ၏ မနှစ်မြို့မှုတို့သည်လည်းကောင်း၊ တစ်ဖန် 'သွလာက်'ပေး ကွာရှင်းရန်ဆုံးဖြတ်ခြင်းတို့သည်လည်းကောင်း ဤအချက်အားလုံးသည် အတွင်းပိုင်းစီမံမှုများနှင့် 'သက္ကဒီးရ်'အမိန့်၏ ခိုင်မာမှုများပင် ဖြစ်သည်။ ရှေ့တွင် ရှေးနဗီများ၏ ခေတ်သမယတွင် ကြင်ယာတော်များစွာ ထားခွင့်ရှိကြောင်း အထက်တွင် ဖော်ပြပြီးသကဲ့သို့ ထိုရှေးနဗီတမန်တော်တို့၏ ဂုဏ်ရည်တော်များအကြောင်း တင်ပြမိန့်ကြားထားသည်။

اَلَّذِيْنَ يُبَلِّغُوْنَ رِسٰلٰتِ اللّٰهِ

ဆိုလိုသည်မှာ 'ထိုနဗီတမန်တော်တို့အားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို မိမိတို့၏ အမ္မသ်သားများထံသို့ ပို့ဆောင်ပေးခဲ့ကြသည်'ဟု ဖြစ်သည်။

လျှို့ဝှက်ချက်တစ်ရပ်

ဤနေရာ၌ နဗီတမန်တော်တို့တွင် ကြင်ယာတော် အများအပြားရှိခြင်း၏ လျှို့ဝှက်ချက်ကို ညွှန်းဆိုနေဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် နဗီတမန်တော်တို့၏ လုပ်ရပ်များနှင့် ပြောဆိုမိန့်ကြားချက်အားလုံးသည် အမ္မသ်ထံ ပို့ဆောင်ရန် အရေးကြီးသည်။ ထို့ပြင် အမျိုးသားများသည် မိမိတို့၏ အချိန်အများအပြားကို မိမိတို့အိမ်အတွင်း၌ အမျိုးသမီးများ၊ ကလေးများနှင့်အတူ ကုန်လွန်စေခဲ့သည်။ ထိုအချိန်တွင် 'ဝဟီ' ဗျာဒိတ်တော်တစ်ရပ် ကျရောက်လာသည်ဖြစ်စေ၊ (သို့) နဗီတမန်တော်ကိုယ်တိုင်က အမိန့်တစ်ရပ် ထုတ်ပြန်ကြေညာသည်ဖြစ်စေ၊ (သို့) လုပ်ရပ်တစ်ခုခုကို ပြုလုပ်သည်ဖြစ်စေ ဤအရာအားလုံးသည် အမ္မသ်အတွက် 'အမာနသ်'ပေးအပ်ထားသော တာဝန်များဖြစ်သည်။ ထိုတာဝန်ကို အိမ်ထောင်ရေးအကြောင်းခံအားဖြင့်

အွမ္မသ်သားတို့ထံ လွယ်လင့်တကူ ပို့ဆောင်နိုင်သည်။ အခြားသော ပုံစံများဖြင့် ပို့ဆောင်ခြင်းတွင် အခက်အခဲများနှင့် မလွတ်ကင်းပေ။ ထို့ကြောင့် နဗီတမန်တော်တို့အတွက် အကယ်၍ ကြင်ယာတော်အများအပြား ရှိသည်ဖြစ်လျှင် ၎င်းတို့၏ အိမ်ထောင်ရေးဘဝ သက်တမ်း၏ လုပ်ဆောင်ချက်များ၊ ပြောဆိုမိန့်ကြားချက်များနှင့် ၎င်းတို့၏ အိမ်ထောင်ရေးဘဝ သက်တမ်းသည် အွမ္မသ်သားများထံသို့ ပို့ဆောင်ရန် လွယ်ကူပေမည်။

နဗီတမန်တော်တို့၏ အခြားဂုဏ်ရည်တစ်ရပ်ကို တင်ပြသည်မှာ-

وَيَخْشَوْنَهُ وَلَا يَخْشَوْنَ اَحَدًا اِلَّا اللّٰهَ

ဆိုလိုသည်မှာ 'ဤပုဂ္ဂိုလ်တို့သည် အလ္လာဟ်အသျှင်မြတ်ကိုသာ ကြောက်ရွံ့ကြသည်။ အလ္လာဟ်အသျှင်မြတ်မှအပ မည်သူ့ကိုမျှ ကြောက်ရွံ့ခြင်းမရှိကြချေ' ဟု ဖြစ်သည်။

ဤနေရာတွင် 'သာသနာ၏ ကောင်းကျိုးအတွက် အကယ်၍ ၎င်းတို့အား ကိစ္စတစ်ခုအတွက် လက်တွေ့ပို့ချရန် အမိန့်ပေးပါလျှင် ၎င်းတို့သည် ထိုပို့ချခြင်းတာဝန်၌ မည်သည့်အခါတွင်မျှ ချို့ယွင်းမှု မပြုခဲ့ကြပေ။ အကယ်၍ အချို့လူများက ၎င်းတို့အပေါ် မကောင်းပြောဆိုမှုများ ပြုကြပါလျှင်လည်း ၎င်းတို့သည် ထိုအချက်များအပေါ် စိုးရိမ်ကြောက်ရွံ့ခြင်း မရှိကြပေ။

စောဒကတစ်ခုနှင့် အဖြေ

ဤနေရာ၌ နဗီတမန်တော်အားလုံးသည် အလ္လာဟ်အသျှင်မြတ်မှအပ မည်သူ့ကိုမျှ စိုးရိမ်ကြောက်ရွံ့ခြင်းမရှိသည့်အကြောင်း တင်ပြထားသည်။ ရှေ့မှ ပထမအာယသ်တော်တွင် တမန်တော်မြတ် ﷺ နှင့် စပ်လျဉ်း၍ وَتَخْشَى النَّاسَ 'အသင်သည် လူတို့အား စိုးရိမ်ကြောက်ရွံ့နေသည်' ဟု မိန့်ကြားထားသည် ဖြစ်ရာ ဤသည် မည်သို့ မှန်ကန်နိုင်မည်နည်း။

၎င်း၏အဖြေမှာ ဖော်ပြပါအာယသ်တော်တွင် နဗီတမန်တော်များသည် အလ္လာဟ်အသျှင်မြတ်မှအပ မည်သူ့ကိုမျှ စိုးရိမ်ကြောက်ရွံ့ခြင်း မရှိကြခြင်းမှာ 'ရိစာလသ်' နှင့်စပ်လျဉ်းသော 'သဗ်လီးဂ်' ပို့ချမှုအကြောင်း ဖြစ်သည်။ တမန်တော်မြတ် ﷺ မှာမူ အမျိုးသမီးနှင့် စပ်လျဉ်းသော မကောင်းပြောဆိုခံရမည့် လောကီရေး ကိစ္စတစ်ရပ်နှင့် ရင်ဆိုင်ရမည့်အပေါ် ဖြစ်သည်။ ထိုကိစ္စသည် 'ရိစာလသ်' နှင့် 'သဗ်လီးဂ်' တို့နှင့် သက်ဆိုင်သော ကိစ္စမဟုတ်ပေ။ ဖော်ပြပါအာယသ်တော်ဖြင့် ကိုယ်တော်မြတ် ﷺ အပေါ် 'ဤ 'နေကာဟ်' သည်လည်း လက်တွေ့ 'သဗ်လီးဂ်' ပို့ချခြင်းနှင့် 'ရိစာလသ်' တို့၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်' ဟူသော အမိန့်တော် ကျရောက်လာပြီးနောက်တွင် ကိုယ်တော်မြတ် ﷺ ကို မည်သည့်မကောင်းပြောဆိုခြင်း၏ စိုးရိမ်ကြောက်ရွံ့ခြင်းကမျှ မတားဆီးနိုင်တော့ပေ။ ထို့နောက် ထို 'နေကာဟ်' ကို အမိန့်တော်အတိုင်း ပြုတော်မူခဲ့သည်။ စင်စစ် ကာဖိရ်များစွာတို့က စောဒကတက်မှုများ ပြုခဲ့ကြသည်။ ယနေ့တိုင်လည်း စောဒကတက်ဆဲဖြစ်ပါသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

مَا كَانَ مُحَمَّدٌ أَبَا أَحَدٍ مِّن رِّجَالِكُمْ
وَلَٰكِن رَّسُولَ اللَّهِ وَخَاتَمَ النَّبِيِّينَ ۗ وَكَانَ اللَّهُ بِكُلِّ شَيْءٍ عَلِيمًا ۝٤٠

၃၃ : ၄၀ ။ ။ (တမန်တော်မြတ်) မိုဟမ္မဒ်သည် အသင်တို့ယောကျ်ားများအနက် မည်သူတစ်ဦးတစ်ယောက်၏ ဖခင်မျှ မဟုတ်ပေ။ စင်စစ်မှာမူ (မိုဟမ္မဒ်သည်) အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်သည်လည်းကောင်း၊ နဗီတမန်တော် အပေါင်းတို့ (၏ နဗူဝသ်) ကို အဆုံးသတ်သူလည်းကောင်း ဖြစ်ပေသည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်း တို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ပထမအာယသ်တော်များတွင် ဟဇရသ်ဇိုင်နဗ် ﷺ နှင့် 'နေကာဟ်' ပြုခြင်းကို လက်တွေ့ 'သဗ်လီးဂ်' ပို့ချခြင်းနှင့် နဗီတမန်တော်တို့၏ စွန္နသ်ဖြစ်သော အဆင့်ဖြင့် ကောင်းမွန်ကြောင်း တင်ပြထားသည်။ ရှေ့တွင် ဤ 'နေကာဟ်' ကို မကောင်းသောလုပ်ရပ်ဟု ယူဆပြီး မကောင်းပြောဆို ရှုတ်ချမှုပြုသော စောဒက တက်သူများအား ဖြေကြားထားခြင်းများ လာရှိထားသည်။ ဆိုလိုသည်မှာ) မိုဟမ္မဒ် ﷺ သည် အသင် တို့ ယောကျ်ားများအနက် မည်သူတစ်ဦးတစ်ယောက်၏ ဖခင်မျှ မဟုတ်ပေ။ (ဆိုလိုသည်မှာ တမန်တော် မြတ် ﷺ ၏ သားသမီးများအဖြစ် မပတ်သက်သူများကို ဆိုလိုခြင်း ဖြစ်သည်။ ဤအာယသ်တော်တွင် رِجَالِكُمْ သည် ဆွဟာဗာတို့အား ဦးတည်၍ မိန့်ကြားထားခြင်းဖြစ်သည်။ ဆိုလိုသည်မှာ 'အသင်တို့ ယောကျ်ားများအနက် မည်သူ၏ ဖခင်မျှ မဟုတ်' ဟု ဖြစ်သည်။ ဤနေရာတွင် လူအများဘက်သို့သာ ပတ်သက်ဆက်နွယ်မှုပြုပြီး တမန်တော်မြတ် ﷺ နှင့် ပတ်သက်ဆက်နွယ်ခြင်းကို ဖြတ်တောက်ထားသည်။ ထို့ကြောင့် မိမိအမျိုးအနွယ်၌ ရှိသော လူများမှ တစ်ဦးဦး၏ ဖခင်ဖြစ်ကြောင်းသည် ထိုအကြောင်းနှင့် ဆန့်ကျင်မှုမရှိပေ။ အလိုသဘောမှာ ကိုယ်တော်မြတ် ﷺ သည် အွမ္မသ်သားတို့အနက် တစ်ဦးဦးက 'သွလားက်' ပေး ကွာရှင်းလိုက်သည့် အမျိုးသမီးကို 'နေကာဟ်' ပြုလျှင် 'ဟရာမ်' ဖြစ်သည်ဟု ဆိုရလောက်အောင် အွမ္မသ်သားတို့၏ ဖခင်အရင်းမဟုတ်ပေ။) သို့ရာတွင် (အခြားပုံသဏ္ဍာန်တစ်မျိုးအရ ဝိညာဉ်ပိုင်းဆိုင်ရာ ဖခင်အဆင့်၌မူ ဧကန်မုချ ရှိပေသည်။ သို့ဖြစ်ပေရာ) အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော် ဖြစ်ပေ သည်။ (ရစူလ်တမန်တော်တိုင်းသည် ဝိညာဉ်အတွင်းပိုင်းဆိုင်ရာ အကြီးအကဲများဖြစ်ကြသည့်အတွက် အွမ္မသ် ၏ ဝိညာဉ်အတွင်းပိုင်းဆိုင်ရာ ဖခင်များ ဖြစ်ကြပေသည်။) ထို့ပြင် (ဝိညာဉ်အတွင်းပိုင်းဖခင်ဖြစ်ရာ၌ ရစူလ်တမန်တော်အားလုံးတို့ထက် အမွန်မြတ်ဆုံး၊ အပြည့်ဝဆုံး ဖြစ်တော်မူသည်။ သို့ဖြစ်ပေရာ ကိုယ်တော် မြတ် ﷺ သည်) နဗီတမန်တော်အပေါင်းကို အဆုံးသတ်သူ ဖြစ်ပေသည်။ (ဤကဲ့သို့သော နဗီတမန်တော် သည် အတွင်းပိုင်းဆိုင်ရာ ဖခင်ဖြစ်ခြင်းတွင် အားလုံးထက်ပိုသော အဆင့်၌သာ ရှိပေမည်။ အဘယ်ကြောင့် ဆိုသော် ကိုယ်တော်မြတ် ﷺ ၏ ဝိညာဉ်အတွင်းပိုင်းဆိုင်ရာ ဖခင်ဖြစ်ခြင်းသည် 'ကေယာမသ်' ထိတိုင်

ရှိနေမည်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်မြတ် ﷺ ၏ ဝိညာဉ်ပိုင်းဆိုင်ရာ သားသမီးများမှာ အများဆုံး ဖြစ်ပေလိမ့်မည်။ အလိုသဘောမှာ အွမ္မသ်အတွက် ကိုယ်တော်မြတ်၏ ဖခင်ဖြစ်ရခြင်းမှာ 'နေကာဟ်'ကို 'ဟရာမ်'ဖြစ်စေသော ခန္ဓာကိုယ်နှင့် မျိုးနွယ်အရ ဖခင်ဖြစ်ခြင်း မဟုတ်ဘဲ ဝိညာဉ်ပိုင်းဆိုင်ရာ ဖခင်သာ ဖြစ်သည့်အတွက် မွေးစားသား၏ 'သွလားက်'ပေးကွာရှင်းခြင်းခံရသော အမျိုးသမီးနှင့် 'နေကာဟ်'ပြုခြင်းမှာ မည်သည့်စောဒကမျှတက်ရန် မလိုပေ။ သို့သာမက လူအားလုံးသည် ကိုယ်တော်မြတ် ﷺ အပေါ် အပြည့်အဝ ယုံကြည်မှု ရှိရမည်။ ကိုယ်တော်မြတ် ﷺ ၏ လုပ်ဆောင်ချက်နှင့် မိန့်ကြားချက်တစ်ခုခုအပေါ် သံသယဖြစ်ပေါ်ခြင်းများ မပြုရန် ထိုဝိညာဉ်ပိုင်းဆိုင်ရာ ဖခင်ဖြစ်ခြင်းက တောင်းဆိုထားသည်။) ထို့ပြင် (အကယ်၍ ဤ 'နေကာဟ်'သည် မပိုင်ဟူ၍တော့ မဟုတ်ပါ။) သို့သော် မဖြစ်ခဲ့လျှင် အကောင်းဆုံး ဖြစ်ပေမည်။ သို့မှသာ လူတို့သည် မကောင်းပြောဆိုရှုတ်ချမှုနှင့် စောဒကတက်မှုများ မပြုနိုင်ကြပေမည်ဟူသော သို့လောသို့လော သံသယများလည်း မရှိရပေ။ စင်စစ် သိနားလည်းထားရမည်မှာ) အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ (၏ ဖြစ်ပေါ်ခြင်း (သို့) မဖြစ်ပေါ်ခြင်းတို့၏ ကောင်းကျိုး) ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ

ဖော်ပြပါအာယသ်တော်တွင် အမှောင်ခေတ်၌ မိမိတို့၏ ဓလေ့ထုံးစံများအရ ဇိုက်ဒ်ဗင်န်ဟာရိဆဟ် ؓ အား တမန်တော်မြတ် ﷺ ၏ သားအဖြစ် ခေါ်ဝေါ်ကြပြီး ဇိုက်ဒ် ؓ က 'သွလားက်'ပေးကွာရှင်းလိုက်သည့် ဟဇရသ်ဇိုင်နပ် ؓ သခင်မနှင့် တမန်တော်မြတ် ﷺ က 'နေကာဟ်'ပြုလိုက်သည်ကို မကောင်းပြောဆို ရှုတ်ချခြင်းပြုသူတို့၏ အတွေးအခေါ်ဟောင်းများကို ချေပထားသည်။

ထိုသူတို့၏ စကားများအပေါ် ချေပရန်အတွက် 'တမန်တော်မြတ် ﷺ သည် ဇိုက်ဒ် ؓ ၏ ဖခင်မဟုတ်။ ဇိုက်ဒ် ؓ ၏ ဖခင်မှာဟာရိဆဟ် ؓ ပင် ဖြစ်သည်'ဟူသော စကားဖြင့်ပင် လုံလောက်ပေသည်။ သို့သော် ဤနေရာ၌ ပို၍ လေးနက်စေရန်အတွက်

مَاكَانَ مُحَمَّدٌ اَبَا اَحَدٍ مِّنْ رِّجَالِكُمْ

ဟု မိန့်ကြားထားသည်။ ဆိုလိုသည်မှာ 'မိုဟမ္မဒ် ﷺ သည် အသင်တို့ ယောကျ်ားများအနက် မည်သူ၏ ဖခင်မျှမဟုတ်ပေ'ဟု ဖြစ်သည်။ သို့ဖြစ်ပေရာ သားဟူ၍ တစ်စုံတစ်ဦးမျှ မရှိသူအပေါ် ၎င်းတွင် မည်သည့်သားတစ်ဦး ရှိသည်။ ထိုသားက 'သွလားက်'ပေး ကွာရှင်းလိုက်သည့် ဇနီးမှာ ကိုယ်တော်မြတ် ﷺ ၏ သား၏ ဇနီးဖြစ်သည့်အတွက် ကိုယ်တော်မြတ် ﷺ အဖို့ 'ဟရာမ်'ဖြစ်သည်ဟူသော မကောင်းပြောဆို၊ ရှုတ်ချခြင်းများမှာ မည်ကဲ့သို့ မှန်ကန်နိုင်ပါမည်နည်း။ ဤအကြောင်းအရာကို တင်ပြရန်အတွက် اَبَا اَحَدٍ مِّنْكُمْ ဟူသော အတိုချုံးသည့် စာလုံးကို သုံးနှုန်းရမည့်အစား ထိုနေရာတွင် ကုရ်အာန်ကျမ်းတော်

မြတ်သည် رِجَالٍ ဟူသော စာလုံးကို ထပ်တိုး၍ ၎င်းတို့၏ သံသယကို ချေဖျက်ပေးလိုက်သည်။ 'ရစူလွလ္လာဟ် ﷺ တွင် သားတော် (၄) ပါး ရှိခဲ့သည်။ သားတော် (၃) ပါးမှာ ဟဇရသ်ခဒီဂျဟ် ﷺ သခင်မမှ ဖွားမြင်ခဲ့သည့် ကာစင်မ် ﷺ ၊ သွိုင်ယိဗ် ﷺ နှင့် သွာဟိရ် ﷺ တို့ ဖြစ်သည်။ ကျန်တစ်ဦးမှာ ဟဇရသ်မာရီယဟ်ကိဗ်သွီယဟ် ﷺ သခင်မမှ ဖွားမြင်ခဲ့သည့် အိဗ်ရာဟီးမ် ﷺ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤသားတော်အားလုံးသည် ကလေးဘဝမှာပင် ကွယ်လွန်သွားခဲ့ပြီး ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ၎င်းတို့အနက် မည်သည့်သားတော်မျှ ယောကျ်ားကြီးအဆင့်၌ ပါဝင်သူမရှိပေ။ ထို့ပြင် ဤအာယသ်တော် ကျရောက်သည့်အချိန်၌ ကိုယ်တော်မြတ် ﷺ တွင် မည်သည့်သားတော်မျှ မရှိတော့ဟုလည်း ဆိုနိုင်၏။ ကာစင်မ်၊ သွိုင်ယိဗ်နှင့် သွာဟိရ်တို့သည် ကွယ်လွန်သွားပြီးဖြစ်သည်။ အိဗ်ရာဟီးမ်မှာ ယခုတိုင် ဖွားမြင်ခြင်း မရှိသေးပေ။

ရန်သူတို့၏ စောဒကနှင့် ရှုတ်ချခြင်းများ၏ အဖြေမှာ ဤစာပိုဒ်ဖြင့်ပင် ပြီးဆုံးသွားပြီးဖြစ်သည်။ သို့ရာတွင် ရှေ့၌ အခြားသော သံသယများကို ဖယ်ရှားနိုင်ရန်ဟူ၍ وَلٰكِنْ رَّسُوْلَ اللّٰهِ ဟု မိန့်ကြားထားသည်။ لٰكِنْ ဟူသော အက္ခရာသည် အာရဗီဘာသာတွင် နောက်မှ ပြောခဲ့သော စကားတွင် ရှိနိုင်သော သံသယများကို ပယ်ဖျက်ရန် သုံးနှုန်းခြင်းဖြစ်သည်။ ဤနေရာတွင် တမန်တော်မြတ် ﷺ နှင့် စပ်လျဉ်း၍ 'ကိုယ်တော်မြတ် ﷺ သည် အုမ္မသ်၏ ယောကျ်ားများအနက် မည်သူတစ်ဦးတစ်ယောက်၏ ဖခင်မှမဟုတ်' ဟု တင်ပြထားသည့်အခါ နဗီတိုင်း၊ ရစူလ်တိုင်းသည် မိမိတို့ အုမ္မသ်သားများ၏ ဖခင်များဖြစ်ကြသည် ဟူသော အမိန့်နှင့် ငြိစွန်းနိုင်ပေသည်။ ထိုအကြောင်းနှင့်စပ်လျဉ်း၍မူ တမန်တော်မြတ် ﷺ သည် အုမ္မသ်၏ ယောကျ်ားအားလုံးသာမက မိန်းမဟူသရွေ့တို့၏ ဖခင်လည်း ဖြစ်ပေသည်။ ကိုယ်တော်မြတ် ﷺ အား ဖခင်ဖြစ်ကြောင်း ငြင်းဆိုခြင်းသည် 'နဗူဝသ်'ကို ငြင်းဆိုခြင်းသာ ဖြစ်ပေလိမ့်မည်ဟု သံသယအတွေး ဝင်နိုင်သည်။

အထက်ပါသံသယအတွေး၏ အဖြေကို لٰكِنْ رَّسُوْلَ اللّٰهِ ဟူသော စာလုံးဖြင့် 'ဖခင်အစစ်နှင့် မျိုးနွယ်ဆက် ဖခင်ဖြစ်ခြင်းမှာ တစ်ခြားဖြစ်သည်။ ဤအပေါ်၌ 'နေကာဟ်'ပြုခြင်း 'ဟရာမ်'နှင့် 'ဟလာလ်' ဟူသော ပညတ်ချက်များရှိသည်။ အုမ္မသ်၏ ဝိညာဉ်ပိုင်းဆိုင်ရာ ဖခင်ဖြစ်ခြင်းမှာ တစ်ခြားဖြစ်သည်။ ဤအပေါ်၌ ဖော်ပြပါပညတ်ချက်များ မရှိပေ။ သို့ဖြစ်ပေရာ ကိုယ်တော်မြတ် ﷺ သည် အုမ္မသ်၏ အမျိုးသားယောကျ်ားများအနက် မည်သူ၏ မျိုးဆက်ဖခင်မျှ မဟုတ်ပေ။ သို့သော် ဝိညာဉ်ပိုင်းဆိုင်ရာ ဖခင်ဖြစ်ခြင်း၌မူ အမျိုးသား၊ အမျိုးသမီး အားလုံးတို့၏ ဖခင်ဖြစ်ကြောင်းမှာ ဤစာပိုဒ်အပြည့်အစုံ၏ အလိုသဘောဖြစ်ပေသည်။ ဤနေရာတွင် ကာဖိရ်တို့၏ မကောင်းပြောဆို ရှုတ်ချမှု၏ အဖြေတစ်ခုလည်း ဖြစ်သွားပေသည်။ အကြောင်းမှာ ကာဖိရ်များက 'တမန်တော်မြတ် ﷺ သည် 'အဗ်သရ်'(မျိုးဆက်ပြတ်သူ) ဖြစ်သည်ဟု ဆိုကြသည်။ ဆိုလိုသည်မှာ ကိုယ်တော်မြတ် ﷺ တွင် မည်သည့်သားယောကျ်ားလေးမျှ မရှိ။ မျိုးဆက်ပြန့်ပွားရန် မရှိ။ ကာလအနည်းငယ်ကြာပြီးလျှင် ၎င်း၏ မျိုးဆက်မှာ အဆုံးသတ်သွားပေလိမ့်မည်' ဟု ဖြစ်သည်။

ဖော်ပြပါစကားလုံးများအားဖြင့် ပေါ်လွင်ထင်ရှားသွားသည်မှာ စင်စစ် ကိုယ်တော်မြတ် ﷺ တွင် မျိုးဆက်ပြန့်ပွားစေရန် သားယောကျ်ားလေး မရှိပါ။ သို့ရာတွင် ကိုယ်တော်မြတ် ﷺ ၏ 'ရိစာလသ်' နှင့် 'နဗူဝသ်' ၏ တရားတော်များကို ဖြန့်ချီရန် ဆောက်တည်ရန်နှင့် ပြန့်ပွားစေရန်တို့မှာ မျိုးဆက်သားများ မလိုအပ်ပါ။ ထိုလုပ်ငန်းအတွက် ဝိညာဉ်ပိုင်းဆိုင်ရာ သားများက လုပ်ဆောင်ကြပါသည်။ အကြောင်းမှာ တမန်တော်မြတ် ﷺ သည် အလ္လာဟ်အသျှင်မြတ်က စေလွှတ်တော်မူသော ရစူလ်တမန်တော်ဖြစ်သည်။ ရစူလ်တမန်တော်သည် အုမ္မသ်၏ ဝိညာဉ်ပိုင်းဆိုင်ရာ ဖခင်ဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်မြတ် ﷺ သည် အုမ္မသ်သားအားလုံး၏ ဝိညာဉ်ပိုင်းဆိုင်ရာ ဖခင်အဆင့်ဖြင့် အသင်တို့ထက် ပို၍ မြောက်မြားစွာသော သားများရှိသူ ဖြစ်သည်။

ဤနေရာတွင် ကိုယ်တော်မြတ် ﷺ ၏ 'နဗူဝသ်' နှင့် 'ရိစာလသ်' အကြောင်းကို တင်ပြထားသည်။ ဤ 'နဗူဝသ်' ၏ အဆင့်တွင် ကိုယ်တော်မြတ် ﷺ သည် အခြားသော နဗီတမန်တော်အားလုံးထက် အဆင့်အတန်းမြင့်၍ ထူးမြတ်သည်ဖြစ်ရာ ရှေ့တွင် ကိုယ်တော်မြတ် ﷺ ၏ အထူးမြင့်မြတ်မှုနှင့် နဗီတမန်တော်တို့အားလုံးထက် ကိုယ်တော်မြတ် ﷺ သည် ပို၍ မြင့်မားထူးကဲမှုရှိကြောင်းကို وَخَاتَمَ النَّبِيِّنَ ဟူသော စာလုံးဖြင့် ရှင်းလင်းထားသည်။ خاتم ဟူသော စာလုံးတွင် 'ကေရာအသ်' ဖတ်ရွတ်နည်း နှစ်မျိုးရှိသည်။ အေမာမ်ဟစန် ﷺ နှင့် အာစွင်မ်တို့၏ 'ကေရာအသ်' တွင် خَاتَم ကို 'သာ' အက္ခရာ အပေါ် 'ဖဟ်' နှင့် ရေးလေ့ရှိသည်။ အခြားသော 'ကေရာအသ်' များ၏ အေမာမ်များထံတွင် خَاتِم ကို 'သာ' အက္ခရာကို 'ဇေရ်' နှင့် ရေးလေ့ရှိသည်။

အချုပ်မှာ နှစ်မျိုးစလုံးသည် အဓိပ္ပာယ်တွင် အတူတူပင်ဖြစ်သည်။ အလိုသဘောမှာ 'နဗီ တမန်တော် အပေါင်းကို အဆုံးသတ်သူ' ဟု ဖြစ်သည်။ အကြောင်းမှာ خَاتِم (သို့) خَاتَم နှစ်မျိုးလုံး၏ အဓိပ္ပာယ်မှာ 'နောက်ဆုံး' ၏ အဓိပ္ပာယ်အတွက်လည်း လာသည်။ တံဆိပ်၏ အဓိပ္ပာယ်အတွက်လည်း ဤစာလုံးနှစ်မျိုးလုံး ကိုပင် အသုံးပြုသည်။ ဒုတိယအဓိပ္ပာယ်၏ နောက်ဆုံးရလဒ် အဓိပ္ပာယ်မှာလည်း 'နောက်ဆုံး' ဟူသည့် အဓိပ္ပာယ်ပင် ဖြစ်သည်။ အကြောင်းမှာ တံဆိပ်သည် အရာပစ္စည်းတစ်ခုခုကို ပိတ်ရန်အတွက် နောက်ဆုံးမှသာ ခတ်နှိပ်ရသောကြောင့် ဖြစ်သည်။ خَاتَم နှင့် خَاتِم စာလုံးနှစ်လုံးစလုံး၏ အဓိပ္ပာယ်သည် အာရဗီအဘိဓါန်စာအုပ်တိုင်းတွင် ပါရှိသည်။

صحاح (ဆွိဟာဟ်)၊ قاموس (ကာမူးစ်)၊ لسان العرب (လိစာနူလ်အရဗ်) နှင့် تاج العروس (သာဂျူလ်အုရူးစ်) စသည့် အဘိဓါန်ကျမ်းများတွင် ဖော်ပြပါရှိသည်။ ထို့ကြောင့် သဖ်စီးရ်ရူဟုလ်မအာနီ ကျမ်းတွင် خَاتِم တံဆိပ်ဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်သည့် ထိုစာလုံး၏ နောက်ဆုံးရလဒ်အဓိပ္ပာယ်ကို 'နောက်ဆုံး' ဟူသော အဓိပ္ပာယ်ပင် ဖြစ်သည်ဟု ပြသထားသည်။ ၎င်း၏ စာသားမှာ-

والخاتم اسم الة لمايختم به‌كا لطابع لما يطبع به فمعنى
خاتم النبيين الذى ختم النبيو ن‌به وما له اخر النبيين

ဤအလိုသဘောကိုပင် သဖ်စီးရ်ဗိုင်ဒ္ဒါဝီနှင့် အဟ်မဒီကျမ်းတို့၌လည်း ဖော်ပြထားသည်။ ထို့ပြင် အေမာမ်ရာဂိဗ်သည် 'မုဖ်ရဒါးသုလ်ကုရ်အာန်' ကျမ်း၌ မိန့်ဆိုသည်မှာ-

وخاتم النبوة لأنه ختم النبوة اى تممها بمجيئه

ဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ 'ကိုယ်တော်မြတ် ﷺ အား 'ခါသိမွန်နဗူဝသ်'ဟု ဆိုရခြင်းမှာ ကိုယ်တော်မြတ် ﷺ သည် မိမိ၏ ကြွမြန်းလာတော်မူခြင်းဖြင့် 'နဗူဝသ်'ကို အဆုံးသတ်သူ၊ ပြည့်စုံစေသူ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့ပြင် 'မုဟ်ကမ်အိဗ်နေစဗဒဟ်' ကျမ်းတွင်

وخاتم كل شيء وخاتمته عاقبته واخره

ဟု လာရှိသည်။ ဆိုလိုသည်မှာ အရာတိုင်း၏ နိဂုံးနှင့် အဆုံးသတ်ခြင်းဟူသည် ထိုအရာ၏ နောက်ဆုံး ရလဒ်နှင့် နောက်ဆုံးအပိုဒ်ကို ခေါ်ဆိုခြင်းဖြစ်သည်။

အချုပ်ဆိုရသော် 'ကိရအသ်'တွင် 'ဇဗရ်'ဖြင့် خَاتَم ဟူ၍ဖြစ်စေ၊ 'ဇေရ်'နှင့် خَاتِم ဟူ၍ ဖြစ်စေ နှစ်မျိုးစလုံး၏ အဓိပ္ပာယ်မှာ 'ကိုယ်တော်မြတ် ﷺ သည် နဗီတမန်တော်များကို အဆုံးသတ်သူ ဖြစ်သည်' ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'နဗီတမန်တော်တို့၏ နောက်ဆုံးတွင် စေလွှတ်ခြင်းခံရသူ ဖြစ်သည်' ဟူ၍ ဖြစ်သည်။

'နောက်ဆုံးနဗီတမန်တော်ချုပ်'ဟူသော ဂုဏ်ပုဒ်မှာ 'နဗူဝသ်'နှင့် 'ရိစာလသ်'၏ ပြည့်စုံကုံလုံမှုတွင် ကိုယ်တော်မြတ် ﷺ ၏ ကြီးမြတ်မှုနှင့် ထူးမြတ်ခြင်းတို့ကို ဖော်ကျူးသော ဂုဏ်ပုဒ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အရာတိုင်းသည် တစ်ဆင့်ချင်းတစ်လှမ်းချင်း တိုးတက်မှုဖြစ်ပြီး နောက်ဆုံးအဆင့်သို့ ရောက်ရှိလျှင် ပြည့်ဝမှု ဖြစ်သွားသည်။ နောက်ဆုံးအဆင့်ရလဒ်သည်ပင် အဓိကရည်ရွယ်ချက်ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုအကြောင်းကို ရှင်းလင်းထားသည်မှာ-

اَلْيَوْمَ اَكْمَلْتُ لَكُمْ دِيْنَكُمْ وَاَتْمَمْتُ عَلَيْكُمْ نِعْمَتِىْ

'ယနေ့ ငါအသျှင်မြတ်သည် အသင်တို့၏ သာသနာကို ပြီးပြည့်စုံစေတော်မူလိုက်သည်။ ထို့ပြင် ငါအသျှင်မြတ်၏ ကျေးဇူးတော်များကို အသင်တို့အပေါ် အပြည့်အဝ ပြုပေးတော်မူလိုက်သည်'ဟု ဖြစ်သည်။

ရှေးနဗီတို့၏ သာသနာများသည်လည်း မိမိတို့ခေတ်ကာလအရ ပြည့်စုံသော သာသနာများ ဖြစ်ခဲ့ကြသည်။ မည်သည့်သာသနာတွင်မှ လျော့နည်းမှုမရှိခဲ့ကြပေ။ သို့ရာတွင် အလုံးစုံပြည့်စုံမှုသည် ဤနဗီချုပ်၏ သာသနာတော်ပင် ဖြစ်သည်။ ဤသာသနာသည် ရှေ့၊ နောက် သာသနာတိုင်းအတွက် အထောက်အထားဖြစ်သည်။ 'ကေယာမသ်'ထိတိုင် တည်ရှိနေမည့် သာသနာတော်ပင် ဖြစ်သည်။

ဤနေရာတွင် နောက်ဆုံးနဗီတမန်တော်ချုပ်၏ ဂုဏ်ရည်ကို ဖြည့်စွက်လိုက်ခြင်းကြောင့် ဤအကြောင်း အရာတွင်လည်း ပို၍ ထင်ရှားမှုဖြစ်ပေါ်လာသည်မှာ တမန်တော်မြတ် ﷺ အား မျိုးဆက်ပြတ်သူဟု ပြောဆို ခြင်းသည် အသိတရားခေါင်းပါးခြင်းသာ ဖြစ်သည်။ စင်စစ် ကိုယ်တော်မြတ် ﷺ သည် အွမ္မသ်အားလုံး၏ ဖခင်အဆင့်၏ ဂုဏ်ရည်ရှိသူ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် خاتم النبيين 'ခါသိမွန်နဗီယီးန်' ဟူသော စာလုံးသည် 'ကိုယ်တော်မြတ် ﷺ ၏ နောက်ပိုင်းတွင် 'ကေယာမသ်'နေ့ထိတိုင် ပေါက်ဖွားလာမည့် မျိုးနွယ်စုနှင့် လူမျိုးစုအားလုံးတို့သည် ကိုယ်တော်မြတ် ﷺ ၏ အွမ္မသ်သားများသာ ဖြစ်ပေမည်ဟူ၍ ပြသ နေသည်။ ထို့ကြောင့် ကိုယ်တော်မြတ် ﷺ ၏ အွမ္မသ်အရေအတွက်သည် အခြားအွမ္မသ်သားများထက် သာပို၍ များပြားပေမည်။ ကိုယ်တော်မြတ် ﷺ ၏ ဝိညာဉ်ပိုင်းဆိုင်ရာ သားသမီးများသည် အခြားနဗီ တမန် တော်တို့ထက် ပို၍ များပြားပေလိမ့်မည်။ خَاتَمُ النَّبِيِّين 'ခါသိမွန်နဗီယီးန်' နောက်ဆုံးတမန်တော် ချုပ်၏ ဂုဏ်ရည်တော်မှ ပြသသည်မှာ ကိုယ်တော်မြတ် ﷺ ၏ သနားကြင်နာမှု ကရုဏာသည် မိမိ၏ ဝိညာဉ်ပိုင်းဆိုင်ရာ သားသမီးများဖြစ်သော အွမ္မသ်သား အားလုံးအပေါ်တွင် အခြားနဗီအားလုံးတို့ထက် သာပိုမှု ရှိပေမည်။ ကိုယ်တော် မြတ် ﷺ သည် 'ကေယာမသ်'နေ့အထိ ဖြစ်ပေါ်လာမည့် လိုအပ်ချက်များကို ရှင်းလင်းစွာတင်ပြရန် အပြည့်အဝ ဂရုစိုက်တော်မူလိမ့်မည်။ အကြောင်းမှာ ကိုယ်တော်မြတ် ﷺ ၏နောက်တွင် မည်သည့်နဗီ၊ မည်သည့်ဝဟီမျှ ဒွန္နယာလောကတွင် ရောက်ရှိရန် မရှိတော့သောကြောင့် ဖြစ်သည်။ ဤအဖြစ် သည် အခြားသော ရှေးနဗီများနှင့်ကား ခြားနားမှုရှိသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့တွင် ဤကဲ့သို့ သော သောကများ မရှိကြပေ။ အကြောင်းမှာ မိမိ၏ အမျိုးသားများတွင် လမ်းမှားမှုများ ပျံ့နှံ့လာသည့်အခါ ကျွန်ုပ်တို့၏ နောက်မှ အခြားနဗီတမန်တော်များ ပွင့်ပေါ်ရောက်ရှိလာပြီး ၎င်းတို့ကို ပြုပြင်လိမ့်မည်ဖြစ် ကြောင်း သိရှိပြီးဖြစ်သောကြောင့်ပင်ဖြစ်သည်။ သို့ရာတွင် خاتم الانبياء 'ခါသိမွလ်အန်ဗီယာ' နောက်ဆုံး နဗီချုပ်မှာမူ 'ကေယာမသ်'နေ့ထိတိုင် အွမ္မသ်သားတို့ ကြုံတွေ့ရမည့် အခြေအနေများနှင့်စပ်လျဉ်း၍ အွမ္မသ် အား မှာကြားမှုများ ပြုလုပ်သွားရမည်ဟု သောကထားခဲ့သည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ ကိုယ်တော် မြတ် ﷺ ၏ ဟာဒီးစ်တော်များက သက်သေဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်မြတ် ﷺ ၏ နောက်ပိုင်းတွင် ပေါ်ပေါက်လာမည့် နောက်လိုက်ပြုခံထိုက်သူ အများစု၏ အမည်များကို ဖော်ပြခဲ့သည်။ ထိုနည်းအတိုင်းပင် လမ်းမှားရောက်ရှိစေမည့် ဦးစီးဦးဆောင်တို့၏ အခြေအနေများကိုလည်း အတိအကျ ရှင်းရှင်းလင်းလင်း ဖွင့်ဟပြခဲ့သည်။ အနည်းငယ်မျှ လေးလေး နက်နက် စဉ်းစားရုံမျှဖြင့် မည်သည့်သံသယ မျှ ကျန်ရှိတော်မူမည် မဟုတ်ပေ။ ထို့ကြောင့် တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ-

انى تركت على شريعة بيضاء ليلها ونهارها سواء

'ငါကိုယ်တော်သည် အသင်တို့အား နေ့နှင့် ည တူညီစွာ လင်းဝင်းတောက်ပပြီး မည်သည့်အချိန် တွင်မှ လမ်းမှားခြင်းရောက်ရန် စိုးရိမ်စရာမရှိသော လမ်းပေါ်၌ ထားခဲ့သည်'ဟူ၍ ဖြစ်သည်။

ဤအာယသ်တော်တွင် လေးနက်စွာ စဉ်းစားဆင်ခြင်ကြည့်ရန် ထိုက်သည်မှာ 'အထက်တွင် ကိုယ်တော်မြတ် ﷺ ဂုဏ်ပုဒ်ဝိသေသနကို ရစူလ်ဟူ၍ တင်ပြထားသည်။ ထိုစာလုံးအတွက် သုံးနှုန်းရမည်မှာ ရှေ့တွင် خاتم الرّسل 'ခါသိမွှရ်ရုစူလ်' (နောက်ဆုံးရစူလ်တမန်တော်ချုပ်) သို့မဟုတ် خاتم المرسلين 'ခါသိမုလ်မွှရ်စလီးန်'ဟူသော စာလုံးကို သုံးနှုန်းရမည်ဖြစ်သည်။ သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်သည် 'ထိုစာလုံးအစား خاتم النبيين ဟူသော စာလုံးကို သုံးနှုန်းထားသည်မှာ အဘယ်ကြောင့်နည်း'ဟု ဖြစ်သည်။ ထို့သို့ သုံးနှုန်းရခြင်းမှာ သာသနာ့ပညာရှင်အများစုတို့ထံတွင် ရစူလ်နှင့် နဗီတွင် ကွာခြားမှု တစ်ရပ် ရှိသောကြောင့် ဖြစ်သည်။ ထိုကွာခြားမှုမှာ နဗီသည် အလ္လာဟ်အသျှင်မြတ်က လူသားတို့အား တရားလမ်းမှန်ပြသရန် စေလွှတ်၍ 'ဝဟီ'ပို့ချ ပေးသောသူတိုင်းကို ခေါ်ဆိုသည်။ ၎င်းအတွက် ကျမ်းဂန် အသစ်နှင့် ရှရီအသ်အသစ် ရရှိသည်ဖြစ်စေ၊ (သို့) ပထမနဗီ၏ ကျမ်းဂန်နှင့် ရှရီအသ်ကို လိုက်နာလျက် လူတို့အား 'ဟေဒါယသ်'တရားလမ်းမှန်ပြသရန် စေလွှတ်ခံရသူဖြစ်စေ အတူတူပင် ဖြစ်သည်။ ဥပမာ- ဟဇရသ်ဟာရူးန် عليه السلام သည် ဟဇရသ်မူစာ عليه السلام ၏ ကျမ်းဂန်နှင့် ရှရီအသ်နှင့်အညီ 'ဟေဒါယသ်'တရား လမ်းမှန်ပြသရန် စေလွှတ်ခြင်းခံရသူ ဖြစ်သည်။

رسول ရစူလ်ဟူသော စာလုံးသည် ကျမ်းဂန်အသစ်နှင့် ရှရီအသ်အသစ်ကို ပေးအပ်ခြင်း ခံရသော နဗီအတွက်ကိုသာ ခေါ်ဆိုသည်။ ဤသို့ဖြင့် နဗီဟူသောစာလုံး၏ အလိုသဘောတွင် ရစူလ်ဟူသော စာလုံး ထက် အလိုသဘောမှာ ပို၍ များပြားမှုရှိသည်။ သို့ဖြစ်ပေရာ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'ကိုယ်တော်မြတ် ﷺ သည် နဗီတမန်တော်အပေါင်းကို အဆုံးသတ်သူနှင့် နောက်ဆုံးနဗီတမန်တော်ချုပ် ဖြစ်သည်။ တရားတော်အသစ်ရရှိသူ နဗီဖြစ်စေ၊ ရှေ့နဗီ၏ နောက်လိုက်ဖြစ်စေ အတူတူပင် ဖြစ်သည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် ရှိနိုင်သော နဗီအမျိုးအစားအားလုံးသည် ကိုယ်တော်မြတ် ﷺ ပွင့်ပေါ်ခြင်းအပေါ် အဆုံးသတ်သွားလေသည်။ ကိုယ်တော်မြတ် ﷺ ၏ နောက်တွင် မည်သည့်နဗီမျှ ပွင့်ပေါ်ရန်မရှိကြောင်း သိရှိရလေသည်။

အေမာမ်အိဗ်နေကဆီးရ်က မိမိ၏ သဖ်စီးရ်အဖွင့်ကျမ်း၌ မိန့်ဆိုထားသည်မှာ-

فهذه الآية فى انه لانبى بعده و اذا كان لانبى بعده فلا رسول بالطريق الأولى لأن مقام الرسالة اخص من مقام النبوة فان كل رسول نبى ولا ينعكس بذلك وردت الأحاديث المتواترة عن رسول الله ﷺ من حديث جماعة من الصحابة

'ဤအာယသ်တော်သည် 'ကိုယ်တော်မြတ် ﷺ ၏ နောက်တွင် မည်သည့်နဗီမှ ပွင့်ပေါ်ရန်မရှိကြောင်း အယူဝါဒထား ရှိရန်အတွက် ပွင့်လင်းထင်ရှားသော အမိန့်ဖြစ်သည်။ နဗီပွင့်ပေါ်ရန် မရှိတော့ဟု ဆိုသည့်အခါ ရစူလ်လည်း ပွင့်ပေါ်ရန် မရှိတော့ကြောင်း သိရှိရသည်။ အကြောင်းမှာ နဗီဟူသော စာလုံးသည် အားလုံး အတွက်ဖြစ်ပြီး ရစူလ်ဟူသော စာလုံးမှာ အထူးသီးသန့်နဗီများအတွက် ဖြစ်သောကြောင့်ပင် ဖြစ်သည်။

ထို့နောက် ဤယုံကြည်ချက် အယူဝါဒသည် ဆွဟာဗာများ၏ ကြီးမားသောအုပ်စုမှ ဆင့်ပြန်လျက် ကျွန်ုပ်တို့ထံသို့ ရောက်ရှိလာသော 'ဟဒီးစ်မုသဝါသိရဟ်' ဖြစ်သည်။

ဤအာယသ်တော်၏ စာလုံးတစ်လုံးချင်းတွင် ဤမျှခန့် ရှင်းလင်းရသည်မှာ ကျွန်ုပ်တို့နိုင်ငံတွင် နဗီဟု ကြွေးကြော်နေသော 'မိရ်ဇာကာဒီယာနီ'သည် ဤအာယသ်တော်ကို မိမိ၏ နဗီကြွေးကြော်မှု လမ်းကြောင်းကို ပိတ်ဆို့သည်ဟု ယူဆလျက် ထိုအာယသ်တော်၏ သဖ်စီးရ်ဖွင့်ဆိုချက်တွင် အမျိုးမျိုးအဖုံဖုံ ပြုပြင် ပြောင်းလဲမှုများနှင့် အလိုသဘောများကို ဖန်တီးခဲ့သောကြောင့် ဖြစ်သည်။ 'အလ်ဟာမ်ဒုလိလ္လာဟ်' ဖော်ပြပါ ရှင်းလင်းတင်ပြချက်များဖြင့် ထိုအရာများ၏ အဖြေများ ဖြစ်သွားပါသည်။

'ခသ်မေ့နဗူဝသ်' နှင့် စပ်လျဉ်းသည့် ဓမ္မသတ်

တမန်တော်မြတ် ﷺ သည် 'ခါသိမွန်နဗီယီးန်'(နောက်ဆုံးနဗီတမန်တော်ချုပ်) ဖြစ်ခြင်းသည်လည်းကောင်း၊ ကိုယ်တော်မြတ် ﷺ ၏ နောက်တွင် မည်သည့်နဗီမျှ လောကတွင် ပွင့်ပေါ်ရန်မရှိခြင်းသည်လည်းကောင်း၊ နဗီဟု ကြွေးကြော်သူတိုင်းသည် လိမ်လည်သူနှင့် ကာဖိရ်သာဖြစ်ခြင်းသည်လည်းကောင်း ဆွဟာဗာများမှ စ၍ ယနေ့အထိ ခေတ်တိုင်းခေတ်တိုင်းတွင် မွတ်စ္စလင်မ်တို့အတွင်း အကွဲအလွဲမရှိ တစ်ညီတစ်ညွတ်တည်း လက်ခံယုံကြည်ထားသည့် ဓမ္မသတ်ဖြစ်သည်။ ထို့ကြောင့် ဤဓမ္မသတ်အပေါ် ကျယ်ကျယ်ပြန့်ပြန့် အငြင်းအခုန် ပြုရန်၊ ဆွေးနွေးရန် မလိုအပ်တော့။ သို့သော် ကာဒီယာနီအုပ်စုဝင်တို့သည် ဤဓမ္မသတ်နှင့် စပ်လျဉ်း၍ မွတ်စ္စလင်မ်တို့၏ စိတ်တွင် သို့လော၊ သို့လော ဝိရောဓိများ ပေါ်ပေါက်စေရန် အားစိုက်ကြိုးပမ်းကြသည်။ မြောက်များစွာ ကျမ်းကြီးကျမ်းငယ်များ ရိုက်နှိပ်ဖြန့်ချိလျက် ဘာသာရေးအသိပညာ နည်းပါးသူများကို လမ်းမှားစေရန် ကြိုးပမ်းလျက်ရှိကြသည်။ ထို့ကြောင့် ကျွန်ုပ်အနေဖြင့် ဤဓမ္မသ်ကို အကျယ်တဝင့် တင်ပြထားသော 'ခသ်မေ့နဗူဝသ်'အမည်ရှိ ကျမ်းတစ်စောင်ကို သီးသန့် ရေးသားခဲ့သည်။ ထိုကျမ်းတွင် အာယသ်တော်ပေါင်း (၁၀၀) နှင့် (၂၀၀) ကျော်ရှိသော ဟဒီးစ်တော်များအပြင် ရှေးခေတ်၊ နှောင်းခေတ်ပညာရှင်တို့၏ အဆိုအမိန့်များစွာတို့ဖြင့် ဤဓမ္မသတ်ကို အကျယ်တဝင့် တင်ပြထားသည်။ ကာဒီယာနီတို့၏ သံသယအဆိုများကို အကျယ်တဝင့် ဖြေကြားထားသည်။ ဤနေရာတွင်မူ အချို့ အရေးကြီးသော အချက်များကို ရေးသားတင်ပြလိုက်သည်။

ကိုယ်တော်မြတ် ﷺ ၏ နောက်ဆုံးနဗီချုပ်ဖြစ်ခြင်းသည် နောက်ဆုံးခေတ်၌ အီဆာ ﷺ ဆင်းသက်လာမည်ဆိုခြင်းဖြင့် မည်သည့်ဆန့်ကျင်ခြားနားမှုမှ မရှိကြောင်း

ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များစွာတို့ဖြင့်လည်းကောင်း၊ မုသဝါသိရ် ဟဒီးစ်တော်များအရလည်းကောင်း 'ကေယာမသ်'မတိုင်မီ နောက်ဆုံးခေတ်တွင် ဟဇရသ်အီဆာ ﷺ သည် လောက၌ ပြန်လည်ဆင်းသက်ရောက်ရှိလာပြီး အကြီးဆုံး 'ဒဂ်ဂျားလ်'ကို သတ်ဖြတ်မည်။ ထို့နောက် ထိုခေတ်သမယ

ရှိ လမ်းမှားမှုအပေါင်းကို အဆုံးသတ်စေမည့်အကြောင်းများ ဖော်ပြထားသည်။ ထိုအကြောင်း အကျယ်တဝင့်ကို ကျွန်ုပ်၏ ကျမ်းငယ်တစ်စောင်ဖြစ်သော التصريح بما تواتر فى نزول المسيح ဟု အမည်ရှိသော ကျမ်းတွင် ဖော်ပြထားသည်။

မိရ်ဇာကာဒိယာနီသည် ဟဇရသ်အီဆာ عليه السلام အသက်ရှင် ထင်ရှားဘဝဖြင့် မိုးကောင်းကင်သို့ မ,ယူခံရခြင်းနှင့် နောက်ဆုံးခေတ်၌ ပြန်လည်ဆင်းသက်ကြွရောက်လာမည့် အကြောင်းများ ကုရ်အာန်နှင့် ဟဒီးစ်တော်များအရ အတည်ဖြစ်သည်ကို ငြင်းပယ်လျက် ၎င်းကိုယ်တိုင်သည် 'မစီးဟ်မောင်အူးဒ်' (ကတိပေးထားပြီးဖြစ်သည့် နောက်ဆုံးခေတ်၌ ကြွမြန်းလာမည့် 'မစီဟ်' သခင် အီစာ عليه السلام) ဖြစ်သည်ဟု ကြွေးကြော်ခဲ့သည်။ ထို့ပြင် အထောက်အထားအဖြစ် 'အကယ်၍ ဗနီအိစ်ရာအီးလ်တို့၏ နဗီတစ်ပါးဖြစ်သော အီဆာဗင်န်မရ်ယမ် عليه السلام သည် လောက၌ ပြန်လည်ရောက်ရှိလာမည်ဟု လက်ခံယုံကြည်ပါလျှင် ကိုယ်တော်မြတ် ﷺ ၏ 'ခါသိမွန်နဗီယီးန်' နောက်ဆုံးနဗီတမန်တော်ချုပ်ဖြစ်ခြင်းနှင့် ဆန့်ကျင်ခြားနားမှုတစ်ရပ် ဖြစ်နေပေလိမ့်မည်' ဟု ပြဆိုထားသည်။

အဖြေမှာ လုံးဝ ရှင်းလင်းနေပေသည်။ အဘယ်ကြောင့်ဆိုသော် 'ခါသိမွန်နဗီယီးန်' နှင့် 'အာခိရွန်းနဗီယီးန်' ၏ အဓိပ္ပာယ်မှာ ကိုယ်တော်မြတ် ﷺ ၏နောက်တွင် မည်သည့်ပုဂ္ဂိုလ်သည်မှ 'နဗူဝသ်' ၏ ရာထူးကို ရရှိမည်မဟုတ်ဟု ဖြစ်သည်။ ဤအဓိပ္ပာယ်သည် 'ကိုယ်တော်မြတ် ﷺ ၏အလျင်မှ 'နဗူဝသ်' ရရှိခဲ့သူနဗီ၏ 'နဗူဝသ်' ပြုတ်တောက်သွားပေမည်။ (သို့) ၎င်းတို့အနက် မည်သူမျှ ဒွန်နယာလောကသို့ ပြန်လာမည်မဟုတ်' ဟု ဆိုလိုခြင်းမဟုတ်ပေ။ သို့ရာတွင် ကိုယ်တော်မြတ် ﷺ ၏ နောက်တွင် အွမ္မသ်ကို ပြုပြင်ခြင်းနှင့် ပို့ချမှုအတွက် မည်သူပင် လာသည်ဖြစ်စေ၊ ထိုသူသည် မိမိ၏ 'နဗူဝသ်' ရာထူးအပေါ်၌သာ ရပ်တည်လျက် ဤအွမ္မသ်အတွင်း ပြုပြင်ခြင်းလုပ်ရပ်များကို ကိုယ်တော်မြတ် ﷺ ၏ လမ်းညွှန်သင်ကြားပေးချက်များအတိုင်း လိုက်နာကျင့်ဆောင်ပေမည်။ မှန်ကန်သော ဟဒီးစ်တော်များ၌ ဤအတိုင်း လာရှိထားပေသည်။

အေမာမ်အိဗ်နေကဆီးရ် (ရဟ) က ဤအာယသ်တော်၏ သဖ်စီးရ်ဖွင့်ဆိုရာ၌ မိန့်ဆိုထားသည်မှာ-

والمراد بكونه عليه السلام خاتمهم انقطاع حدوث وصف النّبوةِ فى احدمّن الثّقلين
بعد تخليته عليه السلام بها فى هذهِ النّشأة ولا يقدح فى ذٰلك ما اجمعت عليه الامّة
واشتهرت فيه الاخبار ولعلها بلغت مبلغ التواتر المعنوى ونطق به الكتب على
قول ووجب الايمان به واكفر مُنكره كالفلاسفة من نزول عيسى عليه السلام
اٰخر الزّمان لانه كان نبيًّا قبل ان يّحلى نبيّنا ﷺ بالنبّوة فى هذهِ النشأةِ

'တမန်တော်မြတ် ﷺ ၏ 'ခါသိမွလ်အန်ဗီယာ'ဖြစ်ခြင်းဆိုသည်မှာ 'နဗူဝသ်'၏ ဂုဏ်ရည်သည် ကိုယ်တော်မြတ် ﷺ ၏ နောက်တွင် ပြတ်တောက်သွားပြီးဖြစ်ပြီး ယခုအခါ မည်သူမျှ ဤဂုဏ်ရည်နှင့် အရိက်အရာ ရာထူးကို ရရှိတော့မည်မဟုတ်'ဟု ဆိုလိုခြင်းဖြစ်သည်။

ဤသို့ဆိုခြင်းဖြင့် အုမ္မသ်တစ်ရပ်လုံးက တစ်ညီတစ်ညွတ်တည်း လက်ခံထားသည့် မွှေသတ်အပေါ်၌ မည်သို့မျှ သက်ရောက်ခြင်းမရှိပေ။ ကုရ်အာန်သည်လည်း ထိုအချက်အပေါ် သက်သေဖြစ်ပေသည်။ ထို့ပြင် တမန်တော်မြတ် ﷺ ၏ ဟဒီးစ်သြဝါဒတော်များသည်လည်း 'သဝါသွရ်' (စဉ်ဆက်မပြတ်) ဆင့်ပြန်ကျင့်သုံးလျက် ထိုအချက်အပေါ် သက်သေထွက်ဆိုလျက် ရှိသည်။ ၎င်းအချက်သည်ကား ဟဇရသ်အီဆာ (عليه السلام) သည် နောက်ဆုံး ခေတ်သမယတွင် ဆင်းသက်လာပေမည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ဤဒွန္နယာတွင် 'နဗူဝသ်'ကို ကျွန်ုပ်တို့၏ ရစူလ် ﷺ ၏ အလျင်ကပင် ရရှိခဲ့ပြီးသူဖြစ်သောကြောင့်ပင် ဖြစ်သည်။

'နုဗူဝသ်' ၏ အဓိပ္ပာယ်ကို ပြောင်းလဲခြင်း၊ 'ရှရီအသ်'တရားတော်အသစ်နှင့် ကျမ်းဂန်အသစ်ဖြင့် 'နုဗူဝသ်' ကို တီထွင်ခြင်း

ထို 'နဗူဝသ်'ကြွေးကြော်သူသည် 'နဗူဝသ်'ကြွေးကြော်မှု၏ လမ်းကြောင်းချောမွေ့စေရန် 'နဗူဝသ်' အမျိုးအစားအသစ်တစ်ခု တီထွင်လိုက်သည်။ ၎င်းမှာ ကုရ်အာန်နှင့် စွန္နသ်တို့တွင် ထိုအကြောင်း လုံးဝ မပါရှိပေ။ အခြေအမြစ်မဲ့သော 'နဗူဝသ်'၏ အမျိုးအစားအသစ်တစ်ခု တီထွင်ခြင်းဖြစ်သည်။ ထိုသို့ တီထွင်ပြီးနောက် 'ဤ 'နဗူဝသ်'အမျိုးအစားသည် ကုရ်အာန်၏ 'နဗူဝသ်'ဆိုင်ရာ 'ခသ်မေ့နဗူဝသ်'၏ အမိန့်နှင့် ဆန့်ကျင်ခြားနားမှု မရှိပေ'ဟု ပြောဆိုခဲ့ပြန်သည်။ အချုပ်ဆိုရသော် ၎င်းသည် 'နဗူဝသ်'၏ အဓိပ္ပာယ်တွင် ဟင်န်ဒူများနှင့် အခြားလူမျိုးစုတို့တွင် ကျော်ကြားသော ပုံစံတစ်ခုကို ရွေးချယ်တင်ပြခဲ့သည်။ ၎င်းမှာ လူတစ်ဦးသည် အခြားသူတစ်ဦး၏ ကိုယ်ပွားအဖြစ် ၎င်း၏ ပုံစံနှင့်ပင် မွေးဖွားလာနိုင်သည်ဟူသော လမ်းကြောင်းဖြစ်သည်။ ထို့ပြင် ၎င်းက 'မည်သူမဆို တမန်တော်မြတ် ﷺ အား အပြည့်အဝ လိုက်နာခဲ့သည့်အတွက် ကိုယ်တော်မြတ် ﷺ နှင့် အရောင်တူအဆင်းတူ ဖြစ်ရှိသွားပါလျှင် ၎င်း၏ လာခြင်းသည် ကိုယ်တော်မြတ် ﷺ ကြွရောက်လာတော်မူခြင်းသာ ဖြစ်သည်။ ထိုသူသည် အမှန်စင်စစ် တမန်တော်မြတ် ﷺ ၏ အရိပ်သာဖြစ်ပေသည်။ ထို့ကြောင့် ဤကြွေးကြော်မှုသည် 'ခသ်မေ့နဗူဝသ်'နဗီပွင့်ခြင်း အစဉ်အလာ ကုန်ဆုံးသွားပြီးဟူသော ယုံကြည်ချက်အပေါ် မည်သို့မျှ ရိုးရှသက်ရောက်မှု မဖြစ်ပေ'ဟု ဆိုထားသေးသည်။

သို့ပါသော်လည်း ပထမဦးစွာ ကြည့်မည်ဆိုလျှင် 'ဤ 'နဗူဝသ်'အသစ်တီထွင်မှုသည် အစ္စလာမ် သာသနာတွင် မည်သို့ ရောက်ရှိလာပါသနည်း'ဟူသော အချက်ပင် ဖြစ်သည်။ သာသနာတွင် ၎င်း၏ မည်သည့်အထောက်အထားမျှ မရှိပေ။ ထို့ပြင် 'ခသ်မေ့နဗူဝသ်'၏ မွှေသတ်သည် အစ္စလာမ်သာသနာ၏ ယုံကြည်ချက်တွင် အခြေခံကျသော ယုံကြည်ချက်တစ်ရပ်ပင် ဖြစ်သည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် 'ခသ်မေ့နဗူဝသ်'နှင့် စပ်လျဉ်း၍ ခေါင်းစဉ်အမျိုးမျိုးဖြင့် အမျိုးမျိုးအဖုံဖုံ ဤကဲ့သို့ ရှင်းရှင်းလင်းလင်း

တင်ပြခဲ့သည်။ မည်သည့်ပြုပြင်ပြောင်းလဲမှု ပြုသူ၏ ပြုပြင်ပြောင်းလဲမှုမျှ အောင်မြင်နိုင်မည်မဟုတ်။ (၎င်း၏ ပြောကြားချက်၏ အပြည့်အစုံ ရှင်းလင်းချက်ကို ကျွန်ုပ်၏ ပြုစုထားသော 'ခသ်မေ့နဗူဝသ်' ကျမ်းတွင် ကြည့်ရှုနိုင်ပါသည်။ ဤနေရာ၌ လိုအပ်မည်ထင်သည်။ အချို့အချက်အလက် အနည်းငယ်ကိုသာ တင်ပြအပ်ပါသည်။)

ဆွဟီးဟ်ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်း စသည်တို့၌လည်းကောင်း၊ ဟဒီးစ်ကျမ်းအားလုံးတို့၌လည်းကောင်း ဟဇရတ်အဗူဟုရိုင်ရာဟ် ﷺ ၏ ဤဆင့်ပြန်ချက်သည် 'ဆွဟီးဟ်'(မှန်ကန်တိကျခိုင်လုံသောစနဒ်) ဆင့်ပြန်သူများအဆင့်ဆင့်ဖြင့် လာရှိထားသည်။ ထိုဆင့်ပြန်ချက်တွင် တမန်တော်မြတ် ﷺ က မိန့်ဆိုသည်မှာ-

اِنّ مثلی ومثل الانبیاء من قبلی کمثل رجل بنی بیتا فاحسنه واجمله الاموضع لبنة من زاویة فجعل الناس یطوفون به ویعجبون له ویقولون هلّاوضعت هذه اللبنة واناخاتم النبیین ــ رواه احمدوالنسائی والترمذی وفی بعض الفاظه فکنت اناسد دت موضع اللبنة وختم بی البنیان

'ငါကိုယ်တော်နှင့် ငါကိုယ်တော်၏အလျင်ရှိသော နဗီတမန်တော်များ၏ ဥပမာသည် အဆောက်အဦးတစ်ခုကို တည်ဆောက်သူနှင့် တူပေသည်။ ထိုသူသည် ထိုအဆောက်အဦးအား ကောင်းမွန်ခိုင်ခံ့စွာလည်းကောင်း၊ လှပစေရန်လည်းကောင်း ပြုလုပ်ခဲ့သည်။ သို့ရာတွင် ထိုအဆောက်အဦး၏ ထောင့်တစ်နေရာတွင် အုတ်တစ်ချပ်စာနေရာကို လွတ်ထားခဲ့သည်။ သို့ဖြစ်ပေရာ လူတို့သည် ထိုအဆောက်အဦးအား ကြည့်ရှုရန်အတွက် အဆောက်အဦးအတွင်း၌ လှည့်ပတ်ကြပြီး အဆောက်အဦးကို သဘောကျ နှစ်သက်ကြပေမည်။ သို့ရာတွင် (ကြည့်ရှုသူ) အားလုံးက 'ဤအဆောက်အဦးကို ဆောက်လုပ်သူသည် ဤဆောက်လုပ်မှု လုံးဝ ပြီးစီးသွားစေမည့် ဤအုတ်တစ်ချပ်ကို အဘယ်ကြောင့် မထည့်ခဲ့လေသနည်း'ဟု ပြောဆိုကြပေမည်။ တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ ('နဗူဝသ်'အဆောက်အအုံ၏) ထိုနောက်ဆုံးအုတ်တစ်ချပ်သည် ငါကိုယ်တော်သာဖြစ်သည်'ဟူ၏။ ထို့ပြင် ဟဒီးစ်တော်၏ အခြားစာလုံးများဖြင့် 'ငါကိုယ်တော်သည် ထိုလစ်လပ်နေသည့် နေရာကို ပြည့်ဝအောင် ပြုလုပ်၍ 'နဗူဝသ်'၏ အဆောက်အအုံကို ပြည့်ဝပြီးမြောက်စေတော်မူလိုက်သည်'ဟုလည်း လာရှိပေသည်။

ဤအနက်အဓိပ္ပာယ်ပြည့်စုံသည့် ပမာပေးနှိုင်းယှဉ်မှု၏ အချုပ်မှာ 'နဗူဝသ်'သည် အလွန်ခမ်းနားထည်ဝါသည့် အဆောက်အအုံကြီးတစ်ခုသဖွယ်ဖြစ်သည်။ ထိုအဆောက်အအုံ၏ အစိတ်အပိုင်းများမှာ နဗီတမန်တော်များ ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ ထက်အလျင် ဤအဆောက်အအုံကြီးမှာ လုံးဝ ပြီးစီးခဲ့ပြီးဖြစ်သည်။ ထိုအဆောက်အအုံတွင် အုတ်တစ်ချပ်မှအပ အခြားမည်သည့်အမျိုးအစားမျှ ဆောက်လုပ်ရာ၌ မကျန်ရှိတော့ပေ။ ကိုယ်တော်မြတ် ﷺ သည် ထိုနေရာကို ဖြည့်စွက်၍ 'နဗူဝသ်'၏ အဆောက်အအုံကို

ပြည့်ဝပြီးမြောက်စေတော်မူခဲ့သည်။ ယခုအခါ ထိုအဆောက်အအုံတွင် မည်သည့် 'နဗူဝသ်'သည်လည်းကောင်း၊ မည်သည့် 'ရိစာလသ်'သည်လည်းကောင်း ဝင်ဆန့်ရန် မရှိတော့ပေ။ အကယ်၍ 'နဗူဝသ်' (သို့) 'ရိစာလသ်'၏ အမျိုးအစားအချို့ရှိကြောင်း လက်ခံယုံကြည်ပါလျှင်လည်း ယခုအခါ ထို 'နဗူဝသ်'၏ အဆောက်အအုံတွင် မည်သည့်အမျိုးအစားမျှ ဝင်ရောက်ရန် မရှိပါချေ။

ဆွဟီးဟ်ဘိုခါရီ၊ မွတ်စ္စလင်မ်နှင့် မုစ်နဒ်အဟ်မဒ်ကျမ်း စသော ကျမ်းများတွင် ဟဇရသ်အဘူဟူရိုင်ရာဟ် ﷺ ၏ အခြားဟဒီးစ်တော်တစ်ရပ် လာရှိသည်မှာ တမန်တော်မြတ် ﷺ က

كانت بنواسرا ئيل تسوسهم الانبياء كلماهلك نبى خلفه

نبى وانه لانبى بعدى وسيكون خلفاء فيكثرون الحديث

'ဗနီအိစ္စရာအီးလ်တို့၏ အုပ်ချုပ်ရေးနှင့် အစီအမံတို့သည် နဗီတမန်တော်တို့၏လက်ဝယ် ရှိခဲ့သည်။ နဗီတမန်တော်တစ်ပါး 'ဝဖားသ်'ပြု ကွယ်လွန်သွားသည့်အခါ အခြားနဗီတမန်တော်တစ်ပါးသည် ၎င်း၏ အရိုက်အရာဆက်ခံသူဖြစ်သွားသည်။ ငါကိုယ်တော်၏ နောက်တွင် ခလီဖာဟ်များသာ ရှိပေမည်။ ၎င်း ခလီဖာဟ်များသည် အမြောက်အမြားရှိပေလိမ့်မည်' ဟု မိန့်ကြားတော်မူခဲ့သည်။

ဤဟဒီးစ်တော်သည် ကိုယ်တော်မြတ် ﷺ သည် 'ခါသိမွန်နဗီယီးန်'ဖြစ်သည့် အကြောင်းနှင့် ကိုယ်တော်မြတ် ﷺ ၏ နောက်တွင် မည်သည့်နဗီမျှ စေလွှတ်ခြင်းခံရရန် ရှိမည်မဟုတ်ကြောင်းကို ရှင်းလင်းစွာ တင်ပြထားသည်။ သို့ဖြစ်ပေရာ အွမ္မသ်၏ 'ဟေဒါယသ်'တရားလမ်းမှန် ရရှိရေး အစီအမံများမှာ မည်သို့ဖြစ်မည်နည်း။

ထိုအချက်နှင့် စပ်လျဉ်း၍ မိန့်ကြားသည်မှာ 'ကိုယ်တော်မြတ် ﷺ ၏နောက်တွင် အွမ္မသ်ကို သင်ကြားပို့ချခြင်းနှင့် လမ်းညွှန်ခြင်းအစီအမံများသည် ကိုယ်တော်မြတ် ﷺ ၏ ခလီဖာဟ်များ၏ အကြောင်းခံဖြင့် ဖြစ်ရှိပေမည်။ ၎င်းတို့သည် တမန်တော်မြတ် ﷺ ၏ 'ခလီဖာဟ်'ဖြစ်သော အဆင့်ဖြင့် 'နဗူဝသ်'၏ ရည်ရွယ်ချက်များကို ပြည့်ဝအောင် ဆောင်ရွက်ကြပေမည်။ အကယ်၍ ရှရီအသ်နှင့် ကျမ်းဂန်အသစ် မရရှိသော နဗီတမန်တော်အမျိုးအစားတစ်မျိုးမျိုး ကျန်ရှိသေးသည်ဟုဆိုလျှင် ဧကန်အမှန် ၎င်းအမျိုးအစားကို တင်ပြခဲ့မည်သာ ဖြစ်သည်။ ပြီးပြည့်စုံသော 'နဗူဝသ်'၏ အစဉ်အလာမှာ ပြီးဆုံးသွားပြီးဖြစ်သော်လည်း ဤလောက၏ အစီအမံများအတွက် မည်သည့် 'နဗူဝသ်'အမျိုးအစား ကျန်ရှိ သေးသည်ဟု မုချ တင်ပြမိန့်ကြားတော်မူမည်သာ ဖြစ်သည်။

ဤဟဒီးစ်တော်သည် 'နဗူဝသ်'၏ မည်သည့်အမျိုးအစားမျှ ကိုယ်တော်မြတ် ﷺ ၏ နောက်တွင် မကျန်ရှိတော့ကြောင်းနှင့် အဖန်ဆင်းခံများအား တရားလမ်းမှန် ညွှန်ကြားရာတွင် ရေးအွမ္မသ်များအတွက် ဗနီအိစ္စရာအီးလ်၏နောက် ပွင့်ပေါ်လာမည့် နဗီတမန်တော်များဖြင့် ပြုလုပ်စေတော်မူခဲ့သည်။ ထိုအလုပ်ကို ဤအွမ္မသ်တွင် ကိုယ်တော်မြတ် ﷺ ၏ 'ခလီဖာဟ်'များဖြင့် အလုပ်ယူတော်မူမည့်အကြောင်းတို့ကို ရှင်းလင်းသော စာလုံးများဖြင့် ပြသထားသည်။

ဆွဟီးဟ်ဘိုခါရီကျမ်းနှင့် မွတ်စ္စလင်မ်းကျမ်းတို့တွင် ဟဇရသ်အဗူဟုရိုင်ရာဟ် ؓ ၏ 'မရ်ဖူးအ်' ဟဒီးစ်လာရှိသည်မှာ-

لَمْ يَبْقَ مِنَ النُّبُوَّةِ اِلَّا الْمُبَشَّرَاتِ

'မုဗရှ်ရှိရားသ်' (အိပ်မက်ကောင်းများ) မှအပ မည်သည့် 'နဗူဝသ်'မျှ မကျန်ရှိတော့ပေ'ဟုဖြစ်သည်။

မုစ်နဒ်အဟ်မဒ်စသည်တို့တွင် ဟဇရသ်စွိဒ်ဒီကာဟ်အာအေရှာဟ် ؓ သခင်မနှင့် အွန်းမေ့ကရ်ဇ် ကအ်ဗီယာဟ် ؓ သခင်မတို့ထံမှ ဆင့်ပြန်ချက် လာရှိထားသည်။ တမန်တော်မြတ် ﷺ က မိန့်ကြားသည်မှာ-

لا يبقى بعدى من النبوة شيءٌ الا المبشرات قالوا يارسول الله

وما المبشرات قال الرؤيا الصالحة يراها المسلم اويرى له

'ငါကိုယ်တော်၏ နောက်တွင် 'မုဗရှ်ရှိရားသ်'မှအပ မည်သည့် 'နဗူဝသ်'မျှ ကျန်ရှိခဲ့မည်မဟုတ်'ဟု မိန့်ကြားတော်မူရာ ဆွဟာဗာများက 'အို, တမန်တော်မြတ်၊ 'မုဗရှ်ရှိရားသ်'သည် မည်သည့်အရာပါနည်း'ဟု လျှောက်ထားမေးမြန်းရာ ကိုယ်တော်မြတ် ﷺ က 'မွတ်စ္စလင်မ်တစ်ဦးက ကိုယ်တိုင်မြင်မက်သည့် မှန်ကန်သော အိပ်မက် (သို့) ၎င်းမွတ်စ္စလင်မ်နှင့် ပတ်သက်၍ အခြားတစ်ဦးက မြင်မက်သည့် မှန်ကန်သော အိပ်မက် ဖြစ်သည်'ဟု မိန့်ကြားတော်မူလေသည်။ ဤဟဒီးစ်တော်သည် ကိုယ်တော်မြတ် ﷺ ၏ နောက်တွင် မည်သည့် 'နဗူဝသ်'၏ အမျိုးအစားမျှ မကျန်ရှိတော့သည့်အကြောင်းနှင့် 'မုဗရှ်ရှိရားသ်' (လူတို့တွင် မှန်ကန်သည့် အိပ်မက်များမြင်မက်လာပြီး ၎င်းအိပ်မက်တို့ဖြင့် ဗဟုသုတရရှိမည်ဖြစ်သော) မှန်ကန်သည့် အိပ်မက်များသာ ကျန်ရှိမည်ကို ရှင်းလင်းစွာ တင်ပြထားပေသည်။

ထို့ပြင် မုစ်နဒ်အဟ်မဒ်ကျမ်းနှင့် သိရ်မေဇီကျမ်းတို့တွင် ဟဇရသ်အနတ်စ် ؓ ၏ ဆင့်ပြန်ချက် လာရှိထားသည်။ ၎င်းမှာ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူခဲ့သည်။

اِنَّ الرِّسالة والنّبوّة قد انقطعت فلا رسول بعدى ولا نبى

'မုချဧကန် 'ရိစာလသ်'နှင့် 'နဗူဝသ်'သည် ငါကိုယ်တော်၏နောက်တွင် အဆက်ပြတ်သွားပြီး ဖြစ်သည်။ ငါကိုယ်တော်၏ နောက်တွင် မည်သည့်ရစူလ်၊ မည်သည့်နဗီမျှ ပွင့်ရောက်တော့မည်မဟုတ်ပေ' ဟု ဖြစ်သည်။

ဤဟဒီးစ်တော်သည် ကိုယ်တော်မြတ် ﷺ ၏ နောက်တွင် မည်သည့်ရှရီအသ်လမ်းစဉ်အသစ်နှင့် ကျမ်းသစ်အပြင် မည်သည့်'နဗူဝသ်'မျှလည်း မရှိတော့ကြောင်းကို ထင်ရှားစေခဲ့သည်။ ထို့ပြင် တမန်တော်မြတ် ﷺ ၏ ဆင့်ပွားကဲ့သို့သော 'နဗူဝသ်'အမျိုးအစားဟူသည်လည်း မရှိပေ။ အစ္စလာမ်သာသနာတွင် ဤဆင့်ပွားမှုကဲ့သို့သော ဖြစ်စဉ်သဘောတရားဟူ၍ မရှိခဲ့ပေ။

ဤနေရာတွင် 'ခသ်မေ့နဗူဝသ်'ဆိုင်ရာ ဟဒီးစ်တော်များကို စုဆောင်းတင်ပြရန် အဓိကမဟုတ်ပေ။ နှစ်ရာကျော်ရှိသော ဟဒီးစ်တော်များကို 'ခသ်မေ့နဗူဝသ်'စာစောင်တွင် စုဆောင်းတင်ပြထားပြီး ဖြစ်သည်။

ယခု ဟာဒီးစ်တော်အချို့တို့ကို တင်ပြရခြင်းမှာ မိရ်ဇာကာဒိယာနီ၏ ပြောဆိုချက်ကို ချေပရန်အတွက်သာ ဖြစ်သည်။ မိရ်ဇာကာဒိယာနီက 'နဗူဝသ်ကျန်ရှိသည်ဟု တင်ပြရာတွင် တမန်တော်မြတ် ﷺ ၏ အရိပ်ကဲ့သို့သော 'နဗူဝသ်'အမျိုးအစား ကျန်ရှိသည်'ဟု တီထွင်၍ တင်ပြထားသည်။ ပထမဦးစွာ ကြည့်မည်ဆိုလျှင် အစ္စလာမ်သာသနာတွင် ၎င်းပြောဆိုသည့် အကြောင်းအရာမှာ မည်သို့မျှ အခြေအမြစ်မရှိသော စကား ဖြစ်သည်။ ရှိသည်ပင် ဆိုစေကာမူ ဖော်ပြပါဟာဒီးစ်တော်များ၏ ရှင်းလင်းစွာ တင်ပြချက်များအရ ကိုယ်တော်မြတ် ﷺ ၏ နောက်တွင် 'နဗူဝသ်'၏ မည်သည့်အမျိုးအစားပင်ဖြစ်စေ၊ မည်သည့်နည်းနှင့်မျှ မကျန်ရှိတော့ကြောင်း ထင်ရှားပေသည်။

ထို့ကြောင့်ပင် ဆွဟာဗာများသခင်တို့မှစ၍ ယနေ့ထိတိုင် မွတ်စ္စလင်မ်ထုတစ်ရပ်လုံးတွင် အလွှာပေါင်းစုံတို့သည် တစ်ညီတစ်ညွတ်တည်း ကိုယ်တော်မြတ် ﷺ ၏ နောက်တွင် မည်သည့်နဗီ၊ မည်သည့် ရဆူလ်မျှ ပွင့်ပေါ်ရန် မဖြစ်နိုင်ကြောင်းနှင့် နဗီဟု ကြွေးကြော်သူသည် လိမ်လည်သူ၊ ကုရ်အာန်ကို ငြင်းပယ်သူနှင့် ကာဖိရ်သာဖြစ်ကြောင်း လက်ခံယုံကြည်ခဲ့ကြသည်။ ဆွဟာဗာတို့၏ ပထမဦးဆုံး 'အိဂျ်မာအ်' (ဆွဟာများ တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်မှု) သည် ဤနဗီဟု ကြွေးကြော်သူနှင့် ပတ်သက်သည့် ခမ္မသတ်အပေါ်၌ ဖြစ်ခဲ့သည်။ မုစိုင်လမဟ်ကဇ်ဇာဗ်သည် 'နဗူဝသ်'ကို ကြွေးကြော်သောအခါ ဟဇရသ် အဘူဗကရ်စ္စိဒ်ဒီးက် ပထမခလီဖာဟ်၏ လက်ထက်တွင် 'ဂျီဟားဒ်'ပြု၍ မုစိုင်လမဟ်အားလည်းကောင်း၊ ၎င်းအား လက်ခံသူများအားလည်းကောင်း တိုက်ခိုက်ချေမှုန်းခဲ့သည်။

ခေတ်ဦးအေမာမ်ကြီးများနှင့် အွမ္မသ်၏ အကြီးအကဲပညာရှင်တို့၏ အဆိုအမိန့်များ၊ ရှင်းလင်းချက်များဖြင့် ဤအရေးကိစ္စနှင့် စပ်လျဉ်း၍ 'ခသ်မေ့နဗူဝသ်' အတွဲ-၃ တွင် အကျယ်တဝင့် ရေးသားတင်ပြထားသည်။ ဤနေရာတွင် အချို့သော စာပိုဒ်များကို တင်ပြလိုက်ပါသည်။

အိဗ်နေကဆီးရ် (ရဟ) သည် မိမိ၏ သဖ်စီးရ်ဖွင့်ဆိုချက်၌ ဤအာယသ်တော်၏ ရှင်းလင်းချက်တွင် ရေးသားထားသည်မှာ-

اخبر الله تعالی فی کتابه ورسول الله ﷺ فی السنة المتواترة عنه انه لا نبیّ بعده لیعلموا ان کل من ادعی هذا المقام بعده فهو کذّاب افّاك دجّال ضالّ مضلّ ولو حرّق وسعبذ واتی بانواع السحر والطلاسم والنیر نجیات فکلها محال وضلال عند اولی الالباب کما اجری الله سبحانه علی ید الاسود العنسی بالیمن ومسیلمة الکذاب بالیمامة من الاحوال الفاسدة والاقوال الباردة ما علم کل ذی لُبّ وفهم وحجی انهما کاذبان ضالّان لعنهما الله تعالی وکذلك کلّ مُدع لذالك الی یوم القیمة حتّی یختموا بالمسیح الدجال

'အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကျမ်းတော်မြတ် (ကုရ်အာန်) တွင်လည်းကောင်း၊ တမန်တော်မြတ် ﷺ သည် 'မုသာဝါသိရဟ်'ဟဒီးစ် (စဉ်ဆက်မပြတ် ကျင့်သုံးဆင့်ပြန်ခဲ့သော ဟဒီးစ်) တော်များတွင်လည်းကောင်း၊ 'ကိုယ်တော်မြတ် ﷺ ၏ နောက်တွင် မည်သည့်နဗီမျှ မရှိတော့ကြောင်း' အသိပေးတော်မူခဲ့သည်။ သို့မှသာ လူတို့သည် ကိုယ်တော်မြတ် ﷺ ၏နောက်တွင် 'နဗူဝသ်'၏ အရိုက်အရာကို ဆက်ခံသူဟု ကြွေးကြော်မှုပြုလျှင် ထိုသူသည် လိမ်လည်သူ၊ လှည့်ဖြားသူ၊ 'ဒဂ်ျဂျားလ်'(လမ်းမှားသူ) နှင့် လမ်းမှားစေသူဟု သိရှိကြပေမည်။ အကယ်၍ ၎င်းတို့က မည်သို့ပင် မှော်အတတ်နှင့် အံ့ဖွယ်ဆန်းကြယ်များ ပြုလုပ်ပြသနိုင်သူပင် ဖြစ်စေ၊ အသိဉာဏ်ရှိသူတို့ထံတွင် ဤပြသမှုအားလုံးသည် (လက်ခံရန်) မဖြစ်နိုင်သော အရာနှင့် လမ်းမှားခြင်းများသာ ဖြစ်သည်။ ပမာအားဖြင့်ဆိုရလျှင် အလ္လာဟ်အသျှင်မြတ်သည် 'အတ်စ်ဝဒ်အန်နီစီ' ('နဗူဝသ်'ကြွေးကြော်သူ) ၏ လက်ဖြင့် ယမန်တွင်လည်းကောင်း၊ မုစိုင်လမဟ်ကဇ်ဇာဗ် ('နဗူဝသ်'ကြွေးကြော်သူ) ၏ လက်ဖြင့် ယမာမဟ်တွင်လည်းကောင်း၊ ဤကဲ့သို့သော အခြေအနေဆိုးများနှင့် အကျိုးမဲ့ စကားများကို ထုတ်ဖော်စေခဲ့သည်။ ထိုအချင်းအရာများကို တွေ့မြင်ကြားသိပြီး အသိဉာဏ်ရှိသူတို့သည် 'ဤသူနှစ်ဦးသည် လိမ်လည်သူနှင့် လမ်းမှားသူများဖြစ်ကြောင်း' သိရှိကြသည်။ (အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အပေါ်သို့ 'လအ်နသ်'ပြုတော်မူပါစေ။) ထိုနည်းတူစွာ 'ကေယာမသ်'နေ့ထိတိုင် မည်သူမဆို 'နဗူဝသ်'ကြွေးကြော်မှုပြုလျှင် ထိုသူသည် လိမ်လည်သူနှင့် ကာဖိရ်ပင်ဖြစ်သည်။ နောက်ဆုံးတွင် 'နဗူဝသ်'ကြွေးကြော်မှု အစဉ်အလာသည် 'မစီးဟ်ဒဂ်ျဂျားလ်'တွင် အဆုံးသတ်ပေမည်။

[အိဗ်နေကဆီးရ်ကျမ်း]

အေမာမ်ဂဇာလီ (ရဟ) သည် မိမိ၏ ကျမ်း **الاقتصادفى الاعتقاد** တွင် ဖော်ပြပါအာယသ်တော်၏ သဖ်စီးရ်ဖွင့်ဆိုချက်နှင့် 'ခသ်မေ့နဗူဝသ်'၏ ယုံကြည်ချက်နှင့် စပ်လျဉ်း၍ အောက်ပါစာသားများကို ရေးသားဖော်ပြထားသည်။

وليس فيه تاويل ولاتخصيص ومن اَوَّلَهٗ بتخصيص فكلامه من الهذ يان لايمنع الحكم بتكفيره لانّه مكذّب لهذا النص الّذى اجمعت الا مة على انه غير مأوّل ولامخصوص

'ဤအာယသ်တော်၌ သုံးသပ်ချက်တစ်စုံတစ်ရာ ပြုလုပ်ခြင်းသည်လည်းကောင်း၊ အထူးသတ်မှတ်ချက် ပြုလုပ်ခြင်းသည်လည်းကောင်း မဖြစ်နိုင်ပါချေ။ မည်သူမဆို သုံးသပ်ချက်ပြုလုပ်၍ ဤအာယသ်တော်တွင် တစ်စုံတစ်ရာ သတ်မှတ်ချက် ထုတ်နှုတ်မှု ပြုပါက ၎င်း၏ ထုတ်နှုတ်မှုသည် အချည်းအနှီး အကျိုးမဲ့ ပြောဆိုခြင်း အမျိုးအစားမှသာ ဖြစ်ပေလိမ့်မည်။ ထို့ပြင် ၎င်းသုံးသပ်ချက်သည် ထိုသူ့အား ကာဖိရ်ဟု ပြောဆိုခြင်းမှ တားဆီးနိုင်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုသူသည် ဤအာယသ်တော်နှင့် စပ်လျဉ်း၍ သုံးသပ်ခြင်းကိုလည်းကောင်း၊ အထူးသတ်မှတ်ခြင်းကိုလည်းကောင်း လုံးဝ မပြုနိုင်ကြောင်း

အွမ္မသ်တစ်ရပ်လုံးက တစ်ညီတစ်ညွတ်တည်း လက်ခံထားသည့် အာယသ်တော်အပေါ် လိမ်လည်ငြင်းဆိုမှု ပြုသောကြောင့်ပင် ဖြစ်သည်။

ထို့ပြင် ကာဇီအိယားဇ် (ရဟ) သည် မိမိ၏ ကျမ်းဖြစ်သော **شفاء** 'ရှိဖာ' ကျမ်းတွင် နဗီကိုယ်တော်မြတ် ﷺ ၏ နောက်တွင် 'နဗူဝသ်' ကြွေးကြော်သူသည် ကာဖိရ်နှင့် 'ကဇ်ဇာဗ်' (လိမ်လည်သူ) ဖြစ်ကြောင်းနှင့် တမန်တော်မြတ် ﷺ အား လိမ်လည်ငြင်းဆိုသူနှင့် ဖော်ပြပါ အာယသ်တော်ကို ဆန့်ကျင်ငြင်းဆိုသူဖြစ်ကြောင်း ရေးသားတင်ပြပြီးနောက် အောက်ပါစာလုံးများ ရေးသားဖော်ပြထားသည်။

واجمعت الامةعلى حمل هذ الكلامعلى ظاهره وانّ مفهومه المرادبه دون تأويل ولاتخصيص فلا شكفى كفر هؤلاء الطوائف كلهاقطعًااجماعًاوّسمعًا

'ဤစာသား ဝါကျကို ၄င်း၏ ပေါ်လွင်သော အဓိပ္ပာယ် အလိုသဘောအတိုင်း ထားရှိရန်နှင့် ဤအာယသ်တော်၏ ပင်ကိုယ်အဓိပ္ပာယ်သည် ၄င်း၏ အလိုသဘောဖြစ်ပြီး မည်သည့်သုံးသပ်ချက် (သို့) သတ်မှတ်ချက်မျှ မပြုရန် အွမ္မသ် တစ်ရပ်လုံးက တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ထားပြီး ဖြစ်သည်။ ထို့ကြောင့် ('နဗူဝသ်' ကြွေးကြော်သူတစ်ဦးဦး၏ နောက်လိုက်မှုပြုသူ) အုပ်စုအားလုံး 'ကုဖ္ဖရ်' ဖြစ်ကြောင်းတွင် မည်သည့်သံသယမျှ မရှိပေ။ ထို့မျှမက ၄င်းတို့၏ 'ကုဖ္ဖရ်' ဖြစ်ခြင်းသည် အခိုင်အမာ ယတိပြတ်ဖြစ်သော 'အိဂ်ျမာအ်အွမ္မသ်' နှင့် ဆင့်ပြန်ချက် (ဝါ) ကုရ်အာန်နှင့် စွန္နသ်တို့ဖြင့် အတည်ဖြစ်ပေသည်။

'ခသ်မေနဗူဝသ်' စာစောင် အတွဲ-၃ တွင် သာသနာ၏ အေမာမ်ကြီးများနှင့် အဆင့်တိုင်းအဆင့်တိုင်းမှ အကြီးအကဲ ပညာရှင်တို့၏ အဆိုအမိန့်များစွာတို့ကို စုဆောင်းတင်ပြထားသည်။ ယခု ဤနေရာ၌ ဤမျှ တင်ပြထားခြင်းတို့ဖြင့်လည်း မွတ်စ္စလင်မ်တစ်ဦးအဖို့ လုံလောက်ပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوا اذْكُرُوا اللّٰهَ ذِكْرًا كَثِيْرًا ﴿٤١﴾

၃၃ : ၄၁ ။ ။ 'အို, မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား အလွန်များပြားစွာ အောက်မေ့တသ သတိရကြလေကုန်။'

وَّسَبِّحُوْهُ بُكْرَةً وَّاَصِيْلًا ﴿٤٢﴾

၃၃ : ၄၂ ။ ။ ထို့ပြင် အသင်တို့သည် နံနက်ယံ၌လည်းကောင်း၊ ညနေချမ်း၌လည်းကောင်း (အမြဲတစေ) ထိုအသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုကြလေကုန်။

هُوَ الَّذِيْ يُصَلِّيْ عَلَيْكُمْ وَمَلٰٓئِكَتُهٗ
لِيُخْرِجَكُمْ مِّنَ الظُّلُمٰتِ اِلَى النُّوْرِ ۗ وَكَانَ بِالْمُؤْمِنِيْنَ رَحِيْمًا ﴿٤٣﴾

၃၃ : ၄၃ ။ ။ ထိုအသျှင်မြတ်သည် အကြင်အသျှင်မြတ်ပင် (ဖြစ်၏။) ထိုအသျှင်မြတ်သည်လည်းကောင်း၊ ထိုအသျှင်မြတ်၏ 'မလာအေကာဟ်' ကောင်းကင်တမန်များသည်လည်းကောင်း အသင်တို့အပေါ်၌ ကောင်းချီးမင်္ဂလာပို့လျက် ရှိကြကုန်၏။ (ထိုသို့ ပို့တော်မူခြင်းမှာ) ထိုအသျှင်မြတ်သည် အသင်တို့အား အမှောင်ထုများမှ အလင်းသို့ ထွက်စေတော်မူရန်အလို့ငှာ ဖြစ်၏။ စင်စစ် ထိုအသျှင်မြတ်သည် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အပေါ်၌ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

تَحِيَّتُهُمْ يَوْمَ يَلْقَوْنَهٗ سَلٰمٌ ۚ وَاَعَدَّ لَهُمْ اَجْرًا كَرِيْمًا ﴿٤٤﴾

၃၃ : ၄၄ ။ ။ ၎င်းတို့သည် ထိုအသျှင်မြတ်နှင့် တွေ့ဆုံကြသော နေ့တွင် (ထိုအသျှင်မြတ်သည်) ၎င်းတို့အား နှုတ်ခွန်းဆက်သတော်မူမည့် စကားသည် စလာမ်ဟူ၍ပင် ဖြစ်ပေမည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် ယင်းသူတို့အဖို့ မြင့်မြတ်လှစွာသော အကျိုးကို အဆင်သင့် ပြုလုပ်၍ ထားရှိတော်မူပေသည်။

يٰٓاَيُّهَا النَّبِيُّ اِنَّآ اَرْسَلْنٰكَ شَاهِدًا وَّمُبَشِّرًا وَّنَذِيْرًا ﴿٤٥﴾

၃၃ : ၄၅ ။ ။ အို၊ နဗီတမန်တော်၊ စင်စစ်မလွဲ ငါအသျှင်မြတ်သည် အသင့်အား သက်သေအဖြစ်လည်းကောင်း၊ သတင်းကောင်း ပြောကြားသူအဖြစ်လည်းကောင်း၊ သတိပေးနှိုးဆော်သူအဖြစ်လည်းကောင်း စေလွှတ်တော်မူ၏။

وَّدَاعِيًا اِلَى اللّٰهِ بِاِذْنِهٖ وَسِرَاجًا مُّنِيْرًا ﴿٤٦﴾

၃၃ : ၄၆ ။ ။ ၎င်းပြင် အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ (အသင့်အား) ထိုအသျှင်မြတ်၏ အမိန့်တော်နှင့် ဖိတ်ခေါ်သူအဖြစ်လည်းကောင်း၊ လင်းဝင်းတောက်ပသော မီးရှူးမီးတိုင် (သူရိယ) အဖြစ်လည်းကောင်း (စေလွှတ်တော်မူ၏။)

وَبَشِّرِ الْمُؤْمِنِيْنَ بِاَنَّ لَهُمْ مِّنَ اللّٰهِ فَضْلًا كَبِيْرًا ﴿٤٧﴾

၃၃ : ၄၇ ။ ။ ထို့ပြင် အသင်သည် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အား၊ ၎င်းတို့အပေါ်၌ အလ္လာဟ်အသျှင်မြတ်ထံတော်မှ ကြီးကျယ်လှစွာသော ကျေးဇူးတော်ရှိကြောင်း သတင်းကောင်းကို ပြောကြားပါလေ။

وَلَا تُطِعِ الْكٰفِرِيْنَ وَالْمُنٰفِقِيْنَ وَدَعْ اَذٰىهُمْ وَتَوَكَّلْ عَلَى اللّٰهِ ۗ وَكَفٰى بِاللّٰهِ وَكِيْلًا ﴿٤٨﴾

၃၃ : ၄၈ ။ ။ ထို့ပြင် အသင်သည် ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့၏ ပြောဆိုချက်ကိုလည်းကောင်း၊ မုနာဖစ်က် အယောင်ဆောင် မွတ်စ္စလင်မ်တို့၏ ပြောဆိုချက်ကိုလည်းကောင်း မလိုက်နာလေနှင့်။ ထို့ပြင် အသင်သည် ၎င်းတို့၏

ထိပါးပြောဆိုမှုကို လျစ်လျူရှုကာ အလ္လာဟ်အသျှင်မြတ်အပေါ်၌သာ ယုံပုံလွဲအပ်ထားပါလေ။ စင်စစ်မှာ အလ္လာဟ်အသျှင်မြတ်သည်ပင်လျှင် ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးတော်မူသော အသျှင်မြတ်အဖြစ် လုံလောက်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ အီမာန်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ (အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များကို များသောအားဖြင့်လည်းကောင်း၊ နဗီ၊ ရစူလ်တမန်တော်ချုပ်ကို စေလွှတ်တော်မူသော ကျေးဇူးတော်ကို အထူးအားဖြင့်လည်းကောင်း၊ သတိရလျက် ထိုကျေးဇူးတော်များကို သိတတ်သောအားဖြင့်) အလ္လာဟ်အသျှင်မြတ်အား အလွန်များပြားစွာ အောက်မေ့တသ သတိရကြလေကုန်။ (ဤနေရာတွင် အမိန့်နာခံမှုအားလုံး အကျုံးဝင်သည်။) ထို့ပြင် ထို 'ဇိကိရ်'တသမှုနှင့် အမိန့်နာခံမှုတို့ကို အမြဲတစေ စွဲမြဲစွာ ပြုပါလေ)

နံနက်ခင်းနှင့် ညနေခင်းတို့တွင် (စွဲစွဲမြဲမြဲ) ထိုအသျှင်မြတ်၏ စင်ကြယ်သန့်ရှင်းတော်မူကြောင်းကို မြွက်ဆိုလျက် ရှိကြလေကုန်။ (ဆိုလိုသည်မှာ နှလုံးသားဖြင့်လည်းကောင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်းများဖြင့်လည်းကောင်း၊ နှုတ်လျှာဖြင့်လည်းကောင်း သတိရနေရမည် ဖြစ်သည်။ သို့ဖြစ်ပေရာ ပထမစာပိုဒ်မှ ပြုကျင့်ဆောင်ရွက်ရန်များနှင့် အမိန့်နာခံမှုများကိုလည်းကောင်း၊ ဒုတိယစာပိုဒ်မှ ထိုအရာများ၏ အချိန်ကာလများကိုလည်းကောင်း သိရှိခဲ့ပေပြီ။ ဆိုလိုသည်မှာ အချို့အမိန့်ကို နာခံပြီး အချို့အမိန့်ကို မနာခံခြင်းနှင့် အချို့ရက်များတွင် အချို့သော အမိန့်များနာခံပြီး အချို့ရက်များတွင် မနာခံခြင်းတို့ကို မပြုလေနှင့်'ဟု ဖြစ်သည်။ ထို့ပြင် ထိုအသျှင်မြတ်သည် အသင့်အပေါ်၌ များစွာသော ကျေးဇူးတော်များ ပြုပေးတော်မူသကဲ့သို့ နောင်တွင်လည်း ကျေးဇူးပြုလျက် ရှိနေတော်မူပေမည်။ သို့ဖြစ်ပေရာ ထိုအသျှင်မြတ်သည် ဧကန်မုချ သတိရရန်နှင့် ကျေးဇူးသိရန်လိုက်သော အသျှင်မြတ် ဖြစ်တော်မူသည်။ သို့ဖြစ်ပေရာ) ထိုအသျှင်မြတ်သည် (ကိုယ်တော်တိုင်လည်း) 'ရဟ်မသ်'ပို့ချတော်မူသော ('ရဟ်မီး'သနားကြင်နာတော်မူသော) အသျှင်မြတ် ဖြစ်တော်မူသည်။

ထို့ပြင် (ထိုအသျှင်မြတ်၏ အမိန့်တော်ဖြင့်) ထိုအသျှင်မြတ်၏ ဖရစ်ရှ်သာဟ်များသည် (လည်း) အသင်တို့အပေါ်သို့ 'ရဟ်မသ်'တော်များ ပို့ချလျက် ရှိကြပေသည်။ (ထိုအသျှင် ပို့ချတော်မူသည့် 'ရဟ်မသ်' မှာမူ 'ရဟ်မသ်' ကရုဏာတော်ပင် ဖြစ်သည်။ ဖရစ်ရှ်သာဟ်များ ပို့ချသည့် 'ရဟ်မသ်'မှာမူ ဒိုအာဆုတောင်းမှု ပြုခြင်းဖြစ်သည်။ အခြားတစ်နေရာတွင်

﴿ قَالَ الَّذِيْنَ يَحۡمِلُوْنَ الۡعَرۡشَ ﴾ မှ ﴿ وَقِهِمُ السَّيِّاٰتِ ﴾

ဟူ၍ မိန့်ဆိုထားသကဲ့သို့ ဖြစ်သည်။ ထို့ပြင် ဤ 'ရဟ်မသ်'ပို့ချရခြင်းမှာ ထိုအသျှင်မြတ်သည် (ထို 'ရဟ်မသ်'၏ 'ဗရ်ကသ်'တော်များအကြောင်းအားဖြင့်) အသင်တို့အား (အသိတရားခေါင်းပါးမှုနှင့် လမ်းမှားခြင်းတို့၏) အမှောင်ထုများအတွင်းမှ (အသိပညာနှင့် တရားလမ်းမှန်၏) အလင်းဘက်သို့

ခေါ်ဆောင်လာ၍ ဖြစ်သည်။ (ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ 'ရဟ်မသ်' ကရုဏာတော်နှင့် ဖရစ်ရှ်သာဟ်များ၏ ဒိုအာတို့၏ 'ဗရ်ကသ်' ပင် ဖြစ်သည်မှာ အသင်တို့အဖို့ အသိပညာနှင့် တရားလမ်းမှန် ရရှိခြင်း၊ 'သောင်ဖီးက်' စွမ်းအားနှင့် ၎င်းအပေါ် မြဲမြဲစွာ ရပ်တည်နိုင်စွမ်း ရရှိပေသည်။) ထို့ပြင် (ထိုအချက်များဖြင့် အတည်ဖြစ်သည်မှာ) အလ္လာဟ်အသျှင်မြတ်သည် မုအ်မင်န်တို့အပေါ် အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (ဤ 'ရဟ်မသ်' သည် မုအ်မင်န်တို့၏ အခြေအနေအပေါ် လောကတွင် ပို့ချပေးတော်မူခြင်း ဖြစ်သည်။ 'အာခေရသ်' တမလွန်တွင်လည်း 'ရဟ်မသ်' တော်များ ပို့သပေးတော်မူခြင်း ရရှိခံစားရမည်ဖြစ်သည်။ သို့ဖြစ်ပေရာ) ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် တွေ့ဆုံကြသောနေ့တွင် ၎င်းတို့အပေါ်သို့ 'စလာမ်' ပို့သပေးလိမ့်မည်။ ထို 'စလာမ်' သည်ကား (အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင်သည် ၎င်းတို့အား) اَلسَّلَامُ عَلَيْكُمْ ဟူ၍ (စလာမ်ပို့သတော်မူပေမည်။ ပထမဦးစွာကြည့်လျှင် 'စလာမ်' ပေးခြင်းသည်ပင် ချီးမြှင့်ခြင်း၏ သင်္ကေတဖြစ်သည်။

တစ်ဖန် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ

سَلَامٌ قَوْلًا مِّن رَّبٍّ رَّحِيمٍ

ဟူ၍ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာ၌ မိန့်ကြားထားတော်မူသကဲ့သို့ စလာမ် ရောက်ရှိလာပေမည်။ ဟဒီးစ်တော်တွင် အလ္လာဟ်အသျှင်မြတ် ကိုယ်တော်တိုင်က 'ဂျန္နသ်၌ ရှိသူတို့အား

اَلسَّلَامُ عَلَيْكُمْ

ဟူ၍ စလာမ်ပို့သတော်မူလိမ့်မည်' ဟု လာရှိသည်။ ဤစလာမ်သည် 'ရုဟာနီ' ဝိညာဉ်ပိုင်းဆိုင်ရာ ကျေးဇူးတော်ဖြစ်သည်။ ဂုဏ်ပြုသည့်အနေဖြင့် ပို့သသော စလာမ်ဖြစ်သည်။) ထို့ပြင် ရှေ့၌ ခန္ဓာကိုယ်နှင့် စပ်လျဉ်းသော ကျေးဇူးတော်များအကြောင်း တင်ပြထားသည်မှာ) အလ္လာဟ်အသျှင်မြတ်သည် ထို (မုအ်မင်န်များအတွက်) မြင့်မြတ်လှစွာသော အကျိုးကို (ဂျန္နသ်တွင်) အသင့်ပြင်ဆင်ထားရှိတော်မူသည်။ (ဆိုလိုသည်မှာ ၎င်းတို့ ရောက်ရှိသွားရန်သာ လိုပေသည်။ ၎င်းတို့ ရောက်ရှိသည်နှင့် တစ်ပြိုင်နက် ရရှိပြီးဖြစ်ပေမည်။)

(ရှေ့တွင် နဗီတမန်တော် ﷺ အား ဦးတည်မိန့်ကြားသည်မှာ) 'အို၊ နဗီတမန်တော်၊ (အသင်သည် အချို့သော ဆန့်ကျင်သူများ၏ မကောင်းပြောဆိုမှုများကြောင့် စိတ်သောကမဖြစ်လေနှင့်။ အကယ်၍ ဤလူဗာလတို့က အသင့်အား မသိနားမလည်ဖြစ်နေကြလျှင်လည်း မည်သို့ဖြစ်မည်နည်း။ ငါအသျှင်မြတ်သည် မုအ်မင်န်တို့အား အလွန်ကြီးကျယ် များပြားလှစွာသော ကျေးဇူးတော်များနှင့် 'ရဟ်မသ်' ကရုဏာတော်တို့ကို ချီးမြှင့်တော်မူမည်ဟု ဖော်ပြခဲ့ရာ၌ အသင့်ကိုပင် အကြောင်းခံအဖြစ် ပြုထားတော်မူသည်။ ထို့ပြင် အသင်၏ ရန်သူများကို အပြစ်ဒဏ်ခတ်ရန်အတွက် အသင်၏ တင်ပြချက်ကိုပင် လုံလောက်သည်ဟု သတ်မှတ်ထားသည်။ သို့ဖြစ်ပေရာ အသင်သည် ငါအသျှင်မြတ်၏ ထံတော်တွင် မည်မျှ ချစ်ခင်မှုခံရကြောင်းနှင့်

မည့်မျှ လက်ခံတော်မူခြင်းခံရသော အဆင့်ရှိကြောင်း ပေါ်လွင်ပေသည်။ သို့ဖြစ်ပေရာ) ကေန်မုချ ငါအသျှင်မြတ်သည် အသင့်အား ('ကေယာမသ်' နေ့တွင် အွမ္မသ်သားများအတွက် ကိုယ်တိုင် အစိုးရ) သက်သေအဖြစ်လည်းကောင်း၊ (ဆိုလိုသည်မှာ အသင်၏ တင်ပြချက်အတိုင်း စီရင်ဆုံးဖြတ်တော်မူပေမည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာတွင်

اِنَّآ اَرْسَلْنَآ اِلَيْكُمْ رَسُوْلًاشَاهِدًا عَلَيْكُمْ

ဟု လာရှိထားသည့်အတိုင်း ဖြစ်သည်။ ဤနေရာ၌ အခြားသော အုပ်စုဝင်တို့၏ ခေါင်းဆောင်များနှင့် နှိုင်းယှဉ်ရာ၌ သက်သေအဖြစ် သတ်မှတ်ခံရသည်ဆိုခြင်းမှာ အလွန်မြင့်မားသော အဆင့်ကို ဂုဏ်ပြုခြင်းသာ ဖြစ်ပေသည်။ ဤသည် 'ကေယာမသ်' နေ့တွင်ဖြစ်ပေါ်လာမည့်ကိစ္စဖြစ်သည်။ ထို့ပြင် (လောက၌ ကိုယ်တော်မြတ် ﷺ ၏ ပြည့်စုံကုံလုံသော ဂုဏ်ရည်တော်များ ထင်ရှားပေါ်လွင်ခဲ့သည်မှာ) အသင်သည် (မုအ်မင်န်တို့၏) သတင်းကောင်းပေးသူအဖြစ်လည်းကောင်း၊ ထို့ပြင် (ကာဖိရ်တို့၏) သတိပေးနှိုးဆော်သူ အဖြစ်လည်းကောင်း စေလွှတ်တော်မူခြင်း ခံရသူဖြစ်သည်။

ထို့ပြင် (ခြုံငုံသောအားဖြင့် အားလုံးကို) အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ထိုအသျှင်မြတ်၏ အမိန့်တော်ဖြင့် ဖိတ်ခေါ်သူအဖြစ်လည်းကောင်း၊ (ဤသတင်းကောင်းပေးသူဖြစ်ခြင်း၊ သတိပေးနှိုးဆော်သူဖြစ်ခြင်းနှင့် ဖိတ်ခေါ်သူဖြစ်ခြင်းတို့သည် 'သဗ်လီးဂ်' ပင်ဖြစ်သည်။) ထို့ပြင် (ဤအတိုင်းလည်း မိမိ၏ ပင်ကိုယ်ဇာတိ၊ ဂုဏ်ရည်၊ ပြည့်စုံကုံလုံမှု၊ 'အေဗာဒသ်' ခဝပ်ရိုကျိုးမှုနှင့် အကျင့်မလေ့ စသော အခြေအနေအားလုံးတို့ ရှိခြင်းဖြင့်) အသင်သည် (ခြေဆုံးခေါင်းတိုင် လမ်းပြသူဖြစ်ရာတွင် အဆင့်မြင့်သော မီးရှူးမီးတိုင် တစ်ခု (ပမာ) ဖြစ်သည်။ (ဆိုလိုသည်မှာ အသင်၏ အခြေအနေတိုင်းသည် အလင်းများကို ရှာဖွေသူတို့အတွက် 'ဟေဒါယသ်' တရားလမ်းမှန်၏ ကုန်ပစ္စည်းများပင် ဖြစ်သည်။ သို့ဖြစ်ပေရာ 'ကေယာမသ်' နေ့တွင် မုအ်မင်န်များအပေါ် ရရှိမည့် 'ရဟ်မသ်' ကရုဏာတော်တို့သည် အသင်၏ သတင်းကောင်းပေးသူဖြစ်ခြင်း၊ သတိပေးနှိုးဆော်သူဖြစ်ခြင်း၊ ဖိတ်ခေါ်သူဖြစ်ခြင်းနှင့် မီးရှူးမီးတိုင်ဖြစ်ခြင်းတို့၏ အကြောင်းခံဖြင့်သာ ဖြစ်ရှိပေမည်။ ထို့ကြောင့် အသင်သည် ထိုပူဆွေးသောကဖြစ်မှုကို စွန့်ပစ်လိုက်ပါလေ။) ထို့ပြင် (မိမိ၏ တာဝန်ဖြစ်သော အလုပ်၌သာ ရှိနေပါလေ။ ဆိုလိုသည်မှာ) အသင်သည် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အား အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ကြီးကျယ်လှစွာသော ကျေးဇူးတော်ရှိကြောင်း သတင်းကောင်း ပြောကြားပါလေ။

ထို့ပြင် (ဤအတိုင်းပင် ကာဖိရ်နှင့် မုနာဖစ်က်တို့ကို သတိပေးနှိုးဆော်လျက် ရှိနေပါလေ။ ဤအချက်ကို အကြောင်းအရာတစ်မျိုးဖြင့် နှိုင်းယှဉ်ထားသည်မှာ) ကာဖိရ်နှင့် မုနာဖစ်က်တို့ ပြောဆိုသည်များကို လိုက်နာခြင်း မပြုလေနှင့်။ (ကာဖိရ်နှင့် မုနာဖစ်က်တို့၏ ပြောဆိုချက်များအပေါ် တိမ်းညွတ်၍ 'သဗ်လီးဂ်' နှင့် 'ဒအ်ဝသ်' ကို စွန့်လွှတ်ရန်မှာ တမန်တော်မြတ် ﷺ အဖို့ မဖြစ်နိုင်သောကိစ္စ ဖြစ်သည်။ သို့ရာတွင် ကိုယ်တော်မြတ် ﷺ သည် လက်တွေ့ပို့ချမှုတစ်ရပ်ဖြစ်သော ဟဇရသ်ဇိုင်နဗ် ؓ သခင်မနှင့် 'နေကာဟ်' ပြုရန်

ရည်ရွယ်ခြင်းကို ကာဖိရ်တို့၏ မကောင်းစွပ်စွဲ ပြောဆိုမှုမှ ရှောင်ကြဉ်ရန်အတွက် တုံ့ဆိုင်းမှုပြုပါလျှင် ကာဖိရ်တို့၏ ပြောဆိုချက်ကို လက်ခံခြင်းဟု တင်ပြလိုက်ခြင်းဖြစ်သည်။) ထို့ပြင် အသင်သည် ထို (ကာဖိရ်နှင့် မုနာဖစ်က်တို့) ဘက်မှ ဒုက္ခရောက်စေခြင်းများကို (ဤလက်တွေ့ပို့ချခြင်းအနေဖြင့် 'နေကာဟ်'ပြုရာတွင် နှုတ်စကားများအားဖြင့် နာကျင်ဖွယ်ဒုက္ခများ ရောက်ရှိခဲ့သကဲ့သို့ ဖြစ်သည်။) ဂရုမမူလေနှင့်။ ထို့ပြင် (ကိုယ်ထိလက်ရောက် ဒုက္ခများအတွက်လည်း စိုးရိမ်မှုမပြုလေနှင့်။ ထိုသို့ ဖြစ်လိမ့်မည်ဟု တွေးထင်သံသယဖြစ်ခဲ့ပါလျှင်) အလ္လာဟ်အသျှင်မြတ်အပေါ် ယုံပုံအားကိုးမှု ပြုပါလေ။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည်ပင် ကိစ္စအဝဝကို ပြီးမြောက်အောင် ဆောင်ရွက်ပေးတော်မူသော အသျှင်အဖြစ် လုံလောက်တော်မူပေသည်။ (ထိုအသျှင်မြတ်သည် အသင်၏ ဒုက္ခများမှ ကယ်တင်တော်မူပေမည်။ ထို့ပြင် အကယ်၍ 'သဗ်လီးဂ်' ပို့ချမှုပြုရာတွင် ပေါလွင်ထင်ရှားစွာ ဒုက္ခရောက်ရှိခဲ့ပါလျှင် ထိုဒုက္ခသည်အတွင်းပိုင်းအရ အကျိုးအမြတ်ပင် ဖြစ်ပေသည်။ ဤသည် လုံလောက်တော်မူသော အသျှင်မြတ်ဖြစ်ခြင်းနှင့် ပြီးမြောက်အောင် ဆောင်ရွက်သော အသျှင်မြတ်ဖြစ်ခြင်းတို့နှင့် ဆန့်ကျင်ခြားနားမှု မဖြစ်ပေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ရှေ့အာယသ်တော်များတွင် တမန်တော်မြတ် ﷺ ၏ ကြီးမြတ်မှုနှင့် တမန်တော်မြတ် ﷺ အား ဒုက္ခရောက်စေခြင်းမှ ရှောင်ကြဉ်ရန် အမိန့်ပေး ညွှန်ကြားချက်များအကြောင်းတွင် ဟာဇရသ်ဇိုက်ဒ် ؓ နှင့် ဇိုင်နဗ် ؓ တို့အကြောင်း၊ ၎င်းအပြင် တမန်တော်မြတ် ﷺ သည် ခါသိမွန်နဗီယီးန်ဖြစ်ကြောင်းတို့ကို တင်ပြထားသည်။ ရှေ့၌လည်း ကိုယ်တော်မြတ် ﷺ ၏ ပြည့်စုံကုံလုံသည့် ဂုဏ်ရည်တော်များကို တင်ပြရန်ဖြစ်သည်။ ထို့ပြင် ကိုယ်တော်မြတ် ﷺ ၏ ပင်ကိုယ်ဇာတိနှင့် ဂုဏ်ရည်တော်များသည် လောကတွင် မွတ်စလင်မ်များအတွက် အကြီးဆုံးသော ကျေးဇူးတော်ပင် ဖြစ်သည်။ ထိုကျေးဇူးတော်ကို ကျေးဇူးတုန့်ပြန်ရန်အတွက် ဖော်ပြပါအာယသ်တော်တွင် 'ဇိက်ရုလ္လာဟ်' (အလ္လာဟ်အသျှင်မြတ်အား အောက်မေ့တသသတိရမှု) ကို များမြောင်စွာ ပြုလုပ်ရန် အမိန့်ပေးထားသည်။

'ဇိက်ရုလ္လာဟ်' (အလ္လာဟ်အသျှင်မြတ်အား တသမှု) သည် အချိန်တိုင်းတွင် 'ဖွရဇ်' ဖြစ်သော 'အေဗာဒသ်' ဖြစ်ခြင်းနှင့် ၎င်းအား များမြောင်စွာပြုရန် အမိန့်ပေးခြင်းခံရသော 'အေဗာဒသ်' ဖြစ်ခြင်း

يَاَيُّهَا الَّذِيْنَ اٰمَنُوا اذْكُرُوا اللّٰهَ ذِكْرًا كَثِيْرًا

ဟာဇရသ်အိဗ်နေအဗ္ဗားစ် ؓ သခင်က မိန့်ဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ဗန္ဒာဟ် ကျေးကျွန်များအပေါ် 'ဇိက်ရုလ္လာဟ်'မှအပ တိုင်းတာသတ်မှတ်ချက်မရှိသော မည်သည့် 'ဖွရဇ်'တာဝန်ကိုမျှ

သတ်မှတ်ပေးတော်မမူခဲ့ပေ။ နမာဇ်တွင် (၅) ကြိမ်နှင့် နမာဇ်တိုင်းတွင် ရကာအသ်များ သတ်မှတ်ပေးခဲ့သည်။ 'ရိုဇာဟ်'စောင့်ထိန်းခြင်းသည် 'ရမ်ဇာန်'လမြတ်၌ ပြုရန် သတ်မှတ်ထားသည်။ 'ဟဂျ်'ပြုခြင်းသည်လည်း သတ်မှတ်သော နေရာများ၌ အထူးသတ်မှတ်သည့် ကျင့်စဉ်များကို ပြုလုပ်ခြင်းဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည်။ 'ဇကားသ်'သည်လည်း တစ်နှစ်တာလုံးတွင် တစ်ကြိမ်သာ 'ဖွရ်ဇ်'ဖြစ်ကြောင်း သတ်မှတ်ပြဋ္ဌာန်းထားသည်။ သို့ရာတွင် 'ဇိကရ်ုလ္လာဟ်'အလ္လာဟ်အသျှင်မြတ်အား အောက်မေ့တသ သတိရခြင်းတွင်မူ မည်သည့်အတိုင်းအတာ အရေအတွက်မျှ သတ်မှတ်ချက်မရှိ။ မည်သည့်အချိန်၊ မည်သည့်ကာလဟုလည်း သတ်မှတ်ချက်မရှိ။ ၎င်းအတွက် မည်သည့်ပုံစံဖြင့် ထိုင်၍သော်လည်းကောင်း၊ ရပ်၍သော်လည်းကောင်း ပြုရမည်ဟု သတ်မှတ်ချက်မရှိ။ ၎င်းအတွက် ကိုယ်ခန္ဓာသန့်ရှင်းရန်နှင့် 'ဝုဇူ'ရှိရန်ဟူ၍လည်း သတ်မှတ်ချက်မရှိ။ အချိန်တိုင်း၊ အခြေအနေတိုင်းတွင် 'ဇိကရ်ုလ္လာဟ်'ကို များမြောင်စွာပြုရန်သာ အမိန့်ပေးထားသည်။ ခရီး၌ဖြစ်စေ၊ မိမိအရပ်၌ဖြစ်စေ၊ ကျန်းမာခြင်း၌ဖြစ်စေ၊ မကျန်းမာခြင်း၌ဖြစ်စေ၊ ကုန်းပေါ်တွင်ဖြစ်စေ၊ ပင်လယ်တွင်ဖြစ်စေ၊ နေ့၌ဖြစ်စေ၊ ညဉ့်၌ဖြစ်စေ၊ အခြေအနေတိုင်း၌ အလ္လာဟ်အသျှင်မြတ်အား သတိရ တသနေရန် အမိန့်ပေးထားသည်။

ထို့ကြောင့် 'ဇိကရ်ုလ္လာဟ်'ကို စွန့်လွှတ်ခြင်းတွင် လူသား၏ မည်သည့်အကြောင်းပြချက်မျှ လက်ခံမည်မဟုတ်ပေ။ သို့ရာတွင် ဦးနှောက်အသိဉာဏ် ပျက်စီးယိုယွင်းသူ၊ ရူးသွပ်သူနှင့် သတိလစ်နေသူများ ဤအမိန့်၌ မပါဝင်ပေ။

'ဇိကရ်ုလ္လာဟ်'မှအပ အခြားသော 'အေဗာဒသ်'များတွင် မကျန်းမာခြင်းနှင့် အခက်အခဲရှိသော အခြေအနေများတွင် လူသားအား ချွင်းချက်ရှိသူဟု သတ်မှတ်၍ 'အေဗာဒသ်'တွင် အတိုချုံးစေခြင်း၊ လျှော့ပေါ့ပေးခြင်းနှင့် ခွင့်လွှတ်ချက် ပြုပေးခြင်းများလည်း ရှိပေသည်။ သို့ရာတွင် 'ဇိကရ်ုလ္လာဟ်'အတွက် အလ္လာဟ်အသျှင်မြတ်သည် မည်သည့်စည်းကမ်းသတ်မှတ်ချက်မျှ ပြဋ္ဌာန်းမထားပေ။ ထို့ကြောင့် 'ဇိကရ်ုလ္လာဟ်' ကို စွန့်လွှတ်ခြင်းတွင် မည်သည့်အခြေအနေ၌ဖြစ်စေ၊ မည်သည့်အကြောင်းပြချက်ကိုမျှ လက်ခံတော်မူမည်မဟုတ်ပေ။ 'ဇိကရ်ုလ္လာဟ်'ပြုခြင်း၏ အကျိုးကျေးဇူးနှင့် 'ဗရ်ကသ်'သည်လည်း မရေမတွက်နိုင်အောင် များပြားလှပေသည်။ အေမာမ်အဟ်မဒ် (ရဟ) သည် ဟဇရသ်အဘူဒရ်ဒါးအ် ؓ ထံမှ ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ သည် ဆွဟာဗာများအား ဦးတည်၍ မိန့်ကြားသည်မှာ 'ငါကိုယ်တော်မြတ်သည် အသင်တို့အား စိုးပိုင်တော်မူသော အသျှင်မြတ်၏ ထံတော်ပါး၌ လက်အခံဆုံးဖြစ်သော၊ အသင်တို့၏ အဆင့်အတန်းကို တိုးမြှင့်ပေးမည်ဖြစ်သော၊ အသင်တို့အဖို့ ရွှေသား၊ ငွေသားများကို 'စွဒ်ကာဟ်'၊ 'ခိုင်ရားသ်' ပြုခြင်းထက်သာပိုမြတ်သော၊ ထို့ပြင် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ 'ဂျိဟားဒ်'အတွက် ထွက်သည့်အခါ အသင်၏ ရန်သူနှင့် ရင်ဆိုင်စဉ် အသင်သည် ၎င်း၏ လည်ဂုတ်ကို ပိုင်းလိုက်သော၊ ရန်သူက အသင်၏ လည်ဂုတ်ကို ပိုင်းလိုက်သော ကိစ္စများထက် သာပိုမြတ်သော အရာတစ်ခုကို မပြရဘူးလော'ဟု မေးမြန်းမိန့်ကြားတော်မူရာ ဆွဟာဗာများက 'အို၊ တမန်တော်မြတ်၊ ထိုအရာသည် မည်သည့်အရာနှင့် မည်သည့် 'အမလ်'

ဖြစ်ပါသနည်း'ဟု မေးလျှောက်ကြရာ တမန်တော်မြတ် ﷺ က ذكر الله عز وجل 'ဇိက်ရုလ္လာဟ်' အလ္လာဟ်အသျှင်မြတ်အား အောက်မေ့တသ, သတိရခြင်းဖြစ်သည်' ဟု မိန့်ကြားလေသည်။

အလားတူ အေမာမ်အဟ်မဒ် (ရဟ) နှင့် အေမာမ်သိရ်မေဇီ (ရဟ) တို့က ဆင့်ပြန်ခဲ့သည်။ ဟဇရသ်ဘူဟူရိုင်ရာဟ် ﷺ သခင်က 'ကျွန်ုပ်သည် တမန်တော်မြတ် ﷺ ထံတော်မှ ဒိုအာ တစ်ပုဒ်ကို ကြားသိခဲ့ရသည်။ ကျွန်ုပ်သည် ထိုဒိုအာကို မည်သည့်အခါမျှ မစွန့်လွှတ်ခဲ့ပါ'ဟု မိန့်ဆိုခဲ့သည်။ ၎င်းဒိုအာမှာ-

اَللّٰهُمَّ اجْعَلْنِىْ اُعَظِّمُ شُكْرَكَ وَاَتَّبِعُ نَصِيْحَتَكَ وَاُكْثِرُ ذِكْرَكَ وَاَحْفَظُ وَصِيَّتَكَ

'အို, အလ္လာဟ်အသျှင်မြတ်၊ ကျွန်တော်မျိုးသည် အသျှင်မြတ်အား ကျေးဇူးတင်မှုများကို များမြောင်စွာပြုသူအဖြစ်လည်းကောင်း၊ အသျှင်မြတ်၏ လမ်းညွှန်ဆုံးမမှုများကို လိုက်နာကျင့်ကြံသူအဖြစ်လည်းကောင်း၊ အသျှင်မြတ်၏ သတိရ တသမှုကို များမြောင်စွာ ပြုနိုင်သူအဖြစ်လည်းကောင်း၊ အသျှင်မြတ်၏ အမိန့်တော်များကို ထိန်းသိမ်းသူအဖြစ်လည်းကောင်း ကျွန်တော်မျိုးအား ပြုပေးတော်မူပါ' *[အိဗ်နေကဆီးရ်ကျမ်း]*

ဤနေရာတွင် တမန်တော်မြတ် ﷺ သည် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် 'ဇိက်ရုလ္လာဟ်'၊ အလ္လာဟ်အသျှင်မြတ်အား များမြောင်စွာ သတိရ တသမှုပြုနိုင်ရန် ဒိုအာပြုတော်မူခဲ့သည်။

အာရဗ်ကျေးတောသားတစ်ဦးသည် တမန်တော်မြတ် ﷺ ထံတော်ပါးတွင် 'အစ္စလာမ်၏ ကျင့်စဉ်များ၊ 'ဖွရဒ်'တာဝန်များနှင့် 'ဝါဂျိဗ်'တာဝန်များမှာမူ အလွန်ပင် များပြားလှပါသည်။ ကိုယ်တော်သည် ကျွန်တော်မျိုး စွဲမြဲစွာ ပြုကျင့်နိုင်မည့် တိုတောင်း၍ နက်နဲသိပ်သည်းမှုရှိသော ကျင့်စဉ်တစ်ခုကို ပြသတော်မူပါ'ဟု လျှောက်ထားလေရာ တမန်တော်မြတ် ﷺ က

لا يزال لسانك رطبا بذكر الله تعالى

'အသင်၏ နှုတ်လျှာသည် အမြဲတစေ အလ္လာဟ်အသျှင်မြတ်အား သတိရတသမှုဖြင့် စိုစွတ်နေရပေမည်'ဟု မိန့်တော်မူလေသည်။ *[မုစ်နဒ်အဟ်မဒ်ကျမ်း၊ အိဗ်နေကဆီးရ်ကျမ်း။]*

ဟဇရသ်အာဗူစအီးဒ်ခုဒ်ရီ ﷺ ၏ ဆင့်ပြန်ချက်တွင် တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ-

اذكروا الله تعالى حتى يقولوا مجنون

'အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား အောက်မေ့တသ သတိရခြင်းကို မြင်သူတို့က အရူးဟု ပြောဆိုသည့်အထိ ပြုကြလေကုန်'ဟု ဖြစ်သည်။ *[အိဗ်နေကဆီးရ်ကျမ်း၊ မုစ်နဒ်အဟ်မဒ်ကျမ်း။]*

ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်အုမရ် ﷺ က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ က 'မည်သူမဆို ထိုင်ဝိုင်းတစ်ခုတွင် ထိုင်သည့်အခါ ထိုထိုင်ဝိုင်းတွင် အလ္လာဟ်အသျှင်မြတ်၏ သတိရတသမှု မပါရှိပါလျှင် 'ကေယာမသ်'နေ့တွင် ထိုထိုင်ဝိုင်းသည် ၎င်းတို့အတွက် ဝမ်းနည်းဖွယ်ရာ ဖြစ်ပေလိမ့်မည်'ဟု မိန့်တော်မူလေသည်။ *[မုစ်နဒ်အဟ်မဒ်ကျမ်း၊ အိဗ်နေကဆီးရ်ကျမ်း]*

وَسَبِّحُوهُ بُكْرَةً وَّأَصِيلًا

ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်၏ သန့်ရှင်းစင်ကြယ်မှုကို နံနက်နှင့်ညနေတွင် ပြုလုပ်ကြကုန်'ဟု ဖြစ်သည်။ နံနက်ခင်းနှင့် ညနေခင်းဆိုသည်မှာ အချိန်တိုင်းကို ဆိုလိုခြင်းဖြစ်သည်။ တစ်ဖန် နံနက်ခင်းနှင့် ညနေခင်းဟု အထူးသတ်မှတ်ခြင်းမှာ ထိုအချိန်များတွင် အလ္လာဟ်အသျှင်မြတ်အား သတိရတသမှုပြုရန် ပို၍ လေးလေးနက်နက် မှာကြားထားမှုလည်း ရှိ၍ ဖြစ်သည်။ 'ဖရိကသ်'လည်း ပို၍ များပြားသောကြောင့် ဖြစ်သည်။ ထိုသို့မဟုတ်ပါက အလ္လာဟ်အသျှင်မြတ်၏ သတိရတသမှုကို သီးသန့် အချိန်တစ်ချိန်၌ အထူးသတ်မှတ်ရန်၊ ကန့်သတ်ရန် မရှိပေ။

هُوَ الَّذِي يُصَلِّي عَلَيْكُمْ وَمَلَٰئِكَتُهُ

ဆိုလိုသည်မှာ 'အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား သတိရတသမှုကို များမြောင်စွာ ပြုသည့် အလေ့အထရှိသူဖြစ်စေ၊ နံနက်နှင့် ညနေတွင် 'သပ်စဗီးဟ်'(အလ္လာဟ်အသျှင်မြတ်၏ သန့်ရှင်းစင်ကြယ်တော်မူကြောင်း) ကို စွဲမြဲစွာ ရွတ်ဆိုတသခဲ့သူဖြစ်စေ၊ ထိုသို့ ပြုခြင်းအပေါ် အလ္လာဟ်အသျှင်မြတ်ထံတော်၌ ဂုဏ်သိက္ခာနှင့် ချီးမြှင့်မှုများ ရှိမည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အပေါ်သို့ 'ရဟ်မသ်'တော်များ ချပေးတော်မူလိမ့်မည်။ ထို့ပြင် ထိုအသျှင်မြတ်၏ 'မလာအေကာဟ်' ကောင်းကင်တမန်များက အသင်တို့ အတွက် ဒိုအာပြုပေးကြပေလိမ့်မည်'ဟု ဖြစ်သည်။'

ဖော်ပြပါအာယသ်တော်တွင် صلوة ဟူသောစာလုံးကို အလ္လာဟ်အသျှင်မြတ်အတွက်လည်း အသုံးပြုထားသည်။ ထို့ပြင် ဖရစ်ရှ်သာဟ်များအတွက်လည်း အသုံးပြုထားသည်။ သို့သော် အဓိပ္ပာယ်သက်ရောက်မှုတွင် သီးခြားစီဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ صلوة 'ဆွလားသ်'ပြုတော်မူခြင်းဆိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ 'ရဟ်မသ်'တော်များ ပို့ချတော်မူခြင်း ဖြစ်သည်'ဟု ဖြစ်သည်။ ထို့ပြင် ဖရစ်ရှ်သာဟ်များသည် မိမိတို့ကိုယ်တိုင်မှု မည်သည့်အလုပ်ကိုမျှ ပြုစွမ်းကြသည်မဟုတ်ပေ။ ၎င်းတို့၏ صلوة 'ဆွလားသ်'မှာမူ ဖရစ်ရှ်သာဟ်တို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်မှ 'ရဟ်မသ်'တော်များ ပို့ချပေးရန် ဒိုအာပြုကြသည်'ဟု ဖြစ်သည်။

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်က မိန့်ဆိုသည်မှာ 'ဆွလားသ်'သည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ 'ရဟ်မသ်'တော် ဖြစ်သည်။ ဖရစ်ရှ်သာဟ်များဘက်မှ 'အစ်သိဂ်ဖာရ်' (လွတ်ငြိမ်းချမ်းသာခွင့်ရရန် ဒိုအာဆုတောင်းခြင်း) နှင့် အချင်းချင်း တစ်ဦးဘက်မှ တစ်ဦးအပေါ် ဒိုအာပြုပေးခြင်းဟု ဖြစ်သည်။ 'ဆွလားသ်'ဟူသော စာလုံးသည် အဓိပ္ပာယ် (၃) မျိုးစလုံးအတွက် ရောနှော အသုံးပြုသည်။ စာလုံးတစ်လုံးမှ အဓိပ္ပာယ် ၃-မျိုး (သို့) ၄-မျိုးကို တစ်ပြိုင်တည်း ဖော်ဆောင်နိုင်သည်ဟူ၍ သတ်မှတ်ကြသော ပညာရှင်များထံတွင် ဤစာလုံးသည် အဓိပ္ပာယ်များ တစ်ပြိုင်တည်း ရောနှောပါဝင်သည့် စာလုံးဖြစ်သည်။ ၎င်းအတွက် ဖော်ပြပါ အဓိပ္ပာယ်သုံးမျိုးလုံးကို တစ်ပြိုင်တည်း ကောက်ယူနိုင်သည်ဟု တင်ပြကြသည်။ စာလုံးတစ်လုံး

တည်း၌ တစ်ပြိုင်တည်း အဓိပ္ပာယ်များ ရောနှောနေခြင်းကို အာရဗီသဒ္ဒါဥပဒေအရ ပိုင်သည်ဟု မယူဆသူများက သွယ်ဝိုက်သောနည်းဖြင့် ခြုံငုံသော အဓိပ္ပာယ်ပေးသည့် စာလုံးဖြစ်သည်ဟု သတ်မှတ်မည်ဖြစ်ပြီး 'ဆွလားသ်' ဟူသောစာလုံးသည် ထိုအဓိပ္ပာယ်အားလုံးအပေါ် သက်ရောက်မှုရှိသည်ဟု သတ်မှတ်ပေလိမ့်မည်။

تَحِيَّتُهُمْ يَوْمَ يَلْقَوْنَهُ سَلَٰمٌ

ဤသည်မှာ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ မုအ်မင်န်များကို ပေးသနားတော်မူမည့် 'ဆွလားသ်' ၏ ဖွင့်ဆိုချက်ပင် ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် တွေ့ဆုံ ရမည့်နေ့တွင် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ၎င်းတို့အား ဂုဏ်ပြုသည့်အနေဖြင့် اَلسَّلَامُ عَلَيْكُمْ ဟု စလာမ်ပေးခြင်း ခံရပေမည်ဟု ဖြစ်သည်။

အလ္လာဟ်အသျှင်မြတ်နှင့် တွေ့ဆုံရမည့်နေ့မှာ မည်သည့်နေ့ ဖြစ်သနည်း?

အေမာမ်ရာဂိဗ် စသည်တို့က 'ကေယာမသ်နေ့ကို ဆိုလိုသည်' ဟု ဖြစ်သည်။ အချို့ သဖ်စီးရ်အေမာမ်ကြီးများက 'ဂျန္နသ်တွင် ဝင်ရောက်သည့်အချိန်ကို ဆိုလိုသည်' ဟု အမိန့်ရှိကြသည်။ ထိုအချိန်တွင် ၎င်းတို့အပေါ်သို့ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှလည်းကောင်း၊ ဖရစ်ရှ်သာဟ်အားလုံးဘက်မှလည်းကောင်း 'စလာမ်' ရောက်ရှိပေလိမ့်မည်။ အချို့အဖွင့်ပညာရှင်များက 'အလ္လာဟ်အသျှင်မြတ်နှင့် တွေ့ဆုံမည့် နေ့သည် ကွယ်လွန်သေဆုံးသည့်နေ့ ဖြစ်သည်' ဟု သတ်မှတ်ကြသည်။ အကြောင်းမှာ ထိုနေ့သည် လောကနှင့် အရာအားလုံးတို့နှင့် ကင်းလွတ်ပြီး အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်း၏ ရှေ့တော်မှောက်၌သာ ရောက်ရှိရမည့်နေ့ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်မတ်စ်အူးဒ် ﷺ သခင်၏ ဆင့်ပြန်ချက်တွင် လာရှိသည်မှာ 'အသက်နှုတ်မည့် ဖရစ်ရှ်သာဟ်သည် မုအ်မင်န်တစ်ဦး၏ ဝိညာဉ်ကို နှုတ်ယူရန် ရောက်ရှိလာသည့်အခါ ဦးစွာပထမ 'အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်က အသင့်အား စလာမ်ပို့သလိုက်သည်' ဟူ၍ ထိုသူ့အား သတင်းစကား ပြောကြားလေသည်' ဟူသော ဟဒီးစ်တော်၌ လာရှိထားသကဲ့သို့ ဖြစ်သည်။

لِقَاء 'လိကာအ်' (တွေ့ဆုံခြင်း) ဟူသော စာလုံးသည် ထိုအခြေအနေ (၃) ရပ်စလုံးအပေါ်၌ သက်ရောက်သော စာလုံးဖြစ်သည်။ထို့ကြောင့် ထိုအဆိုများတွင် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ခြားနားမှု မဖြစ်နိုင်ပေ။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ဤစလာမ်သည် အခြေအနေ (၃) ရပ်စလုံး၌ ဖြစ်နိုင်သောကြောင့် ဖြစ်သည်။ *[ရူးဟွလ်မအာနီကျမ်း]*

မဿလာ ။ ။ မွတ်စ္စလင်အချင်းချင်း တစ်ဦးနှင့်တစ်ဦး ဒိုအာပြုနှုတ်ဆက်ခြင်းကို ကြီးသူဘက်မှ ငယ်သူအတွက်ဖြစ်စေ၊ ငယ်သူဘက်မှ ကြီးသူအတွက်ဖြစ်စေ اَلسَّلَامُ عَلَيْكُمْ ဟူသော စာလုံးဖြင့် ပြုရန် ထိုက်ကြောင်း ဤအာယသ်တော်အရ အတည်ဖြစ်သည်။

တမန်တော်မြတ် ﷺ ၏ အထူးဂုဏ်ရည်တော်များ

يَاأَيُّهَا النَّبِيُّ إِنَّا أَرْسَلْنَاكَ شَاهِدًا وَمُبَشِّرًا وَنَذِيرًا وَدَاعِيًا إِلَى اللهِ بِإِذْنِهِ وَسِرَاجًا مُّنِيرًا

ဤသည်မှာ တမန်တော်မြတ် ﷺ ၏ ပြည့်စုံကုံလုံသည့် ဂုဏ်ရည်တော်များနှင့် ထူးမြတ်မှုများကို ပြန်လည်တင်ပြခြင်းပင် ဖြစ်သည်။ ဤတင်ပြချက်တွင် တမန်တော်မြတ် ﷺ ၏ ဂုဏ်တော် (၅) မျိုးကို တင်ပြမိန့်ကြားထားသည်။ ၎င်း (၅) မျိုးမှာ-

(၁) **شاهد** (ရှာဟိဒ်)

(၂) **مبشّر** (မုဗရှိရှ်ရ်)

(၃) **نذير** (နဇီးရ်)

(၄) **داعى الى الله** (ဒါအီအိလလ္လာဟ်)

(၅) **سراج منير** (စေရာဂျေမုနီးရ်) တို့ ဖြစ်သည်။

(၁) **شاهد** 'ရှာဟိဒ်'၏ အလိုသဘောမှာ 'ကိုယ်တော်မြတ် ﷺ သည် 'ကေယာမသ်'နေ့တွင် အုမ္မသ်သားများအတွက် သက်သေပြုတော်မူလိမ့်မည်'ဟု ဖြစ်သည်။ ဆွဟီးဟ်ဘိုခါရီ၊ နစအီနှင့် သီရ်မေဇီ စသော ကျမ်းများတွင် ဟဇရသ်အဘူစအီးဒ်ခွဒ်ရီ ؓ သခင်ထံမှ ရှည်လျားသော ဟဒီးစ်တော်တစ်ပါး ဆင့်ပြန်လာရှိရာ ထိုဆင့်ပြန်ချက်မှ စာပိုဒ်အချို့တွင် 'ကေယာမသ်'နေ့၌ ဟဇရသ်နူးဟ် عليه السلام သည် အသျှင်မြတ်၏ ရှေ့တော်မှောက်သို့ ရောက်ရှိသောအခါ ဟဇရသ်နူးဟ် عليه السلام အား မေးမြန်းခြင်းခံရမည်မှာ 'အသင်သည် ငါအသျှင်မြတ်၏ အမိန့်တော်များကို မိမိ၏ အုမ္မသ်တို့ထံ ပို့ဆောင်ခဲ့ပါသလား'ဟု ဖြစ်သည်။ ဟဇရသ်နူးဟ် عليه السلام က လျှောက်ထားဖြေကြားမည်မှာ 'ကျွန်တော်မျိုး ပို့ဆောင်ပေးခဲ့ပါသည်'ဟု ဖြစ်သည်။ ထို့နောက် ၎င်း၏ အုမ္မသ်ကို ရှေ့တော်သွင်းစေတော်မူမည်။ အုမ္မသ်သားတို့က မိမိတို့ထံသို့ အသျှင်မြတ်၏ အမိန့်တော်များကို ပို့ဆောင်ခဲ့သည်ဆိုခြင်းကို ငြင်းဆိုကြပေမည်။ ထိုအခါ ဟဇရသ်နူးဟ် عليه السلام အား 'အမိန့်တော်များကို ပို့ဆောင်ခဲ့ပါသည်ဟူ၍ ကြွေးကြော်မှုနှင့်စပ်လျဉ်း၍ အသင့်၌ သက်သေတစ်စုံတစ်ဦး ရှိပါသလား'ဟု မေးမြန်းခြင်းခံရသောအခါ ဟဇရသ်နူးဟ် عليه السلام က 'မိုဟမ္မဒ် ﷺ နှင့် ၎င်း၏ အုမ္မသ်သားများသည် သက်သေအဖြစ် ရှိပါသည်'ဟု လျှောက်ထားဖြေကြားပေမည်။ အချို့ဆင့်ပြန်ချက်များ၌ ဟဇရသ်နူးဟ် عليه السلام သည် သက်သေအဖြစ် 'အုမ္မသေ့မုဟမ္မဒီယဟ်'ကို တင်ပြပြီး 'ဤအုမ္မသ်သားများက သက်သေထွက်ဆိုပါလိမ့်မည်'ဟု လျှောက်ထားကြပေလိမ့်မည်'ဟု လာရှိသည်။ ထိုအခါ နူးဟ် عليه السلام ၏ အုမ္မသ်သားများက 'ဤသူတို့သည် ကျွန်တော်မျိုးတို့ကိစ္စတွင် မည်ကဲ့သို့ သက်သေပေးနိုင်ပါမည်နည်း။ ၎င်းတို့သည် ထိုအချိန်က မွေးဖွားခြင်းပင် မရှိကြသေးပေ။ ကျွန်တော်မျိုးတို့၏ ခေတ်နှင့် အလွန်ကွာဝေးသော ခေတ်များ၏ နောက်ပိုင်းမှ မွေးဖွားလာသူများ ဖြစ်ကြပါသည်' ဟု လျှောက်ထားကြပေမည်။ ထိုစာဒက၏ အဖြေကို

အုမ္မသေ့မုဟမ္မဒီယဟ်က ‘ကောန်အမှန် ကျွန်တော်မျိုးတို့သည် ထိုအချိန်က မရှိခဲ့ကြပါ။ သို့ရာတွင် ကျွန်တော်မျိုးတို့သည် ထိုအကြောင်းများကို မိမိတို့၏ တမန်တော်မြတ် ﷺ ထံမှ ကြားသိခဲ့ကြရပါသည်။ ထိုအပေါ်၌ ကျွန်တော်မျိုးတို့၏ အီမာန်ရှိပါသည်’ဟု လျှောက်ထား ဖြေကြားကြပေလိမ့်မည်။ ထိုအခါ တမန်တော်မြတ် ﷺ အား မိမိအုမ္မသ်သားများ၏ ဤဖြေကြားမှုကို ထောက်ခံရန်အတွက် သက်သေထွက်ဆို စေတော်မူမည် ဖြစ်သည်။

အချုပ်မှာ တမန်တော်မြတ် ﷺ သည် မိမိ၏ သက်သေထွက်ဆိုခြင်းဖြင့် မိမိအုမ္မသ်သားတို့၏ လျှောက်ထားဖြေကြားမှုအပေါ် ‘ဧကန်မုချ ကျွန်တော်မျိုးသည် ဤအကြောင်းများကို ၎င်းတို့ထံ ပို့ချခဲ့ပါသည်’ဟူ၍ ထောက်ခံမှု ပြုပေလိမ့်မည်။

ထို့ပြင် အုမ္မသ်အပေါ် ‘ရှာဟိဒ်’သက်သေဖြစ်ခြင်း၏ အရာအားလုံးကို ခြုံငုံသော အဓိပ္ပာယ်လည်း ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ သည် မိမိအုမ္မသ်သားအားလုံးအနက် တစ်ဦးချင်းစီ၏ အကောင်းအဆိုး ကျင့်စဉ်များကို ‘ရှဟာဒသ်’ပေးတော်မူလိမ့်မည်’ဟု ဖြစ်သည်။ ဤသက်သေထွက်ဆိုခြင်းမှာ ‘အုမ္မသ်၏ ကျင့်စဉ်ကျင့်ရပ်များကို တမန်တော်မြတ် ﷺ ၏ ရှေ့တော်မှောက်သို့ နံနက်နှင့် ညနေ နေ့စဉ် တင်သွင်းလျက်ရှိသောကြောင့် ဖြစ်သည်။ အချို့ဆင့်ပြန်ချက်များ၌ တစ်ပတ်တွင် တစ်ရက် တင်သွင်းသည်ဟု လာရှိသည်။ ထို့ပြင် ကိုယ်တော်မြတ် ﷺ သည် အုမ္မသ်အနက် တစ်ဦးချင်းစီကို ၎င်းတို့၏ ကျင့်စဉ်များအရ မှတ်မိသိရှိတော်မူပေမည်။ ထို့ကြောင့် ‘ကေယာမသ်’နေ့တွင် ကိုယ်တော်မြတ် ﷺ သည် အုမ္မသ်သားတို့၏ သက်သေအဖြစ် ပြုခြင်းခံရပေမည်။ *[မဇ္ဇဟရီကျမ်း]*

مُبَشِّر ‘မုဗရှ်ရှိရ်’ (သတင်းကောင်းပေးသူ) ဟု အဓိပ္ပာယ်ရသည်။ ဆိုလိုသည်မှာ ကိုယ်တော်မြတ် ﷺ သည် မိမိ၏ အုမ္မသ်သားများအနက် ကောင်းမြတ်သူ၊ တရားတော်ကို လေးစားလိုက်နာသူများအား ‘ဂျန္နသ်’၏ သတင်းကောင်းများကို ပေးခဲ့သူဖြစ်သည်။

نَذِيْر ‘နဇီးရ်’၏ အဓိပ္ပာယ်မှာ ခြိမ်းခြောက်သူ၊ သတိပေးနှိုးဆော်သူဟု ဖြစ်သည်။ ဆိုလိုသည်မှာ ကိုယ်တော်မြတ် ﷺ သည် အုမ္မသ်သားများအား ဆန့်ကျင်ပုန်ကန်မှုနှင့် အမိန့်ဖီဆန်မှုများ၏ ‘အဇာဗ်’ အပြစ်ဒဏ်ရှိကြောင်းကို ခြိမ်းခြောက်၍ သတိပေးနှိုးဆော်သူဖြစ်သည်။

دَاعِي اِلَى الله ‘ဒါအီအိလလ္လာဟ်’၏ အလိုသဘောမှာ ကိုယ်တော်မြတ် ﷺ သည် အုမ္မသ်သားများကို အလ္လာဟ်အသျှင်မြတ် တည်ရှိနေတော်မူကြောင်းကိုလည်းကောင်း၊ ထိုအသျှင်မြတ်၏ ‘သောင်ဟီးဒ်’တစ်ပါးတည်းသာ တည်ရှိတော်မူကြောင်းကိုလည်းကောင်း၊ ထို့ပြင် ထိုအသျှင်မြတ်၏ အမိန့်တော်များကို လိုက်နာကျင့်သုံးရန်ကိုလည်းကောင်း တင်ပြဖိတ်ခေါ်သူလည်း ဖြစ်သည်။

دَاعِيًا اِلَى اللهِ ဟူသော စာပိုဒ်ကို بِإِذْنِهِ ဟူသော စာပိုဒ်နှင့် တွဲ၍ သတ်မှတ်ချက်ဖြင့် မိန့်ကြားခြင်းမှာ ‘ကိုယ်တော်မြတ် ﷺ သည် လူတို့အား အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ဖိတ်ခေါ်သူဖြစ်ရခြင်း

မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော် ခွင့်ပြုချက်ဖြင့်သာ ပြုရခြင်းဖြစ်သည်။ ဤသတ်မှတ်ချက်နှင့် စည်းကမ်းချက်ကို ဖြည့်စွက်ထည့်သွင်းရခြင်းမှာ 'သဗ်လီးဂ်'နှင့် 'ဒအ်ဝသ်'၏ ကြီးပမ်းမှုသည် အလွန် ခက်ခဲကြမ်းတမ်းသော လုပ်ငန်းများ ဖြစ်သည်။ ဤလုပ်ငန်းများသည် အလ္လာဟ်အသျှင်မြတ်၏ ခွင့်ပြုချက် နှင့် အကူအညီမပါဘဲ လူသား၏ စွမ်းအားမျှဖြင့် မပြုနိုင်ကြောင်းကို ညွှန်းဆိုပြသရန်အတွက် ဖြစ်သည်။

سِرَاجً 'စိရာဂျ်'၏ အဓိပ္ပာယ်မှာ 'မီးခွက်၊ မီးတိုင်' ဖြစ်သည်။

مُنِيرٍ 'မုနီးရ်'၏ အဓိပ္ပာယ်မှာ 'လင်းဝင်းအောင်ပြုလုပ်သူ'ဟု ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ ၏ ပဉ္စမမြောက် ဂုဏ်ရည်တော်ကို ဤနေရာတွင် 'ကိုယ်တော်မြတ် ﷺ သည် လင်းဝင်းစေသော မီးရှူးမီးတိုင် ဖြစ်သည်'ဟူ၍ ဖော်ပြမိန့်ကြားခြင်းဖြစ်သည်။ အချို့ပညာရှင်တို့က 'စိရာဂျုမုနီးရ်'၏ အဓိပ္ပာယ်မှာ ကုရ်အာန် ဖြစ်သည်ဟု ကောက်ယူကြသည်။ သို့ရာတွင် မိန့်ကြားထားသည့် စကားလမ်းကြောင်းအရ 'ဤသည်လည်း ကိုယ်တော်မြတ် ﷺ ၏ ဂုဏ်တော်ပင်ဖြစ်ကြောင်း အနီးစပ်ဆုံးဟု ယူဆရသည်။

ဟဇရသ်ကာဇီစနာအွလ္လာဟ် (ရဟ) က သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် မိန့်သည်မှာ ကိုယ်တော် မြတ် ﷺ ၏ ဂုဏ်တော်ဖြစ်သော داعى الى الله မှာမူ အပြင်ပိုင်းနှင့် နှုတ်လျှာအရ ဂုဏ်တော်ဖြစ်သည်။

سرج منير ဟူသော ကိုယ်တော်မြတ် ﷺ ၏ ဂုဏ်တော်မှာမူ ကိုယ်တော်မြတ် ﷺ ၏ နှလုံးတော် မြတ်အရ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လောကတစ်ခုလုံးသည် နေမင်းမှ အလင်းရောင်ကို ရရှိသကဲ့သို့ မုအ်မင်န်သက်ဝင်ယုံကြည်သူအားလုံးတို့၏ နှလုံးသားများသည်လည်း ကိုယ်တော်မြတ် ﷺ ၏ နှလုံးတော် မြတ်မှ အလင်းရောင်များ ရရှိကြသည်။ ထို့ကြောင့် ဤလောက၌ ကိုယ်တော်မြတ် ﷺ ၏ အသိုင်းအဝိုင်း ကို ရရှိခဲ့သည့် ဆွဟာဗာများသည် အွမ္မသ်သားအားလုံးတို့ထက် အမြင့်ဆုံး၊ အမြတ်ဆုံးအဆင့်ကို ရရှိခဲ့ကြ ခြင်း ဖြစ်သည်။ အကြောင်းမှာ ၎င်းတို့၏ နှလုံးသားများသည် ကိုယ်တော်မြတ် ﷺ ၏ နှလုံးတော်မြတ်နှင့် တိုက်ရိုက်ဆက်သွယ်ခြင်းပြုလျက် ထင်ရှားပေါ်လွင်စွာ အကျိုးအမြတ်များနှင့် 'နူရ်'အလင်းရောင်ကို ရယူ ခဲ့ကြသောကြောင့် ဖြစ်သည်။ ကျန်အွမ္မသ်သားများအဖို့ ဤ 'နူရ်'အလင်းရောင်သည် ဆွဟာဗာတို့၏ အကြောင်းခံဖြင့် အဆင့်ဆင့် ရောက်ရှိရခြင်းဖြစ်သည်။

ထို့ပြင် နဗီတမန်တော်အပေါင်းတို့နှင့် အထူးသဖြင့် တမန်တော်မြတ် ﷺ သည် ဤလောကမှ ထွက်ခွာ သွားပြီးသည့်တိုင် မိမိတို့၏ 'ကဗရ်'များတွင် သက်ရှိထင်ရှား ရှိနေကြသည်ဟုလည်း ဆိုနိုင်သည်။ ထိုတမန် တော်တို့၏ ဤ 'ဗရ်ဇခ်'လောက၌ ရှင်သန်နေမှုသည် သာမန်လူသားများ 'ဗရ်ဇခ်'လောက၌ ရှင်သန်နေခြင်း ထက် အဆပေါင်းများစွာ မြင့်မားမှု ရှိပေသည်။ ၎င်းတို့၏ ဇစ်မြစ်ကိုမူ အလ္လာဟ်အသျှင်မြတ်သာ သိတော် မူဆုံး ဖြစ်ပေသည်။

မည်သို့ပင်ဆိုစေ ဤသို့ ရှင်သန်နေခြင်းအကြောင်းခံဖြင့် 'ကေယာမသ်'နေ့ထိတိုင် မုအ်မင်န်တို့၏ နှလုံးသားများသည် နှလုံးသားတော်မြတ်မှ 'နူရ်'အလင်းရောင်ကို ရရှိလျက် ရှိနေကြပေမည်။ ကိုယ်တော် မြတ် ﷺ အား အလေးအမြတ်ထားသူ၊ ချစ်ခင်သူ၊ ဂုဏ်ပေးလေးစားမှုပြုသူနှင့် 'ဒရူးရှရီးဖ်'များမြောက်စွာ

ဖတ်ခြင်းကို အရေးတယူပြုသူတို့သည် ထိုသို့ပြုသည်နှင့်အညီ ထို 'နူရ်'ရောင်ခြည်အလင်းရောင်ကို ပို၍ ရရှိကြပေမည်။

တမန်တော်မြတ် ﷺ ၏ 'နူရ်'ကို မီးခွက်မီးတိုင်ဖြင့် ပမာပေးခိုင်းနှိုင်းထားသည်။ စင်စစ် ကိုယ်တော်မြတ် ﷺ ၏ အတွင်းပိုင်း 'နူရ်'သည် နေ၏ အလင်းရောင်ထက် များစွာ သာပိုပါသည်။ နေသည် ကမ္ဘာလောကအပေါ်၌သာ ပေါ်လွင်လင်းဝင်းမှု ရှိသည်။ သို့သော် ကိုယ်တော်မြတ် ﷺ ၏ နှလုံးတော်မြတ်မှ လောကအပေါင်း၏ အတွင်းပိုင်းနှင့် မုအ်မင်န်တို့၏ နှလုံးသားများအထိတိုင် လင်းဝင်းစေသည်။

မီးခွက်၊ မီးတိုင်ဖြင့် ပမာပေးခိုင်းနှိုင်းရခြင်း အကြောင်းမှာ မီးခွက်၊ မီးတိုင်ဖြင့် အကျိုးခံစားမှု ရယူခြင်းသည် ရည်ရွယ်လျက်ပြုလုပ်ရသည့်အလုပ် ဖြစ်သည်။ အချိန်အခါမရွေး ပြုလုပ်နိုင်သည်။ ထိုမီးခွက်အထိ ရောက်ရှိရန်လည်း လွယ်ကူသည်။ ထိုမီးခွက်၏ အလင်းကို ရယူရန်လည်း လွယ်ကူသည်။ နေ၏ အလင်းရောင်နှင့်မူ ဆန့်ကျင်မှု ရှိသည်။ အကြောင်းမှာ နေအထိ ရောက်ရှိရန်မှာလည်း မဖြစ်နိုင်။ ထို့ပြင် နေ၏ အလင်းရောင်ကို ရယူရန်မှာလည်း အချိန်မရွေး မဖြစ်နိုင်သောကြောင့် ဖြစ်သည်။

တမန်တော်မြတ် ﷺ ၏ ဂုဏ်တော်များ ကုရ်အာန်ကျမ်းတွင် လာရှိသကဲ့သို့ ကုရ်အာန်ထက်အလျင် 'သောင်ရားသ်'ကျမ်းတွင်လည်း ဖော်ပြပါရှိသည်။ အေမာမ်ဘိုခါရီ (ရဟ) က ဆင့်ပြန်ခဲ့သည်မှာ ဟဇရသ် အသွာဗင်န်ယစားရ်က မိန့်ဆိုထားသည်။ ၄င်းမှာ 'ကျွန်ုပ်သည် တစ်နေ့သောအခါ ဟဇရသ်အဗ်ဒွလ္လာဟ် ဗင်န်အမရ်ဗင်န်အားဆွ် ﷺ နှင့် တွေ့ဆုံသောအခါ ၄င်းအား 'သောင်ရားသ်ကျမ်း၌ ပါရှိသော တမန်တော်မြတ် ﷺ ၏ ဂုဏ်တော်များကို ကျွန်ုပ်အား ပြသပါ'ဟု မေးမြန်းလေရာ ၄င်းက 'ကောင်းမွန်စွာ ကျွန်ုပ် ပြသပါမည်။ အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ ကုရ်အာန်ကျမ်းတော်မြတ်၌ ဖော်ပြထားသည့် တမန်တော်မြတ် ﷺ ၏ ဂုဏ်တော်များသည် 'သောင်ရားသ်'ကျမ်းတွင်လည်း ပါရှိပါသည်'ဟု ပြောဆိုပြီး အောက်ပါအတိုင်း ဖတ်ကြားပြသလေသည်။

انا ارسلنك شاهدا ومبشرا ونديرا وحرزا للأُ ميين انت عبدى ورسولى
سميتك المتوكل ليس بفظ ولاغليظ ولاسخا ب فى الاَسواق ولايدفع السيئة
بالسيئة ولكن يعفو ويغفر لن يقبضه اللهُ تعالى حتىيقيم به الملة العوجاء
بان يقولوا لااله الااللهُ ويفتح به اعيناعميا واذا ناصما وقلوباغلفا

'အို, နဗီတမန်တော်၊ ငါအသျှင်မြတ်သည် အသင့်အား သက်သေအဖြစ်လည်းကောင်း၊ သတင်းကောင်းပေးသူအဖြစ်လည်းကောင်း ခြိမ်းခြောက်သတိပေး နှိုးဆော်သူအဖြစ်လည်းကောင်း၊ 'အွန်မီယီးန်' (မရေးတတ် မဖတ်တတ်သူ၊ အာရဗ်) တို့၏ ခိုလှုံရာအဖြစ်လည်းကောင်း ပြုလုပ်၍ စေလွှတ်တော်မူခဲ့သည်။ အသင်သည် ငါအသျှင်မြတ်၏ ကျွန်နှင့် ရစူလ် (စေလွှတ်ခြင်းခံရသူ) ဖြစ်သည်။ ငါအသျှင်မြတ်သည်

အသင့်အား 'မုသဝက္ကိလ်' (အလ္လာဟ်အသျှင်မြတ်အား ယုံပုံအားကိုးသူ) ဟု အမည်ပေးခဲ့သည်။ အသင်သည် စရိုက်ကြမ်းသူမဟုတ်။ စိတ်နေသဘောထား ကြမ်းတမ်းသူမဟုတ်။ ဈေးများ၌ အော်ဟစ်ဆူညံသူလည်း မဟုတ်။ အသင်သည် မကောင်းမှု၏ အစားကို မကောင်းမှုဖြင့် တုန့်ပြန်သူလည်း မဟုတ်ပေ။ ထိုမျှမက ခွင့်လွှတ်သူ၊ ချမ်းသာခွင့်ပေးသူ ဖြစ်သည်။ အသင့်အား အလ္လာဟ်အသျှင်မြတ်သည် အသင့်၏ အကြောင်းခံဖြင့် တိမ်းစောင်းကောက်ကွေ့နေသော အမွှာသ်သည် 'လာအိလာဟ၊ အိလ္လလ္လာဟ်'ဟု ဖတ်ရွတ်ပြီး မတည့်မတ်သမျှ ဤလောကမှ ပြန်၍ ခေါ်ယူမည်မဟုတ်ပေ။ အသင်၏ အကြောင်းခံဖြင့် မျက်စိကန်းသူများ၊ နားပင်းသူများနှင့် နှလုံးသားပိတ်ဆို့နေသူများကို ဖွင့်ပေးတော်မူမည်။'

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

يَا أَيُّهَا الَّذِينَ آمَنُوا إِذَا
نَكَحْتُمُ الْمُؤْمِنَاتِ ثُمَّ طَلَّقْتُمُوهُنَّ مِنْ قَبْلِ أَنْ تَمَسُّوهُنَّ
فَمَا لَكُمْ عَلَيْهِنَّ مِنْ عِدَّةٍ تَعْتَدُّونَهَا ۖ فَمَتِّعُوهُنَّ
وَسَرِّحُوهُنَّ سَرَاحًا جَمِيلًا ﴿٤٩﴾

၃၃ : ၄၉ ။ ။ အို၊ မုအ်မင်နသက်ဝင် ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် မုအ်မင်နသက်ဝင် ယုံကြည်သူ အမျိုးသမီးများနှင့် 'နေကာဟ်'ပြု၍ ထိမ်းမြားခဲ့ပြီးနောက် ၎င်းတို့အား ထိတွေ့ခြင်း မပြုကြသေးမီ၊ အသင်တို့သည် 'သွလာက်' ပေး၍ ကွာရှင်းခဲ့ကြပါလျှင်၊ အသင်တို့နှင့် ပတ်သက်၍ ၎င်း (အမျိုးသမီး) တို့အပေါ်၌ မည်သည့် 'အစ်ဒ္ဒသ်'ရက် ဆိုင်းငံ့ခြင်းကိုမျှပင် အသင်တို့ ရေတွက်ကြရန် မရှိတော့ပြီ။ (ထိုကဲ့သို့သော အမျိုးသမီးသည် အခြားသူနှင့် ထိုအချိန်၌ ထိမ်းမြားလိုက ထိမ်းမြားနိုင်သည်။ 'အစ်ဒ္ဒသ်'ရက် ဆိုင်းငံ့ရန် မလိုပေ။) သို့ဖြစ်ပေရာ အသင်တို့သည် ၎င်းတို့အား အကျိုးကျေးဇူး ခံစားစေပြီး ကောင်းမွန်စွာ စွန့်လွှတ်ကြလေကြကုန်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ အီမာန်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ (အသင်တို့၏ 'နေကာဟ်'ထိမ်းမြားခြင်း၏ အမိန့်တော်များအနက် အမိန့်တစ်ရပ်မှာ) အသင်တို့သည် မွတ်စ္စလင်မ်အမျိုးသမီးများနှင့် 'နေကာဟ်'ထိမ်းမြားမှုပြုကြသည့်အခါ (ထို့နောက်) တစ်ဖန် ၎င်းအမျိုးသမီးအား ကိုယ်ထိလက်ရောက်မပြုမီ (အကြောင်းတစ်စုံတစ်ရာကြောင့်) 'သွလာက်'ပေးလိုက်သည့်အခါ အသင်တို့နှင့်စပ်လျဉ်း၍ သူမတို့အပေါ် မည်သည့် 'အိဒ်ဒသ်' (ရက်ဆိုင်းငံ့ခြင်း) မျှ (ဝါဂိျဗ်) အဖြစ် အသင်တို့ရေတွက်ရန် မရှိတော့ပြီ။ (ထိုသို့ 'အိဒ်ဒသ်'

ရက်ဆိုင်းငံ့မှုပြုစေခြင်းဖြင့်'သူမကို အခြားတစ်ဦးနှင့် ဒုတိယ'နေကာဟ်'မပြုရန် တားမြစ်ခြင်း မပြုနိုင်တော့ပေ။ 'အိဒ်ဒသ်'ရက်ဆိုင်းငံ့မှု 'ဝါဂျိဗ်'ဖြစ်သည့် အခြေအနေမျိုးတွင် တရားတော်အရ ဒုတိယ'နေကာဟ်' ပြုခြင်းကို တားမြစ်ခြင်း ပိုင်ရုံသာမကဘဲ 'ဝါဂျိဗ်'ပင် ဖြစ်သည်။ ၎င်းနောက် ယခုအခြေအနေတွင် 'အိဒ်ဒသ်'ရက်ဆိုင်းငံ့မှုပြုရန် တာဝန်မရှိရာ) သို့ဖြစ်ပေရာ အသင်တို့သည် သူမတို့အား တစ်စုံတစ်ရာသော (ဥစ္စာပစ္စည်း) အကျိုးခံစားခွင့်ပေး၍ ကောင်းမွန်ပြေပြစ်စွာ စွန့်လွှတ်ကြလေကုန်။ (မုအ်မင်နဲအမျိုးသမီးများကဲ့သို့ 'ကိသာဗိယဟ်'အမျိုးသမီးများသည်လည်း ဤအမိန့်အတိုင်းဖြစ်သည်။ အာယသ်တော်တွင် မုအ်မင်နဲအမျိုးသမီးများဟူ၍ သတ်မှတ်ခြင်းမှာ စည်းကမ်းကန့်သတ်ခြင်း သဘောမဟုတ်ဘဲ မုအ်မင်နဲအမျိုးသားများအနေဖြင့် မိမိတို့၏ 'နေကာဟ်'တွင် မုအ်မင်နဲအမျိုးသမီးများကိုသာ ရွေးချယ်ခြင်းသည် အကောင်းဆုံးဖြစ်သည်' ဟူ၍ နှိုးဆော်မှုတစ်ရပ်အနေဖြင့် လမ်းညွှန်ထားခြင်းသာ ဖြစ်သည်။

'ကိုယ်ထိလက်ရောက်'ဟု သုံးနှုန်းခြင်းမှာ 'ကိုယ်လက်နှီးနှောခြင်း'ကို သွယ်ဝိုက်၍ သုံးနှုန်းခြင်းဖြစ်သည်။ ဤနေရာတွင် အစစ်အမှန် ကိုယ်လက်နှီးနှောခြင်းဖြစ်စေ၊ အမိန့်အရ ကိုယ်လက်နှီးနှောသည်ဟု ဆိုခြင်းဖြစ်စေ အတူတူပင် ဖြစ်သည်။ ဥပမာ- နှစ်ဦးတည်း လွတ်လပ်စွာ တွေ့ဆုံခွင့် ရရှိခြင်းသည်ပင် ကိုယ်လက်နှီးနှောခြင်း၏ အမိန့်၌ အကျုံးဝင်သွားသည်။

ကိုယ်လက်နှီးနှောခြင်း အစစ်အမှန်၌ဖြစ်စေ၊ အမိန့်အရ၌ဖြစ်စေ အခြေအနေနှစ်ရပ်စလုံးတွင် 'အိဒ်ဒသ်' ရက်ဆိုင်းငံ့ရန်မှာ 'ဝါဂျိဗ်'ဖြစ်သည်။

အကယ်၍ 'မဟရ်'သတ်မှတ်ပြီးဖြစ်လျှင် အကျိုးခံစားခွင့်တွင် 'မဟရ်'၏ တစ်ဝက်ကို ပေးဆောင်ရမည်။

سراحا جميلا ဆိုသည်မှာ 'သူမတို့အား အကြောင်းမဲ့ လွတ်လပ်မှု မပေးဘဲ ဆိုင်းငံ့ထားခြင်း ပြုမထားရ။ ထို့ပြင် သူမတို့အား ပေးရန် 'ဝါဂျိဗ်'ဖြစ်သော (ဥစ္စာပစ္စည်း) အကျိုးခံစားခွင့်ကို ပေးဆောင်လိုက်ရမည်။ ပေးပြီးသည်ကို ပြန်မယူရ။ နှုတ်မှလည်း ကြမ်းတမ်းသည့် မည်သည့်စကားကိုမျှ မပြောဆိုရ' ဟု ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

တင်ပြပြီးခဲ့သည့် အာယသ်တော်များတွင် တမန်တော်မြတ် ﷺ ၏ ပြည့်စုံကုံလုံသည့် ဂုဏ်ရည်တော် အချို့နှင့် ကိုယ်တော်မြတ် ﷺ ၏ အထူးကြီးမြတ်မှုအကြောင်းတို့ကို တင်ပြထားသည်။ ရှေ့၌လည်း 'နေကာဟ်' နှင့် 'သွလာက်'တို့၏ အရေးကိစ္စများတွင် ကိုယ်တော်မြတ် ﷺ ၏ ရှုထောင့်တစ်ခုအရ ထူးမြတ်မှုရှိကြောင်း နှင့် အွမ္မသ်သားအားလုံးတို့နှင့် နှိုင်းယှဉ်လျှင် ထိုအရေးကိစ္စတွင်လည်း တစ်မူထူး၍ သာလွန်မှုရှိကြောင်း တင်ပြချက်များ လာရှိပေမည်။ လိုအကြောင်းထက် အလျင် စကားဦးအဖြစ် တမန်တော်မြတ် ﷺ မှအပ ကျန်မွတ်စလင်မ် အားလုံးတို့အတွက်ဖြစ်သော 'သွလာက်'ဆိုင်ရာ အမိန့်တော်တစ်ရပ်ကို တင်ပြအပ်သည်။

ပထမအမိန့် ။ ။ အမျိုးသမီးတစ်ဦးနှင့် 'နေကာဟ်'ပြုလုပ်ပြီးနောက် 'နှစ်ဦးတည်း လွတ်လပ်စွာ တွေ့ဆုံခွင့်မရမီ' အကြောင်းတစ်စုံတစ်ရာကြောင့် 'သွလာ:က်'ပေးလိုက်ရပါလျှင် 'သွလာ:က်'ပေးခံရသူ အမျိုးသမီးအပေါ်တွင် မည်သည့် 'အိဒ္ဒသ်'ရက်ဆိုင်းငံ့ခြင်းမျှ 'ဝါဂျိဗ်'မဖြစ်တော့ပေ။ ထိုအမျိုးသမီးသည် ချက်ချင်းပင် အခြား'နေကာဟ်'တစ်ခုကို ပြုနိုင်သည်။ အထက်ပါအာယသ်တော်တွင် 'ကိုယ်ထိလက်ရောက်'၏ အလိုသဘောမှာ ကိုယ်လက်နှီးနှောခြင်းနှင့် ကိုယ်လက်နှီးနှောခြင်းအစစ် (သို့) အမိန့်အရ ကိုယ်လက်နှီးနှောခြင်းတို့ ဖြစ်သည်။

ထိုနှစ်မျိုးစလုံးအတွက် အမိန့်မှာ တစ်မျိုးတည်းဖြစ်ကြောင်းကို 'ဖွင့်ဆိုချက်အနှစ်ချုပ်'တွင် သိရှိခဲ့ပြီးဖြစ်သည်။ ထို့ပြင် 'နှစ်ဦးတည်း လွတ်လပ်စွာ တွေ့ဆုံခွင့် ရရှိခြင်း'သည် အမိန့်အားဖြင့် ကိုယ်လက်နှီးနှောခြင်းပင် ဖြစ်သည်။

ဒုတိယအမိန့် ။ ။ 'သွလာ:က်'ပေးခံရသည့် အမျိုးသမီးအား ကောင်းမွန်ပြေပြစ်စွာဖြင့်လည်းကောင်း၊ သိက္ခာရှိစွာဖြင့်လည်းကောင်း ခံစားခွင့်အချို့ပေး၍ စွန့်လွှတ်လိုက်ရမည်။ ပစ္စည်းဥစ္စာအချို့ပေး၍ စွန့်လွှတ်ခြင်းမှာ 'သွလာ:က်'ပေးခံရသူ အမျိုးသမီးတိုင်းအတွက် 'မွတ်စ်သဟာဗ်'နှင့် 'စွန္နသ်'ဖြစ်သည်။ အချို့သောအခြေအနေများတွင် 'ဝါဂျိဗ်'ဖြစ်သည်။ ထိုအကြောင်းအကျယ်တဝင့်ကို 'ဖွင့်ဆိုချက်အနှစ်ချုပ်' တွင် တင်ပြခဲ့ပြီးဖြစ်သည်။ ထို့ပြင်

لَاجُنَاحَ عَلَيْكُمْ اِنْ طَلَّقْتُمُ النِّسَاءَ مالم تَمَسُّوْهُنَّ

ဟူသော စူရာဟ်ဗကရာဟ်၏ အာယသ်တော်တွင်လည်း ရှင်းလင်းခဲ့ပြီးဖြစ်သည်။ ကုရ်အာန်၏ စာလုံးများတွင် مَتَاعٌ 'မသာ:အ်' (အကျိုးခံစားခွင့်၊ ဥစ္စာပစ္စည်း) ဟူ၍ သုံးနှုန်းထားခြင်းမှာ ဤစာလုံးသည် မိမိ၏ အဓိပ္ပာယ်အရ 'အကျိုးခံစားခွင့် ပြုနိုင်သော အရာဝတ္ထုမှန်သမျှ'အတွက် ခြုံငုံသောအဓိပ္ပာယ်ဆောင်သည့်အတွက် သုံးနှုန်းထားခြင်း ဖြစ်နိုင်သည်။ ဤနေရာတွင် အမျိုးသမီး၏ ရပိုင်ခွင့် 'ဝါဂျိဗ်'ဖြစ်သော 'မဟာရ်' စသည်များလည်း ပါဝင်သည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ ယခုတိုင် 'မဟာရ်'မပေးရသေးလျှင် 'သွလာ:က်' ပေးသည့်အခါ စိတ်ရောကိုယ်ပါ ပေးဆောင်လိုက်ရမည်။ ထို့ပြင် 'ဝါဂျိဗ်'မဟုတ်သော အခွင့်အရေးများ၌ ဥပမာ- 'သွလာ:က်'ပေးခံရသူ အမျိုးသမီးကို စွန့်လွှတ်သည့်အချိန်၌ အဝတ်တစ်စုံ ပေး၍ စွန့်လွှတ်ခြင်း လည်း ပါဝင်သည်။ ဤသည်မှာ 'သွလာ:က်'ပေးခံရသူ အမျိုးသမီးတိုင်းအတွက် ပေးရန် 'မွတ်စ်သဟာဗ်' ဖြစ်သည်။ *[ရှူးဟွလ်မအာနီကျမ်း]*

ဤအချက်ကို ထောက်ရှုခြင်းဖြင့် مَتِّعُوْهُنَّ မှ အမိန့်ပေးစာလုံးသည် 'ဝါဂျိဗ်'ဖြစ်သော အကျိုးခံစားခွင့်နှင့် 'ဝါဂျိဗ်' မဖြစ်သော အကျိုးခံစားခွင့် နှစ်မျိုးစလုံး ပါဝင်ပြီး ၎င်းတို့ကို ပေးဆောင်ရန် နှိုးဆော်သော ခြုံငုံသည့် အဓိပ္ပာယ်ရှိသော စာလုံးဖြစ်သည်။ *[ရှူးဟွလ်မအာနီကျမ်း]*

ဟဒီးစ်တော်၏ အဓိပ္ပါယ်ဖြစ်သော အဗ်ဒ်ဗင်နိဟုမိုင်းဒ်သည် ဟဇရေသ်ဟစန်ထံမှ ဆင့်ပြန်ခဲ့သည်မှာ ၄၁၈ 'မှသ်အဟ်' (ဝါ) ဥစ္စာပစ္စည်းများ ပေးရခြင်းဆိုသည်မှာ 'သွလားက်'ပေးခံရသူ အမျိုးသမီးတိုင်းအတွက် ဖြစ်သည်။ ဤနေရာတွင် နှစ်ဦးတည်း လွတ်လပ်စွာ တွေ့ဆုံခွင့်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ 'မဟရ်'သတ်မှတ်ပြီးဖြစ်စေ၊ မသတ်မှတ်ရသေးသည်ဖြစ်စေ အတူတူပင် ဖြစ်သည်။

'သွလားက်' ပေးချိန်တွင် ဝတ်စုံပေးရခြင်းအကြောင်း

'ဗဒါအိအ်'ကျမ်းတွင် လာရှိသည်မှာ 'သွလားက်'ပေးချိန်၌ ပေးရသော ဝတ်စုံဆိုသည်မှာ 'အမျိုးသမီးသည် အိမ်မှ အပြင်သို့ ထွက်ချိန်၌ မုချ အသုံးပြုဝတ်ဆင်သော ဝတ်စုံကို ဆိုလိုခြင်းဖြစ်သည်။ ထိုဝတ်စုံတွင် ပါဂျာမဟ်၊ ကွရ်သဟ်၊ အွရ်နီနှင့် ဦးခေါင်းမှ ခြေအထိ ဖုံးအုပ်နိုင်သော ခြုံထည်စောင်ကြီးတစ်ထည်တို့ ပါဝင်သည်။ ဝတ်စုံသည် တန်ဖိုးအားဖြင့်ကြည့်လျှင် တန်ဖိုးမြင့်၊ တန်ဖိုးနိမ့်နှင့် တန်ဖိုးအလယ်အလတ်ဟူ၍ အမျိုးမျိုး ရှိနိုင်သည်။ ထို့ကြောင့် ဖိကာဟ်ပညာရှင်ကြီးများက ဝတ်စုံ၏ တန်ဖိုးနှင့် စပ်လျဉ်း၍ အကျယ်တဝင့်တင်ပြမိန့်ဆိုကြသည်မှာ အကယ်၍ ခင်ပွန်းနှင့်ဇနီး နှစ်ဦးစလုံးသည် ချမ်းသာသော အသိုင်းအဝိုင်းမှ ဖြစ်ကြလျှင် တန်ဖိုးမြင့်သော ဝတ်စုံကို ပေးရမည်။ နှစ်ဦးစလုံးသည် ဆင်းရဲသားများဖြစ်ကြလျှင် အနိမ့်ဆုံးအဆင့် ဝတ်စုံကို ပေးရမည်။ တစ်ဦးက ဆင်းရဲ၍ တစ်ဦးက ချမ်းသာလျှင် အလယ်အလတ်အဆင့်ရှိသော ဝတ်စုံကို ပေးရမည်ဟု ဖြစ်သည်။

အစ္စလာမ်သာသနာ၌ ကောင်းမြတ်သော လူမှုဆက်ဆံရေးကို တူနိုင်းမဲ့ သင်ကြားပေးခြင်း အကြောင်း

ကမ္ဘာပေါ်တွင် အခွင့်အရေးများ ပေးဆပ်ရာ၌ များသောအားဖြင့် မိတ်ဆွေသင်္ဂဟများနှင့် ဆွေမျိုးသားချင်းအထိသာ ရှိခဲ့သည်။ လွန်ကျွံရောကြည့်လျှင် အများလူထုအတွက်ဆိုသော ကန့်သတ်ချက်သာ ရှိခဲ့သည်။ စာရိတ္တမွန်မြတ်မှုနှင့် ကောင်းမြတ်သော လူမှုဆက်ဆံရေးတို့ကို အားစိုက် လုပ်ဆောင်ခြင်းသည် ဤမျှခန့်သာ သုံးစွဲလျက်ရှိကြသည်။ မိမိ၏ ဆန့်ကျင်ဘက်အတိုက်အခံများနှင့် ရန်သူများ၏ အခွင့်အရေးကို သိနားလည်စေခြင်း၊ ၎င်းတို့အတွက် ဥပဒေသတ်မှတ်ချက်များ ချမှတ်ခြင်းတို့သည် အစ္စလာမ့်တရားတော်၏ အလုပ်သာ ဖြစ်ပေသည်။ စင်စစ် ဤခေတ်တွင် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် လောက၌ အဖွဲ့အစည်းများစွာတို့ကို တည်ထောင်ထားပေသည်။ ၎င်းကိစ္စအတွက် အခြေခံဥပဒေများလည်း ရေးဆွဲသတ်မှတ်ထားပေသည်။ ထိုရည်ရွယ်ချက်အတွက် ကမ္ဘာ့လူမျိုးပေါင်းစုံထံမှ သိန်းနှင့်ချီသော ငွေများလည်း စုဆောင်းထားရှိပေသည်။ သို့ရာတွင် ပထမဦးစွာ ကြည့်မည်ဆိုလျှင် ထိုအဖွဲ့အစည်းများတွင် နိုင်ငံရေးရည်ရွယ်ချက်များ လွှမ်းမိုးနေသည်ကို တွေ့မြင်ရပေသည်။ ဒုက္ခသည်များကို ကူညီရာတွင်လည်း ရည်ရွယ်

ချက်မရှိဘဲ မကူညီ၊ နေရာတိုင်းကိုလည်း မကူညီသည်ကို တွေ့ရပေမည်။ ထို့မှုမက မိမိတို့၏ နိုင်ငံရေး ရည်ရွယ်ချက်များ ပြည့်နိုင်မည့် နေရာကိုသာ ကူညီကြသည်။ ထိုအဖွဲ့အစည်းများသည် လုံးဝဥဿုံ မှန်ကန် သည့် နည်းလမ်းများဖြင့် လူသားအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ကြမည်ဆိုလျှင် ဒေသတစ်ခုတွင် မုန်တိုင်းများ တိုက်ခတ်ခြင်း၊ မြေပြိုခြင်း၊ ကပ်ရောဂါများ ဆိုက်ရောက်လာခြင်း စသော ဒုက္ခများ ဖြစ်ပေါ် လာပါလျှင် တစ်ဦးချင်း၊ တစ်ယောက်ချင်းစီ၏ ဒုက္ခများကို သိရှိပြီး ၎င်းတို့အား ကူညီနိုင်မည့်အချိန် ရောက်ရှိ လာနိုင်ပါသည်။

အစ္စလာမ့်တရားတော်၏ အမြော်အမြင်ရှိသော သင်ကြားပေးမှုကို ကြည့်မည်ဆိုလျှင် 'သွလားက်' ကွာရှင်းမှု အရေးကိစ္စတွင် အထင်အရှား ပေါ်လွင်ပေသည်။ အဘယ်ကြောင့်ဆိုသော် အချင်းချင်း မသင့်မြတ်မှု၊ ဒေါသအမျက်၊ မနှစ်သက်မှုများ ဖြစ်ပေါ်လာသည့်အခိုက်တွင် များသောအားဖြင့် ဖြစ်တတ်ကြသည်မှာ အတိုင်းမရှိ တစ်လုံးတစ်စည်းတည်း ရှိနေမှု၊ ချစ်ခြင်းမေတ္တာကရုဏာ အကြင်နာတို့အပေါ်၌ အခြေခံ တည်ဆောက်ထားခြင်းတို့သည် ယခုအခါ ဆန့်ကျင်ခြားနား၊ ရန်သူများကဲ့သို့ဖြစ်ပြီး ရှုံ့ရှာမုန်းတီးမှု၊ ရန်သူ ဖြစ်မှု၊ အမုန်းပွားမှုနှင့် ကလဲ့စားချေလိုမှုတို့၏ စုပေါင်းရာဖြစ်သွားလေတော့သည်။ ကုရ်အာန်ကျမ်းတော်မြတ် ၏ ဖော်ပြပါအာယသ်တော်နှင့် အလားတူသည့် များစွာသော အာယသ်တော်များသည် 'သွလားက်'ပေးသည့် အချိန်တွင် မွတ်စ္စလင်မ်အား ညွှန်ကြားချက်များ ပြုထားတော်မူသည်။ ထိုညွှန်ကြားချက်တွင် 'သွလားက်' ပေးရာတွင် ကောင်းမြတ်သော စာရိတ္တနှင့် ကောင်းမြတ်သော လူမှုဆက်ဆံရေးအတွက် ကြီးမားသော စမ်းသပ်မှုဖြစ်သည်။ စိတ်၏ တောင့်တခြင်းမှာ 'ဤအမျိုးသမီးသည် ကျွန်ုပ်အား ဒုက္ခပေးခဲ့သည်။ နောက်ဆုံး အဆက်ပြတ် ကွာရှင်းရန်အထိ အကျပ်ကိုင်ခဲ့သည်။ သူမအား ကောင်းစွာ သေးသိမ်အောင်ပြုပြီး မောင်းထုတ် လိုက်မည်။ လက်စားချေ၍ ရနိုင်သမျှ လက်စားချေလိုက်မည်'ဟု တောင့်တပေမည်။

သို့သော် ကုရ်အာန်ကျမ်းတော်မြတ်သည် 'သွလားက်'ပေးခံရသည့် အမျိုးသမီးများအတွက် 'အိဒ်ဒသ်' (ရက်ဆိုင်းငံ့ခြင်း) တာဝန်နှင့် ထို 'အိဒ်ဒသ်' (ရက်ဆိုင်းငံ့ခြင်း) ရက်များကို အမျိုးသား၏ အိမ်၌ ပြုလုပ်ရန် တာဝန်သတ်မှတ်ပေးတော်မူသည်။ 'သွလားက်'ပေးသူ အမျိုးသားအပေါ်၌ ထို 'အိဒ်ဒသ်' ကာလအတွင်း အမျိုးသမီးကို မိမိအိမ်မှ မောင်းထုတ်ခြင်းမပြုရဟု သတ်မှတ်ထားသည်။ အမျိုးသမီးကို လည်း 'အိဒ်ဒသ်'ကာလအတွင်း၌ အိမ်မှ မထွက်ရဟု ပြဋ္ဌာန်းထားသည်။ ဒုတိယအနေဖြင့် 'အမျိုးသား အပေါ်၌ 'သွလားက်'ပေးလိုက်ပြီးဖြစ်လင့်ကစား 'အိဒ်ဒသ်'ကာလတွင် စားစရိတ်ကို ပုံမှန်အတိုင်း ရှိစေ ရမည်'ဟု သတ်မှတ်ပေးထားသည်။ တတိယအနေဖြင့် အမျိုးသားအား 'အိဒ်ဒသ်'ဆိုင်းငံ့ရက် ပြည့်သွား လျှင်လည်း သူမအား စွန့်လွှတ်သည့်အခါ ဝတ်စုံပေး၍ သိက္ခာရှိရှိ စွန့်လွှတ်ရပေမည်'ဟု သတ်မှတ်ထားသည်။

'နေကာဟ်'ဖတ်ခြင်းမျှသာပြုရပြီး အခန်းအပ်ခြင်း၊ နှစ်ဦးတည်း လွတ်လပ်စွာ တွေ့ဆုံခြင်းနှင့် ကိုယ်လက်နှီးနှောခြင်းတို့ မပြုရသေးမီ 'သွလားက်'ပေးခံရသည့် အမျိုးသမီးများမှာမူ 'အိဒ်ဒသ်'ထိုင်ရမည့် စာရင်းတွင် မပါဝင်ဟု သတ်မှတ်ထားသည်။ သို့ရာတွင် သူမတို့အဖို့ အကျိုးခံစားခွင့်ဝတ်စုံတွင် အခြားသော အမျိုးသမီးများထက် ပို၍ အလေးအနက်ထားပေးရန် အမိန့်ပေးထားသည်။

တတိယအမိန့် ။ ။ سَرِّحُوْهُنَّ سَرَاحًا جَمِيْلًا

ဆိုလိုသည်မှာ 'ထိုအမျိုးသမီးများအား ကောင်းမွန်ပြေပြစ်စွာ စွန့်လွှတ်ကြလေကုန်' ဟု ဖြစ်သည်။ ဤနေရာတွင် နှုတ်ဖြင့်လည်း ကြမ်းတမ်းသည့် စကားများ မဆိုရ။ ရှုတ်ချခြင်း၊ ဆဲဆိုခြင်းနည်းလမ်းကိုလည်း မကျင့်သုံးရဟု ပညတ်ထားသည်။ သဘောထားကွဲလွဲ၍ ဆန့်ကျင်မှုဖြစ်နေချိန်၌ ဆန့်ကျင်သူ၏ အခွင့်အရေးများကို အရေးတယူ ဂရုမူနိုင်မည့်သူမှာ မိမိစိတ်ရိုင်း၏ နှိုးဆော်မှုများအပေါ် ထိန်းချုပ်နိုင်သူသာ ဖြစ်ပေမည်။ အစ္စလာမ်သာသနာ၏ လမ်းညွှန်သင်ပြမှုအားလုံးတွင် ထိုအရေးကိစ္စများကို အရေးတယူ ဂရုတစိုက် သင်ကြားပြသထားသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

يٰٓاَيُّهَا النَّبِيُّ اِنَّآ اَحْلَلْنَا
لَكَ اَزْوَاجَكَ الّٰتِيْٓ اٰتَيْتَ اُجُوْرَهُنَّ وَمَا مَلَكَتْ يَمِيْنُكَ
مِمَّآ اَفَاۤءَ اللّٰهُ عَلَيْكَ وَبَنٰتِ عَمِّكَ وَبَنٰتِ عَمّٰتِكَ وَبَنٰتِ
خَالِكَ وَبَنٰتِ خٰلٰتِكَ الّٰتِيْ هَاجَرْنَ مَعَكَ وَامْرَاَةً
مُّؤْمِنَةً اِنْ وَّهَبَتْ نَفْسَهَا لِلنَّبِيِّ اِنْ اَرَادَ النَّبِيُّ اَنْ
يَّسْتَنْكِحَهَا ۗ خَالِصَةً لَّكَ مِنْ دُوْنِ الْمُؤْمِنِيْنَ ۗ قَدْ عَلِمْنَا
مَا فَرَضْنَا عَلَيْهِمْ فِيْٓ اَزْوَاجِهِمْ وَمَا مَلَكَتْ اَيْمَانُهُمْ
لِكَيْلَا يَكُوْنَ عَلَيْكَ حَرَجٌ ۗ وَكَانَ اللّٰهُ غَفُوْرًا رَّحِيْمًا ۝٥٠

၃၃ : ၅၀ ။ ။ အို၊ နဗီတမန်တော်၊ ဧကန်မလွဲ ငါအသျှင်မြတ်သည် အသင် 'မဟ်ရ်' ထိမ်းမြားကြေးပေးခဲ့သော အသင်၏ ကြင်ရာတော်များကိုလည်းကောင်း၊ အသင့်အား အလ္လာဟ်အသျှင်မြတ်က လက်ရပစ္စည်းအဖြစ် ချီးမြှင့်တော်မူခဲ့၍ အသင် ပိုင်ဆိုင်ခဲ့သော ကျွန်မများကိုလည်းကောင်း၊ အသင်နှင့်အတူ ရွှေ့ပြောင်းခဲ့ကြလေသော အသင့်ဘကြီး၊ ဘထွေး၏ သမီးများကိုလည်းကောင်း၊ အသင့်မိကြီး၊ မိထွေးများ၏ သမီးများကိုလည်းကောင်း၊ အသင့် ဦး၊ ဦးကြီးများ၏ သမီးများကိုလည်းကောင်း၊ အသင့်အရီးကြီး၊ အရီးကလေးများ၏ သမီးများကိုလည်းကောင်း၊ အသင့်အဖို့ 'ဟလာလ်' တရားဝင် ပြုလုပ်တော်မူ၏။ ထို့နည်းတူစွာ မုအ်မင်န်သက်ဝင်ယုံကြည် သော အမျိုးသမီးတစ်ဦးသည် အကယ်၍ မိမိကိုယ်ကို နဗီတမန်တော်မြတ်အား ('မဟ်ရ်' ထိမ်းမြားကြေးမယူဘဲ) သက်သေပေးအပ်ခဲ့၍ ထိုနဗီတမန်တော်မြတ်သည်လည်း ၎င်းအမျိုးသမီးနှင့် ထိမ်းမြားရန်

ရည်စူးခဲ့ပါလျှင်၊ ၎င်းအမျိုးသမီးအားလည်း (တရားဝင် ပြုလုပ်တော်မူ၏။ ဤခွင့်ပြုချက်မှာ အခြား) မုအ်မင်နဲသက်ဝင်ယုံကြည်သူတို့အဖို့ မဟုတ်ဘဲ၊ အသင် (မိုဟမ္မဒ်) အဖို့ သက်သက်သာလျှင် အထူး (ခွင့်ပြုခြင်းပင်) ဖြစ်၏။ ငါအသျှင်မြတ်သည် ထိုမုအ်မင်နဲသက်ဝင် ယုံကြည်သူတို့အပေါ်၌ ၎င်းတို့၏ ဇနီးမိန်းမများ၊ ၎င်းတို့၏ ကျွန်မများနှင့် ပတ်သက်၍ ထုတ်ပြန်သတ်မှတ်တော်မူခဲ့သော အမိန့်ပညတ်တော်များကို ကေန်စင်စစ် ငါအသျှင်မြတ်သည် သိရှိတော်မူ၏။ (အသင့်အဖို့ ယင်းအထူးအမိန့်တော် ထုတ်ပြန်တော်မူခြင်းမှာ) အသင့်အပေါ်၌ ကျပ်တည်းမှု တစ်စုံတစ်ရာမရှိစေရန် (ထုတ်ပြန်တော်မူခြင်း) ပင် ဖြစ်ပေသည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

تُرْجِي مَن تَشَآءُ مِنْهُنَّ وَتُـْٔوِيٓ إِلَيْكَ مَن تَشَآءُ ۖ وَمَنِ ٱبْتَغَيْتَ
مِمَّنْ عَزَلْتَ فَلَا جُنَاحَ عَلَيْكَ ۚ ذَٰلِكَ أَدْنَىٰٓ أَن تَقَرَّ أَعْيُنُهُنَّ
وَلَا يَحْزَنَّ وَيَرْضَيْنَ بِمَآ ءَاتَيْتَهُنَّ كُلُّهُنَّ ۚ وَٱللَّهُ يَعْلَمُ مَا
فِي قُلُوبِكُمْ ۚ وَكَانَ ٱللَّهُ عَلِيمًا حَلِيمًا ﴿٥١﴾

၃၃ : ၅၁ ။ ။ အသင်သည် ထိုကြင်ရာများအနက် မိမိအလို (မ) ရှိသူအား ခွဲထား၍ မိမိအလိုရှိသူအား မိမိအပါး၌ ထားရှိနိုင်ပေသည်။ ထိုနည်းတူစွာ အသင်သည် ဘေးဖယ်ထားခဲ့သူအား အလိုရှိခဲ့လျှင်လည်း ပြန်လည်၍ ထားနိုင်ပေသည်။ အသင့်အပေါ်၌ အပြစ်တစ်စုံတစ်ရာ မရှိချေ။ ဤသည် ထိုကြင်ရာတို့၏ မျက်စိအေးရန်၊ ထိုကြင်ရာတို့သည် သောက မဖြစ်ကြရန်၊ ထိုကြင်ရာအားလုံးတို့သည် အသင် ပေးသမျှနှင့် နှစ်သိမ့်ကျေနပ်ကြစေရန် ပို၍ပင် နီးစပ်၏။ ၎င်းပြင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ စိတ်နှလုံးများ၌ ရှိသမျှတို့ကို ကောင်းစွာ သိရှိတော်မူ၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော၊ အလွန်တရာ သည်းခံတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

لَّا يَحِلُّ لَكَ ٱلنِّسَآءُ
مِنۢ بَعْدُ وَلَآ أَن تَبَدَّلَ بِهِنَّ مِنْ أَزْوَٰجٍ وَلَوْ أَعْجَبَكَ
حُسْنُهُنَّ إِلَّا مَا مَلَكَتْ يَمِينُكَ ۗ وَكَانَ ٱللَّهُ عَلَىٰ كُلِّ شَىْءٍ رَّقِيبًا ﴿٥٢﴾

၃၃ : ၅၂ ။ ။ ဤ (အမိန့်တော်) နောက်တွင် (အထက်ဖော်ပြပါ အင်္ဂါရပ်များနှင့် မညီသော) အခြားအမျိုးသမီးများသည် အသင် (မိုဟမ္မဒ်) အဖို့ တရားမဝင်တော့ပြီ။ ထိုနည်းတူစွာ လက်ရှိ ကြင်ရာများ၏ အစား၊ အခြားအမျိုးသမီးများကို ၎င်းတို့၏ လှပမှုသည် အသင့်အား နှစ်သက်စေခဲ့သော်လည်း အသင်သည် ပြောင်းလဲ (ထိမ်းမြား) နိုင်ခွင့် မရှိချေ။ သို့ရာတွင် အသင် ပိုင်ဆိုင်သော ကျွန်မများကိုမူ (ပြောင်းလဲနိုင်ခွင့်၊ ယူပိုင်ခွင့်) ရှိ၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့အပေါ်ဝယ် (ကောင်းစွာ) စောင့်ရှောက်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အိုး, နဗီတမန်တော်၊ (အချို့သော ပညတ်ချက်များသည် အသင့်အဖို့သာ သီးသန့် အထူးဖြစ်သည်။ ၎င်းအရာများဖြင့် အသင်၏ ထူးခြားမှုနှင့် ဂုဏ်သိက္ခာရှိကြောင်းလည်း အတည်ဖြစ်သည်။ ၎င်းတို့အနက် အချို့ကို တင်ပြလိုက်သည်။ ပထမအမိန့်မှာ) ဧကန်မလွဲ ငါအသျှင်မြတ်သည် အသင့်အတွက် အသင်၏ ဤဇနီးကြင်ယာများကို (ထိုအချိန်က အသင်၏အပေါ်တွင် ရှိနေကြပြီး) ၎င်းတို့အား အသင်က 'မဟရ်' ခန်းဝင်ကြေး ပေးခဲ့သော ဇနီးကြင်ယာများသည် (လေးယောက်ထက် ပိုနေသည့်တိုင်) 'ဟလာလ်'တရားဝင် ဖြစ်စေတော်မူခဲ့သည်။ (ဒုတိယအမိန့်) ထို့ပြင် ထိုအမျိုးသမီးများကိုလည်း (အထူးအားဖြင့် 'ဟလာလ်' ဖြစ်စေတော်မူသည်မှာ) အသင့်အား အလ္လာဟ်အသျှင်မြတ်က လက်ရပစ္စည်းအဖြစ် ချီးမြှင့်တော်မူခဲ့သော အသင်ပိုင်ဆိုင်သည့် ကျွန်မများကိုလည်းကောင်း၊ (ထိုအကြောင်း အထူးတင်ပြချက်သည် 'သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ'တွင် လာရှိပေမည်။ တတိယအမိန့်) ထို့ပြင် အသင်၏ ကျာကျာ 'ဘကြီး၊ ဘထွေး' တို့၏ သမီးများနှင့်လည်းကောင်း၊ အသင်၏ ဖူဖီ 'မိကြီး၊ မိထွေး'တို့၏ သမီးများနှင့်လည်းကောင်း (ဆိုလိုသည်မှာ ဖခင်ဘက်မှ ဆွေမျိုးတို့၏ သမီးများဖြစ်သည်။) ထို့ပြင် အသင်၏ မာမူ 'ဦးကြီး၊ ဦးလေး' တို့၏ သမီးများကိုလည်းကောင်း၊ အသင်၏ခါလာ 'အရီးကြီး၊ အရီးလေး' တို့၏ သမီးများကိုလည်းကောင်း (ဆိုလိုသည်မှာ မိခင်ဘက်မှ ဆွေမျိုးတို့၏ သမီးများဖြစ်သည်။ ၎င်းတို့အားလုံးကိုလည်း) အလ္လာဟ်အသျှင်မြတ်သည် အသင့်အတွက် 'ဟလာလ်'ပြု ပေးထားသည်။ သို့ရာတွင် ထိုအမျိုးအနွယ်မှ အမျိုးသမီးများသည်လည်း ယတိပြတ် မဟုတ်သေးဘဲ ၎င်းတို့အနက်) သူမတို့သည် အသင်နှင့်အတူတကွ 'ဟိဂျ်ရသ်' ပြောင်းရွှေ့မှု ပြုခဲ့သူများ ဖြစ်ရမည်။ (အတူတကွဟု ဆိုရာ၌ 'ဟိဂျ်ရသ်'ပြုရာတွင် တူညီမှုကိုသာ ဆိုလိုသည်။ တစ်ချိန်တည်း 'ဟိဂျ်ရသ်'ပြုခြင်း ဖြစ်ရမည်ဟု ကန့်သတ်ခြင်း မဟုတ်ပေ။ 'မုဟာဂျိရ်' (ဟိဂျ်ရသ် ပြောင်းရွှေ့သူ) မဟုတ်သောသူသည် ဤစာရင်း၌ မပါဝင်ပေ။ စတုတ္ထအမိန့်) ထို့ပြင် ထိုမွတ်စ္စလင်မ် အမျိုးသမီးကိုလည်း (အသင့်အတွက် 'ဟလာလ်'ပြုပေးထားသည်။) အကြင်အမျိုးသမီးသည် ('မဟရ်' ထိမ်းမြားကြေးမယူဘဲ) မိမိကိုယ်ကို နဗီတမန်တော်မြတ်အား ပေးအပ်ခဲ့၍ ('နေကာဟ်'ထိမ်းမြားမှု ပြုလိုခြင်းကို ဆိုလိုသည်။) နဗီတမန်တော်သည်လည်း သူမအား 'နေကာဟ်'ထိမ်းမြားရန် လိုလားပါလျှင် (ဤနေရာ၌ မွတ်စ္စလင်မ်အမျိုးသမီးဟု သတ်မှတ်ခြင်းဖြင့် ကာဖိရ်အမျိုးသမီး မပါဝင်တော့ပေ။ အကြောင်းမှာ ကိုယ်တော်မြတ် ﷺ အဖို့ ကာဖိရ်အမျိုးသမီးနှင့် 'နေကာဟ်'ထိမ်းမြားခြင်း မပိုင်ပေ။ ဤအမိန့်သည် ပဉ္စမအမိန့် ဖြစ်သည်။ ထို့ပြင်) ဤအားလုံးသော (အမိန့်တော်များသည်) အသင့်အတွက်သာ သီးသန့်ဖြစ်သည်။ အခြားသော မုအ်မင်န်များအတွက် မဟုတ်ပေ။

(အခြားသော မုအ်မင်န်များအတွက်မှာမူ အခြားသော အမိန့်တော်များ ရှိသည်။ သို့ဖြစ်ပေရာ) ဧကန်စင်စစ် ငါအသျှင်မြတ်သည် ထိုအမိန့်တော်များကို သိရှိတော်မူသည်။ (အာယသ်တော်များနှင့် ဟဒီးစ်တော်တို့၏ အကြောင်းခံဖြင့် အခြားသူများကိုလည်း သိစေတော်မူခဲ့သည်။) ငါအသျှင်မြတ်က ထို (မုအ်မင်န်

များ) အပေါ်၌ ၎င်းတို့၏ ဇနီးမယားများနှင့် ကျွန်မများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များကို သိရှိတော်မူသည်။ (ထိုအမိန့်တော်များသည် တမန်တော်မြတ် ﷺ အတွက် သတ်မှတ်ထားသော အမိန့်တော်များနှင့် မတူညီဘဲ ကွဲပြားခြားနားခြင်းရှိသည်။ ၎င်းတို့အနက် နမူနာအနေဖြင့် အထက်၌လည်း إِذَا نَكَحْتُمُ ဟူသော အာယသ်တော်တွင် ဖော်ပြခဲ့သည်။ ထိုအာယသ်တော်တွင် فَمَتِّعُوهُنَّ မှ 'မဟရ်'ပေးဆောင်ရန် တာဝန်မှာ 'နေကာဟ်'တိုင်းအတွက် အတည်ဖြစ်ကြောင်း ဖော်ပြထားသည်။ အစစ်အမှန်ဖြစ်စေ၊ အမိန့်အရဖြစ်စေ၊ အချင်းချင်း သတ်မှတ်ချက်အရဖြစ်စေ၊ ရှရီအသ်၏ အမိန့်အရဖြစ်စေ အတူတူပင် ဖြစ်သည်။ ထို့ပြင် တမန်တော်မြတ် ﷺ အတွက် သတ်မှတ်ပြဋ္ဌာန်းခဲ့သော စတုတ္ထအမိန့်၌ 'နေကာဟ်'တွင် 'မဟရ်'ပေးဆောင်ခြင်း မရှိပေ။ ဤသည်မှာ တမန်တော်မြတ် ﷺ အတွက် အထူးခွင့်ပြုချက်ဖြစ်သည်။ အကြောင်းမှာ) သို့မှသာ အသင့်အပေါ်၌ ကျပ်တည်းမှု တစ်စုံတစ်ရာ (ဖြစ်ပေါ်) မလာရန် ဖြစ်သည်။

(သို့ဖြစ်ပေရာ ထိုသီးသန့်ဖြစ်သော အမိန့်တော်များတွင် အခြားသူများထက် ချောင်လည်ကျယ်ဝန်းမှု ရှိသည်။ ဥပမာ- ပထမအမိန့်နှင့် စတုတ္ထအမိန့်များ၊ ၎င်းအမိန့်များတွင် တစ်စုံတစ်ရာ ကျပ်တည်းမှု မရှိကြောင်း ထင်ရှားသည်။ ထို့နောက် အပေါ်ယံအားဖြင့် ကန့်သတ်မှု၊ ကျပ်တည်းမှုရှိသော ဒုတိယအမိန့်နှင့် ပဉ္စမအမိန့်များတွင် ကျပ်တည်းမှုမရှိကြောင်း ဖော်ပြသည့်အဓိပ္ပာယ်မှာ ငါအသျှင်မြတ်သည် ဤကန့်သတ်မှုကို အသင်၏ အချို့ကောင်းကျိုးများအတွက် ပြုတော်မူခြင်း ဖြစ်သည်။ အကယ်၍ ဤကန့်သတ်မှုမရှိဟု ဆိုလျှင် အသင့်အဖို့ ဤကောင်းကျိုးများသည်လည်း ပျောက်ကွယ်သွားပေမည်။ ထို့နောက် ထိုအချိန်တွင် အသင့်အဖို့ ကျပ်တည်းမှုဖြစ်လာမည်ကို ငါအသျှင်မြတ် သိတော်မူသည်။ ထို့ကြောင့် ထိုကျပ်တည်းမှုများ ကျရောက်လာခြင်းမရှိစေရန်လည်း အထူးရှေးရှုလျက် စီမံပေးခဲ့သည်။ ဒုတိယအမိန့်နှင့် စပ်လျဉ်း၍ 'သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ'တွင် ဖော်ပြပါမည်။) ထို့ပြင် (ကျပ်တည်းမှုကို ဝေးကွာစေမှုကို ရှေးရှုခြင်းသည် ဤသီးသန့် အထူးအမိန့်တော်များ၌သာ မဟုတ်ဘဲ မုအ်မင်န်များနှင့် စပ်လျဉ်းသော အမိန့်တော်များတွင်လည်း ဤအမိန့်ကို ထောက်ရှုထားသည်။ အကြောင်းမှာ) အလ္လာဟ်အသျှင်မြတ်သည် 'ဂဖူးရွှရ်ရဟီးမ်' အလွန်တရာ ခွင့်လွှတ်တော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူလေသည်။ (သို့ဖြစ်ပေရာ ထိုအသျှင်မြတ်သည် 'ရဟ်မသ်'ကရုဏာတော်ဖြင့် အမိန့်တော်များတွင် လွယ်ကူမှုကို ထောက်ရှုတော်မူသည်။ ထို့ပြင် လွယ်ကူသော အမိန့်တော်များ၌ ချွတ်ချော်မှားယွင်းမှုရှိသည့်အပေါ် များသောအားဖြင့် 'မဂ်ဖွေရသ်' လွှတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသည်။ ဤသည်မှာ အမိန့်တော်များ၌ လွယ်ကူမှုနှင့် ကျပ်တည်းမှု မရှိစေခြင်းတို့၏ အခြေခံနှင့် အဆုံးမဲ့သော 'ရဟ်မသ်'တော်၏ အထောက်အထားဖြစ်သည်။ ဤသည်မှာ ကိုယ်တော်မြတ် ﷺ အဖို့ 'ဟလာလ်'ပြုထားတော်မူသည့် အမျိုးသမီးများအကြောင်း တင်ပြခြင်းဖြစ်သည်။ (ရှေ့တွင် 'ဟလာလ်'ပြုခံရသည့် အမျိုးအစားများအနက် ကိုယ်တော်မြတ် ﷺ ထံတော်ပါး၌ ရှိသူတို့၏ အမိန့် မည်သို့ ရှိသည်ကို တင်ပြထားသည်။) သို့ဖြစ်ပေရာ ဆဋ္ဌမအမိန့်၌ မိန့်ကြားသည်မှာ) သူမတို့အနက် အသင်နှစ်သက်သူအား (အသင်နှစ်သက်သည့် အချိန်အထိ) မိမိအပါးမှ ခွဲထားပါ။ (ဆိုလိုသည်မှာ သူမအား အလှည့်မပေးလေနှင့်။)

ထို့နောက် အသင် အလိုရှိသူအား (အလိုရှိသမျှ) အသင်သည် မိမိထံ၌ ထားပါလေ။ (ဆိုလိုသည်မှာ သူမအား အလှည့်ပေးခြင်းဖြစ်သည်။) ထိုနည်းတူ အသင် ကဘေးဖယ်ထားခဲ့သူများအနက် အသင် အလိုရှိသူကို ပြန်လည်ထားနိုင်သည်။ အသင့်အပေါ်၌ အပြစ်တစ်စုံတစ်ရာမဖြစ်ပေ။ (အလိုသဘောမှာ ကြင်ယာတော်များအတွင်း အလှည့်ကျ ညအိပ်ရန် အလှည့်ပေးခြင်း စသည်တို့သည် အသင့်အပေါ်၌ 'ဝါဂျိဗ်'မဟုတ်ပေ။ ထိုသို့ ပြုလုပ်ရာတွင် အလွန်အရေးကြီးသော ကောင်းကျိုးတစ်ခုမှာ) ထိုသို့ ပြုခြင်းတွင် ပို၍ နီးစပ်သည်မှာ ထို (ကြင်ယာတော်) တို့၏ မျက်လုံးများ အေးမြနေပေမည်။ (ဆိုလိုသည်မှာ ပျော်ရွှင်နေကြပေမည်။) ထို့နောက် သောကမဖြစ်ကြပေမည်။ ထို့ပြင် အသင်ပေးသမျှနှင့် သဘောတူကျေနပ်ကြပေမည်။ (အကြောင်းမှာ သောကဖြစ်ရခြင်းသည် ရပိုင်ခွင့်ရှိကြောင်း အရေးဆိုမှုအပေါ် ဖြစ်ရသောကြောင့် ဖြစ်သည်။ ပစ္စည်းသုံးစွဲခြင်းသော်လည်းကောင်း၊ ဂရုစိုက်ခြင်းသော်လည်းကောင်း၊ ငွေးပေးဆပ်သမျှတို့သည် ဤအတိုင်း အပို ပေးကမ်းခြင်းသာ ဖြစ်သည်။ ကျွန်ုပ်မ ရရှိထိုက်သည့် 'ဝါဂျိဗ်'မဟုတ်ဟု သိရှိသွားပြီဆိုလျှင် မည်သူကမျှ မည်သို့သော အရေးဆိုမှုကိုပင် ပြုတော့မည်မဟုတ်ပေ။ ကျွန်မများနှင့်စပ်လျဉ်း၍ အလှည့်ကျ အခွင့်အရေး မရှိကြောင်း အားလုံး သိရှိထားပြီးဖြစ်သည်။) ထို့ပြင် (အို၊ မွတ်စ္စလင်မ်အပေါင်းတို့၊ ဤသီးသန့်အထူးအမိန့် များကို ကြားနာပြီး ဤအမိန့်များသည် အများအတွက် အဘယ်ကြောင့် မဖြစ်ရပါသနည်းဟု မတွေးကြလေနှင့်။ အကယ်၍ ဤသို့ တွေးတောခြင်းပြုမည်ဆိုလျှင်) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ စိတ်နှလုံးသားများမှ အကြောင်းတို့ကို ကောင်းစွာ သိရှိတော်မူပါသည်။ (ဤသို့ တွေးတောခြင်းအပေါ် အသင်တို့အား အပြစ်ပေးတော်မူမည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်အပေါ် စောဒကတက်ခြင်းနှင့် တမန်တော်မြတ် ﷺ အပေါ် မနာလိုမှုပြုခြင်းဟူသည် 'အဇာဗ်' အပြစ်ဒဏ်ခံစားရမည့် အကြောင်းခံဖြစ်သောကြောင့်ပင် ဖြစ်သည်။)

ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် (ဤမျှသာမဟုတ်) အရာအားလုံးကို သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (စောဒကတက်သူများအား ချက်ချင်းအပြစ်မပေးခြင်းသည် ထိုအသျှင်မြတ် မသိ၍ ဖြစ်သည်ဟု မယူဆရပေ။ သို့သာမက ထိုသို့ အပြစ်ဒဏ်ကို ချက်ချင်းမပေးရသည့်အကြောင်းမှာ ထိုအသျှင်မြတ်သည်) အလွန်တရာ သည်းခံတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (ထို့ကြောင့် တစ်ခါတစ်ရံ အပြစ်ဒဏ်ကို ဆိုင်းငံ့ထားတော်မူခြင်း ဖြစ်သည်။ ရှေ့တွင် ကိုယ်တော်မြတ် ﷺ နှင့် စပ်လျဉ်းသည့် သီးသန့်အထူးအမိန့်တော်များကို တင်ပြထားသည်။ ထိုတင်ပြချက်များတွင် အချို့တို့မှာ အထက်ပါ အမိန့်တော်များ၏ ရလဒ်ဖြစ်သည်။ အချို့မှာ အမိန့်တော်အသစ်များဖြစ်သည်။ သို့ဖြစ်ပေရာ အထက်တွင် တတိယအမိန့်နှင့် ပဉ္စမအမိန့်တို့တွင် 'နေကာဟ်'ပြုထားသည့် အမျိုးသမီးများတွင် အီမာန်နှင့် 'ဟိဂျ်ရသ်'ကို စည်းကမ်းချက်အဖြစ် သတ်မှတ်ထားသည်။ သို့ဖြစ်ပေရာ) ထိုသူမတို့မှအပ (ဤစည်းကမ်းသတ်မှတ်ချက်တွင် မပါဝင်သော) အခြားအမျိုးသမီးများသည် အသင့်အတွက် 'ဟလာလ်'မဟုတ်ပေ။ (ဆိုလိုသည်မှာ ဆွေမျိုးရင်းခြာများအနက် 'မုဟာဂျိရ်'မဟုတ်သော အမျိုးသမီးများသည် 'ဟလာလ်'မဖြစ်ပေ။ ထို့ပြင် အခြားသော အမျိုးသမီးများအနက် မုအ်မင်နမဟုတ်သူများသည် 'ဟလာလ်'မဖြစ်ပေ။ ဤသည်မှာ အထက်ပါအမိန့်

များ၏ ရလဒ်ဖြစ်သည်။) ထို့နောက် (ရှေ့တွင် သတ္တမအမိန့်ဖြစ်သော အမိန့်အသစ်မှာ) အသင့်အဖို့ ပြုပိုင်ခွင့်မရှိသည်မှာ အသင်သည် ထို (လက်ရှိ) ကြင်ယာတော်များအစား အခြားသော အမျိုးသမီးများကို 'နေကာဟ်' ထိမ်းမြားမှုပြုခြင်း (ဆိုလိုသည်မှာ ကြင်ယာတော်များအနက် တစ်ဦးဦးကို 'သွလားက်' ပေး၍ ၎င်း၏ နေရာတွင် အခြားတစ်ဦးဦးကို 'နေကာဟ်' ပြု၍ အစားထိုးခြင်းဖြစ်သည်။ ၎င်းနောက် လက်ရှိဇနီးကြင်ယာတော်များကို 'သွလားက်' မပေးဘဲ အကယ်၍ တစ်စုံတစ်ဦးအား 'နေကာဟ်' ပြုလိုက်ခြင်းဖြစ်မှု ထိုသို့ ပြုခြင်းအပေါ် တားမြစ်ချက်မရှိပေ။ အလားတူ ထိုသို့ပြောင်းလဲရန် ရည်ရွယ်ချက်မပါဘဲ တစ်ဦးဦးကို 'သွလားက်' ပေးလိုက်ခြင်းသည်လည်း တားမြစ်ချက်မရှိပေ။ تبدل 'သဗဒ်ဒုလ်' ဟူသော စာလုံးသည် ထိုအထက်၌ တင်ပြခဲ့သော စည်းကမ်းချက် အရာအားလုံးအပေါ် ခြုံငုံဖြစ်ပေါ်လာမှသာ တားမြစ်ထားကြောင်း ညွှန်ပြသည်။ သို့ဖြစ်ပေရာ ဤကဲ့သို့ ပြောင်းလဲမှုပြုခြင်းအပေါ်၌သာ တားမြစ်ချက်ရှိသည်။)

အမှန်စင်စစ် အသင့်အား ထို (အခြားသော အမျိုးသမီးတို့) ၏ လုပမှုက နှစ်သက်စေခဲ့လျှင်လည်း အသင်အတွက် ထိုကဲ့သို့ 'သဗဒ်ဒုလ်' ပြောင်းလဲခြင်း မပြုပိုင်ပေ။ သို့ရာတွင် အသင်ပိုင်ဆိုင်သော ကျွန်မများကိုမူ (ပြောင်းလဲယူခွင့်ရှိသည်။ ယင်းအမိန့်သည် ပဥ္စမအမိန့်နှင့် သတ္တမအမိန့် နှစ်မျိုးစလုံး၌ မပါဝင်ဟု ချွန်လှပ်တင်ပြခံရသော အမိန့်ဖြစ်သည်။ ဆိုလိုသည်မှာ 'ကိသာဗီယဟ်' ဖြစ်ခြင်းအပေါ်၌လည်း 'ဟလာလ်' ဖြစ်သည်။ ထို့ပြင် ၎င်းတို့တွင် ပြောင်းလဲယူခြင်း၌လည်း ပိုင်သောကြောင့်ဖြစ်သည်။) ထို့နောက် အလ္လာဟ် အသျှင်မြတ်သည် အရာခပ်သိမ်းတို့ (၏ ဖစ်မြစ်နှင့် သက်ရောက်မှု၊ ကောင်းကျိုးဖြစ်မှုတို့) ကို ကောင်းစွာ စောင့်ရှောက်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (ထို့ကြောင့် ထိုအမိန့်တော်အားလုံးတွင် ကောင်းကျိုးများနှင့် လျှို့ဝှက်ချက်များ ရှိသည်။ လူသားအားလုံးကို သတ်မှတ်ချက်ဖြင့် မတင်ပြသည်မှာ ၎င်းတို့အနက် မည်သူ့ကိုမျှ မေးခွန်းထုတ်ခြင်း (သို့) စောဒက တက်ခြင်းများပြုခွင့် မရှိသောကြောင့် ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဖော်ပြပါအာယသ်တော်များ၌ 'နေကာဟ်' နှင့် 'သွလားက်' စသည်တို့နှင့် စပ်လျဉ်းသော အမိန့်တော် (၇) ရပ်ကို တင်ပြထားသည်။ ထိုအမိန့်တော်များသည် တမန်တော်မြတ် ﷺ အတွက် သီးသန့်အမိန့်တော်များဖြစ်သည်။ ထို့ပြင် ထိုသီးသန့်အထူးဖြစ်မှုသည် ကိုယ်တော်မြတ် ﷺ ၏ မြင့်မားသော ဂုဏ်ရည်တော်နှင့် ထူးမြတ်ခြင်းတို့၏ လက္ခဏာများဖြစ်သည်။ ၎င်းတို့အနက် အချို့အမိန့်တော်များမှာ ထိုအမိန့်တော်များ၏ သီးသန့်အထူးဖြစ်ခြင်းသည် တမန်တော်မြတ် ﷺ အတွက်သာဖြစ်ကြောင်း လုံးဝဥဿုံ ထင်ရှားပေသည်။ ထို့ပြင် အချို့အမိန့်တော်များမှာမူ စင်စစ် မွတ်စ္စလင်မ်အားလုံးတို့အတွက် ဖြစ်သော်လည်း ၎င်းအမိန့်တော်များတွင် အချို့သော စည်းကမ်းသတ်မှတ်ချက်များသည် တမန်တော်မြတ် ﷺ အဖို့ အထူးသီးသန့်ဖြစ်သည်။ ၎င်းတို့ကို အကျယ်တဝင့် ဖော်ပြလိုက်သည်။

ပထမအမိန့်

إِنَّآ أَحْلَلْنَا لَكَ أَزْوَاجَكَ ٱلَّٰتِىٓ ءَاتَيْتَ أُجُورَهُنَّ

ဆိုလိုသည်မှာ 'ငါအသျှင်မြတ်သည် အသင်က 'မဟရ်'ခန်းဝင်ကြေးပေးခဲ့သည့် အသင်၏ ကြင်ယာအားလုံးကို အသင့်အတွက် 'ဟလာလ်'ပြုပေးတော်မူခဲ့သည်' ဟု ဖြစ်သည်။ ဤအမိန့်သည် အပေါ်ယံအားဖြင့် ကြည့်လျှင် မွတ်စ္စလင်မ်အားလုံးအတွက် အမိန့်ဖြစ်သည်။ သို့သော် ဤနေရာ၌ အထူးအမိန့်ဖြစ်ရခြင်းအကြောင်းမှာ အာယသ်တော်ကျရောက်သည့်အချိန်တွင် ကိုယ်တော်မြတ် ﷺ ၌ လေးဦးထက်ပိုသော ကြင်ယာတော်များ ရှိနေသည်။ အများမွတ်စ္စလင်မ်တို့အတွက် လေးဦးထက်ပိုသော ကြင်ယာတော်များကို တစ်ချိန်တည်းတွင် 'နေကာဟ်'ပြုထားခြင်း မပိုင်ပေ။ သို့ဖြစ်ပေရာ လေးဦးထက်ပိုသော ဇနီးကြင်ယာတော်များကို 'နေကာဟ်' ပြုထားခြင်းသည် ကိုယ်တော်မြတ် ﷺ အဖို့ အထူးအခွင့်အရေးအဖြစ် 'ဟလာလ်'ပြုပေးခြင်း ခံရသည်။

ထို့ပြင် အာယသ်တော်တွင် ٱلَّٰتِىٓ ءَاتَيْتَ أُجُورَهُنَّ ဟု မိန့်ကြားထားသည်။ ဤသည်မှာ ဆန့်ကျင်ဘက်၌ ဤအမိန့်မဟုတ်ဟု သဘောဆောင်သော စည်းကမ်းချက် (သို့) ပြုပိုင်ရန်အတွက် စည်းကမ်းချက် မဟုတ်ပေ။ ထိုမျှမက ဖြစ်ရပ်မှန်ကို ဖော်ထုတ်ပြသခြင်းသာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ နှင့် 'နေကာဟ်'ပြုသမျှ အမျိုးသမီးအားလုံးတို့ကို တမန်တော်မြတ် ﷺ သည် 'မဟရ်'ခန်းဝင်ကြေးအား လက်ငင်း ပေးဆောင်တော်မူခဲ့သည်ချည်းဖြစ်ပြီး အကြွေးမထားခဲ့ပေ။ ကိုယ်တော်မြတ် ﷺ ၏ ဓလေ့တော်မှာ ပေးရန် တာဝန်တစ်ခုခု ရှိပါလျှင် ချက်ချင်းပေး၍ တာဝန်ကျေခဲ့သည်သာ ဖြစ်သည်။ မလိုအပ်ဘဲ ဆိုင်းငံ့မှုပြုတော်မူလေ့ မရှိပေ။ ဤဖြစ်ရပ်တွင် မွတ်စ္စလင်မ်များကိုလည်း ဤအတိုင်းပြုရန် နှိုးဆော်ထားခြင်း ဖြစ်သည်။

ဒုတိယအမိန့်

وَمَا مَلَكَتْ يَمِينُكَ مِمَّآ أَفَآءَ ٱللَّهُ عَلَيْكَ

ဆိုလိုသည်မှာ 'အသင်၏ ပိုင်ဆိုင်မှု၌ ရှိသော အမျိုးသမီးများကို 'ဟလာလ်'အဖြစ် သတ်မှတ်ပေးထားသည်။ ထိုအမျိုးသမီးများ၏ ပိုင်ဆိုင်သူအဖြစ် အလ္လာဟ်အသျှင်မြတ်က အသင့်အား ပြုပေးထားတော်မူသည်။ ဤအာယသ်တော်၌ أَفَآءَ ဟူသော စာလုံးသည် فَىْءٌ ဟူသော စာလုံးမှ ဆင်းသက်လာသည့် စာလုံးဖြစ်သည်။ ဝေါဟာရအဓိပ္ပာယ်ကို ထောက်ရှုခြင်းအားဖြင့် ကာဖိရ်များထံမှ စစ်မတိုက်ခြင်းဖြင့်လည်းကောင်း၊ (သို့) ငြိမ်းချမ်းရေးပြုလုပ်ခြင်းဖြင့်လည်းကောင်း ရရှိသော ဥစ္စာပစ္စည်းကို ခေါ်ဆိုသည်။ တစ်ခါတစ်ရံ သုံ့ပန်းပစ္စည်းကိုလည်း فَىْءٌ ဟူသောစာလုံးဖြင့်ပင် သုံးနှုန်းသည်လည်း ရှိသည်။ ဤ အာယသ်တော်၌ ထိုစာလုံးအား တင်ပြခြင်းသည် စည်းကမ်းချက်တစ်ခုအနေဖြင့် မဟုတ်ပေ။ အဘယ်ကြောင့်

ဆိုသော် ကိုယ်တော်မြတ် ﷺ အဖို့ သုံ့ပန်းပစ္စည်းများမှ ဝေစုအဖြစ် ရရှိခဲ့သော ကျွန်မများသာ 'ဟလာလ်' ဖြစ်ပေမည်ဟု သဘောသက်ရောက်သွားနိုင်သည်။ အမှန်စင်စစ် ထိုမျှမက ကိုယ်တော်မြတ် ﷺ က တန်ဖိုးပေး၍ ဝယ်ယူလိုက်သည့် ကျွန်မသည်လည်း ထိုအမိန့်၌ အကျုံးဝင်ပေသည်။

သို့ရာတွင် ဤအမိန့်တော်၌ အပေါ်ယံအားဖြင့်ကြည့်လျှင် တမန်တော်မြတ် ﷺ အဖို့ မည်သည့် သီးသန့်အထူး အခွင့်အရေးမျှ မပါရှိပေ။ အဘယ်ကြောင့်ဆိုသော် အွမ္မသ်သားအားလုံးအတွက် အမိန့်မှာလည်း သုံ့ပန်းပစ္စည်း၌ ဝေစုအဖြစ် ရရှိသော ကျွန်မကိုဖြစ်စေ၊ (သို့) ၎င်းအား တန်ဖိုးငွေပေးပြီး ဝယ်ယူလိုက်သည်ဖြစ်စေ ထိုကျွန်မသည် ၎င်းတို့အတွက် 'ဟလာလ်'ဖြစ်သည်။ ဤအာယသ်တော်အားလုံး၏ ရည်ရွယ်ညွှန်းဆိုချက်မှာ ဤအာယသ်တော်များရှိ အမိန့်တော်များသည် တစ်နည်းနည်းဖြင့် ကိုယ်တော်မြတ် ﷺ အတွက် သီးသန့် အတူပြသရန် လိုလားနေကြောင်းကို အပေါ်ယံအားဖြင့် သိရှိရပေသည်။ ထို့ကြောင့် ရူးဟွလ်မအာနီကျမ်းတွင် ကျွန်မများနှင့်စပ်လျဉ်း၍ ကိုယ်တော်မြတ် ﷺ ၏ ကြင်ယာတော်များအနက်မှ တစ်ပါးပါး၏ 'နေကာဟ်'သည် မည်သည့်အွမ္မသ်အတွက်မှ 'ဟလာလ်'မဖြစ်သကဲ့သို့ ကိုယ်တော်မြတ် ﷺ အတွက် 'ဟလာလ်'ပြုပေးခဲ့သည့် ကျွန်မများသည်လည်း ကိုယ်တော်မြတ် ﷺ ၏ နောက်တွင် မည်သူ့အတွက်မျှ 'ဟလာလ်'ဖြစ်မည် မဟုတ်ပေ။ ဥပမာတင်ပြရလျှင် ဟဇရသ်မာရိယဟ်ကိဗ်သွိယဟ်သခင်မဖြစ်သည်။ ၎င်းအား ရောမဘုရင် 'မိုကောင်ဝ်ကိစ်'က ကိုယ်တော်မြတ်အတွက် လက်ဆောင်အဖြစ် ပေးပို့ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ပေရာ ကိုယ်တော်မြတ် ﷺ 'ဝဖားသ်' ဖြစ်တော်မူပြီးနောက် ကြင်ယာတော်များ၏ 'နေကာဟ်'သည် မည်သူနှင့်မျှ မပိုင်သကဲ့သို့ ဟဇရသ်မာရိယဟ်ကိဗ်သွိယဟ်၏ 'နေကာဟ်'သည်လည်း မည်သူနှင့်မျှ မပိုင်ပေ။ ထိုအချက်ကို ထောက်ရှုလျက် مَامَلَكَتْ اَيْمَانُهُمْ မှ 'ဟလာလ်'ဖြစ်ခြင်း၌လည်း ကိုယ်တော်မြတ် ﷺ ၏ အထူးအခွင့်အရေးတစ်ရပ်ရှိကြောင်း အတည်ဖြစ်သွားပေသည်။

ကျွန်ုပ်၏ ဆရာသခင်ဖြစ်သူ ဟဇရသ်ဟကီမွလ်အွမ္မသ်က ဖော်ပြပါ အထူးအခွင့်အရေးထက်ပင် ပို၍ ပေါ်လွင်သော အထူးအခွင့်အရေးနှစ်ရပ်ကို 'ဗယာနုလ်ကုရ်အာန်'ကျမ်း၌ တင်ပြထားသည်မှာ-

(၁) တမန်တော်မြတ် ﷺ သည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ အထူးအခွင့်အရေး ရရှိထားသည်မှာ သုံ့ပန်းပစ္စည်းများ မခွဲဝေမီအလျင် ကိုယ်တော်မြတ် ﷺ သည် ၎င်းတို့အနက်မှ တစ်စုံတစ်ရာကို မိမိအတွက်ဟူ၍ ရွေးချယ်လိုက်ခြင်းသည် ကိုယ်တော်မြတ် ﷺ အတွက် သီးသန့်အထူးပိုင်ဆိုင်မှုဖြစ်သွားသည်။ ထိုသီးသန့်အထူးပစ္စည်းကို ဝေါဟာရအသုံးအနှုန်းတွင် صَفِيّ النَّبِيّ 'ဆွဖိယွန်းနဗီ'ဟု ခေါ်သည်။ 'ခိုင်ဗရ်'စစ်ပွဲမှ ရရှိသော သုံ့ပန်းပစ္စည်းများအနက် ကိုယ်တော်မြတ် ﷺ သည် ဟဇရသ်ဆွဖီယဟ် ﵂ သခင်မကို မိမိအတွက် သီးသန့်ရွေးချယ်တော်မူခဲ့သည်။ သို့ဖြစ်ပေရာ 'ကျွန်မများပိုင်ဆိုင်ခြင်း' ၏ ဓမ္မသတ်တွင် ဤသည် ကိုယ်တော်မြတ် ﷺ အဖို့ အထူးအခွင့်အရေးဖြစ်သည်။

(၂) دارالحرب 'ဒါရုဟရဗ်'မွတ်စ္စလင်မ်နိုင်ငံမဟုတ်သော နိုင်ငံရှိ မွတ်စ္စလင်မ်မဟုတ်သူဘက်မှ အကယ်၍ လက်ဆောင်တစ်စုံတစ်ရာကို မွတ်စ္စလင်မ်တို့၏ ခေါင်းဆောင် 'အမီရွလ်မုအ်မိနီးန်'၏

အမည်ဖြင့် ရောက်ရှိလာပါလျှင် တရားတော်အရ ၄င်း၏ အမိန့်မှာ ထိုပစ္စည်း၏ ပိုင်ရှင်သည် 'အမီရွလ် မုအ်မိနီးန်' မဟုတ်ဘဲ ရှရီအသ်တရားတော်နှင့်အညီ တည်ရှိသော 'ဗိုင်သွလ်မာလ်'ပြည်သူ့ဘဏ္ဍာတော်၏ ပိုင်ဆိုင်မှုဟု သတ်မှတ်ထားသည်။ ကိုယ်တော်မြတ် ﷺ အဖို့မှာမူ ဤအမိန့်နှင့်မတူပေ။ အဘယ်ကြောင့်ဆို သော် ဟဇရသ်မာရိယဟ်ကိဗ်သွိယဟ် ﷺ သခင်မအား မိုကောင်ဝ်ကိစ်ဘုရင်က ကိုယ်တော်မြတ် ﷺ ၏ ထံပါးသို့ လက်ဆောင်ပစ္စည်းအဖြစ်နှင့် ပေးပို့ဆက်သရာ ဤသည် ကိုယ်တော်မြတ် ﷺ ၏ ပိုင်ဆိုင်မှုအဖြစ် သာ သတ်မှတ်ထားသည်။

(၃) بَنٰتِ عَمِّكَ وَبَنٰتِ عَمّٰتِكَ

ဤအာယသ်တော်တွင် عَمّ နှင့် خَال (ကြီးကြီးနှင့် မာမူ) စာလုံးကို တစ်ဦးတည်းဟူသော တစ်ခုကိန်း စာလုံးဖြင့် သုံးနှုန်း၍ عَمّٰت နှင့် خٰلٰت (ဖွားဖီနှင့် ခါလာ) စာလုံးကိုမူ ဗဟုဝုစ်ကိန်းဖြင့် သုံးနှုန်းသည့်အကြောင်းတရားနှင့် စပ်လျဉ်း၍ သာသနာ့ပညာရှင်တို့သည် များစွာသော အချက်များကို ရေးသားခဲ့ကြသည်။ သဖ်စီးရ်ရူဟွလ်မအာနီကျမ်းတွင် အဘူဟိုင်ယားန်၏ အကြောင်းပြချက်ကို ရွေးချယ် ခဲ့သည်မှာ 'အာရဗ်တို့၏ ဝေါဟာရအသုံးအနှုန်းတွင် عَمّ ဟူသော စာလုံးကို ဗဟုဝုစ်ကိန်းတွင် အသုံးပြု လေ့မရှိဘဲ တစ်ခုကိန်း၌သာ သုံးစွဲလေ့ရှိကြသည်'ဟု ဖြစ်သည်။

အာယသ်တော်၏ အလိုသဘောမှာ 'ကိုယ်တော်မြတ် ﷺ အတွက် ကြီးကြီး၊ ဖွားဖီတို့၏ သမီးများကို လည်းကောင်း၊ မာမူနှင့် ခါလာတို့၏ သမီးများကိုလည်းကောင်း 'ဟလာလ်'ပြုပေးခြင်းခံရသည်'ဟု ဖြစ်သည်။ ကြီးကြီးနှင့် ဖွားဖီဟု ဆိုရာ၌ ဖခင်ဘက်မှ ဆွေမျိုးတို့၏ သမီးအားလုံးသည်လည်းကောင်း၊ မာမူနှင့် ခါလာဟုဆိုရာ၌ မိခင်ဘက်မှ ဆွေမျိုးတို့၏ သမီးများအားလုံးသည်လည်းကောင်း သမီးအားလုံး ပါဝင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထိုသမီးအားလုံးတို့နှင့် 'နေကာဟ်'ပြုခြင်း 'ဟလာလ်'ဖြစ်သည်မှာမူ ကိုယ်တော်မြတ် ﷺ အတွက်သာ အထူးသီးသန့်ဖြစ်သည်မဟုတ်ဘဲ မွတ်စ္စလင်မ်အားလုံးအတွက် ဤအမိန့် ပင် ဖြစ်သည်။ သို့ရာတွင် ဤနေရာ၌ ထိုအမျိုးသမီးများသည် ကိုယ်တော်မြတ် ﷺ နှင့်အတူ မက္ကာဟ်မြို့မှ 'ဟိဂ်ျရသ်'ပြုသူများဖြစ်ရမည်ဟူသော စည်းကမ်းသတ်မှတ်ချက် ရှိပေသည်။ ဤသည်မှာ ကိုယ်တော်မြတ် ﷺ ၏ ထူးခြားမှုဖြစ်သည်။

အချုပ်မှာ အွမ္မသ်သားအားလုံးအတွက်မှာ ဖခင်နှင့် မိခင်တို့ဘက်မှ ဤအမျိုးသမီးအားလုံးတို့သည် မည်သည့်စည်းကမ်းသတ်မှတ်ချက်မျှ မရှိဘဲ 'ဟလာလ်'ဖြစ်သည်။ ၄င်းတို့နှင့်အတူ 'ဟိဂ်ျရသ်'ပြုသူဖြစ်စေ၊ မပြုသူဖြစ်စေ 'ဟလာလ်'ပင်ဖြစ်သည်။ သို့သော်လည်း တမန်တော်မြတ် ﷺ အဖို့မှာမူ ကိုယ်တော်မြတ် ﷺ နှင့်အတူ 'ဟိဂ်ျရသ်'ပြုခဲ့သည့် အမျိုးသမီးများသာ 'ဟလာလ်'ဖြစ်ပေသည်။

'ဟိဂ်ျရသ်'ကို အတူပြုခဲ့ခြင်းဟု ဆိုရာ၌ ကိုယ်တော်မြတ် ﷺ နှင့် ခရီးစဉ်၌ အတူတကွ ပါရှိခြင်း (သို့) တစ်ချိန်တည်းတွင် 'ဟိဂ်ျရသ်'ပြုခြင်းဖြစ်ရန် အရေးမကြီးပေ။ ထို့မျှမက 'ဟိဂ်ျရသ်'ဟူသော လုပ်ငန်း စဉ်ကို ပြုကျင့်ရာ၌ တစ်ထပ်တည်းကျခြင်းကိုသာ ဆိုလိုသည်။ အကြောင်းတစ်စုံတစ်ရာကြောင့် 'ဟိဂ်ျရသ်'

မပြုခဲ့သည့် အမျိုးသမီးများဖြင့် ကိုယ်တော်မြတ် ﷺ ၏ 'နေကာဟ်'ပြုရန် 'ဟလာလ်'မဟုတ်ပေ။ ဥပမာအားဖြင့်ဆိုရလျှင် ကိုယ်တော်မြတ် ﷺ ၏ ကြာကြာအဘူသွာလိဗ်၏ သမီးအွန်းမေ့ဟာနီ ﷺ က 'ကျွန်မသည် ကိုယ်တော်မြတ် ﷺ 'နေကာဟ်'ထိမ်းမြားရန် 'ဟလာလ်'မဖြစ်သည်မှာ ကျွန်မသည် 'ဟီဂျ်ရည်' မပြုခဲ့သောကြောင့် ဖြစ်သည်။ ထို့မျှမက ကျွန်မသည် طلقاء 'သွုလကာ'များစာရင်းတွင် ပါဝင်ခဲ့သူလည်း ဖြစ်သည်'ဟု ပြောဆိုခဲ့သည်။ طلقاء 'သွုလကာ'ဆိုသည်မှာ မက္ကာဟ်မြို့ကို အောင်နိုင်သည့်အခါက ကိုယ်တော်မြတ် ﷺ က သတ်ဖြတ်ခြင်းလည်း မပြု၊ ကျွန်အဖြစ် သိမ်းပိုက်ခြင်းလည်းမပြုဘဲ လွှတ်ပေးခဲ့သူများကို ခေါ်ဆိုသည်။ *[ရူးဟွလ်မအာနီကျမ်း၊ ဂျဆွ်ဆွားဆွ်ကျမ်း။]*

တမန်တော်မြတ် ﷺ ၏ 'နေကာဟ်'အတွက် ဟီဂျ်ရည်ပြုသူ အမျိုးသမီးများ ဖြစ်ရန်ဟူသော စည်းကမ်းသတ်မှတ်ချက်သည် မိမိ၏ မိခင်၊ ဖခင်၏ ဆွေမျိုးတို့၏ သမီးများနှင့်သာ ဖြစ်သည်။ အမွှသ်အတွင်းမှ အခြားအမျိုးသမီးများနှင့်မူ ဟီဂျ်ရည်ပြုသူဖြစ်ရန် စည်းကမ်းသတ်မှတ်ချက် မရှိပေ။ မွတ်စ္စလင်မ်ဖြစ်ခြင်းသည်ပင် လုံလောက်ပေသည်။

ဆွေမျိုးများအတွင်းမှ အမျိုးသမီးများကို ဟီဂျ်ရည်၏ စည်းကမ်းသတ်မှတ်ရခြင်းမှာ 'များသောအားဖြင့် ဆွေမျိုးတော်စပ်သူ အမျိုးသမီးများအဖို့ မိမိ၏ မျိုးနွယ်သည် ဂုဏ်ယူဝင့်ကြွားဖွယ်တစ်ရပ်ပင် ဖြစ်သည်။ တမန်တော်မြတ် ﷺ ၏ ကြင်ယာတော်ဖြစ်ရန်အတွက် ဤသည်မှာ မဖြစ်အပ်၊ မသင့်လျော်သော ကိစ္စရပ်ဖြစ်သည်။ ၎င်းဂုဏ်ယူဝင့်ကြွားမှုကို ကုစားရန်အတွက်ပင် ဟီဂျ်ရည်ပြုသူ ဖြစ်ရမည်ဟူသော စည်းကမ်းချက်ကို သတ်မှတ်ပြဋ္ဌာန်းခြင်းဖြစ်ပေမည်။ အကြောင်းမှာ မိမိ၏ ဆွေမျိုးသားချင်းအားလုံး မွေးရပ်ဌာနေနှင့် ပိုင်ဆိုင်မှုဟူသမျှတို့အား ချစ်ခင်စွဲလန်းခြင်းများကို အလ္လာဟ်နှင့် ရစူလ်၏ ချစ်စိတ်ဖြင့် လွှမ်းမိုးနိုင်သော အမျိုးသမီးများသာ 'ဟီဂျ်ရည်' ပြုကြသောကြောင့် ဖြစ်သည်။

အလားတူ ဟီဂျ်ရည်ပြုသည့်အခါ ဒုက္ခမျိုးစုံ ခံစားရတတ်သည်။ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင် တွေ့ကြုံခံစားရသည့် ဒုက္ခများသည် ကျင့်စဉ်ကျင့်ရပ်များကို ပြုပြင်ရာ၌ အထူးအကျိုးဝင်မှု ရှိသည်။

အချုပ်မှာ မိခင်၊ ဖခင်တို့ဘက်မှ ဆွေမျိုးသားချင်းတို့၏ သမီးများနှင့် 'နေကာဟ်'ပြုရာတွင် ကိုယ်တော်မြတ် ﷺ အတွက် အထူးစည်းကမ်းသတ်မှတ်ချက်တစ်ရပ် ရှိသည်မှာ 'ထိုအမျိုးသမီးများသည် ကိုယ်တော်မြတ် ﷺ နှင့် မက္ကာဟ်မြို့မှ ဟီဂျ်ရည်ပြုသူများ ဖြစ်ရမည်ဟု ဖြစ်သည်။

(၆) وَامْرَأَةً مُؤْمِنَةً اِنْ وَّهَبَتْ نَفْسَهَا لِلنَّبِيِّ اِنْ اَرَادَ النَّبِيُّ اَنْ يَّسْتَنْكِحَهَا خَالِصَةً لَّكَ مِنْ دُوْنِ الْمُؤْمِنِيْنَ

ဆိုလိုသည်မှာ 'အကယ်၍ မွတ်စ္စလင်မ်အမျိုးသမီးတစ်ဦးသည် မိမိကိုယ်ကို မိမိ ကိုယ်တော်မြတ် ﷺ အတွက် 'ဟိဗဟ်' (အပ်နှံ) ပေးဆောင်လိုက်ပါလျှင် (ဝါ) 'မဟရ်'ခန်းဝင်ကြေးမယူဘဲ ကိုယ်တော်မြတ်

ﷺ နှင့် 'နေကာဟ်'ပြုရန် လိုလားပါလျှင် အကယ်၍ ကိုယ်တော်မြတ် ﷺ သည် ထိုအမျိုးသမီးနှင့် 'နေကာဟ်'ပြုရန် ရည်ရွယ်လိုက်ပါက ကိုယ်တော်မြတ် ﷺ အဖို့ 'မဟရ်'ခန်းဝင်ကြေးမပေးဘဲလည်း သူမနှင့် 'နေကာဟ်'ပြုခြင်း 'ဟလာလ်'ဖြစ်သည်။ ဤအမိန့်သည် ကိုယ်တော်မြတ် ﷺ အတွက်သာ အထူးအမိန့်တော်ဖြစ်သည်။ အခြားသော မွတ်စ္စလင်မ်များအတွက် မဟုတ်ပေ။

ဤအရေးကိစ္စတွင် အထူးအမိန့်သည် တမန်တော်မြတ် ﷺ အဖို့သာဖြစ်ကြောင်း လုံးဝ ထင်ရှားပေသည်။ အဘယ်ကြောင့်ဆိုသော် အွမ္မသ်သားအားလုံးတို့အတွက် 'နေကာဟ်'တွင် 'မဟရ်'ခန်းဝင်ကြေးပေးဆောင်ရန်မှာ အရေးကြီးသော တာဝန်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ 'နေကာဟ်'ပြုစဉ်က အမျိုးသမီးက 'မဟရ်'မယူပါဟု ငြင်းဆိုခဲ့လျှင်လည်းကောင်း၊ (သို့) အမျိုးသားက 'မဟရ်'ခန်းဝင်ကြေး မပေးဟူသော စည်းကမ်းချက်ဖြင့် 'နေကာဟ်'ပြုပါသည်'ဟု ဆိုခဲ့လျှင်လည်းကောင်း၊ အခြေအနေနှစ်ရပ်စလုံးတွင် ၎င်းတို့၏ ပြောဆိုသမျှသည် ရှရီအသ်တရားတော်အရ အချည်းအနှီးစကားများသာ ဖြစ်သည်။ ရှရီအသ်တရားတော်အရ ထို 'နေကာဟ်'အတွက် 'မဟရ်မိဆ်လ်'ပေးရန် 'ဝါဂျိဗ်'ဖြစ်ပေမည်။ တမန်တော်မြတ် ﷺ ၏ ထူးမြတ်မှုအားဖြင့်သာ အမျိုးသမီးက 'မဟရ်'မယူဘဲ 'နေကာဟ်'ပြုရန် လိုလားခဲ့လျှင် 'နေကာဟ်'သည် 'မဟရ်'မပေးဆောင်ဘဲ 'ဟလာလ်'ဖြစ်ရခြင်းဖြစ်သည်။

အကျိုးကျေးဇူး

ဤအမိန့်သည် အမျိုးသမီးတစ်ဦးက ကိုယ်တော်မြတ် ﷺ အား မိမိကိုယ်ကို မိမိ 'ဟိဗဟ်' (အလကားပေးခြင်း) ပေးကမ်းလိုက်ခြင်း၊ ဆိုလိုသည်မှာ 'မဟရ်'ခန်းဝင်ကြေးမယူဘဲ 'နေကာဟ်' ပြုရန် လိုလားခြင်း၏ အမိန့်ဖြစ်သည်။ ထိုအမျိုးသမီးသည် ကိုယ်တော်မြတ် ﷺ အတွက် 'ဟလာလ်'ဖြစ်သည်။ ဤနေရာ၌ အိုလမာသာသနာ့ပညာရှင်များအတွင်း ဤကဲ့သို့ 'နေကာဟ်'ရှိခဲ့သည်၊ မရှိခဲ့သည်နှင့် စပ်လျဉ်း၍ ကွဲလွဲမှုများရှိသည်။ အချို့ပညာရှင်များက တမန်တော်မြတ် ﷺ သည် ဤကဲ့သို့ မိမိကိုယ်မိမိ 'ဟိဗဟ်' ('မဟရ်' မယူဘဲ) ပေးသည့် အမျိုးသမီးတစ်ဦးနှင့်မျှ 'နေကာဟ်'ပြုခဲ့ကြောင်း မရှိပါ'ဟု ဆိုကြသည်။ အချို့ပညာရှင်များက 'ဤကဲ့သို့သော 'နေကာဟ်'ပြုတော်မူခဲ့ကြောင်း အထောက်အထားရှိသည်'ဟု ဆိုကြသည်။

[ရှုဟွလ်မအာနီကျမ်း]

ထိုအမိန့်နှင့်အတူ လာရှိသော خَالِصَةً لَّكَ စာပိုဒ်ကို အချို့ပညာရှင်များက ဤစတုတ္ထအမိန့်နှင့်သာ အထူးဖြစ်သည်ဟု ဆိုကြသည်။ဇမခ်ရှရီ စသော အဖွင့်ပညာရှင်တို့ကမူ ဤစာပိုဒ်ကို အထက်တွင် တင်ပြခဲ့သည့် 'အထူးအမိန့်အားလုံးနှင့် ပတ်သက်သည့် အမိန့်အားလုံးနှင့် တွဲဆက်လျက်ရှိသည်ဟု တင်ပြကြသည်။ ၎င်းအကြောင်းအရာအားလုံးတို့သည် နဗီကိုယ်တော်မြတ် ﷺ အတွက်သာ အထူးခွင့်ပြုထားသည့် အရာများဖြစ်သည်။ ၎င်းစာပိုဒ်၏ နောက်ဆုံးတွင် لِكَيْلَا يَكُونَ عَلَيْكَ حَرَجٌ ဟု လာရှိထားသည်။ ဆိုလိုသည်မှာ 'ဤသီးခြားအမိန့်များကို အသင့်အတွက် ပေးခြင်းမှာ အသင့်အပေါ်၌ မည်သည့်ကျပ်တည်းမှုမျှ မဖြစ်စေ

ရန် ဖြစ်သည်'ဟူ၏။ အထက်တွင် တင်ပြခဲ့သည့် အမိန့်တော်များအနက် ပထမအမိန့်ဖြစ်သော (၄) ဦး ထက်ပိုသော ကြင်ယာတော်များသည် အသင့်အတွက် 'ဟလာလ်'ပြုပေးခဲ့သည်'ဟူသော အမိန့်နှင့် စတုတ္ထ အမိန့်ဖြစ်သော 'မဟရ်'ခန်းဝင်ကြေး မပေးဆောင်ရဘဲ 'နေကာဟ်'ပြုခြင်းကို 'ဟလာလ်'အဖြစ် ပြုပေးခဲ့ သည်ဟူသော အမိန့်တို့တွင် ကျပ်တည်းမှု ကင်းဝေးစေရန်နှင့် လွယ်ကူမှု ပိုမိုရရှိရန်ဖြစ်ကြောင်း ပေါ်လွင် သည်။ သို့ရာတွင် ကျန်အမိန့်တော် (၃) ရပ်ဖြစ်သော ဒုတိယ၊ တတိယနှင့် ပဉ္စမတို့တွင်မူ အပေါ်ယံအားဖြင့် ကြည့်လျှင် စည်းကမ်းသတ်မှတ်ချက် အချို့တို့ကြောင့် ပိုမိုကျပ်တည်းမှုပင် ဖြစ်ရှိသည်ဟု ထင်ရပေမည်။ သို့ရာတွင် ဤစည်းကမ်းချက်များ သတ်မှတ်ထားခြင်းများမရှိပါက ကိုယ်တော်မြတ် ﷺ အဖို့ စိတ်ကျဉ်း ကျပ်မှု၏ အကြောင်းခံဖြင့် ပိုမိုဒုက္ခရောက်သကဲ့သို့ ဖြစ်ရပေမည်။ ထို့ကြောင့် စည်းကမ်းသတ်မှတ်ချက် များ ပြုထားခြင်းသည်လည်း ကိုယ်တော်မြတ် ﷺ ၏ ကျဉ်းကျပ်မှုကို ဝေးကွာရန် ရည်ရွယ်သော ကိုယ်တော် မြတ် ﷺ ၏ ကောင်းကျိုးကို ထောက်ရှုခြင်းသာ ဖြစ်သည်။

(၅) ဖော်ပြပါအာယသ်တော်များတွင် 'မုအ်မိနဟ်'မုအ်မင်န်အမျိုးသမီးဟူသော စည်းကမ်း သတ်မှတ်ချက်ကို တင်ပြထားသည်။ စင်စစ် မွတ်စ္စလင်မ်တို့အတွက် ယဟူးဒ်နှင့် နဆွာရာအမျိုးသမီးများနှင့် 'နေကာဟ်ဟလာလ်'ဖြစ်ကြောင်း ကုရ်အာန်ကျမ်းတော်မြတ်၏ ညွှန်းဆိုချက်များ ရှိပေသည်။ သို့ရာတွင် တမန်တော်မြတ် ﷺ အဖို့ ကြင်ယာတော်များမှာ မုအ်မင်န်သာဖြစ်ရမည်ဟူသော စည်းကမ်းသတ်မှတ်ချက် ရှိသည်။ 'ကိသာဗိယားသ်' (ယဟူးဒ်၊ နဆွာရာအမျိုးသမီး) နှင့် ကိုယ်တော်မြတ်၏ 'နေကာဟ်' မပိုင်ပေ။

ထိုအမိန့်တော် (၅) ရပ်သည် ကိုယ်တော်မြတ် ﷺ အတွက် အထူးဖြစ်ကြောင်း ဖော်ပြမိန့်ကြားပြီး နောက် မွတ်စ္စလင်မ်များအတွက် အမိန့်ကို အကျဉ်းချုံး၍ မိန့်ကြားသည်မှာ-

قَدْعَلِمْنَا مَافَرَضْنَا عَلَيْهِمْ فِىْٓ اَزْوَاجِهِمْ وَمَا مَلَكَتْ اَيْمَانُهُمْ

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ ဖော်ပြပါအမိန့်တော်များသည် ကိုယ်တော်မြတ် ﷺ အတွက် အထူးအမိန့်တော်များ ဖြစ်သည်။ ကျန်မွတ်စ္စလင်မ်များအဖို့ ငါအသျှင်မြတ် သိရှိတော်မူသည်။ ဥပမာ- မွတ်စ္စလင်မ်များအတွက် 'နေကာဟ်'သည် 'မဟရ်'ခန်းဝင်ကြေးမပေးဘဲ မပြုနိုင်။ ထို့ပြင် 'ကိသာဗိယားသ်' (ယဟူးဒ်၊ နဆွာရာအမျိုးသမီး) များနှင့် ၄င်းတို့သည် 'နေကာဟ်'ပြုပိုင်ကြသည်။ အလားတူ ရှေ့မှ လာပြီးဖြစ်သည့် အမိန့်တော်များတွင် ကိုယ်တော်မြတ် ﷺ အတွက် အရေးကြီးကြောင်း သတ်မှတ်ပြဌာန်း ထားသည့် အမိန့်တော်များသည် အခြားသူများအတွက် မဟုတ်ပေ။

နောက်ဆုံးတွင် لِكَيْلَا يَكُوْنَ عَلَيْكَ حَرَجٌ ဟု မိန့်ကြားထားသည်။ ဆိုလိုသည်မှာ 'နေကာဟ်'၏ အရေးကိစ္စတွင် ကိုယ်တော်မြတ် ﷺ အတွက် ဤအထူးအမိန့်တော်များ သတ်မှတ်ရခြင်းမှာ အသင့်အဖို့ ကျပ်တည်းမှုတစ်စုံတစ်ရာ မကျရောက်စေရန်ဖြစ်သည်။ အသင့်အပေါ်၌ အခြားမွတ်စ္စလင်မ်များထက် ပိုသော စည်းကမ်းချက်များ သတ်မှတ်ပေးခြင်းသည် အပေါ်ယံအားဖြင့် ကြည့်လျှင် ကျပ်တည်းမှုတစ်မျိုးဖြစ်သည်။

သို့သော် ထိုသတ်မှတ်ခြင်းများကို လေးလေးနက်နက် စဉ်းစားစေ့ငုံကြည့်မည်ဆိုပါက ဤသည်မှာလည်း အသင်၏ အတွင်းပိုင်း ပူဆွေးသောကရောက်မှုများနှင့် စိတ်ကျဉ်းကျပ်မှုများကို ဝေးကွာရန် အသင့်အတွက် ကောင်းကျိုးကို ရှေ့ရှု၍ ဤစည်းကမ်းသတ်မှတ်ချက်များ ပြုကြောင်း တွေ့ရှိရပေမည်။

ဤအထိမှာ တမန်တော်မြတ် ﷺ အဖို့ တစ်နည်းမဟုတ်တစ်နည်းဖြင့် အထူးအမိန့်များဖြစ်သော 'နေကာဟ်' နှင့် စပ်လျဉ်းသည့် အမိန့်တော် (၅) ရပ်ကို တင်ပြခဲ့ပြီးဖြစ်သည်။ ရှေ့တွင် အမိန့်တော်နှစ်ရပ်ကို ဤအမိန့်တော် (၅) ရပ်နှင့် စပ်လျဉ်း၍ တင်ပြလိုက်သည်။

(၆) تُرۡجِیۡ مَنۡ تَشَآءُ مِنۡهُنَّ وَتُـٔۡوِیۡۤ اِلَیۡكَ مَنۡ تَشَآءُ ؕ

تُرۡجِیۡ ဟူသော စာလုံးသည် اِرۡجَاء ဟူသော စာလုံးမှ ဆင်းသက်လာသည့် စာလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ 'ဆိုင်းငံ့ခြင်း၊ နောက်ချန်ထားခြင်း' ဟု ဖြစ်သည်။ تُـٔۡوِیۡ ဟူသော စာလုံးသည် ایواء ဟူသော စာလုံးမှ ဆင်းသက်လာသည့် စာလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ 'နီးကပ်အောင်ပြုလုပ်ခြင်း' ဟု ဖြစ်သည်။ အလိုသဘောမှာ 'ကြင်ယာတော်များအနက် အသင်သည် မိမိအလိုရှိသူကို ခွဲထား၍ မိမိအလိုရှိသူကို မိမိအပါး၌ထားရန် အသင့်၌ အခွင့်အရေးရှိသည်' ဟု ဖြစ်သည်။ ဤသည်မှာ တမန်တော်မြတ် ﷺ အဖို့ အထူးအမိန့်ဖြစ်သည်။ အွမ္မသ်သားအားလုံးအတွက် ကြင်ယာတော်အများအပြားရှိလျှင် ထိုကြင်ယာတော်အားလုံးကို တစ်ပြေးညီ အခွင့်အရေးပေးရန် အရေးကြီးသည်။ တစ်ပြေးညီမဟုတ်ဘဲ ဆန့်ကျင်မှုပြုလျှင် 'ဟရာမ်' ဖြစ်သည်။ တစ်ပြေးညီဟူသည့် အလိုသဘောမှာ စားစရိတ်တွင်လည်း တူညီမှုရှိရမည်။ ညအိပ်စက်ရာ၌လည်း တူညီမှု ရှိရမည်။ ဇနီးတစ်ဦးထံ၌ အိပ်သည့် ညအရေအတွက်နှင့်အညီ ဒုတိယဇနီးနှင့် တတိယဇနီးတို့ထံ၌လည်း ထိုအရေအတွက်အတိုင်း ညအိပ်မှုတူညီရမည်။ ပိုခြင်း၊ လျှော့ခြင်းမပိုင်။ သို့သော်လည်း ကိုယ်တော်မြတ် ﷺ အဖို့ ဤကဏ္ဍတွင် အပြည့်အဝ အခွင့်အရေးများ ပေးထားတော်မူသည်။ ကြင်ယာတော်အားလုံးကို တစ်ပြေးညီဖြစ်ရမည်ဟူသော အမိန့်၌ မပါဝင်ပေ။ နောက်ဆုံးအာယသ်တော်တွင်လည်း အခွင့်အရေးပေးထားတော်မူသည်မှာ 'ခွဲထားရန် တစ်ကြိမ်တစ်ခါ ရည်ရွယ်ထားသည့် ကြင်ယာတော်အား အကယ်၍ ပြန်လည်လိုလားမှုဖြစ်လျှင် ထိုကြင်ယာတော်အား အပါးတော်၌ ပြန်ထားနိုင်သည်' ဟု ဖြစ်သည်။

وَمَنِ ابۡتَغَیۡتَ مِمَّنۡ عَزَلۡتَ فَلَا جُنَاحَ عَلَیۡكَ

ဟူသော အာယသ်တော်သည် ဤအလိုသဘောပင် ဖြစ်သည်။

အလ္လာဟ်အသျှင်မြတ်သည် ကိုယ်တော်မြတ် ﷺ အား ကြင်ယာတော်များတွင် တစ်ပြေးညီဖြစ်ရမည်ဟူသော အမိန့်မှ ထုတ်ပယ်၍ ကျေးဇူးပြုတော်မူခဲ့သည်။ သို့တိုင်အောင်လည်း တမန်တော်မြတ် ﷺ သည် ထိုသို့ အမိန့်တော်၌ မထည့်သွင်းခြင်းနှင့် ခွင့်ပြုချက်များ ရရှိပါလျက် မိမိ၏ ကျင့်ဆောင်မှုကျင့်စဉ်တွင် အမြဲတစေ တစ်ပြေးညီပြုလုပ်ခြင်းကိုသာ အလေးထားတော်မူခဲ့သည်။ အေမာမ်အာဗူဗကရ်ဂျဆ္ဆာဆ္ဆ မိန့်ဆို

တင်ပြခဲ့သည်။ ဟဒီးစ်ဆင့်ပြန်ချက်မှာ ကိုယ်တော်မြတ် ﷺ သည် ဤအာယသ်တော် ကျရောက်ပြီးသည့်နောက်တွင်လည်း ကြင်ယာတော်များအတွင်း၌ တစ်ပြေးညီပြုလုပ်ခြင်းကို အမြဲတစေ အလေးထားတော်မူခဲ့သည်ဟူ၍သာ လာရှိထားသည်။

ထို့နောက် အေမာမ်အဘူဗကရ်ဂျဆွာဆ်သည် မိမိ၏ စနဒ်ဖြင့် ဟဇရသ်အာအေရှာဟ် ﷺ သခင်မထံမှ ဟဒီးစ်တော်ကို ဆင့်ပြန်ခဲ့သည်မှာ ၄င်းဟဒီးစ်သည် မုစ်နဒ်အဟ်မဒ်၊ သိရ်မေဇီ၊ နစအီနှင့် အဘူဒါဝူးဒ်စသည်တို့၌ ရှိပေသည်။

كان رسول الله ﷺ يقسم فيعدل اللهم هذ اقسمى فيما

املك فلاتلمنى فيمالااملك قال ابود اود يعنى القلب

(တမန်တော်မြတ် ﷺ သည် ကြင်ယာတော်အားလုံးတွင် တစ်ပြေးညီထားတော်မူခဲ့သည်။ ထို့နောက် 'အို၊ အလ္လာဟ်အသျှင်မြတ်၊ ကျွန်တော်မျိုး လုပ်နိုင်စွမ်းရှိသော အရာများတွင်မူ ကျွန်တော်မျိုးသည် တစ်ပြေးညီပြုလုပ်ပေးခဲ့ပါသည်။ (ဆိုလိုသည်မှာ စားသုံးစရိတ်နှင့် ညအိပ်ခြင်း စသည်များဖြစ်သည်။) သို့ရာတွင် ကျွန်တော်မျိုး၌ လုပ်နိုင်စွမ်း (ပြုနိုင်စွမ်း) မရှိသော အရေးကိစ္စများတွင်မူ ကျွန်တော်မျိုးအား ရှုတ်ချတော်မမူပါနှင့်။' (ဆိုလိုသည်မှာ စိတ်နှလုံးသား၏ အချစ်ဖြစ်သည်။ တစ်ဦးအပေါ်အချစ်ပိုပြီး တစ်ဦးအပေါ်အချစ်လျော့နည်းခြင်းတို့ ဖြစ်သည်မှာ လုပ်နိုင်စွမ်းရှိသော အရာမဟုတ်ပေ) ဟူသော ဒိုအာကို တောင်းခံတော်မူလေ့ ရှိသည်။

ဆွဟီးဟ်ဘိုခါရီကျမ်းတွင် ဟဇရသ်အာအေရှာဟ် ﷺ သခင်မ၏ ဆင့်ပြန်ချက် လာရှိသည်မှာ 'အကယ်၍ တမန်တော်မြတ် ﷺ သည် ကြင်ယာတော်တစ်ဦးဦး၏ အလှည့်တွင် ၄င်းထံသို့ သွားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာ၍ မသွားနိုင်ခဲ့လျှင် ထိုအလှည့်ကျသူ ကြင်ယာတော်ထံမှ အခွင့်ယူတော်မူလေ့ရှိသည်' تُؤْوِي إِلَيْكَ ဟူသော အာယသ်တော်လည်း ကျရောက်ခဲ့ပြီးဖြစ်သည်။ (ထိုအာယသ်တော်တွင် ကြင်ယာတော်များအတွင်း တစ်ပြေးညီပြုလုပ်ရန်ဟူသော တာဝန်ကို ကိုယ်တော်မြတ် ﷺ အပေါ် ခွင့်လွှတ်ထားခြင်း ခံရသည်။)

ဟဒီးစ်ကျမ်းကြီးအားလုံးတွင် 'ဝဖားသ်ဖြစ်တော့မည့် ရောဂါဖြစ်ရှိသောအခါတွင် ကိုယ်တော်မြတ် ﷺ အဖို့ ကြင်ယာတော်များအိမ်သို့ နေ့စဉ်ရွှေ့ပြောင်းရန် ခက်ခဲလာသောအခါ ကိုယ်တော်မြတ် ﷺ သည် ကြင်ယာတော်အားလုံးထံမှ ခွင့်ပြုချက်ယူ၍ ဟဇရသ်အာအေရှာဟ် ﷺ သခင်မ၏ အဆောင်တော်တွင် မကျန်းမာသည့်ရက်များကို ကုန်ဆုံးရန် ရွေးချယ်တော်မူခဲ့သည်' ဟူသော ဟဒီးစ်သည်လည်း ကျော်ကြားသည့် ဟဒီးစ်ဖြစ်သည်။

နဗီတမန်တော်များနှင့် အထူးသဖြင့် နဗီတမန်တော်တို့၏ ခေါင်းဆောင် ကိုယ်တော်မြတ် ﷺ ၏ ဓလေ့တော်မှာ 'အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ကိုယ်တော်မြတ် ﷺ အဖို့ လွယ်ကူစေရန်အတွက် လုပ်ငန်းများ၌ ခွင့်ပြုချက်ပြုထားခြင်းများ ရှိသည်ကို ကိုယ်တော်မြတ် ﷺ သည် ကျေးဇူးတင်သောအားဖြင့်

ရည်ရွယ်လျက် ပြုလုပ်ခဲ့သည်သာ ဖြစ်သည်။ ခွင့်ပြုထားချက်ကို လိုအပ်သည့်အခါမှသာ အသုံးပြုတော်မူ လေ့ ရှိသည်။

ذٰلِكَ اَدْنٰۤی اَنْ تَقَرَّ اَعْیُنُهُنَّ وَلَا یَحْزَنَّ وَیَرْضَیْنَ

ဤဆဋ္ဌမအမိန့်သည် နဗီကိုယ်တော်မြတ် ﷺ အား ကြင်ယာတော်များအတွင်း တစ်ပြေးညီထားရန် ဟူသော တာဝန်ကို ရုပ်သိမ်းခြင်းနှင့် ကိုယ်တော်မြတ် ﷺ အား ဘက်ပေါင်းစုံမှ အခွင့်အရေးများပေးခြင်း တို့၏ အကြောင်းခံနှင့် လျှို့ဝှက်ချက် အမြော်အမြင်တို့ကို တင်ပြထားသော အမိန့်ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ အား အခွင့်ထူးများစွာ ပေးရခြင်းမှာ ကြင်ယာတော်အားလုံးတို့၏ မျက်စိအေးမြနေစေရန်နှင့် ၎င်းတို့ သည် မိမိတို့၏ ဝေစုများအပေါ် ကျေနပ်နှစ်သက်နေစေရန် ဖြစ်သည်။

ဤနေရာတွင် သံသယဖြစ်နိုင်သည်မှာ ဤအမိန့်သည် အပေါ်ယံအားဖြင့် ကြည့်လျှင် ကြင်ယာတော် တို့၏ လိုလားမှု၊ ဆန္ဒတို့နှင့် ဆန့်ကျင်ပြီး ၎င်းတို့အဖို့ ပူဆွေးသောကရောက်ရန် ဖြစ်နိုင်သော အကြောင်းခံ ဖြစ်သည်။ ထိုသို့သော ကိစ္စအား ကြင်ယာတော်များအနေဖြင့် ပျော်ရွှင်ရန် အကြောင်းခံဖြစ်သည်ဟု မည်ကဲ့ သို့ သတ်မှတ်ပါသနည်း ? ။

၎င်း၏အဖြေကို 'ဖွင့်ဆိုချက်အကျဉ်းချုပ်'တွင် အထက်၌ တင်ပြခဲ့ပြီးဖြစ်သည်။ အမှန်စင်စစ် မကျေနပ် မှု၏ အဓိကအကြောင်းခံသည် မိမိ၏ ရပိုင်ခွင့်အတွက်သာ ဖြစ်သည်။ 'ကျွန်ုပ်၏ မည်သည့်အခွင့်အရေး သည် ထိုသူတစ်ဦးအဖို့ ပေးဆပ်ရန် 'ဝါဂျိဗ်'ဖြစ်သည်'ဟု သိရှိသွားပြီးနောက် အကယ်၍ ထိုသူက ထိုအခွင့်အရေးကို မပေးဆပ်ခဲ့ပါက ဝမ်းနည်းပူဆွေးမှုဖြစ်ရပေသည်။ ထို့ပြင် မိမိအပေါ် ပေးဆပ်ရန် မည်သည့်ဝါဂျိဗ်တာဝန်မျှ မရှိသူတစ်ဦးက မိမိအား တစ်စုံတစ်ရာ ကျေးဇူးပြုလိုက်သည်ရှိသော် ထိုသူ့အဖို့ ပျော်ရွှင်စရာအတိပင် ဖြစ်တော့သည်။ ဤနေရာ၌လည်း ကိုယ်တော်မြတ် ﷺ အဖို့ ကြင်ယာတော်များအတွင်း တစ်ပြေးညီဖြစ်စေရန် 'ဝါဂျိဗ်'မဖြစ်သည့်အပြင် ကိုယ်တော်မြတ် ﷺ က ကြင်ယာတော်တစ်ဦးဦးအပေါ် ပေးဆပ်သမျှတို့သည် ကိုယ်တော်မြတ် ﷺ ၏ အလေးထားခြင်းနှင့် ဆက်ဆံခြင်းတို့ ရရှိခြင်းဖြစ်ပြီး ဤသည်ကို ကျေးဇူးပြုသည်ဟု မှတ်ယူ၍ ပျော်ရွှင်နေပေလိမ့်မည်ဖြစ်ကြောင်းကိုလည်း ပြဆိုထားခြင်း ဖြစ်သည်။

နောက်ဆုံးတွင်

وَاللّٰهُ یَعْلَمُ مَا فِیْ قُلُوْبِكُمْ وَكَانَ اللّٰهُ عَلِیْمًا حَلِیْمًا ؕ

'အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ နှလုံးသားများမှ အကြောင်းစုံကို သိရှိတော်မူသော အသျှင် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည် အကြွင်းမဲ့ သိရှိတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အသျှင် ဖြစ်တော်မူသည်'ဟု မိန့်ကြားထားသည်။

အထက်ဖော်ပြပါအာယသ်တော်များတွင် ဤနေရာထိတိုင်မှာ တမန်တော်မြတ် ﷺ ၏ 'နေကာဟ်' ထိမ်းမြားခြင်းနှင့် တစ်နည်းနည်းနှင့် ဆက်နွယ်နေသော အထူးအမိန့်တော်များအကြောင်း လာရှိခြင်း ဖြစ်သည်။

ရှေ့၌လည်း အလားတူ အမိန့်တော်များ လာရှိပေမည်။ ကြားအလယ်မှ အာယသ်တော်တွင် 'အလ္လာဟ်အသျှင် မြတ်သည် အသင်တို့၏ နှလုံးသားမှ အကြောင်းစုံကို သိရှိတော်မူသော အသျှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အသျှင် ဖြစ်တော်မူသည်'ဟု လာရှိထားသည်ကို အပေါ်ယံကြည့်လျှင် ရှေ့အာယသ်တော် နှင့် နောက်အာယသ်တို့ဖြင့် မည်သည့်ဆက်နွယ်မှုမျှ မရှိကြောင်း တွေ့ရပေမည်။

ရှုးဟွလ်မအာနီကျမ်းတွင် မိန့်ဆိုထားသည်မှာ 'ဖော်ပြပါအမိန့်တော်များတွင် တမန်တော်မြတ် ﷺ အတွက် (၄) ဦးထက်ပိုသော ကြင်ယာတော်များ ယူပိုင်ခွင့်နှင့်၊ 'မဟရ်'ခန်းဝင်ကြေး မပေးရဘဲ 'နေကာဟ်' ထိမ်းမြားခွင့်ရှိကြောင်းတို့သည် လူတစ်ဦး၏ စိတ်တွင် ရှိုက်သွှာန်၏ဘက်မှ သို့လောသို့လော အတွေး များ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် ကြားအလယ်၌ ဤအာယသ်တော်က 'မွတ်စ္စလင်မ်သည် မိမိ၏ စိတ်တွင် ဤကဲ့သို့သော အတွေးများ မဖြစ်စေရန် ထိန်းသိမ်းရမည်။ ဤအထူးအခွင့်အရေးအားလုံးတို့သည် အလ္လာဟ် အသျှင်မြတ်ဘက်တော်မှဖြစ်သည်။ ထိုအထူးအခွင့်အရေးပေးသည့် အမိန့်တော်များသည် မြောက်မြား စွာသော လျှို့ဝှက်နက်နဲသော အမြော်အမြင်များနှင့် ကောင်းကျိုးများအပေါ် မူတည်ကြောင်း စိတ်ရိုင်း၏ တောင့်တချက်များကို ဖြည့်ဆည်းရန်သက်သက် မဟုတ်ကြောင်းတို့ကို ပြတ်သားစွာ ယုံကြည်မှုပြုရမည့် အကြောင်း ညွှန်ကြားထားခြင်း ဖြစ်သည်။

တမန်တော်မြတ် ﷺ ၏ လောကီရေးစွန့်လွှတ်မှု ဘဝသက်တမ်းနှင့် တမန်တော်မြတ် ﷺ ၏ ကြင်ယာတော်များ၏ အရေအတွက်ဆိုင်ရာအကြောင်း

အစ္စလာမ့်ရန်သူတို့သည် အမြဲတစေ ကြင်ယာတော် အများအပြား ထားရှိနိုင်သည့် ဓမ္မသတ်နှင့် အထူးသဖြင့် တမန်တော်မြတ် ﷺ ၏ ကြင်ယာတော်များပြားခြင်းကို အစ္စလာမ်အား ဆန့်ကျင်ရေးတွင် အဓိက ထိုးနှက်ချက်အဖြစ် ပြုလုပ်ထားကြသည်။ သို့သော် တမန်တော်မြတ် ﷺ ၏ ဘဝသက်တမ်းအပြည့် အစုံကို ရှေ့၌ ထားမည်ဆိုပါလျှင် မည်သည့်ရှိုက်သွှာန်သည်မျှ 'ရီစာလသ်'၏ ဂုဏ်သိက္ခာနှင့် ဆန့်ကျင်သော ဒွိဟသံသယပွားမှုများ ဖြစ်ပေါ်လာအောင် ပြုလုပ်နိုင်မည်မဟုတ်ပေ။ ကိုယ်တော်မြတ် ﷺ သည် ပထမဦးဆုံး 'နေကာဟ်'ကို သက်တော် (၂၅) နှစ်တွင်မှ မုဆိုးမလည်းဖြစ်၊ သားသမီးများလည်းရှိ ခင်ပွန်းသည်နှစ်ဦး တို့နှင့် 'နေကာဟ်'ပြုပြီးခဲ့သည့် အရွယ်လွန် အမျိုးသမီးတစ်ဦးဖြစ်သော ဟဇရသ်ခဒီဂျာဟ် ﷺ သခင်မနှင့် ပြုခြင်းကပင် သက်သေဖြစ်သည်။ သက်တော် (၅၀) အထိ ဤအရွယ်လွန် မုဆိုးမဖြင့် မိမိ၏ နုပျိုသည့် သက်တမ်းတစ်ခုလုံးကို ကုန်ဆုံးစေခဲ့သည်။ ဤသို့ သက်တော် (၅၀) ရှိလာသည့် ကာလတိုင် မက္ကာဟ်မြို့မှ လူတို့၏ ရှေ့တွင် ဖြတ်သန်းခဲ့သည်။ သက်တော် (၄၀) ပြည့်ပြီးသောအခါ 'နဗူဝသ်'ကို ကြွေးကြော်ခဲ့သည့် နောက်ပိုင်း မက္ကာဟ်မြို့တွင် ကိုယ်တော်မြတ် ﷺ အား ဆန့်ကျင်မှုများ စတင်လာခဲ့သည်။ ဆန့်ကျင်သူ ရန်သူများသည် ကိုယ်တော်မြတ် ﷺ အား ဒုက္ခပေးခြင်းနှင့် ကိုယ်တော်မြတ် ﷺ အပေါ် အပြစ်ဖို့ခြင်း များ ပြုလုပ်ရာတွင် မည်သည့်နှောင့်နှေးမှုမျှ မထားရှိကြချေ။ မှော်ဆရာဟူ၍လည်းကောင်း၊ ကဗျာဆရာ

ဟု လည်းကောင်း၊ ရှုးသွပ်သူဟ်ူ၍လည်းကောင်း အမျိုးမျိုး ပြောဆိုကြသည်။ သို့တိုင်အောင်လည်း မည်သည့် ရန်သူသည်မျှ ကိုယ်တော်မြတ် ﷺ ၏ 'သတ္တဝါ' ပြစ်မှု ရှောင်ကြဉ်ခြင်းနှင့် 'သွဟာရသ်' သန့်ရှင်းစင်ကြယ်မှု တို့အပေါ် သံသယဖြစ်စေနိုင်သော မည်သည့်လုပ်ရပ်ကိုမျှ ကိုယ်တော်မြတ် ﷺ အပေါ် ပြုလုပ်ရန် အခွင့် အလမ်း မရရှိခဲ့ကြပေ။

သက်တော် (၅၀) ကျော်လွန်လာပြီး ဟဇရသ်ခဒီဂျဟ် ؓ သခင်မ ကွယ်လွန်ပြီးနောက်တွင် ဟဇရသ် စောင်ဒဟ် ؓ သခင်မနှင့် 'နေကာဟ်' ပြုခဲ့သည်။ သခင်မသည်လည်း မုဆိုးမပင်ဖြစ်သည်။

မဒီနာသို့ 'ဟိဂျ်ရသ်' ပြု ပြောင်းရွှေ့ပြီး သက်တော် (၅၄) နှစ် ကျော်လွန်ပြီးနောက် ဟိဂျ်ရီ ၂ နှစ်ခုနှစ်တွင် ဟဇရသ်စွိဒ်ဒီကဟ်အာအေရှာဟ် ؓ သခင်မအား အခန်းအပ်ခြင်းသည် ကိုယ်တော်မြတ် ﷺ ၏ အိမ်၌ ဖြစ်ခဲ့သည်။ ထိုဖြစ်ရပ်၏ တစ်နှစ်နောက်ပိုင်းတွင် ဟဇရသ်ဟဖ်ဆွဟ် ؓ သခင်မနှင့်လည်းကောင်း၊ ထို့နောက် ရက်အနည်းငယ်ကြာပြီးသောအခါ ဟဇရသ်ဇိုင်နဗ်ဗင်န်သေ့ခုဇိုင်မဟ် ؓ သခင်မနှင့်လည်းကောင်း 'နေကာဟ်' ပြုခဲ့သည်။ ဤဟဇရသ်ဇိုင်နဗ် ؓ သခင်မသည် လအနည်းငယ်ကြာပြီးနောက် ကွယ်လွန်သွား ခဲ့သည်။ ဟိဂျ်ရီ ၄ ခုနှစ်တွင် ဟဇရသ်အွန်းမေ့စလ်မဟ် ؓ သခင်မနှင့် 'နေကာဟ်' ပြုခဲ့သည်။ ၎င်းသည် လည်း ကလေးများရှိသော မုဆိုးမပင်ဖြစ်သည်။ ဟိဂျ်ရီ ၅ ခုနှစ်တွင် ဟဇရသ်ဇိုင်နဗ်ဗင်န်သေ့ဂျဟာရှ် ؓ သခင်မအား အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် 'နေကာဟ်' ပြုခဲ့သည်။ ဤအကြောင်းကို စူရဟ် အဟ်ဇာဗ်၏ အစတွင် တင်ပြပြီးဖြစ်သည်။ ထိုအချိန်က ကိုယ်တော်မြတ် ﷺ ၏ သက်တော်မှာ ၅၈ နှစ် ရှိပြီဖြစ်သည်။ နောက်ဆုံး ၅ နှစ်တွင် ကျန်ရှိသော ကြင်ယာတော်များသည် ကိုယ်တော်မြတ် ﷺ ၏ 'နေကာဟ်' တွင် ရောက်ရှိခဲ့ကြသည်။

နဗီတမန်တော်မြတ် ﷺ ၏ အိမ်ထောင်ရေးဘဝသက်တမ်းနှင့် အိမ်တွင်းရေးကိစ္စများနှင့် စပ်လျဉ်း သည့် သာသနာ့ပညတ်တော်များသည် သာသနာတော်၏ အလွန်ကြီးမားသော အစိတ်အပိုင်းတစ်ရပ်ဖြစ် ကြောင်း တွေ့ရှိရသည်။ ထိုကြင်ယာတော် ၉ ပါးဖြင့် သာသနာကို မည်သို့ ဖြန့်ချီမှုဖြစ်ခဲ့သည်ကို ကြည့်မည် ဆိုလျှင် ဟဇရသ်စွိဒ်ဒီကဟ်အာအေရှာဟ် ؓ သခင်မထံမှ (၂၂၁၀) ဟဒီးစ်တော်များသည်လည်းကောင်း၊ ဟဇရသ်အွန်းမေ့စလ်မဟ် ؓ ထံမှ (၃၇၈) ဟဒီးစ်တော်များသည်လည်းကောင်း ဆင့်ပြန့်ချက်များအဖြစ် ခိုင်မာသော ဟဒီးစ်ကျမ်းကြီးများ၌ စုစည်းထားသည်ကို တွေ့ရှိရပေမည်။ ဟဇရသ်အွန်းမေ့စလ်မဟ် ؓ သခင်မက လူတို့အား တင်ပြခဲ့သည်။ အမိန့်ပညတ်တော်များနှင့် ဖသ်ဝါမွေ့သတ်တို့နှင့်စပ်လျဉ်း၍ ဟာဖိဇ် အိဗ်နေ့ကိုင်ယီးမ်က 'အအ်လာမွလ်မုဝက်ကိအီးန်' ကျမ်းတွင် ရေးသားထားသည်မှာ 'အကယ်၍ ၎င်းတို့ကို စုစည်းလိုက်မည်ဆိုလျှင် အခိုင်အမာ ကျမ်းကြီးတစ်စောင်ဖြစ်သွားပေမည်' ဟု ဖြစ်သည်။ ဆွဟာဗာ (၂၀၀) ကျော်တို့သည် ဟဇရသ်အာအေရှာဟ် ؓ သခင်မ၏ တပည့်များဖြစ်ကြသည်။ ၎င်းတို့သည် သခင်မထံမှ ဟဒီးစ်၊ ဖိကာဟ်နှင့် ဖသ်ဝါများ သင်ယူခဲ့ကြသည်။

အချို့ကြင်ယာတော်များကို ကိုယ်တော်မြတ် ﷺ မှ 'နေကာဟ်' ပြု ထိမ်းမြားလိုက်ခြင်းဖြင့် ၎င်းတို့၏ အမျိုးအနွယ်များကို အစ္စလာမ်သာသနာဘက်သို့ သွတ်သွင်းရန် အမြော်အမြင်လည်း ရှိပေသည်။

တမန်တော်မြတ် ﷺ ၏ ဘဝသက်တမ်း၏ ဤပုံကားချပ်ကို ရှေ့၌ ထားလိုက်ပါမူ 'ဤကြင်ယာတော်အရေအတွက် များပြားစွာ ထားရှိခြင်းကို စိတ်ရိုင်း၏ စေ့ဆော်မှုတို့အား ဖြည့်ဆည်းရန်အတွက် ဖြစ်သည်' ဟူ၍ မည်သူကမျှ ပြောဆိုနိုင်ရန် အခွင့်အလမ်းရှိတော့မည် မဟုတ်ပေ။ အကယ်၍ ဤအတိုင်းသာ ဖြစ်ခဲ့သည်ဆိုလျှင် နှပျိုသည့်သက်တမ်းတစ်ခုလုံးကို တစ်ဦးတည်းဖြစ်စေ၊ (သို့) မုဆိုးမတစ်ဦးနှင့် ကုန်ဆုံးစေခဲ့ပြီး သက်တမ်း၏ နောက်ဆုံးအပိုင်းကို ထိုစိတ်ရိုင်း၏ စေ့ဆော်မှုများအတွက် အဘယ်ကြောင့် ရွေးချယ်ပါမည်နည်း။ ဤအကြောင်း အကျယ်တဝင့် အပြည့်အစုံကိုလည်းကောင်း၊ ကြင်ယာတော်များစွာ ထားရခြင်း၏ အဓိကမေ့သတ်များကိုလည်းကောင်း၊ ရှရီအသ်တရားတော်၏ ရှုထောင့်၊ ဦးနှောက် အတွေးအခေါ်၏ ရှုထောင့်၊ သဘာဝ၏ ရှုထောင့်နှင့် လူမှုရေးနယ်ပယ် ရှုထောင့်ပေါင်းစုံတို့မှ ပြည့်စုံသော တင်ပြချက်များကို မအာရိဖွလ်ကုရ်အာန်ကျမ်း၊ တွဲ-၂၊ စူရာဟ်နေဆာအ်၏ တတိယအာယသ်တော် အောက်တွင် တင်ပြခဲ့ပြီးဖြစ်သည်။

၇ لَا يَحِلُّ لَكَ النِّسَاءُ مِنْ بَعْدُ وَلَا أَنْ تَبَدَّلَ بِهِنَّ مِنْ أَزْوَاجٍ وَّلَوْ أَعْجَبَكَ حُسْنُهُنَّ

ဆိုလိုသည်မှာ ထို့နောက်တွင် အသင့်အဖို့ အခြားသော အမျိုးသမီးများနှင့် 'နေကာဟ်' ထိမ်းမြားခြင်း 'ဟလာလ်' မဖြစ်ပေ။ ထို့ပြင် လက်ရှိကြင်ယာတော်များအနက် တစ်ဦးဦးကို 'သွလားက်' ပေး၍ ၎င်း၏ နေရာ၌ အခြားသူတစ်ဦးကို ပြောင်းလဲခြင်းသည်လည်း 'ဟလာလ်' မဖြစ်ပေ။

ဤအာယသ်တော်တွင် مِنْ بَعْدُ ဟူသော စာလုံး၏ သဖ်စီးရ်အဖွင့်သည် နှစ်မျိုးဖြစ်နိုင်သည်။

(၁) ဤစာလုံး၏ အလိုသဘောမှာ လက်ရှိအသင်၏ 'နေကာဟ်' ၌ ရှိနေသော အမျိုးသမီးများ၏ နောက်တွင် အခြားမည်သည့်အမျိုးသမီးနှင့်မျှ အသင်၏ 'နေကာဟ်' 'ဟလာလ်' မဖြစ်ပေ' ဟု ဖြစ်သည်။ အချို့ဆွဟာဗာများနှင့် သဖ်စီးရ်အဖွင့်ပညာရှင်တို့ထံမှလည်း ဤအတိုင်းပင် ဆင့်ပြန့်ချက်လာရှိသည်။ ဥပမာ- ဟဇရသ်အနတ်စ် ؓ က မိန့်ဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ကြင်ယာတော်များအား လောကီရေးလိုလားတောင့်မှုများအတွက် ကိုယ်တော်မြတ် ﷺ နှင့် ခွဲခွာလိုက ခွဲခွာနိုင်သည်။ (သို့) ကျပ်တည်းခြင်းနှင့် ချောင်လည်ခြင်းသည် မည်သို့ပင်ဖြစ်စေ ဖြစ်သည့်အပေါ်၌ ရောင့်ရဲတင်းတိမ်မှုပြု၍ ကိုယ်တော်မြတ် ﷺ ၏ ကြင်ယာတော်အဖြစ် နေလိုက နေနိုင်သည်' ဟု ရွေးချယ်ခွင့်ပြုသောအခါ ကြင်ယာတော်အားလုံးတို့သည် မိမိတို့ စားသုံးစရိတ် ပို့ပေးရန် တောင်းဆိုခြင်းကို စွန့်လွှတ်လျက် လက်ရှိအခြေအနေအတိုင်း ကိုယ်တော်မြတ် ﷺ ၏ ကြင်ယာတော်အဖြစ်၌သာ နေထိုင်ရန် ရွေးချယ်လိုက်ကြလေသည်။ ဤသို့ ပြုကြခြင်းအပေါ် ဆုလဒ်ချီးမြှင့်သည့်အနေဖြင့် အလ္လာဟ်အသျှင်မြတ်သည် ကိုယ်တော်မြတ် ﷺ အပေါ်၌လည်း ထိုကြင်ယာတော် (၉) ပါးကိုသာ အထူးသီးသန့် သတ်မှတ်ပေးတော်မူခဲ့သည်။ ထိုကြင်ယာတော်များမှအပ အခြားမည်သူနှင့်မျှ 'နေကာဟ်' မပြုပိုင်တော့ပေ။ *[ရူးဟွလ်မအာနီကျမ်း]*

ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ က မိန့်ဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ကြင်ယာတော်များကို ကိုယ်တော်မြတ် ﷺ ၏ နောက်တွင် မည်သူနှင့်မျှ 'နေကာဟ်'မပြုပိုင်ဟူ၍ ကိုယ်တော်မြတ် ﷺ အတွက် အထူးသီးသန့်အဖြစ် သတ်မှတ်တော်မူသကဲ့သို့ ကိုယ်တော်မြတ် ﷺ သည် ထိုကြင်ယာတော်များမှအပ အခြား 'နေကာဟ်'မပြုပိုင်ဟူ၍ ထိုကြင်ယာတော်များအတွက် သီးသန့်ဖြစ်စေတော်မူခဲ့သည်။

ဟဇရသ်အိက်ရိမဟ် (ရဟ) ထံမှလည်း ဆင့်ပြန်ချက်တစ်ရပ်တွင် ဤသဖ်စီးရ်ကိုပင် တင်ပြထားသည်။

ဟဇရသ်အိက်ရိမဟ် (ရဟ)၊ ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ ၊ မုဂျာဟိဒ်နှင့် သဖ်စီးရ်အဖွင့်အမောမ်များထံမှ مِنْ بَعْدُ ဟူသော စာလုံး၏ သဖ်စီးရ်ကို ဆင့်ပြန်ခဲ့သည်မှာ-

مِنْ بعد الأصناف المذكورة

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ အာယသ်တော်၏ အစတွင် 'ကိုယ်တော်မြတ် ﷺ အတွက် 'ဟလာလ်' အဖြစ် သတ်မှတ်ခဲ့သည့် ကြင်ယာတော်အမျိုးအစားများ၏ နောက်တွင် ထိုကြင်ယာတော်များမှအပ အခြား မည်သည့်ကြင်ယာတော်အမျိုးအစားမျှ ကိုယ်တော်မြတ် ﷺ အဖို့ 'နေကာဟ်'ပြုရန် 'ဟလာလ်'မဖြစ်တော့ပေ'ဟု ဖြစ်သည်။ ဥပမာ- အရှေ့အာယသ်တော်များတွင် မိမိ၏ အမျိုးအနွယ်မှ အမျိုးသမီးများအနက် မက္ကာဟ်မြို့မှ မဒီနာသို့ ကိုယ်တော်မြတ် ﷺ နှင့်အတူ ဟိဂျ်ရသ်ပြုခဲ့သည့် အမျိုးသမီးများကိုသာ 'ဟလာလ်' အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။ အမျိုးအနွယ်မှ ဟိဂျ်ရသ်မပြုခဲ့သည့် အမျိုးသမီးဖြင့် ကိုယ်တော်မြတ် ﷺ ၏ 'နေကာဟ်'ကို 'ဟလာလ်'ဟု မသတ်မှတ်ခဲ့ပေ။ အလားတူ မုအ်မင်န်အမျိုးသမီးဖြစ်ရမည်ဟု စည်းကမ်းသတ်မှတ်လျက် ကိုယ်တော်မြတ် ﷺ အဖို့ 'အဟ်လိကိသားဗ်'အမျိုးသမီးများနှင့် 'နေကာဟ်'ပြုခြင်းကို မပိုင်ဟု သတ်မှတ်တော်မူခဲ့သည်။ သို့ဖြစ်ပေရာ အာယသ်တော်၏ စာပိုဒ်ဖြစ်သော مِنْ بَعْدُ ၏ အလိုသဘောမှာ 'အသင့်အတွက် 'ဟလာလ်'သတ်မှတ်ခံရသည့် အမျိုးအစားမှ အမျိုးသမီးများနှင့်သာ 'နေကာဟ်' ပြုပိုင်သည်။ အများအမျိုးသမီးများတွင် မွတ်စ္စလင်မ်ဖြစ်ရန်သာ စည်းကမ်းချက်ရှိသည်။ အမျိုးအနွယ်မှ အမျိုးသမီးများတွင် မွတ်စ္စလင်မ်ဖြစ်ခြင်းနှင့်အတူ 'မုဟာဂျိရဟ်' (ဟိဂျ်ရသ်ပြုပြီးသူ အမျိုးသမီး) ဖြစ်ရန်မှာလည်း စည်းကမ်းချက်ဖြစ်သည်။ ၎င်းတို့၌ ဤစည်းကမ်းချက်နှစ်ချက်နှင့် မပြည့်စုံလျှင် ကိုယ်တော်မြတ် ﷺ သည် ၎င်းတို့နှင့် 'နေကာဟ်'ပြုရန် 'ဟလာလ်'မဖြစ်ပေ။ ဤသဖ်စီးရ်နှင့်အညီ ဤစာပိုဒ်သည် မည်သည့်အမိန့်အသစ်မျှ မဟုတ်ပေ။ ထိုမျှမက အာယသ်တော်၏အစ၌ လာရှိခဲ့သော ပထမအမိန့်၏ ရှင်းလင်းချက်ပင် ဖြစ်သည်။ ထိုအာယသ်တော်အားဖြင့် ကြင်ယာတော် (၉) ပါးမှအပ အခြားမည်သည့် အမျိုးသမီးနှင့်မျှ 'နေကာဟ်'ပြုခြင်း 'ဟရာမ်'ဟူ၍ မသတ်မှတ်ထားပေ။ ထိုမျှမက မွတ်စ္စလင်မ်မဟုတ်သည့် အမျိုးသမီးနှင့် မိမိအမျိုးအနွယ်မှ 'ဟိဂျ်ရသ်'မပြုခဲ့သည့် အမျိုးသမီးများကိုသာ 'နေကာဟ်'ပြုခြင်းမှ တားမြစ်ခဲ့ခြင်းဖြစ်သည်။ ဤသည်မှာ ကနဦးကပင် သိရှိပြီးဖြစ်သည်။ ကျန်အမျိုးသမီးများနှင့် ထပ်မံ 'နေကာဟ်' ပြုလုပ်ခြင်းမှာမူ ကိုယ်တော်မြတ် ﷺ ၏ ရွေးချယ်ခွင့်တွင် ရှိပေသည်။ ဟဇရသ်

အာအေရှာဟ် ﷺ သခင်မ၏ ဆင့်ပြန်ချက်တစ်ရပ်ဖြင့်လည်း ဒုတိယသဖ်စီးရ်အတွက် အထောက်အထား တစ်ခု ဖြစ်ပေသည်။ ဆင့်ပြန်ချက်တွင် 'ကိုယ်တော်မြတ် ﷺ အဖို့ 'နေကာဟ်' ထပ်မံ ပြုလုပ်ခွင့် ရှိနေခဲ့သည်' ဟု ဖြစ်သည်။

وَلَا اَنْ تَبَدَّلَ بِهِنَّ مِنْ اَزْوَاجٍ

ဖော်ပြပါအာယသ်တော်၌ အကယ်၍ ဒုတိယသဖ်စီးရ်ကို ရွေးချယ်ပါလျှင် 'စင်စစ် ကိုယ်တော်မြတ် ﷺ အဖို့ လက်ရှိကြင်ယာတော်များအပြင် အခြားသော အမျိုးသမီးများနှင့် ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ 'နေကာဟ်' ပြုပိုင်ခွင့်ရှိသည်။ သို့ရာတွင် တစ်ဦးဦးကို 'သွလားက်' ပေး၍ ၎င်း၏ နေရာတွင် အခြားတစ်ဦးကို ပြောင်းလဲအစားထိုးခြင်းမှာမူ မပိုင်ပေ။' ဆိုလိုသည်မှာ 'ပြောင်းလဲခြင်းဟူသော ရည်ရွယ်ချက်သက်သက်ဖြင့်ဆိုလျှင် မည်သည့် 'နေကာဟ်' မျှ မပိုင်။ ပြောင်းလဲရန်ဟူသော ရည်ရွယ်ချက်မပါလျှင် အလိုရှိသမျှ 'နေကာဟ်' ပြုနိုင်သည်' ဟူသော အလိုသဘောမှာ ရှင်းလင်းပေသည်။

အကယ်၍ ဖော်ပြပါအာယသ်တော်၏ ပထမသဖ်စီးရ်၏ အလိုသဘောကို ယူမည်ဆိုပါက အာယသ်တော်၏ အဓိပ္ပာယ်မှာ 'နောင်အခါတွင် မည်သည့်အမျိုးသမီးကိုမျှ လက်ရှိကြင်ယာတော်များအတွင်း၌ ဖြည့်စွက် တိုးမြှင့်ရန် မပြုပိုင်။ တစ်ဦးဦးအား 'သွလားက်' ပေးပြီး ၎င်း၏ နေရာ၌ အခြားအမျိုးသမီးတစ်ဦးဦးကို ပြောင်းလဲအစားထိုးခြင်းကိုလည်း မပြုပိုင်' ဟု ဖြစ်ပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَدْخُلُوْا بُيُوْتَ النَّبِيِّ
اِلَّاۤ اَنْ يُّؤْذَنَ لَكُمْ اِلٰى طَعَامٍ غَيْرَ نٰظِرِيْنَ اِنٰىهُ وَلٰكِنْ اِذَا
دُعِيْتُمْ فَادْخُلُوْا فَاِذَا طَعِمْتُمْ فَانْتَشِرُوْا وَلَا مُسْتَاْنِسِيْنَ
لِحَدِيْثٍ ؕ اِنَّ ذٰلِكُمْ كَانَ يُؤْذِى النَّبِيَّ فَيَسْتَحْيٖ مِنْكُمْ ؗ
وَاللّٰهُ لَا يَسْتَحْيٖ مِنَ الْحَقِّ ؕ وَاِذَا سَاَلْتُمُوْهُنَّ مَتَاعًا
فَسْـَٔلُوْهُنَّ مِنْ وَّرَآءِ حِجَابٍ ؕ ذٰلِكُمْ اَطْهَرُ لِقُلُوْبِكُمْ وَقُلُوْبِهِنَّ ؕ
وَمَا كَانَ لَكُمْ اَنْ تُؤْذُوْا رَسُوْلَ اللّٰهِ وَلَاۤ اَنْ تَنْكِحُوْۤا اَزْوَاجَهٗ
مِنْۢ بَعْدِهٖۤ اَبَدًا ؕ اِنَّ ذٰلِكُمْ كَانَ عِنْدَ اللّٰهِ عَظِيْمًا ﴿۵۳﴾

၃၃ း ၅၃ ။ ။ 'အို့၊ မုအ်မင်နီသက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အစားအစာ စားသုံးရန် ခွင့်ပြုခြင်း ခံကြရသည်မှအပ နဗီတမန်တော်မြတ်၏ အိမ်များတွင် မဝင်ကြကုန်လင့်။ (ထိုသို့ ခွင့်ပြုခြင်း ခံကြရသော်လည်း အသင်တို့

သည်) စားသောက်ရန် အချိန်ကို စောင့်မျှော်သူများ မဖြစ်ကြဘဲ၊ ဖိတ်ခေါ်ခြင်းခံကြရသော အချိန်အခါမျိုး၌သာလျှင် ဝင်ရောက်ကြလေကုန်။ (အချိန်စော၍ သွားပါက စားသောက်ဖွယ်ရာများ အသင့်ဖြစ်သည်အထိ ထိုင်၍ စောင့်မျှော်နေကြရပေမည်။ ဤသို့ မဖြစ်ရ။) ထို့နောက် စားသောက်၍ ပြီးကြသောအခါ အသင်တို့သည် လူစုခွဲ (၍ ပြန်ခဲ့) ကြလေကုန်။ ထို့နောက် (အသင်တို့သည်) စကားစမြည် ပြောဆိုခြင်း၌ စိတ်ဝင်စား၍ ထိုင်မနေကြကုန်လင့်။ ကေန်စင်စစ် ဤသည် နဗီတမန်တော်မြတ်အား စိတ်ဒုက္ခဖြစ်စေ၏။ သို့ပါသော်လည်း နဗီတမန်တော်မြတ်သည် အသင်တို့ကို အားတုံ့အားနာ ဖြစ်တော်မူ၏။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်မှာမူ မှန်ကန်သော စကားကို ပြောကြားတော်မူရန် အားတုံ့အားနာ ဖြစ်တော်မူသည် မဟုတ်ပေ။ ၎င်းပြင် အသင်တို့သည် ထိုနဗီတမန်တော်မြတ်၏ ကြင်ရာတော်များထံ ဝတ္ထုပစ္စည်း တစ်စုံတစ်ရာကို တောင်းကြသောအခါ ကန့်လန့်ကာ၏ နောက်ကွယ်မှ တောင်းကြလေကုန်။ ဤသည် အသင်တို့၏ စိတ်နှလုံးများကိုလည်းကောင်း၊ ထိုကြင်ရာတော်များ၏ စိတ်နှလုံးများကိုလည်းကောင်း ပိုမို၍ပင် သန့်စင်စေ၏။ စင်စစ် အသင်တို့၌ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား စိတ်ဒုက္ခပေးပိုင်ခွင့်လည်း မရှိချေ။ ထိုနဗီတမန်တော်မြတ် မရှိသည့်နောက်တွင်၊ ထိုနဗီတမန်တော်မြတ်၏ ကြင်ရာတော်များနှင့် မည်သည့်အခါမျှ ထိမ်းမြားပိုင်ခွင့်လည်း မရှိပေ။ ကေန်မလွဲ ဤသည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ အလွန်ကြီးလေးလှသော အပြစ်ဖြစ်သည့် အမှုပင် ဖြစ်ပေသည်။

إِن تُبْدُوا شَيْئًا أَوْ تُخْفُوهُ فَإِنَّ اللَّهَ كَانَ بِكُلِّ شَيْءٍ عَلِيمًا ﴿٥٤﴾

၃၃ : ၅၄ ။ ။ အကယ်၍ အသင်တို့သည် တစ်စုံတစ်ရာကို ထုတ်ဖော်ကြသည်ဖြစ်စေ၊ သို့တည်းမဟုတ် အသင်တို့သည် ထိုအရာကို (စိတ်တွင်း၀ယ်) ထိမ်ချန် လျှို့ဝှက်ထားကြသည်ဖြစ်စေ၊ မည်သို့ပင်ဖြစ်စေ ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

لَّا جُنَاحَ عَلَيْهِنَّ فِي آبَائِهِنَّ وَلَا أَبْنَائِهِنَّ وَلَا إِخْوَانِهِنَّ
وَلَا أَبْنَاءِ إِخْوَانِهِنَّ وَلَا أَبْنَاءِ أَخَوَاتِهِنَّ وَلَا نِسَائِهِنَّ وَلَا مَا مَلَكَتْ
أَيْمَانُهُنَّ ۗ وَاتَّقِينَ اللَّهَ ۚ إِنَّ اللَّهَ كَانَ عَلَىٰ كُلِّ شَيْءٍ شَهِيدًا ﴿٥٥﴾

၃၃ : ၅၅ ။ ။ ထိုကြင်ရာတော်များအပေါ်၀ယ် မိမိတို့ဖခင်များ (၏ ရှေ့သို့ ထွက်ခြင်း) ၌လည်းကောင်း၊ မိမိတို့သားများ (၏ ရှေ့သို့ ထွက်ခြင်း) ၌လည်းကောင်း၊ မိမိတို့အစ်ကိုများ၊ မောင်များ (၏ ရှေ့သို့ ထွက်ခြင်း၌) လည်းကောင်း၊ မိမိတို့ အစ်ကိုများ၊ မောင်များ၏ သားများ (၏ ရှေ့သို့ ထွက်ခြင်း) ၌လည်းကောင်း၊ ထို့နည်းတူစွာ မိမိတို့၏ အစ်မများ၊ ညီမများ၏ သားများ (၏ ရှေ့သို့ထွက်ခြင်း) ၌လည်းကောင်း၊ မိမိတို့ (သာသနာဝင်) မိန်းမအချင်းချင်းတို့ (၏ ရှေ့သို့ ထွက်ခြင်း) ၌လည်းကောင်း၊ မိမိတို့၏ လက်ျာလက်များက ပိုင်ဆိုင်ကြသော ကျွန်မများ (၏ ရှေ့သို့ ထွက်ခြင်း) ၌လည်းကောင်း၊ မည်သို့မျှ အပြစ်မရှိချေ။ ထို့ပြင် (အို၊ ကြင်ရာတော်အပေါင်းတို့) 'အသင်မတို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့အပေါ်၀ယ် အသိသက်သေ ဖြစ်တော်မူပေသည်။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို, အီမာန်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် နဗီတမန်တော်မြတ် ﷺ ၏ အိမ်များတွင် (ဖိတ်ခေါ်ခြင်းမခံရဘဲ) ဝင်ရောက်ခြင်း မပြုကြလေနှင့်။ သို့ရာတွင် အသင်တို့အား စားသောက်ခြင်းအတွက် (လာရောက်ရန်) ခွင့်ပြုသောအခါမျိုးတွင်မူ (သွားရောက်ခြင်းမှာ ကိစ္စမရှိပေ။ သို့တိုင်အောင်လည်း သွားရောက်ခြင်းမှာ) ထိုစားသောက်ခြင်း အသင့်ဖြစ်ရန်ကို စောင့်မျှော်သူများ မဖြစ်ကြလေနှင့်။ (ဆိုလိုသည်မှာ 'မဖိတ်ခေါ်ဘဲလည်း မသွားလေနှင့်။ ဖိတ်ခေါ်ခြင်းခံရပါလျှင်လည်း အလွန်စောလျင်စွာ သွားရောက်၍ ထိုင်မနေကြလေနှင့်'ဟု ဖြစ်သည်။) သို့ရာတွင် အသင်တို့သည် ဖိတ်ခေါ်ခြင်းခံရသည့်အခါ (အစားအစာ အသင့်ဖြစ်သည့်အခါ) တွင် သွားရောက်ကြလေကုန်။ ထို့နောက် စားသောက်ပြီးကြသည့်အခါ ထ၍ ပြန်ကြလေကုန်။ စကားစမြည် ပြောဆိုခြင်း၌ စိတ်ဝင်စား၍ ထိုင်မနေကြလေနှင့်။ (အဘယ်ကြောင့်ဆိုသော်) ဧကန်စင်စစ် ဤသို့ပြုခြင်းသည် နဗီတမန်တော်မြတ် ﷺ အဖို့ မနှစ်သက်စရာ ဖြစ်သည်။ နဗီတမန်တော်မြတ် ﷺ သည် အသင်တို့အား ထောက်ထားအားနာတော်မူသည်။ (အသင်တို့ ထ၍ ပြန်ကြတော့ဟု နှုတ်မှ ဖွင့်ဟပြောဆိုခြင်း မပြုပေ။) အလ္လာဟ်အသျှင်မြတ်သည် အမှန်တရားကို ပြောကြားတော်မူရာ၌ (မည်သူ့ကိုမျှ) ထောက်ထားအားနာခြင်း ပြုတော်မမူပေ။ (ထို့ကြောင့် အမှန်တရားကို ရှင်းလင်းစွာပင် ပြောကြားတော်မူလေသည်။) ၎င်းပြင် (ယခုမှစ၍ နဗီတမန်တော်မြတ် ﷺ ၏ ကြင်ယာတော်များသည် အသင်တို့နှင့် 'ပရ်ဒဟ်'ပြုရန် အမိန့်ပေးခြင်းခံရသည်။ သို့ဖြစ်ပေရာ ယခုမှစ၍) အသင်တို့သည် ကြင်ယာတော်များထံမှ တစ်စုံတစ်ရာ ပစ္စည်းတောင်းခံကြသောအခါ ကန့်လန့်ကာ၏ အပြင်မှ (ရပ်လျက်) တောင်းခံကြလေကုန်။ (မလိုအပ်ဘဲ ကန့်လန့်ကာအနီးသို့ သွားခြင်းနှင့် စကားပြောဆိုခြင်းများလည်း မပြုရပေ။ သို့သော် လိုအပ်ချက်ဖြစ်ပေါ်လာလျှင်မူ စကားပြောဆိုခြင်းမှာ အကြောင်းမဟုတ်ပေ။ သို့ရာတွင် ကြည့်ရှုခြင်းကား မပြုရပေ။) ဤသည် (အမြဲတမ်းအတွက် အသင်တို့၏ စိတ်နှလုံးသားများကိုလည်းကောင်း၊ ထိုကြင်ယာတော်တို့၏ စိတ်နှလုံးသားများကိုလည်းကောင်း၊ သန့်ရှင်းနေစေရန် အကောင်းဆုံးနည်းလမ်း ဖြစ်သည်။ (ယခုတိုင် နှစ်ဘက်စလုံးမှ ရှိသူတို့၏ စိတ်နှလုံးသားများ သန့်ရှင်းစွာ ရှိသကဲ့သို့ နောင်တွင်လည်း မသန့်ရှင်းသော စိတ်ခါတ်များဖြစ်ပေါ်မလာစေရန် ဖြစ်သည်။ အပြစ်မဲ့သူများမဟုတ်သည့် အလျောက် အပြစ်ဖြစ်သော ကိစ္စများဖြစ်ပေါ်လာနိုင်သောကြောင့် ဖြစ်သည်။) ထို့ပြင် (နဗီတမန်တော်မြတ်အား ဒုက္ခပေးခြင်း 'ဟရာမ်'ဖြစ်ရခြင်းမှာ အကျိုးမဲ့စုဝေးထိုင်၍ စကားစမြည် ပြောဆိုခြင်းကိုသာ ရည်ညွှန်းသည် မဟုတ်ဘဲ ဒုက္ခဖြစ်စေသော ကိစ္စရပ်အားလုံးအပေါ် ခြုံငုံ၍ နေရာတိုင်းအတွက် အမိန့်ပညတ်ခြင်းပင် ဖြစ်သည်။)

အသင်တို့အဖို့ (မည်သည့်ကိစ္စတွင်မဆို) တမန်တော်မြတ် ﷺ အား စိတ်ဒုက္ခရောက်စေခြင်း မပြုပိုင်ပေ။ ထို့ပြင် အသင်တို့သည် ထိုနဗီတမန်တော်မြတ် မရှိတော့သည့်နောက်တွင် နဗီတမန်တော်မြတ်၏ ကြင်ယာတော်များနှင့် မည်သည့်အခါမျှ 'နေကာဟ်'ထိမ်းမြားခြင်း ပြုပိုင်ခွင့်လည်း မရှိပေ။ မုချဧကန်

ဤသည် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် အလွန်ကြီးလေးသော ပြစ်မှုပင် ဖြစ်ပေသည်။ (ဤ 'နေကာဟ်' သည် မပြုပိုင်သကဲ့သို့ပင် ဤမည်သော 'နေကာဟ်'အကြောင်းကို နှုတ်မှ ပြောဆိုတင်ပြခြင်း (သို့) စိတ်၌ ရည်ရွယ်ခြင်းအားလုံးတို့သည် အပြစ် 'ဂိုနာဟ်'များပင် ဖြစ်သည်။ ထို့ကြောင့် အကယ်၍ အသင်တို့သည် (ထိုကိစ္စနှင့် စပ်လျဉ်း၍) တစ်စုံတစ်ရာကို (နှုတ်မှ) ထုတ်ဖော်ခဲ့သည်ဖြစ်စေ၊ (သို့) ထို (ကိစ္စအတွက် ဆန္ဒ) ကို (စိတ်တွင်) ထိန်ချန်လျှို့ဝှက်ထားကြသည်ဖြစ်စေ၊ အလ္လာဟ်အသျှင်မြတ် (အဖို့ နှစ်မျိုးစလုံးကို သိရှိတော်မူပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအသျှင်မြတ်သည်) အရာခပ်သိမ်းကို အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (သို့ဖြစ်ပေရာ အသင်တို့အား ဤအပြစ်များ ကျူးလွန်သည့် အပေါ် အပြစ်ဒဏ်ပေးတော်မူပေမည်။)

(အထက်တွင် 'ပရ်ဒဟ်'ပြုရမည့် အမိန့်များ တင်ပြခဲ့သည်။ ထိုအမိန့်များအနက် မပါဝင်သည့် အချို့သူများအကြောင်းကို တင်ပြထားသည်မှာ) နဗီတမန်တော်မြတ်၏ ကြင်ယာတော်များအပေါ်ဝယ် မိမိတို့၏ ဖခင်များ (၏ ရှေ့သို့ ထွက်ခြင်း) ၌လည်းကောင်း၊ မိမိတို့၏ သားများ (၏ ရှေ့သို့ ထွက်ခြင်း) ၌လည်းကောင်း၊ (အကယ်၍ သားများရှိက) မိမိတို့၏ အစ်ကို၊ မောင်များ (၏ ရှေ့သို့ ထွက်ခြင်း) ၌ လည်းကောင်း၊ မိမိတို့၏ အစ်ကို၊ မောင် မွေး တူအရင်းများ (၏ ရှေ့သို့ ထွက်ခြင်း) ၌လည်းကောင်း၊ မိမိတို့၏ အစ်မ၊ ညီမ မွေး တူအရင်းများ (၏ ရှေ့သို့ထွက်ခြင်း) ၌လည်းကောင်း၊ မိမိတို့၏ (သာသနာဝင်) မိန်းမချင်းတို့၏ (ရှေ့သို့ ထွက်ခြင်း) ၌လည်းကောင်း၊ မိမိတို့၏ ကျွန်မများ (၏ ရှေ့သို့ ထွက်ခြင်း) ၌လည်းကောင်း မည်သည့်အပြစ် 'ဂိုနာဟ်'မျှ မဖြစ်ပေ။ (ဆိုလိုသည်မှာ ၎င်းတို့၏ရှေ့တွင် သွားလာခြင်း ပိုင်သည်။) ထို့ပြင် (အို၊ နဗီတမန်တော်မြတ်၏ ကြင်ယာတော်အပေါင်းတို့၊ ဖော်ပြပါထိုအမိန့်ပညတ်တော်များကို လိုက်နာရာတွင်) အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ (မည်သည့်အမိန့်တော်ကိုမျှ ဆန့်ကျင်မှု မဖြစ်ကြလေနှင့်။) မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့အပေါ်၌ အသိသက်သေ ဖြစ်တော်မူပေသည်။ (ထိုအသျှင်မြတ်နှင့် မည်သည့်အရာမျှ ဖုံးကွယ်ခြင်းမရှိပေ။ ထိုအသျှင်မြတ်နှင့် ဆန့်ကျင်မှုပြုသူသည် ထိုအသျှင်မြတ်၏ အပြစ်ဒဏ်ကို ကြောက်ရွံ့သင့်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ဖော်ပြပါအာယသ်တော်များတွင် အစ္စလာမ့်လူမှုဆက်ဆံရေးဆိုင်ရာ စည်းကမ်းချက်အချို့နှင့် အမိန့်ပညတ်ချက်အချို့ကို တင်ပြထားသည်။ ရှေ့မှ လွန်ခဲ့သည့် အာယသ်တော်များနှင့် ဆက်စပ်မှုမှာ ဤအာယသ်တော်များ၌ မိန့်ဆိုထားသည့် စည်းကမ်းချက်များသည် ပထမဦးစွာ ကိုယ်တော်မြတ် ﷺ ၏ အိမ်နှင့် ကိုယ်တော်မြတ် ﷺ ၏ ကြင်ယာတော်များနှင့် စပ်လျဉ်း၍ ကျရောက်လာ၍ ဖြစ်သည်။ အမှန်စင်စစ် ဤအမိန့်တော်များသည် ကိုယ်တော်မြတ် ﷺ ၏ ဇာတိတော်နှင့် သီးသန့် အထူးအမိန့်များ မဟုတ်ပေ။

ပထမအမိန့်တော်

ဖိတ်ခေါ် ကျွေးမွေးခြင်းအကြောင်းနှင့် ဧည့်သည်၏ စည်းကမ်းချက်အချို့

يَاأَيُّهَا الَّذِينَ آمَنُوا لَا تَدْخُلُوا بُيُوتَ النَّبِيِّ إِلَّا أَنْ يُؤْذَنَ لَكُمْ إِلَىٰ طَعَامٍ غَيْرَ نَاظِرِينَ
إِنَاهُ وَلَٰكِنْ إِذَا دُعِيتُمْ فَادْخُلُوا فَإِذَا طَعِمْتُمْ فَانْتَشِرُوا وَلَا مُسْتَأْنِسِينَ لِحَدِيثٍ

ဤအာယသ်တော်တွင် ဖိတ်ခေါ်ကျွေးမွေးခြင်းအကြောင်းနှင့် ဧည့်သည့်တို့နှင့် စပ်လျဉ်းသော အမိန့်တော် (၃) မျိုးကို တင်ပြထားသည်။ ဤအမိန့်သည် မွတ်စ္စလင်မ်အားလုံးအတွက် အမိန့်ဖြစ်သည်။ သို့ရာတွင် အမိန့်တော် ကျရောက်လာသည့် အကြောင်းခံသီးခြားဖြစ်ရပ်သည် တမန်တော်မြတ် ﷺ ၏ အိမ်၌ ဖြစ်သည့်အတွက် အကြောင်းအရာခေါင်းစဉ်ကို بيوت النَّبِي 'နဗီတမန်တော်မြတ်၏အိမ်များ' ဟု မိန့်ကြားထားသည်။

لَا تَدْخُلُوا بُيُوتَ النَّبِيِّ إِلَّا أَنْ يُؤْذَنَ لَكُمْ

ပထမ အနေဖြင့် 'နဗီတမန်တော်မြတ် ﷺ ၏ အိမ်များတွင် အခွင့်မရှိဘဲ မဝင်ရောက်ရသည့်အမိန့်' ဖြစ်သည်။

ဒုတိယစည်းကမ်းချက်

غَيْرَ نَاظِرِينَ إِنَاهُ

'ဝင်ရောက်ခွင့်သာမက စားသောက်ရန် ဖိတ်ခေါ်ခံရသည်လည်း ဖြစ်ပါက အချိန်မကျမီ လာရောက်၍ အစားအစာ အသင့်ဖြစ်မည်ကို ထိုင်၍ စောင့်ဆိုင်းခြင်းမပြုကြလေနှင့်။'

نَاظِر ၏ အဓိပ္ပာယ်သည် ဤနေရာတွင် مُنْتَظِر 'စောင့်ဆိုင်းသူ' ဟု ဖြစ်သည်။ إِنَا ဟူသော စာလုံးသည် 'အစားအစာကျက်ခြင်း' ကို ခေါ်ဆိုသည်။ အာယသ်တော်တွင် لَاتَدْخُلُوا (မဝင်ရောက်ရ) စာပိုဒ်မှ ကန့်သတ်ဖယ်ထုတ်ထားသည်မှာ إِلَّا أَنْ يُؤْذَنَ لَكُمْ စာပိုဒ်ရှိ إِلَّا ဟူသော စာလုံးဖြစ်သည်။ ဒုတိယ ကန့်သတ်ဖယ်ထုတ်သည့် စာလုံးမှာ غَيْرَ ဟူသော စာလုံးဖြစ်သည်။ ၎င်းစာပိုဒ်၏ အလိုသဘောမှာ 'ခွင့်ပြုချက်မရရှိဘဲ မဝင်ရောက်ကြလေနှင့်။ ထို့နောက် အချိန်ထက်စော၍ ရောက်လာပြီး ထမင်းဟင်း ကျက်ရန် စောင့်ဆိုင်းခြင်း မပြုလေနှင့်' ဟု ဖြစ်သည်။ ထို့မှုမက ဖိတ်ခေါ်ထားသည့် သတ်မှတ်ချိန်မှသာ အိမ်သို့ ဝင်ရောက်ကြရမည်။ ဤသည်ကိုပင်

وَلَٰكِنْ إِذَا دُعِيتُمْ فَادْخُلُوا

ဟူ၍ မိန့်ကြားထားသည်။

တဇကီယနည်းကမ်းချက်

فَاِذَا طَعِمْتُمْ فَانْتَشِرُوْا وَلَا مُسْتَاْ نِسِيْنَ لِحَدِيْثٍ

'စားသောက်ပြီးကြသည့်အခါ မိမိတို့၏ လုပ်ငန်းများအတွက် လူစုခွဲ၍ ပြန်ကြလေကုန်။ ဖိတ်ခေါ် ကျွေးမွေးသည့်အိမ်တွင် အချင်းချင်း စကားစမြည် ပြောဆိုရန် လူစု၍ ထိုင်နေခြင်းမပြုကြလေနှင့်။'

ဓမ္မသတ် ။ ။ ဤအမိန့်သည် ဖြစ်လေ့ဖြစ်ထရှိသည့်အတိုင်း ဧည့်သည့်တို့သည် စားသောက်ပြီးနောက် အချိန် ကြာမြင့်စွာ ထိုင်နေကြခြင်းသည် အိမ်ရှင်အတွက် ဒုက္ခဖြစ်စေသည့် အခြေအနေကိုင်းအတွက် ဖြစ်သည်။ ဆိုလိုသည်မှာ ကျွေးမွေးခြင်းကိစ္စ ပြီးမြောက်၍ အခြားအလုပ်များ၌ ဝင်ရောက်လုပ်ကိုင်ရန်ဖြစ်စေ၊ (သို့) ၎င်းတို့အား ကျွေးမွေးပြီး အခြားဧည့်သည်များကို ဧည့်ခံကျွေးမွေးလိုခြင်းများ ရှိပေမည်။ ဤသို့သော အခြေအနေများအတွက် အထက်ပါအမိန့်အတိုင်း ဖြစ်သည်။ အကယ်၍ စားသောက်ပြီးနောက် ဧည့်သည့်တို့သည် အချိန်အတန်ကြာသည့်အထိ စကားစမြည် ပြောဆိုနေခြင်းကြောင့် အိမ်ရှင်အဖို့ စိတ်ဒုက္ခမရောက်သော၊ အလေ့အထရှိသော နေရာဒေသများဖြစ်လျှင်မူ ဤအမိန့်မှ ကန့်သတ်ဖယ်ထုတ်ထားသည်။ ဤအမိန့်၌ မပါဝင်ပါ။ ဥပမာ- ယခုခေတ်၏ ပါတီပွဲများနှင့် ဖိတ်ကြားကျွေးမွေးခြင်းတို့တွင် ဤအတိုင်း အလေ့အထ ဖြစ်နေကြပါသည်။ အထောက်အထားမှာ ဤအာယသ်တော်၏ ပထမအပိုဒ်ဖြစ်သည်။ ထိုအပိုဒ်၌ မိန့်ကြားထားသည်မှာ-

اِنَّ ذٰلِكُمْ كَانَ يُؤْذِى النَّبِىَّ فَيَسْتَحْيِىْ مِنْكُمْ وَاللهُ لَا يَسْتَحْيِىْ مِنَ الْحَقِّ

ဆိုလိုသည်မှာ 'စားသောက်ပြီးသည့်အခါ စကားစမြည်ပြောဆိုခြင်း၌ နစ်မွန်းနေခြင်းကို တားမြစ်ရသည့် အကြောင်းမှာ ဤသို့ ပြုမူခြင်းသည် တမန်တော်မြတ် ﷺ အား စိတ်ဒုက္ခရောက်စေသည့် လုပ်ရပ်ဖြစ်သောကြောင့်ပင် ဖြစ်သည်။' အဘယ်ကြောင့်ဆိုသော် ဧည့်သည်များ စားသောက်ရန် စီစဉ်ရခြင်းသည် အမျိုးသမီးများရှိသော အိမ်၌ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထိုအိမ်၌ ဧည့်သည်များ အချိန်ကြာမြင့်စွာ စုဝေးထိုင်နေကြခြင်းသည် အိမ်သူအိမ်သားများအဖို့ စိတ်အနှောက်အယှက် ဒုက္ခဖြစ်သည်မှာ ထင်ရှားပေသည်။

အာယသ်တော်၌ အမိန့်ရှိသေးသည်မှာ 'တမန်တော်မြတ် ﷺ သည် အမှန်စင်စစ် ဧည့်သည်တို့၏ ဤအပြုအမူကြောင့် စိတ်ဒုက္ခရောက်ရသည်။ သို့သော်လည်း မိမိအိမ်၏ ဧည့်သည်များဖြစ်ကြသည့်အခါ ၎င်းတို့အား ရှိသေမှုစည်းကမ်းများ သင်ကြားပေးရန်အတွက် အရှက်သိက္ခာက ဟန့်တားနေသကဲ့သို့ ဖြစ်သည်။ သို့သော် အလ္လာဟ်အသျှင်မြတ်သည်ကား အမှန်တရားကို ဖော်ထုတ်ရန် ရှက်တော်မမူပေ'ဟု ဖြစ်သည်။

ဓမ္မသတ် ။ ။ ဧည့်သည်များကို ဂုဏ်ပြုရန်နှင့် ဧည့်ဝတ်ကျေရန် မည်မျှ အရေးထားကြောင်း သိရှိရသည်။ စင်စစ် ဧည့်သည်တို့၏ ကျင့်ဝတ်စည်းကမ်းများနှင့်စပ်လျဉ်း၍ သင်ကြားပေးရန်မှာ ကိုယ်တော်

မြတ် ﷺ အဖို့ 'ဖွရဒ်' တာဝန်များအနက်မှ တာဝန်ဖြစ်သည်။ သို့သော် မိမိ၏ ညည့်သည်များ ဖြစ်နေသည့် အခြေအနေမျိုးတွင် ကိုယ်တော်မြတ် ﷺ သည် ဤသည်ကိုပင် ဆိုင်းငံ့တော်မူခဲ့သည်။ နောက်ဆုံးတွင် အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင်က ကုရ်အာန်ကျမ်းတော်မြတ်၌ ဤစည်းကမ်းဥပဒေကို အလေးအနက် ထား၍ ဖော်ပြမိန့်ကြားတော်မူခဲ့သည်။

ဒုတိယအမိန့်တော်

အမျိုးသမီးတို့၏ 'ပရ်ဒဟ်'

وَاِذَا سَاَلۡتُمُوۡهُنَّ مَتَاعًا فَسۡـَٔلُوۡهُنَّ مِنۡ وَّرَآءِ حِجَابٍ ذٰلِكُمۡ اَطۡهَرُ لِقُلُوۡبِكُمۡ وَقُلُوۡبِهِنَّ

ဤနေရာ၌လည်း အာယသ်တော် ကျရောက်လာရခြင်း၏ အထူးဖြစ်ရပ်နှင့် ဦးတည်မိန့်ကြားခြင်း တို့သည် ကြင်ယာတော်များအတွက်သာ ဖြစ်သည်။ သို့ရာတွင် အမိန့်မှာမူ အမွှသ်သားအားလုံးတို့အတွက် ဖြစ်သည်။ အမိန့်တော်၏ အကျဉ်းချုပ်မှာ အကယ်၍ အမျိုးသမီးများထံမှ အခြားသော သူစိမ်းတစ်ရံစာ အမျိုးသားတို့သည် ပန်းကန်ခွက်ယောက်နှင့် အဝတ်အစား စသော အသုံးအဆောင်ပစ္စည်း တစ်စုံတစ်ရာ ယူရန် အရေးကြီးပါက ရှေ့သို့ လာရောက်၍ မယူရပေ။ သို့သာမက 'ပရ်ဒဟ်'၏ နောက်မှ တောင်းခံရ မည်'ဟု ဖြစ်သည်။ ဆက်လက်၍ မိန့်ကြားတော်မူသည်မှာ ဤ 'ပရ်ဒဟ်'၏ အမိန့်သည် အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးလုံး၏ စိတ်များကို စိတ်ရိုင်း၏ စေ့ဆော်မှုများမှ သန့်ရှင်းစွာ ထားရန်အတွက် ပြဋ္ဌာန်းထား သည့်အမိန့် ဖြစ်သည်။

အမျိုးသမီးများအား 'ပရ်ဒဟ်'ပြုခြင်းကို အထူးအလေးအနက်ထားခြင်း

ဤနေရာ၌ အလေးအနက်ထား၍ ကြည့်ရမည့်အချက်မှာ 'ပရ်ဒဟ်'၏ အမိန့်ပေးခံရသော အမျိုး သားများနှင့် အမျိုးသမီးများတွင် အမျိုးသမီးများမှာ ကြင်ယာတော်များ ဖြစ်သည်။ ၎င်းတို့၏ စိတ်များ ကို သန့်ရှင်းစွာ ထားရန် အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင်က တာဝန်ယူထားတော်မူပြီး ဖြစ်သည်။ ထိုအကြောင်းကို ၎င်း၏အလျှင် အာယသ်တော်ဖြစ်သော

لِيُذۡهِبَ عَنۡكُمُ الرِّجۡسَ اَهۡلَ الۡبَيۡتِ

တွင် အကျယ်တဝင့် ဖော်ပြခဲ့ပြီးဖြစ်သည်။ အခြားတစ်ဖက်တွင် အမိန့်ပေးရာ၌ ပါဝင်သည့် အမျိုးသား များမှာ တမန်တော်မြတ် ﷺ ၏ ဆွဟာဗာများဖြစ်သည်။ ယင်းတို့အနက် အချို့ပုဂ္ဂိုလ်တို့၏ အဆင့်အတန်း

မှာ ဖရစ်၇ှိသာဟ်များထက်ပင် မြင့်သူများ ဖြစ်ကြသည်။ သို့ရာတွင် ဤသို့သော အခြေအနေများရှိသည့် တိုင် ၎င်းတို့၏ နှလုံးသားသန့်ရှင်းမှုနှင့် စိတ်ရိုင်း၏ စေ့ဆော်မှုများမှ လွတ်ကင်းစေရန်အတွက် အမျိုးသား နှင့် အမျိုးသမီးတို့အကြား 'ပရ်ဒဟ်'ထားရှိရန်ကို အရေးကြီးကြောင်း မှတ်ယူစေခဲ့သည်။ ယနေ့ မိမိ၏ စိတ်နှလုံးသားကို ဆွဟာဗာတို့ထက် သန့်ရှင်းသည်ဟုလည်းကောင်း မိမိတို့၏ အမျိုးသမီးများ ဇနီးတို့၏ စိတ်များကို နဗီကိုယ်တော်မြတ် ﷺ ၏ ကြင်ယာတော်တို့၏ စိတ်များထက် သန့်ရှင်းသည်ဟုလည်းကောင်း မည်သူကြွေးကြော်နိုင်ပါသနည်း။ ထို့ပြင် ကျွန်ုပ်တို့၏ အမျိုးသမီးများနှင့် ရောနှောနေမှုသည် မည်သည့် မကောင်းမှုဖြစ်ရန်မျှ အကြောင်းမရှိပါဟု မည်သူယူဆပါသနည်း။

ဖော်ပြပါအာယသ်တော် ကျရောက်လာခြင်း၏ အကြောင်းခံများ

ထိုအာယသ်တော်များ ကျရောက်လာရခြင်း၏ အကြောင်းခံတွင် ဖြစ်ရပ်အချို့ကို တင်ပြထားရာ ထိုဖြစ်ရပ်အားလုံးတို့တွင် မည်သည့် ဆန့်ကျင်မှုမျှ မရှိနိုင်ပေ။ အာယသ်တော်၏ အစတွင် 'ဖိတ်ကြားခြင်း မခံရဘဲ စားသောက်ရန် မသွားရ။ စားသောက်ရန် စောင့်ဆိုင်း၍ ထိုင်နေခြင်းများ မပြုရ'ဟူ၍ ဧည့်သည်၏ စည်းကမ်းများကို တင်ပြထားသည်။ ထိုအာယသ်တော် ကျရောက်လာရခြင်းအကြောင်းခံကို အိဗ်နေအဘီဟာသင်မ်သည် စုလိုင်မာန် ဗင်န်အရ်ကမ်ထံမှ ဆင့်ပြန်ခဲ့သည်မှာ 'ဤအာယသ်တော်သည် ဖိတ်ကြားခြင်းမခံရဘဲ သူတစ်ပါး၏ အိမ်၌ သွားရောက်၍ ထိုင်သူများနှင့် စားသောက်ရန် စောင့်ဆိုင်းမှုပြုသော သူများနှင့် စပ်လျဉ်း၍ ကျရောက်လာ ခြင်း ဖြစ်သည်။

အေမာမ်အဗ်ဒ်ဗင်န်ဟုမိုင်ဒ်က ဟဇရသ်အနတ်စ် ؓ သခင်ထံမှ ဆင့်ပြန်ခဲ့သည်မှာ 'ဤအာယသ် တော်သည် စားသောက်မည့်အချိန်ထက်အလျင် တမန်တော်မြတ် ﷺ ၏ အိမ်၌ သွားရောက်၍ စောင့်ဆိုင်းမှု ပြုကာ အချင်းချင်း စကားစမြည်ပြောဆိုခြင်း၊ နောက်ဆုံး စားသောက်ရန် အသင့်ဖြစ်သောအခါ၌ စားသောက် ခြင်း၌ ပါဝင်လေ့ရှိသူအချို့နှင့် စပ်လျဉ်း၍ ကျရောက်လာခြင်းဖြစ်သည်။ ဤကဲ့သို့သော သူများအတွက် ဖော်ပြပါ ပထမအာယသ်တော်၌ လမ်းညွှန်ချက်များ ချမှတ်ထားပြီးဖြစ်သည်။ ဤဖြစ်ရပ်သည် ပရ်ဒဟ်၏ အမိန့်မကျ ရောက်မီက ပေါ်ပေါက်ခဲ့သည့် ဖြစ်ရပ်ဖြစ်သည်။ ထိုစဉ်က အမျိုးသားများသည် အမျိုးသမီးတို့၏ အိမ်များ၌ ဝင်ထွက်သွားလာလျက် ရှိခဲ့ကြသောအချိန် ဖြစ်သည်။

ဒုတိယအမိန့်မှာ အမျိုးသမီးများ၏ 'ပရ်ဒဟ်'နှင့် စပ်လျဉ်းသော အမိန့်ဖြစ်သည်။ ဤအာယသ်တော် ကျရောက်လာရသည့် အကြောင်းခံဖြစ်ရပ်နှင့် စပ်လျဉ်း၍ အေမာမ် ဘိုခါရီ (ရဟ) သခင်၏ ဆင့်ပြန်ချက်နှစ်ရပ် လာရှိသည်။ ဆင့်ပြန်ချက်တစ်ရပ်မှာ ဟဇရသ်အနတ်စ် ؓ သခင် ၏ ဆင့်ပြန်ချက်ဖြစ်သည်။ ဟဇရသ် အုမရ်ဗင်န်ခတ္တာဗ် ؓ သည် နဗီကိုယ်တော် မြတ် ﷺ ထံတော်၌ လျှောက်ထားသည်မှာ 'အို၊ တမန်တော်၊ ကိုယ်တော့်ထံပါးတွင် ကောင်းသူနှင့် မကောင်းသူ၊ လူပေါင်းစုံ ဝင်ထွက်သွားလာလျက် ရှိပါသည်။ အကယ်၍ ကိုယ်တော်သည် ကြင်ယာတော်များကို 'ပရ်ဒဟ်'ပြုရန် အမိန့်ပေးတော်မူပါလျှင် အကောင်းဆုံးဖြစ်မည်

ဟု ယူဆပါသည်'ဟု ဖြစ်သည်။ ထိုဖြစ်ရပ်အပေါ် ဤ 'ပရ်ဒဟ်' ၏ အာယသ်တော်များ ကျရောက်လာခဲ့သည်။

ဆွဟီးဟ်ဘိုခါရီကျမ်းနှင့် ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းတို့တွင် ဟဇရသ်အုမရ်ဖာရူးက် ﷺ ၏ ဤလျှောက်ထားချက်ကို တင်ပြထားသည်။ ဟဇရသ်အုမရ် ﷺ ၏ စကားလုံးများမှာ-

وافقت ربى فى ثلث قلت يارسول الله لواتخذت فى مقام ابراهيم مصلّى فانزل الله تعالى وَاتَّخِذوا مِنْ مَّقَامِ اِبْرَاهِيْمَ مُصَلًّى وَقُلْتُ يارسول الله ان نساءك يدخل عليهن البرّ والفاجر فلوحجبتهن فانزل الله اٰية الحجاب وقلت لازواج النبىّ ﷺ لمّاتمالأن عليه فى الغيرة عسى ربّه ان طلّقكن ان يّبد له ازواجاخيرامنكن فنزلت كذلك

'ကျွန်ုပ်သည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်နှင့် အရာ (၃) ခုတွင် တိုက်ဆိုင်မှုရှိခဲ့သည်။ ၎င်းတို့မှာ-

(၁) 'ကျွန်ုပ်သည် တမန်တော်မြတ် ﷺ အား 'မကာမိအိဗ်ရာဟီးမ်'ကို မိမိတို့၏ နမာဇ်ဝတ်ပြုသည့်နေရာအဖြစ် ပြုလုပ်လျှင် ကောင်းလိမ့်မည်'ဟု လျှောက်ထားခဲ့သည်။ ထိုအပေါ် အလ္လာဟ်အသျှင်မြတ်သည်

وَاتَّخِذُوْا مِنْ مَّقَامِ اِبْرَاهِيْمَ مُصَلًّى

ဟူသော အာယသ်တော်ကို ချပေးတော်မူခဲ့သည်။

(၂) ထို့နောက် ကျွန်ုပ်သည် တမန်တော်မြတ် ﷺ အား 'ကိုယ်တော်၏ ကြင်ယာတော်များ ရှေ့တွင် ကောင်းသူ၊ မကောင်းသူ လူပေါင်းစုံ ဝင်ထွက်ကြပါသည်။ ၎င်းတို့အား 'ပရ်ဒဟ်'ပြုရန် အမိန့်ပေးပါလျှင် အကောင်းဆုံး ဖြစ်လိမ့်မည်'ဟု ယူဆပါသည်'ဟု လျှောက်ထားလေရာ ထိုဖြစ်ရပ်အပေါ် 'ပရ်ဒဟ်'၏ အာယသ်တော် ကျရောက်လာခဲ့သည်။

(၃) ကြင်ယာတော်များတွင် အချင်းချင်း အားကျမခံ ပြိုင်ဆိုင်မှုများ ဖြစ်ပေါ်လာသည့်အခါ ကျွန်ုပ်သည် ကြင်ယာတော်တို့အား 'အကယ်၍ တမန်တော်မြတ် ﷺ သည် အသင်မတို့အား 'သွလားက်' ပေးတော်မူလိုက်ပါက အလ္လာဟ်အသျှင်မြတ်သည် ကိုယ်တော်မြတ် ﷺ အား အသင်မတို့ထက် ကောင်းမြတ်သော ကြင်ယာတော်များ ချီးမြှင့်တော်မူမည်မှာ ကေန်မလွဲပင် ဖြစ်သည်'ဟု ပြောဆိုခဲ့သည်။ သို့ဖြစ်ပေရာ ထိုစကားလုံးများအတိုင်းပင် ကုရ်အာန်၏ အာယသ်တော်ကျရောက်လာခဲ့သည်။

အကျိုးကျေးဇူး

ဟဇရတ်အုမရ်ဖာရူးက် ﷺ သည် မိမိ၏ ပြောစကားတွင် ရိကျိုးမှုရှိခြင်းကို တွေ့မြင်ရပေမည်။ အမှန်တကယ် ၄င်းပြောလိုသည်မှာ '(၃) မျိုးသော အရာတွင် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ကျွန်ုပ်၏ ဆန္ဒနှင့် တူညီစွာ ပြုတော်မူခဲ့သည်'ဟု ဖြစ်သည်။

ဒုတိယဖြစ်စဉ်တစ်ခုမှာ ဟဇရတ်အနတ်စ် ﷺ သခင်၏ ဆင့်ပြန်ချက်ပင် ဖြစ်သည်။ ဆွဟီးဟ်ဘိုခါရီ ကျမ်း၌ လာရှိသည်။ ဟဇရတ်အနဘ်စ် ﷺ သခင်က မိန့်သည်မှာ 'ပရ်ဒဟ်'အာယသ်တော်၏ အခြေအမြစ်ကို ကျွန်ုပ်သည် ပို၍ သိရှိသူဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် ထိုဖြစ်ရပ်၌ ရှိခဲ့သူ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ဟဇရတ်ဇိုင်နပ်ဗင်န်သေ့ဂျဟရ် ﷺ သခင်မနှင့် 'နေကာဟ်'ပြီးမြောက်၍ သခင်မသည် ကိုယ်တော်မြတ် ﷺ ၏ ကြင်ယာတော်များစာရင်းတွင် ရောက်ရှိလာခဲ့သည်။ ကိုယ်တော်မြတ် ﷺ သည် ဝလီမာဟ်အတွက် စားဖွယ်အချို့ ချက်ပြုတ်စေတော်မူခဲ့သည်။ လူတို့အား ဖိတ်ခေါ်ခဲ့သည်။ စားသောက်ပြီးကြသောအခါ အချို့သူတို့သည် ထိုနေရာ၌ပင် စုဝေး၍ အချင်းချင်း စကားစမြည်များ ပြောဆိုရန် ထိုင်နေခဲ့ကြသည်။ သိရ်မေဇီ၏ ရိဝါယသ်တွင် ကိုယ်တော်မြတ် ﷺ သည်လည်း ထိုနေရာ၌ပင် ထိုင်နေတော်မူသည်။ အွန်းမွလ်မုအ်မိနီးန်ဇိုင်နဗ် ﷺ သခင်မသည်လည်း ထိုနေရာ၌ပင် ရှိနေခဲ့သည်။ ရှက်လွန်းသဖြင့် မျက်နှာကို တံတိုင်းဘက်သို့ လှည့်ထားသည်။ လူအများ ဤကဲ့သို့ အချိန်ကြာမြင့်စွာ ထိုင်နေကြခြင်းကြောင့် ကိုယ်တော်မြတ် ﷺ အဖို့ စိတ်ဒုက္ခရောက်ခဲ့ရလေသည်။

ကိုယ်တော်မြတ် ﷺ သည် အိမ်မှအပြင်သို့ ကြွမြန်းသွားတော်မူသည်။ ထို့နောက် အခြားသော ကြင်ယာတော်များထံ တွေ့ဆုံစလာမ်ပေးရန် ကြွမြန်းသွားတော်မူသည်။ ကိုယ်တော်မြတ် ﷺ အိမ်သို့ ပြန်ကြွလာသည့်အခါ ဤသူများမှာ ထိုနေရာ၌ ရှိနေဆဲပင် ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ ပြန်ကြွလာပြီးသောအခါမှ ထိုသူများမှာ သဘောပေါက်သွားကြပြီး လူစုခွဲလိုက်ကြသည်။ တမန်တော်မြတ် ﷺ အိမ်အတွင်းသို့ ဝင်ရောက်ပြီး အနည်းငယ်မျှသာ ကြာပြီး ကိုယ်တော်သည် အိမ်အပြင်သို့ ပြန်ထွက်လာသည်။ ကျွန်ုပ်သည် ထိုနေရာ၌ ရှိနေခဲ့သည်။ ကိုယ်တော်မြတ် ﷺ သည် ထိုအချိန်မှာ ကျရောက်ခဲ့သည့် 'ပရ်ဒဟ်'၏ အာယသ်တော်ကို ဖတ်ကြားပြသတော်မူလေသည်။

يَآيُّهَا الَّذِيْنَ اٰمَنُوْا لَا تَدْخُلُوْا بُيُوْتَ النَّبِيِّ

ဟူသော အာယသ်တော်ဖြစ်သည်။ ဟဇရတ်အနတ်စ် ﷺ သခင်သည် ထိုဖြစ်စဉ်ကို တင်ပြရင်း မိန့်သည်မှာ 'ကျွန်ုပ်သည် ထိုအာယသ်တော်များ ကျရောက်ရာတွင် အနီးဆုံး၌ ရှိနေသူဖြစ်သည်။ ကျွန်ုပ်၏ ရှေ့မှောက်၌ပင် ကျရောက်ခဲ့ခြင်း ဖြစ်သည်'ဟူ၏။ 'ပရ်ဒဟ်'၏ အမိန့်တော်များ ကျရောက်လာရခြင်း၏ အကြောင်းခံတွင် ဤဖြစ်စဉ် (၃) မျိုးကို ဟဒီးစ်ဆင့်ပြန်ချက်များ၌ ဖော်ပြထားသည်။ ၄င်းတို့တွင် မည်သည့် ဆန့်ကျင်ခြားနားခြင်းမျှ မဖြစ်နိုင်ပေ။ ဖြစ်စဉ် (၃) မျိုးစလုံးသည်ပင် ဤအာယသ်တော်များ ကျရောက်လာရန် အကြောင်းခံ ဖြစ်နိုင်သောကြောင့်ပင် ဖြစ်သည်။

တတိယအမိန့်

ကြင်ယာတော်တို့သည် ကိုယ်တော်မြတ် ﷺ 'ဝဖားသ်'ဖြစ်တော်မူပြီးနောက်တွင် မည်သူနှင့်မျှ 'နေကာဟ်'ပြုရန် မပိုင်ပေ။

وَمَا كَانَ لَكُمْ اَنْ تُؤْذُوْا رَسُوْلَ اللّٰهِ وَلَاۤ اَنْ تَنْكِحُوْۤا اَزْوَاجَهٗ مِنْۢ بَعْدِهٖۤ اَبَدًا

ဤစာပိုဒ်၏အလျင် စာပိုဒ်တွင် ခြုံငုံသော အဓိပ္ပာယ်ဖြင့် သုံးနှုန်းသည့် စာလုံးများဖြင့် တမန်တော်မြတ် ﷺ အား စိတ်ဒုက္ခဖြစ်ပေါ်စေမည့် လုပ်ရပ်တိုင်း၊ စကားတိုင်းကို 'ဟရာမ်'အဖြစ် သတ်မှတ်ခြင်း ပြုခဲ့သည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ ၏ ကြင်ယာတော်များနှင့် ကိုယ်တော်မြတ် ﷺ 'ဝဖားသ်' ဖြစ်တော်မူပြီးနောက်တွင် မည်သူမျှ 'နေကာဟ်'ပြုခြင်း 'ဟလာလ်'မဟုတ်ကြောင်း အမိန့်တော် ပြဋ္ဌာန်းထားသည်။

ဖော်ပြပါအာယသ်တော်၌ အထက်တွင် တင်ပြခဲ့သမျှသော အမိန့်တော်များသည် အမှန်စင်စစ် တမန်တော်မြတ် ﷺ နှင့် ကိုယ်တော်မြတ် ﷺ ၏ ကြင်ယာတော်များအား ဦးတည်၍ မိန့်ကြားတော်မူခဲ့သည်။ သို့ရာတွင် အမိန့်မှာ အွမ္မသ်သားအားလုံးအတွက် ဖြစ်သည်။ သို့သော် နောက်ဆုံးအမိန့်မှာမူ အွမ္မသ်ကို ဦးတည်၍ မိန့်ကြားတော်မူခြင်း ဖြစ်သည်။ အွမ္မသ်သားအားလုံးအတွက် ဥပဒေမှာ ခင်ပွန်းဖြစ်သူ ကွယ်လွန်ပြီးနောက် 'အိဒ်ဒသ်' (ဆိုင်းငံ့ကာလ) ကုန်ဆုံးသွားသောအခါ ထိုကွယ်လွန်သူ၏ ဇနီးမှာ အခြားသူတစ်ဦးနှင့် 'နေကာဟ်'ပြုလုပ်နိုင်သည်။ ကိုယ်တော်မြတ် ﷺ ၏ ကြင်ယာတော်များမှာမူ ကိုယ်တော်မြတ် ﷺ 'ဝဖားသ်'ဖြစ်တော်မူပြီးနောက် မည်သူနှင့်မျှ 'နေကာဟ်'မပြုနိုင်ဟူ၍ အထူးအမိန့်ပြဋ္ဌာန်းထားသည်။

ထိုသို့ ပြဋ္ဌာန်းရခြင်းမှာ ကြင်ယာတော်တို့သည် ကုရ်အာန်၏ အမိန့်အရ မုအ်မင်န်တို့၏ မိခင်များ ဖြစ်ရခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ အမှန်စင်စစ် ကြင်ယာတော်တို့သည် မုအ်မင်န်တို့၏ မိခင်များ ဖြစ်ရခြင်းကြောင့် မုအ်မင်န်အားလုံးတို့သည် ညီအစ်ကိုမောင်နှမများဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး 'နေကာဟ်' မပြုပိုင်ဟူသော သက်ရောက်မှုကား ကြင်ယာတော်တို့၏ ဝိညာဉ် ပိုင်းဆိုင်ရာ သားသမီးများအပေါ် မဖြစ်ပါချေ။ သို့ရာတွင် ကြင်ယာတော်တို့၏ ပင်ကိုယ်ဇာတိ၏ အတိုင်းအတာအထိ 'နေကာဟ်'မပြုပိုင်ကြောင်း တားမြစ်ခြင်းသာ ဖြစ်သည်။

ထို့ပြင် တမန်တော်မြတ် ﷺ သည် မိမိ၏ သင်္ချိုင်းတော်အတွင်း၌ အသက်ရှင်လျက် ရှိနေတော်မူသည်။ ကိုယ်တော်မြတ် ﷺ ၏ 'ဝဖားသ်' (ကွယ်လွန်ခြင်း) ၏ အဆင့်မှာ အသက်ရှင်နေသူ ခင်ပွန်း တစ်ဦးအိမ်မှ ပျောက်ဆုံးနေသည့်အတိုင်းပင် ဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်မြတ် ﷺ ၏ အမွေကို ခွဲဝေမှု မပြုရခြင်း ဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်မြတ် ﷺ ၏ ကြင်ယာတော်တို့၏ အခြေအနေသည် သာမန်လူများအနက် ခင်ပွန်းသည်များ ကွယ်လွန်သေဆုံးသွားရသော ဇနီးသည်တို့၏ အခြေအနေနှင့် မတူညီကြခြင်း ဖြစ်သည်။

တရားတော်၏ ဥပဒေအရ 'ဂျန္နသ်'တွင် အမျိုးသမီးတိုင်းသည် မိမိတို့၏ နောက်ဆုံးခင်ပွန်းနှင့်အတူ နေကြရပေမည်။ ဟဇရသ်ဟုဇိုင်ဖဟ် ﷺ သခင်သည် မိမိ၏ ဇနီးအား 'ဝဆွီယသ်'(မှာတမ်းမှု) ပြုရာတွင် 'အကယ်၍ အသင်မသည် 'ဂျန္နသ်'တွင် ကျွန်ုပ်၏ ဇနီးဖြစ်လိုပါက ကျွန်ုပ်မရှိသည့်နောက်တွင် အခြားမည်သည့် 'နေကာဟ်'မျှ မပြုလေနှင့်။ အဘယ်ကြောင့်ဆိုသော် 'ဂျန္နသ်'တွင် အမျိုးသမီးသည် မိမိ၏ နောက်ဆုံးခင်ပွန်းကို ရရှိမည်ဖြစ်သောကြောင့်ပင် ဖြစ်သည်'ဟု ပြောကြားခဲ့သည်။ *[ကုရ်သုဗီကျမ်း]*

ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်က ကြင်ယာတော်များအား လောကတွင် ကိုယ်တော်မြတ် ﷺ ၏ ကြင်ယာတော်များအဖြစ် ချီးမြှင့်တော်မူခြင်းကို တမလွန်နှင့် 'ဂျန္နသ်'တွင် ဤအတိုင်း ရှိနေစေရန်အတွက် ၄င်းတို့၏ 'နေကာဟ်'ကို အခြားသူများနှင့် ပြုရန် 'ဟရာမ်'အဖြစ် သတ်မှတ်တော်မူခြင်း ဖြစ်သည်။

ထို့ပြင် ခင်ပွန်းသည်တစ်ဦးသည် မိမိ၏ ဇနီးအား အခြားသူတစ်ဦးက 'နေကာဟ်'ပြုလုပ်လိုက်သည်ကို သဘာဝအလျောက် မနှစ်သက်ကြပေ။ သို့သော်လည်း သဘာဝအလျောက် စိတ်၏ လိုအင်ဆန္ဒအတိုင်း ပြည့်ဝအောင် ဖြည့်ဆည်းရန်မှာ သာမန်လူတို့အတွက် တရားတော်အရ အရေးမကြီးပေ။ တမန်တော်မြတ် ﷺ ၏ ထိုသဘာဝစိတ်၏ အလိုဆန္ဒကို အလ္လာဟ်အသျှင်မြတ်က အလေးအနက်ပြုတော်မူခဲ့သည်။ ဤသည် ကိုယ်တော်မြတ် ﷺ အဖို့ အထူးချီးမြှင့်မှုပင် ဖြစ်သည်။

ဓမ္မသတ် ॥ ॥ ကြင်ယာတော်များသည် ကိုယ်တော်မြတ် ﷺ ၏ 'ဝဖာသ်'ကွယ်လွန်တော်မူသည့် အချိန်အထိ ကိုယ်တော်မြတ် ﷺ ၏ ကြင်ယာတော်အဖြစ်၌ ရှိသည့် ကြင်ယာတော်အားလုံးတို့၏ အမိန့်သည် ဤအတိုင်းပင် ဖြစ်သည်ဟု အုမ္မသ်တစ်ရပ်လုံးက တစ်ညီတစ်ညွတ်တည်း လက်ခံကြသည်။ သို့ရာတွင် ကိုယ်တော်မြတ် ﷺ က 'သွလားက်'ပေးလိုက်သူများ၊ (သို့) အကြောင်းတစ်စုံတစ်ရာအားဖြင့် ကိုယ်တော်မြတ် ﷺ ၏ ကြင်ယာတော်အဖြစ်မှ ရပ်စဲသွားသူများနှင့် စပ်လျဉ်း၍ ဖိကာဟ်ပညာရှင်ကြီးများအကြား အဆိုကွဲလွဲမှုများ ရှိသည်။ ၄င်းတို့ကို ကုရ်သုဗီက အကျယ်တဝင့် ရေးသားထားသည်။

اِنَّ ذٰلِكُمْ كَانَ عِنْدَ اللّٰهِ عَظِيْمًا

ဆိုလိုသည်မှာ တမန်တော်မြတ် ﷺ အား တစ်နည်းနည်းဖြင့် စိတ်ဒုက္ခရောက်စေခြင်း၊ (သို့) ကိုယ်တော်မြတ် ﷺ 'ဝဖာသ်'ဖြစ်တော်မူပြီးနောက် ကိုယ်တော်မြတ် ﷺ ၏ ကြင်ယာတော်များနှင့် 'နေကာဟ်' ပြုခြင်းတို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် အလွန်ကြီးလေးသော ပြစ်မှုပင် ဖြစ်သည်။

اِنْ تُبْدُوْا شَيْئًا اَوْ تُخْفُوْهُ فَاِنَّ اللّٰهَ كَانَ بِكُلِّ شَيْءٍ عَلِيْمًا

နောက်ဆုံးအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် စိတ်နှလုံးသားများအတွင်းရှိ ရည်ရွယ်ချက်နှင့် အတွေးအာရုံတို့ကိုလည်း သိရှိတော်မူသည်။ 'အသင်တို့သည် တစ်စုံတစ်ရာကို ဖုံးကွယ်သည်ဖြစ်စေ၊ (သို့) ထုတ်ဖော်သည်ဖြစ်စေ၊ အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်၌ အားလုံး ထင်ရှား

ပေါ်လွင်သည်သာဖြစ်သည်' ဆိုသည့် အကြောင်းကို ထပ်မံ၍ တင်ပြခြင်းဖြစ်သည်။ ဖော်ပြပါ အမိန့်တော်များတွင် တစ်စုံတစ်ရာကို သံသယဖြစ်ခြင်း (သို့) ဇဝေဇဝါ ဖြစ်နေခြင်းများ မပြုရ။ ထို့ပြင် ဖော်ပြပါ အမိန့်တော်များကို ဆန့်ကျင်ခြင်းမှ ရှောင်ကြဉ်ရန် အလေးအနက်ထားကြလေကုန်' ဟူ၍ လေးလေးနက်နက် မိန့်ကြားထားခြင်း ဖြစ်သည်။

ဖော်ပြပါအာယသ်တော်များတွင် အမိန့် (၃) မျိုးကိုတင်ပြထားသည်။ ယင်းတို့အနက် အမျိုးသမီးများ၏ 'ပရ်ဒဟ်' ၏ ဓမ္မသတ်မှာ အကြောင်းများစွာတို့ကြောင့် အကျယ်တဝင့် တင်ပြရန် လိုအပ်သည်။ ထို့ကြောင့် လိုအပ်သမျှ ရေးသားလိုက်ပါသည်။

'ပရ်ဒဟ်' ၏ အမိန့်တော်များ

ရှက်ဖွယ်လိလိ ကိစ္စများကို ပိတ်ပင်ထားသော အစ္စလာမ်သာသနာ၏ အစီအမံများ

ရှက်ဖွယ်လိလိကိစ္စများ၊ မကောင်းမှုလုပ်ရပ်များ၊ 'ဇိနာ' (ကာမေသုမိစ္ဆာစာရကံ) ကျူးလွန်မှုများနှင့် ထိုလုပ်ရပ်တို့၏ ရှေ့ပြေးလုပ်ရပ်များသည် ကမ္ဘာလောကကြီးကို ပျက်စီးစေသော မကောင်းမှုလုပ်ရပ်များအနက်မှ ဖြစ်သည်။ ထိုပျက်စီးမှု၏ သက်ရောက်မှုသည် ပြုလုပ်သူများကိုသာမကဘဲ လူမျိုးစု၊ မျိုးနွယ်စုတို့အားလည်းကောင်း၊ တစ်ခါတစ်ရံ နိုင်ငံကြီးများကိုပင် ပျက်စီးစေနိုင်ပေသည်။ ယခုအခါ လောကတွင် ဖြစ်လေသမျှသော သတ်ဖြတ်မှုဖြစ်ရပ်များကို အကယ်၍ အတွင်းကျကျ လေ့လာကြည့်မည်ဆိုလျှင် ဖြစ်ရပ်အများစု၏ နောက်ကွယ်တွင် အမျိုးသမီးတစ်ဦးတစ်ယောက်နှင့် ရမ္မက်စိတ်ရိုင်းတို့၏ လှုံ့ဆော်မှု ပိုက်ကွန်ကို တွေ့မြင်ရမည်သာဖြစ်သည်။ ထို့ကြောင့်လည်း ဤလောကကြီးကို ဖန်ဆင်းပြီးစဉ်မှစ၍ ဤလောကကြီးအတွင်း၌ မည်သည့်လူမျိုး၊ မည်သည့်ဘာသာ၊ မည်သည့်ဒေသတွင်မှ ဤမည်သောမကောင်းမှုနှင့် ပျက်စီးစေသော လုပ်ရပ်ကို အပြစ်ဟု သတ်မှတ်ရာ၌ မတူညီ၊ ကွဲလွဲသည်ဟူ၍ မရှိခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာလောကကြီး၏ ဤနောက်ဆုံး ခေတ်သမယတွင် ဥရောပသားတို့သည် မိမိတို့၏ ဘာသာသာသနာ၏ စည်းကမ်းချက်များ၊ ရှေးရိုးနှင့် ခိုင်မာသော ဆင့်ပြန်ချက်အားလုံးကို ချိုးဖျက်၍ 'ဇိနာ' (ကာမေသုမိစ္ဆာစာရကံ) ကျူးလွန်ခြင်းကိုပင် မည်သည့်အပြစ်မျှမရှိဟု ပြဋ္ဌာန်းကြသည်။ ယဉ်ကျေးမှုနှင့် လူမှုရေးတို့ကို ခြေလှမ်းတိုင်းတွင် ရှက်ဖွယ်လိလိကိစ္စများကို ဖိတ်ခေါ်သည့်ပုံစံခွက်များတွင် ထည့်သွင်းလိုက်ကြသည်။ သို့ရာတွင် ထိုမကောင်းမှုလုပ်ရပ်များ၏ ဆိုးကျိုးများကိုလည်း အပြစ်ဒုစရိုက်များစာရင်းမှ မထုတ်ပယ်နိုင်ကြပေ။ အရှက်သိက္ခာကို ရောင်းစားခြင်းနှင့် ဗလက္ကာယ (အတင်းအဓမ္မ 'ဇိနာ' ပြုခြင်း) ကိစ္စများ အလွန်များပြားလာသည့်အပေါ် ဤဆိုးယုတ်သော လုပ်ရပ်များကို အပြစ်ဒဏ်ပေးခြင်းဖြင့် သတ်မှတ်ရတော့သည်။ ၄င်းတို့၏ လုပ်ရပ်များကို ပမာခိုင်းနှိုင်း တင်ပြရမည်ဆိုလျှင် လူတစ်ဦးသည် မီးငြှိုရန်အတွက် လောင်စာထင်းများကို စုပုံပြီး ထိုထင်းပုံပေါ်၌ လောင်စာမီးလောင်းလိုက်သည်။ ထို့နောက်

မီးရှို့လိုက်သည်။ မီးတောက်များ တဟုန်းဟုန်း တောက်လောင်သည့်အခါ ထိုမီးတောက်များကို ငြိမ်းသတ်ရန် သောကဖြစ်ရသူ၏ အဖြစ်နှင့် တူပေသည်။ ထမင်း၊ ဟင်း ကျက်ရန်အတွက် အိုး၏ အောက်တွင် မီးထည့်ရသည်။ ထမင်း၊ ဟင်း ဆူပွက်၍ ကျက်လာမည့် အချိန်ရောက်မှ ၎င်းဆူပွက်မှုကို ပြန်လည် အေးငြိမ်းရန် ကြိုးစားနေခြင်းနှင့် တူနေသည်။

၎င်းတို့နှင့် ဆန့်ကျင်ခြားနားပြီး အစ္စလာမ်သာသနာသည် အပြစ်ဖြစ်၍ လူသားတို့အတွက် နစ်နာဆုံးရှုံးစေသော အရာများအဖြစ် သတ်မှတ်ပြီး အပြစ်ဒဏ်ခံထိုက်သည်ဟု ပြဆိုထားသော အရာဟူသရွေ့ကိုသာမက ထိုအရာများ၏ ရှေ့ပြေးကိစ္စများကိုလည်း ရှောင်ကြဉ်ရန် သတ်မှတ်ပြဌာန်းထားသည်။ ထို့ပြင် ၎င်းကိစ္စများကို တားမြစ်ကြောင်း ပြဌာန်းထားသည်။

ဤအရေးကိစ္စတွင် အဓိကရည်ရွယ်သည်မှာ 'ဇေနာ'နှင့် မကောင်းမှုကျူးလွန်ခြင်းမှ ရှောင်ကြဉ်ရမည်ဖြစ်ရာ ထိုရှောင်ကြဉ်မှုကို မျက်လွှာအောက်ချရမည်ဟူသော ဥပဒေမှစ၍ ပြဌာန်းခဲ့သည်။ အမျိုးသမီးများသည် အမျိုးသားများနှင့် 'ပရ်ဒဟ်'မဲ့ ရောယှက်ခြင်းကို တားမြစ်ခဲ့သည်။ အမျိုးသမီးများအား အိမ်၏ နံရံလေးခုအတွင်း၌ ကန့်သတ်ထားရှိရန် လမ်းညွှန်ခဲ့သည်။ လိုအပ်ချက်ရှိသည့်အခါ အပြင်သို့ ထွက်လျှင်လည်း 'ဗွရ်ကာအ်' (သို့) စောင်ရှည်ဖြင့် တစ်ကိုယ်လုံးကို လုံခြုံအောင် ဖုံးအုပ်ပြီးမှ ထွက်ရမည်။ လမ်း၏ ဘေးအစပ်မှ သွားကြရန် လမ်းညွှန်ထားသည်။ အမွှေးအကြိုင် သုတ်လိမ်း၍ဖြစ်စေ၊ (သို့) အသံမြည်စေသော လက်ဝတ်တန်ဆာများ ဝတ်၍ ဖြစ်စေ ထွက်ခြင်းကို တားမြစ်ထားသည်။ သို့တိုင်အောင်လည်း မည်သူမဆို ဤသို့ ကန့်သတ်ပြဌာန်းထားသည့် ဥပဒေ၊ စည်း၊ ဘောင်တို့မှ ခုန်၍ အပြင်သို့ ထွက်သွားက ၎င်းထွက်သွားသူအား ပြင်းထန်၍ တရားရယူဖွယ်ဖြစ်သော အပြစ်ဒဏ်ခတ်ရန် သတ်မှတ်ထားသည်။ အဘယ်ကြောင့်ဆိုသော် တစ်ကြိမ်တစ်ခါ ဤမကောင်းမှု ကျူးလွန်သူအား အပြစ်ဒဏ်ပေးလိုက်သည်ဖြစ်လျှင် အမျိုးသားထုတစ်ရပ်လုံးကို အပြည့်အဝ တရားရယူဖွယ် သင်ခန်းစာရရှိသွားမည် ဖြစ်သည်။

ဥရောပသားများနှင့် ၎င်းတို့၏ နောက်လိုက်များသည် မိမိတို့၏ အရှက်မဲ့လုပ်ရပ်များ ပြုပိုင်ကြောင်းကို တင်ပြရာ၌ အမျိုးသမီးများ၏ 'ပရ်ဒဟ်'နှင့် နေရခြင်းကို အမျိုးသမီးတို့၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကဏ္ဍများတွင် လူ့ဘောင်အတွင်း တိုးတက်အောင်မြင်ရေးကို ထိခိုက်ဆုံးရှုံးစေသည် ဟု အကြောင်းပြလျက် 'ပရ်ဒဟ်'မပြုလုပ်ခြင်း၏ အကျိုးကျေးဇူးများကို ထောက်ပြခဲ့ကြသည်။ ၎င်းတို့၏ ပြောဆိုမှုအပေါ် မျက်မှောက်ခေတ် ပညာရှင်များစွာတို့က ကျမ်းကြီးများ၌ အကျယ်တဝင့် ရေးသားခဲ့ကြသည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ ဤနေရာတွင် 'အကျိုးအမြတ်ရှိခြင်းသည် အပြစ်ထိုက်သည့် မကောင်းသော လုပ်ရပ်တိုင်း၌ ရှိသည်။ မည်သည့် 'ဂိုနာဟ်'မကောင်းမှု၌မှ အကျိုးရလဒ်မရှိဟူ၍ မရှိ။ ခိုးဝှက်ခြင်း၊ ဓါးပြတိုက်ခြင်းနှင့် လိမ်လည်ဖြားယောင်းခြင်းတို့ သည် ရှုထောင့်တစ်ခုအရ အကျိုးအမြတ်ကြီးမားသည့် လုပ်ငန်းများ ဖြစ်ပါသည်။ သို့သော် ထိုလုပ်ရပ်များ၏ အဆုံး၌ ဖြစ်ပေါ်လာမည့် ပျက်စီးဆုံးရှုံးမှု၊ ထိခိုက်

နစ်နာမှုများကို ရှေ့၌ ကြုံတွေ့လာရသောအခါ မည်သူကမျှ ထိုလုပ်ရပ်များကို အကျိုးအမြတ်ရှိသော အလုပ်များအဖြစ် ပြောဝံ့သူ မရှိတော့ပေ။ သို့ဖြစ်ပေရာ 'ပရ်ဒဟ်'မရှိဘဲနေခြင်းတွင် အကယ်၍ စီးပွားရေး အကျိုးအမြတ်များလည်း ရရှိနေပါသော်လည်း တစ်တိုင်းတစ်ပြည်လုံး၊ တစ်မျိုးသားလုံးကို ထောင်နှင့်ချီသော ပြဿနာရှုပ်ထွေးမှုများ၌ နစ်မွန်းစေခြင်းဖြစ်သောအခါ ၎င်းကို အကျိုးအမြတ်ရှိသည်ဟု ပြောဆိုခြင်းမှာ အသိဉာဏ်ရှိသူတစ်ဦး၏ လုပ်ရပ်မဟုတ်ပေ။

မကောင်းမှု အပြစ်ဒုစရိုက်လုပ်ရပ်များကို တားဆီးရာ၌ အစ္စလာမ်သာသနာတွင် အကြောင်းခံများကို ပိတ်ပင်သည့် အဖိုးတန်ဥပဒေများနှင့် ယင်းဥပဒေများတွင် အလယ်အလတ်ဖြစ်ခြင်း

ယုံကြည်ချက်ဆိုင်ရာ ဥပဒေများ၊ 'သောင်ဟီးဒ်'အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်းသာ တည်ရှိတော်မူခြင်း၊ နဗီရစူလ်များစေလွှတ်ခြင်း၊ တမလွန်တို့သည် နဗီတမန်တော်တို့၏ ရှရီအသ်တရားတော်များတွင် တစ်ပုံစံတည်း၊ တစ်ညီတစ်ညွတ်တည်း ဖြစ်ခဲ့သကဲ့သို့ ပြစ်မှုအားလုံး၊ ရက်ဖွယ်ကိစ္စများနှင့် မကောင်းမှုဒုစရိုက်တို့သည်လည်း ရှရီအသ်တိုင်း 'မဇ်ဟဗ်'တိုင်းတွင် 'ဟရာမ်'သတ်မှတ်ခြင်းခံခဲ့ရသည်။ သို့ရာတွင် ရှေးလွန်ခဲ့ပြီးသော ရှရီအသ်တရားတော်များတွင် ထိုလုပ်ရပ်များ၏ အကြောင်းခံ၊ အကြောင်းတရားတို့ကို အကြောင်းခံတစ်ခုခုဖြင့် ပြစ်မှုတစ်စုံတစ်ရာ မကျူးလွန်သရွေ့ 'ဟရာမ်'ဟု လုံးဝ သတ်မှတ်ခြင်း မပြုထားပေ။ မိုဟမ္မဒ် ﷺ ၏ ရှရီအသ်တရားတော်ဖြစ်သည့်အတွက် ထိုရှရီအသ်အား အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ အထူးအလေးအနက်ထားခြင်းကို ခံခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ပြစ်မှု၊ ဒုစရိုက်ကျူးလွန်မှုများသည် 'ဟရာမ်'ပင်ဖြစ်သည်။ ထို့အတူ ဖြစ်လေ့ထဖြစ်ထရှိသော ထုံးစံဓလေ့အရ ထိုပြစ်မှုဒုစရိုက်များကို ကျူးလွန်သည်အထိ ရောက်ရှိသွားနိုင်သော အကြောင်းတရားများကိုလည်း 'ဟရာမ်'အဖြစ် သတ်မှတ်ခြင်းခံရသည်။ ဥပမာ- အရက်သောက်ခြင်းကို 'ဟရာမ်'ဟု သတ်မှတ်လိုက်သည့်အခါ အရက်ဖြစ်ပေါ်လာအောင် ပြုလုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းနှင့် အခြားသူတစ်ဦးကို ပေးခြင်းတို့ကိုလည်း 'ဟရာမ်'အဖြစ် သတ်မှတ်ခြင်း ဖြစ်သည်။ အတိုးယူခြင်းကို 'ဟရာမ်'အဖြစ် သတ်မှတ်သောအခါ အတိုးနှင့် နွယ်ဆက်နေသည့် ကိစ္စရပ်အားလုံးကိုလည်း 'ဟရာမ်'အဖြစ် သတ်မှတ်ခြင်းဖြစ်သည်။ ထို့ကြောင့် ဖိကာဟ်ပညာရှင်ကြီးများက မကောင်းမှုလုပ်ငန်းများမှ ရရှိလာသည့် အကျိုးအမြတ်များကိုလည်း အတိုးကဲ့သို့ ညစ်ညမ်းသောပစ္စည်းများဟု သတ်မှတ်ခြင်းဖြစ်သည်။ တုဖက်နိုင်းယှဉ်ကိုးကွယ်ခြင်းနှင့် 'ဗွဒ်'ကိုးကွယ်ခြင်းများကို ကုရ်အာန်ကျမ်းတော်မြတ်က အကြီးဆုံးသော အမှောင်ထုနှင့် ခွင့်မလွှတ်နိုင်သော အပြစ်များအဖြစ် သတ်မှတ်ထားသည်။ သို့ဖြစ်ပေရာ ထိုကိုးကွယ်မှုများ၏ အကြောင်းခံတို့ကိုလည်း ခိုင်မာသော ဥပဒေများ ပြဋ္ဌာန်းထားသည်။ နေထွက်ချိန်၊ နေဝင်ချိန်နှင့် နေမွန်းတည့်ချိန်တို့တွင် မှရ်ရစ်က်များသည် နေကို ကိုးကွယ်မှုပြုကြသည်။ ထိုအချိန်များ၌ နမာဇ်ဝတ်ပြုမည်ဆိုပါက နေကိုးကွယ်သူများနှင့် ပုံသဏ္ဍာန်တစ်မျိုးအရ ဆင်တူမှုဖြစ်သွားပေသည်။ တစ်ဖန် ထိုဆင်တူမှုဖြစ်သည့်အချိန်တွင် ကိုယ်တိုင် ရှရစ်က်ပြုခြင်း၌ နစ်မွန်းသွားစေ

သော အကြောင်းခံဖြစ်သွားနိုင်သည်။ ထို့ကြောင့် ရှရီအသ်တရားတော်က ထိုအချိန်များ၌ နမာဇ်ဝတ်ပြုခြင်းနှင့် 'စဂ်ျဒဟ်' ဦးချခြင်းတို့ကိုလည်း မပြုပိုင်။ 'ဟရာမ်'ဟု သတ်မှတ်ခြင်းဖြစ်သည်။ ရုပ်တုများ ထုလုပ်ခြင်းနှင့် ဓါတ်ပုံ၊ ပန်းချီအရုပ်များ ရေးဆွဲခြင်းတို့သည် 'ဖွဒ်'ကိုးကွယ်ခြင်းနှင့် နီးကပ်စေနိုင်သော အကြောင်းခံဖြစ်သည့်အတွက် ၎င်းရုပ်တုများ ထုလုပ်ခြင်းနှင့် ဓါတ်ပုံပန်းချီအရုပ် ရေးဆွဲခြင်းတို့ကိုလည်း 'ဟရာမ်'ဟုလည်းကောင်း၊ ထိုရုပ်တုများကို သုံးစွဲမှုပြုခြင်းကို မပိုင်ဟုလည်းကောင်း သတ်မှတ်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

အလားတူပင် ရှရီအသ်တရားတော်သည် 'ဇေနာ'အမှုပြုခြင်းကို 'ဟရာမ်'ဟု သတ်မှတ်ထားသည့်အခါ ထို 'ဇေနာ'နှင့် နီးကပ်စေသော အကြောင်းခံ၊ အကြောင်းတရားအားလုံးကိုလည်း 'ဟရာမ်'စာရင်း၌ သွတ်သွင်းသတ်မှတ်ထားသည်။ သူစိမ်းတစ်ရံစာ အမျိုးသမီး (သို့) အရွယ်ရောက်လုဆဲဆဲ ယောကျ်ားလေးများအပေါ်၌ ရမ္မက်ဆန္ဒတို့၏ အကြည့်ဖြင့် ကြည့်ရှုခြင်းကို မျက်စိ၏ 'ဇေနာ'အဖြစ် သတ်မှတ်ထားသည်။ ၎င်းတို့၏ အသံကို နားထောင်ခြင်းကို နား၏ 'ဇေနာ'ဟုလည်းကောင်း၊ ၎င်းတို့အား ထိတွေ့ကိုင်တွယ်ခြင်းကို လက်၏ 'ဇေနာ'ဟုလည်းကောင်း၊ ၎င်းတို့အတွက် လှုပ်ရှားသွားလာခြင်းကို ခြေထောက်၏ 'ဇေနာ'ဟုလည်းကောင်း သတ်မှတ်ထားသည်။ ဟဒီးစ်တော်တွင် ထိုပြစ်မှုများမှ လွတ်မြောက်စေရန် အမျိုးသမီးများအတွက် 'ပရ်ဒဟ်'၏ အမိန့်တော်များကို ချပေးခြင်းဖြစ်သည်'ဟု လာရှိပေသည်။

သို့ရာတွင် အကြောင်းခံနှင့် အကြောင်းတရား နီးခြင်း၊ ဝေးခြင်းတို့သည် ရှည်လျားသော ကဏ္ဍတစ်ခုဖြစ်သည်။ အကယ်၍ အဝေးကြီးအထိ ထိုကဏ္ဍကို ပိတ်ပင်လိုက်ပါက ဘဝသက်တမ်း၌ ခက်ခဲသွားပေမည်။ ပြုမူဆောင်ရွက်ချက်များ၌ အကျပ်အတည်းများ ကြုံတွေ့ရပေမည်။ ဤသည်မှာ ရှရီအသ်တရား၏ လိုလားမှုနှင့် ဆန့်ကျင်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ဤအရေးကိစ္စနှင့် စပ်လျဉ်း၍ ပွင့်ပွင့်လင်းလင်း ကြေညာထားသည်မှာ-

مَا جَعَلَ عَلَيْكُمْ فِى الدِّيْنِ مِنْ حَرَجٍ

'သာသနာရေးတွင် အသင်တို့အပေါ် တစ်စုံတစ်ရာ ကျပ်တည်းမှုကိုမျှ ပြုမထားပေ'ဟု ဖြစ်သည်။ ထို့ကြောင့် အကြောင်းခံ၊ အကြောင်းတရားတို့၏ အရေးကိစ္စတွင် အမြော်အမြင်နှင့် ပြည့်စုံသည့် ဆုံးဖြတ်ချက်ကို ဤသို့ ချမှတ်ထားသည်။ အများအားဖြင့် မကောင်းမှုတစ်ခု၏ အကြောင်းခံတစ်ခုမှာ ၎င်းကို ကျူးလွန်မိပါက အဓိကသတ်မှတ်ခံရသော မကောင်းမှုတွင် မုချမလွဲ ကျရောက်သွားစေလောက်သည့်အထိ ဤမျှ နီးကပ်သည့် အကြောင်းခံဖြစ်မှု ရှရီအသ်တရားတော်က မကောင်းမှုနှင့် အလွန်နီးကပ်စေသော ၎င်းအကြောင်းခံအရာကိုလည်း မူရင်းမကောင်းမှုဒုစရိုက်နှင့် ယှဉ်တွဲလျက် ၎င်းကိုလည်း 'ဟရာမ်'အဖြစ်သတ်မှတ်ထားသည်။ ထိုနည်းတူစွာ ဖြစ်လေ့ဖြစ်ထရှိသော သဘာဝအရ ထိုအကြောင်းခံကို ပြုလုပ်ခြင်းဖြင့် ပြစ်မှုကျူးလွန်ခြင်း၌ ဖြစ်သွားရန် ဝေး၍ အဓိကမကျသော်လည်း တစ်နည်းနည်းဖြင့် ပြစ်မှုဖြစ်ရန်ပတ်သက်မည်ဆိုလျှင် ထိုကဲ့သို့သော အကြောင်းခံကို 'မက္ကရူးဟ်' အဖြစ် သတ်မှတ်ထားသည်။

ထို့ပြင် ဖော်ပြပါအကြောင်းခံထက် ပို၍ ဝေးသော အကြောင်းခံများ၊ ၎င်းအကြောင်းခံများကြောင့် ဖြစ်မှုကျူးလွန်ရာဖြစ်ရှိရန် ရှားပါသည်ဆိုပါက ထိုသို့သော အကြောင်းခံများကို မျက်ကွယ်ပြု၍ 'မုဗာဟ်'၌ ထည့်သွင်းထားသည်။

ပထမမွေ့သတ်၏ ဥပမာမှာ- အရက်ရောင်းခြင်း ဖြစ်သည်။ ဤသည် အရက်သောက် ခြင်း အကြောင်းခံနှင့် နီးစပ်သည်။ ဤသည်ကိုလည်း ရှရီအသ်တရားတော်က အရက်သောက်ခြင်းကို 'ဟရာမ်' သတ်မှတ်သကဲ့သို့ပင် ၎င်းအားလည်း 'ဟရာမ်'အဖြစ် သတ်မှတ်ထားသည်။ သူစိမ်းတစ်ရံစာ အမျိုးသမီးတစ်ဦးကို လက်ဖြင့် ထိကိုင်ခြင်းသည် အမှန်တကယ် 'ဇေနာ'ပြုခြင်းမဟုတ်သော်လည်း 'ဇေနာ' နှင့် နီးကပ်စေသောကြောင့် ရှရီအသ်တရားတော်က လက်ဖြင့် ထိကိုင်ခြင်းကိုလည်း 'ဇေနာ'မှုပြုသကဲ့ သို့ပင် 'ဟရာမ်'အဖြစ် သတ်မှတ်ခြင်း ဖြစ်သည်။

ဒုတိယမွေ့သတ်၏ ဥပမာမှာ- အရက်ချက်မည့်သူ။ ထိုသူသည် အရက်ချက်သည့်အလုပ်ကို လုပ်ကိုင်သူဖြစ်သည်။ (သို့) ထိုသူက ကျွန်ုပ်သည် အရက်ချက်ရန်အတွက် စပျစ်သီး ဝယ်ခြင်းဖြစ်သည် ဟု ပြောဆိုသူအား စပျစ်သီးရောင်းခြင်းသည် အရက်ရောင်းသည့်အဆင့်ကဲ့သို့ 'ဟရာမ်'မဟုတ်သော် လည်း 'မက္ကရူးဟ်'နှင့် မပိုင်သော အဆင့်ဖြစ်သည်။ ဤအမိန့်အတိုင်းပင် ရပ်ရှင်ရုံဆောက်ရန် (သို့) အတိုးဘဏ်ဖွင့်လှစ်ရန် မြေကွက်ငှားရမ်းခြင်းတို့၏ အမိန့် ဖြစ်သည်။ ငှားရမ်းမှုပြုသော အချိန်တွင် ဤ နေရာကို မပြုပိုင်သော လုပ်ငန်းများအတွက် ငှားရမ်းခြင်းဖြစ်ကြောင်း သိရှိသွားပါလျှင် ထိုသို့ ငှားရမ်း ခြင်းသည် 'မက္ကရူးဟ်သဟ်ရီမီး'နှင့် မပြုပိုင်သော လုပ်ရပ်ဖြစ်သည်။

တတိယမွေ့သတ်၏ ဥပမာမှာ- လူတိုင်းအား စပျစ်သီးရောင်းပေးနေရာတွင် ထိုစပျစ်သီးများဖြင့် အရက်ချက်ရန် ဝယ်ယူသူလည်း ရှိနိုင်သည်။ သို့ရာတွင် ထိုသူသည် အရက်ချက်ရန်ဟုလည်း ထုတ်ဖော် ပြောကြားခြင်းလည်း မရှိ။ ရောင်းချသူကလည်း ဤသူသည် အရက်ချက်သူဖြစ်သည်ဟုလည်း မသိရှိဟု ဆိုလျှင် တရားတော်အရ ဤကဲ့သို့သော ရောင်းဝယ်မှုမျိုးကို 'မုဗာဟ်'နှင့် ပြုပိုင်ကြောင်း သတ်မှတ် ထားသည်။

အရေးကြီးသော သတိပေးချက်

အစ္စလာမ်နှင့် ရှရီအသ်တရားတော်သည် ပြစ်မှုနှင့် နီးကပ်စေသော အကြောင်းခံလုပ်ရပ်များကို ပထမအဆင့်တွင် သတ်မှတ်လျက် 'ဟရာမ်'ပြုလုပ်ထားသည်။ ထို 'ဟရာမ်'အမိန့်သတ်မှတ်ပြီးနောက် ၎င်းလုပ်ရပ်မှာ အမှန်တကယ် ပြစ်မှုအကြောင်းခံဖြစ်သည် ဖြစ်စေ၊ (သို့) ပြစ်မှုအကြောင်းခံ မဖြစ်သည် ဖြစ်စေ၊ နီးကပ်သော အကြောင်းခံအားလုံးမှာ လုံးဝ 'ဟရာမ်'ဖြစ်သည်။ ယခုအခါ ထိုအကြောင်းခံများသည် တရားတော်၏ သီးသန့် အမိန့်ပညတ်တော်တစ်ခု ဖြစ်သွားသည်။ ၎င်းတို့ကို ဆန့်ကျင်ခြင်း 'ဟရာမ်' ဖြစ် ပေသည်။ ထိုအချက်များ သိရှိပြီးနောက် နားလည်ရမည်မှာ အမျိုးသမီးတို့၏ 'ပရ်ဒဟ်'သည်လည်း တရား

တော်အရ ဤအကြောင်းခံများကို တားဆီးသည့် ဥပဒေအပေါ်၌ မူတည်ပေသည်။ 'ပရ်ဒဟ်'ကို စွန့်လွှတ်ခြင်းသည် ပြစ်မှု၌ နစ်မွန်းစေရန် အကြောင်းခံဖြစ်သည်။ ဤနေရာ၌လည်း အကြောင်းခံများ၏ ဖော်ပြပါ အမျိုးအစားများ၏ အမိန့်များရှိပေမည်။ ဥပမာ- နုပျိုသူအမျိုးသားတစ်ဦး၏ ရှေ့တွင် နုပျိုသော အမျိုးသမီးတစ်ဦးက မိမိ၏ ခန္ဓာကိုယ်အား ဖွင့်ပြခြင်းသည် ပြစ်မှု၏ အစပြုမှုကို နီးကပ်စေသော အကြောင်းခံဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဖြစ်လေ့ဖြစ်ထရှိသော သဘောသဘာဝအရ ထိုသို့ ပြခြင်းအပေါ် ပြစ်မှုကျူးလွန်ရန် အဆင်သင့်ဖြစ်ခြင်းမှာ မုချပင် ဖြစ်သွားပေသည်။ ဤအတွက်ကြောင့် ထိုသို့ ပြမှုခြင်းမှာ တရားတော်အရ 'ဇေနာ'ကဲ့သို့ 'ဟရာမ်'ဖြစ်သွားလေသည်။ အဘယ်ကြောင့်ဆိုသော် တရားတော်အရ ဤသို့ ပြမှုခြင်းကို အရှက်မဲ့သော လုပ်ရပ်အဖြစ် မိန့်မှတ်ထားသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဤသို့ ပြမှုခြင်းမှာ လုံးဝ 'ဟရာမ်'ဖြစ်သည်။ အမှန်စင်စစ် ဤလုပ်ရပ်သည် အပြစ်ကင်းစင်သူတစ်ဦးဘက်မှ ဖြစ်စေ၊ (သို့) မိမိ၏ စိတ်ရိုင်းအပေါ် ပြည့်ပြည့်ဝဝ ထိန်းချုပ်နိုင်ခြင်းကြောင့် စိတ်ငြိမ်ပြီး အပြစ်ဒုစရိုက်ကျူးလွန်ခြင်းမှ လွတ်ကင်းသွားသူပင်ဖြစ်စေ အတူတူပင် ဖြစ်သည်။ လိုအပ်ချက်ဖြစ်ပေါ်သည့် အခါမျိုး၌ ဆေးဝါးကုသခံယူခြင်း စသည်များ မပါဝင်ခြင်းမှာ သီးခြားဖြစ်သည်။ ထိုသို့ ပြခြင်းကြောင့် အဓိကဖြစ်သော 'ဟရာမ်'သတ်မှတ်မှုအပေါ် မည်သို့မျှ သက်ရောက်နိုင်ခြင်း မရှိပေ။ ဤဓမ္မသတ်သည် အခြေအနေနှင့် အချိန်အခါများနှင့်လည်း မည်သို့မျှ သက်ရောက်မှု မဖြစ်ပေ။ အစ္စလာမ်၏ အကောင်းဆုံး ခေတ်ဦး၌လည်း အပြစ်ဒုစရိုက်များစွာ ဖြစ်ပေါ်နေသည့် ယခုခေတ်၏ အမိန့်ကဲ့သို့ပင် ထိုအမိန့်ရှိနေခဲ့သည်။

'ပရ်ဒဟ်'ကို စွန့်လွှတ်ခြင်း၏ ဒုတိယအဆင့်မှာ အိမ်၏ လေးဘက်လေးရံ နံရံအတွင်းမှ အပြင်သို့ ထွက်လျှင် 'ဗွရ်ကအ်' (သို့) ရှည်လျားသော ခြုံထည်စောင်ဖြင့် တစ်ကိုယ်လုံး ဖုံးအုပ်နေပြီးမှ ထွက်ရမည် ဖြစ်သည်။ ဤသည်ကို စွန့်လွှတ်ခြင်းသည် ပြဿနာအရှုပ်အထွေးများ ပေါ်ပေါက်စေရန် အနည်းငယ်ဝေးသော အကြောင်းခံ ဖြစ်သည်။ ၎င်း၏အမိန့်မှာ ဤသို့ ('ပရ်ဒဟ်'နှင့် အပြင်ထွက်သည့်အလုပ်ကို) ပြုလုပ်ခြင်းသည် ပြဿနာအရှုပ်အထွေးများဖြစ်ရန် မရှိသော နေရာမျိုး၌ ပိုင်ပေသည်။ ထို့ကြောင့် ဤအမိန့်သည် အချိန်အခါနှင့် အခြေအနေများ ပြောင်းခြင်းဖြင့် ပြောင်းလဲမှု ဖြစ်နိုင်သည်။ ကိုယ်တော်မြတ် ﷺ ၏ ခေတ်သမယတွင် ဤပုံစံမျိုးဖြင့် အမျိုးသမီးများ အပြင်သို့ ထွက်ခြင်းတွင် ပြဿနာဖြစ်ရန် အကြောင်းမရှိခဲ့ပေ။ ထို့ကြောင့် ကိုယ်တော်မြတ် ﷺ သည် အမျိုးသမီးများကို 'ဗွရ်ကအ်' စသည်တို့ဖြင့် လုံခြုံစွာ ခန္ဓာကိုယ်တစ်ခုလုံးကို ဖုံးအုပ်၍ ဗလီသို့လာရန် စည်းကမ်းချက်အချို့ဖြင့် ခွင့်ပြုတော်မူခဲ့သည်။ ၎င်းတို့အား ဗလီသို့လာရန် ပိတ်ပင်ခြင်းကို တားမြစ်တော်မူခဲ့သည်။

စင်စစ် ထိုအချိန်တွင်လည်း ၎င်းတို့အဖို့ မိမိတို့၏ အိမ်များ၌သာ နမာဇ်ဝတ်ပြုကြရန် နှိုးဆော်တော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဗလီသို့ လာရောက်ဝတ်ပြုခြင်းထက် ပို၍ အိမ်၌ ဝတ်ပြုခြင်း၏ 'စဝါးဗ်'အကျိုး ကုသိုလ်များပြားသောကြောင့် ဖြစ်သည်။ သို့ရာတွင် ပြဿနာဖြစ်ပေါ်ရန် မစိုးရိမ်ရသည့်အတွက် တားမြစ်တော်မမူခဲ့ခြင်းဖြစ်သည်။ ကိုယ်တော်မြတ် ﷺ 'ဝဖားသ်'ဖြစ်တော်မူပြီးနောက် အမျိုးသမီးတို့သည် 'ဗွရ်ကအ်'ခြုံထည်စောင် စသည်တို့ ခြုံရုံ၍ လာခြင်းဖြစ်လင့်ကစား ပြဿနာနှင့် မကင်း

ကြောင်းကို ဆွဟာဗာတို့သည် တွေ့မြင်ခဲ့၍ တစ်ညီတစ်ညွတ်တည်း၊ တစ်သံတည်းဖြင့် အမျိုးသမီးများကို ဗလီ၌ 'ဂျမာအသ်'တွင် လာရောက်ခြင်းမှ တားမြစ်ခဲ့ကြသည်။ ဟဇရသ်အာအေရှာဟ် (رضي الله عنها) က 'အကယ်၍ တမန်တော်မြတ် ﷺ သည် မျက်မှောက်ကာလ၏ အခြေအနေများကို တွေ့မြင်တော်မူမည်ဆိုလျှင် အမျိုးသမီးများ ဗလီသို့ လာရောက်ခြင်းကို တားမြစ်တော်မူပေလိမ့်မည်'ဟု ပြောဆိုခဲ့သည်။ ထိုဟဒီးစ်တော်အရ ဆွဟာဗာတို့၏ ဆုံးဖြတ်ချက်သည် တမန်တော်မြတ် ﷺ ၏ ဆုံးဖြတ်ချက်နှင့် ကွဲလွဲမှုမရှိဘဲ ကိုယ်တော်မြတ် ﷺ ချမှတ်ပြဋ္ဌာန်းခဲ့သည့် စည်းကမ်းဥပဒေများ မရှိတော့သည့်အခါ အမိန့်သည် ကိုယ်တော်မြတ် ﷺ ၏ ဆုံးဖြတ်ချက်ဖြင့်သာ ပြောင်းလဲသွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရပေသည်။

အမျိုးသမီးများ၏ 'ပရ်ဒဟ်'အကြောင်း တင်ပြချက်များသည် ကုရ်အာန်ကျမ်းတော်မြတ်၌ (၇) နေရာ၌ လာရှိသည်။ (၃) နေရာသည် စူရာဟ်နူးရ်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ (၄) နေရာသည် စူရာဟ် အဟ်ဇားဗ်တွင် ဖြစ်သည်။ ၎င်းတို့အနက် နေရာ (၁) ခုမှာ တင်ပြပြီးဖြစ်သည်။ ယခု ဒုတိယတစ်ခုနှင့် ပတ်သက်၍ တင်ပြနေခြင်းဖြစ်သည်။ ကျန်နှစ်ခုမှာ ရှေ့၌ လာပေလိမ့်မည်။ ၎င်းတို့တွင် 'ပရ်ဒဟ်'၏ သတ်မှတ်ချက်နှင့် အမိန့်တော်များအကြောင်းနှင့် ထို 'ပရ်ဒဟ်'အမိန့်၌ မပါဝင်သူများအကြောင်းကိုပင် အကျယ်တဝင့် တင်ပြထားသည်။ အလားတူ (၇၀) ကျော်ရှိသော တမန်တော်မြတ် ﷺ ၏ ဟဒီးစ်တော်များတွင် နှုတ်အားဖြင့် မိန့်ကြားချက်များကိုလည်းကောင်း၊ လက်တွေ့ကျင့်စဉ်အားဖြင့် မိန့်ကြားချက်များကိုလည်းကောင်း 'ပရ်ဒဟ်'၏ အမိန့်ပညတ်များကို တင်ပြထားသည့် ဟဒီးစ်တော်အားလုံးကို တစ်နေရာတည်း၌ စုစည်းဖြစ်စေရန် ကျွန်ုပ်သည် ကျမ်းတစ်စောင်အဖြစ် تفصيل الخطاب فى تفسير آيات الحجاب အမည်ရှိ ကျမ်းတစ်စောင်ကို ရေးသားခဲ့သည်။ ထိုကျမ်းသည် အာရဗီဘာသာဖြင့် ရေးသားထားသည့် احكام القرآن 'အဟ်ကာမွလ်ကုရ်အာန်'ကျမ်းရှိ စူရာဟ်အဟ်ဇားဗ်'၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရိုက်နှိပ်ဖြန့်ချီခဲ့သည်။ ဤကုရ်အာန်အဖွင့်ကျမ်းတွင် အာယသ်တော်တိုင်း၏ 'သဖ်စီးရ်'ကို သူ့နေရာနှင့်သူ ဖွင့်ဆိုထားပေသည်။ ထိုကျမ်းငယ်ရှိ ကျန်ရှိ အချို့အကြောင်းအရာများကိုမူ အရေးကြီးသည့်အလျောက် ဤနေရာ၌ ရေးသားတင်ပြအပ်ပေသည်။

'ပရ်ဒဟ်' ၏ အာယသ်တော်များ ကျရောက်လာသည့်သမိုင်း

အမျိုးသားနှင့် အမျိုးသမီးများ 'ပရ်ဒဟ်'မရှိဘဲ ရောယှက်နေထိုင်ခြင်းမှာမူ ကမ္ဘာ့သမိုင်းတစ်လျှောက်လုံးတွင် အာဒမ် (عليه السلام) မှစ၍ 'ခါသိမွလ်အန်ဗေယာ' တမန်တော်မြတ် ﷺ အထိ မည်သည့်ခေတ်တွင်မျှ ကောင်းသည်ဟု မယူဆခဲ့ပေ။ ဘာသာရေးရှုထောင့်၊ ဘာသာရေးအသိုင်းအဝိုင်း၌သာ မဟုတ်ဘဲ မြင့်မြတ်သော အမျိုးအနွယ် များ၌လည်း ဤကဲ့သို့ ရောထွေးမှုမျိုး မပြုခဲ့ကြပေ။

ဟဇရသ်မူစာ (عليه السلام) ၏ မဒ်ယာန်ခရီးစဉ်တွင် ဆိတ်များကို ရေတိုက်ရန်အတွက် အမျိုးသားများနှင့် ဝေးရာ၌ သီးခြားရပ်၍ စောင့်ဆိုင်းနေသော အမျိုးသမီးများအကြောင်း တင်ပြထားသည်။ ထိုသို့ အမျိုးသား

များနှင့် ဝေးရာ၌ သီးခြားရပ်၍ စောင့်ဆိုင်းရသည့် အကြောင်းကို တင်ပြထားသည်မှာ 'ထိုအမျိုးသမီးများသည် အမျိုးသားများ အုပ်စုအတွင်း၌ ဝင်ရောက်ရန် မနှစ်သက်ကြသောကြောင့်ဖြစ်သည်။ အမျိုးသားများက မိမိတို့၏ သိုး၊ ဆိတ်များကို ရေတိုက်ကျွေးပြီးနောက် ကျန်ရှိသည့် ရေကိုသာ ရောင့်ရဲတင်းတိမ်လျက် ရေတိုက်ကျွေးခဲ့ကြသည်။

ဟဇရတ်ဖိုင်နဗ်ဗင်န်သေ့ဂျဟ်ရှ် ﷺ သခင်မ၏ 'နေကာဟ်'တွင် 'ပရ်ဒဟ်'၏ ပထမအာယသ်တော် ကျရောက်လာခဲ့သည်။ ထိုအာယသ်တော် မကျရောက်မီကလည်း ဂျာမိအ်သိရ်မိဇီကျမ်းတွင် 'ဟဇရတ်ဖိုင်နဗ် ﷺ သခင်မသည် အိမ်တွင် ထိုင်နေသည့် ပုံစံကို ဖော်ပြထားသည်မှာ-

وهى مو لّية وجهها الى الحائط

ဆိုလိုသည်မှာ 'သခင်မသည် မိမိ၏မျက်နှာကို နံရံဘက်သို့ လှည့်၍ ထိုင်နေခဲ့သည်'ဟု ဖြစ်သည်။

ထိုအချက်ကို ကြည့်ခြင်းဖြင့် သိရှိရသည်မှာ 'ပရ်ဒဟ်'၏ အာယသ်တော် မကျရောက်မီကပင် အမျိုးသမီးများနှင့် အမျိုးသားတို့၏ 'ပရ်ဒဟ်'မပါဘဲ ရောနှောခြင်း၊ ပွင့်လင်းစွာ တွေ့ဆုံခြင်း၊ စကားပြောဆိုခြင်း အစဉ်အလာများသည် မွန်မြတ်၍ ရည်မွန်ကောင်းမြတ်သည့် အသိုင်းအဝိုင်းများတွင် မရှိခဲ့ကြပေ။ ကုရ်အာန်ကျမ်းတော်မြတ်၌ ပထမအမိုက်ခေတ်၌ အမျိုးသမီးများ 'ပရ်ဒဟ်'မဲ့ သွားလာခြင်းများအကြောင်း တင်ပြထားခြင်းမှာလည်း အာရဗ်၏ မွန်မြတ်သော အမျိုးအနွယ်မှ အမျိုးသမီးများအနက်မှ မဟုတ်ဘဲ ကျွန်မများနှင့် အိုးမဲ့၊ အိမ်မဲ့ အမျိုးသမီးများသာ ဖြစ်သည်။ အာရဗ်ရှိ မွန်မြတ်သော အမျိုးအနွယ်တို့သည် ထိုသို့ သွားလာခြင်းကို အပြစ်ဟု ယူဆခဲ့ကြသည်။ အာရဗ်၏ သမိုင်းတစ်လျှောက်လုံးသည် ဤအကြောင်း အပေါ် သက်သေဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် ဟင်ဒူ၊ ဗုဒ်မသ်နှင့် အခြားသော မုရှ်ရစ်က်ဘာသာဝင်တို့တွင်လည်း အမျိုးသမီးများသည် အမျိုးသားများအတွင်း၌ 'ပရ်ဒဟ်'မဲ့ ရောနှောခြင်းကို မနှစ်သက်ကြပေ။ အမျိုးသမီးများသည် အမျိုးသားများနှင့် ပခုံးချင်းယှဉ်၊ ရင်ဘောင်တန်း၍ အလုပ်လုပ်ရန် ကြွေးကြော်မှုများ၊ ဈေးများနှင့် လမ်းမများတွင် တန်းစီခြင်းများ၊ ပညာသင်ကြားမှုမှသည် ဘဝသက်တမ်း၏ နေရာစုံ၌ အမျိုးသားနှင့် အမျိုးသမီးတို့၏ ပွင့်လင်းစွာ ရောနှောနေခြင်းများ၊ ဧည့်ခံပွဲများ၊ ကလပ်များတွင် ဖက်လှဲတကင်း တွေ့ဆုံခြင်း အစဉ်အလာများသည် ဥရောပသားတို့၏ အရှက်တရားကင်းမဲ့သည့် ရှက်ဖွယ်လိလိ ထွက်ကုန်များသာ ဖြစ်သည်။ ထိုကဗ္ဗာအတွင်းသို့ ဤလူမျိုးစုတို့သည်လည်း မိမိတို့၏ အတိတ်မှ ရိုးရာအစဉ်အလာကို တိမ်းရှောင်၍ ဝင်ရောက်နစ်မွန်းလျက် ရှိနေကြသည်။ ရှေးခေတ်အခါက ၎င်းတို့၌ ဤအခြေအနေမျိုး မရှိခဲ့ကြပေ။ အလ္လာဟ်အသျှင်မြတ်သည် အမျိုးသမီး၏ ခန္ဓာကိုယ်အား အမျိုးသားများနှင့် ကွဲပြားခြားနားစွာ ဖန်ဆင်းထားတော်မူသကဲ့သို့ ၎င်းတို့၏ စိတ်ဓါတ်များ၌ အရှက်သိက္ခာတည်းဟူသော ရတနာတစ်ပါးကို ထည့်သွင်းပေးထားတော်မူသည်။ ဤအရှက်သိက္ခာတရားသည် သဘာဝအားဖြင့် အမျိုးသားများနှင့် သီးခြားနေစေခြင်းနှင့် လုံခြုံစွာ နေထိုင်ခြင်းတို့ကို ဖြစ်ပေါ်စေသည်။ ဤသဘာဝနှင့် စိတ်ဓါတ်ဆိုင်ရာ အရှက်သိက္ခာ

တရားတို့၏ 'ပရ်ဒဟ်'သည် အမျိုးသားနှင့် အမျိုးသမီးများအကြား ကမ္ဘာအစကတည်းကပင် အတားအဆီး ဖြစ်ခဲ့သည်။ အစ္စလာမ့်ခေတ်ဦးမှလည်း အချင်းချင်း 'ပရ်ဒဟ်'ပြုရသည်ဆိုခြင်းမှာ ဤအမျိုးအစားပင် ဖြစ်သည်။

အမျိုးသမီးများသည် 'ပရ်ဒဟ်'ဖြင့် နေခြင်းနှင့် ပတ်သက်၍ ဤအထူးအမိန့်မှာ အမျိုးသမီးတို့၏ အဓိက နေရာသည် အိမ်၏ နံရံလေးဘက်အတွင်း၌သာ ဖြစ်သည်။ အကယ်၍ တရားတော်အရ လိုအပ်ချက် တစ်စုံတစ်ခုကြောင့် အပြင်သို့ ထွက်ရမည်ဆိုလျှင် တစ်ကိုယ်လုံးကို လုံခြုံစွာ ဖုံးအုပ်၍ ထွက်ရမည်ဟုဖြစ်သည်။ ဤသည် မဒီနာသို့ 'ဟီဂျ်ရသ်'ပြုပြီးနောက် ဟီဂျ်ရီ (၅) ခုနှစ်၌ ချမှတ်ခဲ့သည့် အမိန့်တော် ဖြစ်သည်။

အွမ္မသ်၏ သာသနာ့ပညာရှင် အကြီးအကဲများက တစ်ညီတစ်ညွတ်တည်း ဤ'ပရ်ဒဟ်'နှင့် စပ်လျဉ်း၍ အထက်၌ တင်ပြခဲ့သည့်

لَاتَدْ خُلُوْ ابُيُوْتَ النَّبِيِّ

ဟူသော အာယသ်တော်ကို တင်ပြကြသည်။ ဤအာယသ်တော်သည် ဟဇရသ်ဇိုင်နဗ်ဗင်န်သေ့ဂျဟ်ရှ် ﷺ သခင်မ၏ 'နေကာဟ်'နှင့် တမန်တော်မြတ် ﷺ ၏ ကြင်ယာတော်များစာရင်းတွင် ဝင်ရောက်လာသည့်အချိန်က ကျရောက်ခဲ့သည့် အာယသ်တော်ဖြစ်သည်။ ဤ 'နေကာဟ်'၏ သမိုင်းတွင် ဟာဖိဇ်အိဗ်နေဟဂျ်က အိဆွာဗာဟ်ကျမ်းတွင်လည်းကောင်း၊ အိဗ်နေအဗ်ဒွလ်ဗရ် (ရဟ) က အိစ်သီအားဗ်ကျမ်းတွင် လည်းကောင်း ဟီဂျ်ရီ (၃) ခုနှစ် (သို့) ဟီဂျ်ရီ (၅) ခုနှစ်တွင် ဖြစ်ခဲ့သည်ဟု အဆိုနှစ်ရပ် တင်ပြထားသည်။ အိဗ်နေကစီးရ်သည် ဟီဂျ်ရီ (၅) ခုနှစ်ကို ဦးစားပေးခဲ့သည်။ အိဗ်နေစအဒ် (ရဟ) က ဟဇရသ်အနတ်စ် ﷺ ထံမှလည်း ဟီဂျ်ရီ (၅) ခုတွင် ဖြစ်ကြောင်း ဆင့်ပြန်ခဲ့သည်။ ဟဇရသ်စွိဒ်ဒီကဟ်အာအေရှာဟ် ﷺ သခင်မ၏ အချို့ဆင့်ပြန်ချက်များအရလည်း ဤသည်ကိုပင် ဦးစားပေးခဲ့ကြောင်း သိရှိရသည်။

ဖော်ပြပါအာယသ်တော်တွင် အမျိုးသမီးများသည် 'ပရ်ဒဟ်'ဖြင့်သာ နေရမည်ဟု အမိန့်ပြဋ္ဌာန်းထားသည်။ အမျိုးသားများကိုမူ အကယ်၍ ထိုအမျိုးသမီးများထံမှ ပစ္စည်းတစ်စုံတစ်ရာ တောင်းခံရန်ဖြစ်လျှင် 'ပရ်ဒဟ်'၏ နောက်မှသာ တောင်းခံရမည်ဟု အမိန့်ပေးထားသည်။ ဤအမိန့်တွင် 'လိုအပ်ချက်မရှိပါက အမျိုးသားအမျိုးသမီးတို့သည် သီးခြားနေကြရမည်။ လိုအပ်ချက်ရှိသောအခါ အမျိုးသမီးတို့နှင့် စကားပြောဆိုရန်ရှိလျှင် 'ပရ်ဒဟ်'၏ နောက်ကွယ်မှသာ ပြုနိုင်သည်'ဟူသော 'ပရ်ဒဟ်'၏ အထူးလေးနက်မှုကို တွေ့ရှိရပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်တွင် အမျိုးသမီးများ 'ပရ်ဒဟ်'ပြုခြင်းနှင့် ထိုအကြောင်း အကျယ်တဝင့် တင်ပြခြင်းနှင့် စပ်လျဉ်း၍ အာယသ်တော် (၇) ပါး လာရှိထားသည်။ အာယသ်တော် (၄) ပါးသည် စူရာဟ်အဟ်ဇားဗ်တွင်လည်းကောင်း၊ အာယသ်တော် (၃) ပါးသည် စူရာဟ်နူးရ်၌လည်းကောင်း ၄င်းကို အရှေ့၌ တင်ပြခဲ့ပြီးဖြစ်သည်။ 'ပရ်ဒဟ်'နှင့် စပ်လျဉ်း၍ ပထမဦးစွာ ကျရောက်လာသည်မှာ-

لَا تَدْخُلُوا بُيُوتَ النَّبِيِّ اِلَّآ اَنْ يُّؤْذَنَ لَكُمْ

ဟူသော အာယသ်တော်ဖြစ်ကြောင်း အားလုံးထံတွင် တစ်ညီတစ်ညွတ်တည်း ဖြစ်သည်။ စူရာဟ်နူးရ်၏ အာယသ်တော် (၃) ပါးနှင့် စူရာဟ်အဟ်ဇာဗ်၏ အစပိုင်းမှ အာယသ်တော်များတို့တွင် ကြင်ယာတော်များအား

وَقَرْنَ فِىْ بُيُوْتِكُنَّ

'မိမိတို့၏ အိမ်များ၌သာ ထိုင်နေကြရမည်' ဟူ၍ အမိန့်တော် ပြဌာန်းထားသည်။ ဤအာယသ်တော်များသည် ကုရ်အာန်၏ အစဉ်လိုက်အစီအစဉ်အရ ပထမအာယသ်တော်များ ဖြစ်သော်လည်း ကျရောက်လာခြင်း၌မူ နောက်ကျသော အာယသ်တော်များ ဖြစ်သည်။ စူရာဟ်အဟ်ဇာဗ်၏ ပထမအာယသ်တော်တွင် 'ကြင်ယာတော်များအား အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ 'အကယ်၍ လောကီရေးချောင်လည်မှုကို ရယူလိုပါက တမန်တော်မြတ် ﷺ ထံတော်မှ 'သွလားက်' ယူကြကုန်။ အကယ်၍ တမလွန်ကို ဦးစားပေးပြီး လောကီရေးကို လက်ရှိအခြေအနေအပေါ်၌သာ ရောင့်ရဲမှု ပြုမည်ဆိုပါက 'နေကာဟ်'၌သာ ရှိနေကြကုန်' ဟူ၍ ရွေးချယ်ခွင့် ပေးတော်မူခဲ့သည်။

ဤရွေးချယ်ခွင့်ပေးသည့် ဖြစ်ရပ်၌ ရွေးချယ်ခွင့်ပေးခံရသည့် ကြင်ယာတော်များတွင် ဟဇရသ်ဇိုင်နဗ်ဗင်န်သေ့ဂျဟ်ရှ် ﷺ သခင်မလည်း တစ်ဦးအပါအဝင်ဖြစ်သည်။ ၎င်းမှ ဟဇရသ်ဇိုင်နဗ်ဗင်သေ့ဂျဟ်ရှ် သခင်မ၏ 'နေကာဟ်' သည် ဤအာယသ်တော် မကျရောက်မီက ဖြစ်ခဲ့ကြောင်းနှင့် ဤအာယသ်တော်သည် နောက်တွင်မှ ကျရောက်ခဲ့ကြောင်း သိရှိရသည်။ အလားတူ စူရာဟ်နူးရ်၏ အာယသ်တော်များတွင်လည်း 'ပရ်ဒဟ်' နှင့် စပ်လျဉ်း၍ ရှင်းလင်းချက်များ လာရှိသည်။ စင်စစ် ဤ အာယသ်တော်များသည် ကုရ်အာန်၏ အစဉ်လိုက်အစီအစဉ်အရ ရှေ့၌ရှိသော်လည်း ကျရောက်ခြင်း အစဉ်လိုက်အရမူ 'ဗနီမွတ်စွဲသွလိက်' (သို့) မုရိုင်ရ်စီးအ်စစ်ပွဲမှ အပြန်၌ ဖြစ်ပေါ်ခဲ့သည့် စွပ်စွဲမှုဖြစ်ရပ်နှင့်အတူ ကျရောက်ခဲ့ခြင်း ဖြစ်သည်။ ဤစစ်ပွဲသည် ဟီဂျ်ရီ (၆) ခုနှစ်၌ ဖြစ်ခဲ့သည်။ 'ပရ်ဒဟ်'၏ အမိန့်တော်များသည် ဟဇရသ်ဇိုင်နဗ် ﷺ သခင်မ၏ 'နေကာဟ်'၌ 'ပရ်ဒဟ်' နှင့်စပ်လျဉ်း၍ ကျရောက်ခဲ့သည့် အချိန်ကတည်းက အမိန့်ချမှတ်ပြဌာန်း ကျင့်သုံးခဲ့ပြီးဖြစ်သည်။ စူရာဟ်နူးရ်၏ 'ပရ်ဒဟ်' နှင့် စပ်လျဉ်းသော အမိန့်တော်များအကြောင်းသည် စူရာဟ်နူးရ်၌ ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်သည်။

အရှက်ဖုံးအုပ်ခြင်းအမိန့်နှင့် အမျိုးသမီးများ 'ပရ်ဒဟ်' ပြုရခြင်း၏ အမိန့်တို့တွင် ကွာခြားမှု

တရားတော်အရလည်းကောင်း၊ ပင်ကိုယ်သဘာဝအရသော်လည်းကောင်း၊ ဦးနှောက်အတွေးအခေါ်အရသော်လည်းကောင်း အမျိုးသားနှင့် အမျိုးသမီးတို့၏ ဖုံးအုပ်ရန် 'ဖွရ်ဇ်'ဖြစ်သော ခန္ဓာကိုယ်အစိတ်အပိုင်းများကို အာရဗီတွင် عورت 'အောင်ရသ်' ဟုလည်းကောင်း၊ အူရ်ဒူနှင့် ဖာရစီဘာသာများတွင် ستر 'စသ်သရ်' ဟုလည်းကောင်း ခေါ်ဆိုသည်။ အီမာန် (အစ္စလာမ်သာသနာကို လက်ခံယုံကြည်ခြင်း) ၏

နောက်တွင် လိုက်နာကျင့်ဆောင်ရန် အရေးကြီးသည့် ပထမဦးဆုံး 'ဖွရ်ဇ်' သည် ဖုံးအုပ်ရမည့် ခန္ဓာကိုယ်အစိတ်အပိုင်းများကို ဖုံးအုပ်ခြင်းပင် ဖြစ်သည်။ ဤ 'ဖွရ်ဇ်' တာဝန်သည် အစကနဦး ဖန်ဆင်းပြီးစဉ်ကပင် ရှိခဲ့သည့် 'ဖွရ်ဇ်' တာဝန်ဖြစ်သည်။ နဗီတမန်တော်တို့၏ ရှရီအသ်တရားတော်တိုင်းတွင် 'ဖွရ်ဇ်' အဖြစ် ရှိခဲ့ရုံသာမက ရှရီအသ်တရားတော်များ မရှိမီအလျှင်ကပင် 'ဂျန္နသ်' ၌ တားမြစ်ခြင်းခံရသော အပင်ကို စားမိခဲ့ခြင်းအပေါ် ဟဇရသ်အာဒမ် ﷺ နှင့် ဟောင်ဝါ ﷺ သခင်မတို့၏ 'ဂျန္နသ်' ၏ ဝတ်စားတန်ဆာများ ကျွတ်ကျသွားခဲ့စဉ်က အရှက်ပေါ်သွားသည့်အပေါ် ဟဇရသ်အာဒမ် ﷺ သည် 'ဂျန္နသ်' ၌ပင် ဖြစ်လင့်ကစား အရှက်ပေါ်ခြင်းကို ပိုင်သည်ဟု မယူဆခဲ့ပေ။ ထို့ကြောင့် အာဒမ် ﷺ နှင့် ဟောင်ဝါ ﷺ သခင်မတို့နှစ်ဦးစလုံးသည် 'ဂျန္နသ်' သုခဘုံရှိ သစ်ပင်များမှ သစ်ရွက်များဖြင့် မိမိတို့၏ အရှက်အင်္ဂါအစိတ်အပိုင်းများကို ဖုံးအုပ်ခဲ့ကြသည်။

طَفِقَا يَخْصِفَانِ عَلَيْهِمَا مِن وَرَقِ الْجَنَّةِ

ဟူသော အာယသ်တော်မှာ ဤသည်ကိုပင် ဆိုလိုခြင်းဖြစ်သည်။ လောကသို့ ရောက်ရှိလာပြီးနောက် ဟဇရသ်အာဒမ် ﷺ မှစ၍ ခါသိမွလ်အန်ဗီယာ ﷺ တမန်တော်မြတ် ﷺ အထိ နဗီတိုင်းနဗီတိုင်း၏ ရှရီအသ်တရားတော်တိုင်းတွင် အရှက်အင်္ဂါဖုံးအုပ်ခြင်းသည် 'ဖွရ်ဇ်' အဖြစ်ရှိခဲ့သည်။ ဖုံးအုပ်ရမည့် ခန္ဓာကိုယ်အစိတ်အပိုင်းသည် မည်သည့် နေရာမှ မည်သည့်နေရာသို့ ဖြစ်သနည်းဆိုသည်၌ ကွဲလွဲမှုများ ရှိနိုင်သော်လည်း အရှက်အင်္ဂါဖုံးအုပ်ခြင်း၊ 'ဖွရ်ဇ်' ဖြစ်ရာ၌မူ နဗီတမန်တော်အားလုံးတို့၏ တရားတော်တိုင်းတွင် တူညီမှုရှိသည်။ ဤ 'ဖွရ်ဇ်' သည် အမျိုးသား၊ အမျိုးသမီး လူသားတိုင်းအပေါ်၌ ပင်ကိုယ်သတ်မှတ်ချက် 'ဖွရ်ဇ်' ဖြစ်သည်။ ကြည့်ရှုတွေ့မြင်သည်ဖြစ်စေ၊ မတွေ့မမြင်နိုင်သည်ဖြစ်စေ ဖုံးအုပ်ရန် 'ဖွရ်ဇ်' ဖြစ်သည်။ အကယ်၍ လူတစ်ဦးသည် ညအမှောင်တွင် ကိုယ်လုံးတီးဖြင့် နမာဇ်ဝတ်ပြုနေသည်။ စင်စစ် ၎င်းထံတွင် အရှက်အင်္ဂါ ဖုံးအုပ်နိုင်သည့် အဝတ်အစားများရှိသည်ဆိုလျှင် (မည်သူကမျှ ၎င်း၏ ကိုယ်လုံးတီးဖြစ်မှုကို မမြင်သော်ငြားလည်း) ဤနမာဇ်သည် ပညာရှင်များအားလုံး၏ တစ်ညီတစ်ညွတ်တည်း အဆိုအရ မပိုင်ပေ။

[ဗဟ်ရွတ်ရာအိက်ကျမ်း]

အလားတူ တွေ့မြင်မည့်လူ မည်သူမျှ မရှိသည့်နေရာမျိုး၌ နမာဇ်ဝတ်ပြုသည့် အချိန်၌လည်း အကယ်၍ နမာဇ်တွင် အရှက်အင်္ဂါပေါ်သွားပါက နမာဇ်ပျက်သွားပေသည်။

နမာဇ်၏ အပြင် လူတို့၏ အရှေ့၌ အရှက်ဖုံးအုပ်ခြင်း 'ဖွရ်ဇ်' ဖြစ်ကြောင်းတွင် မည်သည့်ကွဲလွဲမှုမျှ မရှိသော်လည်း တစ်ဦးတည်းရှိပြီး တွေ့မြင်သူမရှိသည့်နေရာမျိုး၌လည်း မှန်ကန်သော အဆိုအရ ရှရီအသ်တရားတော်အရသော်လည်းကောင်း၊ သဘာဝအရ လိုအပ်ချက်တစ်စုံတစ်ရာ မရှိပါက မလိုအပ်ဘဲလျက် အရှက်အင်္ဂါ ဖွင့်ဖော်၍ ကိုယ်လုံးတီးထိုင်ခြင်း မပိုင်ပေ။

ဤအမိန့်သည်ကား အရှက်အင်္ဂါဖုံးအုပ်ခြင်းနှင့် ပတ်သက်သည့် အမိန့်ဖြစ်သည်။ ဤအမိန့်သည် အစ္စလာမ်အစမှသာ မဟုတ်ဘဲ ဖန်ဆင်းပြီးစဉ်မှ နဗီတမန်တော်တို့၏ ရှရီအသ်တရားတော်တိုင်း၌ 'ဖွရ်ဇ်'

အဖြစ်ရှိခဲ့သော အမိန့်ဖြစ်သည်။ ထိုအမိန့်တွင် အမျိုးသားနှင့် အမျိုးသမီးသည် တစ်ဦးတည်းရှိချိန်၌ဖြစ်စေ၊ လူအများ၏ ရှေ့၌ဖြစ်စေ အတူတူဖြစ်သည်။ လူတို့၏ ရှေ့မှောက်၌ ကိုယ်လုံးတီး ဝတ်လစ်စလစ်ဖြစ်နေခြင်း မပိုင်သကဲ့သို့ပင် တစ်ဦးတည်း၊ တစ်ယောက်တည်း ရှိနေချိန်၌လည်း လိုအပ်ချက်မရှိဘဲ ဝတ်လစ်စလစ်နေခြင်းမှာ မပိုင်ပေ။

ဒုတိယစမ္မသတ် ။ ။ အမျိုးသမီးတို့သည် သူစိမ်းတစ်ရံစာ အမျိုးသားများနှင့် 'ပရ်ဒဟ်'ပြုရမည်ဟူသော 'ပရ်ဒဟ်'၏ အမိန့်ဖြစ်သည်။ ဤစမ္မသတ်တွင်လည်း နဗီတမန်တော်များ၊ သူတော်စင်များနှင့် မွန်မြတ်သော သူတို့တွင် သူစိမ်းတစ်ရံစာ အမျိုးသားများနှင့် အမျိုးသမီးတို့သည် 'ပရ်ဒဟ်'မရှိဘဲ ရောရောနှောနှောနေထိုင်မှု မပြုသည်မှာ အမြဲတစေရှိခဲ့သည့် ဓလေ့ပင်ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၌ အကြိမ်ကြိမ် လာရှိခဲ့သည့် ဟဇရတ် ရှုအိုင်ဗ် ﷺ ၏ သမီးတော်နှစ်ပါး၏ ဖြစ်ရပ်တွင် ထိုသမီးတော်နှစ်ပါးသည် မိမိတို့၏ ဆိတ်များကို ရေတိုက်ရန် ရွာ၌ ရှိသော ရေတွင်းသို့ သွားကြရာ ထိုရေတွင်းတွင် လူအများအပြား စုရုံးလျက် မိမိတို့၏ သိုး၊ ဆိတ်များကို ရေတိုက်ကျွေးနေကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်၌ ဖော်ပြထားသည်မှာ ထိုအမျိုးသမီးနှစ်ဦးသည် အခြားတစ်ဖက်၌ သီးခြားရပ်နေကြသည်။ ဟဇရတ်မူစာ ﷺ သည် ထိုအချိန်၌ ခရီးသည်အဖြစ်ဖြင့် ရုတ်တရက် ထိုနေရာသို့ ရောက်ရှိလာခဲ့သည်။ သို့ဖြစ်ပေရာ ဤသို့ သီးခြားရပ်နေရသည့် အကြောင်းကို မေးမြန်းသည့်အခါ ထိုအမျိုးသမီးနှစ်ဦးက အကြောင်းနှစ်ရပ်ကို တင်ပြခဲ့သည်။

ပထမအချက်မှာ ဤအချိန်တွင် ဤနေရာ၌ အမျိုးသားများ အများအပြားရှိနေကြပါသည်။ ကျွန်မတို့သည် ၎င်းတို့ ပြန်သွားသည့်အချိန်တွင်မှ မိမိတို့၏ ဆိတ်များကို ရေတိုက်ကြမည်ဖြစ်ပါသည်။

ဒုတိယအချက်မှာ 'ကျွန်မတို့၏ ဖခင်ကြီးသည် အိုမင်းမစွမ်းဖြစ်နေပါသည်'ဟု ပြောပြခဲ့ကြသည်။ ဤစကားသည် တိရစ္ဆာန်များကို ရေတိုက်ကျွေးရန် ထွက်ခြင်းသည် အစဉ်အလာအရ အမျိုးသမီးတို့၏ အလုပ်မဟုတ်သော်လည်း ဖခင်ကြီး၏ အိုမင်းမစွမ်းဖြစ်မှုနှင့် အခြားအမျိုးသားတစ်ဦးမျှ မရှိခြင်းတို့ကြောင့် ဤအလုပ်ကို ပြုလုပ်ရကြောင်း ရည်ညွှန်းပြောဆိုခြင်း ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်တွင် ဟဇရတ်ရှုအိုက်ဗ် ﷺ ၏ သမီးတော်တို့၏ အခြေအနေကို ဖော်ပြထားသည်။ ယင်းဖော်ပြချက်အရ ထိုခေတ်ထိုအခါ ၎င်းတို့၏ ရှရီအသ်တရားတော်၌လည်း အမျိုးသမီးတို့သည် အမျိုးသားများနှင့် ပခုံးယှဉ် ရင်ဘောင်တန်း၍ သွားလာခြင်းနှင့် 'ပရ်ဒဟ်'မရှိဘဲ ရောနှောခြင်းတို့ကို မနှစ်သက်ခဲ့ကြကြောင်း ဤအတိုင်းပင် အမျိုးသားများနှင့် ရောထွေးသွားစေမည့် အလုပ်များကို အမျိုးသမီးများအား တာဝန်ပေးမထားကြောင်းကိုလည်း သိရှိရသည်။

မည်သို့ပင်ဆိုစေ အထက်ပါတင်ပြချက်များအရ အမျိုးသမီးများအား စနစ်တကျ 'ပရ်ဒဟ်'ဖြင့် နေရန်ဟူသော အမိန့်သည် ထိုအချိန်က မရှိခဲ့ပေ။ အလားတူ အစ္စလာမ့်ခေတ်ဦးကာလ၌လည်း ဤအတိုင်းပင် ရှိခဲ့သည်။ ဟိဂျ်ရီ ၃ ခုနှစ်၊ (သို့) ၅ ခုနှစ်တွင် အမျိုးသမီးများအပေါ်တွင် သူစိမ်းတစ်ရံစာ အမျိုးသားများနှင့် 'ပရ်ဒဟ်'ပြုရန် 'ဖွရ်ဇ်'အဖြစ် သတ်မှတ်ခဲ့သည်။ ရှေ့တွင် အကျယ်တဝင့် ရှင်းလင်းချက် လာရှိပေမည်။

ဖော်ပြပါအချက်များအရ 'အရှက်အင်္ဂါဖုံးအုပ်ခြင်း' နှင့် 'အမျိုးသမီး 'ပရ်ဒဟ်' ပြုရခြင်း' ဟူသော ဓမ္မသတ်နှစ်ခုသည် သီးခြားစီဖြစ်ကြောင်း သိရှိရသည်။ 'အရှက်အင်္ဂါဖုံးအုပ်ခြင်း' သည် အမျိုးသား၊ အမျိုးသမီးနှစ်ဦးစလုံးအပေါ်တွင် 'ဖွရ်ဇ်' ဖြစ်သည်။ 'ပရ်ဒဟ်' သည် အမျိုးသမီးများအပေါ်၌သာ 'ဖွရ်ဇ်' ဖြစ်သည်။ အရှက်အင်္ဂါဖုံးအုပ်ခြင်းသည် လူတို့၏ ရှေ့တွင်ဖြစ်စေ၊ (သို့) တစ်ဦးတည်းရှိသော အချိန်၌ ဖြစ်စေ၊ အခြေအနေနှစ်ရပ်စလုံးတွင် 'ဖွရ်ဇ်' ဖြစ်သည်။ 'ပရ်ဒဟ်' သည် သူစိမ်းအမျိုးသားများရှေ့၌သာ ဖြစ်သည်။ ဤရှင်းလင်းချက်ကို ရေးရခြင်းမှာ ဤဓမ္မသတ်နှစ်ခုကို ရောထွေးပစ်လိုက်ခြင်းဖြင့် ကုရ်အာန် ကျမ်းတော်မြတ်၏ အမိန့်တော်များနှင့် ဓမ္မသတ်များကို နားလည်စေခြင်းတွင် များစွာသော သံသယအတွေး များ ဖြစ်ပေါ်လာနိုင်သောကြောင့် ဖြစ်သည်။ ဥပမာ- အမျိုးသမီး၏ မျက်နှာနှင့် ခြေဖဝါး၊ လက်ဖဝါး တို့သည် အရှက်အင်္ဂါမပါဝင်ကြောင်း ပညာရှင်အားလုံးထံတွင် တစ်ညီတစ်ညွတ်တည်းဖြစ်သည်။ ထို့ကြောင့် နမာဇ်အတွင်း၌ မျက်နှာနှင့် ခြေဖဝါး၊ လက်ဖဝါးများ ပွင့်ပေါ်နေလျှင် ပညာရှင်အားလုံး၏ တစ်ညီတစ်ညွတ် တည်း ဆုံးဖြတ်ချက်အရ ၎င်းအမျိုးသမီး၏ နမာဇ်မှာ ပိုင်ပေသည်။ မျက်နှာနှင့် လက်ဖဝါးတို့မှာမူ ကုရ်အာန် ၏ အတိအလင်း တင်ပြထားချက်အရ အရှက်အင်္ဂါ၌ မပါဝင်ပေ။ ခြေဖဝါးနှစ်ဖက်ကိုမူ ထိုအချက်အပေါ် သုံးသပ်လျက် ဖေကာဟ်ပညာရှင်များက အရှက်အင်္ဂါ၌ မပါဝင်ပါဟု သတ်မှတ်ခဲ့ကြသည်။

သို့ရာတွင် သူစိမ်းအမျိုးသားများနှင့် 'ပရ်ဒဟ်' ပြုရာ၌လည်း မျက်နှာနှင့် လက်ဖဝါး ပါဝင်သည်၊ မပါဝင်သည်ဆိုရာ၌ ကွဲလွဲမှုရှိသည်။ ထိုအကြောင်း အကျယ်တဝင့်ကို စူရာဟ်နူးရ်၏ အာယသ်တော်ဖြစ်သော

لَا يُبْدِيْنَ زِيْنَتَهُنَّ اِلَّا مَا ظَهَرَ مِنْهَا

တွင် တင်ပြခဲ့ပြီးဖြစ်သည်။ ဤအကြောင်း အကျဉ်းချုပ်တင်ပြချက်မှာ ရှေ့တွင် လာရှိပေမည်။

တရားတော်အရ 'ပရ်ဒဟ်' ပြုခြင်း၏ အဆင့်အတန်းနှင့် 'ပရ်ဒဟ်' ၏ အမိန့်များအကြောင်း ရှင်းလင်းချက်

အမျိုးသမီးများ၏ 'ပရ်ဒဟ်' နှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော် (၇) ပုဒ်နှင့် ဟဒီးစ်ဆင့်ပြန်ချက် (၇၀) တို့ လာရှိထားသည့်အပေါ် တရားတော်အရ အဓိက 'ပရ်ဒဟ်' ပြုရခြင်း ၏ ရည်ရွယ်ချက်သည် အမျိုးသားများနှင့် မိမိတို့၏ ခန္ဓာကိုယ်ကို လူပုဂ္ဂိုလ်အမြင်အတွက်ပင် အမြင်မခံ 'ပရ်ဒဟ်' ပြုလုပ်ရန်ဖြစ်ကြောင်း သိရှိရသည်။ ဆိုလိုသည်မှာ အမျိုးသမီးများရှိနေခြင်းနှင့် သူမတို့၏ လှုပ်ရှား မှု ဟန်ပန်အမူအယာများသည် အမျိုးသားတို့၏ မြင်ကွင်းမှ ကွယ်ဝှက်နေရမည်ဟု ဖြစ်သည်။ အမျိုး သမီးတို့သည် အိမ်၏ နံရံလေးဘက်အတွင်း (သို့) ရွက်ဖျဉ်တဲအတွင်း (သို့) ခန်းဆီးကန့်လန့်ကာများ အတွင်း၌ နေ၍ 'ပရ်ဒဟ်' ပြုနိုင်သည်။ ထို့ပြင် ကျန် 'ပရ်ဒဟ်' ပြုရန် ဆင့်ပြန်ချက် လာရှိသမျှသော ပုံစံ များသည် လိုအပ်ချက်အပေါ် ကြည့်၍လည်းကောင်း၊ လိုအပ်သည့်အချိန်၌လည်းကောင်း၊ လိုအပ်သည်ခန့် အတွက်လည်းကောင်း အစရှိသော သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ဖြစ်သည်။

ဤအတိုင်းပင် 'ပရ်ဒဟ်'၏ ပထမအဆင့်ဖြစ်သော 'အမျိုးသမီးများသည် မိမိတို့၏ အိမ်များ၌ နေကြရမည်' ဟူသော တရားတော်၏ အဓိကရည်ရွယ်ချက်မှာ အမျိုးသားများနှင့် မိမိတို့၏ ကိုယ်ခန္ဓာကို လုံး၀ အမြင်မခံ 'ပရ်ဒဟ်'ပြုရန်ဖြစ်သည်။ သို့ရာတွင် အစ္စလာမ့်ရှရီအသ်တရားတော်သည် လုံး၀ဥဿုံ ပြီးပြည့်စုံသော သာသနာတော်တစ်ခု ဖြစ်သည့်အလျောက် ယင်းသာသနာတွင် လူ၏ လိုအပ်ချက်ဟူသမျှကို အပြည့်အ၀ ထောက်ရှုထားပေသည်။ အမျိုးသမီးတို့သည် တစ်ချိန်ချိန်တွင် အိမ်မှထွက်ရန် လိုအပ်ချက် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာလျှင် အပြင်သို့ထွက်ရန်အတွက် ဒုတိယအဆင့်အနေဖြင့် ကုရ်အာန်နှင့် စွန္နသ်အရ ဦးခေါင်းမှ ခြေအထိ 'ဗွရ်ကာအ်' (သို့) ရှည်လျားသော ခြုံထည်စောင်ဖြင့် ခန္ဓာကိုယ်တစ်ခုလုံးကို လုံခြုံစွာ ဖုံးအုပ်၍ ထွက်ရပေမည်။ လမ်းကို မြင်နိုင်ရန်အတွက် ခြုံထည်အတွင်းမှ မျက်စိအပေါက်တစ်ပေါက် ခန့်သာ ဖွင့်ထားရမည်။ (သို့) 'ဗွရ်ကာအ်'တွင် မျက်လုံးများရှေ့၌ အသုံးပြုသော ဇကာအကွက်ကို အသုံးပြုပြီးမှ ထွက်ရမည်။ အရေးကြီးလိုအပ်ချက်ဖြစ်ပေါ်သော (ဆေးဝါးကုသခံယူမှု အစရှိသော) အခြေအနေများတွင် 'ပရ်ဒဟ်'၏ ဒုတိယအဆင့်သည်လည်း ပထမအဆင့်ကဲ့သို့ပင် အာလင်မ်ပညာရှင်ကြီးများနှင့် ဖိကာဟ် ပညာရှင်ကြီးများအားလုံးတို့တွင် တစ်ညီတစ်ညွတ်တည်း (ချွင်းချက်အဖြစ်) သတ်မှတ်ထားသည်။

အချို့ဆင့်ပြန်ချက်များမှ တတိယအဆင့်တစ်ဆင့်ကိုလည်း သိရှိနားလည်ရသည်။ ထိုအဆင့်တွင် ဆွဟာဗာများ၊ သာဗိအီးန်များနှင့် အွမ္မသ်၏ ဖိကာဟ်ပညာရှင်များအကြား ကွဲလွဲမှုများ ရှိသည်။ ထိုကွဲလွဲမှုမှာ 'အမျိုးသမီးတို့သည် လိုအပ်ချက်အရ အိမ်မှ အပြင်သို့ ထွက်လျှင် ၄င်းတို့သည် မိမိတို့၏ မျက်နှာနှင့် လက်ဖ၀ါးတို့ကိုလည်း လူတို့၏ရှေ့တွင် ဖွင့်ဖော်နိုင်ပါသလား။ ခန္ဓာကိုယ်တစ်ခုလုံးအား ဖုံးအုပ်ထားရန်မှာမူ အရေးကြီးသော စည်းကမ်းချက်ဖြစ်သည်။ ရှရီအသ်တရားတော်အရ 'ပရ်ဒဟ်'၏ ဤအဆင့် (၃) ဆင့်၏ အကျယ်တဝင့် ရှင်းလင်းချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ပထမအဆင့်

အိမ်အတွင်း၌သာ နေထိုင်လျက် မိမိတို့၏ ခန္ဓာကိုယ်ကို လုံး၀ အမြင်မခံ 'ပရ်ဒဟ်'ပြု နေထိုင်ခြင်း

ကုရ်အာန်နှင့် စွန္နသ်၏ လမ်းညွှန်မှုအရ အဓိကရည်ရွယ်ချက်မှာ ဤအဆင့်သာဖြစ်သည်။ စူရာဟ် အဟ်ဇားဗ်တွင်

وَاِذَاسَاَ لْتُمُوْ هُنَّ مَتَاعًا فَاسْئَلُوْ هُنَّ مِنْ وَّرَآءِ حِجَابٍ

ဟူသော အာယသ်တော်သည် ထိုအဆင့်အတွက် ရှင်းလင်းပေါ်လွင်သော အထောက်အထား ဖြစ်သည်။ ထို့ထက်ပို၍ ရှင်းလင်းသော အာယသ်တော်မှာ စူရာဟ်အဟ်ဇားဗ်၏ အစပိုင်းမှဖြစ်သော

وَقَرْنَ فِىْ بُيُوْتِكُنَّ

ဟူသည့် အာယသ်တော်ဖြစ်သည်။ ဤအာယသ်တော်များအပေါ် တမန်တော်မြတ် ﷺ သည် 'အမလ်'ပြုလုပ်ပြတော်မူခဲ့ရာ ၄င်းမှာ ပို၍ပင် ရှင်းလင်းပေါ်လွင်သွားရ၏။

အမျိုးသမီးများ၏ 'ပရ်ဒဟ်'နှင့်စပ်လျဉ်း၍ ပထမအာယသ်တော်သည် ဟဇရသ်ဇိုင်နပ် ؓ သခင်မနှင့် 'နေကာဟ်'ပြုချိန်တွင် ကျရောက်ခဲ့သည့်အကြောင်း အထက်၌ သိရှိခဲ့ပြီးဖြစ်သည်။ ဟဒီးစ်ဆင့်ပြန်ချက်များတွင် ဟဇရသ်အနတ်စ် ؓ သခင်က မိန့်ဆိုသည်မှာ 'ကျွန်ုပ်သည် ဤ 'ပရ်ဒဟ်'၏ ဖြစ်ရပ်ကို အားလုံးထက်ပို၍ သိရှိရသည့်အကြောင်းမှာ ကျွန်ုပ်သည် ထိုအချိန်က တမန်တော်မြတ် ﷺ ၏ အပါးတော်၌ ရှိနေခဲ့သောကြောင့် ဖြစ်သည်။ 'ပရ်ဒဟ်'ပြုရန်အတွက် ဤအာယသ်တော် ကျရောက်လာသည့်အခါ ကိုယ်တော်မြတ် ﷺ သည် အမျိုးသားများ၏ ရှေ့တွင် စောင်ရှည် စသည်တို့ကို 'ပရ်ဒဟ်'အဖြစ် ထည့်လျက် ဟဇရသ်ဇိုင်နပ် ؓ သခင်မကို အတွင်း၌ ဖုံးကွယ်၍ နေစေလိုက်သည်။ သူမအား 'ဗွရ်ကာအ်' (သို့) ခြုံထည်စောင်များ ခြုံပေးပြီး အကာအကွယ်ဖြစ်စေခြင်းကို ပြုတော်မမူခဲ့ပေ။

အထက်၌ တင်ပြခဲ့ပြီးဖြစ်သော ဟဇရသ်အုမရ် ؓ သခင်နှင့် အာယသ်တော် ကျရောက်လာရခြင်း အကြောင်း ဖြစ်ရပ်၌လည်း ဟဇရသ်အုမရ် ؓ သခင်က 'မုအ်မင်န်တို့၏ မိခင်မွန် ကြင်ယာတော်တို့သည် အမျိုးသားတို့၏ မျက်လုံးများမှ ကင်းလွတ်သည့် အတွင်းခန်း၌သာ နေသင့်သည်'ဟူသော ၎င်း၏ ဆန္ဒ အကြောင်း သိရှိခဲ့ပြီးဖြစ်သည်။ ၎င်းပြောဆိုခဲ့သည့်

يَدْخُلُ عَلَيْكَ الْبِرُّ وَالْفَاجِرُ

ဟူသော စကားများအရ သိရှိရပေသည်။

ဆွဟီးဟ်ဘိုခါရီကျမ်း၌ 'မောင်ဝ်သဟ်'စစ်ပွဲအကြောင်းတွင် ဟဇရသ်စွိဒ်ဒီးကဟ်အာအေရှာဟ် ؓ သခင်မ၏ ဆင့်ပြန်ချက် လာရှိသည်မှာ တမန်တော်မြတ် ﷺ သည် ဟဇရသ်ဇိုင်ဒ်ဗင်န်ဟာရိဆဟ် ؓ၊ ဂျအ်ဖရ် ؓ သခင်နှင့် အဗ်ဒွလ္လာဟ်ဗင်န်ရဝါဟဟ် ؓ တို့၏ 'ရှဟီးဒ်'ဖြစ်သွားကြောင်း သိရှိရစဉ်၌ ကိုယ်တော်မြတ် ﷺ သည် 'မတ်စ်ဂျိဒ်ဒ္ဒေနဗဝီ'၌ ရှိနေတော်မူသည်။ ကိုယ်တော်မြတ် ﷺ ၏ မျက်နှာတော်တွင် အပြင်း အထန်ခံစားရသော သောကအရိပ်များ ထင်ဟပ်နေသည်။ ကျွန်မသည် အဆောင်တော်တံခါး၏ ချောင်းကြည့်ပေါက်တစ်ခုမှ ထိုဖြစ်ရပ်များအားလုံးကို ကြည့်နေခဲ့သည်။

အွန်းမွလ်မုအ်မိနီးန် ؓ သခင်မသည် ထိုဖြစ်ရပ်ဖြစ်ပေါ်နေချိန်၌လည်း 'ဗွရ်ကဟ်'ဝတ်၍ အပြင် ထွက်ပြီး ထိုင်ဝိုင်း၌ ဝင်ရောက်ပါဝင်ခြင်း မပြုဘဲ တံခါး၏ ချောင်းကြည့်ပေါက်မှ ထိုထိုင်ဝိုင်းကို ကြည့်နေ ခဲ့ကြောင်း အတည်ဖြစ်ပေသည်။ ဆွဟီးဟ်ဘိုခါရီကျမ်း 'ကိသာဗွလ်မဂါဇီ၊ အွမ်ရသွလ်ကဇွာ' ဗားဗ်တွင် လာရှိသည်မှာ ဟဇရသ်အုရ်ဝဟ်ဗင်န်ဇုဗိုင်းရ် ؓ သခင်သည် ဟဇရသ်စွိဒ်ဒီကဟ်အာအေရှာဟ် ؓ သခင်မ ၏ တူတော်သူ ဖြစ်သည်။ ၎င်းနှင့် အဗ်ဒွလ္လာဟ်ဗင်န်အုမရ် ؓ သခင်တို့သည် 'မတ်စ်ဂျိဒ်ဒ္ဒေနဗဝီ'တွင် ဟဇရသ်စွိဒ်ဒီကဟ်အာအေရှာဟ် ؓ သခင်မ၏ အဆောင်တော်၏ အပြင်ဘက် အနီးအနားတွင် ရှိနေကြ သည်။ တမန်တော်မြတ် ﷺ ၏ 'အွမ်ရာဟ်'ပြုခြင်းများနှင့် စပ်လျဉ်း၍ အချင်းချင်း ပြောဆိုနေခဲ့ကြသည်။ အိဗ်နေအုမရ် ؓ က ပြောဆိုသည်မှာ 'ဤသို့ စကားစမြည် ပြောဆိုနေကြစဉ် ဟဇရသ်စွိဒ်ဒီကဟ် အာအေရှာဟ် ؓ သခင်မ၏ အခန်းတွင်းမှ 'မိစ်ဝါးက်'တံပူစားခြင်းနှင့် လည်ချောင်းရှင်းသည့် အသံများကို

ကျွန်ုပ်တို့ ကြားခဲ့ရသည်'ဟု ဖြစ်သည်။ ရှေ့တွင် နဗီကိုယ်တော်မြတ် ﷺ ၏ 'အွမ်ရဟ်' ပြုခြင်းများအကြောင်း တင်ပြထားသည်။ ဤဆင့်ပြန်ချက်အရလည်း 'ပရ်ဒဟ်'၏ အာယသ်တော်များ ကျရောက်လာပြီးသည် မှစ၍ ကြင်ယာတော် ﷺ တို့သည် အိမ်များအတွင်း၌သာ နေ၍ 'ပရ်ဒဟ်'၏ အာယသ်တော်များ ကျရောက် လာပြီးသည်မှစ၍ ကြင်ယာတော်တို့သည် အိမ်များအတွင်း၌သာနေ၍ 'ပရ်ဒဟ်'ပြုခဲ့သည့် အစဉ်အလာ ရှိကြောင်း သိရှိရပေသည်။

အလားတူ ဆွဟီးဟ်ဘိုခါရီကျမ်း 'ဂဇ်ဝသွသ်သွာအိဖ်' အခန်းတွင် ဟဒီးစ်တော်တစ်ရပ် လာရှိ သည်မှာ တမန်တော်မြတ် ﷺ သည် ရေခွက်တစ်ခု၌ ပါးလုပ်ကျင်း၍ ဟဇရသ်အာဗူမူစာ ﷺ နှင့် ဗိလားလ် ﷺ တို့အား 'ဤသည်ကို သောက်လိုက်ပါ။ ထို့နောက် မိမိတို့၏ မျက်နှာများအပေါ် သုတ်လိမ်းပါ'ဟု ပြော၍ ပေးတော်မူလိုက်သည်။ အွမ်းမွလ်မုအ်မိနီးန်ဟဇရသ်အွမ်းမေ့စလ်မာဟ် ﷺ သခင်မသည် 'ပရ်ဒဟ်' ၏ နောက်ကွယ်မှ ဤဖြစ်ရပ်ကို ကြည့်ရှုနေခဲ့သည်။ သခင်မက အတွင်းမှ အသံပြု၍ ထိုပုဂ္ဂိုလ်နှစ်ဦးအား 'ဤဗရ်ကာသ်ရှိသော အရာများအနက်မှ မိမိတို့၏ မိခင် (အွမ်းမေ့စလ်မဟ် ﷺ) အတွက်လည်း ချန်ထား ကြကုန်'ဟု ပြောဆိုခဲ့သည်။

ဤဟဒီးစ်သည်လည်း 'ပရ်ဒဟ်'၏ အမိန့်တော်များ ကျရောက်လာပြီးနောက် ကြင်ယာတော်များသည် အိမ်များအတွင်း 'ပရ်ဒဟ်'အကာအကွယ်အတွင်း၌သာ နေခဲ့ကြကြောင်းအပေါ် အထောက်အထားဖြစ်သည်။

အကျိုးကျေးဇူး

ဤဆင့်ပြန်ချက်များတွင် 'ကြင်ယာတော်များသည်လည်း တမန်တော်မြတ် ﷺ ၏ 'သဗရ်ရွတ်က် ဗရ်ကာသ်'ရှိသော အရာများအပေါ် အခြားမှတ်စွလင်မ်များ လိုလားတောင့်တကြသကဲ့သို့ လိုလားတောင့်တ ကြကြောင်းကို ကြည့်ရှုရန် ထိုက်သည်။ ဤသည်မှာလည်း ကိုယ်တော်မြတ် ﷺ ၏ သန့်ရှင်းမြင့်မြတ်သော ဇာတိတော်၏ ထူးမြတ်မှုပင် ဖြစ်သည်။ နီးသည်နှင့် ပွင့်လင်းရင်းနှီးသော ပတ်သက်မှုသည် ခင်ပွန်းသည် တိုင်း၌ ရှိပေသည်။ ထိုသို့ ပွင့်လင်းရင်းနှီးသော ပတ်သက်မှုများ ရှိနေပါလျက် ၄င်းခင်ပွန်းသည်၏ ဤမျှ ကြည်ညိုလေးစား မြင့်မြတ်ကြီးကျယ်မှု အဆင့်သည် ရပ်တည်နေရန်မှာ သဘာဝအလျောက် မဖြစ်နိုင်သော ကြောင့် ဖြစ်သည်။

ဆွဟီးဟ်ဘိုခါရီကျမ်း 'ကိသာဗွလ်အဒဗ်'အခန်းတွင် ဟဇရသ်အနတ်စ် ﷺ သခင်က ဆင့်ပြန် သည်မှာ ၄င်းနှင့် အဘူသွလ်ဟာဟ် ﷺ သခင်တို့သည် တမန်တော်မြတ် ﷺ နှင့်အတူ တစ်ခါက တစ်နေရာ သို့ သွားခဲ့ကြသည်။ ကိုယ်တော်မြတ် ﷺ သည် ကုလားအုတ်ကို စီးနင်းတော်မူသည်။ ကိုယ်တော်မြတ် ﷺ နှင့်အတူ အွမ်းမွလ်မုအ်မိနီးန် ဟဇရသ်ဆွဖီယာဟ် ﷺ သခင်မလည်း လိုက်ပါစီးနင်းခဲ့သည်။ လမ်းခုလတ် တွင် ကုလားအုတ်သည် ရုတ်တရက် ခလုတ်တိုက်သွားသည်။ ဟဇရသ်အဘူသွလ်ဟာဟ် ﷺ သခင်၏ ပြောပြ ချက်အရ ကိုယ်တော်မြတ် ﷺ နှင့် ဟဇရသ်ဆွဟီယာဟ် ﷺ သခင်မတို့သည် ကုလားအုတ်ပေါ်မှ လိမ့်ကျ သွားခဲ့သည်။ သို့ဖြစ်ပေရာ အဘူသွလ်ဟာဟ် ﷺ သခင်သည် ကိုယ်တော်မြတ် ﷺ ၏ အပါးတော်သို့ ရောက်ရှိ

လာခဲ့သည်။ ထို့နောက် 'အလ္လာဟ်အသျှင်မြတ်သည် ကျွန်တော်မျိုးအား ကိုယ်တော့်အပေါ် စွန့်လွှတ်စေး ခွင့် ပြုတော်မူပါစေ။ ကိုယ်တော့်အဖို့ နာကျင်မှုတစ်စုံတစ်ရာ ဖြစ်တော်မူပါသလား'ဟု လျှောက်ထားရာ ကိုယ်တော်မြတ် ﷺ က 'မဖြစ်ပါ။ အသင်သည် အမျိုးသမီးထံသို့ သွားရောက် သတင်းယူကြည့်ရှုပါလေ' ဟု မိန့်ကြားလိုက်သည်။ အဘူသွလ်ဟဟ် ؓ သည် ဦးစွာပထမ မိမိ၏ မျက်နှာကို အဝတ်ဖြင့် ဖုံးအုပ် ပြီး ဟဇရဲသ်ဆွဖီယဟ် ؓ သခင်မထံ ရောက်ရှိခဲ့သည်။ သခင်မ၏ အပေါ်သို့ အဝတ်အုပ်ပေးလိုက်ရာ သခင်မသည် မတ်တတ်ရပ်လိုက်သည်။ တစ်ဖန် ဤပုံစံအတိုင်း 'ပရ်ဒဟ်'ဖြင့် ဖုံးအုပ်လျက် သခင်မကို အစီးအနင်းအပေါ်၌ စီးနင်းစေခဲ့သည်။

ဤဖြစ်ရပ်တွင်လည်း ရုတ်တရက် ဒုက္ခနှင့် ရင်ဆိုင်ကြုံတွေ့ရသော အခါမျိုး၌ပင် ဆွဟာဗာများ နှင့် ကြင်ယာတော်တို့၏ 'ပရ်ဒဟ်'အရေးကိစ္စတွင် ဤမျှ အလေးအနက်ထား၍ အရေးတယူ ဆောင်ရွက် ကြကြောင်း သက်သေဖြစ်သည်။ ဂျာမိအ်သိရ်မေဇီကျမ်း၌ ဟဇရဲသ်အဗ်ဒွလ္လာဟ်ဗင်နမတ်စ်အူးဒ် ؓ သခင်၏ ဟဒီးစ်တော်၌ လာရှိသည်မှာ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ

اذا خرجت المرأة استشرفها الشّيطن

'အမျိုးသမီးသည် အိမ်မှ အပြင်သို့ ထွက်သည့်အခါ ရှိုက်သွာန်သည် ၎င်းအား ချောင်းမြောင်းနေ သည်'ဟု ဖြစ်သည်။ (ဆိုလိုသည်မှာ 'သူမအား မွတ်စ္စလင်မ်များအတွင်း မကောင်းမှုများ ဖြန့်ချိရန် အကြောင်းခံ ပြုလုပ်ရန်'ဟု ဖြစ်သည်။) အိဗ်နေခုဇိုင်မဟ် ؓ နှင့် အိဗ်နေဟဗ်ဗာန်တို့က ဤဟဒီးစ်တော်၌

واقرب ماتكون من وجه ربّها وهى فى قعر بيتها

ဟူသော စာလုံးများကိုလည်း ဆင့်ပြန်ခဲ့သည်။ ဆိုလိုသည်မှာ 'အမျိုးသမီးသည် မိမိအိမ်၏ အလယ် ခန်း၌ လုံခြုံစွာ ရှိနေသည့်အချိန်သည် မိမိအသျှင်မြတ်နှင့် ပို၍ အနီးကပ်ဆုံးသော အချိန်ဖြစ်သည်'ဟူ၏။

ဤဟဒီးစ်တော်တွင် အမျိုးသမီးများအတွက် အဓိကမှာ မိမိတို့၏ အိမ်များ၌သာ နေကြပြီး အပြင် သို့ မထွက်ရကြောင်း အထောက်အထားပါရှိနေသည်။ (လိုအပ်ချက်ဖြစ်ပေါ်နေချိန်များ မပါပေ။)

ဟဒီးစ်တော်တစ်ပါးတွင် တမန်တော်မြတ် ﷺ က မိန့်သည်မှာ-

ليس للنّسآء نصيب فى الخروج الاّ مضطرّة

'အမျိုးသမီးတို့သည် အပြင်သို့ ထွက်ရန် မည်သည့်အခွင့်အရေးမျှ မရှိပေ။ သို့ရာတွင် အကျပ်အတည်း တစ်စုံတစ်ရာ ပေါ်ပေါက်လာသည့်အချိန်၌သာ အပြင်သို့ ထွက်နိုင်ပေမည်။' */ သွဗ်ရာနီ /*

ဟဇရဲသ်အလီ ؓ သခင်က ဆင့်ပြန်ခဲ့သည်မှာ 'ကျွန်ုပ်သည် တစ်နေ့တွင် တမန်တော်မြတ် ﷺ ၏ အပါးတော်၌ ရှိနေခဲ့သည်။ ကိုယ်တော်မြတ် ﷺ က ဆွဟာဗာတို့အား اىّ شىء خير للمرأة 'အမျိုးသမီး အတွက် အမွန်မြတ်ဆုံးသည် မည်သည့်အရာပါနည်း'ဟု မေးမြန်းတော်မူလေသည်။ ဆွဟာဗာများသည် နှုတ်ဆိတ်နေကြသည်။ မည်သည့်အဖြေမျှ မပေးကြပေ။ ထို့နောက် ကျွန်ုပ်သည် အိမ်သို့ ပြန်လာပြီး ဖာသွေမာဟ် ؓ သခင်မအား မေးမြန်းရာ ဖာသွေမာဟ် ؓ သခင်မက

لا ير ين الرّجال ولا يرونهنّ

'အမျိုးသမီးတို့အတွက် အမွန်မြတ်ဆုံးမှာ ၄င်းတို့သည် အမျိုးသားများကိုလည်း မတွေ့မြင်ခြင်းနှင့် ၄င်းတို့အား အမျိုးသားများက မတွေ့မြင်ခြင်းပင် ဖြစ်သည်'ဟု ဖြေကြားသည်။ ကျွန်ုပ်သည် ဤဖြေကြားချက်ကို ကိုယ်တော်မြတ် ﷺ အား ဆင့်ပြန်ပြောကြား လျှောက်ထားလေရာ ကိုယ်တော်မြတ် ﷺ က

صد قت انّها بضعة منّى

'သူမသည် အမှန်ကို ပြောဆိုခဲ့သည်။ စေန်မုချ သူမသည် ငါကိုယ်တော်၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်'ဟု မိန့်ကြားလေသည်။

ဟဇရတ်အာအေရှာဟ် ﷽ သခင်မအား သပုတ်လေလွှင့် စွပ်စွဲခြင်းဖြစ်ရပ်တွင် ဟဇရတ်အာအေရှာဟ် ﷽ သခင်မသည် တောထဲ၌ ကျန်နေရစ်သည့်အကြောင်း ပေါ်ပေါက်ခဲ့သည်။ ဤသို့ဖြစ်ရခြင်းမှာ ကြင်ယာတော်တို့၏ 'ပရ်ဒဟ်'သည် 'ဗွရ်ကဟ်'နှင့် ခြုံထည် စောင်ရှည်များသာမဟုတ်ဘဲ ခရီး၌လည်း မိမိတို့၏ (ကုလားအုတ်အပေါ်၌ ပြုလုပ်၍ တင်ထားသည့် အိမ်ကဲ့သို့ လုံခြုံသည့်) အဆောင်အတွင်း၌သာရှိခဲ့ကြသည်။ ထိုအဆောင်ကို ကုလားအုတ်အပေါ်၌ တင်၍ စီးနင်းစေသည်။ ထိုနည်းတူစွာ ဤအတိုင်းပင် အောက်သို့ ချရသည်။ ဤဖြစ်ရပ်တွင် ခရီးသည်များ ထွက်ခွာသွားသည့်အခါ ထုံးစံအတိုင်း အကျိုးဆောင်တို့သည် ထိုကုလားအုတ်၏ အဆောင်တော်ကို ဤအဆောင်တော်အတွင်း၌ အွန်းမွလ်မုအ်မိနီးန် ﷽ ရှိနေသည်ဟု ယူဆလျက် ကုလားအုတ်အပေါ်သို့ တင်လိုက်ကြသည်။ အမှန်စင်စစ် ထိုအဆောင်တော်အတွင်း၌ ဟဇရတ်အာအေရှာဟ် ﷽ သခင်မ မရှိပါချေ။ အပေါ့အလေး ကျန်းမာရေးသွားရန်အတွက် အပြင်သို့ ထွက်သွားနေချိန် ဖြစ်ပါသည်။ ဤသို့ မှားယွင်းလျက် ခရီးသည် အုပ်စုမှာ ထွက်ခွာသွားပြီဖြစ်သည်။ အွန်းမွလ်မုအ်မိနီးန် ဟဇရတ်အာအေရှာဟ် ﷽ သခင်မသည် တောထဲ၌ တစ်ဦးတည်း ကျန်နေခဲ့ပေသည်။

ဤအဖြစ်အပျက်သည်လည်း အလွန်ခိုင်မာသော အထောက်အထားတစ်ရပ်ဖြစ်သည်။ ရှရီအသ်တရားတော်မှ ပြဋ္ဌာန်းသည့် 'ပရ်ဒဟ်'၏ အလိုသဘောကို တမန်တော်မြတ် ﷺ နှင့် ကြင်ယာတော်တို့သည် အမျိုးသမီးများအနေဖြင့် မိမိတို့၏အိမ်များ၌ နေရမည်။ ခရီး၌ဖြစ်လျှင် ကုလားအုတ်အပေါ်ရှိ အဆောင်တော်အတွင်း၌သာ နေရမည်။ ၄င်းသူမတို့သည် အမျိုးသားများ၏ ရှေ့သို့ မလာရ' ဟု သိရှိသဘောပေါက်ခဲ့ကြသည်။ ခရီးစဉ်၏ အခြေအနေ၌ပင် အမျိုးသားများနှင့် 'ပရ်ဒဟ်'ပြုခြင်းကို ဤမျှ အလေးအနက်ထားကြသည်ဆိုလျှင် မိမိတို့ရပ်ရွာ နေအိမ်၌ဆိုလျှင် မည်မျှအလေးအနက် ပြုကြမည်နည်း။

ဒုတိယအဆင့်

'ဗွရ်ကအ်'ဖြင့် 'ပရ်ဒဟ်'ပြုခြင်း

လိုအပ်ချက်ဖြစ်ပေါ်သည့် အခြေအနေမျိုးတွင် အမျိုးသမီးများအဖို့ အိမ်မှ အပြင်သို့ ထွက်ရန်ဖြစ်ပါက 'ဗွရ်ကဟ်' (သို့) ခြုံထည်စောင်ရှည်တစ်ထည်ဖြင့် ခေါင်းမှ ခြေအထိ ဖုံးအုပ်၍ ထွက်ရန် အမိန့်ပြဋ္ဌာန်း

ထားသည်။ ခန္ဓာကိုယ်၏ မည်သည့်အစိတ်အပိုင်းမျှ မပေါ်လွင်စေရပေ။ ဤ 'ပရ်ဒဟ်'အဆင့်သည် ရှေ့၌ လာရှိမည့် စူရာဟ်အဟ်ဇာဗ်၏ အာယသ်တော်အရ အတည်ဖြစ်ပေသည်။ အာယသ်တော်မှာ

يَاَيُّهَا النَّبِيُّ قُلْ لِّاَزْوَاجِكَ وَبَنٰتِكَ وَنِسَاءِ الْمُؤْمِنِيْنَ يُدْنِيْنَ عَلَيْهِنَّ مِنْ جَلَا بِيْبِهِنَّ

ဆိုလိုသည်မှာ- 'အို, နဗီတမန်တော်၊ အသင်သည် မိမိ၏ ကြင်ယာတော်များအားလည်းကောင်း၊ သမီးတော်များအားလည်းကောင်း၊ မွတ်စ္စလင်မ်အမျိုးသမီးများအားလည်းကောင်း သူမတို့သည် မိမိတို့၏ ခြုံထည်စောင်ရှည်များကို မိမိတို့ ခန္ဓာကိုယ်အပေါ်၌ အသုံးပြုကြရန် အမိန့်ပေးပါလေ။'

ဤနေရာတွင် جلباب 'ဂျလ်ဗာဗ်'ဟု သုံးနှုန်းထားသည်။ အဓိပ္ပာယ်မှာ အမျိုးသမီး၏ ဦးခေါင်းမှ ခြေ အထိ တစ်ကိုယ်လုံး လုံခြုံစေသော ခြုံထည်စောင်ရှည်ဟု ဖြစ်သည်။

အိဗ်နေဂျရီးရ်သည် မိမိ၏ စနဒ်နှင့်တကွ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗားစ် ﷺ သခင်ထံမှ جلباب ခြုံထည်စောင်ရှည် သုံးစွဲသည့် ပုံသဏ္ဍာန်ကို ဆင့်ပြန့်သည်မှာ အမျိုးသမီးသည် ခေါင်းမှ ခြေအထိ ထိုခြုံထည် စောင် ရှည်၌ ပတ်ခြုံထားရမည်။ မျက်နှာနှင့် နှာခေါင်းတို့သည်လည်း ထိုခြုံထည်ဖြင့် ဖုံးအုပ်နေရမည်။ လမ်းကို ကြည့်ရှုရန်အတွက် မျက်လုံးကိုသာ ဖွင့်ရမည်'ဟု ဖြစ်သည်။ ဤအာယသ်တော်၏ အပြည့်အစုံ ဖွင့်ဆိုချက်သည် ရှေ့၌ တင်ပြပေဦးမည်။ ဤနေရာတွင် 'လိုအပ်ချက်အရ အမျိုးသမီးသည် အိမ်မှ အပြင်သို့ ထွက်ရန် ဖြစ်လျှင် ခြုံထည်စောင်ရှည် စသည်တို့ဖြင့် ခေါင်းမှခြေအထိ ဖုံးအုပ်၍ ထွက်ရမည်။ မျက်နှာကိုလည်း ဖုံးအုပ်ရမည်။ သို့ရာတွင် မျက်လုံးကိုမူ ဖွင့်ထားရမည်'ဟူသော အချက်ကို တင်ပြလိုခြင်းသာဖြစ်သည်။

ဤပုံစံသည်လည်း လိုအပ်ချက်ဖြစ်ပေါ်နေသည့်အခါ 'ဖေကာဟ်'ပညာရှင်များအားလုံး တစ်ညီ တစ်ညွတ်တည်းက ပိုင်သည်ဟု ဆိုကြသည်။ သို့သော် ဆွဟီးဟ်ဟဒီးစ်တော်များ၌ ဤပုံစံဖြင့် ထွက်ခြင်း၌လည်း အချို့စည်းကမ်းချက်များ သတ်မှတ်ထားသည်။ အမွှေးအကြိုင် မလိမ်းရခြင်း၊ အသံမြည်စေသော လက်ဝတ်လက်စားများ မဝတ်ဆင်ရခြင်း၊ လမ်း၏ ဘေးတစ်ဘက်မှ သွားရခြင်း၊ အမျိုးသားများ၏ အုပ်စု အတွင်း၌ မဝင်ရခြင်း စသည်တို့ဖြစ်သည်။

ဖေကာဟ်ပညာရှင်များအတွင်း ကွဲလွဲမှုရှိသော ရှရီအသ်တရားတော်အရ 'ပရ်ဒဟ်' (အကွယ်)၏ တတိယအဆင့်

ခေါင်းမှ ခြေအထိ တစ်ကိုယ်လုံး ဖုံးအုပ်ရမည်ဖြစ်သည်။ သို့သော် မျက်နှာနှင့် လက်ဖဝါးများကို ဖွင့်ဖော်ထားရခြင်းနှင့် ပတ်သက်၍ اِلَّا مَا ظَهَرَ ၏ သဖ်စီးရ်ကို မျက်နှာနှင့် လက်ဖဝါးများဟု ဖွင့်ဆိုသူ တို့ထံတွင် မျက်နှာနှင့် လက်ဖဝါးတို့သည် 'ပရ်ဒဟ်'စာရင်း၌ မပါဝင်တော့ပေ။ ထို့ကြောင့် ၎င်းတို့ကို

ဖွင့်ဖော်ရန် ပိုင်ပေသည်။ اَلْاَ مَاظَهَرَ ၏ သဖ်စီးရ်ကို 'ဗွရ်ကအ်'(ခြုံထည်စောင်ရှည်) စသည်ဖြင့် ဖွင့်ဆိုသူများသည် မျက်နှာနှင့် လက်ဖဝါးများ ဖွင့်ဖော်ခြင်းကို မပိုင်ဟု ဆိုကြသည်။

ပိုင်သည်ဟု ဆိုသူများထံတွင်လည်း ပြဿနာအရှုပ်အထွေးများ မဖြစ်ပေါ်စေရဟူသော စည်းကမ်းသတ်မှတ်ချက်လည်း ရှိပေသည်။ သို့သော် အမျိုးသမီး၏ အလှအားလုံး၏ စုရုံးရာမှာ ၎င်း၏ မျက်နှာပင်ဖြစ်သည်။ ထို့ကြောင့် မျက်နှာအား ဖွင့်ဖော်ရာတွင် ပြဿနာဖြစ်ရန် မစိုးရိမ်ရခြင်းဆိုသည်မှာ ရှားရှားပါးပါးဖြစ်သည်။ ထို့ကြောင့် နောက်ဆုံးရလဒ် အခြေအနေများအရ ၎င်းတို့ထံတွင်လည်း မျက်နှာ စသည်တို့ ကို ဖွင့်ဖော်ရန် မပိုင်ပေ။

အေမာမ်ကြီးလေးပါးအနက် အေမာမ်မာလိက်၊ အေမာမ်ရှာဖီအီနှင့် အေမာမ်အဟ်မဒ်ဗင်န်ဟန်ဗလ် အေမာမ်ကြီးသုံးပါးတို့ကမူ ပထမလမ်းစဉ် (အဆို) ကို ရွေးချယ်လျက် မျက်နှာနှင့် လက်ဖဝါးများကို ဖွင့်ဖော်ခြင်းကို လုံးဝ အခွင့်မပြုခဲ့ကြပေ။ ပြဿနာဖြစ်ပေါ်ရန် စိုးရိမ်ရသည်ဖြစ်စေ၊ မစိုးရိမ်ရသည်ဖြစ်စေ အတူတူပင် ဖြစ်သည်။ အေမာမ်အဘူဟနီဖာဟ် (ရဟ) သည် ဒုတိယလမ်းစဉ် (အဆို) ကို ရွေးချယ်ခဲ့သည်။ သို့ရာတွင် ပြဿနာဖြစ်ပေါ်ခြင်းအတွက် မစိုးရိမ်ရခြင်းကို စည်းကမ်းချက်အဖြစ် သတ်မှတ်ခဲ့သည်။ တစ်ဖန် အလေ့အထအရ ဤစည်းကမ်းချက်သည် ပျောက်ကွယ်သွားမည်ဖြစ်သည့်အတွက် ဟနဖီဖေကာဟ်ပညာရှင်ကြီးများသည်လည်း 'နေကာဟ်'ပြုပိုင်သူများ၏ ရှေ့တွင် မျက်နှာနှင့် လက်ဖဝါးများ ဖွင့်ဖော်ခြင်းကို ခွင့်မပြုကြပေ။

အေမာမ်ကြီးလေးပါးတို့၏ လမ်းစဉ် (အဆို) ဆင့်ပြန်ချက်များကို ၎င်းတို့၏ ခိုင်မာသော ကျမ်းညွှန်းချက်များဖြင့် အဟ်ကာမွလ်ကုရ်အာန် (အာရဗီ) ကျမ်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် တင်ပြထားသော **تفصيل الخطاب فى تفسيرايات الحجاب** ကျမ်းငယ်တွင် အကျယ်တဝင့် တင်ပြထားသည်။ ဟနဖီတို့၏ မူရင်းလမ်းစဉ် (အဆို) မှာ မျက်နှာနှင့် လက်ဖဝါးတို့ကို 'ပရ်ဒဟ်'၏ စာရင်းမှ ပယ်ဖျက်ထားသည့်အတွက် ဤနေရာ၌ ဟနဖီလမ်းစဉ်၏ အချို့ဆင့်ပြန်ချက်များကို တင်ပြလိုက်သည်။ ၎င်းတို့တွင် ပြဿနာ ပေါ်ပေါက်မည်ကို စိုးရိမ်ရသောအချိန်တွင် တားမြစ်ရမည်ဟူသော အမိန့်ကိုလည်း တင်ပြထားသည်။

اعلم اَنّهُ لاملازمة بين كونه ليس عورة وجواز النّظر اليه فحلّ النّظر منوط لعدم خشية الشهوةِ مع انتفاء العورة ولذ احرم النّظرُ الى وجهها ووجه الْاَمرد اذاشكّ فى الشهوة ولاعورة

ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခု၏ အရှက်အင်္ဂါ၌ မပါဝင်ခြင်းနှင့် ထိုအစိတ်အပိုင်းအား ကြည့်ရှုရန် ပိုင်ခြင်းတို့တွင် မည်သည့်အရေးကြီးသော အချက်မျှ မရှိသည်ကို သိထားရပေမည်။ အဘယ်ကြောင့်ဆိုသော် ကြည့်ရှုရန် ပိုင်ခြင်းမှာမူ ထိုအစိတ်အပိုင်းသည် အရှက်အင်္ဂါ၌ မပါဝင်သည့်တိုင် ရမ္မက်ဆန္ဒများ မဖြစ်ပေါ်ခြင်းအပေါ်၌သာ မူတည်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် သူစိမ်းအမျိုးသမီး၏ မျက်နှာ

(သို့) အမွေးအမျှင် မပေါက်သေးသော လူပျိုပေါက်ယောကျ်ားလေးတစ်ဦး၏ မျက်နှာကို ကြည့်ရှုခြင်းကြောင့် ရမ္မက်ဆန္ဒများ ပေါ်ပေါက်လာနိုင်သည်ဟု သံသယရှိသည်ဆိုလျှင်ပင် ထိုသို့ကြည့်ခြင်းသည် 'ဟရာမ်' ဖြစ်ပေသည်။ စင်စစ် မျက်နှာသည် အရှက်အင်္ဂါ၌ ပါဝင်သော အစိတ်အပိုင်းမဟုတ်ပါချေ။

[ဖသ်ဟုလ်ကဒီးရ်ကျမ်း၊ တွဲ-၁၊ စာ-၁၈၁။]

ဖသ်ဟုလ်ကဒီးရ်ကျမ်း၏ ဖော်ပြပါစာသားများအရ ရမ္မက်စိတ်ရိုင်းများ ဖြစ်ပေါ်လာရန် စိုးရိမ်ရခြင်း၏ သဖ်စီးရ် ဖွင့်ဆိုချက်ကိုလည်း သိရှိသွားရပေသည်။ အဘယ်ကြောင့်ဆိုသော် စင်စစ် ကြည့်ရှုခြင်းတွင် မည်သည့်ရမ္မက်စိတ်ရိုင်း၏ ရည်ရွယ်ချက်မရှိသော်လည်း ဤသို့သော အတွေးဆန္ဒများ ပေါ်ပေါက်လာနိုင်သည်ဟု သံသယရှိခြင်း ဖြစ်သည်။

ဤသို့သော သံသယပေါ်ပေါက်လာပါလျှင် သူစိမ်းအမျိုးသမီးကိုသာမက အမွေးအမျှင်မပေါက်သေးသည့် လူပျိုဝင်စ ယောကျ်ားကလေး၏ မျက်နှာကို ကြည့်ရှုခြင်းမှာလည်း 'ဟရာမ်'ဖြစ်သည်။ ရမ္မက်စိတ်ရိုင်း၏ အတွေးများ ပေါ်ပေါက်လာခြင်း၏ အကျယ်တဝင့် ရှင်းလင်းချက်ကို 'ဂျာမိအွရ်ရူမူးဇ်' ကျမ်း၌ ဖော်ပြထားသည်မှာ 'နဖ်စ်' စိတ်ရိုင်းတွင် ၎င်းအမျိုးသမီးနှင့် နီးကပ်မှုရရှိရန် ၎င်းဘက်သို့ တိမ်းညွတ်မှု ပေါ်ပေါက်လာခြင်း ဖြစ်သည်။ 'နဖ်စ်' စိတ်ရိုင်းတွင် ဤမျှ တိမ်းညွတ်မှုလည်း ပေါ်ပေါက်ခြင်း မရှိဆိုသည်မှာ ဖြစ်နိုင်ခဲသော အရာတစ်ခုအဖြစ် ထင်ရှားပေသည်။ ဤအချက်မှာမူ ရှေးယခင်ခေတ်ကာလများ၌ပင် အလွန်ရှားပါးသော ကိစ္စဖြစ်သည်။ ဟဒီးစ်တော်၌ ဟဇရသ်ဖဇ္ဇ်လ်အား အမျိုးသမီးတစ်ဦးဘက်သို့ ကြည့်ရှုနေသည်ကို တမန်တော်မြတ် ﷺ သည် ၎င်း၏ မျက်နှာကို မိမိ၏လက်ဖြင့် အခြားတစ်ဖက်သို့ လှည့်ပေးတော်မူခဲ့သည်မှာ ထိုအချက်အတွက် ထင်ရှားသော အထောက်အထားပင် ဖြစ်ပါသည်။ သို့ဖြစ်ပေရာ 'ပြဿနာ အရှုပ်အထွေးများစွာရှိသော ဤခေတ်သမယတွင် ဤသို့သော စိုးရိမ်ရခြင်းများမှ ကင်းပါသည်' ဟု မည်သူပြောဆိုနိုင်ပါမည်နည်း။

ရှမ်စွလ်အအင်မ်မဟ်စရ်ခစီသည် ဤမဗ္ဗသတ်အပေါ် အကျယ်တဝင့် ရေးသားထားသည်မှာ-

وهذا كلّه اذ الم يكن النّظرعن شهوة فان كان يعلم انّه ان نظر
اشتهى لم يحل له النّظر الى شىء منّها

ဤမျက်နှာနှင့် လက်ဖဝါးများကို ကြည့်ရှုပိုင်ခြင်းသည် ဤအကြည့်၌ ရမ္မက်စိတ်ရိုင်း မပါရှိသည့် အခြေအနေ၌သာ ဖြစ်သည်။ အကယ်၍ ကြည့်ရှုသူသည် မျက်နှာကို ကြည့်ရှုခြင်းဖြင့် မကောင်းသော စိတ်ခါတ်များ ပေါ်ပေါက်လာနိုင်သည်ကို သိရှိသည်ဆိုပါက ထိုသူ့အဖို့ အမျိုးသမီး၏ မည်သည့်အရာကိုမျှ ကြည့်ရှုခြင်း မပိုင်ပေ။

[မဗ်ဆူးသွ်ကျမ်း၊ တွဲ-၁၊ စာ-၁၅၂။]

အလ္လာမဟ်ရာမီ (ရဟ) က ရဒ်ဒွလ်မုခ်သားရ်ကျမ်းတွင် ကိသာဗွလ်ကရာဟီယဟ်၌ မိန့်ဆိုထားသည်မှာ-

فانخاف الشّهوة اوشكّ امتنع النّظر الىوجهها فحلّ النّظر مقيّدة
بعلم الشّهوة والّافحرام وهذا فى زما نهم وامّافىزماننافمنع من الشّابة
الّاالنّظرلحاجة كقاض وشاهديحكم ويشهد وايضاقالفى شروط الصّلوة
وتمنع الشّابة من كشف الوجه بين رجال لالأنّه عورة بل لّخوف الفتنة

'အကယ်၍ ရမ္မက်စိတ်ရိုင်း ပေါ်ပေါက်လာမည်ကို စိုးရိမ်ရခြင်း (သို့) သံသယရှိခြင်းတို့ဖြစ်မူ အမျိုးသမီး၏ မျက်နှာကို ကြည့်ရှုခြင်းသည် တားမြစ်ခြင်းခံရပေမည်။ အဘယ်ကြောင့်ဆိုသော် ကြည့်ရှုခြင်းပိုင်ရန်အတွက် ရမ္မက်စိတ်ရိုင်းမရှိခြင်းဖြင့် စည်းကမ်းသတ်မှတ်ထားသောကြောင့် ဖြစ်သည်။ ဤစည်းကမ်း သတ်မှတ်ချက်မရှိပါက 'ဟရာမ်'ဖြစ်သည်။ ဤအမိန့်သည် ကျွန်ုပ်တို့၏ အရှေ့ခေတ်ရှိ လူမျိုးအတွက် အမိန့်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့ ခေတ်သမယ၌မူ အမျိုးသမီးအား ကြည့်ခြင်းသည် လုံးဝဥသုံ တားမြစ်ခြင်းခံရသည်။ သို့ရာတွင် ရှရီအသ်တရားတော်၏ လိုအပ်ချက်တစ်စုံတစ်ရာအားဖြင့် ကြည့်ရှုခြင်းဖြစ်လျှင် ပိုင်သည်။ ဥပမာ- တရားသူကြီး (သို့) သက်သေဖြစ်သူက ၎င်းတို့က အမှုကိစ္စတစ်ခုခု၌ ထိုအမျိုးသမီးနှင့် စပ်လျဉ်းသည့် သက်သေထွက်ဆိုချက် (သို့) စီရင်ချက်ချမှတ်သော အချိန်များတွင်ဖြစ်သည်။ ထို့ပြင် နမာဇ်၏ စည်းကမ်းချက် များ တင်ပြရာ၌ မိန့်ထားသည်မှာ ပျိုရွယ်သူအမျိုးသမီးများအဖို့ သူစိမ်းတရံစာ အမျိုးသားများရှေ့၌ မျက်နှာဖွင့်ဖော်ခြင်းသည် တားမြစ်ခံရသော ကိစ္စဖြစ်သည်။ မျက်နှာသည် **عورت** (အမြဲ) ဖုံးကွယ်အပ်သောအရာ ဖြစ်သည်အတွက် မဟုတ်။ ပြဿနာများ ပေါ်ပေါက်ရန် စိုးရိမ်ရသောကြောင့် ဖြစ်သည်။

ဖေကာဟ်ပညာရှင်များအကြား အငြင်းပွားမှုနှင့် ကွဲလွဲမှုများ၏ ရလဒ်မှာ အေမာမ်ရှာဖေအီ၊ အေမာမ်၏မာလိက်နှင့် အေမာမ်အဟ်မဒ်ဗင်န်ဟန်ဗလ် (ရဟ) တို့က ပျိုရွယ်သူအမျိုးသမီးအား ကြည့်ရှုခြင်းကို ဖြစ်လေ့ ဖြစ်ထရှိသော သဘာဝအရ ပြဿနာများ၏ အကြောင်းခံဖြစ်သည်ဟု သတ်မှတ်၍ ထိုသို့ ကြည့်ရှုခြင်းကို လုံးဝ တားမြစ်လိုက်သည်။ စင်စစ် ပြဿနာပေါ်ပေါက်သည်ဖြစ်စေ၊ မပေါ်ပေါက်သည်ဖြစ်စေ တားမြစ်ခဲ့ကြသည်။ ရှရီအသ်တရားတော်၏ များစွာသော အမိန့်တော်များတွင် ဤကဲ့သို့သော အကြောင်းများ ရှိပေသည်။ ဥပမာ- ခရီးထွက်ခြင်းသည် ယေဘုယျအားဖြင့် ဒုက္ခနှင့် ကြိုးပမ်းမှုများ ပြုရသော အကြောင်းခံဖြစ်သည်။ ထို့ကြောင့် ခရီးထွက်ခြင်းကိုပင် ဒုက္ခပင်ပန်း ဆင်းရဲခံရခြင်းဟု အမိန့်သတ်မှတ်၍ ခွင့်လွှတ်လျော့ပေါ့မှု အမိန့်ပညတ်ချက်အားလုံးကို ခရီးထွက်ခြင်းအပေါ်၌ မူတည်သတ်မှတ်ပေးခဲ့သည်။ ခရီး၌ မည်သည့်ဒုက္ခမျှ မရောက်ရှိသည့်အပြင် မိမိအိမ်ထက် ပို၍ သက်တောင့်သက်သာရှိသည်ပင်ဖြစ်စေ၊ လျော့ပေါ့ပေးခြင်း ဆိုလိုသည်မှာ နမာဇ်ကို 'ကစ္စာရ်'(နှစ်ရကအသ်သာ ဝတ်ပြုခြင်း) ဖတ်ရခြင်းနှင့် 'ရိုဇာဟ်'ကို ခွင့်လွှတ်ချက်ပေးထားခြင်း စသည့် အမိန့်များကိုလည်း ရရှိခံစားရမည်ဖြစ်သည်။ အလားတူ အိပ်ပျော်နေ

သည့်အခါတွင် လူသည် သတိမရှိဖြစ်သွားသည့်အခါ အလိုအလျောက် လေလည်ခြင်း ဖြစ်လေ့ဖြစ်ထရှိရာ ၎င်းအိပ်စက်ခြင်းကိုပင် လေလည်ခြင်းဟု သတ်မှတ်လျက် အိပ်စက်ခြင်းဖြင့် ဝုဇူပျက်ကြောင်း အမိန့်သတ်မှတ်ထားသည်။ စင်စစ် လေလည်ခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ 'ဝုဇူ'ပျက်ကြောင်း ပြဋ္ဌာန်းထားသည်။

သို့ရာတွင် အေမာမ်အအ်ဇမ်အဘူဟနီဖာဟ် (ရဟ) က အမျိုးသမီး၏ မျက်နှာနှင့် လက်ဖဝါးတို့ ဖွင့်ဖော်ခြင်းကို မျက်နှာအား ဖွင့်ဖော်ခြင်းမှုဖြင့် ပြဿနာများ ပေါ်ပေါက်စေသော လုပ်ရပ်အဆင့် မပေးထား မသတ်မှတ်ခဲ့ပေ။ ထိုမှုမက အမျိုးသမီး ဘက်သို့ နီးကပ်စေမည့် တိမ်းညွတ်ခြင်းမျိုး ဖြစ်ပေါ်လာလျှင်ဖြစ်စေ၊ (သို့) ထိုသို့ ဖြစ်နိုင်ကြောင်း သံသယရှိသည့်အခါတွင်ဖြစ်စေ၊ တားမြစ်ချက် ပြုထားသည်။ ထိုသို့ဖြစ်ရန် သံသယမရှိသော နေရာမျိုးတွင် ပိုင်ပေသည်။ သို့ရာတွင် ဤခေတ်သမယ၌ ဤသို့ သံသယမရှိဟု ဆိုခြင်းမှာ မရှိသလောက် ရှားပါးလှသည့်အကြောင်း အထက်တွင် သိရှိခဲ့ရပြီးဖြစ်သည်။ ထို့ကြောင့် နှောင်းခေတ်ဟနဖီပညာရှင်များက နောက်ဆုံးတွင် အေမာမ်ကြီး (၃) ပါး ချမှတ်ပြဋ္ဌာန်းခဲ့သည့် 'ပျိုရွယ်သူ အမျိုးသမီးများ၏ မျက်နှာ (သို့) လက်ဖဝါးများကို ကြည့်ရှုခြင်းသည် တားမြစ်ချက်ရှိသည်' ဟူသော အမိန့်ကိုပင် ချမှတ်ပြဋ္ဌာန်းခဲ့ကြသည်။

နောက်ဆုံးရလဒ်ကိုကြည့်လျှင် ယခုအခါ အေမာမ်ကြီး (၄) ပါးလုံး တစ်ညီတစ်ညွတ်တည်းဖြင့် 'ပရ်ဒဟ်'၏ ဤတတိယအဆင့်မှာ တားမြစ်ချက် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးသည် 'ဗွရ်ကအ်'၊ ခြုံထည်စောင်ရှည် စသည်တို့ဖြင့် ခန္ဓာကိုယ်တစ်ခုလုံးကို လုံခြုံစွာ ဖုံးအုပ်လျက် ထွက်ရမည်။ သို့ရာတွင် မျက်နှာနှင့် လက်ဖဝါးတို့ကို ဖွင့်ဖော်၍ အမျိုးသားများရှေ့သို့ လာခြင်းသည်လည်း တားမြစ်ချက်၌ ပါဝင်သွားပြီး ဖြစ်သည်။ ထို့ကြောင့် ယခုအခါ 'ပရ်ဒဟ်'၏ ပထမအဆင့်နှစ်ဆင့်သာလျှင် ကျန်ရှိပေသည်။ ပထမအဆင့်မှာ အဓိကရည်ရွယ်ချက်ဖြစ်ပြီး 'အမျိုးသမီးများသည် အိမ်များအတွင်း၌သာ နေထိုင်ရပြီး လိုအပ်ချက်မရှိက အပြင်သို့ မထွက်ရ'ဟု ဖြစ်သည်။ ဒုတိယအဆင့်မှာ 'ဗွရ်ကအ်'စသည်တို့ဖြင့် လိုအပ်ချက်ဖြစ်ပေါ်သည့်အခါ လိုအပ်သည့်အချိန်၊ လိုအပ်သည်ခန့်သာ ထွက်ခွင့်ရှိခြင်း ဖြစ်သည်။

ဓမ္မသတိ ။ ။ 'ပရ်ဒဟ်'၏ ဖော်ပြပါအမိန့်များတွင် အချို့ပုံသဏ္ဌာန်များကို ဖယ်ထုတ်ထားသည်လည်း ရှိသည်။ ဥပမာ- (မည်သည့်အခါမှ) 'နေကာဟ်'မပြုပိုင်သော အချို့အမျိုးသားများသည် 'ပရ်ဒဟ်'၏ အမိန့်မှ ဖယ်ထုတ် ခံရသည်။ အလွန်အိုမင်းမစွမ်းဖြစ်နေသော အမျိုးသမီးအချို့သည်လည်း 'ပရ်ဒဟ်'၏ အမိန့်မှ အတိုင်းအတာ တစ်ခုအထိ ဖယ်ထုတ်ထားသည်။ ဤသဖ်စီးရ်ဖွင့်ဆိုချက်သည် အချို့ကို 'စူရာဟ်နူးဟ်'၌ ဖော်ပြခဲ့ပြီး ဖြစ်သည်။ အချို့ကို 'စူရာဟ်အဟ်ဇားဗ်'၏ ဤဖယ်ထုတ်ထားသည့်အကြောင်း တင်ပြထားသည့် အာယသ် တော်များ၌ လာရှိပေမည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

إِنَّ اللَّهَ وَمَلَٰٓئِكَتَهُۥ يُصَلُّونَ عَلَى ٱلنَّبِيِّ ۚ يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ صَلُّوا۟ عَلَيْهِ وَسَلِّمُوا۟ تَسْلِيمًا ﴿٥٦﴾

၃၃ : ၅၆ ။ ။ 'ကေန်အမှန် အလ္လာဟ်အသျှင်မြတ်သည်လည်းကောင်း၊ ထိုအသျှင်မြတ်၏ 'မလာအေ့ကာဟ်' ကောင်းကင်တမန်များသည်လည်းကောင်း နဗီတမန်တော်မြတ်အပေါ်ဝယ် ကောင်းချီးမင်္ဂလာ ပို့သကြကုန်၏။ အို၊ မုအ်မင်န်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည်လည်း ထိုနဗီတမန်တော်မြတ်အပေါ်ဝယ် ကောင်းချီးမင်္ဂလာ ပို့သခြင်းကိုလည်းကောင်း၊ လွန်စွာ စလာမ်မေတ္တာပို့သခြင်းကိုလည်းကောင်း ပြုကြလေကုန်။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်မုချ အလ္လာဟ်အသျှင်မြတ်သည်လည်းကောင်း၊ ထိုအသျှင်မြတ်၏ 'မလာအေ့ကာဟ်' ကောင်းကင်တမန်များသည်လည်းကောင်း၊ နဗီတမန်တော်မြတ် ﷺ ၏ အပေါ်သို့ 'ရဟ်မသ်' ကောင်းချီးမင်္ဂလာများ ပို့သကြကုန်၏။ 'အို၊ အီမာန်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည်လည်း ထိုနဗီတမန်တော်မြတ် ﷺ အပေါ်သို့ 'ရဟ်မသ်'ကောင်းချီးမင်္ဂလာ ပို့သခြင်းကိုလည်းကောင်း၊ လွန်စွာ စလာမ်မေတ္တာပို့သခြင်းကိုလည်းကောင်း ပြုကြလေကုန်။ (သို့မှသာ အသင်တို့သည် အသင်တို့အပေါ်၌ ရှိနေသော ကိုယ်တော်မြတ် ﷺ အား ကြည်ညိုလေးစားရမည့် တာဝန်ကို ကျေပွန်ရာ ရောက်ပေမည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ထိုအာယသ်တော်၏အလျင် ရှေးအာယသ်တော်များတွင် တမန်တော်မြတ် ﷺ ၏ ထူးမြတ်မှုအဆင့်အတန်းများကြောင်း အချို့ကို တင်ပြခဲ့သည်။ ထိုခေါင်းစဉ်အောက်၌ ကြင်ယာတော်တို့အတွက် 'ပရ်ဒဟ်' ၏ အမိန့်တော်များအကြောင်း လာရှိခဲ့သည်။ ရှေ့၌လည်း 'ပရ်ဒဟ်'၏ အမိန့်အချို့ လာရှိပေဦးမည်။ ကြားအလယ်တွင် တမန်တော်မြတ် ﷺ ၏ ကြီးမြတ်မှု၊ အချစ်စိတ်နှင့် အမိန့်နာခံမှုများ ဖြစ်ပေါ်လာစေရန် နှိုးဆော်ထားသည့်အကြောင်းများ တင်ပြထားသည်။

အာယသ်တော်၏ အဓိကရည်ရွယ်ချက်မှာ မွတ်စ္စလင်မ်များအား 'တမန်တော်မြတ် ﷺ အပေါ်၌ 'ဆွလဝါးသ်စလာမ်' ပို့သကြကုန်'ဟု အမိန့်ပေးရန်ဖြစ်သည်။ သို့ရာတွင် ထိုအမိန့်အား ခိုင်းနှိုင်းမှုနှင့် တင်ပြခြင်းတို့တွင် 'ပထမဦးစွာ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင်နှင့် ၎င်း၏ 'မလာအေ့ကာဟ်' ကောင်းကင်တမန်များသည် တမန်တော်မြတ် ﷺ အတွက် 'ဆွလဝါးသ်'ပို့သခြင်းအလုပ်ကို ပြုလုပ်ကြကြောင်း တင်ပြထားသည်။ ထို့နောက် မွတ်စ္စလင်မ်များအား ထိုအလုပ်ကို ပြုလုပ်ရန် အမိန့်ပေးတော်မူခြင်းဖြစ်သည်။ ထိုကဲ့သို့ အမိန့်ပေးရာတွင် တမန်တော်မြတ် ﷺ ၏ ကြီးမြတ်မှုဂုဏ်သိက္ခာအတွက် မွတ်စ္စလင်မ်တို့အား ပြုလုပ်ရန် အမိန့်ပေးထားသည့် အလုပ်သည် အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင်နှင့် ၎င်း၏ ဖရစ်ရှ်သာဟ်များ ပြုလုပ်သော အလုပ်ဖြစ်ကြောင်း တင်ပြလျက် တမန်တော်မြတ် ﷺ ၏ ကြီးမြတ်မှု

ဂုဏ်ရည်တော်များကို မြှင့်တင်တော်မူခဲ့သည်။ သို့ဖြစ်ပေရာ မွတ်စ္စလင်မ်များအပေါ်၌ တမန်တော်မြတ် ﷺ ၏ ကျေးဇူးတော်များသည် မရေမတွက်နိုင်အောင်ပင် များပြားစွာ ရှိနေသည့်အခါ ၎င်းတို့အဖို့ ဤအလုပ်ကို ပို၍ အလေးအနက်ထား ပြုလုပ်ရမည်ဟု ဖြစ်သည်။ ဤခိုင်နှိုင်းတင်ပြမှုတွင် အခြားအကျိုးကျေးဇူးတစ်ရပ်ကိုလည်း တင်ပြထားသည်မှာ 'နဗီကိုယ်တော်မြတ် ﷺ အား 'ဒရူးဒ်'စလာမ် ပို့သသူ မွတ်စ္စလင်မ်များအား 'အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင်နှင့် ၎င်း၏ ဖရစ်ရှိသာဟ်များပါ ပြုလုပ်သော အလုပ်တွင် ထို 'ဒရူးဒ်စလာမ်' ပို့သသူအားလည်း ပါဝင်စေတော်မူသည်'ဟူသော အလွန်ကြီးမားသည့် ထူးမြတ်မှုကို အတည်ဖြစ် သိရှိရသည်။

صلوة နှင့် سلام ၏ အဓိပ္ပာယ်

صلوة 'ဆွလားသ်'ဟူသော စာလုံးသည် အာရဗီဘာသာတွင် အဓိပ္ပာယ်အချို့အတွက် အသုံးပြုသော စာလုံးဖြစ်သည်။ 'ရဟ်မသ်'၊ ဒိုအာ၊ ချီးမွမ်းထောပနာပြုခြင်းတို့ ဖြစ်သည်။ ဖော်ပြပါအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ဆက်သွယ်မှုပြုသော 'ဆွလားသ်' ၏ အလိုသဘောမှာ 'ရဟ်မသ်ကရုဏာတော်များ ပို့ချပေးခြင်း' ဟု ဖြစ်သည်။ ဖရစ်ရှိသာဟ်များဘက်သို့ ဆက်နွယ်သော 'ဆွလားသ်'၏ အလိုသဘောမှာ 'ကိုယ်တော်မြတ် ﷺ အတွက် 'ဒိုအာ'ပြုပေးခြင်း'ဟု ဖြစ်သည်။ မုအ်မင်န်များဘက်သို့ ဆက်နွယ်သော 'ဆွလားသ်'၏ အလိုသဘောမှာ 'ဒိုအာနှင့် ချီးမွမ်းထောပနာပြုခြင်းတို့ကို ခြုံငုံ၍'ဟု ဖြစ်သည်။ 'မုဖတ်စိရ်'အဖွဲ့ပညာရှင်များသည် ဤအဓိပ္ပာယ်ကိုပင် ရေးသားခဲ့ကြသည်။ အေမာမ်ဘိုခါရီ (ရဟ) က အဘွလ်အာလိယဟ်ထံမှ ဆင့်ပြန်ခဲ့သည်မှာ အလ္လာဟ်အသျှင်မြတ်နှင့် ဆက်နွယ်သော 'ဆွလားသ်'၏ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ကိုယ်တော်မြတ် ﷺ အား ကြီးမြတ်မှု ချီးမြှင့်ခြင်းနှင့် ဖရစ်ရှာသာဟ်တို့၏ ရှေ့တွင် ချီးမွမ်းထောပနာပြုခြင်း ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ကိုယ်တော်မြတ် ﷺ အား ဂုဏ်ပေးခြင်းသည် ဒွန္နယာ၌မူ ကိုယ်တော်မြတ် ﷺ အား မြင့်မားသော အဆင့်အတန်းကို ချီးမြှင့်တော်မူခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'အဇာန်'နှင့် 'အေကာာသ်မသ်' စသည်တို့တွင် အလ္လာဟ်အသျှင်မြတ်အား တသခြင်းနှင့်အတူ ကိုယ်တော်မြတ် ﷺ ကိုလည်း ပူးတွဲထားသည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် ကိုယ်တော်မြတ် ﷺ ၏ သာသနာတော်ကို ကမ္ဘာတစ်ဝှမ်းလုံး၌ ပြန့်နှံ့စေတော်မူခဲ့သည်။ ထို့ပြင် လွှမ်းမိုးစေတော်မူခဲ့သည်။ ကိုယ်တော်မြတ် ﷺ ၏ ရှရီအသ်တရားတော်အပေါ် ကျင့်သုံးခြင်းကို 'ကေယာမသ်'နေ့ထိတိုင် တည်ရှိစေတော်မူခဲ့သည်။ ထို့အတူ ကိုယ်တော်မြတ် ﷺ ၏ ရှရီအသ်ကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ကို အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင်က ယူခဲ့သည်။ 'အာခေရသ်'တမလွန်တွင် ကိုယ်တော်မြတ် ﷺ ၏ ကြီးမြတ်မှု ဂုဏ်ရည်တော်မှာ ကိုယ်တော်မြတ် ﷺ ၏ အဆင့်အတန်းကို အဖန်ဆင်းခံအားလုံးတို့ထက် မြင့်မားစေတော်မူခြင်း ဖြစ်သည်။ မည်သည့်နဗီ၊ မည်သည့်

ဖရစ်ရှ်သာဟ်မျှ 'ရှဖာအသ်'ပြုစွမ်းခြင်း မရှိသည့်အချိန်တွင် ကိုယ်တော်မြတ် ﷺ အား 'ရှဖာအသ်'ပြုနိုင်သူ၏ အဆင့်ကို ချီးမြှင့်တော်မူပေမည်။ ဤသည်ကိုပင် 'မကာမေ့မဟ်မူးဒ်'ဟု ခေါ်ဆိုသည်။

ဤအဓိပ္ပာယ်အပေါ် သံသယပွားစရာ ဖြစ်နိုင်သည်မှာ 'ဆွလားသ်' နှင့် 'စလာမ်'တို့သည် ဟဒီးစ်ဆင့်ပြန်ချက်များအရ ကိုယ်တော်မြတ် ﷺ နှင့်အတူ ကိုယ်တော်မြတ် ﷺ ၏ အိမ်သူအိမ်သားများနှင့် ဆွဟာဗာများလည်း ထည့်သွင်းပါဝင်စေခဲ့သည်။ အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်မြင့်မြတ်မှု ချီးမြှင့်ခြင်းနှင့် ချီးမွမ်းထောပနာပြုခြင်းတို့တွင် ကိုယ်တော်မြတ် ﷺ မှအပ အခြားသူတစ်ဦးတစ်ယောက်ကို မည်ကဲ့သို့ ပါဝင်စေနိုင်ပါမည်နည်းဟု ဖြစ်သည်။ ဤအဖြေကို 'ရှုဟွလ်မအာနီ'စသော ကျမ်းများ၌ ဖြေကြားထားသည်မှာ ကြီးမြတ်မှု ဂုဏ်ရည်ချီးမြှင့်ခြင်းနှင့် ချီးမွမ်းထောပနာပြုခြင်း စသည်တို့၏ အဆင့်သည် မြောက်မြားစွာ ရှိပေသည်။ တမန်တော်မြတ် ﷺ အဖို့ ထိုအဆင့်များအနက် အမြင့်ဆုံးအဆင့်ကို ရရှိထားပေသည်။ အဆင့်တစ်ဆင့်အရ အိမ်သူအိမ်သားများ၊ ဆွဟာဗာများနှင့် မုအ်မင်န်အားလုံးတို့လည်း ပါဝင်ပေသည်။

သံသယတစ်ခု၏ ဖြေကြားချက်

'ဆွလားသ်'ဟူသော စာလုံးတစ်လုံးဖြင့် တစ်ချိန်တည်းတွင် 'ရဟ်မသ်'ဒိုအာ၊ ကြီးမြတ်မှု ဂုဏ်ရည်ချီးမြှင့်ခြင်းနှင့် ချီးမွမ်းထောပနာပြုခြင်းဟူသော အဓိပ္ပာယ်များ ကောက်ယူခြင်းကို ဝေါဟာရ အသုံးအနှုန်းတွင် 'အုမူးမေ့မုရှ်သရပ်က်'ဟု ခေါ်ဆိုသည်။ အချို့ပညာရှင်များထံတွင် ဤသို့ကောက်ယူခြင်း မပိုင်ပေ။ ထို့ကြောင့် ဤနေရာတွင် 'ဆွလားသ်'ဟူသော စာလုံးမှ အထက်တင်ပြပါ အဓိပ္ပာယ်များအားလုံးကို ကောက်နုတ်ထုတ်ယူနိုင်သော အဓိပ္ပာယ်တစ်မျိုးသာ ကောက်ယူရမည်။ ဆိုလိုသည်မှာ ကိုယ်တော်မြတ် ﷺ အား ကြီးမြတ်မှု၊ ဂုဏ်ရည်ချီးမြှင့်ခြင်း ချီးမွမ်းထောပနာပြုခြင်းနှင့် အကောင်းလိုလားမှုဟူ၍ အဓိပ္ပာယ်ကောက်ယူမည်။ တစ်ဖန် ဤအဓိပ္ပာယ်ကို အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ဆက်နွယ်မှုဖြစ်လျှင် 'ရဟ်မသ်'ဟု ဖြစ်ပေမည်။ ဖရစ်ရှ်သာဟ်များဘက်သို့ ဆက်နွယ်လျှင် ဒိုအာနှင့် 'အိစ်သိဂ်ဖာရ်' (လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပေးမှု) တို့ ဖြစ်ပေမည်။ မုအ်မင်န်များဘက်သို့ ဆက်နွယ်မှုပြုလျှင် ဒိုအာ ချီးမွမ်းထောပနာပြုခြင်းနှင့် ကြီးမြတ်မှုဂုဏ်ပေးခြင်းကို ခြုံငုံသည့် အဓိပ္ပာယ်ဖြစ်ပေမည်။

سلام 'စလာမ်'ဟူသော စာလုံးသည် مصدر (ကြိယာနာမ်ပုဒ်) ဖြစ်သည်။ السلامة ၏ အဓိပ္ပာယ်အတိုင်း ဖြစ်သည်။ ဥပမာ- ملام ဟူသော စာလုံးသည် ملامت 'မလာမသ်'၏ အဓိပ္ပာယ်၌ အသုံးပြုသကဲ့သို့ ဖြစ်သည်။ 'စလာမ်' ၏ အလိုသဘောမှာ 'ချို့ယွင်းချက်၊ အပြစ်အနာအဆာနှင့် ဒုက္ခများမှ ကင်းငြိမ်းခြင်း'ဟု ဖြစ်သည်။ اَلسَّلَامُ عَلَيْكَ ၏ အဓိပ္ပာယ်မှာ 'ချို့ယွင်းချက်၊ အပြစ်အနာအဆာနှင့် ဒုက္ခဟူသရွေ့တို့မှ ကင်းငြိမ်းခြင်းသည် ကိုယ်တော်မြတ် ﷺ နှင့်အတူ ရှိပါစေ'ဟု ဖြစ်သည်။

အာရဗီဘာသာ၏ ဥပဒေအရ ဤနေရာသည် عَلٰى (အပေါ်၊ အပေါ်၌) ဟူသော စာလုံး သုံးနှုန်းရမည့် နေရာမဟုတ်ပေ။ သို့ရာတွင် سَلَامٌ 'စလာမ်'ဟူသော စာလုံး၏ အဓိပ္ပာယ်တွင် ချီးမွမ်းထောပနာပြုခြင်း ရောနှောပါဝင်နေသည့်အတွက် عَلٰى ဟူသော စာလုံးနှင့်အတူ عَلَيْكَ (အသင့်အပေါ်) (သို့) عَلَيْكُمْ (အသင်တို့အပေါ်) ဟု ပြောဆိုရခြင်းဖြစ်သည်။

အချို့ပညာရှင်များက سَلَامٌ ၏ အလိုသဘောကို အလ္လာဟ်အသျှင်မြတ်၏ ဇာတိတော်ဟု ကောက်ယူကြသည်။ အဘယ်ကြောင့်ဆိုသော် سَلَامٌ သည် အလ္လာဟ်အသျှင်မြတ်၏ မြင့်မြတ်လှစွာသော နာမတော်များအနက်မှ ဖြစ်သည်။ သို့ရှိရာ اَلسَّلَامُ عَلَيْكَ ၏ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် ကိုယ်တော်မြတ် ﷺ ၏ ကာကွယ်စောင့်ရှောက်တော်မူသော ထိန်းသိမ်းစောင့်ရှောက်တော်မူသော တာဝန်ခံဖြစ်တော်မူသည်'ဟု ဖြစ်သည်။

'ဆွလာႏသ်' နှင့် 'စလာမ်' ပြုနည်း

ဆွဟီးဟ်ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်း စသော ဟဒီးစ်ကျမ်းကြီးများတွင် ဟဒီးစ်တော်တစ်ပါးလာရှိသည်မှာ ကအဗ်ဗင်န်အွဂ်ျရဟ် ﵁ က မိန့်သည်မှာ (ဤအာယသ်တော် ကျရောက်လာသည့်အခါ) လူတစ်ဦးသည် တမန်တော်မြတ် ﷺ အား လျှောက်ထားမေးမြန်းသည်မှာ '(ဤအာယသ်တော်တွင် ကျွန်တော်မျိုးတို့အား 'ဆွလာႏသ်'နှင့် 'စလာမ်'အမိန့်နှစ်ခု ပေးထားပါသည်။) စလာမ်၏ နည်းလမ်းကိုမူ ကျွန်တော်မျိုးတို့ သိရှိပြီးဖြစ်ပါသည်။ السلام عليك ايها النبيّ ဟု ဆိုရပေသည်။) صلوة 'ဆွလာႏသ်'ပြုခြင်း၏ နည်းလမ်းကို သင်ကြားပေး တော်မူပါ။' ထိုအခါ ကိုယ်တော်မြတ် ﷺ က

اَللّٰهُمَّ صَلِّ عَلٰى مُحَمَّدٍ وَّعَلٰى اٰلِ مُحَمَّدٍ كَمَا صَلَّيْتَ عَلٰى اِبْرَاهِيْمَ وَعَلٰى اٰلِ اِبْرٰهِيْمَ اِنَّكَ حَمِيْدٌ مَّجِيْدٌ اَللّٰهُمَّ بَارِكْ عَلٰى مُحَمَّدٍ وَعَلٰى اٰلِ مُحَمَّدٍ كَمَا بَارَكْتَ عَلٰى اِبْرٰهِيْمَ وَعَلٰى اٰلِ اِبْرٰهِيْمَ اِنَّكَ حَمِيْدٌ مَّجِيْدٌ

ဟူသော စာလုံးများကို အသင် ရွတ်ဖတ်ပါလေ'ဟု မိန့်ကြားလေသည်။ ဆွဟာဗာများက ဤသို့မေးမြန်းရခြင်းမှာ ၎င်းတို့သည် 'စလာမ်'၏ နည်းလမ်းကိုမူ اَلتَّحِيَّاتُ 'အသ်သဟီယားသ်'၌ သင်ယူခဲ့ပြီးဖြစ်သည်။ ၎င်းမှာ-

السلام عليك اَيُّهَا النَّبِيُّ وَرَحْمَةُ اللهِ وَبَرَكَاتُهٗ

ဟု ဖြစ်သည်။ ထို့ကြောင့် صلوة 'ဆွလာႏသ်'ဟူသော စာလုံးတွင် မိမိတို့ဘက်မှ စာလုံးများ သတ်မှတ်ခြင်းကို မနှစ်သက်ကြပေ။ တမန်တော်မြတ် ﷺ ထံတော်၌ လျှောက်ထားမေးမြန်းလျက် 'ဆွလာႏသ်'

၏ စာလုံးများကို သတ်မှတ်ပေးစေရန် မေးမြန်းရခြင်း ဖြစ်သည်။ ထို့ကြောင့် နမာဇ်တွင် များသောအားဖြင့် ဖော်ပြပါစာလုံးများဖြင့် 'ဆွလားသ်'ပြုခြင်းကို ပြုခဲ့ကြသည်။ သို့ရာတွင် ဤစာလုံးများသည် ပြောင်းလဲဖတ်ရန် တားမြစ်ထားသော သတ်မှတ်စာလုံးများကား မဟုတ်ပါချေ။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်ထံမှပင် 'ဆွလားသ်' (ဒရူးဒ်ရှရီးဖ်) နှင့်စပ်လျဉ်း၍ များစွာသော စာလုံးများ မိန့်ကြား ခဲ့သောကြောင့် ဖြစ်သည်။ 'ဆွလားသ်'နှင့် 'စလာမ်'၏အမိန့်ကို လိုက်နာရာတွင် 'ဆွလားသ်' နှင့် 'စလာမ်'နှင့် စာလုံးများပါရှိသော စာသားဟူသရွေ့တို့နှင့် ပြုပိုင်သည်။ ထို့ပြင် ကိုယ်တော်မြတ် ﷺ မိန့်ကြားသင်ပေးခဲ့သည့် စာလုံးများဖြင့်သာ ဖတ်ရန်လည်း အရေးမကြီးဘဲ 'ဆွလားသ်'နှင့် 'စလာမ်' ပါရှိသော မည်သည့်စာပိုဒ်မဆို ဖတ်ခြင်းဖြင့်လည်း ၎င်း၏ အမိန့်နာခံခြင်းနှင့် 'ဒရူးဒ်ရှရီးဖ်'၏ 'စဝါးဗ်' ရရှိသွားပေသည်။ သို့ရာတွင် ကိုယ်တော်မြတ် ﷺ ကိုယ်တော်တိုင် မိန့်ကြားသင်ပေးခဲ့သည့် 'ဆွလားသ်' နှင့် 'စလာမ်'စာလုံးများမှာ ပို၍ 'ဗရ်ကသ်'ရှိပြီး 'စဝါးဗ်'အကျိုးကုသိုလ် ပိုမိုရရှိနိုင်ပေသည်။ ထို့ကြောင့် ဆွဟာဗာများသည် 'ဆွလားသ်'၏ စာလုံးများကို ကိုယ်တော်မြတ် ﷺ ထံမှ သတ်မှတ်တော်မူစေရန် မေးမြန်းခဲ့ကြခြင်း ဖြစ်သည်။

ဗမှတ်သတ် ။ ။ နမာဇ်၏ 'ကအ်ဒဟ်' (ထိုင်ခြင်း) တွင် 'ကေယာမသ်'ထိတိုင် 'ဆွလားသ်'နှင့် 'စလာမ်' ၏ စာလုံးများသည် အထက်တွင် တင်ပြခဲ့သည့် ပုံစံအတိုင်း ဆွန္နသ်အဖြစ် တည်ရှိနေပေမည်။ နမာဇ်၏ ပြင်ပတွင် ကိုယ်တော်မြတ် ﷺ ကိုယ်တော်တိုင်၏ ရှေ့တော်မှောက်တွင် ပြောကြားသည့်အခါ ဥပမာ- ကိုယ်တော်မြတ် ﷺ ၏ ခေတ်သမယတွင် ဖြစ်မူ

اَلصَّلٰوةُ وَ اَلسَّلَامُ عَلَيْكَ

ဟူသော စာလုံးများကို သုံးနှုန်းရပေမည်။ ကိုယ်တော်မြတ် ﷺ 'ဝဖားသ်'ဖြစ်ပြီး 'ရောင်ဇွာ'ဂူဗိမာန်တော်၏ ရှေ့တော်မှောက်မှ 'စလာမ်'ပြုမည်ဆိုပါက **اَلسَّلَامُ عَلَيْكَ** ဟူသော စာလုံးကိုပင် သုံးနှုန်းခြင်းမှာ 'ဆွန္နသ်'ဖြစ်သည်။ ထို့ပြင် ရပ်ဝေးဒေသအကွယ်မှ 'ဆွလားသ်'နှင့် 'စလာမ်'ဖတ်ကြား ပို့သမည်ဆိုလျှင် ဆွဟာဗာများ၊ သာဗိအီးများနှင့် အေမာမ်ကြီးများထံမှ အကွယ်၏ စာလုံးကို သုံးနှုန်းကြောင်း ဆင့်ပြန်ထားသည်။ ဥပမာ- **صلى الله عليه وسلم** 'ဆွလ္လာလ္လားဟုအလိုင်ဟိဝစလ်လာမ်' ဟု ဆိုရမည်။ မုဟာဒ်ဒီစ်ဟာဒီးစ်ပညာရှင်များ၏ ကျမ်းကြီးများ၌ ဤအကြောင်းများကို တင်ပြထားသည်။

'ဆွလားသ်'နှင့် 'စလာမ်'တို့နှင့် စပ်လျဉ်းသော ဖော်ပြပါနည်းလမ်း၏ အမြော်အမြင်

တမန်တော်မြတ် ﷺ ၏ နှုတ်တော်ဖြင့်လည်းကောင်း၊ လက်တွေ့ကျင့်စဉ်အားဖြင့်လည်းကောင်း အတည်ဖြစ်ခဲ့သော 'ဆွလားသ်'နှင့် 'စလာမ်'ပြုနည်းများမှ သိရှိအတည်ဖြစ်သည်မှာ ကျွန်ုပ်တို့ မွတ်စ္စလင်မ်

အားလုံးသည် ကိုယ်တော်မြတ် ﷺ အတွက် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးမှ 'ရဟ်မသ်'နှင့် 'စလာမသ်' ငြိမ်းချမ်းမှုအပေါင်း ကျရောက်စေရန် ဒိုအာရမည် ဖြစ်သည်။ ဤနေရာ၌ အာယသ်တော်၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့သည် ကိုယ်တော်မြတ် ﷺ ၏ ဂုဏ်ပြုကြည်ညိုလေးစားခြင်းကို ကိုယ်တိုင်ပြုရမည်ဟု ဖြစ်သော်လည်း နည်းလမ်းပြသရာတွင် အလ္လာဟ်အသျှင်မြတ်ထံတော်၌ ဒိုအာပြုရမည်ဟု ပြသထားသည်။ တမန်တော်မြတ် ﷺ ၏ ဂုဏ်ပေးလေးစားခြင်းနှင့် အမိန့်နာခံမှုများပြုရာတွင် အပြည့်အဝ ပြုလုပ်ဆောင်ရွက်နိုင်ရန်မှာ ကျွန်ုပ်တို့တွင် မည်သူမျှ ပြည့်စွမ်းနိုင်ခြင်း မရှိကြပါ။ ထို့ကြောင့် ကျွန်ုပ်တို့အား အလ္လာဟ်အသျှင်မြတ်ထံတော်မှ ဒိုအာပြုရန် နည်းလမ်းပြသခဲ့ခြင်း ဖြစ်သည်။

'ဆွလားသ်' နှင့် 'စလာမ်' ၏ အမိန့်တော်များ

နမာဇ်၏ 'ကအ်ဒဟ်အာခေရဟ်' (နောက်ဆုံးထိုင်ခြင်း) တွင် 'ဒရူးဒ်ရှရီးဖ်'ဖတ်ခြင်းမှာ အေမာမ်ကြီးများအားလုံးတွင် 'စွန္နသ်မုအက္ကဒဟ်'ဖြစ်သည်။ အေမာမ်ရှာဖေအီ (ရဟ) နှင့် အေမာမ်အဟ်မဒ်ဗင်န်ဟန်ဗလ် (ရဟ) တို့ထံ၌ 'ဝါဂျိဗ်'ဖြစ်သည်။ 'ဒရူးဒ်ရှရီးဖ်' မဖတ်ပါလျှင် နမာဇ်ကို ပြန်လည်ဖတ်ရန် 'ဝါဂျိဗ်'ဖြစ်သည်။

ဓမ္မသတ် ။ ။ လူတစ်ဦးသည် ကိုယ်တော်မြတ် ﷺ ၏ နာမတော်ရွတ်ဆိုသည်ဖြစ်စေ၊ ကြားရသည်ဖြစ်စေ၊ 'ဒရူးဒ်ရှရီးဖ်'ဖတ်ရန် 'ဝါဂျိဗ်'ဖြစ်သွားသည်ဆိုသည့်အပေါ် ဖေကာဟ်ပညာရှင်များထံတွင် တစ်ညီတစ်ညွတ်တည်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဟဒီးစ်တော်တွင် ကိုယ်တော်မြတ် ﷺ ၏ နာမတော်ကို တသသည့်အချိန်တွင် 'ဒရူးဒ်'ပို့သမှု မပြုခြင်းအပေါ် 'ဝအီးဒ်' ခြိမ်းခြောက်နှိုးဆော်မှုများ လာရှိသောကြောင့် ဖြစ်သည်။

ဂျာမိအ်သိရ်မေဇီကျမ်းတွင် တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ-

رغم انف رجل ذكرت عنده فلم يصل علي

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ငါကိုယ်တော်မြတ်၏ အမည်ကို တမ်းတရွတ်ဆိုခဲ့ခြင်းရှိသော်လည်း ငါကိုယ်တော်အား 'ဒရူးဒ်'မပို့သသူသည် သေးသိမ်ပါစေ။'

အခြားဟဒီးစ်တော်တစ်ရပ်၌ မိန့်သည်မှာ-

البخيل من ذكرت عنده فلم يصل علي

'အကြင်သူ၏ ရှေ့တွင် ငါကိုယ်တော်၏ နာမတော်ကို တမ်းတရွတ်ဆိုခဲ့ခြင်း ရှိသော်လည်း ငါကိုယ်တော်အပေါ်၌ 'ဒရူးဒ်'မပို့သပါလျှင် ၎င်းသူသည် စေးနဲတွန့်တိုသူပင် ဖြစ်သည်။'

ဗမ္ဗသတ် ။ ။ အကယ်၍ ထိုင်ဝိုင်းတစ်ခုတွင် ကိုယ်တော်မြတ် ﷺ ၏ နာမတော်ကို အကြိမ်ကြိမ် ဖတ်ရွတ်ပြောဆိုပါလျှင် တစ်ကြိမ် 'ဒရူးဒ်'ပို့သခြင်းသည် 'ဝါဂျိဗ်'ဖြစ်သွားပေသည်။ သို့ရာတွင် မိမိကိုယ်တိုင် ကိုယ်တော်မြတ် ﷺ ၏ နာမတော်ကို ပြောဆိုတိုင်းတွင်ဖြစ်စေ၊ (သို့) တစ်စုံတစ်ဦးထံမှ ကြားနေရလျှင် လည်းကောင်း၊ အကြိမ်တိုင်း၌ 'ဒရူးဒ်'ပို့သခြင်းမှာ 'မွတ်စ်သဟာဗ်'ဖြစ်သည်။ မုဟဒ်ဒိဆ် (ဟဒီးစ်ပါမောက္ခ) များထက် မည်သူသည် ပို၍ ကိုယ်တော်မြတ် ﷺ အား 'ဇိကိရ်' ပြု တသနေသူ မည်သူ ရှိနိုင်မည်နည်း။ ၎င်းတို့၏ အချိန်တိုင်း၌ မွေ့လျော်နေမှုသည်ပင် တမန်တော်မြတ် ﷺ ၏ ဟဒီးစ်တော်များ၌သာ ဖြစ်သည်။ ထိုဟဒီးစ်တော်များ၌ အချိန်တိုင်းတွင် ကိုယ်တော်မြတ် ﷺ အကြောင်းများ လာရှိပေသည်။ ဟဒီးစ်၏ အေမာမ်ကြီးများအားလုံး၏ ဓလေ့မှာ အကြိမ်တိုင်း၊ အကြိမ်တိုင်း၌ 'ဒရူးဒ်စလာမ်'ဖတ်ကြခြင်း၊ ရေးသား ကြခြင်းပင် ဖြစ်သည်။ ဟဒီးစ်ကျမ်းများအားလုံးက သက်သေဖြစ်ပါသည်။ ထို့ပြင် ၎င်းတို့သည် ထိုသို့ ထပ်ကာထပ်ကာ 'ဆွလားသ်စလာမ်' ရေးသားရခြင်းကြောင့် ကျမ်းလေး၍ စာအုပ်ထူသွားမည်ကိုလည်း အရေးမစိုက်ကြပေ။ အဘယ်ကြောင့်ဆိုသော် များသောအားဖြင့် တိုတောင်းသော ဟဒီးစ်တော်များလည်း လာရှိသည်ဖြစ်ရာ ထိုဟဒီးစ်တော်များ၌ စာကြောင်းရေ တစ်ကြောင်းနှစ်ကြောင်းမျှ လာရှိပြီးနောက် ကိုယ်တော်မြတ် ﷺ ၏ နာမတော်လာရှိပေသည်။ အချို့နေရာများတွင် စာကြောင်းတစ်ကြောင်းတည်း၌ပင် တစ်ကြိမ်မက ကိုယ်တော်မြတ် ﷺ ၏ နာမတော်များ လာရှိလေ့ရှိသည်။ 'မုဟဒ်ဒီးဆ်' (ဟဒီးစ်ပါမောက္ခ) တို့သည် မည်သည့်နေရာတွင်မျှ 'ဆွလားသ်'နှင့် 'စလာမ်'ကို မစွန့်လွှတ်ခဲ့ကြပေ။

ဗမ္ဗသတ် ။ ။ နှုတ်ဖြင့် ကိုယ်တော်မြတ် ﷺ ၏ နာမတော်ကို ပြောဆိုချိန်၌ နှုတ်ဖြင့်ပင် 'ဆွလားသ် စလာမ်' ရွတ်ဆိုရန် 'ဝါဂျိဗ်'ဖြစ်သကဲ့သို့ ကလောင်တံဖြင့် ရေးသားချိန်၌ဖြစ်လျှင် ကလောင်ဖြင့်ပင် 'ဆွလားသ် စလာမ်'ကို ရေးရန်မှာလည်း 'ဝါဂျိဗ်' ဖြစ်သည်။ အက္ခရာများကို အတိုချုံး၍ (صلعم) ဟူ၍ ရေးခြင်းမှာ မလုံလောက်ပေ။ 'ဆွလားသ်စလာမ်'ကို အပြည့်အဝ ရေးသားရမည်။

ဗမ္ဗသတ် ။ ။ ကိုယ်တော်မြတ် ﷺ ၏ နာမတော်ကို ပြောဆိုခြင်း၊ ကြားနာခြင်းအချိန်များ၌ အမြတ်ဆုံး နှင့် အမြင့်ဆုံး 'မွတ်စ်သဟာဗ်'မှာ 'ဆွလားသ်'နှင့် 'စလာမ်'နှစ်မျိုးစလုံးကို ဖတ်ခြင်းနှင့် ရေးခြင်း ဖြစ်သည်။ သို့ရာတွင် အကယ်၍ လူတစ်ဦးသည် ၎င်းနှစ်မျိုးအနက် 'ဆွလားသ်' (သို့) 'စလာမ်'တစ်မျိုး တည်းကိုသာ ဖတ်လိုက်သည်။ ရေးလိုက်သည်ဆိုလျှင်လည်း ဖေကာဟ်ပညာရှင်အများစုထံတွင် မည်သည့် အပြစ်မျှ မရှိပေ။ ရှိက်ခွလ်အစ္စလာမ်နောင်ဝဝီ (ရဟ) စသည်တို့က 'ထိုနှစ်မျိုးအနက် တစ်မျိုးတည်းကိုသာ ဖတ်ရွတ် ခြင်းသည် 'မက္ကရူးဟ်'ဖြစ်သည်'ဟု မိန့်ဆိုခဲ့ကြသည်။ အိဗ်နေဟာဂျရ်ဟိုင်ဆမီး (ရဟ) မိန့်ဆိုသည်မှာ '၎င်းတို့မိန့်ဆိုသော 'မက္ကရူးဟ်'ဆိုသည့် အလိုသဘောမှာ 'မက္ကရူးဟ်သန်ဇီဟီး'ဟု ခေါ်သည့် 'အကောင်း ဆုံးနှင့် ဆန့်ကျင်ခြင်း'ကို ဆိုလိုခြင်းဖြစ်သည်။ အွမ္မသ်၏ အိုလမာပညာရှင်တို့၏ အစဉ်အဆက်ပြုကျင့်ခဲ့သည့် ဓလေ့မှာ နှစ်မျိုးစလုံးကိုပင် ရွတ်ဆိုရေးသားခဲ့ကြသည်။ တစ်ခါတစ်ရံ တစ်မျိုးတည်းလည်း ရွတ်ဆိုခဲ့ကြသည်။

ဓမ္မသတ် ။ ။ 'ဆွလားသ်' ဟူသော စာလုံးကို နဗီတမန်တော်များမှအပ အခြားသူတစ်ဦးတစ်ယောက် အတွက် အသုံးပြုခြင်းသည် သာသနာ့ပညာရှင် အများစုထံတွင် မပိုင်ပေ။ အေမာမ်ဗိုင်ဟကီသခင်သည် မိမိ၏ 'စုနန်' ကျမ်းတွင် ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်၏ ဓမ္မသတ်ကို တင်ပြထားသည်မှာ-

لا يصلّى على احد الاعلى النبى صلى الله عليه
وسلّم لكن يد عى للمسلمين والمسلمت بالاستغفار

(နဗီတမန်တော်မြတ် ﷺ အပေါ်မှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်အတွက်မှ 'ဆွလားသ်' စာလုံး သုံးနှုန်း၍ ဒိုအာပြုခြင်း မပြုရ။ သို့သော် မွတ်စလင်မ်အမျိုးသား၊ အမျိုးသမီးများအတွက် 'မင်ဖိရသ်' ၏ ဒိုအာပြုပေးရမည်။)

အေမာမ်ရှာဖေအီ (ရဟ) ထံတွင် နဗီမဟုတ်သူအတွက် သီးသန့် 'ဆွလားသ်' ဟူ၍ စာလုံးကို သုံးစွဲခြင်းမှာ 'မက္ကရူးဟ်' ဖြစ်သည်။ အေမာမ်အဘူဟနီဖာဟ် (ရဟ) နှင့် ၎င်း၏ နောက်လိုက်များ၏ လမ်းစဉ်မှာလည်း ဤအတိုင်းပင် ဖြစ်သည်။ သို့ရာတွင် နောက်ဆက်တွဲအဖြစ် ပိုင်သည်။ ဆိုလိုသည်မှာ ကိုယ်တော်မြတ် ﷺ အပေါ် 'ဆွလားသ်စလာမ်' ပို့သခြင်းနှင့်အတူ အိမ်သူအိမ်သားများ၊ ဆွဟာဗာများ နှင့် မုအ်မင်န်အားလုံးကို ထည့်သွင်းခြင်းတွင် မည်သို့မျှ အကြောင်းမဟုတ်ပေ။

အေမာမ်ဂျူဝိုင်နီ (ရဟ) က မိန့်ဆိုသည်မှာ 'ဆွလားသ်' ဟူသော စာလုံး၏ အဓိပ္ပါယ်သည်ပင် 'စလာမ်' ဟူသောစာလုံး၏ အဓိပ္ပါယ်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နဗီမဟုတ်သူအတွက် ထိုစာလုံးကို သုံးစွဲခြင်း မပိုင်ပေ။ သို့ရာတွင် လူတစ်ဦးအား စကားမပြောဆိုမီ ဒိုအာအနေဖြင့် اَلسَّلَامُ عَلَيْكُمْ ဟု ဆိုခြင်းမှာ ပိုင်သည်။ 'စွန္နသ်' ဖြစ်သည်။ သို့သော် အကွယ်မှ လူတစ်ဦးအတွက် ၎င်း၏ အမည်နာမနှင့်တကွ عليه السلام ဟူ၍ ပြောဆိုခြင်းနှင့် ရေးသားခြင်းတို့သည် နဗီမဟုတ်သူအတွက် မပိုင်ပေ။

[ခဆွာအိဆ္ဆဲကွဗ်ရာစီယှုသို၊ တွဲ-၂၊ စာ-၂၆၄။]

အလ္လာမဟ်လကာအီက မိန့်ဆိုသည်မှာ ကာဇီအယားဇ်က 'အွမ္မသ်၏ အိုလမာသာသနာ့ပညာရှင် များ လက်ခံထားသည့် အဆိုမှာ ကျွန်ုပ်၏ထံတွင်လည်း ဤသည်ပင် အမှန်ဖြစ်သည်' ဟု မိန့်ဆိုခဲ့သည်။ ဤသည်ကိုပင် အေမာမ်မာလိက်၊ စုဖ်ယာန်နှင့် များစွာသော ဖေကာဟ်ပညာရှင်များက ရွေးချယ်ခဲ့ကြသည်။ ၎င်းမှာ 'ဆွလားသ်' နှင့် 'စလာမ်' သည် နဗီကိုယ်တော်မြတ် ﷺ နှင့် အခြားနဗီတမန်တော်တို့အတွက်သာ အထူးသီးသန့်ဖြစ်သည်။ နဗီမဟုတ်သူများအတွက် သုံးစွဲခြင်းမပိုင်ပေ။ ဥပမာ- سُبْحَانَهٗ နှင့် وَتَعَالٰى ဟူသော စာလုံးတို့သည် အလ္လာဟ်အသျှင်မြတ်အတွက်သာ အထူးသီးသန့် ဖြစ်သကဲ့သို့ပင် ဖြစ်သည်။

နဗီတမန်တော်များမှအပ မွတ်စလင်မ်များအတွက် 'မင်ဖေရသ်' လွတ်ငြိမ်းချမ်းသာခွင့်နှင့် 'ရိဒွါ' နှစ်သက်မှုရရှိရန် ဒိုအာများစွာ တောင်းခံရမည်။ ဥပမာ- ကုရ်အာန်ကျမ်းတော်မြတ်တွင် ဆွဟာဗာများနှင့် စပ်လျဉ်း၍ رضى الله عنهم ورضوا عنه ဟူ၍ လာရှိသကဲ့သို့ ဖြစ်သည်။ *[ရူးဟွလ်မအာနီကျမ်း]*

'ဆွလာႏသ်စလာမ်' နှင့် စပ်လျဉ်းသော အမိန့်တော်များ၏ အကျယ်တဝင့် တင်ပြချက်သည်

تنقیح الکلام فی احکام الصلوة و السلام

ဟူသော ကျွန်ုပ်ရေးသားပြုစုထားသော ကျမ်းငယ်၌ ပါရှိသည်။ ထိုကျမ်းငယ်ကို အာရဗီဘာသာဖြင့် ထုတ်ဝေသော အဟ်ကာမုလ်ကုရ်အာန်ကျမ်းမှ 'စူရာဟ်အဟ်ဇာဗ်' ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ထုတ်ဝေခဲ့ပြီးဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

إِنَّ الَّذِينَ يُؤْذُونَ اللَّهَ وَرَسُولَهُ لَعَنَهُمُ اللَّهُ فِي الدُّنْيَا وَالْآخِرَةِ وَأَعَدَّ لَهُمْ عَذَابًا مُّهِينًا ﴿٥٧﴾

၃၃ : ၅၇ ။ ။ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း စိတ်ဒုက္ခပေးကြကုန်သော သူတို့ကို အလ္လာဟ်အသျှင်မြတ်သည် လောကီဘဝ၌လည်းကောင်း၊ 'အာခေရသ်' တမလွန်ဘဝ၌လည်းကောင်း၊ ကရုဏာတော်မှ ကင်းဝေးစေတော်မူသည့်အပြင် ထိုအသျှင်မြတ်သည် ၎င်းတို့အဖို့ ဂုဏ်ရည်သေးသိမ်စေသော အပြစ်ဒဏ်ကိုလည်း အဆင့်သင့် ပြုလုပ်၍ ထားရှိတော်မူ၏။

وَالَّذِينَ يُؤْذُونَ الْمُؤْمِنِينَ وَالْمُؤْمِنَاتِ
بِغَيْرِ مَا اكْتَسَبُوا فَقَدِ احْتَمَلُوا بُهْتَانًا وَإِثْمًا مُّبِينًا ﴿٥٨﴾

၃၃ : ၅၈ ။ ။ မှအ်မင်နသက်ဝင် ယုံကြည်သူ ယောကျ်ား၊ မိန်းမများအား ၎င်းတို့တစ်စုံတစ်ရာကို ကျူးလွန်ကြသည် မရှိပါဘဲလျက်၊ စိတ်ဒုက္ခပေးကြသော သူတို့မှာမူ မတရားစွပ်စွဲမှုကိုလည်းကောင်း၊ ထင်ရှားစွာသော ပြစ်မှုကိုလည်းကောင်း ထမ်းဆောင် (ကျူးလွန်) ခဲ့ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း (ရည်ရွယ်လျက်) စိတ်ဒုက္ခပေးခဲ့ကြသူတို့အား အလ္လာဟ်အသျှင်မြတ်သည် လောကီဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ကရုဏာတော်မှ ကင်းဝေးစေတော်မူပေမည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အဖို့ ဂုဏ်ရည်သေးသိမ်စေသော 'အဇာဗ်' အပြစ်ဒဏ်ကိုလည်း အဆင့်သင့် ပြုလုပ်ထားရှိတော်မူသည်။

ထို့ပြင် (အလားတူ) အီမာန်ရှင်အမျိုးသားများ၊ အမျိုးသမီးများအား ၄င်းတို့ တစ်စုံတစ်ရာ ကျူးလွန်ခြင်းမရှိဘဲလျက် (ထိုလုပ်ရပ်ကို ကျူးလွန်ခြင်းဖြင့် အပြစ်ဒဏ်ခံစားရမည့်) စိတ်ဒုက္ခပေးခဲ့ကြသော သူတို့မှာ မဟုတ်မမှန် စွပ်စွဲမှုကိုလည်းကောင်း ထင်ရှားစွာသော ပြစ်မှုကိုလည်းကောင်း (မိမိတို့အပေါ်ဝယ်) ထမ်းရွက်ခဲ့ကြသည်။

ဆိုလိုသည်မှာ အကယ်၍ ထိုစိတ်ဒုက္ခပေးခြင်းသည် နှုတ်အားဖြင့်ဖြစ်လျှင် မဟုတ်မမှန် စွပ်စွဲပြောဆိုခြင်း ဖြစ်သည်။ အကယ်၍ လုပ်ရပ်အားဖြင့် ဖြစ်လျှင် လုံးဝဥဿုံ ပွင့်လင်းထင်ရှားသော အပြစ်ကျူးလွန်မှုပင် ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ရှေ့မှ အာယသ်တော်များတွင် မွတ်စ္စလင်မ်တို့အား တမန်တော်မြတ် ﷺ ကို စိတ်ဒုက္ခရောက်စေမည့် လုပ်ရပ်ဟူသရွေ့တို့မှ ရှောင်ကြဉ်ရန် သတိပေးခြင်းများအကြောင်း လာရှိခဲ့သည်။ သို့ရာတွင် အချို့မွတ်စ္စလင်မ်တို့သည် မသိနားမလည်မှု (သို့) အလေးမမူခြင်းတို့ကြောင့် မရည်ရွယ်ဘဲလျက် ဒုက္ခပေးခြင်းများ၌ နစ်မွန်းမိခဲ့ကြသည်။ ဥပမာ- ကိုယ်တော်မြတ် ﷺ ၏ အိမ်များတွင် ဖိတ်ခေါ်ခြင်းမခံရဘဲ သွားခြင်း၊ (သို့) ဖိတ်ကြားသည့်အချိန်ထက်ပင် ကြိုတင်၍ စောစီးစွာ သွားရောက်ထိုင်နေကြခြင်း (သို့) စားသောက်ပြီးနောက် ကိုယ်တော်မြတ် ﷺ ၏ အိမ်၌ပင် အချင်းချင်း စကားဝိုင်းဖွဲ့၍ ကြာမြင့်စွာ ထိုင်နေကြခြင်း စသည်တို့အပေါ်

يَاأَيُّهَا الَّذِينَ آمَنُوا لَا تَدْخُلُوا بُيُوتَ النَّبِيِّ

ဤအာယသ်တော်အားဖြင့် သတိပေးနှိုးဆော်ခဲ့သည်။ ဤသို့ပြုခြင်းသည် မရည်ရွယ်ဘဲ အလေးမမူဘဲ နေခြင်းတို့ကြောင့် ရောက်ရသော စိတ်ဒုက္ခဖြစ်သည်။ ဤသို့ ပြုမူခြင်းအပေါ်၌မှု သတိပေးခြင်းဖြင့်ပင် လုံလောက်သည်ဟု မှတ်ယူခဲ့သည်။ အထက်ဖော်ပြပါအာယသ်တော်နှစ်ပါး၌မူ အစ္စလာမ့်ရန်သူမုနာဖစ်က်များနှင့် ကာဖိရ်တို့သည် သိလျက်နှင့် တမင်ရည်ရွယ်လျက် ကိုယ်တော်မြတ် ﷺ အား စိတ်ဒုက္ခရောက်စေခြင်းများအကြောင်းကို တင်ပြထားသည်။ ထို့ကြောင့် ဖွင့်ဆိုချက်အနှစ်ချုပ်၏ အဓိပ္ပာယ်တွင် 'တမင်သက်သက်ရည်ရွယ်၍' ဟူသော စကားလုံးကို ဖြည့်စွက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ တမင်ရည်ရွယ်ရာတွင် အချိန်အခါအမျိုးမျိုး၌ ကာဖိရ်တို့က ကိုယ်တော်မြတ် ﷺ အား ကိုယ်ထိလက်ရောက် ပြုမူခဲ့သည့် ခန္ဓာကိုယ်၏ ဒုက္ခများလည်း ပါဝင်သည်။ ထို့ပြင် ကိုယ်တော်မြတ် ﷺ အား မကောင်းပြောဆို ရှုတ်ချခြင်းများနှင့်အတူ ကြင်ယာတော်များအပေါ် မဟုတ်မမှန် စွပ်စွဲခြင်းများအားဖြင့် စိတ်ဒုက္ခရောက်စေခြင်းများကိုလည်း ပြုမူခဲ့ကြသည်။ ဤသို့ ရည်ရွယ်ချက်ရှိရှိဖြင့် စိတ်ဒုက္ခရောက်စေခြင်းများအပေါ် 'လအ်နသ်' ကရုဏာတော်မှ ကင်းဝေးစေခြင်းနှင့် ပြင်းထန်သော 'အဇာဗ်' အပြစ်ဒဏ်များ ကျရောက်မည့်အကြောင်း ဖော်ပြပါအာယသ်တော်၌ တင်ပြထားပေသည်။

ဤအာယသ်တော်၏ အစတွင် 'အကြင်သူတို့သည် အလ္လာဟ်အသျှင်မြတ်အား ဒုက္ခရောက်စေခဲ့ကြသည်' ဟု လာရှိထားရာတွင် ဒုက္ခရောက်စေသည်ဟူသော အလိုသဘောမှာ 'အလေ့အထအရ ဒုက္ခ၏ အကြောင်းတရား ဖြစ်ပေါ်စေသော လုပ်ရပ်များနှင့် စကားရပ်များကို ဆိုလိုခြင်းဖြစ်သည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်၏ သန့်ရှင်းစင်ကြယ်သော ဇာတိတော်သည် သက်ရောက်စူးရှမှုအပေါင်းမှ ကင်းရှင်းတော်မူပေသည်။ ထိုအသျှင်မြတ်အား ဒုက္ခတစ်စုံတစ်ရာ ရောက်စေခြင်းအတွက် မည်သူ့တွင်မျှ ပြုစွမ်းနိုင်ခြင်း မရှိပါ။ သို့ရာတွင် အလေ့အထအရ ဒုက္ခရောက်စေနိုင်သော အရာများကိုပင် 'အလ္လာဟ်အသျှင်မြတ်အား ဒုက္ခပေးခြင်း' ဟု ခိုင်းနှိုင်းတင်ပြခြင်း ဖြစ်သည်။

ဤနေရာ၌ အဖွင့်ပညာရှင် အေမာမ်ကြီးများအကြား ဤနေရာတွင် 'အလ္လာဟ်အသျှင်မြတ်အား ဒုက္ခပေးခြင်းသည် မည်သည့်အရာကို ဆိုလိုပါသနည်း' ဟု ဆိုရာ၌ ကွဲလွဲမှုများ ရှိသည်။ အချို့အေမာမ်ကြီးများက ၎င်းလုပ်ရပ်များနှင့် စကားရပ်များကို တမန်တော်မြတ် ﷺ ၏ ဟဒီးစ်တော်များနှင့် ထောက်ပြကြသည်မှာ ဤသို့ပြုခြင်းသည် အလ္လာဟ်အသျှင်မြတ်အား ဒုက္ခရောက်စေခြင်း၏ အကြောင်းတရား ဖြစ်သည်။ ၎င်းတို့မှာ ဥပမာ- ဒုက္ခဘေးဗလာများ ကျရောက်ချိန်တွင် ခေတ်ကာလကို မကောင်းပြောဆိုကြသည်။ စင်စစ် ဒုက္ခနှင့် သုခတို့ကို ဖြစ်ပေါ်စေသူ အစစ်မှာ အလ္လာဟ်အသျှင်မြတ် ဖြစ်တော်မူပေသည်။ ၎င်းတို့သည် ခေတ်သမယကို ဒုက္ခနှင့် သုခ ဖြစ်ပေါ်ရာ၌ အဓိကကြသောအရာဟု မှတ်ယူ၍ ဆဲရေးခြင်းများ ပြုကြသည်။ စင်စစ် ဤသို့ ဆဲရေးမှု ပြုခြင်းများသည် ဒုက္ခနှင့် သုခတို့ကို ဖြစ်စေအောင် အစစ်အမှန် ပြုလုပ်သူ အလ္လာဟ်အသျှင်မြတ်အပေါ်သို့ သက်ရောက်စေသည်။ အချို့ ဆင့်ပြန်ချက်များတွင် 'သက်ရှိသတ္တဝါတို့၏ ရုပ်ပုံများ ရေးဆွဲခြင်းသည် အလ္လာဟ်အသျှင်မြတ်အား ဒုက္ခရောက်စေသည့် အကြောင်းခံဖြစ်သည်' ဟု လာရှိပေရာ အာယသ်တော်၌ အလ္လာဟ်အသျှင်မြတ်အား ဒုက္ခပေးခြင်း' ဟူသော အလိုသဘောမှာ ဤသို့ ပြောဆိုသည့်စကားရပ်များ (သို့) လုပ်ရပ်များသာ ဖြစ်ပေမည်။

အခြားသော အဖွင့်ပညာရှင် အေမာမ်ကြီးများက မိန့်ဆိုသည်မှာ ဤနေရာ၌ စင်စစ် တမန်တော်မြတ် ﷺ ၏ စိတ်ဒုက္ခရောက်ရခြင်းများမှ တားမြစ်ခြင်းနှင့် ထိုသို့ စိတ်ဒုက္ခရောက်စေခြင်းအပေါ် ခြိမ်းခြောက်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ သို့သော် အာယသ်တော်တွင် တမန်တော်မြတ် ﷺ ၏ ဒုက္ခကို အလ္လာဟ်အသျှင်မြတ်၏ ဒုက္ခနှင့် ယှဉ်တွဲ၍ ခိုင်းနှိုင်းတင်ပြထားသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်မြတ် ﷺ အား ဒုက္ခရောက်စေခြင်းသည် အလ္လာဟ်အသျှင်မြတ်အား ဒုက္ခရောက်စေခြင်းသာ ဖြစ်သည်။ ၎င်းနှင့် ပတ်သက်၍ ရှေ့၌ ဟဒီးစ်တော်တစ်ပုဒ် တင်ပြပါမည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ညွှန်းဆို မိန့်ကြားချက်များအရလည်း ဦးစားပေးအဆိုသည် ဤဒုတိယအဆိုဟု ယူဆရသည်။ အကြောင်းမှာ အစကနဦး၌လည်း တမန်တော်မြတ် ﷺ ၏ ဒုက္ခရောက်စေခြင်းများအကြောင်း တင်ပြခဲ့သည်။ ရှေ့၌လည်း ဤအကြောင်း တင်ပြချက်များ လာရှိပေသည်။ တမန်တော်မြတ် ﷺ ၏ ဒုက္ခသည် အလ္လာဟ်အသျှင်မြတ်၏ ဒုက္ခဖြစ်ကြောင်း ဟဇရသ်အဗ်ဒုရ်ရဟ်မာန်ဗင်န်မုဂဖ်ဖလ်မုဇနီ ﷺ ၏ ဆင့်ပြန်ချက်ဖြင့် အတည်ဖြစ်ပေသည်။

قال رسولُ اللهِ ﷺ اَللهَ اَللهَ فی اصحابِی لا تتخذوهمْ غرضا من بعدی فمن احبهم فجبی احبهم ومن ابغضهم فببغضی ابغضهم ومن اذاهم فقد اذٰنی ومن اذٰنی فقد اذی اللهَ ومن اذی اللهَ یوشك ان یأخذ

တမန်တော်မြတ် ﷺ က မိန့်ဆိုသည်မှာ ငါကိုယ်တော်၏ ဆွဟာဗာများနှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်။ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်။ ၎င်းတို့အား ငါကိုယ်တော်၏ နောက်တွင် စောဒကတက်စရာများအဖြစ် ပစ်မှတ်မပြုကြလေနှင့်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အား ချစ်ခင်မှုပြုသူသည် ငါကိုယ်တော်အား ချစ်ခင်သောကြောင့် ချစ်ခင်ရခြင်းဖြစ်သည်။ ၎င်းတို့အား မုန်းတီးသူသည် ငါကိုယ်တော်အား မုန်းတီးသောကြောင့် မုန်းတီးရခြင်း ဖြစ်သည်။ ၎င်းတို့အား ဒုက္ခရောက်စေသူသည် ငါကိုယ်တော်အား ဒုက္ခရောက်စေသူပင် ဖြစ်သည်။ ငါကိုယ်တော်အား ဒုက္ခပေးသူသည် အလ္လာဟ်အသျှင်မြတ်အား ဒုက္ခပေးသူသာ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်အား ဒုက္ခပေးသူသည် အလ္လာဟ်အသျှင်မြတ်က ၎င်းအား ဖမ်းဆီးချုပ်ကိုင်ရန် နီးကပ်သူဖြစ်လေသည်။ *[သိရ်မေဇီကျမ်း]*

ဤဟာဒီးစ်တော်မှ တမန်တော်မြတ် ﷺ အား ဒုက္ခပေးခြင်းသည် အလ္လာဟ်အသျှင်မြတ်အား ဒုက္ခပေးခြင်းဖြစ်ကြောင်း သိရှိရပေသည်။ ထို့အတူ ဆွဟာဗာတို့အနက် တစ်ဦးဦးကို ဒုက္ခရောက်စေခြင်း (သို့) ၎င်းတို့၏ ဂုဏ်သိက္ခာတွင် ထိပါးညှိုးနွမ်းအောင် ပြုလုပ်ခြင်းသည် တမန်တော်မြတ် ﷺ အား ဒုက္ခပေးခြင်းဖြစ်ကြောင်းကိုလည်း သိရှိရပေသည်။

ဤအာယသ်တော် ကျရောက်လာရသော အကြောင်းခံဖြစ်ရပ်နှင့် စပ်လျဉ်း၍ ဆင့်ပြန်ချက်များစွာ လာရှိသည်။ အချို့ကဆင့်ပြန်ချက်များတွင် ဟဇရသ်ဈိဒ်ဒီကာဟ်အာအေရှာဟ် ﷺ သခင်မအပေါ် စွပ်စွဲခြင်းနှင့်စပ်လျဉ်း၍ ကျရောက်ခဲ့သည်ဟု လာရှိသည်။ ဥပမာ- ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်၏ ဆင့်ပြန်ချက်တွင် 'ဟဇရသ်ဈိဒ်ဒီကာဟ်အာအေရှာဟ် ﷺ သခင်မအား စွပ်စွဲခြင်းပြုခဲ့သည့် ကာလတွင် အဗ်ဒုလ္လာဟ်ဗင်န် အုဗိုင်မာနာဖစ်က်၏ အိမ်တွင် လူအချို့စုရုံးလျက်ရှိခဲ့ကြသည်။ ဤစွပ်စွဲချက်ကို ဖြန့်ချိရန် ဆွေးနွေးတိုင်ပင်နေကြသည်။ ထိုအခါ တမန်တော်မြတ် ﷺ သည် ဆွဟာဗာများအား 'ဤသူသည် ငါကိုယ်တော်အား စိတ်ဒုက္ခရောက်စေသူဖြစ်သည်' ဟု ဖွင့်ဟမိန့်ကြားခဲ့သည်။ *[မဇ္ဇ်ဟရီကျမ်း]*

အချို့ဆင့်ပြန်ချက်များတွင် လာရှိသည်မှာ 'ဟဇရသ်ဆွဖီယဟ် ﷺ သခင်မနှင့် 'နေကာဟ်'ပြုသည့် အချိန်တွင် မုနာဖစ်က်များက မကောင်းပြောဆိုမှုများ ပြုခဲ့ကြသည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ ဤအာယသ်တော် ကျရောက်လာခဲ့သည်' ဟု ဖြစ်သည်။ အမှန်ကန်ဆုံးအချက်မှာ 'ဤအာယသ်တော်သည် တမန်တော်မြတ် ﷺ အား ဒုက္ခရောက်စေသော ကိစ္စဟူသရွေ့နှင့် စပ်လျဉ်း၍ ကျရောက်ခဲ့သော အာယသ်တော်ဖြစ်သည်။ ဤဒုက္ခရောက်စေခြင်းတွင် ဟဇရသ်ဈိဒ်ဒီကာဟ်အာအေရှာဟ် ﷺ သခင်မအပေါ် စွပ်စွဲ

ခြင်းလည်း ပါဝင်သည်။ ဟဇ်ရတ်ဆွဖီယဟ် ﷺ သခင်မနှင့် ဟဇရတ်ဇိုင်နဗ် ﷺ သခင်မတို့၏ 'နေကာဟ်' များအပေါ် မကောင်းပြောဆိုမှုများလည်း ပါဝင်ပေသည်။ အခြားသော ဆွဟာဗာများအား မကောင်းပြောဆိုခြင်းနှင့် ၄င်းတို့အပေါ် ရှုံ့ချခြင်းများလည်း ပါဝင်ပေသည်။

တမန်တော်မြတ် ﷺ အား မည်သည့်နည်းဖြင့်ဖြစ်စေ ဒုက္ခရောက်စေခြင်းသည် 'ကုဖွ်ရ်' ဖြစ်ခြင်း

ဓမ္မသတ် ။ ။ မည်သူမဆို တမန်တော်မြတ် ﷺ အား မည်သည့်နည်းဖြင့်ပင်ဖြစ်စေ၊ ကိုယ်တော်မြတ် ﷺ ၏ ဇာတိတော်၌ဖြစ်စေ (သို့) ဂုဏ်တော်များ၌ဖြစ်စေ ပွင့်လင်းထင်ရှားစွာသော်လည်းကောင်း၊ သွယ်ဝိုက်သောနည်းဖြင့်လည်းကောင်း အပြစ်ရှာ၍ ဒုက္ခရောက်စေခဲ့သည်ဆိုလျှင် ထိုသူသည် ကာဖိရ်ဖြစ်သွားပေသည်။ ဤအာယသ်တော်၏ ရည်ညွှန်းချက်အရ ထိုသူ့အပေါ်၌ အလ္လာဟ်အသျှင်မြတ်၏ 'လအ်နသ်' ကရုဏာတော်မှ ကင်းဝေးခြင်းသည် ဒွန်နယာလောကတွင်လည်း ဖြစ်မည်။ 'အာခေရသ်'တွင်လည်းဖြစ်ပေမည်။

[မဇ္ဇဟရီကျမ်း]

ဒုတိယအာယသ်တော်တွင် မုအ်မင်န်များကို ဒုက္ခရောက်စေခြင်းမှာ 'ဟရာမ်' ဖြစ်ကြောင်းနှင့် အကြီးမားဆုံးသော စွပ်စွဲချက်အကြောင်းကို တင်ပြထားသည်။ စင်စစ် တရားတော်၏ ရှုထောင့်အရ မကောင်းစွပ်စွဲ ဒုက္ခပေးသင့်သည့် မုအ်မင်န်မဟုတ်ပါက အခြားမုအ်မင်န်များအားလုံးတွင် ဤစည်းကမ်းချက်သတ်မှတ်ရခြင်းမှာ ၄င်းတို့တွင် အခြေအနေနှစ်မျိုးစလုံး ဖြစ်နိုင်သောကြောင့် ဖြစ်သည်။ တစ်စုံတစ်ဦးသည် ၄င်းအား ဒုက္ခပေးခြင်း တရားတော်အရ ပိုင်သည့် ကိစ္စတစ်စုံတစ်ခုကို ပြုလုပ်ခဲ့သည်လည်း ဖြစ်နိုင်၍ ဖြစ်သည်။ ပထမအာယသ်တော်တွင် အလ္လာဟ်နှင့် ရစူလ်တမန်တော်တို့အား ဒုက္ခပေးခြင်းကိစ္စ တင်ပြထားသည်။ ထိုတင်ပြချက်တွင် မည်သည့်စည်းကမ်းချက်မျှ မသတ်မှတ်သည့်အတွက် ဤနေရာတွင် မည်သည့်ပိုင်နိုင်ချေ အဆင့်မျှပင် မရှိတော့ချေ။

မွတ်စ္စလင်မ်တစ်ဦးအား တရားတော်၏ အကြောင်းပြချက်မရှိဘဲ ဒုက္ခရောက်စေခြင်းသည် 'ဟရာမ်' ဖြစ်ခြင်း

ဖော်ပြပါအာယသ်တော်တွင်

اَلَّذِيْنَ يُؤْذُوْنَ الْمُؤْمِنِيْنَ ﴿اِلٰی﴾ بهتاناعظيما

ကို ကြည့်ခြင်းအားဖြင့် မွတ်စ္စလင်မ်တစ်ဦးအား ရှရီအသ်တရားတော်၏ အကြောင်းပြချက်မရှိဘဲ ဒုက္ခတစ်စုံတစ်ရာပေးခြင်း၊ နာကျင်စေခြင်းသည် 'ဟရာမ်'ဖြစ်ကြောင်း အတည်ဖြစ်ပေသည်။ တမန်တော်မြတ် ﷺ က မိန့်ကြားသည်မှာ-

المسلم من سلم المسلمون من لسانه ويده والمؤمن من
امنه الناس على دمائهم واموالهم

စစ်မှန်သော မွတ်စ္စလင်မ်ဟူသည်မှာ ၎င်း၏လက်နှင့် နှုတ်လျှာတို့မှ အခြားမွတ်စ္စလင်မ်များအား ငြိမ်းချမ်းမှု ရရှိစေသူသာ ဖြစ်သည်။ မည်သူ့ကိုမျှ ဒုက္ခမရောက်စေသူ ဖြစ်သည်။ မုအ်မင်န်ဆိုသည်မှာ ၎င်းကြောင့် အခြားသူအားလုံးသည် မိမိတို့၏ အသက်စည်းစိမ်နှင့် ဥစ္စာပစ္စည်းများ ငြိမ်းချမ်းမှု ရရှိစေသူသာ ဖြစ်သည်။ *[မရှ်ဟာရီကျမ်း]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

يَٰٓأَيُّهَا ٱلنَّبِىُّ قُل لِّأَزْوَٰجِكَ وَبَنَاتِكَ وَنِسَآءِ ٱلْمُؤْمِنِينَ يُدْنِينَ
عَلَيْهِنَّ مِن جَلَٰبِيبِهِنَّ ۚ ذَٰلِكَ أَدْنَىٰٓ أَن يُعْرَفْنَ فَلَا يُؤْذَيْنَ ۗ
وَكَانَ ٱللَّهُ غَفُورًا رَّحِيمًا ﴿٥٩﴾

၃၃ : ၅၉ ॥ ॥ အို, နဗီတမန်တော်၊ အသင်သည် မိမိ၏ ကြင်ရာတော်များအားလည်းကောင်း၊ မိမိ၏ သမီးတော်များအားလည်းကောင်း၊ မုအ်မင်န်သက်ဝင် ယုံကြည်သူတို့၏ ဇနီးမိန်းမများအားလည်းကောင်း၊ 'ထိုသူတို့သည် မိမိတို့၏ အပေါ်ရုံထည် (စောင်၊ ခြုံထည်) များကို မိမိတို့အပေါ်၌ အနည်းငယ် ဆွဲချ တွဲလွဲ၍ ချထားရမည်'ဟု ပြောကြားပါလေ။ ဤသည် ၎င်းတို့အား (ဂုဏ်သရေရှိ မွတ်စ္စလင်မ်အမျိုးသမီးများ ဖြစ်ကြသည်ဟု) ခွဲခြား မှတ်မိရန် (အလွယ်တကူ) ပိုမို၍ နီးစပ် (သိရှိနိုင်) ၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် (သူယုတ်မာများ၏) နှောင့်ယှက်ခြင်းကို ခံကြရမည်မဟုတ်ပေ။ ၎င်းပြင် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

لَّئِن لَّمْ يَنتَهِ ٱلْمُنَٰفِقُونَ وَٱلَّذِينَ فِى قُلُوبِهِم مَّرَضٌ وَٱلْمُرْجِفُونَ فِى ٱلْمَدِينَةِ
لَنُغْرِيَنَّكَ بِهِمْ ثُمَّ لَا يُجَاوِرُونَكَ فِيهَآ إِلَّا قَلِيلًا ﴿٦٠﴾

၃၃ : ၆၀ ॥ ॥ အမှန်စင်စစ် အကယ်၍ မုနာဖစ်က်အယောင်ဆောင် မွတ်စ္စလင်မ်တို့သည်လည်းကောင်း၊ စိတ်တွင်းဝယ် ရောဂါဝေဒနာ ရှိသူတို့သည်လည်းကောင်း၊ မဒီနာမြို့တွင်း၌ ထိတ်လန့်ဖွယ် သတင်းလွှင့်သူတို့သည်လည်းကောင်း (မိမိတို့၏ အပြုအမူများကို) မရပ်စဲခဲ့ကြပါလျှင်၊ ဧကန်မလွဲ ငါအသျှင်မြတ်သည် အသင် (မိုဟမ္မဒ်) အား ၎င်း (မုနာဖစ်က်) တို့အပေါ်ဝယ် လွှမ်းမိုးစေတော်မူမည်။ ထို့နောက် ၎င်းတို့သည် အသင့်ထံတွင် မဒီနာမြို့၌ အနည်းငယ်မျှသော ကာလမှအပ နေကြရမည်မဟုတ်ပေ။ (နှင်ထုတ်ခြင်းခံရပေလိမ့်မည်။)

مَّلۡعُوۡنِيۡنَ ۚ اَيۡنَمَا ثُقِفُوۡۤا اُخِذُوۡا وَقُتِّلُوۡا تَقۡتِيۡلًا ﴿٦١﴾

၃၃ : ၆၁ ॥ ॥ (ယင်းကဲ့သို့ အနည်းငယ်မျှသော ကာလတိုင်အောင် နေကြရသော်ငြားလည်း ၎င်းတို့မှာ) ကရုဏာတော်မှ ကင်းစေခြင်းကို ခံကြရသူများအဖြစ် (နေကြရသည့်အပြင်) မည်သည့်နေရာ၌မဆို တွေ့ရှိခဲ့ကြရပါလျှင်၊ ၎င်းတို့သည် ဖမ်းဆီးခြင်းကို ခံကြရပေမည်။ ထို့ပြင် ၎င်းတို့သည် ပြင်းထန်စွာ သတ်ဖြတ်ခြင်းကို ခံကြရပေမည်။

سُنَّةَ اللّٰهِ فِى الَّذِيۡنَ خَلَوۡا مِنۡ قَبۡلُ ۚ وَلَنۡ تَجِدَ لِسُنَّةِ اللّٰهِ تَبۡدِيۡلًا ﴿٦٢﴾

၃၃ : ၆၂ ॥ ॥ ဤသည် ရှေးအတိတ်ကျော်ကာလ၌ လွန်လေခဲ့ကြသော သူတို့နှင့် ပတ်သက်၍ အလ္လာဟ်အသျှင်မြတ်၏ ဥပဒေစည်းကမ်းပင် (ဖြစ်၏။) စင်စစ် အသင်သည် အလ္လာဟ်အသျှင်မြတ်၏ ဥပဒေစည်းကမ်း၌ မည်သည့်ပြောင်းလဲမှုကိုမျှပင် အလျှဉ်းတွေ့ရှိလိမ့်မည် မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို့, နဗီတမန်တော်၊ အသင်သည် မိမိ၏ ကြင်ယာတော်များအားလည်းကောင်း၊ မိမိ၏ သမီးတော်များအားလည်းကောင်း၊ အခြားသော မုအ်မင်န်တို့၏ ဇနီးကြင်ယာတော်များအားလည်းကောင်း သူမတို့သည် မိမိတို့၏ အပေါ်ရုံခြုံထည်စောင်များကို (ဦးခေါင်းမှ) မိမိတို့၏ (မျက်နှာများ) အပေါ်သို့ အနည်းငယ်မျှ တွဲလဲချထားရမည်ဟု ပြောကြားပါလေ။ ထိုသို့ ပြုထားခြင်းဖြင့် ၎င်းတို့အား အလျင်အမြန် မှတ်မိပေလိမ့်မည်။ သို့ဖြစ်ပေရာ သူမတို့သည် နှောင့်ယှက်ခြင်းခံရမည်မဟုတ်ပေ။ (ဆိုလိုသည်မှာ လိုအပ်ချက်အရ အပြင်သို့ ထွက်ရန်ဖြစ်လျှင် ခြုံထည်စောင်ဖြင့် ဦးခေါင်းနှင့် မျက်နှာတို့ကိုလည်း ဖုံးအုပ်လိုက်ရမည်။ စူရာဟ်နူးဟ်၏ အဆုံးသတ်လုနီးပါးတွင်

غَيۡرَ مُتَبَرِّجٰتٍۭ بِزِيۡنَةٍ

ဟူသော အာယသ်တော်တွင် ၎င်း၏ ဖွင့်ဆိုချက်ကို တင်ပြခဲ့ပြီးသည့်အတိုင်း ဖြစ်သည်။ ကျွန်မများအတွက်မှာမူ ဦးခေါင်းသည် ကနဦးမှပင် အရှက်အင်္ဂါအစိတ်အပိုင်း၌ မပါဝင်ပေ။ မျက်နှာဖွင့်ဖော်ရာ၌ သူမတို့သည် လွတ်လပ်သော အမျိုးသမီးများထက် ပို၍ လွတ်လပ်ခွင့်ရှိသည်။ အကြောင်းမှာ ထိုကျွန်မတို့သည် မိမိ၏ ပိုင်ရှင်သခင်များ၏ အလုပ်၌ နစ်မွန်းနေကြရပြီး အလုပ်အကိုင်များအတွက် အပြင်သို့ ထွက်ခြင်းနှင့် မျက်နှာ စသည်တို့ကို ဖွင့်ဖော်ခြင်းများအတွက် ပို၍ လိုအပ်သောကြောင့် ဖြစ်သည်။ လွတ်လပ်သော အမျိုးသမီးများနှင့်ကား မတူပေ။ လွတ်လပ်သော အမျိုးသမီးများအဖို့ ဤမျှ ကြပ်တည်းမှုမဖြစ်ပေ။ အကြောင်းမှာ ဆိုးသွမ်း၍ စရိုက်ဆိုးသူတို့သည် ထိုလွတ်လပ်သော အမျိုးသမီးများကို နှောက်ပြောင်ရန် ထိုအမျိုးသမီးတို့၏ မျိုးနွယ်၊ သိက္ခာနှင့် အကူအညီများကြောင့် သတ္တိမရှိကြပေ။ ကျွန်မများကိုသာ

နောက်ပြောင် အနောင့်အယှက်ပေးကြသည်။ တစ်ခါတစ်ရံ ကျွန်မများနှင့် မှား၍ လွတ်လပ်သော အမျိုးသမီးများကို နောက်ပြောင် အနောင့်အယှက်ပြုတတ်ကြသည်။ ထို့ကြောင့် ဤအာယသ်တော်သည် လွတ်လပ်သော အမျိုးသမီးများအား ကျွန်မများနှင့် ခွဲခြားကွဲပြားစေရန်လည်းကောင်း၊ ဦးခေါင်းနှင့် လည်ဂုတ်စသည်တို့သည် လွတ်လပ်သူ အမျိုးသမီးများအတွက် سبحانه အမြဲဖုံးကွယ်ထားရမည့် အစိတ်အပိုင်းဖြစ်၍ တစ်ကြောင်း၊ တမန်တော်မြတ် ﷺ ၏ ကြင်ယာတော်များ၊ သမီးတော်များနှင့် မွတ်စ္စလင်မ်များ၏ ဇနီးကြင်ယာများကို ခြုံထည်စောင်ရှည်များဖြင့် ဖုံးအုပ်၍ ထွက်ရန် အမိန့်ပေးခဲ့သည်။ ထိုခြုံထည်ကို ဦးခေါင်းမှ အနည်းငယ် မျက်နှာပေါ်၌ တွဲလွဲချထားရန် အမိန့်ပေးခဲ့သည်။ ဤအမိန့်အားဖြင့် ရှရီအသ်တရားတော်၏ 'ပရ်ဒဟ်'အမိန့်ကို လိုက်နာခြင်းလည်း ဖြစ်သွားပေမည်။ ထို့ပြင် အလွန် လွယ်ကူသောနည်းဖြင့် ဆိုးသွမ်းသော သူများ၏ အနှောင့်အယှက်မှ ကာကွယ်မှုလည်း ရရှိပေသည်။ ကျွန်မများအတွက် အကာအကွယ်ပြုပေးရမည့် ပုံစံအကြောင်းမှာမူ ရှေ့အာယသ်တော်၌ လာရှိပေမည်။) ထို့ပြင် (ဤသို့ မျက်နှာနှင့် ဦးခေါင်းကို ဖုံးအုပ်ရာ၌ အကယ်၍ လျော့နည်းမှု တစ်စုံတစ်ရာသည်လည်းကောင်း (သို့) မဆင်ခြင်မှု တစ်စုံတစ်ရာသည်လည်းကောင်း မရည်ရွယ်ဘဲလျက် ဖြစ်သွားခဲ့ပါလျှင်) အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးသနားတော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

(ရှေ့၌ ကျွန်မများအား အနှောင့်အယှက်ပြုသူများနှင့် မွတ်စ္စလင်မ်တို့နှင့် ဆန့်ကျင်သော အကြောင်းများကို သွားပုပ်လေလွင့် ပြောဆို၍ မွတ်စ္စလင်မ်များအား စိတ်ဒုက္ခပေးသည့် ဆိုးသွမ်းမှုပြုသူများအား သတိပေးနှိုးဆော်ချက်များ လာရှိပေသည်။) ထို့ပြင် (မွတ်စ္စလင်မ်အမျိုးသမီးများစုတို့အနက်) စိတ်တွင်းဝယ် (ရမ္မက်ဆန္ဒလိုက်စားမှု၏) ရောဂါဆိုးရှိသူများသည်လည်းကောင်း၊ (ထိုရောဂါဆိုးကြောင့် ကျွန်မများအား နောက်ပြောင်နှောင့်ယှက်၍ စိတ်သောကရောက်စေခဲ့ကြသည်။) ထို့ပြင် (ထိုမုနာဖစ်ကမ်များအနက်မှပင်) မဒီနာမြို့တွင်း၌ (လိမ်လည်၍ စိတ်သောကရောက်ရန်ဖြစ်သော) လုပ်ကြံသတင်းများ လွှင့်သူတို့သည်လည်းကောင်း (ဤသူတို့သည်) အကယ်၍ (မိမိတို့၏ ထိုလုပ်ရပ်များမှ) ရပ်တန့်မှုမပြုကြပါလျှင် (တစ်နေ့မဟုတ် တစ်နေ့တွင်) ငါအသျှင်မြတ်သည် အသင့်အား ၎င်းတို့အပေါ် လွှမ်းမိုးစေတော်မူမည်။ (၎င်းတို့အား မဒီနာမှ နှင်ထုတ်ရန် အမိန့်ပေးတော်မူမည်။) ထို့နောက် (ထိုအမိန့်တော်၏ နောက်တွင်) ၎င်းတို့သည် အသင့်ထံ မဒီနာ၌ အနည်းငယ်မျှသော ကာလမှအပ နေကြရမည်မဟုတ်ပေ။

ထိုသို့ နေရခြင်း၌လည်း (အဘက်ဘက်မှ) ကရုဏာတော်မှ ကင်းဝေးစေခြင်းကို ခံရသူများအဖြစ် (နေကြရမည့်အပြင် မဒီနာမှ ထွက်ခွာရန် ပြင်ဆင်မှုများအတွက် ကာလအနည်းငယ်မျှ သတ်မှတ်ပေးခံရပေမည်။ ထိုကာလအတွင်း နေထိုင်သည့် နေရာတိုင်း၌ အဘက်ဘက်မှ သေးသိမ်နိမ့်ကျစွာ နေကြရပေမည်။ ထို့နောက် နှင်ထုတ်ခြင်းကို ခံကြရပေမည်။ ထိုသို့ နှင်ထုတ်ခံရပြီးနောက်တွင်လည်း မည်သည့်နေရာတွင်မျှ ငြိမ်းချမ်းမှုရှိမည်မဟုတ်သည့်အပြင်) တွေ့သည်နေရာ၌ ဖမ်းဆီးခြင်းကို ခံကြရပေမည်။ ထို့ပြင် ၎င်းတို့သည် သတ်ဖြတ်ခြင်းကို ခံကြရပေမည်။

(အကြောင်းမှာ ထိုမုနာဖစ်က်တို့၏ 'ကုဖွရ်' လုပ်ရပ်အတွက် ဤအတိုင်းသာ ထိုက်သက်ပေသည်။ သို့ရာတွင် 'နေဖာက်' အယောင်ဆောင်ခြင်း၏ နောက်ကွယ်တွင် ၄င်းတို့အဖို့ ခိုလှုံခွင့်ရရှိခဲ့ကြသည်။ ပေါ်လွင်ထင်ရှားစွာ ဤသို့ ဆန့်ကျင်မှုများ ပြုလာကြသောအခါ ၄င်းတို့၏ ထိုအကာအရံအတားအဆီးမှာ ပွင့်သွားတော့သည်။ ထို့ကြောင့် ၄င်းတို့အားလည်း 'ကုဖွရ်' သွေဖည်ငြင်းဆန်မှု၏ မူလတောင်းဆိုချက်နှင့်အညီ ဆက်ဆံမှုပြုရပေတော့မည်။ ၄င်းတို့အား မောင်းနှင်ထုတ်ခြင်း၊ ဖမ်းဆီးအကျဉ်းချခြင်းနှင့် သတ်ဖြတ်ခြင်း အားလုံး ပြုပိုင်သည်။ အကယ်၍ မောင်းထုတ်ရန်အတွက် အနည်းငယ်မျှသော ကာလသတ်မှတ်ပေးထားလျှင်မူ ထိုကာလအတွင်း၌ ကတိပြုထားချက်အရ ငြိမ်းချမ်းမှု ရရှိပေမည်။ ထိုကာလ၏ နောက်ပိုင်းတွင်မူ ကတိခံဝန်ချက် ကုန်ဆုံးသွားပြီးဖြစ်သည့်အတွက် ၄င်းတို့အား တွေ့သည့်နေရာ၌ သတ်ဖြတ်ခြင်းဖမ်းဆီးခြင်းများ ပြုခွင့်ရှိပေမည်။ မုနာဖစ်က်တို့အား ခြိမ်းခြောက်မှုများ ပြုရာတွင် ကျွန်မများအား နောက်ပြောင်နှောင့်ယှက်ခြင်းများအတွက်လည်း အစီအမံဖြစ်သွားသည်။ အခြားသော ဆိုးသွမ်းမှုများ၊ သွားပုပ်လေလွင့်သတင်းဖြန့်ချီမှုများအား တားဆီးပိတ်ပင်ခြင်းလည်း ဖြစ်သွားပေသည်။

အာယသ်တော်၏ အလိုသဘောမှာ 'အကယ်၍ ထိုသူတို့သည် အစ္စလာမ်၏ အမိန့်ပညတ်ချက်များကို ဆန့်ကျင်ခြင်းနှင့် မွတ်စ္စလင်မ်တို့နှင့် ဆန့်ကျင်သည့် လုပ်ရှားမှုများကို ပေါ်ထင်စွာ ရပ်စဲလိုက်ကြပြီး မိမိတို့၏ မုနာဖစ်က်လမ်းစဉ် အယောင်ဆောင်မှု၏ ကန့်လန့်ကာအဖုံး၏ နောက်ကွယ်၌ နေခဲ့ကြပါလျှင် ဤအပြစ်ဒဏ်ချမှတ်မည် မဟုတ်ပေ။ ထိုသို့မဟုတ်ပါက ကာဖိရ်အများစုတို့၏ အမိန့်၌ ပါဝင်လျက် အပြစ်ဒဏ်ပေးခံရသူများ ဖြစ်ပေမည်။ ပြဿနာပြုလုပ်သူများကို အပြစ်ပေးခြင်းသည် ထိုသူများအတွက်သာ သီးသန့်မဟုတ်ဘဲ) အလ္လာဟ်အသျှင်မြတ်သည် ထို (ပြဿနာဖန်တီး) သူများ၌လည်း မိမိ၏ ဤဓလေ့တော်ကို (ချမှတ်) ထားရှိတော်မူခဲ့သည်။ ထိုသူတို့သည် (၄င်းတို့၏) အလျှင် ရှေးယခင်က ရှိခဲ့ကြသူများ ဖြစ်သည်။ (ထိုသူတို့အပေါ်၌ ကောင်းကင်မှ အပြစ်ဒဏ်များလည်း ချပေးခဲ့သည်။ (သို့) နဗီတမန်တော်များ၏ လက်ဖြင့် 'ဂျိဟားဒ်' ၌ အပြစ်ဒဏ်ကျစေတော်မူခဲ့သည်။ သို့ဖြစ်ပေရာ အကယ်၍ ရှေးယခင်က ဤကဲ့သို့ ဖြစ်ခဲ့ခြင်းမရှိလျှင်မူ ဤသို့သော အပြစ်ဒဏ်သည် ပြင်းထန်သည်ဟု ဆိုနိုင်စရာ ရှိသည်။ ယခုမူ ဤကဲ့သို့ ပြောဆိုနိုင်ရန် အခွင့်အလမ်းပင် မရှိနိုင်တော့ပေ။)

ထို့ပြင် စင်စစ် အသင်သည် အလ္လာဟ်အသျှင်မြတ်၏ ဓလေ့တော် (ဥပဒေစည်းကမ်း) ၌ (တစ်စုံတစ်ဦး၏ဘက်မှ) ပြုပြင်ပြောင်းလဲမှု တစ်စုံတစ်ရာကို အလျဉ်းတွေ့ရှိရမည် မဟုတ်ပေ။

အလ္လာဟ်အသျှင်မြတ်သည် အမိန့်တော်တစ်စုံတစ်ရာ ချမှတ်လိုပါက မည်သူမျှ ဤသည်ကို တားဆီးနိုင်စွမ်းမရှိပေ။ سُنَّةَ اللّٰهِ 'စွန္နသွလ္လာဟ်' ဟူသော စာလုံးတွင် အလ္လာဟ်အသျှင်မြတ်၏ အလိုတော်နှင့် ဆန္ဒတော်တို့ မရှိလျှင် မည်သည့်အလုပ်မျှ ပြုလုပ်နိုင်မည်မဟုတ်ကြောင်းကို ထုတ်ဖော်တင်ပြခြင်း ဖြစ်သည်။ وَلَنْ تَجِدَ لِسُنَّةِ اللّٰهِ تَبْدِيلًا တွင် အလ္လာဟ်အသျှင်မြတ်သည် အရာတစ်ခုခုအတွက် ရည်ရွယ်တော်မူပါလျှင် မည်သူမျှ ထိုအရာကို တားဆီးနိုင်စွမ်း မရှိကြောင်းကို တင်ပြထားသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ရှေ့၌ တင်ပြခဲ့ပြီးသော အာယသ်တော်များတွင် မွတ်စ္စလင်မ်အမျိုးသားနှင့် အမျိုးသမီးများကို ဒုက္ခရောက်စေခြင်းသည် 'ဟရာမ်'နှင့် အပြစ်ထိုက်ကြောင်း တင်ပြပြီး အထူးအားဖြင့် နဗီကိုယ်တော်မြတ် ﷺ အား ဒုက္ခရောက်စေခြင်းသည် 'ကုဖွရ်'နှင့် ကရုဏာတော်မှ ကင်းဝေးစေကြောင်း တင်ပြမိန့်ကြားထားသည်။ မုနာဖစ်က်တို့ဘက်မှ ပုံသဏ္ဍာန်နှစ်မျိုးဖြင့် မွတ်စ္စလင်မ်အားလုံးကိုလည်းကောင်း၊ တမန်တော်မြတ် ﷺ အားလည်းကောင်း ဒုက္ခရောက်စေခဲ့ကြသည်။ ဖော်ပြပါအာယသ်တော်များတွင် ထိုဒုက္ခပေးခြင်းများကို တားဆီးပိတ်ပင်သည့် အစီအမံများ လာရှိသည်။ ၎င်းနှင့် တစ်ဆက်တည်းတွင် အမျိုးသမီးများအတွက် 'ပရ်ဒဟ်'နှင့် စပ်လျဉ်းသော အချို့အမိန့်တော်များ ဖြည့်စွက်တင်ပြခြင်းကို ဆက်နွယ်မှုတစ်ရပ်အဖြစ် လာရှိထားသည်။ ထိုပုံသဏ္ဍာန်နှစ်မျိုးဖြင့် ဒုက္ခပေးခြင်းအနက် တစ်မျိုးမှာ မုနာဖစ်က်များအနက် အများစုနှင့် လမ်းများပေါ်၌သာ အချိန်ကုန်စေသော အုပ်စုတို့သည် မွတ်စ္စလင်မ်ကျွန်မများ အလုပ်အကိုင်အတွက် သွားလာကြသည့်အခါ နောက်ပြောင်၍ နှောင့်ယှက်လေ့ရှိကြသည်။ တစ်ခါတစ်ရံ ကျွန်မများနှင့် ထင်ယောင်ထင်မှားပြု၍ လွတ်လပ်သော အမျိုးသမီးများကိုပင် နောက်ပြောင်နှောင့်ယှက်ကြလေသည်။ ထိုသို့ ပြုမူကြခြင်းဖြင့် မွတ်စ္စလင်မ်ထုအားလည်းကောင်း၊ တမန်တော်မြတ် ﷺ အားလည်းကောင်း စိတ်ဒုက္ခရောက်စေခဲ့ကြသည်။

ဒုတိယဒုက္ခရောက်စေခြင်း ပုံသဏ္ဍာန်မှာ ၎င်းတို့သည် အမြဲတစေ 'မည်သည့်ရန်သူအုပ်စုတစ်စုသည် မဒီနာကို တိုက်ခိုက်ရန် ချီတက်လာနေသည်။ ၎င်းတို့သည် အားလုံးကို သတ်ဖြတ်ပစ်ကြလိမ့်မည်' ဟူသော မဟုတ်မမှန်သတင်းများကို ဖြန့်ချီလေ့ရှိကြသည်။ ဖော်ပြပါအာယသ်တော်များတွင် ပထမ ဒုက္ခပေးခြင်းမှ လွတ်လပ်သော အမျိုးသမီးများအား ကယ်တင်ရန် မြန်ဆန်ခြင်းနှင့် လွယ်ကူမှုရှိသော ဤကဲ့သို့ အစီအမံ ပြုလုပ်နိုင်သည်။ ၎င်းမှာ 'ထိုအမျိုးသမီးများအား ၎င်းတို့သည် သူမတို့၏ ဆွေမျိုးအသိုင်းအဝိုင်း၊ အရှိန်အဝါနှင့် ကူညီမှုများ ရှိခြင်းကြောင့် နောက်ပြောင်ရန် သတ္တိမရှိကြပေ။ တစ်ခါတစ်ရံ ကျွန်မများနှင့် ထင်ယောင်ထင်မှားဖြစ်၍ နောက်ပြောင်နှောင့်ယှက်မှုများ ခံကြရသည်။ အကယ်၍ သူမတို့အား မှတ်မိသိရှိမည်ဆိုပါက ဤသို့ ဖြစ်ပေါ်စရာ အကြောင်းမရှိပေ။ ထို့ကြောင့် လွတ်လပ်သော အမျိုးသမီးများအဖို့ သီးသန့်ခွဲခြား သိမြင်နိုင်ဖွယ်ရာ ရှိရန် လိုအပ်ချက်ဖြစ်ပေါ်လာခဲ့သည်။ သို့မှသာ လွတ်လပ်သော အမျိုးသမီးများ အလိုအလျောက် လွယ်ကူသော နည်းလမ်းဖြင့် ထိုဆိုးသွမ်းသူတို့၏ အနှောင့်အယှက်မှ လျင်မြန်စွာ ကင်းလွတ်နိုင်ကြပေမည်။ ကျွန်မများအတွက်ကိုမူ အခြားအစီအမံတစ်ရပ် ပြုရပေမည်။

အခြားတစ်ဖက်တွင် အစ္စလာမ့်ရှရီအသ်တရားတော်သည် လွတ်လပ်သူများနှင့် ကျွန်မများ၏ တရားတော်အရ 'ပရ်ဒဟ်'ပြုရာတွင် လိုအပ်ချက်အရ ကွာခြားမှုတစ်ရပ်ကို ထားခဲ့သည်မှာ ကျွန်မများ၏ တရားတော်အရ 'ပရ်ဒဟ်'မှာ လွတ်လပ်သော အမျိုးသမီးများသည် မိမိတို့နှင့် အမြဲတမ်းအတွက် 'နေကာဟ်'မပြုပိုင်သူများနှင့် ထားရှိရသော 'ပရ်ဒဟ်'အတိုင်း ဖြစ်သည်။ ဥပမာ- လွတ်လပ်သော အမျိုးသမီးများသည် မိမိတို့နှင့် အမြဲတမ်းအတွက် 'နေကာဟ်'မပိုင်သောသူများ ရှေ့တွင် မျက်နှာ စသည်များ ဖွင့်ဖော်ခြင်း

ပိုင်သကဲ့သို့ ကျွန်မများအတွက် အပြင်၌လည်း ထိုသို့ ဖွင့်ဖော်ခြင်းကို ခွင့်ပြုပေးထားသည်။ ကျွန်မများအတွက် ဤသို့ခွင့်ပြုရခြင်းမှာ သူမတို့၏ အလုပ်အကိုင်သည်ပင် မိမိ၏ ပိုင်ရှင်သခင်နှင့် ၎င်း၏ အိမ်အလုပ်များကို လုပ်ဆောင်ရန်ပင် ဖြစ်သည်။ ထိုသို့ အလုပ်လုပ်ရာ၌ ကျွန်မများအဖို့ အပြင်သို့လည်း အကြိမ်ကြိမ်ထွက်ကြသည်။ ထိုအခါ မျက်နှာနှင့် လက်တို့ကို ဖုံးအုပ်ရန်မှာ ခက်ခဲလှသည်။ လွတ်လပ်သော အမျိုးသမီးများနှင့်ကား ခြားနားသည်။ လွတ်လပ်သော အမျိုးသမီးများမှာမူ တစ်ခါတစ်ရံ လိုအပ်ချက်ဖြစ်ပေါ်၍ အပြင်ထွက်ရသည့်အခါမျိုးလည်း ရှိပေမည်။ ထိုသို့ အပြင်ထွက်သည့်အခါ ခန္ဓာကိုယ်တစ်ခုလုံးကို ဖုံးအုပ်ခြင်းကို ဂရုပြုရန်မှာ ခက်ခဲမှုမရှိပေ။ ထို့ကြောင့် လွတ်လပ်သော အမျိုးသမီးများကို 'သူမတို့သည် ရှည်လျားသော ခြုံထည်စောင်ရှည်၌ ခန္ဓာကိုယ်ကို ဖုံးအုပ်၍ ထွက်ရမည်။ ထိုခြုံထည်ကို မိမိတို့၏ မျက်နှာများ၏ ရှေ့၌ အနည်းငယ် တွဲလွဲချထားရမည်။ သို့မှသာ သူစိမ်းအမျိုးသားသည် မျက်နှာကို မတွေ့နိုင်မည် ဖြစ်သည်။ ဤသို့ ပြုခြင်းဖြင့် သူမတို့၏ 'ပရ်ဒဟ်'၌လည်း ပြည့်စုံသွားသည်'ဟု အမိန့်ပေးထားသည်။ ထို့ပြင် ကျွန်မများနှင့်လည်း အထူးခွဲခြားမှု ဖြစ်သွားပေသည်။ ဤသို့ ပြုခြင်းဖြင့် ဆိုးသွမ်းသူတို့၏ နှောက်ပြောင်နှောင့်ယှက်ခြင်းမှုလည်း အလိုအလျောက် ကင်းငြိမ်းမှု ဖြစ်သွားသည်။ ထို့နောက် ကျွန်မများအား အကာအကွယ်ပြုသည့် အစီအမံမှာ 'မုနာဖစ်က်တို့သည် ထိုလုပ်ရပ်များအား ရပ်တန့်ခြင်း မပြုကြပါလျှင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား လက်ဖြင့် အပြစ်ဒဏ်ခတ်စေတော်မူမည်'ဟူသော အပြစ်ဒဏ်ချမှတ်မည့်အကြောင်း ခြိမ်းခြောက်နိုးဆော်မှု ပြုထားသည်။ ဖော်ပြပါအာယသ်တော်တွင် လွတ်လပ်သော အမျိုးသမီးများအတွက် 'ပရ်ဒဟ်'၏ အမိန့်လာရှိသည်မှာ-

يُدْنِيْنَ عَلَيْهِنَّ مِنْ جَلَابِيْبِهِنَّ

ဟု ဖြစ်သည်။ يُدْنِيْنَ သည် اِدْنَاءٌ မှ ဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ 'နီးကပ်စေခြင်း' ဟု ဖြစ်သည်။ ထို့နောက် عَلَيْهِنَّ ဟူသော စာလုံး၏ အဓိပ္ပာယ်မှာ 'မိမိတို့အပေါ်၌'ဟု ဖြစ်သည်။ جَلَابِيْب သည် جِلْبَاب ၏ ဗဟုဝုစ်ကိန်း ဖြစ်သည်။ ရှည်လျားသော ခြုံထည်စောင်ရှည်တစ်မျိုးကို ခေါ်ဆိုသည်။ ထိုစောင်ရှည်၏ ပုံသဏ္ဌာန်နှင့် စပ်လျဉ်း၍ ဟဇရသ်အိဗ်နေမတ်စ်အူးဒ် ﷺ က မိန့်ဆိုသည်မှာ ပုဝါ၏အပေါ်မှ ခြုံရုံရသည့် ခြုံထည်ဖြစ်သည်'ဟူ၏။ *[အိဗ်နေကစီးရ်ကျမ်း]*

ထို့ပြင် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ က ၎င်း၏ပုံသဏ္ဌာန်ကို တင်ပြမိန့်ဆိုသည်မှာ-

امر الله نساء المؤمنين اذا خرجن من بيوتهن فى حاجة ان يغطين وجوههن

من فوق رءوسهن با لجلا بيب ويبدين عيناواحدة

'အလ္လာဟ်အသျှင်မြတ်သည် မွတ်စ္စလင်မ်အမျိုးသမီးများအား မိန့်ကြားတော်မူထားသည်မှာ သူမတို့သည် လိုအပ်ချက်တစ်စုံတစ်ကြောင့် မိမိတို့၏ အိမ်များမှ ထွက်ကြပါလျှင် မိမိတို့၏ ဦးခေါင်းပေါ်၌

ဤခြုံထည်စောင်ရှည်ကို တွဲလွဲချ၍ မျက်နှာကို ဖုံးအုပ်ထားရမည်။ (လမ်းကိုကြည့်ရှုရန်အတွက်) မျက်လုံး တစ်လုံးကိုသာ ဖွင့်ဖော်ထားရမည်' ဟု ဖြစ်သည်။ *[အိဗ်နေကဆီးရ်ကျမ်း]*

အေမာမ်မိုဟမ္မဒ်ဗင်နစီရီးန် (ရဟ) က မိန့်ဆိုသည်မှာ 'ကျွန်ုပ်သည် ဟဇရသ်အုဗိုင်ဒဟ်စလ်မာနီ (ရဟ) အား ဤအာယသ်တော်၏ အလိုသဘောနှင့် جَلَابِيْب ခြုံထည်စောင်ရှည်၏ ပုံပန်းသဏ္ဌာန်တို့ အကြောင်း မေးမြန်းလေရာ ၄င်းက ဦးခေါင်းပေါ်မှ ခြုံထည်သည် မျက်နှာပေါ်၌ တွဲလွဲချ၍ မျက်နှာကို ဖုံးအုပ်၍ ညာဘက်မျက်စိကိုသာ ဖွင့်ဖော်ထားပြပြီး اِدْنَاء နီးကပ်စေခြင်းနှင့် جلباب ခြုံထည် စောင်ရှည် တို့၏ 'သဖ်စီးရ်'ကို လက်တွေ့ကျကျ ပြသခဲ့သည်။

ဦးခေါင်းပေါ်မှ မျက်နှာပေါ်သို့ တွဲလွဲချထားခြင်းသည် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ နှင့် ဟဇရသ် အုဗိုင်ဒဟ်စလ်မာနီတို့၏ တင်ပြချက်များတွင် လာရှိခဲ့ပေပြီ။ عَلَيْهِنَّ ဟူသော စာလုံး၏ 'သဖ်စီးရ်'တွင် မိမိအပေါ်၌ ခြုံထည်ကို နီးကပ်စေခြင်းဟူသော အလိုသဘောမှာ ခြုံထည်ကို ဦးခေါင်းပေါ်မှ မျက်နှာပေါ်သို့ တွဲလွဲ ချထားခြင်းကို ဆိုလိုသည်။

ဤအာယသ်တော်သည် ပွင့်လင်းထင်ရှားစွာ မျက်နှာပေါ်သို့ ဖုံးအုပ်ရန် အမိန့်ပေးခဲ့သည်။ ဤအမိန့် တော်အားဖြင့် အထက်၌ 'ပရ်ဒဟ်'ဆိုင်ရာ အာယသ်တော်၏အောက်တွင် အကျယ်တဝင့် တင်ပြခဲ့သော 'မျက်နှာနှင့် လက်ဖဝါးတို့သည် စင်စစ် မူလအစက အရှက်အင်္ဂါ အစိတ်အပိုင်း၌ မပါဝင်ခဲ့သော်လည်း ပြဿနာအရှုပ်အထွေးများ ပေါ်ပေါက်လာမည်ကို စိုးရိမ်ရခြင်းကြောင့် ၄င်းတို့ကို ဖုံးအုပ်ရန်လည်း အရေး ကြီးကြောင်း ဖော်ပြချက်ကို အပြည့်အဝ ထောက်ခံခြင်း ဖြစ်သွားပေသည်။ အကြပ်အတည်း အခက်အခဲ ဖြစ်သော အခြေအနေများသည် ဖော်ပြပါအမိန့်၌ မပါဝင်ပေ။

အရေးကြီးသော သတိပေးချက်

ဤအာယသ်တော်တွင် လွတ်လပ်သော အမျိုးသမီးများကို အထူးနည်းလမ်းတစ်ခုဖြင့် 'ပရ်ဒဟ်' ၏ ညွှန်ကြားချက်ကို ပြုထားခဲ့သည်မှာ 'ခြုံထည်စောင်ရှည်ကို ဦးခေါင်းပေါ်မှ တွဲလွဲချလျက် မျက်နှာကို ဖုံးအုပ်လိုက်ပါ။ ဤသို့ဖြင့် ကျွန်မများနှင့် ခွဲခြားမှု ဖြစ်သွားပေမည်။ ထို့ပြင် ဤသို့ ပြုခြင်းသည် ဆိုးသွမ်း သူတို့၏ နှောင့်ယှက်မှုမှလည်း ကင်းငြိမ်းသွားပေမည်'ဟု ဖြစ်သည်။ အထက်၌ တင်ပြခဲ့ခြင်းတွင် အစ္စလာမ် သာသနာသည် အမျိုးသမီးတို့၏ အရှက်သိက္ခာနှင့် စင်ကြယ်သန့်ရှင်းမှုကို ကာကွယ်စောင့်ရှောက်ရာတွင် လွတ်လပ်သော အမျိုးသမီးများနှင့် ကျွန်မများအကြား ခွဲခြားမှုပြုလုပ်ပြီး လွတ်လပ်သော အမျိုးသမီးများ အတွက် ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေး၍ ကျွန်မများအတွက်မူ လစ်လျူရှုထားသည်ဟူသော အချက်မှာ လုံးဝဥဿုံမဟုတ်ပေ။ အမှန်စင်စစ် ဤခွဲခြားမှုသည် ဆိုးသွမ်းသူများကိုယ်တိုင်က ထားခဲ့ ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့သည် လွတ်လပ်သော အမျိုးသမီးများအပေါ် လက်တင်ရန်၊ နှောင့်ယှက်ရန် သတ္တိမရှိခဲ့ကြပေ။ ကျွန်မများကိုမူ နှောင့်ယှက်လေ့ရှိခဲ့ကြသည်။ အစ္စလာမ့်ရှရီအသ်

တရားတော်သည် ၎င်းတို့ ခွဲခြားဆက်ဆံခြင်းအပေါ် အကျိုးအမြတ်ရယူသည်မှာ 'အမျိုးသမီးအများစုမှာမူ ထိုသူတို့၏ ခွဲခြားဆက်ဆံသည့် လုပ်ရပ်အပေါ် အလိုအလျောက် ကင်းလွတ်မှု ရရှိသွားသည်။ ကျန်ရှိနေသည်မှာ ကျွန်မများ၏ အရေးကိစ္စဖြစ်သည်။ သို့ဖြစ်ပေရာ ထိုကျွန်မများ၏ အရှက်သိက္ခာကို ကာကွယ်စောင့်ရှောက်ရန်မှာလည်း အစ္စလာမ်သာသနာတော်တွင် လွတ်လပ်သော အမျိုးသမီးများကဲ့သို့ပင် အရေးကြီးပေသည်။ သို့သော် ၎င်းကိစ္စအတွက် ပြင်းထန်သော ဥပဒေကို မသုံးဘဲ ဖြစ်မလာနိုင်ပေ။ သို့ဖြစ်ပေရာ ရှေ့အာယသ်တော်တွင် ထိုဥပဒေကို ထုတ်ပြန်ခဲ့သည်မှာ '၎င်းတို့သည် ထိုလုပ်ရပ်မှ ရပ်စဲခြင်းမပြုကြပါလျှင် ၎င်းတို့အဖို့ မည်သည့်နည်းနှင့်မျှ ခွင့်လွှတ်ချမ်းသာပေးခြင်း ခံရလိမ့်မည်မဟုတ်ပေ။ ထို့မျှမက တွေ့သည့်နေရာ၌ ဖမ်းဆီး၍ သတ်ဖြတ်ခြင်း ခံရပေလိမ့်မည်' ဟု ဖြစ်သည်။ ဤအမိန့်တော်သည် ကျွန်မများ၏ အရှက်သိက္ခာကိုလည်း လွတ်လပ်သူအမျိုးသမီးများကဲ့သို့ပင် ကာကွယ်စောင့်ရှောက်မှု ပြုပေးခဲ့သည်။

အလ္လာမဟ်အိဗ်နေဟာဇမ်စသော ပညာရှင်များသည် ဖော်ပြပါသံသယ စာဒကမှ လွတ်ကင်းစေရန် ဟူ၍ အာယသ်တော်၏ သဗ်စီးရ်ဖွင့်ဆိုချက်ကို သာသနာ့ပညာရှင်အများစုတို့နှင့် ကွဲပြားခြားနားစွာ ပြုလုပ်သုံးသပ်တင်ပြခဲ့ကြသည်။ ထိုသို့ ပြုလုပ်ရန် မလိုအပ်တော့ပေ။ သံသယစာဒကသည် ကျွန်မများအား ကာကွယ်စောင့်ရှောက်သော အစီအမံများ မပြုခဲ့လျှင်သာ ဖြစ်မည်သာတည်း။

မွတ်စ္စလင်မ်ဖြစ်ပြီးနောက်တွင်မှ 'မုရ်သဒ်' ဖြစ်သွားသူ၏ အစားပေးအပြစ်မှ သတ်ဖြတ်ခြင်း

ဖော်ပြပါအာယသ်တော်တွင် မုနာဖစ်က်တို့၏ ဆိုးသွမ်းမှုနှစ်မျိုးကို တင်ပြလျက် ထိုလုပ်ရပ်များမှ ရပ်စဲခြင်း မပြုပါက အပြစ်ဒဏ်ချမှတ်မည့်အကြောင်း တင်ပြခဲ့သည်မှာ-

ملعونين ج اينما ثقفوا اخذوا وقتّلوا تقتيلا

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ '၎င်းတို့သည် မည်သည့်နေရာ၌ပင် နေသည်ဖြစ်စေ ကရုဏာတော်မှ ကင်းဝေးစေခြင်း ခံကြရသူများအဖြစ်သာမက တွေ့သည့်နေရာ၌ ဖမ်းဆီးခြင်းခံရ၍ သတ်ဖြတ်ခြင်းလည်း ခံကြရပေမည်' ဟု ဖြစ်သည်။

ဤအပြစ်ဒဏ်သည် ကာဖိရ်တိုင်းအတွက် မဟုတ်ပေ။ ကာဖိရ်များအတွက် အစ္စလာမ့်ရှရီအသ်တရားတော်၌ ဤသို့ မရှိပါကြောင်း မြောက်မြားစွာသော ကုရ်အာန်ဟဒီးစ် အထောက်အထားများက သက်သေထူထား၏။ ထို့မျှမက ရှိသည့်ဥပဒေမှာ 'ဦးစွာပထမ ၎င်းတို့အား အစ္စလာမ်သာသနာဘက်တော်သို့ ဖိတ်ခေါ်ရမည်။ ၎င်းတို့၏ အတွေးမှားသံသယများကို ပပျောက်စေရန် ကြိုးပမ်းရမည်။ သို့တိုင်လည်း ၎င်းတို့သည် အစ္စလာမ်သာသနာတော်ကို လက်မခံပါမူ မွတ်စ္စလင်မ်တို့၏ လက်အောက်ခံ 'ဇင်မီ' (အခွန်ပေးဆောင်၍ နေသူ) အဖြစ် နေရန် အမိန့်ပေးရမည်။ အကယ်၍ ၎င်းတို့က ဤသည်ကို လက်ခံလိုက်ပါမူ ၎င်းတို့၏ အသက်အိုးအိမ်နှင့် သိက္ခာတရားတို့ကို ကာကွယ်စောင့်ရှောက်ရန်မှာ မွတ်စ္စလင်မ်တို့အပေါ်၌ မွတ်စ္စလင်မ်တစ်ဦးကဲ့သို့ပင် တာဝန်ဖြစ်သွားပေပြီ။ သို့သော် ၎င်းတို့သည် ဤသည်ကိုပင် လက်မခံဘဲ

စစ်တိုက်ရန်ပင် အသင့်ရှိနေပါမူ ၎င်းတို့အား ရင်ဆိုင်တိုက်ခိုက်ရန် အမိန့်တော် သတ်မှတ်ထားသည်။ ဤအာယသ်တော်တွင် ၎င်းတို့အား လုံးဝဥဿုံ ဖမ်းဆီး၍ သတ်ဖြတ်ရန်ဟူသော အပြစ်ဒဏ်ကို ချမှတ်၍ ညွှန်ကြားခဲ့သည်။ ထိုသို့ ပြစ်ဒဏ်ချမှတ်ရသည့် အကြောင်းမှာ ဤအရေးကိစ္စမှာ မိမိတို့ကိုယ်ကို မွတ်စ္စလင်မ်ဖြစ်သည်ဟု ကြွေးကြော်သော 'မုနာဖစ်က်' အယောင်ဆောင်များအတွက်သာ ဖြစ်သည်။ မွတ်စ္စလင်မ်တစ်ဦးသည် အစ္စလာမ်သာသနာ၏ အမိန့်တော်များကို ပွင့်လင်းစွာ ဆန့်ကျင်ခြင်းနှင့် ငြင်းဆိုခြင်းများ ပြုလုပ်ပါလျှင် ထိုသူသည် ရှရီအသ်၏ အသုံးအနှုန်းအရ 'မုရ်သဒ်'ဖြစ်ပေသည်။ အစ္စလာမ်၏ ရှရီအသ်တရားတော်တွင် ထိုသူနှင့် နှစ်ဦးနှစ်ဖက် နားလည်မှုရယူ၍ မည်သည့်ပြေငြိမ်းမှုမျှ မပြုရတော့ပေ။ သို့သော် ထိုသူသည် 'သောင်ဗာဟ်'အမှားဝန်ခံ၍ တစ်ဖန် မွတ်စ္စလင်မ် ပြန်လည်ဖြစ်လာသောအခါ အစ္စလာမ်၏ အမိန့်တော်များကို နှုတ်အား၊ လုပ်ရပ်အားဖြင့် လက်ခံခဲ့ပါမူ နဂိုမူလက အတိုင်းပင် ဖြစ်ပေမည်။ ထိုသို့မဟုတ်ပါက ၎င်းအား သတ်ဖြတ်ရပေမည်။ တမန်တော်မြတ် ﷺ ၏ ထင်ရှားသော မိန့်ကြားချက်များနှင့် ဆွဟာဗာများ၏ 'အိဂ်ျမာအ်'စုပေါင်းဆုံးဖြတ်ပြီး ကျင့်သုံးခဲ့ခြင်းများဖြင့် အတည်ဖြစ်ပေသည်။ မုစိုင်လမဟ်ကဇာဗ်နှင့် ၎င်း၏ အုပ်စုကို ဆွဟာဗာတို့၏ 'အိဂ်ျမာအ်'စုပေါင်းဆုံးဖြတ်ချက်ဖြင့် ဆန့်ကျင်တိုက်ခိုက်၍ မုစိုင်လမဟ်အား သတ်ဖြတ်ခဲ့ခြင်းသည် ထိုအကြောင်းအတွက် ကြီးမားသော သက်သေအထောက်အထားဖြစ်သည်။

နောက်ဆုံးအာယသ်တော်တွင် ဤသည်ကို အလ္လာဟ်အသျှင်မြတ်၏ 'ရှေးမူလဓလေ့တော်'ဟု သတ်မှတ်ဖော်ပြထားသည်။ ဤသည်ကို ကြည့်ခြင်းဖြင့် ရှေးနဗီတမန်တော်တို့၏ ရှရီအသ်တရားတော်တွင်လည်း 'မုရ်သဒ်' (အစ္စလာမ်သာသနာကို စွန့်ခွာသူ) ၏ အပြစ်ဒဏ်သည် သေဒဏ်ပင်ဖြစ်ကြောင်း သိရှိရပေသည်။)

အထက်ဖော်ပြပါ 'ဖွင့်ဆိုချက်အနှစ်ချုပ်'တွင် ထိုအပြစ်ဒဏ်များကို အများကာဖိရ်တို့အတွက် သတ်မှတ်၍ ၎င်းနှင့်ပတ်သက်သော ရှင်းလင်းချက်ပေး အကြောင်းတရားများ တင်ပြခြင်းတို့သည် ဤတင်ပြချက်ဖြင့် မလိုအပ်တော့ပေ။

အချို့သော ဓမ္မသတ်များ

ဤအာယသ်တော်အားဖြင့် အတည်ဖြစ်သည်မှာ-

(၁) အမျိုးသမီးများအဖို့ လိုအပ်ချက်တစ်စုံတစ်ကြောင့် အိမ်မှ အပြင်သို့ ထွက်ရန်ရှိလျှင် ခြုံထည်စောင်ရှည်ဖြင့် တစ်ကိုယ်လုံးကို ဖုံးအုပ်၍ ထွက်ရမည်။ ထိုခြုံထည်ကို ဦးခေါင်းပေါ်မှ တွဲလွဲချ၍ မျက်နှာကိုလည်း ဖုံးအုပ်၍ သွားရပေမည်။ ခေတ်စားနေသော 'ဗုရ်ကာအ်'သည်လည်း ထိုခြုံထည်စောင်ရှည်၏ နေရာတွင် အစားထိုးဖြစ်နိုင်သည်။

(၂) မွတ်စ္စလင်မ်များအတွင်း မွတ်စ္စလင်မ်များ စိတ်ဒုက္ခဖြစ်စေသော၊ နစ်နာဆုံးရှုံးမှု ဖြစ်စေသော သွားပုပ်လေလွင့် သတင်းဖြန့်ချီခြင်းသည် 'ဟရာမ်'ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

يَسْـَٔلُكَ ٱلنَّاسُ عَنِ ٱلسَّاعَةِ ۖ قُلْ إِنَّمَا عِلْمُهَا عِندَ ٱللَّهِ ۚ وَمَا يُدْرِيكَ لَعَلَّ ٱلسَّاعَةَ تَكُونُ قَرِيبًا ﴿٦٣﴾

၃၃ : ၆၃ ။ ။ လူတို့သည် 'ကေယာမသ်' ရှင်ပြန်ထရမည့် အချိန်ကာလနှင့် စပ်လျဉ်း၍ အသင့်အား မေးမြန်းကြကုန်၏။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) ယင်း 'ကေယာမသ်' ရှင်ပြန်ထရမည့် အချိန်ကာလနှင့် စပ်လျဉ်းသော အသိပညာသည် အလ္လာဟ်အသျှင်မြတ်၌သာ ရှိ၏။ အသင်သည် မည်သို့လျှင် သိနိုင်ပါအံ့နည်း။ စင်စစ် ရှင်ပြန်ထရမည့် အချိန်ကာလသည် နီးကပ်လျက် ရှိတန်ရာသည်။

إِنَّ ٱللَّهَ لَعَنَ ٱلْكَٰفِرِينَ وَأَعَدَّ لَهُمْ سَعِيرًا ﴿٦٤﴾

၃၃ : ၆၄ ။ ။ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် ကာဖိရ်သေဖွည်ငြင်းပယ်ကြကုန်သော သူတို့အား ကရုဏာတော်မှ ကင်းဝေးစေတော်မူခဲ့၏။ ၄င်းပြင် ထိုအသျှင်မြတ်သည် ထိုသူတို့အဖို့ အလျှံပြောင်ပြောင် တောက်လောင်လျက်ရှိသော မီးတောက်မီးလျှံကို အဆင်သင့် ပြုလုပ်၍ ထားရှိတော်မူ၏။

خَٰلِدِينَ فِيهَآ أَبَدًا ۖ لَّا يَجِدُونَ وَلِيًّا وَلَا نَصِيرًا ﴿٦٥﴾

၃၃ : ၆၅ ။ ။ ၄င်းတို့သည် ယင်းမီး၌ အမြဲမပျက် နေထိုင်လျက် ရှိကြပေမည်။ ၄င်းတို့သည် မည်သည့်စောင့်ရှောက်သူကိုမျှလည်း တွေ့ရှိကြမည် မဟုတ်ချေ။ မည်သည့် ကာကွယ်စောင့်ရှောက်မည့် သူကိုမျှလည်း တွေ့ရှိကြမည် မဟုတ်ပေ။

يَوْمَ تُقَلَّبُ وُجُوهُهُمْ فِى ٱلنَّارِ يَقُولُونَ يَٰلَيْتَنَآ أَطَعْنَا ٱللَّهَ وَأَطَعْنَا ٱلرَّسُولَا۠ ﴿٦٦﴾

၃၃ : ၆၆ ။ ။ ၄င်းတို့၏ မျက်နှာများသည် မီးထဲ၌ လှည့်ပြောင်းခြင်း ခံကြရသော နေ့တွင်၊ ၄င်းတို့က 'သြော်-ငါတို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို လိုက်နာခဲ့ကြလျှင်လည်းကောင်း၊ ရစူလ်တမန်တော်မြတ်၏ အမိန့်တော်ကို လိုက်နာခဲ့ကြလျှင်လည်းကောင်း ကောင်းလေစွ' ဟု ပြောဆို (ညည်းညူ) ကြပေမည်။

وَقَالُوا۟ رَبَّنَآ إِنَّآ أَطَعْنَا سَادَتَنَا وَكُبَرَآءَنَا فَأَضَلُّونَا ٱلسَّبِيلَا۠ ﴿٦٧﴾

၃၃ : ၆၇ ။ ။ ထို့ပြင် ၄င်းတို့သည် လျှောက်ထားကြပေမည်။ 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ဧကန်စင်စစ် ကျွန်တော်မျိုးတို့သည် မိမိတို့၏ ခေါင်းဆောင်များနှင့် မိမိတို့၏ အကြီးအကဲများ၏ စကားကို နာခံမိခဲ့ကြပါသည်။ ၄င်းတို့သည် ကျွန်တော်မျိုးတို့အား လမ်းလွဲမှားစေခဲ့ကြပါသည်။'

رَبَّنَآ ءَاتِهِمْ ضِعْفَيْنِ مِنَ ٱلْعَذَابِ وَٱلْعَنْهُمْ لَعْنًا كَبِيرًا ﴿٦٨﴾

၃၃ : ၆၈ ။ ။ 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ၄င်းတို့အား ပြစ်ဒဏ်နှစ်ဆ ပေးတော်မူပေ။ ထို့ပြင် အသျှင်မြတ်သည် ၄င်းတို့အား ကရုဏာတော်မှ အလွန့်အလွန် ကင်းဝေးစေတော်မူပါ'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဤ (ငြင်းဆိုသူ ကာဖိရ်တို့) သည် အသင့်အား 'ကေယာမသ်'နှင့် စပ်လျဉ်း၍ (ကာဖိရ်တို့၏ အသွင်အတိုင်း) မေးမြန်းကြသည်မှာ ('ကေယာမသ်'သည် မည်သည့်အခါ ဖြစ်လိမ့်မည်နည်းဟု ဖြစ်သည်) အသင်သည် (၎င်းတို့၏ အဖြေတွင်) ဤ 'ကေယာမသ်' (၏ ဖြစ်ပေါ်မည့်အချိန်ကာလ) ၏ အသိသည် အလ္လာဟ်အသျှင်မြတ်၌သာ ရှိတော်မူသည်ဟု အသင် ပြောကြားပါလေ။ အသင့်အဖို့ ('ကေယာမသ်'နေ့ ဖြစ်မည့်အချိန်ကို) မည်သို့ သိရှိနိုင်ပါမည်နည်း။ သို့ရာတွင် ထိုသူတို့အဖို့ အကျဉ်းချုံးသော သဘောတရားကို နားလည်ရန်ထိုက်သည်မှာ) 'ကေယာမသ်'သည် ယခုပင် ဖြစ်ရှိနိုင်သည်မှာ မဖြစ်နိုင်ဖွယ်ရာ မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် တိကျသော အချိန်ကာလ သတ်မှတ်ထားခြင်း မရှိသည့်အခါ နီးကပ်သော အချိန်ကာလတွင်ပင် 'ကေယာမသ်'ဖြစ်ပေါ်နိုင်ခြင်းကို လစ်လျူရှု၍ မရနိုင်သောကြောင့် ဖြစ်သည်။ ထိုသို့ တင်ပြရသည့် ရည်ရွယ်ချက်မှာ ဤသူတို့သည် နောက်ဆုံးရလဒ်အပေါ် ကြောက်ရွံ့ရန်၊ ထိုနေ့အတွက် ပြင်ဆင်မှုများ၌ မွေ့လျော်ရန်၊ ကာဖိရ်တို့၏ နည်းအတိုင်း စောဒကမေးခွန်းများ မေးခြင်းနှင့် လှောင်ပြောင် သရော်မှုများမှ ရှောင်ကြဉ်ကြစေရန် ဖြစ်သည်။

'ကေယာမသ်'အား နီးကပ်သည်ဟု မိန့်ကြားရခြင်း၏ ဖြစ်နိုင်ချေတစ်ခုမှာ 'ကေယာမသ်'သည် နေ့စဉ် နီးကပ်လာနေသောကြောင့် ဖြစ်သည်။ ရှေ့၌ လာနေသည့် အရာကို နီးကပ်သည်ဟု မှတ်ယူခြင်းသည် အသိဉာဏ်ရှိသူတို့၏ လုပ်ရပ်ဖြစ်သည်။ တစ်ဖန် 'ကေယာမသ်'၏ ကြောက်မက်ဖွယ်ဖြစ်ရပ်များနှင့် ပြင်းထန်မှုများကို ထောက်ရှု၍ကြည့်လျှင် ဤလောကအပေါင်း၏ သက်တမ်းကိုပင် တိုတောင်းလှသည်ဟု တွေ့မြင် ရပေမည်။ ထို့ပြင် နှစ်ပေါင်းထောင်ချီ ကြာမြင့်သော ဤလောကအပေါင်း၏ ကာလသက်တမ်းကို ရက်အနည်းငယ်နှင့် ညီမျှသည်ဟု ခံစားရမည်ဖြစ်၍လည်း 'ကေယမသ်'ကို နီးကပ်သည်ဟု ဆိုနိုင်ခြင်း ဖြစ်သည်။

ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် ကာဖိရ်သွေဖည်ငြင်းပယ်သူတို့အား ကရုဏာတော်မှ ကင်းဝေးစေတော်မူခဲ့သည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် ထိုသူတို့အတွက် အလျှံပြောင်ပြောင် တောက်လောင် လျက်ရှိသော မီးတောက်မီးလျှံကို အဆင့်သင့် ပြုလုပ်ထားတော်မူသည်။

၎င်းတို့သည် ယင်းမီး၌ အမြဲထာဝရ နေကြရပေမည်။ (ထို့ပြင်) ၎င်းတို့သည် မည်သည့်အထွေခင်ပွန်း မျှလည်း တွေ့ကြရမည်မဟုတ်ပေ။ မည်သည့်ကူညီစောင့်ရှောက်သူတို့ကိုမျှလည်း တွေ့ကြုံရမည်မဟုတ်ပေ။

၎င်းတို့၏ မျက်နှာများကို မီးထဲ၌ ဟိုဘက်သည်ဘက် ပြောင်းပြန်လှန်ခြင်း ခံရသည့်နေ့တွင် (မျက်နှာများကို မှောက်ခုံ ဒရွတ်တိုက်ဆွဲခြင်း ခံရပေလိမ့်မည်။ တစ်ခါတစ်ရံ မျက်နှာကို တစ်ဖက်စောင်း၍ ဒရွတ်တိုက်ဆွဲခြင်းခံကြရသည်။ တစ်ခါတစ်ရံ အခြားဘက်သို့ ပြောင်း၍ ဒရွတ်တိုက်ဆွဲခံကြရသည်။ ထိုအခါ အဆုံးမရှိသော ပူဆွေးမှုဖြင့်) 'ဩော်- ငါတို့သည် (လောကတွင်) အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော် များကို လိုက်နာခဲ့ကြပါလျှင်လည်းကောင်း၊ ရစူလ်တမန်တော်၏ အမိန့်တော်များကို လိုက်နာခဲ့ကြပါလျှင်

လည်းကောင်း ကောင်းလေစွ။ (ဤသို့ လိုက်နာခဲ့ကြပါလျှင် ယနေ့ ဤဒုက္ခတွင် နစ်မွန်းမည်မဟုတ်ပေ)' ဟု ပြောဆိုကြပေလိမ့်မည်။

ထို့ပြင် (ပူဆွေးခြင်းနှင့်အတူ မိမိတို့အား လမ်းမှားစေခဲ့ကြသူတို့အပေါ် အမျက်ဒေါသဖြစ်လာပေမည်။ သို့ဖြစ်ပေရာ) 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်း မွေးမြူတော်မူသော အသျှင်၊ ဧကန်စင်စစ် ကျွန်တော်မျိုးတို့သည် ကျွန်တော်မျိုးတို့၏ (အုပ်ချုပ်ရေး) ခေါင်းဆောင်များနှင့် မိမိတို့၏ (ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တွင် အကြောင်းတစ်ခုခုအားဖြင့် ဤကဲ့သို့သော ဂုဏ်ဒြပ်ကို ရရှိခဲ့ကြ၍ ၎င်းတို့၏ စကားကို လက်ခံရန်နှင့် လိုက်နာရန်မှာ ကျွန်ုပ်တို့အတွက် တာဝန်ဖြစ်သည်။ ၎င်း) အကြီးအကဲများ၏ စကားကို နာခံခဲ့ကြသည်။ သို့ဖြစ်ပေရာ ၎င်းတို့သည် ကျွန်တော်မျိုးတို့အား (ဖြောင့်မတ်မှန်ကန်သော) လမ်းမှ လမ်းလွဲစေခဲ့ကြပါသည်။'

'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ အသျှင်မြတ်သည် ၎င်းတို့အား အပြစ်ဒဏ်နှစ်ဆ ပေးတော်မူပါ။ ထို့ပြင် အသျှင်မြတ်သည် ၎င်းတို့အား ကရုဏာတော်မှ အလွန့်အလွန် ကင်းဝေးစေတော်မူပါ'ဟု ပြောဆိုကြလိမ့်မည်။

ဤအဖြစ်သည် စူရာဟ်အအ်ရားဖ်၏ စတုတ္ထရုကူအ်၌ လာရှိခဲ့ပြီးဖြစ်သော

رَبَّنَا هٰؤُلَاءِ اَضَلُّوْنَافَاٰتِهِمْ عَذَابًا ضِعْفًامِّنَ النَّارِ

ဟူသော အာယသ်တော်ကဲ့သို့ပင် ဖြစ်သည်။ ၎င်း၏အဖြေကို ထိုအာယသ်တော်အတွင်း၌ပင် لِكُلٍّ ضِعْفٌ ဟူ၍ တင်ပြထားသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

တင်ပြပြီးခဲ့သည့် အာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော် ﷺ တို့အား ဆန့်ကျင်မှုပြုသူများအဖို့ လောကီ၊ လောကုတ္တရာနှစ်ဌာနစလုံးတွင် ကရုဏာတော်မှ ကင်းဝေးမှု ခံရခြင်းနှင့် 'အဇားဗ်' အပြစ်ဒဏ်ခံရမည်ဟူ၍ သတိပေးနှိုးဆော်ချက်များ တင်ပြထားသည်။ ကာဖိရ်တို့၏ အုပ်စုများစွာတို့သည် 'ကေယာမသ်'နှင့် 'အာခေရသ်'ကိုပင် မယုံကြည် ငြင်းဆိုခဲ့သူများ ဖြစ်ကြသည်။ ထိုသို့ ငြင်းဆို၍ပင် ၎င်းတို့သည် 'ကေယာမသ်'နေ့ မည်သည့်အခါတွင် ဖြစ်ပေါ်လာမည်နည်း'ဟု ပြက်ရက်ပြုသည့်သဘောဖြင့် မေးမြန်းလေ့ ရှိခဲ့ကြသည်။ စူရာဟ်၏ နောက်ဆုံးဖော်ပြပါ အာယသ်တော်များတွင် ၎င်းတို့အား တုန့်ပြန်ဖြေကြားခဲ့သည်။ ၎င်းဖြေကြားချက်၏ အကျယ်ဖွင့်ဆိုချက်ကို အထက်၌ ဖော်ပြခဲ့ပြီးဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

يَا أَيُّهَا الَّذِينَ آمَنُوا لَا تَكُونُوا كَالَّذِينَ آذَوْا
مُوسَىٰ فَبَرَّأَهُ اللَّهُ مِمَّا قَالُوا ۚ وَكَانَ عِندَ اللَّهِ وَجِيهًا ﴿٦٩﴾

၃၃ း ၆၉ ॥ ॥ 'အို၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အကြင်သူတို့ကဲ့သို့ မဖြစ်ကြကုန်လင့်။ ထိုသူတို့သည် (နဗီတမန်တော်) မူစာအား စိတ်ဒုက္ခပေးခဲ့ကြကုန်၏။ ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် ယင်း (နဗီတမန်တော် မူစာ) အား ၎င်းတို့၏ ပြောဆိုစွပ်စွဲချက်များမှ အပြစ်ကင်းကြောင်း ထင်ရှားစေတော်မူ၏။ စင်စစ် ယင်း (မူစာ) သည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ ဂုဏ်ကျက်သရေ အလွန်ပြည့်စုံသူပင် ဖြစ်ခဲ့ပေသည်။'

يَا أَيُّهَا الَّذِينَ آمَنُوا اتَّقُوا اللَّهَ وَقُولُوا قَوْلًا سَدِيدًا ﴿٧٠﴾

၃၃ း ၇၀ ॥ ॥ 'အို၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထို့ပြင် အသင်တို့သည် တည်ကြည်ဖြောင့်မတ်သော စကားကို ပြောဆိုကြလေကုန်။'

يُصْلِحْ لَكُمْ أَعْمَالَكُمْ وَيَغْفِرْ لَكُمْ ذُنُوبَكُمْ ۗ وَمَن يُطِعِ اللَّهَ وَرَسُولَهُ فَقَدْ فَازَ فَوْزًا عَظِيمًا ﴿٧١﴾

၃၃ း ၇၁ ॥ ॥ ထိုအသျှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏ ပြုမူကျင့်ဆောင်ချက်များကို ပြုပြင်၍ ပေးသနားတော်မူပေမည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင့်အဖို့ အသင်တို့၏ ပြစ်မှုဒုစရိုက်များကို ခွင့်လွှတ်တော်မူပေမည်။ စင်စစ် မည်သူမဆို အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကိုလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်၏ အမိန့်တော်ကိုလည်းကောင်း လိုက်နာပါမူ ဧကန်မလွဲ ထိုသူသည် ကြီးကျယ်စွာသော အောင်မြင်ပြီးဖြစ်မည်သာ (ဖြစ်၏။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မူစာ عليه السلام အား (စွပ်စွဲခြင်းများပြုလုပ်၍) ဒုက္ခပေးခဲ့ကြသူများကဲ့သို့ မဖြစ်ကြကုန်လင့်။ သို့ဖြစ်ပေရာ အလ္လာဟ်အသျှင်မြတ်သည် မူစာ عليه السلام အား ၎င်းတို့၏ စွပ်စွဲချက်များမှ ကင်းရှင်းကြောင်းကို ထင်ရှားစေတော်မူလိုက်သည်။ (ဆိုလိုသည်မှာ မူစာ عليه السلام အဖို့မှာမူ မည်သည့်နစ်နာဆုံးရှုံးမှုမျှ မဖြစ်ပေ။ စွပ်စွဲခြင်းပြုသူတို့သာလျှင် လီဆည်ပြောဆိုသူနှင့် အပြစ်ဒဏ်ထိုက်သက်သူများ ဖြစ်ရပေသည်။) စင်စစ် ထိုမူစာ عليه السلام သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် အလွန် ဂုဏ်ကျက်သရေနှင့် ပြည့်စုံသော နဗီ (တမန်တော်) တစ်ပါးသာ ဖြစ်ပေသည်။

(ထို့ကြောင့်ပင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား ကာဖိရ်တို့၏ စွပ်စွဲချက်များမှ ကင်းရှင်းကြောင်း ထင်ရှားစေတော်မူခြင်းဖြစ်သည်။ အခြားသော နဗီတမန်တော်များအတွက်လည်း ၎င်းတို့၏ ထိုကဲ့သို့ စွပ်စွဲချက်ကင်းရှင်းကြောင်း ထုတ်ဖော် ထင်ရှားစေတော်မူခဲ့သည့်အတိုင်းပင် ဖြစ်သည်။ ဆိုလိုသည့်သဘောမှာ

အသင်တို့သည် ရစူလ်တမန်တော်အား ဆန့်ကျင်မှုပြု၍ ၎င်းအား ဒုက္ခမပေးကြလေနှင့်။ အဘယ်ကြောင့်ဆိုသော် ရစူလ်တမန်တော်အား ဆန့်ကျင်ခြင်းသည် အလ္လာဟ်အသျှင်မြတ်အား ဆန့်ကျင်ခြင်းဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထိုသို့မဟုတ်ပါက အသင်တို့သည် ဤသို့ ပြုမူခြင်း၏ ရလဒ်တွင် မိမိတို့ကိုယ်ကိုသာ နစ်နာဆုံးရှုံးစေသူများ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် လုပ်ဆောင်ချက်ဟူသရွေ့တို့တွင် အလ္လာဟ်နှင့် ရစူလ်၏ အမိန့်တော်များကို လိုက်နာရပေမည်။ ထိုအမိန့်တော်များကို ရှေ့၌ ဖော်ပြထားသည်။

အို၊ အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ (ကိစ္စဟူသရွေ့တို့၌ ထိုအသျှင်မြတ်၏ အမိန့်နာခံမှုကို ပြုကြကုန်။) ထို့ပြင် (အထူးသဖြင့် စကားပြောဆိုသည့်အခါ) တည်ကြည်ဖြောင့်မတ်သော စကားကို ပြောဆိုကြလေကုန်။

(ထိုစကားတွင် တရားမျှတမှုနှင့် မှန်ကန်တိကျမှုမှ မကျော်လွန်စေနှင့်။) အလ္လာဟ်အသျှင်မြတ်သည် (ထိုပြုမူခြင်း၏ အကျိုးဆက်တွင်) အသင်တို့၏ ကျင့်စဉ်ကျင့်ရပ်များကို လက်ခံတော်မူပေမည်။ ထို့ပြင် အသင်တို့၏ အပြစ်များကို ခွင့်လွှတ်ချမ်းသာပေးတော်မူပေမည်။ (အချို့ကို ဤကျင့်စဉ်ကျင့်ရပ်များ၏ 'ဗရ်ကသ်'ဖြင့်လည်းကောင်း၊ အချို့ကို 'သောင်ဗာဟ်'၏ 'ဗရ်ကသ်'ဖြင့်လည်းကောင်း ခွင့်လွှတ်တော်မူပေမည်။ ၎င်း 'သောင်ဗာဟ်'ပြုခြင်းသည် 'သဋ္ဌဝါ'နှင့် မှန်ကန်ဖြောင့်မတ်သော စကားပြောဆိုရာ၌ ပါဝင်သည်။) ထို့ပြင် ဤအကျိုးရလဒ်များသည် အမိန့်နာခံမှု၏ အကျိုးဆက်ဖြစ်သည်။ အမိန့်နာခံမှုသည်ကား ဤမျှ ကြီးကျယ်သောအရာ ဖြစ်သည်။) မည်သူမဆို အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကိုလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်၏ အမိန့်ကိုလည်းကောင်း လိုက်နာပါမူ ထိုသူသည် ကြီးစွာသော အောင်မြင်မှုကို ရရှိမည့်သူ ဖြစ်ပေမည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအာယသ်တော်၏ ရှေ့မှ အာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်တို့အား ဒုက္ခရောက်စေခြင်းသည် ပျက်စီးစေခြင်းနှင့် ကြောက်မက်ဖွယ်ဖြစ်ကြောင်း တင်ပြခဲ့ပြီးဖြစ်သည်။ ဤအာယသ်တော်တွင် မွတ်စ္စလင်မ်တို့အား အထူးအနေဖြင့် အလ္လာဟ်နှင့် ရစူလ်အား ဆန့်ကျင်မှုများမှ ရှောင်ကြဉ်ကြရန် ညွှန်ကြားထားသည်။ အဘယ်ကြောင့်ဆိုသော် ဤအမိန့်ဗီဆန် ဆန့်ကျင်ခြင်းသည် အလ္လာဟ်နှင့် ရစူလ်တမန်တော်တို့အား ဒုက္ခပေးခြင်း အကြောင်းခံဖြစ်သောကြောင့်ပင် ဖြစ်သည်။

ပထမအာယသ်တော်တွင် ဟဇရသ်မူစာ ﷺ အား ၎င်း၏ အမျိုးသားများက ဒုက္ခပေးခြင်းအကြောင်းကို တင်ပြလျက် မွတ်စ္စလင်မ်တို့အား 'အသင်တို့သည် ဤသို့ မပြုကြလေနှင့်'ဟု သတိပေးခြင်း ဖြစ်သည်။ ဤသို့ သတိပေးရာ၌ မွတ်စ္စလင်မ်တို့သည် ဤကဲ့သို့သော အပြစ်တစ်စုံတစ်ရာကို ကျူးလွန်ခဲ့၍ မဟုတ်ဘဲ ဖြစ်ခဲ့သည့်ဖြစ်ရပ်ကို တင်ပြ၍ ညွှန်ကြားခြင်းသာ ဖြစ်ပေသည်။ အချို့ဆွဟာဗာများမှ တမန်တော်မြတ်အား ဒုက္ခရောက်စေခဲ့သည်ဆိုသော ဖြစ်ရပ်များကို ဆင့်ပြန်ခဲ့သော ဆင့်ပြန်ချက်များ၏ အလိုသဘောမှာလည်း

'ဆွဟာဗာများသည် ထိုအချိန်က' ဤစကားသည် တမန်တော်မြတ် ﷺ အား စိတ်ဒုက္ခရောက်စေသော စကားဖြစ်ကြောင်းကို သတိမထားမိခဲ့ကြ၍ ဖြစ်သည်။ တမင်ရည်ရွယ်၍ ဒုက္ခရောက်စေခြင်းမှာမူ မည်သည့် ဆွဟာဗာဘက်မှ မဖြစ်နိုင်ပေ။ တမင်ရည်ရွယ်လျက် ဒုက္ခရောက်စေခဲ့သည်ဟူသော ဖြစ်ရပ်ဟူသမျှမှာ မုနာဖစ်က်များဘက်မှသာ ဖြစ်ပေသည်။ ဟဇရသ်မူစာ عليه السلام ၏ ဖြစ်ရပ်ကို တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်က တင်ပြလျက် ဤအာယသ်တော်၏ သဖ်စီးရ်ဖွင့်ဆိုချက်ကို ရှင်းလင်းပြသခဲ့သည်။ ဤသည်ကို အေမာမ်ဘိုခါရီ (ရဟ) သည် ကိသာဗွလ်သဖ်စီးရ်နှင့် ကိသာဗွလ်အန်ဗိယာတို့တွင် ဟဇရသ်အာဗူဟူရိုင်ရဟ် رضي الله عنه သခင်ထံမှ ဆင့်ပြန်ထားသည်မှာ 'ဟဇရသ်မူစာ عليه السلام သည် အလွန်ပင် ရှက်ကြောက်တတ်သူ၊ အရှက်တရားရှိသူ ဖြစ်သည်။ မိမိ၏ ကိုယ်ခန္ဓာကို လုံခြုံစွာ ထားလေ့ရှိသည်။ ၎င်း၏ ကိုယ်ခန္ဓာကို မည်သူမျှ မမြင်ဘူးကြပေ။ ရေချိုးရန်ဖြစ်လျှင် အကာအကွယ်အဖြစ် ချိုးလေ့ ရှိသည်။ ၎င်း၏ အမျိုးသားများဖြစ်သော ဗနီအိစ်ရာအီးလ်လူမျိုးတို့၏ အလေ့အထသည် အမျိုးသားမှန်လျှင် လူအားလုံးတို့၏ ရှေ့တွင် ဝတ်လစ်စလစ် ရေချိုးလေ့ရှိခဲ့ကြသည်။ ထို့ကြောင့် အချို့ဗနီအိစ်ရာအီးလ်လူမျိုးတို့က 'မူစာသည် မည်သူ၏ရှေ့တွင်မှ ရေချိုးခြင်းမရှိပါ။ အကြောင်းမှာ ၎င်း၏ ခန္ဓာကိုယ်တွင် ပြစ်ချက်တစ်စုံတစ်ရာရှိသောကြောင့်ဖြစ်သည်။ ခရသင်း (သို့) မုတ္တရောဂါဝေဒနာ (သို့) အခြားရောဂါတစ်မျိုး ရှိသောကြောင့် ဖြစ်သည်'ဟု စွပ်စွဲခဲ့ကြသည်။ အလ္လာဟ်အသျှင်မြတ်သည် မူစာ عليه السلام တွင် ဤသို့သော အပြစ်အနာများမှ ကင်းရှင်းကြောင်း ထုတ်ဖော်ရန် ရည်ရွယ်တော်မူလေသည်။ တစ်နေ့တွင် မူစာ عليه السلام သည် လူသူလေးပါးကင်းရှင်းသည့် နေရာ၌ တစ်ကိုယ်တည်း ရေချိုးရန် မိမိ၏ အဝတ်အစားများကို ချွတ်၍ ကျောက်တုံးတစ်တုံးပေါ်၌ တင်ထားလိုက်သည်။ ရေချိုးပြီး၍ မိမိ၏အဝတ်အစားများကို ယူရန် ရည်ရွယ်လိုက်သောအခါ (အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် ထိုကျောက်တုံးသည် သက်ဝင်လှုပ်ရှားလာသည်။) ကျောက်တုံးသည် အဝတ်များကို ယူ၍ ပြေးလေတော့သည်။ မူစာ عليه السلام သည် မိမိ၏ တောင်ဝှေးကို မ,လျက် ကျောက်တုံး၏ နောက်သို့ အပြေးအလွှား လိုက်ရင်းမှ

ثَوْبِىْ حَجَرُ ثَوْبِىْ حَجَرُ

'အို, ကျောက်တုံး၊ ကျွန်ုပ်၏ အဝတ်။ အို, ကျောက်တုံး၊ ကျွန်ုပ်အဝတ်'ဟု ပြောဆိုလေသည်။ သို့ရာတွင် ကျောက်တုံးသည် ပြေးမြဲ ဆက်ပြေးလေသည်။ နောက်ဆုံးတွင် ဗနီအိစ်ရာအီလ်လူမျိုးတို့ စုရုံးရာ နေရာတစ်ခုသို့ ရောက်သောအခါ ၎င်းကျောက်တုံးသည် ရပ်လိုက်လေသည်။ ထိုအခါ ဗနီအိစ်ရာအီးလ်တို့သည် မူစာ عليه السلام အား ဦးခေါင်းမှ ခြေအထိ ဝတ်လစ်စလစ်ဖြင့် တွေ့မြင်ရချိန်တွင် ပကတိအကောင်းအတိုင်း ရှိသည်ကိုသာ တွေ့မြင်ကြရလေသည်။ (၎င်းတို့ စွပ်စွဲသမုတ်ခဲ့သော မည်သည့်ပြစ်ချက်ကိုမျှ မတွေ့ကြရပေ။) ဤနည်းဖြင့် အလ္လာဟ်အသျှင်မြတ်သည် ဗနီအိစ်ရာအီးလ်တို့ စွပ်စွဲသမုတ်သည့် ပြစ်ချက်များမှ မူစာ عليه السلام သည် ကင်းရှင်းကြောင်းကို ထုတ်ဖော်ပြသတော်မူခဲ့သည်။ ကျောက်တုံးသည် လူအများ စုရုံးရာ၌ ရပ်လိုက်သည့်အခါ မူစာ عليه السلام သည် မိမိ၏ အဝတ်အစားများကို ယူ၍ ဝတ်ဆင်လိုက်သည်။

ထို့နောက် မူစာ عليه السلام သည် မိမိ၏ တောင်ဝှေးဖြင့် ကျောက်တုံးကို ရိုက်လေတော့သည်။ အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ ဤကျောက်တုံးတွင် မူစာ عليه السلام ၏ ရိုက်ချက်ဖြင့် ဒဏ်ရာ ၃-ချက် (သို့) ၄-ချက် (သို့) ၅-ချက် ထင်ကျန်ခဲ့လေသည်။

ဤဖြစ်ရပ်ကို တင်ပြပြီးနောက် တမန်တော်မြတ် ﷺ က မိန့်ကြားသည်မှာ ကုရ်အာန်၏ ဤအာယသ်တော်၏ အလိုသဘောမှာ ဤအတိုင်းပင် ဖြစ်သည်။ ဆိုလိုသည်မှာ ဖော်ပြပါအာယသ်တော်ရှိ

كَالَّذِيْنَ اٰذَوْا مُوْسٰى

၏ အလိုသဘောမှာ ဤအတိုင်းပင် ဖြစ်သည်။ ဖော်ပြပါအာယသ်တော်တွင် မူစာ عليه السلام အား ဒုက္ခပေးသည့်ဖြစ်ရပ်ကို တင်ပြထားသည်ဖြစ်ရာ ထိုဖြစ်ရပ်၏ သဖ်စီးရ်ဖွင့်ဆိုချက်ကို တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်က ဆင့်ပြန်တင်ပြခဲ့သည်။ အချို့ဆွဟာဗာများထံမှ မူစာ عليه السلام အား ဒုက္ခရောက်စေသည့် အကြောင်း အခြားဖြစ်စဉ်တစ်ရပ်သည်လည်း ကျော်ကြားမှုရှိသည်။ ၎င်းသည်လည်း ဒုက္ခပေးခြင်း၌ ပါဝင်သည်။ သို့ရာတွင် မရ်ဖူးအ်ဟဒီးစ်တော်၌ လာရှိသော ဖြစ်ရပ်ကိုသာ အာယသ်တော်၏ သဖ်စီးရ်အဖြစ် ဦးစားပေးရမည် ဖြစ်ပေသည်။

وَكَانَ عِنْدَ اللّٰهِ وَجِيْهًا

ဆိုလိုသည်မှာ မူစာ عليه السلام သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ ဂုဏ်သိက္ခာအရှိန်အဝါရှိခြင်းနှင့် နဗီတမန်တော်တစ်ပါး ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်ထံတော်၌ ဂုဏ်သိက္ခာအရှိန်အဝါရှိခြင်းနှင့် အဆင့်အတန်းရရှိခြင်း ဟူသည့်သဘောမှာ 'အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ ဒိုအာကို လက်ခံတော်မူသည်။ ၎င်း၏ဆန္ဒကို ပယ်ဖျက်တော်မမူ' ဟု ဖြစ်သည်။ သို့ဖြစ်ပေရာ မူစာ عليه السلام သည် 'မုစ်သဂျာဗွဒ်ဒအ်ဝါးသ်' (ဒိုအာ လက်ခံခြင်းခံရသူ) ဖြစ်ခြင်းနှင့် ၎င်းသည် မည်သည့်အရာကိုပင် တောင်းခံသည်ဖြစ်စေ၊ အလ္လာဟ်အသျှင်မြတ်သည် ထိုအတိုင်း လက်ခံတော်မူခဲ့ကြောင်း ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖြစ်ရပ်များစွာတို့ဖြင့် အတည်ဖြစ်ပေသည်။ ထိုဖြစ်ရပ်များအနက် ဟာရူးန် عليه السلام အား နဗီအဖြစ် ချီးမြှောက်ရန် တောင်းဆိုသော ဒိုအာကို အလ္လာဟ်အသျှင်မြတ်သည် လက်ခံတော်မူလျက် ၎င်းအား မူစာ عليه السلام နှင့် 'ရိစာလသ်' (ရစူလ်ခန့်အပ်ခြင်း) တွင် တွဲဖက်၍ ချီးမြှောက်တော်မူခဲ့ခြင်းသည် အံ့ဖွယ်အကောင်းဆုံး ဖြစ်သည်။ စင်စစ် နဗီတမန်တော်၏ အဆင့်အတန်းအတွက် မည်သူ့ကိုမျှ မည်သူ၏ အသနားခံမှုအပေါ် ချီးမြှောက်ခဲ့ခြင်း မရှိပါချေ။ *[အိဗ်နေကစီးရ်ကျမ်း]*

အလ္လာဟ်အသျှင်မြတ်၏ ဓလေ့တော်သည် နဗီတမန်တော်တို့အား ရှုံ့ရှာဖွယ်ဖြစ်စေသည့် ခန္ဓာကိုယ်၏ ပြစ်ချက်များမှလည်း ကင်းရှင်းတော်မူခြင်း

ဤဖြစ်ရပ်တွင် မျိုးနွယ်စု အမျိုးသားများ၏ စွပ်စွဲခြင်းအပေါ် ထိုစွပ်စွဲချက်မှ ကင်းရှင်းကြောင်း ထုတ်ဖော် ခြင်းကို အလ္လာဟ်အသျှင်မြတ်သည် ဤမျှ အလေးထားတော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော်

'မုအ်ဂျေ ဇာဟ်' အဖြစ်နှင့် ကျောက်တုံးသည် အဝတ်အစားများကိုယူ၍ ထွက်ပြေးသွားခဲ့သည်။ မူစာ ﷺ သည် မဝတ်သာသည့်အခြေအနေဖြင့် လူအများ၏ ရှေ့မှောက်သို့ ဝတ်လစ်စလစ်ဖြင့် ရောက်ရှိခဲ့သည်။ ဤသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ နဗီတမန်တော်တို့၏ ကိုယ်ခန္ဓာများတွင်လည်း ရွံရှာဖွယ် သေးသိမ်ဖွယ်ပြစ်ချက်အနာအဆာများမှ များသောအားဖြင့် ကင်းရှင်းစွာ ထားတော်မူခဲ့ကြောင်း၏ အမှတ်အသားပင်ဖြစ်သည်။ ဘိုခါရီကျမ်း၏ ဟဒီးစ်တော်တွင် 'နဗီတမန်တော်အားလုံးသည် မြင့်မားသော အမျိုးအနွယ်မှ ပေါက်ဖွားစေခြင်းခံရသူများ ဖြစ်သည်'ဟူသော အချက်ဖြင့် အတည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လောက၏ နိယာမအရ လူတို့က သေးသိမ်သည်ဟု ယူဆသော အမျိုးအနွယ်အသိုင်းအဝိုင်းမှ ဆင်းသက်လာသူ၏ စကားကို လက်ခံရန်မှာ ခက်ခဲသောကြောင့် ဖြစ်သည်။ ဤကဲ့သို့ပင် နဗီတမန်တော်တို့၏ သမိုင်းအစဉ်အဆက်တွင် မည်သည့်နဗီသည်မျှ မျက်မမြင်၊ နားပင်း၊ ဆွံ့အ (သို့) ခြေ၊ လက်များ မပါသူဟူ၍ မရှိခဲ့ပါ။ ဟဇရတ်အိုင်ယူးဗ် ﷺ ၏ ဖြစ်ရပ်ဖြင့် ဤတင်ပြချက်အပေါ် စောဒကတက်ခြင်း မပြုနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုဖြစ်ရပ်မှာ အလ္လာဟ်အသျှင်မြတ်၏ လျှို့ဝှက်သော အမြော်အမြင်ဖြင့် အထူးစမ်းသပ် စစ်ဆေးခြင်းတစ်ရပ်အတွက် အခိုက်အတန့်၏ ဒုက္ခသာဖြစ်ခဲ့သည်။ နောင်အခါ ပြန်လည်ရုပ်သိမ်းပေးတော်မူလိုက်သောကြောင့် ဖြစ်သည်။

يَاَيُّهَا الَّذِيْنَ اٰمَنُوا اتَّقُوا اللّٰهَ وَقُوْلُوْا قَوْلًا سَدِيْدًا ○

يُصْلِحْ لَكُمْ اَعْمَالَكُمْ وَيَغْفِرْ لَكُمْ ذُنُوْبَكُمْ

قول سديد အား အချို့ပညာရှင်များသည် **صدق** (မှန်ကန်သော စကား) ဟုလည်းကောင်း၊ အချို့သည် **مستقيم** ဖြောင့်မတ်ခြင်းဟုလည်းကောင်း၊ အချို့သည် **صواب** တိကျမှန်ကန်မှုဟုလည်းကောင်း ဖွင့်ဆိုကြသည်။ အိဗ်နေကစီးရ် (ရဟ) သည် အားလုံးကို တင်ပြလျက် မိန့်သည်မှာ 'ထိုတင်ပြချက်အားလုံး မှန်ကန်ပါသည်' ဟု ဖြစ်သည်။ ဆိုလိုသည့် သဘောမှာ ကုရ်အာန်ကျမ်းတော်မြတ်သည် ဤနေရာတွင် **صادق** (သို့) **مستقيم** စသော စာလုံးများကို မသုံးဘဲ **سديد** ဟူသော စာလုံးကို ရွေးချယ်တော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် **سديد** ဟူသော စာလုံးသည် ထိုဖော်ပြပါ အရည်အချင်းများ၏ ပေါင်းစုရာဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် ကာရှိဖီ (ရဟ) သည် ရူဟုလ်ဗယာန်ကျမ်း၌ မိန့်ဆိုသည်မှာ **قول سديد** ဟူသည်မှာ မှန်ကန်သောစကား ဖြစ်သည်။ ထိုစကားတွင် လိမ်လည်မှုရှိကြောင်း သံသယပင် မရှိစေသော စကားဖြစ်သည်။

တိကျခိုင်မာမှုရှိသော စကားဖြစ်သည်။ မှားယွင်းကြောင်း သံသယပင် မရှိသော စကားဖြစ်သည်။ ဖြောင့်မတ်သော စကားဖြစ်သည်။ နောက်ပြောင်ခြင်းမဟုတ်သော စကားဖြစ်သည်။ သိမ်မွေ့သော စကားဖြစ်သည်၊ ခက်ထန်မာကျောခြင်း မရှိသော စကားဖြစ်သည်' ဟူ၏။

နှုတ်လျှာကို ပြုပြင်ခြင်းသည် ကျန်ရှိ ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် ကျင့်စဉ်ကျင့်ရပ်များကို ပြုပြင်ခြင်းတွင် စူးရှသက်ရောက်စေသော အကြောင်းခံဖြစ်ခြင်း

အာယသ်တော်တွင် မွတ်စ္စလင်မ်အားလုံးကို အဓိကအမိန့်တော်အဖြစ် اِتَّقُوا اللّٰهَ 'သက္ကဝါတရား လက်ကိုင်ထားကြကုန်' ဟု မိန့်တော်မူထားသည်။ ထိုအမိန့်၏ အရင်းအမြစ်မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အားလုံးကို အပြည့်အဝ လိုက်နာခြင်းပင်ဖြစ်သည်။ ဆိုလိုသည်မှာ ပြုလုပ်ဆောင်ရွက်ရန် ဖြစ်သည့် အမိန့်တော်များကို လိုက်နာကျင့်ဆောင်ကြရမည်။ တားမြစ်ထားသည့် အရာဟူသရွေ့ကို ရှောင်ကြဉ်ရမည် ဟု ဖြစ်သည်။ ဤအလုပ်သည် လူသားအဖို့ မလွယ်ကူသည်မှာ ထင်ရှားပေသည်။ ထို့ကြောင့် اِتَّقُوا اللّٰهَ ၏ နောက်တွင် သီးသန့်ကျင့်စဉ်တစ်ရပ်ကို ညွှန်ကြားတော်မူထားသည်။ ဆိုလိုသည်မှာ မိမိ၏ စကား ပြောဆိုမှုတွင် မှန်ကန်မှုနှင့် ပြုပြင်ခြင်းတို့ ဖြစ်သည်။ ဤသည်မှာလည်း 'သက္ကဝါ' အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။ သို့ရာတွင် ထိုအချက်အပေါ် ထိန်းချုပ်မှုရရှိသွားပါလျှင် ကျန်ရှိ 'သက္ကဝါ' ၏ အစိတ်အပိုင်း များသည်လည်း အလိုအလျောက် ရရှိလာမည်ဖြစ်သည်။ ဥပမာဆိုရသော် ဖော်ပြပါအာယသ်တော်၌ပင် قول سديد ကို လက်ကိုင်ပြုထားခြင်း၏ အကျိုးဆက်တွင် يُصْلِحْ لَكُمْ اَعْمَالَكُمْ ဟူသော ကတိတော် လာရှိထားသည်။ ဆိုလိုသည်မှာ 'အကယ်၍ အသင်တို့သည် မိမိတို့၏ နှုတ်လျှာကို မှားယွင်းမှုများမှ ရပ်သိမ်းလိုက်မည်။ မှန်ကန်သောစကား၊ ဖြောင့်မတ်သောစကား ပြောဆိုသည့် အလေ့အကျင့် ဖြစ်သွား မည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ ပြုမူဆောင်ရွက်ချက်အားလုံးကို ပြုပြင်ပေးတော်မူ ပေလိမ့်မည်။ ထို့နောက် ကျင့်စဉ်အားလုံးကို မှန်ကန်စေတော်မူလိမ့်မည်ဟု ဖြစ်သည်။ ထို့ပြင် နောက်ဆုံး အာယသ်တော်တွင် يَغْفِرْ لَكُمْ ذُنُوْبَكُمْ ဟူသော ကတိတော်ကို မိန့်ကြားထားသည်။ ဆိုလိုသည်မှာ 'အကြင်မည်သူမဆို မိမိ၏ နှုတ်လျှာပေါ်၌ ထိန်းချုပ်မှု ရရှိသွားပြီး မှန်ကန်သော စကား၊ ဖြောင့်မတ်သော စကားပြောဆိုခြင်း အလေ့အထ ရရှိသွားသည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ ကျန်ရှိကျင့်စဉ် ကျင့်ရပ်များကိုလည်း ပြုပြင်၍ လက်ခံတော်မူပေမည်။ ၎င်း၏ ချွတ်ချော် မှားယွင်းမှုများကို ခွင့်လွှတ် တော်မူပေလိမ့်မည်' ဟု ဖြစ်သည်။

ကုရ်အာန်၏ အမိန့်တော်များတွင် လွယ်ကူမှုကို အထူးအလေးအနက်ပြုခြင်း

ကုရ်အာန်ကျမ်းတော်မြတ်၏ အမြဲတမ်းဓလေ့တော်ကို လေးလေးနက်နက် စဉ်းစားကြည့်လျှင် သိနိုင် သည်မှာ လိုက်နာကျင့်သုံးရန် ခက်ခဲမှုရှိသော အမိန့်တော်များ ပေးထားသည့် နေရာတွင် ထိုအမိန့်နှင့်အတူ ၎င်းအား လွယ်ကူမှုပြုပေးမည့် နည်းလမ်းကိုလည်း ပြသတော်မူလေ့ရှိသည်။ သာသနာတစ်ရပ်လုံး၏ အချုပ် မှာ 'သက္ကဝါ' ဖြစ်ပေသည်။ ထို 'သက္ကဝါ' ၏ အမိန့်ကို အပြည့်အဝ လိုက်နာရန်မှာ အလွန် ခက်ခဲလှပေသည်။

ထို့ကြောင့် များသောအားဖြင့် اِتَّقُوا اللّٰہَ ဟု အမိန့်ပေးထားသည့်နေရာ၌ ၎င်း၏နောက်တွင် ပြုလုပ်ကျင့်သုံးလိုက်ခြင်းဖြင့် 'သက္ကဝါ'၏ကျန်ရှိသော အစိတ်အပိုင်းများကို လိုက်နာကျင့်သုံးရန် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ လွယ်ကူသော နည်းလမ်းကို ပြပေးတော်မူမည့် နည်းလမ်းကိုလည်း ပြသတော်မူလေ့ရှိသည်။ ဖြောင့်မတ်မှန်ကန်သော စကား၏ နိူင်းယှဉ်မှုတစ်ခုကို ဤအာယသ်တော်တွင် اِتَّقُوا اللّٰہَ ၏ နောက်တွင် وَلَا تَكُونُوا كَالَّذِينَ اٰذَوْا مُوسٰى ဟု မိန့်ကြားလျက် 'သက္ကဝါ'၏ လမ်းကြောင်းတွင် အကြီးမားဆုံးသော အတားအဆီးမှာ အလ္လာဟ်အသျှင်မြတ်၏ ကောင်းမြတ်သော လက်ခံခြင်းခံရသော ဗန္ဒာဟ်များကို ဒုက္ခရောက်စေခြင်းပင်ဖြစ်သည်။ ထိုလုပ်ရပ်ကို စွန့်လွှတ်လိုက်လျှင် 'သက္ကဝါ'ရရှိလာရန် လွယ်ကူသွားပေမည်။

အာယသ်တော်တစ်ပါး၌ اِتَّقُوا اللّٰہَ وَكُونُوا مَعَ الصّٰدِقِيْنَ ဟု မိန့်ကြားထားရာတွင် 'သက္ကဝါ'ကို လွယ်ကူစွာ ရရှိစေရန်အတွက် မှန်ကန်သောစကားဆိုသူများနှင့် ကျင့်စဉ်လုပ်ရပ်များ မှန်ကန်သူတို့၏ အသိုင်းအဝိုင်း၌ ပါဝင်ရန် ညွှန်ကြားထားသည်။ အခြားအာယသ်တော်တစ်ပါးတွင် اِتَّقُوا اللّٰہَ ဟူသော အမိန့်နှင့်အတူ وَلْتَنْظُرْ نَفْسٌ مَّا قَدَّمَتْ لِغَدٍ ကို ဖြည့်စွက် မိန့်ကြားတော်မူသည်။

၎င်း၏ အဓိပ္ပာယ်မှာ 'လူတိုင်းအဖို့ မနက်ဖြန် 'ဟရှရ်'နေ့အတွက် မည်သည့်အရာများ ပို့ဆောင်ပြီးဖြစ်သနည်းဆိုသည့် သောကထားနေရမည်' ဟု ဖြစ်သည်။ ၎င်း၏ အချုပ်သည် 'အာခေရသ်'တမလွန်အပေါ် သောကထားခြင်းပင် ဖြစ်သည်။ ဤသောကသည် 'သက္ကဝါ'၏ အစိတ်အပိုင်းအားလုံးကို လွယ်ကူမှုပြပေးသော အရာပင် ဖြစ်သည်။

နှုတ်လျှာ၏ မှန်ကန်မှုနှင့် စကားဖြောင့်မတ်မှန်ကန်စွာ ပြောဆိုခြင်းသည် သာသနာနှင့် လောကီနှစ်ရပ်စလုံး၏ ကိစ္စများကို ကောင်းမွန်စေသော အရာပင်ဖြစ်ခြင်း

ဟဇရသ်ရှားဟ်အဗ်ဒုလ်ကာဒိရ်ဆွာဟိဗ်ဒေလဝီက ဤအာယသ်တော်အား အဓိပ္ပာယ်ပြန်ဖွင့်ဆိုထားသည်ကို ကြည့်ခြင်းအားဖြင့် သိရှိရသည်မှာ ဤအာယသ်တော်တွင် ဖြောင့်မတ်မှန်ကန်သော စကားကို ပြောဆိုသည့် အလေ့အထရှိခြင်းအပေါ် ကျင့်စဉ်ကျင့်ရပ်များအား ပြုပြင်ပေးမည့်အကြောင်း ကတိတော်ရှိထားသည်။ ထိုကတိတော်သည် သာသနာရေးကျင့်စဉ်များအတွက်သာမဟုတ်ဘဲ လောကီရေး လုပ်ငန်းဆောင်တာများလည်း အကျိုးဝင်ပေသည်။ ဖြောင့်မတ်မှန်ကန်သော စကားပြောသည့် အလေ့အထရှိသွားသူတစ်ဦးသည် ဆိုလိုသည်မှာ မည်သည့်အခါမျှ မုသားမပြောဆိုသူ၊ စဉ်းစားဆင်ခြင်၍ စကားပြောဆိုပြီး အမှားအယွင်း ချွတ်ချော်ခြင်းများမှ ကင်းသူ၊ မည်သူ့ကိုမျှ လိမ်လည်လှည့်ဖြားမှု မပြုသူ၊ စိတ်ထိခိုက်စေမည့် စကားများ မပြောဆိုသူ၏ တမလွန်၏ ကျင့်စဉ်များသည်လည်း ကောင်းမွန်သွားပေမည်။ လောကီ၏ အလုပ်များသည်လည်း အောင်မြင်သွားပေမည်။ ဟဇရသ်ရှားဟ်ဆွာဟိဗ်၏ အဓိပ္ပာယ်ပြန်ဆိုမှုမှာ (ဖြောင့်မတ်မှန်ကန်သောစကားကို ပြောဆိုပါ။ အသင်တို့၏ ကျင့်စဉ်ကျင့်ရပ်များကို ပြုပြင်ပေးပေလိမ့်မည်) ဟု ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

إِنَّا عَرَضْنَا الْأَمَانَةَ عَلَى السَّمٰوٰتِ
وَالْأَرْضِ وَالْجِبَالِ فَأَبَيْنَ أَنْ يَحْمِلْنَهَا وَأَشْفَقْنَ مِنْهَا وَ
حَمَلَهَا الْإِنْسَانُ ۖ إِنَّهُ كَانَ ظَلُومًا جَهُولًا ﴿٧٢﴾

၃၃ : ၇၂ ။ ။ ကေန်စင်စစ် ငါအသျှင်မြတ်သည် (အမာနသ်) အပ်နှံသော (ဤ) တာဝန်ကို မိုးကောင်းကင်များ၏ ရှေ့ဝယ်လည်းကောင်း၊ ပထဝီမြေ၏ ရှေ့ဝယ်လည်းကောင်း ဖော်ပြတော်မူခဲ့ရာ ၎င်းတို့သည် ယင်းတာဝန်ကို ငြင်းဆန်ခဲ့ကြကုန်၏။ ထို့ပြင် ယင်းတာဝန်ကို ထမ်းဆောင်ရန် ကြောက်ရွံ့စိုးရိမ်ခဲ့ကြကုန်၏။ သို့ရာတွင် လူသားမှာမူ ယင်းတာဝန်ကို ထမ်းဆောင်ခဲ့၏။ ကေန်အမှန် ထိုလူသားသည် လွန်စွာ ရက်စက်သူ၊ လွန်စွာ အသိတရား ကင်းမဲ့သူပင် ဖြစ်ပေသည်။

لِّيُعَذِّبَ اللّٰهُ الْمُنٰفِقِيْنَ وَالْمُنٰفِقٰتِ وَالْمُشْرِكِيْنَ وَالْمُشْرِكٰتِ وَيَتُوْبَ
اللّٰهُ عَلَى الْمُؤْمِنِيْنَ وَالْمُؤْمِنٰتِ ۗ وَكَانَ اللّٰهُ غَفُوْرًا رَّحِيْمًا ﴿٧٣﴾

၃၃ : ၇၃ ။ ။ နောက်ဆုံးတွင် အလ္လာဟ်အသျှင်မြတ်သည် မုနာဖစ်က်အယောင်မှတ်စွလင်မ် ယောက်ျား၊ မိန်းမတို့အားလည်းကောင်း၊ မုရှရစ်က် တစ်စုံတစ်ရာကို အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်ကိုးကွယ်သူ ယောက်ျား၊ မိန်းမတို့အားလည်းကောင်း ပြစ်ဒဏ်ပေးတော်မူပေမည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် မုအ်မင်န်သက်ဝင် ယုံကြည်သူ ယောက်ျား၊ မိန်းမတို့ဘက်သို့ ကရုဏာတော်နှင့် ပြန်လှည့်တော်မူပေမည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးတော်မူသော၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

စင်စစ် ငါအသျှင်မြတ်သည် ဤအပ်နှံမှု (ဆိုလိုသည်မှာ အမိန့်တော်များကို ဆိုလိုသည်။ ထိုအမိန့်တော်များသည် တာဝန်အဆင့်ဖြင့် အပ်နှံခြင်းခံရသည်) ကို မိုးကောင်းကင်များအပေါ်၌လည်းကောင်း၊ မြေပထဝီအပေါ်၌လည်းကောင်း၊ တောင်များအပေါ်၌လည်းကောင်း ဖော်ပြတော်မူခဲ့သည်။ (ဆိုလိုသည်မှာ ၎င်းတို့တွင် အသိဉာဏ်များ ဖန်ဆင်းထည့်သွင်းပေးပြီး ၎င်းတို့၏ ရှေ့မှောက်ဝယ် မိမိ၏ အမိန့်တော်များ ချပေးခြင်းနှင့် ယင်းအမိန့်တော်များကို နာခံကျင့်သုံးသည့်အပေါ် ဆုလဒ်များနှင့် ဂုဏ်သိက္ခာများ ချီးမြှင့်ပြီး မနာခံ မကျင့်သုံးခြင်းအပေါ် 'အဇာဗ်'အပြစ်ဒဏ်များ ချမှတ်မည်ဖြစ်ကြောင်း တင်ပြလျက် ဤတာဝန်ကို ယူမည်၊ မယူမည်ကို ရွေးချယ်ခွင့်ပေးတော်မူခဲ့သည်။ ဤတာဝန်ကို တင်ပြရာတွင် အကယ်၍ အသင်တို့သည် ဤအမိန့်တော်များကို မိမိတို့၏ တာဝန်အဖြစ် ယူပါက ဤအမိန့်တော်များနှင့်အညီ လိုက်နာကျင့်ဆောင်ခြင်းအပေါ် အသင်တို့အဖို့ 'စဝါးဗ်'အကျိုးကုသိုလ် ရရှိကြပေမည်။ ဤအမိန့်တော်များကို

ဆန့်ကျင်မှုပြုပါလျှင် 'အဇားဗ်'အပြစ်ဒဏ်ခံစားရပေမည်။ အကယ်၍ ဤတာဝန်ကို မယူပါဟုဆိုလျှင် တာဝန်ခံအဖြစ် ပြုပေးမည်မဟုတ်ပါ။ ထိုအခါ 'စဝါးဗ်'ကုသိုလ်နှင့် 'အဇားဗ်'တို့ကို ထိုက်သက်သူလည်း မဖြစ်တော့ပါ။ အသင်တို့အဖို့ နှစ်မျိုးစလုံး ရွေးချယ်ပိုင်ခွင့် ရှိပါသည်။ ဤတာဝန်ကို အသင်တို့ မယူသည့်အတွက် အမိန့်ဖီဆန်သူလည်း ဖြစ်မည်မဟုတ်ပါ' ဖြစ်သည်။ ၎င်းတို့၌ ရှိသမျှသော အသိတရားဖြင့် ၎င်းတို့သည် တင်ပြချက်အကြောင်းအရာကို အကျဉ်းချုံး၍ နားလည်ရန် လုံလောက်ပေသည်။ ထို့ကြောင့် ၎င်းတို့အား ရွေးချယ်ခွင့်ကိုလည်း ပေးတော်မူခြင်း ဖြစ်သည်။) သို့ဖြစ်ပေရာ ၎င်းတို့သည် ('အဇားဗ်' အပြစ်ဒဏ်ကို ကြောက်ရွံ့လျက် 'စဝါးဗ်'အကျိုးကုသိုလ် ရရှိမည့် မျှော်လင့်ချက်ကိုလည်း စွန့်လွှတ်လျက်) ထိုတာဝန်ကို ငြင်းဆိုခဲ့ကြသည်။ ထို့ပြင် ထိုတာဝန်ကို (ထမ်းဆောင်ရန်) ကြောက်ရွံ့စိုးရိမ်ခဲ့ကြသည်။ (နောက်ဆုံးရလဒ်၌ မည်သို့ဖြစ်မည်ကို အလ္လာဟ်အသျှင်မြတ်သာလျှင် သိတော်မူပါသည်။ အကယ်၍ ၎င်းတို့သည် ဤအပ်နှံခြင်းကို မိမိတို့တာဝန်အဖြစ် ယူလိုက်ပါက လူသားကဲ့သို့ပင် ၎င်းတို့အားလည်း ဦးနောက်အသိဉာဏ် ချီးမြှင့်တော်မူပေသည်။ ဤဦးနောက်အသိဉာဏ်သည် အမိန့်တော်များကို ခွဲခြားတတ်မှု၊ အကျိုးကုသိုလ်နှင့် အပြစ်ဒဏ်များကို နားလည်ရန် အရေးကြီးသော အရာဖြစ်သည်။ သို့ရာတွင် ၎င်းတို့သည် ထိုတာဝန်ကို ထမ်းဆောင်ရန် သဘောမတူခဲ့ကြပေ။ ထို့ကြောင့် ဦးနောက်အသိဉာဏ်လည်း မလိုအပ်တော့ပေ။ အချုပ်မှာ ၎င်းတို့သည် အကြောင်းပြ ငြင်းဆိုခဲ့ကြသည်။) ထို့နောက် (ထိုမိုးကောင်းကင်များ၊ မြေပထဝီနှင့် တောင်များကို တင်ပြပြီးနောက် လူသားကို ဖန်ဆင်းတော်မူပြီး ဤတာဝန်ထမ်းဆောင်မည့် အကြောင်း မေးမြန်းတော်မူလေရာ) လူသားသည် (အလ္လာဟ်အသျှင်မြတ်၏ အသိရွှေဉာဏ်တော်၌ လူသားသည် ခလီဖာဟ်ဖြစ်မည့်အကြောင်း သတ်မှတ်တော်မူထားပြီး ဖြစ်သည့်အတွက်) ထိုအပ်နှံမှုကို မိမိ၏ တာဝန်အဖြစ် ယူခဲ့သည်။

(ဖြစ်နိုင်သည်မှာ ထိုအချိန်အထိ လူသားတွင်လည်း လိုအပ်သည်ခန့်သာ အသိရှိခြင်းဖြစ်ပေမည်။ ထို့ပြင် ဤအပ်နှံတာဝန်ကို တင်ပြခြင်းသည် ဝိညာဉ်လောက၌ ကတိယူခြင်းထက်အလျင် ဖြစ်နိုင်ပေသည်။ ထို့ပြင် ထိုကတိယူခြင်းသည် ဤအပ်နှံတာဝန်ထမ်းရွက်ခြင်း၏ အစိတ်အပိုင်းဖြစ်သည်။ ထိုကတိယူသည့်အချိန်တွင် လူသား၌ အသိတရားချီးမြှင့်ခံရပြီး ဖြစ်ပေမည်။ ထို့ပြင် ဤတာဝန်ပေးအပ်မှုသည် အာဒမ် ﷺ ကဲ့သို့မှ သီးသန့် လူသားတစ်ဦးတည်းကို အထူးမေးမြန်းခြင်း မဟုတ်ဘဲ ကတိယူခြင်း၌ကဲ့သို့ ဤတာဝန်ကို တင်ပြခြင်တွင်လည်း လူသားအားလုံးကို မေးမြန်းခြင်း ဖြစ်ပေမည်။ တာဝန်ယူခြင်းသည်လည်း လူသားအားလုံးပင် ဖြစ်သည်။ သို့ဖြစ်ပေရာ မိုးကောင်းကင်များ၊ မြေပထဝီနှင့် တောင်များသည် တာဝန်ရှိသူများ မဟုတ်တော့ပေ။ ဤလူသားမှာ တာဝန်ရှိသူ၊ တာဝန်ခံအဖြစ် ပြုခံရလေသည်။ အာယသ်တော်တွင် ဤအကြောင်းကို သတိရစေခြင်းမှာ ကတိယူသည့်အဖြစ်ကို ပြန်ပြောင်းသတိရစေခြင်းကဲ့သို့သော အမြော်အမြင် ရှိနေ၍ ဖြစ်ပေမည်။ ဆိုလိုသည်မှာ 'ထိုအမိန့်တော်များကို အသင်တို့သည် မိမိတို့ကိုယ်တိုင် ယူဆောင်ထမ်းရွက်ခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် မပျက်မကွက် တာဝန်ကျေစွာ ထမ်းရွက်ကြရမည်'ဟု သတိပေး

ခြင်း ဖြစ်သည်။ ဤအမိန့်တော်များကို ထမ်းရွက်သည့်တာဝန်ကို ယူရာ၌ 'ဂျင်န်'များလည်း ပါဝင်ပေသည်။ အဘယ်ကြောင့်ဆိုသော် 'ဂျင်န်'တို့သည် ထိုအပ်နှံတာဝန်ကို တင်ပြခြင်းနှင့် ထမ်းရွက်ခြင်းတို့၌ ပါဝင်ခဲ့သူများဖြစ်သောကြောင့်ပင် ဖြစ်သည်။ သို့သော် ဤနေရာ၌ လူသားကိုသာ အထူးတင်ပြရခြင်းမှာ ဤနေရာတွင် လူသားများအကြောင်းကိုသာ တင်ပြနေသောကြောင့် ဖြစ်သည်။ ဤတာဝန်ကို ထမ်းရွက်ရန် ယူပြီးနောက် လူသား၏ အခြေအနေမှာ တစ်ဦးတိုင်းကို ထောက်ရှုကြည့်မည်ဆိုလျှင် များသောအားဖြင့်) ထို (လူသားသည် ကျင့်ဆောင်မှုများတွင်) ရက်စက်သူဖြစ်သည်။ (ထို့ပြင် အသိဉာဏ်ပညာတွင်) အသိတရားကင်းမဲ့သူဖြစ်သည်။

ဆိုလိုသည်မှာ ကျင့်ဆောင်မှုများတွင်လည်းကောင်း၊ 'အကီဒဟ်'အယူဝါဒများ၌လည်းကောင်း သွေဖည်ဆန့်ကျင်သူ ဖြစ်သည်။ ဤသည်မှာမူ များသောအားဖြင့် လူသားများ၌ တွေ့မြင်ရသော အရည်အချင်းဖြစ်ပေသည်။ အားလုံးကို ခြုံငုံကြည့်ခြင်းဖြင့် ဤတာဝန်ယူခြင်း၏ နောက်ဆုံးရလဒ်သည်) နောက်ဆုံးတွင် အလ္လာဟ်အသျှင်မြတ်သည် မုနာဖစ်က် အယောင်ဆောင်ယောကျ်ားများနှင့် မိန်းမတို့အားလည်းကောင်း၊ မုရှ်ရစ်က်ယောကျ်ားများနှင့် မိန်းမတို့အားလည်းကောင်း (ဤသူတို့သည် အမိန့်တော်များကို နှောင့်ယှက်ဖျက်ဆီးခဲ့ကြသည့်အတွက်) အပြစ်ဒဏ်ပေးတော်မူပေမည်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် မုအ်မင်န်ယောကျ်ားများနှင့် မိန်းမများအပေါ်သို့ မျက်နှာလှည့် (သနားကရုဏာပြု) တော်မူပေမည်။ ထို့ပြင် (ဆန့်ကျင်မှုပြုပြီးနောက် အကယ်၍ ထိုဆန့်ကျင်မှုကို စွန့်လွှတ်လိုက်ပါလျှင် ၎င်းအားလည်း မုအ်မင်န်တို့၏ အုပ်စု၌ ပါဝင်စေတော်မူပေမည်။ အဘယ်ကြောင့်ဆိုသော်) အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ အလွန်တရာ သနားညှာတာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤစူရာဟ်တစ်ခုလုံးတွင် တမန်တော်မြတ် ﷺ အပေါ် အလေးအမြတ်ထား၍ ကြည်ညိုလေးစားမှုထားရန်နှင့် အမိန့်နာခံရန် တွန်းအားပေးထားသည်။ စူရာဟ်၏ နောက်ဆုံးတွင် ထိုသို့ အမိန့်နာခံခြင်း၏ အဆင့်အတန်း မြင့်မားခြင်းအကြောင်းကို ဖော်ပြထားသည်။ ထိုဖော်ပြချက်တွင် အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တို့၏ အမိန့်နာခံမှုနှင့် ၎င်းတို့၏ အမိန့်တော်များအား လိုက်နာခြင်းကို 'အမာနသ်'(အပ်နှံတာဝန်) အဖြစ် သုံးနှုန်းထားသည်။ ထိုသို့ သုံးနှုန်းရသည့်အကြောင်း ရှေ့တွင် လာရှိပေမည်။

'အမာနသ်' (အပ်နှံတာဝန်) ဆိုသည့် သဘောမှာ မည်သို့ပါနည်း

ဤနေရာ၌ **الأمانة** 'အမာနသ်'ဟူသော စာလုံး၏ သဖ်စီးရ်ဖွင့်ဆိုချက်တွင် သဖ်စီးရ်အဖွင့် အမောမ်များ၊ ဆွဟာဗာများ၊ သာဗီအီန်များ စသည်တို့မှ အဆိုများစွာ လာရှိထားသည်။ ရှရီအသတ်ရားတော်၏

'ဖွရဇ်'တာဝန်များ 'အရက်သိက္ခာ'ကို ကာကွယ်၍ သန့်ရှင်းစွာနေခြင်း၊ အပ်နှံထားသော ပစ္စည်းဥစ္စာများကို ပြန်လည်ပေးဆောင်ခြင်း၊ ကိုယ်မသန့်ခြင်းအတွက် ရေချိုးခြင်း၊ နမာဇ်၊ ဇကားသ်၊ ရိုဇာဟ်နှင့် ဟဂျ် စသည်ဖြင့် ဖွင့်ဆိုခဲ့ကြသည်။ ထို့ကြောင့် အဖွင့်ပညာရှင်အများစုတို့က 'သာသနာတော်၏ အမြဲကျင့်ကြံ အားထုတ်ရသည့် ကျင့်စဉ်ကျင့်ရပ်အားလုံးသည် ဤ 'အမာနသ်'စာလုံး၌ ပါဝင်နေသည်'ဟု မိန့်ဆိုခဲ့ကြသည်။
[ကုရ်သုဗီကျမ်း]

သဖ်စီးရ်မဇွဟရီကျမ်း၌ မိန့်သည်မှာ ရှရီအသ်တရားတော်၏ တာဝန်အဖြစ် သတ်မှတ်ထားသော အရာများ၊ အမိန့် ပေးခြင်းနှင့် တားမြစ်ချက်တို့၏ အချုပ်မှာ 'အမာနသ်'ပင် ဖြစ်သည်။

အဘူဟိုင်ယာန်က ဗဟာရ်မုဟီးသ်ကျမ်း၌ မိန့်သည်မှာ-

الظاهر انها كل مايؤتمن عليه من امر ونهى وشان
ودين ود نيا والشرع كله امانة وهذ اقولُ الجمهور

ဆိုလိုသည်မှာ လူသားအပေါ်၌ အပ်နှင်းခံရသော 'ပြုလုပ်ကျင့်ဆောင်ရန် အမိန့်တော်များ၊ ရှောင်ကြဉ်ရန် တားမြစ်ချက်များနှင့် အချိန်အခါမရွေး ဒီးန်နှင့်လည်းကောင်း၊ (သို့) ဒွန္နယာနှင့်လည်းကောင်း၊ ပတ်သက်ဆက်နွယ်နေသော အခြေအနေအရပ်ရပ်တို့သည် ရှရီအသ်တရားတော်တစ်ခုလုံးသည် 'အမာနသ်' (အပ်နှင်းခံရသောအရာ) ပင် ဖြစ်သည်။ ဤသည် ဂျမ်ဟူးရ်ပညာရှင်အများစု၏ အဆိုဖြစ်သည်။

အချုပ်ဆိုရသော် 'အမာနသ်'၏ အလိုသဘောမှာ ရှရီအသ်တရားတော်၏ အမိန့်တော်များကို ချမှတ်တာဝန်ပေးခံရခြင်းပင် ဖြစ်သည်။ ထိုအမိန့်တော်များကို အပြည့်အဝ လိုက်နာခြင်းအပေါ် 'ဂျန္နသ်'၏ ထာဝရစည်းစိမ်များ ခံစားရခြင်းနှင့် မလိုက်နာဆန့်ကျင်ခြင်း (သို့) ချွတ်ချော်ခြင်းများအပေါ် 'ဂျဟန္နမ်' ငရဲ၏ 'အဇားဗ်'အပြစ်ဒဏ်များ ခံစားရမည်ဟု ကတိတော်ရှိထားပြီးဖြစ်သည်။

အချို့ပညာရှင်များက မိန့်ဆိုသည်မှာ 'အမာနသ်'၏ အလိုသဘောမှာ 'အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များ၏ တာဝန်ကို ထမ်းရွက်နိုင်သည့် အရည်အချင်းဖြစ်ပြီး ထိုအရည်အချင်းသည် ဦးနှောက် အသိဉာဏ်၏ သီးသန့်အဆင့်အပေါ် မူတည်သည်'ဟု ဖြစ်သည်။ ထို့ပြင် တိုးတက်မှုနှင့် အလ္လာဟ်အသျှင် မြတ်၏ 'ခေလာဖသ်' (ကိုယ်စားလှယ်) ဖြစ်ရန် ထိုက်တန်ခြင်းသည် ဤသီးသန့်အရည်အချင်းအပေါ်၌သာ မူတည်သည်။ ဤအရည်အချင်းမရှိသော အဖန်ဆင်းခံ အမျိုးအစားများသည် မိမိတို့နေရာအလိုက် မည်မျှပင် အဆင့်အတန်းမြင့်မားသည်ဖြစ်စေ၊ ထိုအဆင့်မှ တိုးတက်အောင် ပြုနိုင်စွမ်းမရှိကြပေ။ ထို့ကြောင့် မိုးကောင်း ကင်နှင့် မြေပထဝီ စသည်တို့သာမက အလ္လာဟ်အသျှင်မြတ်နှင့် နီးကပ်သည့်အဆင့်၌ ရှိကြသော ဖရစ်ရှ်သာဟ် များသည်ပင် တိုးတက်မှုမရှိကြပေ။ ၎င်းတို့၏ အခြေအနေမှာ

مَامِنَّا اِلَّا لَهٗ مَقَامٌ مَّعْلُوْمٌ

ဆိုလိုသည်မှာ 'ကျွန်ုပ်တို့အနက် သတ်မှတ်ထားသည့် အဆင့်တစ်ခု မရှိဟူ၍ မည်သူမျှ မရှိပါ'ဟု ဖြစ်သည်။ 'အမာနသ်'၏ အလိုသဘောနှင့် စပ်လျဉ်း၍ လာရှိသော ဟဒီးစ်တော်အားလုံးတို့သည် အချိတ်

အဆက်မိသွားကြပြီး ဖြစ်သည်။ မုဖတ်စိရ်အဖွင့်ပညာရှင်အများစုတို့ အဆိုများသည်လည်း တူညီမှု ရှိသွားကြပေသည်။

ဘိုခါရီ၊ မွတ်စ္စလင်မ်နှင့် မွတ်စ်နဒ်အဟ်မဒ်ကျမ်းတို့တွင် ဟဇရသ်ဟုဇိုင်ဖာဟ် ؓ ၏ ဆင့်ပြန်ချက်လာရှိသည်မှာ 'တမန်တော်မြတ် ﷺ သည် ကျွန်ုပ်တို့အား ဟဒီးစ်တော်နှစ်ရပ်ကို မိန့်ကြားတော်မူခဲ့သည်။ ယင်းတို့အနက် ဟဒီးစ်တော်တစ်ရပ်ကိုမူ ကျွန်ုပ်တို့၏ မျက်စိများဖြင့် မြင်တွေ့ခဲ့ရပြီးဖြစ်သည်။ ကျန်ဟဒီးစ်တော်တစ်ရပ်ကိုမူ စောင့်ဆိုင်းဆဲဖြစ်သည်။

ပထမဟဒီးစ်တော်မှာ အစ္စလာမ်သာသနာကို ရှေးဦးလက်ခံသူတို့၏ နှလုံးသားများတွင် 'အမာနသ်' ကို ချပေးခြင်းခံရလေသည်။ တစ်ဖန် ကုရ်အာန်ကျမ်းတော်မြတ် ချပေးခြင်းခံရလေသည်။ သို့ဖြစ်ပေရာ အီမာန်ရှင်တို့သည် ကုရ်အာန်မှ အသိပညာများကိုလည်းကောင်း၊ စွန္နသ်တော်မှ အသိပညာများကိုလည်းကောင်း ရယူခဲ့ကြသည်။

ထို့နောက် ဒုတိယဟဒီးစ်တော်ကို မိန့်ကြားတော်မူသည်မှာ 'ခေတ်တစ်ခေတ် ရောက်ရှိလာလိမ့်မည်။ ယင်းခေတ်၌ လူသားသည် အိပ်ရာမှ ထသည့်အခါ ၎င်း၏ နှလုံးသားမှ 'အမာနသ်' ကို ရုပ်သိမ်းခြင်းခံရပေမည်။ ထိုသို့ ဖြစ်ခြင်းအပေါ် သက်ရောက်မှုလက္ခဏာမှာ အသင်တို့သည် မီးကျည်ခဲတစ်ခုဖြင့် မိမိ၏ ခြေထောက်တွင် တို့လိုက်ပါ။ (ထိုမီးကျည်ခဲမှာ မရှိတော့ပြီဖြစ်သော်လည်း) မီးကျည်ခဲထိသည့် ခြေထောက်တွင် ဖူးယောင်သွားသည့် ဒဏ်ရာကျန်နေခဲ့သည့်အတိုင်းပင် ထင်ကျန်နေမည် ဖြစ်သည်။ အမှန်စင်စစ် ခြေထောက်တွင် မီးခဲ၏ မည်သည့်အစိတ်အပိုင်းမျှ မရှိတော့ပေ။

(၎င်းနောက် အမိန့်ရှိသည်မှာ) နောက်ဆုံးတွင် လူတို့သည် အချင်းချင်း အပေးအယူ ပြုလုပ်ခြင်းများကိုလည်းကောင်း၊ ကတိကဝတ် ပြုခြင်းများကိုလည်းကောင်း ပြုကြသော်လည်း မည်သူမျှ 'အမာနသ်'၏ တာဝန်ကို ထမ်းဆောင်ကြတော့မည် မဟုတ်တော့ပေ။ ထို့ပြင် ('အမာနသ်'ရှိသူအဖို့ ကပ်ဆိုက်သည့်နှယ် ဖြစ်ရမည်မှာ) လူတို့သည် 'မည်သည့်မျိုးနွယ်တွင် 'အမာနသ်'ရှိသူတစ်ဦး ရှိသည်ဟု ဆိုကြပေမည်။

ဤဟဒီးစ်တော်၌ 'အမာနသ်'ကို လူသား၏ နှလုံးသားနှင့် ဆက်နွယ်မှုရှိသော အရာတစ်ခုဟု သတ်မှတ်ထားသည်။ ထိုနှလုံးသား၏ အရည်အချင်းသည်သာ ရှရီအသ်တရားတော်၏ အမိန့်တော်များကို လိုက်နာခြင်း၊ သာသနာ့ကျင့်စဉ်များကို ကျင့်သုံးလျက် ဒုက္ခခံရမှုတို့အတွက် အရည်အချင်းကို ရရှိစေသည်။

မွတ်စ်နဒ်အဟ်မဒ်ကျမ်းတွင် ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်အမရ် ؓ သခင်၏ ဆင့်ပြန်ချက်တစ်ရပ် လာရှိရာတွင် တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'လေးမျိုးသော အရာကို အသင်တို့ ရရှိသွားသည့်အခါ လောကရှိ အခြားပစ္စည်းတစ်စုံတစ်ရာ မရရှိလျှင်လည်း အသင်တို့အဖို့ မည်သို့မျှ ဝမ်းနည်းဖွယ်ရာ မဟုတ်ပါချေ။ (ထိုအရာလေးမျိုးမှာ) 'အမာနသ်'ကို စောင့်ထိန်းခြင်း၊ စကားပြောဆိုမှု မှန်ကန်ခြင်း၊ အကျင့်စာရိတ္တ ကောင်းမွန်ခြင်းနှင့် 'ဟလာလ်'ကို စားသုံးခြင်းတို့ ဖြစ်သည်။ *[အိဗ်နေကဆီးရ်ကျမ်း]*

'အာမာနသ်'ကို စောင့်ထိန်းခြင်းနှင့် 'အာမာနသ်'တာဝန် အပ်နှင်းသည့်အကြောင်းကို ဆန်းစစ်ခြင်း

ဖော်ပြပါအာယသ်တော်တွင် 'ငါအသျှင်မြတ်သည် 'အမာနသ်'ကို မိုးကောင်းကင်များအပေါ်၌လည်းကောင်း၊ မြေပထဝီပေါ်တွင်လည်းကောင်း၊ တောင်များအပေါ်၌လည်းကောင်း တင်ပြတော်မူလေရာ အားလုံးတို့သည် ဤတာဝန်ကို ထမ်းရွက်ရန် ငြင်းဆိုခဲ့ကြသည်။ ထိုတာဝန်ကို 'ကျွန်တော်မျိုးတို့ ထမ်းရွက်နိုင်စွမ်း မရှိပါ'ဟူ၍ ကြောက်ရွံ့စိုးရိမ်ခဲ့ကြသည်။ ထို့နောက် လူသားသည် ထိုတာဝန်ကို ထမ်းရွက်ခဲ့လေသည်'ဟု မိန့်ကြားတော်မူထားသည်။

ဤနေရာ၌ စဉ်းစားရန် ဖြစ်လာသည်မှာ မိုးကောင်းကင်၊ မြေပထဝီနှင့် တောင်များသည် သက်မဲ့များဖြစ်ကြသည်။ ဦးနှောက်အသိဉာဏ်မရှိသော အရာများ ဖြစ်ကြသည်။ ၎င်းတို့၏ ရှေ့၌ တင်ပြခြင်းနှင့် ၎င်းတို့မှ အဖြေပေးခြင်းတို့ဆိုသည်မှာ မည်သည့်ပုံသဏ္ဌာန်ဖြင့် ဖြစ်နိုင်ပါသနည်း။ အချို့ပညာရှင်များက ဤသည်ကို သွယ်ဝိုက်သောနည်းနှင့် ပမာခိုင်းနှိုင်းခြင်းဟု သတ်မှတ်ကြသည်။ ဥပမာ- ကုရ်အာန်ကျမ်းတော်မြတ်၏ တစ်နေရာတွင် ပမာခိုင်းနှိုင်းသည့် ပုံသဏ္ဌာန်ဖြင့်

لَوْ اَنْزَلْنَا هٰذَا الْقُرْاٰنَ عَلٰى جَبَلٍ لَّرَاَيْتَهٗ خَاشِعًا مُّتَصَدِّعًا مِّنْ خَشْيَةِ اللّٰهِ

ဟု မိန့်ကြားထားသည်။ ဆိုလိုသည်မှာ 'ငါအသျှင်မြတ်သည် အကယ်၍ ဤကုရ်အာန်ကျမ်းတော်မြတ်ကို တောင်၏ အပေါ်၌ ချပေးတော်မူပါလျှင် ထိုတောင်သည်လည်း ဤကုရ်အာန်၏ လေးလံမှုကြောင့် ကိုင်းညွတ်ကျပြီး အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့မှုဖြင့် အပိုင်းပိုင်းဖြစ်သွားမည်ကို အမှန်ပင် အသင်တွေ့မြင်ရပေလိမ့်မည်'ဟု ဖြစ်သည်။ ဤနေရာ၌ ပမာခိုင်းနှိုင်း၍ တင်ပြထားခြင်းသာ ဖြစ်သည်။ တောင်၏ အပေါ်၌ အမှန်တကယ်ချပေးခြင်း မဟုတ်ပေ။ ထိုပညာရှင်တို့သည် اِنَّا عَرَضْنَا ဟူသော အာယသ်တော်ကိုလည်း ထိုကဲ့သို့ပင် ပမာခိုင်းနှိုင်းမှုနှင့် သွယ်ဝိုက်သောနည်းဖြင့် မိန့်ကြားသည်ဟု သတ်မှတ်ခဲ့ကြသည်။

သို့သော် အများစုပညာရှင်တို့ထံတွင် ဤအဆိုမှာ မမှန်ကန်ပေ။ အဘယ်ကြောင့်ဆိုသော် ပမာခိုင်းနှိုင်း၍ အထောက်အထား ပြဆိုသော် အာယသ်တော်တွင် ကုရ်အာန်ကျမ်းတော်မြတ်သည် لَوْ ဟူသော အက္ခရာနှင့်အတူ တင်ပြလျက် အငြင်းပွားခြင်း အမှန်ပင် ဖြစ်နိုင်ကြောင်းကို ရှင်းလင်းစွာ တင်ပြထားသောကြောင့်ဖြစ်သည်။ ထို့ပြင် اِنَّا عَرَضْنَا ဟူသော အာယသ်တော်တွင် ဖြစ်ရပ်တစ်ခုရှိကြောင်းလည်း အတည်ဖြစ်သည်။ ထိုဖြစ်ရပ်ကို သွယ်ဝိုက်ခြင်းနှင့် ပမာခိုင်းနှိုင်းခြင်းဟု အဓိပ္ပာယ်ကောက်ယူရန်မှာ အထောက်အထားမရှိဘဲ မပိုင်ပါချေ။ အကယ်၍ အထောက်အထားတင်ပြရာ၌ 'ဤအရာများသည် သက်မဲ့များ ဖြစ်ကြသည်။ ဦးနှောက်အသိဉာဏ်မရှိသူများ ဖြစ်ကြပါသည်။ ၎င်းတို့နှင့် မေးမြန်းခြင်း၊ ဖြေကြားခြင်းများ မပြုနိုင်ပါ' ဟု ဆိုပြန်လျှင် ဤအဆိုသည် ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားသော မိန့်ကြားချက်များအရ ပယ်ဖျက်ခံရပေမည်။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်တွင်

وَإِنْ مِّنْ شَيْءٍ إِلَّا يُسَبِّحُ بِحَمْدِهِ

ဟု ရှင်းလင်းစွာ မိန့်ထားသောကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်၏ 'ဟမ်ဒ်' ချီးမွမ်းထောပနာပြုခြင်းနှင့် 'သတ်စ်ဗီးဟ်' သန့်ရှင်းစင်ကြယ်ခြင်းကို ဖတ်ရွတ်တသမှု မပြုသော အရာဟူ၍ မရှိပေ'ဟု ဖြစ်သည်။

ဤသည်ကို ကြည့်ခြင်းဖြင့် အလ္လာဟ်အသျှင်မြတ်အား သိရှိခြင်း၊ ထို့ပြင် ထိုအသျှင်မြတ်အား ဖန်ဆင်းရှင်၊ စိုးပိုင်တော်မူသော အသျှင်နှင့် အရာခပ်သိမ်းတို့ထက် ကြီးကျယ်မြင့်မြတ်သော အသျှင်ဖြစ်ကြောင်း သိရှိလျက် ထိုအသျှင်မြတ်၏ 'သတ်စ်ဗီးဟ်'ဖတ်ရွတ်နေခြင်းမှာ အသိဉာဏ်မရှိဘဲ မဖြစ်နိုင်ပေ။ ထို့ကြောင့် ဤအာယသ်တော်ဖြင့် ဦးနှောက်ဉာဏ်နှင့် အသိတရားသည် အဖန်ဆင်းခံအားလုံးတွင် ရှိသည်။ ကျောက်တုံး၊ ကျောက်ခဲများသည်ပင် ဤအသိဉာဏ်ရှိခြင်းကြောင့် ၎င်းတို့အား စကားပြောဆိုခြင်း ပြုနိုင်ပေသည်။ ထို့ပြင် ၎င်းတို့သည် အဖြေများလည်း ပေးနိုင်ကြသည်။ သို့ရာတွင် ဖြေကြားခြင်း ပုံသဏ္ဍာန်များ အမျိုးမျိုး ကွဲပြားခြားနားမှု ရှိနိုင်သည်။ စကားလုံးများ၊ အက္ခရာများဖြင့် ပြောဆိုဖြေကြားခြင်းလည်း ဖြစ်နိုင်သည်။ ဤနေရာ၌ အလ္လာဟ်အသျှင်မြတ်သည် ထိုကျောက်တုံးကျောက်ခဲများ၊ မိုးကောင်းကင်၊ မြေပထဝီနှင့် တောင်များကို စကားပြောဆိုခြင်း ချီးမြှင့်တော်မူသည်ဟု ဆိုလျှင်လည်း မဖြစ်နိုင်စရာ မရှိပါ။ ထို့ကြောင့် ပညာရှင်အများစုထံတွင် မိုးကောင်းကင်၊ မြေပထဝီနှင့် တောင်များအပေါ် 'အမာနသ်' ကို တင်ပြခြင်းသည် အစစ်အမှန် တင်ပြခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ကလည်း အမှန်တကယ်ပင် ဤထမ်းရွက်မှုကို ပြုနိုင်စွမ်းမရှိကြောင်း ဖော်ထုတ်ခဲ့ကြခြင်း ဖြစ်သည်။ ဤနေရာတွင် ပုံပမာခိုင်းနှိုင်းခြင်း (သို့) သွယ်ဝိုက်ခြင်းများ မဟုတ်ပေ။

'အာမာနသ်' ကို တင်ပြခြင်းသည် ရွေးချယ်ခွင့်ပေးခြင်းဖြစ်ပြီး အဓမ္မပြုစေခြင်းမဟုတ်ကြောင်း

မေးခွန်းတစ်ခု ကျန်ရှိနေသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်နှင့် မြေပထဝီ စသည်တို့အပေါ် ဤ 'အမာနသ်'ကို ကိုယ်တော်တိုင် တင်ပြတော်မူသောအခါ ၎င်းတို့အဖို့ ပြုနိုင်စွမ်း မရှိကြောင်း ငြင်းဆိုခြင်းသည် မည်သို့ ဖြစ်ရပါသနည်း' ဟုဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို ဆန့်ကျင်သွေဖည်မှု ပြုခဲ့သည်ဖြစ်ရာ ၎င်းတို့မှာ ပျက်စီးသွားသင့်ပါသည်။ ထို့ပြင် မိုးကောင်းကင်နှင့် မြေပထဝီတို့၏ အမိန့်နာခံသူများဖြစ်ကြောင်း၊ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော် أَتَيْنَا طَائِعِينَ ဖြင့်လည်း အတည်ဖြစ်ခဲ့ပြီး ဖြစ်ပါသည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်နှင့် ကမ္ဘာမြေပထဝီတို့အား 'မိမိတို့သဘောအလျောက်ဖြစ်စေ၊ အဓမ္မပြု၍ဖြစ်စေ (ငါအသျှင်မြတ်၏ အမိန့်နာခံမှုအတွက်) လာကြလေကုန်'ဟု မိန့်ကြားတော်မူသောအခါ မိုးနှင့် မြေနှစ်ခုစလုံးက 'ကျွန်တော်မျိုးတို့သည် အမိန့်နာခံရန် ပျော်ရွှင်စွာ အသင့်ရှိနေကြပါသည်' ဟု လျှောက်ထားဖြေကြားခဲ့ကြသည်။

၄င်း၏အခြေမှာ ဖော်ပြပါအာယသ်တော်တွင် ၄င်းတို့အား လိုက်နာရန် အမြော်အမြင်ရှိသော အမိန့်တော်တစ်ရပ်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ထိုအမိန့်တွင် 'အသင်တို့သည် ဤအမိန့်ကို စိတ်မှ သဘောတူသည် ဖြစ်စေ၊ မတူသည်ဖြစ်စေ၊ အခြေအနေတိုင်းတွင် ဤအမိန့်ကို နာခံရမည်'ဟူသော အမိန့်ကိုလည်း ပေးခြင်း ခံခဲ့ရသည်။ 'အမာနသ်'ကို တင်ပြသည့် အာယသ်တော်နှင့်မူ ဆန့်ကျင်ခြားနားသည်။ အဘယ်ကြောင့်ဆိုသော် ထိုအာယသ်တော်တွင် 'အမာနသ်'ကို တင်ပြလျက် ၄င်းတို့အား လက်ခံခြင်းနှင့် လက်မခံခြင်းအတွက် ရွေးချယ်ခွင့် ပေးတော်မူခဲ့သည်။

အိဗ်နေကစီးရ်သည် စနဒ်များစွာနှင့်တကွ ဆွဟာဗာများနှင့် သာဗီအီးန်များစွာနှင့် သာဗီအီးန်များစွာတို့အနက် အိဗ်နေအဗ္ဗားစ် ﷺ ၊ ဟစန်ဗဆွရီ (ရဟ) နှင့် မုဂျာဟိဒ် (ရဟ) စသည်တို့ထံမှ 'အမာနသ်'ကို တင်ပြသည့် အောက်ပါရှင်းလင်းချက်ကို ဆင့်ပြန်ခဲ့သည်။ ထိုရှင်းလင်းချက်မှာ 'အလ္လာဟ်အသျှင်မြတ်သည် ပထမဦးစွာ မိုးကောင်းကင်အားလည်းကောင်း၊ တစ်ဖန် မြေပထဝီအားလည်းကောင်း၊ တစ်ဖန် တောင်များအပေါ်၌လည်းကောင်း ရွေးချယ်ခွင့် ပုံသဏ္ဍာန်ဖြင့် မိန့်ကြားတော်မူသည်မှာ 'ငါအသျှင်မြတ်၏ 'အမာနသ်' (အမိန့်တော်များ လိုက်နာကျင့်ဆောင်မှု) ၏ တာဝန်ကို ထမ်းရွက်သူများအတွက် သတ်မှတ်ထားသော 'ထိုက်တန်သည့် အကျိုးအစား'များနှင့်တကွ ထမ်းရွက်ကြလေကုန်'ဟု မိန့်ကြားတော်မူလေရာ ၄င်းတို့အားလုံးက 'ထိုက်တန်သော အကျိုးအစား'များသည် မည်သည့်အရာများပါနည်း'ဟု လျှောက်ထား မေးမြန်းကြလေသည်။ ထိုအခါ 'ငါအသျှင်မြတ်က 'အမာနသ်' (အမိန့်တော်များ လိုက်နာကျင့်ဆောင်မှုကို) အသင်တို့သည် အပြည့်အဝပြုခဲ့ပါလျှင် ကုသိုလ်အကျိုးများနှင့်အတူ အလ္လာဟ်အသျှင်မြတ်ထံတော်၌ ထူးမြတ်သော အဆင့်အတန်း ချီးမြှင့်ခြင်းများ ခံရပေမည်။ အကယ်၍ အမိန့်တော်များကို လိုက်နာကျင့်ဆောင်မှု မပြုခြင်း (သို့) ချွတ်ယွင်းချက်များ ပြုခဲ့ပါလျှင် 'အဇားဗ်'အပြစ်ဒဏ်များ ရရှိပေမည်'ဟု မိန့်ကြားတော်မူလေရာ ဤမျှ ထုထည်ခန္ဓာ ကြီးမားသော အရာတို့သည် ဤသည်ကို ကြားရပြီး 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ကျွန်တော်မျိုးတို့သည် ယခုအချိန်တွင်လည်း အသျှင်မြတ်၏ အမိန့်တော်များကို ပြုမူကျင့်ဆောင်လျှောက်လှမ်းလျက် ရှိကြပါသည်။ သို့ရာတွင် (ကျွန်တော်မျိုးတို့အား ရွေးချယ်ခွင့်ပေးမည်ဆိုပါလျှင် ကျွန်တော်မျိုးတို့သည် ဤတာဝန်အလေးအပင်ကို ထမ်းရွက်ရန် မစွမ်းနိုင်ကြောင်း သိရှိရပါသည်။ ကျွန်တော်မျိုးတို့သည် အကျိုးစဝါးဗ်ကိုလည်း လိုလားခြင်းမရှိပါ။ 'အဇားဗ်'ကို ခံစားရန်လည်း မလိုလားကြပါ'ဟု ၄င်းတို့က လျှောက်ထားခဲ့ကြသည်။

သဖ်စီးရ်ကုရ်သုဗီတွင် ဟကီးမ်သိရ်မေဇီ၏ အညွှန်းဖြင့် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်၏ ဆင့်ပြန်ချက်တွင် တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ (မိုးကောင်းကင်နှင့် ကမ္ဘာမြေပထဝီ စသည်တို့အပေါ် 'အမာနသ်'ကို တင်ပြခြင်းနှင့် ၄င်းတို့မှ ပြန်လည်ဖြေကြားခြင်းများ ပြုပြီးနောက်) အလ္လာဟ်အသျှင်မြတ်သည် ဟဇရသ်အာဒမ် ﷺ အား ရည်ညွှန်း၍ ဦးတည် မိန့်ကြားတော်မူသည်မှာ 'ငါအသျှင်မြတ်သည်

မိမိ၏ 'အမာနသ်'ကို မိုးကောင်းကင်နှင့် ကမ္ဘာမြေပထဝီတို့အပေါ် တင်ပြတော်မူလေရာ ၎င်းတို့သည် ဤ 'အမာနသ်'၏ လေးလံသော တာဝန်ကို ထမ်းရွက်ခြင်းကို မစွမ်းနိုင်ခဲ့ကြပေ။ သို့ဖြစ်ပေရာ အသင်သည် ဤ 'အမာနသ်'၏ တာဝန်ကို ၎င်းတာဝန်နှင့်အတူ သတ်မှတ်ထားသော အရာများနှင့်တကွ ထမ်းဆောင်မည်လော။ ထိုအခါ ဟဇရသ်အာဒမ် ﷺ က '၎င်းတာဝန်နှင့်အတူ သတ်မှတ်ထားသော မည်သည့်အရာဖြစ်ပါသနည်း'ဟု လျှောက်ထားမေးမြန်းလေရာ အလ္လာဟ်အသျှင်မြတ်က 'အကယ်၍ 'အမာနသ်'တာဝန်ကို အပြည့်အဝ ထမ်းရွက်ခဲ့သည်ဆိုလျှင် (အမိန့်နာခံမှုကို အပြည့်အဝ ပြုခဲ့သည်ဆိုလျှင်) အသင့်အဖို့ အစားပေး အကျိုးကုသိုလ်များ ရရှိပေမည်။ (ဤသည် အလ္လာဟ်အသျှင်မြတ်နှင့် နီးကပ်မှုအဆင့်အတန်း၊ နှစ်သက်မှုနှင့် 'ဂျန္နသ်'သုခဘုံ၏ ထာဝရစည်းစိမ်များကို ချီးမြှင့်သည့် ပုံသဏ္ဍာန်ဖြင့် ရရှိမည်ဖြစ်သည်) အကယ်၍ 'အမာနသ်'ကို ဖျက်ဆီးခြင်းပြုပါက အပြစ်ဒဏ်ရရှိပေလိမ့်မည်'ဟု မိန့်ကြားတော်မူလေသည်။ အာဒမ် ﷺ သည် (အလ္လာဟ်အသျှင်မြတ်နှင့် နီးကပ်မှု၏ နှစ်လိုမှုများ ရရှိရာတွင် တိုးတက်မြင့်မားမှုများ ရှိလာမည့် မက်ဆန္ဒဖြင့်) ထိုတာဝန်ကို ယူခဲ့လေသည်။ ထိုတာဝန်ကို ထမ်းရွက်ယူလိုက်သည့်အချိန်သည် 'ဇုဟ်ရ်'နှင့် 'အဆွရ်'အချိန်မျှပင် ရှိသေးသည်။ ရှိုက်သွာန်သည် ၎င်းတို့နှစ်ဦးကို ကျော်ကြားသော မှားယွင်းချွတ်ချော်မှုကို ဖြစ်စေခဲ့သည်။ ထို့နောက် 'ဂျန္နသ်'မှ နှင်ထုတ်ခြင်း ခံခဲ့ရလေသည်။

'အာမာနသ်' အပ်နှံတာဝန်ပေးခြင်း ဖြစ်ရပ်သည် မည်သည့်ကာလတွင် ဖြစ်ပေါ်ခဲ့သနည်း

အထက်၌ တင်ပြခဲ့သည့် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်၏ ဆင့်ပြန်ချက်အရ သိရှိရသည်မှာ 'ဤ 'အမာနသ်'ကို မိုးကောင်းကင်နှင့် ကမ္ဘာမြေပထဝီ စသည်တို့အပေါ် တင်ပြခြင်းသည် အာဒမ် ﷺ အား မဖန်ဆင်းမီက ဖြစ်ခဲ့သည်။ ထို့နောက် အာဒမ် ﷺ အား ဖန်ဆင်း၍ ၎င်း၏ ရှေ့မှောက်၌လည်း 'အသင်၏အလျှင် မိုးကောင်းကင်နှင့် ကမ္ဘာမြေပထဝီတို့အပေါ်၌လည်း ဤ 'အမာနသ်'ကို တင်ပြခဲ့ပြီးဖြစ်သည်။ ၎င်းတို့သည် ဤတာဝန်ကို ထမ်းရွက်နိုင်စွမ်း မရှိကြသည့်အတွက် အကြောင်းပြငြင်းဆိုခဲ့ကြသည်'ဟု တင်ပြ မိန့်ကြားတော်မူခဲ့သည်။

ဤ 'အမာနသ်'ကို တင်ပြခြင်းသည် 'အဇလ်ကာလ၌ ကတိယူခဲ့သည့် أَلَسْتُ '၏ ကတိမတိုင်မီက ဖြစ်ကြောင်း ထင်ရှားပေသည်။ အဘယ်ကြောင့်ဆိုသော် أَلَسْتُ بِرَبِّكُمْ ၏ ကတိယူခြင်းမှာ ဤ 'အမာနသ်' ၏ တာဝန်ကို ထမ်းရွက်ခြင်း၏ ပထမတာဝန်နှင့် မိမိ၏ ရာထူးအတွက် ကျိန်ဆိုစေခြင်း၏ ကိုယ်စားဖြစ်သောကြောင့်ပင် ဖြစ်သည်။

ကမ္ဘာမြေပထဝီတွင် ကိုယ်စားလှယ်ဖြစ်ရန်အတွက် 'အမာနသ်' ၏ တာဝန်ကို ထမ်းရွက်နိုင်သည့် အရည်အချင်းရှိရန် အရေးကြီးကြောင်း

အလ္လာဟ်အသျှင်မြတ်သည် 'အဇလီ' ကာလ၏ 'သက္ကဒီးရ်'တွင် အာဒမ် ﷺ အား ကမ္ဘာမြေပထဝီ၌ မိမိ၏ ကိုယ်စားလှယ်တော်အဖြစ် ခန့်အပ်ရန် ရည်ရွယ်တော်မူလိုက်သည်။ ဤကိုယ်စားလှယ်ရာထူးသည် အသျှင်မြတ်၏ အမိန့်တော်မူများကို လိုက်နာကျင့်ဆောင်နိုင်သူကိုသာ ပေးအပ်ရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤကိုယ်စားလှယ်ဖြစ်ခြင်းတွင် ကမ္ဘာမြေပထဝီ၌ အလ္လာဟ်အသျှင်မြတ်၏ ဥပဒေများကို ချမှတ်ရမည်။ အသျှင်မြတ်၏ အဖန်ဆင်းခံများကို အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များအပေါ် လိုက်နာစေရန် စီမံပေးရမည်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ဤအတွက်ကြောင့်ပင် အတွင်းပိုင်းအစီအမံများအရ ဟဇရသ် အာဒမ် ﷺ သည် ထို 'အမာနသ်'ကို ထမ်းဆောင်ရန် အဆင်သင့်အနေအထား၌ ရှိနေခဲ့ခြင်းဖြစ်သည်။ စင်စစ် အခြားသော ထုထည်ပမာဏကြီးမားသည့် အဖန်ဆင်းခံများသည် ထိုတာဝန်ကို ထမ်းဆောင်ရန် မစွမ်းနိုင်သည်ကိုလည်း သိရှိခဲ့ရပြီးဖြစ်သည်။ *[မဇ္ဇဟရီကျမ်း၊ ဗယာနုလ်ကုရ်အာန်ကျမ်း။]*

إِنَّهُ كَانَ ظَلُومًا جَهُولًا

ظلوم ဆိုသည်မှာ မိမိကိုယ်မိမိ ညှဉ်းပန်းနှိပ်စက်သူကို ခေါ်ဆိုသည်။

جهول ဆိုသည်မှာ နိဂုံးရလဒ်ကို မသိရှိသူ ဖြစ်သည်။ ဤစာပိုဒ်အရ အပေါ်ယံအားဖြင့် ကြည့်လျှင် 'ဤသည် လုံးဝဥဿုံ လူသားအား ရှုတ်ချထားခြင်း'ဟု သိရှိရပေသည်။ အဘယ်ကြောင့်ဆိုသော် ဤမသိနားမလည်သူသည် မိမိ၏ အင်အားနှင့် မမျှသော တာဝန်ကိုယူ၍ မိမိကိုယ်ကို ညှဉ်းပန်းနှိပ်စက်ခြင်းကြောင့် ဖြစ်သည်။ သို့ရာတွင် ကုရ်အာန်၏ အခြားသော မိန့်ကြားချက်များအရ ဖြစ်ရပ်မှာ ဤသို့မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် လူသားဆိုသည်မှာ ဟဇရသ်အာဒမ် ﷺ ဖြစ်သည်။ (သို့) လူသား မျိုးနွယ်တစ်ရပ်လုံး ဖြစ်ပေသည်။ ၄င်းတို့တွင် အာဒမ် ﷺ သည် နဗီတမန်တော်နှင့် 'မအ်ဆူးမ်'အပြစ်ကင်းသူဖြစ်သည်။ ၄င်းထမ်းရွက်ခဲ့သည့် တာဝန်ကိုလည်း မုချကေန် ထမ်းဆောင်၍ တာဝန်ချခဲ့သည်။ ထိုသို့ ထမ်းရွက်ခဲ့ခြင်း၏ အကျိုးဆက်အဖြစ် ၄င်းအား အလ္လာဟ်အသျှင်မြတ်၏ 'ခလီဖာဟ်' (ကိုယ်စားလှယ်တော်) အဖြစ် ကမ္ဘာမြေပထဝီသို့ စေလွှတ်တော်မူခဲ့ခြင်း ဖြစ်သည်။ ၄င်းအား ဖရစ်ရှ်သာဟ်များ၏ 'စဂျ်ဒဟ်'ပြုခံရသူအဖြစ် ပြုပေးတော်မူခဲ့သည်။ 'အာခိရသ်'တွင် ၄င်း၏ အဆင့်အတန်းမှာ ဖရစ်ရှ်သာဟ်များထက် မြင့်မားမှုရှိပေမည်။ အကယ်၍ လူသားမျိုးနွယ်ဟုသာ ဆိုလိုခြင်းဖြစ်လျှင် ထိုလူသားမျိုးနွယ်တစ်ရပ်လုံးတွင် သိန်းဂဏန်းအထက်ရှိသော နဗီတမန်တော်များ ပါဝင်သည်။ ကုဋေပေါင်းများစွာသော သူတော်စင်များ၊ အလ္လာဟ်၏ အချစ်တော် ဝလီများ ပါဝင်သည်။ ၄င်းတို့အပေါ်၌ ဖရစ်ရှ်သာဟ်များကပင် အားကျခဲ့ရသည်။ ၄င်းတို့သည် မိမိတို့၏ ကျင့်စဉ်ကျင့်ရပ်များအားဖြင့် 'မိမိတို့သည် အသျှင်မြတ်၏ 'အမာနသ်'၏ ထိုက်သက်သူ

များဖြစ်ကြောင်းကို အတည်ဖြစ်စေခဲ့ကြသည်။ ၎င်းတို့သည် 'အမာနသ်' တာဝန်ကို ကျေပွန်အောင် ထမ်းရွက်ခဲ့ကြသူများဖြစ်သည့်အပေါ် ကုရ်အာန်ကျမ်းတော်မြတ်သည် လူသားမျိုးနွယ်အား 'အရှ်ရဖုလ်မခ်လူကားသ်' (အဖန်ဆင်းခံများတွင် အမြတ်ဆုံး) ဟူ၍ သတ်မှတ်တော်မူခဲ့သည်။

وَلَقَدْ كَرَّمْنَا بَنِىٓ اٰدَمَ

ဤအာယသ်တော်အားဖြင့် အာဒမ် ﷺ သည်လည်းကောင်း၊ လူသားမျိုးနွယ်တစ်ရပ်လုံးသည်လည်းကောင်း၊ ရှုတ်ချထိုက်သူများ မဟုတ်ကြောင်း အတည်ဖြစ်ပေသည်။ ထို့ကြောင့် 'မုဖတ်စိရ်' အဖွင့်ပညာရှင်များက 'ဤစာပိုဒ်သည် ရှုတ်ချရန်အတွက် မဟုတ်ဘဲ လူသားမျိုးနွယ်တစ်ရပ်လုံးအနက် အများစုလူသားတို့အား ထောက်ရှု၍ ဖြစ်ရပ်ကို တင်ခြင်းအနေဖြင့် မိန့်ကြားတော်မူခြင်း ဖြစ်သည်ဟု ဆိုကြသည်။ ဆိုလိုသည်မှာ လူသားမျိုးနွယ်မှ အများစုသည် **ظلوم** နှင့် **جهول** မိမိကိုယ်ကို ညှဉ်းပန်းနှိပ်စက်သူနှင့် နိဂုံးရလဒ်ကို မသိနားမလည်သူများ ဖြစ်ကြသည်။ 'အမာနသ်'၏ တာဝန်ကို မကျေပွန်သူသည် ပျက်စီးခြင်း၌ ဖြစ်ပေမည်။ အကြောင်းမှာ အများစုသည် ဤအခြေအနေ၌သာ ရှိသောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် လူသားမျိုးနွယ်ဘက်သို့ ရည်ညွှန်းရခြင်းဖြစ်သည်။ အချုပ်ဆိုရသော် ဤအာယသ်တော်၌ **ظلوم** နှင့် **جهول** သည် ရှရီအသ်တရားတော်၏ အမိန့်တော်များကို အပြည့်အဝ လိုက်နာခြင်းမရှိသော လူသားမျိုးနွယ်မှ လူသားများကိုသာ ဆိုလိုခြင်းဖြစ်သည်။ 'အမာနသ်'၏ တာဝန်ကို ထမ်းရွက်ခြင်းမပြုခဲ့သည့် အစွမ်းသ်အနက် ကာဖိရ်များ၊ မုနာဖစ်က်များ၊ ဆိုးသွမ်းယုတ်မာသူများနှင့် အပြစ်ကျူးလွန်သူ မွတ်စ္စလင်မ်များကို ဆိုလိုသည်။ ဤသဖ်စီးရ်၏ ဖွင့်ဆိုချက်သည် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်၊ အိဗ်နေဂျိုဗိုင်ရ် ﷺ သခင်နှင့် ဟာစန်ဗဆွရီ (ရဟ) စသည်တို့ထံမှ ဆင့်ပြန်ခဲ့သည့် သဖ်စီးရ်ဖြစ်သည်။ *[ကုရ်သွဗီကျမ်း]*

အချို့ပညာရှင်များက **ظلوم** နှင့် **جهول** ဟူသော စာလုံးသည် ဤနေရာ၌ ရိုးရိုးသားသား ရှိသူကို ချစ်စဖွယ်သဘောဖြင့် သုံးနှုန်းထားခြင်း ဖြစ်သည်'ဟု ဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် လူသားသည် အလ္လာဟ်အသျှင်မြတ်၏ ချစ်ခင်မှုနှင့် ထိုအသျှင်မြတ်နှင့် နီးကပ်စေမည့် အဆင့်အတန်းကို ရှာဖွေရာ၌ အဆုံးနိဂုံးကို မစဉ်းစားသောကြောင့် ဖြစ်သည်။ အလားတူပင် ဤစာလုံးသည် လူသားမျိုးနွယ်တစ်ရပ်လုံးအတွက်လည်း ဖြစ်နိုင်သည်။ သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် ဟဇရသ်မုဂျဒ်ဒိဒ်အလ်ဖိဆာနီ (ရဟ) နှင့် အခြားသော ပညာရှင်သူတော်စင်များထံမှ ဤကဲ့သို့သော အကြောင်းအရာများ ဆင့်ပြန်လာရှိထားသည်။

لِيُعَذِّبَ اللّٰهُ الْمُنٰفِقِيْنَ وَالْمُنٰفِقٰتِ

အလိုသဘောမှာ 'သို့မှသာ အလ္လာဟ်အသျှင်မြတ်သည် 'မုနာဖစ်က်'အယောင်ဆောင် အမျိုးသားများကိုလည်းကောင်း၊ 'မုနာဖစ်က်'အယောင်ဆောင် အမျိုးသမီးများကိုလည်းကောင်း၊ 'မုရှ်ရစ်က်'အမျိုးသား

များကိုလည်းကောင်း၊ 'မုရှ်ရစ်ကီ'အမျိုးသမီးများကိုလည်းကောင်း ပြစ်ဒဏ်ပေးတော်မူပေမည်။ ထို့ပြင် မုအ်မင်န်သက်ဝင် ယုံကြည်သူအမျိုးသားများနှင့် အမျိုးသမီးများအား 'ရဟ်မသ်'နှင့် 'မဂ်ဖိရသ်'များ ချီးမြှင့်တော်မူပေမည်' ဟု ဖြစ်သည်။

لِيُعَذِّبَ တွင် لام အက္ခရာသည် အကြောင်းတရားကို ပြသခြင်း ရည်ရွယ်ချက်အတွက် မဟုတ်ဘဲ အာရဗီဝေါဟာရအသုံးအနှုန်းအရ နိဂုံးချုပ်အတွက် သုံးနှုန်းသည့် အက္ခရာဖြစ်သည်။ ဆိုလိုသည်မှာ အရာတစ်ခု၏ နိဂုံးကို တင်ပြသော အရာဖြစ်သည်။ ဥပမာ- အာရဗီလင်္ကာတစ်ပုဒ်တွင်

لِدُوا لِلْمَوْتِ وَابْنُوا لِلْخَرَابِ

ဆိုလိုသည်မှာ 'သေဆုံးရန် မွေးဖွားလေကုန်။ ထို့ပြင် ကွင်းပြင်ဖြစ်ရန် တည်ဆောက်ကြလေကုန်' ဟု ဖြစ်သည်။

မွေးဖွားလာသည့် အရာဟူသရွေ့သည် သေဆုံးရန်အတွက်သာ ဖြစ်ပြီး တည်ဆောက်မှုမှန်သမျှ၏ ဆုံးခန်းသည် ကွင်းပြင်ဖြစ်ရန်သာ ဖြစ်သည်'ဟု ဆိုလိုခြင်းဖြစ်သည်။

ဤစာပိုဒ်သည် حَمَلَهَا الْإِنْسَانُ နှင့် ပတ်သက်ပေသည်။ ဆိုလိုသည်မှာ လူသား၏ 'အမာနသ်'၏ အလေးအပင် ကို ထမ်းရွက်ခြင်း၏ အကျိုးဆက်ရလဒ်မှာ လူသားမျိုးနွယ်တွင် အုပ်စုနှစ်စု ဖြစ်သွားပေမည်။ အုပ်စု တစ်စုမှာ ကာဖိရ်နှင့် မုနာဖစ်က် စသည်တို့ ဖြစ်သည်။ ၎င်းတို့သည် အသျှင်မြတ်၏ အမိန့်တော်များကို နာခံခြင်းမပြုဘဲ သွေဖည်ဆန့်ကျင်မှုများ ပြုလုပ်၍ ဖျက်ဆီးခဲ့သူများ ဖြစ်သွားကြသည်။ ၎င်းတို့အား အပြစ်ဒဏ်ပေးခြင်းခံရပေမည်။ ဒုတိယအုပ်စုမှာ မုအ်မင်န်အမျိုးသား၊ အမျိုးသမီးများ ဖြစ်ကြသည်။ ၎င်းတို့သည် အသျှင်မြတ်၏ အမိန့်တော်များကို နာခံလျက် 'အမာနသ်'၏ တာဝန်ကို ထမ်းရွက်သူများ ဖြစ်သွားကြသည်။ ၎င်းတို့အပေါ်၌ 'ရဟ်မသ်'အသနားကရုဏာတော်နှင့် 'မဂ်ဖွေရသ်'လွတ်ငြိမ်းချမ်းသာခွင့်များဖြင့် ဆက်ဆံမှုပြုတော်မူပေမည်။

ဤနောက်ဆုံးစာပိုဒ်တွင်လည်း ظلوم နှင့် جهول စာလုံးများတွင်လည်း အများစုအဖွင့်ပညာရှင်များ၏ ဖွင့်ဆိုချက်များကို ထောက်ခံထားသည်။ အဘယ်ကြောင့်ဆိုသော် ဤသည် 'လူသားမျိုးနွယ်တစ်ရပ်လုံးအတွက်မဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်၏ 'အမာနသ်'ကို ဖျက်လိုဖျက်ဆီးပြုသူများအတွက်သာ ဖြစ်သည်' ဟူသော ဖွင့်ဆိုချက်အတိုင်းပင် ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ် စဗာ

ရှိဗာ (ပြည်သူပြည်သားတို့၏) ကဏ္ဍ

بِسۡمِ اللّٰہِ الرَّحۡمٰنِ الرَّحِیۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

اَلۡحَمۡدُ لِلّٰہِ الَّذِیۡ لَہٗ مَا فِی السَّمٰوٰتِ وَ مَا فِی الۡاَرۡضِ وَ لَہُ الۡحَمۡدُ فِی الۡاٰخِرَۃِ ؕ وَ ہُوَ الۡحَکِیۡمُ الۡخَبِیۡرُ ﴿۱﴾

၃၄ : ၁ ။ ။ မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိရှိသမျှသော (သက်ရှိ၊ သက်မဲ့) အရာဝတ္ထုအလုံးစုံတို့ကို ပိုင်ဆိုင်တော်မူသော အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ချီးမွမ်းထောပနာ အပေါင်းတို့ကို ခံယူထိုက်တော်မူ၏။ ထိုနည်းတူစွာ တမလွန်ဘဝ၌လည်း ထိုအသျှင်မြတ်သည်သာလျှင် ချီးမွမ်းထောပနာ အပေါင်းတို့ကို ခံယူထိုက်တော်မူ၏။ အမှန်စင်စစ် ထိုအသျှင်မြတ်သည်ပင် ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်၊ အကြွင်းမဲ့ ကြားသိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

یَعۡلَمُ مَا یَلِجُ فِی الۡاَرۡضِ وَ مَا یَخۡرُجُ مِنۡہَا وَ مَا یَنۡزِلُ مِنَ السَّمَآءِ وَ مَا یَعۡرُجُ فِیۡہَا ؕ وَ ہُوَ الرَّحِیۡمُ الۡغَفُوۡرُ ﴿۲﴾

၃၄ : ၂ ။ ။ ထိုအသျှင်မြတ်သည် ပထဝီမြေအတွင်းသို့ ဝင်သော [ပိုးမွှား၊ မျိုးစေ့၊ မိုးရေ၊ သူသေ အစရှိသော] အရာများကိုလည်းကောင်း၊ ယင်းပထဝီမြေအတွင်းမှ ထွက်သော (ကောက်ပဲသီးနှံ၊ ဟင်းသီးဟင်းရွက်၊ သတ္တု အစရှိသော) အရာများကိုလည်းကောင်း၊ မိုးကောင်းကင်မှ သက်ဆင်းသော (မိုးရေ၊ 'ဝဟီ' အာယသ်တော်၊ 'သတ်ကဒ်ီးရ်' စီမံခန့်ခွဲမှု ကောင်းကင်တမန် အစရှိသော) အရာများကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်သို့ တက်သွားသော (အသက်ဝိဉာဉ်၊ ဆုပန်ကြားမှု၊ အကျင့်အမူ၊ ကောင်းကင်တမန် အစရှိသော) အရာများကိုလည်းကောင်း (အလုံးစုံတို့ကို) ကောင်းမွန်စွာ သိရှိတော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် အလွန်တရာ သနားကြင်နာတော်မူသော အသျှင်၊ အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မိုးကောင်းကင်များနှင့် ကမ္ဘာမြေပထဝီအတွင်း၌ ရှိရှိသမျှသော အရာဟူသရွေ့တို့အား ပိုင်ဆိုင်တော်မူသော အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ချီးမွမ်းထောပနာပြုခြင်းအပေါင်းတို့ကို ခံယူထိုက်တော်မူ၏။ ထို့ပြင် (လက်ရှိအခြေအနေ၌ ချီးမွမ်းထောပနာအပေါင်းကို ခံယူထိုက်တော်မူသကဲ့သို့) ထိုအသျှင်မြတ်သည်ပင် 'အာခိရတ်'တမလွန်တွင် (လည်း ချီးမွမ်းထောပနာအပေါင်းတို့ကို) ခံယူထိုက်တော်မူ၏။ (ထိုသို့ ချီးမွမ်းထောပနာပြုခံထိုက်ခြင်းမှာ 'ဂျန္နသ်'သုခဘုံသားတို့သည် 'ဂျန္နသ်'တွင် ဝင်ရောက်ပြီးနောက်တွင် အလ္လာဟ် အသျှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းကို အောက်ပါစာလုံးများဖြင့် ပြုကြခြင်းဖြင့် ပေါ်လွင်မည် ဖြစ်ပေသည်။ ၎င်းတို့မှာ-

اَلْحَمْدُ لِلّٰهِ الَّذِىْ هَدَا نَالِهٰذَا ○ اَلْحَمْدُ لِلّٰهِ الَّذِىْ اَذْ هَبَ عَنَّاالْحَزَنَ

اَلْحَمْدُ لِلّٰهِ الَّذِىْ صَدَ قَنَا وَعْدَ هٗ ○

အစရှိသည့် စာသားများဖြစ်သည်။ ထို့ပြင် ထိုအသျှင်မြတ်သည် ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (မိုးကောင်းကင်နှင့် ကမ္ဘာမြေပြင်ရှိ အဖန်ဆင်းခံဟူသရွေ့ကို မရေမတွက်နိုင်သော ရည်ရွယ်ချက် အကြောင်းအမျိုးမျိုးနှင့် ကောင်းကျိုးများဖြင့် ဖန်ဆင်းထားတော်မူသည်။ ထို့ပြင် ထိုအသျှင်မြတ်သည်) အကြွင်းမဲ့ ကြားသိတော်မူသော အသျှင် (လည်း) ဖြစ်တော်မူသည်။

(ထိုရည်ရွယ်ချက်အကြောင်းအမျိုးမျိုးနှင့် ကောင်းကျိုးများကို မဖန်ဆင်းမီအလျင်ကပင် သိရှိတော်မူပြီး ဖြစ်သည်။ အရာတိုင်းအရာတိုင်းတွင် ကောင်းကျိုးများကို အလွန်ကြီးမားသော အမြော်အမြင်ဖြင့် ထားရှိတော်မူသည်။) ထို့ပြင် ထိုအသျှင်မြတ်သည် ပထဝီမြေအတွင်းသို့ သက်ဆင်းဝင်ရောက်သည့် အရာများကို သိရှိတော်မူသည်။ (ဥပမာ- မိုးရေ) ထို့ပြင် ထိုပထဝီမြေမှထွက်သော အရာများကိုလည်း သိတော်မူသည်။ (ဥပမာ- သစ်ပင်ကြီးများနှင့် အခြားသောအပင်များ) ထို့ပြင် မိုးကောင်းကင်မှ သက်ဆင်းသည့် အရာများနှင့် ထိုမိုးကောင်းကင်သို့ တက်ရောက်သွားသည့်အရာများကိုလည်း သိတော်မူသည်။ (ဥပမာ- ဖရစ်ရှ်သာဟ်များသည် မိုးကောင်းကင်မှ ဆင်းကြ၊ တက်ကြသည်။ ထို့ပြင် မိုးကောင်းကင်မှ ပို့ချပေးသော ရှရီအသ်တရားတော်၏ အမိန့်ပညတ်တော်များနှင့် မိုးကောင်းကင်သို့ ယူဆောင်သွားသည့် ကောင်းမှုကိုယ်ကျင့်တရားများဖြစ်သည်။) ထို့ပြင် (ထိုအရာအားလုံးတွင် ခန္ဓာကိုယ်အပြင်ပိုင်းအားဖြင့်ဖြစ်စေ (သို့) ဝိညာဉ်အတွင်းပိုင်းအရဖြစ်စေ ရည်ရွယ်ချက်အကြောင်းအမျိုးမျိုးနှင့် အကျိုးများစွာ ရှိသည်။ လူသားအားလုံးသည် ဤအရာများ ပြုပေးတော်မူသည့်အပေါ် အပြည့်အဝ ကျေးဇူးတင်နိုင်ကြရမည်သာ ဖြစ်သည်။ ဤသည်ကို ပျက်ကွက်သူသည် အပြစ်ဒဏ်ထိုက်ပေမည်။) သို့ရာတွင် ထို (အလ္လာဟ်) အသျှင်မြတ်သည် အလွန်တရာ သနားကြင်နာတော်မူသော အသျှင် (နှင့်) အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

(မိမိ၏ အကြင်နာသနားတော်ဖြင့် သေးငယ်သော ပြစ်မှုများကို ကောင်းမှုများပြုခြင်းဖြင့်လည်း ကောင်း၊ ကြီးသော ပြစ်မှုများကို 'သောင်ဗဟ်'အများဝန်ခံခြင်းဖြင့်လည်းကောင်း၊ တစ်ခါတစ်ရံ ယင်းပြစ်မှု နှစ်မျိုးစလုံးကို မိမိ၏ ကျေးဇူးတော်ဖြင့်လည်းကောင်း ခွင့်လွှတ်ချမ်းသာပေးတော်မူသည်။ ထို့ပြင် 'ကုဖွရ်' နှင့် ရှရစ်က်အထိ ရောက်ရှိသွားသည့် အပြစ်များကို အီမာန်သက်ဝင်ယုံကြည်ခြင်းဖြင့် ခွင့်လွှတ်ချမ်းသာ ပေးတော်မူသည်။)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَقَالَ الَّذِينَ كَفَرُوا لَا تَأْتِينَا
السَّاعَةُ قُلْ بَلَىٰ وَرَبِّي لَتَأْتِيَنَّكُمْ عَالِمِ الْغَيْبِ لَا يَعْزُبُ عَنْهُ
مِثْقَالُ ذَرَّةٍ فِي السَّمَاوَاتِ وَلَا فِي الْأَرْضِ وَلَا أَصْغَرُ مِنْ ذَٰلِكَ
وَلَا أَكْبَرُ إِلَّا فِي كِتَابٍ مُبِينٍ ③

၃၄ : ၃ ။ ။ စင်စစ် ကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့က 'ရှင်ပြန်ထမည့် အချိန်ကာလသည် ကျွန်ုပ်တို့ထံ ဆိုက်ရောက်လာမည်မဟုတ်'ဟု ဆိုကြကုန်၏။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) 'ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော၊ အကွယ်၌ ရှိသည်တို့ကို သိတော်မူသော အသျှင်မြတ်၏ ကစမ်၊ ယင်းရှင်ပြန်ထရမည့် အချိန် ကာလသည် အသင်တို့ထံ အမှန်ပင် ဆိုက်ရောက်လာမည်။ မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း အဏုမြူခန့်မျှရှိသော ဝတ္ထုပစ္စည်းသည်ပင်လျှင် ထိုအသျှင်မြတ်၏ အသိပညာမှ ကွယ်ပျောက်နေသည်ဟူ၍ မရှိပေ။ စင်စစ် ယင်းအဏုမြူထက် သေးငယ်သော အရာဝတ္ထုပင်ဖြစ်စေ၊ (ယင်းအဏုမြူထက်) ကြီးသော အရာဝတ္ထုပင်ဖြစ်စေ ထင်ရှားစွာသော မှတ်တမ်းစာအုပ်တွင် (ရေးသားပြီး) ဖြစ်ပေသည်။

لِيَجْزِيَ الَّذِينَ آمَنُوا وَعَمِلُوا
الصَّالِحَاتِ أُولَٰئِكَ لَهُمْ مَغْفِرَةٌ وَرِزْقٌ كَرِيمٌ ④

၃၄ : ၄ ။ ။ (ရှင်ပြန်ထရမည့် အချိန်ကာလ ဆိုက်ရောက်စေခြင်းမှာ) ထိုအသျှင်မြတ်သည် အီမာန်သက်ဝင် ယုံကြည် ပြီးနောက် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မှုဆောက်တည်ကြကုန်သော သူတို့အား အစားပေးတော်မူရန်ပင် ဖြစ်၏။ ထိုကဲ့သို့သော သူတို့အဖို့မှာမူ လွတ်ငြိမ်းချမ်းသာခွင့်သည်လည်းကောင်း၊ မြင့်မြတ်စွာသော စားနပ်ရိက္ခာသည်လည်း ကောင်း ရှိပေသည်။

وَالَّذِيْنَ سَعَوْ فِيْٓ اٰيٰتِنَا مُعٰجِزِيْنَ اُولٰٓئِكَ لَهُمْ عَذَابٌ مِّنْ رِّجْزٍ اَلِيْمٌ ۝٥

၃၄ : ၅ ။ ။ သို့ရာတွင် ငါအသျှင်မြတ်၏ အာယသ်တော်များကို ပျက်ပြားအောင် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြသော သူတို့မှာမူ၊ ၎င်းတို့၌ ပြင်းပြနာကျင်ဖွယ်ဖြစ်သည့် ဘေးဒုက္ခတည်းဟူသော ပြစ်ဒဏ်သည် ရှိပေမည်။

وَيَرَى الَّذِيْنَ اُوْتُوا الْعِلْمَ الَّذِيْٓ اُنْزِلَ اِلَيْكَ مِنْ
رَّبِّكَ هُوَ الْحَقَّ ۙ وَيَهْدِيْٓ اِلٰى صِرَاطِ الْعَزِيْزِ الْحَمِيْدِ ۝٦

၃၄ : ၆ ။ ။ စင်စစ် အသိပညာကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ကြရသော သူတို့သည် အသင့်ထံ ချပေးခြင်း ခံခဲ့ရသော ယင်းအရာ (ကုရ်အာန်ကျမ်းတော်မြတ်) အား မှန်ကန်သည်ဟူ၍လည်းကောင်း၊ ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) သည် အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော၊ ချီးမွမ်းထောပနာအပေါင်းတို့ကို အလွန်တရာ ခံယူထိုက်တော်မူသော အသျှင်မြတ်၏ လမ်းကို ညွှန်ပြသည်ဟူ၍လည်းကောင်း (သိ) မြင်ကြကုန်သည်။

وَقَالَ الَّذِيْنَ كَفَرُوْا هَلْ نَدُلُّكُمْ عَلٰى رَجُلٍ يُّنَبِّئُكُمْ
اِذَا مُزِّقْتُمْ كُلَّ مُمَزَّقٍ ۙ اِنَّكُمْ لَفِيْ خَلْقٍ جَدِيْدٍ ۝٧

၃၄ : ၇ ။ ။ ထို့ပြင် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့က (အချင်းချင်း) ပြောဆိုကြကုန်၏။ 'ကျွန်ုပ်တို့သည် အသင်တို့အား အကြင်ယောကျ်ားတစ်ယောက်ကို ညွှန်ပြကြရမည်လော။' ထိုသူသည် အသင်တို့အား 'အသင်တို့သည် လုံး၀ မွမွကြေအောင် ချေပစ်ခြင်း ခံခဲ့ကြရလေသောအခါ ဧကန်မလွဲ အသင်တို့သည် အသစ်ပြန်၍ ဖန်ဆင်းခြင်းကို ခံကြရမည်'ဟု (ထိုသူသည်) သတင်းပေး၏။

اَفْتَرٰى عَلَى اللّٰهِ كَذِبًا اَمْ بِهٖ جِنَّةٌ ۭ بَلِ الَّذِيْنَ لَا يُؤْمِنُوْنَ
بِالْاٰخِرَةِ فِي الْعَذَابِ وَالضَّلٰلِ الْبَعِيْدِ ۝٨

၃၄ : ၈ ။ ။ ထိုသူသည် အလ္လာဟ်အသျှင်မြတ်အပေါ်၌ ကြံဖန်လီဆယ်၍ မုသားပြောဆို စွပ်စွဲခဲ့လေသလော။ သို့တည်းမဟုတ် ထိုသူ၌ ရူးသွပ်ခြင်းဝေဒနာ ရှိနေသလော။ ထိုသို့ အလျှင်းမဟုတ်။ စင်စစ်မှာ 'အာခိရသ်'တမလွန်ဘ၀ကို မယုံကြည်သော သူတို့သည်သာလျှင် ပြစ်ဒဏ်၌လည်းကောင်း၊ ဝေးလံသော လမ်းမှားမှု၌လည်းကောင်း ရှိနေကြကုန်၏။

اَفَلَمْ يَرَوْا اِلٰى مَا
بَيْنَ اَيْدِيْهِمْ وَمَا خَلْفَهُمْ مِّنَ السَّمَاۗءِ وَالْاَرْضِ ۭ اِنْ نَّشَاْ نَخْسِفْ

بِهِمُ الْأَرْضَ أَوْ نُسْقِطْ عَلَيْهِمْ كِسَفًا مِّنَ السَّمَاءِ ۚ إِنَّ فِي ذَٰلِكَ لَآيَةً لِّكُلِّ عَبْدٍ مُّنِيبٍ ⑨

၃၄ : ၉ ။ ။ ထိုသူတို့သည် မိမိတို့၏ ရှေ့နောက် (ထက်အောက်) ၌ ရှိနေသော မိုးကောင်းကင်ကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း မမြင်ကြလေသလော။ အကယ်၍သာ ငါအသျှင်မြတ်သည် အလိုရှိတော်မူပါလျှင် ၎င်းတို့အား မြေမျိုစေတော်မူပေမည်။ သို့တည်းမဟုတ် ငါအသျှင်မြတ်သည် ၎င်းတို့အပေါ်၌ မိုးကောင်းကင်၏ အပိုင်းအစများကို ကျရောက်စေတော်မူပေမည်။ ဧကန်စင်စစ် ဤသည်၌ (ငါအသျှင်မြတ်ဘက်သို့) ပြန်လှည့်ကြသော 'ကျွန်'တိုင်းအဖို့ (လုံလောက်သော) သက်သေသာဓက ရှိပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် ဤကာဖိရ်သွေဖည်ငြင်းပယ်သူတို့က 'ကေယာမသ်ရှင်ပြန်ထမည့်နေ့ဟူသည် ကျွန်ုပ်တို့ထံသို့ ဆိုက်ရောက်လာမည်မဟုတ်ပါ'ဟု ပြောဆိုကြလေသည်။ အို၊ နဗီတမန်တော်၊ အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ အဘယ်ကြောင့် မဆိုက်ရောက်ရမည်နည်း။ (ယင်းနေ့သည် ဆိုက်ရောက်လာပေမည်။) ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူ၍ အကွယ်၌ရှိသည့် အရာအားလုံးကို သိတော်မူသော အသျှင်မြတ်၏ ကစမ်၊ ထိုနေ့သည် အသင်တို့အပေါ် မုချ ဆိုက်ရောက်လာပေမည်။ (ထိုအသျှင်မြတ်၏ အသိရွှေဉာဏ်တော် ကျယ်ဝန်းနက်ရှိုင်းမှုမှာ) မိုးကောင်းကင်များ၌လည်းကောင်း၊ မြေပထဝီ၌လည်းကောင်း မြူမှုန်ခန့်မျှသော အရာသည်လည်း ထိုအသျှင်မြတ် (၏ အသိ) မှ ကွယ်ပျောက်ခြင်းဟူ၍ မရှိပေ။ (ထိုမျှမက အရာအားလုံးတို့သည် ထိုအသျှင်မြတ်၏ အသိတော်၌ ရှိနေသည်။) အမှန်စင်စစ် ထို (မြူမှုန်) ထက်သေးငယ်သော အရာဝတ္ထုဖြစ်စေ၊ ထို (မြူမှုန်) ထက်ကြီးသော အရာဖြစ်စေ၊ ဤအရာအားလုံးတို့သည် (အလ္လာဟ်အသျှင်မြတ်၏ အသိတော်၌ အလုံးစုံရှိနေသည့်အတွက်) 'ကိသာဗ်မုဗီးန်' (လောင်ဟောမဟ်ဖူးဇ်) တွင် (ရေးမှတ်ထား) ရှိပေသည်။

('ကေယာမသ်'နှင့် စပ်လျဉ်း၍ ကာဖိရ်တို့၏ သံသယစောဒကများစွာ ရှိပေသည်။ တစ်မျိုးမှာ 'အကယ်၍ 'ကေယာမသ်'သည် ဆိုက်ရောက်မည်ဖြစ်ပါလျှင် ထိုဆိုက်ရောက်မည့်အချိန်ကို ပြောပြပါ' ဟု ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်က မိန့်ကြားတော်မူသည့် أَيَّانَ مُرْسَاهَا ၌ လာရှိသကဲ့သို့ ဖြစ်သည်။

ထို့ပြင် ဒုတိယစောဒကတစ်မျိုးမှာ ဖန်ဆင်း အသက်ထည့်ပေးရာ၌ အစိတ်အပိုင်းများ စုစည်း၍ ဖန်ဆင်း ခဲ့သည်ဟု ဆိုထားသည်ဖြစ်ရာ ထိုအချိန်၌ ထိုအစိတ်အပိုင်းများသည် အစအနပင် ရှိတော့မည်မဟုတ်ပေ။ သို့ရှိရာ တစ်ဖန်ပြန်လည် ရှင်သန်မှုအတွက် ဖန်ဆင်းရန် မည်သို့ ဖြစ်နိုင်ပါမည်နည်း' ဟု ဖြစ်သည်။

ဤဖော်ပြပါ အကွယ်ကို သိရှိတော်မူကြောင်း အတည်ပြုသည့် အကြောင်းအရာအားဖြင့် ပထမ သံသယ၏ အဖြေဖြစ်သွားပေသည်။ အဘယ်ကြောင့်ဆိုသော် ထို 'ကေယာမသ်'ဖြစ်ပေါ်မည့်နေ့၏ အသိ တော်သည် အလ္လာဟ်အသျှင်မြတ်၏ လျှို့ဝှက်ချက် အမြော်အမြင်၌သာ အထူးရှိသောကြောင့် ဖြစ်သည်။ အကယ်၍ နဗီတမန်တော်အဖို့ ထိုနေ့ဆိုက်ရောက်မည့် သတ်မှတ်အချိန်ကို မသိသည့်အပေါ် 'ထိုနေ့သည် ဆိုက်ရောက်ရန် မရှိ'ဟု မဆိုနိုင်ပေ။ အလ္လာဟ်အသျှင်မြတ်က

قُلْ اِنَّمَا عِلْمُهَا عِنْدَ اللّٰهِ

ဟု မိန့်ကြားတော်မူထားသည့်အတိုင်း ဖြစ်ပေသည်။ ထို့နောက် အသိတော်နှင့် လွှမ်းခြုံထားကြောင်း အတည်ပြုသည့် အကြောင်းအရာအားဖြင့် ဒုတိယသံသယ၏ အဖြေဖြစ်သွားသည်။ အဘယ်ကြောင့်ဆိုသော် 'ထိုအစိတ်အပိုင်းအားလုံးသည် မြေထဲဝီပေါ်၌လည်းကောင်း၊ လေထဲ၌လည်းကောင်း ပြန့်နှံ့သွားသည်ပင် ဖြစ်လင့်ကစား ထိုအရာများသည် ငါအသျှင်မြတ်၏ လွှမ်းခြုံသော အသိတော်၏ ပြင်ပ၌ မရှိပါချေ။ ငါအသျှင်မြတ်၏ အလိုတော်ရှိသည့်အခါ စုစည်းလိုက်ပေမည်' ဟု ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်က

أَفَلَمْ يَرَوْا ဟူသော အာယသ်တော်တွင် မိန့်ကြားတော်မူထားသကဲ့သို့ဖြစ်သည်။ ယခု 'ကေယာမသ်' ၏ ရလဒ်များကို တင်ပြရန်ဖြစ်သည်။ ထို 'ကေယာမသ်'ဆိုက်ရောက်လာရခြင်းမှာ) သို့မှသာ ထိုအသျှင် မြတ်သည် အီမာန်သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည် ကြသော သူတို့အား (ကောင်းမြတ်သော) အစားပေးတော်မူရန် ဖြစ်သည်။ သို့ဖြစ်ပေရာ) ဤကဲ့သို့သော သူများအဖို့ လွတ်ငြိမ်းချမ်းသာခွင့်နှင့် 'ဂျန္နသ်'သုခဘုံတွင်) မြင့်မြတ်စွာသော စားနပ်ရိက္ခာများ ရှိပေသည်။

ထို့ပြင် ငါအသျှင်မြတ်၏ အာယသ်တော်များနှင့် စပ်လျဉ်း၍ (ပျက်ပြားအောင်) ကြိုးပမ်းလျက် (နဗီတမန်တော်အား) ရှုံးနိမ့်စေရန် ပြုသူများအဖို့ (ထိုကြိုးပမ်းမှုသည် မအောင်မြင်ခြင်း၌ ဖြစ်ပေမည်။) ပြင်းထန်သည့် နာကျင်ဖွယ် 'အဇာဗ်'အပြစ်ဒဏ် ရှိပေမည်။

(ကုရ်အာန်၏ အာယသ်တော်များအပေါ် ငြင်းပယ်ခြင်းသည် အပြစ်ပေးရန် ထိုက်ပေသည်။ အဘယ် ကြောင့်ဆိုသော် ပထမအနေဖြင့် ကုရ်အာန်သည် မူလပင်ကိုယ်အရ အလ္လာဟ်အသျှင်မြတ်ထံတော်မှ ပို့ချ ပေးတော်မူသော မှန်ကန်တိကျသော အမိန့်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ဤကဲ့သို့သော မှန်ကန်တိကျ သော အမိန့်များကို ငြင်းပယ်ခြင်းသည် အလ္လာဟ်အသျှင်မြတ်အား ငြင်းပယ်ခြင်းပင် ဖြစ်သည်။ ထိုသို့ ငြင်းပယ်ခြင်းအပေါ် ကျရောက်သမျှ အပြစ်သည် နည်းနေမည်သာ ဖြစ်ပေမည်။ ဒုတိယအနေဖြင့် ကုရ်အာန် သည် လမ်းမှန်ကို သင်ကြားပေးသော၊ ညွှန်ကြားပြသပေးသောကျမ်းဖြစ်သည်။ ထိုကုရ်အာန်အား လက်မခံသူ သည် လမ်းမှန်တရားမှ သိလျက်နှင့် ဝေးနေပေမည်။ ထိုသူ့အဖို့ အမှန်တရား၏ ယုံကြည်ချက်များကိုလည်း သိနိုင်တော့မည်မဟုတ်။ ကောင်းမှုကိုယ်ကျင့်တရားများကိုလည်း သိနိုင်တော့မည်မဟုတ်ပေ။ ဤကုရ်အာန် သည်ပင် လွတ်မြောက်အောင်မြင်ခြင်း၏ လမ်းကြောင်းဖြစ်သည်။ သို့ဖြစ်ပေရာ ဤလွတ်မြောက်အောင်မြင် ခြင်း၏ လမ်းကြောင်းမှ သိလျက်နှင့် တမင် ဝေးလံစွာ နေခြင်းအပေါ် အပြစ်ပေးသည်မှာ မတရားမဟုတ်ပေ။ ကုရ်အာန်ကျမ်းတော်မြတ်သည် အမှန်တရားဖြစ်ခြင်းနှင့် လမ်းမှန်ကို ညွှန်ပြသော ကျမ်းဖြစ်ကြောင်း ထင်ရှား

သည်မှာ ထိုအကြောင်းများအပြင် အခြားသော အထောက်အထားများဖြင့်လည်း အတည်ဖြစ်ပေသည်။ ထိုအတည်ဖြစ်သည့်အနက် လွယ်ကူသော နည်းလမ်းတစ်ခုမှာ ကောင်းကင်ကျမ်းများ၏) အသိပညာကို ချီးမြှင့်ခြင်းခံရသူတို့သည် အသင်၏ အသျှင်မြတ်ဘက်တော်မှ အသင့်ထံသို့ ပို့ချပေးခြင်းခံရသော (ကုရ်အာန်) ကျမ်းသည် မှန်ကန်သည်ဟုလည်းကောင်း၊ ထို (ကုရ်အာန်) ကျမ်းသည် အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော၊ ချီးမွမ်းထောပနာအပေါင်းတို့ကို ခံယူထိုက်တော်မူသော အသျှင်မြတ် (၏ နှစ်လိုမှု) ၏ လမ်းကို ညွှန်ပြသည်ဟုလည်းကောင်း (သိ) နားလည်ကြလေသည်။

(ဤအထောက်အထား၏ ရှင်းလင်းတင်ပြချက်သည် 'စူရာဟ်ရှူအအ်ရာအ်'၏ နောက်ဆုံးရူကူအ်၏အစတွင် လာရှိခဲ့ပြီးဖြစ်သည်။ ဤနေရာတွင် အီမာန်၏ 'ဝါဂျိဗ်'အချက်များအနက်မှ၊ ၎င်းနောက်ကုရ်အာန်၏ ဇစ်မြစ်ကို တင်ပြခြင်းအား အလေးအနက်ထားခြင်းမှာ အဘယ်ကြောင့်ဆိုသော် ဤအချက်သည် အီမာန်၏ 'ဝါဂျိဗ်'အချက်များ၌ ပါဝင်နေသောကြောင့် ဖြစ်နိုင်သည်။ အထူးသဖြင့် 'ကေယာမသ်'အကြောင်း သတင်းပေးခြင်း ပါရှိနေသောကြောင့် ဖြစ်ပေသည်။ သို့ဖြစ်ပေရာ 'ကေယာမသ်'နေ့တွင် ဤ 'ကေယာမသ်'အား ငြင်းပယ်မှုအပေါ်၌လည်း အပြစ်ပေးခြင်း ခံရပေမည်။) ထို့ပြင် (ရှေ့၌ 'ကေယာမသ်'၏ အတည်ဖြစ်ကြောင်းကို တင်ပြထားသည်မှာ) ဤကာဖိရ်တို့သည် (အချင်းချင်းတွင်) ပြောဆိုကြသည်မှာ 'အသင်တို့သည် လုံးဝ မွမွကြေအောင် ချေမွခြင်းခံရပြီးနောက် ('ကေယာမသ်'နေ့တွင်) မုချဧကန် အသစ်ပြန်လည် ဖန်ဆင်းခြင်းခံရလိမ့်မည်ဟု အသင်တို့အား (အံ့သြဖွယ်) သတင်းပေးခဲ့သူ ယောကျ်ားတစ်ဦးကို ကျွန်ုပ်တို့သည် အသင်တို့အား ညွှန်ပြရမည်လော။

ထိုသူသည် အလ္လာဟ်အသျှင်မြတ်အပေါ်၌ (တမင်သိလျက်နှင့်) လိမ်လည် စွပ်စွဲခဲ့လေသလော။ သို့တည်းမဟုတ် ထိုသူ့၌ ရူးသွပ်ခြင်းဝေဒနာတစ်စုံတစ်ရာ ရှိနေခြင်းလော။ (မရည်ရွယ်ဘဲ မုသားစွပ်စွဲနေခြင်း ဖြစ်မည်။ အဘယ်ကြောင့်ဆိုသော် ဤသည် လုံးဝမဖြစ်နိုင်သောအရာ ဖြစ်သည်။ သို့ဖြစ်ပေရာ ထိုသူ၏ သတင်းပေးမှုသည် မုချမှားယွင်းပေသည်။ ရည်ရွယ်ချက်ဖြင့် ပြောဆိုသည်ဖြစ်စေ၊ အာရုံချွတ်ယွင်းခြင်းကြောင့် ပြောဆိုသည်ဖြစ်စေ မှားယွင်းပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ ဤစွပ်စွဲခြင်းများကို ပယ်ချတော်မူသည်မှာ ငါအသျှင်မြတ်၏ နဗီတမန်တော်သည် မဟုတ်မမှန် လုပ်ကြံလိမ်ဆယ်သူလည်း မဟုတ်။ ရူးသွပ်ဝေဒနာရှင်လည်း မဟုတ်ဟု ဖြစ်သည်။) သို့သာမက 'အာခေရသ်'တမလွန်ကို မယုံကြည်သူတို့ (သာလျှင်) 'အဇာဗ်'အပြစ်ဒဏ်နှင့် ဝေးလံသော လမ်းမှားခြင်း၌သာ (နစ်မွန်းလျက်) ရှိနေကြပေသည်။

(ထိုလမ်းမှားခြင်း၏ သက်ရောက်မှုအခြေအနေမှာ ၎င်းတို့သည် မှန်မှန်ကန်ကန် ပြောဆိုသူကိုပင် မဟုတ်မမှန် စွပ်စွဲသူ၊ ရူးသွပ်သူအဖြစ် တွေ့မြင်ရခြင်းဖြစ်သည်။ နိဂုံးရလဒ်မှာ 'အဇာဗ်'အပြစ်ဒဏ်ကို ခံစားကြရသူများ ဖြစ်ပေမည်။ ထို့ပြင် ထိုအသိခေါင်းပါးသူတို့သည် တစ်စစီ ပျံ့နှံ့နေသော အစိတ်အပိုင်းများကို စုစည်းခြင်း၊ ထိုအစိတ်အပိုင်းများ၏ အသက်ရှင်လာခြင်းတို့မှာ တန်ခိုးတော် အသျှင်မြတ်အဖို့ မဖြစ်နိုင်သော ကိစ္စဖြစ်သည်ဟု မှတ်ယူခဲ့ကြသည်။) သို့ဖြစ်ပေရာ ထိုသူတို့သည် (အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်လှစွာသော အထောက်အထားများအနက်) မိမိတို့၏ ရှေ့၌ (လည်းကောင်း) နောက်ဘက်၌

(လည်းကောင်း ထက်အောက်) ရှိနေသော မိုးကောင်းကင်နှင့် ကမ္ဘာမြေပထဝီကို မတွေ့မမြင်ကြလေသလော။ (မည်သည့်အရပ်သို့ပင် ကြည့်သည့်ဖြစ်စေ၊ ထိုအရာများကို တွေ့မြင်နေရပေသည်။ သို့ဖြစ်ပေရာ ဤမျှ ရောမ ထုထည်ကြီးမားသော အရာများကို စတင်ဖန်ဆင်းနိုင်သူသည် ကိုယ်ခန္ဓာပမာဏ သေးငယ်သော အရာများကို ဒုတိယအကြိမ် ပြန်လည်ဖန်ဆင်းရန် မတတ်စွမ်းနိုင်ခြင်းမှာ ဖြစ်နိုင်ပါမည်လော။ အလ္လာဟ်အသျှင်မြတ်က

لَخَلْقُ السَّمٰوٰتِ وَالْاَرْضِ اَكْبَرُ مِنْ خَلْقِ النَّاسِ

ဟူသော အာယသ်တော်၌ မိန့်ကြားတော်မူထားသကဲ့သို့ ဖြစ်သည်။ ဤမျှ ရှင်းလင်းထင်ရှားသော အမှန်တရား၏ အထောက်အထားကို တွေ့မြင်ရသည့်တိုင် ငြင်းပယ်ခြင်း၊ မနာခံခြင်းများ ပြုလုပ်ကြသည့်အတွက် ၎င်းတို့အား ယခုအခါ အပြစ်ဒဏ်ပေးရပေမည်။ အပြစ်ဒဏ်သည်လည်း ဤတန်ခိုးတော် အသျှင်မြတ်၏ သက်သေအထောက်အထားများဖြစ်သော မိုးကောင်းကင်နှင့် ကမ္ဘာမြေပထဝီတို့သည် ၎င်းတို့အတွက် ကြီးမားသော ကျေးဇူးတော်များလည်း ဖြစ်ပေသည်။ ဤသည်များကိုပင် ၎င်းတို့အတွက် 'အဓားဗ်' အပြစ်ဒဏ်ရာ လက်နက်များအဖြစ်ပြုရ၍ အပြစ်ဒဏ်ခတ်ထိုက်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ ကျေးဇူးကန်းမှု ပြုခဲ့သည့် ကျေးဇူးတော်ကို ၎င်းတို့အတွက် 'အဓားဗ်' အပြစ်ဒဏ်ဖြစ်စေခြင်းဖြင့် ၎င်းတို့အဖို့ အလွန်ပြင်းပြစွာ ခံစားကြရပေမည်။ ငါအသျှင်မြတ်သည် ထိုပြစ်ဒဏ်ပေးခြင်းအတွက်လည်း ပြုစွမ်းနိုင်သော အသျှင် ဖြစ်သည်။ သို့ဖြစ်ပေရာ) အကယ်၍သာ ငါအသျှင်မြတ် အလိုတော်ရှိပါလျှင် ၎င်းတို့အား မြေမျိုစေတော်မူခြင်း၊ သို့မဟုတ် (အကယ်၍ အလိုတော်ရှိပါလျှင်) ၎င်းတို့အပေါ်၌ မိုးကောင်းကင်၏ အပိုင်းအစများကို ကျရောက်စေတော်မူပေမည်။ (သို့ရာတွင် ငါအသျှင်မြတ်၏ ဉာဏ်အမြော်အမြင်သည် ဆိုင်းငံ့ပေးခြင်းကို လိုလားတော်မူသည့်အတွက် ၎င်းတို့အား ဆိုင်းငံ့ပေးတော်မူခဲ့သည်။ အချုပ်မှာ ၎င်းတို့အဖို့ သို့လော၊ သို့လော ဖြစ်ခြင်းများမှ ကင်းဝေးစေရန် မိုးကောင်းကင်နှင့် မြေပထဝီအပေါ် ကြည့်ရှုရပေမည်။ အဘယ်ကြောင့်ဆိုသော်) ဤ (ဖော်ပြပါသက်သေအထောက်အထားများ) တွင် (အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်၏) ပြည့်ဝသော အထောက်အထားများ ရှိပေသည်။ (သို့ရာတွင် အလ္လာဟ်အသျှင်မြတ်ဘက်သို့) ပြန်လှည့်လိုကြသော ကျေးကျွန်များအဖို့ (လုံလောက်သော) သက်သေသာဓကများ ရှိပေသည်။ (အမှန်တရားကို လိုလားမှုရှိသူများအတွက် ဖြစ်သည်။ ဆိုလိုသည်မှာ သက်သေသာဓက အထောက်အထားများသည် အလုံအလောက်ရှိသော်လည်း ထိုသူတို့ဘက်မှ လိုလားမှုမရှိကြသည့်အတွက် နဖူးစာမဲ့ခြင်းဖြစ်ရပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

عَالِمُ الْغَيْبِ

ဤသည် ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ဂုဏ်တော်ဖြစ်သည်။ ဤဂုဏ်တော်အပေါ် 'ကစမ်' ကျိန်ဆိုခဲ့သည်။ အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော်အားလုံးအနက် ဤနေရာ၌ علم غيب အကွယ်မှ

အရာဟူသရွေ့ကို အကြွင်းမဲ့သိတော်မူခြင်းနှင့် علم محيط ‘လွှမ်းခြုံသိတော်မူခြင်းတို့ကို အထူးရွေးချယ်သုံးနှုန်းရခြင်းမှာ ‘ကေယာမသ်’ အား ငြင်းပယ်သူတို့၏ ကဏ္ဍာ၌ ဖြစ်နေသောကြောင့် ဖြစ်ပေမည်။ ‘ကေယာမသ်’အား ငြင်းပယ်ရခြင်း၏ အကြီးမားဆုံး အကြောင်းခံသည် ကာဖိရ်များအတွက် ဖြစ်လာရသည်မှာ လူသားအားလုံး သေဆုံးသွားကြသည့်အခါ မြေကြီးဖြစ်သွားပေမည်။ ထို့နောက် ထိုမြေကြီး၏ မြေမှုန်များသည်လည်း လောကအတွင်း ပြန့်နှံ့သွားပေမည်။ သို့ဖြစ်ပေရာ တစ်လောကလုံး၌ ပြန့်နှံ့နေသော မြေမှုန်များကို စုစည်းပေါင်းစပ်ခြင်းနှင့် တစ်ဖန် လူသားတို့၏ မြေမှုန်ကို အခြားလူများ၏ မြေမှုန်နှင့် သီးခြားခွဲထုတ်လျက် လူတိုင်းလူတိုင်းအဖို့ မိမိတို့၏ နဂိုမူလအတိုင်း ပေါင်းစပ်ရန်ဆိုသည်မှာ မည်သို့ဖြစ်နိုင်ပါမည်နည်း’ဟူ၍ တွေးထင်မှတ်နေကြခြင်းပင် ဖြစ်သည်။ ဤသို့ မဖြစ်နိုင်ဟု ယူဆကြရခြင်းမှာ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ အသိတော်နှင့် ပြုစွမ်းနိုင်ခြင်း တန်ခိုးတော်ကို မိမိတို့၏ အသိနှင့် ပြုစွမ်းနိုင်ခြင်းတို့အပေါ် နှိုင်းယှဉ်ကြ၍ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ် မိန့်ကြားပြသတော်မူသည်မှာ ‘အလ္လာဟ်အသျှင်မြတ်၏ အသိတော်သည် မိုးကောင်းကင်နှင့် ကမ္ဘာမြေပထဝီတွင် ရှိရှိသမျှ အရာအားလုံးကို အကြွင်းမဲ့သိတော်မူသော လွှမ်းခြုံသိရှိတော်မူသည့် အသိဖြစ်သည်။ ထို့ပြင် ထိုအရာသည် မည်သည့်နေရာ၌ ရှိနေသည်။ မည်သည့်အခြေအနေ၌ ရှိနေသည်ကိုလည်း သိရှိတော်မူသည်။ မည်သည့်အဖန်ဆင်းခံများ၏ မြူမှုန်ပင်ဖြစ်စေ ထိုအသျှင်မြတ်၏ အသိတော်၏ ပြင်ပ၌ မရှိပေ။ ဤသို့ လွှမ်းခြုံသိတော်မူခြင်းသည် အလ္လာဟ်အသျှင်မြတ်အတွက်သာ အထူးသီးသန့် ဖြစ်တော်မူသည်။ ဖရစ်ရှ်သာဟ်ဖြစ်စေ၊ (သို့) နဗီတမန်တော်ဖြစ်စေ ဤသို့ လွှမ်းခြုံသိနိုင်သည့်အသိ မရရှိနိုင်ပေ။ ဤသို့သော လွှမ်းခြုံသိတော်မူသော အသျှင်မြတ်အဖို့ လူသားတစ်ဦး၏ မြေမှုန်အစအနတို့ကို ကမ္ဘာမြေအတွင်း တစ်စစီ ဖြစ်နေရာမှ ပြန်လည်စုစည်းခြင်းနှင့် ထိုအစအနများဖြင့် ထိုလူသားတို့၏ ခန္ဓာကိုယ်များကို ပြန်လည်ပေါင်းစပ် ဖန်ဆင်းရန်မှာ အဘယ်မှာလျှင် ခက်ခဲပါမည်နည်း။

لِيَجْزِيَ الَّذِيْنَ اٰمَنُوْا

ဤစာပိုဒ်၏ ဆက်စပ်မှုသည် ၎င်း၏အလျင်က လာပြီးဖြစ်သည့် لَتَأْتِيَنَّكُمْ ဟူသော စာပိုဒ်နှင့် ဖြစ်သည်။ ဆိုလိုသည်မှာ ‘ကေယာမသ်’သည် မုချဧကန် ဆိုက်ရောက်ပေလိမ့်မည်။’ ‘ကေယာမသ်’ ဆိုက်ရောက်လာမည့် ရည်ရွယ်ချက်မှာ အီမာန်ရှင်များအား ကောင်းကျိုးအစားနှင့် ‘ဂျန္နသ်’ သုခဘုံ၏ အကောင်းဆုံး အမွန်မြတ်ဆုံးသော စားနပ်ရိက္ခာများ ချီးမြှင့်ရန်ဖြစ်သည်။ ၎င်းတို့၏ ဆန့်ကျင်ဘက်တွင်

وَالَّذِيْنَ سَعَوْا فِىْٓ اٰيٰتِنَا

ဆိုလိုသည်မှာ ငါအသျှင်မြတ်၏ အာယသ်တော်များအပေါ် စောဒကတက်ခြင်းနှင့် ၎င်းတို့အား လက်မခံရန် လူတို့အား တားမြစ်ပိတ်ပင်ရန် ကြိုးစားသူများ ဖြစ်သည်။

مُعٰجِزِيۡنَ ဆိုလိုသည်မှာ ၎င်းတို့၏ ဤသို့ ကြိုးစားရခြင်းမှာ ၎င်းတို့သည် ငါအသျှင်မြတ်အား ၎င်းတို့ကို ဖမ်းဆီးချုပ်ကိုင်ခြင်းအား မတတ်စွမ်းနိုင်စေရန်နှင့် 'ကေယာမသ်'နေ့၌ ပြန်လည်ရှင်ထရခြင်းမှ လွတ်ကင်း သွားလိမ့်မည်'ဟု ယူဆကြသောကြောင့်ဖြစ်သည်။

اُولٰٓئِكَ لَهُمۡ عَذَابٌ مِّنۡ رِّجۡزٍ اَلِيۡمٌ

ဆိုလိုသည်မှာ ဤကဲ့သို့သော သူများအတွက် **رجز اليم** ဟူသော 'အဇားဗ်'အပြစ်ဒဏ်ရှိပေမည်။ ၎င်း၏ အဓိပ္ပာယ်မှာ အလွန်တရာ နာကျင်ဖွယ်ရာဖြစ်သော ပြင်းထန်သည့် 'အဇားဗ်'အပြစ်ဒဏ်ဟု ဖြစ်သည်။

وَيَرَى الَّذِيۡنَ اُوۡتُوا الۡعِلۡمَ

ဤသည် 'ကေယာမသ်'အား ငြင်းပယ်သူများ၏ ဆန့်ကျင်ဘက်ဖြစ်သော 'ကေယာမသ်'ကို ယုံကြည်သူ မုအ်မင်န်များအကြောင်း တင်ပြခြင်းဖြစ်သည်။ ထို့ပြင် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်ဘက် တော်မှ တမန်တော်မြတ် ﷺ အပေါ်သို့ ချပေးတော်မူသည့် အသိပညာများဖြင့်လည်း အကျိုးအမြတ် ရယူသူများ ဖြစ်ကြသည်။

وَقَالَ الَّذِيۡنَ كَفَرُوۡا هَلۡ نَدُلُّكُمۡ عَلٰى رَجُلٍ يُّنَبِّئُكُمۡ

اِذَا مُزِّقۡتُمۡ كُلَّ مُمَزَّقٍ اِنَّكُمۡ لَفِىۡ خَلۡقٍ جَدِيۡدٍ

ဤသည် 'ကေယာမသ်'ကို ငြင်းပယ်သော ကာဖိရ်တို့၏ အဆိုကို ပြန်လည်တင်ပြခြင်း ဖြစ်သည်။ ၎င်းတို့သည် သေးသိမ်သောအသွင်၊ လှောင်ပြောင်သရော်ခြင်းအသွင်ဖြင့် 'အသင်တို့သည် အပိုင်းပိုင်း အစစ ဖြစ်သွားကြပေမည်။ ထို့နောက် အသင်တို့သည် အသစ်တဖန် ပြန်လည်ဖန်ဆင်းခြင်း ခံကြရပေမည်။ တစ်ဖန် 'အသင်တို့သည် ဤပုံသဏ္ဌာန်အတိုင်း အသက်ရှင်စေခြင်း ခံကြရပေမည်'ဟု အသင်တို့အား ပြောဆိုခဲ့သူအား ကျွန်ုပ်တို့ ပြသရမည်လော'ဟု ၎င်းတို့အချင်းချင်း ပြောဆိုလေ့ ရှိခဲ့ကြသည်။ 'အသင်တို့အား ပြောဆိုခဲ့သူ'ဟူသော ကာဖိရ်တို့၏ ပြောဆိုချက်မှာ ကိုယ်တော်မြတ် ﷺ အား ဆိုလိုကြောင်း ထင်ရှားပေသည်။ ကိုယ်တော်မြတ် ﷺ သည် 'ကေယာမသ်'နှင့် ထို 'ကေယာမသ်'တွင် သေသူအားလုံး ပြန်လည်ရှင်ထကြမည့်အကြောင်း သတင်းပေးပြောကြားခဲ့သည်။ ဤသည့်အပေါ်၌ အီမာန်သက်ဝင်ယုံကြည်ရန် အလေးထား ကြိုးပမ်းခဲ့သည်။ ဤသူအားလုံးသည် နဗီကိုယ်တော်မြတ် ﷺ အား ကောင်းစွာ သိရှိသူများ ဖြစ်ကြသည်။ သို့သော်လည်း ဤနေရာတွင် ကိုယ်တော်မြတ် ﷺ နှင့်စပ်လျဉ်း၍ မည်သည့်အရာကိုမှ မသိကြဘဲ 'ကေယာမသ်'နေ့တွင် သေဆုံးပြီးသူအားလုံးသည် အသစ်တဖန် ရှင်ပြန်ထကြရမည့်အကြောင်း သတင်းပေး ပြောကြားသူဖြစ်ကြောင်းကိုသာ သိရှိသည့် ပုံသဏ္ဌာန်ဖြင့် လှောင်ပြောင်သရော်သောအားဖြင့် ပြောဆိုခဲ့ကြခြင်း ဖြစ်သည်။

مُمَزَّقٍ သည် مَزْقٌ ဟူသော စာလုံးမှ ဆင်းသက်လာသော စာလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ ဖြဲဆုတ်ခြင်း၊ တစ်စစီဖြစ်အောင် ပြုလုပ်ခြင်းဟု ရသည်။ كُلَّ مُمَزَّقٍ ၏ အလိုသဘောမှာ 'လူသား၏ ခန္ဓာကိုယ်သည် အစိတ်စိတ်အမွှာမွှာ ဖြစ်လျက် သီးခြားစီ ဖြစ်သွားခြင်းကို ဆိုလိုသည်။ ရှေ့ဦး ကိုယ်တော်မြတ် ﷺ ၏ ပြောကြားချက်နှင့် 'ကေယာမသ်'အကြောင်း တင်ပြချက်များအပေါ် မိမိတို့ အတွေးအခေါ်အရ ဖော်ထုတ် ပြောကြားကြသည်မှာ-

اَفْتَرٰى عَلَى اللّٰهِ كَذِبًا اَمْ بِهٖ جِنَّةٌ

ဆိုလိုသည်သဘောမှာ 'ခန္ဓာကိုယ်သည် အစိတ်အစိတ်အမွှာမွှာ ဖြစ်ပြီးနောက် အစိတ်အပိုင်းများသည် စုပေါင်း၍ တစ်ဖန် လူ၏ ခန္ဓာကိုယ်ဖြစ်သွားခြင်းနှင့် အသက်ရှင်လာခြင်းတို့သည် လက်ခံယုံကြည်ရန် မေးစရာပင် မလိုသော မဖြစ်နိုင်သည့်အချက် ဖြစ်ပါသည်။ ထို့ကြောင့် ၎င်း၏ ဤစကားသည် သိလျက်နှင့် တမင် အလ္လာဟ်အသျှင်မြတ်အပေါ် လီဆယ်စွပ်စွဲနေခြင်းဖြစ်သည်။ သို့မဟုတ် ဤသို့ အခြေအမြစ်မရှိ မမှန်သော စကားကို ပြောဆိုသူသည် ရူးသွပ်သူပင် ဖြစ်သည်' ဟု ဆိုကြသည်။

اَفَلَمْ يَرَوْا اِلٰى مَا بَيْنَ اَيْدِيْهِمْ وَمَا خَلْفَهُمْ

ဖွင့်ဆိုချက်အနှစ်ချုပ်တွင် သိရှိပြီးဖြစ်သည်။ ဤအာယသ်တော်တွင် 'ကေယာမသ်' ဖြစ်ပေါ်လာမည့် အထောက်အထားများလည်း ပါရှိပေသည်။ အဘယ်ကြောင့်ဆိုသော် မိုးကောင်းကင်နှင့် ကမ္ဘာမြေပထဝီရှိ အဖန်ဆင်းခံများတွင် စဉ်းစားစေ့ငုံခြင်းနှင့် အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုံလုံသော တန်ခိုးတော်များကို ကြည့်ရှုခြင်းဖြင့် 'ကေယာမသ်'ဆိုက်ရောက်မည်ကို ငြင်းပယ်သူတို့၏ 'ကေယာမသ်'ကို လက်ခံရန် အတားအဆီးဖြစ်သော အရာများသည် ဝေးလွင့်သွားနိုင်သည်။ တစ်ဆက်တည်းမှာပင် ထိုငြင်းပယ်သူများအတွက် 'အဇာဗ်'အပြစ်ဒဏ်ရှိကြောင်း ခြိမ်းခြောက်ထားသည်မှာ ဤမိုးကောင်းကင်နှင့် ကမ္ဘာမြေပထဝီရှိ ကြီးမားသော အဖန်ဆင်းခံအားလုံးတို့သည် အသင်တို့အတွက် ကြီးမားလှသည့် ကျေးဇူးတော်များပင်ဖြစ်ပေသည်။ ဤသည်ထက်အပြင် ၎င်းကျေးဇူးတော်ကြီးများကို တွေ့ရှိပြီးနောက် 'ကေယာမသ်'ကို လက်ခံရန် ငြင်းပယ်မြဲ ငြင်းပယ်နေပါလျှင် မှတ်ထားလိုက်ပါ။ အလ္လာဟ်အသျှင်မြတ်၏ 'ကုဒ်ရသ်'တန်ခိုးတော်၌ ထိုကျေးဇူးတော်များကို 'အဇာဗ်'အပြစ်ဒဏ်အဖြစ် အသင်တို့အတွက် ပြုလုပ်နိုင်စွမ်း ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် မြေကြီးသည် အသင်တို့အား မျိုလိုက်ခြင်းကိုလည်းကောင်း၊ (သို့) မိုးကောင်းကင်သည် အပိုင်းပိုင်းဖြစ်လျက် အသင်တို့အပေါ်သို့ ကျလာခြင်းဖြင့်လည်းကောင်း အပြစ်ဒဏ်ပေးရန် အလ္လာဟ်အသျှင်မြတ်တွင် စွမ်းအားများရှိပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَقَدْ آتَيْنَا دَاوُودَ مِنَّا فَضْلًا ۖ يَا جِبَالُ أَوِّبِي مَعَهُ وَالطَّيْرَ ۖ وَأَلَنَّا لَهُ الْحَدِيدَ ⑩

၃၄ : ၁၀ ။ ။ ကေန်မလွဲ ငါအသျှင်မြတ်သည် (နဗီတမန်တော်) ဒါဝူဒ်အား မိမိ၏ထံတော်မှ ကျေးဇူးတော်ကို ချီးမြှင့် ပေးသနားတော်မူခဲ့၏။ (ထို့ပြင် ငါအသျှင်မြတ်သည် တောင်များကို) 'အို၊ တောင်တို့၊ အသင်တို့သည် ဒါဝူဒ်နှင့်အတူ (ငါအသျှင်မြတ်) သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုကြကုန်လော့' (ဟု မိန့်ကြားတော်မူခဲ့၏။) ထိုနည်းတူစွာ ငှက်တိရစ္ဆာန်များကိုလည်း (ငါအသျှင်မြတ်သည် ဤအတိုင်းပင် မိန့်ကြားတော်မူခဲ့၏။) ထို့ပြင် ငါအသျှင်မြတ်သည် ဒါဝူဒ်အဖို့ သံ (သတ္တု) ကို ပျော့ပျောင်းစေတော်မူခဲ့၏။

أَنِ اعْمَلْ سَابِغَاتٍ وَقَدِّرْ فِي السَّرْدِ ۖ وَاعْمَلُوا صَالِحًا ۖ إِنِّي بِمَا تَعْمَلُونَ بَصِيرٌ ⑪

၃၄ : ၁၁ ။ ။ (ထို့ပြင် ငါအသျှင်မြတ်သည်) ဒါဝူဒ်အား မိန့်ကြားတော်မူခဲ့၏။) အသင်သည် ပြည့်စုံသော သံချပ်အင်္ကျီရှည်များကို ပြုလုပ်ပါလေ။ ၎င်းပြင် အသင်သည် (ကွင်းဆက်များကို) ဆက်ရာတွင် သင့်မြတ်အောင် ချိန်ဆခန့်မှန်း၍ ပြုလုပ်ပါလေ။ ထို့ပြင် (အို၊ ဒါဝူဒ်၏ သားမြေးတို့) အသင်တို့သည် (ထိုဒါဝူဒ်နှင့်အတူ) ကောင်းမြတ်သော အကျင့်သီလကို ကျင့်မူဆောက်တည်ကြလေကုန်။ ကေန်မလွဲ ငါအသျှင်မြတ်သည် အသင်တို့ ကျင့်မူပြုလုပ်သမျှတို့ကို အကြွင်းမဲ့ သိမြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَلِسُلَيْمَانَ الرِّيحَ غُدُوُّهَا شَهْرٌ وَرَوَاحُهَا شَهْرٌ ۖ
وَأَسَلْنَا لَهُ عَيْنَ الْقِطْرِ ۖ وَمِنَ الْجِنِّ مَنْ يَعْمَلُ بَيْنَ يَدَيْهِ بِإِذْنِ
رَبِّهِ ۖ وَمَنْ يَزِغْ مِنْهُمْ عَنْ أَمْرِنَا نُذِقْهُ مِنْ عَذَابِ السَّعِيرِ ⑫

၃၄ : ၁၂ ။ ။ ထိုနည်းတူစွာ (ငါအသျှင်မြတ်သည်) လေကို (နဗီတမန်တော်) စုလိုက်မာန်၏ (အမိန့်ကို နာခံစေတော်မူခဲ့၏။) ယင်း (လေ) ၏ နံနက်လမ်းခရီးမှာ တစ်လခရီးလမ်းဖြစ်၍၊ ညနေလမ်းခရီးမှာလည်း တစ်လခရီးလမ်းပင် ဖြစ်ခဲ့၏။ ထို့ပြင်ငါအသျှင်မြတ်သည် ယင်း (စုလိုက်မာန်) ၏ အကျိုးငှာ ကြေးနီချောင်းများကို စီးဆင်းစေတော်မူခဲ့၏။ ထို့ပြင် 'ဂျင်န်' သတ္တဝါတို့အနက် အချို့မှာ ယင်း (စုလိုက်မာန်) ၏ ရှေ့မှောက်ဝယ်၊ ၎င်း (စုလိုက်မာန်) ၏ အသျှင်မြတ် အမိန့်တော်နှင့် (၎င်းခိုင်းစေသမျှတို့ကို) လုပ်ကိုင်ဆောင်ရွက်ပေးလျက်သာ ရှိနေခဲ့ကြ၏။ စင်စစ် ထို 'ဂျင်န်'များအနက် မည်သူမဆို ငါအသျှင်မြတ်၏ အမိန့်တော်မှ သွေဖည်တိမ်းယိမ်းသည်ရှိသော်၊ ငါအသျှင်မြတ်သည် ၎င်း (ဂျင်န်) အား အလျှံပြောင်ပြောင် တောက်လောင်လျက်ရှိသော မီးတောက်မီးလျှံ၏ အရသာကို မြည်းစမ်းစေတော်မူမည်။

يَعْمَلُونَ لَهُ مَا يَشَاءُ مِنْ مَحَارِيبَ وَتَمَاثِيلَ وَجِفَانٍ كَالْجَوَابِ
وَقُدُورٍ رَاسِيَاتٍ ۚ اعْمَلُوا آلَ دَاوُودَ شُكْرًا ۚ وَقَلِيلٌ مِنْ عِبَادِيَ الشَّكُورُ ⑬

၃၄ : ၁၃ ။ ။ ထို 'ဂျင်န်'တို့သည် ယင်း (စုလိုက်မာန်) ၏ အကျိုးငှာ၊ ၎င်းအလိုရှိသော ကြီးကျယ်သော အဆောက်အအုံများကိုလည်းကောင်း၊ (ကျောက်၊ ကြေးနီ၊ ဖန် စသည်များဖြင့် ပြီးသော) ရုပ်တုများကိုလည်းကောင်း၊ ရေကန်ကြီးများ

တမျှ ဇလုံ၊ အင်တုံများကိုလည်းကောင်း၊ မရွေ့မပြောင်းနိုင်သော အိုးကြီးများကိုလည်းကောင်း ပြုလုပ်ပေးကြကုန်၏။ (ထို့ပြင် ငါအသျှင်မြတ်သည် ဤသို့ မိန့်ကြားတော်မူခဲ့၏။) 'အို့, ဒါဝူးဒ်၏ သားမြေး၊ အိမ်သူ၊ အိမ်သားတို့၊ အသင်တို့သည် ကျေးဇူးသိတတ်သောအနေနှင့် ကောင်းမှုပြုကြလေကုန်။ စင်စစ် ငါအသျှင်မြတ်၏ ကျွန်တို့အနက် ကျေးဇူးသိတတ်ကြသော သူတို့မှာ နည်းပါးလှပေသည်။

فَلَمَّا قَضَيْنَا عَلَيْهِ الْمَوْتَ مَا دَلَّهُمْ عَلَىٰ مَوْتِهِ
إِلَّا دَابَّةُ الْأَرْضِ تَأْكُلُ مِنسَأَتَهُ ۖ فَلَمَّا خَرَّ تَبَيَّنَتِ الْجِنُّ
أَن لَّوْ كَانُوا يَعْلَمُونَ الْغَيْبَ مَا لَبِثُوا فِي الْعَذَابِ الْمُهِينِ ⑭

၃၄ : ၁၄ ॥ ॥ ထို့နောက် ငါအသျှင်မြတ်သည် ထိုစုလိုက်မာန်၏အပေါ်၌ သေခြင်းတရားကို ပြဋ္ဌာန်းတော်မူခဲ့လေသောအခါ ၎င်း၏ 'လှင်ကန်'တောင်ဝှေးကို စားလျက်ရှိသည့် မြေကြီး၌နေသော ပိုးကောင်းမှအပ၊ ၎င်းကွယ်လွန်သေဆုံးပြီးဖြစ်ကြောင်းကို ထို 'ဂျင်န်'များအား မည်သူကမျှ အသိပေးစေခဲ့သည် မဟုတ်ပေ။ ထို့နောက် ၎င်းစုလိုက်မာန်သည် လဲ၍ကျသွားခဲ့သောအခါ၊ 'ဂျင်န်'များသည် 'ဧကန်စင်စစ် အကယ်၍သာ မိမိတို့မှာ အကွယ်၌ ရှိသည်များကို သိရှိကြပါလျှင် ဤဂုဏ်ရည် သေးသိမ်စေသော ဒုက္ခ၌ ဆက်လက်၍ နေခဲ့ကြမည် မဟုတ်ကြောင်း' သိသွားခဲ့ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မုချဧကန် ငါအသျှင်မြတ်သည် ဒါဝူးဒ် عَلَيْهِ السَّلَام အား မိမိဘက်တော်မှ ကြီးမားသော ကျေးဇူးတော်ကို ချီးမြှင့်တော်မူခဲ့သည်။ (သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် တောင်များကို အမိန့်ပေးတော်မူခဲ့သည်မှာ) အို့, တောင်တို့၊ အသင်တို့သည် ဒါဝူးဒ်နှင့်အတူ အကြိမ်ကြိမ် 'သတ်စ်ဗီးဟ်'ပြုကြလေကုန်။ (ဆိုလိုသည်မှာ နဗီတမန်တော်ဒါဝူးဒ် عَلَيْهِ السَّلَام သည် 'သတ်စ်ဗီးဟ်'ပြုခြင်း၌ မွေ့လျော်သည့်အခါ အသင်တို့သည် လည်း ၎င်းနှင့်အတူ 'သတ်စ်ဗီးဟ်'ပြုကြလေကုန်။) ထို့ပြင် (အလားတူ) ငှက်သတ္တဝါများကိုလည်း အမိန့်ပေးတော်မူခဲ့သည်။ (၎င်းနှင့်အတူ 'သတ်စ်ဗီးဟ်'ပြုကြလေကုန်။ အလ္လာဟ်အသျှင်မြတ်က

إِنَّا سَخَّرْنَا الْجِبَالَ مَعَهُ يُسَبِّحْنَ بِالْعَشِيِّ وَالْإِشْرَاقِ وَالطَّيْرَ مَحْشُورَةً

ဟု မိန့်ကြားတော်မူထားသည့်အတိုင်းပင် ဖြစ်သည်။ ဤနေရာတွင် လျှို့ဝှက်ချက်တစ်ရပ် ဤကဲ့သို့ ရှိနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဟဇရသ်ဒါဝူးဒ် عَلَيْهِ السَّلَام အတွက် 'ဇိကရ်'ပြုရာ၌ တက်ကြွစိတ်အား ထက်သန်မှု ဖြစ်ပေါ်စေနိုင်သည်။ အခြားလျှို့ဝှက်ချက်တစ်ခုမှာ ဒါဝူးဒ် عَلَيْهِ السَّلَام ၏ 'မုအ်ဂျဇာဟ်'တစ်ရပ်ကို ဖော်ထုတ်ခြင်းလည်းဖြစ်မည်။ ဖြစ်နိုင်ဖွယ်မှာ 'သတ်စ်ဗီးဟ်'သည် ကြားရသူများလည်း နားလည်သိရှိနိုင်သည့် 'သတ်စ်ဗီးဟ်' ဖြစ်မည်။ ထိုသို့မဟုတ်ပါက နားမလည်နိုင်သော 'သတ်စ်ဗီးဟ်'သည် တိရစ္ဆာန် အဖန်ဆင်းခံ

အားလုံး၌ ရှိပေသည်။ ဤနေရာတွင် ဒါဝူးဒ် عليه السلام နှင့်အတူ 'သတ်စ်ဗီးဟ်' ပြုရန်ဟူ၍ သီးသန့် မိန့်ကြားခြင်းကား မည်သို့ပါနည်း။ အလ္လာဟ်အသျှင်မြတ်က

وَاِنْ مِّنْ شَىْءٍ اِلَّا يُسَبِّحُ بِحَمْدِهٖ وَلٰكِنْ لَّا تَفْقَهُوْنَ تَسْبِيْحَهُمْ

ဟု မိန့်ကြားတော်မူထားသည့်အတိုင်း ဖြစ်ပေသည်။) ထို့ပြင် (အခြားကျေးဇူးတော်တစ်ပါးကို ချီးမြှင့်တော်မူသည်မှာ) ငါအသျှင်မြတ်သည် ဒါဝူးဒ် عليه السلام အဖို့ သံကို (ဖယောင်းကဲ့သို့) ပျော့ပျောင်းစေတော်မူခဲ့သည်။

(ထို့နောက် အမိန့်ပေးတော်မူခဲ့သည်မှာ) အသင်သည် (ဤသံဖြင့် ကောင်းမွန်) ပြည့်စုံသော သံချပ်အင်္ကျီရှည်များကို ပြုလုပ်ပါလေ။ ၎င်းပြင် အသင်သည် (ကွင်းဆက်များကို) ချိတ်ဆက်ရာတွင် (အဆင်ပြေအောင်) ချိန် ဆခန့်မှန်းလျက် ပြုလုပ်ပါလေ။ ထို့ပြင် (ငါအသျှင်မြတ်က အသင့်အား ကျေးဇူးတော်များချီးမြှင့်တော်မူထားရာ ယင်းကျေးဇူးတော်များအပေါ် ကျေးဇူးသိတတ်သည့်အနေဖြင့်) အသင်တို့အားလုံးသည် (ဆိုလိုသည်မှာ ဒါဝူးဒ် عليه السلام နှင့် ၎င်းနှင့် ပတ်သက်ဆက်နွယ်သူများ ဖြစ်သည်။) ကောင်းမြတ်သောအကျင့်သီလများကို ပြုမူဆောက်တည်ကြလေကုန်။ စင်စစ်မှာ ငါအသျှင်မြတ်သည် အသင်တို့ ပြုမူကျင့်ဆောင်သမျှ အားလုံးကို အကြွင်းမဲ့ မြင်တော်မူသော အသျှင် ဖြစ်တော်မူပါသည်။ (ထို့ကြောင့် ဥပဒေစည်းမျဉ်းစည်းကမ်းများကို အလေးအနက်ထားကြလေကုန်။) ထို့ပြင် (ငါအသျှင်မြတ်သည်) စုလိုင်မာန် عليه السلام အတွက် 'လေ'ကို အမိန့်နာခံစေတော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် (လေ) ၏ နံနက်ခရီးသည် တစ်လ ခရီးဖြစ်သည်။ (အလားတူ) ထို (လေ) ၏ ညနေခရီးမှာ တစ်လခရီးဖြစ်ခဲ့သည်။ (ဆိုလိုသည်မှာ ၎င်းလေသည် စုလိုင်မာန် عليه السلام ကို ထိုမျှ ဝေးလံသော အရပ်ဒေသများသို့ ပို့ဆောင်ပေးတော်မူသည်။ အလ္လာဟ်အသျှင်မြတ်က

وَسَخَّرْنَا لَهُ الرِّيْحَ تَجْرِىْ بِاَمْرِهٖ

ဟု မိန့်ကြားတော်မူသည့်အတိုင်းပင် ဖြစ်သည်။ ထို့ပြင် ငါအသျှင်မြတ်သည် (အခြားကျေးဇူးတော်တစ်ရပ်ကို ၎င်းအား ချီးမြှင့်တော်မူခဲ့သည်မှာ) ငါအသျှင်မြတ်သည် စုလိုင်မာန် عليه السلام အဖို့ ကြေးနီများကို ချောင်းအဖြစ် စီးဆင်းစေတော်မူခဲ့သည်။ (ဆိုလိုသည်မှာ ကြေးနီများကို ၎င်း၏ တွင်းမှ ပါးလျှာသောအရည်အဖြစ် စီးဆင်းစေတော်မူခြင်း ဖြစ်သည်။ သို့မှသာ ၎င်းကြေးနီအား အသုံးအဆောင်ပစ္စည်းများပြုလုပ်ရာတွင် လက်နက်တန်ဆာပလာ မရှိဘဲ လွယ်လင့်တကူ ပြုလုပ်နိုင်မည်ဖြစ်သည်။ တစ်ဖန် ထိုကြေးနီအရည်သည် တစ်ဖန်ပြန်၍ အစိုင်အခဲဖြစ်သွားလေသည်။ ဤသည်မှာလည်း 'မုအ်ဂျေဇာဟ်'တစ်ရပ်ပင်ဖြစ်သည်။) ထို့ပြင် (အခြားကျေးဇူးတော်တစ်ပါးမှာ ငါအသျှင်မြတ်သည် 'ဂျင်န်'များကို ၎င်း၏ နောက်လိုက်ငယ်သားများအဖြစ် ပြုပေးတော်မူခဲ့သည်။ သို့ဖြစ်ပေရာ) 'ဂျင်န်'တို့အနက် အချို့တို့သည် ၎င်း၏ ရှေ့မှောက်၌ (အမျိုးမျိုးသော) အလုပ်များကို ထိုစုလိုင်မာန် عليه السلام ၏ အသျှင်မြတ်၏ အမိန့်ဖြင့် လုပ်ကိုင်ဆောင်ရွက်

လျက် ရှိခဲ့ကြကုန်၏။ (ဆိုလိုသည်မှာ ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်မြတ်က ထိန်းချုပ်လျက် နောက်လိုက်အဖြစ် ပြုပေးတော်မူခြင်း ဖြစ်သည်။) ထို့ပြင် (နောက်လိုက်ပြုရန်ဟူသော အမိန့်နှင့်အတူ ၎င်းတို့အား တာဝန်ပြု အမိန့်များကိုလည်း လိုက်နာရန် ခြိမ်းခြောက်နှိုးဆော်မှုများဖြင့် ဤသို့ တာဝန်ပေးခဲ့သည်မှာ) ထို 'ဂျင်န်'များအနက် မည်သူမဆို ငါအလ္လာဟ်မြတ်၏ (ထို) အမိန့်တော် (စုလိုင်မာန် ﷺ ၏ အမိန့်နာခံမှု ပြုရမည်ဟူသော အမိန့်တော်) အား သွေဖည်တိမ်းယိမ်းသည်ရှိသော် (ဆိုလိုသည်မှာ ကောင်းမွန်စွာဖြင့် အမိန့်နာခံခြင်းကို မပြုဘဲ ဆန့်ကျင်သွေဖည်ခဲ့ပါလျှင် စုလိုင်မာန် ﷺ သည် ၎င်းတို့အား ထိန်းချုပ်အမိန့်နာခံမှုဖြစ်စေခြင်းအားဖြင့် အခြားမိမိနှင့် မတိုက်ဆိုင်သူများကဲ့သို့ အစမ္မစေခိုင်းမှု ပြုပေမည်။ ငါအလ္လာဟ်မြတ်သည် ၎င်းအား (တမလွန်တွင်) အလျှံပြောင်ပြောင် တောက်လောင်သော မီး၏ 'အဇားဗ်'အပြစ်ဒဏ်ကို မြည်းစားစေတော်မူပေမည်။

(ဤသို့ ဆိုခြင်းဖြင့် ကောင်းမွန် ကျေနပ်စွာဖြင့် အမိန့်နာခံ လုပ်ကိုင်ဆောင်ရွက်သူများ၊ ထို့ပြင် အပြည့်အဝ အမိန့်နာခံခြင်းမှာ အီမာန်သက်ဝင်ယုံကြည်မှုလည်း ပြုခဲ့မှသာလျှင် ဖြစ်မည်။ အကြောင်းမှာ နဗီတမန်တော်တိုင်းသည် မိမိတို့၏ လက်အောက်ငယ်သားများအား ထိုအီမာန်အတွက်သာ အမိန့်ပေးခဲ့ကြသောကြောင့် ဖြစ်သည်။ သို့ဖြစ်ပေရာ ထိုအမိန့်အပေါ် လိုက်နာကျင့်သုံးခြင်းမရှိဘဲ အမိန့်နာခံမှုဟု သတ်မှတ်၍ မရပေ။ သို့ဖြစ်ပေရာ အီမာန်သက်ဝင် ယုံကြည်၍ ကောင်းမှုကိုယ်ကျင့်တရားများ ပြုကျင့်ဆောက်တည်သူ 'ဂျင်န်'သည် ထိုအလျှံပြောင်ပြောင် တောက်လောင်လျက်ရှိသော عذاب سعير မီးမှ ကင်းလွတ်ပေမည်ဟု ကောက်နှုတ်သိရှိရသည်။ အီမာန်၏ တောင်းဆိုချက်သည်လည်း ဤအတိုင်းပင် ဖြစ်သည်။ ရှေ့တွင် 'ဂျင်န်'တို့အား ခိုင်းစေထားခြင်းခံရသည့် အလုပ်များအကြောင်း တင်ပြထားသည်။)

ထို 'ဂျင်န်'တို့သည် စုလိုင်မာန် ﷺ ၏ အကျိုးအတွက် ၎င်းအလိုရှိသော အရာများကို ပြုလုပ်ကြရသည်။ ကြီးကျယ်ခံ့ညားသော အဆောက်အဦးများကိုလည်းကောင်း၊ ရုပ်တုများကိုလည်းကောင်း၊ ရေကန်ကြီးများတမျှ ကြီးမားသော ဇလုံ၊ အင်တုံများကိုလည်းကောင်း၊ မရွှေ့ပြောင်းနိုင်သော အိုးကြီးများကိုလည်းကောင်း ပြုလုပ်ကြရသည်။ လှုပ်ခါလျှင်လည်း မလှုပ်သော အိုးကြီးများ ဖြစ်သည်။ ထို့နောက် ငါအလ္လာဟ်မြတ်သည် ၎င်းတို့အား ဤသို့ အမိန့်ပေးခဲ့သည်။ 'ငါအလ္လာဟ်မြတ်သည် အသင်တို့အား ကျေးဇူးတော်များလည်း ချီးမြှင့်တော်မူခဲ့ရာ အို၊ ဒါဝူးဒ်၏ သားမြေး၊ အိမ်သူအိမ်သားတို့၊ (စုလိုင်မာန် ﷺ နှင့် ၎င်း၏ ဆက်နွယ်သူများကို ဆိုလိုသည်။) အသင်တို့အားလုံးသည် ကျေးဇူးသိတတ်သောအနေဖြင့် ကောင်းမှုပြုကြလေကုန်။ ငါအလ္လာဟ်မြတ်၏ ကျွန်များအနက် ကျေးဇူးသိတတ်သော သူတို့မှာ နည်းပါးလှပေသည်။'

ထို့ကြောင့် ဤကျေးဇူးသိတတ်မှု၏ အဓိကလမ်းကြောင်းဖြစ်သော ကောင်းမှုများပြုကျင့်ခြင်းဖြင့် အသင်တို့သည် အဖန်ဆင်းခံ အများစုနှင့် ကွဲပြားခြားနားမှု ဖြစ်သွားပေမည်။ သို့ဖြစ်ပေရာ ဤအပိုဒ်တွင် ကျေးဇူးသိတတ်မှုနှင့် ကောင်းမှုများ ပြုကျင့်ရန် နှိုးဆော်ထားသည်။ ဒါဝူးဒ် ﷺ အားလည်း اعْمَلُوا صَالِحًا ဟူ၍ အမိန့်ပေးတော်မူခဲ့သကဲ့သို့ ဖြစ်သည်။ ထို့ပြင် ဟဇရတ်ဒါဝူးဒ် ﷺ အဖို့ တောင်များနှင့် ငှက်သတ္တဝါတို့ကို အမိန့်နာခံသူများအဖြစ် ပြုပေးတော်မူသကဲ့သို့ ဤနေရာတွင် စုလိုင်မာန် ﷺ အဖို့

လေနှင့် 'ဂျင်န်'တို့ကို အမိန့်နာခံသူများအဖြစ် ပြုပေးတော်မူကြောင်း ဖော်ပြထားသည်။ တစ်ဖန် ဟဇရသ် ဒါဝူးဒ် ﷺ အဖို့ သံကို ပျော့ပြောင်းအောင် ပြုနိုင်သူအဖြစ် ပြုပေးတော်မူခဲ့သကဲ့သို့ ဤနေရာတွင် ဟဇရသ် စုလိုင်မာန် ﷺ အဖို့ ကြေးနီချောင်းများ စီးဆင်းစေတော်မူခဲ့သည်။ အချုပ်မှာ 'ဂျင်န်'တို့သည် တစ်သက်တာလုံး ဟဇရသ်စုလိုင်မာန် ﷺ ၏ ရှေ့တွင် ဤအတိုင်း ရှိခဲ့ပေသည်။) ထို့နောက် ငါအသျှင်မြတ်သည် ၎င်းအပေါ်၌ (ဆိုလိုသည်မှာ စုလိုင်မာန် ﷺ အပေါ်၌) သေခြင်းတရား၏ အမိန့်ကို ချမှတ်တော်မူလေသည်။ (ဆိုလိုသည်မှာ သေဆုံးကွယ်လွန်စေတော်မူခဲ့သည်။)

သို့ဖြစ်ပေရာ (သေခြင်းတရား ဆိုက်ရောက် ဖြစ်ပေါ် သွားသည်ကို 'ဂျင်န်'များ မသိရှိလိုက်သော အခြေအနေမျိုး၌ ဖြစ်စေခဲ့သည်။ စုလိုင်မာန် ﷺ သည် ကွယ်လွန်ခါနီးအချိန်တွင် 'အဆ္ဆာ'တောင်ဝှေးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက် တောင်ဝှေးကို မေးစေ့အောက်တွင် ထောက်ပြီး ပလ္လင်ပေါ်တွင် ထိုင်နေခဲ့သည်။ ဤအချိန်မှာပင် အသက်ဝိညာဉ် နှုတ်ယူခြင်း ခံလိုက်ရသည်။ ဤအခြေအနေအတိုင်း တစ်နှစ်တိုင် ထိုင်လျက်ရှိနေခဲ့သည်။ 'ဂျင်န်'တို့သည် ဟဇရသ်စုလိုင်မာန် ﷺ အား ထိုင်နေသည်ကို ကြည့်ပြီး အသက်ရှင်နေဆဲဟုသာ ထင်မှတ်ခဲ့ကြသည်။ အနီးအနားသို့ သွား၍သော်လည်းကောင်း၊ (သို့) ကောင်းစွာ ကြည့်ရှုရန်သော်လည်းကောင်း မည်သူ့တွင်မျှ အစွမ်းသတ္တိ မရှိကြပေ။ အထူးသဖြင့် သံသယဖြစ်ရန် အကြောင်းခံ မတွေ့ရှိဘဲ ရှင်လျက်ရှိနေသည်ဟုသာ ထင်မှတ်ပြီး ပုံမှန်အတိုင်း အလုပ်များ၌သာ နစ်မွန်းနေခဲ့ကြသည်။ ထို့နောက်) စုလိုင်မာန် ﷺ ၏ တောင်ဝှေးကို စားလျက်ရှိသည့် ခြပိုးကောင်မှအပ ၎င်း (စုလိုင်မာန် ﷺ) သေဆုံးကြောင်းကို ထို 'ဂျင်န်'တို့အား မည်သူကမျှ သိစေခဲ့သည်မဟုတ်ပေ။ (နောက်ဆုံးတွင် တောင်ဝှေး၏ အပိုင်တစ်ပိုင်းကို စားပစ်လိုက်သည့်အခါ ထိုတောင်ဝှေးသည် လဲကျသွားလေသည်။ တောင်ဝှေးလဲကျသွားသည့်အတွက် စုလိုင်မာန် ﷺ သည်လည်း လဲကျသွားလေသည်။) သို့ဖြစ်ပေရာ စုလိုင်မာန် ﷺ လဲကျသွားခဲ့လေသည်။ (ခြများ စားထားခြင်းကို ခန့်မှန်းကြည့်ခြင်းဖြင့် တစ်နှစ်ရှိသွားပြီဖြစ်သည်ကို သိရှိကြရလေသည်။) ထိုအခါ 'ဂျင်န်'တို့က အကယ်၍သာ မိမိတို့သည် အကွယ်၌ ရှိသည်များကို သိရှိသူများ ဖြစ်ခဲ့ကြပါလျှင် (တစ်နှစ်ပြည့်သည်အထိ) ဤကဲ့သို့ ဂုဏ်ရည်သေးသိမ်စေသော ဒုက္ခ၌ ဆက်လက်၍ ရှိနေခဲ့ကြမည်မဟုတ်ကြောင်း သိရှိသွားခဲ့ကြလေသည်။ ဆိုလိုသည်မှာ ကြမ်းတမ်းသော အလုပ်များကို ဆိုလိုခြင်း ဖြစ်သည်။ ၎င်းတို့သည် ခိုင်းစေခံရသူများဖြစ်သောကြောင့် သေးသိမ်မှုလည်း ဖြစ်ရသည်။ ကြမ်းတမ်းသော အလုပ်များ လုပ်ကိုင်ရခြင်းကြောင့် ဒုက္ခလည်း ဖြစ်ကြရသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အထက်တွင် ကွယ်လွန်သေဆုံးပြီးနောက် ခန္ဓာကိုယ်အစိတ်အပိုင်းများသည် တစ်စစီ တစ်ခြားစီ ပြန့်နှံ့သွားပြီး တစ်ဖန် ၎င်းတို့ကို ပြန်လည်စုစည်းခြင်းနှင့် ၎င်းအစိတ်အပိုင်းများတွင် အသက်သွင်း ဖန်ဆင်းခြင်းတို့ကို ဦးနှောက်အသိဉာဏ်နှင့် ဆန့်ကျင်သည်ဟု ယူဆသော 'ကေယာမသ်'ကို ငြင်းပယ်သူများအား

ဦးတည် မိန့်ကြားခဲ့သည်။ ယခု ဖော်ပြပါအာယသ်တော်များတွင် ၎င်းတို့၏ အယူအဆကို ချေပရန်အတွက် အလ္လာဟ်အသျှင်မြတ်သည် ဟဇရသ်ဒါဝူးဒ် عليه السلام နှင့် ဟဇရသ်စုလိုင်မာန် عليه السلام တို့အကြောင်းကို တင်ပြတော်မူခဲ့သည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ လက်ဖြင့် ဤလောက၌ ဤသူများက မဖြစ်နိုင်ဟု မှတ်ယူထားသော လုပ်ရပ်များကို ဖြစ်ပေါ်စေတော်မူခဲ့သည်။ ဥပမာ- သံကို ဖယောင်းကဲ့သို့ ပျော့ပြောင်းအောင် ပြုလုပ်ခြင်း၊ လေကို အမိန့်နာခံသူအဖြစ် ပြုပေးတော်မူခြင်းနှင့် ကြေးနီကို ပါးလွှာသော ရေကဲ့သို့ ပြုလုပ်ပေးတော်မူခဲ့ခြင်းများ ဖြစ်သည်။

وَلَقَدْ اٰتَيْنَا دَاوٗدَ مِنَّا فَضْلًا

ဆိုလိုသည်မှာ 'ငါအသျှင်မြတ်သည် ဒါဝူးဒ် عليه السلام အား မိမိ၏ فَضْل 'ဖဒ္ဒလ်' ကျေးဇူးတော်ကို ချီးမြှင့်တော်မူခဲ့သည်ဟု ဖြစ်သည်။ فَضْل ၏ အဓိပ္ပာယ်မှာ 'များပြားစွာ'၊ 'မြောက်မြားစွာ' ဟု ဖြစ်သည်။ ဤနေရာ၌ အခြားသူများထက် ၎င်းအား ပို၍ များပြားစွာ ပေးသော ဂုဏ်တော်ကို ဆိုလိုသည်။ အလ္လာဟ်အသျှင်မြတ်သည် နဗီတမန်တော်တိုင်းအား ၎င်းတို့အဖို့သာ အထူးချီးမြှင့်ခြင်းခံရခြင်းဟု မှတ်ယူရသော မြင့်မား သည့် အချို့ထူးခြားသော ကျေးဇူးတော်များကို ချီးမြှင့်တော်မူခဲ့သည်။ ဟဇရသ်ဒါဝူးဒ် عليه السلام အဖို့ ထူးခြားသည့် ဂုဏ်ရည်တော်မှာ ၎င်းအား မိမိ၏ 'နဗူဝသ်' နှင့် 'ရိစာလသ်' တို့နှင့်အတူ တစ်လောကလုံး၏ အုပ်ချုပ်ရေးအာဏာကိုလည်း ချီးမြှင့်တော်မူခံရခြင်း ဖြစ်သည်။ ထို့ပြင် ဒါဝူးဒ် عليه السلام သည် အလ္လာဟ်အသျှင်မြတ်၏ 'ဇိက်ရ်' တသဗီ့ (သို့) 'ဇဗူးရ်' ကျမ်းကို ဖတ်ရွတ်သည့်အခါ ငှက်များသည် ကောင်းကင်၌ ပျံသန်းလျက် ၎င်း၏ အသံကို နားထောင်ရန် စုရုံးရောက်ရှိလာသည်အထိ သာယာချိုမြိန်သော အသံကိုလည်း ချီးမြှင့်ခြင်းခံရသည်။ ထို့ပြင် အလားတူ များစွာသော 'မုအ်ဂျိဇာဟ်' များကိုလည်း ချီးမြှင့်ခြင်းခံခဲ့ရသည်။ ထိုအကြောင်းများကို ရှေ့၌ ဖော်ပြပါမည်။

يٰجِبَالُ اَوِّبِيْ

اَوِّبِيْ သည် تَاْوِيْب မှ ဆင်းသက်လာသည့် စာလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ ထပ်ကာထပ်ကာ ပြုခြင်း၊ ပြန်လှည့်ခြင်းဟု ဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် တောင်များအား ဟဇရသ်ဒါဝူးဒ် عليه السلام သည် အလ္လာဟ်အသျှင်မြတ်၏ 'ဇိက်ရ်' နှင့် 'သတ်စ်ဗီးဟ်' ဖတ်ရွတ်သည့်အခါ အသင်တို့သည်လည်း ဤစာပိုဒ်များကို ဖတ်၍ ထပ်ကာထပ်ကာ ရွတ်ဖတ်ကြကုန်' ဟု အမိန့်ပေးတော်မူခြင်း ဖြစ်သည်။

ဤအတိုင်းပင် ဟဇရသ်အိဗ်နေအဗ္ဗားစ် رضي الله عنه က اَوِّبِيْ ၏ သဖ်စီးရ်ကို سَبِّحِيْ ဖြင့် မိန့်ကြားတော်မူခဲ့သည်။ *[အိဗ်နေကစီးရ်ကျမ်း]*

ဟဇရသ်ဒါဝူးဒ် عليه السلام နှင့်အတူ တောင်များ ဖတ်ရွတ်သည့် 'သတ်စ်ဗီးဟ်' သည် အဖန်ဆင်းခံအားလုံး နေရာဒေသတိုင်း၊ အချိန်တိုင်း၊ ခေတ်ကာလတိုင်းတွင် အမြဲ ရွတ်ဆိုတသလျက်ရှိသော 'သတ်စ်ဗီးဟ်' များ အပြင် အခြားသော 'သတ်စ်ဗီးဟ်' များ ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်

وَاِنْ مِّنْ شَیْءٍ اِلَّا یُسَبِّحُ بِحَمْدِهٖ وَلٰکِنْ لَّا تَفْقَهُوْنَ تَسْبِیْحَهُمْ

ဟု မိန့်ကြားထားသကဲ့သို့ ဖြစ်သည်။ ဆိုလိုသည်မှာ 'လောကအတွင်း၌ ရှိသမျှအရာတို့တွင် အလ္လာဟ်အသျှင်မြတ်၏ ချီးမွမ်းထောပနာပြုခြင်းနှင့် 'သတ်စ်ဗီးဟ်' မပြုသည့်အရာဟူ၍ မရှိပေ။ သို့ရာတွင် အသင်တို့သည် ၎င်းတို့၏ 'သတ်စ်ဗီးဟ်' ကို သိနားလည်ခြင်း မရှိကြပေ'ဟု ဖြစ်သည်။ ဤနေရာ၌ တင်ပြထားသော တောင်များ၏ 'သတ်စ်ဗီးဟ်'ပြုခြင်းမှာ ဟဇရသ်ဒါဝူးဒ် ﷺ ၏ 'မုအ်ဂျေဇာဟ်'၏ အဆင့်ပုံစံဖြင့် တင်ပြထားပေသည်။ ထို့ကြောင့် ဤ 'သတ်စ်ဗီးဟ်'ကို ကြားသူတိုင်းသည် ကြားကြရမည်၊ နားလည်ကြပေမည်။ ထိုသို့မဟုတ်ပါက 'မုအ်ဂျေဇာဟ်'မဖြစ်တော့ပေ။

ဤအကြောင်းအားဖြင့် သိရှိရသည်မှာ ဟဇရသ်ဒါဝူးဒ် ﷺ ၏ အသံနှင့်အတူ တောင်များ၏ အသံကို ပေါင်းစပ်ခြင်းနှင့် 'သတ်စ်ဗီးဟ်'ကို ထပ်ကာထပ်ကာ ဖတ်ခြင်းတို့သည် အသံကို 'ဂွန်ဗဒ်' (သို့) ရေတွင်း စသည်တို့၌ အသံလှိုင်းရိုက်ခတ်သောအခါ အသံပြန်လည်လာ၍ ကြားရခြင်း ပုံသဏ္ဌာန် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုအကြောင်းကို ဟဇရသ်ဒါဝူးဒ် ﷺ အတွက် အထူးချီးမြှင့်မှုအဆင့်ဖြင့် ဖော်ပြထားခြင်း ဖြစ်သည်။ အသံပြန်လည်လာခြင်းဆိုသည်မှာ လူတစ်ဦး၏ ထူးမြတ်မှုနှင့် အဘယ်မှာ ပတ်သက်နိုင်ပါမည်နည်း။ ဤသည်မှာမူ ကာဖိရ်ပင်ဖြစ်စေ၊ လူတိုင်းသည် အသံပြန်လည်လာရာတွင် ၎င်း၏ အသံလည်း ပြန်လည်လာသည်သာ ဖြစ်သည်။

وَالطَّيْرَ ဤစာလုံးသည် 'နဟ်ဝ်'ပညာ၏ ပေါင်းစပ်မှုတွင် **سَخَّرْنَا** ဟူသော မြတ်နေသည့် စာလုံး၏ **مفعول** (ကံ) အပြုခံစာလုံးဖြစ်သည့်အတွက် 'မန်ဆွူးဗ်'ဖြစ်ရခြင်းဖြစ်သည်။ /*ရူဟွလ်မအာနီ*/

အဓိပ္ပာယ်မှာ ငါအသျှင်မြတ်သည် ငှက်များကို ဒါဝူးဒ် ﷺ အတွက် အမိန့်နာခံသူများအဖြစ် ပြုထားတော်မူသည်။ ထိုသို့ အမိန့်နာခံသူအဖြစ် ထိန်းချုပ်ထားသည်ဆိုသည့် သဘောမှာ 'ငှက်များသည်လည်း ဒါဝူးဒ် ﷺ ၏ အသံကြားရခြင်းအပေါ် လေပေါ်၌ စုရုံးလိုက်ကြသည်။ ထို့နောက် ဒါဝူးဒ် ﷺ နှင့်အတူ တောင်များကဲ့သို့ 'သတ်စ်ဗီးဟ်'ရွတ်ဖတ်ကြသည်'ဟု ဖြစ်သည်။ အခြားအာယသ်တော်တစ်ပါးတွင်

اِنَّا سَخَّرْنَا الْجِبَالَ مَعَهٗ بِالْعَشِیِّ وَالْاِشْرَاقِ وَالطَّیْرَ مَحْشُوْرَةً

ဟု လာရှိထားသကဲ့သို့ ဖြစ်သည်။ ဆိုလိုသည်မှာ 'ငါအသျှင်မြတ်သည် တောင်များကို ဒါဝူးဒ် ﷺ နှင့်အတူ နံနက်၊ ညနေ 'သတ်စ်ဗီးဟ်'ဖတ်ရွတ်ရန် ၎င်း၏ အမိန့်နာခံသူများအဖြစ် ပြုထားတော်မူသည်။ ထို့ပြင် ငှက်သတ္တဝါများကိုလည်း အမိန့်နာခံသူများအဖြစ် ပြုပေးတော်မူခဲ့သည်။

وَاَلَنَّا لَهُ الْحَدِیْدَ اَنِ اعْمَلْ سٰبِغٰتٍ وَّقَدِّرْ فِی السَّرْدِ

ဤသည်မှာ ဒုတိယ 'မုအ်ဂျေဇာဟ်'တစ်ရပ် ဖြစ်သည်။ သံကို ၎င်းအဖို့ ပျော့ပြောင်းစေတော်မူခဲ့သည်။ ဟစန်ဗဆွရီ၊ ကသာဒဟ်နှင့် အအ်မရှ်စသော သဖ်စီးရ်အဖွင့်အမောမ်ကြီးများက 'အလ္လာဟ်အသျှင်

မြတ်သည် 'မုအ်ဂျေဇာဟ်'အနေဖြင့် သံကို ၄င်းအတွက် ဖယောင်းကဲ့သို့ ပျော့ပျောင်းစေတော်မူခဲ့သည်။ ထိုအသံဖြင့် အရာတစ်ခုခုပြုလုပ်ရန်အတွက် ၄င်းအဖို့ မီးလည်း မလိုအပ်ပေ။ မည်သည့်လက်နက်တန်ဆာပလာမှုလည်း မလိုအပ်ပေ။ ရှေ့မှ အာယသ်တော်တွင် သံကို ၄င်းအတွက် ပျော့ပြောင်းစေတော်မူရခြင်းအကြောင်းကို တင်ပြထားသည်မှာ အလ္လာဟ်အသျှင်မြတ်သည် သံချပ်ကာအင်္ကျီ ပြုလုပ်ခြင်း အတတ်ပညာကို ၄င်းအား ကိုယ်တော်တိုင် သင်ကြားပေးတော်မူခဲ့သည်။

وَعَلَّمْنٰهُ صَنْعَةَ لَبُوْسٍ لَّكُمْ

ဆိုလိုသည်မှာ 'ငါအသျှင်မြတ်သည် ၄င်းအား သံချပ်ကာအင်္ကျီ ပြုလုပ်ခြင်း အတတ်ပညာကို သင်ကြားပေးတော်မူခဲ့သည်။' ထို့ပြင် ဤအာယသ်တော်တွင် قَدِّرْ فِى السَّرْدِ ဟု လာရှိထားသည်မှာလည်း ထိုအတတ်ပညာ သင်ကြားပေးခြင်း ပြည့်စုံသည့် အကြောင်းပင် ဖြစ်သည်။ قَدِّرْ သည် تَقْدِيْر ဟူသော စာလုံးမှ ဆင်းသက်လာသော စာလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ 'ချိန်ဆခန့်မှန်းခြင်း တစ်ရပ်ဖြင့်ပြုလုပ်ခြင်း'ဟု ဖြစ်သည်။ سَرْد ၏ အဓိပ္ပာယ်မှာ 'ယက်လုပ်ခြင်း'ဟု ဖြစ်သည်။ အလိုသဘောမှာ 'သံချပ် ကာအင်္ကျီများ ပြုလုပ်ရာတွင် ၄င်း၏ ကွင်းဆက်များကို ပုံစံမှန်မှန် အချိုးကျကျဖြစ်အောင် ပြုလုပ်ပါလေ။ အချို့မှာ ကြီး၍ အချို့မှာ သေးငယ်သည့်ပုံစံ မဖြစ်စေလေနှင့်။ သို့မှသာ ခိုင်ခန့်မှုလည်း ဖြစ်မည်။ ကြည့်၍လည်း ကောင်းပေမည်'ဟု ဖြစ်သည်။ قَدِّرْفِى السَّرْد ၏ ဤသဖ်စီးရ်သည် ဟဇရသ် အိဗ်ဒွလ္လာဟ်ဗင်န်အဗ္ဗာစ် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့ခြင်း ဖြစ်သည်။ *[အိဗ်နေကာစီးရ်ကျမ်း]*

အကျိုးကျေးဇူး

(၁) အထက်ပါအကြောင်းအရာကို ကြည့်ခြင်းဖြင့် လက်မှုအတတ်ပညာတွင် အပြင်ပိုင်း လုပမှုသည်လည်း နှစ်သက်ဖွယ်ရာဖြစ်ကြောင်း သိရှိရသည်။ ထိုသို့ပြုရန်အတွက် အလ္လာဟ်အသျှင်မြတ်၏ ကိုယ်တော်တိုင် အထူးညွှန်ကြားတော်မူခဲ့သည်။

(၂) အချို့ပညာရှင်များက قَدِّرْفِى السَّرْد ၏ သဖ်စီးရ်တွင် تَقْدِيْر ၏ အဓိပ္ပာယ်အလိုသဘောကို 'ဤလက်မှုအတတ်ပညာအတွက် အချိန်ကို အတိုင်းအတာတစ်ခုအထိ သတ်မှတ်ရပေမည်။ ရှိသမျှအချိန်တိုင်းကို ၄င်းအတွက်သာ သုံးစွဲခဲ့ခြင်းမဖြစ်စေရပေ။ သို့မှသာ 'အေဗာဒသ်'ပြုခြင်းနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ၄င်းအတွက်ကြောင့် အနှောင့်အယှက် ဖြစ်တော့မည် ဖြစ်သည်'ဟု ကောက်ယူကြသည်။

ဤသဖ်စီးရ်အရ သိရှိရသည်မှာ လက်မှုအတတ်ပညာရှင်သည်လည်းကောင်း၊ အလုပ်သမားအဖြစ်ပြုလုပ်နေသူများသည်လည်းကောင်း 'အေဗာဒသ်'ပြုခြင်းနှင့် မိမိ၏ ဗဟုသုတရှာဖွေမှုများအတွက် မိမိတို့၏ အလုပ်မှ အချိန်အနည်းငယ်ကို ထုတ်ယူရမည်။ ထို့ပြင် အချိန်များကို သူ့နေရာနှင့်သူ လေးစားစွာ သုံးစွဲရမည်။ *[ရူးဟွလ်မအာနီကျမ်း]*

လက်မှုအတတ်ပညာ သည် ကြီးမားသော ထူးမြတ်မှုရှိခြင်း

ဖော်ပြပါအာယသ်တော်အရ အတည်ဖြစ်သည်မှာ လိုအပ်ချက်ဖြစ်သော အရာများကို တီထွင်ခြင်း၊ ပြုလုပ်ခြင်းတို့သည် အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် ထိုလက်မှုအတတ်ပညာများကို အလေးအနက်ထား သင်ကြားပေးတော်မူခဲ့သော အတတ်ပညာများပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ဂုဏ်သိက္ခာကြီးမြတ်သော မိမိ၏ နဗီတမန်တော်များကို ဤအတတ်ပညာများ သင်ကြားပေးတော်မူခဲ့သည်။ ဟဇရသ် ဒါဝူးဒ် عليه السلام အား သံချပ်ကာအင်္ကျီများ ပြုလုပ်သည့် အတတ်ပညာကို သင်ကြားပေးတော်မူခဲ့ကြောင်း ဤအာယသ်တော်အားဖြင့် အတည်ဖြစ်ပေသည်။ ဟဇရသ်နူးဟ် عليه السلام အား လှေပြုလုပ်ခြင်း အတတ်ပညာကို ဤအတိုင်းပင် သင်ကြားပေးတော်မူခဲ့သည်။

وَاصْنَعِ الْفُلْكَ بِاَعْيُنِنَا

ဆိုလိုသည်မှာ 'ငါအသျှင်မြတ်၏ ရှေ့တော်မှောက်၌ လှေပြုလုပ်ပါလေ'ဟု ဖြစ်သည်။ အလိုသဘောမှာ ငါအသျှင်မြတ် သင်ပြတော်မူသည့်အတိုင်း ပြုလုပ်ပါလေ' ဟု ဖြစ်သည်။ အလားတူ အခြားနဗီတမန်တော်တို့ကိုလည်း အမျိုးမျိုးသော အတတ်ပညာများကို သင်ကြားပေးတော်မူကြောင်း အချို့ဆင့်ပြန်ချက်များဖြင့် အတည်ဖြစ်ပေသည်။

ဟဒီးစ်၏ အေမာမ်ဖြစ်သော ဟာဖိဇ်ရှမ်စုဒ်ဒီးန်ဇဟ်ဗီဘက်သို့ ရည်ညွှန်း၍ ထုတ်ဝေခဲ့သည့် 'သွဗ်ဗေ့နဗဝီ'ကျမ်းတွင် ဆင့်ပြန်ချက်တစ်ရပ်ကို ဖော်ပြထားသည်မှာ 'လူ့ဘဝသက်တမ်းအတွက် အရေးကြီးလိုအပ်သော အတတ်ပညာများသည် ဥပမာ- အဆောက်အဦးများ ဆောက်လုပ်ခြင်း၊ အဝတ်အထည်များ ယက်လုပ်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ စားသောက်ဖွယ်များ ပြုလုပ်ခြင်း ကုန်တင်စီးနင်းရန်အတွက် ဘီးတပ်ယာဉ်များ ပြုလုပ်၍ မောင်းနှင်ခြင်း စသော အရေးကြီးသည့် အတတ်ပညာအားလုံးကို အလ္လာဟ်အသျှင်မြတ်သည် 'ဝဟီ'မှတစ်ဆင့် မိမိ၏ နဗီတမန်တော်တို့ကို သင်ကြားပေးတော်မူခဲ့သည်' ဟု ဖြစ်သည်။

လက်မှုအတတ်ပညာ လုပ်ငန်း လုပ်ကိုင်သူများကို သေးသိမ်သည်ဟု ယူဆခြင်းသည် ပြစ်မှုဖြစ်ခြင်း

အာရဗ်တွင် လူအမျိုးမျိုးတို့သည် အမျိုးမျိုးသော လက်မှုအတတ်ပညာများကို ပြုလုပ်ကြသည်။ အတတ်ပညာတစ်ခုခုကို သေးသိမ်သည်။ (သို့) နိမ့်ကျသည်ဟု မယူဆကြပေ။ လုပ်ငန်းနှင့် အတတ်ပညာများကို အခြေခံ၍ လူတစ်ဦးဦးအား နိမ့်သည်၊ မြင့်သည်ဟု မယူဆကြပေ။ လုပ်ငန်းများအပေါ် အခြေခံ၍ အသိုင်းအဝိုင်း မျိုးနွယ်စုဖွဲ့ခြင်းကိုလည်း မပြုကြပေ။ လုပ်ငန်းများအပေါ် အခြေခံ၍ အသိုင်းအဝိုင်း မျိုးနွယ်ဖွဲ့မှု ပြုခြင်းနှင့် အချို့လုပ်ငန်းများကို သေးသိမ်သည်ဟု ယူဆခြင်းများသည် အိန္ဒိယနိုင်ငံရှိ ဟိန္ဒူတို့၏ သတ်မှတ်ချက်များသာ ဖြစ်သည်။ ၎င်းတို့နှင့်အတူ နေထိုင်ကြခြင်းကြောင့် မွတ်စ္စလင်မ်များအတွင်း၌လည်း ဤသက်ရောက်မှု အငွေ့အသက်များ ဖြစ်ပေါ်လာခဲ့သည်။

ဟဇရတ်ဒါဝူးဒ် عليه السلام အား သံချပ်ကာအင်္ကျီ ပြုလုပ်သည့် အတတ်ပညာ သင်ကြားပေးခြင်း၏ အမြော်အမြင်

သဖ်စီးရ်အိမ်နေကစီးရ်ကျမ်းတွင် ဟဒီးစ်၏ အမောမ်ဖြစ်သော ဟာဖိဇ်အိမ်နေအဆာကရ်၏ ဆင့်ပြန်ချက်မှ တင်ပြထားသည်မှာ ဟဇရတ်ဒါဝူးဒ် عليه السلام သည် မိမိ၏ အုပ်ချုပ်မှုကာလအတွင်း၌ ရုပ်ဖျက်၍ စျေးများ စသည်တို့၌ သွားရောက်ပြီး ဒေသအပေါင်းစုံမှ ရောက်လာကြသူတို့အား 'ဒါဝူးဒ်သည် မည်သို့သောသူ ဖြစ်ပါသနည်း' ဟု မေးမြန်းလေ့ရှိသည်။ စင်စစ် ဒါဝူးဒ် عليه السلام ၏ အုပ်ချုပ်မှုသည် တရားမျှတမှုနှင့် ပြည့်စုံသည်။ လူသားအားလုံး အေးချမ်းသာယာခြင်းဖြင့် နေထိုင်ကြရသည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ အစိုးရအပေါ် တစ်စုံတစ်ရာ မကောင်းပြောဆိုခြင်း မရှိပေ။ ဒါဝူးဒ် عليه السلام က မေးသမျှသူတို့သည် ဒါဝူးဒ် عليه السلام ﷺ ၏ ချီးမွမ်းခြင်း၊ ကောင်းမြတ်ခြင်း၊ တရားမျှတမှုရှိခြင်းနှင့် ကျေးဇူးတင်ခြင်းတို့ကိုသာ ဖြေကြားလေ့ ရှိခဲ့ကြသည်။

အလ္လာဟ်အသျှင်မြတ်သည် ဒါဝူးဒ် عليه السلام အား အတတ်ပညာ သင်ကြားပေးရန်အတွက် ဖရစ်ရှ်သာဟ်တစ်ပါးကို လူအသွင်ဖြင့် စေလွှတ်တော်မူလိုက်သည်။ ဒါဝူးဒ် عليه السلام သည် မိမိအကြောင်းကို လူတို့ထံမှ စနည်းနာရန် ထွက်လေသော် လူအသွင်ဖြင့် ရောက်ရှိလာသည့် ဖရစ်ရှ်သာဟ်အားလည်း မေးနေကျ မေးခွန်းကို မေးမြန်းလေရာ ဖရစ်ရှ်သာဟ်က 'ဒါဝူးဒ်သည် အလွန်ကောင်းသည့် လူတစ်ဦးဖြစ်ပါသည်။ လူအားလုံးနှင့်လည်းကောင်း၊ မိမိအတွက်၌လည်းကောင်း အလွန်ကောင်းပါသည်။ ထို့ပြင် မိမိ၏ အွမ္မသ်နှင့် တိုင်းသူပြည်သားများအတွက်လည်း ပို၍ ကောင်းသူ ဖြစ်ပါသည်။ သို့ရာတွင် ၎င်း၌ အကျင့်တစ်ခု ရှိပါသည်။ ထိုအကျင့်မရှိပါလျှင် ၎င်းသည် လုံးဝဥဿုံ ပြည့်စုံသူဖြစ်ပါသည်' ဟု ပြောဆိုလေရာ ဒါဝူးဒ် عليه السلام က 'ဤအကျင့်ဆိုသည်မှာ မည်သည့်အကျင့်ပါနည်း' ဟု မေးမြန်းလေသည်။ ထိုအခါ ဖရစ်ရှ်သာဟ်က '၎င်းသည် မိမိ၏ စားခြင်း၊ သောက်ခြင်းနှင့် မိသားစု၏ သုံးစွဲစရိတ်များအတွက် မွတ်စ္စလင်မ်တို့၏ ဥစ္စာ 'ဗိုင်သွလ်မားလ်' မှ ယူလေ့ရှိပါသည်' ဟု ပြောကြားလေသည်။

ဤစကားကို ကြားရပြီး ဟဇရတ်ဒါဝူးဒ် عليه السلام သည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ ရိကျိုးစွာဖြင့် ဒိုအာပြုလေသည်မှာ 'ကျွန်တော်မျိုးသည် မိမိ၏လက်ဖြင့် အလုပ်လုပ်ကိုင်၍ ထိုအလုပ်မှ ရရှိသည့် အခကြေးငွေဖြင့် ကျွန်တော်မျိုးနှင့် ကျွန်တော်မျိုး၏ အိမ်သူအိမ်သားများအတွက် သုံးစွဲစရိတ် ရရှိနိုင်သော အလုပ်ကို သင်ကြားပေးတော်မူပါ။ ထို့ပြင် မွတ်စ္စလင်မ်တို့၏ အကျိုးအတွက်လည်းကောင်း၊ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများ၌လည်းကောင်း အခကြေးငွေမယူဘဲ လုပ်ကိုင်နိုင်ပါလိမ့်မည်' ဟု ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ ဒိုအာကို လက်ခံတော်မူလိုက်သည်။ ၎င်းအား သံချပ်ကာအင်္ကျီ ပြုလုပ်သည့် အတတ်ပညာကို သင်ကြားပေးတော်မူလိုက်သည်။ အလွန်လွယ်ကူစွာ ပြုလုပ်နိုင်ရန်ဟူ၍ သံကို ဖယောင်းကဲ့သို့ ပျော့ပျောင်းစေပြီး ၎င်းအား နဗီတမန်တော်တို့၏ ချီးမြှင့်မှုအတိုင်း ချီးမြှင့်ပေးတော်မူလေသည်။ အနည်းငယ်မျှသော အချိန်ကို မိမိ၏ ဝမ်းစာရှာဖွေမှုပြု၍ ကျန်အချိန်များကို 'အေဗာဒသ်' ပြုခြင်းနှင့် အုပ်ချုပ်ရေးလုပ်ငန်းများအတွက် သုံးစွဲခဲ့လေသည်။

ဓမ္မသတ် ။ ။ ခလီဖာဟ်သမ္မတ (သို့) အုပ်ချုပ်သူဘုရင်သည် မိမိ၏ အချိန်များကို အပြည့်အဝ အုပ်ချုပ်ရေးလုပ်ငန်းများအတွက် သုံးစွဲခြင်းပြုသည်ဆိုလျှင် မိမိ၏ အလယ်အလတ်ဝမ်းစာအတွက် 'ဗိုင်သွလ်မာလ်'မှ ယူခြင်းသည် ရှရီအသ်တရားတော်အရ ပိုင်သည်။ သို့ရာတွင် အခြားသော အခြေအနေတစ်ရပ်ရပ်ဖြင့် မိမိ၏ သုံးစွဲစရိတ်နှင့် ဝမ်းစာရရှိနိုင်မည်ဆိုလျှင် ပို၍ နှစ်သက်ဖွယ်ရာဖြစ်သည်။ ဟဇရသ်ဒါဝူဒ် ﷺ အပေါ် အလ္လာဟ်အသျှင်မြတ်သည် တစ်လောကလုံး၏ ဘဏ္ဍာများကို ဖွင့်ပေးတော်မူခဲ့သည်။ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား စသည်တို့နှင့် လိုအပ်ချက်ဖြစ်သော အရာများသည် အစုလိုက်အပုံလိုက် ရရှိခဲ့သည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ 'ဗိုင်သွလ်မားလ်'၏ ပစ္စည်းတို့ကို လိုအပ်သမျှ သုံးစွဲခွင့်လည်း ပေးတော်မူခဲ့သည်။ အောက်ပါအာယသ်တော်တွင်

فَامْنُنْ اَوْ اَمْسِكْ عَلَيْكَ بِغَيْرِ حِسَابٍ

'အသင် အလိုရှိသကဲ့သို့ သုံးစွဲပါလေ။ အသင့်အဖို့ စာရင်းတင်ပြရန် မလိုအပ်ပါ'ဟူ၍လည်း စိတ်ချလက်ချ သုံးစွဲရန် မိန့်ကြားတော်မူခဲ့သည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် နဗီတမန်တော်တို့အား မြင့်မားသော အဆင့်အတန်းများ ချီးမြှင့်ရန် လိုလားတော်မူလေရာ ထိုလိုလားချက်အားဖြင့် ဖော်ပြပါ ဖြစ်ရပ်များကို ဖြစ်ပေါ်စေတော်မူခဲ့သည်။ ထို့နောက်ပိုင်းတွင် ဟဇရသ်ဒါဝူဒ် ﷺ သည် ဤမျှ ကြီးကျယ်သည့် အုပ်ချုပ်ရေးအာဏာ ရှိပါလျက် မိမိ၏ သုံးစွဲစရိတ်၊ ဝမ်းစာအတွက် မိမိလုပ်အားဖြင့် ရှာဖွေလျက် ထိုရရှိသည့်အပေါ်၌သာ ရောင့်ရဲတော်မူခဲ့လေသည်။

သာသနာ့ပညာ သင်ကြားပို့ချပေးခြင်းနှင့် 'သဗ်လီးဂ်'လုပ်ငန်းများ၌ အခမဲ့ထမ်းဆောင်နေသော အိုလမာသာသနာ့ပညာရှင်များ၊ လူတို့၏ လုပ်ငန်းများတွင် မိမိတို့၏ အချိန်ကို သုံးစွဲနေကြသော တရားသူကြီးများနှင့် မုဖ်သီဓမ္မသတ်ပညာရှင်တို့သည်လည်း 'ဗိုင်သွလ်မားလ်' (ပြည်သူ့ဘဏ္ဍာ) မှ မိမိ၏ သုံးစွဲစရိတ်ကို ထုတ်ယူနိုင်ပေသည်။ သို့ရာတွင် သာသနာ့အကျိုး ထမ်းရွက်ရာ၌ အနှောင့်အယှက်လည်း မဖြစ်ဘဲ အခြားသော ပုံသဏ္ဍာန်တစ်ခုခုဖြင့် ဝမ်းစာအတွက် ဝင်ငွေရရှိသည်ဖြစ်ပါလျှင် ဤသည် အကောင်းဆုံးဖြစ်ပေသည်။

အကျိုးကျေးဇူး ။ ။ ဟဇရသ်ဒါဝူဒ် ﷺ သည် မိမိ၏ ဓလေ့အရ မိမိအကြောင်းကို လူတို့ထံမှ လေ့လာစုံစမ်းခြင်းကို အလေးအနက်ထား၍ လုပ်ဆောင်ခြင်းမှာ လူသည် မိမိ၏ အပြစ်အနာအဆာ၊ ချွတ်ယွင်းချက်ကို မိမိကိုယ်တိုင် မသိရှိနိုင်သောကြောင့် လူတို့ထံမှ လေ့လာဆန်းစစ်မှုပြုရခြင်း ဖြစ်သည်။ ဟဇရသ် အောမာမ်မာလစ်က် (ရဟ) သည်လည်း 'အများလူထုသည် ၄င်းနှင့်ပတ်သက်၍ မည်သို့ သဘောထားရှိသည်ကို လေ့လာဆန်းစစ်မှု ပြုခြင်းကို အလေးအနက်ထား ကျင့်ဆောင်ခဲ့သည်။

وَلِسُلَيْمٰنَ الرِّيْحَ غُدُوُّهَا شَهْرٌ وَّرَوَاحُهَا شَهْرٌ

ဟဇရတ်ဒါဝူးဒ် عليه السلام ၏ ထူးမြတ်မှုများနှင့် ချီးမြှင့်ခြင်းခံရမှုများအကြောင်း တင်ပြပြီးနောက် ဟဇရတ်စုလိုင်မာန် عليه السلام အကြောင်း တင်ပြနေခြင်းဖြစ်သည်။ အသျှင်မြတ်က မိန့်ကြားတော်မူသည်မှာ ဟဇရတ်ဒါဝူးဒ် عليه السلام အဖို့ အလ္လာဟ်အသျှင်မြတ်သည် တောင်များနှင့် ငှက်သတ္တဝါများကို အမိန့်နာခံသူများအဖြစ် ပြုပေးတော်မူသကဲ့သို့ ဟဇရတ်စုလိုင်မာန် عليه السلام အတွက် လေကို အမိန့်နာခံသူအဖြစ် ပြုပေးတော်မူခဲ့သည်။ ဟဇရတ်စုလိုင်မာန် عليه السلام ၏ ပလ္လင်တော်သည် အရေအတွက်များပြားလှသော ၎င်း၏ အပေါင်းအပါများကို တင်ဆောင်လျက်ရှိလေသည်။ လေသည် ဟဇရတ်စုလိုင်မာန် عليه السلام ၏အမိန့်ဖြင့် လိုရာခရီးကို ပို့ဆောင်ပေးလေသည်။ ဟဇရတ်ဟစန်ဗဆွရီ (ရဟ) က မိန့်သည်မှာ 'ဤသို့ လေကို နိုင်နင်းသည့် 'မုအ်ဂျေဇာဟ်' ကို ရရှိလာရခြင်းအကြောင်းမှာ ဟဇရတ်စုလိုင်မာန် عليه السلام သည် တစ်နေ့တွင် မြင်းများကို လိုက်လံစစ်ဆေး ကြည့်ရှုနေရင်းမှ 'အဆွရ်နမာဇ်' သည် 'ကဇွာ' ဖြစ်သွားခဲ့ရသည်အထိ စစ်ဆေးခြင်း၌ နစ်မွန်းသွားခဲ့လေသည်။ မြင်းများသည် နမာဇ်ဝတ်ပြုမှုကို မေ့လျော့စေသည့် အကြောင်းခံဖြစ်သွားရသောကြောင့် ဤသို့သော အကြောင်းခံကို အဆုံးစီရင်ရန်အတွက် ဟဇရတ်စုလိုင်မာန် عليه السلام သည် ထိုမြင်းများကို 'ဇဗာဟ်' ပြုလုပ်၍ 'ကုရ်ဗာနီ' ပြုလိုက်လေသည်။ (ဟဇရတ်စုလိုင်မာန် عليه السلام ၏ ရှရီအသ်တွင် နွားများကဲ့သို့ပင် မြင်းများကိုလည်း 'ကုရ်ဗာနီ' ပြုပိုင်သောကြောင့် ဖြစ်သည်။) ဤမြင်းများသည် ဟဇရတ်စုလိုင်မာန် عليه السلام ပိုင်ဆိုင်သော မြင်းများဖြစ်သည်။ ထို့ကြောင့် 'ဗိုင်သွလ်မားလ်' မှ နစ်နာဆုံးရှုံးကြောင်း ပြောဆိုရန်ပင်မရှိပါချေ။ 'ကုရ်ဗာနီ' ပြုလုပ်ခြင်းဖြစ်သည့်အတွက် မိမိ၏ ဥစ္စာပစ္စည်းကို ဖျက်ဆီးသည်ဟုလည်း မဆိုနိုင်ပေ။ စုလိုင်မာန် عليه السلام သည် မိမိ၏ ဥစ္စာပစ္စည်းကို ဖျက်ဆီးသည်ဟုလည်း မဆိုနိုင်ပေ။ စုလိုင်မာန် عليه السلام သည် မိမိ၏ အစီးအနင်းသတ္တဝါများကို 'ကုရ်ဗာနီ' ပြုလုပ်လိုက်သည့်အပေါ် အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား ထိုမြင်းများထက် သာပို ကောင်းမြတ်သော အစီးအနင်းကို ချီးမြှင့်တော်မူလိုက်ခြင်းဖြစ်သည်။ *[ကုရ်သုဗီ]*

غُدُوُّهَا شَهْرٌ وَّرَوَاحُهَا شَهْرٌ

غُدُوٌّ ၏ အဓိပ္ပာယ်မှာ နံနက်အချိန် ခရီးသွားခြင်းဖြစ်ပြီး رَوَاحٌ ၏ အဓိပ္ပာယ်မှာ ညနေအချိန် ခရီးသွားခြင်း ဖြစ်သည်။ အာယသ်တော်၏ အလိုသဘောမှာ ဟဇရတ်စုလိုင်မာန် عليه السلام ၏ ဤပလ္လင်တော်သည် နံနက်မှ နေ့လည်အထိ လေ၏ ပခုံးထက်တွင် တစ်လတာခရီးကို ဖြတ်ကျော်သွားခဲ့သည်။ ထို့နောက် တစ်ဖန် ညနေမှ ညအထိ တစ်လတာခရီးကို ဖြတ်သန်းသွားခဲ့သည်။ ဤနည်းဖြင့် နှစ်လတာခရီးကို တစ်နေ့တည်းတွင် ဖြတ်သန်းသွားခဲ့သည်ဟု ဖြစ်သည်။

ဟဇရတ်ဟစန်ဗဆွရီ (ရဟ) က မိန့်ဆိုသည်မှာ 'ဟဇရတ်စုလိုင်မာန် عليه السلام သည် နံနက်အချိန်တွင် 'ဗိုင်သုလ်မုကဒ္ဒတ်စ်' မှ ခရီးထွက်သည့်အခါ နေ့လည်အချိန်တွင် اصطخر 'အဆွ်သွခရ်' သို့ ရောက်ရှိ၍

ရပ်နားတော်မူသည်။ ထို့နောက် နေ့လည်စာစားသုံး၍ ထိုနေရာမှ 'ဇုဟုရ်'နမာဇ်ပြီးနောက် ပြန်လည် ထွက်ခွာတော်မူသည်။ كابل 'ကာဗိလ်'သို့ ရောက်သောအခါ ညဖြစ်သွားလေသည်။ 'ဗိုင်သုလ်မုကဒ္ဒတ်စ်'နှင့် 'အဆွဲသွခရ်' ၏ ခရီးမှာ အမြန်မောင်းနှင်သော အစီးအနင်းဖြင့်သွားလျှင် တစ်လတာသွားရသော ခရီးဖြစ်သည်။ အလားတူ 'အဆွဲသွခရ်'မှ 'ကာဗိလ်'အထိ ခရီးသည်လည်း အမြန်မောင်းနှင်သော အစီးအနင်းဖြင့် သွားသူသည် တစ်လကြာသည့်ခရီး ဖြစ်ပေသည်။ *[အိဗ်နေကာဆီး၍]*

وَاَسَلۡنَا لَهٗ عَيۡنَ الۡقِطۡرِ

'ငါအသျှင်မြတ်သည် စုလိုင်မာန် ﷺ အတွက် ကြေးနီကို ချောင်းအဖြစ် စီးဆင်းစေတော်မူခဲ့သည်' ဟု ဖြစ်သည်။

ကြေးနီကဲ့သို့သော မာကျောသည့် တွင်းထွက်ပစ္စည်းကို အလ္လာဟ်အသျှင်မြတ်သည် စုလိုင်မာန် ﷺ အတွက် ရေကဲ့သို့ စီးဆင်းစေသော အရာအဖြစ် ပြုပေးတော်မူခဲ့သည်။ ရေစိမ့်စမ်းကဲ့သို့ စီးဆင်းခြင်းဖြစ်သည်။ ပူလောင်ခြင်းလည်း မရှိပေ။ သို့မှသာ လွယ်လင့်တကူ ၄င်းအား အိုးခွက်၊ ပန်းကန်နှင့် အခြားသော လိုအပ်ချက်အသုံးအဆောင် ပစ္စည်းများကို ပြုလုပ်နိုင်မည်ဖြစ်သည်။

ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်က မိန့်ဆိုသည်မှာ ထိုကြေးနီ၏ ချောင်းအဖြစ် စီးဆင်းမှုသည် (၃) နေ့ (၃) ည၏ ခရီးသွားရသည်အထိ ဝေးလံစွာ စီးဆင်းလေသည်။ ဤသည် ယမန်နိုင်ငံ၌ ဖြစ်သည်။

မုဂျာဟိဒ်၏ ဆင့်ပြန်ချက်တွင် ဤချောင်းသည် صنعاء يمن 'ဆွန်အာယမန်'မှအစပြုပြီး (၃) နေ့ (၃) ည ခရီးအထိ ရေကဲ့သို့ပင် စီးဆင်းလျက် ရှိသည်'ဟု လာရှိပေသည်။ ခလီးလ်နဟ်ဝီက 'အာယသ်တော်၌ လာရှိသော قِطۡر ဟူသော စာလုံး၏ အလိုသဘောမှာ 'အရည်ပျော်နေသည့် ကြေးနီ'ကို ဆိုလိုခြင်းဖြစ်သည်ဟုဆိုသည်။ *[ကုရ်သုဗီး]*

وَمِنَ الۡجِنِّ مَن يَّعۡمَلُ بَيۡنَ يَدَيۡهِ

ဤစာပိုဒ်သည်လည်း ဖြတ်ချခံရသော سَخَّرۡنَا နှင့် ဆက်စပ်နေသော စာပိုဒ်ဖြစ်သည်။ အဓိပ္ပာယ်မှာ 'ငါအသျှင်မြတ်သည် စုလိုင်မာန် ﷺ အတွက် ဂျင်န်များကို မိမိတို့၏ အသျှင်မြတ်၏ အမိန့်ဖြင့် ၄င်း၏ ရှေ့၌ ၄င်း၏အလုပ်များ လုပ်ကိုင်သူများအဖြစ် အမိန့်နာခံစေတော်မူခဲ့သည်'ဟု ဖြစ်မည်။

بَيۡنَ يَدَيۡهِ '၄င်း၏ ရှေ့မှောက်တွင်'ဟူသော စာလုံးကို ဖြည့်စွက်သုံးနှုန်းခြင်းမှာ စုလိုင်မာန် ﷺ အဖို့ 'ဂျင်န်' တို့၏ အမိန့်နာခံမှုသည် နေနှင့် လ စသည်တို့ကို လူတို့၏ အမိန့်နာခံမှုပြုရန် မိန့်ကြားခြင်း ကုရ်အာန်ကျမ်း၌ လာရှိသကဲ့သို့ မဟုတ်ဘဲ 'ဂျင်န်'တို့သည် အစေခံ၊ အလုပ်သမားများကဲ့သို့ ၄င်း၏ ရှေ့မှောက်၌ ပေးအပ်ထားသည့် တာဝန်များကို ထမ်းဆောင်ရခြင်းဟု ပြဆိုခြင်းဖြစ်ပေမည်။

'ဂျင်န်' တို့ကို ထိန်းချုပ်မှုဆိုင်ရာ ဓမ္မသတ်

'ဂျင်န်'တို့၏ အမိန့်နာခံမှုအကြောင်း ဖော်ပြခဲ့သည်မှာ ထိုအမိန့်နာခံမှုသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အရ ဖြစ်သည်။ ထို့ကြောင့် ဤနေရာတွင် မည်သူမျှ စောဒကမေးခွန်းမေးရန် မဖြစ်နိုင်ပေ။ ထို့ပြင် အချို့ဆွဟာဗာများနှင့် စပ်လျဉ်း၍ 'ဂျင်န်'တို့သည် ၎င်းတို့၏ အမိန့်နာခံသူနောက်လိုက်များ ဖြစ်ခဲ့ကြသည်ဟု ဆင့်ပြန်ချက်များ၌ လာရှိခြင်းမှာလည်း အထက်ပါဖော်ပြချက်အတိုင်း အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အရသာ ဖြစ်သည်။ ဤသို့ဖြစ်ရာတွင် မည်သည့်'အမလ်'နှင့် 'ဝဇီဖဟ်'တို့နှင့် မည်သို့မျှ မသက်ဆိုင်ပေ။ ဥပမာ- အလ္လာမဟ်ရှရ်ဗီနီးသည် သဖ်စီးရ်စိရာဂျုလ်မုနီးရ်ကျမ်းတွင် ဤအာယသ်တော်၏ ဖွင့်ဆိုချက်အောက်၌ ဟဇရသ်အဗူဟူရိုင်ရာဟ် ؓ သခင်၊ အိုဗိုင်ဗင်န်ကအ်ဗ် ؓ သခင်၊ မအားဇ်ဗင်န်ဂျဗလ် ؓ သခင်၊ အုမရ်ဗင်န်ခဲ့သွာဗ် ؓ ၊ အဗူအိုင်ယှူးဗ်အန်ဆွာရီ ؓ သခင်နှင့် ဇိုင်ဒ်ဗင်န်ဆာဗိသ် ؓ စသော သခင်တို့၏ ဖြစ်ရပ်များစွာတို့ကို ရေးသားခဲ့သည်။ ၎င်းဖြစ်ရပ်များဖြင့် အတည်ဖြစ်သည်မှာ 'ဂျင်န်'တို့သည် ထိုပုဂ္ဂိုလ်ကြီးများ၏ အမိန့်နာခံမှုနှင့် အကျိုးဆောင်ခြင်းများကို ပြုခဲ့ကြသည်။ သို့ရာတွင် ဤဖြစ်ရပ်အားလုံးတို့သည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်သာလျှင် ဖြစ်သည်။ ဟဇရသ်စုလိုင်မာန် (ﷺ) ကဲ့သို့ပင် ထိုပုဂ္ဂိုလ်ကြီးများအဖို့ 'ဂျင်န်'အချို့တို့ကို မိန့်နာခံသူများအဖြစ် ပြုပေးတော်မူခြင်းသာ ဖြစ်သည်။ သို့ရာတွင် 'ဂျင်န်'တို့အား အမိန့်နာခံသူများအဖြစ် ထိန်းချုပ်ရန် 'အမလ်'ကျင့်စဉ်များပြုလုပ်သော 'အာမိလ်'များနှင့် စပ်လျဉ်း၍မူ ရှရီအသ်တရားတော်၏ အမိန့်သည် မည်သို့ရှိသည်ကို ကြည့်ရပေမည်။ ကာဇီဗဒ်ရွှဒ်ဒီးန်ရှိဗ်လီဟန်ဖီသည် (၈) ရာစု၏ အိုလမာပညာရှင်ကြီးများတွင် ပါဝင်သူဖြစ်သည်။

၎င်းက 'ဂျင်န်'များနှင့်စပ်လျဉ်းသော အမိန့်ပညတ်ချက်များကို 'အာကာမုလ်မရ်ဂျားန်ဖီအဟ်ကာမိလ်ဂျားန်'ဟူသော ကျမ်း၌ ရေးသားထားသည်မှာ 'ဂျင်န်'များအား ခိုင်းစေသော အလုပ်ကို ပထမဦးဆုံး ဟဇရသ်စုလိုင်မာန် (ﷺ) သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် 'မုအ်ဂျေဇာဟ်'ပုံစံဖြင့် ပြုလုပ်ခဲ့သည်ဟု ဖြစ်သည်။ ထို့နောက် ပါရှန်းပြည်သား ဂျမ်ရှီးဒ်ဗင်န်အွန်ဂျဟားန်နှင့် စပ်လျဉ်း၍ ၎င်းသည် 'ဂျင်န်' တို့အား ခိုင်းစေခဲ့သည်ဟု ရေးသားထားသည်။ ထို့အတူ အာဆွိဖ်ဗင်န်ဗရ်ခယား ၎င်းသည် ဟဇရသ်စုလိုင်မာန် (ﷺ) နှင့် ပတ်သက်ဆက်နွယ်သူများမှ ဖြစ်သည်။ ၎င်းနှင့်စပ်လျဉ်း၍ 'ဂျင်န်'များအား ခိုင်းစေခဲ့သည့် ဖြစ်ရပ်များမှာ ကျော်ကြားပေသည်။ မွတ်စ္စလင်မ်များအနက် အကျော်ကြားဆုံးမှာ အဗူနဆွ်ရ်အဟ်မဒ်ဗင်န် ဟိလားလ်အလ်ဗုကိုင်လ်နှင့် ဟိလာလ်ဗင်န်ဝဆွီးဖ်တို့ ဖြစ်သည်။ ၎င်းတို့သည် 'ဂျင်န်'များအား ခိုင်းစေခဲ့သည့် ဆန်းကျယ်သောဖြစ်ရပ်များ တင်ပြထားသည်။ ဟိလားလ်ဗင်န်ဝဆွီးဖ်သည် စာအုပ်တစ်အုပ်တွင် 'ဟဇရသ်စုလိုင်မာန် (ﷺ) အား တင်ပြသော 'ဂျင်န်'တို့၏ စာပိုဒ်များနှင့် ဟဇရသ်စုလိုင်မာန် (ﷺ) က ၎င်းထံမှ ကတိကဝတ်ရယူခြင်း အကြောင်းများကို စုစည်းတင်ပြထားသည်။

ကာဇီဗဒ်ရွှဒ်ဒီးန်သည် အထက်ဖော်ပြပါ ကျမ်း၌ ရေးသားခဲ့သည်မှာ များသောအားဖြင့် 'ဂျင်န်'တို့အား ထိန်းချုပ်ရန် 'အမလ်'ပြုသူ 'အာမိလ်'တို့သည် 'ကုဖ္ဖရ်'ဖြစ်စေသော စာပိုဒ်များဖြင့်လည်းကောင်း၊

ရှိက်သွာန်၏ စာပိုဒ်များဖြင့်လည်းကောင်း၊ ထို့ပြင် ပယောဂအတတ်ပညာများဖြင့်လည်းကောင်း ပြုလုပ်ကြခြင်းသာ ဖြစ်သည်။ ၎င်းတို့ကို ကာဖိရ်ဂျင်န်များနှင့် ရှိက်သွာန်တို့က နှစ်သက်ကြသည်။ ထို့ပြင် ၎င်းတို့က အမိန့်နာခံ၍ နောက်လိုက်ဖြစ်ရခြင်း၏ လျှို့ဝှက်သော ရည်ရွယ်ချက်မှာ ထို 'အမလ်'ပြုလုပ်သူ၏ 'ကုဖွ်ရ်'နှင့် 'ရှရစ်က်'လုပ်ရပ်များအား သဘောကျလျက် လာဘတ်ပေးသည့်အနေဖြင့် ၎င်းတို့၏ အချို့အလုပ်များကိုပါ ပြုလုပ်ပေးကြခြင်းပင် ဖြစ်သည်။ ထို့ကြောင့် များသောအားဖြင့် ထို 'အမလ်'များ၌ ကုရ်အာန်ကျမ်းတော်မြတ်ကို အညစ်အကြေးများ (သို့) သွေး စသည်တို့ဖြင့် ရေးသားကြသည်။ ဤသို့ ရေးသားခြင်းကို ကာဖိရ် 'ဂျင်န်'နှင့် ရှိက်သွာန်များက နှစ်သက် သဘောကျကြသည်။ ထို့ကြောင့် ၎င်းတို့၏ အလုပ်များကို လုပ်ကိုင်ပေးကြခြင်း ဖြစ်သည်။ သို့သော် ပုဂ္ဂိုလ်တစ်ဦးက အိဗ်နေအေမာမ်အကြောင်း ရေးသားခဲ့သည်မှာ အိဗ်နေအေမာမ်သည် ခလီဖာဟ်မုသ်အဖွ်ဖွိဒ်ဗိလ္လာဟ်၏ လက်ထက်တွင် ရှိခဲ့သူဖြစ်သည်။ ၎င်းသည် 'ဂျင်န်'များကို အလ္လာဟ်အသျှင်မြတ်၏ နာမတော်များအားဖြင့် ထိန်းချုပ်ခဲ့သည်။ ထိုသို့ ထိန်းချုပ်ရာတွင် တရားတော်နှင့် မည်သို့မျှ ဆန့်ကျင်မှုမရှိပေ။ *[အာကာမုလ်မရ်ဂျာန်ကျမ်း၊ စာ-၁၀၀။]*

အချုပ်မှာ 'ဂျင်န်'တို့အား အမိန့်နာခံသူများအဖြစ် ထိန်းချုပ်ရာတွင် အကယ်၍ လူတစ်ဦးအတွက် မည်သည့်ရည်ရွယ်ချက်နှင့် 'အမလ်'မျှ မပြုဘဲ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှသာ ဖြစ်ခဲ့ပါလျှင် ဥပမာ- ဟဇရသ်စုလိုင်မာန် ﷺ နှင့် အချို့သော ဆွဟာဗာများမှ ဖြစ်ပေါ်ခဲ့သကဲ့သို့ ၎င်းမှာမူ 'မုအ်ဂျေဇာဟ်'နှင့် 'ကရာမသ်'အနေဖြင့် အကျုံးဝင်သွားသည်။ 'အမလ်'များ ပြုကျင့်ခြင်းအားဖြင့် ပြုကျင့်သော ထိန်းချုပ်မှုများတွင် အကယ်၍ 'ကုဖွ်ရ်'၏စာသားများ (သို့) 'ကုဖွ်ရ်'၏ လုပ်ရပ်များ ပါဝင်သည်ဖြစ်ပါလျှင် 'ကုဖွ်ရ်' ဖြစ်ပြီး အပြစ်ထိုက်သောအရာများသာ ပါဝင်သည်ဆိုပါလျှင် ကြီးလေးသော အပြစ်ထိုက်ပေမည်။ အဓိပ္ပာယ် မသိနိုင်သော စာလုံးများ ပါဝင်သည့် 'အမလ်'များနှင့် စပ်လျဉ်း၍ ဖိကာဟ်ပညာရှင်များက မပိုင်ဟု ဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုစာလုံးများသည် 'ကုဖွ်ရ်'၊ 'ရှရစ်က်'နှင့် အပြစ်ထိုက်သော စာလုံးများ ဖြစ်နိုင်သောကြောင့်ပင် ဖြစ်သည်။ ကာဇ္ဇီဗဒ်ရွဒ်ဒီးန်သည် အာကာမုလ်မရ်ဂျာန်ကျမ်းတွင် ဤကဲ့သို့ အဓိပ္ပာယ်မသိသော စကားလုံးများကို သုံးနှုန်းခြင်းကိုလည်း မပိုင်' ဟု ရေးသားထားသည်။

အကယ်၍ ဤထိန်းချုပ်သည့် 'အမလ်'သည် အလ္လာဟ်အသျှင်မြတ်၏ နာမတော်များ (သို့) ကုရ်အာန်၏ အာယသ်တော်များဖြင့် ပြုကျင့်ခြင်းဖြစ်ပြီး၊ ၎င်းတွင် အညစ်အကြေး စသည်များ သုံးစွဲခြင်းမျိုးဖြစ်သော မည်သည့်အပြစ်ထိုက်သည့် လုပ်ရပ်မျှ မရှိပါလျှင် ဤ 'အမလ်'သည် 'ဂျင်န်'တို့၏ ဒုက္ခပေးခြင်း အန္တရာယ်မှ မိမိကိုယ်ကို ကာကွယ်ခြင်း၊ (သို့) အခြားသော မွတ်စ္စလင်မ်တို့ကို ကာကွယ်ပေးရန် ဟူသော ရည်ရွယ်ချက်ရှိပါလျှင် ပြုပိုင်ပေသည်။ ဆိုလိုသည်မှာ ဒုက္ခမှ ဝေးရန် ရည်ရွယ်ခြင်းသာ ဖြစ်ရမည်။ အကျိုးခံစားခွင့် ရယူရန် ရည်ရွယ်ခြင်း မဖြစ်စေရဟူသော စည်းကမ်းချက်များဖြင့် ပိုင်သည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ ၎င်းသည် စီးပွားရှာဖွေရန် လုပ်ငန်းအဖြစ် ပြုလုပ်ခြင်းဖြစ်လျှင် လွတ်လပ်သူ

ကို ကျွန်ပြုခြင်းနှင့် တရားတော်၏ အခွင့်မရှိသည်ကို အကျိုးခံစားခွင့် ရယူခြင်းတို့သည် 'ဟရာမ်' ဖြစ်သောကြောင့် မပြုပိုင်ခြင်းဖြစ်သည်။

وَمَنْ يَّزِغْ مِنْهُمْ عَنْ اَمْرِنَا نُذِقْهُ مِنْ عَذَابِ السَّعِيْرِ

ဆိုလိုသည်မှာ 'ငါအသျှင်မြတ်သည် 'ဂျင်န်' များကို စုလိုင်မာန်အတွက် အကျိုးဆောင်ပေးရန်နှင့် အမိန့်နာခံရန် အမိန့်ပေးထားသည်ဖြစ်ရာ အကယ်၍ ၎င်းတို့အနက် တစ်စုံတစ်ဦးသည် ထိုအမိန့်နာခံမှုမှ တိမ်းယိမ်းသွားမည်ဆိုလျှင် ငါအသျှင်မြတ်သည် ၎င်းအား မီး၏ အပြစ်ဒဏ်ကို ပေးတော်မူမည်' ဟု ဖြစ်သည်။

'မုဖတ်စ်စိရ်' အဖွင့်ပညာရှင် အများစုတို့သည် ဤမီးဆိုသည်ကို 'အာခေရသ်' တမလွန်၏ 'ဂျဟန္နမ်' ၏ 'အဇားဗ်' အပြစ်ဒဏ်ကို ဆိုလိုကြသည်။ အချို့ပညာရှင်များက မိန့်ဆိုကြသည်မှာ ဒုန္နယာလောက၌လည်း အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အပေါ်၌ ဖရစ်ရှ်သာဟ်တစ်ပါးကို စောင့်ကြပ်စေတော်မူထားသည်။ စုလိုင်မာန် ﷺ ၏ အမိန့်ကို နာခံရန် ပျက်ကွက်သည့် 'ဂျင်န်' ကို ထို ဖရစ်ရှ်သာဟ်က မီးကျာပွတ်ဖြင့် ရိုက်နှက်လျက် အလုပ်လုပ်ရန် အတင်းအကြပ် စေခိုင်းလျက် ရှိနေသည်။ *[ကုရ်သုဗီကျမ်း]*

ဤသို့ဆိုခြင်းဖြင့် 'ဂျင်န်' တို့သည် မီးဖြင့် ဖန်ဆင်းခြင်းခံရသူများ ဖြစ်သည်။ မီးသည် ၎င်းတို့အပေါ်၌ မည်သို့ စူးရှသက်ရောက်နိုင်ပါမည်နည်းဟူသော ဒွိဟသံသယဖြစ်၍ မရနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် 'ဂျင်န်' တို့အား မီးဖြင့် ဖန်ဆင်းသည်ဆိုခြင်းမှာ လူသားအား မြေကြီးဖြင့် ဖန်ဆင်းထားသည်ဟူသော သဘောပင်ဖြစ်သည်။ ဆိုလိုသည်မှာ လူသားအတွင်း ဓါတ်ကြီးများတွင် အများဆုံးဓါတ်မှာ မြေကြီးဖြစ်သည်။ သို့ရာတွင် လူသားအား မြေကြီးခဲ၊ ကျောက်ခဲဖြင့် ပစ်ပေါက်ရိုက်နှက်ပါလျှင် နာကျင်မှုဖြစ်ပေမည်။ ဤအတိုင်းပင် 'ဂျင်န်' တို့၌ အများဆုံးဓါတ်သည် မီးဓါတ်ပင် ဖြစ်သည်။ သို့ရာတွင် ထိုမီးဖြင့် ဖန်ဆင်းခံရသော 'ဂျင်န်' အားလည်း ပြင်းပြသော မီးဖြင့် ရှို့လျှင် လောင်ကျွမ်းသွားမည်သာ ဖြစ်သည်။

وَيَعْمَلُوْنَ لَهٗ مَا يَشَاءُ مِنْ مَّحَارِيْبَ وَتَمَاثِيْلَ وَجِفَانٍ كَالْجَوَابِ وَقُدُوْرٍ رّٰسِيٰتٍ

ဤအာယသ်တော်တွင် ဟဇရသ်စုလိုင်မာန် ﷺ သည် 'ဂျင်န်' တို့အား ခိုင်းစေခဲ့သော အလုပ်များအကြောင်း အကျယ်တဝင့် ပါရှိသည်။

مَحَارِيْب သည် **محراب** ၏ အများကိန်းဖြစ်သည်။ အဆောက်အဦး၏ အထွတ်မြတ်ဆုံးနေရာ အစိတ်အပိုင်းကို ခေါ်ဆိုသည်။ ဘုရင်နှင့် ရာထူးရာခံရှိသူ လူကြီးများသည် မိမိတို့အတွက် အုပ်ချုပ်ရေးဆိုင်ရာ ပြုလုပ်ထားသည့် အခန်းကိုလည်း **محراب** 'မိဟ်ရာဗ်' ဟုပင် ခေါ်ဆိုသည်။ **محراب** ဟူသောစာလုံးသည် **حرب** ဟူသော စာလုံးမှ ဆင်းသက်လာပြီး အဓိပ္ပာယ်မှာ စစ်တိုက်ခြင်းဟု ဖြစ်သည်။ လူတစ်ဦးသည် မိမိ၏ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စများအတွက် အခြားသူများ မရောက်ရှိစေရန် ကာကွယ်ထားသည့် အခန်းကို ဆောက်လုပ်ထားသည်။ ထိုနေရာ၌ ဝင်ရောက်စွက်ဖက်လာသူအား ဆန့်ကျင်တိုက်ခိုက်မှု

ပြုလေသည်။ ထို့ကြောင့် ထိုအခဲ့ဆောက်အဦး၏ သီးသန့်အထူးနေရာကို محراب 'မိဟ်ရာဗ်'ဟု ခေါ်ဆိုကြသည်။ ဗလီများတွင် အေမာမ်ရပ်သည့်နေရာကိုလည်း محراب ဟုပင် ခေါ်ဆိုကြသည်။ တစ်ခါတစ်ရံ ဗလီဝတ်ကျောင်းတော်များကိုပင် محاريب ဟူသော စာလုံးဖြင့် သုံးနှုန်းထားသည်။ ရှေးခေတ်သမယတွင် محاريب بنى اسرائيل ဗနီအိစ်ရာအီးလ်တို့၏ ဗလီဝတ်ကျောင်းတော်များဟုလည်းကောင်း၊ အစ္စလာမ် သာသနာတွင် محاريب الصحابة ဆွဟာဗာတို့၏ ဗလီဝတ်ကျောင်းတော်များဟုလည်းကောင်း သုံးနှုန်းခြင်းမှာ ၄င်းတို့ ဆောက်လုပ်ခဲ့သည့် ဗလီများကိုပင် ဆိုလိုပေသည်။

ဗလီဝတ်ကျောင်းတော်များတွင် 'မိဟ်ရာဗ်' အတွက် စနေ်တကျ အခိုင်အမာ ဆောက်လုပ်ခြင်း ဆိုင်ရာ အမိန့်

တမန်တော်မြတ် ﷺ နှင့် ခုလဖာအေရာရှိဒီးန်တို့၏ ခေတ်သမယများအထိ ရှေ့ဆောင်အေမာမ်ရပ်သည့် နေရာကို သီးခြားအဆောက်အဦး အဆင့်ဖြင့် ဆောက်လုပ်သည့် အစဉ်အလာမရှိခဲ့ပေ။ 'ကုရူးနေ့ အူလာ' (အကောင်းဆုံးခေတ်များ) ၏ နောက်ပိုင်းတွင် အုပ်ချုပ်သူတို့သည် 'မိဟ်ရာဗ်'ပြုလုပ်ခြင်း အစဉ်အလာကို မိမိတို့၏ လုံခြုံရေးအတွက် ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် အများမွတ်စ္စလင်မ်များတွင် ထိုသို့ ပြုရခြင်း အစဉ်အလာ၏ အကျိုးမှာ အေမာမ်ရပ်သည့် နေရာသည် 'ဆွဖ်'အတန်းတစ်တန်းလုံး လွတ်နေပါသည်။ နမာဇ် ဝတ်ပြုသူများပြားခြင်းနှင့် ဗလီကျဉ်းမြောင်းခြင်းများအပေါ် ထောက်ရှု၍ အေမာမ်ရပ်သည့် နေရာကို 'ကိဗ်လာဟ်' ဘက်ရှိ နံရံတွင် လိုဏ်ဂူကဲ့သို့ တူး၍ ပြုလုပ်ပေးကြသည်။ သို့မှသာ အေမာမ်၏နောက်တွင် အတန်းများသည် အပြည့်အဝ တန်းနိုင်ကြမည်ဖြစ်သည်။ စင်စစ် ဤနည်းလမ်းသည် အကောင်းဆုံးခေတ် များတွင် မရှိခဲ့ပေ။ ထို့ကြောင့် အချို့အာလင်မ်မွှသတ်ပညာရှင်များက ဤသို့ ပြုလုပ်ခြင်းကို 'ဗိဒ်အသ်' ဟု ဆိုကြသည်။ ရှိုင်ခ်ဂျလာလွဒ်ဒီးန်စီယူသို (ရဟ) က ဤမွှသတ်နှင့်စပ်လျဉ်း၍ 'အိအ်လာမုလ်အရာနီးဗ် ဖီးဗိဒ်အသိလ်မဟာရီးဗ်' အမည်ရှိ ကျမ်းတစ်စောင် ရေးသားခဲ့သည်။ တိကျမှန်ကန်သော အချက်မှာ 'အကယ်၍ ဤကဲ့သို့သော 'မိဟ်ရာဗ်'များကို နမာဇ်ဝတ်ပြုသူတို့၏ လွယ်ကူမှုနှင့် ဗလီ၏ အကျိုးကို ထောက်ရှု၍ ပြုလုပ်ခြင်းဖြစ်လျှင်လည်းကောင်း၊ ထို့ပြင် ဤသို့ပြုခြင်းကို အဓိက 'စွန္နသ်'ဟု မှတ်ယူခြင်း မပြုလျှင်လည်းကောင်း ထိုအခါမျိုးတွင် ၄င်းကို 'ဗိဒ်အသ်'ဟုဆိုရန် မည်သည့်အကြောင်းမျှ မရှိပေ။ သို့ရာတွင် အကယ်၍ အဓိက 'စွန္နသ်'ဖြစ်သည်ဟု မှတ်ယူလျှင်ဖြစ်စေ၊ ၄င်း 'မိဟ်ရာဗ်'များ မပြုလုပ်သူကို ဆန့်ကျင်တားမြစ်မှုများ ပြုလျှင်ဖြစ်စေ၊ ပြုလုပ်ပါလျှင် စည်းဘောင်ကျော်ခြင်းဖြစ်၍ 'ဗိဒ်အသ်' လုပ်ရပ်၌ ပါဝင်သွားနိုင်ပေသည်။

ဓမ္မသတ် ။ ။ အေမာမ်၏ 'မိဟ်ရာဗ်'ကို သီးသန့်အဆောင်တစ်ခုအဖြစ် ဆောက်လုပ်ထားလျှင် ထိုကဲ့သို့သော ဗလီများတွင် အေမာမ်သည် ဤ 'မိဟ်ရာဗ်'၏ အပြင်သို့ ထွက်၍ နမာဇ်ဝတ်ပြုသူများဘက်သို့

တိုး၍ ရုပ်ရန် အရေးကြီးသည်။ သို့မှသာ အေမာမ်နှင့် မုက္ကသဒီတို့၏ နေရာသည် တစ်ခုတည်းဟု သတ်မှတ်နိုင်ပေမည်။ ထိုသို့မဟုတ်ပါက အေမာမ်သည် သီးခြားနေရာ၌ ရပ်ခြင်းဖြစ်ပြီး 'မက္ကရူးဟ်'နှင့် မပိုင်ဖြစ်ပေမည်။ အချို့ဗလီများတွင် 'မိဟ်ရားဗ်'သည် 'မုက္ကသဒီ'တို့၏ 'ဆွဖ်'အတန်းငယ်တစ်တန်းဝင် ဆန့်နိုင်လောက်အောင် ကျယ်ဝန်းစွာ ဆောက်လုပ်ထားပါသည်။ ဤကဲ့သို့သော 'မိဟ်ရားဗ်'တွင် အကယ်၍ မုက္ကသဒီများသည် 'ဆွဖ်'အတန်းတစ်ရပ်ရပ်ကြပြီး အေမာမ်သည် ၎င်းတို့၏ရှေ့ 'မဟ်ရားဗ်'တွင် ရပ်သည်ဆိုပါလျှင် အေမာမ်နှင့် မုက္ကသဒီတို့၏ နေရာသည် တစ်နေရာတည်း၌ ဖြစ်သည့်အတွက် 'မက္ကရူးဟ်' မဖြစ်ပါချေ။

تماثيل သည် تمثال ၏ အများကိန်းဖြစ်သည်။ ကာမူးစ်ကျမ်းတွင် تمَثال ('သာ'အက္ခရာအပေါ် ဇဗရ်) ဖြင့် مصدر ဖြစ်သည်ဟု လာရှိသည်။ 'ဇေရ်'နှင့် تمِثال သည် ရုပ်ပုံများကို ခေါ်ဆိုသည်။ အိမ်နေအာရဗီသည် အဟ်ကာမွလ်ကုရ်အာန်ကျမ်း၌ ရုပ်ပုံများနှင့်စပ်လျဉ်း၍ နှစ်မျိုးနှစ်စားရှိသည်။ တစ်မျိုးမှာ သက်ရှိပုံများဖြစ်ပြီး ကျန်တစ်မျိုးမှာ သက်မဲ့ပုံများ ဖြစ်သည်ဟု မိန့်ဆိုထားသည်။ တစ်ဖန် သက်မဲ့ပုံများတွင်လည်း နှစ်မျိုးနှစ်စား ရှိပြန်သည်။ တစ်မျိုးမှာ တိုးပွားမှုမရှိသော ကျောက်တုံးကျောက်ခဲ၊ မြေကြီးစသည်တို့ ဖြစ်သည်။ အခြားတစ်မျိုးမှာ တိုးပွားမှုရှိသော သစ်ပင်နှင့် လယ်ယာ စသည်တို့ ဖြစ်သည်။ 'ဂျင်န်'တို့သည် စုလိုင်မာန် عليه السلام အတွက် ထိုအရာအားလုံး၏ ရုပ်ပုံများ ပြုလုပ်ပေးကြရသည်။

ပထမအချက်အနေဖြင့် تمثال စာလုံး၏ ခြုံငုံသော အဓိပ္ပာယ်အရပင် ဤရုပ်ပုံများသည် အမျိုးအစားတစ်ခုခုအတွက် သီးသန့်မဟုတ်ဘဲ အရာတိုင်းအတွက် ခြုံငုံ၍ဆိုကြောင်း သဘောပေါက်နိုင်ပါသည်။ ဒုတိယအချက်မှာ သမိုင်းဆင့်ပြန်ချက်များတွင် ဟဇရသ်စုလိုင်မာန် عليه السلام ၏ ပလ္လင်ပေါ်တွင် ငှက်သတ္တဝါတို့၏ ရုပ်ပုံများ ပါရှိကြောင်းကိုလည်း ဖော်ပြထား၍ ဖြစ်သည်။

အစ္စလာမ့်တရားတော်တွင် သက်ရှိတို့၏ ရုပ်ပုံများ ပြုလုပ်ခြင်းနှင့် သုံးစွဲခြင်းများ၏ တားမြစ်ချက်

ဖော်ပြပါအာယသ်တော်အရ သိရှိရသည်မှာ 'ဟဇရသ်စုလိုင်မာန် عليه السلام ၏ ရှရီအသ်တရားတော်တွင် သက်ရှိတို့၏ ပုံများရေးဆွဲခြင်း၊ ထုဆစ်ခြင်း၊ သုံးစွဲခြင်းများသည် 'ဟရာမ်'မဟုတ်ပေ။ သို့ရာတွင် ရှေးအွမ္မသ်တို့သည် လူတို့၏ ရုပ်ပုံများ၊ ရုပ်တုများကို အမှတ်တရအနေဖြင့် ရေးဆွဲ ထုဆစ်ခဲ့ကြသည်။ ထို့နောက် ထိုရုပ်ပုံရုပ်တုများကို မိမိတို့၏ ဝတ်ပြုရာ ကျောင်းတော်များတွင် ၎င်းတို့အား ကြည့်၍ ၎င်းတို့၏ 'အေဗာဒသ်' ပြုကျင့်ခဲ့သည်များရှေ့ဝယ် ရောက်ရှိလာပြီး ထို့နောက် ၎င်းတို့ကဲ့သို့ ကျွန်ုပ်တို့ကိုယ်တိုင်လည်း 'အေဗာဒသ်' ပြုနိုင်စွမ်းများ ရရှိလာကြလိမ့်မည်' ဟုမည်သော ရည်ရွယ်ချက်ဖြင့် ထားရှိခဲ့ကြသည်။ သို့ရာတွင် တစ်စတစ်စနှင့် ထိုသူတို့သည် ဤရုပ်တုများကိုပင် မိမိတို့၏ ကိုးကွယ်ရာများအဖြစ် ပြုလိုက်ကြပြီး ရုပ်တုကိုးကွယ်ခြင်း လုပ်ရပ် စတင်လာခဲ့လေသည်။

အချုပ်ဆိုရသော် ရှေးအမွှသ်များတွင် သက်ရှိရုပ်ပုံရုပ်တုများသည် ရုပ်တုကိုးကွယ်ခြင်း၏ အကြောင်းခံ ဖြစ်ခဲ့သည်။ အစွလာမ့်ရှရီအသ်တရားတော်ကို အလ္လာဟ်အသျှင်မြတ်သည် 'ကေယာမသ်'အထိ တည်ရှိစေတော်မူမည်ဖြစ်သည့်အခါ မူလ'ဟရာမ်'ဖြစ်သော အရာများနှင့် မကောင်းမှုဒုစရိုက်တို့ကို 'ဟရာမ်'အဖြစ် သတ်မှတ်တားမြစ်တော်မူသကဲ့သို့ ၎င်းတို့ ဖြစ်ပေါ်လာမည့်အကြောင်းခံများကို နီးစပ်မှုများကိုလည်း မူလ မကောင်းမှုနှင့်အတူ တွဲ၍ 'ဟရာမ်'အဖြစ် သတ်မှတ်ခဲ့သည်။ မူလအကြီးမားဆုံးအပြစ်သည် 'ရှရစ်က်'နှင့် ရုပ်တုကိုးကွယ်ခြင်း ဖြစ်သည်။ ၎င်းတို့ကို တားမြစ်ပိတ်ပင်တားမြစ်သည့်အခါ ရုပ်တုကိုးကွယ်ခြင်း ဝင်ရောက်နိုင်သော လမ်းများကိုလည်း 'ရှရီအသ်'တရားတော်၏ စည်းဘောင်များ ချမှတ်ရသည်။ ရုပ်တုကိုးကွယ်ခြင်း၏ အကြောင်းခံနှင့် နီးစပ်မှုများကိုလည်း 'ဟရာမ်'အဖြစ် သတ်မှတ်ရတော့သည်။ သက်ရှိတို့၏ ရုပ်ပုံရုပ်တုများ ပြုလုပ်ခြင်း၊ ၎င်းတို့ကို သုံးစွဲခြင်းတို့ကို ထိုဥပဒေအတိုင်း 'ဟရာမ်'အဖြစ် သတ်မှတ်ရလေသည်။ တမန်တော်မြတ် ﷺ ၏ ဆွဟီးဟ်ဘိုခါရီဟဒီးစ်တော်များနှင့် 'မုသဝါသိရဟ်' ဟဒီးစ်တော်များဖြင့် ထိုအရာများ 'ဟရာမ်'ဖြစ်ကြောင်း အတည်ဖြစ်သည်။

ဤအတိုင်းပင် အရက်အား 'ဟရာမ်'အဖြစ် သတ်မှတ်လေသောအခါ အရက်ဝယ်ခြင်း၊ ရောင်းခြင်း၊ ၎င်းအရက်အား သယ်ယူပို့ဆောင်ခြင်းအလုပ်နှင့် အရက်ချက်လုပ်ခြင်းအားလုံးတို့သည် အရက်သောက်ခြင်း၏ အကြောင်းခံများဖြစ်၍ 'ဟရာမ်'အဖြစ် သတ်မှတ်ခံရသည်။ ခိုးဝှက်ခြင်းကို 'ဟရာမ်'အဖြစ် သတ်မှတ်သည့်အခါ သူတစ်ပါး၏ အိမ်၌ အခွင့်မရှိဘဲ ဝင်ရောက်ခြင်းကိုသာမက အပြင်မှ ချောင်းမြောင်းကြည့်ရှုခြင်းကိုပင် တားမြစ်ထားသည်။ 'ဇေနာ'ကို 'ဟရာမ်'အဖြစ် သတ်မှတ်လေသောအခါ 'နေကာဟ်'ပြုပိုင်သူအား ရည်ရွယ်လျက်ကြည့်ရှုခြင်းကိုပင် 'ဟရာမ်'အဖြစ် သတ်မှတ်ခြင်းခံရသည်။ ရှရီအသ်တရားတော်တွင် ထိုအကြောင်းနှင့် စပ်လျဉ်း၍ ဥပမာများစွာ ရှိပေသည်။

ရုပ်ပုံရုပ်တုများ ရေးဆွဲထုဆစ်ခြင်းတို့ကို "ဟရာမ်"သတ်မှတ်ခြင်းအပေါ် သံသယ မေးခွန်းများနှင့် ဖြေကြားချက်

ကိုယ်တော်မြတ် ﷺ ၏ ခေတ်သမယတွင် ရုပ်ပုံရုပ်တုများကို အသုံးပြုကြခြင်းမှာ ရုပ်တုကိုးကွယ်ခြင်း၏ အကြောင်းခံဖြစ်နိုင်သည်ဟု ဆိုနိုင်ပါသည်။ သို့သော် တရားခံများကို သိရှိနိုင်ခြင်း၊ အရောင်းအဝယ်များ၌ အထူးသဂေ်ာတထားခြင်း၊ မိတ်ဆွေများနှင့် တွေ့ဆုံခြင်း၊ ဖြစ်စဉ်ဖြစ်ရပ်များ၏ အခြေအနေကို ဆန်းစစ်လေ့လာခြင်းတို့တွင် အထောက်အကူများ ရရှိပေသည်။ ထိုအထောက်အကူများ ရရှိခြင်းအားဖြင့် ဤရုပ်ပုံနှင့် ရုပ်တုတို့သည် ဘဝသက်တမ်း၏ အရေးပါသော အခန်းကဏ္ဍ၌ ထည့်သွင်းခံရခြင်းဖြစ်သည်။ ဤသို့ပြုခြင်း၌ ရုပ်တုကိုးကွယ်ခြင်းနှင့် 'အေဗာဒသ်'ပြုခြင်းများအတွက် မည်သည့်အာရုံမျှ မရှိပါချေ။ သို့ဖြစ်ပေရာ ရုပ်တုကိုးကွယ်ခြင်းကို စိုးရိမ်၍ တားမြစ်ခဲ့သည့် တားမြစ်ချက်ကို ယခုအခါ ရုပ်သိမ်းရန် သင့်ပါသည်။

မြေကြားချက်မှာ ယခု ဈက်မှောက်ခေတ်၌ ရုပ်ပုံရုပ်တုများသည် ရုပ်တုကိုးကွယ်ခြင်း၏ အကြောင်းခံအဖြစ် မရှိတော့ဟု ဆိုခြင်းမှာ မမှန်ပါချေ။ ယခုခေတ်၌လည်း မိမိတို့၏ အကြီးအကဲတို့၏ ရုပ်တုရုပ်ပုံများကို ကိုးကွယ်နေကြသည့် အုပ်စု၊ အဖွဲ့အစည်းများစွာ ရှိပါသည်။ အကြောင်းတစ်ရပ်အပေါ် ချမှတ်သော အမိန့်အဖို့ လူတိုင်း ပြုလုပ်ခြင်းကြောင်ဖြစ်ရန် အရေးမကြီးပေ။ ထို့ပြင် ရုပ်ပုံရုပ်တုများကို တားမြစ်ရသည့် အကြောင်းမှာ ရုပ်တုကိုးကွယ်ခြင်းအကြောင်းခံတစ်ခုတည်းအတွက် တားမြစ်ခြင်း မဟုတ်ပါ။ ဆွဟီးဟ်ဟဒီးစ်တော်များတွင် ထိုအရာများကို 'ဟရာမ်'သတ်မှတ်ရခြင်း၏ အခြားသော အကြောင်းတရားများလည်း ဖော်ပြထားပါသည်။ ဥပမာ- ရုပ်ပုံရေးဆွဲခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ သီးသန့်ဂုဏ်တော်ကို အတုခိုးယူခြင်းဖြစ်သည်။

مُصَوِّرٌ (ရုပ်လုံးပေါ်စေတော်မူသောအသျှင်) သည် အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော်များအနက် ဂုဏ်တော် တစ်ပါးဖြစ်သည်။ ရုပ်လုံးပေါ်စေခြင်းသည် ထိုအသျှင်မြတ်အဖို့သာ ဖြစ်သည်။ ထိုအသျှင်မြတ်၏ တန်ခိုး တော်များအနက်မှ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အဖန်ဆင်းခံအမျိုးအစားများသည် ထောင်နှင့်ချီ၍ ရှိပါသည်။ အမျိုးအစားတိုင်းတွင် ကုဋေချီသော အရေအတွက်ဖြင့် ရှိပါသည်။ ပုံသဏ္ဌာန်တွင် တစ်ခုနှင့် တစ်ခု မတူညီကြပါ။ လူကိုပင် ကြည့်မည်ဆိုလျှင် အမျိုးသား၏ ပုံပန်းသဏ္ဌာန်နှင့် အမျိုးသမီး၏ ပုံပန်း သဏ္ဌာန်တွင် ကွဲပြားခြားနားမှုများ ရှိပါသည်။ တစ်ဖန် အမျိုးသား၊ အမျိုးသမီးတို့၏ ကုဋေချီသော အရေအတွက်တွင် လူနှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး လုံးဝ ချွတ်စွပ်တူညီသည်ဟု မရှိပါ။ ကြည့်ရှုတွေ့မြင်သူအဖို့ မည်သည့်စဉ်းစားတွေးတောခြင်းမျှ မရှိဘဲ ခွဲခြားနိုင်ပါသည်။ ဤသို့ ရုပ်လုံးဖော်ခြင်းကို အလ္လာဟ်အသျှင်မြတ်မှအပ ပြုစွမ်းနိုင်ခြင်း မည်သူ၌ ရှိပါသနည်း။

သက်ရှိတစ်ခုခု၏ ခန္ဓာကိုယ် (သို့) ပုံပန်းသဏ္ဌာန်ကို ရေးဆွဲထုဆစ်သူသည် ထိုအလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော်အတိုင်း လက်တွေ့ကျကျ ကြွေးကြော်လိုက်ခြင်းပင် ဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော် 'ကျွန်ုပ်သည်လည်း ဤသို့ ရုပ်လုံးဖော်ခြင်းကို ပြုလုပ်နိုင်ပါသည်'ဟု ဖြစ်သည်။ ထို့ကြောင့် ဆွဟီးဟ်ဘိုခါရီကျမ်း စသည်တို့၏ ဟဒီးစ်တော်များ၌ လာရှိသည်မှာ 'ကေယာမသ်'နေ့တွင် ရုပ်ပုံ ရုပ်ထု ရေးဆွဲထုဆစ်သူများအား 'အသင်တို့သည် ငါအသျှင်မြတ်အား တုပ၍ အတုခိုးခဲ့သည်ဖြစ်ရာ ထိုရုပ်ပုံရုပ်တုကို ပြည့်ဝစုံလင်အောင် ပြုလုပ်ပြသပါလေ။ အကယ်၍ အသင်တို့၌ ပြုနိုင်စွမ်းသည်ဆိုလျှင် ငါအသျှင်မြတ်သည် အရုပ်အဖြစ်သာ ပြုလုပ်တော်မူသည်မဟုတ်ဘဲ ထိုအရုပ်တွင် 'ရူးဟ်'ဝိညာဉ်ကိုလည်း ထည့်သွင်းတော်မူခဲ့သည်။ အကယ်၍ အသင်တို့သည် ဤဖန်ဆင်းမှု၌ ကြွေးကြော်သည်ဖြစ်လျှင် မိမိတို့ ပြုလုပ်ထားသည့် အရုပ်များတွင် ဝိညာဉ်လည်း ထည့်သွင်းပြသကြကုန်'ဟု အလ္လာဟ်အသျှင်မြတ်က မိန့်ကြားတော်မူပေမည်။

ရုပ်ပုံများနှင့် စပ်လျဉ်း၍ တားမြစ်ရသော အကြောင်းခံတစ်ရပ် ဆွဟီးဟ်ဟဒီးစ်တော်များ၌ လာရှိသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ဖရစ်ရှ်သာဟ်များသည် ရုပ်ပုံနှင့် ခွေးကို ရွံရှာမုန်းတီးကြသည်။

ထိုအရာများရှိသော အိမ်တွင် 'ရဲဟ်မသ်'တော်၏ ဖရစ်ရှ်သာဟ်များ ဝင်ရောက်ခြင်းမရှိပေ။ ထို့ကြောင့် ထိုအိမ်တွင် 'ဗရ်ကသ်'နှင့် 'နူရာနီ'များ ပျောက်ကွယ်သွားသည်။ အိမ်၌နေသူများအဖို့ 'အေဗာဒသ်'နှင့် အမိန့်နာခံမှု စွမ်းအားများ ကျဆင်းသွားသည်။ ဆိုရိုးစကားတစ်ရပ်၌ خانہ خالی را دیو می گیرد ဟု ဆိုထားသည်မှာ မမှားပါချေ။ ဆိုလိုသည်မှာ 'အိမ်အလွတ်တွင် 'ဂျင်န်'နှင့် သူရဲတစ္ဆေများက သိမ်းပိုက်လိုက်သည်'ဟု ဖြစ်သည်။ အိမ်တစ်လုံးတွင် 'ရသ်မသ်'၏ ဖရစ်ရှ်သာဟ်များ လာရောက်ခြင်း မရှိတော့ဟုဆိုလျှင် ရှိုက်သွာန်တို့သည် ထိုအိမ်ကို ဝန်းရံသိမ်းပိုက်ပေမည်။ ထို့ပြင် ထိုအိမ်၌ နေထိုင်သူတို့၏ စိတ်နှလုံးသားများတွင် ပြစ်မှုဒုစရိုက် များပြွရန် အတွေးနှင့် ဆန္ဒများပေါ်ပေါက်လျက်သာ ရှိနေပေမည်။

အချို့ဟဒီးစ်တော်များတွင် အခြားအကြောင်းခံတစ်ရပ် လာရှိသေးသည်မှာ 'ရုပ်ပုံများသည် လောက၏ လိုအပ်ချက်ထက် ပိုသော အလုများဖြစ်သည်'ဟု ဖြစ်သည်။ ဤခေတ်သမယတွင် ရုပ်ပုံများဖြင့် အကျိုးအမြတ်များစွာ ရယူကြသကဲ့သို့ပင် မရေမတွက်နိုင်သော အပြစ်များနှင့် ရက်ဖွယ်ကိစ္စများသည်လည်း ဤရုပ်ပုံများအားဖြင့် ပေါ်ပေါက်လာရသည်။

အချုပ်ဆိုရသော် အစ္စလာမ်သာသနာသည် အကြောင်းခံတစ်ခုတည်းကြောင့် မဟုတ်ဘဲ များစွာသော အကြောင်းခံများကို ထောက်ရှု၍ သက်ရှိတို့၏ ရုပ်ပုံများပြုလုပ်ခြင်းနှင့် ၎င်းတို့အား သုံးစွဲခြင်းတို့ကို 'ဟရာမ်' အဖြစ် သတ်မှတ်တော်မူထားခြင်း ဖြစ်သည်။ ယခုအခါ အကယ်၍ သီးခြားဖြစ်သော လူတစ်ဦးတွင် ထိုအကြောင်းခံများသည် စုပေါင်း၍ မဖြစ်နိုင်ပါဟုဆိုလျှင် ထိုစုပေါင်း၍မဖြစ်နိုင်သော အကြောင်းအားဖြင့် ရှရီအသ်တရားတော်၏ အမိန့်ဥပဒေမှာ ပြောင်းလဲ၍ မရနိုင်ပါ။ ဆွဟီးဟ်ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းများတွင် အဗ်ဒွလ္လာဟ်ဗင်န်မတ်စ်အူးဒ် ﷺ သခင်၏ ဆင့်ပြန်ချက်ဖြင့် ဟဒီးစ်တော်လာရှိသည်မှာ 'တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ-

اشد الناس عذ ابا يوم القيمة المصورون

'ကေယာမသ်နေ့တွင် အပြင်းထန်ဆုံးသော 'အဇားဗ်'အပြစ်ဒဏ်ခံစားရမည့် သူများမှာ ရုပ်ပုံရေးဆွဲသူများဖြစ်သည်' ဟူ၏။

အချို့ဆင့်ပြန်ချက်၏ ဟဒီးစ်တော်များတွင် 'တမန်တော်မြတ် ﷺ သည် ရုပ်ပုံရေးဆွဲသူများအပေါ် 'လအ်နသ်' (အသျှင်မြတ်၏ 'ရဟ်မသ်'တော်မှ ဝေးစေရန်) ကျိန်ဆဲတော်မူသည်ဟု လာရှိသည်။ ဆွဟီးဟိုင်းန် (ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်း) တွင် ဟဇရသ်အိဗ်နုအဗ္ဗားစ် ﷺ သခင်၏ ဆင့်ပြန်ချက် လာရှိသည်မှာ တမန်တော်မြတ် ﷺ က كل مصور فى النار ဟု မိန့်ကြားတော်မူခဲ့သည်။ ဆိုလိုသည်မှာ 'ရုပ်ပုံရေးဆွဲသူတိုင်းသည် 'ဂျဟန္နမ်'ငရဲသို့ လာကြရပေမည်' ဟု ဖြစ်သည်။

ဤမေးခွန်းနှင့် ပတ်သက်၍ ကျွန်ုပ်စာရေးသူသည် 'အသ်သစ္စ်ဝီးရ်လိအဟ်ကာမိသ်သစ္စ်ဝီးရ်'အမည်ရှိ ကျမ်းငယ်တစ်စောင် ရေးသားခဲ့ပြီးဖြစ်သည်။ စာဒကသံသယများ၏ အဖြေများကိုလည်း အကျယ်တဝင့် ရေးသားထားပေသည်။ လိုအပ်ပါက ကြည့်ရှုနိုင်ပေသည်။

ခါတ်ပုံသည်လည်း ရုပ်ပုံပင် ဖြစ်ခြင်း

ဓါတ်ပုံသည် ရုပ်ပုံရေးဆွဲခြင်း၌ မပါဝင်ပါ။ အဘယ်ကြောင့်ဆိုသော် ဓါတ်ပုံသည် အရိပ်သာ ဖြစ်သောကြောင့် ဖြစ်သည်။ ဥပမာ- မှန်နှင့် ရေ စသည်တို့တွင် ထင်ပေါ်သော အရိပ်ကဲ့သို့သာ ဖြစ်သည်။ မှန်တွင် မိမိ၏ ရုပ်ကို ကြည့်ရှုခြင်း ပိုင်သကဲ့သို့ ဓါတ်ပုံ၏ ရုပ်ပုံသည်လည်း ပိုင်ပါသည်'ဟူ၍ အချို့လူများ က ပြောဆိုခြင်းသည် လုံးဝမှားပါသည်။

အဖြေမှာ လုံးဝ ရှင်းပါသည်။ အရိပ်ဟူသည်မှာ အခြားသောအရာတစ်ခုခုဖြင့် ၎င်းကို တည်မြဲအောင် မပြုလုပ်သမျှ အရိပ်သာ ဖြစ်ပါသည်။ ဥပမာ-မှန် (သို့) ရေ၌ မိမိ၏ အရိပ်ရှိသည့်အခါ ရေနှင့် မျက်နှာ ချင်းဆိုင်မှ အသင် လွှဲဖယ်လိုက်ပါက ထိုအရိပ်ပပျောက်သွားပေမည်။ အကယ်၍ မှန်အပေါ်တွင် ဘိလပ် မြေမဆလာ စသည်တို့ဖြင့်လည်းကောင်း၊ (သို့) ကိရိယာတန်ဆာပလာများဖြင့်လည်းကောင်း၊ ထိုရုပ်ပုံ၏ ပုံရိပ်ကို အခိုင်အမာ ပြုလုပ်လိုက်ပါလျှင် ဤသည် ရုပ်ပုံဖြစ်သွားပေမည်။ ဟဒီးစ်မုသဝါသိရဟ်များဖြင့် 'ဟရာမ်'ဖြစ်ကြောင်း အတည်ဖြစ်သော ဓါတ်ပုံနှင့် စပ်လျဉ်းသည့် အကျယ်တဝင့် တင်ပြမှုကိုလည်း ဖော်ပြပါ 'အသ်သန္ဓိဝီးရ်' စာစဉ်၌ ရေးသားထားပါသည်။

جِفَانٍ သည် جَفْنَه ၏ အများကိန်းဖြစ်သည်။ ကြီးမားသော ဇလုံ၊ အင်တုံ စသည်တို့ကို ခေါ်ဆိုသည်။ كَالْجَوَابِ သည် جَابِيَه ၏ အများကိန်းဖြစ်သည်။ ရေကန်ငယ်ကို جَابِيَه ဟု ခေါ်ဆိုသည်။ ဆိုလိုသည်မှာ ရေဖြည့်သည့် ကြီးမားသော ဇလုံ၊ အင်တုံများကို ရေကန်ငယ်တစ်မျှ ရေဝင်ဆန့်အောင် ပြုလုပ်ထားခြင်းဟု ဖြစ်သည်။

قُدُوْرٍ သည် قِدْر ၏ အများကိန်းဖြစ်သည်။ အိုးကြီးကို ခေါ်ဆိုသည်။ رَاسِيَاتٍသည် မိမိနေရာ ၌ ရပ်တည်နေခြင်းဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'လှုပ်အောင်ပြုလုပ်လျှင် လှုပ်ရမ်းခြင်းမရှိအောင် လေးလံမှု ဖြင့် ကြီးမားသော အိုးကြီးများကို ပြုလုပ်ထားသည်' ဟု ဖြစ်သည်။ ဖြစ်နိုင်သည်မှာ ဤအိုးများသည် ကျောက်ဖြင့် ထွင်း၍ ကျောက်၏ မီးဖိုများအပေါ်၌ပင် ပြုလုပ်ထားပြီး ရွှေ့ပြောင်း လှုပ်ရမ်းခြင်း မဖြစ်နိုင် အောင် ပြုထားခြင်း ဖြစ်ပေမည်။ သဖ်စီးရ်၏ အမောမ်ဖြစ်သော ဒွဟ်ဟာက်သည် قُدُوْرٍرَّاسِيَاتٍ ၏ သဖ်စီးရ်ကို ဤအတိုင်းပင် ဖွင့်ဆိုခဲ့သည်။

اِعْمَلُوْٓا اٰلَ دَاوٗدَ شُكْرًا ؕ وَ قَلِيْلٌ مِّنْ عِبَادِيَ الشَّكُوْرُ

ဟဇရတ်ဒါဝူးဒ် عليه السلام နှင့် ဟဇရတ်စုလိုင်မာန် عليه السلام တို့ကို အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ထူးမြတ်သော ကျေးဇူးတော်များကို ချီးမြှင့်တော်မူခဲ့သည်။ ထိုသို့ ချီးမြှင့်တော်မူကြောင်း တင်ပြပြီးနောက် ၎င်းတို့အား ၎င်းတို့၏ အိမ်သူ၊ အိမ်သားများနှင့်အတူ ကျေးဇူးသိတတ်ကြသူများဖြစ်ရန် ဤအာယသ်တော် ၌ အမိန့်ပေးထားတော်မူသည်။

ကျေးဇူးသိတတ်ခြင်း၏ အရင်းအမြစ်နှင့် ၎င်းကျေးဇူးသိတတ်ခြင်းဆိုင်ရာ အမိန့်များ

ကုရ်သုဗီ (ရဟ) က မိန့်သည်မှာ ကျေးဇူးသိတတ်ခြင်း၏ အရင်းအမြစ်မှာ ဤကျေးဇူးသည် မည်သည့် ကျေးဇူးပြုသူက ပေးခြင်းဖြစ်သည်ဟု အသိအမှတ်ပြုပြီး ၎င်းကျေးဇူးပြုပေးကမ်းခံရသော အရာကို ကျေးဇူးပြုသူ၏ နှာခံမှုနှင့် လိုလားမှုတို့နှင့်အညီ အသုံးပြုခြင်းဖြစ်သည်။ တစ်စုံတစ်ဦးက ပေးကမ်းချီးမြှင့်သည့် ကျေးဇူးကို ထိုပေးကမ်းသူ၏ အလိုဆန္ဒနှင့် ဆန့်ကျင်၍ အသုံးပြုခြင်းသည် ကျေးဇူးကန်းခြင်းပင်ဖြစ်သည်။ ဤသည်ကို ကြည့်ခြင်းဖြင့် ကျေးဇူးသိတတ်ခြင်းသည် နှုတ်ဖြင့် ပြုခြင်းဖြစ်သကဲ့သို့ လက်တွေ့ 'အမလ်' အားဖြင့်လည်း ပြုနိုင်ကြောင်း သိရှိရသည်။ လက်တွေ့ ကျေးဇူးသိတတ်ခြင်းသည် ကျေးဇူးပြုသူ၏ နှာခံမှုနှင့် အလိုဆန္ဒတို့နှင့်အညီ အသုံးပြုခြင်း ဖြစ်သည်။ အဘူအဗ်ဒုရ်ရဟ်မာန်အတ်စလမီက နမာဇ်ဝတ်ပြုခြင်းသည် ကျေးဇူးသိတတ်ခြင်း ဖြစ်သည်။ 'ရိုဇာဟ်' ဥပုသ် စောင့်ထိန်းခြင်းသည် ကျေးဇူးသိတတ်ခြင်း ဖြစ်သည်။ ထို့ပြင် ကောင်းမှုဟူသရွေ့သည် ကျေးဇူးသိတတ်ခြင်း ဖြစ်သည်ဟု မိန့်ဆိုခဲ့သည်။ ထို့ပြင် မိုဟမ္မဒ်ဗင်န်ကအဗ်ကုရဇ္ဇီက ကျေးဇူးသိတတ်ခြင်းသည် 'သက္ကဝါ' ပြစ်မှု ရှောင်ကြဉ်ခြင်းနှင့် ကောင်းမှုများ ပြုလုပ်ခြင်း၏ အမည်ဖြစ်သည်ဟု မိန့်ဆိုခဲ့သည်။ *[အိဗ်နေကဇီးရ်]*

ဖော်ပြပါအာယသ်တော်တွင် ကုရ်အာန်ကျမ်းတော်မြတ်သည် ကျေးဇူးသိတတ်ခြင်းကို အမိန့်ပေးရန်အတွက် اُشْكُرُوْنِي ဟူသော တိုတောင်းသော စာလုံးကို သုံးနှုန်းရမည့်အစား اِعْمَلُوْا شُكْرًا ကို သုံးနှုန်းထားခြင်းမှာ ဒါဝူးဒ် عليه السلام ၏ အိမ်သူအိမ်သား အနွယ်တော်များကို 'အမလ်' ကျင့်ဆောင်ခြင်းအားဖြင့် လက်တွေ့ကျကျ ကျေးဇူးသိတတ်ခြင်းကို ပြုရန်ဟု ရည်ရွယ်ခြင်းဖြစ်ပေမည်။ သို့ဖြစ်ပေရာ ဤအမိန့်တော်အပေါ် လိုက်နာခြင်းကို ဟဇရသ်ဒါဝူးဒ် عليه السلام ၊ စုလိုင်မာန် عليه السلام နှင့် ၎င်းတို့၏ အိမ်သူအိမ်သားအနွယ်ဝင်တို့သည် နှုတ်အားဖြင့်လည်းကောင်း၊ ခန္ဓာကိုယ်၏ ကျင့်ဆောင်မှုအားဖြင့်လည်းကောင်း လိုက်နာပြုကျင့်ကြသည်မှာ ၎င်းတို့၏ အိမ်တွင် လူတစ်ဦးတစ်ယောက်မျှ အလ္လာဟ်အသျှင်မြတ်၏ 'အေဗာဒသ်' မပြုဘဲ ရှိနေသည်ဟူသော အချိန်ပင် မရှိသည့်အထိ ဖြစ်ပေသည်။ အိမ်သူအိမ်သားများအပေါ်တွင် အချိန်များ ခွဲဝေသတ်မှတ်ပေးခဲ့ကြသည်။ ဤသို့ဖြင့် ဟဇရသ်ဒါဝူးဒ် عليه السلام ၏ နမာဇ်ဝတ်ပြုသည့် အခင်းနေရာသည် နမာဇ်ဝတ်ပြုသူ ကင်းလွတ်ခြင်း မရှိခဲ့ပေ။ *[အိဗ်နေကဇီးရ်]*

ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းတို့၏ ဟဒီးစ်တော်တွင် တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ နမာဇ်များတွင် အလ္လာဟ်အသျှင်မြတ်၏ ထံတော်၌ အနှစ်သက်ဆုံး နမာဇ်သည် ဟဇရသ်ဒါဝူးဒ် عليه السلام ၏ နမာဇ်ဖြစ်သည်။ ၎င်းသည် ညတစ်ဝက်ကို အိပ်စက်လေ့ရှိသည်။ တစ်ဖန် ည၏ သုံးပုံတစ်ပုံကို 'အေဗာဒသ်' အတွက် ရပ်လေ့ရှိသည်။ တစ်ဖန် ည၏ နောက်ဆုံးယံကို အိပ်စက်လေ့ရှိသည်။ ထို့ပြင် 'ရိုဇာဟ်' များတွင် အလ္လာဟ်အသျှင်မြတ်ထံတော်၌ အနှစ်သက်ဆုံးမှာ ရိုဇာဟ်မှာ ဟဇရသ်ဒါဝူးဒ် عليه السلام ၏ 'ရိုဇာဟ်' ဖြစ်သည်။ ၎င်းသည် တစ်ရက် 'ရိုဇာဟ်' ထား၍ တစ်ရက်ကို 'ရိုဇာဟ်' လွတ်လေ့ရှိသည်' ဟု ဖြစ်သည်။ *[အိဗ်နေကဇီးရ်]*

ဟာဇရသ်ဖုဒ္ဒိုင်းလ် (ရဟ) ထံမှ ဆင့်ပြန်သည်မှာ ဟာဇရသ်ဒါဝူးဒ် عليه السلام ပေါ်၌ ဤကျေးဇူးသိတတ်မှုအတွက် အမိန့်တော်ကျရောက်လာသောအခါ ၎င်းသည် အလ္လာဟ်အသျှင်မြတ်အား 'အို, ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ကျွန်တော်မျိုးသည် အသျှင်မြတ်၏ ကျေးဇူးသိတတ်မှုကို မည်သို့ပြုနိုင်ပါမည်နည်း။ ကျွန်တော်မျိုးသည် ကျေးဇူးသိတတ်ခြင်းကို နှုတ်အားဖြင့်ပြုသောအခါ၌ဖြစ်စေ (သို့) ခန္ဓာကိုယ် 'အမလ်'အားဖြင့် ကျင့်ဆောင်သောအခါ၌ ဖြစ်စေ၊ ဤအရာများမှာလည်း အသျှင်မြတ် ချီးမြှင့်တော်မူထားသည့် ကျေးဇူးတော်များသာ ဖြစ်ပါသည်။ ထိုအပေါ်၌လည်း အမြဲတစေ ကျေးဇူးသိရန်မှာ 'ဝါဂျိဗ်'ဖြစ်ပါသည်' ဟု လျှောက်ထားလေရာ အလ္လာဟ်အသျှင်မြတ်က

الآن شكر تنى يا داود

'ယခု အသင်သည် ကျေးဇူးသိတတ်မှုကို တာဝန်ကျေသွားပြီ ဖြစ်သည်။ အကြောင်းမှာ ကျေးဇူးသိတတ်မှု၏ တာဝန်ကို ထမ်းဆောင်ရန်အတွက် မိမိ၏ မတတ်စွမ်းနိုင်မှုနှင့် ချို့ယွင်းချက်များကို နားလည်သိရှိ ဝန်ခံလိုက်သောကြောင့်ပင် ဖြစ်သည်'ဟု မိန့်ကြားတော်မူလေသည်။ ဟာကီးမ်သိရ်မေဇီနှင့် အေမာမ်အာဗူဗကာရ်ဂျဆွ် ဆွာဆ့်တို့က ဟာဇရသ်အသွာအ်ဗင်န်ယစာရ် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့သည်မှာ

اِعۡمَلُوۡۤا اٰلَ دَاوٗدَ شُكۡرًا

ဟူသော အာယသ်တော် ကျရောက်လာသောအခါ တမန်တော်မြတ် ﷺ သည် 'မင်န်ဗရ်'ပေါ်တွင် ကြွမြန်းလာလျက် ဤအာယသ်တော်ကို ဖတ်ကြားပြသတော်မူသည်။ ထို့နောက် 'သုံးမျိုးသော အလုပ်ကို အပြည့်အဝ ပြုလုပ်သူသည် ဒါဝူးဒ် عليه السلام ၏ အိမ်သူ၊ အိမ်သား အနွယ်တော်များကို ချီးမြှင့်ခြင်းခံရသော အရာများသည် ထိုသူ့အတွက်လည်း ရရှိပေလိမ့်မည်'ဟု မိန့်ကြားတော်မူရာ ဆွဟာဗာများက 'ဤသုံးမျိုးသော အလုပ်သည် မည်သည့်အရာများ ဖြစ်ပါသနည်း'ဟု လျှောက်ထားမေးမြန်းကြသည်။ ကိုယ်တော်မြတ် ﷺ က 'နှစ်လိုမှုဖြစ်နေချိန်နှင့် ဒေါသအမျက်ထွက်နေချိန်၊ အခြေအနေနှစ်ရပ်စလုံးတွင် တရားမျှတမှုအပေါ်၌သာ ရပ်တည်ခြင်း၊ ချမ်းသာနေချိန်နှင့် ဆင်းရဲနေချိန် အခြေအနေနှစ်ရပ်စလုံးတွင် အလယ်အလတ်ပြုကျင့်နေထိုင်ခြင်းနှင့် မျက်ကွယ်၌ တိတ်ဆိတ်စွာသော်လည်းကောင်း၊ ပေါ်လွင်ထင်ရှားစွာသော်လည်းကောင်း၊ အခြေအနေနှစ်ရပ်စလုံး၌ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ခြင်းတို့ပင် ဖြစ်သည်'ဟု မိန့်ကြားတော်မူလေသည်။ *[ကုရ်သုဗီကျမ်း၊ အဟ်ကာမုလ်ကုရ်အာန်ကျမ်း၊ ဂျဆွာဆွားဆ်ကျမ်း။]*

وَقَلِيۡلٌ مِّنۡ عِبَادِىَ الشَّكُوۡرُ

ကျေးဇူးသိတတ်ခြင်း၏ အမိန့်နှင့် လေးနက်မှုတို့ကို တင်ပြပြီးနောက် 'ငါအသျှင်မြတ်၏ ကျေးကျွန်တို့အနက် ကျေးဇူးသိတတ်သူမှာ အလွန်နည်းပါးပေလိမ့်မည်'ဟူသော အဖြစ်မှန်တစ်ခုကို ထုတ်ဖော်မိန့်ကြားတော်မူခဲ့သည်။ ဤနေရာတွင်လည်း မုအ်မင်န်များအား ကျေးဇူးသိတတ်သူများဖြစ်ရန် သတိပေးနှိုးဆော်ခြင်းပင် ဖြစ်ပေသည်။

فَلَمَّا قَضَيْنَا عَلَيْهِ الْمَوْتَ

အာယသ်တော်တွင် **منسأة** ဟူသော စာလုံးသည် လက်ကိုင်တုတ်၊ တောင်ဝှေး၏ အဓိပ္ပာယ်ဖြစ်သည်။ အချို့ပညာရှင်များက ဤသည် ဟဗ်ရှီစကားလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ လက်ကိုင်တုတ်၊ တောင်ဝှေးဖြစ်သည်ဟု ဆိုကြသည်။ အချို့ပညာရှင်များက အာရဗီစာလုံးဖြစ်သည်။ **نسأ** ၏ အဓိပ္ပာယ်မှာ ဖယ်ရှားခြင်းနှင့် ဆိုင်းငံ့စေခြင်း အဓိပ္ပာယ်ဖြစ်သည်။ လက်ကိုင်တုတ်အားဖြင့် လူသည် အန္တရာယ်ဖြစ်သော အရာများကို ဖယ်ရှားခြင်းပြုသည့်အတွက် ၎င်းကို **منسأة** ဟု ခေါ်ဆိုရခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ ဖယ်ရှားခြင်းပြုသော လက်နက်ဖြစ်သည်ဟု ဆိုကြသည်။ ဤအာယသ်တော်တွင် ဟဇရသ်စုလိုင်မာန် ﷺ ကွယ်လွန်ခြင်း၏ အံ့ဖွယ်ဖြစ်ရပ်ကို တင်ပြလျက် များစွာသော သံဝေဂများနှင့် လမ်းညွှန်ချက်များ၏ တံခါးကို ဖွင့်ပေးလိုက်ခြင်းဖြစ်သည်။

ဟဇရသ်စုလိုင်မာန် ﷺ ကွယ်လွန်ခြင်း၏ အံ့ဖွယ်ဖြစ်ရပ်

ဤဖြစ်ရပ်တွင် မြောက်မြားစွာသော လမ်းညွှန်မှုများ ပါရှိသည်။ ဥပမာ- ဟဇရသ်စုလိုင်မာန် ﷺ အဖို့ တစ်လောကလုံးတွင်သာမက 'ဂျင်န်'များ၊ ငှက်သတ္တဝါများနှင့် လေပေါ်တွင်လည်း ၎င်း၏ အုပ်ချုပ်မှု ရရှိထားပါသော်လည်း ထိုသို့သော အရာများ ပိုင်ဆိုင်ထားပါလျက် သတ်မှတ်ချိန်အတိုင်း ရောက်ရှိလာမည့် သေခြင်းတရားနှင့် မကင်းလွတ်ခဲ့ပါချေ။ 'ဗိုင်သွလ်မုကဒ်ဒဆ်' ကျောင်းတော်ကြီးကို ဟဇရသ်ဒါဝူဒ် ﷺ က စတင် အုတ်မြစ်ချ ဆောက်လုပ်ခဲ့သည်။ ဟဇရသ်စုလိုင်မာန် ﷺ သည် ၎င်းကို ပြီးမြောက်အောင် ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ရာ၌ ဆောက်လုပ်ရေးတွင် အချို့အလုပ်များမှာ ကျန်ရှိနေသေးသည်။ ဤဆောက်လုပ်ရေးတာဝန်ကို 'ဂျင်န်'တို့၏ လုပ်အားဖြင့် ပြုစေခဲ့သည်။ 'ဂျင်န်'တို့၏ မူလဇီဇမှာ ဆိုးသွမ်းမှုများ ရှိကြသည်။ ဟဇရသ်စုလိုင်မာန် ﷺ အား ကြောက်ရွံ့မှုဖြင့် အလုပ်လုပ်ကြခြင်းဖြစ်သည်။ ဟဇရသ်စုလိုင်မာန် ﷺ ကွယ်လွန်သည်ကိုသာ 'ဂျင်န်'တို့ သိရှိသွားကြမည်ဆိုလျှင် လုပ်နေသည့် အလုပ်ကို ချက်ချင်း စွန့်လွှတ်လိုက်ကြမည်သာ ဖြစ်သည်။ ဆောက်လုပ်ရေးမှာ ကျန်ရှိပေလိမ့်မည်။ ထိုဆောက်လုပ်ရေး အစီအစဉ်ကို ဟဇရသ်စုလိုင်မာန် ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် သေခြင်းတရား ဆိုက်ရောက်လာတော့မည့်အချိန်တွင် သေခြင်းတရားအတွက် ပြင်ဆင်မှုများ ပြုလုပ်၍ မိမိ၏ 'မိဟ်ရာဗ်' အတွင်း ဝင်သွားလိုက်သည်။ ၎င်း 'မိဟ်ရာဗ်'သည် အလွန်ကြည်လင်သော မှန်ဖြင့် ပြုလုပ်ထားသည့်အတွက် အပြင်မှ အတွင်းရှိ အရာအားလုံးကို မြင်နိုင်ပေသည်။ မိမိပြုနေကျအတိုင်း 'အေဗာဒသ်'ပြုရန်အတွက် အမှီတစ်ခုဖြင့် ရပ်တော်မူသည်။ ဝိညာဉ်ရုပ်သိမ်းခြင်း ခံရပြီးနောက်တွင်လည်း ခန္ဓာကိုယ်သည် ထိုလက်ကိုင်တုတ်၏ အမှီ၌ ပုံမှန်အတိုင်းပင် ရှိနေသည်။ စုလိုင်မာန် ﷺ ၏ ဝိညာဉ်သည် သတ်မှတ်ချိန်အတိုင်း နှုတ်ယူခြင်း ခံခဲ့ရ လေသည်။ သို့တိုင်အောင်လည်း ၎င်းသည် မိမိ၏နေရာ၌ပင် လက်ကိုင်တုတ်၏ အမှီ

ဖြင့် ရှိနေခဲ့သည်။ အပြင်မှကြည့်လျှင် 'အေဗာဒသ်'၌ မွေ့လျော်နေသည်ဟုသာ မြင်တွေ့ရပေမည်။ 'ဂျင်န်' တို့သည် ဟဇရသ်စုလိုင်မာန် عليه السلام ၏အနီးသို့ သွားရောက်ကြည့်ရှုရန် အင်အားမရှိကြပေ။ ဟဇရသ်စုလိုင်မာန် عليه السلام အား သက်ရှိထင်ရှား ရှိနေသေးသည်ဟူသော အထင်ဖြင့် အလုပ်များ၌သာ လုံးပမ်းနေခဲ့ကြသည်။ နောက်ဆုံးတွင် တစ်နှစ်ပြည့်ကျော်ခဲ့လေသည်။ 'ဗိုင်သွလ်မုကဒ်ဒဆ်'၏ ကျန်ရှိနေသော ဆောက်လုပ်ရေး လုပ်ငန်းများမှာလည်း ပြီးမြောက်သွားခဲ့လေသည်။ ထိုအခါ အလ္လာဟ်အသျှင်မြတ်သည် 'ခြ'ကောင်ကို ဟဇရသ်စုလိုင်မာန် عليه السلام ၏ လက်ကိုင်တုတ်တွင် စိုးမိုးစေတော်မူသည်။ ခြကောင်သည် လက်ကိုင်တုတ်ကို အတွင်းမှ စား၍ ဆွေးမြေ့ချည့်နဲ့စေခဲ့သည်။ လက်ကိုင်တုတ်ကို အမှီပြု မရှိတော့သည့်အခါ ဟဇရသ် စုလိုင်မာန် عليه السلام သည် လဲကျသွားခဲ့သည်။ ထိုအခါမှ 'ဂျင်န်'တို့သည် ဟဇရသ်စုလိုင်မာန် عليه السلام ကွယ်လွန် သွားကြောင်း သိရှိကြရလေသည်။

'ဂျင်န်'တို့အား အလ္လာဟ်အသျှင်မြတ်သည် အလွန်ဝေးလံသည့် ခရီးများကို တစ်ဒင်္ဂအတွင်း တမဟုတ်ချင်း ဖြတ်သန်းရောက်ရှိနိုင်သည့် အင်အားများကို ချီးမြှင့်တော်မူထားသည်။ 'ဂျင်န်'တို့သည် လူများ မသိရှိနိုင်သော အခြေအနေ၊ ဖြစ်ရပ်သတင်းများကို သိရှိကြသူများ ဖြစ်သည်။ ၎င်းတို့သည် လူတို့အား ဤသို့သော ဖြစ်ရပ်များအကြောင်း သတင်းပေးကြသည့်အခါ လူတို့က 'ဤသတင်းသည် အကွယ်မှ သတင်းဖြစ်သည်။ 'ဂျင်န်'တို့သည်လည်း အကွယ်မှ သတင်းများကို သိသူများဖြစ်ကြသည်ဟု ယူဆကြလေသည်။ 'ဂျင်န်'များကိုယ်တိုင်ကလည်း အကွယ်ကို သိကြောင်း ကြွေးကြော်မည်ဆိုလျှင်လည်း မဖြစ်နိုင်စရာ မရှိပေ။ ကွယ်လွန်သေဆုံးသော ဤအံ့ဖွယ်ဖြစ်ရပ်သည် 'ဂျင်န်'တို့ကိုယ်တိုင်ကိုလည်းကောင်း၊ လူသားများကိုလည်းကောင်း 'ဂျင်န်'တို့သည် အကွယ်ကို သိရှိသူများမဟုတ်ကြောင်း ဇစ်မြစ်ကို ဖော်ပြလိုက်ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အဖို့ အကွယ်ကို သိရှိသူများဖြစ်ကြလျှင် ဟဇရသ် စုလိုင်မာန် عليه السلام ကွယ်လွန်ခြင်းကို တစ်နှစ်အလျှင်ကပင် သိခဲ့ကြပေမည်။ ဤသို့ဆိုလျှင် ၎င်းအား အသက် ရှင်နေသည်အထင်ဖြင့် တစ်နှစ်လုံး ပင်ပမ်းဆင်းရဲခံ၍ အလုပ်လုပ်ရခြင်းမှ ကင်းလွတ်ကြပေမည်။ အာယသ် တော်၏ နောက်ဆုံးအပိုဒ်တွင်

فَلَمَّاخَرَّتَبَيَّنَتِ الْجِنُّ اَنْ لَّوْكَانُوْا يَعْلَمُوْنَ الْغَيْبَ مَالَبِسُوْا فِى الْعَذَابِ الْمُهِيْنِ

ဤအကြောင်းကိုသာ တင်ပြထားသည်။ ဤအပိုဒ်တွင် عذاب مهين ၏ အလိုသဘောမှာ 'ဗိုင်သွလ်မုကဒ်ဒဆ်' ဆောက်လုပ်မှု ပြီးမြောက်ရေးအတွက် ၎င်းတို့အား ဟဇရသ်စုလိုင်မာန် عليه السلام က အပ်နှံထားသည့် ပင်ပမ်းဆင်းရဲသော အလုပ်များကို ဆိုလိုခြင်းဖြစ်သည်။ စုလိုင်မာန် عليه السلام ၏ အံ့ဖွယ် ကွယ်လွန်သေဆုံးခြင်း ဖြစ်စဉ်ကို ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်တော်တွင် အနည်းငယ် ဖော်ပြထားသည်။ ကျန်ရှိ အကျယ်တဝင့် တင်ပြချက်များကို ဟဇရသ်အိဗ်နေအဗ္ဗားစ် رضي الله عنه သခင် စသော သဖ်စီးရ်၏ အေမာမ်များက ဆင့်ပြန်ခဲ့သည်။ ၎င်းတို့ကို အိဗ်နေကစီးရ် စသော သဖ်စီးရ်အားလုံးတို့၌ ဖော်ပြထားသည်။

ဤအံ့ဖွယ် ကွယ်လွန်သေဆုံးခြင်းဖြစ်ရပ်မှ 'သေခြင်းတရားဟူသည် မည်သူမျှ မလွတ်ကင်းနိုင်' ဟူသော သံဝေဂလည်း ရရှိလေသည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် လိုအပ်သလို အလုပ်ယူနိုင်ကြောင်းကို သံဝေဂရယူနိုင်သည်။ ဥပမာ– ဤဖြစ်ရပ်တွင် သေဆုံးသွားပြီးဖြစ်ပါလျက် ဟဇရသ်စုလိုင်မာန် عليه السلام အား ၎င်း၏နေရာ၌ပင် တစ်နှစ်တိုင် မှုမပျက် ထား၍ 'ဂျင်န်'တို့၏ အလုပ်လုပ်ကိုင်မှုများကို ပြီးမြောက်စေတော်မူခဲ့သည်။ ထို့ပြင် လောကရှိ အသုံးအဆောင်ပစ္စည်း ကိရိယာတို့သည် အသျှင်မြတ် အလိုတော်ရှိသည့် အချိန်အထိ အလုပ်လုပ်ပေးနေရသည်။ အလိုတော်မရှိသည့်အခါတွင် ထိုအသုံးအဆောင် ပစ္စည်းကိရိယာများက အဖြေပေးကြတော့သည်။ ဥပမာ– ဤဖြစ်ရပ်၌ လက်ကိုင်တုတ်ဖြင့် အမှီပြုထားခြင်းကို 'ခြ' ပိုးကောင်၏ အကြောင်းခံဖြင့် ကုန်ဆုံးသွားစေသည်။ ထို့ပြင် စုလိုင်မာန် عليه السلام ၏ နောက်ပိုင်းတွင် 'လူတို့သည် 'ဂျင်န်' များ၏ အံ့ဖွယ်လုပ်ရပ်များ၊ စွမ်းဆောင်မှုများနှင့် အကွယ်ကို သိခြင်း စသည့်အံ့ဖွယ်လုပ်ရပ်များကို ကြည့်၍ ၎င်းတို့ကိုပင် မိမိတို့၏ ကိုးကွယ်ရာများအဖြစ် ပြုလုပ်လိုက်ကြမည်ကိုလည်း စိုးရိမ်ရသည်။ ထိုစိုးရိမ်မှုကိုလည်း ဤကွယ်လွန်သေဆုံးခြင်းဖြစ်ရပ်က အဆုံးသတ်စေခဲ့သည်။ လူအားလုံးတို့သည် 'ဂျင်န်'တို့၏ အကွယ်ကို သိရှိသူများမဟုတ်ကြောင်းကို သိရှိကြသွားကြလေသည်။ ဖော်ပြပါတင်ပြချက်များအရ စုလိုင်မာန် عليه السلام သည် ကွယ်လွန်မည့်အချိန်တွင် ဤနည်းလမ်းကို ရွေးချယ်ခဲ့ခြင်းမှာ အကြောင်းနှစ်ရပ်ကြောင့် ဖြစ်သည်။ ၎င်းမှာ–

(၁) ကျန်ရှိနေသော 'ဗိုင်သွလ်မုကဒ်ဒဆ်'၏ ဆောက်လုပ်ရေးလုပ်ငန်းများ ပြီးစီးသွားရန်၊

(၂) လူတို့သည် 'ဂျင်န်'များ၏ အကွယ်ကို မသိခြင်းနှင့် အံ့ဖွယ်စွမ်းဆောင်ချက်များ ပြုနိုင်သူများ မဟုတ်ကြောင်းကို သိရှိစေရန် ဖြစ်သည်။ သို့မှသာ ၎င်းတို့အား 'အေဗာသ်'ပြုလိမ့်မည်ဟူသော စိုးရိမ်မှု မကျန်ရှိတော့ရန် ဖြစ်သည်။ *[ကုရ်သုဗီ]*

အေမာမ်နစာအီး (ရဟ) သည် ဆွဟီးဟ်စနစ်ဖြင့် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အမရ် رضي الله عنه သခင်ထံမှ ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ် ﷺ က 'ဟဇရသ်စုလိုင်မာန် عليه السلام သည် 'ဗိုင်သွလ်မုကဒ်ဒဆ်'ကို ဆောက်လုပ်ပြီးစီးသည့်အခါ အလ္လာဟ်အသျှင်မြတ်ထံတော်၌ ဒိုအာအချို့ကို တောင်းခံလေရာ ထိုဒိုအာများကို လက်ခံခြင်းခံရလေသည်။ ၎င်းတို့အနက် ဒိုအာတစ်ခုမှာ 'မည်သူမဆို ဤဗလီဝတ်ကျောင်းတော်တွင် နမာဇ်ဝတ်ပြုရန် ရည်ရွယ်ချက်ဖြင့် ဝင်ရောက်ပါလျှင် (လောကီရေး မည်သည့်ရည်ရွယ်ချက်မျှမပါ။) ဤဗလီမှ မထွက်မီအလျှင် ၎င်း၏ အပြစ်အားလုံးကို မိခင်ဝမ်းတွင်းမှ ကျွတ်လာသူ၌ အပြစ်များမှ သန့်စင်သကဲ့သို့ သန့်စင်စေတော်မူပါ'ဟု ဖြစ်ကြောင်း မိန့်ကြားတော်မူခဲ့သည်။

စုဒီ (ရဟ) ၏ ဆင့်ပြန်ချက်တွင် 'ဗိုင်သွလ်မုကဒ်ဒဆ်'ပြီးမြောက်သည့်အပေါ် ဟဇရသ်စုလိုင်မာန် عليه السلام သည် ကျေးဇူးတင်သောအားဖြင့် နွားထီး၊ နွားမ (၁၂၀၀) နှင့် ဆိတ်ကောင်ရေ (၂၀၀၀၀) တို့ကို 'ကုရ်ဗာနီ'ပြု၍ လူတို့အား ဖိတ်ခေါ်ကျွေးမွေးခဲ့သည်။ ထိုနေ့တွင် ပျော်ပွဲရွှင်ပွဲအဖြစ် ကျင်းပခဲ့သည်။ 'ဗိုင်သွလ်မုကဒ်ဒဆ်'၏ ကျောက်ဆောင်ပေါ်တွင် ရပ်လျက် အလ္လာဟ်အသျှင်မြတ်ထံ၌ 'အို၊ အလ္လာဟ်အသျှင်မြတ်၊ အသျှင်မြတ်သည်သာလျှင် 'ဗိုင်သွလ်မုကဒ်ဒဆ်'၏ ဆောက်လုပ်ရေးကို ပြီးမြောက်စေမည့် အင်အားနှင့်

အကြောင်းခံများကို ချီးမြှင့်တော်မူခဲ့ပါသည်။ သို့ဖြစ်ပေရာ 'အို၊ အလ္လာဟ်၊ ကျွန်တော်မျိုးသည် အသျှင်မြတ်၏ ဤကျေးဇူး တော်ကို ကျေးဇူးသိတတ်သူအဖြစ် ပြုနိုင်ရန် စွမ်းအားပေးတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးအား မိမိ၏ သာသနာအပေါ်၌ပင် ကွယ်လွန်စေတော်မူပါ။ 'ဟေဒါယသ်'လမ်းမှန်ရရှိပြီးနောက် ကျွန်တော်မျိုး၏ နှလုံးသား တွင် မည်သည့်တိမ်းစောင်းမှု၊ ကောက်ကွေ့မှုမျှ ထည့်တော်မမူပါနှင့်။ အို၊ ကျွန်တော်မျိုးအား မွေးမြူတော် မူသော အသျှင်၊ ဤဗလီ၌ ဝင်ရောက်သူများအတွက် ကျွန်တော်မျိုးသည် အသျှင်မြတ်ထံတော်မှ (၅) မျိုး သော အရာကို တောင်းခံပါ၏။

(၁) အပြစ်ရှိသူသည် 'သောင်ဗာဟ်'ပြုရန် ဤဗလီ၌ ဝင်ရောက်ပါက အသျှင်မြတ်သည် ၎င်း၏ 'သောင်ဗာဟ်'ကို လက်ခံတော်မူပါ။ ထို့နောက် ထိုသူ၏ အပြစ်များကို ခွင့်လွှတ်တော်မူပါ။

(၂) စိုးရိမ်ကြောက်ရွံ့မှုမှ လွတ်ရန် ဤဗလီ၌ ဝင်ရောက်သူအား အသျှင်မြတ်သည် ငြိမ်းချမ်းမှု ပေးတော်မူပါ။ ကြောက်ရွံ့ရခြင်းများမှ လွတ်မြောက်စေတော်မူပါ။

(၃) မကျန်းမာသူသည် ဤဗလီ၌ ဝင်ရောက်ပါလျှင် ၎င်းအား ရောဂါပျောက်ကင်းမှုကို ချီးမြှင့် တော်မူပါ။

(၄) ဆင်းရဲသည့် သူသည် ဤဗလီ၌ ဝင်ရောက်ပါလျှင် ၎င်းအား ကြွယ်ဝစေတော်မူပါ။

(၅) ဤဗလီ၌ ဝင်ရောက်လာသူသည် ဤဗလီတွင် ရှိနေသမျှ အသျှင်မြတ်သည် ၎င်းအပေါ် မိမိ၏ 'ရဟ်မသ်'တော်၏ အကြည့်ဖြင့် ကြည့်တော်မူပါ။ (မတရားမှုပြုသူများနှင့် သာသနာ မဲ့ လုပ်ရပ်၌ မွေ့လျော်နေသူများမှအပ။) *[ကုရ်သုဗီကျမ်း]*

ဤဟဒီးစ်တော်အားဖြင့် သိရှိရသည်မှာ 'မိုင်သွလ်မုကဒ်ဒဆ်'၏ ဆောက်လုပ်ရေးလုပ်ငန်းသည် ဟဇရသ်စုလိုင်မာန် ﷺ သက်တော်ထင်ရှားရှိစဉ်ကပင် ပြီးမြောက်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အထက်၌ ဖော်ပြခဲ့သော ဖြစ်ရပ်မှာ ဤဟဒီးစ်တော်နှင့် တစ်စုံတစ်ရာ ဆန့်ကျင်မှုမရှိပေ။ အဘယ်ကြောင့်ဆိုသော် အဓိကဆောက်လုပ်ရေးလုပ်ငန်းများ ပြီးမြောက်သည့်နောက်တွင် ကြီးမားသော ဆောက်လုပ်ခြင်းများမှ အချို့အလုပ်များ ကျန်ရှိနေတတ်သည်။ ထိုအလုပ်များအတွက် ဟဇရသ်စုလိုင်မာန် ﷺ သည် ဖော်ပြပါ ကြံစည်ခြင်းများကို ပြုလုပ်ခဲ့သည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ ထံမှ ဆင့်ပြန်ချက် လာရှိသေးသည်မှာ 'ကွယ်လွန်သေဆုံးပြီးနောက် လက်ကိုင်တုတ်၏ အမှီဖြင့် ဟဇရသ်စုလိုင်မာန် ﷺ သည် တစ်နှစ်တိုင် ရပ်လျက်ရှိနေခဲ့သည်'ဟု ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

အချို့ဆင့်ပြန်ချက်များတွင် လာရှိသည်မှာ 'ဂျင်န်'တို့သည် ဟဇရသ်စုလိုင်မာန် ﷺ ကွယ်လွန် သည်မှာ ကာလအတန်ကြာခဲ့ပြီး မိမိတို့ မသိရှိခဲ့ကြ၍ ကွယ်လွန်ခဲ့သည့်ကာလကို သိရှိရန် သစ်သားတစ်ခု တွင် 'ခြ'ကောင်ကို ထည့်ပေးခဲ့သည်။ တစ်နေ့နှင့် တစ်ညတွင် 'ခြ'ကောင်သည် သစ်သားစားသည်ကို ကြည့်ရှုခန့်မှန်း တွက်ချက်ပြီး စုလိုင်မာန် ﷺ ၏ လက်ကိုင်တုတ်ကို စားသည်မှာ တစ်နှစ်ကြာကြောင်း ကို တွက်ချက်ခဲ့ကြသည်ဟူ၍ ဖြစ်သည်။

အကျိုးကျေးဇူး ။ ။ ဗဂဝီ (ရဟ) သည် သမိုင်းပညာရှင်တို့၏ အညွှန်းဖြင့် ဆင့်ပြန်ခဲ့သည်မှာ ဟဇရတ် စုလိုင်မာန် عليه السلام ၏ သက်တော်မှာ (၅၃) နှစ် ဖြစ်ခဲ့သည်။ ၎င်း၏ အုပ်ချုပ်မှုအာဏာသည် နှစ် (၄၀) တိုင် ရှိခဲ့သည်။ ၁၃ နှစ်သားအရွယ်တွင် အုပ်ချုပ်မှုအာဏာကို ရရှိခဲ့သည်။ 'ဗိုင်သွလ်မုကဒ်ဒဆ်'၏ ဆောက်လုပ်ခြင်းသည် မိမိ၏ အုပ်ချုပ်မှုသက်တမ်း (၄) နှစ်တွင် စတင်ခဲ့သည်'ဟုဖြစ်သည်။ *[မဇ္ဇဟရီ၊ ကုရ်သုဗီ။]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

لَقَدْ كَانَ لِسَبَإٍ فِي مَسْكَنِهِمْ آيَةٌ ۖ جَنَّتَانِ عَن يَمِينٍ وَشِمَالٍ ۖ
كُلُوا مِن رِّزْقِ رَبِّكُمْ وَاشْكُرُوا لَهُ ۚ بَلْدَةٌ طَيِّبَةٌ وَرَبٌّ غَفُورٌ ﴿١٥﴾

၃၄ : ၁၅ ။ ။ ဧကန်မုချ 'စဗာ' မျိုးနွယ်ဝင်တို့အဖို့၊ ၎င်းတို့၏ နေထိုင်ရာဒေသ၌ပင် သက်သေလက္ခဏာသည် ရှိခဲ့၏။ (ထိုမျိုးနွယ်ဝင်တို့ နေထိုင်ရာ မြို့ရွာများ၏ လက်ယာဘက်၌လည်းကောင်း၊ လက်ဝဲဘက်၌လည်းကောင်း ဥယျာဉ်နှစ်ခု ရှိခဲ့၏။ (၎င်းတို့မှာ မိမိတို့၏ နဗီတမန်တော်များမှတစ်ဆင့် ဤသို့ မိန့်ကြားခြင်းကို ခံခဲ့ကြရကုန်၏။) 'အသင်တို့သည် မိမိတို့၏ အသျှင်မြတ်က ချီးမြှင့်ပေးသနားတော်မူသော စားနပ်ရိက္ခာကို စားသုံးကြလေကုန်။ ထို့ပြင် အသင်တို့သည် ထိုအသျှင်မြတ်အား ကျေးဇူးတင်ရှိကြလေကုန်။ (အသင်တို့၏ မြို့ရွာမှာ) ကောင်းမွန် သန့်ပြန့်သော မြို့ရွာဖြစ်၍ (အသင်တို့၏ အသျှင်မြတ်မှာလည်း) လွန်စွာ ခွင့်လွှတ်ချမ်းသာပေးသနားတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

فَأَعْرَضُوا فَأَرْسَلْنَا عَلَيْهِمْ سَيْلَ الْعَرِمِ وَبَدَّلْنَاهُم
بِجَنَّتَيْهِمْ جَنَّتَيْنِ ذَوَاتَيْ أُكُلٍ خَمْطٍ وَأَثْلٍ وَشَيْءٍ مِّن سِدْرٍ قَلِيلٍ ﴿١٦﴾

၃၄ : ၁၆ ။ ။ သို့ရာတွင် ၎င်းတို့သည် (အမိန့်တော်ကို လိုက်နာခြင်း မရှိကြဘဲ) မျက်နှာလွှဲခဲ့ကြပေရာ ငါအသျှင်မြတ်သည် ၎င်းတို့အပေါ်၌ 'အရင်မ်'ရေကာတာ (အား ကျိုးပေါက်ပျက်စီးစေပြီး၊ ၎င်း) မှ ပြင်းထန်စွာ စီးဆင်းသောရေကို လွှတ်ပေးတော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား၊ ၎င်းတို့၏ ဥယျာဉ်နှစ်ခု၏ အစား၊ အခြားသော ဥယျာဉ်နှစ်ခုကို လဲလှယ်၍ ပေးတော်မူခဲ့၏။ ထိုဥယျာဉ်နှစ်ခုမှာ ဖန်သော၊ ခါးသော အရသာ မကောင်းသော သစ်သီးဝလံများ၊ ထင်းရှူးပင်များနှင့် အနည်းငယ်မျှသော ဆီးပင်များရှိသည့် ဥယျာဉ်နှစ်ခုပင် ဖြစ်ခဲ့ကြ၏။

ذَٰلِكَ جَزَيْنَاهُم بِمَا كَفَرُوا ۖ وَهَلْ نُجَازِي إِلَّا الْكَفُورَ ﴿١٧﴾

၃၄ : ၁၇ ။ ။ ဤသည် ငါအသျှင်မြတ် ၎င်းတို့အား၊ ၎င်းတို့၏ ကျေးဇူးကန်မှုကြောင့် ပေးတော်မူခဲ့သော ပြစ်ဒဏ်ပင် ဖြစ်၏။ စင်စစ် ငါအသျှင်မြတ်သည် အလွန်ကျေးဇူးကန်းသော သူတို့ကိုသာလျှင် (ယင်းကဲ့သို့သော) အပြစ်ပေးလေ့ ရှိတော်မူပေသည်။

وَجَعَلْنَا بَيْنَهُمْ وَبَيْنَ الْقُرَى الَّتِي بَارَكْنَا فِيهَا قُرًى ظَاهِرَةً
وَقَدَّرْنَا فِيهَا السَّيْرَ ۖ سِيرُوا فِيهَا لَيَالِيَ وَأَيَّامًا آمِنِينَ ﴿١٨﴾

၃၄ : ၁၈ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ထိုသူတို့နှင့် ငါအသျှင်မြတ် သုခချမ်းသာနှင့် ပြည့်စုံစေတော်မူခဲ့သော မြို့၊ ရွာများ၏ အကြား၌ မြင်လွယ်သော မြို့ရွာများကို စည်ကားစေတော်မူခဲ့၏။ ၎င်းပြင် ငါအသျှင်မြတ်သည် ထိုမြို့ရွာများ၌ ခရီးထောက်များအဖြစ်လည်း သတ်မှတ်၍ ပေးတော်မူခဲ့၏။ (၎င်းပြင် ငါအသျှင်မြတ်သည် ဤသို့ မိန့်ကြားတော်မူခဲ့၏။) အသင်တို့သည် ယင်းမြို့ရွာများတွင် ဘေးအန္တရာယ် ကင်းငြိမ်းစွာ၊ နေ့ရောညဉ့်ပါ ခရီးသွားလာကြလေကုန်။

فَقَالُوا رَبَّنَا بَاعِدْ بَيْنَ أَسْفَارِنَا وَظَلَمُوا أَنفُسَهُمْ فَجَعَلْنَاهُمْ
أَحَادِيثَ وَمَزَّقْنَاهُمْ كُلَّ مُمَزَّقٍ ۚ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّكُلِّ صَبَّارٍ شَكُورٍ ﴿١٩﴾

၃၄ : ၁၉ ။ ။ ထိုအခါ ၎င်းတို့က 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့၏ ခရီးလမ်းများ [သည် အလွန်နီးကပ်လျက် ရှိသည့်အပြင် ခရီးသွားရခြင်းမှာ မိမိတို့အိမ်၌ နေထိုင်ခြင်းနှင့် မခြားနားပါ။ သို့ဖြစ်၍ ခရီးစခန်းများ] ကို ကွာဝေးစေတော်မူပါ'ဟု လျှောက်ထားခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် မိမိတို့ကိုယ်တိုင်ပင် နှိပ်စက်ကလူ ပြုခဲ့ကြပေရာ၊ ငါအသျှင်မြတ်သည် ၎င်းတို့ (၏ အကြောင်း အတ္ထုပ္ပတ္တိ) ကို ပုံပြင် (ယုံတမ်းစကား) များပင် ပြုလုပ်တော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား လုံး၀ အစိတ်စိတ်အမွှာမွှာ ကစဉ့်ကလျား ဖြစ်စေတော်မူခဲ့၏။ ဧကန်မလွဲ ဤသည့် (ဖြစ်ရပ်) ၌ လွန်စွာ ကျေးဇူးသိတတ်သော၊ သည်းခံခြင်းတရား ထားရှိသူတိုင်းအဖို့ သက်သေလက္ခဏာများသည် အမှန်ပင် ရှိကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မုချဧကန် 'စဗာ' (မျိုးနွယ်ဝင်တို့) အဖို့ ၎င်းတို့၏ နေထိုင်ရာဒေသ (၏ ရှုထောင့်ပေါင်းစုံ) တွင် (အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို နာခံရန် 'ဝါဂျိဗ်'ဖြစ်သော) သက်သေလက္ခဏာများ ရှိခဲ့ပေသည်။ (၎င်းတို့အနက် သက်သေလက္ခဏာတစ်ရပ်မှာ (၎င်းတို့၏ ဒေသတစ်ခုလုံးရှိ လမ်းမ၏ ဘယ်၊ ညာ နှစ်ဖက်စလုံးတွင် ဆက်လျက်ရှိသော ဉယျာဉ်များဖြင့် ရှိခဲ့သည်။ ၎င်းဉယျာဉ်များမှ ဝင်ငွေများလည်း ရရှိကြသည်။ သစ်သီးဝလံများသည်လည်း အလျှံပယ်ရရှိကြသည်။ ကုန်အောင်ပြောလျှင်ပင် မကုန်မခမ်းနိုင်လောက်အောင် များပြားလှပေသည်။ အရိပ်များလည်း ရရှိသည်။ လင်းဝင်းမှုလည်း ရှိသည်။ ငါအသျှင်မြတ်သည် နဗီတမန်တော်များနှင့် ကောင်းမြတ်သော အဆုံးအမတရားဟောကြားသူတို့အား တစ်ဆင့်ခံ၍ ၎င်းတို့အား အမိန့်ပေးတော်မူသည်မှာ) အသင်တို့သည် မိမိတို့အသျှင်မြတ်၏ (ပေးသနားတော်မူသော) 'ရိဇ်ဇ်'စားနပ်ရိက္ခာကို စားသုံးကြလေကုန်။ ထို့နောက် (စားသုံးပြီး) ထိုအသျှင်မြတ်အား ကျေးဇူးတင်ကြ

လေကုန်။ (ဆိုလိုသည်မှာ အမိန့်နာခံကြလေကုန်။ အဘယ်ကြောင့်ဆိုသော် ကျေးဇူးတော်နှစ်ပါးသည် အမိန့်နာခံမှုကို တောင်းဆိုသော အရာဖြစ်သောကြောင့်ပင် ဖြစ်သည်။ တစ်ခုမှာ နေထိုင်ခြင်းတည်းဟူသော လောကီရေးဖြစ်သည်။) ကောင်းမွန် သော မြို့နှင့် (အခြားတစ်ခုမှာ အီမာန်နှင့် အမိန့်နာခံမှုများ၌ အကယ်၍ ချွတ်ချော်မှားယွင်းမှု တစ်စုံတစ်ရာ ဖြစ်ပေါ်ပါလျှင် ခွင့်လွှတ်ချမ်းသာရစေမည့် တမလွန်အရေးဖြစ်သည်။) ခွင့်လွှတ်ချမ်းသာပေးတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။

(သို့ဖြစ်ပေရာ ဤကဲ့သို့သော တောင်းဆိုချက်အပေါ် ဖြည့်ဆည်းလိုက်နာရန် အရေးကြီးပေသည်) သို့ဖြစ်ပေရာ (ဤအပေါ်၌လည်း) ၄င်းတို့သည် (ထိုအမိန့်တော်မှ) မျက်နှာလွှဲဖယ်ခဲ့ကြသည်။ (၄င်းတို့သည် နေ ကိုးကွယ်သူများ ဖြစ်ပေမည်။ ဥပမာ- အချို့တို့နှင့် စပ်လျဉ်း၍ 'စူရာဟ်နမ်လ်'တွင်

وَجَدْ تُّهَا وَقَوْمَهَا يَسْجُدُوْنَ لِلشَّمْسِ

ဟု လာရှိထားသည်။) သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ၄င်းတို့အပေါ်သို့ (မိမိဘက်မှ အပြစ်ဒဏ်အဖြစ်) ရေကာတာမှ ပြင်းထန်စွာ စီးဆင်းသော ရေကို လွှတ်ပေးတော်မူခဲ့သည်။ (ဆိုလိုသည်မှာ ရေကာတာဖြင့် ပိတ်ထားသည့် ရေများသည် ရေကာတာကျိုး၍ ရေကြီးခြင်းဖြစ်ခဲ့ရသည်။ ထိုသို့ ရေကြီးခြင်းကြောင့် ၄င်းတို့၏ ဝေးလံသည့်နေရာအထိ ကျယ်ပြန့်ကြီးမားလှစွာသော ဥယျာဉ်နှစ်ခုမှာလည်း ပျက်စီး သွားရပေသည်။) ထို့နောက် ငါအသျှင်မြတ်သည် ၄င်းတို့အား ၄င်းတို့၏ ထိုဥယျာဉ်နှစ်ခုအစား အခြားသော ဥယျာဉ်နှစ်ခုကို လဲလှယ်၍ ပေးတော်မူခဲ့သည်။ ထိုဥယျာဉ်နှစ်ခုမှာ ဖန်သော၊ ခါးသောအရသာ၊ မကောင်းသော သစ်သီးဝလံများ၊ ထင်းရူးပင်များနှင့် အနည်းငယ်မျှ ဆီးပင်များ ရှိသည့် ဥယျာဉ်နှစ်ခု ဖြစ်ပေသည်။

ထို့ပြင် ထိုဥယျာဉ်မှ အပင်တို့သည် မြို့၏ အပင်၊ ယဉ်သော အပင်များလည်း မဟုတ်ဘဲ တောအပင်များဖြစ်သည်။ သစ်သီးဝလံများ၌လည်း အရသာမရှိပေ။)

၄င်းတို့အား ဤပြစ်ဒဏ်ကို ငါအသျှင်မြတ်သည် ၄င်းတို့၏ ကျေးဇူးကန်းခြင်းကြောင့် ပေးတော်မူခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် ငါအသျှင်မြတ်သည် ဤကဲ့သို့သော အပြစ်ဒဏ်ကို အလွန်ကျေးဇူးကန်းသူတို့ကိုသာလျှင် ပေးတော်မူလေ့ရှိသည်။ (ထိုသို့မဟုတ်ပါက မပြောပလောက်သော ပြစ်မှုများအပေါ်၌မူ ငါအသျှင်မြတ်သည် ပလပ်ပေးတော်မူလေ့ရှိသည်။ 'ကုဖွရ်'အပြစ်ထက်ကြီးသော အပြစ်မရှိသည်မှာ အထင်အရှားပင် ဖြစ်သည်။ ၄င်းတို့သည် ယင်း 'ကုဖွရ်'အဖြစ်၌သာ နစ်မွန်းလျက် ရှိကြပေသည်။)

၄င်းနောက် ငါအသျှင်မြတ်သည် ထိုမြို့နေသူများ အားလုံးအတွက် အထက်တင်ပြပါ 'နေ့အ်မသ်' တော်အပြင် ခရီးသွားလာခြင်းနှင့် ပတ်သက်၍လည်း အထူး 'နေ့အ်မသ်'တစ်ခု ပြုထားသည်မှာ ငါအသျှင်မြတ်သည် ၄င်းတို့နှင့် ၄င်းတို့မြို့ရွာများတွင် သီးနှံထွက်ပေါ်နှုန်းအရ 'ဗရ်ကသ်'မင်္ဂလာ ချီးမြှင့်ခဲ့သည်။ မြောက်မြားစွာသော ရွာများ စည်ကားစွာ ရှိစေခဲ့သည်။ ၄င်းရွာများကို လမ်းမပေါ်ကပင် တွေ့မြင်နိုင်သည်။ (ခရီးသည်များအဖို့ လမ်းခရီး၌လည်း ကြောက်ရွံ့ဖွယ်ရာ မရှိ။ တစ်နေရာ၌ နားလိုသည်ဖြစ်လျှင် ထိုနေရာသို့ သွားရာတွင် မည်သည့်ဒုက္ခနှင့် စိတ်ရှုပ်ထွေးမှုမျှလည်း မရှိရန် ဖြစ်ပေသည်။) ၄င်းပြင် ငါအသျှင်မြတ်သည်

ထိုမြို့ရွာများ၏ ကြားအလယ်တွင် ၎င်းတို့ သွားလာရာ၌ အလွန် သင့်လျော်သော အကွာအဝေးဖြင့် ထားရှိပေးတော်မူခဲ့သည်။ (ဆိုလိုသည်မှာ ရွာတစ်ရွာမှ အခြားရွာတစ်ရွာသို့ သွားသည့် လမ်းခရီးအကွာအဝေးကို အတိုင်းအတာ တွက်ချက်မှုအရ ပုံမှန် အနားယူရန်နှင့် ရွာတစ်ရွာသို့ အချိန်မှန် ရောက်ရှိပြီး တစ်ဖန် ထိုရွာ၌ စားသောက်ပြီး အနားယူနိုင်လောက်သည့် အကွာအဝေးဖြင့် ထားရှိပေးတော်မူခဲ့သည်။) ထို့နောက် (ငါအသျှင်မြတ်က မိန့်ကြားတော်မူသည်မှာ) အသင်တို့သည် ဤမြို့ရွာများတွင် ညဉ့် (ဖြစ်စေ၊ နေ့တွင်ဖြစ်စေ) ဘေးအန္တရာယ်ကင်းငြိမ်းစွာ ခရီးသွားလာကြလေကုန်။

(ဆိုလိုသည်မှာ ဓါးပြတို့၏ အန္တရာယ်ကိုလည်း မစိုးရိမ်ရပေ။ အနီးအနားတွင် ရွာများ ဆက်စပ်နေသောကြောင့် ဖြစ်သည်။ ခရီးတွင် စားသောက်ရန် ရိက္ခာနှင့် ရေများ ပြတ်လပ်သွားမည်ကိုလည်း မစိုးရိမ်ရပေ။ နေရာတိုင်းတွင် ထိုအရာအားလုံးမှာ လွယ်ကူစွာ ရရှိနိုင်ပေသည်။)

သို့ဖြစ်ပေရာ (ထိုကျေးဇူးတော်များ၏ အဓိကကျေးဇူး သိတတ်မှုဖြစ်သော အသျှင်မြတ်၏ အမိန့်နာခံမှုကိုလည်း ၎င်းတို့က မပြုခဲ့ကြပေ။ အလားတူ အပြင်ပိုင်းအရ ကျေးဇူးသိတတ်မှုဖြစ်သော အသျှင်မြတ်၏ ကျေးဇူးတော်များကို ကျေးဇူးတော်ဖြစ်ကြောင်း သိနားလည်ခြင်း၊ တန်ဖိုးထားခြင်းများကိုပင် မပြုခဲ့ကြပေ။ သို့ဖြစ်ပေရာ) ၎င်းတို့က အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ (ဤကဲ့သို့ မြို့ရွာများ နီးနီးကပ်ကပ်ရှိနေခြင်းသည် ခရီး၏ အရသာမရှိပါ။ ခရီး၏ အရသာရှိသည်မှာ ခရီးတွင် စားနပ်ရိက္ခာ ပြတ်လပ်သွားခြင်း၊ ရေဆာလောင်ငတ်မွတ်သောအခါ ရေမရရှိခြင်း၊ လိုလားမှုများနှင့် စောင့်ဆိုင်းမှုများဖြစ်ရခြင်း၊ သူခိုး၊ ဓါးပြတို့ကို ကြောက်ရွံ့ရခြင်း၊ အစောင့်အကြပ် အခြွေအရံများ ထားရခြင်း၊ လက်နက်များကို ကိုင်ဆောင်ထားရခြင်းတို့ဖြင့်သာ ရရှိပါမည်။ ဥပမာ- ဗနီအီစ်ရာအီးလ်တို့သည် 'မန္နု'နှင့် 'စလ်ဝါ'တို့ကို ညည်းငွေ့ခဲ့ကြပါသည်။ ဟင်းသီးဟင်းရွက်နှင့် သခွားသီးတို့ကို တောင်းခံကြသည့်အတိုင်း ဖြစ်သည်။ အလားတူ ကျွန်တော်မျိုးတို့အဖို့ လက်ရှိအခြေအနေတွင် ကျွန်တော်မျိုးတို့ကို ချမ်းသာကြွယ်ဝမှုကိုပင် ထုတ်ဖော်ပြသရန် အခါအခွင့် မသင့်ခဲ့ပါ။ ချမ်းသာသူနှင့် ဆင်းရဲသူအားလုံးသည် တန်းတူပင် ခရီးသွားလာလျက်ရှိကြပါသည်။ ထို့ကြောင့် ကျွန်တော်မျိုးတို့ လိုလားကြသည်မှာ) ကျွန်တော်မျိုးတို့၏ ခရီးလမ်းများကို ဝေးကွာစေတော်မူပါ။ (ဆိုလိုသည်မှာ ကြားအလယ်တွင်ရှိသော မြို့ရွာများကို ဖျက်ဆီးပေးတော်မူပါ။ ခရီးစခန်းများကို ကောင်းစွာ ဝေးကွာစေတော်မူပါ။) ထို့ပြင် (ကျေးဇူးကန်းခြင်းအပြင်) ၎င်းတို့သည် (အခြားသော အမိန့်မနာခံမှုများကိုလည်း ကျူးလွန်လျက်) ၎င်းတို့ကိုယ်တိုင် အပေါ်နှိပ်စက်ကလူ ပြုခဲ့ကြပေသည်။ ထို့ကြောင့် ငါအသျှင်မြတ်သည် ၎င်းတို့အား ယုံတမ်းစကား (အတ္ထုပ္ပတ္တိ) အဖြစ် ပြုပေးတော်မူလိုက်သည်။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား အစိတ်စိတ်အမွှာမွှာ ဖြစ်စေတော်မူခဲ့သည်။ (အချို့ကို ဖျက်ဆီးတော်မူ၍ ၎င်းတို့အကြောင်းကို သမိုင်းစာမျက်နှာပေါ်တွင်သာ ကျန်ရှိစေတော်မူခဲ့သည်။ အချို့ကို ပူဆွေးသောကရောက်ရှိစေခဲ့သည်။ ထို့ပြင် စည်းစိမ်များနှင့် နေခဲ့ရသည့်အဖြစ်ကို အိပ်မက်အဖြစ်သာ ရှိစေတော်မူခဲ့သည်။ ဆိုလိုသည်မှာ ထိုစည်းစိမ်သုခချမ်းသာများအားလုံး ပျက်သုဉ်းသွားခဲ့ရလေသည်။ ၎င်းတို့၏ အခြေအနေကို သံဝေဂရယူဖွယ်အဖြစ် ပြုတော်မူခဲ့သည်။)

جعلناهم ذات حكايات يعتبر بها

(ဆိုလိုသည်မှာ 'ငါအသျှင်မြတ်သည် ၎င်းတို့၏ ဖြစ်ရပ်ကို သံဝေဂရယူဖွယ်အဖြစ် ပြုပေးတော်မူခဲ့သည်'ဟု ဖြစ်သည်။ အချုပ်မှာ ၎င်းတို့၏ နေအိမ်များ၊ ဥယျာဉ်များသည်လည်းကောင်း၊ အားလုံးမှာ ပျက်စီးပျောက်ကွယ်သွားခဲ့ရလေသည်။) မုချဧကန် ၎င်းတို့၏ ဤဖြစ်ရပ်တွင် လွန်စွာ ကျေးဇူးသိတတ်သော ခန္တီတရားရှိသူတိုင်းအဖို့ (မုအ်မင်န်များအဖို့) များစွာသော (သံဝေဂရယူဖွယ်ရာ) သက်သေလက္ခဏာတော်များ ရှိပေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

'နဗူဝသ်'နှင့် 'ရိစာလသ်'ကို ငြင်းပယ်သူများနှင့် 'ကေယာမသ်'ကို ငြင်းပယ်သူတို့အား အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုံလုံသော တန်ခိုးတော်များအပေါ် သတိပြုစေခြင်းနှင့် ရှေးနဗီတို့၏ လက်များဖြင့် ဦးနှောက်မမှီ မြင့်မားသော အံ့ဖွယ်ဖြစ်ရပ်များနှင့် 'မုအ်ဂျေဇာဟ်'တန်ခိုးတော်များ ဖြစ်ပေါ်ခဲ့သည့် ကဏ္ဍများနှင့် စပ်လျဉ်း၍ ဦးစွာပထမ ဟဇရသ်ဒါဝူဒ် عليه السلام နှင့် စုလိုင်မာန် عليه السلام တို့၏ ဖြစ်ရပ်များကို တင်ပြခဲ့သည်။ တစ်ဖန် ဤအခန်းကဏ္ဍနှင့် စပ်လျဉ်း၍ပင် 'စဗာ'အမျိုးသားများအပေါ် အလ္လာဟ်အသျှင်မြတ်၏ မရေမတွက်နိုင်သော ချီးမြှင့်မှု ကျေးဇူးတော်များအကြောင်းကိုလည်းကောင်း၊ တစ်ဖန် ယင်းကျေးဇူးတော်များကို ကျေးဇူးကန်းသည့်အတွက် ၎င်းတို့အပေါ် 'အဇာဗ်'အပြစ်ဒဏ်များ ကျရောက်လာရခြင်း အကြောင်းများကို ဖော်ပြပါအာယသ်တော်များ၌ တင်ပြထားသည်။

'စဗာ' အမျိုးသားများနှင့် ၎င်းတို့အပေါ် အလ္လာဟ်အသျှင်မြတ်၏ အထူးချီးမြှင့်မှုများ

အိဗ်နေကစီးရ်က မိန့်သည်မှာ 'စဗာ'သည် ယမန်နိုင်ငံ၏ ဘုရင်များနှင့် ထိုနိုင်ငံ၏ ပြည်သူတို့၏ ဘွဲ့ထူးဖြစ်သည်။ ဤနိုင်ငံ၏ ခေါင်းဆောင်များဖြစ်သော تَبَابِعَة သည်လည်း ဤ 'စဗာ'အမျိုးသားများ အနက်မှ ဖြစ်သည်။ ထို့ပြင် ဟဇရသ်စုလိုင်မာန် عليه السلام အကြောင်းနှင့်အတူ စူရာဟ်နမလ်တွင် တင်ပြခဲ့ပြီး ဖြစ်သော ဘုရင်မဘိလ်ကီးစ်သည်လည်း ဤ 'စဗာ'အမျိုးနွယ်ဝင်ပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ထို မျိုးနွယ်တို့အပေါ် မိမိ၏ ရိဇ်ဇိရိက္ခာတော်၏ တံခါးကို ဖွင့်ပေးတော်မူခဲ့သည်။ ၎င်းတို့၏ မြို့တွင် စည်းစိမ်ချမ်းသာသုခများနှင့် ဖိမ်ခံပစ္စည်းများကို အလျှံအပယ် ချီးမြှင့်ခဲ့သည်။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ နဗီတမန်တော်များကို စေလွှတ်၍ ၎င်းတို့အား အလ္လာဟ်အသျှင်မြတ်သည် တစ်ပါးတည်း တည်ရှိတော်မူကြောင်းနှင့် ထိုအသျှင်မြတ်၏ အမိန့်တော်ကို လိုက်နာခြင်းအားဖြင့် ကျေးဇူးတော်များကို ကျေးဇူးသိတတ်ရန် အမိန့်ပေးတော်မူခဲ့သည်။ ကာလတစ်ခုထိတိုင် ဤသူတို့သည် ထိုစည်းစိမ်ချမ်းသာမှု အခြေအနေအပေါ်၌ ရပ်တည်ခဲ့ကြပြီး အမျိုးမျိုးသော စည်းစိမ်ချမ်းသာသုခများ၌ ယစ်မူး၍ အလ္လာဟ်

အသျှင်မြတ်အား မေ့လျော့ခြင်းများမက ငြင်းပယ်သည်အထိ ရောက်ရှိလာကြသောအခါ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား သတိပေးနှိုးဆော်ရန် မိမိ၏ နဗီတမန်တော် (၁၃) ပါးကို စေလွှတ်တော်မူခဲ့သည်။ ထိုနဗီတမန်တော်တို့သည် ၎င်းတို့အား နားလည်သဘော ပေါက်ရန်နှင့် လမ်းမှန်အပေါ် ရောက်စေရန် အပြည့်အဝ ကြိုးပမ်းခဲ့ကြသည်။ သို့ပါသော်လည်း ဤသူများသည် မိမိတို့၏ မေ့လျော့ခြင်း၊ ဂရုမမူခြင်းများကို မစွန့်လွှတ်ခဲ့ကြပေ။ သို့ဖြစ်ပေရာ ၎င်းတို့အပေါ်၌ ရေလွှမ်းမိုးခြင်း 'အအားမ်' အပြစ်ဒဏ်ကို ချပေးတော်မူခဲ့သည်။ ထိုရေသည် ၎င်းတို့၏ မြို့ရွာများနှင့် ဥယျာဉ်များအားလုံးကို ဖျက်ဆီးလျက် ပြောင်တလင်းခါ ဖြစ်စေခဲ့သည်။ *[မိုဟမ္မဒ်ပင်န်အစ္စဟားက် (ရဟ) ဆင့်ပြန်သည်။ အိဗ်နေကစီးရ်။]*

အေမာမ်အဟ်မဒ် (ရဟ) သည် ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့သည်မှာ 'လူတစ်ဦးသည် တမန်တော်မြတ် ﷺ အား 'ကုရ်အာန်၌ ဖော်ပြချက်ပါရှိသော 'စဗာ' သည် အမျိုးသားတစ်ဦး (သို့) အမျိုးသမီးတစ်ဦး (သို့) ကမ္ဘာမြေ၏ အစိတ်အပိုင်းတစ်ခုခု၏ အမည်ဖြစ်ပါသလား' ဟု မေးမြန်းလျှောက်ထားရာ တမန်တော်မြတ် ﷺ က 'ဤသည် အမျိုးသားတစ်ဦး၏ အမည်ဖြစ်သည်။ ၎င်းတွင် သား (၁၀) ဦး ရှိခဲ့သည်။ ယင်းတို့အနက် (၆) ဦးသည် ယမန်နိုင်ငံတွင် နေထိုင်ကြသည်။ ထို့နောက် (၄) ဦးမှာ ဆီးရီးယားနိုင်ငံသို့ သွားရောက်နေထိုင်ကြသည်။ ယမန်နိုင်ငံ၌ နေထိုင်သူ (၆) ဦး၏ အမည်များမှာ-

(၁) မွဒ်ဂျဂ်
(၂) ကင်န်ဒဟ်
(၃) အဇ်ဒ်
(၄) အရှ်အရီ
(၅) အန်မားရ်နှင့်
(၆) ဟမီးရ်တို့ဖြစ်သည်။

(ထိုသား (၆) ဦးတို့မှ မျိုးနွယ်စု (၆) ခု ပေါက်ဖွားလာခဲ့သည်။ ဖော်ပြပါအမည်များဖြင့်ပင် ကျော်ကြားခဲ့ကြသည်။

ဆီးရီးယား၌ သွားရောက်နေထိုင်သူ (၄) ဦး၏ အမည်များမှာ

(၁) လခမ်း၊
(၂) ဂျူဇားမ်၊
(၃) အာမိလဟ်နှင့်
(၄) ဂဿာန်တို့ ဖြစ်သည်။

၎င်းတို့၏ မျိုးဆက်များသည် ထိုအမည်များဖြင့်ပင် ကျော်ကြားခဲ့သည်။

ဤဆင့်ပြန်ချက်သည် ဟာဖိဇ်အေမာမ်အိဗ်နေအဗ်ဒွလ်ဗရ် (ရဟ) ကလည်း မိမိ၏ ကျမ်းဖြစ်သော القصد والامم بمعرفة انساب العرب والعجم တွင် ဖော်ပြခဲ့သည်။

အိဗ်နေကစီးရ်၏ ပညာရှင်များကို ညွှန်းဆိုလျက် လေ့လာဆန်းစစ်မှုများအရ ဤသား (၁၀) ဦးသည် 'စဗာ့'၏ ကြားခံမရှိ သားအရင်းများမဟုတ်ကြဘဲ 'စဗာ့'၏ ဒုတိယ၊ တတိယ (သို့) စတုတ္ထ အနွယ်များမှ ဖြစ်ကြသည်။ တစ်ဖန် ၎င်းတို့၏ အနွယ်ဝင်အုပ်စုများသည် ဆီးရီးယားနှင့် ယမန်နိုင်ငံသို့ ပြန့်နှံ့သွားခြင်းဖြစ်သည်။ ထိုအမည်များဖြင့်ပင် ကျော်ကြားခဲ့သည်ဟု ဖြစ်သည်။ 'စဗာ့'၏ အမည်ရင်းမှာ အဗ်ဒ်ရှမ်းစ်ဖြစ်သည်။ 'စဗာ့အဗ်ဒ်ရှမ်းစ်ဗင်န်ယရှ်ဟုဗ်ဗင်န်ယအ်ရုဗ်ဗင်န်ကသွ်ဟာန်ဖြင့် ၎င်း၏ မျိုးနွယ်ဆက်မှာ ရှင်းသွားသည်။ သမိုင်းသုတေသီများက ရေးသားကြသည်မှာ 'စဗာ့အဗ်ဒ်ရှမ်းစ်'သည် မိမိ၏ခေတ်တွင် နောက်ဆုံးနဗီတမန်တော် မိုဟမ္မဒ် ﷺ ပွင့်ပေါ်လာမည့် သတင်းကောင်းကို ရရှိခဲ့သည်။ ၎င်းသည် 'သောင်ရာ့သ်'နှင့် 'အင်န်ဂျီးလ်'စသော ရှေးကျမ်းများမှလည်းကောင်း၊ (သို့) နက္ခတ္တဗေဒပညာ ရှင်များထံမှလည်းကောင်း သိရှိရခြင်းဖြစ်နိုင်ဘသည်။ တမန်တော်မြတ် ﷺ ၏ ဂုဏ်ရည်တော်များနှင့် စပ်လျဉ်း၍ ကဗျာအချို့ကိုလည်း ဆိုခဲ့သည်။ ထိုကဗျာများတွင် 'ကိုယ်တော်မြတ် ﷺ ၏ စေလွှတ်ခြင်းခံရမည့်အကြောင်း ပါရှိပြီး အကယ်၍ ကျွန်ုပ်သည် ထိုခေတ်၌ ရှိခဲ့ပါလျှင် ထိုနဗီတမန်တော် ﷺ အား ကူညီစောင်မပြီး မိမိ၏ အမျိုးသားများကို ထိုနဗီတမန်တော် ﷺ အပေါ်၌ အီမာန်သက်ဝင် ယုံကြည်ကြရန်နှင့် ကူညီစောင်မကြရန် နှိုးဆော်သူဖြစ်ပေမည်' ဟု ပါရှိသည်။

အထက်ပါဟဒီးစ်တော်၌ ဖော်ပြပါရှိသော 'စဗာ့'၏ သား (၁၀) ဦးအနက် (၆) ဦးမှာ ယမန်နိုင်ငံ၌ နေထိုင်ကြပြီး ကျန် (၄) ဦးမှာ ဆီးရီးယားသို့ သွားရောက်နေထိုင်ကြောင်း လာရှိထားသည်။ ဤဖြစ်ရပ်သည် ၎င်းတို့အပေါ် ရေကြီးခြင်း 'အရားဗ်'အပြစ်ဒဏ် ဖြစ်ပေါ်ပြီးသည့်နောက်တွင် ဖြစ်ခဲ့သည်။ ရေကြီးသည့်အချိန်တွင် ၎င်းတို့သည် နေရာဒေသအသီးသီးနှင့် မြို့ရွာအသီးသီးတွင် ပြန့်နှံ့ရောက်ရှိသွားခဲ့ကြသည်။

[အိဗ်နေကစီးရ်]

ကုရ်သုဗီးသည် ကုရှိုင်ရီ၏ အညွှန်းဖြင့် စဗာမျိုးနွယ်တို့၏ ခေတ်သမယသည် ဟဇရသ်အီစာ ﷺ ၏ ခေတ်သမယ၏ နောက်ပိုင်း တမန်တော်မြတ် ﷺ မပွင့်ပေါ်မီ ကြားကာလတွင် ဖြစ်သည်ဟု ဆိုသည်။

'အရင်မ်' ရေကာတာမှ ပြင်းထန်သော ရေစီးနှင့် 'မအာရိဗ်' ရေကာတာ

فَاَرْسَلْنَا عَلَيْهِمْ سَيْلَ الْعَرِمِ

عَرِم 'အရင်မ်'ဟူသော စကားလုံးသည် အာရဗီအဘိဓါန်တွင် များစွာသော အဓိပ္ပာယ်များရှိသောစာလုံး ဖြစ်သည်။ အဖွင့်ပညာရှင်တို့သည် အဓိပ္ပာယ်တိုင်းကို ထောက်ရှုလျက် ဤအာယသ်တော်ကို အမျိုးမျိုး ဖွင့်ဆိုကြသည်။ သို့ရာတွင် ၎င်းတို့အနက် ကုရ်အာန်၏ လိုလားချက်နှင့် ကိုက်ညီသော အဓိပ္ပာယ်မှာ 'ကာမူးစ်'နှင့် 'ဆွိဟာဟ်ဂျောဟရီ' စသော အဘိဓါန်ကျမ်းများတွင် ပါရှိသော အဓိပ္ပာယ် ဖြစ်သည်။ عَرِم 'အရင်မ်'၏ အဓိပ္ပာယ်မှာ 'ပိတ်ဆို့တားဆီးခြင်း' ဖြစ်သည်။ ရေများကို ပိတ်ဆို့တားဆီးရန် ပြုလုပ်

ထားခြင်းဖြစ်သည်။ မျက်မှောက်ခေတ်တွင် ၄င်းကို 'ဒီးန်' ဟု ခေါ်ဆိုကြသော ရေကာတာဖြစ်သည်။ ဟာဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်သည်လည်း عرم 'အရင်မ်' ၏ အဓိပ္ပာယ်ကို ဝိတ်ဆို့တားဆီးသော 'ရေကာတာ' ဟုပင် တင်ပြမိန့်ဆိုထားသည်။ *[ကုရ်သုဗီကျမ်း]*

ဤရေကာတာဖြစ်ရပ်ကို အိဗ်နေကစီးရ်က အောက်ပါအတိုင်း တင်ပြခဲ့သည်မှာ ယမန်နိုင်ငံ နန်းစိုက်မြို့ 'ဆွန်အာ'မှ မန်ဇိလ် (၃) ခုအကွာအဝေးတွင် 'မအာရိဗ်'ဟူသော မြို့တစ်မြို့ရှိသည်။ ထိုမြို့တွင် 'စဗာ'အမျိုးသားများ နေထိုင်ကြသည်။ တောင်နှစ်လုံး၏ အလယ်ကြားတွင် မြို့တည်ထားခြင်း ဖြစ်သည်။ တောင်နှစ်လုံး၏ အလယ်မှလည်းကောင်း၊ တောင်များအပေါ်မှလည်းကောင်း မိုးရေများ စီးဆင်းလာလေ့ရှိသည်။ ဤမြို့သည် အမြဲတစေ ထိုရေစီးများနှင့်အတူ ရှိခဲ့သည်။ မြို့တစ်မြို့၏ ဘုရင်များက (ထိုဘုရင်များတွင် ဘုရင်မဘိလ်ကီးစ်၏ အမည်ကို အထူးဖော်ပြထားသည်။) ထိုတောင်နှစ်လုံး၏ ကြားအလယ်တွင် အလွန်ခိုင်ခန့်သော ရေကာတာတစ်ခုကို တည်ဆောက်ခဲ့ကြသည်။ ထိုရေကာတာသည် တောင်ကြားမှ ဆင်းသက်လာသည့် မိုးရေစီးချောင်းများကို ရပ်တန့်စေ၍ အလွန်များပြားသောရေများအဖြစ် စုဆောင်း၍ ဆည်အဖြစ် ပြုလုပ်ထားသည်။ ထိုဆည်၏အတွင်းတွင် အထက်အောက်ရေများ ထုတ်နိုင်ရန်အတွက် တံခါး (၃) ခုကို ပြုလုပ်ထားသည်။ သို့မှသာ စုစည်းထားသည့်ရေများကို အစီအမံများနှင့်တကွ မြို့နေလူများကိုလည်းကောင်း၊ ၄င်းတို့၏ စိုက်ခင်းမြေနှင့် ဥယျာဉ်များတွင်လည်းကောင်း ရေပေးဝေနိုင်မည်ဖြစ်သည်။ ဦးစွာပထမ အပေါ်ဆုံးမှ ရေတံခါးကို ဖွင့်၍ ရေများ ထုတ်ယူရသည်။ ထိုအပေါ်ဆုံးမှ ရေများကုန်ခမ်းသွားသောအခါ ၄င်း၏အောက်မှ ရေတံခါးကို ဖွင့်ရသည်။ ထို့နောက် နောက်ဆုံးဖြစ်သော တတိယတံခါးကို ဖွင့်ရသည်။ နောက်တစ်နှစ်ကို ရောက်လာသောအခါ ရေသည် အပေါ်ဆုံးအထိ ပြည့်လျှံသွားသည်။ ရေကာတာ၏အောက်တွင် အလွန်ကြီးမားသော ရေကန်ကြီးတစ်ခုကိုလည်း တည်ဆောက်ထားသည်။ ထိုရေကန်ကြီးတွင် ရေလမ်းကြောင်း (၁၂) ခုကို ဖောက်လုပ်၍ ချောင်း ၁၂ စင်းသည် မြို့၏ နေရာအနှံ့အပြားသို့ ပို့ဆောင်ပေးသည်။ ချောင်းတိုင်း၏ ရေစီးနှုန်းမှာ တစ်မျိုးတည်းသာ ဖြစ်သည်။ မြို့၏ လိုအပ်ချက်များအတွက် အသုံးပြုရန် ဖြစ်သည်။ *[မဇ္ဇဟာရီကျမ်း]*

မြို့၏ လက်ျာနှင့် လက်ဝဲဘက်တို့ရှိ တောင်နှစ်လုံး၏ အခြေမှ ဆက်လျက် ဥယျာဉ်များ ပေါက်ရောက်လျက်ရှိသည်။ ထိုဥယျာဉ်များတွင် ချောင်းများ စီးဆင်းလျက်ရှိသည်။ ဤဥယျာဉ်များသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက် တောင်ခြေတွင် ရှိပေသည်။ စင်စစ် ဤဥယျာဉ်များ၏ အရေအတွက်မှာ များပြားစွာရှိသည်။ သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုဥယျာဉ်များကို 'ဥယျာဉ်နှစ်ခု' ဟူသော စာလုံးကို သုံးနှုန်းခဲ့ခြင်းမှာ တစ်ဖက်တွင်ရှိသော ဥယျာဉ်အားလုံးကို ဆက်စပ်နွယ်ယှက်လျက်ရှိခြင်းကြောင့် ဥယျာဉ်တစ်ခုဟု ခေါ်၍ အခြားတစ်ဖက်ရှိ ဥယျာဉ်အားလုံးကိုလည်း ထိုအတိုင်းပင် ဥယျာဉ်တစ်ခုဟုသာ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ထိုဥယျာဉ်များတွင် အမျိုးမျိုးသော သစ်ပင်များနှင့် အမျိုးမျိုးသော သစ်သီးဝလံများ၏ ပေါကြွယ်ဝခြင်းကို ရှေးခေတ်ဦးပညာရှင်တို့တွင် အေမာမ်များဖြစ်ကြသော ကသာဒဟ် စသည်တို့၏ တင်ပြချက်အရ ထိုဥယျာဉ်များတွင် အမျိုးတစ်ဦးသည် မိမိ၏ ဦးခေါင်းပေါ်၌ တောင်းတစ်လုံးကို ရွက်လျက် သွားပါက သစ်ပင်များမှ ကြွေ၍ ကျလာသော သစ်သီးဝလံများသည် အလိုအလျောက် ပြည့်သွားပေမည်။ ၎င်းတို့ကို လက်ဖြင့်ပင် မထိရပါ' ဟု ဖြစ်သည်။ *[အိဗ်နေကစီးရ်ကျမ်း]*

كُلُوا مِن رِّزْقِ رَبِّكُمْ وَاشْكُرُوا لَهُ بَلْدَةٌ طَيِّبَةٌ وَرَبٌّ غَفُورٌ

အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ နဗီတမန်တော်များအားဖြင့် ၎င်းတို့အား 'အသင်တို့သည် အလ္လာဟ်အသျှင်မြတ်က ပေးကမ်းချီးမြှင့်ထားသည့် ဤများမြောင်စွာသော 'ရိဇ်ဇ်' စားနပ်ရိက္ခာများကို အသုံးပြုကြလေကုန်။ ထို့နောက် ထိုအသျှင်မြတ်အား ကျေးဇူးသိတတ်ခြင်းဖြစ်သော ကောင်းမြတ်သော ကိုယ်ကျင့်တရားများကိုလည်းကောင်း၊ အသျှင်မြတ်၏ အမိန့်တော်များကို လိုက်နာကျင့်ဆောင်ခြင်းကိုလည်းကောင်း ပြုကြလေကုန်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ မြို့ကို ကောင်းမွန်သန့်စင်သော မြို့အဖြစ် ပြုပေးတော်မူခဲ့ပေသည်။ ထိုမြို့တွင် အပူအအေးလည်း မျှတမှုရှိသည်။ ရေနှင့် လေသည်လည်း အဘယ်မျှ သန့်ရှင်းကောင်းမွန်သည်ဆိုလျှင် ၎င်းမြို့တစ်မြို့လုံးတွင် ခြင်၊ ယင်၊ ဖြုတ်၊ မြွေနှင့် ကင်းစသော အန္တရာယ်ပြုမည့် သတ္တဝါဆိုသည်မှာ အစအနပင် မရှိသည့်အထိ ဖြစ်သည်။ ထိုမျှမက ပြင်ပမှ လာရောက်သူ ခရီးသည်များသည် ထိုမြို့သို့ ရောက်ရှိသောအခါ ၎င်းတို့၏ အဝတ်များ၌ ကပ်ပါလာသော သန်း (သို့) အခြားအန္တရာယ်ပြုစေနိုင်သော သတ္တဝါများ ပါလာလျှင်လည်း ဤမြို့ကို ရောက်ရှိပြီးနောက် အလို အလျောက် သေဆုံးသွားသည်။ *[အိဗ်နေကစီးရ်ကျမ်း]*

بَلْدَةٌ طَيِّبَةٌ နှင့်အတူ وَرَبٌّ غَفُورٌ ဟု မိန့်ကြား၍ မိမိ၏ ကျေးဇူးတော်များကို ပြည့်ဝအောင် ပြုလုပ်တော်မူသည်မှာ 'ဤစည်းစိမ်သုခချမ်းသာများသည် လောကီရေးအတွက်သာ မဟုတ်ဘဲ အကယ်၍ အသင်တို့သည် ကျေးဇူး သိတတ်မှုအပေါ် ရပ်တည်လျက်ရှိနေမည်ဆိုလျှင် တမလွန်တွင် ဤသည်ထက် ကြီးမား များပြား၍ အမြဲတစေ ရရှိမည်ဖြစ်သော စည်းစိမ်ချမ်းသာသုခများ ရှိကြောင်းကိုလည်း ကတိတော်ပြုခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤကျေးဇူးတော်အားလုံးကို ဖန်ဆင်းတော်မူသော၊ စိုးပိုင်တော်မူသော အသျှင်မြတ်နှင့် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်မှာ အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသော အသျှင်မြတ် ဖြစ်သောကြောင့်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ တစ်ခါတစ်ရံ မမျှော်လင့်သော အခြေအနေမျိုးတွင် ကျေးဇူးသိတတ်မှု၌ လျော့နည်းမှုသော်လည်းကောင်း၊ (သို့) မေ့လျော့မှု၊ ချွတ်ချော်မှု၊ မှားယွင်းမှုတို့သည်လည်းကောင်း ဖြစ်သွားခဲ့သည်ရှိသော် မှားယွင်းချွတ်ချော်မှုများကို အလ္လာဟ်အသျှင်မြတ်သည် ခွင့်လွှတ်ချမ်းသာ ပြုတော်မူပေမည်။

فَاَعْرَضُوْا فَاَرْسَلْنَا عَلَيْهِمْ سَيْلَ الْعَرِمْ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ဤမျှ ကြီးမားကျယ်ပြန့်သော ကျေးဇူးတော်များနှင့် နဗီတမန်တော်များ၏ သတိပေးနှိုးဆော်ချက်များ ရှိပါလျက် 'စဗာ့' မျိုးနွယ်ဝင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို ဆန့်ကျင်မှုပြုခြင်း၊ သွေဖည်ငြင်းဆန်ခြင်းများ ပြုကြလေသောအခါ ငါအသျှင်မြတ်သည် ၎င်းတို့အပေါ်တွင် سيل عرم ရေကာတာ၏ အရှိန်အဟုန်ပြင်းသော ရေစီးကို လွှတ်ပေးတော်မူလိုက်သည်။ 'အရင်မ်' ၏ အဓိပ္ပာယ်မှာ အထက်၌ တင်ပြခဲ့သည့်အတိုင်း ရေကာတာကို ခေါ်ဆိုသည်။ ပြင်းထန်သော ရေစီးကို 'အရင်မ်' (ရေကာတာ) နှင့် ဆက်စပ်မှုပြုရခြင်းမှာ ရေကာတာသည် ထိုရေတို့ကို ထိန်းသိမ်းထားခြင်းနှင့် ကောင်းသော အခြေအနေဖြစ်စေခြင်းကြောင့်ပင် ဖြစ်သည်။ ဤရေကိုပင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အတွက် ဘေးဒုက္ခများအဖြစ် ပြုတော်မူလိုက်သည်။ ဤဖြစ်ရပ်ကို ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ၊ ဝဟ်ဗ်ဗင်နိမုနဗ်ဗဟ်၊ ကသာဒဟ်နှင့် ဒွဟ်ဟားက် စသော သဖ်စီးရ်အေမာမ်ကြီးများက တင်ပြခဲ့ကြသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် 'စဗာ့' အမျိုးသားများကို အပြစ်ဒဏ်ခတ်ရန်အတွက် 'မအာရိဗ်' ၏ ရေကာတာကို ချိုးဖျက်၍ ရေစီးဖြင့် ဖျက်ဆီးရန် ရည်ရွယ်တော်မူသောအခါ ထိုကြီးမားလှစွာသော ရေကာတာပေါ်တွင် မျက်ကန်းကြွက်များကို ရောက်ရှိစေတော်မူခဲ့သည်။ ထိုကြွက်များသည် ရေကာတာ၏ အုတ်မြစ်ကို တူး၍ ဖွင့်လိုက်သည်။ ရေကာတာ၏ အုတ်မြစ်မှာ အခြေမခိုင် ဖြစ်သွားရသည်။ မိုးများရွာသွန်း၍ ရေများ စီးဆင်းဝင်ရောက်လာသောအခါ ရေ၏ ဖိအားသည် အခြေမခိုင်ဖြစ်ခဲ့ရသော ရေကာတာ၏ အုတ်မြစ်ကို ချိုးဖျက်လျက် အပေါက်ဖြစ်စေခဲ့သည်။ နောက်ဆုံးတွင် ရေကာတာ၏ နောက်တွင် စုစည်း လှောင်ထားသမျှ ရေတို့သည် တောင်ကြားတစ်ခုလုံးကို လွှမ်းမိုးသွားလေသည်။ ယင်းတောင်ကြားတွင် 'မအာရိဗ်' မြို့ ရှိပေသည်။ အိမ်များ၊ အဆောက်အဦးများနှင့် သစ်ပင်များအားလုံး ပျက်စီးသွားခဲ့ရသည်။ တောင်နှစ်လုံး၏ နှစ်ဘက်စလုံးတွင် ရှိသော ဥယျာဉ်များ၏ ရေတို့သည်လည်း ခမ်းခြောက်သွားလေတော့သည်။

ဝဟ်ဗင်နိမုနဗ်ဗဟ်၏ ဆင့်ပြန်ချက်တွင် '၎င်းတို့၏ ကျမ်းများတွင် ရေးသားလာခဲ့ကြသည့်အချက်မှာ ထိုရေကာတာ ပျက်စီးသွားရခြင်းမှာ ကြွက်များကြောင့် ဖြစ်ပေမည်။ လူအများက ထိုရေကာတာအနီးတွင် ကြွက်များကို တွေ့မြင်ကြရသောအခါ စိုးရိမ်ခဲ့ကြသည်။ ထို့ကြောင့် ရေကာတာ၏ အောက်တွင် များစွာသော ကြောင်များကို မွေးမြူ၍ ရေကာတာအနီးသို့ ကြွက်များ မလာနိုင်စေရန် ပြုလုပ်ခဲ့ကြသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ သတ်မှတ်စီမံမှုအချိန် ကျရောက်လာပြီးဖြစ်သောအခါ ကြွက်တို့သည် ကြောင်များအပေါ် လွှမ်းမိုးမှုရရှိပြီး ရေကာတာ၏ အုတ်မြစ်အတွင်း၌ ဝင်ရောက်ခဲ့ကြသည်။ *[အိဗ်နေကဗီးရ်]*

သမိုင်းဆင့်ပြန်ချက်များတွင် လာရှိသည်မှာ 'အမြော်အမြင်ရှိ၍ ရှေ့ရေးကို မြင်တတ်ကြသူအချို့တို့သည် ကြွက်များကို မြင်တွေ့ရသည်နှင့် ဤဒေသကို စွန့်၍ အခြားတစ်နေရာသို့ ပြောင်းရွှေ့ရန် ရည်ရွယ်ခဲ့ကြသည်။ ထို့နောက် တစ်ဖြည်းဖြည်း အစီအစဉ်များ ပြုလုပ်၍ ထွက်ခွာသွားခဲ့ကြသည်။ ကျန်လူများမှာ

ထိုနေရာ၌ပင် နေခဲ့ကြသည်။ သို့သော်လည်း အရှိန်အဟုန်လည်း ပြင်းသော ရေစီး စတင်သော အချိန်တွင် ၎င်းတို့သည်လည်း ပြောင်းရွေ့မှု ပြုလာခဲ့ကြသည်။ များစွာသောသူတို့မှာ ထိုရေလွှမ်းမိုးမှု၌ သေကြေ ပျက်စီးခဲ့ရသည်။ အချုပ်မှာ ဤတစ်မြို့လုံးသည် ပျက်စီးသွားခဲ့ရလေသည်။ ဤမြို့မှ အခြားတိုင်းပြည် မြို့ရွာများသို့ ပြောင်းရွေ့သွားခဲ့သူ အချို့တို့နှင့် စပ်လျဉ်း၍ အကျဉ်းချုပ် ရှင်းလင်းချက်ကို မုစ်နဒ်အဟ်မဒ် ကျမ်း၏ ဟဒီးစ်တော်ဖြင့် အထက်တွင် တင်ပြခဲ့ပြီးဖြစ်သည်။ ဖော်ပြချက်တွင် အုပ်စု (၆) စုသည် ယမန် နိုင်ငံ၌လည်းကောင်း၊ အုပ်စု (၄) စုသည် ဆီးရီးယားနိုင်ငံ၌လည်းကောင်း ပြန့်နှံ့ခဲ့ကြသည်။ မဒီနာမြို့တော် ဖြစ်ပေါ်လာခြင်းမှာလည်း ထိုအုပ်စုများမှ အချို့တို့၏ ပြောင်းရွှေ့နေထိုင်လာခြင်းကြောင့် ဖြစ်ကြောင်း အကျယ်တဝင့်ကို သမိုင်းကျမ်းများ၌ ဖော်ပြထားသည်။ ရေကာတာ၏ ရေစီးသက်ဆင်းလာခြင်းနှင့် မြို့ ပျက်စီးရပြီးနောက် ဘေးနှစ်ဖက်နှစ်ချက်ရှိ ဥယျာဉ်များ၏ အခြေအနေကို ရှေ့၌ ဖော်ပြထားသည်မှာ-

وَبَدَّلْنٰهُمْ بِجَنَّتَيْهِمْ جَنَّتَيْنِ ذَوَاتَىْ اُكُلٍ خَمْطٍ وَّاَثْلٍ وَّ شَيْءٍ مِّنْ سِدْرٍ قَلِيْلٍ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ အဖိုးတန်သော သစ်သီးဝလံများနှင့် အပင်များ ၏အစား အရသာဆိုးသော အသီးများရှိသည့် အပင်များကို ပေါက်ရောက်စေတော်မူခဲ့သည်။

خَمْط ၏ အဓိပ္ပာယ်မှာ အဖွင့်ပညာရှင် အများစုတို့က 'တမာပင်ဖြစ်သည်' ဟု ဆိုကြသည်။ ဂျောင်ဟရီလုဂ်ဝီက ရေးသားထားသည်မှာ 'တမာပင်အပင်တစ်မျိုးမှာ အသီးသီးပြီး ထိုအသီးကို စားသုံး ရသည်။ သို့ရာတွင် ထိုအသီးမှာလည်း မကောင်းသော အရသာရှိသည်'ဟု ဖြစ်သည်။ အဘူ အုဗိုင်ဒဟ်က خَمْط သည် အဆူးများရှိပြီး ဖန်သော၊ ခါးသော အရသာရှိသည့် အပင်တိုင်းကို ခေါ်ဆိုသည်ဟု မိန့်ဆိုခဲ့ သည်။ ထို့ပြင် اَثْل ဟူသော စာလုံးသည် အများစုအဖွင့်ပညာရှင်တို့ထံတွင် စားသုံး၍ မရနိုင်သော အသီးများရှိသည့် အပင်ကို ခေါ်ဆိုသည်ဟု ဆိုကြလေသည်။ အချို့ပညာရှင်များက اَثْل သည် ထနောင်း ပင်ဖြစ်သည်ဟု ဆိုကြသည်။ ထင်ရှူးပင်ဟုလည်း ခေါ်ဆိုသည်။ ၎င်း၏ အပင်မှာ ဆူးများရှိပြီး ၎င်း၏ အသီးကို ဆိတ်များအား ကျွေးရသည်ဟု ဆိုကြသည်။

سِدْر ၏ အဓိပ္ပာယ်မှာ ဆီးပင်ဖြစ်သည်။ ဆီးပင်သည် နှစ်မျိုးရှိသည်။ တစ်မျိုးမှာ ဥယျာဉ်များတွင် စနစ်တကျ စိုက်ပျိုးရသည်။ ၎င်း၏ အသီးမှာ ချိုမြိန်သော အရသာရှိသည်။ ထိုအပင်တွင် ဆူးများနည်း၍ အသီးများပြားလေသည်။ အခြားတစ်မျိုးမှာ တောဆီးသီးဖြစ်သည်။ တောတွင် အလေ့ကျ ပေါက်ရောက်ပြီး ဆူးလည်း များပြားလေသည်။ အသီးမှာ နည်းပါးစွာ သီးသည်။ အရသာမှာလည်း ချဉ်းစူးစူးဖြစ်သည်။ ဖော်ပြပါအာယသ်တော်တွင် سِدْر နှင့်အတူ قَلِيْل ဟူသော စာလုံးကို တွဲ၍ သုံးနှုန်းခြင်းမှာ ဆီးပင် သည်လည်း အလေ့ကျပေါက်သော တောရိုင်းဆီးသီးပင် ဖြစ်သည်။ ၎င်းအပင်တွင် အသီးများမှာ နည်းပါး၍ ချဉ်းစူးစူး ဖြစ်သည်ဟူသော အလိုသဘောကို ညွှန်းဆိုခြင်းသာ ဖြစ်ပေမည်။

ذَالِكَ جَزَيْنَهُم بِمَاكَفَرُوا

ဆိုလိုသည်မှာ ဤအပြစ်ဒဏ်ကို ၄င်းတို့က 'ကုဖ္ဖရ်'ပြုလုပ်ခဲ့ကြသည့်အတွက် ၄င်းတို့အား ငါအသျှင်မြတ်က ပေးတော်မူခြင်း ဖြစ်သည်။

'ကုဖ္ဖရ်'၏ အဓိပ္ပာယ်မှာ 'ကျေးဇူးကန်းခြင်း' ဟုလည်း ဖြစ်သည်။ မှန်ကန်သော သာသနာတော်အားဖြင့် ငြင်းဆိုခြင်းဟုလည်း ဖြစ်သည်။ ဤနေရာတွင် အဓိပ္ပာယ်နှစ်မျိုးစလုံး ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့သည် ကျေးဇူးကန်းခြင်းကိုလည်း ပြုခဲ့ကြသည်။ ထို့ပြင် ၄င်းတို့ထံသို့ စေလွှတ်တော်မူခဲ့သော နဗီတမန်တော် (၁၃) ပါးတို့ကိုလည်း ငြင်းပယ်ခဲ့ကြသောကြောင့် ဖြစ်သည်။

အကျိုးကျေးဇူး

ယခု တင်ပြခဲ့သည့် ဖြစ်ရပ်တွင် 'စဗာ့'မြို့ဘက်သို့ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ နဗီတမန်တော် (၁၃) ပါးကို စေလွှတ်တော်မူခဲ့ကြောင်းနှင့်အတူ အထက်တွင် တင်ပြခဲ့ပြီးသည့်အတိုင်း ထိုအမျိုးသားများနှင့် ရေကာတာ၏ ရေများ အရှိန်အဟုန်ပြင်းစွာ စီးဆင်းလာခဲ့သည့် ဖြစ်ရပ်သည် ဟဇရတ်ဤဆာ ﷵ ၏ နောက်ပိုင်းတွင် ကိုယ်တော်မြတ် ﷺ အား နဗီတမန်တော်အဖြစ် မစေလွှတ်မီအလျှင် ကြားကာလတွင် ဖြစ်ခဲ့သည်ဟု ဖြစ်သည်။ (ထိုကြားကာလကို فَتْرَت 'ဖသ်ရသ်'ကာလဟု ခေါ်ဆိုသည်။) ပညာရှင်အများစုတို့ထံတွင် ဤကြားကာလတွင် မည်သည့်နဗီ၊ ရစူလ်မှ စေလွှတ်ခြင်းမခံခဲ့ရဟု ရှိသည်ဖြစ်ရာ ၄င်းကာလကို فَتْرَت ကာလဟု သုံးနှုန်းသည်ဆိုလျှင် နဗီတမန်တော် (၁၃) ပါး ပွင့်ပေါ်ခဲ့သည်ဆိုခြင်းမှာ အဘယ်မှာလျှင် မှန်ကန်ပါမည်နည်းဟု ဆိုကြသည်။ ရူးဟွလ်မအာနီကျမ်းတွင် ၄င်းကို ဖြေကြားထားသည်မှာ 'ရေကာတာကျိုး၍ ၄င်းမှ ရေများ အရှိန်အဟုန်ဖြင့် စီးဆင်းလာသည့် ဖြစ်ရပ်သည် فَتْرَت ကြားကာလ၌ ဖြစ်ပေါ်ခဲ့သည်ဆိုခြင်းဖြင့် ဤနဗီတမန်တော်များသည်လည်း ဤမည်သော ကာလ၌ပင် ရောက်ခဲ့ကြသည်ဟု မဆိုနိုင်ပေ။ ဖြစ်နိုင်သည်မှာ 'နဗီတမန်တော်များ စေလွှတ်ခြင်းသည် ဤကြားကာလမတိုင်မီက ဖြစ်ခဲ့ပြီး ၄င်းတို့၏ ဆိုးသွမ်းမှု၊ ပုန်ကန်ခြားနားမှုများ၊ ငြင်းပယ်မှုများသည် فَتْرَت 'ဖသ်ရသ်'ကာလတွင် တိုးမြင့်လာခဲ့ကြခြင်းကြောင့် ရေကာတာ၏ အရှိန်အဟုန်ပြင်းသော ရေစီး၏ 'အဇာဗ်'အပြစ်ဒဏ်ကို ၄င်းတို့အပေါ် ချမှတ်ခြင်းဖြစ်ပေမည်။

وَهَلْ نُجْزِىٓ اِلَّا الْكَفُوْر

كَفُوْر သည် كَافِر ဟူသော စာလုံး၏ 'မုဗာလဂဟ်'(အလေးပြု) စာလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ 'အလွန်ငြင်းပယ်သူ' ဖြစ်သည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'ငါအသျှင်မြတ်သည် အလွန်ငြင်းပယ်သူမှအပ မည်သူ့ကိုမျှ အပြစ်ပေးတော်မမူပေ'ဟု ဖြစ်သည်။ ဤသို့ဆိုလျှင် ဤအဓိပ္ပာယ်သည် 'အပြစ်

ထိုက်သူ မွတ်စ္စလင်မ်အားလည်း ၎င်း၏ ပြစ်မှုနှင့်အညီ 'ဂျဟန္နမ်' ၏ အပြစ်ဒဏ်ပေးခံရမည် (နောက်ဆုံးတွင် အပြစ်ဒဏ်ကျခံပြီးနောက် မွတ်စ္စလင်မ်သည် အီမာန်ရှိသည့်အတွက် 'ဂျဟန္နမ်' မှထုတ်၍ 'ဂျန္နသ်'တွင် ထည့်သွင်းခြင်း ခံရပေမည်) ဟူသော ကုရ်အာန်၏ အာယသ်တော်များနှင့် ဆွဟီးဟ်ဟဒီးစ်တော်များကို ဆန့်ကျင်နေသယောင် ရှိပေသည်။

ထိုဓာဒက၏ အဖြေကို အချို့ပညာရှင်များက ဖြေကြားကြသည်မှာ 'ဆိုလိုရင်းမှာ 'အဇားဗ်'အပြစ်ဒဏ်ဟူ၍ အပြစ်ဒဏ်ခတ်ခြင်းအားလုံးကိုမဆို 'စဇာ'အမျိုးသားများအပေါ်၌ ကျရောက်စေခဲ့သည့် ကာဖိရ်များအတွက်သာဖြစ်သော အားလုံးအပေါ် အစုလိုက်အပုံလိုက် 'အဇားဗ်' ပေးခြင်းကို ဆိုလိုခြင်း ဖြစ်သည်။ အပြစ်ရှိသူ မွတ်စ္စလင်မ်များအပေါ် ဤကဲ့သို့သော 'အဇားဗ်'အပြစ်ဒဏ် ရောက်ရှိလာခြင်း မရှိပါချေ။

[ရူးဟွလ်မာအနီကျမ်း]

ဆွဟာဗီတစ်ပါးဖြစ်သော အိဗ်နေခိုင်ရဟ် ﷺ ၏ အဆိုအရလည်း ဤအကြောင်းကို ထောက်ခံထားသည်။ ထိုဆွဟာဗာက မိန့်ဆိုသည်မှာ-

جزاء المعصية الوهن فى العبادة والضيق فى المعيشة والتعسر فى اللـــذة

قال لا يصادف لذة حلالا الاجاءه من ينغصه

ဆိုလိုသည်မှာ 'အပြစ်ကျူးလွန်ခြင်း၏ အစားပေးခြင်းပြစ်ဒဏ်မှာ 'အေဗာဒသ်'ပြုရန် ပျင်းရိမှုဖြစ်ခြင်း၊ စားဝတ်နေရေးတွင် ကျပ်တည်းမှု ပေါ်ပေါက်ခြင်းနှင့် အရသာတွင် ခက်ခဲမှုများ ပေါ်ပေါက်ခြင်းတို့ဖြစ်သည်။ ၎င်း၏ အလိုသဘောကို အိဗ်နေခိုင်ရဟ် ﷺ က မိန့်ဆိုသည်မှာ 'ထိုအပြစ်ကျူးလွန်သူသည် 'ဟလာလ်'ဖြစ်သော အရသာရှိသည့် အရာတစ်ခုကို ရရှိပါလျှင် ၎င်းအဖို့ ထိုအရသာရှိသော အရာတွင် တစ်နည်းမဟုတ် တစ်နည်းဖြင့် အရသာမရှိစေသော အပြစ်ကို ရောက်ရှိစေခြင်းဖြစ်သည်။

[အိဗ်နေကဗီးရ်ကျမ်း]

အပြစ်ရှိသော မုအ်မင်န်အတွက် လောကတွင် ဖော်ပြပါအပြစ်ပေးခြင်းမျိုးသာ ဖြစ်ကြောင်း သိရှိရသည်။ ထိုသူ့အပေါ်တွင် မိုးကောင်းကင်မှလည်းကောင်း၊ မြေပထဝီမှလည်းကောင်း၊ ထင်ရှားပေါ်လွင်သော မည်သည့်အပြစ်ဒဏ်မျှ ကျရောက်ရန် မရှိပေ။ ဤကဲ့သို့သော 'အဇားဗ်'အပြစ်ဒဏ်မှာ ကာဖိရ်များအတွက်သာ ဖြစ်သည်။

ဟစန်ဗဆွရီ (ရဟ) က မိန့်ဆိုသည်မှာ-

صدق الله العظيم لا يعاقب بمثل فعله الا الكفور

ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် အမှန်တရားကိုပင် မိန့်ကြားတော်မူခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မကောင်းမှုကျူးလွန်ခြင်း၏ အပြစ်ဒဏ်ကို ၎င်းကျူးလွန်သည့် အပြစ်နှင့်အညီ كفور (အလွန်တရာ ဆန့်ကျင်ငြင်းပယ်သူ) မှအပ မည်သူ့ကိုမျှ ပေးတော်မမူပေ'ဟုဖြစ်သည်။*[အိဗ်နေကဗီးရ်]*

အဘယ်ကြောင့်ဆိုသော် كفور (အလွန်ဆန့်ကျင်ငြင်းပယ်သူ) မဟုတ်သော မုအ်မင်န်များအဖို့ ၎င်း၏အပြစ်များနှင့် စပ်လျဉ်း၍ လွတ်ပေးခြင်းခံရသည်များ ရှိသောကြောင့်ပင် ဖြစ်သည်။ ရှုးဟွလ်မအာနီ ကျမ်းတွင် ကရှ်ဖ်ကျမ်းကို ကိုးကား၍ ဤအာယသ်တော်၏ အလိုသဘောကို အကြောင်းပြချက်ဖြင့် ဖော်ပြထားသည်မှာ 'ဆိုလိုရင်းမှာ ဤစာသားပါ မိန့်မြွက်ချက်သည် သူ့နေရာသူ အမှန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အပြစ်ဒဏ်ကို အပြစ်နှင့် ဒဏ်ခတ်ခြင်းသဖွယ် ကာဖိရ်ကိုသာ ပေးမည်။ အပြစ်ရှိသော မုအ်မင်န်အား မီး စသည်တို့ဖြင့် အပြစ်ပေးခြင်းမှာ အပြစ်ဒဏ်၏ ပုံသဏ္ဌာန်မျှသာဖြစ်မည်။ စင်စစ် ၎င်းအား ပြစ်မှုဒုစရိုက်များကို သန့်စင်လိုသောကြောင့် ဖြစ်သည်။ ရွှေကို အပူပေး၍ ၎င်း၌ရှိသော အညစ်အကြေးကို ပပျောက်စေခြင်းကဲ့သို့ ဖြစ်သည်။ ဤအတိုင်းပင် မုအ်မင်န်ကိုလည်း အကယ်၍ ၎င်း၏ အပြစ် 'ဂိုနာဟ်' တစ်ခုခုကြောင့် 'ဂျဟန္နမ်'တွင် ထည့်သွင်းခြင်းခံရပါလျှင် 'ဟရာမ်'ဖြင့် ဖြစ်ပေါ်လာသော ၎င်း၏ ခန္ဓာကိုယ် အစိတ်အပိုင်းများ လောင်ကျွမ်းသွားပေသည်။ ထိုအပြစ်ဒဏ် ကျခံပြီးသောအခါ ၎င်းသည် 'ဂျန္နသ်'သို့ သွားရန် ထိုက်တန်သွားပြီးဖြစ်သောကြောင့် ၎င်းအား 'ဂျဟန္နမ်'မှ ထုတ်၍ 'ဂျန္နသ်'သို့ ထည့်သွင်းပေးလိမ့်မည်။

وَجَعَلْنَا بَيْنَهُمْ وَبَيْنَ الْقُرَى الَّتِىْ بٰرَكْنَافِيْهَا قُرًى ظَاهِرَةً وَّقَدَّرْنَا فِيْهَا السَّيْرَ

ဤအာယသ်တော်တွင် 'စဗာ'မြို့သားများအပေါ် အလ္လာဟ်အသျှင်မြတ်၏ အခြားကျေးဇူးတော် တစ်ပါး ချီးမြှင့်ထားသည်ကိုလည်းကောင်း၊ 'စဗာ'မြို့သားများ၏ ကျေးဇူးကန်းမှုကိုလည်းကောင်း တင်ပြထားခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'စဗာ'မြို့သားများကိုယ်တိုင်က ဤကျေးဇူးတော်ကို ပြောင်းလဲ၍ ကြမ်းတမ်းမှုကို ပေးပါရန် ဒိုအာတောင်းခံခဲ့ခြင်းဖြစ်သည်။ ၎င်းတို့က ကြမ်းတမ်းမှုကို လိုလားတောင်းဆိုခဲ့ကြသည်။ الْقُرَى الَّتِىْ بٰرَكْنَا ၏ အလိုသဘောမှာ ဆီးရီးယားနိုင်ငံရှိ တောရွာများ ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ 'ရဟ်မသ်'ကရုဏာတော်များ ပို့ချပေးသည့် အကြောင်းသည် အာယသ်တော်များစွာတွင် ဆီးရီးယားနိုင်ငံအတွက်သာ လာရှိထားသောကြောင့်ဖြစ်သည်။ အာယသ်တော်၏ အလိုသဘောမှာ 'အလ္လာဟ်အသျှင်မြတ်က 'ဗရ်ကသ်'ရှိသော မြို့ရွာများအဖြစ် ထားရှိသည့် ဆီးရီးယားနိုင်ငံရှိ မြို့ရွာများနှင့် မိမိတို့၏ ကူးသန်းရောင်းဝယ်ရေး စသော ကိစ္စများအတွက် ဆီးရီးယားနိုင်ငံသို့ အများအားဖြင့် ခရီးသွားလာသူများအဖို့ လောကတစ်ခုလုံး၏ အခြေအနေအရ 'မအာရိဗ်' မြို့မှ ဆီးရီးယားနိုင်ငံအထိမှာ အလွန်အလှမ်းဝေးသော ခရီးဖြစ်သည်။ လမ်းများမှာ ညီညာပြန့်ပြူးခြင်း မရှိ။ အလ္လာဟ်အသျှင်မြတ်သည် 'စဗာ'လူမျိုးများအဖို့ '၎င်းတို့၏ 'မအာရိဗ်'မြို့မှ ဆီးရီးယားနိုင်ငံအထိ အနည်းငယ်မျှသော အကွာအဝေးများတွင် ရွာများကို ပေါ်ပေါက်စေခဲ့သည်။ ထိုရွာများသည် လမ်း၏ ဘေး၌သာ ဖြစ်ခဲ့သည်။ ထို့ကြောင့် ၎င်းကို قرى ظاهره ဟု မိန့်တော်မူခြင်းဖြစ်သည်။ ထိုသို့ ရွာများ ဆက်လျက် ရှိနေခြင်းကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်မှာ ထိုရွာများဘက်သို့ ခရီးသွားသူ ခရီးသည် အဖို့ အိမ်မှ ထွက်ပြီး နေ့လည်အချိန်တွင် အနားယူရန် (သို့) နေ့လည်စာစားရန် ဆန္ဒရှိပါက လွယ်လင့်တကူ

ရွာတစ်ရွာသို့ ရောက်ရှိပြီး ပုံမှန်အတိုင်း စားသောက်၍ အနားယူနိုင်သည်။ တစ်ဖန် ဤအတိုင်းပင် 'ဇုဟုရ်' ပြီးမှ ခရီးဆက်ပြီး နေဝင်ချိန်ရောက်သည်အထိ ရှေ့၌ရှိသော ရွာသို့ ရောက်ရှိပြီး ညအိပ်နားနေနိုင်သည်။ قَدَّرْنَا فِيهَا السَّيْرَ ၏ အလိုသဘောမှာ ဤမြို့ရွာများသည် သတ်မှတ်ချိန်တစ်ခုအတွင်း တစ်ရွာမှ တစ်ရွာသို့ ရောက်ရှိနိုင်သော တူညီသည့် ကွာဝေးမှုရှိသည်'ဟု ဖြစ်သည်။

سِيرُوا فِيهَا لَيَالِيَ وَأَيَّامًا آمِنِينَ

ဤသည်မှာ 'စဗာ့'အမျိုးသားအပေါ် ချီးမြှင့်သည့် တတိယကျေးဇူးတော်ဖြစ်သည်။ ဖော်ပြပါ မြို့ရွာများကို ဖြတ်သန်းခရီးနှင်ရာတွင် တစ်ရွာနှင့် တစ်ရွာ၏ အကွာအဝေးမှာ အပိုအလိုမရှိဘဲ တူညီသော ကွာဝေးမှုအပေါ်တွင် ရှိသည်။ ထို့ပြင် လမ်းခရီးတွင်လည်း အန္တရာယ်အပေါင်းမှ ကင်းငြိမ်းသည်။ မည်သည့် သူခိုး၊ ဓါးပြမျှ ဤလမ်းခရီးမှ ဖြတ်သန်းသွားလာခြင်း မရှိ။ နေ့၌ဖြစ်စေ၊ ည၌ဖြစ်စေ အချိန်အခါမရွေး စိုးရိမ်ကြောင့်ကြမှုမရှိဘဲ ခရီးသွားလာနိုင်သည်။

فَقَالُوا رَبَّنَا بَاعِدْ بَيْنَ أَسْفَارِنَا وَظَلَمُوا أَنفُسَهُمْ
فَجَعَلْنَاهُمْ أَحَادِيثَ وَمَزَّقْنَاهُمْ كُلَّ مُمَزَّقٍ

ဆိုလိုသည်မှာ ထိုမတရားမှုပြုသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ 'နေအံမသ်'ကျေးဇူးတော်ဖြစ်သော ခရီး၌ ဒုက္ခတစ်စုံတစ်ရာမရှိခြင်းကိုပင် တန်ဖိုးမထားဘဲ ကျေးဇူးကန်း၍ 'ကျွန်တော်မျိုးတို့၏ ခရီးများကို ဝေးကွာအောင် ပြုပေးတော်မူပါ။ နီးနီးကပ်ကပ် ရွာများ ရှိစေတော်မမူပါနှင့်။ တောများ ရှိစေတော်မူပါ။ ထိုတောလမ်းခရီးများ၌ ဒုက္ခအချို့လည်း ရှိစေတော်မူပါ'ဟူ၍ မိမိတို့ကိုယ်တိုင် ဒိုအာတောင်းခံကြလေသည်။ ၎င်းတို့၏ အခြေအနေမှာ ဗနီအိစ်ရာအီးလ်များကဲ့သို့ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပင်ပန်းဆင်းရဲခြင်း မခံရဘဲ အဖိုးတန်သော ရိဇိစားနပ်ရိက္ခာ 'မန်'နှင့် 'စလ်ဝါ'များ ရရှိနေသည်ကို ငြီးငွေ့၍ အလ္လာဟ်အသျှင် မြတ်ထံတော်တွင် 'ဤအစားအစာများ၏ အစား ကျွန်တော်မျိုးတို့အား ဟင်းသီးဟင်းရွက်များ ပေးတော်မူပါ'ဟူ၍ ဗနီအိစ်ရာအီးလ်တို့က တောင်းခံခဲ့ကြသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ကို ကျေးဇူး တော်အား တန်ဖိုးမထားမှုနှင့် ကျေးဇူးကန်းမှုတို့အပေါ် ရေကာတာကျိုး၍ ပြင်းထန်သော ရေစီးဖြင့် အပြစ် ဒဏ်ပေးတော်မူခဲ့သည့်အကြောင်း တင်ပြခဲ့ပြီး ဖြစ်သည်။ ဤဖြစ်ရပ်၏ နောက်ဆုံးရလဒ်ကို ဤအာယသ်တော တွင် တင်ပြထားသည်မှာ 'လောကတွင် ၎င်းတို့၏ စည်းစိမ်သုခများနှင့် ဥစ္စာပစ္စည်းများသည် ဒဏ္ဍာရီ အသွင်ဖြင့် ကျန်ရစ်ခဲ့လေသည်။ ဤသူများသည် ဒဏ္ဍာရီကဲ့သို့ ဖြစ်ခဲ့လေသည်။

အိမ်နေကစီးရှ် စသော အဖွင့်ပညာရှင်တို့က နက္ခတ္တဗေဒပညာရှင်တစ်ဦး၏ အကြောင်းကို ဤနေရာ ၌ ဆင့်ပြန်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ရေကာတာ၏ ရေစီး၏ 'အဇားဗ်'အပြစ်ဒဏ် မကျရောက်မီ ကာလအနည်းငယ်အလျင်ကပင် ထို 'အဇားဗ်'အပြစ်ဒဏ်၏ ဖြစ်ရပ်ဖြစ်ပေါ်လာမည်ကို ထိုနက္ခတ္တဗေဒ

ပညာရှင်မှ သိရှိပြီးဖြစ်သည်။ ထို့ကြောင့် ၄င်းသည် အုံ့ဩဖွယ်စီစဉ်မှုအဖြစ် ဦးစွာပထမ မိမိ၏ မြေကွက်များ၊ ပိုင်ဆိုင်သည့် ဥစ္စာပစ္စည်းများနှင့် အိမ် စသည်တို့အားလုံးကို ရောင်းချလိုက်လေသည်။ ငွေကြေးများ ၄င်း၏ လက်ဝယ် ရရှိလာသောအခါ ၄င်းသည် မိမိ၏ အမျိုးသားများအား ကျရောက်လာမည်ဖြစ်သော 'အဓားဗ်'အပြစ်ဒဏ်နှင့် စပ်လျဉ်း၍ အသိပေးတင်ပြလေသည်။ ထို့နောက် ၄င်းက 'မိမိ၏ အသက်စည်းစိမ်ကို ပကတိအတိုင်း ဖြစ်ရှိလိုသူသည် ဤနေရာမှ အမြန်ထွက်ခွာပါ'ဟု ပြောဆိုလေသည်။ ထို့ပြင် ၄င်းက လူတို့အား 'အသင်တို့အနက် ခရီးရှည်နှင်၍ လုံခြုံစိတ်ချရသော နေရာကို ရွေးချယ်ရန် ရည်ရွယ်သူဖြစ်လျှင် 'အမ္မာန်'သို့ ထွက်ခွာကြကုန်။ အကယ်၍ အရက်၊ မူးယစ်သေစာ၊ ရိုတီမုန့်နှင့် သစ်သီးဝလံ စသည်များကို လိုလားသူဖြစ်လျှင် ဆီးရီးယားနိုင်ငံရှိ 'ဗုဆွ်ရာ'သို့ သွားကြလေကုန်။ ရွှံ့နွံများတွင် ခြေခိုင်သော၊ ကပ်ဆိုက်ရောက်သည့်အခါ အသုံးဝင်သော အမြန်ခရီးနှင်ရန် လိုအပ်သည့်အခါ လိုသလို သုံးစွဲနိုင်သည့် အစီးအနင်းများ ရလိုသူသည် စွန်ပလွံသီး လွန်စွာ ပေါကြွယ်ဝသည့် မဒီနာသို့ သွားကြလေကုန်'ဟု ပြောဆိုလေသည်။ ၄င်း၏ အမျိုးသားတို့သည် ၄င်း၏ အကြံပြုချက်အတိုင်း ပြုလုပ်ကြ၏။ 'အဇ်ဒ်'မျိုးနွယ်စုသည် 'အမ္မာန်'သို့ သွားရောက်နေထိုင်ကြသည်။ 'ဂဆ်ဆာန်'မျိုးနွယ်စုသည် ဆီးရီးယားနိုင်ငံရှိ 'ဗုဆွ်ရာ'သို့ သွားရောက်ကြသည်။ အောင်စ်၊ ခဇ်ရဂျ်နှင့် ဗနူအွတ်စ်မာန်းတို့သည် စွန်ပလွံပေါများရာ ယဆ်ရဗ် (သို့) မဒီနာသို့ ထွက်ခွာသွားကြလေသည်။ بطن مرّ 'ဗသွန်မုရ်' အရပ်သို့ ရောက်သောအခါ ဗနူအွတ်စ်မာန်တို့သည် ထိုနေရာကို သဘောကျနှစ်သက်ပြီး ထိုနေရာ၌ပင် နေလိုက်ကြလေသည်။ ဤကဲ့သို့ ခရီးဖြတ်တောက်၍ နေလိုက်ခြင်းကြောင့် ဗနီအွတ်စ်မာန်၏ မျိုးနွယ်အမည်မှာ 'ခုဇာအဟ်'ဟု ဖြစ်သွားလေသည်။ ၄င်းတို့သည် မက္ကာဟ်၏အနီး၌ ရှိသော بطن مرّ 'ဗသွန်မုရ်'၌ပင် နေလိုက်ကြလေသည်။ 'အောင်စ်' နှင့် 'ခဇ်ရဂျ်'မျိုးနွယ်တို့မှာ 'ယဆ်ရဗ်' (မဒီနာ) သို့ ရောက်၍ နေထိုင်ခဲ့ကြသည်။

အိဗ်နေကစီးရ်ကျမ်းတွင် ဖြစ်ရပ်ကို ရှည်လျားစွာ တင်ပြပြီးနောက် နေရာဒေသများစွာတို့တွင် ထိုသူများ ပြန့်နှံ့သွားကြောင်း အကျယ်တဝင့် ရှင်းလင်းချက်ကို

سعيد عن قتادة عن الشعبى

စအီးဒ်သည် ကသာဟ်ထံမှ၊ ကသာဒဟ်သည် ရှအ်ဗီထံမှဟူသော စနဒ်ဖြင့် ဆင့်ပြန်၍ မိန့်ဆိုထားသည်မှာ 'စဗာ'မျိုးနွယ်သည် ဤနည်းဖြင့် တစ်စစီတစ်ပိုင်းစီ ဖြစ်သွားကြလေသည်။ ထိုသို့ ဖြစ်သွားသည့်အကြောင်းသည် مَزَّقْنٰهُمْ كُلَّ مُمَزَّقٍ တွင် တင်ပြထားပေသည်။

اِنَّ فِىْ ذٰلِكَ لَاٰيٰتٍ لِّكُلِّ صَبَّارٍ شَكُوْرٍ

ဆိုလိုသည်မှာ 'စဗာ'အမျိုးသားများ၏ တိုးတက်မှု၊ နိမ့်ကျမှုနှင့် ၄င်းတို့၏ အခြေအနေအပြောင်းအလဲများတွင် ကြီးမားသော သက်သေလက္ခဏာများနှင့် သံဝေဂတရား ရယူဖွယ်ရာတို့သည် အလွန်သည်းခံမျိုသိပ်

သူများနှင့် အလွန်ကျေးဇူးသိတတ်သူများအဖို့ အမှန်ပင် ရှိပေသည်။ ဆိုလိုသည်မှာ ဒုက္ခတစ်စုံတစ်ရာ တွေ့ကြုံခံစားရခြင်းအပေါ် သည်းခံမျိုသိပ်ခြင်းနှင့် ကျေးဇူးတော်နှင့် သုခချမ်းသာများ ရရှိသည့်အပေါ် အလ္လာဟ်အသျှင်မြတ်အား ကျေးဇူးတင်ခြင်းတို့ ဖြစ်သည်။ ဤနည်းဖြင့် ထိုသူသည် ဘဝသက်တမ်းတွင် အခြေအနေတိုင်း၌ အကျိုးအမြတ်အပေါ် အကျိုးအမြတ်ကိုသာ ရှာဖွေသွားသူ ဖြစ်သည်။ 'ဆွဟီဟိုင်းန်' (ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းတို့) တွင် ဟဇရသ်အဘူဟူရိုင်ရာဟ် ﷺ သခင်၏ ဟဒီးစ်တော်၌ လာရှိသည်မှာ တမန်တော်မြတ် ﷺ က 'မုအ်မင်န်၏ အခြေအနေမှာ အံ့ဖွယ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းနှင့်ပတ်သက်၍ အလ္လာဟ်အသျှင်မြတ်သည် 'သက္ကဒီရ်' (အကောင်း၊ အဆိုးနဖူးစာ) ရေးမှတ် အမိန့်တော် ချမှတ်ရာတွင် အားလုံးမှာ အကောင်းတကာ့ အကောင်းဆုံးနှင့် အကျိုးအမြတ်ချည်းသာ ဖြစ်ပေသည်။ အကယ်၍ ထိုမုအ်မင်န်အဖို့ ကျေးဇူးတော်တစ်စုံတစ်ရာ သုခချမ်းသာများနှင့် ၎င်း၏ အလိုကျ အရာများ ရရှိပါလျှင် ၎င်းသည် အလ္လာဟ်အသျှင်မြတ်အား ကျေးဇူးတင်လေသည်။ ထိုသို့ ကျေးဇူးတင်ခြင်း၊ ကျေးဇူးသိတတ်ခြင်းသည် တမလွန်အတွက် ကောင်းမြတ်ခြင်းနှင့် အကျိုးအမြတ်များ ဖြစ်သွားပေသည်။ အကယ်၍ ဒုက္ခဘေးဗလာ ကြုံတွေ့ခံစားရပြီး ထိုဒုက္ခအပေါ် 'ဆွဗရ်'သည်းခံမျိုသိပ်ခြင်း ပြုပါလျှင် ထိုသို့ သည်းခံမျိုးသိပ်ခြင်းအပေါ် ၎င်းအတွက် အလွန်ကြီးမား များပြားသော အကျိုးကုသိုလ်များ ရရှိပေသည်။ ဤနည်းဖြင့် ဤဒုက္ခသည်လည်း ၎င်းအတွက် ကောင်းမြတ်ခြင်းနှင့် အကျိုးအမြတ်များ ဖြစ်သွားပေသည်။

[အိဗ်နေကဆီးရ်ကျမ်း]

အချို့အဖွင့်ပညာရှင်များက صَبَّار ဟူသော စာလုံးကို 'ဆွဗရ်'၏ အဓိပ္ပာယ်အတိုင်း မှတ်ယူကြသည်။ ထိုအဓိပ္ပာယ်တွင် အမိန့်နာခံမှုများတွင် မြဲမြံစွာ ရပ်တည်ခြင်း၊ ပြစ်မှုများမှ ရှောင်ကြဉ်ခြင်းတို့လည်း ပါဝင်သည်။ ထိုဖွင့်ဆိုချက်အပေါ် မုအ်မင်န်သည် အခြေအနေတိုင်းတွင် သည်းခံမျိုသိပ်ခြင်းနှင့် ကျေးဇူးသိတတ်ခြင်းတို့ကို ပေါင်းစု၍ ထားပေသည်။ 'ဆွဗရ်'သည်းခံမျိုးသိပ်မှုတိုင်းသည် 'ရှုက်ရ်'ကျေးဇူးသိတတ်ခြင်းပင် ဖြစ်သည်။ ကျေးဇူးသိတတ်ခြင်းတိုင်းသည် 'ဆွဗရ်'သည်းခံမျိုသိပ်ခြင်းပင် ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَقَدْ صَدَّقَ عَلَيْهِمْ إِبْلِيسُ ظَنَّهُ فَاتَّبَعُوهُ إِلَّا فَرِيقًا مِّنَ الْمُؤْمِنِينَ ﴿٢٠﴾

၃၄ : ၂၀ ။ ။ စေကန်စင်စစ် အီဗလီးစ်သည် ၎င်း (အာဒမ်၏ သားသမီးများ) နှင့် ပတ်သက်သော မိမိ၏ ထင်မြင်ယူဆချက်ကို မှန်ကန်ကြောင်း တွေ့ရှိခဲ့၏။ အကြောင်းမူ မုအ်မင်န်သက်ဝင် ယုံကြည်သူများဖြစ်ကြသော လူစုမှအပ၊ ၎င်းတို့မှာ ယင်း (အီဗလီးစ်) ၏ နောက်သို့ လိုက်လာခဲ့ကြသောကြောင့်ပင် (ဖြစ်၏။)

وَمَا كَانَ لَهُۥ عَلَيْهِم مِّن سُلْطَٰنٍ إِلَّا لِنَعْلَمَ مَن يُؤْمِنُ
بِٱلْءَاخِرَةِ مِمَّنْ هُوَ مِنْهَا فِى شَكٍّ ۗ وَرَبُّكَ عَلَىٰ كُلِّ شَىْءٍ حَفِيظٌ ٢١

၃၄ : ၂၁ ။ ။ စင်စစ် ယင်း (အိဗ်လီးစ်) သည် ၎င်းတို့အပေါ်၌ လွှမ်းမိုးနိုင်ခဲ့ခြင်းမှာ ငါအသျှင်မြတ်သည် 'အာခိရသ်' တမလွန်ဘဝကို ယုံကြည်သောသူတို့အား၊ ယင်း 'အာခိရသ်' တမလွန်ဘဝနှင့် စပ်လျဉ်း၍ သံသယ၌ ရှိနေသော သူတို့နှင့် ခွဲခြား၍ သိရှိတော်မူရန်သာလျှင် ဖြစ်ခဲ့၏။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အရာခပ်သိမ်းတို့အပေါ်၌ ထိန်းသိမ်းစောင့်ရှောက်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်စင်စစ် အိဗ်လီးစ်သည် ထိုသူတို့နှင့် စပ်လျဉ်း၍ (အာဒမ် ﷺ ၏ သားမြေးများနှင့် စပ်လျဉ်း၍) မိမိ၏ ထင်မြင်ယူဆချက်များ မှန်ကန်ကြောင်းကို တွေ့ရှိခဲ့သည်။ (ဆိုလိုသည်မှာ ၎င်းက အာဒမ် ﷺ ၏ သား၊ သမီး၊ မြေး၊ မြစ် (လူသား) များကို လမ်းမှားအောင် ပြုနိုင်မည်ဟု ယူဆခဲ့သည်။ အဘယ်ကြောင့် ဆိုသော် 'လူသားသည် မြေကြီးဖြင့် ဖန်ဆင်းခံရပြီး ကျွန်ုပ်သည် မီးဖြင့် ဖန်ဆင်းခံရသူဖြစ်သည်' ဟု ယူဆခဲ့သည်။) *[ဒုရ်ရေမန်ဆူးရ်ကျမ်း]*

(၎င်း၏ ဤထင်မြင်ယူဆချက်မှာ အမှန်ပင် ဖြစ်ခဲ့သည်။) အဘယ်ကြောင့်ဆိုသော် ၎င်း (လူသား) တို့အားလုံးအနက် မုအ်မင်န်အုပ်စုဝင်များမှအပ ထိုအိဗ်လီးစ်၏ နောက်သို့ လိုက်လာခဲ့ကြသောကြောင့် ဖြစ်သည်။

(ဆိုလိုသည်မှာ ထိုလူသားများအနက် အီမာန်ပြည့်ဝသူများမှာ လုံးဝဥဿုံ ကင်းလွတ်ခွင့် ရပေသည်။ အီမာန်လျော့နည်းသူတို့သည် ပြစ်မှုဒုစရိုက်များ၌ နစ်မွန်းနေသော်လည်း 'ရှရ်စ်က်' နှင့် 'ကုဖ္ဖ်ရ်' လုပ်ရပ်များ၌မူ ၎င်းတို့သည်လည်း ကင်းလွတ်ကြပေမည်။)

အိဗ်လီးစ်၏ ထိုသူများအပေါ်၌ (လှည့်စားဖြားယောင်းခြင်းအားဖြင့်) လွှမ်းမိုးနိုင်ခဲ့ခြင်းမှာ အခြားသော အကြောင်းခံကြောင့်မဟုတ်ဘဲ ငါအသျှင်မြတ်သည် (အပေါ်ယံအားဖြင့်) တမလွန်ကို ယုံကြည်သက်ဝင်သူတို့အား တမလွန်နှင့် စပ်လျဉ်း၍ ဒွိဟသံသယရှိသူတို့နှင့် (ခွဲခြား၍) သိတော်မူရန်သာ ဖြစ်သည်။ (ဆိုလိုသည်မှာ မုအ်မင်န်နှင့် ကာဖိရ်ကို ခွဲခြားသိနိုင်ရန် စစ်ဆေးခြင်းပင် ဖြစ်သည်။ သို့မှသာ တရားမျှတမှုနှင့် အမြော်အမြင် လျှို့ဝှက်ချက်များအတိုင်း ကုသိုလ်အကျိုးနှင့် 'အဇာဗ်' အပြစ်ဒဏ်တို့၏ အမိန့်တော်များ ချမှတ်နိုင်ပေမည်။) ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အရာခပ်သိမ်းတို့အပေါ် ထိန်းသိမ်းစောင့်ရှောက်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

(လူတို့၏ အီမာန်နှင့် 'ကုဖ္ဖ်ရ်' သည်လည်း ပါဝင်သည်။ ဤအတွက်ကြောင့် လူတိုင်းလူတိုင်းအား သင့်တော်သော အကျိုးကုသိုလ်အစားနှင့် အပြစ်ဒဏ်အစားများ ပေးမည်ဖြစ်သောကြောင့်ပင်ဖြစ်သည်။)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

قُلِ ادْعُوا الَّذِينَ زَعَمْتُمْ مِنْ
دُونِ اللَّهِ ۖ لَا يَمْلِكُونَ مِثْقَالَ ذَرَّةٍ فِي السَّمَاوَاتِ وَلَا فِي
الْأَرْضِ وَمَا لَهُمْ فِيهِمَا مِنْ شِرْكٍ وَمَا لَهُ مِنْهُمْ مِنْ ظَهِيرٍ ﴿٢٢﴾

၃၄ : ၂၂။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အပြင် (ကိုးကွယ်ရာ ဘုရားများ ဖြစ်ကြသည်ဟု) မိမိတို့ ထင်မှတ်ကိုးကွယ်ခဲ့ကြသော သူတို့အား ဟစ်ခေါ်ကြလေကုန်။ ထိုသူတို့သည် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ နှမ်းစေ့ခန့်မျှပင် ပိုင်ဆိုင်ကြသည် မဟုတ်ပေ။ ထို့ပြင် ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေနှစ်ခုစလုံး၌ ၎င်းတို့၏ ဖက်စပ်မှုဟူ၍လည်း လုံးဝ မရှိပေ။ ထိုနည်းတူစွာ ၎င်းတို့အနက် ထိုအသျှင်မြတ်အား ရိုင်းပင်းကူညီသူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် မရှိချေ။

وَلَا تَنْفَعُ الشَّفَاعَةُ عِنْدَهُ إِلَّا لِمَنْ أَذِنَ لَهُ ۚ حَتَّىٰ إِذَا فُزِّعَ
عَنْ قُلُوبِهِمْ قَالُوا مَاذَا قَالَ رَبُّكُمْ ۖ قَالُوا الْحَقَّ ۖ وَهُوَ الْعَلِيُّ الْكَبِيرُ ﴿٢٣﴾

၃၄ : ၂၃။ ။ ၎င်းပြင် ထိုအသျှင်မြတ်ထံတော်တွင် ထိုအသျှင်မြတ် ခွင့်ပြုတော်မူသော သူ၏အဖို့မှအပ အခြားမည်သူ တစ်ဦးတစ်ယောက်အဖို့မျှပင် ကြားဝင် အသနားခံပေးမှုသည် အကျိုးရှိစေမည် မဟုတ်ပေ။ နောက်ဆုံးတွင် ကြောက်ရွံ့ထိတ်လန့်မှုသည် ၎င်းတို့၏ စိတ်နှလုံးများမှ ပပျောက်၍ သွားလေသောအခါ 'အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် မည်သည်ကို မိန့်ကြားတော်မူပါသနည်း' ဟု ၎င်းတို့သည် (အချင်းချင်း) မေးမြန်းကြပေမည်။ (ထိုအခါ) ၎င်းတို့က 'အမှန်ကို (မိန့်ကြားတော်မူခဲ့သည်)'ဟု ပြန်ကြားကြပေမည်။ စင်စစ် ထိုအသျှင်မြတ်သည် လွန်စွာ မြင့်မြတ်ကြီးကဲတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

قُلْ مَنْ يَرْزُقُكُمْ مِنَ السَّمَاوَاتِ وَالْأَرْضِ ۖ قُلِ اللَّهُ ۖ وَإِنَّا أَوْ إِيَّاكُمْ لَعَلَىٰ هُدًى أَوْ فِي ضَلَالٍ مُبِينٍ ﴿٢٤﴾

၃၄ : ၂၄။ ။ (အို၊ နဗီတမန်တော်) အသင်သည် မေးမြန်းပါလေ။ (အချင်းတို့) မိုးကောင်းကင်များနှင့် ပထဝီမြေမှ မည်သူသည် အသင်တို့အား စားနပ်ရိက္ခာကို ချီးမြှင့်ပါသနည်း။ (ထို့နောက်) 'အသင်သည် အလ္လာဟ်အသျှင်မြတ်ပင် (ချီးမြှင့်ပေးသနားတော်မူ၏)' ဟု ဖြေကြားပါလေ။ ၎င်းပြင် ငါတို့သည် သို့မဟုတ် အသင်တို့သည်ပင် တရားလမ်းမှန်ပေါ်၌သော်လည်းကောင်း၊ ထင်ရှားစွာသော လမ်းမှားမှု၌သော်လည်းကောင်း ရှိကြပေသည်။

قُلْ لَا تُسْأَلُونَ عَمَّا أَجْرَمْنَا وَلَا نُسْأَلُ عَمَّا تَعْمَلُونَ ﴿٢٥﴾

၃၄ : ၂၅။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) 'အသင်တို့သည် ငါတို့ ကျူးလွန်ခဲ့ကြသော ပြစ်မှုများနှင့် စပ်လျဉ်း၍ စစ်ဆေးမေးမြန်းခြင်းကို ခံကြရမည်မဟုတ်ပေ။ ငါတို့သည်လည်း အသင်တို့ ကျင့်မူကြသည်တို့နှင့် စပ်လျဉ်း၍ စစ်ဆေးမေးမြန်းခြင်းကို ခံကြရမည်မဟုတ်ပေ။

قُلْ يَجْمَعُ بَيْنَنَا رَبُّنَا ثُمَّ يَفْتَحُ بَيْنَنَا بِالْحَقِّ وَهُوَ الْفَتَّاحُ الْعَلِيمُ ﴿٢٦﴾

၃၄ : ၂၆ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) ငါတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ငါတို့အား (ကေယာမသ်) ရှင်ပြန်ထရမည့်နေ့တွင် စုရုံးတော်မူပေမည်။ ထို့နောက် ထိုအသျှင်မြတ်သည် ငါတို့၏ အကြား၌ မှန်ကန်စွာ စီရင်ဆုံးဖြတ်တော်မူပေမည်။ စင်စစ် ထိုအသျှင်မြတ်သည် လွန်စွာ စီရင်ဆုံးဖြတ်တော်မူသော၊ လွန်စွာ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

قُلْ أَرُونِيَ الَّذِينَ أَلْحَقْتُم بِهِ شُرَكَاءَ كَلَّا بَلْ هُوَ اللَّهُ الْعَزِيزُ الْحَكِيمُ ﴿٢٧﴾

၃၄ : ၂၇ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) 'အသင်တို့သည် တွဲဖက်များအဖြစ် ထိုအသျှင်မြတ်နှင့် ပေါင်းဖက် (ကိုးကွယ်) ခဲ့ကြသော သူတို့ကို ငါ့အား ပြသကြလေကုန်။ ထိုသို့ အလျဉ်းမဟုတ်ပေ။ စင်စစ်မှာ ထိုကိုးကွယ်ရာ အစစ်ကြီးဖြစ်သည့် အသျှင်မြတ်သည် အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ နဗီတမန်တော်) အသင်သည် (ထိုသူတို့အား ဤသို့ ပြောကြားပါလေ။ (အို၊ အချင်းတို့) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အပြင် (ကိုးကွယ်ရာစာရင်းသွင်း၍ ကိုးကွယ်ရာဟု) ထင်မြင်ယူဆခဲ့သည့် သူများကို (မိမိတို့၏ လိုအင်ဆန္ဒများအတွက်) ဟစ်ခေါ်ကြလေကုန်။ (သို့ဖြစ်ပေရာ ၎င်းတို့တွင် ပြုစွမ်းနိုင်သော 'ကုဒ်ရသ်'တန်ခိုး မည်မျှရှိသည်ကို သိရှိရပေမည်။ ၎င်းတို့၏ အခြေအနေမှာမူ) ထိုသူတို့သည် မိုးကောင်းကင် (အလွှာ) များ၌လည်းကောင်း၊ မြေပထဝီ (အလွှာ) များ၌လည်းကောင်း မြူမှုန်ခန့်မျှပင် (မည်သည့်အရာကိုမျှ) ပိုင်ဆိုင်ကြသည်မဟုတ်ပေ။ ထို့ပြင် ထိုမိုးကောင်းကင်နှင့် ကမ္ဘာမြေပထဝီတို့ (၏ ဖန်ဆင်းမှု) တွင် (လည်း) ပါဝင်ခဲ့ကြသည် မဟုတ်ပေ။ ထို့ပြင် ၎င်းတို့အနက် တစ်ဦးတစ်ယောက်သည် အလ္လာဟ်အသျှင်မြတ်အား (အရေးကိစ္စတစ်ခုခုတွင်) ရိုင်းပင်းကူညီသူဟူ၍လည်း မရှိပေ။

၎င်းပြင် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် (တစ်စုံတစ်ဦး၏) အသနားခံပေးမှုသည် မည်သူ့အတွက်မျှ အကျိုးရှိစေမည် မဟုတ်ပေ။ (ထိုမျှမက အသနားခံပေးခြင်းပင် ဖြစ်နိုင်မည်မဟုတ်ပေ။) သို့ရာတွင် အလ္လာဟ်အသျှင်မြတ်က (အသနားခံလျှောက်ထားပေးသူ တစ်ဦးဦးကို) ခွင့်ပြုတော်မူသောသူသာ ပြုနိုင်ပေမည်။ (ကာဖိရ်နှင့် မုရှ်ရစ်က်တို့အနက် အချို့မှာ ပညာမဲ့များဖြစ်ကြရာ မိမိတို့ကိုယ်တိုင် ထွင်းထုပြုလုပ်ထားသည့် ကျောက်ဆစ်ရုပ်တုများသည်သာ လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်သူ၊ လုပ်ငန်းဆောင်တာများအတွက် စွမ်းဆောင်ပေးနိုင်သူ၊ ယုဉ်တွဲကိုးကွယ်ခြင်းပြုနိုင်သူဟု ထင်မြင်ယူဆခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့၏ ဤယူဆချက်များကို ဆန့်ကျင်ချေပနိုင်ရန်အတွက် အာယသ်တော်၏ ပထမအပိုဒ်တွင်

وَمَالَهُمْ فِيهِمَا مِنْ شِرْكٍ နှင့် لَا يَمْلِكُونَ مِثْقَالَ ذَرَّةٍ

ဟူသော စာပိုဒ်များကို တင်ပြတော်မူခဲ့ခြင်းဖြစ်သည်။ တစ်ဖန် အချို့သူတို့ကမူ ဤမျှ ပြည့်စွမ်းနိုင်ကြောင်း မဆိုကြသော်လည်း ဤ'ဗွတ်' ရုပ်တုများသည် အလ္လာဟ်အသျှင်မြတ်၏ လုပ်ငန်းဆောင်တာများတွင် အလ္လာဟ်အသျှင်မြတ်အား အကူအညီပေးသူများ ဖြစ်ကြသည်ဟူသော ယုံကြည်ချက်ကို ထားရှိကြသည်။ ထို့ကြောင့် ၎င်းတို့၏ ဤယုံကြည်ချက်ကို ဆန့်ကျင်ချေပရန်အတွက်

مَا لَهُ مِنْهُمْ مِّنْ ظَهِيرٍ

ဟု မိန့်ကြားခြင်း ဖြစ်သည်။ ထို့ပြင် အချို့သော အသိဉာဏ်ရှိသည့် ကာဖိရ်၊ မုရှ်ရစ်က်တို့က အသက်မရှိသော ထို'ဗွတ်'များကို တစ်စုံတစ်ရာကို ဖန်ဆင်းသူ (သို့) ဖန်ဆင်းရှင်၏ ကူညီစောင်မသူများ ဟူ၍ကား မယုံကြည်ကြပေ။ သို့သော်လည်း ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် အသနားခံပေးပါက ၎င်းတို့၏ အသနားခံပေးမှုသည် အောင်မြင်အထမြောက်ခြင်း ဖြစ်နိုင်သည်အထိ လက်ခံခြင်း ခံရသူများ ဖြစ်သည်' ဟု ယုံကြည်ချက် ထားရှိကြလေသည်။ ထို့ကြောင့် ၎င်းတို့က

هٰؤُلَاءِ شُفَعَاءُنَا عِنْدَ اللهِ

ဟု ပြောဆိုလေ့ရှိခဲ့ကြသည်။ ၎င်းတို့၏ ထိုယုံကြည်ချက်ကို ဆန့်ကျင်ချေပခြင်းအဖြစ်

وَلَا تَنْفَعُ الشَّفَاعَةُ عِنْدَهُ

ဟု မိန့်ကြားတော်မူခြင်းဖြစ်သည်။ ဆိုလိုသည့်သဘောမှာ ထို 'ဗွတ်'များတွင် တစ်စုံတစ်ရာ ပြုနိုင်စွမ်းအရည်အချင်း ရှိကြောင်း အသင်တို့ကိုယ်တိုင် မြွက်ဟဝန်ခံခြင်းမရှိဘဲ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ လက်ခံခြင်း ခံရသူများဖြစ်သည်ဟူသော လှည့်ဖြားခံရခြင်း၌ အသင်တို့ကိုယ်တိုင် ရှိနေကြသည်။ ဤသည်မှာ အသင်တို့၏ အခြေအမြစ်မရှိသော ထင်မြင်ယူဆချက် အတွေးအခေါ်မျှသာ ဖြစ်သည်။ ၎င်းတို့တွင် မည်သည့်အရည်အချင်းမျှလည်း မရှိပေ။ မည်သည့်လက်ခံခြင်း ခံရသူများလည်း မဟုတ်ပေ။ ရှေ့၌ မိန့်ကြားတော်မူသည်မှာ '၎င်းတို့တွင် မည်သည့်အရည်အချင်းမျှလည်း မရှိပါ။ မည်သည့်လက်ခံခြင်းခံရသူမျှလည်း မဟုတ်ပါ။ တစ်စုံတစ်ရာပြုနိုင်စွမ်း အရည်အချင်းနှင့် လက်ခံခြင်းခံရသူ ဖြစ်သော အလ္လာဟ်အသျှင်မြတ်၏ ဖရစ်ရှ်တာဟ်များသည်ပင် တစ်စုံတစ်ဦးကို အသနားခံပေးခြင်းတွင် ကိုယ်တိုင်လုပ်ပိုင်ခွင့် မရှိသည့်အပြင် ၎င်းတို့အတွက် 'ရှဖာအသ်'အသနားခံပေးရန် ဥပဒေမှာ 'အလ္လာဟ်အသျှင်မြတ်ထံတော်မှ တစ်စုံတစ်ဦးအတွက် အသနားခံပေးခွင့် ရရှိမှသာ ထိုသူ့အတွက် 'ရှဖာအသ်' (အသနားခံခြင်း'ကို ပြုပေးနိုင်ပေသည်။ ထိုသို့ ပြုခွင့်ရရန်မှာလည်း အလွန်ပင် ခက်ခဲလှပေသည်။ အဘယ်ကြောင့်

ဆိုသော် ၎င်းတို့ကိုယ်တိုင်သည် အလ္လာဟ်အသျှင်မြတ်၏ အရှိန်အဝါနှင့် ကြီးမြတ်ခြင်းတို့က လွှမ်းမိုးခြင်း ခံရသောကြောင့် ဖြစ်သည်။ ၎င်းတို့ အား အမျှားနှင့်ဆိုင်သော တစ်စုံတစ်ရာ အမိန့်ပေးသောအခါ၌ဖြစ်စေ၊ (သို့) တစ်စုံတစ်ဦးအတွက် 'ရှဖာအသ်' (အသနားခံ) ပေးရန် အမိန့်ရရှိသည်ဖြစ်စေ၊ ထိုအမိန့်ကို ကြားရသည်နှင့် ကြောက်ရွံ့မှုအရှိန်အဝါဖြင့် သတိမေ့မျောသွားလေသည်။ ထိုကြောက်ရွံ့မှု အရှိန်အဝါမှ ပျောက်ပျက်၍ သတိရလာသည့်အခါ အမိန့်တော်ကို စဉ်းစားကြသည်။ ထို့နောက် တစ်ဦးနှင့်တစ်ဦး 'ကျွန်ုပ်တို့သည် အမိန့်တော်များကို ကြားနာခဲ့ရပါသည်။ ထိုကြားနာခဲ့ရသည့် အမိန့်တော်များစွာ မည်သည့်အမိန့်တော်များ ဖြစ်ပါသနည်း'ဟူ၍ အချင်းချင်း မေးမြန်း၍ လေ့လာဆန်းစစ်ပြီးသောအခါတွင် အမိန့်တော်များကို လိုက်နာ ကြပါသည်။ ထိုအမိန့်တော်များတွင် တစ်စုံတစ်ဦးအတွက် အသနားခံပေးရန်ဟူသော အမိန့်တော်များလည်း ပါဝင်ပေသည်။

အချုပ်ဆိုရသော် အလ္လာဟ်အသျှင်မြတ်၏ ဖရစ်ရှ်သာဟ်များသည် အရည်အချင်းများလည်း ရှိကြသည်။ အလ္လာဟ်အသျှင်မြတ်၏ လက်ခံခြင်းခံရသူများလည်း ဖြစ်ကြပါသည်။ ၎င်းတို့သည်ပင် တစ်စုံတစ်ဦးအတွက် 'ရှဖာအသ်'အသနားခံပေးခြင်းကို အခွင့်မရရှိဘဲ မိမိတို့ကိုယ်တိုင် မပြုနိုင်ကြပါ။ ၎င်းတို့ကိုယ်တိုင်မှာ ကြောက်ရွံ့သည့် အရှိန်အဝါဖြင့် သတိမေ့မျောမတတ် ဖြစ်သွားကြပါသည်။ ထိုသို့ဖြစ်ပြီးနောက် ကောင်းမွန် စွာ သတိရလာသောအခါ 'ရှဖာအသ်'အသနားခံခြင်း ပြုပေးကြသည်။ သို့ဖြစ်ပေရာ ဤကျောက်တုံးများ ဖြင့် ကိုယ်တိုင် ထွင်းထုထားသည့် 'ဗွသ်'ရုပ်များတွင် မည်သည့်အရည်အချင်းမျှလည်း မရှိ။ မည်သည့် လက်ခံခြင်းခံရမှုလည်း မရှိပေ။ ထို့ကြောင့် ၎င်းတို့သည် မည်သို့ 'ရှဖာအသ်' အသနားခံပေးခြင်း ပြုနိုင် ကြပါမည်နည်း။ ဖရစ်ရှ်သာဟ်များ၏ သတိလစ်မေ့မျောသွားခြင်း စသော အကြောင်းများကို ရှေ့လာ မည့် အာယသ်တော်၌ တင်ပြထားသည်မှာ) နောက်ဆုံးတွင် ကြောက်ရွံ့ထိတ်လန့်မှုသည် ၎င်းတို့၏ စိတ် နှလုံးသားများမှ (အမိန့်တော်နာကြားစဉ်က ဖြစ်ပေါ်ခဲ့သည့် ကြောက်ရွံ့ထိတ်လန့်မှု ဖြစ်သည်။) ပပျောက် သွားသောအခါ ၎င်းတို့သည် တစ်ဦးနှင့်တစ်ဦး အသင်တို့၏ ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် သည် မည်သို့ကို မိန့်ကြားတော်မူပါသနည်း'ဟု အချင်းချင်း မေးမြန်းကြပေမည်။ ထိုအခါ ၎င်းတို့က '(မည်သည့်) အမှန်တရား၏ အမိန့်ကို မိန့်ကြားတော်မူပါသည်'ဟု ပြောကြပေမည်။ (ပညာရှင် ရှာဖွေသူ ကျောင်းသားသည် သင်ခန်းစာဖက်ပြီးနောက် ဆရာ၏ ရှင်းလင်းပြောကြားချက်များကို အမှန်ဖြစ်အောင် လေ့ကျင့်ခြင်းနှင့် ကျက်မှတ်ခြင်းများအတွက် အချင်းချင်း ပြန်လှန်မေးမြန်းခြင်း ပြုသကဲ့သို့ပင် ဖရစ်ရှ်သဟ် များသည်လည်း မိမိတို့ ကြားနာခဲ့ရသည့် အမိန့်တော်များကို အချင်းချင်း မေးမြန်းစုံစမ်းခြင်းနှင့် ထောက်ခံ ခြင်းများ ပြုကြသည်။ ထို့နောက်တွင် အမိန့်တော်ကို လိုက်နာခြင်းပြုကြသည်။) ထို့ပြင် (အသျှင်မြတ်၏ ရှေ့တော်၌ အသျှင်မြတ်နှင့် မျက်နှာချင်းဆိုင်ရာတွင် ဖရစ်ရှ်သာဟ်များသည် ဖော်ပြပါအခြေအနေအတိုင်း ဖြစ်သွားသည်ဆိုခြင်းမှာ မဖြစ်နိုင်စရာ မရှိပေ။) အမှန်စင်စစ် ထိုအသျှင်မြတ်သည် လွန်စွာ ကြီးကဲမြင့်မြတ် တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

(အို၊ နဗီတမန်တော်)' အသင်သည် (၎င်းတို့အား 'သောင်ဟီးဒ်' ကို ဆန်းစစ်ရန်အတွက်လည်း) မေးမြန်းပါလေ။ (အချင်းတို့) မိုးကောင်းကင်များမှလည်းကောင်း၊ ပထဝီမြေမှလည်းကောင်း၊ (မိုးများ ရွာသွန်းစေခြင်းဖြင့်လည်းကောင်း၊ သစ်ပင်များ ပေါက်ရောက်စေခြင်းဖြင့်လည်းကောင်း) မည်သူသည် အသင်တို့အား ရိဇ်စားနပ်ရိက္ခာ ချီးမြှင့်ပါသနည်း။ (အကြောင်းမှာ ဤအဖြေသည် ၎င်းတို့ထံ၌ပင် သတ်မှတ်ထားသည်။ ထို့ကြောင့်) အသင်က (ပင်) အလ္လာဟ်အသျှင်မြတ်သည်သာလျှင် (ရိဇ်စားနပ်ရိက္ခာ ပေးသနားတော်မူခြင်း) ဖြစ်သည်ဟု ဖြေကြားပါလေ။ ထို့ပြင် (ဤ 'သောင်ဟီးဒ်'နှင့် စပ်လျဉ်း၍) မုချဧကန် ငါတို့သည်လည်းကောင်း၊ (သို့) အသင်တို့သည်လည်းကောင်း တရားလမ်းမှန်ပေါ်၌ဖြစ်စေ (သို့) ထင်ရှားစွာသော လမ်းမှားမှု၌ဖြစ်စေ ရှိနေကြသည်'ဟုလည်း အသင်ပြောကြားပါလေ။

(ဆိုလိုသည်မှာ ဆန့်ကျင်ဘက်အရာနှစ်ခုဖြစ်သော 'သောင်ဟီးဒ်'နှင့် 'ရှရစ်က်'နှစ်မျိုးစလုံးသည် မှန်ကန်သည်ဆိုခြင်းမှာ မဖြစ်နိုင်ပေ။ နှစ်မျိုးစလုံးကို ယုံကြည်လက်ခံထားသူသည် တရားလမ်းမှန်ပေါ်၌ ရှိသည်ဆိုခြင်းမှာလည်း မဖြစ်နိုင်ပေ။ ထို့မျှမက ထိုနှစ်မျိုးစလုံးအနက် တစ်မျိုးမှာ အမှန်ဖြစ်၍ ကျန်တစ်မျိုးမှာ အမှားသာဖြစ်သည်။ မှန်ကန်သော အယူဝါဒထားရှိသူသည် 'ဟေဒါယသ်'လမ်းမှန်တရားပေါ်၌ ရှိ၍ မှားယွင်းသော အယူဝါဒ ထားရှိသူသည် လမ်းမှားပေါ်၌ ဖြစ်ပေမည်။ သို့ဖြစ်ပေရာ အသင်တို့သည် ၎င်းတို့အနက် မည်သည့်ခံယူချက် အမှန်ပင်ဖြစ်သည်၊ မည်သူသည် 'ဟေဒါယသ်'လမ်းမှန်ပေါ်၌ ရှိပြီး မည်သူသည် လမ်းမှားပေါ်၌ ရှိသည်ကို သေချာကျနစွာ စဉ်းစားကြည့်ပါ။)

(အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့နှင့် ဤငြင်းခုံဆွေးနွေးခြင်း၌) ၎င်းတို့အား (အချင်းတို့၊ ငါသည် အသင်တို့အား အမှားနှင့် အမှန်ကို ရှင်းလင်းစွာ ခွဲခြားပြသလိုက်ပါသည်။ သို့ဖြစ်ပေရာ ယခုအခါ အသင်တို့နှင့် ငါသည် မိမိတို့ ပြုမူဆောင်ရွက်ချက်များအတွက် မိမိတို့၌ တာဝန်ရှိပေမည်။) အသင်တို့သည် ငါတို့ ကျူးလွန်ခဲ့ကြသော ပြစ်မှုများနှင့် စပ်လျဉ်း၍ စစ်ဆေးမေးမြန်းခြင်း ခံကြရမည် မဟုတ်ပေ။ ငါတို့သည်လည်း အသင်တို့၏ ကျင့်ကြံမှုနှင့် စပ်လျဉ်း၍ စစ်ဆေးမေးမြန်းခြင်း ခံရမည် မဟုတ်ပေဟု ပြောကြားပါလေ။

ထို့ပြင် (အသင်သည် ၎င်းတို့အား ဤသည်ကိုလည်း) ပြောကြားလိုက်ပါလေ။ (အချိန်တစ်ချိန် ရောက်ရှိလာပေမည်။ ထိုအချိန်တွင်) ငါတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ငါတို့ အားလုံးအား (တစ်နေရာတွင်) စုရုံးစေတော်မူပေမည်။ ထို့နောက် ထိုအသျှင်မြတ်သည် ငါတို့အကြား၌ မှန်ကန်စွာ စီရင်ဆုံးဖြတ်တော်မူပေမည်။ စင်စစ် ထိုအသျှင်မြတ်သည် လွန်စွာ စီရင်ဆုံးဖြတ်တော်မူသော၊ (အားလုံး၏ အခြေအနေကို) လွန်စွာ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

(အို၊ နဗီတမန်တော်) အသင်သည် (ဤသည်ကိုလည်း) ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် (အလ္လာဟ်အသျှင်မြတ်၏ ကြီးမားမြင့်မြတ်တော်မူခြင်းနှင့် ပြည့်စုံကုံလုံသော တန်ခိုးတော်များနှင့် စပ်လျဉ်းသော သက်သေအထောက်အထားများကို ကြားသိရပြီးဖြစ်သည်။ ထို့ပြင် မိမိတို့၏ 'ဗွသ်'ရုပ်

များသည် မည်သည့်အရည်အချင်း၊ စွမ်းအားမျှ မရှိကြောင်းကိုလည်း တွေ့မြင်ရပြီးဖြစ်သည်။ သို့ဖြစ်ပေရာ ထိုအသျှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ခဲ့ကြသည့် ကိုးကွယ်ရာများကို ငါ့အား (အနည်းငယ်မျှ) ပြသကြလေကုန်။ လုံးဝဥဿုံ (ထိုအသျှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ရာဟူ၍) မရှိပါ။ ထိုမျှမက (အမှန်စင်စစ်) ထို (အမှန်ကိုးကွယ်ရာအစစ်ဖြစ်သည့်) အသျှင်မြတ်သည်သာလျှင် အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဖော်ပြပါအာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်ထံတော်မှ အမိန့်တော်များ ကျရောက်လာသည့်အခါ ဖရစ်ရှ်သာဟ်များ သတိလစ်မေ့မျောသွားခြင်းနှင့် တစ်ဖန် အချင်းချင်း တစ်ဦးနှင့်တစ်ဦး မေးမြန်းစုံစမ်းသည့် အကြောင်းများကို တင်ပြထားသည်။ ဤအကြောင်းကို ဆွဟီးဟ်ဘုခါရီကျမ်းတွင် ဟဇရသ်အဘူဟူရိုင်ရာဟ် ﷺ သခင်၏ ဆင့်ပြန်ချက်မှ လာရှိသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်ထက်တွင် အမိန့်တော်တစ်ရပ်ကို ထုတ်ပြန်ပို့ချတော်မူသည့်အခါ ဖရစ်ရှ်သာဟ်အားလုံးတို့သည် ကြောက်ရွံ့ရိုကျိုးခြင်းဖြင့် မိမိတို့၏ အတောင်ပံများကို ရိုက်ခတ်လေ့ရှိကြသည်။ (သတိမေ့မျောသည့် ပုံသဏ္ဍာန်ဖြစ်သွားကြသည်။) ၎င်းတို့၏ စိတ်တွင် ကြောက်ရွံ့စိတ်များ ပပျောက်သွားသည့်အခါတွင်မှ အသင်တို့၏ အသျှင်မြတ်သည် မည်သည့်အရာ မိန့်ကြားတော်မူပါသနည်း'ဟု အချင်းချင်း မေးမြန်းကြလေသည်။ ထိုအခါ အခြား ဖရစ်ရှ်သာဟ်က မည်သည့်အမိန့်ကို မိန့်ကြားတော်မူပါသည်'ဟု ပြန်လည်ပြောကြားလေသည်။

[ဟဒီးစ်]

ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သည် ဆွဟာဗီတစ်ပါးထံမှ ဤကဲ့သို့ဆင့်ပြန်တင်ပြခဲ့သည်မှာ တမန်တော်မြတ် ﷺ က 'ငါကိုယ်တော်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အမိန့်တစ်စုံတစ်ရာ ပေးတော်မူသည့်အခါ 'အရ်ရှ်'ပလ္လင်တော်အား ထမ်းမကြသည့် ဖရစ်ရှ်သာဟ်များသည် 'သတ်စ်ဗီးဟ်'ရွတ်ဆိုကြလေသည်။ ၎င်းတို့၏ 'သတ်စ်ဗီးဟ်'ရွတ်ဆိုသံကို ကြား၍ ၎င်းတို့အနီး၌ ရှိသော မိုးကောင်းကင်၏ ဖရစ်ရှ်သာဟ်များသည်လည်း 'သတ်စ်ဗီးဟ်'ရွတ်ဆိုကြသည်။ တစ်ဖန် ၎င်းတို့၏ 'သတ်စ်ဗီးဟ်'ရွတ်ဆိုသံကို ကြား၍ ၎င်းတို့၏ အောက်ထပ်၌ရှိသော မိုးကောင်းကင်မှ ဖရစ်ရှ်သာဟ်များကလည်း 'သတ်စ်ဗီးဟ်'ရွတ်ဆိုကြလေသည်။ နောက်ဆုံးတွင် سماء الدنيا 'စမာအဒ္ဒုန္နယာ' (မိုးကောင်းကင်အောက်ဆုံးထပ်) အထိ ရောက်ရှိသွားလေသည်။ (မိုးကောင်းကင်အားလုံးရှိ ဖရစ်ရှ်သာဟ်များသည် 'သတ်စ်ဗီးဟ်'ရွတ်ဆိုခြင်း၌ လုံးပမ်းသွားကြလေသည်။) ထို့နောက်တစ်ဖန် 'အရ်ရှ်'ပလ္လင်တော်၏ အနီး၌ရှိသော ဖရစ်ရှ်သာဟ်များကို 'အသင်တို့၏ အသျှင်မြတ်သည် မည်သည့်အရာ မိန့်ကြားပါသနည်း' ဟု မေးမြန်းလေရာ ၎င်းတို့က ဖြေကြားကြပေမည်။ တစ်ဖန် ဤနည်းအတိုင်းပင် ထိုသို့ မေးမြန်းသည့်

ဖရစ်ရှ်သာဟ်များအား အောက်ထပ်မိုးကောင်းကင်မှ ဖရစ်ရှ်သာဟ်များက အပေါ်ထပ်မိုးကောင်းကင်ရှိ ဖရစ်ရှ်သာဟ်များကို မေးမြန်းကြပေမည်။ နောက်ဆုံးတွင် ဤသို့ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစဉ်အဆက်သည် (မိုးကောင်းကင်အောက်ဆုံးထပ်) အထိ ရောက်ရှိသွားပေသည်။ *[မဇ္ဇဟရီကျမ်း]*

'မုရှာဠရာဟ်' တွေ့ဆုံရှင်းလင်း ငြင်းခုံခြင်း၌ တစ်ဖက်လူ၏ သိက္ခာကို ထောက်ရှုခြင်းနှင့် အမျက်ဒေါသထွက်စေသော စကားများမှ ရှောင်ကြဉ်ခြင်း

وَاِنَّا اَوْ اِيَّا كُمْ لَعَلٰى هُدًى اَوْ فِىْ ضَلٰلٍ مُّبِيْنٍ

ဤသည်မှာ မုရှ်ရစ်က်များနှင့် ကာဖိရ်တို့အား ဦးတည်မိန့်ကြားခြင်းဖြစ်သည်။ ပွင့်လင်းထင်ရှားသော အထောက်အထားများဖြင့် အလ္လာဟ်အသျှင်မြတ်သည် ဖန်ဆင်းတော်မူသော အသျှင်၊ စိုးပိုင်တော်မူသော အသျှင်မြတ်နှင့် အရာရာကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူကြောင်းကို ရှင်းလင်းစွာ တင်ပြထားသည်။ အလ္လာဟ်အသျှင်မြတ်မှအပ အခြားသော အရာများတွင် မည်သည့်စွမ်းဆောင်နိုင်မှုမျှ မရှိဘဲ ချို့တဲ့ခြင်းများသာရှိကြောင်း ရှင်းလင်းစွာ ပြဆိုထားသည်။ ထိုအချက်များကို တင်ပြပြီးနောက် 'ကာဖိရ်နှင့် မုရှ်ရစ်က်တို့ကို ဦးတည်၍ 'အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ကို စွန့်လွှတ်၍ 'ဗွသ်' များ၊ ရုပ်တုသွန်းများကို ကိုးကွယ်နေကြသည့် အသိတရား ခေါင်းပါးသူများ၊ လမ်းမှားသူများ ဖြစ်ကြသည်' ဟု မိန့်ကြားတော်မူရမည်ဖြစ်သည်။ သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်သည် ဤနေရာတွင် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံစွာ မိန့်ကြားတော်မူထားသည်။ ဤမိန့်ကြားချက်မှာ 'ဒအ်ဝသ်'၊ 'သဗ်လီးဂ်'နှင့် အစ္စလာမ့် ဆန့်ကျင်သူများနှင့် ထိပ်တိုက်ရင်ဆိုင် ရှင်းလင်းကြသူများအတွက် အရေးပါသော လမ်းညွှန်ချက်တစ်ရပ် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤအာယသ်တော်တွင် 'ၾငင်းတို့အား ကာဖိရ်၊ လမ်းမှားသူများဟု ပြောဆိုရမည့်နေရာတွင် ထိုရှင်းလင်းပြတ်သားသော အထောက်အထားများ၏ အလင်းရောင်တွင် အသိဉာဏ်ရှိသူတစ်ဦးအဖို့ 'သောင်ဟီးဒ်' နှင့် 'ရှရစ်က်' နှစ်မျိုးစလုံး အမှန်ပင် ဖြစ်ကြသည်။ 'သောင်ဟီးဒ်' လက်ခံသူနှင့် 'ရှရစ်က်'ပြုလုပ်သူ နှစ်ဦးစလုံးသည် အမှန်ကို လက်ခံသူများဖြစ်သည်ဟု မပြောဆိုနိုင်ပါချေ။ ထိုမျှမက ၎င်းတို့နှစ်ဦးအနက် တစ်ဦးသည် လမ်းမှန်ပေါ်၌ ဖြစ်၍ ကျန်တစ်ဦးမှာ လမ်းမှားဖြစ်သည်မှာ မုချမလွဲပင် ဖြစ်သည်။ သို့ဖြစ်ပေရာ 'ယခု ကျွန်ုပ်သည် အမှန်တရားပေါ်၌ ရှိပါသလား။ (သို့) အသင်တို့သည်ပင် အမှန်တရားပေါ်၌ ရှိပါသလား' ဆိုသည်ကို အသင်တို့ကိုယ်တိုင် စဉ်းစားကြလေကုန်ဟု မိန့်ကြားထားသည်။ ရှေ့၌ ရင်ဆိုင်ပြောဆိုနေသူကို ကာဖိရ်၊ လမ်းမှားသူဟု ပြောဆိုလျှင် ၎င်းသူမှာ အမျက်ဒေါသဖြစ်ပေမည်။ ထိုသို့ ပြောဆိုတင်ပြခြင်းကို ရှောင်ရှားခဲ့သည်။ ထို့ပြင် စိတ်ဓါတ်မာကျောသူပင် စဉ်းစားသွားစေမည့် နူးညံ့သည့် အသုံးအနှုန်းများဖြင့် သုံးနှုန်းပြောဆိုတင်ပြခဲ့သည်။ *[ကုရ်သုဗီ၊ ဗယာနုလ်ကုရ်အာန်]*

ဤသည်မှာ နဗီတမန်တော်တို့၏ 'ဒအ်ဝသ်'ဆုံးမစကားနှင့် 'တွေ့ဆုံရှင်းလင်း ငြင်းခုံခြင်းတွင် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ ဤနည်းလမ်းကို အာလင်မ်ဓမ္မသတ်ပညာရှင်များအနေဖြင့် အမြဲတမ်း

လက်ကိုင်ထားရပေမည်။ ထိုနည်းလမ်းကို လျစ်လျူရှု ဥပေက္ခာပြုလိုက်ခြင်းဖြင့် 'ဒအ်ဝသ်'နှင့် 'သဗ်လီးဂ်' လုပ်ငန်းများတွင်လည်းကောင်း၊ တွေ့ဆုံရှင်းလင်း ငြင်းခုံခြင်းများတွင်လည်းကောင်း ထိရောက်မှုမရှိဘဲ အကျိုးယုတ်ခြင်းသာ ကျန်ရှိခဲ့ပေမည်။ ဆန့်ကျင်သူများအနေဖြင့် အရွဲ့တိုက်ခြင်းကို ပြုကြပေလိမ့်မည်။ ၄င်းတို့၏ လမ်းမှားမှုသည် ပို၍ ခိုင်မာသွားပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَمَآ أَرْسَلْنَٰكَ إِلَّا كَآفَّةً لِّلنَّاسِ بَشِيرًا وَنَذِيرًا وَلَٰكِنَّ أَكْثَرَ ٱلنَّاسِ لَا يَعْلَمُونَ ﴿٢٨﴾

၃၄ : ၂၈ ။ ။ (အို၊ နဗီတမန်တော်) အမှန်စင်စစ် ငါအသျှင်မြတ်သည် အသင့်အား ခပ်သိမ်းကုန်သော လူတို့အဖို့ ဝမ်းမြောက်ဖွယ်ရာ သတင်းပြောကြားသူအဖြစ်လည်းကောင်း၊ သတိပေးနှိုးဆော်သူအဖြစ်လည်းကောင်း စေလွှတ်တော်မူခဲ့၏။ သို့ရာတွင် များစွာသောသူတို့မှာ မသိနားမလည်ကြပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ နဗီတမန်တော်) ငါအသျှင်မြတ်သည် အသင့်အား ခပ်သိမ်းကုန်သော လူတို့အဖို့ ('ဂျင်န်'ဖြစ်စေ၊ (သို့) လူသားများဖြစ်စေ၊ အာရပ်ဖြစ်စေ၊ (သို့) အာရပ်မဟုတ်သူများဖြစ်စေ၊ လက်ရှိ ရှိနေသူများဖြစ်စေ၊ (သို့) နောင်တွင် ရှိလာမည့်သူများဖြစ်စေ၊ အားလုံး၏) နဗီတမန်တော်အဖြစ် စေလွှတ်တော်မူခြင်းဖြစ်သည်။ (၄င်းတို့သည် အီမာန်သက်ဝင် ယုံကြည်လာခြင်းအပေါ် ၄င်းတို့အဖို့ ငါအသျှင်မြတ်၏ နှစ်လိုမှုနှင့် ကုသိုလ် အကျိုးများ ရရှိမည်ဖြစ်ကြောင်းကို) ဝမ်းမြောက်ဖွယ်သတင်းကောင်း ပြောကြားသူအဖြစ်လည်းကောင်း၊ ထို့ပြင် (အီမာန်သက်ဝင်ယုံကြည်မှု မရှိသည့်အပေါ် ၄င်းတို့အဖို့ ငါအသျှင်မြတ်၏ အမျက်တော်နှင့် 'အဇာဗ်' အပြစ်ဒဏ်ရှိမည် ဖြစ်ကြောင်းကို) သတိပေးနှိုးဆော်သူအဖြစ်လည်းကောင်း စေလွှတ်တော်မူခဲ့သည်။ သို့ရာတွင် များစွာသော သူတို့မှာမ သိနားမလည်ကြပေ။ (အသိတရားခေါင်းပါးခြင်း (သို့) အမိန့်ဖီဆန်ခြင်းများကြောင့် ငြင်းပယ်ခြင်းလုပ်ရပ်များ၌ ရောက်ရှိသွားကြရပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

တင်ပြပြီးခဲ့သော အာယသ်တော်များတွင် 'သောင်ဟီးဒ်'နှင့် အလ္လာဟ်အသျှင်မြတ်၏ အရာရာကို ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူကြောင်းကို တင်ပြခဲ့သည်။ ယခု ဤအာယသ်တော်တွင် 'ရိစာလသ်'အကြောင်းနှင့် အထူးသဖြင့် ကျွန်ုပ်တို့၏ နဗီတမန်တော် ﷺ အား နဗီအဖြစ် စေလွှတ်ခြင်းသည် လက်ရှိ လူသားမျိုးနွယ်များနှင့် နောင်ပေါ်ပေါက်လာမည့် လူသားမျိုးနွယ်အားလုံးတို့အတွက် ဖြစ်ကြောင်းကို တင်ပြထားသည်။

كَآفَّةً لِلنَّاسِ

တွင် كَآفَّةً ဟူသော စာလုံးသည် အာရဗီဝေါဟာရတွင် 'အရာဝတ္ထုတစ်ခုတွင်ရှိသော အရာအားလုံးကို တစ်ခုမျှ ချန်လှပ်မထားဘဲ သိမ်းသွင်းရောနှောသည့် အဓိပ္ပာယ်တွင် အသုံးပြုသော စာလုံးဖြစ်သည်။ မူရင်းစာသား ဖွဲ့စည်းရမည့် ပုံသဏ္ဍာန်မှာ لِلنَّاسِ كَآفَّةً ဟု ဖြစ်သည်။ အကြောင်းမှာ كَآفَّةً ဟူသော စာလုံးသည် ناس ၏ حال 'ဟာလ်' (အခြေအနေပြနာမ်) ဖြစ်နေသောကြောင့် ဖြစ်သည်။ သို့ရာတွင် နဗီတမန်တော်အဖြစ် စေလွှတ်တော်မူခြင်းမှာ အားလုံးအတွက် ခြုံငုံသည့်အဓိပ္ပာယ်ကို တင်ပြရာတွင် လေးနက်ကြောင်း ပေါ်လွင်စေရန် كَآفَّةً ဟူသော စာလုံးကို ရှေ့မှ သုံးစွဲခြင်းဖြစ်သည်။

တမန်တော်မြတ် ﷺ ၏အလျင် စေလွှတ်ခြင်းခံရသော နဗီတမန်တော်အပေါင်းတို့၏ စေလွှတ်ခြင်းခံရမှုမှာ သီးသန့်မျိုးနွယ်စုတစ်စုနှင့် သီးသန့်ဒေသတစ်ခုတို့အပေါ်၌ ဖြစ်ခဲ့သည်။ ကျွန်ုပ်တို့၏ နောက်ဆုံးနဗီချုပ်၏ ထူးခြားသော ထူးမြတ်မှုမှာ ကိုယ်တော်သည် လောကအပေါင်းအတွက် စေလွှတ်ခံရခြင်းပင် ဖြစ်သည်။ လူသားများအတွက်သာမဟုတ်ဘဲ 'ဂျင်န်'များအတွက်လည်း ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ ၏ ခေတ်သမယတွင် ရှိနေကြသူများအတွက်သာမဟုတ်ဘဲ 'ကေယာမသ်'နေ့ထိတိုင် ဖြစ်ပေါ်လာမည့် လူသားမျိုးဆက်အားလုံးတို့အတွက် ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ ၏ 'နဗူဝသ်' (နဗီအဖြစ် စေလွှတ်ခံရခြင်း) နှင့် 'ရိစာလသ်' (ရစူလ်အဖြစ် စေလွှတ်ခံရခြင်း) တို့သည် 'ကေယာမသ်'နေ့ထိတိုင် ရှင်သန်တည်ရှိနေခြင်းသည်ပင် ကိုယ်တော်မြတ် ﷺ သည် နဗီတမန်တော်အပေါင်းတို့၏ နောက်ဆုံးနဗီချုပ်ဖြစ်ခြင်းနှင့် ကိုယ်တော်မြတ် ﷺ နောက်တွင် မည်သည့်နဗီမျှ စေလွှတ်ခြင်းခံရရန် မရှိကြောင်း ပြဆိုခြင်းပင်ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဒုတိယအခြားနဗီတစ်ပါးကို ပထမနဗီ၏ ရှရီအသ်နှင့် လမ်းညွှန်သင်ကြားပေးမှုများမှာ ပပျောက်သွားခြင်းနှင့် ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာသောအခါတွင်သာ စေလွှတ်ခြင်းဖြစ်သည်။ ဤဒုတိယနဗီသည် လူသားများအား ပြုပြင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့်သာ စေလွှတ်ခံရခြင်း ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ ၏ ရှရီအသ်တရားတော်နှင့် မိမိ၏ ကျမ်းတော်မြတ်ကုရ်အာန်ကို 'ကေယာမသ်'ထိတိုင် ထိန်းသိမ်းစောင့်ရှောက်တော်မူမည်ဟူ၍ ကိုယ်တော်တိုင် တာဝန်ယူထားတော်မူပြီး ဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်မြတ် ﷺ ယူဆောင်လာသည့် သာသနာတော်သည် 'ကေယာမသ်'နေ့ထိတိုင် မိမိ၏ မူလအခြေအနေအတိုင်းပင် တည်ရှိနေတော်မူပေမည်။ အခြားနဗီတမန်တော်တစ်ပါး စေလွှတ်ရန် လိုအပ်ခြင်းလည်း ရှိမည်မဟုတ်ပေ။

ဆွဟီးဟ်ဘိုခါရီနှင့် မွတ်စ္စလင်မ် စသည့်ကျမ်းများတွင် ဟဇရသ်ဂျာဗိရ် ﷺ ထံမှ ဆင့်ပြန့်ခဲ့ကြသည်မှာ တမန်တော်မြတ် ﷺ က 'အလ္လာဟ်အသျှင်မြတ်သည် ငါကိုယ်တော်အား အရာ (၅) ခုကို ချီးမြှင့်တော်မူခဲ့သည်။ ထိုအရာများသည် ငါ၏အလျင် မည်သူမျှ မရရှိခဲ့သည့်အရာများ ဖြစ်သည်။

(၁) အလ္လာဟ်အသျှင်မြတ်သည် တစ်လတာခရီးအကွာအဝေး၌ ရှိသော သူများအပေါ် ငါကိုယ်တော်၏ အရှိန်အဝါသက်ရောက်စေခြင်းဖြင့် ငါကိုယ်တော်အား ကူညီစောင်မတော်မူသည်။

(၂) ငါကိုယ်တော့်အဖို့ ကမ္ဘာမြေပထဝီတစ်ခုလုံးကို 'စဂ်ျဒဟ်'ပြုရာနေရာနှင့် သန့်စင်သော အရာအဖြစ် သတ်မှတ်ပေးတော်မူခဲ့သည်။ (ရှေးနဗီတို့၏ ရှရီအသ်များတွင် ၎င်းတို့၏ 'အေဗာဒသ်'ပြုခြင်းသည် 'အေဗာဒသ်'ပြုရန် သီးသန့်ပြုလုပ်ထားသည့် ဝတ်ကျောင်းတော်၌သာ ပြုကြရသည်။ ၎င်းတို့၏ ဗလီဝတ်ကျောင်းတော်မှ အပြင်ဘက် ကွင်းပြင် (သို့) အိမ်များတွင် 'အေဗာဒသ်'ပြုလုပ်၍ မရခဲ့ကြပေ။ အလ္လာဟ်အသျှင်မြတ်သည် 'အွမ္မသ်မုဟမ္မဒီယဟ်'အတွက် ကမ္ဘာမြေပထဝီတစ်ခုလုံးကို နေရာတိုင်းတွင် နမာဇ်ဝတ်ပြုနိုင်သော အဓိပ္ပာယ်ဖြင့် ဗလီအဖြစ် ပြုပေးထားသည်။ ထို့ပြင် ကမ္ဘာမြေပထဝီတွင် ရှိသော မြေကြီးကို ရေမရရှိခြင်း (သို့) ရေသုံးစွဲလျှင် ထိခိုက်နစ်နာမှုဖြစ်ခြင်းများနှင့် ကြုံတွေ့ရသည့်အခါတွင် ထိုမြေကြီးဖြင့် သန့်စင်အောင် ပြုခွင့်ပေးထားသည်။ ထိုမြေကြီးဖြင့် 'သယမ်မွန်မ်'ပြုလုပ်ခြင်းကို ဆိုလိုသည်။ သို့ဖြစ်ပေရာ ထိုမြေကြီးဖြင့်သန့်စင်အောင် ပြုလုပ်သော 'သယမ်မွန်မ်' သည် 'ဝုဇူ'၏ အစားဖြစ်သွားသည်။)

(၃) ငါကိုယ်တော်အတွက် သုံ့ပန်းပစ္စည်းများကို 'ဟလာလ်'အဖြစ် ပြုပေးတော်မူခဲ့သည်။ ငါကိုယ်တော်၏အလျှင် မည်သည့်အွမ္မသ်အတွက်မျှ ဤပစ္စည်းသည် 'ဟလာလ်'မဖြစ်ခဲ့ပေ။ (ထိုမျှပင်မကသေးဘဲ စစ်ပွဲတွင် ကာဖိရ်တို့၏ လက်မှ ရရှိလာသော သုံ့ပန်းပစ္စည်းများကို စုပုံ၍ မိုးကောင်းကင်မှ မီးလျှပ်စီး စသော အရာတစ်ခုခုက လာရောက်၍ ထိုပစ္စည်းများကို မီးလောင်ကျွမ်းစေလိမ့်မည်။ ထိုသို့ လောင်ကျွမ်းစေခြင်းသည်ပင် ထို 'ဂျီဟားဒ်'သည် လက်ခံခြင်းခံရသည့် လက္ခဏာတစ်ရပ်ပင် ဖြစ်ပေသည်။ အွမ္မသ်မုဟမ္မဒီယဟ်အတွက် သုံ့ပန်းပစ္စည်းအား ကုရ်အာန်၏ ပြဆိုချက်ဥပဒေများအရ ခွဲဝေပေးခြင်းနှင့် မိမိတို့၏ လိုအပ်ချက်များတွင် သုံးစွဲခြင်း ပြုပိုင်စေခဲ့သည်။)

(၄) ငါကိုယ်တော်အား 'ရှဖာအသ်ကွဗ်ရာ' (ကြီးမားသော 'ရှဖာအသ်'ပြုခြင်း) ၏ အခွင့်ကို ချီးမြှင့်တော်မူခဲ့သည်။ (ဆိုလိုသည်မှာ 'ဟရှရ်'ကွင်းပြင်တွင် မည်သည့်နဗီတမန်တော်ကမျှ 'ရှဖာအသ်' ပြုပေးဝံ့သူမရှိသော အချိန်တွင် ငါကိုယ်တော်သည် 'ရှဖာအသ်'ပြုခွင့်ပေးခြင်း ခံရပေမည်။)

(၅) ငါကိုယ်တော်၏အလျှင် နဗီတမန်တော်တိုင်းသည် မိမိတို့၏ အထူးသတ်မှတ်ထားသော မျိုးနွယ်စုတစ်စုထံသို့သာ စေလွှတ်ခြင်း ခံခဲ့ရသည်။ ငါကိုယ်တော်သည် လောကရှိ လူမျိုးစုအပေါင်းတို့ထံသို့ နဗီအဖြစ် စေလွှတ်ခြင်းခံရသူဖြစ်သည်' ဟု မိန့်ကြားတော်မူလေသည်။ *[အိဗ်နေကစီးရ်ကျမ်း]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَيَقُولُونَ مَتَىٰ هَٰذَا الْوَعْدُ إِن كُنتُمْ صَادِقِينَ ٢٩

၃၄ : ၂၉ ။ ။ ထို့ပြင် ၎င်းတို့က 'အကယ်၍ အသင်တို့သည် သစ္စာဝါဒီများ ဖြစ်ခဲ့ကြပါလျှင်၊ ဤချိန်းဆိုချက်သည် မည်သည့်အခါ၌ ဖြစ်မြောက်အံ့နည်း' ဟု မေးမြန်းကြကုန်၏။

قُل لَّكُم مِّيعَادُ يَوْمٍ لَّا تَسْتَأْخِرُونَ عَنْهُ سَاعَةً وَلَا تَسْتَقْدِمُونَ ٣٠

၃၄ : ၃၀ ။ ။ အသင်သည် ဖြေကြားပါလေ။ (အချင်းတို့) 'အသင်တို့အား အထူးနေ့တစ်နေ့ကို ချိန်းချက်ထားသည်ဖြစ်ပေရာ 'အသင်တို့သည် ယင်းချိန်းချက်ထားသည့်နေ့မှ အချိန်အနည်းငယ်ခန့်မျှပင် နောက်ဆုတ်နိုင်ကြမည်လည်း မဟုတ်ပေ။ ရှေ့တိုးနိုင်ကြမည်လည်း မဟုတ်ပေ။'

وَقَالَ الَّذِينَ كَفَرُوا لَن نُّؤْمِنَ بِهَٰذَا الْقُرْآنِ وَلَا بِالَّذِي بَيْنَ يَدَيْهِ ۗ وَلَوْ
تَرَىٰ إِذِ الظَّالِمُونَ مَوْقُوفُونَ عِندَ رَبِّهِمْ يَرْجِعُ بَعْضُهُمْ إِلَىٰ بَعْضٍ
الْقَوْلَ يَقُولُ الَّذِينَ اسْتُضْعِفُوا لِلَّذِينَ اسْتَكْبَرُوا لَوْلَا أَنتُمْ لَكُنَّا مُؤْمِنِينَ ٣١

၃၄ : ၃၁ ။ ။ ၎င်းပြင် ကာဖိရ်မယုံမကြည် သွေဖည်ငြင်းပယ်သော သူတို့က 'ကျွန်ုပ်တို့သည် ဤကုရ်အာန်ကျမ်းတော်မြတ်ကိုလည်းကောင်း၊ ဤ (ကုရ်အာန်) ကျမ်းတော်မြတ်အလျှင် ရှိခဲ့ကြသော ('သောင်ရေးသ်'၊ 'အင်န်ဂျီလ်' အစရှိသည့်) ကျမ်းများကိုလည်းကောင်း အလျှဉ်းယုံကြည်မည်မဟုတ်' ဟု ပြောဆိုကြကုန်၏။ စင်စစ် မတရားကျူးလွန်ကြကုန်သော သူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် မတ်တတ်ရပ်စေခြင်းကို ခံကြရ၍ အချင်းချင်း တစ်ဦးသည် တစ်ဦး၏ အပေါ်သို့ အပြစ်လှည့်ချကြသည်ကို အသင် တွေ့မြင်ရလျှင် ကောင်းလေစွ။ (ထိုအခါ) နောက်လိုက်ငယ်သားတို့က အကြီးအကဲတို့အား 'အကယ်၍သာ အသင်တို့ မရှိခဲ့ကြပါလျှင် ကျွန်ုပ်တို့သည် အမှန်ပင် မုအ်မင်န်သက်ဝင် ယုံကြည်သူများ ဖြစ်ကြမည်' ဟု ပြောဆိုကြပေမည်။

قَالَ الَّذِينَ اسْتَكْبَرُوا لِلَّذِينَ اسْتُضْعِفُوا أَنَحْنُ
صَدَدْنَاكُمْ عَنِ الْهُدَىٰ بَعْدَ إِذْ جَاءَكُم ۖ بَلْ كُنتُم مُّجْرِمِينَ ٣٢

၃၄ : ၃၂ ။ ။ (ထိုအခါ) အကြီးအကဲတို့က နောက်လိုက်ငယ်သားတို့အား ပြောဆိုကြပေမည်။ (အချင်းတို့) 'အသင်တို့ထံ တရားလမ်းမှန် ရောက်ရှိ၍ လာပြီးနောက်၊ ကျွန်ုပ်တို့သည် အသင်တို့အား ယင်းတရားလမ်းမှန်မှ ပိတ်ပင်တားဆီးခဲ့ကြပါသလော။ ထိုသို့ အလျှဉ်းမဟုတ်။ စင်စစ်မှာ အသင်တို့သည်ပင်လျှင် ပြစ်မှုကျူးလွန်သူများ ဖြစ်ခဲ့ကြကုန်၏။'

وَقَالَ الَّذِيْنَ اسْتُضْعِفُوْا لِلَّذِيْنَ اسْتَكْبَرُوْا بَلْ مَكْرُ الَّيْلِ وَ
النَّهَارِ اِذْ تَاْمُرُوْنَنَاۤ اَنْ نَّكْفُرَ بِاللّٰهِ وَنَجْعَلَ لَهٗۤ اَنْدَادًا ؕ وَاَسَرُّوا
النَّدَامَةَ لَمَّا رَاَوُا الْعَذَابَ ؕ وَجَعَلْنَا الْاَغْلٰلَ فِيْۤ اَعْنَاقِ الَّذِيْنَ
كَفَرُوْا ؕ هَلْ يُجْزَوْنَ اِلَّا مَا كَانُوْا يَعْمَلُوْنَ ﴿٣٣﴾

၃၄ : ၃၃။ ။ ထိုအချိန်တွင် နောက်လိုက်ငယ်သားတို့က အကြီးအကဲတို့အား 'ထိုသို့ အလျဉ်းမဟုတ်။ စင်စစ်မှာ နေ့ညဉ့်မပြတ် (ကြံစည်လျက်ရှိခဲ့ကြသော အသင်တို့၏) ကြံစည်မှုများကပင် (ပိတ်ပင်တားမြစ်ခဲ့၏။) အကြင်အခါဝယ် ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်အား မယုံကြည်ကြရန်လည်းကောင်း၊ ကျွန်ုပ်တို့သည် ထိုအသျှင်မြတ်၌ ဂုဏ်ရည်တူများကို ပြုလုပ်ကြရန်လည်းကောင်း၊ အသင်တို့သည် ကျွန်ုပ်တို့အား အမိန့်ပေး တိုက်တွန်းလျက်ရှိခဲ့ကြသည်' ဟု ပြောဆိုကြပေမည်။ အမှန်စင်စစ် ၎င်းတို့သည် ပြစ်ဒဏ်ကို မြင်ကြရသောအခါ (မိမိတို့၏) နောင်တရမှုကို လျှို့ဝှက်ဖုံးအုပ်ထားကြပေမည်။ ထိုအခါ ငါအသျှင်မြတ်သည် ကာဖိရ်မယုံမကြည် သွေဖည်ငြင်းပယ်ကြကုန်သော သူတို့၏ လည်ကုပ်များ၌ လည်ကွင်းများကို စွပ်ပေးတော်မူပေမည်။ (စင်စစ်) ၎င်းတို့သည် မိမိတို့ ကျင့်မူလျက်ရှိခဲ့ကြသည်နှင့်အညီ အစားပေးခြင်းကိုသာ ခံကြရမည် ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် ၎င်းတို့က ('ကေယာမသ်'နေ့နှင့် စပ်လျဉ်း၍ يَجْمَعُ بَيْنَنَا رَبُّنَا ثُمَّ يَفْتَحُ ဟူသော အာယသ်တော်ကို ကြားရပြီး) ဤချိန်းဆိုချက်ကတိသည် မည်သည့်အခါ (ကျရောက်ခြင်း) ဖြစ်လာမည်နည်း။ အကယ်၍ အသင်တို့သည် (ဆိုလိုသည်မှာ နဗီတမန်တော်မြတ်နှင့် ၎င်း၏ နောက်လိုက်များ) မှန်ကန်သူများ ဖြစ်ကြပါလျှင် ပြသကြလေကုန်) ဟု ပြောဆိုကြလေသည်။

(အို၊ နဗီတမန်တော်) အသင်သည် ဖြေကြားလိုက်ပါလေ။ (အချင်းတို့) အသင်တို့အဖို့ အထူးနေ့ တစ်နေ့ကို ကတိပြုချိန်းချက် (သတ်မှတ်) ထားသည်ဖြစ်ရာ ထို (သတ်မှတ်သော) နေ့မှ အချိန်အနည်းအငယ် မျှပင် နောက်ဆုတ်နိုင်ကြမည်လည်း မဟုတ်ပေ။ ရှေ့တိုးနိုင်ကြမည်လည်း မဟုတ်ပေ။

(ဆိုလိုသည်မှာ အသင်တို့ မေးမြန်းသည်ကို ကျွန်ုပ်တို့သည် ရှင်းပြနေမည်ကား မဟုတ်ပေ။ သို့သော်လည်း အသင်တို့က မေးမြန်းပြီး ငြင်းပယ်ရန် ရည်ရွယ်ထားသည့် ထိုနေ့သည်ကား မုချဆိုက်ရောက်မည့်နေ့ ဖြစ်ပါသည်။) ၎င်းပြင် ဤကာဖိရ်တို့က 'ကျွန်ုပ်တို့သည် ဤကုရ်အာန်ကျမ်းတော်မြတ်ကိုလည်းကောင်း၊ ဤကျမ်း၏အလျင် ရှိခဲ့ကြသော ကျမ်းများအပေါ်၌လည်းကောင်း လုံးဝဥဿုံ ယုံကြည်ကြမည်မဟုတ်

ဟူ၍ ပြောဆိုကြလေသည်။ (လောကဥ္ဘ ပြောဆိုခဲ့သည့် ၎င်းတို့၏ ကြီးကျယ်သော စကားများသည် 'ကေယာမသ်'နေ့တွင် အဆုံးသတ်သွားပေလိမ့်မည်။ သို့ဖြစ်ပေရာ) အကယ်၍ အသင်သည် (၎င်းတို့၏) ထိုအချိန်က အခြေအနေကို တွေ့မြင်ရမည်ဆိုလျှင် (ကြောက်မက်ဖွယ် မြင်ကွင်းကို တွေ့မြင်ရပေမည်။) ထိုမတရား ကျူးလွန်ကြသူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် မတ်တတ်ရပ်စေခြင်းကို ခံကြရ၍ အချင်းချင်း တစ်ဦးအပေါ်တစ်ဦး အပြစ်လှည့်ချကြပေလိမ့်မည်။ (လုပ်ငန်းတစ်စုံတစ်ခု ပျက်စီးသွားသည့်အခါ ဖြစ်လေ့ဖြစ်ထရှိသော ပုံသဏ္ဌာန်မျိုး ဖြစ်ကြပေမည်။ သို့ဖြစ်ပေရာ) အောက်လက်သား (နောက်လိုက်ပြုသူ) များက အကြီးအကဲတို့အား (မိမိတို့၏ ခေါင်းဆောင်များအား ကျွန်ုပ်တို့သည် အသင်တို့ကြောင့် ပျက်စီးကြရပေသည်။) အကယ်၍ အသင်တို့ မရှိခဲ့ကြပါလျှင် ကျွန်ုပ်တို့သည် အမှန်မုချ အီမာန်သက်ဝင် ယုံကြည်သူများဖြစ်မည်ဟု ပြောဆိုကြပေမည်။

(ထိုသို့ ပြောကြားသည့်အပေါ်) ထိုအကြီးအကဲတို့က နောက်လိုက်ငယ်သားများအား ကျွန်ုပ်တို့သည် အသင်တို့အား 'ဟေဒါယသ်'လမ်းမှန်တရား အသင်တို့ထံ ရောက်ရှိလာပြီးနောက် ထို 'ဟေဒါယသ်' လမ်းမှန်တရား (အပေါ် လိုက်နာကျင့်ဆောင်ခြင်း) မှ (အတင်းအဓမ္မ) တားမြစ်ခဲ့ပါသလော။ ထိုသို့ အလျဉ်းမဟုတ်ပါ။ သို့သာမက အသင်တို့ကိုယ်တိုင်သာ ပြစ်မှုကျူးလွန်သူများ ဖြစ်ပါသည်'ဟု ပြောဆိုကြပေမည်။

(အမှန်တရား ပေါ်ထွန်းလာပြီးနောက်တွင်လည်း အသင်တို့သည် ထိုအမှန်တရားကို လက်မခံခဲ့ကြပါ။ ယခုတွင်မှ ကျွန်ုပ်တို့၏ ခေါင်းပေါ် ပုံချနေပါသည်။ ထိုသို့ ပြောဆိုသည့်အခါ) နောက်လိုက်ငယ်သားတို့က အကြီးအကဲတို့အား (ကျွန်ုပ်တို့သည် အသင်တို့အား ကျွန်ုပ်တို့အား အတင်းအဓမ္မ ပြုခဲ့ကြသည်ဟု ပြောဆိုခြင်းမဟုတ်ပါ။) 'ဤသို့ အလျဉ်းမဟုတ်ပါ။ ထို့ပြင် နေ့ညမပြတ် ကြံစည်လျက်ရှိသော အသင်တို့၏ အကြံအစည်များကပင် ပိတ်ပင်ခဲ့ကြခြင်းဖြစ်သည်။ အသင်တို့သည် ကျွန်ုပ်တို့ကို အလ္လာဟ် အသျှင်မြတ်အား 'ကုဖွ်ရ်'သွေဖည်ငြင်းပယ်ရန်ကိုလည်းကောင်း၊ ထိုအသျှင်မြတ်နှင့် 'ရှရစ်က်'တုဖက်ကိုးကွယ်ရန်ကိုလည်းကောင်း အမိန့်ပေးတိုက်တွန်းလျက် ရှိခဲ့ကြပါသည်။ (ကြံစည်ခြင်းဆိုသည်မှာ နှိုးဆော်ခြင်းကို ဆိုလိုသည်။ နေ့ညမပြတ် ၎င်းတို့၏ သင်ကြားပေးမှုများ၊ လမ်းညွှန်မှုများနှင့် ကြံစည်မှုများသည် စူးရှသက်ဝင်ခဲ့သည်။ ထို့ကြောင့် ပျက်စီးဆုံးရှုံးခြင်းကို ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ ကျွန်ုပ်တို့အား အသင်တို့ကသာ ပျက်ပြားအောင် ပြုခဲ့ကြပါသည်) ဟု ပြောဆိုကြပေမည်။ (ဤသို့ ပြောဆိုကြရာတွင် လူတိုင်းလူတိုင်းသည် တစ်ဦးပေါ်တစ်ဦး စွပ်စွဲမှုများ ပြုကြပေလိမ့်မည်။ သို့သော် စိတ်ထဲတွင်မူ မိမိ၏ အပြစ်ဟုလည်း မှတ်ယူကြပေမည်။ လမ်းမှားသူများဟု မှတ်ယူကြပေမည်။ အဘယ်ကြောင့်ဆိုသော် အမှန်တကယ်ပင် ကျွန်ုပ်တို့သည် ဤအတိုင်းပင် ပြုခဲ့ကြပါသည်။ ၎င်းတို့က ကျွန်ုပ်တို့အား လမ်းမှားသူများ ဖြစ်ခဲ့ရပါသည်။ သို့သော် နောက်ဆုံးအဆင့် ကျွန်ုပ်တို့သည်ပင် မိမိတို့၏ ကောင်းကျိုး၊ ဆိုးကျိုးကို နားလည်နိုင်သူများ ဖြစ်ကြပါသည်။ မုချဧကန် ကျွန်ုပ်တို့သည်ပင် အပြစ်ရှိသူများ ဖြစ်ကြရုံမက ကျွန်ုပ်တို့သာလျှင် ပို၍

အပြစ်ရှိသူများ ဖြစ်ကြပါသည်ဟု ပြောဆိုကြပေမည်။ သို့ရာတွင်) ထို့ပြင် ၎င်းတို့သည် (မိမိတို့၏ ပြုမူခဲ့ကြသည်များအပေါ်) 'အဇာဗ်'အပြစ်ဒဏ် (ခံစားကြရသည်ကို) မြင်ရလေသောအခါ (မိမိတို့၏ ထို) နောင်တရမှုကို (တစ်ဦးနှင့်တစ်ဦးအပေါ်) လျှို့ဝှက်ဖုံးအုပ်ထားကြပေမည်။ (သို့မှသာ ပျက်စီးမှုအပေါ် အနီး၌ ရှိသူများ ဝမ်းသာပျော်ရွှင်ခြင်း မဖြစ်ပေမည်။ သို့ရာတွင် နောက်ဆုံး၌ ၎င်းတို့သည် ပြင်းထန်သော 'အဇာဗ်'အပြစ်ဒဏ်အား ခံစားလျက်ရှိကြရပေမည်။) ထို့ပြင် (၎င်းတို့အားလုံးကို ရောနှော၍ အတူတကွ 'အဇာဗ်'အပြစ်ဒဏ် ပေးပေလိမ့်မည်။) ထို့နောက် ငါအသျှင်မြတ်သည် ကာဖိရ်တို့၏ လည်ဂုတ်များတွင် လည်ကွင်းများကို စွပ်ပေးတော်မူမည်။ (လက်နှင့် ခြေတို့တွင် သံကြိုးများ တုပ်နှောင်၍ 'ဂျဟန္နမ်'ငရဲသို့ ပစ်ချခြင်းခံကြရပေမည်။) စင်စစ် ၎င်းတို့သည် မိမိတို့ ကျင့်မူခဲ့ကြသည်တို့နှင့်အညီ အစားပေးခြင်း ခံကြရပေမည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَمَآ أَرْسَلْنَا فِي قَرْيَةٍ مِّن نَّذِيرٍ إِلَّا قَالَ مُتْرَفُوهَآ إِنَّا بِمَآ أُرْسِلْتُم بِهِۦ كَٰفِرُونَ ۝٣٤

၃၄ : ၃၄ ။ ။ စင်စစ် ငါအသျှင်မြတ်သည် မည်သည့်မြို့ရွာ၌မဆို၊ သတိပေးနှိုးဆော်သူ တစ်ပါးပါးကို စေလွှတ်တော်မူခဲ့သည့်အခါ၊ ထိုမြို့ရွာရှိ စည်းစိမ်ရှင်တို့က 'ကေန်အမှန် ကျွန်ုပ်တို့သည် အသင်တို့ ပေး၍ စေလွှတ်ခြင်းခံကြရသည့် (ဒီန်သာသနာ) ကို ငြင်းပယ်သူများပင် ဖြစ်ကြသည်'ဟု ပြောဆိုခဲ့ကြသည်သာ (ဖြစ်၏။)

وَقَالُوا۟ نَحْنُ أَكْثَرُ أَمْوَٰلًا وَأَوْلَٰدًا وَمَا نَحْنُ بِمُعَذَّبِينَ ۝٣٥

၃၄ : ၃၅ ။ ။ ထို့ပြင် ၎င်းတို့က 'ကျွန်ုပ်တို့သည် ပစ္စည်းဥစ္စာအားဖြင့်လည်းကောင်း၊ သားသမီးအားဖြင့်လည်းကောင်း၊ (အသင်တို့ထက်) ပေါများကြွယ်ဝသူများ ဖြစ်ကြပေရာ ကျွန်ုပ်တို့သည် ပြစ်ဒဏ်ပေးခြင်း ခံကြရမည့်သူများ မဟုတ်ပေ'ဟု ပြောဆိုခဲ့ကြကုန်၏။

قُلْ إِنَّ رَبِّى يَبْسُطُ ٱلرِّزْقَ لِمَن يَشَآءُ وَيَقْدِرُ وَلَٰكِنَّ أَكْثَرَ ٱلنَّاسِ لَا يَعْلَمُونَ ۝٣٦

၃၄ : ၃၆ ။ ။ (အို, နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောဆို (ဖြေကြား) ပါလေ။ (အချင်းတို့) 'ကေန်စင်စစ် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား စားနပ်ရိက္ခာကို ကျယ်ဝန်းပေါများစွာ ချီးမြှင့်ပေးသနားတော်မူ၍ (မိမိအလိုရှိတော်မူသော သူအား) ကျပ်တည်းစေတော်မူ၏။ သို့ရာတွင် အများဆုံးသော သူတို့မှာမူ သိရှိကြသည် မဟုတ်ပေ။'

وَمَآ اَمۡوَالُكُمۡ وَلَاۤ اَوۡلَادُكُمۡ بِالَّتِیۡ تُقَرِّبُكُمۡ
عِنۡدَنَا زُلۡفٰۤی اِلَّا مَنۡ اٰمَنَ وَعَمِلَ صَالِحًا فَاُولٰٓئِكَ لَهُمۡ
جَزَآءُ الضِّعۡفِ بِمَا عَمِلُوۡا وَهُمۡ فِی الۡغُرُفٰتِ اٰمِنُوۡنَ ﴿۳۷﴾

၃၄ း ၃၇ ။ ။ စင်စစ် အသင်တို့၏ ပစ္စည်းဥစ္စာများသည်လည်းကောင်း၊ အသင်တို့၏ သားသမီးများသည်လည်းကောင်း၊ အသင်တို့အား မည်သည့်အဆင့်အတန်း၌မျှ ငါအသျှင်မြတ်၏ ထံတော်သို့ နီးကပ်စေမည်ဖြစ်သော အရာများ မဟုတ်ပေ။ သို့ရာတွင် မည်သူမဆို အီမာန်သက်ဝင် ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလကို ကျင့်မှုဆောက်တည်ခဲ့ပါမူ ၎င်းတို့အဖို့ ၎င်းတို့ ကျင့်မှုဆောက်တည်ခဲ့ကြကုန်သော အကျင့်သီလများ၏ ဆထက်တိုးသော အကျိုးရှိသည့်အပြင် ၎င်းတို့သည် မြင့်စွင့်သော အဆောင်များ၌ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းစွာ ရှိကြပေမည်။

وَالَّذِیۡنَ یَسۡعَوۡنَ فِیۡۤ اٰیٰتِنَا مُعٰجِزِیۡنَ اُولٰٓئِكَ فِی الۡعَذَابِ مُحۡضَرُوۡنَ ﴿۳۸﴾

၃၄ း ၃၈ ။ ။ သို့ရာတွင် ငါအသျှင်မြတ်၏ အာယသ်တော်များကို ပျက်ပြားအောင် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြသော သူတို့မှာမူ ပြစ်ဒဏ်၌ အဆင်သင့် ရောက်ရှိစေခြင်းကို ခံကြရမည့်သူများပင် ဖြစ်ကြကုန်၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် (အို၊ နဗီတမန်တော်၊ ထိုသူတို့၏ လမ်းမှားခြင်းစကားများနှင့် အသိတရားခေါင်းပါးသော စကားများကြောင့် အသင်သည် ပူဆွေးသောက မဖြစ်လေနှင့်။ အဘယ်ကြောင့်ဆိုသော် ဤသို့သော အရေးကိစ္စသည် အသင့်အဖို့သာ အထူးမဟုတ်ဘဲ) ငါအသျှင်မြတ်သည် မည်သည့်မြို့ရွာ၌မဆို သတိပေးနှိုးဆော်သူ (နဗီတမန်တော်) တစ်ပါးကို စေလွှတ်တော်မူသည့်အခါ ထိုမြို့ရွာရှိ စည်းစိမ်ရှင်တို့က (ခေတ်ပြိုင်ကာဖိရ်များနည်းတူ) ကျွန်ုပ်တို့သည် အသင်တို့ကို ပေး၍ စေလွှတ်ခြင်းခံရသည့် အမိန့်တော်များ (ဒီးန်သာသနာတော်) ကို ငြင်းပယ်ကြပါသည်’ဟု ပြောဆိုကြလေသည်။ ထို့ပြင် ၎င်းတို့က (စူရာဟ်ကဟဖ်တွင်

اَنَا اَكۡثَرُ مِنۡكَ مَالًا وَّاَعَزُّ نَفَرًا

ဟု လာရှိသကဲ့သို့ပင်) ကျွန်ုပ်တို့သည် ပစ္စည်းဥစ္စာများတွင်လည်းကောင်း၊ သားသမီးများတွင်လည်းကောင်း အသင်တို့ထက် များပြားသူများ ဖြစ်ကြပါသည်။ (ဤသည်ပင် ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ လက်ခံမှုခံရခြင်းနှင့် ဂုဏ်သိက္ခာ ချီးမြှင့်ခံရကြောင်း၏ အထောက်အထားဖြစ်ပါသည်။ ထို့ကြောင့်) ကျွန်ုပ်တို့အဖို့ မည်သည့်အခါမှ ပြစ်ဒဏ်ပေးခံရသူများ မဟုတ်ပါ’ဟု ပြောဆိုခဲ့ကြသည်။

(ဤသို့သော စကားကိုပင် မက္ကာဟ်မြို့ရှိ ကာဖိရ်များက

قَالَ الَّذِيْنَ كَفَرُوْا لِلَّذِيْنَ اٰمَنُوْٓا اَيُّ الْفَرِيْقَيْنِ خَيْرٌ مَّقَامًا

ဟူ၍ ပြောဆိုခဲ့ကြသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ၎င်းတို့၏ ဤစကားများအပေါ် သောကပူဆွေးမှု မဖြစ်လေနှင့်။ ၎င်းတို့၏ စကားများကို တုန့်ပြန်ချေပ ပြောဆိုပါလေ။ အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (ရိဇ်ဇ်ရိက္ခာ ကျယ်ဝန်းမှုသည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ လက်ခံမှုခံရခြင်းအပေါ် မူတည်ခြင်းမရှိပေ။ ဤသည်မှာ အသျှင်မြတ်၏ အလိုတော်အပေါ်၌သာ မူတည်သည်။ သို့ဖြစ်ပေရာ) ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် မိမိအလိုရှိသူအား ရိဇ်ဇ်ရိက္ခာ ပေါကြွယ်ဝစွာ ပေးသနားတော်မူ၍ မိမိအလိုရှိသူအား ကျပ်တည်းစေတော်မူသည်။ (ဤသို့ ပြုခြင်းတွင် လျှို့ဝှက်ချက်များစွာ ရှိပေသည်။ သို့ရာတွင် အများစု လူတို့မှာ (ဤလျှို့ဝှက်ချက်ကို) သိရှိကြသည် မဟုတ်ပေ။

(အဘယ်ကြောင့်ဆိုသော် ၎င်းအချက်သည် အခြားအကျိုးအကြောင်းများအပေါ်၌ မူတည်သည်။ အလ္လာဟ်အသျှင်မြတ်ထံတော်တွင် လက်ခံမှုခံရခြင်းအပေါ် မမူတည်ပေ။)

ထို့ပြင် (အို၊ ကာဖိရ် သွေဖည်ငြင်းဆန်သူတို့၊ အသင်တို့၏ ဥစ္စာပစ္စည်းများနှင့် သားသမီးတို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ နီးကပ်မှုဖြစ်ခြင်း၏ သက်သေအထောက်အထား မဟုတ်သကဲ့သို့) အသင်တို့၏ ဥစ္စာများနှင့် သားသမီးတို့သည် အသင်တို့အား ငါအသျှင်မြတ်နှင့် နီးကပ်စေသော အဆင့်အတန်းကို ပြုပေးနိုင်သော အရာများမဟုတ်ပေ။ (ဆိုလိုသည်မှာ နီးကပ်မှုကို ပြုပေးနိုင်သော အကြောင်းခံများ မဟုတ်ပါ။ သို့ဖြစ်ပေရာ ဥစ္စာပစ္စည်းများနှင့် သားသမီးတို့သည် လက်ခံခြင်းခံရမှုအပေါ် ပြုပေးနိုင်ခြင်းမရှိ။ ဥစ္စာပစ္စည်းနှင့် သားသမီးတို့အပေါ်၌လည်း လက်ခံခြင်းခံရသော အဆင့်လည်းမရှိပေ။) သို့ရာတွင် မည်သူမဆို အီမာန်သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလကို ကျင့်မှုဆောက်တည်ခဲ့လျှင် (ဤအရာနှစ်မျိုးစလုံးသည် မုချကေန် နီးကပ်မှု၏ အကြောင်းခံဖြစ်သည်။) သို့ဖြစ်ပေရာ ဤသို့သော သူများအတွက် ၎င်းတို့၏ (ကောင်းမြတ်သည့်) ကျင့်မှုဆောက်တည်မှုများ၏ ဆက်ထက်တိုးသော အကျိုးများရှိသည်။ (ဆိုလိုသည်မှာ ပြုကျင့်ဆောင်ရွက်သည်ထက် ပိုမိုသော အကျိုးဖြစ်စေ၊ ထို့ထက်လည်း ပိုသော အကျိုးဖြစ်စေ အဆပေါင်းများစွာ ရရှိမည်ဟု ဆိုလိုခြင်းဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်က မိန့်ကြားတော်မူသည်မှာ

مَنْ جَآءَ بِالْحَسَنَةِ فَلَهٗ عَشْرُ اَمْثَالِهَا

ဟုဖြစ်သည်။ ထို့ပြင် ၎င်းတို့သည် ('ဂျန္နသ်'၏) မြင့်စွင့်သော အဆောင်များတွင် အေးချမ်းသာယာစွာ (စံမြန်း) နေကြရပေမည်။

၎င်းနောက် (ဥစ္စာပစ္စည်းနှင့် သားသမီးများပြားသည့်အပေါ် မောက်မာမှုများပြုပြီး အီမာန်သက်ဝင်ယုံကြည်ခြင်းနှင့် ကောင်းမှုများ မပြုကြသည့်အပြင် ၎င်းတို့သည်) ငါအသျှင်မြတ်၏ အာယသ်တော်များနှင့် စပ်လျဉ်း၍ (ပျက်ပြားအောင်) ကြိုးပမ်းလျက် (နဗီတမန်တော်အား) ရှုံးနိမ့်စေရန် ပြုသူများမှာ 'အဇာဗ်' အပြစ်ဒဏ်၌ အဆင်သင့် ရောက်ရှိစေခြင်း ခံကြရမည့်သူများပင် ဖြစ်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

လောကီရေးရာစည်းစိမ်ဥစ္စာများနှင့် ဂုဏ်သိက္ခာတို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ လက်ခံမှု ခံရခြင်း၏ အထောက်အထားဖြစ်သည်ဟု ယူဆခြင်းသည် ရှိုက်သွာန်၏ လှည့်ဖြားမှု မှုဟောင်းဖြစ်ခြင်း

ကမ္ဘာဦးအစမှပင် လောကီရေးချမ်းသာသုခ၊ စည်းစိမ်များအပေါ် ယစ်မူးနေကြသူတို့သည် အမြဲတစေ အမှန်တရား၏ စကားအသံများကို ဆန့်ကျင်ခြင်းနှင့် နဗီတမန်တော်များ၊ သူတော်စင်များအား ရန်ငြိုးဖွဲ့ မုန်းတီးမှုများကို ပြုခဲ့ကြသည်။ အလ္လာဟ်အသျှင်မြတ် နှစ်သက်သူတို့သာ ထိုလုပ်ရပ်များ၌ မပါဝင်ကြပေ။ အမှန်ကို လက်ကိုင်ထားသူ လမ်းမှန်ပေါ်၌ ရှိကြသူများနှင့် ရင်ဆိုင်ရာတွင် မိမိတို့၏ လက်ရှိအခြေအနေအပေါ် ကျေနပ်ပျော်ရွှင်ပြီး သာယာခြင်းများဖြစ်လျက် 'အကယ်၍ ကျွန်ုပ်တို့၏ ပြုမူကျင့်ကြံခြင်းနှင့် ခလေ့စရိုက်များကို အလ္လာဟ်အသျှင်မြတ်က နှစ်သက်တော်မူခြင်းမရှိပါလျှင် ကျွန်ုပ်တို့အား လောကီရေးဥစ္စာပစ္စည်းများ၊ ဂုဏ်သိက္ခာများနှင့် အုပ်ချုပ်မှုအာဏာများကို အဘယ်ကြောင့် ချီးမြှင့်တော်မူပါသနည်း' ဟု အထောက်အထားပြဆိုကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ၎င်းတို့၏ ဤပြောဆိုချက်များအပေါ် အာယသ်တော်များစွာတွင် စာစဉ် အကြောင်းအရာအမျိုးမျိုးဖြင့် တုန့်ပြန်ဖြေကြားထားသည်။ ဖော်ပြပါအာယသ်တော် ကျရောက်လာခြင်းသည်လည်း ဤကဲ့သို့သော အလဟဿ အထောက်အထားကို ဖြေကြားရန် ကျရောက်လာခြင်းဖြစ်သည်။

ဟဒီးစ်တော်တွင် လာရှိသည်မှာ အမှောင်ခေတ်အခါက ပုဂ္ဂိုလ်နှစ်ဦးသည် လုပ်ငန်းတစ်ခုကို စပ်တူပြုလုပ်ခဲ့ကြသည်။ ထို့နောက် ၎င်းတို့အနက် တစ်ဦးသည် ထိုနေရာကို စွန့်လွှတ်လျက် ကမ်းခြေဒေသတစ်ခု၌ သွားရောက်နေထိုင်ခဲ့သည်။ တမန်တော်မြတ် ﷺ ပွင့်ပေါ်လာပြီး ကိုယ်တော်၏ 'နဗူဝသ်'နှင့် 'ရိစာလသ်'မှာ ကျော်ကြားပြန့်နှံ့လာသောအခါ ကမ်းခြေ၌ နေထိုင်သူမိတ်ဆွေသည် မက္ကာဟ်၌ နေထိုင်သူ မိတ်ဆွေထံ စာရေး၍ 'ထိုပုဂ္ဂိုလ်၏ 'နဗူဝသ်'ကြွေးကြော်မှုသည် အသင်တို့အဖို့ မည်သို့ စူးရှသက်ဝင်မှု ဖြစ်ပါသနည်း' ဟု မေးမြန်းစုံစမ်းလေသည်။ မက္ကာဟ်၌ နေထိုင်သူ မိတ်ဆွေက 'ကုရိုက်ရှ်အမျိုးသားများအနက် မည်သူမျှ ၎င်း၏ နောက်လိုက်ခြင်း မပြုကြပါ။ သူဆင်းရဲများနှင့် အခြေမဲ့အနေမဲ့သူတို့သာလျှင် ၎င်း၏ နောက်လိုက်ပြုကြပါသည်'ဟု ပြန်လည်ဖြေကြားရေးသားခဲ့သည်။ ကမ်းခြေဒေသ၌ နေထိုင်သူသည် ထိုဒေသတွင် ပြုလုပ်နေသော မိမိ၏ ကူးသန်းရောင်းဝယ်မှု၏ လုပ်ငန်းကို စွန့်လွှတ်၍ မက္ကာဟ်သို့ ရောက်ရှိလာခဲ့သည်။ ထို့နောက် မိမိ၏ မိတ်ဆွေအား 'အသင်သည် ကျွန်ုပ်အား ထို 'နဗူဝသ်' ကြွေးကြော်သူ နေထိုင်သည့်နေရာကို ပြသပါ'ဟု ပြောဆိုလေသည်။ ကမ်းခြေဒေသ၌ နေထိုင်သူ မိတ်ဆွေသည် 'သောင်ရားသ်'၊ 'အင်န်ဂျီးလ်' စသော ရှေးကျမ်းအချို့ကို လေ့လာဖတ်ရှုလေ့ရှိသူ ဖြစ်သည်။ ၎င်းသည် တမန်တော်မြတ် ﷺ ထံတော်ပါး၌ ရောက်ရှိပြီး 'ကိုယ်တော်သည် မည်သည့်အရာဘက်သို့ 'ဒအ်ဝသ်'ပေး ဖိတ်ခေါ်ပါသနည်း'

ဟု လျှောက်ထားမေးမြန်းရာ ကိုယ်တော်မြတ် ﷺ က မိမိ၏ အစ္စလာမ့်ကြွေးကြော်မှု၊ အစ္စလာမ်ဘက်သို့ ဖိတ်ခေါ်မှုအကြောင်းမှ အရေးပါသည့် အချက်များကို ရှင်းပြတော်မူပေသည်။ အစ္စလာမ်သာသနာဘက်သို့ ဖိတ်ခေါ်သည့် စကားများကို ကိုယ်တော်မြတ် ﷺ ၏ နှုတ်တော်မှ ပြောကြားသည်ကို ကြားရလျှင် ကြားချင်း ထိုပုဂ္ဂိုလ်က

اشهد انك رسول الله

'ကိုယ်တော်သည် ဧကန်မုချ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်တော်မူကြောင်းကို ကျွန်တော်မျိုး သက်သေထွက်ဆိုပါသည်'ဟု လျှောက်ထားလေသည်။ ကိုယ်တော်မြတ် ﷺ သည် ထိုသူ့အား 'ဤအကြောင်းကို အသင် မည်သို့ သိရှိပါနည်း'ဟု မေးတော်မူရာ ၎င်းက 'ကိုယ်တော်၏ အစ္စလာမ်ဘက်သို့ ဖိတ်ခေါ်ခြင်းမှာမူ ဦးနှောက်အသိဉာဏ်ဖြင့် သဘောပေါက်ပါသည်။ ထို့ပြင် ထိုဖိတ်ခေါ်မှုသည် အမှန်တရားဖြစ်ကြောင်း လက္ခဏာတော်ရပ်များကို တွေ့ရှိရပါသည်။ ယင်းတို့မှာ ရှေးယခင်က ပွင့်လေပြီးသမျှသော နဗီတမန်တော်များအားလုံးတို့ကို ဦးစွာပထမ လက်ခံသူများမှာ သူဆင်းရဲများနှင့် လောကီအမြင် အနေအထားအရ အခြေမဲ့အနေမဲ့ အောက်ခြေလူတန်းစားများသာ ဖြစ်ကြပါသည်'ဟု လျှောက်ထား ဖြေကြားလေသည်။ ထိုဖြစ်ရပ်အပေါ် ဤအာယသ်တော် ကျရောက်လာခဲ့သည်။

مَآاَرۡسَلۡنَا فِىۡ قَرۡيَةٍ مِّنۡ نَّذِيۡرٍ اِلَّاقَالَ مُتۡرَفُوۡهَا

مُتۡرَف ဟူသော စာလုံးသည် تَرَف ဟူသော စာလုံးမှ ဆင်းသက်လာသော စာလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ စည်းစိမ်သုခချမ်းသာမှုများ (ပေါကြွယ်ဝခြင်း) ဟူ၍ ဖြစ်သည်။ مُتۡرَفِيۡنَ ၏ အလိုသဘောမှာ ချမ်းသာကြွယ်ဝသူ၊ ဥစ္စာရှင် သူဌေးနှင့် အမျိုးသားများ၏ ခေါင်းဆောင် အကြီးအကဲများဟုဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ဖော်ပြပါအာယသ်တော်များအနက် ပထမအာယသ်တော်တွင် မိန့်ကြားထားသည်မှာ 'ငါအသျှင်မြတ်သည် ရစူလ်တမန်တော်တစ်ပါးပါးကို စေလွှတ်တော်မူသည့်အခါ ဥစ္စာပစ္စည်းနှင့် စည်းစိမ်ချမ်းသာများတွင် ယစ်မူးသူတို့က ထိုရစူလ်တမန်တော်အား ဆန့်ကျင်သွေဖည် ငြင်းဆိုခဲ့ကြသည်သာ ဖြစ်သည်' ဟူ၏။ *[အိဗ်နေကစီးရ်၊ မဇ္ဇဟရီး။]*

ဒုတိယအာယသ်တော်တွင်

نَحۡنُ اَكۡثَرُ اَمۡوَالًا وَّاَوۡلَادًاۙ وَّمَانَحۡنُ بِمُعَذَّبِيۡنَ

ဟူသော ၎င်းတို့၏ ပြောဆိုချက်များကို တင်ပြထားသည်။ ဆိုလိုသည်မှာ 'ကျွန်ုပ်တို့သည် အသင်တို့ထက် ဥစ္စာပစ္စည်းများတွင်လည်းကောင်း၊ သားသမီးများတွင်လည်းကောင်း သာပိုများပြားသူများ ဖြစ်ကြပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် 'အဇာဗ်'အပြစ်ဒဏ် ခံရမည့်သူများ မဖြစ်နိုင်ပါ။' (၎င်းတို့က ဤစကားများကို ပြောဆိုရခြင်းအကြောင်းမှာ 'အလ္လာဟ်အသျှင်မြတ်ထံတော်တွင် ကျွန်ုပ်တို့သည် 'အဇာဗ်'

အပြစ်ဒဏ်နှင့် ထိုက်သက်သူများသာ ဖြစ်ကြမည်ဆိုလျှင် ကျွန်ုပ်တို့အား ဤမျှ များပြားသော ဥစ္စာပစ္စည်း စည်းစိမ်ချမ်းသာများနှင့် ဂုဏ်သိက္ခာတို့ကို အဘယ်ကြောင့် ပေးပါသနည်း' ဟု ဆိုကြခြင်း ဖြစ်သည်။) ကုရ်အာန်ကျမ်းတော်မြတ်သည် တတိယနှင့် စတုတ္ထအာယသ်တော်များတွင် ၎င်းတို့၏ ဤပြောစကားများကို အောက်ပါအတိုင်း တုန့်ပြန်ဖြေကြားထားသည်။

قُلْ اِنَّ رَبِّىْ يَبْسُطُ الرِّزْقَ لِمَنْ يَّشَآءُ وَيَقْدِرُ နှင့် وَمَآ اَمْوَالُكُمْ وَلَآ اَوْلَادُكُمْ

ဤတုန့်ပြန်ဖြေကြားချက်၏ ဆိုလိုရင်းအကျဉ်းမှာ လောကတွင် ဥစ္စာပစ္စည်း စည်းစိမ်ချမ်းသာ ရာထူးရာခံနှင့် ဂုဏ်သိက္ခာတို့ များပြားခြင်းနှင့် နည်းပါးခြင်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ လက်ခံမှုကို ခံရခြင်း၊ (သို့) လက်မခံမှုကို ခံရခြင်းတို့အတွက် အထောက်အထားမဟုတ်ပါ။ ထိုမျှသာမက အတွင်းပိုင်း ကောင်းကျိုးများကို ထောက်ရှုလျက် လောကတွင်မူ အလ္လာဟ်အသျှင်မြတ်သည် အလိုတော်ရှိသူအား ဥစ္စာပစ္စည်းနှင့် စည်းစိမ်ချမ်းသာ များပြားစွာ ပေးတော်မူခြင်း ဖြစ်သည်။ ထိုကိစ္စနှင့် အတွင်းပိုင်း လျှို့ဝှက်ချက်ကိုမူ ထိုအသျှင်မြတ်သာလျှင် သိတော်မူသည်။ သို့သော်လည်း ဥစ္စာပစ္စည်းနှင့် သားသမီးများပြားခြင်းကို အလ္လာဟ်အသျှင်မြတ်ထံတော်၌ လက်ခံမှုခံရခြင်း၏ အထောက်အထားဖြစ်သည်ဟု မှတ်ယူခြင်းမှာမူ အသိတရား ခေါင်းပါးခြင်းသာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်ထံတော်၌ လက်ခံမှုပြုခံရခြင်းမှာ အီမာန်နှင့် ကောင်းမှုကိုယ်ကျင့်တရားများအပေါ်၌သာ မူတည်သောကြောင့် ဖြစ်သည်။ ၎င်းတို့သည် ဤသည်ကိုမူ ရယူနိုင်ခြင်း မရှိကြပေ။ ဥစ္စာပစ္စည်းနှင့် သားသမီးတို့သည် များပြားစေကာမူ ထိုများပြားခြင်းသည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ လက်ခံမှုပြုခံရခြင်း ရှိမည်မဟုတ်ပေ။ ဤအကြောင်းအရာကို ကုရ်အာန်ကျမ်းတော်မြတ်သည် များစွာသော နေရာများ၌ တင်ပြထားသည်။ တစ်နေရာ၌ မိန့်ကြားသည်မှာ-

اَيَحْسَبُوْنَ اَنَّمَا نُمِدُّهُمْ مِّنْ مَّالٍ وَّبَنِيْنَ نُسَارِعُ لَهُمْ فِى الْخَيْرٰتِ بَلْ لَّا يَشْعُرُوْنَ

ဆိုလိုသည်မှာ '၎င်းတို့က ငါအသျှင်မြတ်သည် ဥစ္စာပစ္စည်းနှင့် သားသမီး မြောက်မြားစွာ ပေး၍ ကူညီစောင်မနေသည်။ ဤအရာများသည် ၎င်းတို့အတွက် လွတ်မြောက်မှုနှင့် 'အာခိရသ်'၏ ကောင်းကျိုးများဖြစ်သည်ဟု ယူဆနေကြသည်။ (လုံးဝဉဿုံ ဤသို့ မဟုတ်ပါ။) ထိုမျှသာမက ၎င်းတို့သည် ဇစ်မြစ်အမှန်ကို မသိနားမလည်သူများသာ ဖြစ်ကြသည်။ (အကြောင်းမှာ ထိုဥစ္စာပစ္စည်းများနှင့် သားသမီးများသည် လူသားအဖို့ အလ္လာဟ်အသျှင်မြတ်ကို မေ့လျော့စေသော အရာများဖြစ်လျှင် ထိုအရာများသည် ၎င်းတို့အဖို့ အပြစ်ဒဏ်ကျစေမည့်ဒုက္ခသာ ဖြစ်ပေမည်။)

အခြားအာယသ်တော်တစ်ပါး၌ မိန့်ကြားထားသည်မှာ-

فَلَا تُعْجِبْكَ اَمْوَالُهُمْ وَلَآ اَوْلَادُهُمْ اِنَّمَا يُرِيْدُ اللّٰهُ لِيُعَذِّبَهُمْ فِى الْحَيٰوةِ الدُّنْيَا وَتَزْهَقَ اَنْفُسُهُمْ وَهُمْ كٰفِرُوْنَ

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ထိုကာဖိရ်တို့၏ ဥစ္စာပစ္စည်းများနှင့် သားသမီးများအပေါ် အသင်သည် အံ့သြခြင်း မဖြစ်လေနှင့်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ ဆန္ဒတော်မှာ ၎င်းတို့အား ဤဥစ္စာပစ္စည်းနှင့် သားသမီးတို့၏ အကြောင်းခံဖြင့် လောကတွင် 'အဇာဗ်'အပြစ်ဒဏ်၌ နစ်မွန်းကြစေရန်လည်းကောင်း၊ နောက်ဆုံးရလဒ်အနေဖြင့် ၎င်းတို့၏ အသက်ဇီဝိန်သည် ဤကုဖွ်ရ်ငြင်းပယ်ခြင်း အခြေအနေ၌သာ ထွက်သွားစေရန် ဖြစ်သည်။' ထို့ကြောင့် ၎င်းတို့၏ နိဂုံးမှ 'အာခိရသ်'တမလွန်၏ အမြဲထာဝရ ခံစားရမည့် အပြစ်ဒဏ်ပင် ဖြစ်ပေသည်။

ဥစ္စာပစ္စည်းနှင့် သားသမီးတို့ကြောင့် လောကတွင် 'အဇာဗ်' အပြစ်ဒဏ် ထာဝရခံစားရမည့် အပြစ်ဒဏ်ပေးခံရမည်ဟူသော အလိုသဘောမှာ ၎င်းတို့သည် လောကတွင် ဥစ္စာပစ္စည်းများကို မက်မောခင်တွယ်လျက် မိမိ၏ နိဂုံးကိုလည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်နှင့် 'အာခိရသ်'တမလွန်ကိုလည်းကောင်း မည်သည့်အခါမျှ အာရုံပြုကြမည်မဟုတ်ပေ။ ထို့ကြောင့် ၎င်းတို့၏ နိဂုံးမှာ အမြဲတစေ ခံစားရမည့် 'အဇာဗ်' အပြစ်ဒဏ်ပင် ဖြစ်ပေသည်။ တစ်ဖန် ဥစ္စာပစ္စည်းနှင့် သားသမီးများစွာ ရှိသူတို့သည် ဤလောက၌လည်း ဥစ္စာပစ္စည်းနှင့် သားသမီးများကြောင့်ပင် မြောက်မြားစွာသော ဒုက္ခများကို တွေ့ကြုံ ခံစားကြရသည်။ ၎င်းတို့အဖို့ အစားပေးခြင်းနှင့် အပြစ်ဒဏ်မှာမူ ဤလောကမှပင် စတင်ခံစားကြရသည်။

ဟဇရသ်အဘူဟူရိုင်ရာဟ် ﷺ ၏ ဆင့်ပြန်ချက်တွင် တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ ရုပ်ဆင်းအင်္ဂါနှင့် အသင်တို့၏ ပစ္စည်းဥစ္စာများကို ကြည့်ရှုတော်မူမည်မဟုတ်ပေ။ ထိုအသျှင်မြတ်သည် အသင်တို့၏ စိတ်နှလုံးသားများနှင့် ပြုမူဆောင်ရွက်ချက် ကျင့်စဉ်များကိုသာ ကြည့်ရှုတော်မူသည်ဟူ၍ ဖြစ်သည်။ *[အိဗ်နေကာဇီးရ်ကျမ်း]*

اُولٰٓئِكَ لَهُمْ جَزَآءُ الضِّعْفِ بِمَا عَمِلُوْا وَهُمْ فِى الْغُرُفٰتِ اٰمِنُوْنَ

ဤသည်မှာ အီမာန်သက်ဝင်ယုံကြည်ခြင်းနှင့် ကောင်းမှုကိုယ်ကျင့်တရားများ ပြုကြသူတို့၏ အခြေအနေကို တင်ပြခြင်းဖြစ်သည်။ ဆိုလိုသည်မှာ လောကတွင် မည်သူမျှ ၎င်းတို့၏ တန်ဖိုးကို နားလည်သည်ဖြစ်စေ၊ (သို့) နားမလည်သည်ဖြစ်စေ၊ 'အာခိရသ်'တမလွန်တွင်မူ ၎င်းတို့သည် အကျိုးကုသိုလ်များ ဆတိုး ရရှိကြပေလိမ့်မည်။ **ضعف** ၏ အဓိပ္ပာယ်မှာ အရာတစ်ခုနှင့် ပုံတူ ဆတူတစ်ခု (သို့) ပုံတူ ဆတူများဟု ဖြစ်သည်။ အလိုသဘောမှာ လောကတွင် ဥစ္စာရှင်တို့သည် မိမိတို့၏ ဥစ္စာများကို တိုးပွားအောင် ပြုကြခြင်း၌ လုံးပမ်းကြသကဲ့သို့ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ ပြုကျင့်ခဲ့ကြသည်တို့၏ အကျိုးကို 'အာခိရသ်'တမလွန်တွင် တိုးမြှင့်ပေးတော်မူမည်။ အဘယ်ကြောင့်ဆိုသော် 'အမလ်'တစ်ခု၏ အကျိုး

ကုသိုလ်မှာ ၎င်း 'အမလ်'၏ ၁၀ ဆ ဖြစ်ပေမည်။ ဤသို့ပေးရာတွင်လည်း ထိုမျှသာမဟုတ်ဘဲ ၎င်း၏ 'အမလ်'ပြုကျင့်သည့် မှန်ကန်သော စိတ်ထားနှင့် အခြားသော အကြောင်းများအားဖြင့် 'အမလ်'တစ်ခု၏ အစား အဆပေါင်း (၇၀၀) အထိ ရရှိမည်ဖြစ်ကြောင်းသည်လည်း ဆွဟီးဟ်ဟဒီးစ်တော်များတွင် လာရှိပေသည်။ ဤသို့ ရရှိရာ၌လည်း ဤသတ်မှတ်ချက်မျှသာမဟုတ်ဘဲ ထို့ထက်ပင် ပို၍လည်း ရရှိနိုင်သည်။ ထို့ပြင် ၎င်းတို့သည် 'ဂျန္နသ်'၏ မြင့်စွင့်သော အဆောင်များတွင် အေးချမ်းစွာလည်းကောင်း၊ အမြဲထာဝရ အတွက် ပူပင်သောကဟူသရွေ့မှ ကင်းငြိမ်းစွာ နေကြရပေမည်။

غرفات သည် **غرفة** ၏ အများကိန်းဖြစ်သည်။ အခြားသော အဆောင်များထက် မြင့်စွင့်၍ ကြီးကျယ် ခမ်းနားကြောင်း မှတ်ယူရသော အဆောင်ကို **غرفة** ဟု ခေါ်ဆိုသည်။ *[မဇ္ဟရီကျမ်း]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

قُلْ إِنَّ رَبِّي يَبْسُطُ الرِّزْقَ لِمَن يَشَاءُ
مِنْ عِبَادِهِ وَيَقْدِرُ لَهُ ۚ وَمَا أَنفَقْتُم مِّن شَيْءٍ فَهُوَ
يُخْلِفُهُ ۖ وَهُوَ خَيْرُ الرَّازِقِينَ ۝٣٩

၃၄ : ၃၉ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) 'ဧကန်မလွဲ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် မိမိ၏ 'ကျွန်များအနက် မိမိအလိုရှိတော်မူသော သူအား စားနပ်ရိက္ခာကို ကျယ်ဝန်းပေါများစွာ ချီးမြှင့်ပေးသနားတော်မူ၍၊ ထိုနည်းတူစွာ (မိမိအလိုရှိတော်မူသော) သူအား (စားနပ်ရိက္ခာကို) ကျပ်တည်းစေတော်မူ၏။ ၎င်းပြင် အသင်တို့သည် မည်သည့်တစ်စုံတစ်ရာကိုမဆို (ထိုအသျှင်မြတ် နှစ်လိုတော်မူရာ၌) သုံးစွဲလှူဒါန်းခဲ့ကြပါလျှင်၊ ထိုအသျှင်မြတ်သည် ၎င်း၏ အစား (အကျိုး) ကို ပေးသနားတော်မူပေမည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် စားနပ်ရိက္ခာ ချီးမြှင့်သူတို့အနက် အကောင်းဆုံးပင် ဖြစ်တော်မူပေသည်။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ နဗီတမန်တော်) အသင်သည် (မုအ်မင်န်သက်ဝင် ယုံကြည်သူများအား) ဤအရာကို ပြောကြားပါလေ။ အဘယ်ကြောင့်ဆိုသော် ဧကန်မုချ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် မိမိ၏ ကျွန်များအနက် မိမိအလိုတော်ရှိသူအား ရိဇ္ဇီစားနပ်ရိက္ခာ ကျယ်ဝန်းစွာ ပေးသနားတော်မူသည်။ ထို့ပြင် မိမိအလိုရှိတော်မူသော သူအား ကျပ်တည်းစေတော်မူ၏။ (သုံးစွဲမှုကို ထိန်းချုပ်၍ စေးနဲခြင်းဖြင့် ရိဇ္ဇီစားနပ်ရိက္ခာ တိုးမြှင့်မလာနိုင်ပါ။ ရှရီအသ်တရားတော်နှင့်အညီ သုံးစွဲခြင်းဖြင့် ရိဇ္ဇီ ယုတ်လျော့မသွားနိုင်ပါ။ ထို့ကြောင့် အသင်တို့သည် ဥစ္စာပစ္စည်းအပေါ် ခင်တွယ်ခြင်း မပြုကြလေနှင့်။ ထိုမျှမက အလ္လာဟ်အသျှင်

မြတ်နှင့် စပ်လျဉ်းသော တာဝန်ဝတ္တရားများ၌လည်းကောင်း၊ မိမိ၏ အိမ်သူ၊ အိမ်သားများ၏ ဝတ္တရားများ၌လည်းကောင်း၊ ဆင်းရဲနွမ်းပါးသူ စသည်တို့အပေါ်၌လည်းကောင်း သုံးစွဲရန် အမိန့်ပေးခြင်း ခံရသည် ဖြစ်ရာ မတုန်မလှုပ်ဘဲ ထိုအမိန့်အတိုင်း သုံးစွဲခြင်း ပြုကြပါကုန်။ ထိုသို့ သုံးစွဲခြင်းဖြင့် ရိဇိရိက္ခာသည် ဧကန်မုချ လျော့နည်းရန် မရှိပါ။ ထို့ပြင် တမလွန်တွင် ထိုသို့ ပေးကမ်းခြင်း၏ အကျိုးအမြတ်ကို ရရှိပေမည်။ အဘယ်ကြောင့်ဆိုသော်) အသင်တို့သည် (အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များအတိုင်း) တစ်စုံတစ်ရာကို ထိုသုံးစွဲ (လှူဒါန်း) ခဲ့ကြပါလျှင် အလ္လာဟ်အသျှင်မြတ်သည် သုံးစွဲ (လှူဒါန်း) ခြင်းအပေါ် (တမလွန်တွင် မုချ ပေးတော်မူမည်။ ထို့ပြင် များသောအားဖြင့် လောကတွင်လည်း) အစားပေးတော်မူပေမည်။ ထိုအသျှင်မြတ်သည် စားနပ်ရိက္ခာ ချီးမြှင့်သူတို့အနက် အကောင်းဆုံးပင် ဖြစ်တော်မူသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအာယသ်တော်သည် ဤစာလုံးများဖြင့်ပင် အထက်၌ လာပြီးဖြစ်ပေသည်။ ၎င်းမှာ

قُلْ اِنَّ رَبِّىْ يَبْسُطُ الرِّزْقَ لِمَنْ يَّشَآءُ وَيَقْدِرُ

ပင်ဖြစ်သည်။ ဤနေရာတွင် ထိုအကြောင်း ထပ်၍ လာခြင်းဖြစ်သော်လည်း ကွာခြားမှုတစ်ရပ် ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် ဤနေရာတွင် لِمَنْ يَّشَآءُ ဟူသောစာလုံး၏ နောက်တွင် مِنْ عِبَادِهٖ ၎င်းနောက် يَقْدِرُ ၏နောက်တွင် لَهٗ ကို ဖြည့်စွက်ထား၏။ مِنْ عِبَادِهٖ ဟူသော စာလုံးအရ ဤအမိန့်သည် အထူးဗန္ဒာဟ် (ကျွန်) များဖြစ်သော မုအ်မင်န်တို့အား မိန့်ကြားတော်မူခြင်းဟု ယူဆရပေသည်။ ဤမိန့်ကြားခြင်း၏ ရည်ရွယ်ချက်မှာ အီမာန်သက်ဝင် ယုံကြည်သူတို့သည် ဥစ္စာပစ္စည်းများအား ချစ်ခင်စွဲလန်းမှုနှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ် ပြသတော်မူထားသည့် တာဝန်ဝတ္တရားများနှင့် နေရာများတွင် သုံးစွဲရာ၌ စိတ်ကျဉ်းမြောင်းမှု မရှိစေရန်ဖြစ်သည်။ ဤအာယသ်တော်၏အလျင် ဤအကြောင်းအရာကို တင်ပြသော အာယသ်တော်တွင် 'လောကီရေး' ဥစ္စာပစ္စည်းများနှင့် သားသမီးများပြားခြင်းအပေါ် မောက်မာခြင်းပြု၍ ထိုအရာများကို မိမိ၏ တမလွန်အတွက် အောင်မြင်မှုဖြစ်သည်ဟု အထောက်အထားပြဆိုသော ကာဖိရ်နှင့် မုရှ်ရစ်ကျ်များကို ဦးတည် မိန့်ကြားထားခြင်း ဖြစ်သည်။ ဤသို့ဖြစ်သည့်အတွက် ဦးတည်မိန့်ကြားခြင်းနှင့် မိန့်ကြားရခြင်း၏ ရည်ရွယ်ချက်တို့ကို ထောက်ရှုခြင်းအားဖြင့် နှစ်ခါထပ်၍ လာခြင်းမဖြစ်တော့ပေ။ ဖွင့်ဆိုချက်အနှစ်ချုပ်၌ အာယသ်တော်၏အစ ဖွင့်ဆိုချက်တွင် مؤمنين 'မုအ်မိနီးန်' ဟူသော စာလုံးကို ဖြည့်စွက်ထားသည်။ ၎င်းစာလုံးသည် ဤအကြောင်းအရာဘက်ကိုသာ ညွှန်းဆိုရန်ဖြစ်သည်။

အချို့ပညာရှင်များက ဤအာယသ်တော်နှစ်ပါး၏ ကွာခြားမှုကို တင်ပြကြသည်မှာ ပထမအာယသ်တော်တွင် လူအမျိုးမျိုးတို့အား ရိဇိရိက္ခာ ပေးတော်မူခြင်းအကြောင်းကို တင်ပြထားသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အမြော်အမြင်နှင့် လောက၏ ကောင်းကျိုးလျို့ဝှက်ချက်များကို

ထောက်ရှုလျက် အချို့ကို ဥစ္စာပစ္စည်း များမြောင်စွာ ချီးမြှင့်တော်မူ၍ အချို့ကို အနည်းငယ်သာ ပေးတော်မူသည်’ဟု ဖြစ်သည်။ ဤအာယသ်တော်တွင်မူ လူတစ်ဦးတည်း၏ အခြေအနေမျိုးစုံကို တင်ပြထားခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တစ်စုံတစ်ဦးအား တစ်ခါတစ်ရံ ဥစ္စာပစ္စည်းများ များမြောင်စွာ ပေးတော်မူသည်။ တစ်ခါတစ်ရံ ကျပ်တည်းမှုလည်း ဖြစ်စေတော်မူသည်။ لَهُ ဟူသော စာလုံးသည် အာယသ်တော်တွင် يَقْدِرُ ၏ နောက်တွင် လာရှိသည်။ ၎င်းစာလုံးသည် ဤအကြောင်းအရာဘက်သို့ ညွှန်ပြနေပေသည်။ ဤသည်ကို ကြည့်ခြင်းဖြင့် အာယသ်တော်သည် ထပ်ကာထပ်ကာ လာခြင်းမဟုတ်သည့်အပြင် ပထမအာယသ်တော်သည် လူအများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဤအာယသ်တော်သည် လူတစ်ဦးတည်း၏ အခြေအနေမျိုးစုံနှင့် စပ်လျဉ်း၍လည်းကောင်း ဟူ၍ သိရှိရပေသည်။

وَمَآ اَنْفَقْتُمْ مِّنْ شَيْءٍ فَهُوَ يُخْلِفُهٗ

ဤအာယသ်တော်၏ အလိုသဘောမှာ ‘အသင်သည် မည်သည့်အရာပင် သုံးစွဲ (လှူဒါန်း) သည် ဖြစ်စေ၊ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ဘဏ္ဍာတော်မှ အသင့်အား အသင် သုံးစွဲခဲ့ခြင်းအတွက် အစားပေးတော်မူပေသည်။ တစ်ခါတစ်ရံ လောက၌လည်းကောင်း၊ တစ်ခါတစ်ရံ တမလွန်၌လည်းကောင်း၊ တစ်ခါတစ်ရံ နှစ်ဌာနစလုံးတွင်လည်းကောင်း ပေးတော်မူမည်ဖြစ်ပေသည်။ စကြဝဠာလောကအပေါင်းတွင် ရှိရှိသမျှသော အရာများတွင် ထိုအကြောင်းကို သက်သေများအဖြစ် မြင်တွေ့ရသည်မှာ မိုးကောင်းကင်မှ မိုးရေများ ရွာသွန်းလာသည်ဖြစ်ရာ ထိုမိုးရေများကို လူနှင့် တိရစ္ဆာန်တို့သည် သုံးစွဲလျက် ရှိကြသည်။ လယ်ယာများနှင့် သစ်ပင်များကို ရေတိုက်ကျွေးကြသည်။ ထိုရေများမှာ ကုန်ခမ်းမသွားပါ။ ၎င်းသုံးစွဲလိုက်သည့် ရေများအစား ထပ်မံ၍ မိုးရွာသွန်းလာသည်။ ဤနည်းအတိုင်းပင် မြေကြီးအတွင်းမှ ရေတွင်းတူး၍ ရေကို ထုတ်ယူကြသည်။ ထိုရေတွင်းမှ ထုတ်ယူသုံးစွဲလိုက်သမျှသော ရေများအစား တန်ခိုးတော်အသျှင်မြတ်ဘက်တော်မှ အခြားသော ရေများ ထပ်မံစုရုံး ရောက်ရှိစေသည်။ လူသည် အစားအစာကို စားသုံး၍ ကုန်စေလိုက်သည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် ထိုအစားအစာများ နေရာတွင် အခြားသော အစားအစာများကို အဆင့်သင့်ဖြစ်စေတော်မူခဲ့သည်။ ခန္ဓာကိုယ်၏ လှုပ်ရှားရုန်းကန်မှုနှင့် အလုပ်များ လုပ်ကိုင်မှုတို့ဖြင့် လျော့နည်းသွားသည့် ဓါတ်များ၏ နေရာတွင် အခြားသော ဓါတ်များ အစားထိုးဖြစ်လာခဲ့သည်။ အချုပ်ဆိုရသော် လူသည် လောကတွင် သုံးစွဲလှူဒါန်းသည်များအစား အလ္လာဟ်အသျှင်မြတ်သည် ထိုအရာများနှင့် အလားတူသော အခြားအရာများကို ပေးတော်မူလေ့ရှိသည်။ တစ်ခါတစ်ရံ တစ်စုံတစ်ဦးအား အပြစ်ပေးရန်သော်လည်းကောင်း၊ (သို့) အခြားသော အတွင်းပိုင်း လျှို့ဝှက်ချက်များကြောင့်လည်းကောင်း ထိုအချက်နှင့် ဆန့်ကျင်သွားခြင်းမှာ အလ္လာဟ်အသျှင်မြတ်၏ ဖော်ပြပါဓလေ့ဥပဒေနှင့် ဆန့်ကျင်မှုမဖြစ်ပါချေ။

ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရသ်အဘူဟုရိုင်ရာဟ် ﷺ ၏ ဟဒီးစ်တော် လာရှိသည်မှာ တမန်တော်မြတ် ﷺ က ‘နေ့စဉ် လူများသည် နံနက်အချိန်သို့ ဝင်ရောက်ကြလေသောအခါ ဖရစ်ရှ်သာဟ်နှစ်ပါးသည် မိုးကောင်းကင်မှ ဆင်းသက်လာသည်။ ထို့နောက်

اَللّٰهُمَّ اعط منفقاخلفاواعط ممسكاتلفا

ဟူသော ဒိုအာကို တောင်းခံကြလေသည်။ ဆိုလိုသည်မှာ 'အို၊ အလ္လာဟ်အသျှင်မြတ်၊ သုံးစွဲ (လှူဒါန်း) သူများကို သုံးစွဲ (လှူဒါန်း) မှု၏ အစား ချီးမြှင့်တော်မူပါ။ စေးနဲတွန့်တိုသူတို့၏ ဥစ္စာပစ္စည်းများကို ဖျက်ဆီးတော်မူပါ'ဟု ဆုမွန်တောင်းကြောင်း မိန့်ကြားတော်မူလေသည်။ အခြားဟဒီးစ်တော်တစ်ရပ်တွင် တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် ငါကိုယ်တော်အား 'အသင်သည် လူတို့အပေါ် သုံးစွဲ (လှူဒါန်း) ပါလေ။ ငါအသျှင်မြတ်သည် အသင့်အပေါ် သုံးစွဲတော်မူမည်' ဟု မိန့်ကြားတော်မူပေသည်။'

ရှရီအသ်တရားတော်နှင့် မကိုက်ညီသော သုံးစွဲမှုများအပေါ် အစားပေးမည်ဟူသော ကတိတော် မရှိခြင်း

ဟဇရသ်ဂျာဗိရ် ﷺ ၏ ဟဒီးစ်တော်တွင် တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'ကောင်းမြတ်သော လုပ်ရပ် (ကောင်းမှု) သည် 'ဆွဒ်ကာဟ်'ဖြစ်သည်။ လူတစ်ဦးသည် မိမိကိုယ်တိုင်အတွက်ဖြစ်စေ၊ (သို့) မိမိ၏ အိမ်သူအိမ်သား၊ မိသားစုအတွက်ဖြစ်စေ သုံးစွဲခြင်းပြုပါလျှင် ဤသည်လည်း 'ဆွဒ်ကာဟ်'၏ အမိန့်တွင် ဖြစ်သည်။ 'စဝါးဗ်'ရရန် အကြောင်းခံဖြစ်သည်။ မည်သူမဆို တစ်စုံတစ်ရာ သုံးစွဲလျက် မိမိ၏ သိက္ခာကို ကာကွယ်လိုက်ခြင်းသည်လည်း 'ဆွဒ်ကာဟ်'ပင် ဖြစ်သည်။ မည်သူမဆို အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်နှင့်အညီ တစ်စုံတစ်ရာ သုံးစွဲခဲ့ပါမူ အလ္လာဟ်အသျှင်မြတ်သည် ထိုသူ သုံးစွဲ (လှူဒါန်း) ခြင်း၏အစားကို ပေးတော်မူမည်ဟူ၍ မိမိ၏တာဝန်အဖြစ် ယူတော်မူလိုက်သည်။ သို့ရာတွင် (လိုအပ်ချက်မဟုတ်ဘဲ အပိုသုံးစွဲခြင်းဖြစ်သော) ဆောက်လုပ်ခြင်း (သို့) အခြားပြစ်မှုလုပ်ရပ်တစ်ခုတွင် သုံးစွဲခြင်းဖြစ်မူ ထိုသုံးစွဲခြင်း၏ အစားကို ပေးရန် ကတိတော်မရှိပါချေ။

ဟဇရသ်ဂျာဗိရ် ﷺ ၏ တပည့်ဖြစ်သူ 'အိဗ်နေမွန်ကဒိရ်' သည် ဤဟဒီးစ်တော်ကို ကြားနာပြီး ၎င်းအား 'သိက္ခာကို ကာကွယ်ရန် သုံးစွဲခြင်း၏ သဘောမှာ မည်သို့ပါနည်း'ဟု မေးမြန်းလေသည်။ ဟဇရသ်ဂျာဗိရ် ﷺ က 'ထိုသို့သောသူနှင့် စပ်လျဉ်း၍ အကယ်၍ မပေးဟုဆိုလျှင် ၎င်းအား အပြစ်ရှာကြလိမ့်မည်။ မကောင်းပြောဆိုကြလိမ့်မည်'ဟု ယူဆရလျှင် ထိုသူ့အဖို့ မိမိ၏ သိက္ခာကို ကာကွယ်ရန် ပေးခြင်းကို ဆိုလိုသည်'ဟု မိန့်ကြားလေသည်။ *[ကုရ်သုဗီကျမ်း]*

သုံးစွဲမှုရည်းသွားသည့်အရာများ ထွက်ပေါ်ခြင်း၊ ပေါက်ဖွားခြင်းသည်လည်း ရည်းပါးသွားခြင်း

ဤအာယသ်တော်၏ ညွှန်းဆိုချက်ဖြင့် သိရှိလာရသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် လူသားနှင့် တိရစ္ဆာန်များအတွက်သာ ဖန်ဆင်းတော်မူထားသော အရာများကို ၎င်းတို့အား အလ္လာဟ်အသျှင်မြတ်သည်

သုံးစွဲမှုပြုနေသရွေ့ ထိုအရာများ၏အစား အလ္လာဟ်အသျှင်မြတ် ဘက်တော်မှ ဖြစ်ပေါ်လျက်ရှိနေပေသည်။ သုံးစွဲမှုများသည် အရာများ ထွက်ပေါ်မှုကိုလည်း ပို၍ တိုးမြှင့်ပေးတော်မူသည်။ တိရစ္ဆာန်များ၌ ကြည့်ပါလျှင် ဆိတ်နှင့် နွားတို့သည် သုံးစွဲမှုအများဆုံး ဖြစ်သည်။ ၄င်းတို့ကို 'ဇဗာဟ်'ပြု၍ အသားကို စားကြရသည်။ တရားတော်အရ 'ကုရ်ဗာနီ'၊ 'ကဖ္ဖာရာဟ်' စသည်တို့တွင် ၄င်းတို့ကို 'ဇဗာဟ်' ပြုကြရသည်။ အများဆုံး အသုံးဝင်သော အရာများကို အလ္လာဟ်အသျှင်မြတ်သည် သုံးစွဲသည်ခန့် ပိုမို တိုးမြှင့်၍ ထွက်ပေါ် ပေါက်ဖွားစေတော်မူကြောင်း နေရာတိုင်းတွင် တွေ့မြင်ရပေသည်။ ဆိတ်များ၏ များပြားစွာသော အရေအတွက်သည် ဝါး၏ အောက်၌သာ ရှိနေသည့်တိုင် လောကတွင် အလွန်များပြားစွာ ရှိနေကြပေသည်။ ခွေးနှင့် ကြောင်တို့၏ မျိုးပွားခြင်းမှာ ပို၍ပင် များသင့်သည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့သည် တစ်ကြိမ်မွေးလျှင် ၄ ကောင်၊ (သို့) ၅ ကောင်အထိ မွေးလေ့ရှိကြသောကြောင့်ဖြစ်သည်။ ဆိတ်နှင့် နွားတို့မှာ အများဆုံး ၂ ကောင်အထိသာ မွေးဖွားလေ့ ရှိကြသည်။ ဆိတ်နှင့် နွားတို့မှာ အချိန်တိုင်းတွင် 'ဇဗာဟ်'ပြုခံရသော သတ္တဝါများ ဖြစ်ကြသည်။ ခွေးနှင့် ကြောင်တို့ကိုမူ မည်သူမျှ ဤသို့ မပြုကြပေ။ သို့တိုင်အောင်လည်း လောကတွင် နွားနှင့် ဆိတ်တို့၏ အရေအတွက်သည် ခွေးနှင့် ကြောင်တို့၏ အရေအတွက်ထက် ပို၍ များပြားခြင်းကိုမူ မည်သို့မျှ ငြင်းဆို၍ မရနိုင်သော အရာပင် ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် နွားများကို 'ဇဗာဟ်'ပြုခြင်းအား ထိန်းချုပ်လိုက်စဉ်မှ နွားများ၏ ပေါက်ဖွားမှုနှုန်းသည် ယခင်ကနှင့် နှိုင်းယှဉ်လျှင် ကျဆင်းသွားသည်။ ထိုသို့သာမဟုတ်ပါက ရွာတိုင်း၊ အိမ်တိုင်းတွင် 'ဇဗာဟ်' မပြုရသည့်အတွက် ကျန်ရှိနေသော နွားများဖြင့် ပြည့်နှက်နေပေမည်။

အာရဗ်တို့သည် ကုလားအုတ်များကို စီးနင်းခြင်း၊ ဝန်စည်စလွယ် တင်ဆောင်ခြင်း အလုပ်တို့မှ လျှော့ချလိုက်စဉ်မှစ၍ အာရဗ်နိုင်ငံတွင် ကုလားအုတ်များ ပေါက်ဖွားခြင်းလည်း လျော့နည်းသွားလေသည်။ ထိုအချက်များအားဖြင့် 'ကုရ်ဗာနီ'၏ အမိန့်တော်များကို စီးပွားရေးထိခိုက်ဖွယ် လုပ်ရပ်များ ပြုနေကြသည်' ဟူသော သာသနာမဲ့တို့၏ သံသယစောဒကများသည်လည်း ဝေးလွင့်သွားပေမည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَيَوْمَ يَحْشُرُهُمْ جَمِيعًا

ثُمَّ يَقُولُ لِلْمَلَٰٓئِكَةِ أَهَٰٓؤُلَآءِ إِيَّاكُمْ كَانُوا۟ يَعْبُدُونَ ۝٤٠

၃၄ : ၄၀ ။ ။ ၄င်းပြင် အကြင်နေ့တွင် ထိုအသျှင်မြတ်သည် ၄င်းတို့အားလုံးကို စုရုံးတော်မူပြီးနောက် 'မလာအေကာဟ်' ကောင်းကင်တမန်တို့အား 'ဤသူတို့သည် အသင်တို့အား ဆည်းကပ် ကိုးကွယ်လျက် ရှိခဲ့ကြသည်လော'ဟု မေးမြန်းတော်မူပေမည်။

قَالُوا سُبْحٰنَكَ اَنْتَ وَلِيُّنَا مِنْ دُوْنِهِمْ ۚ بَلْ كَانُوْا يَعْبُدُوْنَ الْجِنَّ ۚ اَكْثَرُهُمْ بِهِمْ مُّؤْمِنُوْنَ ﴿٤١﴾

၃၄ း ၄၁ ။ ။ ထို 'မလာအေ့ကာဟ်'ကောင်းကင်တမန်တို့က (ဤသို့) လျှောက်ထားခဲ့ကြပေမည်။ (အို၊ အသျှင်မြတ်) 'အသျှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ ကျွန်တော်မျိုးတို့သည် အသျှင်မြတ်နှင့်သာ ပတ်သက်ကြပါသည်။ ၎င်းတို့နှင့် မပတ်သက်ကြပါ။ စင်စစ်မှာ ၎င်းတို့သည် 'ဂျင်န်'သတ္တဝါများကိုသာ ဆည်းကပ်ကိုးကွယ်လျက် ရှိခဲ့ကြပါသည်။ ၎င်းတို့အနက် အများဆုံးသော သူတို့မှာမူ 'ဂျင်န်'သတ္တဝါများကိုပင် ယုံကြည်သူများ ဖြစ်ခဲ့ကြပါသည်။'

فَالْيَوْمَ لَا يَمْلِكُ بَعْضُكُمْ لِبَعْضٍ نَّفْعًا وَّلَا ضَرًّا ۗ وَنَقُوْلُ لِلَّذِيْنَ ظَلَمُوْا ذُوْقُوْا عَذَابَ النَّارِ الَّتِيْ كُنْتُمْ بِهَا تُكَذِّبُوْنَ ﴿٤٢﴾

၃၄ း ၄၂ ။ ။ သို့ဖြစ်ပေရာ ယနေ့ အသင်တို့အနက် အချို့သည် အချို့ကို အကျိုးပြုရန်လည်း ပိုင်ဆိုင်ခွင့် မရှိပြီ။ အကျိုးယုတ်စေရန်လည်း ပိုင်ဆိုင်ခွင့် မရှိတော့ပြီ။ ထို့ပြင် ငါအသျှင်မြတ်သည် (မိမိကိုယ်ကို မိမိ) နှိပ်စက်ညှဉ်းပန်းခဲ့ကြကုန်သော သူတို့အား 'အသင်တို့သည် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြသော ငရဲမီး၏ ပြစ်ဒဏ်ကို မြည်းစမ်းကြလေကုန်' ဟု မိန့်ကြားတော်မူပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းပြင် (ထိုနေ့သည် သတိရရန်ထိုက်သော နေ့ ဖြစ်သည်။) ထိုနေ့တွင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အားလုံးကို ('ကေယာမသ်'၏ ကွင်းပြင်တွင်) စုရုံးတော်မူပေမည်။ ထို့နောက် ဖရစ်ရှ်သာဟ်များအား 'ဤသူတို့သည် အသင်တို့အား ဆည်းကပ်ကိုးကွယ်လျက် ရှိခဲ့ကြပါသလော'ဟု မေးမြန်းတော်မူပေမည်။

ဖရစ်ရှ်သာဟ်များအား ဤမေးခွန်းကို မေးမြန်းရခြင်းမှာ မုရှ်ရစ်က်များအဖို့ ဖြေကြားစရာ အဖြေမရှိစေရန် ဖြစ်ပေမည်။ ၎င်းတို့သည် ဖရစ်ရှ်သာဟ်နှင့် ဖရစ်ရှ်သာဟ်မဟုတ်သူများကို 'ထိုသူတို့သည် ကျွန်ုပ်တို့အား နှစ်သက်၍ ကျွန်ုပ်တို့အတွက် 'ရှဖာအသ်'ပြုပေးကြလိမ့်မည်'ဟူသော အတွေးဖြင့် ကိုးကွယ်ခဲ့ကြခြင်း ဖြစ်သည်။ ဥပမာ- အာယသ်တော်တစ်ပါးတွင် အလားတူ မေးခွန်းကို ဟဇရသ်အီစာ عليه السلام အား

ءَاَنْتَ قُلْتَ لِلنَّاسِ

(၎င်းတို့သည် အသင်၏ သဘောဆန္ဒဖြင့် အသင့်အား ကိုးကွယ်ခြင်းဖြစ်ပါသလော) ဟု မေးမြန်းတော်မူပေမည်။ ဖြေကြားချက်၏ အဓိပ္ပာယ်ဖြင့် သိရှိရမည်မှာ ၎င်း (ဖရစ်ရှ်သာဟ်) တို့က (ဦးစွာပထမ

အလ္လာဟ်အသျှင်မြတ်နှင့် 'ရှရစ်က်'ပြုခြင်းမှ သန့်ရှင်းတော်မူကြောင်းကို ထုတ်ဖော်ရန်အတွက်) လျှောက်ထားကြမည်မှာ အလ္လာဟ်အသျှင်မြတ်သည် (အသျှင်မြတ်နှင့် ရှရစ်က်ပြု တုဖက်နှိုင်းယှဉ်သည့်အရာများမှ) စင်ကြယ်သန့်ရှင်းတော်မူပါသည်။ (ဤကဲ့သို့ ဦးစွာ ဖြေကြားရခြင်းမှာ ၎င်းတို့အား 'ရှရစ်က်'ပြုစေခဲ့သည်ဟု ဆိုခြင်းအပေါ် ကြောက်ရွံ့ထိတ်လန့်၍ ဤစကားများကို လျှောက်တင်ခဲ့ကြခြင်း ဖြစ်သည်။ တစ်ဖန် ရှေ့တွင် ဤမေးခွန်းကို လျှောက်ထားဖြေကြားကြမည်မှာ) ကျွန်တော်မျိုးတို့သည် အသျှင်မြတ်နှင့်သာ ပတ်သက်ကြပါသည်။ ၎င်းတို့နှင့် မပတ်သက်ကြပါ။ (ထိုလျှောက်ထားချက်အရ ၎င်းတို့၏ သဘောဆန္ဒနှင့် အမိန့်ပေးခြင်းဟူသော နှစ်မျိုးစလုံးသည် မဟုတ်ကြောင်း ပေါ်လွင်သွားပေသည်။ ဆိုလိုသည်မှာ ကျွန်တော်မျိုးတို့သည် ၎င်းတို့အား အမိန့်ပေးခြင်းလည်း မရှိခဲ့ကြပါ။ ၎င်းတို့၏ လုပ်ရပ်ကို ကျွန်တော်မျိုးတို့ သဘောတူ နှစ်သက်သည်လည်း မရှိခဲ့ပါ။ ကျွန်တော်မျိုးတို့သည် အသျှင်မြတ်၏ အမိန့်နာခံသူများသာ ဖြစ်ကြပါသည်။ အသျှင်မြတ် မနှစ်သက်သော မုရှိရစ်က် စသည်တို့ကို ကျွန်တော်မျိုးတို့လည်း နှစ်သက်ခြင်းမရှိကြပါ။ ဤ 'ရှရစ်က်'ပြုခြင်းတွင် ကျွန်တော်မျိုးတို့၏ အမိန့်ပေးခြင်းလည်းမရှိ။ ကျွန်တော်မျိုးတို့၏ သဘောတူနှစ်သက်ခြင်းလည်းမရှိဟု ဆိုသည့်အခါ အမှန်တကယ်ပင် ၎င်းတို့သည် ကျွန်တော်မျိုးတို့အား 'အေဗာဒသ်'ပြုခြင်း မရှိခဲ့ကြပါ။) ထိုမျှမက ၎င်းတို့သည် 'ဂျင်န်'များကိုသာ ကိုးကွယ်လျက်ရှိခဲ့ကြပါသည်။ (အဘယ်ကြောင့်ဆိုသော် 'ဂျင်န်' (ရှိုက်သွာန်) များသာလျှင် 'ရှရစ်က်'ပြုရန် လှုံ့ဆော်ကြသောကြောင့် ဖြစ်သည်။ ထိုသို့ 'ရှရစ်က်'ပြုခြင်းကို နှစ်သက်ခြင်းကြောင့်လည်း ဖြစ်သည်။ ထို့ကြောင့် ထို 'ဂျင်န်' (ရှိုက်သွာန်) များသာ ၎င်းတို့၏ ကိုးကွယ်ရာများ ဖြစ်ခဲ့ကြပါသည်။ အကြောင်းမှာ 'အေဗာဒသ်'ပြုခြင်းဟူသည် ၎င်း၏ရှေ့တွင် မည်သူ၏ အမိန့်ကိုမျှ မနာခံဘဲ မိမိ၏ အမိန့်ကို လုံးဝဥဿုံ နာခံခြင်းသာ ဖြစ်ပြီး အလားတူ ဤကဲ့သို့သော အမိန့်နာခံမှုသည် 'အေဗာဒသ်'အတွက် အရေးကြီးသောကြောင့်ပင် ဖြစ်သည်။ သို့ဖြစ်ပေရာ ကျွန်တော်မျိုးတို့ဘက်မှ အမိန့်ပေးခြင်းနှင့် သဘောတူကျေနပ်ခြင်းများ မရှိသောအခါ ကျွန်တော်မျိုးတို့၏ အမိန့်နာခံမှုကို လုံးဝဥဿုံ ပြုကြသည့်အခါ 'အေဗာဒသ်'ပြုခြင်းတွင်လည်း စကန်မုချ ၎င်းတို့ကိုသာ ပြုကြခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပေရာ ၎င်းတို့သည် ထို 'အေဗာဒသ်'ပြုခြင်း၏ အမည်ကို ဖရစ်ရှ်သာဟ်များအား 'အေဗာဒသ်'ပြုခြင်း (သို့) 'ဗွသ်'များအား 'အေဗာဒသ်'ပြုခြင်းဟူ၍ မည်သို့ပင် ထားသည်ဖြစ်စေ၊ အမှန်စင်စစ် ၎င်းတို့သည် 'ဂျင်န်' (ရှိုက်သွာန်) များကို 'အေဗာဒသ်'ပြုကြခြင်း ဖြစ်သည်။ ၎င်းတို့အနက် အများဆုံးသောသူတို့မှာ ထို 'ဂျင်န်' (ရှိုက်သွာန်) များကိုပင် ယုံကြည်သူများ ဖြစ်ခဲ့ကြပါသည်။

(ဆိုလိုသည်မှာ သိလျက်နှင့်လည်း များစွာသော သူတို့သည် ထို 'ဂျင်န်' (ရှိုက်သွာန်) များကို ကိုးကွယ်ကြပါသည်။ ဥပမာ- 'စူရာဟ်ဂျင်န်'၏ အာယသ်တော်ဖြစ်သော

وَاَنَّهٗ كَانَ رِجَالٌ مِّنَ الْاِنْسِ يَعُوْذُوْنَ بِرِجَالٍ مِّنَ الْجِنِّ

နှင့် အခြားသော အာယသ်တော်များတွင် လာရှိထားသကဲ့သို့ ဖြစ်သည်။)

သို့ဖြစ်ပေရာ (ကာဖိရ်များအား မိန့်ကြားသည်မှာ အသင်တို့ ယုံကြည်မွေ့လျော်လင့်ခဲ့သူတို့သည်) ယနေ့ သော်ကား ၄င်းတို့၏ မစွမ်းဆောင်နိုင်ခြင်းဖြင့် အသင်တို့၏ ယုံကြည်မွေ့လျော်လင့်ချက်နှင့် ဆန့်ကျင်သော အခြေအနေကို တွေ့ကြုံရမည်မှာ) အသင်တို့ (ကိုးကွယ်သူများနှင့် ကိုးကွယ်ရာအားလုံးတို့) အနက် အချို့သည် အချို့ကို အကျိုးပြုရန်လည်းကောင်း၊ အကျိုးယုတ်စေရန်လည်းကောင်း၊ လုပ်ပိုင်ခွင့် မရှိတော့လေပြီ။ (ဆိုလိုသည်မှာ ဤကိုးကွယ်ရာများသည် အသင်တို့အား အကျိုးပြုနိုင်ခြင်း ရှိမည်မဟုတ်ပေ။ သို့ရာတွင် ပိုမိုလေးနက်စေရန်အတွက် **بَعْضُكُمْ بِبَعْضٍ** ဟူ၍ သုံးနှုန်းမိန့်ကြားထားခြင်း ဖြစ်သည်။ ထို့ကြောင့် နှစ်ဖက်စလုံးအတွက် ဤအကြောင်းကိစ္စတွင် ညီမျှမှု ရှိသွားပေသည်။ အသင်တို့၌ တတ်စွမ်းနိုင်ခြင်း မရှိသကဲ့သို့ ၄င်းတို့၌လည်း တတ်စွမ်းနိုင်ခြင်းမရှိကြပေ။ အကျိုးယုတ်နစ်နာစေခြင်းကို တင်ပြခြင်းဖြင့် တတ်စွမ်းနိုင်ခြင်း မရှိကြကြောင်းကို လေးနက်မှု ဖြစ်သွားပေသည်။) ထို့ပြင် ငါအသျှင်မြတ်သည် (ထိုအချိန်တွင်) မိမိကိုယ်မိမိ ညှဉ်းဆဲကြသူ (ကာဖိရ်) တို့အား 'အသင်တို့က မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသော 'ဂျဟန္နမ်'ငရဲ၏ 'အဇာဗ်' အပြစ်ဒဏ်ကို မြည်းစမ်းကြကုန်လော့' ဟု မိန့်တော်မူပေမည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَإِذَا تُتْلَىٰ عَلَيْهِمْ ءَايَٰتُنَا بَيِّنَٰتٍ قَالُوا۟ مَا هَٰذَآ إِلَّا رَجُلٌ يُرِيدُ أَن يَصُدَّكُمْ عَمَّا كَانَ يَعْبُدُ ءَابَآؤُكُمْ وَقَالُوا۟ مَا هَٰذَآ إِلَّآ إِفْكٌ مُّفْتَرًى ۚ وَقَالَ ٱلَّذِينَ كَفَرُوا۟ لِلْحَقِّ لَمَّا جَآءَهُمْ إِنْ هَٰذَآ إِلَّا سِحْرٌ مُّبِينٌ ﴿٤٣﴾

၃၄ ႏ ၄၃ ။ ။ စင်စစ် ငါအသျှင်မြတ်၏ ထင်ရှားစွာသော အာယသ်တော်များသည် ၄င်းတို့ရှေ့မှောက်ဝယ် ဖတ်ကြားခြင်း ခံခဲ့ကြရလေသောအခါ ၄င်းတို့က 'ဤသူ (မိုဟမ္မဒ်) သည် အသင်တို့အား အသင်တို့၏ အဘ၊ ဘိုး၊ ဘေးတို့ ဆည်းကပ်ကိုးကွယ်လျက် ရှိခဲ့ကြသည်များကို (ဆည်းကပ်ကိုးကွယ်ခြင်းမှ) ပိတ်ပင်တားဆီးလိုသူတစ်ဦးသာလျှင် ဖြစ်ပေသည်'ဟု ပြောဆိုခဲ့ကြသည့်အပြင် 'ဤ (ကုရ်အာန်) သည် ကြံဖန်လီဆယ်ထားသော မုသားစကားတစ်ရပ်သာလျှင် ဖြစ်သည်'ဟူ၍လည်း ပြောဆိုခဲ့ကြကုန်၏။ ထို့ပြင် ကာဖိရ်သွေဖည်ငြင်းပယ်ခဲ့ကြကုန်သော သူတို့က မိမိတို့ထံ အမှန်တရား ရောက်ရှိလာသောအခါ ယင်းအမှန်တရားနှင့် စပ်လျဉ်း၍ 'ဤသည် ထင်ရှားစွာသော ပဉ္စလက် (စုန်း) အတတ်ပညာတစ်ရပ်သာလျှင် ဖြစ်သည်' ဟု ဆိုကြကုန်၏။

وَمَآ ءَاتَيْنَٰهُم مِّن كُتُبٍ يَدْرُسُونَهَا وَمَآ أَرْسَلْنَآ إِلَيْهِمْ قَبْلَكَ مِن نَّذِيرٍ ﴿٤٤﴾

၃၄ : ၄၄ ။ ။ စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့အား ကျမ်းဂန်များကို ချီးမြှင့်ပေးသနားတော်မူခဲ့သည်လည်း မဟုတ်။ ၎င်းတို့သည် ယင်းကျမ်းဂန်များကို ဖတ်ရွတ်သင်ကြားလျက် ရှိကြသည် (လည်း မဟုတ်ပေ။) ငါအသျှင်မြတ်သည် အသင့်အလျင် ၎င်းတို့ထံ သတိပေးနှိုးဆော်သူ တစ်ဦးတစ်ယောက်ကိုမျှ စေလွှတ်တော်မူခဲ့သည်လည်း မဟုတ်ပေ။

وَكَذَّبَ ٱلَّذِينَ مِن قَبْلِهِمْ وَمَا بَلَغُوا۟ مِعْشَارَ
مَآ ءَاتَيْنَٰهُمْ فَكَذَّبُوا۟ رُسُلِى ۖ فَكَيْفَ كَانَ نَكِيرِ ﴿٤٥﴾

၃၄ : ၄၅ ။ ။ ၎င်းတို့အလျင် ရှိခဲ့ကြသော သူများသည်လည်း မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ စင်စစ် ဤ (လက်ရှိ) သူတို့မှာ ထို (ရှေး) သူတို့အား ငါအသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူခဲ့သည့် (စည်းစိမ်ချမ်းသာ) ၏ ဆယ်ပုံတစ်ပုံကိုမျှ ရရှိခဲ့ကြသည် မဟုတ်ပေ။ မည်သို့ပင်ဖြစ်စေ၊ ထို (ရှေး) သူတို့သည် ငါအသျှင်မြတ်၏ ရစူလ်တမန်တော်များအား မုသာဝါဒီများဟူ၍ ပြောဆိုငြင်းပယ်ခဲ့ကြပေရာ ငါအသျှင်မြတ်၏ ပြစ်ဒဏ်သည် မည်သို့ ရှိချေခဲ့သနည်း။

قُلْ إِنَّمَآ أَعِظُكُم بِوَٰحِدَةٍ ۖ أَن تَقُومُوا۟ لِلَّهِ مَثْنَىٰ وَفُرَٰدَىٰ ثُمَّ
تَتَفَكَّرُوا۟ ۚ مَا بِصَاحِبِكُم مِّن جِنَّةٍ ۚ إِنْ هُوَ إِلَّا نَذِيرٌ لَّكُم
بَيْنَ يَدَىْ عَذَابٍ شَدِيدٍ ﴿٤٦﴾

၃၄ : ၄၆ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) 'ငါသည် အသင်တို့အား ကိစ္စတစ်ခုကိုသာ တိုက်တွန်းနှိုးဆော်လို၏။ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ရည်သန်၍ တစ်ယောက်စီ၊ နှစ်ယောက်စီ ထကြပြီးလျှင် မိမိတို့၏ အပေါင်းဖြစ်သူ (ငါ) ၌ ရူးသွပ်ခြင်းဝေဒနာ ရှိပါသလော' ဟု စဉ်းစားဆင်ခြင်ကြလေကုန်။ ထိုအသင်တို့ အဖော်ဖြစ်သူ (ငါ) သည် အသင်တို့အား ပြင်းထန်စွာသော ပြစ်ဒဏ်မကျရောက်မီ (ကြိုတင်) သတိပေးနှိုးဆော်သူ တစ်ဦးသာလျှင် ဖြစ်ချေသည်။'

قُلْ مَا سَأَلْتُكُم مِّنْ أَجْرٍ
فَهُوَ لَكُمْ ۖ إِنْ أَجْرِىَ إِلَّا عَلَى ٱللَّهِ ۖ وَهُوَ عَلَىٰ كُلِّ شَىْءٍ شَهِيدٌ ﴿٤٧﴾

၃၄ : ၄၇ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) 'ငါသည် အသင်တို့ထံ အဖိုးအခ တစ်စုံတစ်ရာ တောင်းခဲ့သည်ရှိပါလျှင်၊ ယင်းအဖိုးအခမှာ အသင်တို့အဖို့သာလျှင် ဖြစ်၏။ အကြောင်းမူ ငါ့ (အား) အကျိုးကျေးဇူး (ပေးသနားတော်မူရန် တာဝန်) မှာ အလ္လာဟ်အသျှင်မြတ်အပေါ်၌သာ ရှိသောကြောင့်ပင် (ဖြစ်၏။) အမှန်စင်စစ် ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့အပေါ်၌ အသိသက်သေပင် ဖြစ်တော်မူ၏။'

قُلْ إِنَّ رَبِّي يَقْذِفُ بِالْحَقِّ عَلَّامُ الْغُيُوبِ ﴿٤٨﴾

၃၄ : ၄၈ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) 'ဧကန်မလွဲ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် (အမှားကို) အမှန်တရားဖြင့် နှိမ်နင်းတော်မူ၏။ (ထိုအသျှင်မြတ်သည်) အကွယ်၌ ရှိသမျှတို့ကို ကောင်းစွာ သိရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

قُلْ جَاءَ الْحَقُّ وَمَا يُبْدِئُ الْبَاطِلُ وَمَا يُعِيدُ ﴿٤٩﴾

၃၄ : ၄၉ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) 'အမှန်တရားသည် ရောက်ရှိ၍ လာခဲ့ချေပြီ။ စင်စစ် အမှားသည် (တစ်စုံတစ်ရာကို) ဖြစ်ပေါ်စေသည်လည်း မဟုတ်ပေ။ (တစ်စုံတစ်ရာကို) ပြန်၍ ယူလာသည်လည်း မဟုတ်ပေ။ (ယိုယွင်းပျက်စီးချေပြီ။)'

قُلْ إِن ضَلَلْتُ فَإِنَّمَا أَضِلُّ عَلَىٰ نَفْسِي ۖ وَإِنِ اهْتَدَيْتُ فَبِمَا يُوحِي
إِلَيَّ رَبِّي ۚ إِنَّهُ سَمِيعٌ قَرِيبٌ ﴿٥٠﴾

၃၄ : ၅၀ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) 'အကယ်၍ ငါသည် လမ်းမှားခဲ့ပါမူ၊ ငါသည် မိမိကိုယ်နှင့် ဆန့်ကျင်၍သာ လမ်းမှားခဲ့ခြင်းဖြစ်မည်။ (ငါ၏ အမှားဒဏ်ကို ငါသာ ခံရမည်။) သို့ရာတွင် အကယ်၍ ငါသည် တရားလမ်းမှန် ရရှိခဲ့သည်ဖြစ်ပါမူ၊ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်က ငါ့ထံသို့ 'ဝဟီ'အမိန့်တော် ထုတ်ပြန်တော်မူသောကြောင့်ပင် ဖြစ်၏။ ဧကန်မလွဲ ထိုအသျှင်မြတ်သည် အလွန်တရာ ကြားသိတော်မူသော၊ အလွန်တရာ နီးကပ်စွာ ရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် ငါအသျှင်မြတ်၏ ထင်ရှားစွာသော အာယသ်တော်များသည် ၄င်းတို့ရှေ့မှောက်၌ (အမှန်ရားဖြစ်ခြင်းနှင့် လမ်းမှန်ပြသူဖြစ်ခြင်းတို့၏ ဂုဏ်ပုဒ်ဖြင့်) ရှင်းလင်းထင်ရှားစွာ ဖတ်ကြားခြင်း ခံရသောအခါ ၄င်းတို့သည် (ဖတ်ကြားပြသသူ နဗီကိုယ်တော်မြတ် ﷺ နှင့် စပ်လျဉ်း၍) ဤသူသည် အသင်တို့၏ အဘ၊ ဘိုး၊ ဘေးတို့ ကိုးကွယ်လျက်ရှိခဲ့ကြသည်များကို (ကိုးကွယ်ခြင်းမှ) အသင်တို့အား ပိတ်ပင်တားဆီးလိုသူ တစ်ဦးသာ ဖြစ်သည်ဟု ပြောဆိုခဲ့ကြလေသည်။ (ထိုအရာများ ကိုးကွယ်ခြင်းကို တားမြစ်ပြီး မိမိ၏ နောက်လိုက်အဖြစ် ပြုလိုခြင်းဖြစ်သည်ဟု ပြောဆိုခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ထိုဆိုးယုတ်သူတို့က 'ဤသူသည် နဗီတမန်တော်မဟုတ်ပါ။ ၄င်း၏ 'ဒအ်ဝသ်'သည်လည်း အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ မဟုတ်ပါ။ ထို့ပြင် ၄င်းသည် မိမိ၏ အကြီးအကဲဖြစ်မှုကို လိုလားခြင်းကြောင့် ပြုလုပ်နေခြင်း ဖြစ်သည်' ဟု ပြောဆိုခဲ့ကြသည်။) ထို့ပြင် (ကုရ်အာန်ကျမ်းတော်မြတ်နှင့် စပ်လျဉ်း၍) ဤ (ကုရ်အာန်) သည်

လုပ်ကြံလီဆယ်ထားသည့် မှသားစကားတစ်ရပ်ပင် ဖြစ်သည်ဟုလည်း ပြောဆိုခဲ့ကြသည်။ (ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ဆက်နွယ်၍ အလ္လာဟ်အသျှင်မြတ်၏ ကျမ်းတော်ဖြစ်သည်ဆိုခြင်းမှာ လုပ်ကြံပြောဆိုခြင်းသာ ဖြစ်သည်။) ထို့ပြင် ဤကာဖိရ်တို့က ၄င်းထံသို့ ရောက်ရှိလာသော အမှန်တရား (ကုရ်အာန်) နှင့် စပ်လျဉ်း၍ (ထိုစောဒက၏ အဖြေအတွက် ပြောဆိုကြသည်။ ၄င်းစောဒကမှာ အကယ်၍ ဤကုရ်အာန်သည် လုပ်ကြံလီဆယ်ထားသည့် မှသားဖြစ်သည်ဆိုလျှင် များစွာသော အသိဉာဏ်ရှိသူတို့သည် ထိုကုရ်အာန်၏ နောက်သို့ မည်သို့ လိုက်ကြပါမည်နည်း။ ထို့ပြင် ဤကုရ်အာန်သည် ဤသို့ စူးရှသက်ဝင်မှု မည်သို့ ဖြစ်ရပါမည်နည်း။) ဤသည် ထင်ရှားစွာသော ပဥ္စလက်အတတ်ပညာ တစ်ရပ်သာ ဖြစ်သည်ဟု ပြောဆိုကြသည်။ (ဤကုရ်အာန်ကို ကြားနာလျက် လူတို့၏ ဦးနှောက်၌ လွှမ်းမိုး၍ နေမထိ၊ ထိုင်မသာ ဖြစ်ကုန်ကြသည်ဟု ထိုကာဖိရ်တို့က ပြောဆိုခဲ့ကြသည်။)

ထို့နောက် (၄င်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ်အားလည်းကောင်း၊ နဗီတမန်တော်မြတ်ကိုလည်းကောင်း တန်ဖိုးထားရန် ထိုက်သည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့အတွက်မှာမူ ဤသည် မျှော်လင့်ထားခြင်းမရှိသော 'နေ့အံမသ်' ကျေးဇူးတော်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့်) ငါအသျှင်မြတ်သည် (ဤကုရ်အာန်ကျမ်းတော်မြတ်၏ အလျှင်) ၄င်းတို့အား မည်သည့်အခါကမျှ ကောင်းကင်ကျ) ကျမ်းများကို ၄င်းတို့ ဖတ်ကြား၍ သင်ကြားပေးရန် ချပေးတော်မူခဲ့သည်လည်း မဟုတ်ပေ။ (ဥပမာ- ဗနီအီစ်ရာအီးလ်တို့တွင် ကျမ်းဂန်များ ကျရောက်ခဲ့သည်။ သို့ဖြစ်ပေရာ ၄င်းတို့အဖို့ ကုရ်အာန်ကျမ်းတော်မြတ်သည် လုံး၀ အသစ်အဆန်းတစ်ခု ဖြစ်နေသည့်အခါ ၄င်းတို့သည် ဤကုရ်အာန်ကျမ်းတော်မြတ်ကို တန်ဖိုးထားရန် ထိုက်ပေသည်။) ထို့ပြင် (အလားတူ) ငါအသျှင်မြတ်သည် အသင်၏အလျှင် ၄င်းတို့ထံသို့ သတိပေးနှိုးဆော်သူ (နဗီတမန်တော်) တစ်ဦးတစ်ယောက်ကိုမျှ စေလွှတ်တော်မူခဲ့သည်လည်း မဟုတ်ပေ။

(သို့ဖြစ်ပေရာ ၄င်းတို့အဖို့ နဗီတမန်တော်သည်လည်း ကျေးဇူးတော်အသစ်ဖြစ်ပေသည်။ ထို့ကြောင့် ထိုနဗီတမန်တော်အားလည်း တန်ဖိုးထားကြရပေမည်။ အထူးသဖြင့် ကျေးဇူးအသစ်ဖြစ်ခြင်းအပြင် ၄င်းတို့ကိုယ်တိုင်က မိမိတို့ထံသို့ နဗီတမန်တော် ရောက်ရှိလာလျှင် ထိုနဗီတမန်တော်၏ နောက်လိုက်အဖြစ်ပြုကြမည်ဟု မျှော်လင့်ရည်စူးထားကြသည်လည်း ဖြစ်သည်။ ဥပမာ- ဤအာယသ်တော်တွင်

وَاَقْسَمُوْا بِاللّٰهِ جَهْدَ اَيْمَانِهِمْ لَئِنْ جَآءَهُمْ نَذِيْرٌ لَّيَكُوْنُنَّ اَهْدٰى مِنْ اِحْدَى الْاُمَمِ

ဟု လာရှိထားသည်။ သို့ရာတွင် ၄င်းတို့သည် ဤသည်ကိုလည်း တန်ဖိုးမထားခဲ့ကြပေ။ အလ္လာဟ်အသျှင်မြတ်က

فَلَمَّا جَآءَهُمْ نَذِيْرٌ مَّا زَادَهُمْ اِلَّا نُفُوْرًا ـــ الخ

ဟု မိန့်ကြားတော်မူခဲ့သည်။ ၄င်းတို့သည် ဤသည်ကိုလည်း လက်မခံကြဘဲ ငြင်းပယ်ခဲ့ကြသည်။ ထို့ပြင် (၄င်းတို့သည် ငြင်းပယ်မှုကို ပြု၍ သောကမဲ့ မနေထိုင်ကြရန်။ အဘယ်ကြောင့်ဆိုသော် ငြင်းပယ်မှု၏ အပြစ်ဒဏ်သည် အလွန်ကြီးမားပြင်းထန်သောကြောင့် ဖြစ်သည်။ သို့ဖြစ်ပေရာ) ၄င်းတို့အလျှင် ရှိခဲ့ကြ

သူ (ကာဖိရ်) များသည် (လည်း နဗီတမန်တော်များနှင့် 'ဝဟီ' ကျရောက်ခြင်းဆိုသည်ကို) မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြသည်။ စင်စစ် ဤသူ (အာရဗ်၌ရှိသော မုရှ်ရစ်က်) တို့မှာ ထို (ရှေး) သူတို့အား ငါအသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူခဲ့သည် (လောကီရေးစည်းစိမ်ချမ်းသာ) များ၏ (၁၀) ပုံ (၁) ပုံကိုပင် ရရှိသည် မဟုတ်ပေ။ (ဆိုလိုသည်မှာ ထိုရှေးသူတို့ကဲ့သို့သော အင်အား၊ ထိုရှေးသူတို့ကဲ့သို့သော သက်တမ်း၊ ထိုရှေးသူတို့ကဲ့သို့ ဥစ္စာပစ္စည်းများသည် လက်ရှိသူများ မရရှိကြပေ။ ထိုအရာများသည် မာန်မာန ထောင်လွှားခြင်းနှင့် ပလွှားခြင်းတို့ကို ဖြစ်စေသော အကြောင်းခံများပင် ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်က

كَانُوْا اَشَدَّ مِنْكُمْ قُوَّةً وَّ اَكْثَرَ اَمْوَالاً وَّاَوْلَادًا

ဟု မိန့်ကြားတော် မူသကဲ့သို့ပင် ဖြစ်သည်။)

အချုပ်မှာ ၎င်းတို့သည် ငါအသျှင်မြတ်၏ ရစူလ်တမန်တော်များကို ငြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်၏ အပြစ်ဒဏ်သည် (၎င်းတို့အပေါ်ဝယ်) မည်သို့ဖြစ်မည် (ကို ကြည့်ကြပါကုန်။ သို့ဖြစ်ပေရာ ဤသူတို့မှာ ၎င်းတို့တွင် မည်သည့်အရာမျှ မရှိကြပါချေ။ ရှေးသူတို့တွင် ဤမျှ ဥစ္စာပစ္စည်းများ၊ စည်းစိမ်ချမ်းသာများ ရှိလင့်ကစား တစ်စုံတစ်ရာ အသုံးမဝင်ခဲ့ကြပေ။ သို့ဖြစ်ပေရာ ၎င်းတို့မှာမူ မည်သည့်လုည်ဖြားမှုခံရခြင်း၌ ဖြစ်နေကြပါသနည်း။ ထိုနည်းတူစွာ ၎င်းတို့တွင် ဂုဏ်မောက်စရာဖြစ်သော အရာများ နည်းပါးလေသောအခါ ၎င်းတို့၏ ပြစ်မှုသည်လည်း ကြီးမားသွားပေသည်။ ထို့ကြောင့် ၎င်းတို့ အဖို့ မည်သို့ လွတ်မြောက်နိုင်ပါမည်နည်း။ နောက်ဆုံးတွင် 'နဗူဝသ်' ကို ငြင်းပယ်ခြင်းအပေါ် ကာဖိရ်များကို သတိပေးလျက် ရှေ့တွင် ၎င်းတို့အား 'နဗူဝသ်' ကို လက်ခံရန် နည်းလမ်းတစ်ခုကို ပြသပေးထားသည်မှာ အို၊ မိုဟမ္မဒ်၊ အသင်သည် (၎င်းတို့အား) ဤသို့ ပြောကြားပါလေ။ (အို၊ အချင်းတို့) ငါသည် အသင်တို့အား (လိုရင်းအနေဖြင့်) ကိစ္စတစ်ခုကိုသာ တိုက်တွန်းနှိုးဆော်လိုပါသည်။ (ထိုကိစ္စကို ပြုလုပ်လိုက်လျှင် ရှင်းသွားပါလိမ့်မည်။) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အတွက် (သာဟု ရည်စူးလျက် စိတ်အလိုကျမဟုတ်ဘဲ၊ အစွဲမဟုတ်ဘဲ အချို့နေရာ၌) နှစ်ဦးစီနှင့် (အချို့နေရာ၌) တစ်ဦးစီ မတ်တတ်ရပ် (အသင့်ဖြစ်) လိုက်ကြပါ။ (ဆိုလိုသည်မှာ စဉ်းစားဆင်ခြင်ကြရန်ဟု ရည်ရွယ်ခြင်းဖြစ်သည်။ စဉ်းစားဆင်ခြင်ခြင်း၏ ဥပဒေမှာ အချို့နေရာများတွင်လည်းကောင်း၊ အချို့လူတို့တွင်လည်းကောင်း၊ လူနှစ်ဦးပေါင်းစပ်လိုက်ခြင်းဖြင့် လူတို့၏ စဉ်းစားဆင်ခြင်မှုမှာ အခြားသူများထက် အင်အားရရှိတတ်သည်။ အချို့ အချိန်အခါများတွင် အချို့လူတို့မှာ တစ်ဦးသည် စဉ်းစားဆင်ခြင်မှုတွင် ထက်မြက်သော အသိဉာဏ်များ ဖြစ်ပေါ်လာတတ်သည်။ အများစုလူထု၌မူ များသောအားဖြင့် စဉ်းစားဆင်ခြင်မှု၏ အင်အားမှာ ရှုပ်ထွေးပွေလီခြင်းများ ဖြစ်သွားလေ့ရှိသည်။ ထို့ကြောင့် တစ်ဦး (သို့) နှစ်ဦးဖြင့်သာ ရောင့်ရဲစေတော်မူခြင်း ဖြစ်သည်။ အချုပ်မှာ ဤနည်းအတိုင်း အသင့်ဖြစ်ကြလေကုန်။) ထို့နောက် (ကောင်းစွာ) စဉ်းစားကြလေကုန်။ (ငါသည် အသင်တို့အား ကုရ်အာန်ကဲ့သို့ အလားတူ ပြုလုပ်ရန် မဖြစ်နိုင်ဟူ၍ ကြွေးကြော်ခဲ့သည်။ မက္ကာဟ်မြို့၌ ကျရောက်ခဲ့သည့် စူရာဟ်အများအပြားတွင်လည်း ဤအကြောင်းများ ပါရှိသည်။ ဤကဲ့သို့

သော ကြွေးကြော်မှုသည် လူနှစ်ဦးသာ ပြုလုပ်နိုင်ပါသလား။ (သို့တည်းမဟုတ်) ဦးနှောက်၌ ချွင်းချက်ရှိသူ၊ နောက်ကြောင်း မစဉ်းစားသူသာ ပြုလုပ်ခြင်း ဖြစ်ပါသလား။ (သို့) နဗီတမန်တော်ဖြစ်ပြီး ဤကြွေးကြော်မှုသည် အပြည့်အဝ ယုံကြည်ထိုက်သူ ဖြစ်ပါသလား။ ထိုသို့ မဟုတ်ပါက အကယ်၍ နဗီမဟုတ်ဘဲ အသိဉာဏ်ရှိသူ ဖြစ်ပြီး ၎င်းသည် ဤကဲ့သို့သော ကြွေးကြော်မှုများ ပြုလုပ်နေချိန်တွင် အရှက်တကွဲ အကျိုးနည်းမည်ကို စိုးရိမ်ကြောင့်ကြမည်သာ။ အကယ်၍ ထို (ကုရ်အာန်) ကဲ့သို့သော အလားတူ ကျမ်းဂန်ကို ပြုလုပ်ဖန်တီး၍ ယူလာပြလျှင် ကျွန်ုပ်အဖို့ မည်သို့ ဖြစ်သွားမည်နည်း။ ဤကဲ့သို့ အခြေအနေအားလုံးကို ခြုံငုံသုံးသပ်ပြီးနောက် ငါသည် ရူးသွပ်သူ ဖြစ်ပါသလား။ (သို့) ရူးသွပ်သူ မဟုတ်ပါသလား။ ဆိုသည်ကို စဉ်းစားကြပါကုန်။ သို့ဖြစ်ပေရာ ဤကိစ္စသည် တွေ့မြင်ရခြင်းများဖြင့် သိရှိသွားပေလိမ့်မည်။) အဘယ်ကြောင့် ဆိုသော် အသင်တို့၏ အဖော်ဖြစ်သူ၌ (ထိုသူသည် အချိန်တိုင်း၌ အသင်တို့၏ ရှေ့မှောက်၌ပင် ရှိသူဖြစ်သည်။ ထိုသူ၏ အခြေအနေအားလုံးကို အသင်တို့ တွေ့မြင်နေကြရသည်သာ ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတွင်) ရူးသွပ်ခြင်းဝေဒနာ ရှိပါသလားဆိုသည်ကို စဉ်းစားဆင်ခြင်ကြလေကုန်။ (ခြုံငုံလေ့လာ၍ စဉ်းစားဆင်ခြင်မှု နှစ်ဖက်စလုံးမှ တစ်ဘက်ဘက်၌ ပျက်ပြယ်သွားသည်ဆိုလျှင် အခြားတစ်ဘက်မှာ သတ်မှတ်ခံရသောဘက် ဖြစ်သွားပေသည်။ အဘယ်ကြောင့်ဆိုသော်) ထို (အသင်တို့၏ အဖော်ဖြစ်သူသည် နဗီတမန်တော် ဖြစ်သည်။ နဗီတမန်တော်တို့၏ အဆင့်အရ) အဖော်ဖြစ်သူ (ငါ) သည် အသင်တို့အား ပြင်းထန်စွာသော ပြစ်ဒဏ်မကျရောက်မီ သတိပေးနှိုးဆော်သူတစ်ဦးသာ ဖြစ်ပေသည်။

(သို့ဖြစ်ပေရာ ဤနည်းလမ်းဖြင့် 'နဗူဝသ်'၏ အထောက်အထားနှင့် 'နဗူဝသ်'ကို လက်ခံရန် အလွန်လွယ်ကူမှု ဖြစ်သွားပေသည်။ အခြားတစ်နေရာ၌လည်း ဤအကြောင်းနှင့် နီးစပ်သော အကြောင်းအရာတစ်ခု၌ أَمْ لَمْ يَعْرِفُوا رَسُولَهُمْ ဟု လာရှိထားသည်။ ယခုတစ်ဖန် ရှေ့၌ 'နဗူဝသ်'၏ အထောက်အထား တင်ပြပြီးနောက် ကာဖိရ်တို့၏ 'ဤသူသည် ရစူလ်တမန်တော်မဟုတ်ဘဲ မိမိအတွက် အုပ်ချုပ်မှုအာဏာကို တောင်းဆိုသူသာ ဖြစ်သည်'ဟူသော သံသယစကားများကို တုန့်ပြန်ဖြေကြားထားသည်မှာ (အို၊ နဗီတမန်တော်) အသင်သည် (ဤအရာကိုလည်း) ပြောကြားလိုက်ပါလေ။ (အို၊ အချင်းတို့) ငါသည် အသင်တို့အား (ဤ 'သဗ်လီးဂ်'လုပ်ရပ်အပေါ်) အဖိုးအခတစ်စုံတစ်ရာ တောင်းခဲ့သည်ဖြစ်လျှင် ထိုအဖိုးအခသည် အသင်တို့အဖို့သာလျှင် ဖြစ်ပေသည်။ (ဆိုလိုသည်မှာ အသင်တို့သည် မိမိတို့ထံ၌သာ ထားကြလေကုန်'ဟု ဖြစ်သည်။ ဤအသုံးအနှုန်းသည် အဖိုးအခ တောင်းခံခြင်းမဟုတ်ဟု ဆိုလိုခြင်းဖြစ်သည်။) ငါ့အား အဖိုးအခပေးခြင်းမှာမူ (အသျှင်မြတ်၏ ကတိတော်နှင့်အညီ) အလ္လာဟ်အသျှင်မြတ်အပေါ်၌သာ (တာဝန်) ဖြစ်ပေသည်။ စင်စစ် ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့အပေါ်၌ အသိသက်သေ ဖြစ်တော်မူပေသည်။

သို့ဖြစ်ပေရာ ထိုအသျှင်မြတ်ကိုယ်တော်တိုင်သာလျှင် ကျွန်ုပ်၏ အခြေအနေနှင့် ထိုက်တန်သော အဖိုးအခကို ပေးတော်မူပေလိမ့်မည်။ အဖိုးအခဟု ဆိုရာ၌ ဥစ္စာပစ္စည်းနှင့် ရာထူးရာခံအားလုံး အကျုံးဝင်ပေသည်။ အဘယ်ကြောင့်ဆိုသော် လက်ဆုပ်လက်ကိုင် ပြနိုင်သောအရာနှင့် လက်ဆုပ်လက်ကိုင် မပြနိုင်

သော အရာ နှစ်မျိုးစလုံးသည် အဖိုးအခဖြစ်ရန် အရည်အချင်းများ ရှိသောကြောင့်ပင် ဖြစ်သည်။ ဆိုလိုသည်မှာ 'ကျွန်ုပ်သည် အသင်တို့ထံမှ ရာထူးရာခံ ရရန်ဟူသော အသင်တို့ ထင်မြင်ယူဆသကဲ့သို့ မည်သည့် တောင်းဆိုမှုအတွက်မျှ ရည်ရွယ်ချက်မရှိပေ'ဟု ဖြစ်သည်။ ထို့ပြင် 'ကျွန်ုပ်သည် လူတို့၏ လုပ်ရပ်များနှင့် အခြေအနေကို ပြုပြင်သူသာ ဖြစ်သည်။ တရားခံကို အပြစ်ပေးသူဖြစ်သည်။ အချင်းချင်း၌ ဖြစ်ပေါ်နေသော ပြဿနာများကို ဆုံးဖြတ်ပေးသူဖြစ်သည်။ သို့ဖြစ်ပေရာ ဤကိစ္စများ ပြုလုပ်ခြင်း၌ ကျွန်ုပ်သည် မည်သည့် အဖိုးအခ၏ ရည်ရွယ်ချက်မျှ မရှိသည့်အတွက် ဤသို့သော သံသယဖြစ်စရာ အကြောင်းမရှိပေ။ သို့ဖြစ်ပေရာ ကိုယ်တော်မြတ် ﷺ ၏ လူမှုဆက်ဆံရေး နည်းလမ်းများနှင့် ဝမ်းစာရှာဖွေမှုများအားဖြင့် ထိုလုပ်ရပ်များမှ ကိုယ်တော်မြတ် ﷺ သည် မိမိ၏ ပုဂ္ဂိုလ်ရေးအကျိုးအမြတ်များ ရှာဖွေရယူခြင်း မရှိကြောင်း ထင်ရှားပေသည်။ ထို့မျှသာမက အမျိုးသားများ၏ အသက်အိုးအိမ်၊ စည်းစိမ်နှင့် အရှက်သိက္ခာများ အကာအကွယ်ရရှိသော တစ်မျိုးသားလုံး၏ အကျိုးသာ ဖြစ်ခဲ့ပေသည်။ ဖခင်သည် မိမိ၏ သားငယ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ရှိသေမှု၊ စည်းကမ်း၊ ယဉ်ကျေးမှုများ သင်ပေးခြင်ကို စေတနာသက်သက်ဖြင့်သာ ပြုလုပ်ခြင်းဖြစ်သည်။ ထိုလုပ်ရပ်အပေါ် မိမိ၏ ရပိုင်ခွင့် ရည်ရွယ်ချက်နှင့် အကြီးအကဲ၏ ရာထူးကို ရယူရန်ဟူသော ရည်ရွယ်ချက် မရှိပါချေ။ ယခု 'နဗူဝသ်'၏ မှန်ကန်ကြောင်း အထောက်အထားလည်း တင်ပြပြီး ဖြစ်သည်။ ရာထူးရာခံရယူရန်ဆိုသည့် သံသယများလည်း ဝေးလွင့်သွားပြီဖြစ်သည်။ ရှေ့တွင် ၎င်း၏ ဆန့်ကျင်ဘက်အရာသည် မှားယွင်းကြောင်းကို ၎င်း၏ မှန်ကန်မှု အထောက်အထားဖြင့် မိန့်ကြားတော်မူထားသည်မှာ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) စေကန်မုချ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အမှန်တရားကို (ဆိုလိုသည်မှာ အီမာန်တရားနှင့် အီမာန်တရားကို လက်ခံခြင်းအား မှားယွင်းသော တရား 'ကုဖွရ်'နှင့် အီမာန်တရားအား ငြင်းပယ်မှုတို့အပေါ်) နိုင်နင်းလွှမ်းမိုးစေတော်မူသည်။ (အပြန်အလှန် ပြဿနာဖြစ်ခြင်း၊ အပြန်အလှန် စကားငြင်းခုန်ခြင်းများတွင်လည်း အောင်နိုင်မှု ဖြစ်စေခဲ့သည်ကို ယခု တွေ့မြင်ရသည့်အတိုင်းပင် ဖြစ်သည်။ စစ်ထိုးတိုက်ခိုက်ခြင်း၌လည်း အောင်မြင်စေတော်မူရန် ရှိသည်။

အချုပ်ဆိုရသော် အဘက်ဘက်တွင် အမှန်တရားသည် လွှမ်းမိုးအောင်မြင်လျက် ရှိပေသည်။ ထို့ပြင်) ထိုအသျှင်မြတ်သည် အကွယ်၌ ရှိသမျှတို့ကို ကောင်းစွာ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

(ထိုအသျှင်မြတ်သည် မဖြစ်မီကပင် အမှန်တရားသည် အောင်နိုင်လိမ့်မည့်အကြောင်း ကြိုတင်သိတော်မူပြီး ဖြစ်သည်။ အခြားသူများအဖို့ ဖြစ်ပေါ်ပြီးမှ သိရှိရခြင်း ဖြစ်သည်။ ထို့အတူ အမှန်တရားသည် နောင်အခါတွင် အောင်မြင်မှု ပိုမိုကျယ်ပြန့်လာလိမ့်မည်ကိုလည်း သိရှိပြီးဖြစ်တော်မူသည်။ သို့ဖြစ်ပေရာ ကိုယ်တော်မြတ် ﷺ သည် မက္ကာဟ်မြို့တော်ကို အောင်နိုင်ခဲ့လေသည်။ ရှေ့အာယသ်တော်နှင့် စပ်လျဉ်း၍ အိဗ်နေကစီး၏က ဘိုခါရီ၊ မွတ်စ္စလင်မ်နှင့် အခြားကျမ်းများမှ ဆင့်ပြန်ခဲ့သည်။ 'ဤအောင်နိုင်မှုနှင့် စပ်လျဉ်း၍ သတင်းကောင်းပေးခြင်းခံရမှုတွင် 'ဂျေဟားဒ်'ပြု စစ်တိုက်ခိုက်ခြင်းဖြင့် အောင်နိုင်ခြင်းလည်း ပါဝင်သည်' ဟု ဖြစ်သည်။ ရှေ့၌ ဤအကြောင်းကို ပို၍ ထင်ရှားစေရန် မိန့်ကြားတော်မူသည်မှာ (အို၊ နဗီတမန်တော်)

အသင်သည် ပြောကြားပါလေ။ (သာသနာ) အမှန်တရားသည် ရောက်ရှိလာခဲ့ပေပြီ။ စင်စစ် (သာသနာတွင်) အမှားသည် တစ်စုံတစ်ရာကို ဖြစ်ပေါ်အောင် ပြုနိုင်သည်လည်း မဟုတ်။ တစ်စုံတစ်ရာကို ပြန်၍ ယူလာသည်လည်း မဟုတ်ပေ။

(ဆိုလိုသည်မှာ ယိုယွင်းပျက်စီးသွားခဲ့လေပြီဟု ဖြစ်သည်။ ဤသို့ ဆိုခြင်းဖြင့် လမ်းမှားသူတို့အဖို့ မည်သည့်အခါမျှ ဂုဏ်သိက္ခာနှင့် အင်အားရရှိနိုင်မည် မဟုတ်ဟု ဆိုလိုခြင်းမဟုတ်။ ဆိုလိုသည်မှာ ဤမှန်ကန်သော သာသနာတော် ရောက်ရှိမလာမီအလျင် တစ်ခါတစ်ရံ အမှားကို အမှန်ဖြစ်သည်ဟူသော သံသယများ ဖြစ်ပေါ်လေ့ ရှိခဲ့ကြသည်။ ယခုမူ အမှားသည် ထိုဂုဏ်ပုဒ်နှင့်ပင် လုံး၀ ဝေး၍ စုန်းစုန်းမြုတ်သွားခဲ့ပြီဟု ဆိုလိုခြင်းဖြစ်သည်။ အမှားသည် ပျက်စီးမည့်အကြောင်း ကောင်းစွာ ပေါ်လွင်ထင်ရှားသွားခဲ့လေပြီ။ 'ကေယာမသ်'နီးကပ်သည်ထိတိုင် အမြဲတမ်း ဤအတိုင်း ဖြစ်ရှိနေပေမည်။ ရှေ့တွင် အမှန်တရား၏ အထောက်အထားနှင့် ရှင်းလင်းချက်များပြုပြီးနောက် အောင်မြင်မှုနှင့် ၎င်း၏ လမ်းကို လိုက်နာခြင်းနှင့် စပ်လျဉ်း၍ ခြုံငုံတင်ပြထားသည်မှာ (အို၊ နဗီတမန်တော်) အသင်သည် (ဤသည်ကိုလည်း) ပြောကြားပါလေ။ အဘယ်ကြောင့်ဆိုသော် (ဤသာသနာတော်သည် မှန်ကန်ကြောင်း အတည်ဖြစ်လေသောအခါ တာဝန်ရှိလာသည်မှာ) အကယ်၍ ငါသည် (ဤအမှန်တရားကို စွန့်လွှတ်၍) လမ်းမှားခဲ့ပါမူ ငါ၏ လမ်းမှားမှု၏ ဆိုးကျိုးသည် ငါကိုယ်တိုင်အပေါ်၌သာ ဖြစ်ပေမည်။ (အခြားသူများအဖို့ မည်သည့်အရာ နစ်နာဖွယ်ရှိပါသနည်း) ထို့ပြင် အကယ်၍ ငါသည် (ဤအမှန်တရားအပေါ် လိုက်နာမှုပြုလျက်) တရားလမ်းမှန်ပေါ်၌ ရှိသည်ဖြစ်မူ ဤသည် ဤကုရ်အာန် (နှင့် သာသနာတော်) ကြောင့်သာ ဖြစ်သည်။ ဤအရာများကို ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ငါ့ထံသို့ ပို့ချပေးတော်မူလျက် ရှိသည်။ အဓိကရည်ရွယ်ချက်မှာ ထိုကာဖိရ်တို့အား ပြောကြားလိုခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အထောက်အထားများ ရှင်းလင်းစွာ ရှိပါလျက် အကယ်၍ အသင်တို့သည် အမှန်တရား၏ နောက်သို့ လိုက်ခြင်း မပြုခဲ့ပါလျှင် အသင်တို့သာ ခံစားကြမည်။ ငါကား မည်သည့်ပျက်စီးမှုမျှ ဖြစ်မည်မဟုတ်ပေ။ အကယ်၍ လမ်းမှန်အပေါ် လျှောက်လှမ်းခဲ့ပါလျှင် ဤသာသနာတော်၏ အမှန်တရားကို နောက်လိုက်ခြင်း၏ အကျိုးသာဖြစ်ပေမည်။ သို့ဖြစ်ပေရာ အသင်တို့သည် လမ်းမှန်အပေါ် လျှောက်လှမ်းနိုင်ရန်အတွက် ဤမှန်ကန်သော သာသနာကို ရွေးချယ်လက်ခံရပေမည်။ လူတစ်ဦးတစ်ယောက် လမ်းမှားရောက်ရှိခြင်း (သို့) လမ်းမှန်ပေါ်၌ ရောက်ရှိခြင်းတို့သည် သောကမထားဘဲ နေနိုင်ရလောက်အောင် ဤသို့ပင် အချည်းနှီးဖြစ်သွားမည်ကား မဟုတ်ပေ။ ထိုမျှသာမက တစ်ဦးချင်းစီ၏ အခြေအနေကို အလ္လာဟ်အသျှင်မြတ် သိရှိတော်မူပေသည်။ အဘယ်ကြောင့်ဆိုသော်) ထိုအသျှင်မြတ်သည် အရာအားလုံးကို ကြားတော်မူသော အသျှင် (နှင့်) အလွန်နီးကပ်စွာ ရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

(ထိုအသျှင်မြတ်သည် အားလုံးတို့ကို ၎င်းတို့၏ ပြုမူဆောင်ရွက်ချက်များနှင့်အညီ အစားပေးတော်မူပေမည်။)

သိမ့်တ်ဖွယ်ရာများနှင့် စမ္ဗသတ်များ

وَمَا بَلَغُوا مِعْشَارَ مَا آتَيْنَاهُمْ

مِعْشَار 'မိအ်ရှားရ်' ဟူသော စာလုံးကို အချို့ပညာရှင်များက (၁၀) ပုံ (၁) ပုံဟု ဆိုကြသည်။ အချို့က 'အပုံတစ်ရာပုံ တစ်ပုံ' ဟု ဆိုကြသည်။ အချို့က အပုံတစ်ထောင်ပုံ တစ်ပုံဟု ဆိုကြသည်။ ဤစာလုံးတွင် တစ်ဆယ်ထက်ပို၍ များပြားကြောင်းကို ဆိုလိုကြောင်း ထင်ရှားပေသည်။ အာယသ်တော်၏ အလိုသဘောမှာ လောက၏ ဥစ္စာပစ္စည်း၊ စည်းစိမ်ချမ်းသာ၊ အုပ်ချုပ်မှုအာဏာ ရှည်လျားသော သက်တမ်းနှင့် အင်အား စသည်တို့မှာ ရှေးလူများကို ပေးခဲ့ရသည်ထက် လက်ရှိ မက္ကာဟ်သားတို့အဖို့မှာ (၁၀) ပုံ (၁) ပုံသာမကဘဲ အပုံတစ်ထောင်ပုံတစ်ပုံပင် မရရှိကြပါ' ဟု ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့အဖို့ ရှေးလူများ၏ အခြေအနေ၊ အဖြစ်အပျက်နှင့် နိဂုံးမကောင်းသည့် ရလဒ်ဆိုးများအပေါ် သတိသံဝေဂ ရယူကြရပေမည်။ ထိုရှေးသူတို့သည် ရစူလ်တမန်တော်များကို မဟုတ်မမှန်လူများဟု စွပ်စွဲ၍ အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်' အပြစ်ဒဏ်၌ နစ်မြုပ်ခဲ့ကြရလေသည်။ ၎င်းတို့ထံ ထို 'အဇာဗ်' အပြစ်ဒဏ်ရောက်ရှိလာသည့်အခါ ၎င်းတို့၏ အင်အား၊ ရဲစွမ်းသတ္တိ၊ ဥစ္စာပစ္စည်းနှင့် လုံခြုံသော ခံတပ်များမှာ မည်သို့မျှ အသုံးမဝင်ကြတော့ပေ။

မက္ကာဟ်မြို့သား ကာဖိရ်များကို 'ဒအ်ဝသ်' ပေး ဖိတ်ခေါ်ခြင်း

إِنَّمَا أَعِظُكُمْ بِوَاحِدَةٍ

ဤစာပိုဒ်တွင် မက္ကာဟ်မြို့ရှိ ကာဖိရ်တို့၏ စောဒကများကို အဆုံးသတ်စေရန်ဟူ၍ ၎င်းတို့အား အမှန်တရားကို ဆန်းစစ်နိုင်မည့် နည်းလမ်းတစ်ရပ်ကို ပြသထားသည်။ ၎င်းနည်းလမ်းမှာ 'အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အတွက် ရည်စူးလျက် နှစ်ဦးစီဖြစ်စေ၊ တစ်ဦးစီဖြစ်စေ ထ၍ ရပ်လိုက်ပါ။' အလ္လာဟ်အသျှင်မြတ်အတွက် ရည်စူး၍ မတ်တတ်ရပ်ပါ' ဟူသည့် သဘောမှာ 'ခန္ဓာကိုယ်ဖြင့် ရပ်ရမည်ဟု ဆိုလိုခြင်းမဟုတ်။ ထိုင်လျက်မှဖြစ်စေ၊ လဲလျောင်းလျက်မှဖြစ်စေ ရပ်ခြင်းကို ဆိုလိုသည်မဟုတ်။ ထိုမျှမက အလိုသဘောမှာ လူအများ သုံးနှုန်းပြောဆိုချက်အရ 'အလုပ်ကို အပြည့်အဝ ဂရုစိုက်ပါ' ဟု ဖြစ်သည်။ ဤနေရာတွင် 'ရပ်ခြင်း' ဟူသော စာလုံးနှင့်အတူ لِلّٰه 'လိလ္လာဟ်' ဟူသော စာလုံးကိုပါ ဖြည့်စွက်၍ 'အလ္လာဟ်အသျှင်မြတ်၏ နှစ်သက်မှုအတွက်သက်သက် အတိတ်ဟောင်းမှ အတွေးအခေါ်များ၊ ယုံကြည်ချက် ဝါဒများကို ဦးနှောက်မှထုတ်၍ အမှန်တရား ရှာဖွေမှုအတွက် ဖြစ်စေပါ။ သို့မှသာ အတိတ်ဟောင်းမှ အတွေးအခေါ်များနှင့် ကျင့်စဉ်များမှာ အမှန်တရားကို လက်ခံသည့် လမ်းတွင် အတားအဆီး ဖြစ်တော့မည်မဟုတ်ပေ။ 'နှစ်ဦးစီ (သို့) တစ်ဦးစီ မတ်တတ်ရပ်ပါ' ဟူ၍နှင့် စပ်လျဉ်း၍ အလိုသဘောမှာ စဉ်းစားဆင်ခြင်ခြင်းတွင် နည်းလမ်းနှစ်မျိုး ရှိပါသည်။

(၁) တစ်ဦးတည်း တစ်ကိုယ်ရေ စဉ်းစားဆင်ခြင်ခြင်း ဖြစ်သည်။

(၂) မိမိ၏ မိတ်ဆွေသင်္ဂဟများနှင့် အကြီးအကဲများနှင့် ဆွေးနွေးတိုင်ပင်ပြီး ရလဒ်တစ်ခုကို ထုတ်ယူခြင်းတို့ ဖြစ်သည်။ ထိုနည်းလမ်းနှစ်မျိုးလုံးကို ဖြစ်စေ၊ (သို့) ထိုနည်းလမ်းနှစ်မျိုးအနက် မိမိနှစ်သက်ရာ တစ်မျိုးကို ဖြစ်စေ ရွေးချယ်ဟူ၍ ဖြစ်သည်။

ثُمَّ تَتَفَكَّرُوا

ဤစာပိုဒ်၏ဆက်စပ်မှုသည် မတ်တတ်ရပ်သည့် ရည်ရွယ်ချက်ကို ထင်ရှားစေသော أَنْ تَقُومُوا စာပိုဒ်ဖြင့် ဖြစ်သည်။ အလိုသဘောမှာ 'အတွေးအခေါ် အယူအဆဟောင်းများအားလုံးကို ဦးနှောက်မှ ရှင်းထုတ်ပြီး အလ္လာဟ်အသျှင်မြတ်အတွက် သက်သက်ဟူ၍ ဤလုပ်ရပ်၌ အသင့်ဖြစ်လိုက်ပါ။ မိုဟမ္မဒ် ﷺ ၏ 'ဒအ်ဝသ်'ဖိတ်ခေါ်မှုနှင့် စပ်လျဉ်း၍ မှန်သည်၊ မှားသည်ကို စဉ်းစားဆင်ခြင်ပါ။ ဤစဉ်းစားဆင်ခြင်မှုသည် တစ်ဦးချင်းဖြစ်စေ၊ (သို့) အခြားသူများနှင့် ဆွေးနွေးတိုင်ပင်ခြင်းဖြင့် ဖြစ်စေ ပြုလုပ်နိုင်သည်'ဟု ဖြစ်သည်။

ရှေ့၌ စဉ်းစားဆင်ခြင်မှု၏ ထင်ရှားသော လမ်းတစ်ခုကို ပြသထားသည်မှာ 'မိမိနှင့်အတူ အင်အားရှိသူ တစ်ဦးတစ်ယောက်မျှ မရှိ။ အသင်းအဖွဲ့လည်း မရှိ။ ဥစ္စာပစ္စည်း များမြောင်စွာ မရှိဘဲလျက် ထိုသူသည် မိမိ၏ တစ်မျိုးသားလုံးသာမက တစ်လောကလုံးနှင့် ဆန့်ကျင်လျက် ၎င်းတို့တွင် နှစ်ရာချီ၍ ခိုင်မာလာခဲ့သော အယူဝါဒကို ကြွေးကြော်မှုပြုခဲ့သည်။ ထိုသို့သော ကြွေးကြော်မှုမှာ ပုံသဏ္ဍာန်နှစ်မျိုးဖြင့် ဖြစ်နိုင်သည်။

ပထမတစ်မျိုးမှာ ဤသို့ ပြောဆိုသူသည် မိမိ၏ ကောင်းကျိုး၊ ဆိုးကျိုးကို မစဉ်းစားတတ်ဘဲ တစ်မျိုးသားလုံးကို ရန်သူအဖြစ် သတ်မှတ်၍ ဒုက္ခများဘက်သို့ ဖိတ်ခေါ်သော လုံးဝ ရူးသွပ်နေသူဖြစ်မည်။

ဒုတိယတစ်မျိုးမှာ 'အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ စေလွှတ်ခြင်းခံရသူ ရစူလ်တမန်တော်ဖြစ်ပြီး ၎င်း၏ ပြောစကားများမှာ အမှန်တရားသာ ဖြစ်သည်။ ထို့ပြင် ထိုသူသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို လိုက်နာရာတွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဂရုမမူသူ ဖြစ်မည်။

ယခု အသင်တို့သည် ဦးနှောက်အာရုံကို ရှင်းလင်းပြီး ထိုပုံသဏ္ဍာန်နှစ်မျိုးတွင် မည်သည့်ပုံသဏ္ဍာန် မှန်ကန်သည်ကို စဉ်းစားဆင်ခြင်ကြလေကုန်။ ဤနည်းဖြင့် စဉ်းစားဆင်ခြင်ကြမည်ဆိုလျှင် အသင်တို့အဖို့ 'ဤသူသည် စိတ်မနှံ့သူ၊ ရူးသွပ်နေသူ မဖြစ်နိုင်ပေ။ ၎င်း၏ ဦးနှောက်အသိဉာဏ်ထက်မြတ်မှု၊ ၎င်း၏ ပြုမူဆောင်ရွက်ချက်၊ လုပ်ရပ်များကို မက္ကာဟ်တစ်မြို့လုံးနှင့် ကုရိုက်ရှ်အားလုံးက သိရှိကြပါသည်။ ၎င်း၏ သက်တမ်း (၄၀) လုံးသည် မိမိ၏ အမျိုးသားများ၏ အလယ်၌ပင် ကုန်ဆုံးခဲ့ပါသည်။ ကလေးဘဝမှ ပျို့ရွယ်သည့်အချိန်အထိ ၎င်း၏ အခြေအနေ၊ အဖြစ်အပျက်အားလုံးသည် မက္ကာဟ်မြို့သားများ ရှေ့မှောက်၌ပင် ဖြစ်ခဲ့ပါသည်။ မည်သည့်အခါကမျှ တစ်ဦးတစ်ယောက်က ၎င်း၏ ပြောဆိုစကားနှင့် လုပ်ရပ်တစ်ခုခု အပေါ် အသိဉာဏ်နှင့် ရိုးသားမှုတို့နှင့် ဆန့်ကျင်ကြောင်း မတွေ့ခဲ့ကြရပါ။ ၎င်းသည် 'ကလိမဟ်-လာအိလာဟာအိလ္လလ္လာဟ်'ကိုသာ 'ဒအ်ဝသ်'ပေး ဖိတ်ခေါ်မှု ပြုခဲ့ပါသည်။ ထိုအချက်မှလွဲ၍ ယနေ့တိုင် တစ်စုံတစ်ဦးသည် ၎င်း၏ မည်သည့်စကား၊ မည်သည့်လုပ်ရပ်အပေါ်တွင် ဤသူသည် အသိဉာဏ်ရှိသူ ဖြစ်ခြင်း

နှင့် ဆန့်ကျင်သည်ဟု ထင်ယောင်ထင်မှားပင် မဖြစ်နိုင်ပေ။ ထိုအခြေအနေများအရ ၎င်းသည် ရူးသွပ်နေသူတစ်ဦး မဟုတ်ကြောင်း ထင်ရှားပေသည်။ ဤသည်ကိုပင် ထုတ်ဖော်ရန် အာယသ်တော်၏ အရှေ့အပိုဒ်တွင် مَا بِصَاحِبِكُم مِّن جِنَّةٍ ဟု မိန့်ကြားထားခြင်း ဖြစ်သည်။ ဤအပိုဒ်တွင် صَاحِبُكُم ဟူသော စာလုံး၏ ညွှန်းဆိုချက်မှာ ပြင်ပမှ ရောက်ရှိလာပြီး မည်သူမည်ဝါဟု အခြေအနေ မသိရသူ ခရီးသည် လူစိမ်းတစ်ဦး၏ တစ်စုံတစ်ရာ စကားပြောကြားမှုသည် တစ်မျိုးသားလုံးနှင့် ဆန့်ကျင်ခြားနားမှု ရှိနေပါလျှင် ထိုသူ့အား 'ဤသူသည် ရူးသွပ်သူဖြစ်သည်' ဟု ပြောဆိုနိုင်သည်။ သို့သော် ယခု ဤသူမှာမူ အသင်တို့၏ မြို့၌ပင် နေထိုင်သော သူတို့၏ မျိုးနွယ်ဝင်တစ်ဦး ဖြစ်သည်။ နေ့ရောညပါ အသင်တို့နှင့်အတူ ရှိသူဖြစ်သည်။ ၎င်း၏ အခြေအနေနှင့် ဖြစ်ရပ်များသည် အသင်တို့နှင့် ဖုံးကွယ်ခြင်း မရှိခဲ့ပေ။ အသင်တို့ကလည်း ထိုကြွေးကြော်မှုမပြုမီအထိ ၎င်းအပေါ်တွင် ဤကဲ့သို့သော မည်သည့်သံသယမျှ မဖြစ်ခဲ့ကြပေ။

ပထမပုံသဏ္ဍာန်မှာ မဖြစ်နိုင်ကြောင်း ပေါ်လွင်သွားသည့်အခါ အာယသ်တော်၌

إِنْ هُوَ إِلَّا نَذِيرٌ لَّكُم بَيْنَ يَدَيْ عَذَابٍ شَدِيدٍ

ဟူ၍ မိန့်ကြားထားသည့် ဒုတိယပုံသဏ္ဍာန်မှာ သတ်မှတ်ချက်ဖြစ်သွားပေသည်။ ဆိုလိုသည်မှာ 'ကိုယ်တော်မြတ် ﷺ ၏ အခြေအနေမှာ လူတို့အား 'ကေယာမသ်' နေ့တွင် ရောက်ရှိလာမည့် ပြင်းထန်သော 'အဇာဗ်' အပြစ်ဒဏ်မှ ကယ်တင်ရန်အတွက် သတိပေးနှိုးဆော်သူဖြစ်သည်။'

إِنَّ رَبِّي يَقْذِفُ بِالْحَقِّ عَلَّامُ الْغُيُوبِ

ဆိုလိုသည်မှာ အကွယ်၌ ရှိသမျှ အရာဟူသမျှကို သိရှိတော်မူသော ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အမှန်တရားကို အမှားအပေါ်၌ပင် ပစ်ပေါက်တော်မူသည်။ (ထိုသို့ ပစ်ပေါက်ခြင်း၏ အကျိုးဆက်မှာ အမှားသည် တစ်စစီ အပိုင်းပိုင်း ဖြစ်သွားပေသည်။) အလ္လာဟ်အသျှင်မြတ်မှ فَإِذَا هُوَ زَاهِقٌ ဟု မိန့်ကြားတော်မူသကဲ့သို့ ဖြစ်သည်။

قَذْفٌ ၏ အဘိဓါန်အရ အဓိပ္ပာယ်မှာ 'ပစ်ပေါက်ခြင်း' ဟု ဖြစ်သည်။ ဤနေရာတွင် အမှားကို ပစ်ပယ်၍ အမှန်တရားကို တင်ပြခြင်းဟူ၍ ဖြစ်သည်။ يَقْذِفُ ဟူသော စာလုံးနှင့် တင်ပြအမိန့်ရှိရာတွင် 'အမှားအပေါ်၌ အမှန်တရား၏ ရိုက်ခတ်မှု၏ သက်ရောက်ခြင်းကို တင်ပြရန် ရည်ရွယ်သော အမြော်အမြင် လျှို့ဝှက်ချက် ဖြစ်ပေမည်။ ဤသည်မှာ လေးလံသော အရာတစ်ခုကို နုနယ်ပါးလွှာသော အရာတစ်ခု အပေါ် ပစ်ချလိုက်လျှင် ထိုနုနယ်သော အရာမှာ အစိတ်စိတ်အမွှာမွှာ ဖြစ်သွားသကဲ့သို့ ပမာခိုင်းနှိုင်းခြင်း တစ်ရပ်ပင် ဖြစ်ပေသည်။ ဤအတိုင်းပင် အမှန်တရားနှင့် ရင်ဆိုင်မှုတွင် အမှားသည် အစိတ်စိတ်အမွှာမွှာ ဖြစ်သွားရသည်။ ထို့ကြောင့် ရှေ့တွင်

وَمَا يُبْدِئُ الْبَاطِلُ وَمَا يُعِيدُ

ဆိုလိုသည်မှာ အမှန်တရားနှင့် ရင်ဆိုင်ရာတွင် အမှားသည် မည်သည့်အရာကိုမျှ ဖြစ်ပေါ်အောင် ပြုနိုင်ခြင်းလည်း မရှိ။ တစ်စုံတစ်ရာကို ပြန်လည်ယူဆောင်လာနိုင်သည်လည်း မဟုတ်သော အခြေအနေဖြင့် အသုံးမဝင် ဖြစ်ရလေတော့သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَوْ تَرَىٰ إِذْ فَزِعُوا فَلَا فَوْتَ وَأُخِذُوا مِن مَّكَانٍ قَرِيبٍ ٥١

၃၄ း ၅၁ ။ ။ စင်စစ် အကယ်၍ အသင်သည် (၎င်းတို့အား) ၎င်းတို့ ထိတ်လန့်ကြောက်ရွံ့ကြသည့်အခါ၌ တွေ့မြင်ရပါလျှင် (အံ့ဩသွားပေမည်။) ထိုအခါ ၎င်းတို့သည် ထွက်ပြေးလွတ်မြောက်နိုင်ခြင်း မရှိဘဲ အနီးအနား၌ပင် ဖမ်းဆီးခြင်းကို ခံကြရပေမည်။

وَقَالُوا آمَنَّا بِهِ وَأَنَّىٰ لَهُمُ التَّنَاوُشُ مِن مَّكَانٍ بَعِيدٍ ٥٢

၃၄ း ၅၂ ။ ။ ထိုအခါ ၎င်းတို့က 'ကျွန်တော်မျိုးတို့သည် ဤ (မှန်ကန်သော ဒီးန်သာသနာ) ကို ယုံကြည်ကြပါပြီ' ဟု ပြောဆိုကြပေမည်။ သို့ရာတွင် ၎င်းတို့သည် ဤမျှ ဝေးလံသော နေရာမှ (အီမာန်သက်ဝင် ယုံကြည်မှုကို) အဘယ်မှာလျှင် ရယူနိုင်ကြမည်နည်း။

وَقَدْ كَفَرُوا بِهِ مِن قَبْلُ ۖ وَيَقْذِفُونَ بِالْغَيْبِ مِن مَّكَانٍ بَعِيدٍ ٥٣

၃၄ း ၅၃ ။ ။ ဧကန်စင်စစ် ၎င်းတို့သည် ရှေးဦးမဆွကပင် ယင်းမှန်ကန်သော ဒီးန်သာသနာတော်ကို ငြင်းပယ်လျက် ရှိခဲ့ကြသည်သာမက၊ မသိမမြင်ဘဲလျက် ဝေးလံသော နေရာမှ ရမ်းဆပြောဆို စွပ်စွဲလျက်ပင် ရှိခဲ့ကြကုန်၏။

وَحِيلَ بَيْنَهُمْ وَبَيْنَ مَا
يَشْتَهُونَ كَمَا فُعِلَ بِأَشْيَاعِهِم مِّن قَبْلُ ۚ إِنَّهُمْ كَانُوا فِي شَكٍّ مُّرِيبٍ ٥٤

၃၄ း ၅၄ ။ ။ ၎င်းပြင် (ထိုနေ့တွင်) ရှေးယခင်က ၎င်းတို့ကဲ့သို့သော သူတို့အား ပြုလုပ်ခဲ့သည့်နည်းတူ ၎င်းတို့နှင့် ၎င်းတို့ အာသာဆန္ဒရှိကြသော အရာများ၏ အကြား၌ အကာအဆီးတစ်ခု ပြုလုပ်ခြင်းကို ခံရပေမည်။ ဧကန်အမှန် ၎င်းတို့သည် ယုံမှားသံသယဖြစ်စေသော ဒွိဟသံသယ၌ပင် ရှိခဲ့ကြပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် (အို၊ မိုဟမ္မဒ် ﷺ) အကယ်၍ အသင်သည် ၎င်းတို့အား ('ကေယာမသ်'၏ ကြောက်မက်ဖွယ်မြင်ကွင်းကြောင့်) ကြောက်လန့်၍ နေသည်ကို တွေ့မြင်ရသောအခါ (အသင်သည် အံ့ဩသွားပေလိမ့်

မည်။) ထိုအခါ ၎င်းတို့သည် ထွက်ပြေးလွတ်မြောက်နိုင်ခြင်း ရှိမည်မဟုတ်ပေ။ အနီးတကာ့ အနီးဆုံး အခြေအနေဖြင့် (ချက်ချင်းပင်) ဖမ်းဆီးခြင်းကို ခံကြရပေမည်။

ထိုအခါ ၎င်းတို့က ကျွန်တော်မျိုးတို့သည် ဤမှန်ကန်သော သာသနာအပေါ် အီမာန်သက်ဝင်ယုံကြည်ကြပါသည်ဟု ပြောဆိုကြပေမည်။ (ဤသာသနာတော်တွင် ပြဋ္ဌာန်းထားသော အမိန့်တော်ဟူသမျှကို လက်ခံကြပါပြီ။ ထို့ကြောင့် လောက၌ ပြန်လည်ပို့ဆောင်၍ဖြစ်စေ၊ မပို့ဆောင်ဘဲဖြစ်စေ၊ ကျွန်တော်မျိုးတို့၏ 'သောင်ဗာဟ်' ကို လက်ခံတော်မူပါ။) ဤမျှ ဝေးလံသောနေရာမှ (အီမာန်သက်ဝင် ယုံကြည်ခြင်းဘက်သို့ ၎င်းတို့၏ လက်များ လှမ်းရန် အဘယ်မှာလျှင် ဖြစ်နိုင်အံ့နည်း။ (ဆိုလိုသည်မှာ အီမာန်သက်ဝင်ယုံကြည်သည့်နေရာမှာ 'ဒါရုလ်အမလ်'ဟုခေါ်သော ဒွန္နယာလောကပင် ဖြစ်သည်။ ထိုလောကမှာ များစွာဝေးခဲ့ပေပြီ။ ယခု ဤသည်မှာ တမလွန်လောကဖြစ်သည်။ 'ဒါရုလ်အမလ်' ('အမလ်'ကျင့်ဆောင်သောနေရာ) မဟုတ်ပါ။ 'ဒါရုလ်ဂျဇာ' (အစားပေးသော နေရာ) သာ ဖြစ်သည်။ ဤနေရာတွင် အီမာန်သက်ဝင်ယုံကြည်ပါသည်ဆိုခြင်းကို လက်ခံခြင်း မပြုပါ။ အဘယ်ကြောင့်ဆိုသော် ယခု အီမာန်ယူပါသည်ဟု ဆိုခြင်းသည် ايمان بالغيب 'အီမာန်ဗိလ်ဂိုင်းဗ်' (အကွယ်ကို သက်ဝင်ယုံကြည်ခြင်း) မဟုတ်တော့ဘဲ အားလုံးကို တွေ့မြင်ပြီးမှ သက်ဝင်ယုံကြည်ခြင်းသာ ဖြစ်နေသည်။ တွေ့မြင်ပြီးမှ အရာတစ်ခုခုကို လက်ခံခြင်းဆိုသည်မှာ စိတ်အလိုအတိုင်းပြုခြင်းပင် ဖြစ်သည်။ ဤသို့ ပြုရာတွင် အမိန့်နာခံမှုဟူသော အချက်တစ်စုံတစ်ရာပင် မရှိပေ။)

စင်စစ် ၎င်းတို့သည် ကနဦးမှပင် (ဒွန္နယာလောက၌ပင်) ဤမှန်ကန်သော သာသနာကို ငြင်းပယ်လျက် ရှိခဲ့ကြသည်။ ထို့ပြင် (၎င်းတို့၏ ဤငြင်းပယ်ခြင်းသည်လည်း မည်သည့်ဦးတည်ချက်မျှ မရှိရုံသာမက) လေ့လာဆန်းစစ်ခြင်းမရှိသော အချက်များကို ဝေးလံသောနေရာများမှ ရမ်းဆပြောဆို စွပ်စွဲလျက်ရှိခဲ့ကြသည်။ (ဝေးလံသော နေရာဟု ဆိုခြင်းမှာ လေ့လာဆန်းစစ်မှုနှင့် ဝေးလံခြင်းဟု ဖြစ်သည်။ ဆိုလိုသည်မှာ လောကတွင် 'ကုဖ်ရ်'ကိုသာ ပြုလျက်ရှိခဲ့ကြပြီး ယခုအခါမှ အီမာန်သက်ဝင်ယုံကြည်ခြင်းကို တွေ့မြင်လာ၍ အီမာန်ကို လက်ခံရန် မျှော်လင့်ချက်များ ထားကြသည်။) ၎င်းပြင် (တမလွန်သည် 'အမလ်'ပြုကျင့်ရမည့်နေရာ မဟုတ်သည့်အတွက်) ၎င်းတို့နှင့် ၎င်းတို့၏ (အီမာန်သက်ဝင်ယုံကြည်ခြင်းကို လက်ခံရန်ဟူသော) မျှော်လင့်ချက်ဆန္ဒများ၏ အကြား၌ အကာအဆီးတစ်ခု ပြုလုပ်ခြင်း ခံကြရပေမည်။ (ဆိုလိုသည်မှာ ၎င်းတို့၏ မျှော်လင့်ချက်ဆန္ဒများ ပြည့်ဝကြမည် မဟုတ်ပေ။) ၎င်းတို့အလျှင် လမ်းစဉ်တူသူများသည် (လည်း) ဤအတိုင်း (ဆက်ဆံခြင်း) ပြုခံကြရပေမည်။ ကေန်အမှန် ၎င်းတို့အားလုံးသည် ယုံမှားသံသယ ဖြစ်စေသော ဒွိဟသံသယ၌ပင် ရှိနေခဲ့ကြသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္ဗသတ်များ

وَأُخِذُوا مِنْ مَّكَانٍ قَرِيبٍ

အဖွင့်ပညာရှင်အများစုတို့ထံတွင် ဤသည် 'ဟရှရ်'ကွင်းပြင်၏ အဖြစ်အပျက်ဟု ဆိုကြသည်။ ကာဖိရ်နှင့် ဆိုးယုတ်သူတို့သည် ကြောက်လန့်၍ ထွက်ပြေးရန် ကြိုးစားကြပေလိမ့်မည်။ သို့ရာတွင် လွတ်

မြောက်ကြလိမ့်မည်မဟုတ်ပေ။ လောကတွင် တရားခံတစ်ဦး ထွက်ပြေးသွား၍ ၎င်းအား လိုက်လံရှာဖွေရသည့် ပုံသဏ္ဍာန်မျိုးလည်း ရှိမည်မဟုတ်သည့်အပြင် အားလုံးတို့သည် မိမိတို့၏ နေရာ၌ပင် ဖမ်းဆီးခြင်းကို ခံကြရပေလိမ့်မည်။ မည်သူမျှ ထွက်ပြေးရန် အခွင့်အရေးရရှိကြမည် မဟုတ်ပေ။ အချို့ပညာရှင်များကမူ ဤသည် အသက်ထွက်အံ့ဆဲဆဲ သေတော့မည့်အခြေအနေ၌ ကြုံတွေ့ရမည့်အကြောင်း ဖြစ်သည်ဟု ဆိုကြသည်။ သေဆုံးတော့မည့်အချိန် ရောက်သောအခါ ၎င်းအပေါ်၌ ကြောက်ရွံ့စိတ်များက လွှမ်းမိုးသွားပေမည်။ ထိုအခါ ဖရစ်ရှ်သာဟ်တို့၏ လက်မှ လွတ်ကင်းသွားနိုင်ခြင်း ရှိမည်မဟုတ်ပေ။ မိမိ ရှိနေသည့် ထိုနေရာ၌ပင် ဝိညာဉ်ကို ထုတ်ယူခြင်း ခံကြရပေမည်။

وَقَالُوٓا اٰمَنَّا بِهٖ وَاَنّٰى لَهُمُ التَّنَاوُشُ مِنْ مَّكَانٍۭ بَعِيْدٍ

تَنَاوُشْ ၏ အဓိပ္ပာယ်မှာ 'လက်ဆန့်၍ အရာတစ်ခုကို မ,ယူခြင်း'ဟု ဖြစ်သည်။ လက်ဆန့်၍ ယူနိုင်သော အရာသည် အလွန်ဝေးသော နေရာ၌ မရှိမှသာ ထိုနေရာသို့ လက်လှမ်း၍ ရောက်ရှိ နိုင်ကြောင်း ထင်ရှားသည်။ အာယသ်တော်၏ အကြောင်းအရာမှာ ကာဖိရ်နှင့် မုရှ်ရစ်က်တို့သည် 'ကေယာမသ်'နေ့တွင် မှန်ကန်သော အမှန်တရားများကို တွေ့မြင်ကြရသည့်အခါ 'ကျွန်ုပ်တို့သည် ကုရ်အာန်အပေါ်၌လည်းကောင်း၊ ရစူလ်အပေါ်၌လည်းကောင်း အီမာန်သက်ဝင်ယုံကြည်ကြပါသည်'ဟု ပြောဆိုကြပေမည်။ သို့ရာတွင် အီမာန်၏ နေရာသည် ၎င်းတို့နှင့် အလွန်ဝေးကွာခဲ့ပြီးဖြစ်ကြောင်းကို ၎င်းတို့မှာ မသိခဲ့ကြပါချေ။ အကြောင်းမှာ အီမာန်သက်ဝင်ယုံကြည်ခြင်းသည် လောက၏ သက်တမ်း၌သာ လက်ခံသောကြောင့် ဖြစ်သည်။ 'အာခေရသ်' တမလွန်သည် 'ဒါရုလ်အမလ်' ('အမလ်'ကျင့်ဆောင်သည့်နေရာ) မဟုတ်ပေ။ တမလွန်၏ 'အမလ်' ကျင့်ဆောင်မှုတစ်ခုခုသည် စာရင်းဝင်မည်မဟုတ်ပေ။ ထို့ကြောင့် အီမာန်သက်ဝင်ယုံကြည်ခြင်းဟူသော စည်းစိမ်ရတနာကို လက်ထုတ်ဆန့်တန်း၍ မ,ယူရန် အဘယ်မှာလျှင် ဖြစ်နိုင်အံ့နည်း။

وَقَدْ كَفَرُوْا بِهٖ وَيَقْذِفُوْنَ بِالْغَيْبِ مِنْ مَّكَانٍۭ بَعِيْدٍ

قَذَفْ ၏ အဓိပ္ပာယ်မှာ 'အရာတစ်ခုခုကို ပစ်ပေါက်ခြင်း'ဟု ဖြစ်သည်။ အာရဗ်တို့၏ ဝေါဟာရတွင် အထောက်အထားမရှိဘဲ မိမိ၏ ထင်မြင်ယူဆချက်ကိုသာ ပြောဆိုသူကို **رجم بالغيب** 'ရဂျ်မ်ဗိလ်ဂိုင်းဗ်'နှင့် **قذف بالغيب** 'ကဇဖ်ဗိလ်ဂိုင်းဗ်'ဟု ခေါ်ဝေါ်သုံးနှုန်းကြသည်။ အဘယ်ကြောင့်ဆိုသော် ဤသူသည် အမှောင်ထဲတွင် ပစ်မှတ်မရှိဘဲ မြားပစ်နေသည်'ဟု ဖြစ်သည်။ ဤနေရာတွင် **مِنْ مَّكَانٍۭ بَعِيْدٍ** ဟူသော စာသားများ၏ အလိုသဘောမှာ '၎င်းတို့ ပြောဆိုနေသမျှတို့သည် ၎င်းတို့၏ နှလုံးသားများနှင့် ဝေးကွာနေပြီ။ ၎င်းတို့၏ နှလုံးသားသည် ထိုစကားများကို ယုံကြည်ခြင်းလည်း အလျဉ်းမရှိကြပေ' ဟု ဖြစ်သည်။

وَحِيلَ بَيْنَهُمْ وَبَيْنَ مَا يَشْتَهُونَ

ဆိုလိုသည်မှာ ၎င်းတို့ နှစ်သက်၍ လိုလားသော အရာများကို ၎င်းတို့နှင့် ထိုအရာများကြားတွင် အကာအဆီးပြု၍ ၎င်းတို့အဖို့ လက်မဲ့စေခြင်းဖြစ်သည်။ ဤအကြောင်းအရာသည် 'ကေယာမသ်'၏ အခြေအနေပေါ်၌လည်း သက်ရောက်ခြင်း ဖြစ်သည်မှာ 'ကေယာမသ်'နေ့တွင် ၎င်းတို့သည် လွတ်မြောက်အောင်မြင်မှုနှင့် 'ဂျန္နသ်'ကို လိုလားကြပေမည်။ ထိုနေရာသို့ ရောက်ရှိကြမည်ကား မဟုတ်ပေ။ ဤအကြောင်းအရာသည် ဒွန္နယာလောကတွင် သေခြင်းတရားနှင့်လည်း သက်ဆိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် လောကတွင် ၎င်းတို့သည် လောက၏ စည်းစိမ်ချမ်းသာ၊ ဥစ္စာပစ္စည်းများကို လိုလားသူများ ဖြစ်ကြသည်။ သေခြင်းတရားသည် ၎င်းတို့ နှစ်သက်မြတ်နိုးသော အရာများ၏ ကြားအလယ်တွင် အတားအဆီးပြု၍ ၎င်းတို့ကို ထိုအရာများနှင့် ခွဲပစ်လိုက်မည်။

كَمَا فُعِلَ بِأَشْيَاعِهِمْ

أشياع ဟူသော စာလုံးသည် **شيعة** ဟူသော စာလုံး၏ အများကိန်းဖြစ်သည်။ လူတစ်ဦးတစ်ယောက်၏ နောက်လိုက်ပြုခြင်းနှင့် အယူအဆတူညီခြင်းကို **شيعه** (၎င်း၏ လမ်းစဉ်တူသူ) ဟုခေါ်ဆိုသည်။ အလိုသဘောမှာ 'မိမိတို့ကို လိုလားနှစ်သက်သော အရာများမှ ဝေးကွာစေသော 'အဇားဗ်' အပြစ်ဒဏ် ပေးခံရခြင်းကို ဆိုလိုသည်။ ဤ 'အဇားဗ်'အပြစ်ဒဏ်ကိုပင် ၎င်းတို့၏အလျင် ရှိခဲ့ကြသော 'ကုဖ္ဖရ်'သွေဖည် ငြင်းပယ်ခြင်းကို ပြုခဲ့ကြသူတို့အားလည်း ပေးခဲ့ပြီး ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဤသူတို့သည် ဒွိဟသံသယ၌ နစ်မွန်းလျက်ရှိကြသောကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတို့သည် တမန်တော်မြတ် ﷺ ၏ နဗီဖြစ်ခြင်းကိုလည်းကောင်း၊ ကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အသျှင်မြတ်၏ မုက္ခပါဌ်တော် ဖြစ်ခြင်းကိုလည်းကောင်း ယုံကြည်သက်ဝင်သူများ မဟုတ်သောကြောင့်ပင် ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်ဖာတွိရ်

စတင်ဖန်ဆင်းတော်မူသော အသျှင် ကဏ္ဍ

بِسۡمِ ٱللَّهِ ٱلرَّحۡمَٰنِ ٱلرَّحِيمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

ٱلۡحَمۡدُ لِلَّهِ فَاطِرِ ٱلسَّمَٰوَٰتِ وَٱلۡأَرۡضِ جَاعِلِ ٱلۡمَلَٰٓئِكَةِ رُسُلًا
أُوْلِيٓ أَجۡنِحَةٖ مَّثۡنَىٰ وَثُلَٰثَ وَرُبَٰعَۚ يَزِيدُ فِي ٱلۡخَلۡقِ مَا يَشَآءُۚ إِنَّ ٱللَّهَ
عَلَىٰ كُلِّ شَيۡءٖ قَدِيرٞ ①

၃၅ : ၁ ။ ။ ချီးမွမ်းထောပနာအပေါင်းတို့သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ တီထွင်ဖန်ဆင်းတော်မူသော အတောင်ပံနှစ်ခုစီ၊ သုံးခုစီ၊ လေးခုစီရှိသော 'မလာအေကာဟ်' ကောင်းကင်တမန်တို့အား စေတမန်များအဖြစ် ခန့်အပ်တော်မူသော အလ္လာဟ်အသျှင်မြတ်နှင့်သာ ထိုက်သင့်၏။ ထိုအသျှင်မြတ်သည် ဖန်ဆင်းမှု၌ မိမိ အလိုရှိတော်မူသည့် အရာကို ပိုမိုတိုးပွား များပြားစေတော်မူ၏။ ဧကန်အမှန် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

مَّا يَفۡتَحِ ٱللَّهُ لِلنَّاسِ مِن رَّحۡمَةٖ فَلَا مُمۡسِكَ
لَهَاۖ وَمَا يُمۡسِكۡ فَلَا مُرۡسِلَ لَهُۥ مِنۢ بَعۡدِهِۦۚ وَهُوَ ٱلۡعَزِيزُ ٱلۡحَكِيمُ ②

၃၅ : ၂ ။ ။ အလ္လာဟ်အသျှင်မြတ်က လူတို့အဖို့ ဖွင့်ပေးတော်မူသော ကရုဏာတော်ကို ပိတ်ပင်တားဆီးနိုင်သူဟူ၍ အလျဉ်းမရှိချေ။ ထိုနည်းတူစွာ ထိုအသျှင်မြတ် ပိတ်ပင်တားဆီးတော်မူသော အရာကိုလည်း၊ ထိုအသျှင်မြတ် ပိတ်ပင်တားဆီးတော်မူပြီးနောက် ပို့ပေးနိုင်သူဟူ၍လည်း အလျဉ်းမရှိပြီ။ စင်စစ် ထိုအသျှင်မြတ်သည်ပင် အလွန်တရာ လွှမ်းမိုးတော်မူသော အသျှင်၊ အလွန်တရာ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

يَٰٓأَيُّهَا ٱلنَّاسُ ٱذۡكُرُواْ نِعۡمَتَ ٱللَّهِ عَلَيۡكُمۡۚ هَلۡ مِنۡ خَٰلِقٍ غَيۡرُ ٱللَّهِ
يَرۡزُقُكُم مِّنَ ٱلسَّمَآءِ وَٱلۡأَرۡضِۚ لَآ إِلَٰهَ إِلَّا هُوَۖ فَأَنَّىٰ تُؤۡفَكُونَ ③

၃၅ : ၃ ။ ။ အို၊ လူခပ်သိမ်းတို့၊ အသင်တို့သည် မိမိတို့အပေါ်၌ အလ္လာဟ်အသျှင်မြတ်က ပြုတော်မူခဲ့သော ကျေးဇူးတော်များကို ပြန်လည်အောက်မေ့ သတိရကြလေကုန်။ အလ္လာဟ်အသျှင်မြတ်အပြင် အသင်တို့အား မိုးကောင်းကင်နှင့် ပထဝီ

မြေမှ စားနပ်ရိက္ခာပေးသည့် ဖန်ဆင်းသူဟူ၍ တစ်ဦးတစ်ယောက်မျှပင် ရှိပါသေးသလော။ ထိုအသျှင်မြတ်မှတစ်ပါး (အခြား) ဆည်းကပ်ကိုးကွယ်ရာ အသျှင်ဟူ၍ အလျဉ်းမရှိပြီ။ သို့ပါလျက် အသင်တို့သည် မည်သို့ ပြန်လှည့်သွားကြလေသနည်း။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ချီးမွမ်းထောပနာအပေါင်းတို့သည် မိုးကောင်းကင်များကိုလည်းကောင်း၊ မြေပထဝီကိုလည်းကောင်း တီထွင်ဖန်ဆင်းတော်မူသော အသျှင်၊ တောင်ပံနှစ်ခု၊ သုံးခု၊ လေးခုစီ ရှိသော 'မလာအေကာဟ်' ရှစ်ရှ်သာဟ်များကို သတင်းပို့သူ စေတမန်များအဖြစ် ပြုလုပ်တော်မူသော အလ္လာဟ်အသျှင်မြတ်နှင့်သာ ထိုက်သက်ပေသည်။ (သတင်းပို့သူဆိုသည်မှာ နဗီတမန်တော်တို့ထံသို့ ရှရီအသ်တရားတော်၏ အမိန့်တော်များနှင့် စပ်လျဉ်း၍ ဖြစ်စေ၊ (သို့) သတင်းကောင်းပေးခြင်း စသည်တို့အတွက်ဖြစ်စေ 'ဝဟီ'ပို့ဆောင်ပေးခြင်းကို ဆိုလိုသည်။ အတောင်ပံများ၏ အရေအတွက်မှာ (၄) ခုစီ အထိသာ ရှိသည်မဟုတ်ဘဲ) ထိုအသျှင်မြတ်သည် ဖန်ဆင်းမှုတွင် မိမိအလိုတော်ရှိသည့် အရာကို ပိုမိုစေတော်မူသည်။ (အချို့ဖရစ်ရှ်သာဟ်များတွင် တောင်ပံ (၆၀၀) အထိ ဖန်ဆင်းပေးထားတော်မူကြောင်း ဟဒီးစ်တော်တွင် ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ကောင်းကင်တမန်နှင့် စပ်လျဉ်း၍ လာရှိထားပေသည်။) စေကန်အမှန် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့အပေါ် စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (အရာရာကို စွမ်းဆောင်နိုင်တော်မူခြင်းတွင်လည်း မည်သူမျှ တားဆီးမည့်သူ မရှိပေ။)

အလ္လာဟ်အသျှင်မြတ်က လူတို့အတွက် ဖွင့်ပေးတော်မူသော 'ရဟ်မသ်'ကရုဏာတော် (ဥပမာ- မိုးရွာသွန်းပေးခြင်း၊ သစ်ပင်များ ပေါက်ရောက်စေခြင်းနှင့် ရှိရှိသမျှသော ရိဇ်စားနပ်ရိက္ခာများ) ကို ပိတ်ပင်တားဆီးနိုင်သူဟူ၍ အလျဉ်းမရှိပေ။ ထိုအသျှင်မြတ်မှ ပိတ်ပင်တားဆီးတော်မူထားသည့် အရာကိုလည်း ထို (သို့ ပိတ်ပင်တားဆီးတော်မူပြီး) နောက် မည်သူမျှ ပြန်လည်ပွင့်စေနိုင်သူဟူ၍ မရှိပေ။ (ထိုအသျှင်မြတ်ကိုယ်တော်တိုင်သာလျှင် ပိတ်ပင်ခြင်းနှင့် ကျယ်ဝန်းပွင့်စေခြင်းတို့ကို ပြုနိုင်တော်မူပါသည်။) ထိုအသျှင်မြတ်သည်ပင် လွှမ်းမိုးတော်မူခြင်း (စွမ်းဆောင်နိုင်တော်မူခြင်းနှင့်) အလွန်တရာ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

(ဆိုလိုသည်မှာ ဖွင့်ပေးခြင်းနှင့် ပိတ်ပင်ခြင်းတို့အပေါ် စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်လည်း ဖြစ်တော်မူသည်။ ထို့ပြင် ပိတ်ပင်ခြင်းနှင့် ကျယ်ဝန်းစေခြင်းတို့သည် အမြဲတစေ ဉာဏ်အမြော်အမြင်နှင့် သိတော်မူခြင်းတို့ဖြင့် ဖြစ်သည်။)

အို၊ လူသားအပေါင်းတို့၊ (ထိုအသျှင်မြတ်၏ တန်ခိုးတော်သည် ပြည့်စုံတော်မူသကဲ့သို့ ထိုအသျှင်မြတ်၏ ကျေးဇူးတော်များသည်လည်း ပြည့်စုံတော်မူပါသည်။ ထိုအသျှင်မြတ်၏ ကျေးဇူးတော်များမှာ မည်သို့မျှ ရေတွက်၍ မရနိုင်ပါ။ ထို့ကြောင့်) အသင်တို့အပေါ်၌ ရှိသော အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များကို အောက်မေ့တသ သတိရကြကုန်။ (ထို့နောက် ထိုအသျှင်မြတ်၏ ကျေးဇူးတရားကို သိကြကုန်။

ထိုကျေးဇူးတရားဆိုသည်မှာ 'ခ်ေသာင်ဟီး'ဒ်'ကို လက်ခံကြကုန်။ ရှရစ်က်ကို စွန့်လွှတ်ကြကုန်။ အနည်းဆုံး ထိုအသျှင်မြတ်၏ ကြီးမားသည့် ကျေးဇူးတော်နှစ်ပါးဖြစ်သော ဖန်ဆင်းခံများကို ဖန်ဆင်းခြင်းနှင့် ထိုဖန်ဆင်းခံများကို တည်ရှိနေစေခြင်းအပေါ် စဉ်းစားဆင်ခြင်ကြကုန်။) မိုးကောင်းကင်မှလည်းကောင်း၊ မြေပထဝီမှလည်းကောင်း အသင်တို့အား ရိဇ်ဇ်ရိက္ခာ ပေးပို့သူ အလ္လာဟ်အသျှင်မြတ်အပြင် အခြားသူ ရှိပါသလား။ (ဆိုလိုသည်မှာ ထိုအသျှင်မြတ်မှအပ အခြားမည်သူမျှ အဖန်ဆင်းခံများကို ဖန်ဆင်းနိုင်သူဟူ၍ မရှိ၊ ထိုဖန်ဆင်းထားပြီးဖြစ်သည့် အဖန်ဆင်းခံများ တည်ရှိနေရန် ရိဇ်စားနပ်ရိက္ခာ ပို့ဆောင်ပေးနိုင်သူလည်း မည်သူမျှ မရှိပေ။ သို့ဖြစ်ပေရာ ထိုအသျှင်မြတ်သည် ရှထောင့်ပေါင်းစုံမှ ပြည့်စုံကုံလုံတော်မူကြောင်းကို သိရှိရပေသည်။ ကေန်မုချ ထိုအသျှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခြင်း ခံထိုက်သူဟူ၍ (လည်း) မရှိပါ။ သို့ပါလျက် (ထိုအသျှင်မြတ်သာ ကိုးကွယ်ခြင်းခံထိုက်သူ ဖြစ်ပါလျက်) အသင်တို့သည် (ရှရစ်က်အမှုကို ကျူးလွန်လျက်) မည်သို့ ပြန်လှည့်သွားကြပါသနည်း။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

جَاعِلِ الْمَلٰٓئِكَةِ رُسُلًا

ဖရစ်ရှ်သာဟ်များအား ရစူလ် (ဝါ) အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များ ပို့ဆောင်ပေးသူအဖြစ် ပြုလုပ်ခြင်း၏ ပေါ်လွင်သော အလိုသဘောမှာ ၎င်းတို့အား နဗီတမန်တော်များထံသို့ သံတမန်အဖြစ် သတ်မှတ်၍ စေလွှတ်တော်မူခြင်းဖြစ်သည်။ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို ထိုနဗီတမန်တော်တို့ထံ ပို့ဆောင်ပေးခြင်း ဖြစ်သည်။ ထို့ပြင် ရစူလ်၏ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ အဖန်ဆင်းခံများအကြား ဆက်သွယ်ပေးသူလည်း ဖြစ်နိုင်သည်။ ၎င်းတို့တွင် နဗီတမန်တော်တို့သည် အမြတ်ဆုံးနှင့် အမြင့်ဆုံး ဖြစ်ကြသည်။ ထိုနဗီတမန်တော်များနှင့် အလ္လာဟ်အသျှင်မြတ်၏ အကြား၌လည်း 'ဝဟီ'၏ ဆက်သွယ်မှုဖြစ်ပေသည်။ ထို့ပြင် အဖန်ဆင်းခံများအပေါ် အလ္လာဟ်အသျှင်မြတ်၏ 'ရဟ်မသ်' ကရုဏာတော် (သို့) 'အဇားဗ်'အပြစ်ဒဏ်ပို့ချခြင်းများလည်း ဖရစ်ရှ်သာဟ်များ၏ ဆက်သွယ်မှုဖြင့်ပင် ဖြစ်သည်။

أُولِىٓ أَجْنِحَةٍ مَّثْنٰى وَثُلٰثَ وَرُبٰعَ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ဖရစ်ရှ်သာဟ်များအား အတောင်ပံများကို ချီးမြှင့်တော်မူထားသည်။ ထိုအတောင်ပံများအားဖြင့် ၎င်းတို့သည် ပျံသန်းနိုင်ကြသည်။ ၎င်းတို့သည် မိုးကောင်းကင်မှ ကမ္ဘာမြေပြင်ထိ ခရီးကို အကြိမ်ကြိမ် ဖြတ်သန်းသွားလာကြသည်မှာ ထိုသို့ အတောင်ပံများ ပေးရခြင်းနှင့်ပတ်သက်၍ အသျှင်မြတ်၏ လျှို့ဝှက်ချက် အမြော်အမြင်ဖြစ်ကြောင်း ထင်ရှားပေသည်။ ဤသည်မှာ ၎င်းတို့အား လျင်မြန်စွာ ခရီးနှင်နိုင်သည့် အင်အားကို ပေးသော အချိန်တွင်သာ ဖြစ်နိုင်ပေသည်။ ထို့ပြင် ထိုအင်အားသည် ပျံသန်းသော ပုံသဏ္ဌာန်၌သာ ဖြစ်သည်။

مَثْنَىٰ وَثُلَاثَ وَرُبَاعَ ဟူသော စာလုံးများသည် أَجْنِحَة ၏ ဝိသေသဂုဏ်ပုဒ်များဖြစ်ကြောင်း ထင်ရှားသည်။ အဘယ်ကြောင့်ဆိုသော် ဖရစ်ရှ်သာဟ်များတွင် အတောင်ပံအမျိုးမျိုး ရှိကြသည်။ အချို့ ဖရစ်ရှ်သာဟ်များတွင် တောင်ပံနှစ်စုံသာရှိပြီး အချို့မှာ သုံးစုံနှင့် အချို့မှာ လေးစုံရှိကြသည်။ ဤတောင်ပံ အရေအတွက်တွင် မည်သည့်ကန့်သတ်မှုမျှ မရှိပေ။ ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်း၏ ဟဒီးစ်တော်ဖြင့် ဟဇရသ် ဂျိဗ်ရာအီးလ် ﷺ တွင် တောင်ပံ (၆၀၀) ရှိကြောင်း အထောက်အထားများ ရှိပေသည်။ ပမာခိုင်းနှိုင်းသည့် အနေဖြင့်သာ (၄) ခုအထိ တင်ပြခြင်းဖြစ်သည်။ *[ကုရ်သုဗီကျမ်း၊ အိဗ်နေကစီးရ်ကျမ်း။]*

مَثْنَىٰ وَثُلَثَ ဟူသော စာလုံးသည် رُسُلًا ၏ ဝိသေသ ဂုဏ်ပုဒ်လည်း ဖြစ်နိုင်သည်။ ဆိုလိုသည်မှာ ဤ ဖရစ်ရှ်သာဟ်များသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ အမိန့်တော်များကို လောကသို့ ပို့ဆောင် ပေးကြရသည်။ တစ်ခါတစ်ရံ နှစ်ပါးစီဖြစ်ပြီး တစ်ခါတစ်ရံ သုံးပါးစီ၊ တစ်ခါတစ်ရံ လေးပါးစီဖြင့် ဆင်းသက် လာကြရသည်။ ဤပုံစံ၌လည်း လေးပါးစီဟူသော အရေအတွက်မှာ ကန့်သတ်ချက်အတွက် မဟုတ်ဘဲ ပမာခိုင်းနှိုင်းခြင်း ပုံသဏ္ဌာန်သာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအရေအတွက်ထက်ပင် အလွန် များပြားသော အရေအတွက်ရှိသည့် ဖရစ်ရှ်သာဟ်များ ဆင်းသက်ကြကြောင်းမှာ ကုရ်အာန်ကျမ်းတော် မြတ်၌ပင် အထောက်အထားရှိသောကြောင့် ဖြစ်သည်။ *[အဗူဟိုင်ယာန်]*

يَزِيدُ فِى الْخَلْقِ مَا يَشَآءُ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်အဖို့ မိမိ၏ အဖန်ဆင်းခံများကို ဖန်ဆင်းရာတွင် အလိုရှိသည့် အရေအတွက်၊ အလိုရှိသည့် အမျိုးအစားများကို သာပို များပြားစွာလည်း ဖန်ဆင်းနိုင်စွမ်းသော အသျှင် မြတ် ဖြစ်တော်မူသည်။ ဤအကြောင်း ဆက်နွယ်မှုမှာ ဖရစ်ရှ်သာဟ်များ၏ အတောင်ပံတို့တွင် နှစ်စုံ၊ သုံးစုံနှင့် လေးစုံတို့မျှသာ ကန့်သတ်ထားခြင်းမရှိဘဲ အလ္လာဟ်အသျှင်မြတ် အလိုတော်ရှိပါက ထိုအရေ အတွက်ထက် အလွန်များပြားသော အရေအတွက်လည်း ဖြစ်နိုင်သည်။ အများစုအဖွင့်ပညာရှင်တို့၏ အဆိုမှာ ဤအတိုင်းသာ ဖြစ်သည်။ ဇုဟ်ရီး (ရဟ) နှင့် ကသာဒဟ် (ရဟ) စသော အဖွင့်အေမာမ်ကြီးများက 'ဤများပြားစွာသော ဖန်ဆင်းခြင်းဟူသည် အများအတွက်ဖြစ်သော အဓိပ္ပာယ်ကို ဆိုလိုသည်။ ဤဆိုလို ချက်တွင် ဖရစ်ရှ်သာဟ်တို့၏ အတောင်ပံများပြားခြင်းလည်း ပါဝင်သည်။ လူအမျိုးမျိုးတို့အား ဖန်ဆင်းရာ တွင် ထူးခြားသော ဝိသေသဂုဏ်ပုဒ် များပြားခြင်းလည်း ပါဝင်သည်။ ထိုထူးခြားမှုတွင် ရုပ်လှခြင်း၊ စိတ်ထားလှခြင်း၊ အသံကောင်းခြင်း စသော ဂုဏ်ပုဒ်များလည်း ပါဝင်သည်။ အဘူဟိုင်ယာန်းသည် ဗဟ်ရေ မုဟီးသွ်ကျမ်းတွင် ဤအကြောင်းကိုပင် မိန့်ဆိုထားသည်မှာ 'ဤများပြားစွာ ဖန်ဆင်းခြင်းတွင် စာရိတ္တ ကောင်းမွန်ခြင်း၊ အသံကောင်းခြင်း၊ စာရေး (လက်ရေးလှ) ကောင်းခြင်း၊ ရုပ်လှခြင်း၊ ဦးနှောက်နှင့် အသိတရားပြည့်ဝခြင်း စကားပြောချိုသာခြင်း စသည်တို့ ပါဝင်သည်ဟု ဖြစ်သည်။ ဤဒုတိယသဖိစီးရ်အရ လူသားအဖို့ မည်သည့်ကောင်းခြင်းများပင် ရရှိသည်ဖြစ်စေ၊ ထိုကောင်းခြင်းသည် အလ္လာဟ်အသျှင်မြတ်က ချီးမြှင့်တော်မူသော ကျေးဇူးတော်သာ ဖြစ်သည်။ ထိုကျေးဇူးတော်အား ကျေးဇူးသိတတ်ရပေမည်။

مَا يَفْتَحِ اللّٰهُ لِلنَّاسِ مِنْ رَّحْمَةٍ فَلَا مُمْسِكَ لَهَا

ဤနေရာတွင် **رحمت** 'ရဟ်မသ်'ဟူသော စာလုံးသည် အများအတွက် ဖြစ်သည်။ သာသနာရေးနှင့် တမလွန်ရေးအတွက် ကျေးဇူးတော်များလည်း ပါဝင်ပေသည်။ ဥပမာ- အီမာန်၊ ပညာ၊ ကောင်းမှုကိုယ်ကျင့်တရား၊ 'နဗူဝသ်'နှင့် ဝလီသူတော်စင်ဖြစ်ခြင်း စသည်တို့ ဖြစ်သည်။ ထို့ပြင် လောကီရေးကျေးဇူးတော်များလည်း ပါဝင်သည်။ ဥပမာ- ရိဇ္ဇီရိက္ခာ၊ ဥစ္စာပစ္စည်းများ၊ သိက္ခာ စသည်တို့ ဖြစ်သည်။ အာယသ်တော်၏ အဓိပ္ပာယ်တွင် ပေါ်လွင်သည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် လူတစ်ဦးအတွက် မိမိ၏ 'ရဟ်မသ်' ကရုဏာတော်ကို ဖွင့်ပေးရန် ရည်ရွယ်တော်မူပါက ထိုရည်ရွယ်ချက်ကို မည်သူမျှ တားဆီးပိတ်ပင်နိုင်စွမ်းမရှိပေ'ဟု ဖြစ်သည်။ 'အရာတစ်ခုခုကို ပိတ်ပင်တော်မူပါလျှင် ထိုအရာကို မည်သူမျှ ဖွင့်နိုင်သည်မဟုတ်ပါ'ဟု ဖြစ်သည်။ ဤနေရာတွင် လောက၏ ဒုက္ခဘေးဗလာများသည်လည်း ပါဝင်ပေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် ထိုဒုက္ခများကို မိမိ၏ ကျွန်တစ်ဦးဦးမှ တားဆီးလိုတော်မူသည့်အခါ ထိုကျွန် (လူသား) အား မည်သူတစ်ဦးတစ်ယောက်ကမျှ ဒုက္ခရောက်စေနိုင်သည်မဟုတ်ပါ။ ထို့ပြင် ဤစာလုံးများ၏ အလိုသဘောတွင် 'ရဟ်မသ်'ကရုဏာတော်သည်လည်း အကျုံးဝင်သည်မှာ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အမြော်အမြင်တစ်စုံတစ်ရာအားဖြင့် လူတစ်ဦးတစ်ယောက်ကို 'ရဟ်မသ်' ကရုဏာတော်မှ ကင်းဝေးစေတော်မူလိုပါလျှင် ၎င်းအား 'ရဟ်မသ်' ကရုဏာတော်ပေးရန် မည်သူ့တွင်မှ စွမ်းအားမရှိပါ'ဟု ဖြစ်သည်။ *[အဘူဟိုင်ယာန်း]*

ဤအာယသ်တော်၏ အကြောင်းအရာနှင့် စပ်လျဉ်း၍ပင် ဟဒီးစ်တော်တစ်ပါး လာရှိသည်မှာ ဟဇရသ်မုအာဝိယဟ် ﵁ သခင်သည် မိမိ၏ 'ကူဖဟ်' (နယ်စား) ဟဇရသ်မုဂီရဟ်ဗင်န်ရှုအ်ဗာဟ် ﵁ ထံ စာရေး၍ 'တမန်တော်မြတ် ﷺ ထံမှ သင်ကြားသိခဲ့ရသည့် ဟဒီးစ်တော်တစ်ပုဒ်ကို ကျွန်ုပ်ထံ ရေးသားပို့ပေးပါ'ဟု အကြောင်းကြားလေသောအခါ ဟဇရသ်မုဂီရဟ်ဗင်န်ရှုအ်ဗာဟ် ﵁ က မိမိ၏ စာရေးကိုခေါ်၍ ရေးသားစေသည်မှာ 'တမန်တော်မြတ် ﷺ သည် နမာဇ်ပြီးမြောက်သော အချိန်တွင်

اَللّٰهُمَّ لَا مَانِعَ لِمَا اَعْطَيْتَ وَلَا مُعْطِيَ لِمَا مَنَعْتَ وَلَا يَنْفَعُ ذَا الْجَدِّ مِنْكَ الْجَدُّ

အို၊ အလ္လာဟ်အသျှင်မြတ်၊ အသျှင်မြတ်က တစ်စုံတစ်ဦးအား ပေးသနားတော်မူသည်ကို တားဆီးပိတ်ပင်သူ မည်သူတစ်ဦးတစ်ယောက်မျှ မရှိပါ။ အသျှင်မြတ်က ပိတ်ပင်တားဆီးတော်မူထားသည်ကိုလည်း မည်သူကမျှ ပေးစွမ်းနိုင်ခြင်း မရှိပါ။ အသျှင်မြတ်၏ ဆန္ဒတော်ကို ဆန့်ကျင်ရန် မည်သည့်ကြီးစားသူ၏ ကြိုးစားမှုမျှ အကျိုးဖြစ်ထွန်းမည်မဟုတ်ပါ'ဟူသော စာပိုဒ်များအား ရွတ်ဖတ်သည်ကို ကျွန်ုပ် ကြားသိခဲ့ရပါသည်'ဟု ဖြစ်သည်။ *[အိဗ်နေကဆီးရ်]*

ထို့ပြင် ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်း၌ ဟဇရသ်အဘူစအီးဒ်ခွဒ်ရီ ﵁ ၏ ဆင့်ပြန်ချက်၌ လာရှိသည်မှာ ဤစာပိုဒ်များကို ကိုယ်တော်မြတ် ﷺ သည် ရုကူအ်မှ ဦးခေါင်းကြွသောအခါ၌ ဖတ်ရွတ်တော်မူခဲ့ခြင်း ဖြစ်သည်။ ဤစာပိုဒ်များကို ဖတ်ရွတ်ခြင်း မပြုမီအလျှင် ကိုယ်တော်မြတ် ﷺ သည်

احق ماقال العبد وكلّنالك ،

(ဆိုသည်မှာ မည်သည့်ကျွန်လူသားမဆို ပြောဆိုဖတ်ရွတ်ခွင့်ရှိသော စာပိုဒ်များအနက် ဤစာပိုဒ်များသည် ပို၍ ဖတ်ရွတ်ရန် ထိုက်သော ဦးစားပေးခြင်းခံရသော၊ အမြင့်မားဆုံးသော စာပိုဒ်များဖြစ်သည်) ဟု မိန့်တော်မူခဲ့သည်။

အလ္လာဟ်အသျှင်မြတ်အပေါ် ယုံပုံကိုးစားခြင်းသည် ဒုက္ခအပေါင်းမှ လွတ်ကင်းရာဖြစ်ခြင်း

ဖော်ပြပါအာယသ်တော်သည် လူသားအား သင်ခန်းစာပေးလေသည်မှာ 'အလ္လာဟ်အသျှင်မြတ်မှအပ အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးဆုတ်ယုတ်မှုတို့၏ မျှော်လင့်ချက်နှင့် အကြောက်တရား မည်သူ့အပေါ်မျှ မထားရပေ' ဟု ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်အပေါ်၌အာ အာရုံထားရမည်။ ဤသည် လောကီနှင့် လောကုတ္တရာ၏ ကောင်းကျိုးနှင့် ထာဝရသုခချမ်းသာမှုအတွက် ဆေးညွှန်းဖြစ်သည်။ ထို့ပြင် လူသားအဖို့ မြောက်မြားစွာသော ပူဆွေးမှုများနှင့် သောကအပေါင်းမှ လွတ်မြောက်မှုကို ပေးသော အရာလည်း ဖြစ်သည်။

[ရူးဟွလ်မအာနီကျမ်း]

ဟဇရသ်အာမိရ်ဗင်နံအဗ်ဒ်ကိုင်းစ် ﵁ က မိန့်ဆိုသည်မှာ 'ကျွန်ုပ်သည် နံနက်အချိန်အခါ၌ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော် (၄) ပါးကို ဖတ်ရွတ်သည့်အခါ ကျွန်ုပ်အဖို့ နံနက်တွင် မည်သည့်အရာ ဖြစ်လိမ့်မည်။ ညနေတွင် မည်သည့်အရာ ဖြစ်လိမ့်မည်'ဟူသော သောက မရှိတော့ပါ။ ထိုအာယသ်တော်များမှာ

(၁) مَا يَفْتَحِ اللّٰهُ لِلنَّاسِ مِنْ رَّحْمَةٍ فَلَا مُمْسِكَ لَهَا وَمَا يُمْسِكْ فَلَا مُرْسِلَ لَهٗ مِنْ بَعْدِهٖ

အလ္လာဟ်အသျှင်မြတ်က လူတို့အဖို့ ဖွင့်ပေးတော်မူသော ကရုဏာတော်ကို ပိတ်ပင်တားဆီးနိုင်စွမ်း ဟူ၍ အလျဉ်းမရှိချေ။ ထိုနည်းတူစွာ ထိုအသျှင်မြတ် ပိတ်ပင်တားဆီးတော်မူသော အရာကိုလည်း ထိုအသျှင်မြတ် ပိတ်ပင်တားဆီးပြီးနောက် ပို့ပေးနိုင်သူဟူ၍လည်း အလျဉ်းမရှိပြီ။ [၃၅ : ၂]

(၂) اِنْ يَّمْسَسْكَ اللّٰهُ بِضُرٍّ فَلَا كَاشِفَ لَهٗ اِلَّا هُوَ وَاِنْ يُّرِدْكَ بِخَيْرٍ فَلَا رَآدَّ لِفَضْلِهٖ

၄င်းပြင် အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် အသင့်အား ဘေးအန္တရာယ် တစ်စုံတစ်ရာ သက်ရောက်စေတော်မူခဲ့ပါလျှင် ထိုအသျှင်မြတ်မှတစ်ပါး ယင်းဘေးအန္တရာယ်ကို ဖယ်ရှားကင်းဝေးပေးနိုင်သူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိပြီ။ ထိုနည်းတူစွာ အကယ်၍ ထိုအသျှင်မြတ်သည် အသင့်အား တစ်စုံတစ်ရာ အကျိုးကျေးဇူးကို (ဖြစ်ထွန်းစေရန်) ရည်စူးတော်မူပါလျှင်လည်း မည်သူမျှ ထိုကျေးဇူးကို တွန်းလှယ်ဖယ်ရှားနိုင်သူဟူ၍ မရှိချေ။

[၁၀ : ၁၀၇]

(၃) سَيَجْعَلُ اللّٰهُ بَعْدَ عُسْرٍ يُّسْرًا

အလ္လာဟ်အသျှင်မြတ်သည် ကျပ်တည်းမှု၏ နောက်တွင် မကြာမီပင် ချောင်လည်မှုကို ဖန်တီး၍ ပေးသနားတော်မူပေမည်။ [၆၅ : ၇]

(၄) وَمَا مِنْ دَآبَّةٍ فِى الْاَرْضِ اِلَّا عَلَى اللّٰهِ رِزْقُهَا

အမှန်စင်စစ် ကမ္ဘာမြေဝယ် ရှိရှိသမျှသော သက်ရှိသတ္တဝါအပေါင်းတို့၏ စားနပ်ရိက္ခာ (ပေးသနားတော်မူရန်) မှာ အလ္လာဟ်အသျှင်မြတ်အပေါ်၌သာ တာဝန်ဖြစ်ပေသည်။ [၁၁ : ၆]

စသည့် အာယသ်တော်များ ဖြစ်ပါသည်။ ဟဇရသ်အဗူဟူရိုင်ရာဟ် ﷺ သခင်သည် မိုးရွာသွန်းသည်ကို တွေ့မြင်ရသည့်အခါ

مُطِرْ نَابِنوءِ الْفَتْحِ

(ကျွန်ုပ်တို့အတွက် ဤမိုးရွာသွန်းပေးခြင်းမှာ အလ္လာဟ်အသျှင်မြတ်က ကျွန်ုပ်တို့အဖို့ ဖွင့်ပေးတော်မူသော ကရုဏာတော်များအနက်မှပင် ဖြစ်သည်။) ဟူ၍ ပြောဆိုလေ့ရှိခဲ့သည်။ ထို့နောက်

مَايَفْتَحِ اللّٰهُ لِلنَّاسِ مِنْ رَّحْمَةٍ

ဟူသော အာယသ်တော် ကို ဖတ်ရွတ်တော်မူလေ့ ရှိသည်။ ဤသည်မှာ အာရဗ်တို့၏ မှားယွင်းသော အယူအဆများကို တိုက်ဖျက်ခြင်းဖြစ်ပေသည်။ အာရဗ်တို့သည် မိုးရွာသွန်းခြင်းကို အထူးသီးသန့် ရွေးချယ်ထားသော ကြယ်တာရာများကို ရည်ညွှန်းလျက် 'ကျွန်ုပ်တို့သည် မည်သည့်ကြယ်တာရာကြောင့် ဤမိုးရွာသွန်းခြင်းကို ရရှိကြသည်'ဟု ပြောဆိုကြသည်။ ဟဇရသ်အဗူဟူရိုင်ရာဟ် ﷺ သခင်က 'ကျွန်ုပ်တို့သည် 'ဖသဟ်'အာယသ်တော်များအားဖြင့် ဤမိုးရွာသွန်းခြင်းကို ရရှိကြသည်'ဟု မိန့်ဆိုခဲ့သည်။ 'ဖသဟ်'အာယသ်တော်ဆိုသည်မှာ မိုးရွာသွန်းသည့်အခါ ၄င်းကိုယ်တိုင် ဖတ်ရွတ်သော ဤဖော်ပြပါ အာယသ်တော်များကို ဆိုလိုသည်။ *[မုအဒ္ဒသ္သာဒ်မာမ်မာလိက်]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَاِنْ يُّكَذِّبُوْكَ فَقَدْ كُذِّبَتْ رُسُلٌ مِّنْ قَبْلِكَ ؕ وَاِلَى اللّٰهِ تُرْجَعُ الْاُمُوْرُ ④

၃၅ : ၄ ။ ။ (အို၊ နဗီတမန်တော်) အကယ်၍ ၄င်းတို့သည် အသင့်အား မုသာဝါဒီဟု စွပ်စွဲငြင်းပယ်ကြပါလျှင် (အသင်သည် စိတ်ငြိုငြင်မှု မရှိပါလေနှင့်။) ဧကန်အမှန် အသင့်အလျှင် ရှေးရှုလ်တမန်တော်များသည်လည်း မုသာဝါဒီများဟူ၍ စွပ်စွဲငြင်းပယ်ခြင်း ခံခဲ့ကြရလေ၏။ အမှန်စင်စစ် အရေးကိစ္စအလုံးစုံတို့မှာ အလ္လာဟ်အသျှင်မြတ်ထံတော်သို့သာလျှင် ပြန်လည်ရောက်ရှိကြရပေမည်။

يَٰٓأَيُّهَا ٱلنَّاسُ إِنَّ وَعۡدَ ٱللَّهِ حَقّٞۖ فَلَا تَغُرَّنَّكُمُ ٱلۡحَيَوٰةُ
ٱلدُّنۡيَاۖ وَلَا يَغُرَّنَّكُم بِٱللَّهِ ٱلۡغَرُورُ ٥

၃၅ : ၅ ။ ။ အို၊ လူအပေါင်းတို့၊ စင်စစ် အလ္လာဟ်အသျှင်မြတ် ထားရှိတော်မူသော ကတိတော်သည် မှန်ကန်၏။ သို့ဖြစ်ပေရာ လောကီဘဝ၌ အသက်ရှင်ခြင်းသည်လည်း အသင်တို့အား လှည့်ဖြားခြင်း မပြုစေရ။ လှည့်စားသူ (ရှိုက်သွာန်သည်) လည်း အသင်တို့အား အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ လှည့်ဖြားခြင်း မပြုစေရ။

إِنَّ ٱلشَّيۡطَٰنَ لَكُمۡ عَدُوّٞ فَٱتَّخِذُوهُ
عَدُوًّاۚ إِنَّمَا يَدۡعُواْ حِزۡبَهُۥ لِيَكُونُواْ مِنۡ أَصۡحَٰبِ ٱلسَّعِيرِ ٦

၃၅ : ၆ ။ ။ စင်စစ် ရှိုက်သွာန်သည် အသင်တို့၏ ရန်သူပင် ဖြစ်၏။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုရှိုက်သွာန်အား (မိမိတို့၏) ရန်သူဟူ၍ပင် အသိအမှတ် ပြုကြလေကုန်။ (စင်စစ်) ထိုရှိုက်သွာန်သည် မိမိ၏ ဘက်သားများအား (ငရဲဘုံ၏) မီးတောက်မီးလျှံ၌ လားကြရသူတို့တွင် အပါအဝင် ဖြစ်ကြစေရန်သာလျှင် ဖိတ်ခေါ်လေသည်။

ٱلَّذِينَ كَفَرُواْ لَهُمۡ عَذَابٞ شَدِيدٞۖ وَٱلَّذِينَ ءَامَنُواْ وَعَمِلُواْ ٱلصَّٰلِحَٰتِ لَهُم مَّغۡفِرَةٞ وَأَجۡرٞ كَبِيرٌ ٧

၃၅ : ၇ ။ ။ ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့၌ ပြင်းထန်စွာသော ပြစ်ဒဏ်သည် ရှိချေသည်။ သို့ရာတွင် အီမာန်သက်ဝင် ယုံကြည်၍ ကောင်းမြတ်သည့် အကျင့်သီလများကို ကျင့်မူဆောက်တည်ကြကုန်သော သူတို့အဖို့မှာမူ လွတ်ငြိမ်းချမ်းသာခွင့်သည်လည်းကောင်း၊ ကြီးကျယ်လှစွာသော အကျိုးကျေးဇူးများသည်လည်းကောင်း ရှိပေသည်။

أَفَمَن زُيِّنَ لَهُۥ سُوٓءُ عَمَلِهِۦ فَرَءَاهُ حَسَنٗاۖ فَإِنَّ
ٱللَّهَ يُضِلُّ مَن يَشَآءُ وَيَهۡدِي مَن يَشَآءُۖ فَلَا تَذۡهَبۡ نَفۡسُكَ
عَلَيۡهِمۡ حَسَرَٰتٍۚ إِنَّ ٱللَّهَ عَلِيمُۢ بِمَا يَصۡنَعُونَ ٨

၃၅ : ၈ ။ ။ သို့ဖြစ်ပေရာ မည်သို့ပါနည်း။ မိမိ၏ မကောင်းမှုများသည် မိမိ၏ အမြင်တွင် လှပတင့်တယ်အောင် ပြုလုပ်ခြင်း ခံခဲ့ရသောကြောင့်၊ ယင်းမကောင်းသော အကျင့်အမှုများကို အကောင်းဟူ၍ ထင်မြင်လာသောသူသည် (အမှားကို အမှန်ဟု ထင်မြင်သောသူနှင့် တူလေသည်။) စင်စစ် ဧကန်အမှန် အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား လမ်းမှား၌ ထားတော်မူ၏။ ထိုနည်းတူစွာ မိမိအလိုရှိတော်မူသောသူအား တရားလမ်းမှန်ကို ပြတော်မူ၏။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်၏ အသက်ဇီဝိန်သည် ၎င်းတို့နှင့်ပတ်သက်၍ ဆွေးကာ၊ တွေးကာ မဆုံးပါးစေရ။ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ ပြုမူသမျှတို့ကို ကောင်းစွာ သိရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ နဗီတမန်တော်) အကယ်၍ ၄င်းတို့သည် ('သောင်ဟီးဒ်'နှင့် 'ရိစာလသ်' စသည်တို့နှင့် စပ်လျဉ်း၍) အသင့်အား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြပါလျှင် (အသင်သည် စိတ်ငြိုငြင်မှု မဖြစ်လေနှင့်။ အဘယ်ကြောင့်ဆိုသော်) ကေန်အမှန် အသင်၏အလျင် ရှေးရှုလ်တမန်တော်များသည်လည်း မုသာဝါဒီများဟူ၍ စွပ်စွဲငြင်းပယ်ခြင်း ခံခဲ့ကြရလေသည်။ (ဦးစွာပထမ ဤအကြောင်းကို ကြည့်၍ စိတ်၏ ဖြေသိမ့်မှုကို ရယူပါလေ။) ထို့နောက် (ဒုတိယအချက်မှာ) အရေးကိစ္စအလုံးစုံတို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်၌သာလျှင် ပြန်လည် ရောက်ရှိကြရပေမည်။

(အလ္လာဟ်အသျှင်မြတ်သည် မိမိကိုယ်တိုင်ပင် အရာအားလုံးကို စစ်ဆေးမေးမြန်း အဖြေပေးစေလိမ့်မည်။ အသင်သည် အဘယ်ကြောင့် သောကရောက်နေရပါသနည်း။ ရှေ့၌ လူသားအားလုံးကို ဦးတည်မိန့်ကြားထားသည်မှာ (အို၊ လူသားအပေါင်းတို့၊ 'ကေယာမသ်'ဖြစ်ပေါ်မည့်အကြောင်း သတင်းပေးထားသော (اِلَى اللّٰهِ تُرْجَعُ الْاُمُوْرُ) ကို ကြားနာ၍ အံ့သြတုန်လှုပ်ခြင်း မဖြစ်ကြလေနှင့်။) အလ္လာဟ်အသျှင်မြတ်၏ (ဤ) ကတိတော်သည် မုချမှန်ကန်သည်။ သို့ဖြစ်ပေရာ လောကီဘဝ၌ အသက်ရှင်နေမှုသည် အသင်တို့အဖို့ လှည့်ဖြားခံရခြင်း မဖြစ်စေရ။ (လောကီရေးအတွင်း နစ်မွန်းလျက် အသျှင်မြတ် ကတိတော်ပြုထားသည့် ဤနေ့အား မေ့လျော့မှု ဖြစ်မနေစေရ။) လှည့်စားသူ ရှိုက်သွာန်သည်လည်း အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ အသင်တို့အား လှည့်စားမှုပြုခြင်း မဖြစ်စေရ။

(အသင်တို့သည် ရှိုက်သွာန်၏ ('အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား 'အဇာဗ်'အပြစ်ဒဏ် ပေးတော်မူလိမ့်မည်မဟုတ်'ဟူသော) လှည့်စားမှု၌ မကျရောက်စေကြနှင့်။

وَلَئِنْ رُّجِعْتُ اِلٰى رَبِّىْٓ اِنَّ لِىْ عِنْدَهٗ لَلْحُسْنٰى

ဟု ပြောဆိုလေ့ ရှိကြသည့်အတိုင်း ဖြစ်ပေသည်။ ထို့ပြင်) ဤရှိုက်သွာန်သည် (၄င်း၏ လှည့်ဖြားမှုများကို အထက်၌ တင်ပြခဲ့ပြီး ဖြစ်သည်။) မုချကေန် အသင်တို့၏ ရန်သူဖြစ်သည်။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုရှိုက်သွာန်အား (မိမိတို့၏) ရန်သူ (ဟုပင်) သိမှတ်လျက်ရှိကြကုန်။ ထိုရှိုက်သွာန်သည် မိမိ၏ ဘက်တော်သားများကို (မိမိ၏ နောက်လိုက်ပြုသူများကို လမ်းမှားဘက်သို့) ငရဲဘုံသား မီးတောက်မီးလျှံ၌ လာကြရသူတို့တွင် အပါအဝင်ဖြစ်ကြစေရန်သာ ဖိတ်ခေါ်မှုပြုလေသည်။

(သို့ဖြစ်ပေရာ) ကာဖိရ်သွေဖည်ငြင်းပယ်သူတို့အတွက် (ထိုရှိုက်သွာန်၏ ဖိတ်ခေါ်မှုနှင့် လှည့်ဖြားခြင်း ခံရသူများဖြစ်ကြ၍) ပြင်းထန်စွာသော 'အဇာဗ်'ပြစ်ဒဏ်ရှိသည်။ ထို့ပြင် အီမာန်သက်ဝင် ယုံကြည်လျက် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြသူတို့ (ထိုရှိုက်သွာန်၏ ဖိတ်ခေါ်မှုနှင့် လှည့်ဖြားခြင်း မခံရသူများ) အတွက် (ပြစ်မှုများမှ) လွတ်ငြိမ်းချမ်းသာခွင့်နှင့် (အီမာန်နှင့် ကောင်းမှုများ ပြုကျင့်သည်အပေါ်) ကြီးကျယ်လှစွာသော အကျိုးအစား ရှိပေသည်။

(ကာဖိရ်တို့၏ နိဂုံးသည် ပြင်းထန်သော 'အဇာဗ်'အပြစ်ဒဏ်နှင့် မုအ်မင်န်တို့၏ နိဂုံးမှာ 'မဂ်ဖိရသ်' လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကြီးမားသော အကျိုးကုသိုလ်များကို မြင်တွေ့ရလေသောအခါ) သို့ဖြစ်ပေရာ မည်သို့ပါနည်း။ (နှစ်မျိုးစလုံးသည် တန်းတူဖြစ်နိုင်ပါသလား။) မိမိ၏ မကောင်းမှုများကို မိမိ၏အမြင်တွင် ကောင်းမွန်အောင် ပြုလုပ်ခြင်းခံရသောကြောင့် ထိုမကောင်းမှုကို အကောင်းဟု ထင်မြင်သောသူသည် မကောင်းမှုကို မကောင်းမှုဟု ထင်မြင်သောသူနှင့် တန်းတူဖြစ်နိုင်ပါသလား။ (ပထမလူသည် ရှိုက်သွာန် ၏ ဖြားယောင်းမှုဖြင့် လမ်းမှားကို လမ်းမှန်၊ နစ်နာဆုံးရှုံးမှုကို အကျိုးဖြစ်ထွန်းစေသော အရာဟူ၍ ထင်မြင် ယူဆသော ကာဖိရ်ကို ဆိုလိုသည်။ ဒုတိယလူမှာ နဗီတမန်တော်တို့၏ နောက်သို့ လိုက်ပြီး ရှိုက်သွာန်ကို ဆန့်ကျင်လျှင် အမှားကို အမှား၊ အမှန်ကို အမှန်၊ နစ်လိုမှုကို နစ်လိုမှု၊ အကျိုးဖြစ်ထွန်းစေသော အရာကို အကျိုးဖြစ်ထွန်းစေသော အရာဟု ယူဆသော မုအ်မင်န်ဖြစ်သည်။ ဆိုလိုသည်မှာ ထိုနှစ်ဦးတို့တွင် အဘယ်မှာလျှင် တန်းတူဖြစ်နိုင်ပါမည်နည်း။ ထို့မှုသာမက တစ်ဦးသည် 'ဂျဟန္နမ်'ငရဲဘုံသားဖြစ်၍ ကျန် တစ်ဦးသည် 'ဂျန္နသ်'၊ 'ဂျန္နသ်'သားဖြစ်ပေသည်။ သို့ဖြစ်ပေရာ ရှိုက်သွာန်၏ လှည့်စားဖြားယောင်းခြင်း ခံရသူနှင့် ထိုရှိုက်သွာန်ကို ရန်သူအဖြစ်သာ မှတ်ယူသူတို့တွင် ဤမည်သော ခြားနားမှုရှိသည်။ ထို့ကြောင့် ငါအသျှင်မြတ်က لَا يَغُرَّنَّكُمْ နှင့် إِنَّ الشَّيْطَٰنَ لَكُمْ عَدُوٌّ တို့ကို မိန့်ကြားတော်မူခြင်း ဖြစ်သည်။ အကယ်၍ အသိဉာဏ်ရှိသူသည် မကောင်းမှုကို ကောင်းမှုဟု မည်သို့ ထင်မြင်ပါသနည်းဟု အံ့သြမည် ဆိုလျှင်) သို့ဖြစ်ပေရာ (ထိုသို့ ဖြစ်ရခြင်းအကြောင်းမှာ) ဧကန်အမှန် အလ္လာဟ်အသျှင်မြတ်သည် မိမိအလို တော်ရှိသူအား လမ်းမှား၌ ထားတော်မူသည်။ (ထိုသူ၏ ဦးနှောက်အသိဉာဏ်သည် ပြောင်းပြန် ဖြစ်သွား သည်။) ထို့ပြင် မိမိအလိုတော်ရှိသူအား တရားလမ်းမှန်ကို ပြတော်မူသည်။ (ထိုသူ၏ အသိဉာဏ်သည် အကောင်းပကတိအတိုင်းပင် ဖြစ်သည်။ ထို့ပြင် တရားလမ်းမှန်နှင့် လမ်းမှားခြင်းတို့၏ အဓိကမူတည် ချက်မှာ အသျှင်မြတ်၏ အလိုတော်သာ ဖြစ်သည့်အခါ) သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) 'အသင်သည် ၎င်းတို့နှင့်ပတ်သက်၍ ဆွေးကာတွေးကာ မဆုံးပါးစေရ။ (ဆိုလိုသည်မှာ တစ်စုံတစ်ရာ ပူဆွေးမှု မဖြစ်လေ နှင့်။ ကြံ့ကြံ့ခံ၍သာ နေပါ'ဟု ဖြစ်သည်။) ဧကန်အမှန် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ ပြုမှုသမျှ တို့ကို ကောင်းစွာ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (အချိန်ရောက်လာသောအခါ ၎င်းတို့အား စစ်ဆေးမေးမြန်း အပြေပေးစေတော်မူပေမည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

لَا يَغُرَّنَّكُم بِاللَّهِ الْغَرُورُ

غَرُوْرُ သည် များပြားမှုကို ပြသော စာလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ 'အလွန်တရာ လှည့်စား ဖြားယောင်းသူ'ဟု ဖြစ်သည်။ ရှိုက်သွာန်ကို ဆိုလိုခြင်းဖြစ်သည်။ ၎င်းရှိုက်သွာန်၏ အလုပ်သည် လူတို့အား လှည့်စားဖြားယောင်း၊ သိမ်းသွင်းလျက် ကုဖွရ်နှင့် အပြစ်ဒုစရိုက်များတွင် နစ်မွန်းစေရန် ဖြစ်သည်။

لَا يَغُرَّنَّكُم بِاللّٰهِ الْغَرُوْرُ

ထိုရှိုက်သွာန်သည် အသင်တို့အား အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ လှည့်ဖြားခြင်း မပြုစေရ။ ဤလှည့်ဖြားခြင်း၏ အလိုသဘောမှာ 'ရှိုက်သွာန်သည် မကောင်းသော လုပ်ရပ်များကို အကောင်းဟု ထင်မြင်အောင် ဖန်တီးလျက် အသင်တို့အား ထိုမကောင်းမှု၌ နစ်မွန်းစေခြင်း မပြုစေရ'ဟု ဖြစ်သည်။ ထိုအခါ ပြစ်မှုကို ကျူးလွန်လျက် ရှိနေခြင်းနှင့်အတူ 'ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် လက်ခံမှုပြုခံရသူများ ဖြစ်သည်။ ကျွန်ုပ်တို့သည် 'အဇာဗ်'ခံရမည့်သူများ မဟုတ်'ဟု ယူဆပေလိမ့်မည်။ ဤသို့ မဖြစ်စေနှင့်။ *[ကုရ်သုဗီကျမ်း]*

فَاِنَّ اللّٰهَ يُضِلُّ مَنْ يَّشَآءُ وَيَهْدِىْ مَنْ يَّشَآءُ

အေမာမ်ဗဂဝီ (ရဟ) သခင်သည် ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ ထံမှ ဆင့်ပြန်ခဲ့သည်မှာ 'ဤအာယတ်တော်သည် တမန်တော်မြတ် ﷺ က 'အို, အလ္လာဟ်၊ အုမရ်ဗင်န်ခတ္တွာဗ်၊ (သို့) အဘူဂျဟလ်တို့၏ အကြောင်းခံဖြင့် အစ္စလာမ်၏ သိက္ခာနှင့် အင်အားတို့ကို ချီးမြှင့်တော်မူပါ'ဟူ၍ ဒိုအာတောင်းခံသောအချိန်တွင် ကျရောက်လာခြင်းဖြစ်သည်ဟူ၍ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့နှစ်ဦးအနက် အုမရ်ဗင်န်ခတ္တွာဗ်ကို 'ဟိဒါယတ်' ချီးမြှင့်တော်မူလျက် အစ္စလာမ်၏ သိက္ခာနှင့် အင်အားများ၏ အကြောင်းခံအဖြစ် ပြုပေးတော်မူခဲ့လေသည်။ အဘူဂျဟလ်သည် မိမိ၏လမ်းမှားခြင်း၌ပင် ရှိနေခဲ့ပေသည်။ *[မဇ္ဇဟရီကျမ်း]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَاللّٰهُ الَّذِىْٓ اَرْسَلَ الرِّيٰحَ فَتُثِيْرُ سَحَابًا فَسُقْنٰهُ اِلٰى بَلَدٍ مَّيِّتٍ فَاَحْيَيْنَا بِهِ الْاَرْضَ
بَعْدَ مَوْتِهَا ۗ كَذٰلِكَ النُّشُوْرُ ⑨

၃၅ : ၉ ။ ။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည်ပင် လေများကို စေလွှတ်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ ထို့နောက် ယင်းလေများသည် မိုးတိမ်များကို သယ်ဆောင်၍ သွားကြလေ၏။ ထို့နောက် ငါအသျှင်မြတ်သည် ယင်းမိုးတိမ်များကို (ခြောက်သွေ့) သေလျက်ရှိသော နယ်မြေဒေသများသို့ မောင်းနှင်တော်မူ၏။ ထို့နောက် ငါအသျှင်မြတ်သည် ထို (မိုးတိမ်များမှ ရွာသွန်းသော) ရေဖြင့် ခြောက်သွေ့၊ သေနေသော မြေကို ပြန်လည်၍ စိမ်းလန်းစိုပြေစေတော်မူ၏။ ရှင်ပြန်ထခြင်းသည်လည်း ဤနည်းအတိုင်းပင် ဖြစ်ချေသည်။

مَنْ كَانَ يُرِيْدُ الْعِزَّةَ فَلِلّٰهِ الْعِزَّةُ جَمِيْعًا ۗ اِلَيْهِ يَصْعَدُ الْكَلِمُ الطَّيِّبُ وَالْعَمَلُ الصَّالِحُ يَرْفَعُهٗ ۗ وَ
الَّذِيْنَ يَمْكُرُوْنَ السَّيِّاٰتِ لَهُمْ عَذَابٌ شَدِيْدٌ ۗ وَمَكْرُ اُولٰٓئِكَ هُوَ يَبُوْرُ ⑩

၃၅ : ၁၀ ။ ။ မည်သူမဆို ဂုဏ်အသရေကို အလိုရှိလျှင် (အလ္လာဟ်အသျှင်မြတ်ထံတော်၌သာလျှင် လျှောက်ထားရပေမည်။) အကြောင်းမူ အလုံးစုံသော ဂုဏ်အသရေတို့မှာ အလ္လာဟ်အသျှင်မြတ်၌သာ ရှိသောကြောင့်ပင် (ဖြစ်၏။) စင်ကြယ်သန့်ပြန့်

သော စကားရပ်များသည် ထိုအသျှင်မြတ်ထံတော်သို့ပင် တက်သွားကြပေသည်။ ၎င်းပြင် ကောင်းမြတ်သော အကျင့်သီလ ဟူသည် ထိုစင်ကြယ်သန့်ပြန့်သော စကားရပ်များကို ပင့်မြှောက်ပို့ဆောင်၍ ပေးလေသည်။ သို့ရာတွင် မကောင်းသော အကြံအစည်များကို ကြံစည်သောသူတို့၌မူ ပြင်းထန်စွာသော ပြစ်ဒဏ်သည် ရှိပေမည်။ ထို့ပြင် ၎င်းတို့၏ အကြံအစည်မှာလည်း ပျက်ပြား၍ သွားကြပေမည်။

وَاللّٰهُ خَلَقَكُمْ مِّنْ تُرَابٍ ثُمَّ مِنْ نُّطْفَةٍ ثُمَّ جَعَلَكُمْ
اَزْوَاجًا ۭ وَمَا تَحْمِلُ مِنْ اُنْثٰى وَلَا تَضَعُ اِلَّا بِعِلْمِهٖ ۭ وَمَا يُعَمَّرُ مِنْ
مُّعَمَّرٍ وَّلَا يُنْقَصُ مِنْ عُمُرِهٖٓ اِلَّا فِيْ كِتٰبٍ ۭ اِنَّ ذٰلِكَ عَلَى اللّٰهِ يَسِيْرٌ ⑪

၃၅ : ၁၁ ။ ။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား မြေကြီးဖြင့် ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက် ကာလလ ရေကြည် (သုက်ရည်) ဖြင့် (ဖန်ဆင်းတော်မူခဲ့၏။) ထို့နောက် ထိုအသျှင်မြတ်သည် အသင်တို့အား စုံတွဲများ ပြုလုပ်တော်မူခဲ့၏။ စင်စစ် မည်သည့်မိန်းမတစ်ဦးတစ်ယောက်မျှပင် ထိုအသျှင်မြတ် သိတော်မမူဘဲ ကိုယ်ဝန်ဆောင်ခြင်းလည်း မရှိပေ။ သားဖွားခြင်းလည်း မရှိပေ။ ထို့နည်းတူစွာ မည်သည့်အသက်ရှည်သောသူ တစ်ဦးတစ်ယောက်၏ အသက်ကိုမျှ ပို၍ သတ်မှတ်သည်လည်း မရှိ။ မည်သူတစ်ဦးတစ်ယောက်၏ အသက်ကိုမျှ လျော့၍ သတ်မှတ်သည်လည်း မရှိ။ သို့ရာတွင် ဤသည်တို့သည် မှတ်တမ်းတော်၌ ရေးမှတ်ပြီးဖြစ်သည်။ ဧကန်မလွဲ ဤသည် အလ္လာဟ်အသျှင်မြတ်၌ လွန်စွာ လွယ်ကူလှပေသည်။

وَمَا يَسْتَوِى الْبَحْرٰنِ ۖ هٰذَا عَذْبٌ فُرَاتٌ سَآئِغٌ شَرَابُهٗ وَ
هٰذَا مِلْحٌ اُجَاجٌ ۭ وَمِنْ كُلٍّ تَاْكُلُوْنَ لَحْمًا طَرِيًّا وَّتَسْتَخْرِجُوْنَ
حِلْيَةً تَلْبَسُوْنَهَا ۚ وَتَرَى الْفُلْكَ فِيْهِ مَوَاخِرَ لِتَبْتَغُوْا مِنْ
فَضْلِهٖ وَلَعَلَّكُمْ تَشْكُرُوْنَ ⑫

၃၅ : ၁၂ ။ ။ ၎င်းပြင် သမုဒ္ဒရာပင်လယ် နှစ်ခုသည် မတူကြပေ။ ဤ (ပင်လယ်တစ်ခု၏ ရေ) မှာ ချိုမြိန်၏။ ရေငတ်ပြေစေ၏။ ထိုရေကို သောက်သုံးရာ၌လည်း လွယ်ကူ၍ အဝင်ကောင်းလှ၏။ သို့ရာတွင် (အခြားသော) ဤ (ပင်လယ် တစ်ခု၏ ရေမှာ) မူ ငန်၏။ ခါး၏။ သို့ရာတွင် အသင်တို့သည် (ထိုပင်လယ်) အသီးသီးမှ လတ်ဆတ်သော အသား (သို့မဟုတ်) ငါးများကို စားသုံးကြကုန်၏။ ၎င်းပြင် အသင်တို့သည် (ထိုပင်လယ်များမှ) မိမိတို့ ဝတ်ဆင်ကြကုန်သော လက်ဝတ်လက်စား၊ တန်ဆာများကို ထုတ်ယူကြကုန်၏။ ထို့ပြင် အသင်တို့သည် ထိုအသျှင်မြတ်၏ ကျေးဇူးတော်တည်း ဟူသော စားနပ်ရိက္ခာကို ရှာဖွေဆည်းပူးကြရန်အလို့ငှာ၊ ထိုပင်လယ်၌ သင်္ဘောများ ရေကို ခွဲ၍ သွားလာလျက် ရှိကြသည် ကိုလည်း အသင်သည် တွေ့မြင်ရပေမည်။ သို့မှသာလျှင် အသင်တို့သည် ကျေးဇူးတော်ကို သိတတ်ကြပေလိမ့်မည်။

يُولِجُ الَّيْلَ فِي النَّهَارِ وَيُولِجُ النَّهَارَ
فِي الَّيْلِ وَسَخَّرَ الشَّمْسَ وَالْقَمَرَ كُلٌّ يَجْرِي لِأَجَلٍ مُسَمًّى
ذَٰلِكُمُ اللَّهُ رَبُّكُمْ لَهُ الْمُلْكُ وَالَّذِينَ تَدْعُونَ مِنْ دُونِهِ مَا
يَمْلِكُونَ مِنْ قِطْمِيرٍ ﴿١٣﴾

၃၅ : ၁၃ ။ ။ ထိုအသျှင်မြတ်သည် (အချို့သော ရာသီဥတု၌) ညဥ့်၏ (အစိတ်အပိုင်းအချို့) ကို နေ့၏ အတွင်းသို့ ဝင်စေတော်မူ၍ (အချို့သော ရာသီဥတု၌မူ) နေ့၏ (အချို့သော အစိတ်အပိုင်း) ကို ညဥ့်၏အတွင်းသို့ ဝင်စေတော်မူ၏။ ၄င်းပြင် ထိုအသျှင်မြတ်သည် 'သူရိယ' နေကိုလည်းကောင်း၊ လစန္ဒာကိုလည်းကောင်း ပိုင်နိုင်စွာ ခိုင်းစေအကျိုးပြုထားစေတော်မူရာ ယင်း (နေနှင့် လ) အသီးသီးတို့မှာ သတ်မှတ်ပြဋ္ဌာန်းထားသော အချိန်ကာလတိုင်အောင် လှုပ်ရှားသွားလာလျက်ပင် ရှိကြပေသည်။ ဤသည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ စိုးမိုးအုပ်ချုပ်မှု အာဏာသည် ထိုအသျှင်မြတ်၌သာ ရှိ၏။ သို့ရာတွင် ထိုအသျှင်မြတ်အား စွန့်၍ အသင်တို့ ဟစ်ခေါ်တသလျက် ရှိကြကုန်သော (ကိုးကွယ်ရာ) သူတို့မှာမူ စွန်ပလွံစေ့၌ ကပ်လျက်ရှိသည့် အမြှေးခန့်မျှပင် ပိုင်ဆိုင်ကြသည် မဟုတ်ပေ။

إِنْ تَدْعُوهُمْ لَا يَسْمَعُوا دُعَاءَكُمْ وَلَوْ
سَمِعُوا مَا اسْتَجَابُوا لَكُمْ وَيَوْمَ الْقِيَامَةِ يَكْفُرُونَ بِشِرْكِكُمْ
وَلَا يُنَبِّئُكَ مِثْلُ خَبِيرٍ ﴿١٤﴾

၃၅ : ၁၄ ။ ။ အသင်တို့သည် အကယ်၍ ၄င်းတို့အား ဟစ်ခေါ်ကြပါလျှင် ၄င်းတို့သည် ကြားကြမည်မဟုတ်ပေ။ သို့ရာတွင် အကယ်၍ ကြားခဲ့ကြသော်ငြားလည်း အသင်တို့အား ပြန်၍ ထူးကြမည်မဟုတ်ပေ။ (ပြုလုပ်ဖြည့်စွမ်းပေးနိုင်ကြမည် မဟုတ်ပေ။) ထို့ပြင် 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင်မူ၊ ၄င်းတို့သည် အသင်တို့၏ တွဲဖက်ကိုးကွယ်မှုကိုပင် ငြင်းပယ်ကြပေမည်။ စင်စစ် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အသျှင်ကဲ့သို့ မည်သူတစ်ဦးတစ်ယောက်မျှပင် အသင့်အား ထုတ်ဖော်၍ ပြောကြားမည် မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် (မိုးမရွာသွန်းမီအလျင်) လေများကို စေလွှတ်တော် (မူရာ၌ စွမ်းနိုင်တော်) မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ ထို့နောက်တစ်ဖန် ထို (လေတို့) သည် မိုးတိမ်များကို သယ်ဆောင်၍ သွားကြသည်။ (ဤအကြောင်းကို 'စူရာဟ်ရူးမ်' ရှိ ရုကူအ် (၅) တွင်

اَللّٰهُ الَّذِىْ اَرْسَلَ الرِّيَاحَ ،

ဟူသော အာယသ်တော်၏ ဖွင့်ဆိုချက်တွင် ဖွင့်ဆိုတင်ပြခဲ့ပြီး ဖြစ်သည်။) ထို့နောက် ငါအသျှင်မြတ်သည် ထိုမိုးတိမ်များကို (သွေ့ခြောက်) သေနေသော နယ်မြေဒေသများသို့ မောင်းနှင်တော်မူသည်။ (ထိုမိုးတိမ်များအားဖြင့် ထိုသွေ့ခြောက်သော မြေသေများတွင် မိုးရွာသွန်းစေသည်။) ထို့နောက် ငါအသျှင်မြတ်သည် ထိုမိုးတိမ်၏ အကြောင်းခံဖြင့် (ဆိုလိုသည်မှာ ထိုမိုးတိမ်များမှ ရွာသွန်းသော မိုးရေများ၏ အကြောင်းခံဖြင့်) မြေကြီးကို (သစ်ပင်၊ ပေါက်ပင်တို့ဖြင့်) ပြန်လည်၍ ရှင်သန်စိမ်းလန်း စိုပြေစေတော်မူသည်။ (မြေကြီးအား ၄င်းနှင့် သင့်တော်သည့်ပုံစံဖြင့် ရှင်သန်မှုကို ချီးမြှင့်သကဲ့သို့) ဤနည်းအတိုင်းပင် ('ကေယာမသ်'နေ့တွင် လူသားများ) ၏ ရှင်ပြန်ထခြင်းဖြစ်ပေမည်။

(၄င်းတို့နှင့် သင့်တော်သည့် ပုံစံဖြင့် ရှင်သန်မှုကို ချီးမြှင့်တော်မူပေမည်။ ၄င်းကိစ္စရပ်နှစ်ခုကြား နှိုင်းယှဉ်တင်ပြခြင်းမှာ ဤနှစ်မျိုးစလုံးတွင် ပျောက်ကွယ်သွားပြီးဖြစ်သည့် ဂုဏ်အင်တစ်ရပ်ကို ပြန်လည်ပေးခြင်း၌ တူညီမှုရှိသည့်အတွက် ဖြစ်သည်။ မြေကြီးတွင် တိုးပွားမှုဟူသော ဂုဏ်အင်တစ်ရပ်သာ ရှိသည်။ ခန္ဓာကိုယ်အစိတ်အပိုင်းများတွင်မူ 'ရူးဟ်'ဝိညာဉ်ဟူသော အဖိုးထိုက်တန်သည့် ဂုဏ်အင်တစ်ရပ် ရှိသည်။ ဤ 'ဟရှရ်'၌ စုရုံးရောက်ရှိခြင်း စာစဉ်အကြောင်းအရာသည် 'သောင်ဟီးဒ်'၏ အထောက်အထားများ၏ ခေါင်းစဉ်အောက်၌ နောက်ဆက်တွဲပုံစံမျိုးဖြင့် ရောက်ရှိနေခြင်း ဖြစ်ပေသည်။ တစ်ဖန် ထိုရှင်ပြန်ထခြင်းနှင့်စပ်လျဉ်း၍ အခြားအကြောင်းတစ်ရပ် ရှိပေသေးသည်။ ထိုအကြောင်းအရာမှာ 'ကေယာမသ်'နေ့တွင် အသက်ရှင်ကြရမည်ဖြစ်ရာ ထို 'ကေယာမသ်'နေ့၌ ကြုံဆုံရမည့် သေးသိမ်မှုများမှ လွတ်ကင်းမှုရရန်အတွက် သောကထားရန် အရေးကြီးပေသည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ မုရှ်ရစ်က်တို့သည် မိမိတို့ကိုယ်တိုင် စီရင်ပြုလုပ်ထားသည့် ကိုးကွယ်ရာများကို ရှိုက်သွာန်၏ လှည့်ဖြားမှုကို ခံယူလျက် ဂုဏ်သိက္ခာတို့သည် ထိုကိုးကွယ်ရာများထံမှ ရရှိသည်ဟု သတ်မှတ်ထားကြသည်။ ၄င်းတို့က

هٰٓؤُلَاءِ شُفَعَآءُ نَاعِنْدَاللّٰهِ

ဆိုလိုသည်မှာ 'ဤကိုးကွယ်ရာများသည် လုံးဝဥဿုံ ကျွန်ုပ်တို့အတွက် အလ္လာဟ်အသျှင်မြတ်ထံတော်၌ 'ရှဖာအသ်'ပြုပေးသူများ ဖြစ်ကြသည်' ဟု ပြောဆိုလေ့ရှိခဲ့ကြသည်။ လောကီရေးကိစ္စများ၏ လိုလားချက်များ၌လည်းကောင်း၊ အကယ်၍ 'ကေယာမသ်'နေ့တွင် တစ်စုံတစ်ရာ ဖြစ်ပါမူ တမလွန်၏ လွတ်မြောက် အောင်မြင်မှုအတွက်၌လည်းကောင်း၊ ထိုကိုးကွယ်ရာများကိုပင် ယုံပုံအားကိုးကြသည်။ 'စူရာဟ်မရ်ယမ်'တွင် အလ္လာဟ်အသျှင်မြတ်က

وَاتَّخَذُوْامِنْ دُوْنِ اللّٰهِ اٰلِهَةً لِّيَكُوْنُوْا لَهُمْ عِزًّا

ဟူ၍ ဖော်ပြမိန့်ကြားသကဲ့သို့ ဖြစ်သည်။ ၄င်းတို့နှင့် စပ်လျဉ်း၍ မိန့်ကြားတော်မူသည်မှာ) မည်သူမဆို (တမလွန်တွင်) ဂုဏ်သိက္ခာကို အလိုရှိသူဖြစ်ပါလျှင် (ဤဂုဏ်သိက္ခာရယူရန် အရေးကြီးရခြင်းမှာ

'အာခိရသ်'တမလွန်သည် ဖြစ်ပေါ်လာမည်မှာ မလွဲနိုင်သော အမှန်တရားဖြစ်သောကြောင့် ဖြစ်သည်။) သို့ဖြစ်ပေရာ (ထိုသူသည် အလ္လာဟ်အသျှင်မြတ်ထံတော်မှသာလျှင် ဂုဏ်သိက္ခာကို ရယူရပေမည်။ အဘယ်ကြောင့်ဆိုသော် အလုံးစုံသော ဂုဏ်သိက္ခာတို့သည် အလ္လာဟ်အသျှင်မြတ်အတွက်သာ (ရရှိသည်) ဖြစ်သောကြောင့်ပင် ဖြစ်သည်။ (အခြားသောသူများအဖို့မှာမူ တောင်းခံခြင်းဖြင့်သာ ရရှိပေမည်။ တောင်းခံခြင်းဖြင့်သာ ရရှိသူသည် အမြဲတစေ ဇာတိတော်အသျှင်မြတ်ကို လိုလားတောင့်တကြရသည်။ သို့ဖြစ်ပေရာ ဤဂုဏ်သိက္ခာနှင့် စပ်လျဉ်း၍ အားလုံးတို့သည် အသျှင်မြတ်ထံတော်၌သာ လိုလားတောင့်တကြရသည်။ အသျှင်မြတ်ထံတော်မှ ဤဂုဏ်သိက္ခာရယူနိုင်သည့် နည်းလမ်းမှာ နှုတ်လျှာအားဖြင့်ဖြစ်စေ၊ လက်တွေ့ကျင့်ဆောင်မှုအရဖြစ်စေ၊ ထိုအသျှင်မြတ်၏ အမိန့်နာခံမှုကို ပြုလုပ်ရမည်ဖြစ်သည်။ အသျှင်မြတ်ထံတော်တွင် ဤအမိန့်နာခံခြင်းသည်သာ အနှစ်သက်ဆုံး ဖြစ်တော်မူသည်။ သို့ဖြစ်ပေရာ) စင်ကြယ်သန့်ရှင်းသော စကားရပ်တို့သည် ထိုအသျှင်မြတ်ထံတော်သို့သာ တက်သွားကြပေသည်။ (ဆိုလိုသည်မှာ အသျှင်မြတ်သည် ထိုစကားရပ်များကို လက်ခံတော်မူသည်။) ထို့ပြင် ကောင်းမြတ်သော အကျင့်သီလများသည် ထိုစကားရပ်များကို ပင့်မြှောက် ပို့ဆောင်ပေးလေသည်။

(စင်ကြယ်သန့်ရှင်းသော စကားရပ်များတွင် 'သောင်ဟီးဒ်'နှင့် အသျှင်မြတ်ကို 'ဇိကရ်'တသမှု အားလုံး ပါဝင်ပေသည်။ ကောင်းမြတ်သော အကျင့်သလီများတွင် နှလုံးသားမှ လက်ခံခြင်းနှင့် အပြင်ပိုင်းနှင့် အတွင်းပိုင်းဆိုင်ရာ ကောင်းမှုကိုယ်ကျင့်တရားအားလုံး ပါဝင်ပေသည်။ သို့ဖြစ်ပေရာ အဓိပ္ပာယ်မှာ 'သောင်ဟီးဒ်'၏ စကားရပ်များနှင့် အသျှင်မြတ်အား သတိရတသမှုကို လက်ခံအောင် ပြုပေးသည့် အကြောင်းခံမှာ ကောင်းမြတ်သော အကျင့်သီလများဖြစ်သည်'ဟူ၍။ လက်ခံမှုပြုခြင်းသည် အများနှင့် သက်ဆိုင်သည်။ အဓိကလက်ခံမှုပြုခြင်းနှင့် အပြည့်အဝ လက်ခံမှုပြုခြင်း နှစ်မျိုးစလုံး အကျုံးဝင်သည်။ ဤအတိုချုံး၍ တင်ပြခြင်းကို အခြားသော အထောက်အထားများက ရှင်းလင်းတင်ပြလိုက်သည်မှာ 'နှလုံးသားမှ ထောက်ခံယုံကြည်ခြင်းမှာမူ စင်ကြယ်သန့်ရှင်းသော စကားရပ်အားလုံးအတွက် 'နဖ်စ်ကဗူလ်' အဓိကလက်ခံခြင်း၏ စည်းကမ်းသတ်မှတ်ချက်ဖြစ်သည်။ ဤ 'နဖ်စ်ကဗူလ်'မပါဘဲ မည်သည့် 'ဇိကိရ်'တသမှုမျှ လက်ခံခြင်းခံရမည် မဟုတ်ပေ။ အခြားသော ကောင်းမှုကိုယ်ကျင့်တရားများမှာမူ စင်ကြယ်သန့်ရှင်းသော စကားရပ်အားလုံးအတွက် 'မုကမ္မလ်ကဗူလ်'ပြည့်ဝသော လက်ခံခြင်း၏ စည်းကမ်းသတ်မှတ်ချက် ဖြစ်သည်။ 'နဖ်စ်ကဗူလ်'၏ စည်းကမ်းချက်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် 'အကယ်၍ 'ဖာစိက်'(မသူတော်) တစ်ဦးထံမှ ကောင်းမြတ်သောစကား ထွက်ပေါ်လာခဲ့သည်ဆိုပါလျှင် ဤသည်မှာလည်း လက်ခံမှု ဖြစ်ရှိသွားသည်။ သို့သော် ပြည့်ဝသည့် လက်ခံခြင်းကား မဖြစ်ပေ။ သို့ဖြစ်ပေရာ ဖော်ပြပါအရာများသည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ နှစ်သက်ဖွယ်ရာများဖြစ်သည့်အခါ ထိုအရာများကို လက်ကိုင်ပြု ကျင့်သုံးမည်ဆိုလျှင် ထိုသူသည် ဂုဏ်သိက္ခာရှိသူဖြစ်ပေမည်။) ထို့ပြင် ဖော်ပြပါပုံစံများကို ဆန့်ကျင်လျက် အသင်နှင့် ဆန့်ကျင်နေသူတို့သည် အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်အား ဆန့်ကျင်ခြားနားနေခြင်းပင် ဖြစ်ပေသည်။ ထို့ပြင် အသင့်နှင့် ပတ်သက်၍) မကောင်းသော အကြံအစည်များကို ကြံစည်သူတို့အဖို့မှာမူ ပြင်းထန်စွာသော

'အအားဗ်'အပြစ်ဒဏ် ရှိပေမည်။ ၎င်းအပြစ်ဒဏ်သည် ထိုသူတို့အား ဂုဏ်အသရေ သေးသိမ်စေမည်ဖြစ်သည်။ ၎င်းတို့ကိုယ်တိုင် ပြုလုပ်ထားသည့် ကိုးကွယ်ရာများသည် ၎င်းတို့အား မည်သည့်ဂုဏ်သိက္ခာမျှ ပေးစွမ်းနိုင်ခြင်းရှိမည် မဟုတ်ပေ။ သို့သာမက ပြောင်းပြန် ၎င်းတို့ကိုယ်တိုင်သည်ပင် ထိုကိုးကွယ်ရာများ၏ ယူဆချက်များနှင့် ဆန့်ကျင်ဘက် ဖြစ်သွားပေလိမ့်မည်။ အလ္လာဟ်အသျှင်မြတ်က 'စူရာဟ်မရ်ယမ်'၌

سَيَكْفُرُوْنَ بِعِبَادَتِهِمْ وَيَكُوْنُوْنَ عَلَيْهِمْ ضِدًّا

ဟူ၍ မိန့်ကြားထားတော်မူသကဲ့သို့ပင် ဖြစ်သည်။ ဤသည်မှာ ၎င်းတို့အဖို့ တမလွန်၌ ပျက်စီးရမည့်အကြောင်း ဖြစ်သည်။) ထို့ပြင် (လောကတွင်လည်း ၎င်းတို့သည် ဆုံးရှုံးပျက်စီးကြရမည်မှာ) ၎င်းတို့၏ ဤအကြံအစည်မှာလည်း ပျက်ပြားသွားကြပေမည်။ (၎င်းတို့၏ ဤအကြံအစည်များသည် ၎င်းတို့အဖို့ အောင်မြင်မှုကို ဆောင်ကြဉ်းပေးမည်မဟုတ်ပေ။ သို့ဖြစ်ပေရာ ၎င်းတို့သည် အစ္စလာမ်ကို ဖျက်ဆီးလိုကြသော်လည်း ၎င်းတို့ကိုယ်တိုင်ပင် ပျက်စီးသွားခဲ့ကြရသည်။ ဤအကြောင်းအရာသည် ကြားဖြတ်ပုံစံဖြင့် ပြီးဆုံးပြီးမှ ရှေ့တွင် 'သောင်ဟီးဒ်'၏ အကြောင်း၌ တစ်ဖန် ပြန်၍ လှည့်လာခြင်းဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်၏ ပေါ်လွင်မှုတစ်ရပ်မှာ-

اَللّٰهُ الَّذِىٓ اَرْسَلَ الرِّيَاحَ

တွင် တင်ပြခဲ့ပြီး ဖြစ်သည်။ ထို့နောက် (ဒုတိယပေါ်လွင်မှုမှာ 'သောင်ဟီးဒ်'အပေါ် ညွှန်းဆိုပြသခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား (အာဒမ်အား ဖန်ဆင်းခြင်း၏ နောက်ဆက်တွဲအဖြစ်တွင်) မြေကြီးဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက်တစ်ဖန် (ခိုင်မာသော ပုံစံအရ) ကာလရေကြည် (သုက်ရည်) ဖြင့် ဖန်ဆင်းတော်မူသည်။ ထို့နောက် အသင်တို့အား စုံတွဲများ ပြုလုပ်တော်မူခဲ့သည်။ (ဆိုလိုသည်မှာ အချို့ကို ယောကျ်ားအဖြစ်နှင့်လည်းကောင်း၊ အချို့ကို မိန်းမအဖြစ်နှင့်လည်းကောင်း ဖန်ဆင်းတော်မူခဲ့သည်။ ဤသည်မှာ ထိုအသျှင်မြတ်၏ တန်ခိုးတော်ပင်ဖြစ်သည်) ထို့ပြင် မည်သည့်မိန်းမ တစ်ဦးတစ်ယောက်မျှ ထိုအသျှင်မြတ် သိတော်မမူဘဲ ကိုယ်ဝန်ဆောင်ခြင်းနှင့် သားဖွားခြင်းများ မရှိပေ။ (ဆိုလိုသည်မှာ အသျှင်မြတ်သည် ကနဦးမှပင် အရာအားလုံးကို ကြိုတင်သိပြီးသားဖြစ်တော်မူသည်။) ထို့ပြင် (ဤအတိုင်းပင်) တစ်ဦးတစ်ယောက်၏ အသက်ကို ပို၍ (သတ်မှတ်ခြင်းလည်း) မရှိပေ။ တစ်ဦးတစ်ယောက်၏ အသက်ကို လျှော့၍ (သတ်မှတ်ခြင်းလည်း) မရှိပေ။ သို့ရာတွင် ဤအရာအားလုံးတို့သည် 'လောင်ဟေမဟ်ဖူးဇ်' မှတ်တမ်းတော်၌ (ရေးမှတ်ပြီးသား) ရှိပြီးဖြစ်သည်။ (အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကနဦးမှ ကြိုတင်သိတော်မူပြီး ဖြစ်သည်နှင့်အညီ ထို 'လောင်ဟေမဟ်ဖူးဇ်' ၌ ရေးမှတ်ထားခြင်းကို ဆိုလိုသည်။ သိရှိပြီးဖြစ်သည်တို့မှာမူ အရေအတွက်မဲ့ အတိုင်းအတာမရှိ ဖြစ်ပါသည်။ သို့သော် မဖြစ်မီက ဖြစ်ရပ်အလုံးစုံကို ကြိုတင်၍ မည်သို့ သတ်မှတ်တော်မူပါသနည်းဟု အံ့သြခြင်း မဖြစ်လေနှင့်။ အဘယ်ကြောင့်ဆိုသော်) ဤအရာအားလုံးတို့သည် အလ္လာဟ်အသျှင်မြတ်

ပထမတင်ပြခဲ့သည်နှင့် လုံးဝ ကွဲလွဲသွားမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် كلم طيب (အလ္လာဟ် အသျှင်မြတ်အား 'ဇိကိရ်'တသခြင်း) သည် عمل صالح '(ကောင်းမြတ်သော ကိုယ်ကျင့်တရားများ) ကို ပင့်မြှောက် မ,တင်ပေးသည်၊ လက်ခံခြင်းခံရမည့် အဆင့်ကို ပြုလုပ်ပေးသည်'ဟု ဖြစ်သည်။ ဆိုလိုရင်း သဘောမှာ 'မည်သူမဆို عمل صالح ကောင်းမြတ်သော ကိုယ်ကျင့်တရားများနှင့်အတူ အလ္လာဟ်အသျှင်မြတ် အား သတိရတသခြင်းကိုလည်း များမြောင်စွာ ပြုလုပ်ပါလျှင် ဤ 'ဇိကိရ်'တသမှုသည် ၎င်း၏ လက်ခံခြင်း ခံရအောင် ပြုလုပ်ပေးသည်'ဟု ဖြစ်သည်။

အခြေခံဖစ်မြစ်မှာ 'ကလေမာဟ်သောင်ဟီးဒ်'နှင့် 'သတ်စ်ဗီးဟ်'ဖတ်ရွတ်ခြင်းတို့သည် عمل صالح ကောင်းမြတ်သော ကိုယ်ကျင့်တရားများ မပါဘဲ မပြည့်စုံသကဲ့သို့ عمل صالح ပြုကျင့်ဆောင်ရွက်ရန် နိုင်းစေသည်တို့ကို ပြုကျင့်ဆောင်ရွက်ခြင်းနှင့် တားမြစ်ခြင်းများကို ရှောင်ကြဉ်ခြင်း၌လည်း အလ္လာဟ်အသျှင် မြတ်အား များမြောင်စွာ သတိရတသမှုမရှိပါက အလင်းရောင်မဲ့နေပေမည်။ အလ္လာဟ်အသျှင်မြတ်အား သတိရတသမှု များမြောင်ခြင်းသည်သာ ကောင်းမြတ်သော ကိုယ်ကျင့်တရားများကို လုပအောင် ပြုလုပ်၍ လက်ခံမှု ခံရသည့်အဆင့်ကို ပြုလုပ်ပေးခြင်း ဖြစ်ပေသည်။

وَمَا يُعَمَّرُ مِنْ مُّعَمَّرٍ وَّلَا يُنْقَصُ مِنْ عُمُرِهٖٓ اِلَّا فِىْ كِتَابٍ

အဖွင့်ပညာရှင်အများစုတို့ထံတွင် ထိုအာယသ်တော်၏ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် လူတစ်ဦးအား ရှည်လျားသော သက်တမ်းကို ချီးမြှင့်ခြင်းသည် အစကနဦးမှပင် 'လောင်ဟေမဟ်ဖူးဇ်' တွင် ရေးမှတ်ထားပြီး ဖြစ်သည်။ အလားတူ တိုတောင်းသော သက်တမ်းပေးခံရသူအဖို့လည်း 'လောင်ဟေ မဟ်ဖူးဇ်' တွင် ရေးမှတ်ထားပြီးသည့်အတိုင်းပင် ဖြစ်သည်။ ဆိုလိုသည်မှာ ဤနေရာတွင် သက်တမ်း ရှည်လျားခြင်းနှင့် တိုတောင်းခြင်းတို့သည် လူတစ်ဦးတစ်ယောက်နှင့် ပတ်သက်၍ ဆိုလိုခြင်းမဟုတ်ဘဲ လူသားမျိုးနွယ်အတွက် ဆိုလိုခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုလူသားများမှ တစ်စုံတစ်ဦးကို ရှည်လျားသော သက်တမ်းပေး၍ အခြားတစ်စုံတစ်ဦးကို တိုတောင်းသော သက်တမ်းပေးခြင်းဖြစ်သည်။ ဤသဖ်စီးရ်ဖွင့်ဆိုချက်သည် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ထံမှ အိဗ်နေကဆီးရ် (ရဟ) က ဆင့်ပြန် ခဲ့သည်။ ဂျဆ္ဆွာဆ် (ရဟ) သည် ဟစန်ဗဆွရီ (ရဟ) နှင့် ဒွဟ်ဟားက် (ရဟ) တို့ထံမှ ဤအဆိုကို ဆင့်ပြန်ခဲ့သည်။ ထို့ကြောင့် အိဗ်နေဂျရီးရ်၊ အိဗ်နေကဆီးရ် နှင့် ရူးဟွုလ်မအာနီ စသော သဖ်စီးရ်ကျမ်း များတွင် ဤသည်ကိုပင် အဖွင့်ပညာရှင်အများစုတို့၏ အဆိုအမိန့်ဟူ၍ တင်ပြခဲ့ကြသည်။ အချို့ပညာရှင် များက မိန့်ဆိုကြသည်မှာ အကယ်၍ သက်တမ်းတိုခြင်း၊ ရှည်ခြင်းကို လူတစ်ဦးတည်းနှင့် စပ်လျဉ်း၍သာ ပြောဆိုမည်ဆိုလျှင် သက်တမ်းတွင် တိုတောင်းစေခြင်း၏ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်က ရေး မှတ်ထားတော်မူပြီး ဖြစ်သည့် သက်တမ်းဖြစ်သည်။ ကုန်ဆုံးသွားသည့် တစ်ရက်တာသည် သတ်မှတ် ထားပြီးဖြစ်သော သက်တမ်းကာလအတွင်းမှ တစ်ရက်လျော့နည်းသွားစေခြင်း ဖြစ်သည်။ နှစ်ရက်ကုန်ဆုံး

သွားလျှင် နှစ်ရက် လျော့နည်းသွားစေခြင်း ဖြစ်သည်။ ဤအတိုင်းပင် နေ့စဉ်နေ့တိုင်းကိုသာမက ထွက်သက်ဝင်သက်တိုင်းသည် ၄င်း၏ သက်တမ်းကို ယုတ်လျော့သွားစေခြင်းပင် ဖြစ်သည်။ ဤသဖ်စီးရ်ကို ရှအ်ဗီ (ရဟ)၊ အိဗ်နေဂျုဗိုင်ရ် (ရဟ)၊ အဗူမာလိက် (ရဟ) ၊ အိဗ်နေအဗ္ဗီယဟ် (ရဟ) နှင့် စူဒီ (ရဟ) တို့မှ ဆင့်ပြန်ခဲ့ခြင်း ဖြစ်သည်။ *[ရှုးဟွလ်မအာနီကျမ်း]*

ဤအကြောင်းအရာကို အောက်ပါလင်္ကာဖြင့် တင်ပြထားသည်မှာ-

حياتك انفاس تعدّفكلّما ــ مضى نفس منّهاانتقصت به جزءً

ဆိုလိုသည်မှာ 'အသင်၏ သက်တမ်းသည် ရေတွက်ခြင်းခံရသော ထွက်သက်ဝင်သက်အချို့၏ အမည်သာဖြစ်သည်။ သို့ဖြစ်ပေရာ အသက်တစ်ကြိမ်ရှုလေတိုင်း အသင်၏ သက်တမ်းမှ အစိတ်အပိုင်းတစ်ခု ယုတ်လျော့သွားပြီးဖြစ်သည်။

အေမာမ်နစအီ (ရဟ) သည် ဤအာယသ်တော်၏ သဖ်စီးရ်တွင် ဟဇရသ်အနတ်စ်ဗင်န်မာလိက် ﵁ သခင်ထံမှ ဆင့်ပြန်ခဲ့သည်မှာ ဟဇရသ်အနတ်စ် ﵁ သခင်သည် တမန်တော်မြတ် ﷺ ထံတော်မှ ကြားသိခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ-

مَن سرّه ان يُّبسط لهٗ فى رزقهٖ ويُنسأ فى اثره فليصل رَحِمَهٗ

ဟု ဖြစ်သည်။ ဘိုခါရီ၊ မွတ်စ္စလင်မ်နှင့် အဗူဒါဝူးဒ်တို့သည်လည်း ဤဟဒီးစ်တော်ကို ယူနွတ်စ်ဗင်န်ယဇီးဒ် [အီလီ (ရဟ)] ၏ ရိဝါယသ်ဖြင့် ဆင့်ပြန်ခဲ့ကြသည်။ ဟဒီးစ်တော်၏ အဓိပ္ပာယ်မှာ 'မည်သူမဆို မိမိ၏ ရိဇိရိက္ခာတွင် ကျယ်ဝန်းစေလိုခြင်းနှင့် သက်တမ်းရှည်စွာ နေလိုခြင်းဖြစ်ပါက ၄င်းသူသည် သားချင်းများနှင့် အဆက်အသွယ်ပြုရပေမည်'ဟုဖြစ်သည်။ ဆိုလိုသည်မှာ 'မိမိ၏ အရင်းအချာ ဆွေမျိုးသားချင်းများနှင့် ကောင်းမွန်စွာ ဆက်ဆံရမည်'ဟု ဖြစ်သည်။ ဤဟဒီးစ်တော်အား အပေါ်ယံကြည့်မည်ဆိုလျှင် ဆွေမျိုးသားချင်းများနှင့် ကောင်းမွန်စွာ ဆက်ဆံခြင်းသည် အသက်ရှည်သည်ဟု ယူဆရပေသည်။ သို့သော် ထိုဟဒီးစ်တော်၏ အလိုသဘောကို အခြားဟဒီးစ်တော်တစ်ပါးက ရှင်းလင်းထားသည်မှာ အိဗ်နေအဘီဟာသင်မ် (ရဟ) သည် ဟဇရသ်အဗူဒရ်ဒါ ﵁ သခင်ထံမှ ဆင့်ပြန်ခဲ့သည်။ ဟဇရသ်အဗူဒရ်ဒါ ﵁ က မိန့်ဆိုသည်မှာ ကျွန်ုပ်တို့သည် ဤအကြောင်းနှင့်စပ်လျဉ်း၍ တမန်တော်မြတ် ﷺ ၏ ရှေ့တော်မှောက်၌ တင်ပြကြလေရာ ကိုယ်တော်မြတ် ﷺ က (သက်တမ်းဟူသည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ တစ်ခုတည်းသာ သတ်မှတ်ထားသည်။) သတ်မှတ်ကာလ ပြည့်သွားသောအခါ မည်သူတစ်ဦးတစ်ယောက်မျှ အနည်းငယ်မျှပင် ဆိုင်းငံ့ခြင်းခံရမည်မဟုတ်။ သို့သာမက သက်တမ်းရှည်လျားခြင်းဟူသော အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် ထိုသူ့အား ကောင်းမြတ်သော သားသမီးရတနာများကို ချီးမြှင့်ထားသည်။ ထိုသားသမီးတို့သည် ၄င်းအတွက် ဒိုအာပြုပေးလျက်ရှိကြသည်။ ထိုသူမှာ မရှိတော့ပြီးဖြစ်သည်။ ၄င်း၏ သားသမီးများ၏ ဒိုအာဆုမွန်များသည် ၄င်းအဖို့ 'ကဗရ်'အတွင်းမှ ရရှိနေပေသည်။ (ဆိုလိုသည်မှာ သေဆုံးပြီးနောက်တွင်လည်း ရှင်နေစဉ်က ရရှိသကဲ့သို့သော အကျိုးကျေးဇူးများကို ရရှိနေခြင်းဖြစ်သည်။

ဤနည်းအတိုင်း ထိုသူ၏ အသက်သည် ရှည်လျားခြင်းဖြစ်သွားပေမည်။ ဤဆင့်ပြန်ချက်နှစ်ခုစလုံးကို အိဗ်နေကစီးရ်က ဆင့်ပြန်ခဲ့ခြင်းဖြစ်သည်။) အချုပ်မှာ အချို့သော 'အမလ်'ပြုကျင့်ခြင်းများအားဖြင့် သက်တမ်းတိုးမြင့်သွားသည်ဟု လာရှိသော ဟဒီးစ်တော်မှာ၏ အလိုသဘောမှာ သက်တမ်း၏ 'ဗရ်ကသ်'တိုးမြင့်ခြင်းကို ဆိုလိုသည်။

وَمِنْ كُلٍّ تَأْكُلُوْنَ لَحْمًا طَرِيًّا وَّ تَسْتَخْرِجُوْنَ حِلْيَةً تَلْبَسُوْنَهَا

ဆိုလိုသည်မှာ 'ရေငန်နှင့် ရေချို ပင်လယ်နှစ်စင်းမှ အသင်တို့သည် စားသုံးရန် လတ်ဆတ်သော အသားများကို ရရှိကြသည်။ (ငါးကို ဆိုလိုခြင်းဖြစ်သည်။) ဤအာယသ်တော်တွင် ငါးကို အသားဟူသော စာလုံးဖြင့် သုံးနှုန်းထားခြင်းတွင် 'ငါးသည် အလိုအလျောက် 'ဟလာလ်'ဖြစ်သော အသားဖြစ်သည်။ 'ဇဗာဟ်'ပြုရန် မလိုပေ။ အခြားသော ကုန်းနေသတ္တဝါများမှာမူ အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် 'ဇဗာဟ်'မပြုလုပ်ဘဲ 'ဟလာလ်' မဖြစ်ပေ။ ငါးတွင် ဤစည်းကမ်းချက်များ မရှိပေ' ဟူသောဘက်သို့ ညွှန်ပြနေကြောင်း တွေ့မြင်ရသည်။ حِلْيَة ၏ အဓိပ္ပာယ်မှာ 'လက်ဝတ်လက်စား'ဟု ဖြစ်သည်။ ပုလဲကို ဆိုလိုခြင်း ဖြစ်သည်။ ဤအာယသ်တော်မှ သိရှိရသည်မှာ ပုလဲသည် ရေငန်ပင်လယ်များ၌ ပေါက်ဖွားသကဲ့သို့ ရေချိုပင်လယ်များမှလည်း ရရှိနိုင်သည်ဟု ဖြစ်သည်။ ဤသည်မှာ ကျော်ကြားထင်ရှားသော ဖြစ်ရပ်နှင့်မူ ဆန့်ကျင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ပုလဲသည် ရေငန်ပင်လယ်၌သာ ပေါက်ဖွားသည်ဟု ထင်ရှားကျော်ကြားသောကြောင့် ဖြစ်သည်။ အမှန်စင်စစ် ပုလဲသည် ရေချို၊ ရေငန်ပင်လယ် နှစ်မျိုးစလုံး၌ ပေါက်ဖွားသည့်အကြောင်း ကုရ်အာန်၏ စာလုံးများအရ ပေါ်လွင်နေပါသည်။ သို့ရာတွင် ရေချိုမြစ် (ပင်လယ်) တွင် အလွန်နည်းပါးပြီး ရေငန်ပင်လယ်တွင် အလွန်များပြားစွာ ပေါက်ဖွားခြင်း ဖြစ်ပါသည်။ နေငန်ပင်လယ်တွင်သာ များပြားစွာ ပေါက်ဖွားသည့်အတွက် ပုလဲသည် ရေငန်ပင်လယ်များ၌သာ ပေါက်ဖွားသည်ဟု ကျော်ကြားခြင်း ဖြစ်သည်။

تَلْبَسُوْنَهَا တွင် ယောကျ်ားများနှင့် သက်ဆိုင်သော စာလုံးကို သုံးနှုန်းထားသည်ဖြစ်ရာ 'ပုလဲ' ရတနာကို အမျိုးသားယောကျ်ားများလည်း အသုံးပြုပိုင်ကြောင်းကို ညွှန်းဆိုပြခြင်းဖြစ်သည်။ ရွှေ၊ ငွေများနှင့်မူ ဆန့်ကျင်သည်။ ရွှေ၊ ငွေတို့မှာ အမျိုးသားများ သုံးစွဲခြင်း မပိုင်ပေ။ *[ရူးဟွ်လ်မအာနီကျမ်း]*

اِنْ تَدْعُوْهُمْ لَا يَسْمَعُوْا دُعَآءَكُمْ وَلَوْ سَمِعُوْا مَا اسْتَجَابُوْا لَكُمْ

ဆိုလိုသည်မှာ 'ဗွသ်' (သို့) အချို့နဗီတမန်တော်များ (သို့) ဖရစ်ရှ်သာဟ်များကို ကိုးကွယ်ရာ အသျှင်မြတ်အဖြစ် မှတ်ယူလျက် ကိုးကွယ်နေကြသည်ဖြစ်ရာ အကယ်၍ ဒုက္ခတစ်စုံတစ်ရာ ရောက်ရှိသည့်အခါ၌ ဟစ်ခေါ်တသပါလျှင် ၎င်းတို့သည် အသင်တို့၏ ဟစ်ခေါ်တသမှုကိုပင် ကြားနိုင်ကြမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် 'ဗွသ်'ရုပ်များ၌မူ ကြားနိုင်သည့် အရည်အချင်း ရှိပင် မရှိပေ။ နဗီတမန်တော်များနှင့် ဖရစ်ရှ်သာဟ်များမှာမူ ကြားနိုင်သည့် အရည်အချင်းရှိပါသော်လည်း ၎င်းတို့သည် နေရာတိုင်း၌ ရှိကြသည်လည်း မဟုတ်။ လူတိုင်းလူတိုင်း၏ ပြောဆိုစကားများကို ကြားနိုင်ကြသည်လည်း မဟုတ်ပေ။

ရှေ့တွင် ဆက်လက်၍ ဖိန့်ကြားသည်မှာ အကယ်၍ ၎င်းတို့သည် ကြားသည်ပင်ဖြစ်စေ၊ (ဥပမာ- နဗီတမန်တော်များနှင့် ဖရစ်ရှ်သာဟ်များကို ဆိုလိုသည်။) သို့တိုင်အောင်လည်း ၎င်းတို့သည် အသင်တို့၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးနိုင်စွမ်း ရှိကြမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့တွင် ပင်ကိုယ်စွမ်းဆောင်နိုင်မှု မရှိကြသောကြောင့် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ ခွင့်ပြုချက် မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမျှ 'ရှဖာအသ်'အသနားခံပေးနိုင်ကြမည် မဟုတ်ပေ။

သူသေများ ကြားနိုင်ခြင်းနှင့် စပ်လျဉ်းသော ဓမ္မသတ်မှာ အထက်တွင် တင်ပြခဲ့ပြီးဖြစ်သည့် ဤ အာယသ်တော်မှ ၎င်း၏ ကြားခြင်း၊ မကြားခြင်းကို အတည်မဖြစ်ပေ။ ဤကဏ္ဍမှာ အခြားသော ကဏ္ဍ ဖြစ်သည်။ ထိုအကြောင်းမှာ စူရာဟ်ရူးမ်တွင် အကျယ်တဝင့် တင်ပြခဲ့ပြီးဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

يَاَيُّهَا النَّاسُ اَنْتُمُ الْفُقَرَآءُ اِلَى اللّٰهِ ۚ وَاللّٰهُ هُوَ الْغَنِيُّ الْحَمِيْدُ ﴿١٥﴾

၃၅ : ၁၅ ။ ။ အို, လူအပေါင်းတို့၊ အသင်တို့သည် (သာလျှင် မိမိတို့၏ ကိစ္စအရပ်ရပ်တွင်) အလ္လာဟ်အသျှင်မြတ်အား လိုလားတောင့်တကြရသူများပင် ဖြစ်ကြကုန်၏။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်မှာမူ လိုလားတောင့်တခြင်း လုံး၀ ကင်းမဲ့ တော်မူသော အသျှင်၊ ချီးမွမ်းအပ်သော 'ဝိသေသ' ဂုဏ်ထူးနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

اِنْ يَّشَاْ يُذْهِبْكُمْ وَيَاْتِ بِخَلْقٍ جَدِيْدٍ ﴿١٦﴾

၃၅ : ၁၆ ။ ။ အကယ်၍ ထိုအသျှင်မြတ်သည် အလိုရှိတော်မူပါလျှင်၊ အသင်တို့အား ဖယ်ရှားတော်မူ၍ အဖန်ဆင်းခံ သစ်ကို ယူလာတော်မူနိုင်၏။

وَمَا ذٰلِكَ عَلَى اللّٰهِ بِعَزِيْزٍ ﴿١٧﴾

၃၅ : ၁၇ ။ ။ စင်စစ် ဤသည် အလ္လာဟ်အသျှင်မြတ်၌ (လုံး၀) ခဲယဉ်းသည် မဟုတ်ပြီ။

وَلَا تَزِرُ وَازِرَةٌ وِّزْرَ اُخْرٰى ۗ وَاِنْ تَدْعُ مُثْقَلَةٌ اِلٰى حِمْلِهَا
لَا يُحْمَلْ مِنْهُ شَيْءٌ وَّلَوْ كَانَ ذَا قُرْبٰى ۗ اِنَّمَا تُنْذِرُ
الَّذِيْنَ يَخْشَوْنَ رَبَّهُمْ بِالْغَيْبِ وَاَقَامُوا الصَّلٰوةَ ۗ
وَمَنْ تَزَكّٰى فَاِنَّمَا يَتَزَكّٰى لِنَفْسِهٖ ۗ وَاِلَى اللّٰهِ الْمَصِيْرُ ﴿١٨﴾

၃၅ : ၁၈ ။ ။ အမှန်စင်စစ် မည်သည့်ဝန်ထုပ်ထမ်းသောသူ၊ (အပြစ်ရှိနေသူ) တစ်ဦးတစ်ယောက်မျှပင် သူတစ်ပါး၏ ဝန်ထုပ်ကို သယ်ပိုးထမ်းဆောင်မည်မဟုတ်ပေ။ ၎င်းပြင် အကယ်၍ ဝန်ထုပ်ကို ထမ်းဆောင်သယ်ပိုးလျက်ရှိသူ တစ်ဦး

တစ်ယောက်သည် တစ်ဦးတစ်ယောက်အား မိမိ၏ ဝန်ထုပ်ကို သယ်ပိုးထမ်းဆောင်ရန်အလို့ငှာ ဟစ်ခေါ်သော်ငြားလည်း၊ ထိုဟစ်ခေါ်ခြင်း ခံရသူသည် ၎င်း၏ ဆွေရင်းသားရင်း ဖြစ်ခဲ့သည့်တိုင်အောင်၊ ထိုဝန်ထုပ်မှ အနည်းငယ်စိုးစဉ်းကိုမျှပင် သယ်ပိုးထမ်းဆောင်မည် မဟုတ်ပေ။ (အို၊ နဗီတမန်တော်) အသင်သည် မိမိတို့၏ အသျှင်မြတ်အား မမြင်ဘဲလျက် ကြောက်ရွံ့ကြကုန်သော 'ဆွလား'ဝတ်ပြုမှုကို ဆောက်တည်ကြကုန်သည့် သူတို့ကိုသာလျှင် သတိပေး နှိုးဆော်နိုင်ပေသည်။ အမှန်စင်စစ် မည်သူမဆို သန့်ရှင်းစင်ကြယ်ခဲ့ပါမူ၊ ထိုသူသည် မိမိ၏ အကျိုးငှာ သန့်ရှင်းစင်ကြယ်ခဲ့သည်သာ ဖြစ်၏။ ထို့ပြင် အလ္လာဟ် အသျှင်မြတ်ထံတော်သို့သာလျှင် နောက်ဆုံး ပြန်ကြရပေလိမ့်မည်။

وَمَا يَسْتَوِي الْأَعْمَىٰ وَالْبَصِيرُ ﴿١٩﴾

၃၅ : ၁၉ ။ ။ ၎င်းပြင် မျက်စိကန်းသူနှင့် မျက်စိမြင်သောသူသည်လည်း မတူပေ။

وَلَا الظُّلُمَاتُ وَلَا النُّورُ ﴿٢٠﴾

၃၅ : ၂၀ ။ ။ ထို့နည်းတူစွာ အမှောင်ထုနှင့် အလင်းရောင်သည်လည်း မတူပေ။

وَلَا الظِّلُّ وَلَا الْحَرُورُ ﴿٢١﴾

၃၅ : ၂၁ ။ ။ ထို့ပြင် အရိပ်အာဝါသနှင့် နေ၏ အပူရှိန်သည်လည်း မတူပေ။

وَمَا يَسْتَوِي الْأَحْيَاءُ وَلَا الْأَمْوَاتُ

إِنَّ اللَّهَ يُسْمِعُ مَن يَشَاءُ ۖ وَمَا أَنتَ بِمُسْمِعٍ مَّن فِي الْقُبُورِ ﴿٢٢﴾

၃၅ : ၂၂ ။ ။ ထို့ပြင် အသက်ရှင်သူများနှင့် သူသေများသည်လည်း မတူကြချေ။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား ကြားစေတော်မူ၏။ သို့ရာတွင် အသင်သည် သင်္ချိုင်းများတွင် ရှိသော သူတို့အား ကြားစေနိုင်သည်မဟုတ်ပေ။

إِنْ أَنتَ إِلَّا نَذِيرٌ ﴿٢٣﴾

၃၅ : ၂၃ ။ ။ အသင်သည် သတိပေးနှိုးဆော်သူတစ်ဦးမျှသာ ဖြစ်၏။

إِنَّا أَرْسَلْنَاكَ بِالْحَقِّ بَشِيرًا وَنَذِيرًا ۚ وَإِن مِّنْ أُمَّةٍ إِلَّا خَلَا فِيهَا نَذِيرٌ ﴿٢٤﴾

၃၅ : ၂၄ ။ ။ ဧကန်မလွဲ ငါအသျှင်မြတ်သည် အသင့်အား အမှန်တရားနှင့်တကွ ဝမ်းမြောက်ဖွယ်သတင်း ပြောကြားသူအဖြစ်လည်းကောင်း၊ သတိပေးနှိုးဆော်သူအဖြစ်လည်းကောင်း စေလွှတ်တော်မူ၏။ စင်စစ် သာသနာဝင် အုပ်စုတိုင်း၌ပင် သတိပေးနှိုးဆော်သူတစ်ဦး ပွင့်ရောက်ခဲ့သည်သာ ဖြစ်၏။

وَإِن يُكَذِّبُوكَ فَقَدْ كَذَّبَ الَّذِينَ مِن قَبْلِهِمْ جَاءَتْهُمْ
رُسُلُهُم بِالْبَيِّنَاتِ وَبِالزُّبُرِ وَبِالْكِتَابِ الْمُنِيرِ ﴿٢٥﴾

၃၅ း ၂၅ ။ ။ ထို့ပြင် အကယ်၍ ၎င်းတို့သည် အသင့်အား မုသာဝါဒီဟူ၍ စွပ်စွဲငြင်းပယ်ကြပါလျှင် အမှန်စင်စစ် ၎င်းတို့အလျင် ရှိခဲ့ဖူးကြသော ရှေးသူဟောင်းတို့သည်လည်း မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ ၎င်း (ရှေးသူဟောင်း) တို့ထံ ၎င်းတို့၏ ရစူလ်တမန်တော်များသည် ထင်ရှားစွာသော သက်သေလက္ခဏာများကိုလည်းကောင်း၊ ကျမ်းငယ်များကို လည်းကောင်း၊ ကျမ်းကြီးများကိုလည်းကောင်း ယူဆောင်၍ လာခဲ့ကြကုန်၏။

ثُمَّ أَخَذْتُ الَّذِينَ كَفَرُوا فَكَيْفَ كَانَ نَكِيرِ ﴿٢٦﴾

၃၅ း ၂၆ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် သွေဖည်ငြင်းပယ်ကြကုန်သော သူတို့အား ဖမ်းဆီးကွပ်မျက်တော်မူခဲ့ရာ၊ ငါအသျှင်မြတ်၏ အပြစ်ဒဏ်သည် မည်သို့ ရှိခဲ့ပေသနည်း။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ လူသားအပေါင်းတို့၊ အသင်တို့သည် (သာ) အလ္လာဟ်အသျှင်မြတ်အား လိုလားတောင့်တကြရသူများ ဖြစ်ကြသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်မှာ (မူ) လိုလားတောင့်တမှု လုံးဝ ကင်းမဲ့တော်မူသော အသျှင်၊ (ထို့ပြင် ထိုအသျှင်မြတ်ကိုယ်တော်တိုင် အရာခပ်သိမ်းတို့၏) ချီးမွမ်းအပ်သော ဝိသေသဂုဏ်ထူးနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

(သို့ဖြစ်ပေရာ အသင်တို့၏ လိုလားတောင့်တမှုကို တွေ့မြင်တော်မူ၍ အသင်တို့အတွက် 'သောင်ဟီးဒ်' တရား စသည်တို့ကို သင်ကြားပေးတော်မူခဲ့သည်။ အကယ်၍ အသင်တို့သည် ဤသည်ကို လက်မခံပါက အသင်တို့သည် မိမိတို့၏ နစ်နာဆုံးရှုံးမှုကို မိမိတို့ကိုယ်တိုင် ပြုခြင်းသာ ဖြစ်ပေမည်။ အလ္လာဟ်အသျှင်မြတ်အဖို့မှာမူ လိုလားတောင့်တမှု ကင်းရှင်းခြင်းနှင့် ပြည့်စုံကုံလုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည့်အလျောက် အသင်တို့ကို ဖြစ်စေ၊ (သို့) အသင်တို့၏ 'အမလ်' ပြုမူဆောင်ရွက်ချက်များကိုဖြစ်စေ၊ တစ်စုံတစ်ရာမျှ လိုလားခြင်းမျှ မရှိပေ။) အကယ်၍ ထိုအသျှင်မြတ် အလိုတော်ရှိပါလျှင် (အသင်တို့၏ 'ကုဖွ်ရ်' ကျူးလွန်ခြင်း အပြစ်ဒဏ်အဖြစ်) အသင်တို့အား ဖျက်ဆီးတော်မူ၍ အဖန်ဆင်းခံအသစ်ကို ဖန်ဆင်းတော်မူနိုင်သည်။ (ထိုအဖန်ဆင်းခံအသစ်တို့သည် အသင်တို့ကဲ့သို့ 'ကုဖွ်ရ်' နှင့် ငြင်းပယ်မှုများ ပြုကြမည် မဟုတ်ပေ)

စင်စစ်သော်ကား ဤအလ္လာဟ်အသျှင်မြတ်အဖို့ မည်သည့်ခဲယဉ်းမှုမျှ မဟုတ်ပေ။ (သို့ရာတွင် အသင်တို့၏ ကောင်းကျိုးအတွက် ဆိုင်းငံ့ထားတော်မူခြင်းသာဖြစ်သည်။ အချုပ်မှာ ဤကမ္ဘာလောက၌မူ ဤနစ်နာဆုံးရှုံးမှုသည် ဖြစ်ပေါ်နိုင်ခြင်းမျှသာ ရှိသော်လည်း 'ကေယာမသ်' နေ့တွင်မူ မုချ ဖြစ်ပေါ်လာပေလိမ့်မည်။)

ထို့နောက် (ထိုနေ့တွင်) တစ်စုံတစ်ဦးသည် အခြားသူတစ်ဦး၏ ဝန်ထုပ်ဝန်ပိုး (အပြစ် 'ဂိုနာဟ်' များကို) ထမ်းမပေးမည်မဟုတ်ပေ။ ထို့ပြင် (မိမိကိုယ်တိုင်အပြင် လူတစ်ဦးတစ်ယောက်သည် အခြားသူ တစ်ဦးတစ်ယောက်အပေါ် မည်သို့ ငဲ့ကွက်သနည်းဟူသော အခြေအနေကို တွေ့မြင်ရမည်မှာ) အကယ်၍ ဝန်ထုပ်ဝန်ပိုးထမ်းသူတစ်ဦး (အပြစ်ဒုစရိုက်များရှိသူ) သည် (အခြား) တစ်စုံတစ်ဦးအား မိမိ၏ ဝန်ထုပ်ကို ထမ်းမ,ပေးရန် ဟစ်ခေါ်ပါလျှင်လည်း ထိုဟစ်ခေါ်ခြင်းခံရသူများအနက်မှ ဆွေရင်းမျိုးရင်းဖြစ်သည့်တိုင် ထိုဝန်ထုပ်ကို အနည်းငယ်မျှပင် ထမ်းမ,ပေးလိမ့်မည်မဟုတ်ပေ။ (သို့ဖြစ်ပေရာ ဤ 'ကုဖွ်ရ်' နှင့် မကောင်းမှု များ ပြုကျင့်ခဲ့ခြင်းအတွက် အပြည့်အဝ နစ်နာဆုံးရှုံးခြင်းကို မိမိကိုယ်တိုင် ခံစားရပေလိမ့်မည်။ ဤသည် မှာ ငြင်းပယ်သူ ကာဖိရ်များအတွက် သတိပေးနိုးဆော်ခြင်း ဖြစ်သည်။ ရှေ့တွင် ကိုယ်တော်မြတ် ﷺ အား နှစ်သိမ့်တော်မူသည်မှာ အို, မိုဟမ္မဒ်၊ တစ်နေ့တွင် အစားပေးခြင်းဒုက္ခကို မုချ ခံစားရမည့် ၎င်းတို့၏ 'ကုဖွ်ရ်' ငြင်းပယ်မှုအပေါ် အဘယ်ကြောင့် ဤမျှ ပူဆွေးသောက ဖြစ်နေရသနည်း။) အသင် (၏ တာဝန်) မှာမူ (အကျိုးအမြတ်ဖြစ်စေမည့် နိုးဆော်ခြင်းအဖြစ်) မိမိ၏ အသျှင်မြတ်ကို မမြင်ဘဲလျက် ကြောက်ရွံ့ သူများနှင့် နမာဇ်ဝတ်ပြုမှုကို ဆောက်တည်ကြကုန်သော သူများကိုသာ သတိပေးနိုးဆော်ခြင်း ပြုနိုင် ပေသည်။ (ٱلَّذِينَ ၏ အလိုသဘောမှာ မုအ်မင်န်များ၊ သက်ဝင်ယုံကြည်သူများကို ဆိုလိုသည်။ အသင်၏ သတိပေးနိုးဆော်မှုဖြင့် မုအ်မင်န်များသာ အကျိုးဖြစ်ထွန်းပေမည်။ ဤသည်မှာ လက်ရှိအခြေအနေ၌ဖြစ်စေ၊ (သို့) နောင်အခါတွင်မှဖြစ်စေ အတူတူပင်ဖြစ်သည်။ ထို့ပြင် ဤနှစ်မျိုးစလုံးတွင် အမှန်တရားကို ရှာဖွေ လိုလားမှုသည်လည်း ရောနှောပါဝင်ပေသည်။ အလိုသဘောမှာ 'အမှန်တရားကို လိုလားသူအဖို့ အကျိုးအမြတ် ဖြစ်ထွန်းပေမည်။ ဤသူများမှာမူ အမှန်တရားကို လိုလားရှာဖွေသူများ မဟုတ်ပါ။ ၎င်းတို့အပေါ် မျှော်လင့် ချက်မထားလေနှင့်။) ထို့ပြင် မည်သူမဆို (အီမာန်သက်ဝင်ယုံကြည်လျက် 'ရှရ်စ်က်' နှင့် 'ကုဖွ်ရ်' လုပ်ရပ် များပြုခြင်းမှ) စင်ကြယ်သန့်ရှင်းခဲ့သည်ဆိုလျှင် ထိုသူသည် မိမိ၏ (အကျိုး) အတွက်သာ စင်ကြယ် သန့်ရှင်းခဲ့ခြင်းသာ ဖြစ်သည်။ ထို့ပြင် (အီမာန်သက်ဝင်ခြင်း မရှိသူမှာ 'ကေယာမသ်'နေ့တွင် အပြစ်ဒဏ် ခံစားရပေမည်။ အဘယ်ကြောင့်ဆိုသော် အားလုံးသောသူတို့မှာ) အလ္လာဟ်အသျှင်မြတ် ထံတော်သို့သာလျှင် ပြန်လည် ရောက်ရှိကြပေမည်။ (၎င်းတို့အတွက် အကျိုးရှိသည်ဖြစ်လျှင် အသင်သည် အဘယ်ကြောင့် ပူဆွေးသောက ဖြစ်ရပါသနည်း။)

ထို့ပြင် (၎င်းတို့၏ အသိအမြင်၊ ဉာဏ်ပညာတို့ကို မုအ်မင်န်တို့၏ အသိအမြင် ဉာဏ်ပညာကဲ့သို့ လည်းကောင်း၊ မုအ်မင်န်များကဲ့သို့ အမှန်တရား လက်ခံခြင်းကိုလည်းကောင်း ထို့ပြင် အမှန်တရား လက်ခံ ခြင်း၏ သာသနာရေးဆိုင်ရာ အကျိုးအမြတ်များ၌လည်း ၎င်းတို့ ပါဝင်လာစေရန် အဘယ်ကြောင့် မျှော်လင့် ချက် ထားနေပါသနည်း။ အဘယ်ကြောင့်ဆိုသော် မုအ်မင်န်တို့၏ အမှန်ကို မြင်တတ်သော ဥပမာမှာ မျက်စိမြင်သူကဲ့သို့ ဖြစ်ပြီး၊ ၎င်းတို့၏ ဥပမာမှာ အမှန်တရားကို မတွေ့မြင်၊ မသိနိုင်သော မျက်ကန်းကဲ့သို့ ဖြစ်သည်။ အလားတူ မုအ်မင်န်သည် အမှန်တရားကို သိရှိခြင်းအကြောင်းခံဖြင့် 'ဟေဒါယသ်'တရား

လမ်းမှန်ကို လက်ကိုင်ပြုထားခြင်းသည် 'နူရ်'လင်းရောင်ခြည်ကဲ့သို့ ဖြစ်သည်။ ကာဖိရ်တို့၏ အမှန်တရားကို မသိရှိခြင်းကြောင့် လျှောက်လှမ်းလျက်ရှိသော လမ်းသည် အမှောင်ထုကဲ့သို့ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်က

وَجَعَلۡنَا لَهُۥ نُورٗا يَمۡشِي بِهِۦ فِي ٱلنَّاسِ كَمَن مَّثَلُهُۥ فِي ٱلظُّلُمَٰتِ لَيۡسَ بِخَارِجٖ مِّنۡهَا

ဟု မိန့်ကြားတော်မူသကဲ့သို့ ဖြစ်သည်။ အလားတူ 'ဂျန္နသ်'၏ အကျိုးရလဒ် စသည်တို့သည် ဤလမ်းစဉ်အပေါ် လျှောက်လှမ်းခြင်းအားဖြင့် ရရှိပေမည်။ ထိုအကျိုးရလဒ်၏ ဥပမာမှာ အေးမြသော အရိပ်အာဝါသကဲ့သို့ပင် ဖြစ်သည်။ 'ဂျဟန္နမ်'ငရဲဘုံသို့ သွားရသော ရလဒ်ဆိုးသည် လွဲမှားသော လမ်းအပေါ် လျှောက်လှမ်းခြင်းအားဖြင့် ရရှိခြင်း ဖြစ်ပေမည်။ ၎င်း၏ ဥပမာမှာ လောင်ကျွမ်းသော အပူရှိန်ကဲ့သို့ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်က ظِلّٖ مَّمۡدُودٖ မှ فِي سَمُومٖ အထိ မိန့်ကြားတော်မူထားသကဲ့သို့ ဖြစ်သည်။ ထို့ပြင် ပေါ်လွင်ထင်ရှားသည်မှာ) မျက်စိကန်းသူနှင့် မျက်စိမြင်သူမှာ မတူညီပေ။ အမှောင်နှင့် အလင်း သည်လည်း မတူညီပေ။ ထို့ပြင် အရိပ်အာဝါသနှင့် အပူရှိန်သည်လည်း မတူညီပေ။

(သို့ဖြစ်ပေရာ ၎င်းတို့၏ အသိပညာနှင့် မုအ်မင်န်တို့၏ အသိပညာ၌လည်း တူညီမှုမရှိပေ။ ၎င်းတို့၏ လမ်းစဉ်နှင့် ထိုလမ်းစဉ် လျှောက်လှမ်းခြင်း၏ ရလဒ်သည်လည်း မုအ်မင်န်တို့၏ လမ်းစဉ်နှင့် ၎င်းလမ်းစဉ်ကို လျှောက်လှမ်းခြင်း၏ ရလဒ် မတူညီကြပေ။) ထို့ပြင် (မုအ်မင်န်နှင့် ကာဖိရ်တို့တွင် မျက်စိမြင်သူနှင့် မမြင်သူကဲ့သို့ ဖြစ်သည်ဟု ဆိုထားရာ ဆိုလိုရင်းမှာ လျော့နည်းခြင်းအရာတွင် ငြင်းဆိုရန်ဖြစ်၍ များပြားခြင်းတွင် ဆိုလိုခြင်း မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့တွင် ကွာခြားချက်မှာ သေသူနှင့် ရှင်သူကဲ့သို့ ဖြစ်သည်။ သို့ဖြစ်ပေရာ ၎င်းတို့၌ တူညီမှု မရှိကြောင်းကို ဤသို့လည်း ပြောဆိုနိုင်ပါသည်။ အသက်ရှင်သူများနှင့် သူသေများသည်လည်း မတူညီနိုင်ကြပေ။ (၎င်းတို့သည် သေသူများဖြစ်ကြသည့်အခါ သူသေများကို အသက်ရှင်စေနိုင်ခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ 'ကွဒ်ရသ်' တန်ခိုးတော်၌သာ ရှိသည်။ အဖန်ဆင်းခံတို့၏ စွမ်းဆောင်နိုင်ခြင်း မရှိပေ။ သို့ဖြစ်ပေရာ အကယ်၍ အလ္လာဟ်အသျှင်မြတ်ကသာ ၎င်းတို့အား တရားလမ်းမှန်ပေါ်၌ ပြုလုပ်ပေးတော်မူပါလျှင် တစ်မျိုးဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော်) ဧကန်မုချ အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုတော်ရှိသူအား ကြားစေတော်မူ၏။ (အသင်၏ ကြိုးပမ်းမှုဖြင့် ဤသူတို့သည် အမှန်တရားကို လက်ခံကြမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ ဥပမာမှာ သူသေများကဲ့သို့ပင် ဖြစ်ကြောင်းကို အသင် ကြားခဲ့ပြီးဖြစ်သောကြောင့်ပင်။) ထို့ပြင် အသင်သည် သင်္ချိုင်းများတွင် (မြုပ်နှံခြင်းခံလျက်) ရှိသူတို့အား ကြားစေနိုင်မည် မဟုတ်ပေ။

(သို့ရာတွင် ၎င်းတို့က လက်မခံကြသည်ကို အသင်သည် ပူဆွေးသောက မဖြစ်လေနှင့်။ အဘယ်ကြောင့်ဆိုသော်) အသင်သည် (ကာဖိရ်တို့နှင့် စပ်လျဉ်း၍) သတိပေး နှိုးဆော်သူတစ်ဦးမျှသာ ဖြစ်သည်။ (ထိုကာဖိရ်များသည် ကြောက်လန့်၍ လက်ခံလာရန် အသင့်၌ တာဝန်မရှိပါ။ ထို့အပြင် 'နဗူဝသ်'ကို ငြင်းပယ်သူများက ပြောဆိုသကဲ့သို့ ဤသတိပေး နှိုးဆော်ခြင်းသည် အသင့်ဘက်မှ မဟုတ်ဘဲ ငါအသျှင်

မြတ်ဘက်မှ ပေးအပ်သော ဓာတ်ဝန်သာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်) ဧကန်မလွဲ ငါအသျှင်မြတ်သည် အသင့်အား (သာသနာ) အမှန်တရားကို ပေးအပ်၍ (မွတ်စ္စလင်မ်တို့အား) ဝမ်းမြောက်ဖွယ် သတင်းပြောကြားသူအဖြစ်လည်းကောင်း၊ (ကာဖိရ်တို့အား) သတိပေးနှိုးဆော်သူအဖြစ်လည်းကောင်း ခန့်အပ်စေလွှတ်တော်မူခဲ့ခြင်းသာ ဖြစ်သည်။ (ဤသို့ စေလွှတ်ခြင်းသည် ကာဖိရ်များ ပြောဆိုကြသကဲ့သို့ ထူးဆန်းသော အကြောင်းမဟုတ်သည်သာမက) သာသနာဝင် အုပ်စုတိုင်းတွင် သတိပေးနှိုးဆော်သူ (နဗီတမန်တော်) မရောက်ခဲ့သည်ဟူ၍ မရှိပေ။

ထို့ပြင် အကယ်၍ ၎င်းတို့သည် အသင့်အား မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြပါလျှင် (အသင်သည် ယခု အကျဉ်းချုံး တင်ပြထားခြင်း၌လည်းကောင်း၊ အခြားသော အာယသ်တော်များ၌ တင်ပြထားခြင်း၌ လည်းကောင်း ပါရှိသော ရှေးနဗီတမန်တော်များက ကာဖိရ်များအပေါ် ဆက်ဆံခဲ့ကြပုံကို သတိရ အောက်မေ့လျက် မိမိစိတ်ကို ဖြေသိမ့်ပါလေ။ အဘယ်ကြောင့်ဆိုသော်) အမှန်စင်စစ် ၎င်းတို့အလျှင်၌ ရှိခဲ့ကြသော ရှေးသူဟောင်းတို့သည်လည်း မိမိတို့ခေတ်ကာလ၌ ပွင့်ရောက်ခဲ့ကြသော နဗီတမန်တော်တို့အား မဟုတ်မမှန်သူများဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်။ (ထို့ပြင်) ၎င်းတို့ထံသို့လည်း ၎င်းတို့၏ ရစူလ်တမန်တော်တို့သည် 'မုအ်ဂျေဇာဟ်' များကိုလည်းကောင်း၊ ကျမ်းငယ်များကိုလည်းကောင်း ကျမ်းကြီးများကိုလည်းကောင်း ယူဆောင်လာခဲ့ကြကုန်၏။

(ဆိုလိုသည်မှာ အချို့နဗီတမန်တော်များသည် ကျမ်းငယ်များကိုလည်းကောင်း၊ အချို့သည် ကျမ်းကြီးများကိုလည်းကောင်း၊ အချို့မှာ နဗီဖြစ်ကြောင်း လက်ခံရန်ဟူ၍ 'မုအ်ဂျေဇာဟ်' များနှင့် အမိန့်တော်များကိုလည်းကောင်း ယူဆောင်လာခဲ့ကြသည်။) ထို့နောက် (၎င်းတို့က မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြလေသောအခါ) ငါအသျှင်မြတ်သည် ထိုကာဖိရ်များကို ဖမ်းဆီးကွပ်မျက်တော်မူလေရာ (ကြည့်ကြလေကုန်) ငါအသျှင်မြတ်၏ အပြစ်ဒဏ်သည် မည်သို့ ရှိခဲ့လေသနည်း။ (ဤနည်းအတိုင်း အချိန်ရောက်လာသောအခါ ၎င်းတို့အား အပြစ်ဒဏ်ပေးတော်မူမည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَلَا تَزِرُ وَازِرَةٌ وِّزْرَ اُخْرٰى

ဆိုလိုသည်မှာ 'ကေယာမသ်' နေ့တွင် မည်သူမျှ အခြားတစ်ဦးတစ်ယောက်၏ အပြစ်ဒုစရိုက်တို့၏ ဝန်ထုပ်ဝန်ပိုးကို ထမ်းမ,ပေးနိုင်ကြမည်မဟုတ်ပေ။ လူတိုင်းလူတိုင်းသည် မိမိတို့၏ ဝန်ထုပ်ကို မိမိတို့ကိုယ်တိုင်သော ထမ်းမ,ကြရပေမည်။ 'စူရာဟ်အန်ကဗူးသ်'

وَلَيَحْمِلُنَّ اَثْقَالَهُمْ وَاَثْقَالًا مَّعَ اَثْقَالِهِمْ

ဆိုလိုသည်မှာ 'မုချစင်စစ် ၎င်းတို့သည် မိမိတို့၏ ဝန်ထုပ်များကိုလည်းကောင်း၊ မိမိတို့၏ ဝန်ထုပ်များနှင့်အတူ အခြားသော ဝန်ထုပ်များကိုလည်းကောင်း ထမ်းရွက်ကြရပေမည်' ဟု လာရှိထားသည်။

ထို့ပြင် ၎င်းတို့သည် အခြားသူများကို လမ်းမှားစေခဲ့သည့် အပြစ်နှင့်အညီ ထိုအခြားသူတို့၏ ဝန်ထုပ်ကိုလည်း ထမ်းရွက်ကြရပေမည်။ ဤနေရာတွင် ၎င်းတို့က လမ်းမှားစေခဲ့သူများ၏ ဝန်ထုပ်သည် လျော့နည်းသွားမည်ဟူသော အလိုသဘောကား မဟုတ်ချေ။ ၎င်းတို့အဖို့ မိမိ၏ အပြစ်နှင့်အညီ မိမိဝန်ထုပ်ကို မိမိကိုယ်တိုင် အပြည့်အဝ ဆောင်ရွက်ရမည်ဖြစ်ပြီး လမ်းမှားစေသူများ၏ အပြစ်မှာ နှစ်ဆဖြစ်သည့်အတွက် ၎င်းတို့၏ ဝန်ထုပ်မှာ နှစ်ဆ ဖြစ်သွားပေမည်။ တစ်ဆမှာ မိမိတို့ကိုယ်တိုင် လမ်းမှားခြင်းအတွက်ဖြစ်ပြီး ကျန်တစ်ဆမှာ အခြားသူများကို လမ်းမှားစေခြင်းအတွက် ဖြစ်သည်။ ထို့ကြောင့် အာယသ်တော်နှစ်ပါးစလုံးတွင် မည်သည့်ဆန့်ကျင်မှုမျှ မရှိတော့ပေ။ *[ရူးဟွလ်မအာနီကျမ်း]*

ဟာဇရသ်အိက်ရမဟ် (ရဟ) သည် အထက်ပါအာယသ်တော်၏ ဖွင့်ဆိုချက်၌ မိန့်ဆိုသည်မှာ ထို (ကေယာမသ်) နေ့တွင် ဖခင်တစ်ဦးသည် မိမိ၏ သားအား 'ငါသည် အသင့်အပေါ် မည်သို့ အကြင်နာကရုဏာထားခဲ့သည့် ဖခင်ဖြစ်သည်ကို အသင် သိပါသည်'ဟု ပြောဆိုလေရာ သားဖြစ်သူက 'ကေန်မုချ ဖခင်ကြီး၏ ကျေးဇူးသည် မရေမတွက်နိုင်လောက်အောင်ပင် များပြားလှပါသည်။ ကျွန်တော့်အတွက် ဖခင်ကြီးသည် လောကတွင် များမြောင်စွာသော ဒုက္ခတို့ကို ခံစားခဲ့ရပါသည်'ဟု ဝန်ခံ၍ ဖြေကြားပေမည်။ ထိုအခါ ဖခင်က 'အို၊ ချစ်သား၊ ယနေ့ ငါသည် အသင့်ထံမှ မျှော်ကိုးပါသည်။ အသင်သည် မိမိ၏ ကောင်းမှုများအနက်မှ အနည်းငယ်ကို ငါ၏ လွတ်မြောက်အောင်မြင်မှုအတွက် ပေးလိုက်ပါ'ဟု ပြောဆိုပေမည်။ သားဖြစ်သူက 'ဖခင်ကြီး၊ ဖခင်ကြီးတောင်းခံသည်မှာ အလွန်ပင် နည်းပါးသောအရာ ဖြစ်ပါသည်။ သို့ရာတွင် အကယ်၍ ကျွန်ုပ်သည် ဤသည်ကို ဖခင်ကြီးအား ပေးလိုက်ပါက ကျွန်ုပ်၏ အခြေအနေမှာ ဤ (ဖခင်ကြီး) အတိုင်း ဖြစ်သွားပေလိမ့်မည်။ ထို့ကြောင့် ပေးရန်မဖြစ်နိုင်ပါ'ဟု ပြောဆိုပေမည်။ ထိုအခါ ဖခင်သည် မိမိ၏ ဇနီးထံသို့ သွား၍ 'ကျွန်ုပ်သည် လောကတွင် အသင့်အတွက် အရာရာကို စွန့်လွှတ်စွန့်စားခဲ့ပါသည်။ ယနေ့ ကျွန်ုပ်သည် အသင်၏ ကောင်းမှုများမှ ကောင်းမှုအနည်းငယ်ကို လိုအပ်နေပါသည်ဟု ပြောဆိုရာ ဇနီးကလည်း သားဖြေကြားလိုက်သည့်အတိုင်း အဖြေပေး ပြောကြားလေသည်။ ဟာဇရသ်အိက်ရမဟ်သည် ဖော်ပြပါ

وَلَا تَزِرُ وَازِرَةٌ وِّزْرَ اُخْرٰى

၏ အလိုသဘောမှာ ဤအတိုင်းပင် ဖြစ်သည်ဟု မိန့်ကြားပြီး ဆက်လက်၍ မိန့်ကြားသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်သည် အာယသ်တော်များစွာတို့တွင် ဤအကြောင်းကို တင်ပြမိန့်ကြားထားသည်။ တစ်နေရာတွင်

لَا يَجْزِىْ وَالِدٌ عَنْ وَّلَدِهٖ وَلَا مَوْلُوْدٌ هُوَ جَازٍ عَنْ وَّالِدِهٖ شَيْئًا

ဆိုလိုသည်မှာ ထိုနေ့တွင် မည်သည့်ဖခင်ကမျှ မိမိ၏ သားကို 'အဇာဗ်'အပြစ်ဒဏ်မှ လွတ်မြောက်စေနိုင်မည်မဟုတ်။ သားသည်လည်း ဖခင်ကို ကယ်တင်နိုင်မည်မဟုတ်'ဟု လာရှိထားသည်။ ဆိုလိုသည်မှာ

လူတစ်ဦးသည် အခြားသူတစ်ဦး၏ အပြစ်ကို မိမိခေါင်းပေါ် တင်၍ ထိုအပြစ်ရှိသူအား ကယ်ဆယ်ခြင်း မပြုနိုင်ဟုဖြစ်သည်။ 'ရှဖာအသ်'သည် သီးခြားကဏ္ဍဖြစ်သည်။ အလားတူ အခြားအာယသ်တော်တစ်ပါးတွင်

يَوْمَ يَفِرُّ الْمَرْءُ مِنْ اَخِيْهِ وَ اُمِّه وَ اَبِيْهِ وَصَاحِبَتِه وَبَنِيْهِ

ဆိုလိုသည်မှာ 'ထိုနေ့တွင် လူသားသည် မိမိ၏ ညီနောင်များမှလည်းကောင်း၊ မိခင်၊ ဖခင်တို့မှလည်းကောင်း၊ ဇနီးသည်မှလည်းကောင်း၊ သားသမီးများမှလည်းကောင်း ထွက်ပြေး (တိမ်းရှောင်) သွားပေလိမ့်မည်'ဟု လာရှိထားသည်။ ထွက်ပြေးခြင်းဆိုသည်မှာ 'ထိုသူသည် မိမိ၏ အပြစ်များကို ကျွန်ုပ်အပေါ် တင်ပေးလိုက်လိမ့်မည်။ (သို့) ကျွန်ုပ်၏ ကောင်းမှုတစ်ခုခုကို ယူရန် တောင်းခံခြင်းမျိုးမှ လွတ်ကင်းရန် ဖြစ်သည်'ဟု ဆိုလိုပေသည်။ *[အိဗ်နေကဆီးရ်]*

وَمَا اَنْتَ بِمُسْمِعٍ مَّنْ فِى الْقُبُوْرِ

ဤအာယသ်တော်၏ အစတွင် ကာဖိရ်များကို သူသေများနှင့်လည်းကောင်း၊ မုအ်မင်န်များကို ရှင်သန်နေသူများနှင့်လည်းကောင်း ပမာပေးခိုင်းနှိုင်းထားသည်။ ဤအကြောင်းနှင့် ဆက်စပ်ပြီး ဤနေရာတွင် مَنْ فِى الْقُبُوْرِ သည် ကာဖိရ်များကိုပင် ဆိုလိုပေသည်။ အလိုသဘောမှာ 'အသင်သည် သူသေများကို ကြားသိစေခြင်း မပြုနိုင်သကဲ့သို့ ထို့ရှင်နေသူ ကာဖိရ်များကိုလည်း ကြားစေခြင်းငှာ မပြုနိုင်ပါ'ဟု ဖြစ်သည်။

ဤအာယသ်တော်သည် ကြားသိစေခြင်းဟူသည့် အလိုသဘောမှာ အကျိုးအမြတ် သက်ရောက်မှုရှိသော ကြားသိစေခြင်းကိုသာ ဖွင့်ဆိုပြသလိုက်ခြင်း ဖြစ်သည်။ ထိုသို့ မဟုတ်ဘဲ ဤအတိုင်း 'ကြားခြင်း' ဆိုသည်မှာမူ အမြဲတစေ ကြားနေရသည်သာ ဖြစ်ပေသည်။ ၎င်းတို့ကလည်း ကြားလျက် ရှိနေကြောင်း တွေ့မြင်နေရပေသည်။ ထို့ကြောင့် ဤအာယသ်တော်၏ အလိုသဘောမှာ အသင်သည် သူသေများအား အမှန်တရားကို ကြားစေပြီး လမ်းမှန်ပေါ်သို့ ခေါ်ဆောင်လာခြင်း မပြုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ဤလောက၏ 'ဒါရုလ်အမလ်' ('အမလ်'ဆောက်တည်မှု ပြုကျင့်သည့်နေရာ) မှ တမလွန်၏ 'ဒါရုလ်ဂျဇာ' (အစားပေးသည့်နေရာ) သို့ ရောက်ရှိသွားကြပြီး ဖြစ်သည်။ ထိုတမလွန်တွင် အကယ်၍ ၎င်းတို့သည် အီမာန်သက်ဝင်ယုံကြည်ကြပါပြီဟု ထွက်ဆိုကြသည်ဆိုလျှင်လည်း အတည်ဖြစ်မည်မဟုတ်တော့ပေ။ ကာဖိရ်တို့၏ အခြေအနေမှာ ဤပုံစံအတိုင်း ဖြစ်ကြပေမည်။

ဤအာယသ်တော်၌ သူသေများကို ကြားစေခြင်းမပြုနိုင်ကြောင်းကို တင်ပြထားသည်ဖြစ်ရာ ဤသည် ကြားရသူတို့အဖို့ ဤကြားရခြင်းအပေါ် လမ်းမှားကို စွန့်လွှတ်လျက် လမ်းမှန်ပေါ်သို့ ရောက်ရှိလာသော အကျိုးသက်ရောက်မှုရှိသည့် ကြားစေခြင်းကို ဆိုလိုသည်။ ဤတင်ပြချက်များအရ သူသေများ ကြားခြင်းဆိုင်ရာ ဓမ္မသတ်သည် ဤအာယသ်တော်နှင့် မသက်ဆိုင်ကြောင်း အတည်ဖြစ်ပေသည်။ သူသေများ ကြားရခြင်း၊ မကြားရခြင်းဟူသည်မှာ သူ့နေရာနှင့် သူသာ ဖြစ်သည်။ ထိုအကြောင်းကို စူရာဟ်ရူးမ်နှင့် စူရဟ်နမလ်တို့တွင် အကျယ်တဝင့် တင်ပြခဲ့ပြီးဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

أَلَمْ تَرَ أَنَّ اللَّهَ أَنزَلَ مِنَ السَّمَاءِ مَاءً فَأَخْرَجْنَا بِهِ ثَمَرَاتٍ مُّخْتَلِفًا
أَلْوَانُهَا ۚ وَمِنَ الْجِبَالِ جُدَدٌ بِيضٌ وَحُمْرٌ مُّخْتَلِفٌ
أَلْوَانُهَا وَغَرَابِيبُ سُودٌ ﴿٢٧﴾

၃၅ : ၂၇ ။ ။ အသင်သည် မမြင်ခဲ့လေသလော။ ကေန်မလွဲ ငါအသျှင်မြတ်သည် မိုးကောင်းကင်မှ ရေကို ချပေးတော်မူခဲ့၏။ ထို့နောက် ငါအသျှင်မြတ်သည် ထိုရေဖြင့် အရောင်အသွေးအမျိုးမျိုး ကွဲပြားခြားနားသော သစ်သီးဝလံများကို (ပေါက်ရောက်) ထွက်စေတော်မူခဲ့၏။ ထိုနည်းတူစွာ တောင်များ၌လည်း တောင်ကြားလမ်းများ ရှိကြပေရာ၊ အချို့မှာ အဖြူများဖြစ်၍၊ အချို့မှာ အနီများ ဖြစ်ကြသည့်အပြင်၊ ၎င်းတို့၏ အရောင်များမှာ အထူးထူးအပြားပြား ဖြစ်ကြ၏။ အချို့မှာလည်း အလွန်မည်းနက်၏။

وَمِنَ النَّاسِ وَالدَّوَابِّ
وَالْأَنْعَامِ مُخْتَلِفٌ أَلْوَانُهُ كَذَٰلِكَ ۗ إِنَّمَا يَخْشَى اللَّهَ
مِنْ عِبَادِهِ الْعُلَمَاءُ ۗ إِنَّ اللَّهَ عَزِيزٌ غَفُورٌ ﴿٢٨﴾

၃၅ : ၂၈ ။ ။ ထို့ပြင် လူတို့တွင်လည်းကောင်း၊ သက်ရှိသတ္တဝါတို့တွင်လည်းကောင်း၊ ကုလားအုတ်၊ ကျွဲ၊ နွား၊ တိရစ္ဆာန်တို့တွင်လည်းကောင်း ထိုနည်းအတိုင်းပင် အရောင်အဆင်း အမျိုးမျိုး ရှိကြပေသည်။ အလ္လာဟ်အသျှင်မြတ်အား ထိုအသျှင်မြတ်၏ ကျွန်တို့အနက် အာလင်မ်ပညာရှင်များသာလျှင် ကြောက်ရွံ့ကြကုန်၏။ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော အသျှင်၊ အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အသင်သည် ထိုအရာများအပေါ် မကြည့်မမြင်ခဲ့ပါသလာ။ အဘယ်ကြောင့်ဆိုသော် ဧကန်မုချ အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်မှ ရေကို ချပေးတော်မူခဲ့သည်။ ထို့နောက် ငါအသျှင်မြတ်သည် (ထိုရေ) ၏ အကြောင်းခံဖြင့် အရောင်အမျိုးမျိုး ကွဲပြားသော သစ်သီးဝလံများကို ထွက်စေတော်မူခဲ့သည်။ (သစ်သီးဝလံမျိုးစုံမှ သီးခြားအရောင်များ ကွဲပြားခြားနားခြင်းဖြစ်စေ၊ (သို့) သစ်သီးအမျိုးအစားတစ်ခုတည်းမှ အရောင်အမျိုးမျိုး ကွဲပြားခြားနားခြင်းဖြစ်စေ အတူတူပင်ဖြစ်သည်။) ထို့ပြင် (အလားတူ) တောင်များတွင်လည်း အမျိုးမျိုးသော အစိတ်အပိုင်း (လမ်းသွယ်) များ ရှိကြသည်။ (အချို့မှာ) အဖြူများဖြစ်၍ (အချို့မှာ) အနီရောင်များ ဖြစ်သည်။ (တစ်ဖန်) ထို (အဖြူနှင့် အနီရောင်) များတွင်လည်း အရောင်အမျိုးမျိုး ရှိပေသည်။ (အချို့မှာ အလွန်ဖြူသော အရောင်ဖြစ်ပြီး အချို့မှာ အလွန်နီသော အရောင်၊ အချို့မှာ အဖြူရောင်အဖျော့ ဖြစ်သည်။ အချို့မှာ အနီရောင်အဖျော့ ဖြစ်သည်။) ထို့ပြင် (အချို့မှာမူ အဖြူလည်း မဟုတ်၊ အနီလည်း မဟုတ်ဘဲ) အလွန်မည်းနက်သော အရောင်ဖြစ်သည်။

ထို့ပြင် လူများတွင်လည်းကောင်း၊ သက်ရှိသတ္တဝါ တိရစ္ဆာန်များတွင်လည်းကောင်း၊ ဤအတိုင်းပင် အရောင်အဆင်းအမျိုးမျိုး ရှိကြပေသည်။ (တစ်ခါတစ်ရံ အမျိုးအစားမတူညီ ကွဲပြားမှုများကြောင့် အရောင်အဆင်းကွဲပြားခြားနားရခြင်း ဖြစ်သည်။ တစ်ခါတစ်ရံ တစ်မျိုးတည်း၌ပင် အရောင်အမျိုးမျိုး ကွဲပြားရပြန်သည်။ သို့ဖြစ်ပေရာ တန်ခိုးတော်နှင့်စပ်လျဉ်းသော အထောက်အထားများကို စဉ်းစားဆင်ခြင်သူများအဖို့ အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်မြင့်မြတ်တော်မူခြင်းကို သိရှိကြပေသည်။ ထို့ပြင်) အလ္လာဟ်အသျှင်မြတ်အား ထိုအသျှင်မြတ်၏ ကျွန်များအနက် (ထိုအသျှင်မြတ်၏ ကြီးကျယ်မြင့်မြတ်မှုကို) အသိပညာရှိသော အာလင်မ်များသာလျှင် ကြောက်ရွံ့ကြပေသည်။ (အကယ်၍ ကြီးကျယ်မြင့်မြတ်တော်မူကြောင်းကို ယုံကြည်ခြင်းနှင့် ဦးနှောက်အသိရှိခြင်းမျှသာ ဖြစ်လျှင် ဤကြောက်ရွံ့မှုတွင်လည်း ယုံကြည်ခြင်းနှင့် ဦးနှောက်အသိရှိခြင်းသာ ဖြစ်ပေမည်။ အကယ်၍ ကြီးကျယ် မြင့်မြတ်တော်မူကြောင်းသည် လက်တွေ့ကျကျ အဆင့်အထိ ရောက်ရှိသွားသည်ဖြစ်မူ ဤကြောက်ရွံ့မှုသည်လည်း လက်တွေ့အခြေအနေအတိုင်းသာ ဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော် ထိုကြီးကျယ်မြင့်မြတ်တော်မူခြင်းနှင့် ဆန့်ကျင်မှုများကို စိတ်မှ ရွံရှာမုန်းတီးခြင်း ဖြစ်ပေမည်။) စင်စစ်မလွဲ အလ္လာဟ်အသျှင်မြတ် (အား ကြောက်ရွံ့ခြင်းသည် မူလကနဦးမှပင် အရေးကြီးပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအသျှင်မြတ်သည်) အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော အသျှင်ဖြစ်၏။ (အလုံးစုံကို စွမ်းဆောင်နိုင်တော်မူ၏။ ၎င်းနောက် မိမိအကျိုးအတွက်လည်း လိုအပ်အရေးကြီးသော အရာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထိုအသျှင်မြတ်သည် ကြောက်ရွံ့သူတို့၏ အပြစ်ဒုစရိုက်များကို) အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အာယသ်တော်များ၏ ဆက်စပ်မှု

အချို့ပညာရှင်များက ဤအာယသ်တော်များတွင် 'ကွဒ်ရသ်' တန်ခိုးတော်၏ အထောက်အထားများဖြင့် ကိုးကားထားသည့် 'သောင်ဟီးဒ်' အကြောင်းကို ဦးတည်ညွှန်းဆိုထားခြင်း ဖြစ်သည်ဟု ဆိုကြသည်။ အချို့ပညာရှင်များကမူ ရှေ့မှ လွန်ခဲ့သည့် အာယသ်တော်များတွင် လူတို့၏ အခြေအနေများမှာ ကွဲပြားခြားနားမှုရှိကြောင်းနှင့် ၎င်းတို့၏ ပုံပမာဆောင် ခိုင်းနှိုင်းမှုများကို တင်ပြထားခြင်းများ လာရှိထားသည်။ ဥပမာ-

وَمَا يَسْتَوِى الْاَعْمٰى وَالْبَصِيْرُ وَلَا الظُّلُمٰتُ وَلَا النُّوْرُ وَلَا الظِّلُّ وَلَا الْحَرُوْرُ

ဤသည်မှာ အသျှင်မြတ်၏ အဖန်ဆင်းခံများတွင် အချင်းချင်း မတူညီ ကွဲပြား၊ ခြားနားမှုတို့သည် ပင်ကိုယ်သဘာဝ ဖန်ဆင်းမှုတစ်ရပ်သာ ဖြစ်ကြောင်းကို ထပ်ဆင့်၍ ရှင်းလင်းတင်ပြခြင်း ဖြစ်သည်။ ကျောက်တုံးကျောက်ခဲများနှင့် သစ်ပင်များအထိတိုင် ဤကဲ့သို့ပင် ဖြစ်သည်။ ထို့ပြင် ဤကွဲပြားခြားနား

မှုသည် ရုပ်သဏ္ဍာန်နှင့် အရောင်များတွင်သာ မဟုတ်ဘဲ စိတ်နေသဘောထားတွင်းပင်လျှင် ရှိကြောင်းကို ထပ်ဆင့် ရှင်းလင်းတင်ပြခြင်းဖြစ်သည်။

ثَمَرٰتٍ مُّخْتَلِفًا اَلْوَانُهَا

ثمرات ဟူသော စာလုံးတွင် အရောင်များ ကွဲပြားခြားနားခြင်းကို 'နဟ်ဝ်' သဒ္ဒါပညာအရ **حال** ပစ္စုပ္ပန်၏ စာလုံးအဖြစ် သတ်မှတ်အသုံးပြု၍ **مُخْتَلِفًا** ဟူသော စာလုံးအား 'နဆွဗ်ဒိုးဇဗရ်'ဖြင့် တင်ပြထားသည်။ ရှေ့တွင် တောင်များ၏ အရောင်အဆင်းများ ကွဲပြားခြင်းအပြင်၊ လူသားများနှင့် တိရစ္ဆာန်များ စသည်တို့တွင်လည်း ဤကွဲပြားမှုများရှိကြောင်းကို ပုံသဏ္ဍာန်၏ ဝိသေသများအဖြစ် တင်ပြ မိန့်ကြားထား ခြင်းဖြစ်သည်။ ထို့ကြောင့် **مُخْتَلِفٌ**တွင် 'မရ်ဖူးအ် ဒိုးပေးရှ်' သုံးနှုန်းထားသည်။ ဤနေရာတွင် **ثَمَرَاتٌ** 'ဆမရားသ်' (သစ်သီးဝလံများ) ၏ အရောင်အဆင်း ကွာခြားမှုမှာမူ အခြေအနေတစ်မျိုးတည်း အပေါ်၌မရှိဘဲ အနည်းငယ်စီ အချိန်ကာလကွာခြားလျက် ပြောင်းလဲခြင်း ဖြစ်ပေါ်နေလျက်ရှိသည်။ တောင်များ၊ လူသားများနှင့် သက်ရှိ သတ္တဝါများနှင့်ကား မတူပေ။ ၎င်းတို့မှာမူ များသောအားဖြင့် 'အရောင်တစ်မျိုးတည်းသာ ဖြစ်တတ်ပြီး ပြောင်းလဲခြင်း မရှိကြပေဟူသော'ဘက်သို့ ညွှန်နေခြင်း ဖြစ်နိုင်သည်။

ထို့ပြင် တောင်များနှင့် စပ်လျဉ်း၍ **جُدَدٌ** ဟု မိန့်ကြားထားသည်။ ဤစာလုံးသည် **جُدَّه** ၏ အများကိန်းဖြစ်သည်။ ကျော်ကြားသော အဓိပ္ပာယ်မှာ **جادّه** ဟုလည်းခေါ်ဆိုသည့် 'လမ်းငယ်၊ လမ်းသွယ်' ဟု ဖြစ်သည်။ အချို့ပညာရှင်များက **جُدَّه** ၏ အဓိပ္ပာယ်မှာ 'အပိုင်းအစ၊ အစိတ်အပိုင်း' ဖြစ်သည်ဟု သတ်မှတ်ကြသည်။ ဤပုံစံနှစ်မျိုးစလုံးတွင် တောင်တို့၏ အစိတ်အပိုင်းများတွင် အရောင်ကွဲလွဲမှုများရှိခြင်းကို ဆိုလိုသည်။ ထိုအရောင်များတွင် ပထမဦးဆုံးအရောင်မှာ အဖြူရောင်ဖြစ်ပြီး နောက်ဆုံးတွင် အနက်ရောင်ကို တင်ပြမိန့်ကြားထားသည်။ ကြားအလယ်တွင် အနီရောင်ကို တင်ပြလျက် **مُخْتَلِفٌ اَلْوَانُهٗ** (၎င်းတို့၏ အရောင်များမှာ အထူးထူးအပြားပြား ဖြစ်ကြ၏) ကိုပါ မိန့် ကြားထားတော်မူသည်။ ဤနေရာတွင် 'လောကရှိ အရောင်များ၌ အဓိကအရောင်မှာ အဖြူနှင့် အမဲဖြစ်ပြီး ကျန်အရောင်များသည် ထိုအဖြူနှင့် အမဲတို့၏ အဆင့်ဆင့်ပေါင်းစပ်မှုမှ ဖြစ်ပေါ်လာသော အရောင်များဖြစ်သည်ကို ညွှန်းဆိုခြင်း ဖြစ်နိုင်သည်။

كَذٰلِكَ اِنَّمَا يَخْشَى اللّٰهَ مِنْ عِبَادِهِ الْعُلَمٰٓؤُا

ဤနေရာတွင် **كَذٰلِكَ** ၏ စာလုံးအပေါ်တွင် **وقف** 'ဝပ်က်ဖ်' ရပ်နားရန် ဖြစ်သော သင်္ကေတ ရှိသည်ဟု ပညာရှင်အများစုတို့က ဆိုကြသည်။ ဤစာလုံးသည် အနောက်၌ တင်ပြလာရှိခဲ့ပြီးဖြစ်သော အကြောင်းအရာနှင့် ဆက်စပ်နေပေသည်ဟု ဆိုကြ၏။ ဆိုလိုသည်မှာ အဖန်ဆင်းခံများကို ကွဲလွဲသော အမျိုးအစားများနှင့် ကွဲလွဲသော အရောင်အဆင်းများအပေါ် ကြီးမားသော အမြော်အမြင်ဖြင့် ဖန်ဆင်းထား

သည်ဖြစ်ရာ ဤသည်မှာ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်နှင့် အမြော်အမြင်၏ အထူးသင်္ကေတ ဖြစ်ပေသည်ဟူ၍ ဖြစ်သည်။

အချို့ဆင့်ပြန်ချက်များအရ ဤစာလုံး၏ ဆက်စပ်မှုသည် ရှေ့၌ လာရှိမည့် စာပိုဒ်နှင့် ဆက်စပ်နေပေသည်ဟု သိရှိရသည်။ ဆိုလိုသည်မှာ 'သစ်သီးဝလံများ၊ တောင်များ၊ သက်ရှိသတ္တဝါများနှင့် လူသားများတွင် ကွဲလွဲသော အရောင် အဆင်းများရှိသကဲ့သို့ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ရာတွင်လည်း လူတို့တွင် ကွဲပြားခြားနားမှု ရှိသည်ဟု ဖြစ်သည်။ အချို့မှာ အဆင့်မြင့် ကြောက်ရွံ့မှုတရား ထားရှိကြသူများဖြစ်ပြီး အချို့မှာ ကြောက်ရွံ့မှုတရား နည်းပါးကြသည်။ အဓိကမူတည်ချက်မှာ ၎င်း၏ အသိပညာအပေါ်၌သာ ဖြစ်သည်။ အသိပညာ၏ အဆင့်အလိုက် အကြောက်တရား၏ အဆင့်ဖြစ်ပေမည်။ *[ရူးဟွလ်မအာနီ]*

ရှေ့မှ အာယသ်တော်များတွင် မိန့်ကြားတော်မူခဲ့သည်မှာ-

إِنَّمَا تُنذِرُ الَّذِينَ يَخْشَوْنَ رَبَّهُم بِالْغَيْبِ

(အို၊ နဗီတမန်တော်၊ အသင်သည် မိမိတို့၏ အသျှင်မြတ်အား မမြင်ဘဲလျက် ကြောက်ရွံ့ကြကုန်သော သူတို့ကိုသာလျှင် သတိပေးနိုးဆော်နိုင်ပေသည်။) *[၃၅ : ၁၈]*

ဟု ဖြစ်သည်။ ဤအာယသ်တော်တွင် နဗီကိုယ်တော်မြတ် ﷺ အား နှစ်သိမ့်စကား ပြောကြားရန် မိန့်ကြားတော်မူခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'အသင်၏ သတိပေးနိုးဆော်ခြင်းနှင့် 'သဗ်လီးဂ်' ပို့ချရခြင်း၏ အကျိုးကိုမူ မမြင်ဘဲလျက် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြသူများသာ ခံစားရပေမည်'ဟု ဖြစ်သည်။ ထိုအာယသ်တော်၏ ဆက်စပ်မှုဖြင့်

إِنَّمَا يَخْشَى اللَّهَ مِنْ عِبَادِهِ الْعُلَمَاءُ

ဟူသော အာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်၏ အကြောက်တရား ရရှိသူများအကြောင်းကို တင်ပြထားသည်။ ပထမဦးစွာ ကာဖိရ်များအကြောင်းနှင့် ၎င်းတို့၏ အခြေအနေများကို တင်ပြခဲ့သည်။ ထိုတင်ပြချက်တွင် အလ္လာဟ်အသျှင်မြတ်၏ အထူးမိတ်ဆွေများအကြောင်း တင်ပြထားသည်။ إِنَّمَا ဟူသော စာလုံးသည် အာရဗီဘာသာတွင် သိုင်းခြုံ၍ တင်ပြရန်အတွက် လာရှိသော စာလုံးဖြစ်သည်။ ထို့ကြောင့် ဤစာပိုဒ်၏ ပေါ်လွင်သည့် အဓိပ္ပာယ်မှာ 'အိုလမာသာသနာ့ပညာရှင်များသာလျှင် အလ္လာဟ်အသျှင်မြတ်ကို ကြောက်ရွံ့ကြသည်'ဟု ဖြစ်သည်။ သို့ရာတွင် အိဗ်နေအသွိယဟ် (ရဟ) စသော အကျယ်ဖွင့် ပညာရှင်များက إِنَّمَا ဟူသော စာလုံးသည် သိုင်းခြုံသော အဓိပ္ပာယ်အတွက် လာရှိသကဲ့သို့ တစ်စုံတစ်ဦး၏ ထူးခြားမှုကို တင်ပြရန်အတွက်လည်း အသုံးပြုသော စာလုံးဖြစ်သည်။ ဤနေရာတွင် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ခြင်းသည် အိုလမာသာသနာ့အသိပညာရှိသူများ၏ အထူးလိုအပ် ရှိသင့်သည့် ဂုဏ်ထူးဝိသေသဖြစ်သည်။ ဤသို့ဆိုခြင်းဖြင့် အသိပညာမရှိသူအဖို့ အကြောက်တရားမရှိဟု ဆိုလိုခြင်းကား မဟုတ်ပေဟူ၍ အမိန့်ရှိခဲ့ကြသည်။ *[ဗဟာရ်မုဟီးသွ် အဿုဟိုင်ယားန်]*

ထို့ပြင် အာယသ်တော်တွင် လာရှိသော علماء ဟူသော စာလုံး၏ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်၏ ဇာတိတော်နှင့် ဂုဏ်တော်များကို ရှိသည့်အတိုင်း အသိပညာရှိကြသူများကို ဆိုလိုသည်။ လောကရှိ အဖန်ဆင်းခံများသည် ထိုအသျှင်မြတ်၏ ထိန်းချုပ်မှု၌ ရှိခြင်း၊ ထိုအသျှင်မြတ်၏ ကျေးဇူးတော်များအပေါ်၌သာ ရှင်သန်တည်ရှိနေခြင်းတို့ကို သိနားလည်သူများ ဖြစ်သည်။ အာရဗီဘာသာ တတ်ကျွမ်းခြင်း (သို့) 'ဆွရ်ဖ်'၊ 'နဟ်ဝ်'နှင့် 'ဗလာဂသ်' ဘာသာရပ်ကို တတ်ကျွမ်းရုံမျှဖြင့် ၎င်းကို ကုရ်အာန်၏ ဝေါဟာရအသုံးအနှုန်း၌ နားလည်တတ်ကျွမ်းသူ အာလင်မ်ဟု မခေါ်ဆိုနိုင်ပေ။ အလ္လာဟ်အသျှင်မြတ်၏ 'မအ်ရိဖသ်' (အသိတရား) ကို အထက်ဖော်ပြပါနည်းလမ်းဖြင့် မရရှိသရွေ့ အာလင်မ်ဟု မခေါ်ဆိုနိုင်ပေ။

ဟစန်ဗဆွရီ (ရဟ) က ဤအာယသ်တော်၏ သဖ်စီးရ်ဖွင့်ဆိုချက်တွင် 'အာလင်မ်ဆိုသည်မှာ တစ်ကိုယ်ရေ တည်းရှိသည့် အခါမျိုးတွင်လည်းကောင်း၊ အသိုင်းအဝိုင်းကြား လူပုံအလယ်တွင် ရှိသည့်အချိန်တွင်လည်းကောင်း အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သူ၊ အလ္လာဟ်အသျှင်မြတ်က နှစ်သက်ခွင့် ပေးထားသည့်အရာကို နှစ်သက်သောသူ၊ အလ္လာဟ်အသျှင်မြတ်ထံတော်၌ အမျက်တော်စူးရှမည့် အရာကို ရွံရှာမုန်းတီးသူပင် ဖြစ်သည်' ဟု မိန့်ဆိုခဲ့သည်။

ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်မတ်စ်အူးဒ် ﷺ သခင်က မိန့်ဆိုသည်မှာ-

ليس العلم بكثرة الحديث ولكنّ العلم عنْ كثرة الخشية

ဆိုလိုသည်မှာ 'မြောက်မြားစွာသော ဟဒီးစ်တော်များကို ကျက်မှတ်ခြင်း၊ (သို့) များစွာသော စကားပြောဆိုနိုင်ခြင်းတို့သည် မည်သည့်အသိပညာမျှ မဟုတ်ပါ။ သို့သာမက အသိပညာဟူသည် ထိုအသိနှင့်အတူ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့မှုရှိခြင်းသာ ဖြစ်သည်။'

အချုပ်မှာ လူတစ်ဦးတွင် အလ္လာဟ်အသျှင်မြတ်အား အကြောက်တရားရှိသည်ခန့် ထိုအဆင့်နှင့်အညီ အသိပညာရှိသူ ဖြစ်သည်။ အဟ်မဒ်ဗင်န်ဆွာလေဟ်မိဆွ်ရီ (ရဟ) က မိန့်ဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့မှုဆိုသည်ကို များပြားစွာ ဆင့်ပြန်ခြင်းနှင့် များမြောင်စွာ ဗဟုသုတရှိခြင်းတို့ဖြင့် မသိရှိနိုင်ပေ။ သို့သာမက ထိုအရာကို ကုရ်အာန်နှင့် စွန္နသ်တို့ကို လိုက်နာကျင့်သုံးခြင်းဖြင့်သာ သိရှိနိုင်သည်။ *[အိဗ်နေကဆီးရ်]*

ဟဇရသ်ရဗီးအ်ဗင်န်အနတ်စ် ﷺ သခင်က မိန့်ဆိုသည်မှာ- من لم يخش فليس بعالم

'မည်သူမဆို အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ခြင်း မရှိပါလျှင် ထိုသူသည် အာလင်မ်အသိပညာရှင် မဟုတ်။'

ထို့ပြင် မုဂျာဟိဒ် (ရဟ) က မိန့်ဆိုသည်မှာ- انما العالم من خشى الله

'အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့တတ်သူသာလျှင် အာလင်မ်အသိပညာရှင် ဖြစ်သည်။ စအဒ်ဗင်န်အိဗ်ရာဟီးမ် (ရဟ) အား လူတစ်ဦးက 'မဒီနာတွင် فقه၊ 'ဖိကာဟ်'နားအလည်ဆုံးသူမှာ မည်သူ

ဖြစ်ပါသနည်း' ဟု မေးလေရာ ၎င်းက اتقاهم لِرَبِّه ၊ 'မိမိ၏ အသျှင်မြတ်ကို ပို၍ အကြောက်ဆုံးသော သူသာ ဖြစ်သည်'ဟု မိန့်ဆိုခဲ့လေသည်။

ဟဇရတ်အလီ ﷺ သခင်က 'ဖိကာဟ်ဟူသည်ကို အောက်ပါအတိုင်း ရှင်းလင်းပြခဲ့လေသည်။

ان الفقيه حق الفقيه من لم يقنط الناس من رحمة الله ولم يرخص لهم في معاصي الله تعالى ولم يو منهم من عذاب الله تعالى ولم يدع القران رغبة عنه الى غيره انه لا خير في عبادة لا علم فيها ولا علم لا فقه فيه ولا قراءة لا تدبر فيه

ဖိကာဟ်တတ်ကျွမ်းသူ၊ ပြည့်ဝသော ဖိကာဟ်တတ်ကျွမ်းသူဆိုသည်မှာ လူတို့အား အလ္လာဟ်အသျှင်မြတ်၏ 'ရဟ်မသ်' ကရုဏာတော်မှ မက်မကင်းစေသူ၊ ထို့ပြင် ၎င်းတို့အား ပြစ်မှုဒုစရိုက်များ ကျူးလွန်ခွင့် မပေးသူ၊ ထို့ပြင် ၎င်းတို့အား အလ္လာဟ်အသျှင်မြတ်၏ 'အဇားဗ်'အပြစ်ဒဏ်မှ စိတ်အေးနေခွင့် မပေးသူ၊ ထို့ပြင် ကုရ်အာန်ကျမ်းမြတ်ကို စွန့်လွှတ်၍ အခြားသော အရာများဘက်သို့ စိတ်စွဲလန်းခွင့် မပေးသူတို့ပင် ဖြစ်သည်။ (ထို့နောက် ဆက်လက်၍ မိန့်သည်မှာ) အသိပညာမဲ့စွာ ပြုလုပ်သော 'အေဗာဒသ်'တွင် မည်သည့်ကောင်းခြင်းမျှ မရှိပေ။ ထို့ပြင် သိနားလည်ခြင်းမရှိသော အသိပညာတွင် မည်သည့်ကောင်းခြင်းမျှ မရှိ။ ထို့ပြင် စဉ်းစားဆင်ခြင်မှုမရှိသော 'ကိရအသ်'တွင် မည်သည့်ကောင်းခြင်းမျှ မရှိပါ'ဟု ဖြစ်သည်။

[ကုရ်သုဗီ]

ဖော်ပြပါရှင်းလင်းချက်များအားဖြင့် 'များစွာသော အာလင်မ်တို့ကို အလ္လာဟ်အသျှင်မြတ်၏ အကြောက်တရား မရှိကြသည်ကို တွေ့မြင်နေရပါသည်'ဟူသော သံသယတစ်ခု ပျက်ပယ်သွားပြီးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဖော်ပြပါ ရှင်းလင်းချက်များ ဖြင့် သိရှိရသည်မှာ အလ္လာဟ်အသျှင်မြတ်ထံတော်တွင် အာရဗီဘာသာ နားလည်တတ်ကျွမ်းခြင်းသည် အသိပညာဖြစ်ခြင်းနှင့် ထိုတတ်ကျွမ်းနားလည်သူအား အာလင်မ်ဟု မခေါ်ဆိုကြောင်း သိရှိရသည်။ အလ္လာဟ်အသျှင်မြတ်အား အကြောက်တရားမရှိပါလျှင် ထိုသူသည် ကုရ်အာန်၏ ဝေါဟာရများတွင် အာလင်မ် မဟုတ်ပေ။ သို့ရာတွင် အကြောက်တရားသည် တစ်ခါတစ်ရံ ယုံကြည်ခြင်းမျှသာလည်းကောင်း၊ ဦးနှောက်၌ အသိရှိခြင်းမျှသာလည်းကောင်း ရှိတတ်သည်။ ထိုသို့ ရှိနေသောကြောင့် လူသည် ဒုက္ခခံ၍ ရှရီအသ်၏ အမိန့်တော်များကို လိုက်နာကျင့်ဆောင်လာတတ်သည်။ တစ်ခါတစ်ရံ ဤကြောက်ရွံ့မှုသည် 'ဟာလီ'အခြေအနေမှန်နှင့် လက်တွေ့ကျကျဖြစ်ပြီး 'မလာအ်ကာဟ်'ကောင်းကင်တမန်၏ အဆင့်ကို ရောက်ရှိသွားတတ်သည်။ ထိုသို့ ရောက်ရှိရာတွင် ရှရီအသ်၏ လိုက်နာမှုသည် ပင်ကိုယ်စိတ်၏ တောင်းဆိုမှုတစ်ရပ်အဖြစ် ရောက်ရှိသွားပေသည်။ အကြောက်တရား၏ ပထမအဆင့်မှာ အမိန့်ပေးခံရခြင်းဖြစ်၍ အာလင်မ်အတွက် အရေးကြီးသည်။ ဒုတိယအဆင့်မှာ အမြတ်ဆုံးနှင့် အမြင့်ဆုံးအဆင့်ဖြစ်၏။ သို့သော် အရေးမကြီးပေ။ *[ဗယာနုလ်ကုရ်အာန်]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

إِنَّ الَّذِينَ يَتْلُونَ كِتَابَ اللَّهِ وَأَقَامُوا الصَّلَاةَ وَأَنفَقُوا مِمَّا
رَزَقْنَاهُمْ سِرًّا وَعَلَانِيَةً يَرْجُونَ تِجَارَةً لَّن تَبُورَ ﴿٢٩﴾

၃၅ : ၂၉ ။ ။ စကန်အမှန် အကြင်သူတို့သည် အလ္လာဟ်အသျှင်မြတ်၏ တရားဒေသနာတော် ကျမ်းဂန်ကို ဖတ်ရွတ်ကြကုန်၏။ ၎င်းပြင် 'ဆွလာႈသ်' ဝတ်ပြုမှုကို ဆောက်တည်ကြကုန်၏။ ထို့ပြင် ၎င်းသူတို့အား ငါအသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူခဲ့သည့် (ဥစ္စာပစ္စည်း) များအနက်မှ လျှို့ဝှက်စွာလည်းကောင်း၊ ထင်ပေါ်စွာလည်းကောင်း (ပေးကမ်း) လှူဒါန်းကြကုန်၏။ ထိုသူတို့သည် အလျှဉ်းဆုံးရှုံးပျက်စီးမည်မဟုတ်သော ရောင်းဝယ်ဖောက်ကားမှုမျိုးကို မျှော်လင့်တောင့်တလျက် ရှိကြကုန်၏။

لِيُوَفِّيَهُمْ أُجُورَهُمْ وَيَزِيدَهُم مِّن فَضْلِهِ ۚ إِنَّهُ غَفُورٌ شَكُورٌ ﴿٣٠﴾

၃၅ : ၃၀ ။ ။ နောက်ဆုံးတွင် ထိုအသျှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ အကျိုးများကို ပြည့်စုံစွာ ချီးမြှင့်ပေးသနားတော်မူသည့်အပြင်၊ မိမိ၏ ကျေးဇူးတော်နှင့် ၎င်းတို့အား ပိုမို၍ပင် ချီးမြှင့်တော်မူပေမည်။ စကန်စင်စစ် ထိုအသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ အလွန်တရာ ရက်ရောစွာ ကျေးဇူးတုန့်ပြန်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَالَّذِي أَوْحَيْنَا إِلَيْكَ مِنَ الْكِتَابِ هُوَ الْحَقُّ مُصَدِّقًا
لِّمَا بَيْنَ يَدَيْهِ ۗ إِنَّ اللَّهَ بِعِبَادِهِ لَخَبِيرٌ بَصِيرٌ ﴿٣١﴾

၃၅ : ၃၁ ။ ။ စင်စစ် အသင့်ထံ ငါအသျှင်မြတ် ထုတ်ပြန်တော်မူသော (ဤကုရ်အာန်) ကျမ်းဂန်သည် လုံးဝ အမှန်ဖြစ်၏။(ထိုကျမ်းဂန်သည်) မိမိအလျင် (ကျရောက်ခဲ့ဖူးသော) ကျမ်းများကိုလည်း မှန်ကန်သည်ဟု ထောက်ခံလျက် ရှိ၏။ မုချစကန် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကျွန်တို့နှင့် ပတ်သက်၍ အလွန်တရာ ကြားသိတော်မူသော၊ အလွန်တရာ သိမြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

ثُمَّ أَوْرَثْنَا الْكِتَابَ الَّذِينَ اصْطَفَيْنَا مِنْ عِبَادِنَا ۖ فَمِنْهُمْ ظَالِمٌ لِّنَفْسِهِ
وَمِنْهُم مُّقْتَصِدٌ وَمِنْهُمْ سَابِقٌ بِالْخَيْرَاتِ بِإِذْنِ اللَّهِ ۚ ذَٰلِكَ
هُوَ الْفَضْلُ الْكَبِيرُ ﴿٣٢﴾

၃၅ : ၃၂ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် မိမိ၏ ကျွန်များအနက်မှ ငါအသျှင်မြတ် ရွေးချယ်တော်မူသော သူတို့အား (ဤ) ကျမ်းဂန်ကို အမွေအဖြစ် ချီးမြှင့်ပေးသနားတော်မူ၏။ သို့ရာတွင် ၎င်းတို့အနက် အချို့မှာ မိမိကိုယ်ကို မိမိ ရက်စက်သောသူ ရှိ၏။ အချို့မှာ အလယ်အလတ်လမ်းစဉ် စနစ်ကို လိုက်နာသူရှိ၏။ အချို့မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် ကောင်းမှုများနှင့်တကွ ရှေ့မှ သွားသူ (လည်း) ရှိ၏။ ဤသည် ကြီးကျယ်လှစွာသော ကျေးဇူးတော်ပင် ဖြစ်ပေသည်။

جَنَّٰتُ عَدۡنٖ يَدۡخُلُونَهَا يُحَلَّوۡنَ
فِيهَا مِنۡ أَسَاوِرَ مِن ذَهَبٖ وَلُؤۡلُؤٗاۖ وَلِبَاسُهُمۡ فِيهَا حَرِيرٞ ٣٣

၃၅ : ၃၃ ။ ။ ထာဝစဉ်နေထိုင်ရမည်ဖြစ်သော ဥယျာဉ်များပင် (ဖြစ်၏။) ၎င်းတို့သည် ယင်းဥယျာဉ်များ၌ပင် ဝင်ရောက်ကြရပေမည်။ ထိုသူတို့သည် ယင်းဥယျာဉ်များ၌ ရွှေလက်ကောက်များဖြင့်လည်းကောင်း၊ ပုလဲများဖြင့်လည်းကောင်း တန်ဆာဆင်ယင်ပေးခြင်းကို ခံကြရပေမည်။ ထို့ပြင် ယင်းဥယျာဉ်များ၌ ၎င်းတို့၏ ဝတ်စားတန်ဆာမှာ ပိုးအဝတ်အထည်ပင် ဖြစ်ပေမည်။

وَقَالُواْ ٱلۡحَمۡدُ لِلَّهِ ٱلَّذِيٓ أَذۡهَبَ عَنَّا ٱلۡحَزَنَۖ إِنَّ رَبَّنَا لَغَفُورٞ شَكُورٌ ٣٤

၃၅ : ၃၄ ။ ။ ထို့ပြင် ၎င်းတို့သည် (ဤသို့) ပြောဆိုကြပေမည်။ 'ချီးမွမ်းခြင်း ထောပနာအပေါင်းတို့သည် ကျွန်တော်မျိုးတို့မှ ပူပင်သောကကို ပပျောက်စေတော်မူသော အလ္လာဟ်အသျှင်မြတ်နှင့်သာ သက်ဆိုင်၏။ ဧကန်မလွဲ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော အသျှင်၊ အလွန်တရာ ရက်ရောစွာ ကျေးဇူးတုန့်ပြန်တော်မူသော အသျှင်မြတ် အမှန်ပင် ဖြစ်တော်မူ၏။'

ٱلَّذِيٓ أَحَلَّنَا دَارَ ٱلۡمُقَامَةِ مِن فَضۡلِهِۦ
لَا يَمَسُّنَا فِيهَا نَصَبٞ وَلَا يَمَسُّنَا فِيهَا لُغُوبٞ ٣٥

၃၅ : ၃၅ ။ ။ 'အကြင်အသျှင်မြတ်သည် မိမိ၏ ကျေးဇူးတော်နှင့် ကျွန်တော်မျိုးတို့အား အမြဲထာဝရ နေရမည်ဖြစ်သော ဌာန၌ နေရာချပေးတော်မူ၏။ ထိုဌာနတွင် ကျွန်တော်မျိုးတို့၌ မည်သည့်ပင်ပန်းမှုမျှလည်း သက်ရောက်မည် မဟုတ်ပေ။ ထို့ပြင် ကျွန်တော်မျိုးတို့၌ ထိုဌာနတွင် မည်သည့်ငြီးငွေ့မှုမျှလည်း သက်ရောက်မည် မဟုတ်ပေ။'

وَٱلَّذِينَ كَفَرُواْ
لَهُمۡ نَارُ جَهَنَّمَ لَا يُقۡضَىٰ عَلَيۡهِمۡ فَيَمُوتُواْ وَلَا يُخَفَّفُ
عَنۡهُم مِّنۡ عَذَابِهَاۚ كَذَٰلِكَ نَجۡزِي كُلَّ كَفُورٖ ٣٦

၃၅ : ၃၆ ။ ။ သို့ရာတွင် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့အဖို့ 'ဂျဟန္နမ်' ငရဲဘုံ၏ မီးသည် ရှိပေမည်။ ၎င်းတို့အပေါ်၌ ၎င်းတို့ သေဆုံးနိုင်ကြရန်အလို့ငှာ၊ အမိန့်တော်ပြဋ္ဌာန်းခြင်းကိုလည်း ခံရမည် မဟုတ်ပေ။ ယင်းငရဲဘုံ၏ ပြစ်ဒဏ်သည် ၎င်းတို့မှ ပေါ့လျော့စေခြင်းကိုလည်း ခံရမည်မဟုတ်ပေ။ ငါအသျှင်မြတ်သည် ဤနည်းအတိုင်းပင် သွေဖည်သူတိုင်းကို အစားပေးတော်မူ၏။

وَهُمْ يَصْطَرِخُوْنَ فِيْهَا ۚ رَبَّنَا أَخْرِجْنَا نَعْمَلْ صَالِحًا غَيْرَ
الَّذِىْ كُنَّا نَعْمَلُ ۗ أَوَلَمْ نُعَمِّرْكُمْ مَّا يَتَذَكَّرُ فِيْهِ مَنْ
تَذَكَّرَ وَجَآءَكُمُ النَّذِيْرُ ۖ فَذُوْقُوْا فَمَا لِلظّٰلِمِيْنَ مِنْ نَّصِيْرٍ ﴿٣٧﴾

၃၅ : ၃၇ ။ ။ ထို့ပြင် ၎င်းတို့သည် ယင်း 'ဂျဟန္နမ်'ငရဲဘုံ၌ 'အို, ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား (ဤငရဲဘုံမှ) ထုတ်တော်မူပါ။ ကျွန်တော်မျိုးတို့သည် မိမိတို့ ပြုလုပ်လျက်ရှိခဲ့ကြသော အပြုအမူများမှအပ၊ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြပါမည်'ဟု ဟစ်အော် (လျှောက်ထား) ကြပေမည်။ (ထိုအခါ ၎င်းတို့သည် ဤသို့ ပြန်ကြားတော်မူခြင်းကို ခံကြရပေမည်။) ငါအသျှင်မြတ်သည် စဉ်းစားဆင်ခြင်လိုသော သူများ၊ စဉ်းစားဆင်ခြင်နိုင်လောက်သော သက်တမ်းကို အသင်တို့အား ပေးတော်မူခဲ့သည် မဟုတ်ပါလော။ ထို့ပြင် အသင်တို့ထံ သတိပေးနိုးဆော်သူလည်း ရောက်ရှိခဲ့သည် (မဟုတ်ပါလော။) သို့ဖြစ်ပေရာ (ယခုမူ) အသင်တို့သည် (ပြစ်ဒဏ်၏ အရသာကို) မြည်းစမ်းကြလေကုန်။ စင်စစ် မတရားသော သူတို့အဖို့ ကူညီရိုင်းပင်းမည့်သူဟူ၍ အလျဉ်းမရှိပြီ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဇကန်အမှန် အကြင်သူတို့သည် အလ္လာဟ်အသျှင်မြတ်၏ ကျမ်းတော် (ကုရ်အာန်) ၏ 'သေလာဝသ်' ဖတ်ရွတ်ခြင်းကို (လိုက်နာကျင့်ဆောင်ခြင်းနှင့်တကွ) ပြုလုပ်ကြသည်။ ထို့ပြင် (အထူးတလည် ဂရုစိုက်၍) နမာဇ်ဝတ်ပြုမှုကို ဆောက်တည်ကြသည်။ ထို့ပြင် ၎င်းတို့အား ငါအသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူခဲ့သည်တို့အနက်မှ လျှို့ဝှက်စွာလည်းကောင်း၊ ထင်ပေါ်စွာလည်းကောင်း (အလျဉ်းသင့်လျှင် သင့်သလို) သုံးစွဲလှူဒါန်းကြသည်။ ၎င်းတို့သည် (အလ္လာဟ်အသျှင်မြတ်၏ ကတိတော်ထားမှုကြောင့် အမြဲထာဝရ အကျိုးဖြစ်ထွန်းစေမည့်) လုံးဝဥဿုံ ပျက်စီးဆုံးရှုံးမှုမရှိသော ရောင်းဝယ်ဖောက်ကားမှုမျိုးကို မျှော်လင့်တောင့်တလျက် ရှိကြပေသည်။

(အဘယ်ကြောင့်ဆိုသော် ဤကုန်ပစ္စည်းများကို ဝယ်ယူသူမှာ တစ်ခါတစ်ရံ၌ ကုန်ပစ္စည်းကို တန်ဖိုးထားပြီး တစ်ခါတစ်ရံတွင် တန်ဖိုးမထားတတ်သော အဖန်ဆင်းခံများအနက်မှ မဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် ဖြစ်တော်မူသောကြောင့်ပင် ဖြစ်သည်။ ထိုအသျှင်မြတ်သည် မိမိ၏ကတိတော်နှင့်အညီ မိမိအဖို့ မဟုတ်ဘဲ ၎င်းတို့၏ အကျိုးဖြစ်ထွန်းမှုအတွက်သာ ထိုအရာများကို တန်ဖိုးထားတော်မူပေမည်။) သို့မှသာ ၎င်းတို့အား ၎င်းတို့ (၏ ကျင့်ဆောင်မှုများ) ၏ အကျိုးများကို (လည်း) ပြည့်ပြည့်စုံစုံ ချီးမြှင့်ပေးသနားတော်မူရန် ဖြစ်သည်။ (ဤအကြောင်း ရှင်းလင်းချက်သည် ရှေ့၌ (جَنّٰتُ عَدْنٍ တွင် လာရှိပေမည်။) ထို့ပြင် (အဖိုးအခအဖြစ် ပေးပြီးသည့် အပြင်) ၎င်းတို့အား မိမိ၏ ကျေးဇူးတော်ဖြင့် ပိုမို၍ပင် ချီးမြှင့်တော်မူပေမည်။ (ဥပမာ- ကောင်းမှုတစ်ခု၏ 'စဝါးဗ်'ကုသိုလ်သည် (၁၀) ခုနှင့် ညီမျှခြင်း ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်က

مَن جَآءَ بِالْحَسَنَةِ فَلَهُ عَشْرُ أَمْثَالِهَا

ဟူ၍ မိန့်တော်မူထားသည့်အတိုင်း ဖြစ်သည်။ မုချဧကန် ထိုအသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ အလွန်တရာ ရက်ရောစွာ ကျေးဇူးတုန့်ပြန်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေစည်။

(သို့ဖြစ်ပေရာ ၎င်းတို့၏ ကျင့်ဆောင်မှုများတွင် တစ်စုံတစ်ရာ ချွတ်ချော်မှုများ ရှိလင့်ကစား၊ ၎င်းတို့၏ အဖိုးအခအပြင် ထိုအသျှင်မြတ်သည် အပို ဆုလဒ်များ ချီးမြှင့်ခြင်းဖြင့် တန်ဖိုးထားတော်မူပေမည်။)

ထို့ပြင် (ကုရ်အာန်ကျမ်းတော်မြတ်အပေါ် 'အမလ်'ပြု ကျင့်ဆောင်ခြင်း၏ 'ဗရ်ကသ်'ဖြင့် အကျိုးအမြတ်နှင့် ကျေးဇူးတော်များသည် ၎င်းတို့ ရရှိခဲ့ပေသည်။ အမှန်စင်စစ် ကုရ်အာန်ကျမ်းတော်မြတ်သည် မုချဧကန် ဤကဲ့သို့သော ကျမ်းဂန်ပင် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော်) အသင့်ထံသို့ 'ဝဟီ'ဖြင့် ငါအသျှင်မြတ် ပို့ချသော ဤကျမ်းဂန်သည် လုံးဝ အမှန်ဖြစ်သည်။ ဤကျမ်းသည် မိမိအလျင် ကျရောက်ခဲ့ပြီးဖြစ်သော ရှေးကျမ်းများကိုလည်း မှန်ကန်ကြောင်း ထောက်ခံလျက်ရှိသည်။ (ထိုကျမ်းများသည် မူလအားဖြင့် အလ္လာဟ်အသျှင်မြတ်ထံတော်မှ ကျရောက်ခဲ့ကြခြင်းဖြစ်ကြောင်း ထောက်ခံထားသည်။ စင်စစ်နောက်ပိုင်းတွင် ပြုပြင်ပြောင်းလဲမှုများ ဖြစ်သွားကြလေသည်။ အချုပ်မှာ ဤကုရ်အာန်ကျမ်းတော်မြတ်သည် ရှုထောင့်ပေါင်းစုံမှ ပြည့်စုံသော ကျမ်းတော်ဖြစ်ပေသည်။ ထို့ပြင်) မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကျွန်တို့၏ (အခြေအနေကို) အလွန်တရာ ကြားသိတော်မူသော အသျှင် (နှင့် ၎င်းတို့၏ ကောင်းကျိုးကို) အလွန်တရာ သိမြင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

(ထို့ကြောင့် ဤခေတ်သမယအတွက် ဤကဲ့သို့ ပြည့်စုံကုံလုံသော ကျမ်းတော်ကို ပို့ချပေးရန် အမြော်အမြင် ရှိတော်မူခဲ့ခြင်း ဖြစ်သည်။ ဤပြည့်စုံကုံလုံသော ကျမ်းတော်မြတ်အပေါ် 'အမလ်'ဆောက်တည်မှုပြုသူသည် ပြည့်ဝသော အကျိုးကုသိုလ်ကို ရထိုက်သူဖြစ်ပေမည်။ ဤအကျိုးကုသိုလ်သည် မူလအကျိုးအမြတ်နှင့် ကျေးဇူးတော်ဖြင့် ပိုမိုပေးကမ်းချီးမြှင့်မှုများ၏ ပေါင်းစုရာ အချုပ်ဖြစ်သည်။ သို့ဖြစ်ပေရာ ထိုမူလအကျိုးအမြတ်နှင့် ကျေးဇူးတော်ဖြင့် ပိုမိုပေးကမ်း ချီးမြှင့်မှုများအတွက် ဤကျမ်းတော်မြတ်ကို ငါအသျှင်မြတ်သည် ဦးစွာပထမ အသင့်ထံသို့ ပို့ချတော်မူခဲ့သည်။ ထို့ပြင်) ငါအသျှင်မြတ်သည် မိမိ၏ (တစ်လောကလုံး၌ရှိသော) ကျွန်များအနက်မှ (အီမာန်အားဖြင့်) ရွေးချယ်ထားသူတို့၏ လက်ဝယ်တွင် ဤကျမ်းတော်ကို ပို့ချပေးတော်မူလိုက်သည်။ (ဆိုလိုသည်မှာ အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်သူများဖြစ်သည်။ ၎င်းတို့သည် အီမာန်သက်ဝင်ယုံကြည်မှု၏ အဆင့်ဖြင့် တစ်လောကလုံး၌ ရှိသူများထက် ပို၍ အလ္လာဟ်အသျှင်မြတ်ထံတော်၌ လက်ခံမှုပြုခံရသူများ ဖြစ်သည်။ ၎င်းတို့တွင် အခြားသော အကြောင်းကိစ္စများကြောင့် ဥပမာ- မကောင်းမှုများ ကျူးလွန်ခြင်းကြောင့် အပြစ်ဆိုစရာရှိသည်ပင် ဖြစ်စေ၊ အသျှင်မြတ်၏ လက်ခံမှုကို ပြုခံရသူများ ဖြစ်ပေသည်။ အလိုသဘောမှာ ၎င်းတို့၏ လက်ဝယ်တွင် ဤကျမ်းဂန်ကို ပို့ချပေးတော်မူခဲ့သည်။) တစ်ဖန် (ထိုရွေးချယ်ထားသည့် သူများတွင် (၃) မျိုး (၃) စား ရှိလေသည်။)

၄င်းတို့အနက် အချို့မှာ (ပြစ်မှုကျူးလွန်ပြီး) မိမိကိုယ်ကို ရက်စက်သူများ ဖြစ်ကြသည်။ ထို့နောက် အချို့မှာ (ပြစ်မှုကျူးလွန်ခြင်းသည်လည်း မပြု၊ အမိန့်နာခံမှုတွင်လည်း အရေးကြီးတာဝန်များထက် အပို လုပ်ဆောင်မှုလည်း မပြုကြပေ။) အလယ်အလတ်အဆင့်၌ ရှိကြသူများ ဖြစ်သည်။ ထို့ပြင် ၄င်းတို့အနက် အချို့တို့မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် ကောင်းမှုများကို တိုးမြှင့်၍ ပြုလုပ်သွားသူများ ဖြစ်ကြ သည်။ (ပြစ်မှုများမှလည်း ရှောင်ကြဉ်ကြသည်။ 'ဖွရ်ဇ်'တာဝန်များနှင့်အတူ 'ဖွရ်ဇ်'မဟုတ်သော တာဝန် များကိုပင် ပြုလုပ်လိုသော စိတ်ဓါတ်ဗွဲများ ထားရှိခဲ့ကြသည်။ အချုပ်မှာ ငါအသျှင်မြတ်သည် (၃) မျိုး (၃) စားသော မွတ်စ္စလင်မ်တို့၏ လက်ဝယ်တွင် ဤကျမ်းဂန်ကို ပို့ချပေးတော်မူခဲ့သည်။ ထို့ပြင်) ဤသည် (ဆိုလိုသည်မှာ ဤကဲ့သို့ ပြည့်စုံကုံလုံသည့် ကျမ်းတော်ကို ပို့ချပေးခြင်းသည် အလ္လာဟ်အသျှင် မြတ်၏) ကြီးကျယ်လှစွာသော ကျေးဇူးတော်ပင် ဖြစ်တော်မူပေသည်။

(အဘယ်ကြောင့်ဆိုသော် ဤကျမ်းတော်မြတ်အပေါ် 'အမလ်'ပြုကျင့်ခြင်း၏ မည်သို့သော အကျိုး အမြတ်၊ ကုသိုလ်များနှင့် ထိုက်သူ ဖြစ်သွားပါသနည်း။ ရှေ့တွင် ဖော်ပြပါ အကျိုးကုသိုလ်နှင့် ကျေးဇူး တော်တို့၏ အကြောင်းများကို တင်ပြထားသည်မှာ) ထို (အကျိုးကုသိုလ်နှင့် ကျေးဇူးတော်များမှာ) ထာဝစဉ် နေထိုင်ရမည့် ဥယျာဉ်များဖြစ်သည်။ ၄င်းတို့ (إِنَّ الَّذِينَ يَتْلُونَ ـــ الخ ၌ ဖော်ပြပါခဲ့သူများ) သည် ထိုဥယျာဉ်များ၌ ဝင်ရောက်ကြရပေမည်။ ထိုသူတို့အဖို့ ရွှေလက်ကောက်များနှင့် ပုလဲများ ဆင်ယင်ပေး ခြင်း ခံရပေမည်။ ထို့ပြင် ယင်းဥယျာဉ်များ၌ ၄င်းတို့၏ ဝတ်စုံမှာ ပိုးထည်များ ဖြစ်ပေမည်။

ထို့ပြင် (ထိုဥယျာဉ်များအတွင်း ဝင်ရောက်ပြီးနောက်) ၄င်းတို့သည် ဤသို့ ပြောဆိုကြပေမည်။ ချီးမွမ်းထောမနာအပေါင်းတို့သည် (ကျွန်တော်မျိုးတို့ထံမှ (အမြဲထာဝရ ဝမ်းနည်းပူဆွေးမှုနှင့်) ပူပင်သောက ကို ပပျောက်စေတော်မူသော အလ္လာဟ်အသျှင်မြတ်အဖို့သာ ဖြစ်သည်။ မလွဲဧကန် ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော အသျှင်၊ အလွန်တရာ ရက်ရောစွာ ကျေးဇူးတုန့်ပြန်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

ဤအသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား မိမိ၏ ကျေးဇူးတော်ဖြင့် အမြဲထာဝရ နေထိုင်ရမည့် ဌာနေ၌ နေရာချပေးတော်မူသည်။ ထိုဌာနတွင် ကျွန်တော်မျိုးတို့အဖို့ မည်သည့်ပင်ပန်းဒုက္ခမျှ သက်ရောက် မည်မဟုတ်ပေ။ ထို့ပြင် ကျွန်တော်မျိုးတို့အဖို့ ထိုဌာနတွင် မည်သည့်ငြီးငွေ့မှုမျှလည်း သက်ရောက်လိမ့်မည် မဟုတ်ပေ။

(ဤသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်နှင့် အမိန့်တော်များအပေါ် 'အမလ်'ပြုကျင့်လိုက်နာသူများ၏ အခြေအနေဖြစ်သည်။) သို့ရာတွင် (ဤသူတို့နှင့် ဆန့်ကျင်သော) ကာဖိရ်သွေဖည်ငြင်းပယ်သူတို့အဖို့ 'ဂျဟန္နမ်' အပယ်ငရဲ၏ မီးရှိပေမည်။ ၄င်းတို့အပေါ်၌ သေဆုံးကြစေဟူသော သေဆုံးရမည့် အမိန့်ပြဋ္ဌာန်းခြင်း ခံရမည် မဟုတ်။ (သေဆုံးသွားခြင်းဖြင့် 'အဇာဗ်'အပြစ်ဒဏ်များမှ လွတ်ကင်းသွားခြင်း မရှိမည်ကို ဆိုလိုသည်)

ထို့ပြင် ဤငရဲဘုံ၏ ပြစ်ဒဏ်သည်လည်း ၎င်းတို့အပေါ် ပေါ့လျော့စေခြင်း ခံရမည်လည်း မဟုတ်ပေ။ ငါအသျှင်မြတ်သည် ကာဖိရ်သွေဖည်ငြင်းပယ်သူတိုင်းကို ဤနည်းအတိုင်းပင် အစားပေးတော်မူသည်။

ထို့ပြင် ၎င်းတို့သည် ထို (ငရဲဘုံ) တွင် (ခံစားရင်း) ဟစ်အော်ကြမည်မှာ 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား (ဤငရဲဘုံမှ) ထုတ်တော်မူပါ။ ကျွန်တော်မျိုးတို့သည် (ယခုအခါ) ယခင်ပြုမူခဲ့သော အပြုအမူများမှအပ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြပါမည်။ (ထိုအခါ အသျှင်မြတ်က မိန့်တော်မူမည်မှာ) 'ငါအသျှင်မြတ်သည် စဉ်းစားဆင်ခြင်လိုသူများအဖို့ စဉ်းစားဆင်ခြင်နိုင်လောက်သည့် သက်တမ်းကို အသင်တို့အား ပေးခဲ့သည်မဟုတ်ပါလော။ (ထို့ပြင် သက်တမ်းပေးခြင်းမျှသာ မဟုတ်ဘဲ) အသင်တို့ထံသို့ (ငါအသျှင်မြတ်ဘက်တော်မှ) သတိပေးနှိုးဆော်သူ (နဗီတမန်တော်) လည်း ရောက်ရှိခဲ့သည် မဟုတ်ပါလော။ (အကြောင်းခံဖြင့်ဖြစ်စေ၊ အကြောင်းခံမရှိဘဲဖြစ်စေ ရောက်ရှိခဲ့သော်လည်း အသင်တို့သည် တစ်စုံတစ်ခုမျှ နားမထောင်ခဲ့ကြပေ။) သို့ဖြစ်ပေရာ (ယခုမူ အသင်တို့သည် ထိုမနာခံခြင်း၏ အကျိုးဆက်) အရသာကို မြည်းစမ်းကြလေကုန်။ ဤကဲ့သို့ မတရားသောသူများအဖို့ မည်သည့် ကူညီရိုင်းပင်းသူမျှ ရှိမည်မဟုတ်ပေ။

(ငါအသျှင်မြတ်သည် အမျက်တော်စူးရှမှုကြောင့် ကူညီမည်မဟုတ်ပေ။ အခြားသူများမှာမူ မတတ်စွမ်းနိုင်သောကြောင့် ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအာယသ်တော်များအနက် ပထမအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်အား သိရှိသူ 'အိုလမာဟတ်က်' မှန်ကန်သော အာလင်မ်ဓမ္မသတ်ပညာရှင်များ၏ နှလုံးသားနှင့် ပတ်သက်သော ဂုဏ်ရည်တစ်ခုကို တင်ပြထားသည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ခြင်းဖြစ်သည်။ ဖော်ပြပါ အာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်၏ အချစ်တော် ဝလီသူတော်စင်တို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများဖြင့် ပြုလုပ်သည့် ဂုဏ်ရည်အချို့ကို တင်ပြထားသည်။ ၎င်းတို့အနက် ပထမဂုဏ်ရည်မှာ 'သေလာဝသ်' ကုရ်အာန် (ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်ခြင်း) ဖြစ်သည်။ အလိုသဘောမှာ ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်ခြင်းကို တစိုက်မတ်မတ် ပြုသူများဟု ဖြစ်သည်။ يَتْلُوْنَ ဟူ၍ مضارع ၏ စာလုံးကို သုံးနှုန်းခြင်းမှာ ဤသည်ကိုပင် ညွှန်းဆိုခြင်းဖြစ်သည်။ အချို့ပညာရှင်များက ဤနေရာတွင် يَتْلُوْنَ ဟူသော စာလုံးသည် ၎င်း၏ အဘိဓါန်အဓိပ္ပာယ်အတိုင်း ဖြစ်သည်ဟု ဆိုကြသည်။ ဆိုလိုသည်မှာ '၎င်းတို့သည် 'အမလ်' ပြုကျင့် ဆောက်တည်ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်ကို လိုက်နာကြသည်ဟု ဖြစ်သည်။ သို့ရာတွင် ပထမသဖ်စီးရ်မှာ ဦးစားပေးဖြစ်သည်။ အမှန်စင်စစ် စာအသွားအလာ အသုံးအနှုန်းအရ 'သေလာဝသ်' ပြုလုပ်ခြင်းနှင့်အတူ ကုရ်အာန်ကျမ်းတော်မြတ်အပေါ်၌လည်း 'အမလ်' ကျင့်ဆောင်မှုပြုသော 'သေလာဝသ်' ဟုလည်း သတ်မှတ်နိုင်သည်။ သို့သော်လည်း ဤနေရာ၌ 'သေလာဝသ်' လုပ်ခြင်းဆိုသည်မှာ ၎င်း၏

ကျော်ကြားသော အဓိပ္ပာယ်နှင့် ဖြစ်သည်။ အလားတူ ဟဇရသ်မုသ္ဂ်ရ်ရဖ်ဗင်န်အဗ်ဒွလ္လာဟ်အိမ်နေရှဒီးရ် (ရဟ) က မိန့်ဆိုသည်မှာ-

هٰذه اٰية القرّاء

ဤအာယသ်တော်သည် 'ကုရ်အာန် 'သေလာဝသ်'ပြုလုပ်ခြင်းကို မိမိ၏ ဘဝသက်တမ်း၏ အလုပ် အဖြစ် ပြုလုပ်ထားသူများအတွက် ဖြစ်သည်' ဟူ၍ ဖြစ်သည်။

၄င်းတို့၏ ဒုတိယဂုဏ်ရည်မှာ နမာဇ်ဝတ်ပြုမှု ဆောက်တည်ခြင်းနှင့် တတိယမှာ အလ္လာဟ်အသျှင် မြတ်၏လမ်းတော်တွင် ဥစ္စာပစ္စည်း လှူဒါန်းခြင်းတို့ ဖြစ်သည်။ လှူဒါန်းခြင်း၌ سِرًّا وَّعَلَانِيَةً ဟု မိန့်ကြား လျက် များသောအားဖြင့် 'အေဗာဒသ်'ပြုလုပ်ရာတွင် ပြစားမှုမှ လွတ်ကင်းရန် တိတ်တဆိတ် ပြုလုပ် ခြင်းမှာ အကောင်းမြတ်ဆုံး ဖြစ်သည်။ သို့ရာတွင် တစ်ခါတစ်ရံ သာသနာ့ရေးရာ ကောင်းကျိုးကို ရှေးရှု လျက် ပေါ်လွင်စွာ ပြုလုပ်ခြင်းကိုလည်း ရှရီအသ်တရားတော်မှ တောင်းဆိုထားသော အရာတစ်ခု ဖြစ်သည်'ဟူ၍ ညွှန်ပြထားသည်။ ဥပမာ- 'ဂျမာအသ်'၏ နမာဇ် ဖြစ်သည်။ 'မင်နာရဟ်'များအပေါ်မှ 'အဇာန်'ဆို၍လည်းကောင်း၊ များနိုင်သမျှ အစုအဝေး 'ဂျမာအသ်'ဖြင့် ပေါ်လွင်စွာ တာဝန်ထမ်းဆောင် ရန် ပြဋ္ဌာန်းထားသည်။ အလားတူ တစ်ခါတစ်ရံ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲလှူဒါန်းခြင်း ကို ပေါ်လွင်စွာ ပြုလုပ်ခြင်းသည် အခြားသူများအား နှိုးဆော်ရန်အတွက် အရေးကြီးပေသည်။ ဖိကာဟ်ပညာ ရှင်များက နမာဇ်ဝတ်ပြုမှု ဆောက်တည်ခြင်းနှင့် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ လှူဒါန်းခြင်းတွင် ရှင်းလင်းစွာ တင်ပြထားသည်မှာ 'ဖွရဇ်'၊ 'ဝါဂျိဗ်' (သို့) 'စွန္နသ် မုအက္ကဒဟ်'ဖြစ်လျှင် ထိုအလုပ်ကို ပေါ်လွင်စွာ ပြုလုပ်ခြင်းမှာ အကောင်းဆုံးဖြစ်သည်။ ထိုအချက်များအပြင် 'နဖွလ်'နမာဇ်များ ဖြစ်လျှင်မူ တိတ်တဆိတ် တာဝန်ထမ်းဆောင်ခြင်းမှာ အမြတ်ဆုံးဖြစ်သည်။ အလားတူ ဥစ္စာပစ္စည်းသုံးစွဲခြင်း၌ 'ဖွရဇ်' (သို့) 'ဝါဂျိဗ်'များဖြစ်ပါက ဥပမာ- 'ဖွရဇ်'ဖြစ်သော 'ဇကားသ်' ပေးဆောင်ခြင်း (သို့) 'စွဒ်ကဟ်ဖိသ္ဂ်ရ်' (ဖိသ္ဂ်ရဟ်) (သို့) ကုရ်ဗာနီ' များ ဖြစ်လျှင် ထိုကိစ္စများတွင် ထင်ပေါ်စွာ သုံးစွဲလှူဒါန်းခြင်းမှာ အမြတ်ဆုံး ဖြစ်သည်။ ကျန်ရှိ 'နဖိလ်စွဒ်ကာဟ်'များကို တိတ်တဆိတ် လှူဒါန်းခြင်းမှာ အမြတ်ဆုံးဖြစ်သည်။

'သေလာဝသ်' ကုရ်အာန်ကို စွဲမြဲစွာ ပြုလုပ်သူများ၊ နမာဇ်ဝတ်ပြုမှု ဆောက်တည်ခြင်းနှင့် အလ္လာဟ် အသျှင်မြတ်၏ လမ်းတော်၌ စိတ်ပါလက်ပါ သုံးစွဲလှူဒါန်းသူများသည် 'ဖွရဇ်'နှင့် 'ဝါဂျိဗ်'များအပေါ်၌သာ ရောင့်ရဲတင်းတိမ်မနေဘဲ 'နဖွလ်စွဒ်ကာဟ်'များလည်း ပေးကမ်းလှူဒါန်းသင့်သည်။ ရှေ့တွင် ၄င်းတို့၏ ဂုဏ်ရည်တစ်ခုကို ပြသသည်မှာ يَرْجُوْنَ تِجَارَةً لَّنْ تَبُوْرَ ဟု ဖြစ်သည်။

لَنْ تَبُوْرَ သည် بَوَار မှ ဆင်းသက်လာသော စာလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ 'ပျက်စီးသွားခြင်း' ဖြစ်သည်။ အာယသ်တော်၏အဓိပ္ပာယ်မှာ 'ဖော်ပြပါဂုဏ်ရည်များကို ပိုင်ဆိုင်သူ မုအ်မင်န်သည် မည်သည့် အခါမျှ ပျက်စီးဆုံးရှုံးရန် မရှိသော ရောင်းဝယ်ဖောက်ကားမှုကို မျှော်လင့်သူ ဖြစ်သည်' ဟူ၍ ဖြစ်၏။

မျှော်လင့်သူဖြစ်သည်ဟူသော စာလုံးကို သုံးနှုန်းရခြင်းမှာ 'မုအ်မင်န်အဖို့ လောကတွင် မိမိ၏ မည်သည့်ကောင်းမှုအပေါ်မှ 'ဤကောင်းမှုသည် ကျွန်ုပ်အား ခွင့်လွှတ်ချမ်းသာပေးစေလိမ့်မည်။' ဤကောင်းမှု၏ အကျိုးကုသိုလ်သည် မုချ ရရှိပေလိမ့်မည်ဟူ၍ ယုံကြည်ခြင်းမပြုနိုင်သောကြောင့် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပြည့်ဝသော လွတ်ငြိမ်းချမ်းသာခွင့်သည် မည်သည့်လူသား တစ်ဦးတစ်ယောက်အတွက်မှ ၎င်း၏ ပြုမူကျင့်ဆောင်ချက်မျှဖြင့် မရရှိနိုင်သောကြောင့် ဖြစ်သည်။ အကြောင်းမှာ လူသားသည် မည်မျှပင် ကောင်းမှုပြုသည်ဖြစ်စေ၊ ထိုကောင်းမှုသည် အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်မြင့်မြတ်မှုနှင့် 'အေဗဒသ်' တို့၏ အခွင့်အရေးကို အပြည့်အဝ မပြုနိုင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် 'မဂ်ဖိရသ်'သည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်မပါဘဲ မဖြစ်နိုင်ပေ။ ဟဒီးစ်တော်တစ်ပါး၌ ဤအကြောင်းကို ရှင်းလင်းစွာ တင်ပြထားသည်။ 'ဤအချက်အပြင် ကောင်းမှုကျင့်စဉ်တိုင်းနှင့်အတူ လူသားအဖို့ များစွာသော ကောင်းမှုကျင့်စဉ်များတွင် ရှိုက်သွာန်၏ ကြံစည်မှုတစ်ခုခု (သို့) ပင်ကိုယ်စိတ်ရိုင်း၏ ထိုးနှက်မှုတစ်ခုခု ပါဝင်သွားပါလျှင် ထိုအချက်တစ်ခုခုကြောင့် ဤကောင်းမှုကျင့်စဉ်သည် လက်ခံခြင်းမခံရဘဲ ဖြစ်သွားတတ်သည်။ သို့မဟုတ် တစ်ခါတစ်ရံ ကောင်းမှုလုပ်ရပ် တစ်ခုခုနှင့်အတူ မကောင်းမှုလုပ်ရပ်တစ်ခုခုသည် ပါဝင်လာတတ်ပြီး ထိုမကောင်းမှုလုပ်ရပ်သည် ကောင်းမှုလုပ်ရပ်၏ လက်ခံခြင်း ခံရမှုတွင် အတားအဆီးဖြစ်သွားပေသည်။ ထို့ကြောင့် အာယသ်တော်တွင် يَرْجُوْنَ ဟူသော စာလုံးကို သုံးနှုန်းလျက် ကောင်းမှုကိုယ်ကျင့်တရား အားလုံးကို စွဲမြဲစွာ ပြုကျင့်ပြီးနောက်တွင်လည်း တစ်ဦးတစ်ယောက်အဖို့ မိမိ၏ ရောင်းဝယ်ဖောက်ကားမှုနှင့် မြင့်မားသော အဆင့်အတန်းကို ရရှိလိမ့်မည်ဟု ယုံကြည်ခြင်းမပြုနိုင်ဘဲ အများဆုံးအနေဖြင့် မျှော်လင့်ချက်ထားခြင်းမျှသာ ပြုနိုင်ကြောင်းကို ညွှန်းဆိုပြသလိုက်ခြင်း ဖြစ်သည်။ *[ရူးဟွလ်မအာနီ]*

ကောင်းမှု ကိုယ်ကျင့်တရားများ၏ ဥပမာကို ရောင်းဝယ်ဖောက်ကားမှုနှင့် ခိုင်းနှိုင်းခြင်း

ဤအာယသ်တော်တွင် ဖော်ပြပါကောင်းမှုကိုယ်ကျင့်တရားများကို ရောင်းဝယ်ဖောက်ကားမှုတစ်ခုဖြင့် ပမာပုံဆောင် ခိုင်းနှိုင်းထားခြင်း ဖြစ်သည်။ အခြားအာယသ်တော်တစ်ပါးတွင်

هَلْ اَدُ لُّكُمْ عَلٰى تِجَارَةٍ تُنْجِيْكُمْ مِّنْ عَذَابٍ اَلِيْمٍ ○ تُؤْمِنُوْنَ بِاللّٰهِ
وَرَسُوْلِهٖ وَتُجَاهِدُوْنَ فِىْ سَبِيْلِ اللّٰهِ بِاَمْوَالِكُمْ وَاَنْفُسِكُمْ

ဟူ၍ လာရှိပြီး အီမာန်နှင့် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ 'ဂျိဟားဒ်'ပြုခြင်းကို ရောင်းဝယ်ဖောက်ကားမှုဖြင့် ပမာပုံဆောင် ခိုင်းနှိုင်းတင်ပြထားသည်။ ရောင်းဝယ်ဖောက်ကားခြင်းဖြင့် ခိုင်းနှိုင်းတင်ပြထားခြင်းမှာ 'ကုန်သည်တစ်ဦးသည် မိမိ၏ ဥစ္စာပစ္စည်းနှင့် အချိန်ကို အလုပ်တစ်ခုခုတွင် တိုးပွားလာစေရန်၊ အကျိုးအမြတ်ရရှိစေရန် ဟူ၍ ရင်းနှီးမြုပ်နှံခြင်းဖြစ်သည်ဟူသော အချက်၌ဖြစ်သည်။ သို့ရာတွင် လောက၏ ရောင်းဝယ်ဖောက်ကားမှုတိုင်းတွင် အကျိုးအမြတ်နှင့်အတူ ဆုံးရှုံးမှုလည်း ရှိနိုင်ပေသည်။ ဖော်ပြပါအာယသ်

တော်တွင် ရောင်းဝယ်ဖောက်ကားမှုနှင့်အတူ لَنْ تَبُوْرَ ဟူသော စာလုံးကို ထည့်သွင်း၍ 'ဤတမလွန်၏ ရောင်းဝယ်ဖောက်ကားမှုတွင် နစ်နာဆုံးရှုံးမည်ဟူသော မည်သည့်သံသယမျှ မရှိပေ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်၏ ကောင်းမြတ်သော ကျွန်လူသားများသည် ဒုက္ခခံ ကြိုးပမ်းလျက် ကောင်းမှုကိုယ်ကျင့်တရားများ ပြုလုပ်ကျင့်ဆောင်ကြခြင်းသည် အခြားသော ရောင်းဝယ်ဖောက်ကားမှုများကဲ့သို့ ရောင်းဝယ်ဖောက်ကားမှုမဟုတ်ဘဲ မည်သည့်အခါမျှ နစ်နာဆုံးရှုံးခြင်း မရှိသော ရောင်းဝယ်ဖောက်ကားမှုကို မျှော်လင့်ချက်ထားကြသူများဖြစ်ကြောင်း ညွှန်းဆိုလိုက်ခြင်းဖြစ်သည်။ ထို့ပြင် ၎င်းတို့၏ ဤသို့ မျှော်လင့်သူများဖြစ်ကြောင်းကို တင်ပြလျက် 'အလ္လာဟ်အသျှင်မြတ်သည် ချီးမြှင့်သူများအနက် အကောင်းဆုံး ချီးမြှင့်တော်မူသော အသျှင်မြတ်ဖြစ်တော်မူကြောင်းကို ညွှန်းဆိုလိုက်ခြင်း ဖြစ်သည်။ ထိုအသျှင်မြတ်သည် မျှော်လင့်ချက်ထားသူတို့၏ မျှော်လင့်ချက်ကို ဖြတ်တောက်တော်မူမည်မဟုတ်ဘဲ ပြည့်ဝစွာ ဖြည့်ဆည်းပေးတော်မူပေမည်။ ထို့မျှမက ရှေ့အပိုဒ်တွင် '၎င်းတို့၏ မျှော်လင့်ချက်မှာမူ မိမိတို့ကျင့်ဆောင်မှုများ၏ အကျိုးအစားကို အပြည့်အဝ ရရှိရန်ဟူသော အတိုင်းအတာမျှသာ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကျေးဇူးတော်ဖြင့် ၎င်းတို့၏ မျှော်လင့်ချက်များထက် ပိုသော အကျိုးအစားကို ချီးမြှင့်တော်မူပေလိမ့်မည်။

لِيُوَفِّيَهُمْ اُجُوْرَهُمْ وَيَزِيْدَهُمْ مِّنْ فَضْلِهِ

တွင် لِيُوَفِّيَهُمْ ၏ ဆက်စပ်မှုသည် لَنْ تَبُوْرَ ဖြင့် ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတို့ ရောင်းဝယ်ဖောက်ကားမှုသည် ပျက်စီးဆုံးရှုံးရန်အကြောင်းမရှိဘဲ ၎င်းတို့၏ အကျိုးကုသိုလ်သည် ၎င်းတို့အဖို့ ပြည့်ပြည့်ဝဝ ရရှိကြပေလိမ့်မည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကျေးဇူးတော်ဖြင့် ၎င်းတို့ မျှော်လင့်သည့် အကျိုးအမြတ် ကုသိုလ်များထက် သာပို၍ ချီးမြှင့်တော်မူပေမည်ဟူ၍ ဖြစ်သည်။

ဤကျေးဇူးတော်နှင့် ပို၍ ချီးမြှင့်ခြင်းတွင် မုအ်မင်န်ကျင့်စဉ်၏ အကျိုးကုသိုလ်အား အလ္လာဟ်အသျှင်မြတ်သည် အဆဆတိုး၍ ချီးမြှင့်တော်မူမည်ဟူသော အလ္လာဟ်အသျှင်မြတ်၏ ကတိတော်သည်လည်း ပါဝင်ပေသည်။ ထိုသို့ သာပို ချီးမြှင့်တော်မူခြင်း၏ အနိမ့်ဆုံးအတိုင်းအတာမှာ (၁၀) ဆဖြစ်ပြီး အများဆုံးမှာ အဆပေါင်း (၇၀၀) ဖြစ်သည်သာမက ထို့ထက်ပင် များပြားပေသည်။ အခြားသော အပြစ်ရှိသူများအတွက် ၎င်းတို့၏ အသနားခံပေးမှုကို လက်ခံတော်မူခြင်းသည် ဤကျေးဇူးတော်၌ ပါဝင်ပေသည်။ ဟဒီးစ်တော်တစ်ပါးတွင် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်မတ်စ်အူးဒ် ﵁ သည် တမန်တော်မြတ် ﷺ ထံတော်မှ ဤကျေးဇူးတော်၏ သဖ်စီးရ်ဖွင့်ဆိုချက်နှင့် စပ်လျဉ်း၍ ဆင့်ပြန်ခဲ့သည်မှာ 'ထိုသူများအား လောကတွင် ကျေးဇူးပြုခဲ့သူများအတွက် ၎င်းတို့က အသနားခံပေးကြပါလျှင် ထိုသူတို့သည် 'ဂျဟန္နမ်'ငရဲနှင့် ထိုက်သက်သူများဖြစ်သည့်တိုင် ၎င်းတို့၏ အသနားခံပေးမှုဖြင့် လွတ်မြောက်သွားကြပေလိမ့်မည်ဟူ၍ ဖြစ်သည်။

[သဖ်စီးရ်မဇ္ဇဟရီကျမ်း]

'ရုဖာအသ်'အသနားခံပေးခြင်းသည် အီမာန်ရှင်များအတွက်သာဖြစ်ကြောင်း ထင်ရှားပေသည်။ ကာဖိရ်အတွက် မည်သူ့တွင်မှ 'ရှဖာအသ်'ပြုပေးခွင့် မရှိပေ။ ထိုနည်းတူစွာ 'ဂျန္နသ်'တွင် အလ္လာဟ်အသျှင်မြတ်အား ဖူးမျှော်ရခြင်းသည်လည်း ဤကျေးဇူးတော်၏ အကြီးမားဆုံးသော အစိတ်အပိုင်းဖြစ်ပေသည်။

ثُمَّ اَوۡرَثۡنَا الۡكِتٰبَ الَّذِيۡنَ اصۡطَفَيۡنَا مِنۡ عِبَادِنَا

ثُمَّ ဟူသော အက္ခရာသည် ဆက်သွယ်မှုအတွက်ဖြစ်သည်။ ထို့ပြင် ဤအက္ခရာ၏ ရှေ့နှင့် နောက်၌ရှိသော အရာနှစ်ခုလုံးသည် အဓိကဂုဏ်ရည်တွင် ပါဝင်သည့်တိုင် ရှေ့နှင့် နောက်၌ပင် ရှိသည်။ ပထမအရာသည် ရှေ့၌ရှိပြီး ဒုတိယအရာသည် နောက်၌ရှိသော အရာဖြစ်သည်ဟူသော အကြောင်းအရာဘက်သို့ ညွှန်ပြပေးသည်။ တစ်ဖန် ဤရှေ့၌ ရှိခြင်းနှင့် နောက်၌ရှိခြင်းတို့သည် တစ်ခါတစ်ရံ ကာလအပိုင်းအခြားအရ ဖြစ်သည်။ တစ်ခါတစ်ရံ အဆင့်အတန်းအရဖြစ်သည်။ ဤအာယသ်တော်တွင် ثُمَّ ဟူသော အက္ခရာသည် ဆက်သွယ်မှုပြုသော အက္ခရာဖြစ်သည်။ ၎င်း၏ရှေ့၌ ရှိသော အာယသ်တော်မှ اَوۡحَيۡنَا နှင့် ဆက်သွယ်ပေးခြင်း ဖြစ်သည်။ အဓိပ္ပာယ်မှာ 'စင်စစ် ဤကျမ်းမြတ် (ကုရ်အာန်) သည် လုံးဝမှန်ကန်သော ကျမ်းဂန်ဖြစ်သည်။ ၎င်း၏အလျင်၌ ကျရောက်ခဲ့သည့် ကျမ်းများကို ထောက်ခံသော ကျမ်းဖြစ်သည်။ ဦးစွာပထမ အသင့်ထံသို့ 'ဝဟီ'အားဖြင့် ပို့ချပေးခဲ့သည်။ ထို့နောက် ငါအသျှင်မြတ်သည် မိမိ၏ ကျွန်လူသားများအနက် ရွေးချယ်ထားသူတို့အပေါ် ဤကျမ်းမြတ်ကို အမွေအဖြစ် ပြုပေးတော်မူခဲ့သည်'ဟု ဖြစ်သည်။ ဤသည်မှာ အစနှင့် အဆုံးဖြစ်ခြင်း၊ ရှေ့နှင့် နောက် ဖြစ်ခြင်းနှင့် အဆင့်အတန်းများအရ ကုရ်အာန်သည် 'ဝဟီ'အားဖြင့် အသင့်ထံသို့ ပို့ချပေးခြင်းဟူသည့် အဆင့်အားဖြင့် ရှေ့၌ရှိပြီး 'အွမ္မသ်မုဟမ္မဒီယဟ်'အား ချီးမြှင့်ခြင်းဆိုသည်မှာ နောက်တွင်ဖြစ်ကြောင်း ထင်ရှားပေသည်။ ထို့ပြင် အကယ်၍ အွမ္မသ်အား ကုရ်အာန်ကို အမွေအဖြစ် ပေးခြင်း၏ အလိုသဘောကို 'တမန်တော်မြတ် ﷺ သည် မိမိ၏ နောက်ကွယ်မှ အွမ္မသ်အတွက် ရွှေ၊ ငွေနှင့် မြေများအား အမွေအဖြစ် ထားရစ်မည့်အစား အလ္လာဟ်အသျှင်မြတ်၏ ကျမ်းတော်ကို အမွေအဖြစ် ထားရစ်ခဲ့သည်'ဟု ကောက်ယူရမည်ဖြစ်သည်။ နဗီတမန်တော်များသည် ငွေဒင်္ဂါးနှင့် ရွှေဒင်္ဂါးများကို အမွေအဖြစ် ထားရစ်ခဲ့ခြင်းမရှိဘဲ ၎င်းတို့သည် အိလ်မ်ပညာကိုသာ ထားရစ်ခဲ့သည်' ဟူသော ဟဒီးစ်တော်သည် ၎င်းအပေါ် သက်သေထွက်ဆိုလျက် ရှိနေပေသည်။ အခြားဟဒီးစ်တော်တစ်ရပ်တွင် အိုလမာသာသနာ့ပညာရှင်များကို နဗီတမန်တော်များ၏ အမွေစားများ ဖြစ်ကြောင်း မိန့်ကြားထားသည်။ သို့ဖြစ်ပေရာ ဤရှေ့၌ ဖြစ်ခြင်းနှင့် နောက်၌ဖြစ်ခြင်းတို့သည် အချိန်ကာလအရလည်း ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ငါအသျှင်မြတ်သည် ဤကျမ်းတော်အား အသင့်ကို ချီးမြှင့်တော်မူခဲ့သည်။ အသင်သည် ဤကျမ်းတော်ကို အွမ္မသ်အတွက် အမွေအဖြစ် ထားရစ်ခဲ့သည်။ အမွေအဖြစ် ပြုပေးခြင်းဆိုသည်မှာ ချီးမြှင့်ခြင်းကိုပင် ဆိုလိုသည်။ ဤချီးမြှင့်ခြင်းကို ميراث အမွေဟူသော စာလုံးဖြင့် ခိုင်းနှိုင်းထားခြင်းမှာ

အမွေခံတစ်ဦးအနေဖြင့် မိမိရပိုင်သော အမွေပစ္စည်းကို မည်သည့်လုပ်ရပ်နှင့် ကြိုးပမ်းမှုမျှမပါဘဲ ရရှိသွားသည်။ ဤနည်းအတိုင်းပင် ကုရ်အာန်ကျမ်းတော်မြတ်အား ရရှိခြင်း၌လည်း ထိုရွေးချယ်ခံရသူ ကျွန်လူသားများ အဖို့ ဤအတိုင်းပင် မည်သည့် ဒုက္ခခံ ကြိုးပမ်းမှုမျှမပါဘဲ ပေးအပ်ခံရခြင်းပင် ဖြစ်သည်။

အွမ္မသ်မုဟမ္မဒီယဟ် အထူးသဖြင့် ဤအွမ္မသ်၏ အိုလမာသာသနာ့ပညာရှင်တို့၏ ထူးခြားခြင်းနှင့် ထူးမြတ်ခြင်းတစ်ရပ်

اَلَّذِيۡنَ اصۡطَفَيۡنَا مِنۡ عِبَادِنَا

ဆိုလိုသည်မှာ 'ငါအသျှင်မြတ်က မိမိ၏ ကျွန်လူသားများအနက်မှ နှစ်သက်ရွေးချယ်ထားသူများ' ဟု ဖြစ်သည်။ မုဖတ်စိရ်အဖွင့်ပညာရှင် အများစုတို့ထံတွင် ၎င်း၏ အလိုသဘောမှာ 'အွမ္မသ်မုဟမ္မဒီယဟ်' ပင် ဖြစ်သည်။ ဤအွမ္မသ်၏ အိုလမာပညာရှင်များမှာ အကြောင်းခံမဲ့ဖြင့်လည်းကောင်း၊ အခြားသူများမှာ အိုလမာသာသနာ့ပညာရှင်တို့၏ အကြောင်းခံဖြင့်လည်းကောင်း ရွေးချယ်ခံရခြင်းကို ဆိုလိုသည်။ အလီဗင်န် အဘီသွလ်ဟဟ် (ရဟ) သည် ဟဇရသ်အဗ်နေအဗ္ဗားစ် ﷺ သခင်ထံမှ ဤအာယသ်တော်၏ သဖ်စီးရ်ကို ဆင့်ပြန်ခဲ့ရာတွင် **اَلَّذِيۡنَ اصۡطَفَيۡنَا** ၏ အလိုသဘောမှာ 'အွမ္မသ်မုဟမ္မဒီယဟ်' ဟူ၍ ဖြစ်သည်။ အလ္လာဟ် အသျှင်မြတ်သည် ၎င်းတို့အား ပို့ချပေးသော ဤကျမ်းတော်မြတ်၏ အမွေခံများအဖြစ် ပြုပေးတော်မူခဲ့သည်။ (ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်သည် ရှေးကျမ်းအားလုံးကို ထောက်ခံခြင်းနှင့် ကာကွယ်စောင့်ရှောက်ပေးသော ကျမ်းဂန်ဖြစ်ခြင်း အဆင့်ဖြင့်လည်းကောင်း၊ ကောင်းကင်ကျ ရှေးကျမ်းအားလုံး၏ အကြောင်းအရာ စုစည်းပါဝင်ရာ ကျမ်းတော်အဖြစ်လည်းကောင်း ကျရောက်ခဲ့ခြင်းဖြစ်သည်။ ထိုကျမ်းမြတ်၏ အမွေခံဖြစ်ရခြင်းမှာ ကောင်းကင်ကျရှေးကျမ်းအားလုံး၏ အမွေခံဖြစ်ရခြင်းသာ ဖြစ်ပေသည်။) ထို့နောက် မိန့်ဆိုသည်မှာ-

فظالمهم يُغفر لهٗ ومقتصد هم يُحا سب حسابا يّسيرا
وسابقهم يُدخل الجنّة بغير حساب

ဆိုလိုသည်မှာ 'ဤအွမ္မသ်၏ 'ဇွာလင်မ်' မတရားမှု ပြုသူသည်လည်း ခွင့်လွှတ်ခြင်း ခံရပေမည်။ အလယ်အလတ်ပြုသူများသည် လွယ်ကူစွာ စာရင်းစစ်ဆေးခြင်း ခံရပေမည်။ ကောင်းမှုများဖြင့် ရှေ့မှ သွားသူသည် စာရင်းစစ်ဆေးခြင်းမခံရဘဲ 'ဂျဟန္နမ်' သို့ ဝင်ရောက်ရပေမည်' ဟု ဖြစ်သည်။

[အိဗ်နေကစီးရ်]

ဤအာယသ်တော်တွင် **اِصۡطَفَيۡنَا** ဟူသော စာလုံးအားဖြင့် 'အွမ္မသ်မုဟမ္မဒီယဟ်' ၏ အကြီးမားဆုံးသော ထူးမြတ်မှုကို ပေါ်လွင်စေသည်။ အဘယ်ကြောင့်ဆိုသော် **اصطفاء** ဟူသောစာလုံးသည် ကုရ်အာန်ကျမ်းတော်မြတ်တွင် များသောအားဖြင့် နဗီတမန်တော်များအတွက်သာ လာရှိသောကြောင့် ဖြစ်သည်။

اللّٰهُ يَصْطَفِى مِنَ الْمَلٰٓئِكَةِ رُسُلًا وَّمِنَ النَّاسِ

အခြားအာယသ်တော်တစ်ပါးတွင်

اِنَّ اللّٰهَ اصْطَفٰٓى اٰدَمَ وَنُوْحًا وَّاٰلَ اِبْرٰهِيْمَ وَاٰلَ عِمْرٰنَ عَلَى الْعٰلَمِيْنَ

ဟု လာရှိသည်။ ဖော်ပြပါအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် 'အွမ္မသ်မုဟမ္မဒီယဟ်' အား ရွေးချယ်နှစ်သက်ရာတွင် နဗီတမန်တော်များ၊ ဖရစ်ရှိသာဟ်များနှင့်အတူ ရောနှော၍ မိန့်ကြားတော်မူထားသည်။ စင်စစ် ရွေးချယ်နှစ်သက်မှု၏ အဆင့်မှာ အမျိုးမျိုးရှိပေသည်။ နဗီတမန်တော်များနှင့် ဖရစ်ရှိသာဟ်များ၏ ရွေးချယ်နှစ်သက်မှုမှာ အမြင့်မားဆုံးအဆင့် ဖြစ်သည်။ 'အွမ္မသ်မုဟမ္မဒီယဟ်'သည် နောက်၌ရှိသော အဆင့်မှ ဖြစ်သည်။

'အွမ္မသေမုဟမ္မဒီယဟ်' (၃) မျိုး

فَمِنْهُمْ ظَالِمٌ لِّنَفْسِهٖ وَمِنْهُمْ مُّقْتَصِدٌ وَّمِنْهُمْ سَابِقٌ ۢ بِالْخَيْرٰتِ

ဤအပိုဒ်သည် ပထမအပိုဒ်၏ ဖွင့်ဆိုချက်နှင့် ရှင်းလင်းချက်ဖြစ်သည်။ ဆိုလိုသည်မှာ 'ငါအသျှင်မြတ်က နှစ်သက်၍ ရွေးချယ်တော်မူပြီး ကုရ်အာန်ကို ချီးမြှင့်ခဲ့သည့် ငါအသျှင်မြတ်၏ ကျွန်များတွင် (၃) မျိုး (၃) စား ရှိပေသည်။ ၄င်းတို့မှာ-

(၁) ظالم ဇွာလင်မ်

(၂) مُقتصد မုက်သစ္စိဒ်၊

(၃) سابق စာဗိက် တို့ ဖြစ်သည်။

ထို (၃) မျိုးအကြောင်း ဖွင့်ဆိုချက်ကို အိဗ်နေကစီးရ် (ရဟ) သည် ဤသို့ ဖွင့်ဆိုခဲ့သည်။

ظالم 'ဇွာလင်မ်'ဆိုသည်မှာ အချို့ 'ဝါဂျိဗ်'တာဝန်များတွင် ချွတ်ချော်မှုများပြု၍ အချို့သော တားမြစ်ချက် 'ဟရာမ်' များကိုလည်း ကျူးလွန်သူဖြစ်သည်။

مُقتَصِد 'မုက်သစ္စိဒ်' (အလယ်အလတ်လျှောက်လှမ်းသူ) ဆိုသည်မှာ တရားတော်၏ 'ဝါဂျိဗ်' အချက်များအားလုံးကို ကျင့်ဆောင်ပြီး 'ဟရာမ်'တားမြစ်ချက်အားလုံးကို ရှောင်ကြဉ်သူဖြစ်သည်။ သို့ရာတွင် တစ်ခါတစ်ရံ အချို့သော 'မွတ်စ်သဟဗ်'များကို စွန့်လွှတ်လေ့ရှိပြီး၊ အချို့ 'မက္ကရူးဟ်'အချက်များ၌လည်း နစ်မွန်းလေ့ရှိတတ်သူ ဖြစ်သည်။

سابق بالخيرات 'စာဗိက်ဗိလ်ခိုင်ရားသ်'ဆိုသည်မှာ 'ဝါဂျိဗ်'အားလုံးနှင့် 'မွတ်စ်သဟဗ်'အားလုံးကို ထမ်းဆောင်ပြီး 'ဟရာမ်'အားလုံးနှင့် 'မက္ကရူးဟ်'အားလုံးတို့ကို ရှောင်ကြဉ်သည်။ အချို့သော 'မုဗာဟ်'

ကိစ္စများကို 'အေဗာဒသ်'၌ မွေ့လျော်ခြင်း (သို့) 'ဟရာမ်'ဖြစ်ခြင်း သံသယများကြောင့် စွန့်လွှတ်သူ ဖြစ်သည်။

ဤသည်မှာ အိဗ်နေကစီးရ်၏ တင်ပြချက်ဖြစ်သည်။ အခြားသော အဖွင့်ပညာရှင်များက ဤ (၃) မျိုးလုံး၏ ဖွင့်ဆိုချက်တွင် အဆိုကွဲလွဲခြင်းများစွာကို ဆင့်ပြန်ခဲ့ကြသည်။ ရှူးဟွလ်မအာနီကျမ်းတွင် (၄၃) မျိုးသော အဆိုများကို တင်ပြထားသည်။ သို့ရာတွင် လေးလေးနက်နက် စဉ်းစားမည်ဆိုလျှင် အချုပ် ရလဒ်အားဖြင့် အထက်၌ အိဗ်နေကစီးရ် တင်ပြသည်များအတိုင်းသာ ဖြစ်ပေသည်။

သံသယတစ်ခုနှင့်အဖြေ

ဖော်ပြပါသဗ်စီးရ်ဖွင့်ဆိုချက်အရ اَلَّذِيْنَ اصْطَفَيْنَا ၏ အလိုသဘောမှာ 'အွမ္မသ်မုဟမ္မဒီယဟ်' ဖြစ်သည်။ ၄င်းအုပ်စုမှာ (၃) မျိုးရှိသည်။ ၄င်း၏ ပထမအမျိုးအစားမှာ **ظالم** 'ဇွာလင်မ်'သည်လည်း ဤ اَلَّذِيْنَ اصْطَفَيْنَا ဟူသော အလ္လာဟ်အသျှင်မြတ် ရွေးချယ်ထားသည့် ကျွန်လူသားများ၌ ပါဝင်သူ ဖြစ်သည်။ ၄င်းကို မဖြစ်နိုင်ဟု ယူဆလျက် အချို့သူများက ဤသူတို့သည် 'အွမ္မသ်မုဟမ္မဒီယဟ်'နှင့် **اصطفينا** ၌ မပါဝင်ဟု ဆိုကြသည်။ သို့ရာတွင် များစွာသော ခိုင်လုံသည့် ဆွဟီးဟ်ဟဒီးစ်များဖြင့် အတည်ဖြစ်သည်မှာ ဤ (၃) မျိုးစလုံးသည် 'အွမ္မသ်မုဟမ္မဒီယဟ်' မှပင် ဖြစ်သည်။ **اصطفينا** ၏ ဂုဏ်ရည်၏ ပြင်ပမှ မဟုတ်ပေ။ ဤသည်မှာ 'အွမ္မသ်မုဟမ္မဒီယဟ်'မှ မုအ်မင်န်များအတွက် အဆုံးစွန် အထိဖြစ်သော ထူးခြားမှုနှင့် ထူးမြတ်မှုပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့တွင် ကျင့်စဉ်ပိုင်း ဆိုင်ရာ အားနည်း ချွတ်ချော်သူများသည်လည်း ဤထူးမြတ်ခြင်း၌ ပါဝင်ပေသည်။ ဟာဖိဇ်အိဗ်နေကစီးရ် သည် ဟဒီးစ်ဆင့်ပြန်ချက်များကို စုစည်းတင်ပြခဲ့သည်။ ၄င်းတို့အနက် အချို့မှာ ဟဇရသ်အဘူစအီးဒ်ခွဒ်ရီ ﵁ က ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ် ﷺ သည် ဖော်ပြပါအာယသ်တော် اَلَّذِيْنَ اصْطَفَيْنَا ၏ (၃) မျိုး (၃) စား ရှိခြင်းနှင့် စပ်လျဉ်း၍ မိန့်ကြားတော်မူသည်မှာ 'ဤအမျိုးအစားအားလုံးသည် အဆင့်အတန်း တစ်မျိုးတည်းပင်ဖြစ်သည်။ ထို့ပြင် အားလုံးသည် 'ဂျန္နသ်'တွင်းသို့ ဝင်ရောက်ရမည်ဟူ၍ ဖြစ်သည်။

[အိဗ်နေကစီးရ်]

အဆင့်အတန်းတစ်မျိုးတည်းပင် ဖြစ်သည်ဟု ဆိုခြင်းမှာ အားလုံးတို့သည် 'မဂ်ဖိရသ်'လွတ်ငြိမ်း ချမ်းသာခွင့် ရရှိကြပေမည်။ အားလုံးတို့သည် 'ဂျန္နသ်'တွင် ဝင်ရောက်ကြရပေမည်ဟု ဆိုလိုခြင်းဖြစ်သည်။ အဆင့်အတန်းအလိုက် ၄င်းတို့တွင် အချင်းချင်း ပို၍ ထူးမြတ်မှုရှိမည်ကို ဆိုလိုခြင်းမဟုတ်ပေ။

ထို့ပြင် ဟဇရသ်အဘူဒရ်ဒါ ﵁ သခင်ထံမှ စနဒ်များစွာဖြင့် ဟဒီးစ်တော်တစ်ပါး ဆင့်ပြန်ခဲ့သည်။ အိဗ်နေကစီးရ် (ရဟ) သည် ထိုစနဒ်အားလုံးကို ဆင့်ပြန်ခဲ့သည်။ ၄င်းတို့အနက် ဆင့်ပြန်ချက်တစ်ရပ်မှာ အိဗ်နေဂျရီးရ်က အဘူစာဗိသ်ထံမှ ဆင့်ပြန်ခဲ့ခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အဘူစာဗိသ်သည်

တစ်နေ့တွင် ဗလီသို့ သွားရောက်ခဲ့သည်။ ဗလီတွင် အဘူဒရ်ဒါ ﷺ သည် ကနဦးမှပင် ထိုင်နေလျက် ရှိသည်။ အဘူစာဗိသ်သည် ၎င်းနှင့် တန်းတူ နေရာတွင် ထိုင်လိုက်သည်။ ထို့နောက်

اَللّٰهُمَّ اٰنِسْ وَحْشَتِىْ وَارْحَمْ غُرْبَتِىْ وَيَسِّرْ لِىْ جَلِيْسًاصَالِحًا

ဆိုလိုသည်မှာ ကျွန်တော်မျိုး၏ စိတ်နှလုံးသားမှ ကြောက်မက်ဖွယ်ရာများနှင့် သောကများကို ဝေးလွင့်စေတော်မူပါ။ ထို့ပြင် ကျွန်တော်၏ ခရီးသည်တစ်ဦးပမာ အခြေအနေကို သနားတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးအား ကောင်းမြတ်သော သူတော်စင်တို့၏ ထိုင်ဝိုင်းကို ချီးမြှင့်တော်မူပါ' ဟု ဒိုအာတောင်းခံလေသည်။ (ဤနေရာ၌ သိမှတ်ထားရမည်မှာ ရှေးသူတော်စင်များတွင် သူတော်စင်တို့၏ အသိုင်းအဝိုင်းကို ရှာဖွေချဉ်းကပ်ခြင်းသည် မည်သည့်အဆင့်အတန်းအထိ ရှိသည်ကို သိကြရပေမည်။ ထိုအသိုင်းအဝိုင်းကို ရှာဖွေခြင်းအား အဓိကရည်ရွယ်ချက်နှင့် သောကဗျာပါဒ အားလုံးတို့၏ ကုသခြင်းဟု မှတ်ယူလျက် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် ထိုအသိုင်းအဝိုင်းကို ရရှိရန် ဒိုအာတောင်းခံလေ့ ရှိခဲ့ကြသည်။)

အဘူဒရ်ဒါ ﷺ သည် ဤဒိုအာကို ကြားရလေသောအခါ 'အကယ်၍ အသင်သည် မိမိ၏ ဤဒိုအာတောင်းခံခြင်းနှင့် ကောင်းမြတ်သော သူတော်စင်တို့၏ အသိုင်းအဝိုင်းကို ရှာဖွေသည်မှာ မှန်ကန်သည် ဆိုပါလျှင် ကျွန်ုပ်သည် အသင့်ထံ ပို၍ နဖူးစာကောင်းသူ ဖြစ်ပေသည်' ဟု ပြောကြားလေသည်။ (ဆိုလိုသည်မှာ 'ကျွန်ုပ်အား အလ္လာဟ်အသျှင်မြတ်က အသင်ကဲ့သို့သော ကောင်းမြတ်သော သူတော်စင်၏ အသိုင်းအဝိုင်းကို မတောင်းဘဲ ပေးသနားတော်မူလိုက်သည်' ဟု ဖြစ်သည်။) ထို့နောက် ဆက်လက်၍ ပြောကြားသည်မှာ 'ကျွန်ုပ်သည် အသင့်အား တမန်တော်မြတ် ﷺ ထံတော်မှ ကြားသိခဲ့သည့် ဟဒီးစ်တော်တစ်ပါးကို တင်ပြပါမည်။ ကျွန်ုပ်သည် ဤဟဒီးစ်တော်ကို ယခုအထိ မည်သူ့ကိုမျှ တင်ပြခွင့် မရရှိသေးပါ။ ၎င်းဟဒီးစ်တော်မှာ 'ကိုယ်တော်မြတ် ﷺ သည် ဤ

ثُمَّ اَوْرَثْنَا الْكِتٰبَ الَّذِيْنَ اصْطَفَيْنَا

ဟူသော အာယသ်တော်ကို တင်ပြတော်မူပြီးနောက် ဤအမျိုးအစားသုံးခုအနက် سابق بالخيرات သည် 'ဂျန္နသ်' သို့ အစစ်အဆေး အမေးအမြန်းမရှိ ဝင်ရပေမည်။ **مقتصد** 'မုက်သစ္စိဒ်' အလယ်အလတ်ရှိသော သူတို့မှာ ပေါ့ပေါ့ပါးပါးပင် စာရင်းစစ်ဆေးခြင်း ခံရပေမည်။ **ظالم** 'ဇွာလင်မ်' ကျင့်စဉ်များ၌ ပေါ့လျော့ချွတ်ချော်သူနှင့် အပြစ်ဒုစရိုက်များ၌ နစ်မွန်းနေသူများအဖို့ ထိုအဆင့်တွင် အလွန်တရာ စိတ်သောကဖိစီးမှု ခံကြရပေမည်။ ထို့နောက်တစ်ဖန် ၎င်းတို့အားလည်း 'ဂျန္နသ်' တွင် ဝင်ရောက်ရန် အမိန့်ပေးခြင်း ခံကြရပေမည်။ ထိုအခါမှ ၎င်းတို့၏ သောကဗျာပါဒများမှာ ပပျောက်သွားပေမည်။ အောက်ပါအာယသ်တော်တွင် ထိုအကြောင်း တင်ပြထားသည်။

وَقَالُوا الْحَمْدُ لِلَّهِ الَّذِي أَذْهَبَ عَنَّا الْحَزَنَ

ဆိုလိုသည်မှာ 'ချီးမွမ်းထောမနာခြင်းအပေါင်းတို့သည် ကျွန်တော်မျိုးတို့အား 'သောကများမှ ကင်းဝေးစေတော်မူသော အလ္လာဟ်အသျှင်မြတ်အဖို့သာ ဖြစ်ပေသည်' ဟု ၎င်းတို့က ပြောဆိုကြပေမည်'ဟူ၍ ဖြစ်သည်။

ထို့ပြင် သွစ်ရာနီ (ရဟ) သည် ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်န်မတ်စ်အူးဒ် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့သည်မှာ 'တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ-

وكلّهم من هذه الأمّة

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ ဤ (၃) မျိုးလုံးသည် ဤ 'အွမ္မသ်မုဟမ္မဒီယဟ်'မှပင် ဖြစ်ပေမည်။ ထို့ပြင် အဘူဒါဝူးဒ် သွယာလိစီ (ရဟ) သည် အွက္ကဗာဟ်အိဗ်နေဆွဟ်ဗာန်ဟနာအီ (ရဟ) ထံမှ ဆင့်ပြန်ခဲ့သည်မှာ ၎င်းက အွန်းမုလ်မုအ်မိနီးန် (မုအ်မင်န်တို့၏ မိခင်ကြီး) ဟဇရတ်အာအေရှာဟ် ﷺ သခင်မအား ဤအာယသ်တော်၏ သဖ်စီးရ်ဖွင့်ဆိုချက်ကို မေးမြန်းလေရာ သခင်မက 'အို, သားမောင်၊ ဤသုံးမျိုးစလုံးသည် 'ဂျန္နသီ'များ ဖြစ်ကြသည်။ ၎င်းတို့အနက် **سابق بالخيرات** မှာ တမန်တော်မြတ် ﷺ ၏ ခေတ်သမယတွင် ကွယ်လွန်သေဆုံးခဲ့ကြသူများ ဖြစ်ကြသည်။ ၎င်းတို့၏ 'ဂျန္နသီ'ဖြစ်ကြောင်းကို တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်က သက်သေပေးတော်မူခဲ့ပြီးဖြစ်သည်။ ထို့နောက် **مقتصد** 'မုက်သစွိဒ်' ဆိုသည်မှာ ၎င်းတို့၏ ခြေရာအတိုင်း လျှောက်လှမ်းပြီး ရှေ့မှ သွားသူတို့၏ နောက်လိုက်အနွဲအတာပြုခြင်း အပေါ် ရပ်တည်လျက် နောက်ဆုံးတွင် ၎င်းတို့နှင့် တွေ့ဆုံကြမည့်သူများဖြစ်သည်။ ကျန်သော **ظالم لنفسه** မှာမူ 'ကျွန်ုပ်တို့ အသင်တို့ကဲ့သို့သော သူများပင် ဖြစ်သည်'ဟု ပြောကြားလေသည်။

ဤသည်မှာ စွိဒ်ဒီကဟ်အာအေရှာဟ် ﷺ သခင်မကြီး၏ ကျိုးငဲ့နှိမ့်ချမှုပင် ဖြစ်သည်။ မိမိကိုယ်မိမိ အားလည်း တတိယအဆင့်ဖြစ်သော **ظالم لنفسه** တွင် ထည့်သွင်းလိုက်ခြင်း ဖြစ်သည်။ အမှန်စင်စစ် သခင်မကြီးသည် ဆွဟီးဟ်ဟဒီးစ်တော်များအရ **سابقين اوّلين** ပထမအဆင့်ဝင် ပုဂ္ဂိုလ်များအနက်မှ ဖြစ်ပေသည်။

အိဗ်နေဂျရီးရ်သည် ဟဇရတ်မိုဟမ္မဒ်ဗင်န်ဟနဖီယဟ် (ရဟ) ထံမှ ဆင့်ပြန်ခဲ့သည်မှာ ၎င်းက မိန့်ဆိုသည်မှာ ဤအွမ္မသ်သည် ကရုဏာပြုခြင်းခံရသော အွမ္မသ်ဖြစ်သည်။ ဤအွမ္မသ်တွင် 'ဇွာလင်မ်'သည်လည်း 'မဂ်ဖိရသ်' လွတ်ငြိမ်းချမ်းသာခွင့် ပေးခံရသည်။ 'မုက်သစွိဒ်'သည် 'ဂျန္နသ်'သို့ ဝင်ရောက်ရပေမည်။ 'စာဗိက်ဗိလ်ခိုင်ရားသ်'သည် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် အမြင့်မားဆုံးသော အဆင့်ကို ရရှိပေမည်ဟူ၍ ဖြစ်သည်။

ထို့ပြင် ဟဇရတ်မိုဟမ္မဒ်ဗင်န်အလီဗာကိရ် ﷺ က **ظالم لنفسه** 'ဇွလင်မ်လိနဖ်စိဟီ'၏ သဖ်စီးရ်ဖွင့်ဆိုချက်တွင် မိန့်ဆိုသည်မှာ-

الّذىٰ خلط عملا صالحا وّاٰخر سيّئا

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ကောင်းမှုနှင့် မကောင်းမှု နှစ်မျိုးစလုံးကို ရောနှော၍ လုပ်သူ ဖြစ်သည်' ဟူ၏။

'အွမ္မသ်မုဟမ္မဒီယဟ်' အိုလမာပညာရှင်များ၏ အကြီးမားဆုံးသော ထူးမြတ်မှု

ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်က မိန့်ကြားတော်မူသည်မှာ 'ငါအသျှင်မြတ်သည် မိမိ၏ ကျမ်းတော်မြတ်ကို ငါအသျှင်မြတ် ရွေးချယ်တော်မူထားသည့် ကျန်လူသားများကို အမွေခံအဖြစ် ပြုပေးတော်မူခဲ့သည်' ဟု ဖြစ်သည်။ ထို့ပြင် 'ကိသာဗွလ္လာဟ်' နှင့် 'နဗူဝသ်' ၏ အသိပညာများ၏ အမွေခံတို့သည် အကြောင်းခံမဲ့ အိုလမာသာသနာ့ပညာရှင်များ ဖြစ်သည်မှာလည်း ထင်ရှားပေသည်။ ဟာဒီးစ်တော်၌လည်း

العلمآء ورثة الانبياء

(အိုလမာသာသနာ့ပညာရှင်များသည် နဗီတမန်တော်များ၏ အမွေစားအမွေခံများ ဖြစ်ကြ၏။).

ဟု မိန့်ကြားထားပေသည်။ အချုပ်မှာ အလ္လာဟ်အသျှင်မြတ်က ကုရ်အာန်နှင့် စွန္နသ်၏ အသိပညာတို့တွင် 'အိခ်လားစွ်' စိတ်စေတနာ ဖြူစင်စွာဖြင့် နစ်မြုပ်ထားခွင့် ချီးမြှင့်ခံရသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ နှစ်သက်ရွေးချယ်တော်မူခြင်းကို ခံရသူများဖြစ်ခြင်း၏ လက္ခဏာပင် ဖြစ်သည်။

ဟဇရသ်ဆအ်လဗဟ်ဗင်န်ဟိကမ် ﷺ က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် 'ကေယာမသ်' နေ့တွင် အွမ္မသ်၏ အိုလမာသာသနာ့ပညာရှင်များအား ဦးတည်လျက် ငါအသျှင်မြတ်သည် အသင်တို့၏ နှလုံးသားများတွင် မိမိ၏ အသိပညာနှင့် အမြော်အမြင်ကို ထည့်ပေးတော်မူခြင်းမှာ အသင်တို့၏ 'အမလ်' မည်သို့ပင်ဖြစ်စေ၊ အသင်တို့အဖို့ လွတ်ငြိမ်းချမ်းသာခွင့် ရရှိစေရန် ရည်ရွယ်တော်မူခြင်းကြောင့်သာ ဖြစ်သည်' ဟု မိန့်ကြားတော်မူလေသည်။ (အလ္လာဟ်အသျှင်မြတ်အား အကြောက်တရားမရှိသူသည် အိုလမာသာသနာ့ပညာရှင်များ၏ စာရင်းမှပင် ပယ်ထုတ်ခံရသူဖြစ်သည့် အကြောင်း အထက်တွင် သိရှိခဲ့ရပြီး ဖြစ်သည်။ ထို့ကြောင့် ဤမိန့်ကြားမှုသည် အလ္လာဟ်အသျှင်မြတ်၏ အကြောက်တရားဖြင့် အရောင်ဆိုးထားသည့် သူများကိုသာ မိန့်ကြားခြင်းဖြစ်သည်။ ၎င်းတို့အနေဖြင့် သောကမဲ့စွာ အပြစ်ဒုစရိုက်များ ကျူးလွန်ခြင်းတွင် နစ်မွန်းကြရန်ဆိုသည်မှာ မဖြစ်နိုင်ပေ။ သို့သော်လည်း လူသားဖြစ်သည့်အားလျော်စွာ တစ်ခါတစ်ရံ ၎င်းတို့သည်လည်း အပြစ်ကျူးလွန်မှုများ ဖြစ်ကြပေမည်။ ဤသည်ကိုပင် ဟာဒီးစ်တော်၌ မိန့်တော်မူသည်မှာ 'အသင်တို့၏ 'အမလ်' မည်သို့ပင်ဖြစ်စေ အသင်တို့အတွက် 'မဂ်ဖေရသ်' (လွတ်ငြိမ်းချမ်းသာခွင့်) သည် ရေးမှတ်ပြီးဖြစ်သည်။'

ဤဆင့်ပြန်ချက်အားလုံးသည် သဖ်စီးရ်အိဗ်နေကစီးရ်မှ ရယူထားခြင်းဖြစ်သည်။ ဟဇရသ်ဆအ်လဗဟ် ﷺ ထံမှ ဆင့်ပြန်ခဲ့သည့် ဟာဒီးစ်ကို သွဗ်ရာနီကလည်း ဆင့်ပြန်ခဲ့သည်။ ၎င်းစနဒ်အားလုံးတွင် ဆင့်ပြန်သူများမှာ ယုံကြည်စိတ်ချရသူများ ဖြစ်သည်။ *[သဖ်စီးရ်မဇ္ဇဟရီကျမ်း]*

သဖ်စီးရ်မဇ္ဖရီကျမ်းတွင် အိဗ်နေအဆာကိရ်၏ အညွှန်ဖြင့် ဖော်ပြပါ ဟဒီးစ်တော်၏ အကြောင်း အရာကို အဘူအုမရ်ဆွန်အာနီထံမှလည်း ဆင့်ပြန်ခဲ့သည်။ အလားတူ ဟဇရတ်အဘူမူစာအရှ်အရီ ﷺ ၏ ဆင့်ပြန်ချက် လာရှိသည်မှာ တမန်တော်မြတ် ﷺ အမိန့်ရှိခဲ့သည်မှာ 'ဟရှုရ်နေ့တွင် အလ္လာဟ်အသျှင်မြတ် သည် မိမိ၏ ကျွန်လူသားအားလုံးကို စုရုံးစေတော်မူပေမည်။ ထို့နောက် ၎င်းတို့အနက် အိုလမာသာသနာ့ ပညာရှင်များကို သီးခြားအဆင့်တွင် စုရုံးစေတော်မူ၍ အမိန့်ရှိတော်မူပေလိမ့်မည်။'

انّى لم اضع علمى فيكم الّا لعلمى بكم ولم اضع علمى فيكم لاعذّ بكم انطلقو اقدغفرت لكم

ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် မိမိ၏ အသိပညာကို အသင်တို့၏ နှလုံးသားတွင် ထည့်ပေးရ ခြင်းမှာ ငါအသျှင်မြတ်သည် အသင်တို့အား သိတော်မူခြင်းကြောင့် ဖြစ်သည်။ (အဘယ်ကြောင့်ဆိုသော် အသင်တို့သည် ဤအသိပညာ၏ ပေးအပ်သည့် တာဝန်ကို ထမ်းဆောင်ကြပေမည်။) ငါအသျှင်မြတ်သည် မိမိ၏ 'အိလ်မ်'အသိပညာကို အသင်တို့၏ နှလုံးသားများတွင် ထည့်ပေးတော်မူခြင်းမှာ အသင်တို့အား 'အဇားဗ်'အပြစ်ဒဏ်ပေးရန်အတွက် မဟုတ်။ သွားကြကုန်လော့။ ငါအသျှင်မြတ်သည် အသင်တို့အဖို့ လွတ်ငြိမ်း ချမ်းသာခွင့် ပြုတော်မူလိုက်ပြီ။ *[မဇ္ဖရီကျမ်း]*

အကျိုးကျေးဇူး

ဤအာယသ်တော်တွင် အားလုံးတို့ထက်အလျင် **ظالم** 'ဇွာလင်မ်'အားလည်းကောင်း၊ တစ်ဖန် **مقتصد** 'မုက်သစွိဒ်'အားလည်းကောင်း၊ နောက်ဆုံးတွင် **سابق بالخيرات** အားလည်းကောင်း ဖော်ပြ ထားသည်။ ဤသို့ အစဉ်လိုက်ဖော်ပြခြင်းမှာ အရေအတွက်အားဖြင့် **ظالم لنفسه** 'ဇွာလင်မ်လိနဖ်စိဟီ' သည် အများဆုံးဖြစ်ပြီး ၎င်းထက် **مقتصد** 'မုက်သစွိဒ်' ၏ အရေအတွက်မှာ နည်း၍ **سابق بالخيرات** 'စာဗိက်ဗိလ်ခိုင်ရားသ်'သည် ၎င်းတို့ထက် ပို၍ နည်းပါးခြင်းကို ပြသခြင်း ဖြစ်ပေမည်။ အရေအတွက် များပြားသည့် အမျိုးအစားကို ရှေ့မှ ဦးစွာ တင်ပြခြင်းဖြစ်ပေမည်။

ذٰلِكَ هُوَ الْفَضْلُ الْكَبِيْرُ جَنّٰتُ عَدْنٍ يَّدْخُلُوْنَهَا يُحَلَّوْنَ فِيْهَا مِنْ اَسَاوِرَ مِنْ ذَهَبٍ وَّلُؤْلُؤًا وَّلِبَاسُهُمْ فِيْهَا حَرِيْرٌ

အစပိုင်းတွင် အလ္လာဟ်အသျှင်မြတ်သည် မိမိနှစ်သက်၍ ရွေးချယ်တော်မူထားသော သူတို့သည် (၃) မျိုး (၃) စားရှိကြောင်း တင်ပြတော်မူထားသည်။ တစ်ဖန် **ذٰلِكَ هُوَ الْفَضْلُ الْكَبِيْرُ** ဟု မိန့်ကြား တင်ပြတော်မူထားသည်။ ထို (၃) အုပ်စုကို အရွေးချယ်ခံ ကျွန်များတွင် ထည့်သွင်းရေတွက်ခြင်းမှာ အလ္လာဟ်

အသျှင်မြတ်၏ အလွန်တရာ ကြီးမားသော ကျေးဇူးတော်ပင် ဖြစ်သည်။ ရှေ့တွင် ၎င်းတို့၏ ကုသိုလ်အကျိုးများအကြောင်း တင်ပြထားသည်မှာ ၎င်းတို့သည် 'ဂျန္နသ်'တွင် ဝင်ရောက်ကြရမည်။ ၎င်းတို့အဖို့ ရွှေလက်ကောက်များနှင့် ပုလဲလက်ဝတ်ရတနာများဖြင့် ဆင်ယင်ခြင်း ခံရကြရမည်။ ၎င်းတို့၏ ဝတ်စုံမှာ 'ဂျန္နသ်'တွင် ပိုးထည်အဝတ်အစားများ ဖြစ်သည်။

လောကတွင် အမျိုးသားများအဖို့ ရွှေလက်ဝတ်လက်စားများသည်လည်းကောင်း၊ ပိုးထည်သည်လည်းကောင်း၊ ဝတ်ဆင်ခြင်းမှာ 'ဟရာမ်'ဖြစ်သည်။ ထိုသို့ 'ဟရာမ်'ဖြစ်သည့်အစား ၎င်းတို့အဖို့ 'ဂျန္နသ်'တွင် ထိုအရာများကို ဝတ်ဆင်ပေးခြင်း ခံရပေမည်။ ဤသို့ ဆိုခြင်းအပေါ် လက်ဝတ်ရတနာများ ဝတ်ဆင်ခြင်းသည် အမျိုးသမီး၏ အလုပ်ဖြစ်သည်။ အမျိုးသားတို့၏ ဂုဏ်ရည်မဟုတ်ဟူ၍ စောဒကတက်ရန် အကြောင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် 'အာခေရသ်' တမလွန်နှင့် 'ဂျန္နသ်'သုခဘုံတို့၏ အခြေအနေများကို ဤလောကနှင့် နှိုင်းယှဉ်သုံးသပ်ခြင်းမှာ အသိတရားမဲ့ခြင်းသာ ဖြစ်သောကြောင့် ဖြစ်သည်။

ဟဇရသ်အဘူစအီးဒ်ခွဒ်ရီ ﷺ သခင်က ဆင့်ပြန်သည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူခဲ့သည်။ 'ဂျန္နသ်သုခဘုံသားတို့၏ ခေါင်းပေါ်တွင် ပုလဲဖြင့် စီရင်ထားသည့် သရဖူများ ဆောင်းပေးထားပေသည်။ ၎င်းတို့၏ အနိမ့်ဆုံးပုလဲ၏ အလင်းရောင်မှာ အရှေ့မှ အနောက်အထိ တစ်လောကလုံးကိုပင် လင်းဝင်းမှုပေးပေမည်။' *[မဇှ်ဟရီကျမ်း]*

အေမာမ်ကုရ်သုဗီး (ရဟ) သခင်က မိန့်ဆိုသည်မှာ 'မုဖတ်စိရ်'အဖွင့်ပညာရှင်များက 'ဂျန္နသ်သုခဘုံသားတိုင်း၏ လက်တွင် လက်ကောက်များ ဆင်မြန်းပေးခြင်းခံရပေမည်။ တစ်မျိုးမှာ ရွှေဖြစ်၍ အခြားတစ်မျိုးမှာ ငွေဖြစ်ပြီး ကျန်တစ်မျိုးမှာ ပုလဲဖြစ်သည်'ဟူ၍ ဖြစ်သည်။ 'ဂျန္နသ်'၏ လက်ကောက်များနှင့် စပ်လျဉ်း၍ အာယသ်တော်တစ်ပါးတွင် ငွေလက်ကောက်ဟုလည်းကောင်း၊ အခြားအာယသ်တော်တစ်ပါးတွင် ရွှေလက်ကောက်ဟုလည်းကောင်း ဖော်ပြထားသည်။ ဤဖွင့်ဆိုချက်အရ ထိုအာယသ်တော်နှစ်ပါးစလုံးတွင် တူညီမှုလည်း ဖြစ်သွားပေသည်။

လောကတွင် ရွှေခွက်၊ ငွေခွက်များကို အသုံးပြုသူ၊ ပိုးထည်အဝတ်ကို ဝတ်ဆင်သူတို့သည် 'ဂျန္နသ်' တွင် ထိုအရာများမှ ရှုံးစာမဲ့မည့်သူများ ဖြစ်ခြင်း

ဟဇရသ်ဟုဇိုင်ဖာဟ် ﷺ သခင်က မိန့်ဆိုခဲ့သည်မှာ ကျွန်ုပ်သည် တမန်တော်မြတ် ﷺ ထံမှ ကြားသိခဲ့ရသည်။ ကိုယ်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'ပိုးထည်အဝတ်အစားများကို မဝတ်ဆင်ကြလေနှင့်။ ရွှေခွက်၊ ငွေခွက်များတွင် ရေမသောက်ကြလေနှင့်။ ထို့ပြင် ရွှေပန်းကန်၊ ငွေပန်းကန်များဖြင့် စားခြင်း မပြုကြလေနှင့်။ အဘယ်ကြောင့်ဆိုသော် ဤအရာများသည် လောကတွင် ကာဖိရ်များအတွက်ဖြစ်ပြီး တမလွန်တွင် အသင်တို့အတွက် ဖြစ်သောကြောင့်ပင်ဖြစ်သည်'ဟူ၍ ဖြစ်သည်။ *[ဘုခါရီ၊ မွတ်စ္စလင်မ်]*

ဟဇရတ်အုမရ် ﷺ က မိန့်ဆိုခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'လောကတွင် ပိုးထည်ကို ဝတ်ဆင်ခဲ့သူ အမျိုးသားသည် တမလွန်တွင် ထိုပိုးထည်ကို ဝတ်ဆင်ခွင့်ရရှိမည်မဟုတ်ပေ။'

[ဗုခါရီ၊ မွတ်စ္စလင်မ်။]

ဟဇရတ်အဗူစအီးဒ်ခွဒ်ရီ ﷺ ၏ ဆင့်ပြန်ချက်တစ်ရပ်တွင် လာရှိသည်မှာ 'လောကတွင် ပိုးထည် အဝတ်အစားကို ဝတ်ဆင်သော အမျိုးသားသည် အကယ်၍ ထိုသူသည် 'ဂျန္နသ်'သို့ ဝင်ရောက်ရသူပင် ဖြစ်စေ၊ တမလွန်တွင် ထိုပိုးထည်ဝတ်ဆင်ခြင်းမှ နဖူးစာမဲ့သူ ဖြစ်ပေမည်။ *[မဇ္ဇဟရီကျမ်း]*

وَقَالُوا الْحَمْدُ لِلَّهِ الَّذِي أَذْهَبَ عَنَّا الْحَزَنَ

ဆိုလိုသည်မှာ 'ဂျန္နသ်'သုခဘုံသားတို့သည် 'ဂျန္နသ်'သို့ ဝင်ရောက်ကြသောအခါ 'ချီးမွမ်းထောမနာ ပြုခြင်းအပေါင်းတို့သည် ကျွန်တော်မျိုးတို့အား ပူဆွေးသောကများမှ ကင်းငြိမ်းစေတော်မူသော အလ္လာဟ် အသျှင်မြတ်အဖို့သာ ဖြစ်သည်'ဟူ၏။

ဤပူဆွေးသောကဟူသည်မှာ အဘယ်နည်း။ ဤနေရာတွင် အဖွင့်ပညာရှင်များ၏ ကွဲလွဲသော အဆိုများ လာရှိထားသည်။ အမှန်ကန်ဆုံးမှ ခပ်သိမ်းကုန်သော ပူဆွေးသောကများ အကျုံးဝင်ပေသည် ဟူသော အဆိုဖြစ်သည်။ လောကတွင် လူသားသည် မည်မျှပင် ကြီးကျယ်သည့် ဘုရင်ဖြစ်စေ၊ (သို့) နဗီ (သို့) ဝလီဖြစ်စေ ပူဆွေးသောက ဗျာပါဒနှင့် ကင်းလွတ်သူဟူ၍ မရှိပေ။

ဤဒွန္နယာလောက၌မူ ပူဆွေးမှုများ၊ သောကဗျာပါဒများမှ မည်သည့်ကောင်းသူပင်ဖြစ်စေ၊ ဆိုးသူ ပင်ဖြစ်စေ လွတ်ကင်းခြင်းမရှိပါချေ။ ထို့ကြောင့် အသိဉာဏ်ရှိသူတို့က ဤဒွန္နယာလောကအား دارالاحزان 'ဒါရုလ်အဟ်ဇာန်' (သောကများဌာန) ဟု ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။ ဤအာယသ်တော်၌ သောကများမှ ဝေးကွာစေကြောင်း ပါရှိရာ၌ ဤသည်၌ လောက၏ ပူဆွေးသောကအပေါင်းလည်း အကျုံးဝင်ပေသည်။ 'ကေယာမသ်'နေ့နှင့် 'ဟရှရ်'၊ 'နရှရ်'၏ ပူဆွေးသောကလည်း အကျုံးဝင်ပေသည်။ တတိယ ပူဆွေး သောကများမှ စာရင်းအင်းစစ်ဆေးသည့် အချိန်တွင် ဖြစ်မည်။ စတုတ္ထပူဆွေးသောကများမှာ 'ဂျဟန္နမ်' ၏ အပြစ်ဒဏ်ခံစားရသည့် အချိန်တွင် ဖြစ်မည်။ 'ဂျန္နသ်'သုခဘုံသားများအဖို့ အလ္လာဟ်အသျှင်မြတ်သည် ဤမည်သော ပူဆွေးသောကအပေါင်းကို ဝေးလွင့် ပပျောက်စေတော်မူခဲ့သည်။

ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်န်အုမရ် ﷺ သခင်က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်တော်မူ သည်မှာ 'ကလေမာဟ်' (လာအိလာဟ၊ အိလ္လလ္လာဟ်) ဖတ်သူများတွင် သေသည့်အခါ၌လည်း စိုးရိမ် ကြောက်ရွံ့ဖွယ် တစ်စုံတစ်ရာမျှမရှိ။ 'ကဗုရ်' ၌လည်း စိုးရိမ်ကြောက်ရွံ့ဖွယ် မရှိပေ။ 'ဟရှရ်'၌လည်း စိုးရိမ်ကြောက်ရွံ့ဖွယ် တစ်စုံတစ်ရာ မရှိပေ။ ဤသူတို့သည် မိမိတို့၏ 'ကဗုရ်'အသီးသီးမှ

اَلْحَمْدُ لِلَّهِ الَّذِي أَذْهَبَ عَنَّا الْحَزَنَ

ကို ရွတ်ဆိုလျက် ရှင်ပြန်ထလာကြမည်ကို ငါကိုယ်တော် တွေ့မြင်လျက် ရှိနေပေသည် ဟူ၍ ဖြစ်သည်။

[မဇ္ဇဟရီကျမ်း]

အထက်တွင် တင်ပြခဲ့ပြီးဖြစ်သော ဟဇရတ်အဘူဒရ်ဒါအ် ﷺ ၏ ဟဒီးစ်တော်၌ တင်ပြထားသော 'ဤစကားသည် **ظالم لنفسه** အုပ်စုတို့၏ ပြောဆိုမှု ဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော် 'မဟ်ရှရ်'တွင် ၎င်းတို့အဖို့မှာ အစကနဦး၌ ပြင်းထန်စွာသော ပူဆွေးသောကများ ရောက်ရှိကြပေမည်။ နောက်ဆုံးတွင် 'ဂျန္နသ်'သို့ ဝင်ရောက်ရန် အမိန့်တော်ကို ရရှိကြပြီး ဤပူဆွေးသောကများအားလုံး ပပျောက်သွားပေမည်။ ဤဟဒီးစ်တော်သည် အိဗ်နေအုမရ် ﷺ ၏ ဟဒီးစ်တော်နှင့် ဆန့်ကျင်ဘက် မဖြစ်ပေ။ အကြောင်းမှာ **ظالم لنفسه** 'ဇွာလင်မ်လိနဖ်စိဟီ'သည် အခြားသူများ၏ ပူဆွေးမှုထက် ပိုသော ပူဆွေးသောကတစ်ခုကို 'မဟ်ရှရ်'တွင် တွေ့ကြုံခံစားရပေမည်။ ထိုပူဆွေးသောကသည် 'ဂျန္နသ်'သို့ ဝင်ရောက်ရသောအခါတွင် ပပျောက်သွားပေလိမ့်မည်။

အချုပ်မှာ ဤစကားကိုမူ 'ဂျန္နသ်'သုခဘုံသားအားလုံးက ပြောဆိုကြပေမည်။ မိမိ၏ ကောင်းမှုများဖြင့် ရှေ့မှသွားသူ **سابقين** များပင်ဖြစ်စေ၊ အလယ်အလတ်ဖြစ်သော **مقتصدين** များပင် ဖြစ်စေ၊ (သို့) **ظالم لنفسه** 'ဇွာလင်မ်လိနဖ်စိဟီ'များပင်ဖြစ်စေ အားလုံးက ပြောဆိုကြပေမည်။ သို့ရာတွင် ၎င်းတို့ အသီးသီး၏ သောကပူဆွေးမှုများ၏ အကြောင်းမှာကား သီးခြားစီဖြစ်မည်ဆိုခြင်းမှာ မလွဲမသွေပင်ဖြစ်၏။

အေမာမ်ဂျဆ္စာဆ္စ် (ရဟ) က မိန့်သည်မှာ 'လောက၌ ပူဆွေးသောကနှင့် ကင်းလွတ်မှု မရှိခြင်းသည် မုအ်မင်န်၏ ထူးခြားမှုဖြစ်သည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ လောကသည် မုအ်မင်န် အတွက် အကျဉ်းထောင်ဖြစ်သည်' ဟူ၏။ ဤအတွက်ကြောင့်ပင် တမန်တော်မြတ် ﷺ နှင့် အကြီးအကဲ ဆွဟာဗာများ၏ အခြေအနေမှာ များသောအားဖြင့် ပူဆွေးမှုနှင့် သောကဗျာပါဒများ ဖြစ်နေသည်ကို မြင်တွေ့ရခြင်းဖြစ်သည်။

اَلَّذِىٓ اَحَلَّنَا دَارَ الْمُقَامَةِ مِنْ فَضْلِهٖ لَا يَمَسُّنَا فِيْهَا نَصَبٌ وَّ لَا يَمَسُّنَا فِيْهَا لُغُوْبٌ

ဤအာယသ်တော်တွင် 'ဂျန္နသ်'၏ ထူးခြားမှုအချို့ကို တင်ပြထားသည်။

(၁) ထို 'ဂျန္နသ်'သည် **دارالمقامه** 'ဒါရုလ်မုကာမဟ်'ဖြစ်သည်။ ထိုနေရာမှာ ယို့ယွင်းပျက်စီးခြင်း၊ (သို့) ထိုနေရာမှ ထုတ်ပယ်ခံရခြင်းတို့ကို မည်သည့်အခါမှ စိုးရိမ်စရာမရှိပေ။

(၂) ထိုနေရာတွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မည်သည့်ပူဆွေးသောကမျှ ရောက်ရှိမည်မဟုတ်ပေ။

(၃) လောကတွင် လူသားသည် မောပန်းနွမ်းနယ်မှု ရှိသည်။ အလုပ်နား၍ အိပ်စက်ရန် လိုအပ်ချက်ရှိသကဲ့သို့ ထိုနေရာတွင် မည်သူမှ မောပန်းနွမ်းနယ်ခြင်း ရှိမည်မဟုတ်ပေ။ 'ဂျန္နသ်'သည် ထိုကိစ္စမှလည်း ကင်းရှင်းပေသည်။ အချို့ဟဒီးစ်ဆင့်ပြန်ချက်များတွင်လည်း ဤအကြောင်းများကို တင်ပြထားသည်။ *[မဇ္ဇဟရီ]*

اَوَلَمْ نُعَمِّرْكُمْ مَّا يَتَذَكَّرُ فِيْهِ مَنْ تَذَكَّرَ وَجَآءَكُمُ النَّذِيْرُ

ဆိုလိုသည်မှာ ၎င်းတို့သည် 'ဂျဟန္နမ်'ငရဲဘုံတွင် 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဤ 'အဇာဗ်'အပြစ်ဒဏ်မှ ထုတ်ပေးတော်မူပါ။ ယခုအခါ ကျွန်တော်မျိုးတို့သည် ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်ကြပါမည်။ ယခင်က ကျူးလွန်ခဲ့သည့် မကောင်းမှုလုပ်ရပ်များကို စွန့်လွှတ်ကြပါတော့မည်'ဟု လျှောက်တင်ကြလေသောအခါ ၎င်းတို့အဖို့ တုန့်ပြန်အဖြေပေးခြင်း ခံရမည်မှာ 'ငါအသျှင်မြတ်သည် အသင်တို့အား စဉ်းစားဆင်ခြင်နိုင်သူအဖို့ စဉ်းစားဆင်ခြင်လျက် လမ်းမှန်ပေါ်သို့ ရောက်ရှိနိုင်သည်ခန့် ကြာမြင့်သော သက်တမ်းကို မပေးခဲ့ပါသလော'ဟု ဖြစ်သည်။ ဟဇရသ်အလီဗင်န်ဟုစိုင်န်ဇိုင်နွလ်အာဗိဒီးန် رضي الله عنه က မိန့်ဆိုသည်မှာ ဤသက်တမ်းသည် အသက် (၁၇) နှစ်၏ သက်တမ်းကို ဆိုလိုခြင်းဖြစ်သည်။ ဟဇရသ်ကသာဒဟ် رضي الله عنه သခင်က အသက် (၁၈) နှစ်၏ သက်တမ်းဖြစ်သည်ဟု ဆိုသည်။ ထိုသက်တမ်း၏ အလိုသဘောမှာ အရွယ်ရောက်သည့် သက်တမ်းဖြစ်သည်။ (၁၇) နှစ်နှင့် (၁၈) နှစ်တို့၏ ကွာခြားခြင်းမှာ အရွယ်ရောက်ခြင်းနှင့် စပ်လျဉ်း၍ ဖြစ်နိုင်သည်။ အချို့မှာ အသက် (၁၇) နှစ်တွင် အရွယ်ရောက်ပြီး အချို့မှာ (၁၈) နှစ်တွင်မှ အရွယ်ရောက်ကြခြင်း ဖြစ်သည်။ အရွယ်ရောက်သည့် သက်တမ်းသည် ရှရီအသ်တရားတော်တွင် ပထမအဆင့် ဖြစ်သည်။ ဤသက်တမ်းသို့ ရောက်ရှိပြီးနောက် လူသားအဖို့ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ မိမိ၏ အကောင်း၊ အဆိုးတို့ကို သိနားလည်နိုင်သည့် အသိဉာဏ်ကို ပေးအပ်ခြင်း ခံရပြီးဖြစ်သည်။ ထို့ကြောင့် သက်တမ်း ရှည်သည်ဖြစ်စေ၊ သက်တမ်းတိုသည်ဖြစ်စေ ဤမိန့်ကြားချက်သည် ကာဖိရ်များကိုသာ ပြောဆိုခြင်း ဖြစ်ပေမည်။ သို့သော် ရှည်လျားသော သက်တမ်းကို ရရှိသူဖြစ်သည့်တိုင် ထိုသူသည် သတိတရားကို မထိန်းသိမ်းနိုင်။ 'ကွ်ဒ်ရသ်'တန်ခိုးတော်၏ အထောက်အထားများကို ကြည့်၍သော်လည်းကောင်း၊ နဗီတမန်တော်တို့၏ စကားများကို ကြားနာ၍သော်လည်းကောင်း အမှန်တရားကို မသိနားမလည်ဖြစ်ခဲ့ပါလျှင် ထိုသူသည် ပို၍ပင် ရှုတ်ချဖွယ် ဖြစ်ပေမည်။ အချုပ်မှာ အရွယ်ရောက်သည့် သက်တမ်းမျှသာ ရရှိသူအဖို့လည်း အလ္လာဟ်အသျှင်မြတ်သည် အမှားနှင့် အမှန်ကို ခွဲခြားနိုင်သော အင်အားများကို ချီးမြှင့်တော်မူထားသည်။ သို့တိုင်အောင် ၎င်းက မပြုလုပ်ခဲ့ဟုဆိုလျှင် ထိုသူသည်လည်း ရှုတ်ချခြင်းနှင့် 'အဇာဗ်' အပြစ်ဒဏ်ကို ထိုက်သူဖြစ်သွားသည်။ သို့ရာတွင် ရှည်လျားသော သက်တမ်းကို ရရှိသူအဖို့မှာ ၎င်းအပေါ်တွင် အလ္လာဟ်အသျှင်မြတ်၏ အထောက်အထားသည် ပို၍ပင် ပြည့်ဝသွားပေသည်။ ထိုသူသည် အကယ်၍ မိမိ၏ ကုဖွ်ရ်နှင့် အပြစ်ဒုစရိုက်ကျူးလွန်ခြင်းတို့ကို မစွန့်လွှတ်ခဲ့ပါလျှင် ထိုသူသည် ရှုတ်ချခြင်းနှင့် 'အဇာဗ်' အပြစ်ဒဏ်ကို ပိုမို၍ ခံထိုက်သူဖြစ်ပေသည်။

ဟဇရသ်အလီမုရ်သဒ္ဒါ رضي الله عنه က 'အလ္လာဟ်အသျှင်မြတ်မှ အပြစ်ဒုစရိုက်များကို ကျူးလွန်လျက် ရှိနေသူ မိမိအဖန်ဆင်းခံများအား အရက်တရားပေး ရှုတ်ချတော်မူထားသော ထိုသက်တမ်းသည် (၆) နှစ်ဖြစ်သည်' ဟု ဆိုသည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် رضي الله عنه သခင်က ဆင့်ပြန်ချက်တစ်ရပ်တွင် (၄၀) နှစ်ဟု

လည်းကောင်း၊ အခြားဆင့်ပြန်ချက်တစ်ရပ်တွင် (၆၀) နှစ်ဟု မိန့်ဆိုခဲ့သည်။ အဘယ်ကြောင့်ဆိုသော် 'ထိုသက်တမ်းမှာ လူသားအပေါ်တွင် အလ္လာဟ်အသျှင်မြတ်၏ အထောက်အထားများ ပြည့်စုံကုံလုံစေပြီး လူသားအဖို့ မည်သည့်အကြောင်းပြချက်မျှ ပြနိုင်မည်မဟုတ်သော သက်တမ်းဖြစ်သောကြောင့်ဖြစ်သည်။ အိဗ်နေကစီးရ်သည် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်၏ ဒုတိယဟဒီးစ်တော်ကို ဦးစားပေးခဲ့သည်။

ဖော်ပြပါတင်ပြချက်များအရ ပေါ်လွင်ခဲ့သည်မှာ (၁၇) နှစ်၊ (၁၈) နှစ်၏ ဆင့်ပြန်ချက်များနှင့် (၆၀) နှစ်တို့၏ ဆင့်ပြန်ချက်များ၌ မည်သည့်ဆန့်ကျင်ခြားနားမှုမျှ မရှိပေ။ အမှန်စင်စစ် လူသည် (၁၇) နှစ်၊ (၁၈) နှစ်သက်တမ်းတွင် 'စဉ်းစားဆင်ခြင်မှုပြုလျက် အမှန်၊ အမှားကို ခွဲခြားသိရှိနိုင်သော အဆင့်သို့ ရောက်ရှိသူဖြစ်သည်။ ထို့ကြောင့် ဤအရွယ်ရောက်သည့် သက်တမ်းမှစ၍ ၎င်းအဖို့ ရှရီအသ်တရားတော်၏ အမိန့်တော်များတွင် တာဝန်ရှိသူအဖြစ် သတ်မှတ်ခံရခြင်း ဖြစ်သည်။ သို့ရာတွင် (၆၀) နှစ် သက်တမ်းဆိုသည်မှာ အကယ်၍ ဤသက်တမ်း၌လည်း လူတစ်ဦးသည် အမှန်တရားကို သိနားလည်ခြင်း မရှိခဲ့ပါက ၎င်းသူအဖို့ မည်သည့်အကြောင်းပြချက်မျှ တင်ပြနိုင်ရန် မရှိတော့ပေ။ ထိုသူ့အပေါ်တွင် အလ္လာဟ်အသျှင်မြတ်၏ အထောက်အထားမှာ ပြည့်ဝသွားပြီး ဖြစ်သည်။ ထို့ကြောင့် ကရုဏာသက်ခြင်းခံရသော 'အွမ္မသ်မိုဟမ္မဒီယဟ်'၏ လူအများစု၏ သက်တမ်းမှာ (၆၀) နှစ်မှ (၇၀) နှစ်အထိ ရေးမှတ်ခံရခြင်းဖြစ်သည်။

ဟဒီးစ်တော်၌ လာရှိသည်မှာ-

اعمار امّتى مابين السّتّين الى السّبعين واقلّهم من يجوز ذٰلك

ဟုဖြစ်သည်။ ဆိုလိုသည်မှာ 'ငါ၏ အွမ္မသ်သားတို့၏ သက်တမ်းများမှာ (၆၀) နှစ်မှ (၇၀) နှစ်အထိ ဖြစ်ပေမည်။ ထိုသက်တမ်းထက် ကျော်လွန်သူတို့မှာ လူနည်းစုသာ ဖြစ်ပေမည်။

[သိရ်မေဇီ၊ အိဗ်နေမာဂျာဟ်၊ အိဗ်နေကစီးရ်။]

နောက်ဆုံးအာယသ်တော်တွင် **وَجَاءَكُمُ النَّذِيرُ** ဟု မိန့်တော်မူထားသည်။ ဤမိန့်ကြားခြင်းတွင် လူသားအဖို့ အရွယ်ရောက်သည့် သက်တမ်းကာလမှစ၍ 'အနည်းဆုံး မိမိ၏ ဖန်ဆင်းရှင်နှင့် စိုးပိုင်တော်မူသော အသျှင်မြတ်ကို သိနားလည်နိုင်ခြင်းနှင့် ထိုအသျှင်မြတ်၏ နှစ်သက်မှုကို မိမိဘဝသက်တမ်း၏ အဓိကရည်ရွယ်ချက်ပြုလုပ်ရမည်ဟူသော ခွဲခြားနိုင်သည့် အသိတရားကို အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ချီးမြှင့်တော်မူကြောင်းကို ညွှန်းဆိုပြသခြင်းဖြစ်သည်။

ဤမျှသော အလုပ်မှာမူ လူသားကိုယ်တိုင်၏ အသိတရားဖြင့်လည်း လုံလောက်ပါသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် ဤမျှနှင့် ရောင့်ရဲမှု ပြုတော်မမူဘဲ ထိုအသိဉာဏ်၏ အကူအညီအဖြစ် **نذير** သတိပေးနိုးဆော်သူကိုလည်း စေလွှတ်ပေးတော်မူခဲ့သည်။ **نذير** ၏ အဓိပ္ပာယ်မှာ ခြိမ်းခြောက်သူ၊ သတိပေး နိုးဆော်သူဟု ဖြစ်သည်။ အမှန်စင်စစ် **نذير** 'နဇီးရ်'ဆိုသည်မှာ 'မိမိ၏ အသနား၊ အကြင်နာ၊ ကရုဏာတို့အားဖြင့် မိမိ၏ လူများကို ပျက်စီးဆုံးရှုံးမှုဖြစ်စေမည့် အရာများမှ လူတို့အား သတိပေးနိုးဆော်

သူပင် ဖြစ်သည်။ ကျော်ကြားသော အဓိပ္ပာယ်အရ نذير 'နဇီးရ်'သည် နဗီတမန်တော်များနှင့် ၎င်းတို့၏ အရိုက်အရာခံသူ အိုလမာသာသနာ့ပညာရှင်များ ဖြစ်သည်။

ဤအာယသ်တော်များ၏ အချုပ်မှာ ငါအသျှင်မြတ်သည် အမှန်နှင့် အမှားကို ခွဲခြားသိရှိနိုင်ရန် အသိဉာဏ်လည်း ချီးမြှင့်တော်မူခဲ့သည်။ တစ်ဆက်တည်းမှာပင် အမှန်တရားဘက်သို့ လမ်းညွှန်ပြသပြီး လမ်းမှားမှ ကယ်တင်ပေးမည့် မိမိ၏ နဗီတမန်တော်များကိုလည်း စေလွှတ်တော်မူခဲ့သည်။ ထို့ပြင် ဟာဇရသ် အိဗ်နေအဗ္ဗားစ် ﷺ သခင်၊ အိက်ရမဟ် (ရဟ) နှင့် ဂျအ်ဖရ်ဗာကိရ် (ရဟ) တို့ထံမှ ဆင့်ပြန်လာရှိသည်မှာ نذير 'နဇီးရ်'၏ အလိုသဘောမှာ အသက်အရွယ်ကြီးရင့်သူတို့၏ ဖြူဖွေးသော အမွေးအမျှင်များဟု ဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုအမွေးအမျှင်များ ဖြူဖွေးလာသောအခါ လူသားအဖို့ 'ယခုအခါ သေခြင်းတရားနှင့် နီးကပ်လာပေပြီ'ဟူ၍ ညွှန်ပြလျက် ရှိနေခြင်းကြောင့် ဖြစ်ပေသည်။

ဤအဆိုသည်လည်း ပထမအဆိုနှင့် ဆန့်ကျင်ခြားနားမှုမဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော် အမွေးအမျှင်များ ဖြူသွားခြင်းသည်လည်း အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ သတိပေးနှိုးဆော်မှု ပြုနေခြင်းဖြစ်ပြီး၊ နဗီတမန်တော်များနှင့် အိုလမာသာသနာ့ပညာရှင်များသည်လည်း သတိပေးနှိုးဆော်လျက် ရှိသောကြောင့် . ပင် ဖြစ်သည်။

အမှန်စင်စစ် လူသားသည် အရွယ်ရောက်ပြီးသည်မှစ၍ ရင်ဆိုင်တွေ့ကြုံလာရသော ဖြစ်ခြင်း၊ ပျက်ခြင်းနှင့် ပြောင်းလဲခြင်း စသည်တို့အားလုံးသည်ပင် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ نذير 'နဇီးရ်' ခြိမ်းခြောက်ခြင်းနှင့် လူသားအား သတိပေးနှိုးဆော်ခြင်းများပင် ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

إِنَّ اللَّهَ عَالِمُ غَيْبِ السَّمَاوَاتِ وَالْأَرْضِ ۚ إِنَّهُ عَلِيمٌ بِذَاتِ الصُّدُورِ ﴿٣٨﴾

၃၅ : ၃၈ ။ ။ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ဖုံးအုပ်လျက်ရှိသည်တို့ကို သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ ဧကန်စင်စစ် ထိုအသျှင်မြတ်သည် စိတ်နှလုံးများ၌ ရှိသည်တို့ကို ကောင်းစွာ သိရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

هُوَ الَّذِي جَعَلَكُمْ خَلَائِفَ فِي الْأَرْضِ ۚ فَمَنْ كَفَرَ
فَعَلَيْهِ كُفْرُهُ ۖ وَلَا يَزِيدُ الْكَافِرِينَ كُفْرُهُمْ عِنْدَ رَبِّهِمْ إِلَّا
مَقْتًا ۖ وَلَا يَزِيدُ الْكَافِرِينَ كُفْرُهُمْ إِلَّا خَسَارًا ﴿٣٩﴾

၃၅ : ၃၉ ။ ။ ထိုအသျှင်မြတ်သည်ပင်လျှင် အသင်တို့အား ကမ္ဘာမြေ၌ အရိုက်အရာ ဆက်ခံသူများအဖြစ် ပြုလုပ်တော်မူခဲ့သော အသျှင်မြတ် ဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ မည်သူမဆို ကျေးဇူးကန်းခဲ့ပါမူ၊ ၎င်းကျေးဇူးကန်းမှု (၏ အပြစ်) သည်

ၚင်း၏ အပေါ်၌သာ ကျရောက်ပေမည်။ စင်စစ် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့၏အပေါ်၌၊ ၎င်းတို့၏ သွေဖည်ငြင်းပယ်မှုသည် ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်တွင် မုန်းတီးစက်ဆုပ်မှုကိုသာလျှင် တိုးပွားစေမည် ဖြစ်၏။ ထိုနည်းတူစွာ ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့၌ ၎င်းတို့၏ သွေဖည်မှုသည် ဆုံးရှုံးမှုကိုသာလျှင် ပိုမိုတိုးပွားစေပေလိမ့်မည်။

قُلْ أَرَءَيْتُمْ شُرَكَآءَكُمُ ٱلَّذِينَ تَدْعُونَ مِن دُونِ ٱللَّهِ أَرُونِى مَاذَا خَلَقُوا۟
مِنَ ٱلْأَرْضِ أَمْ لَهُمْ شِرْكٌ فِى ٱلسَّمَٰوَٰتِ أَمْ ءَاتَيْنَٰهُمْ كِتَٰبًا
فَهُمْ عَلَىٰ بَيِّنَتٍ مِّنْهُ ۚ بَلْ إِن يَعِدُ ٱلظَّٰلِمُونَ بَعْضُهُم بَعْضًا إِلَّا غُرُورًا ﴿٤٠﴾

၃၅ : ၄၀ ။ ။ (အို့, နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) 'အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား စွန့်၍ ဟစ်ခေါ်တသကြကုန်သော မိမိတို့၏ တွဲဖက်ကိုးကွယ်ရာတို့အား မမြင်ခဲ့ကြလေသလော။ အသင်တို့သည် ငါ့အား ပြသကြလေကုန်။ ၎င်း (အသင်တို့၏ တွဲဖက်ကိုးကွယ်ရာ) တို့သည် ပထဝီမြေ၏ မည်သည့်အစိတ်အပိုင်းကို ဖန်ဆင်းခဲ့ကြပါသနည်း။ သို့တည်းမဟုတ် မိုးကောင်းကင်များ၌ ၎င်းတို့၏ ဖက်စပ်မှုတစ်စုံတစ်ရှိလေသလော။ သို့တည်းမဟုတ် ငါအသျှင်မြတ်သည် ၎င်းတို့အား ကျမ်းဂန်တစ်စောင်ကို ချီးမြှင့်ပေးသနားတော်မူခဲ့သဖြင့်၊ ၎င်းတို့သည် ယင်းကျမ်းဂန်၏ အထောက်အထား တစ်ရပ်ရပ်အပေါ်၌ ရပ်တည်၍ နေကြလေသလော။ ထိုသို့ အလျှဉ်းမဟုတ်။ စင်စစ်မှာ မတရားသော သူတို့သည် မိမိတို့အချင်းချင်း တစ်ဦးကိုတစ်ဦး လိမ်လည်လှည့်ဖြားခြင်းမှအပ၊ အခြားမည်သည့်ကိုမျှပင် ကတိပေးကြသည်မဟုတ်ပြီ။

إِنَّ ٱللَّهَ يُمْسِكُ ٱلسَّمَٰوَٰتِ وَٱلْأَرْضَ أَن تَزُولَا ۚ
وَلَئِن زَالَتَآ إِنْ أَمْسَكَهُمَا مِنْ أَحَدٍ مِّنۢ بَعْدِهِۦٓ ۚ إِنَّهُۥ كَانَ حَلِيمًا غَفُورًا ﴿٤١﴾

၃၅ : ၄၁ ။ ။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေကို ရွေ့လျားတိမ်းပါး မသွားစေရန် ထိန်းထားတော်မူ၏။ သို့ရာတွင် ဧကန်စင်စစ် အကယ်၍သာ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေတို့သည် ရွေ့လျားတိမ်းပါး၍ သွားခဲ့ကြပါလျှင် ထိုအသျှင်မြတ်မှတစ်ပါး မည်သူတစ်ဦးတစ်ယောက်မျှပင် ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေတို့ကို ထိန်းထားနိုင်မည် မဟုတ်ပေ။ ဧကန်အမှန် ထိုအသျှင်မြတ်သည် သည်းခံခြင်းတရားနှင့် အလွန်ပြည့်စုံတော်မူသော၊ အလွန်တရာ ခွင့်လွှတ်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီ၌ ဖုံးကွယ်လျက်ရှိသည်တို့ကို သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။ ဧကန်လွဲ ထိုအသျှင်မြတ်သည်သာ စိတ်နှလုံးသားများ၌ ရှိသည်တို့ကို ကောင်းစွာ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

(သို့ဖြစ်ပေရာ ပြည့်စုံကုံလုံသော အသိပညာနှင့် စပ်လျဉ်း၍မူ ထိုအသျှင်မြတ်အဖို့ ဤအတိုင်းပင် ဖြစ်ပေသည်။ ပြည့်စုံကုံလုံသော လုပ်ရပ်မှာမူ တန်ခိုးတော်နှင့် ကျေးဇူးတော် နှစ်မျိုးစလုံးအပေါ်၌ ညွှန်ပြလျက်ရှိသည်။ ၎င်းမှာ) ထိုအသျှင်မြတ်သည်ပင် အသင်တို့အား ကမ္ဘာမြေ၌ အရိုက်အရာဆက်ခံသူများ အဖြစ် ပြုပေးတော်မူခဲ့သည်။ (ထိုကျေးဇူးတော်၏ အထောက်အထားများ၏ တောင်းဆိုချက်မှာ 'သောင်ဟီးဒ်' ကို လက်ခံရန်နှင့် အမိန့်တော်များကို နာခံရန်ဖြစ်သည်။ သို့ရာတွင် အချို့တို့မှာ ထိုတောင်းဆိုချက်ကို ဆန့်ကျင်လျက် 'ကုဖွ်ရ်'သွေဖည်ခြင်းနှင့် ရန်လိုမှုများကို ခေါင်းမာစွာဖြင့် ပြုကြလေသည်။) သို့ဖြစ်ပေရာ (အခြားသူတစ်ဦးတစ်ယောက်အဖို့ မည်သည့်အရာ ပျက်စီးဆုံးရှုံးပါမည်နည်း။ ထိုမျှမက) မည်သူမဆို 'ကုဖွ်ရ်'ကျေးဇူးကန်းမည်ဆိုပါက ၎င်းသူ၏ ကျေးဇူးကန်းမှု၏ အပြစ်သည် ၎င်းအပေါ်၌သာ ကျရောက်ပေမည်။ ထို့ပြင် (ထိုအပြစ်၏ ရှင်းလင်းချက်မှာ) ကာဖိရ်သွေဖည်ငြင်းပယ်သူတို့အပေါ်၌ ၎င်းတို့၏ သွေဖည်မှုသည် ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်တွင် မုန်းတီးမှု၊ စက်ဆုပ်မှုကိုသာ လျှင် တိုးပွားစေသော အကြောင်းခံဖြစ်သည်။ (ဤသည်မှာ ဤလောက၌မှာပင် ကြုံဆုံဖြစ်ပေါ်မည့်အရာ ဖြစ်သည်။) ထို့ပြင် ကာဖိရ်များအတွက် ၎င်းတို့၏ 'ကုဖွ်ရ်'ငြင်းပယ်မှုသည် (တမလွန်တွင်) ဆုံးရှုံးနစ်နာမှုကို ပိုမိုတိုးပွားစေသည်။ ('ဂျန္နသ်'မှာ 'ဟရာမ်'ဖြစ်သွားစေသည်။ 'ဂျဟန္နမ်'၏ ထင်းအပိုင်းအစ ဖြစ်သွားစေသည်။ ၎င်းတို့၏ 'ကုဖွ်ရ်'နှင့် 'ရှရစ်က်'လုပ်ရပ်များအပေါ် အတင်းတိုးဝင်ခြင်းသည် ဤသို့ ဆုံးရှုံးစေပါသည်။)

(အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား အနည်းငယ် ဤသို့) ပြောကြားပါလေ။ (အို၊ အချင်းတို့) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား စွန့်လွှတ်၍ ကိုးကွယ်လျက်ရှိကြကုန်သော တွဲဖက်ကိုးကွယ်ရာများ၏ အခြေအနေကို ပြသကြလေကုန်။ (ဆိုလိုသည်မှာ ငါ့အား ပြသကြလေကုန်။ အဘယ်ကြောင့်ဆိုသော်) ၎င်းတို့သည် ပထဝီမြေ၏ မည်သည့်အစိတ်အပိုင်းကို ဖန်ဆင်းခဲ့ကြပါသနည်း။ သို့တည်းမဟုတ် မိုးကောင်းကင်များ (ဖန်ဆင်းရာ) တွင် ၎င်းတို့၏ တွဲဖက်မှုတစ်စုံတစ်ရာ ပါရှိပါသလား ဆိုသည်ကို ငါ့အား ပြသကြလေကုန်။ (သို့မှသာ ဦးနှောက်အသိဉာဏ်၏ အထောက်အထားဖြင့် ၎င်းတို့သည် 'အေဗာဒသ်'ပြုထိုက်သူများဖြစ်ကြောင်း အတည်ဖြစ်ပေမည်။) သို့တည်းမဟုတ် ငါအသျှင်မြတ်သည် ထို (ကာဖိရ်သွေဖည်) သူတို့ကို ကျမ်းဂန်တစ်စောင်ကို ချီးမြှင့်ပေးသနားတော်မူသဖြင့် (ယင်းကျမ်းဂန်တွင် 'ရှရစ်က်'ပြုလုပ်ခြင်းဆိုင်ရာ အယူဝါဒသည် ပြုပိုင်သည်ဟု ရေးသားထားသဖြင့်) ၎င်းတို့သည် ယင်းကျမ်းဂန်၏ အထောက်အထားတစ်ရပ်ရပ်အပေါ် ရပ်တည်နေကြပါသလား။ (ထိုကျမ်းဂန်လာ အထောက်အထားဖြင့် မိမိတို့၏ ကြွေးကြော်မှုကို အတည်ပြုလုပ်နေကြခြင်း ဖြစ်ပါသလား။ စင်စစ် ဦးနှောက် အတွေးအခေါ် အရ အထောက်အထားလည်း မဟုတ်။ ကျမ်းဂန်လာ အထောက်အထားလည်း မဟုတ်ပေ) ထိုသို့ အလျဉ်း မဟုတ်။ ထိုမတရားသော သူတို့သည် မိမိတို့အချင်းချင်း တစ်ဦးကိုတစ်ဦး လိမ်လည်လှည့်ဖြားသော ကတိများသာပေး၍ လာခဲ့ကြသည်သာ ဖြစ်သည်။ (၎င်းတို့၏ အကြီးအကဲများသည် '၎င်းတို့အား အခြေအမြစ်မရှိသော စကားများကို ပြောပြခဲ့ကြသည်။)

هٰٓؤُلَآءِ شُفَعَآءُنَا عِنْدَاللّٰهِ

ဟု ပြောဆိုခဲ့ကြသည်။ အမှန်စင်စစ် ၎င်းတို့သည် မည်သည့်ပြုနိုင်စွမ်းသော အရာများမှ မဟုတ်ပေ။ သို့ဖြစ်ပေရာ ၎င်းတို့သည် 'အေဗာဒသ်'ပြုထိုက်သော အရာများ မဖြစ်နိုင်ပေ။ သို့ရာတွင် အရာရာကို ပြုနိုင်စွမ်းသော အသျှင်မြတ်မှာ မြင့်မြတ်မှန်ကန်တော်မူသည့် အလ္လာဟ်အသျှင်မြတ်သာလျှင် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည်သာ ကိုးကွယ်ထိုက်သော အသျှင်မြတ် ဖြစ်တော်မူသည် သို့ဖြစ်ပေရာ အလ္လာဟ် အသျှင်မြတ်သည် အရာရာကို ပြုနိုင်စွမ်းသော အသျှင်မြတ် ဖြစ်တော်မူပြီး အခြားသော အရာများသည် ပြုနိုင်စွမ်းသူများ မဟုတ်ကြောင်း အထောက်အထားများအနက် နမူနာအနေဖြင့် တိုတိုတုတ်တုတ် တင်ပြထားသည်မှာ) မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေပထဝီကို (မိမိ၏ တန်ခိုးတော်ဖြင့်) လက်ရှိအခြေအနေမှ ရွေ့လျားတိမ်းစောင်းမသွားစေရန် ထိန်းထားတော်မူသည်။ အကယ်၍ သာ ဤမိုးကောင်းကင်များနှင့် ကမ္ဘာမြေပထဝီတို့သည် လက်ရှိအခြေအနေမှ ရွေ့လျားတိမ်းစောင်းသွားခဲ့ ပါလျှင် ထိုအသျှင်မြတ်မှအပ အခြားမည်သူမှပင် ၎င်းတို့၏ ထိန်းချုပ်နိုင်မည်မဟုတ်ပေ။ (၎င်းတို့အနေဖြင့် ဖန်ဆင်းထားပြီးဖြစ်သော လောကကြီးကို ထိန်းချုပ်ရန်ပင် မစွမ်းနိုင်ဟု ဆိုသည့်အခါ လောကကြီးကို ဖြစ်ပေါ်တည်ရှိလာအောင် ဖန်ဆင်းခြင်း၊ အသစ်ဖန်ဆင်းခြင်းတို့အတွက် ၎င်းတို့ထံမှ မည်သို့ မျှော်လင့်၍ ရနိုင်ပါမည်နည်း။ တစ်ဖန် ကိုးကွယ်မှု ခံထိုက်သည်ဆိုခြင်းမှာလည်း မည်သို့ ဖြစ်နိုင်ပါတော့မည်နည်း။ လုံးဝ မှားယွင်း မဖြစ်နိုင်သည့်တိုင် ၎င်းတို့အား 'ရှရစ်က်'တဖက်နိုင်းယှဉ် ကိုးကွယ်ခြင်းသည် ထိုသူတို့အပေါ် အပြစ်ဒဏ်ပေးရန် တောင်းဆိုချက်ဖြစ်သည်။ သို့ရာတွင်) ထိုအသျှင်မြတ်သည် အလွန်တရာ သည်းခံမျိုသိပ် တော်မူသော အသျှင် (ဖြစ်တော်မူသည့်အတွက် ဆိုင်းငံ့ထားတော်မူသည်။ အကယ်၍ ဤဆိုင်းငံ့ပေးခြင်း ကြောင့် ဤသူတို့သည် အမှန်တရားဘက်သို့ ရောက်ရှိလာကြပါလျှင်မူ ထိုအသျှင်မြတ်သည်) အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော အသျှင် (လည်း) ဖြစ်တော်မူသည်။ (ထို့ကြောင့် ယခင်က ကျူးလွန်ခဲ့သည့် အပြစ်ဒုစရိုက်အားလုံးမှာ ခွင့်လွှတ်ချမ်းသာပေးခြင်း ခံကြရပေမည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

هُوَ الَّذِىْ جَعَلَكُمْ خَلٰٓئِفَ فِى الْاَرْضِ

خَلَائِفُ သည် **خَلِيْفَةٌ** ၏ အများကိန်းဖြစ်သည်။ အဓိပ္ပာယ်မှာ ကိုယ်စားလှယ် အရိုက်အရာ ဆက်ခံသူဟု ဖြစ်သည်။ အလိုသဘောမှာ 'ငါအသျှင်မြတ်သည် လူသားများကို တစ်ယောက်ပြီးတစ်ယောက် ကမ္ဘာမြေနှင့် အဆောက်အဦးများ စသည်တို့၏ ပိုင်ရှင်အဖြစ် ပြုပေးတော်မူသည်။ တစ်ဦးသွားလျှင် အခြား တစ်ဦးသည် ၎င်း၏ နေရာကို ရရှိသည်'ဟု ဖြစ်သည်။ ဤနေရာတွင် အလ္လာဟ်အသျှင်မြတ်ဘက်တော် သို့ ဦးလှည့်နိုင်ရန်အတွက် အလွန်ကြီးမားသော သံဝေဂတရားရဖွယ်ဖြစ်သည်။ ထို့ပြင် ၎င်း၏ အဓိပ္ပာယ် မှာ 'အွမ္မသ်မုဟမ္မဒီယဟ်' ကို မိန့်ကြားခြင်းဖြစ်သည်ဟုလည်းကောင်း အဓိပ္ပာယ်ယူနိုင်သည်။ သို့သော်

'ငါ့အသျှင်မြတ်သည် ရှေးမျိုးနွယ်ဆက်များ၏ နောက်တွင် ၎င်းတို့၏ အရိုက်အရာကို ဆက်ခံသူများ အဖြစ် အသင်တို့အား ပိုင်ရှင်နှင့် သုံးစွဲသူများအဖြစ် ပြုပေးတော်မူခဲ့သည်ဟူ၍ ဖြစ်မည်။ ထို့ကြောင့် မိမိတို့၏ ရှေးအထက်ကာလမှ လူတို့၏ အခြေအနေအဖြစ်အပျက်များကို သံဝေဂတရား ရယူကြပြီး သက်တမ်း၏ အဖိုးတန်သော အချိန်များကို မေ့မောခြင်းများဖြင့် မကုန်ဆုံးစေရန်မှာ အသင်တို့၏ တာဝန်ဖြစ်သည်။

إِنَّ اللّٰهَ يُمْسِكُ السَّمٰوٰتِ

မိုးကောင်းကင်များကို ရပ်တန့်စေခြင်းဆိုသည်မှာ ၎င်း၏ လှုပ်ရှားမှုကို ပိတ်ပင်လိုက်ခြင်းကို မဆိုလိုပေ။ သို့သာမက မိမိ၏ လက်ရှိနေရာမှ ရွေ့လျားသွားခြင်း၊ တိမ်းစောင်းသွားခြင်းကို ဆိုလိုသည်။ أَنْ تَزُوْلَا ဟူသော စာလုံးမှာ သက်သေခံလျက်ရှိသည်။ ထို့ကြောင့် ဤအာယသ်တော်တွင် မိုးကောင်းကင်၏ လှုပ်ရှားလျက်ရှိသော အရာဖြစ်ခြင်း (သို့) တည်ငြိမ်လျက်ရှိသော အရာဖြစ်ခြင်းတို့အနက် မည်သည့်အပေါ် တွင်မှ မည်သည့်အထောက်အထား တစ်စုံတစ်ရာမျှ မရှိပေ။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَأَقْسَمُوْا بِاللّٰهِ جَهْدَ
أَيْمَانِهِمْ لَئِنْ جَآءَهُمْ نَذِيْرٌ لَّيَكُوْنُنَّ أَهْدٰى مِنْ إِحْدَى
الْأُمَمِ ۚ فَلَمَّا جَآءَهُمْ نَذِيْرٌ مَّا زَادَهُمْ إِلَّا نُفُوْرًا ۙ﴿٤٢﴾

၃၅ : ၄၂ ။ ။ စင်စစ် ၎င်းတို့က 'အမှန်ပင် အကယ်၍ သတိပေးနှိုးဆော်သူ တစ်ဦးတစ်ယောက်သည် မိမိတို့ထံ လာခဲ့ပါလျှင်၊ ဧကန်မုချ မိမိတို့မှာ သာသနာဝင် အုပ်စုတိုင်းထက် ပိုမို၍ပင် တရားလမ်းမှန်ကို လိုက်နာသူများ ဖြစ်ကြပေမည်' ဟု အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ အစွမ်းကုန် ကျိန်ဆိုခဲ့ကြကုန်၏။ သို့တစေလည်း (ထို) သတိပေးနှိုးဆော်သူသည် ၎င်းတို့ထံသို့ ရောက်ရှိ၍ လာသောအခါ ယင်း (သို့ ရောက်ရှိလာခြင်း) သည် ၎င်းတို့၌ စက်ဆုပ်မှုကိုသာလျှင် တိုးပွားစေခဲ့၏။

اسْتِكْبَارًا فِي الْأَرْضِ وَمَكْرَ السَّيِّئِ ۚ وَلَا يَحِيْقُ الْمَكْرُ السَّيِّئُ إِلَّا
بِأَهْلِهٖ ۚ فَهَلْ يَنْظُرُوْنَ إِلَّا سُنَّتَ الْأَوَّلِيْنَ ۚ فَلَنْ تَجِدَ
لِسُنَّتِ اللّٰهِ تَبْدِيْلًا ۚ وَلَنْ تَجِدَ لِسُنَّتِ اللّٰهِ تَحْوِيْلًا ﴿٤٣﴾

၃၅ : ၄၃ ။ ။ မိမိတို့ကိုယ်ကို ကမ္ဘာမြေ၌ အထင်ကြီးခဲ့ကြသောကြောင့်၊ ထို့ပြင် မကောင်းသော ကြံစည်မှုကို (လည်း တိုးပွားစေခဲ့၏။) အမှန်စင်စစ် မကောင်းသော အကြံအစည်၏ အကျိုးသည် ယင်းမကောင်းသော အကြံအစည်ကို ကြံစည်

သော သူတို့၏ အပေါ်၌သာလျှင် သက်ရောက်ပေသည်။ သို့ဖြစ်ပေရာ ၄င်းတို့သည် ရှေးသူဟောင်းတို့၏ ကျင့်ရိုးကျင့်စဉ်ကို သာလျှင် စောင့်မျှော်၍ နေကြကုန်၏။ စင်စစ် အသင်သည် အလ္လာဟ်အသျှင်မြတ်၏ ကျင့်ရိုးကျင့်စဉ်၌ မည်သည့်ပြောင်းလဲမှု ကိုမျှပင် အလျဉ်း တွေ့ရှိရမည် မဟုတ်ပေ။ ထို့ပြင် အသင်သည် အလ္လာဟ်အသျှင်မြတ်၏ ကျင့်ရိုးကျင့်စဉ်၌ မည်သည့်လဲလှယ် မှုကိုမျှလည်း အလျဉ်း တွေ့ရှိရမည်မဟုတ်ပေ။

[အလ္လာဟ်အသျှင်မြတ်၏ ကျင့်ရိုးကျင့်စဉ်မှာ ပြစ်မှုကျူးလွန်သူတို့အား အပြစ်ရှိသည့်အလျောက် သတ်မှတ်ထားတော် မူသည့်အချိန်တွင် ပြစ်ဒဏ်ခတ်တော်မူခြင်းပင် ဖြစ်သည်။ ပြစ်ဒဏ်ခတ်တော်မူရမည့်အစား ကျေးဇူးပြုတော်မူသည်ဟူ၍ မရှိ။]

أَوَلَمْ يَسِيرُوا فِي الْأَرْضِ فَيَنظُرُوا كَيْفَ كَانَ عَاقِبَةُ
الَّذِينَ مِن قَبْلِهِمْ وَكَانُوا أَشَدَّ مِنْهُمْ قُوَّةً ۚ وَمَا
كَانَ اللَّهُ لِيُعْجِزَهُ مِن شَيْءٍ فِي السَّمَاوَاتِ وَلَا فِي الْأَرْضِ ۚ
إِنَّهُ كَانَ عَلِيمًا قَدِيرًا ﴿٤٤﴾

၃၅ : ၄၄ ။ ။ ၄င်းတို့သည် ကမ္ဘာမြေဝယ် လှည့်လည်၍ မသွားလာခဲ့ကြလေသလော။ ထိုသို့ သွားလာခဲ့ကြပါလျှင် ၄င်းတို့သည် မိမိတို့အလျင် ရှိခဲ့ကြသော သူတို့၏ နောက်ဆုံးအကျိုးသည် မည်သို့ ရှိခဲ့သည်ကို တွေ့မြင်ကြပေမည်။ စင်စစ် ၄င်း (ရှေး) သူ (ဟောင်း) တို့သည် ခွန်အားဗလအရာ၌ ၄င်းတို့ထက် ပိုမိုသန်စွမ်း ပြင်းထန်သူများပင် ဖြစ်ခဲ့ကြကုန်၏။ သို့ရာတွင် မိုးကောင်းကင်များ၌ဖြစ်စေ၊ ပထဝီမြေ၌ဖြစ်စေ မည်သည့်အရာမျှပင် အလ္လာဟ်အသျှင်မြတ်အား အရေးရှုံးနိမ့် အောင် ပြုစွမ်းနိုင်သည် မရှိပေ။ စကန်စင်စစ် ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို သိရှိတော်မူသော အသျှင်၊ အရာ ခပ်သိမ်းတို့ကို ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

وَلَوْ يُؤَاخِذُ اللَّهُ النَّاسَ بِمَا
كَسَبُوا مَا تَرَكَ عَلَىٰ ظَهْرِهَا مِن دَابَّةٍ وَلَٰكِن
يُؤَخِّرُهُمْ إِلَىٰ أَجَلٍ مُّسَمًّى ۖ فَإِذَا جَاءَ أَجَلُهُمْ فَإِنَّ
اللَّهَ كَانَ بِعِبَادِهِ بَصِيرًا ﴿٤٥﴾

၃၅ : ၄၅ ။ ။ အမှန်စင်စစ် အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် လူတို့အား ၄င်းတို့ ရှာဖွေဆည်းပူးခဲ့ကြလေ သော ပြစ်မှုများကြောင့်၊ ဖမ်းဆီးအရေးယူတော်မူသည် ရှိသော် ကမ္ဘာမြေ၏ ကျောကုန်းထက်ဝယ် လှုပ်ရှားသွားလာသော မည်သည့်သက်ရှိသတ္တဝါကိုမျှပင် ချန်ထားတော်မူမည် မဟုတ်ပေ။ သို့ရာတွင် ထိုအသျှင်မြတ်သည် ၄င်းတို့အား သတ်မှတ်

ပြဋ္ဌာန်းပြီးဖြစ်သော အချိန်ကာလတိုင်အောင် ဆိုင်းငံ့၍ ထားတော်မူ၏။ ထို့နောက် ၎င်းတို့၏ အချိန်ကာလ ဆိုက်ရောက်လာသောအခါ (၎င်းတို့၏ အကျင့်အမူတို့နှင့် စပ်လျဉ်း၍ အကျိုး၊ အပြစ် ပေးတော်မူပေမည်။) ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကျွန်တို့အား ကောင်းစွာ သိမြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် ၎င်းကာဖိရ် (ကုရိုက်ရှ်) တို့သည် (တမန်တော်မြတ် ﷺ မပွင့်ပေါ်မီအလျင်၌) အစွမ်းကုန် ကျိန်ဆိုခဲ့ကြသည်မှာ အကယ်၍ ၎င်းတို့ (ကျွန်ုပ်တို့) ထံသို့ သတိပေးနှိုးဆော်သူတစ်ဦးတစ်ယောက် (နဗီ တမန်တော်) ရောက်ရှိလာခဲ့ပါလျှင် ၎င်းတို့ (ကျွန်ုပ်တို့) သည် သာသနာဝင်အုပ်စုတိုင်းထက် ပိုမို၍ပင် တရားလမ်းမှန်ကို လက်ခံသူများ ဖြစ်ကြပေလိမ့်မည်။ (ဆိုလိုသည်မှာ ယဟူးဒ်၊ နဆွာရာ စသည်တို့ကဲ့သို့ ကျွန်ုပ်တို့သည် ငြင်းပယ်ကြမည်မဟုတ်ပေ။ သို့ဖြစ်ပေရာ ကနဦးမှပင် 'ကစမ်' ကျိန်ဆိုလေ့ ရှိခဲ့ကြသည်။) သို့ဖြစ်ပေရာ ၎င်းတို့ထံသို့ နဗီတမန်တော်တစ်ပါး (တမန်တော်မြတ် ﷺ) ရောက်ရှိလာသောအခါ ၎င်းတို့၏ စက်ဆုပ်မှုကိုသာလျှင် တိုးပွားစေခဲ့သည်။

မိမိတို့ကိုယ်ကို ကမ္ဘာမြေ၌ အထင်ကြီးခဲ့ကြသောကြောင့်၊ ထို့ပြင် (စက်ဆုပ်ခြင်းဖြင့်ပင် ရောင့်ရဲမှုမပြုဘဲ) ၎င်းတို့၏ မကောင်းသော ကြံစည်မှုကို (လည်း တိုးပွားစေခဲ့သည်။ ဆိုလိုသည်မှာ မာန်မာနများကြောင့် ကိုယ်တော်မြတ် ﷺ ၏ နောက်သို့ နောက်လိုက်ပြုခြင်းမှ အတားအဆီးဖြစ်ခဲ့ရသည်။ သို့သော် နောက်လိုက်မပြုလျှင်လည်း ဒုက္ခမရောက်စေရန် မနေထိုင်ခဲ့ကြ။ အမြဲတစေ ကိုယ်တော်မြတ် ﷺ အား ဒုက္ခပေးရန်ကိုသာ တွေးတောလျက်ရှိနေခဲ့ကြသည်။ သို့ဖြစ်ပေရာ ၎င်းတို့သည် အမြဲတစေ ဤဒုက္ခပေးမည့် အလုပ်၌သာ ရှိနေခဲ့ကြကြောင်းမှာ ကျော်ကြားသော ကိစ္စရပ်ဖြစ်သည်။) ထို့ပြင် (၎င်းတို့သည် ကျွန်ုပ်တို့၏ ရစူလ်တမန်တော်မြတ် ﷺ အား ဒုက္ခရောက်စေရန် မကောင်းသော အကြံအစည်များ ပြုလုပ်ကြံစည်နေကြခြင်းသည် စင်စစ် မိမိတို့၏ ဆိုးကျိုးအတွက်သာ ပြုလုပ်ကြံစည်နေကြခြင်းဖြစ်သည်။ အကြောင်းမှာ) မကောင်းသော အကြံအစည်၏ ဆိုးရွားသော အကျိုးဆက်သည် (မုချမလွဲ) ထိုမကောင်းသော အကြံအစည်ကို ကြံစည်သူတို့အပေါ်၌သာ ကျရောက်ပေသည်။ (တစ်ခါတစ်ရံ နစ်နာဆုံးရှုံးစေလိုသူအား နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်တတ်ပေသည်။ သို့ရာတွင် ထိုနစ်နာဆုံးရှုံးမှုသည် လောကီရေးသာ ဖြစ်သည်။ 'ဒွာလင်မ်' မတရားမှုပြုသူနှင့်ကား ဆန့်ကျင်ပေသည်။ မတရားမှုပြုသူ၊ ဒုက္ခရောက်စေသူသည် ၎င်းအပေါ်တွင် တမလွန်၏ နစ်နာဆုံးရှုံးမှုသည် မုချ ကျရောက်ပေမည်။ လောကီ၏ နစ်နာဆုံးရှုံးမှုသည် 'အာခေရသ်' တမလွန်၏ နစ်နာဆုံးရှုံးမှုရှေ့တွင် မပြောပလောက်သောအရာ ဖြစ်ပါသည်။) သို့ဖြစ်ပေရာ (၎င်းတို့သည် ကိုယ်တော်မြတ် ﷺ အား ရန်လိုမှုနှင့် ဒုက္ခရောက်စေခြင်းများအပေါ်၌သာ တစိုက်မတ်မတ် ပြုလုပ်ကြမည်ဆိုလျှင်) ၎င်းတို့သည် မိမိတို့ကိုလည်း အလ္လာဟ်အသျှင်မြတ်၏) ရှေးသူဟောင်း (ကာဖိရ်) တို့အား ဆက်ဆံလျက် ရှိခဲ့သည့် ဓလေ့တော်ကို စောင့်မျှော်နေခြင်း ဖြစ်ပါသလော။ (ဆိုလိုသည်မှာ 'အဇာဗ်' အပြစ်ဒဏ်နှင့် ပျက်စီး

ဆုံးရှုံးခြင်းကို စောင့်မျှော်နေကြပါသလော။) သို့ဖြစ်ပေရာ (မုချကေန် ၎င်းတို့အတွက်လည်း ဤအတိုင်းပင် ဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော်) အသင်သည် အလ္လာဟ်အသျှင်မြတ်၏ (ထို) ဓလေ့တော်၌ မည်သည့် ပြောင်းလဲသွားခြင်းကိုမျှ တွေ့ရှိရမည်မဟုတ်ပေ။ (၎င်းတို့အပေါ် 'အဇာဗ်'အပြစ်ဒဏ်ပေးခြင်းအစား ချီးမြှင့်ခြင်းပြုမည်ကို တွေ့ရမည်မဟုတ်ပေ။) ထို့ပြင် (အလားတူ) အသင်သည် အလ္လာဟ်အသျှင်မြတ်၏ (ထို) ဓလေ့တော်ကိုလည်း ပုံစံရွေ့လျား၍ ပြောင်းလဲသွားသည်ကို တွေ့ရှိရမည် မဟုတ်ပေ။

(၎င်းတို့၏ နေရာတွင် ၎င်းတို့ကဲ့သို့ မဟုတ်သူများကို 'အဇာဗ်'ပေးမည်မဟုတ်ပေ။ အလိုသဘောမှာ ကာဖိရ်များအား လောက၌လည်းဖြစ်စေ၊ တမလွန်တွင်လည်း ဖြစ်စေ 'အဇာဗ်'ပေးတော်မူမည်ဟူသော အလ္လာဟ်အသျှင်မြတ်၏ ကတိတော် ရှိထားပေသည်။ အလ္လာဟ်အသျှင်မြတ်၏ ကတိတော်သည် အမြဲတစေ မှန်ကန်တော်မူသည်။ သို့ဖြစ်ပေရာ ကာဖိရ်များအဖို့ 'အဇာဗ်'အပြစ်ဒဏ် မခံရဟု သံသယဖြစ်ရန်လည်း မရှိပေ။ အခြားသော အပြစ်မဲ့သူများသည် အပြစ်ဒဏ်ခံရမည်ဟူသော သံသယလည်း မရှိပေ။ ဤသို့ ထပ်ကာတလဲလဲ တင်ပြခြင်းသည် 'အဇာဗ်'အပြစ်ဒဏ် ကျရောက်မည့်အကြောင်းကို လေးနက်စေရန် ဖြစ်သည်။) ထို့ပြင် ('ကုဖ္ဖရ်'လုပ်ရပ်သည် 'အဇာဗ်'အပြစ်ဒဏ်ခံရမည့် အကြောင်းခံလုပ်ရပ်မဟုတ်ဟု ၎င်းတို့က ယူဆကြသည်မှာ ၎င်းတို့၏ ကြီးမားစွာသော အမှားဖြစ်သည်။) ၎င်းတို့သည် ကမ္ဘာမြေပထဝီတွင် (ဥပမာ- ဆီးရီးယားနှင့် ယမန်၏ ခရီးကိုလည်းကောင်း၊ အားဒ်၊ စမူးဒ်နှင့် လူးသ် عليه السلام ၏ မျိုးနွယ်တို့၏ မြို့ရွာများ၌လည်းကောင်း) လှည့်လည်သွားလာခြင်း မရှိခဲ့ကြလေသလော။ ထိုသို့ သွားလာခဲ့ကြလျှင် ၎င်းတို့သည် မိမိတို့အလျင်၌ ရှိခဲ့ကြသော (ကာဖိရ်သွေဖည်) သူတို့၏ (နောက်ဆုံး) အကျိုးဆက် (ဤသွေဖည်ငြင်းပယ်မှု၏ အကျိုးဆက်) သည် မည်သို့ဖြစ်ခဲ့သည်ကို တွေ့မြင်ကြရပေမည်။ (အပြစ်ဒဏ်ပေးခြင်း ခံခဲ့ရသူများ ဖြစ်ကြသည်။) စင်စစ် ထို (ရှေး) သူ (ဟောင်း) တို့သည် ခွန်အားဗလအရာတွင် ၎င်းတို့ထက် ပိုမို သန်စွမ်းသူများပင် ဖြစ်ခဲ့ကြသည်။ (မည်သူ့တွင် မည်မျှပင် ခွန်အားဗလရှိသည်ဖြစ်စေ) မိုးကောင်းကင်များ၌ဖြစ်စေ၊ မြေပထဝီ၌ဖြစ်စေ မည်သည့်အရာ (အင်အားရှိသူသည်) အလ္လာဟ်အသျှင်မြတ်အား ရှုံးနိမ့်အောင် ပြုစွမ်းနိုင်သည်မရှိပေ။ (အကြောင်းမှာ) ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို သိတော်မူသော အသျှင်၊ (နှင့်) အရာရာကို ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

(သို့ဖြစ်ပေရာ အရာခပ်သိမ်းတို့ကို သိတော်မူခြင်းဖြင့် ရည်ရွယ်ချက်တိုင်းကို အထမြောက် အောင်မြင်အောင် ပြုနိုင်မည့်နည်းလမ်းများကို သိရှိတော်မူသည်။ ထို့ပြင် မိမိ၏ တန်ခိုးတော်ဖြင့် ထိုရည်ရွယ်သည့် အလုပ်ကို ပြုလုပ်နိုင်တော်မူသည်။ အခြားမည်သူသည်မျှ ထိုအသျှင်မြတ်ကဲ့သို့ မရှိပါ။ သို့ဖြစ်ပေရာ ထိုအသျှင်မြတ်အား မည်သူက ရှုံးနိမ့်စေနိုင်မည်နည်း။)

ထို့ပြင် (အကယ်၍ ၎င်းတို့သည် ကျွန်ုပ်တို့အဖို့ 'အဇာဗ်'အပြစ်ဒဏ် ခံရရန်ဖြစ်လျှင်မူ 'အဇာဗ်'အပြစ်ဒဏ် ခံခဲ့ရပြီးဖြစ်ပေလိမ့်မည်ဟူသော လှည့်ဖြားမှု၌ ရှိလျှင်လည်းကောင်း၊ ထို့ပြင် မိမိတို့၏ 'ရှရစ်က်'နှင့် 'ကုဖ္ဖရ်'လုပ်ရပ်များ၏ ကောင်းခြင်းကို အထောက်အထားပြဆိုလျှင်လည်းကောင်း၊ ဤသည်မှာလည်း ၎င်းတို့၏ အမှားပင် ဖြစ်သည်။ အကြောင်းမှာ အသျှင်မြတ်၏ အသိရွှေဉာဏ်တော်

လိုလားချက်မှာ ၄င်းတို့အား ချက်ချင်းလက်ငင်း အပြစ်ပေးရန် မရှိသောကြောင့် ဖြစ်သည်။ ထိုသို့ မဟုတ်ပါက) အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် (ထို) လူများအပေါ် ၄င်းတို့၏ (ကုဖွရ်) လုပ်ရပ်များ၏ အကြောင်းခံဖြင့် (ချက်ချင်းလက်ငင်း) ဖမ်းဆီးအရေးယူတော်မူသည်ရှိသော် ကမ္ဘာမြေပေါ်တွင် မည်သည့်သက်ရှိ သတ္တဝါတစ်ကောင်ကိုမျှ ချန်လှပ်ထားတော်မူမည် မဟုတ်ပေ။ (အဘယ်ကြောင့်ဆိုသော် ကာဖိရ်များမှာမူ ၄င်းတို့၏ 'ကုဖွရ်' လုပ်ရပ်ကြောင့် ပျက်စီးသွား ကြပေမည်။ အီမာန်ရှိသူများမှာမူ အရေးအတွက် နည်းပါးမှုကြောင့် လောက၌ ထားတော့မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာလောက၏ အုပ်ချုပ်မှုအစီအမံသည် အသျှင်မြတ်၏ အသိရွှေဉာဏ်တော် အမြော်အမြင် လိုလားချက်မှာ အားလုံးနှင့် ဆက်နွယ်နေခြင်းကြောင့် ဖြစ်သည်။ သို့သော် ၄င်းတို့သည် ဤ 'အဇာဗ်' အပြစ်ဒဏ်ဖြင့်သာ လုံးဝ ပျက်စီးကြရမည် မဟုတ်ပေ။ အခြားသော အဖန်ဆင်းခံများမှာမူ လူသားတို့၏ အကျိုးအတွက် ရည်ရွယ်လျက် ဖန်ဆင်းထားသည်ဖြစ်ရာ ထိုလူသားများမရှိတော့သည့်အခါ ၄င်းတို့သည် လည်း ရှိတော့မည်မဟုတ်ပေ။) သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့အား သတ်မှတ်ကာလတစ်ခု (ကေယာမသ်) အထိ ဆိုင်းငံ့ထားတော်မူသည်။ သို့ဖြစ်ပေရာ ၄င်းတို့၏ သတ်မှတ်ကာလ ရောက်ရှိလာမည်ဆိုလျှင် (ထိုအချိန်တွင်) အလ္လာဟ်အသျှင်မြတ်သည် ဧကန်မုချ မိမိ၏ ကျွန်များကို ကောင်းစွာ တွေ့မြင်တော်မူပေမည်။ (၄င်းတို့အနက် ကာဖိရ်များကို ကောင်းစွာ အပြစ်ပေးတော်မူပေမည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَلَا يَحِيقُ الْمَكْرُ السَّيِّئُ إِلَّا بِأَهْلِهِ

لَا يَحِيقُ ၏ အဓိပ္ပာယ်မှာ لَا يُحِيطُ (သို့) لَا يُصِيبُ ဟု ဖြစ်သည်။ အချုပ်မှာ 'မကောင်းသောကြံစည်မှု၏ ဆိုးကျိုးသည် အခြားသူအပေါ်၌ ကျရောက်ခြင်းမရှိဘဲ ထိုမကောင်းကြံစည်သူ အပေါ်၌သာ ကျရောက်သည်'ဟု ဖြစ်သည်။ ဆိုလိုသည်မှာ မည်သူမဆို အခြားသူများအတွက် မကောင်း လိုလားပါလျှင် ထိုသူကိုယ်တိုင်ပင် မကောင်းခြင်း၏ သားကောင် ဖြစ်သွားရသည်။'

ဤသို့ဆိုခြင်းကြောင့် 'လောကတွင် အကြိမ်ပေါင်းများစွာ တွေ့မြင်ရသည်မှာ မကောင်းကြံစည်သူတို့၏ မကောင်းကြံစည်မှုများသည် အောင်မြင်သွားခဲ့သည်။ ပျက်စီးစေလိုသူမှာ ပျက်စီးသွားခဲ့ရသည်များကို ကိုယ်တွေ့မျက်မြင်ပင် ဖြစ်ပါသည်'ဟု ဆိုလျှင် ၄င်း၏ အဖြေတစ်ခုမှာမူ 'ဖွင့်ဆိုချက်အနှစ်ချုပ်'တွင် တင်ပြခဲ့သည်မှာ ၄င်းသူအဖို့ ဒုက္ခ (သို့) ဆုံးရှုံးနစ်နာမှု ရောက်ရှိရခြင်းမှာ လောကရေးဆိုင်ရာ ဆုံးရှုံးမှုဖြစ်သည်။ ထို့ပြင် ဤသို့ မကောင်းကြံစည်သူ၏ နစ်နာဆုံးရှုံးမှုမှာ တမလွန်၏ 'အဇာဗ်'အပြစ်ဒဏ် ဖြစ်သည်။ ၄င်းအပြစ်ဒဏ်မှာ အလွန်တရာ ပြင်းထန်လှပေသည်။ အမြဲထာဝရ ခံစားရမည်လည်း ဖြစ်သည်။ ထိုသူ၏ နစ်နာဆုံးရှုံးမှုနှင့် နှိုင်းယှဉ်လျှင် ဤသူ၏ လောကီရေးဆုံးရှုံးမှုမှာ မရှိသကဲ့သို့ပင် ဖြစ်သည်။

ဒုတိယအဖြေကို အချို့ပညာရှင်များက ဖြေကြားထားသည်မှာ အပြစ်မဲ့သူတစ်ဦး၏ အခြေအနေနှင့် ဆန့်ကျင်၍ ကြံစည်ခြင်းနှင့် ၄င်းသူအပေါ် မတရားပြုခြင်း၏ ဆိုးကျိုးသည် မတရားပြုသူအပေါ် များသောအားဖြင့် လောက၌လည်း သက်ရောက်လေ့ရှိသည်။ မိုဟမ္မဒ်ဗင်နကအစ်ကုရဗ္ဗီ (ရဟ) က မိန့်ဆိုသည်မှာ '(၃) မျိုးသော အလုပ်ကို ပြုလုပ်သူသည် လောက၌လည်း ဆိုးကျိုးနှင့် 'အဇားဗ်'အပြစ်ဒဏ်တို့မှ မလွတ်ကင်းပေ။ ၄င်းတို့မှာ-

(၁) အပြစ်မဲ့သူတစ်ဦးအား မကောင်းကြံစည်လျက် ၄င်းအား ဒုက္ခရောက်စေခြင်း၊
(၂) မတရားမှုပြုခြင်းအားလုံး၊
(၃) ကတိသစ္စာ ဖောက်ဖျက်ခြင်းတို့ ဖြစ်သည်။ *[အိဗ်နေကစီးရ်ကျမ်း]*

အထူးသဖြင့် အခြေမဲ့၊ အနေမဲ့သူများအပေါ် မကောင်းကြံစည်ခြင်း ဖြစ်သည်။ ၄င်းတို့သည် လက်စားချေရန်လည်း အင်အားမရှိကြသူများ ဖြစ်သည်။ (သို့မဟုတ်) လက်စားချေရန် အင်အားရှိသော်လည်း သည်းခံလိုက်ကြသူများအပေါ် မကောင်းကြံစည်ခြင်းဖြစ်သည်။ ထိုသူ့အပေါ်တွင် မတရားမှု၏ ဆိုးကျိုးသည် လောက၌လည်း မည်သူ့ကိုမျှ လွတ်ကင်းစေခဲ့သည်ကို မတွေ့ရှိခဲ့ပါ'ဟု ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာယာ်ယာစီန်

ယာစီးန်ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

يٰسٓ ۝١

၃၆ : ၁ ။ ။ ယာ····၊ စီန်···။

وَالْقُرْاٰنِ الْحَكِيْمِ ۝٢

၃၆ : ၂ ။ ။ (ငါအသျှင်မြတ်သည်) ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသော (ဤ) ကုရ်အာန်ကျမ်းတော်မြတ်ကို သက်သေထူတော်မူ၏။

إِنَّكَ لَمِنَ الْمُرْسَلِينَ ﴿٣﴾

၃၆ : ၃ ။ ။ စကေန်မလွဲ အသင်သည် ရစူလ်တမန်တော်အပေါင်းတို့တွင် အမှန်ပင် တစ်ပါးအပါအဝင် ဖြစ်ပေသည်။

عَلَىٰ صِرَاطٍ مُّسْتَقِيمٍ ﴿٤﴾

၃၆ : ၄ ။ ။ (၎င်းပြင် အသင်သည်) ဖြောင့်မတ်သော တရားလမ်းပေါ်၌ တည်ရှိနေပေသည်။

تَنزِيلَ الْعَزِيزِ الرَّحِيمِ ﴿٥﴾

၃၆ : ၅ ။ ။ (ဤကုရ်အာန်ကျမ်းတော်မြတ်သည်) တန်ခိုးတော်ဖြင့် နိုင်နင်းလွှမ်းမိုးတော်မူသော၊ အလွန်တရာ သနား ကြင်နာတော်မူသော အသျှင်မြတ်၏ ထံတော်မှ ချပေးတော်မူ (သော ကျမ်းဂန်တော်ပင် ဖြစ်) သည်။

لِتُنذِرَ قَوْمًا مَّا أُنذِرَ آبَاؤُهُمْ فَهُمْ غَافِلُونَ ﴿٦﴾

၃၆ : ၆ ။ ။ (ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို ချပေးသနားတော်မူခြင်းမှာ) အသင်သည် (ဦးစွာပထမ) အကြင် (အာရဗ်) အမျိုးသားတို့အား သတိပေးနှိုးဆော်ရန် ဖြစ်သည်။ ထိုအမျိုးသားတို့၏ အဘ၊ ဘိုး၊ ဘေးတို့မှာ သတိပေး နှိုးဆော်ခြင်း မခံခဲ့ကြရပေ။ သို့ဖြစ်ပေရာ ထိုအမျိုးသားတို့သည် (တရားလမ်းမှန်ကို) မသိသူများပင် ဖြစ်ကြကုန်သည်။

لَقَدْ حَقَّ الْقَوْلُ عَلَىٰ أَكْثَرِهِمْ فَهُمْ لَا يُؤْمِنُونَ ﴿٧﴾

၃၆ : ၇ ။ ။ စကေန်မလွဲ ၎င်းတို့အနက် မြောက်မြားစွာသော သူတို့အပေါ်၌ အမိန့်တော်သည် အတည်ဖြစ်ခဲ့ပေရာ၊ ၎င်းတို့မှာ အီမာန်သက်ဝင် ယုံကြည်ကြမည်မဟုတ်ပေ။

إِنَّا جَعَلْنَا فِي أَعْنَاقِهِمْ أَغْلَالًا فَهِيَ إِلَى الْأَذْقَانِ فَهُم مُّقْمَحُونَ ﴿٨﴾

၃၆ : ၈ ။ ။ စကေန်အမှန် ငါအသျှင်မြတ်သည် ၎င်းတို့၏ လည်ကုပ်များ၌ လည်ကွင်းများကို စွပ်ထားတော်မူခဲ့ရာ ယင်းလည်ကွင်းများမှာ (၎င်းတို့၏) မေးစေ့များအထိ ရောက်ရှိ၍ နေကုန်၏။ ထို့ကြောင့် ၎င်းတို့သည် ဦးခေါင်းမော် လျက်ပင် ရှိနေကြကုန်၏။

وَجَعَلْنَا مِن بَيْنِ أَيْدِيهِمْ سَدًّا وَمِنْ خَلْفِهِمْ سَدًّا فَأَغْشَيْنَاهُمْ فَهُمْ لَا يُبْصِرُونَ ﴿٩﴾

၃၆ : ၉ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ထိုသူတို့ရှေ့၌ အတားအဆီး (တံတိုင်း) တစ်ခုကိုလည်းကောင်း၊ ထိုသူ တို့၏နောက်၌ အတားအဆီး (တံတိုင်း) တစ်ခုကိုလည်းကောင်း ပြုလုပ်တော်မူခဲ့၏။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်းတို့ အား (အထက်မှလည်း) ဖုံးလွှမ်းထားတော်မူခဲ့ရာ (တစ်နည်း) ထိုသို့အားဖြင့် ငါအသျှင်မြတ်သည် ၎င်းတို့အား (အဘက်ဘက်မှ) ဝိုင်းဝန်းထားတော်မူခဲ့ရာ၊ ၎င်းတို့မှာ မြင်နိုင်ကြတော့သည် မဟုတ်ပြီ။

وَسَوَآءٌ عَلَيۡهِمۡ ءَأَنذَرۡتَهُمۡ أَمۡ لَمۡ تُنذِرۡهُمۡ لَا يُؤۡمِنُونَ ۝١٠

၃၆ : ၁၀ ။ ။ စင်စစ် (အို, နဗီတမန်တော်) 'အသင်သည် ၎င်းတို့အား သတိပေးနှိုးဆော်ခဲ့သည် ဖြစ်စေ၊ သတိပေးနှိုးဆော်ခြင်း မပြုခဲ့သည်ဖြစ်စေ ၎င်းတို့အဖို့ အကြောင်းမထူးပြီ။ ၎င်းတို့သည် အီမာန်သက်ဝင် ယုံကြည်ကြတော့မည်မဟုတ်ပေ'

إِنَّمَا تُنذِرُ مَنِ ٱتَّبَعَ ٱلذِّكۡرَ وَخَشِيَ ٱلرَّحۡمَٰنَ بِٱلۡغَيۡبِۖ
فَبَشِّرۡهُ بِمَغۡفِرَةٖ وَأَجۡرٖ كَرِيمٍ ۝١١

၃၆ : ၁၁ ။ ။ အသင်သည် အဆုံးအမတရားတော်ကို လိုက်နာသည့်အပြင် 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်အား အကွယ်မှ ကြောက်ရွံ့ရှိသေသောသူကိုသာလျှင် သတိပေးနှိုးဆော်နိုင်၏။ သို့ဖြစ်ပေရာ အသင်သည် ထိုသူအား လွတ်ငြိမ်းချမ်းသာခွင့်နှင့် စပ်လျဉ်း၍လည်းကောင်း၊ မြင့်မြတ်လှစွာသော အကျိုးကျေးဇူးနှင့် စပ်လျဉ်း၍လည်းကောင်း ဝမ်းမြောက်ဖွယ်ရာ သတင်းကို ပြောကြားပါလေ။

إِنَّا نَحۡنُ نُحۡيِ ٱلۡمَوۡتَىٰ وَنَكۡتُبُ مَا قَدَّمُواْ وَءَاثَٰرَهُمۡۚ وَكُلَّ شَيۡءٍ
أَحۡصَيۡنَٰهُ فِيٓ إِمَامٖ مُّبِينٖ ۝١٢

၃၆ : ၁၂ ။ ။ ဧကန်မလွဲ ငါအသျှင်မြတ်သည်သာလျှင် သူသေတို့အား ရှင်စေတော်မူပေမည်။ ထို့ပြင် ငါအသျှင်မြတ်သည် ထိုသူတို့ ကြိုတင်ပို့နှင့်ခဲ့ကြသည်များကိုလည်းကောင်း၊ ထိုသူတို့၏ ခြေရာများကိုလည်းကောင်း (တစ်နည်း) ထိုသူတို့သည် နောက်တွင် ချန်ရစ်ခဲ့ကြသည့် (အကောင်းအဆိုး) များကိုလည်းကောင်း ရေးသားထားတော်မူ၏။ ထို့ပြင် ငါအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို ထင်ရှားစွာသော မှတ်တမ်းစာအုပ်တွင် တိကျစွာ ရေတွက် မှတ်သားထားတော်မူခဲ့ပြီး ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

'ယာစီးန်' (၎င်း၏ အလိုသဘောကို အလ္လာဟ်အသျှင်မြတ်သည်သာလျှင် သိရှိတော်မူပါသည်။) ငါအသျှင်မြတ်သည် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသော ကုရ်အာန်ကျမ်းတော်မြတ်ကို 'ကစမ်' ကျိန်ဆိုသက်သေထူ မိန့်ကြားတော်မူသည်။ အဘယ်ကြောင့်ဆိုသော် မုချဧကန် အသင်သည် ရစူလ်တမန်တော်အပေါင်းတို့ အနက် တစ်ပါးအပါအဝင် ဖြစ်သည်။ (ထို့ပြင်) ဖြောင့်မတ်မှန်ကန်သော တရားလမ်းပေါ်၌ တည်ရှိနေပေသည်။ (ဤတရားလမ်းမှန်ပေါ်တွင် အသင်၏ နောက်လိုက်မှုပြုသူသည် အလ္လာဟ်အသျှင်မြတ်ထံတော်သို့ ရောက်ရှိပေမည်။ ကာဖိရ်များက ပြောဆိုခဲ့ကြသည့် لَسْتَ مُرْسَلًا 'အသင်သည် ရစူလ်တမန်တော်မဟုတ်' ဟုလည်းကောင်း၊ بَلِ افْتَرَاهُ 'အသင်သည် ကိုယ်တိုင်လုပ်ကြံထားသည်' ဟုလည်းကောင်း ပြောဆိုခြင်းများသည် လုံးဝမမှန်။ ထိုသို့ လုပ်ကြံပြောဆိုမှု၏ အဆုံးသည်ကား လမ်းမှားခြင်း

ပင် ဖြစ်သည်။ စင်စစ် ကုရ်အာန်ကျမ်းမြတ်သည် အကြွင်းမဲ့ 'ဟေဒါယသ်'တရား လမ်းညွှန်ကျမ်းဖြစ်သည်နှင့်အတူ အသင်၏ 'ရိစာလသ်' (ရစူလ်ဖြစ်ခြင်း) နှင့် 'နဗူဝသ်'နဗီဖြစ်ခြင်းတို့၏ အထောက်အထားလည်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်) ဤကုရ်အာန်ကျမ်းတော်မြတ်သည် နိုင်နင်းလွှမ်းမိုးတော်မူသော အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ်ထံတော်မှ ချပေးတော်မူသော ကျမ်းဖြစ်သည်။

(ထို့ပြင် အသင့်အား နဗီတမန်တော်အဖြစ် စေလွှတ်ခံရခြင်းမှာ) အသင်သည် (ဦးစွာပထမ) ဤကဲ့သို့သော သူတို့ကို (အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ်မှ) သတိပေးနှိုးဆော်ရန် ဖြစ်သည်။ ထိုအမျိုးသားတို့၏ အဘ၊ ဘိုး၊ ဘေးတို့မှာ (နီးကပ်သော မည်သည့်ရစူလ်တမန်တော်၏ အကြောင်းခံဖြင့်မျှ) သတိပေးနှိုးဆော်ခြင်း မခံခဲ့ရပေ။ သို့ဖြစ်ပေရာ ၄င်းတို့သည် တရားလမ်းမှန်ကို မသိသူများ ဖြစ်ခဲ့ကြသည်။ (အဘယ်ကြောင့်ဆိုသော် အာရဗ်တွင် ရှေးလွန်လေပြီးသော ရစူလ်တမန်တော်တို့၏ ရှရီအသ်တရားတော်များ၏ အချို့အကြောင်းအရာများကို ဆင့်ပြန်ခြင်းလည်း ရှိခဲ့သောကြောင့် ဖြစ်သည်။ ဥပမာ- အာယသ်တော်တစ်ပါးတွင်

اَمۡ جَآءَ هُمۡ مَّا لَمۡ يَاۡتِ اٰبَآءَ هُمُ الۡاَ وَّلِيۡنَ

ဟု လာရှိထားသည်။ ဆိုလိုသည်မှာ 'ကုရ်အာန်ကျမ်းတော်မြတ်သည် ၄င်းတို့၏ အဘ၊ ဘိုး၊ ဘေး များထံ မရောက်ရှိခဲ့သော အရာကို ၄င်းတို့ထံသို့ ယူဆောင်လာခြင်း ဖြစ်ပါသလော' ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'သောင်ဟီးဒ်'တရားဘက်သို့ ဖိတ်ခေါ်ခြင်းသည် အသစ်အဆန်းမဟုတ်ပေ။ ဤသည် ၄င်းတို့၏ ဘိုး၊ ဘေးများထံ၌လည်း ရောက်ရှိခဲ့သည့် အရာသာ ဖြစ်ပေသည်။ သို့တိုင်အောင်လည်း နဗီတမန်တော် ရောက်ရှိလာပြီး သတိးပေနှိုးဆော်မှု ပြုသည့်အခါ ရှေးနဗီတမန်တော်များထံမှ ဆင့်ကဲဆင့်ကဲ ဆင့်ပြန်ခဲ့ခြင်းကြောင့် ရောက်ရှိလာသည့် တရားဥပဒေများသည် အထူးသဖြင့် ယင်းတရားဥပဒေများသည် မူရင်းအတိုင်း အသိတရားရရှိစေရန် ထိရောက်မှုမရှိတော့ဘဲ သတိပေးနှိုးဆော်မှုပြုသည်ခန့် သံဝေဂ တရား မရရှိကြပေ။ အသင်သည် ဦးစွာပထမ သတိပေးနှိုးဆော်ရမည်မှာ ကုရိုက်ရှ်အမျိုးသားများကို ဖြစ်သည်။ ထို့ကြောင့် ဤနေရာ၌ ၄င်းတို့၏ အကြောင်းကိုသာ တင်ပြမိန့်ကြားထားခြင်း ဖြစ်သည်။ တစ်ဖန် လူသားတစ်ရပ်လုံးကိုလည်း ကိုယ်တော်မြတ် ﷺ သည် အမှန်တရားဘက်သို့ 'ဒအ်ဝသ်'ပေး ဖိတ်ခေါ်တော်မူခဲ့သည်။ အကြောင်းမှာ ကိုယ်တော်မြတ် ﷺ အား စေလွှတ်တော်မူခြင်းမှာ လူသားတစ်ရပ်လုံး အတွက် ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့ပြင် အသင်၏ 'ရိစာလသ်'အမှန်တကယ်ပင် တမန်တော် တစ်ပါးဖြစ်ခြင်းနှင့် ကုရ်အာန်ကျမ်းမြတ်၏ မှန်ကန်မှုများ ဖြစ်ရှိပါလျက် ၄င်းတို့က လက်မခံကြပါလျှင် အသင်သည် ပူဆွေးသောက မဖြစ်လေနှင့်။ အဘယ်ကြောင့်ဆိုသော်) ၄င်းတို့အနက် မြောက်မြားစွာသော သူတို့အပေါ်တွင် ('သက္ကဒီးရ်'နဖူးစာဆိုင်ရာ) အမိန့်တော်သည် အတည်ဖြစ်ခဲ့ချေပြီ။ (ထိုအမိန့်တော်မှာ ၄င်းတို့သည် တရားလမ်းမှန်အပေါ်၌ ရောက်ရှိလာ ကြမည်မဟုတ်ပေ'ဟူ၍ပင် ဖြစ်သည်။) သို့ဖြစ်ပေရာ ၄င်းတို့သည် လုံးဝ အီမာန်သက်ဝင် ယုံကြည်ကြမည်မဟုတ်ပေ။ (ဤအခြေအနေမှာ ၄င်းတို့မှ အများစုတို့၏

အခြေအနေဖြစ်သည်။ အချို့သူတို့၏ နဖူးစာတွင် အီမာန်သက်ဝင်ယုံကြည်မှုလည်း ရှိခဲ့ကြသည်။ ၄င်းတို့သည် အီမာန်သက်ဝင်ယုံကြည်မှုလည်း ပြုခဲ့ကြသည်။ တစ်ဖန် ထိုသူတို့၏ ဥပမာမှာ အီမာန်နှင့် ဝေးကွာခြင်း၌) ငါအသျှင်မြတ်သည် ၄င်းတို့၏ လည်ဂုတ်များတွင် (အလွန်လေးလံလှသော) လည်ကွင်းများကို စွပ်ထားတော်မူခဲ့သည်။ တစ်ဖန် ထိုလည်ကွင်းများသည် မေးစေ့များအထိ (တက်၍) ရောက်ရှိသွားခဲ့သည်။ ထို့ကြောင့် ၄င်းတို့၏ ဦးခေါင်းများသည် အပေါ်သို့ မော့လျက်သာ ရှိခဲ့ကြသည်။ (ဆိုလိုသည်မှာ ဦးခေါင်းများ မော့သွားပြီး အောက်သို့ မငုံ့နိုင်တော့ပေ။ ထိုသို့ မငုံ့နိုင်ခြင်းမှာ မေးစေ့အောက်နှင့် ကပ်လျက်ရှိသည့် လည်စွပ်အပိုင်း၌ ပါရှိသည့် သံမှို အစရှိသည်တို့က မေးစေ့ကို ထောက်နေခြင်းကြောင့်လည်း ဖြစ်နိုင်ပေသည်။ သို့တည်းမဟုတ် လည်စွပ်ရှိ သံကွင်းများက မေးစေ့ကို မ,တင်ထားခြင်းကြောင့် ဦးခေါင်းကို အောက်ဘက်သို့ ညွှတ်၍မရခြင်းလည်း ဖြစ်နိုင်ပေသည်။ မည်သို့ပင်ဆိုစေ ထိုအကြောင်းနှစ်ရပ်ကြောင့် ၄င်းတို့သည် လမ်းမှန်တွေ့ခြင်းမှ နဖူးစာမဲ့ဖြစ်လျက် ရှိနေကြသည်။) ထို့ပြင် (၄င်းတို့၏ အီမာန်နှင့် ဝေးကွာရခြင်း၊ ဥပမာမှာ) ငါအသျှင်မြတ်သည် ထိုသူတို့၏ ရှေ့၌ အတားအဆီးတစ်ခုကိုလည်းကောင်း၊ ထိုသူတို့၏ နောက်၌ အတားအဆီးတစ်ခုကိုလည်းကောင်း ပြုပေးတော်မူခဲ့သည်။ ထိုအတားအဆီးများဖြင့် ငါအသျှင်မြတ်သည် (ဘက်ပေါင်းစုံမှ) ၄င်းတို့အား (အကာအကွယ်များတွင်) ဝန်းရံထားတော်မူခဲ့သည်။ သို့ဖြစ်ပေရာ ၄င်းတို့သည် (ထိုအတားအဆီး၊ အကာအရံများကြောင့် မည်သည့်အရာကိုမျှ) မမြင်နိုင်ကြတော့ပေ။ (ထိုဥပမာနှစ်ခုစလုံး၏ အနှစ်ချုပ်မှာ ဤသည်ပင် ဖြစ်သည်။)

(အို၊ နဗီတမန်တော်) အသင်သည် ၄င်းတို့အား သတိပေးနှိုးဆော်သည်ဖြစ်စေ၊ (သို့) သတိပေးနှိုးဆော်ခြင်း မပြုခဲ့သည်ဖြစ်စေ အတူတူပင် ဖြစ်သည်။ ၄င်းတို့သည် (မည်သည့်အခြေအနေ၌ပင်ဖြစ်စေ) အီမာန်သက်ဝင်ယုံကြည်ကြမည် မဟုတ်ပေ။ (ထို့ကြောင့် အသင်သည် ၄င်းတို့ထံမှ မျှော်လင့်ချက်ကို စွန့်လွှတ်ပြီး အေးချမ်းမှုကို ရယူပါ။)

အသင်သည် (အကျိုးဖြစ်ထွန်းမည့်သူများကိုသာ သတိပေးနှိုးဆော်နိုင်သည်။) ဆုံးမဩဝါဒကို လိုက်နာသည့်အပြင် ကရုဏာတော်ရှင် အလ္လာဟ်အသျှင်မြတ်အား မမြင်ရဘဲလျက် ကြောက်ရွံ့ရိုသေ ခံ့ညားသောသူများကိုသာ သတိပေးနှိုးဆော်နိုင်သည်။ (အကြောက်တရားဖြင့်သာ အမှန်တရားကို ရှာဖွေမည်။ လိုလားရှာဖွေမှုဖြင့်သာ အမှန်တရားကို ရရှိနိုင်သည်။ ၄င်းတို့မှာမူ အကြောက်တရားရှိသူများပင် မဟုတ်ကြပေ။) သို့ဖြစ်ပေရာ (ဤကဲ့သို့ အကြောက်တရားရှိသူများဖြစ်လျှင်) အသင်သည် ၄င်းတို့အား (အပြစ်များ၏) လွတ်ငြိမ်းချမ်းသာခွင့်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ထို့ပြင် (အမိန့်နာခံခြင်းအပေါ်) ကောင်းမြတ်သော အကျိုးကုသိုလ်များ ရရှိခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း သတင်းကောင်း ပြောကြားပါလေ။

(ထိုအချက်အားဖြင့် လမ်းမှားခြင်းနှင့် သွေဖည်ကျောခိုင်းမှု ပြုသူဖြစ်လျှင် ထိုသူသည် 'မဂ်ဖေရသ်' လွတ်ငြိမ်းချမ်းသာခွင့်နှင့် အကျိုးကုသိုလ်တို့မှ နဖူးစာမဲ့သူဖြစ်ပြီး 'အဇာဗ်' အပြစ်ဒဏ်ထိုက်သူဖြစ်ကြောင်းကို ညွှန်းဆိုပြသခြင်း ဖြစ်သည်။ လောကတွင် ဤအကျိုးနှင့် အပြစ်ပေးခြင်းများ ဖြစ်ပေါ်ရန် အရေးမကြီးပေ။ သို့ရာတွင်) မလွဲဧကန် ငါအသျှင်မြတ်သည် (တစ်နေ့တွင်) သေသူတို့အား ရှင်စေတော်မူပေမည်။

(ထိုအခါ ထိုအချက်များအားလုံး ထင်ရှားစွာ ဖြစ်ပေါ်လာပေမည်။) ထို့ပြင် (ကျင့်စဉ်ကျင့်ရပ်များအပေါ် အကျိုး၊ အပြစ် အစားပေးတော်မူပေမည်။) ငါအသျှင်မြတ်သည် လူသားတို့ ကြိုတင်ပို့နှင့်ခဲ့ကြသည့် 'အအ်မာလ်' ပြုမူလုပ်ဆောင်ချက်များကိုလည်းကောင်း၊ ထို့ပြင် ၎င်းတို့သည် နောက်တွင် ချန်ရစ်ခဲ့သည့် 'အအ်မာလ်' ပြုမူလုပ်ဆောင်ချက်များကိုလည်းကောင်း ရေးသားထားတော်မူသည်။ (مَاقَدَّمُوْا သည် မိမိ၏ လက်ဖြင့် ပြုထားသည့် အလုပ်ကို ဆိုလိုသည်။ اٰثَارَهُمْ သည် ထိုအလုပ်ကြောင့် ဖြစ်ပေါ်ကျန်ရှိနေသည့် အရာဖြစ်ပြီး သေပြီးနောက်တွင်လည်း ကျန်ရှိနေမည့်အရာကို ဆိုလိုသည်။ ဥပမာ- လူတစ်ဦးသည် ကောင်းမှုတစ်စုံတစ်ရာကို ပြုမူကျင့်ဆောင်ခဲ့သည်ဆိုလျှင် ထိုကောင်းမှုသည် အခြားသူများအတွက်လည်း 'ဟေဒါယသ်' လမ်းမှန်တရား ရရှိရန် အကြောင်းခံ ဖြစ်သွားပေသည်။ (သို့) တစ်ဦးတစ်ယောက်သည် မကောင်းမှုတစ်ခုခုကို ကျူးလွန်ခဲ့သည်ဖြစ်လျှင် ထိုမကောင်းမှုသည် အခြားသူများအဖို့ လည်း လမ်းမှားစေရန် အကြောင်းခံဖြစ်သွားသည်။ အချုပ်မှာ ဤအရာအားလုံးသည် ရေးမှတ်ခြင်း ခံရသည်။ ထို့နောက် 'အာခေရသ်'တမလွန်တွင် ထိုသူတို့အားလုံးအပေါ်တွင် အကျိုး၊ အပြစ်များ ပေးခံရပေမည်။) ထို့ပြင် (ငါအသျှင်မြတ်၏ အသိဉာဏ်တော်သည် မည်မျှ ကြီးမားသည်ဟူမူ ကိစ္စတစ်စုံတစ်ရာကို ဆောင်ရွက်၍ ပြီးစီးမှ ရေးမှတ်ခြင်းကို မလိုအပ်ချေ။ အကြောင်းမှာ) ငါအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို ('ကေယာမသ်'နေ့ထိတိုင် ဖြစ်ပေါ်လာမည့် ဖြစ်ရပ်တို့ကို မဖြစ်မီအလျှင်ကပင် ထင်ရှားစွာသော မှတ်တမ်းစာအုပ် (လောင်ဟေမဟ်ဖူးဇ်) တွင် ရေးမှတ်ထားတော်မူခဲ့ပြီး ဖြစ်သည်။

(အချို့သော အမြော်အမြင်များကြောင့်သာ ပြုမူဆောင်ရွက်ချက်များကို ရေးမှတ်ရခြင်းဖြစ်သည်။ သို့ဖြစ်ပေရာ မဖြစ်မီက အရာများကိုပင် ငါအသျှင်မြတ်သည် အားလုံးကို သိရှိတော်မူပြီးဖြစ်လေရာ ဖြစ်ပြီးသည်များကို အဘယ်ကြောင့် မသိရှိရမည်နည်း။ ထို့ကြောင့် 'အမလ်'တစ်ခုခုကို အစဖျောက်ခြင်း၊ (သို့) ဖုံးကွယ်ထားခြင်းတို့သည် မဖြစ်နိုင်ပေ။ မုချဧကန် အပြစ်ပေးခြင်း ခံရပေမည်။ 'လောင်ဟေ မဟ်ဖူးဇ်'အား واضح (ထင်ရှားစွာသော မှတ်တမ်းစာအုပ်) ဟူ၍ အရာဝတ္ထုတို့၏ အကျယ်တဝင့် ရှင်းလင်းစွာ တင်ပြထားခြင်းကို အကြောင်းပြု၍ တင်စားခေါ်ဝေါ်ခြင်း ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

'စူရာဟ်ယာစီးန်' ၏ ထူးမြတ်မှုများ

ဟဇရသ်မအ်ကလ်ဗင်န်ယာစားရ် ﷺ သခင်က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ يس قلب القرآن ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ယာစီးန်'သည် ကုရ်အာန်၏ နှလုံးသား ဖြစ်သည်။ ဤဟဒီးစ်တော်၏ အချို့စာလုံးများတွင် 'မည်သူမဆို 'စူရာဟ်ယာစီးန်'ကို အလ္လာဟ်အသျှင်မြတ်၏ နှစ်မြို့မှု ရရှိရန်အတွက်နှင့် တမလွန်အကျိုးကို မျှော်ကိုးရည်စူး၍ ဖတ်ရွတ်ပါလျှင် ထိုသူ့အဖို့ လွတ်ငြိမ်း

ချမ်းသာခွင့် ရရှိသွားပေသည်။ ထိုစူရာဟ်အား သေသူများအတွက် ဖတ်ရွတ်ကြလေကုန်'ဟု လာရှိထားသည်။ (အဟ်မဒ်၊ အဘူဒါဝူးဒ်၊ နစအီ၊ အိဗ်နေမာဂျဟ်နှင့် ဟာကင်မ် စသည်တို့က ဤဟဒီးစ်တော်ကို ဆင့်ပြန်ခဲ့ကြသည်။) *[ရူးဟွလ်မအာနီ၊ မဇှ်ဟရီ။]*

အေမာမ်ဂဇာလီ (ရဟ) က မိန့်ဆိုသည်မှာ 'စူရာဟ်ယာစီးန်သည် ကုရ်အာန်၏ နှလုံးသား ဖြစ်သည်' ဟု မိန့်ဆိုရာတွင် ဖြစ်နိုင်သောအကြောင်းမှာ 'စူရာဟ်ယားစီန်'တွင် 'ကေယာမသ်'နှင့် 'ဟရှရ်'၊ 'နရှရ်' တို့၏ အကြောင်းများကို အသေးစိတ် တင်ပြခြင်းနှင့် စကားအရာတွင် အဆင့်မြင့်စွာ သုံးနှုန်းထားခြင်းတို့ကြောင့် ဖြစ်သည်။ ထို့ပြင် အီမာန်သက်ဝင်ယုံကြည်ခြင်း၏ အဓိကအချက်များတွင် တမလွန်အား ယုံကြည်ခြင်းသည် လူသား၏ ကျင့်စဉ်များ မှန်ကန်ကောင်းမွန်ခြင်းအပေါ် မူတည်သော အရာဖြစ်သည်။ တမလွန်ကို ကြောက်ရွံ့ခြင်းသည်ပင် လူသားအား ကောင်းမှုကိုယ်ကျင့်တရားပြုရန် အဆင်သင့် ဖြစ်စေသည်။ ထိုတမလွန်အား ကြောက်ရွံ့ခြင်းသည်ပင် လူသား မပြုပိုင်သော ရမ္မက်၊ ဆန္ဒများနှင့် 'ဟရာမ်'လုပ်ရပ်များ ပြုလုပ်ခြင်းမှ တားမြစ်ပေးသည်။ သို့ဖြစ်ပေရာ ခန္ဓာကိုယ်၏ ကျန်းမာသန်စွမ်းမှုသည် နှလုံးသား၏ ကျန်းမာသန်စွမ်းမှုအပေါ် မူတည်သကဲ့သို့ အီမာန်၏ ကောင်းမွန်ခြင်းသည်လည်း တမလွန်၏ သောကကောင်းမွန်ခြင်းအပေါ် မူတည်ပေသည်။ *[ရူးဟွလ်မအာနီကျမ်း]*

ဤစူရာဟ်၏ အမည်သည် 'ယားစီန်'ဟု ကျော်ကြားသကဲ့သို့ ဟဒီးစ်တော်တစ်ပါးတွင် ၎င်း၏ အမည်မှာ **عظيمه** 'အဇ္ဇီမဟ်'ဟုလည်း လာရှိသည်။

အခြားဟဒီးစ်တော်တစ်ရပ်တွင် လာရှိသည်မှာ ဤစူရာဟ်၏ အမည်သည် 'သောင်ရားသ်'ကျမ်းတွင် **مُعِمَّة** 'မုအင်မဟ်' ဟု လာရှိသည်။ ဆိုလိုသည်မှာ 'မိမိအား ဖတ်ရွတ်သူအတွက် လောကီနှင့် လောကုတ္တရာတို့၏ ကောင်းခြင်းမင်္ဂလာများ၊ 'ဗရ်ကသ်'များကို များမြောင်စွာ ပြုပေးသူ'ဟု ဖြစ်သည်။ ဤစူရာဟ်အား ဖတ်ရွတ်သူ၏ အမည်မှာ **شريف** 'ရှရီးဖ်'ဟု လာရှိထားသည်။ ထို့နောက် မိန့်ကြားသည်မှာ 'ကေယာမသ်'နေ့တွင် ဤစူရာဟ်၏ 'ရှဖာအသ်'သည် 'ရဗီအဟ်'မျိုးနွယ်စု၏ လူများထက် ပို၍များပြားသော လူတို့အတွက် လက်ခံမှုဖြစ်ပေမည်။ (စအီးဒ်ဗင်နိမန်ဆွှုးရ်နှင့် ဗိုင်ဟကီတို့က ဟိစာန်ဗင်န် အသွိယဟ်ထံမှ ဆင့်ပြန်ခဲ့သည်။)

အချို့ဆင့်ပြန်ချက်များတွင် ဤစူရာဟ်၏ အမည်မှာ **مدافعه** 'မုဒါဖအဟ်'ဟုလည်း လာရှိထားသည်။ ဆိုလိုသည်မှာ 'မိမိအား ရွတ်ဖတ်သူ၏ ဘေးရန်များကို ပပျောက်စေသူ'ဟု ဖြစ်သည်။

အချို့ဆင့်ပြန်ချက်များတွင် ၎င်း၏ အမည်မှာ **قاضية** 'ကာဒွိယဟ်'ဟုလည်း ဖော်ပြထားသည်။ ဆိုလိုသည်မှာ 'လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးသူ'ဟု ဖြစ်သည်။ *[ရူးဟွလ်မအာနီကျမ်း]*

ဟဇရသ်အဘူဇရ် ﷺ သခင်က ဆင့်ပြန်ခဲ့သည်မှာ သေဆုံးကွယ်လွန်တော့မည့်သူ၏ အနားတွင် 'စူရာဟ်ယာစီးန်'ကို ဖတ်ရွတ်ပါလျှင် ၎င်းအား လွယ်ကူစွာ အသက်ထွက်စေသည်။ (ဒိုင်လမီနှင့် အိဗ်နေဟဗ်ဗာန်တို့က ဆင့်ပြန်ခဲ့သည်။) *[မဇှ်ဟရီကျမ်း]*

ယဟ်ယာဗင်န်ကဆီးရ် (ရဟ) က မိန့်ဆိုသည်မှာ မည်သူမဆို နံနက်ခင်း၌ 'စူရာဟ်ယာစီးန်'ကို ဖတ်ရွတ်ပါက ထိုသူသည် ညနေအထိ ပျော်ရွှင်၍ သာယာမှုရှိပေမည်။ ညနေအချိန်တွင် ဖတ်ရွတ်သော သူသည် နံနက်အထိ ပျော်ရွှင်နေပေမည်။ ထို့နောက် မိန့်ကြားသည်မှာ 'ကျွန်ုပ်အား ဤ 'စူရာဟ်ယာစီးန်' ဖတ်ရွတ်ခြင်းကို လက်တွေ့ပြုကျင့်သည့် အတွေ့အကြုံရှိသူက တင်ပြခဲ့ခြင်း ဖြစ်သည်'ဟူ၍ ဖြစ်၏။

[မဇ္ဇဟရီကျမ်း]

يٰسٓ 'ယာစီးန်'ဆိုသော ဤစာလုံးနှင့် စပ်လျဉ်း၍ ကျော်ကြားသော အဆိုမှာမူ အထက်တွင် 'ဖွင့်ဆိုချက်အနှစ်ချုပ်' ၌ တင်ပြခဲ့သည့်အတိုင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤစာလုံးသည် **حروف مقطعات** ထဲမှ (အသင်္ကေတအက္ခရာ) ဖြစ်သည်။ ဤအက္ခရာများ၏ အနက်သဘောကို အလ္လာဟ် အသျှင်မြတ်သာလျှင် အသိဆုံးဖြစ်တော်မူသည်။ ဤအသိကို လူသားများအား ပေးထားတော်မူခြင်းမရှိပေ။ အိဗ်နေအရဗီ (ရဟ) က အဟ်ကာမွလ်ကုရ်အာန်ကျမ်း၌ မိန့်သည်မှာ အေမာမ်မာလိက် (ရဟ) က မိန့်ဆို သည်မှာ 'ဤသည် အလ္လာဟ်အသျှင်မြတ်၏ နာမတော်များအနက် နာမတော်တစ်ခုဖြစ်သည်။' ဟဇရသ် အိဗ်နေအဗ္ဗားစ် ﷺ သခင်ထံမှလည်း ဆင့်ပြန်ချက်တစ်ရပ်မှာ ဤသည် 'အသျှင်မြတ်၏ နာမတော်များ အနက်မှ ဖြစ်သည်' ဟူ၍ ဆင့်ပြန်လာရှိထားသည်။

ဆင့်ပြန်ချက်တစ်ရပ်၌ လာရှိသည်မှာ ဤသည် ဟဗ်ရှီဘာသာ၏ စာလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ 'အို၊ လူသား'ဟု ဖြစ်သည်။ 'လူသား'ဟု ဆိုသည်မှာ ကိုယ်တော်မြတ် ﷺ ကို ဆိုလိုခြင်းဖြစ်သည်။ ဟဇရသ်အိဗ်နေဂျုဗိုင်ရ် ﷺ ၏ မိန့်ဆိုချက်မှ သိရှိရသည်မှာ 'ယာစီးန်'ဟူသော စာလုံးသည် နဗီကိုယ်တော် မြတ် ﷺ ၏ နာမတော်ဖြစ်သည်။ ရှုးဟွလ်မအာနီကျမ်းတွင် လာရှိသည်မှာ တမန်တော်မြတ် ﷺ ၏ နာမတော် တွင် يَا 'ယာ' နှင့် سِين 'စီးန်'ဟူသော ဂုဏ်ကြီးမြတ်သည့် အက္ခရာနှစ်လုံးဖြင့် ထားခြင်းမှာ ကြီးမား စွာသော လျှို့ဝှက်ချက်ရှိသည်။

'ယာစီးန်' ကို လူတစ်ဦး၏ အမည်အဖြစ်ထားခြင်း မည်သို့ ရှိပါသနည်း၊

အေမာမ်မာလိက် (ရဟ) သည် ဤအမည်ထားခြင်းကို မနှစ်သက်ပေ။ အကြောင်းမှာ ၎င်းသည် ဤစာလုံးမှာ အလ္လာဟ်အသျှင်မြတ်၏ နာမတော်များအနက်မှ ဖြစ်သည်ဟူ၍ ယူဆထားသောကြောင့်ပင် ဖြစ်သည်။ ထို့ပြင် ထိုစာလုံး၏ အဓိပ္ပာယ်အမှန်ကိုလည်း မသိရှိရသောကြောင့်ဖြစ်သည်။ ထို့ကြောင့် အလ္လာဟ် အသျှင်မြတ်အတွက်သာ သီးသန့်ဖြစ်သော خالق — رازق စသော အဓိပ္ပာယ်ရှိသည့် နာမတော်များမှ ဖြစ်နိုင်သောကြောင့် ဖြစ်ပေသည်။ သို့သော် ဤစာလုံးကို يَاسِين ဟု ရေးသားသည်ဖြစ်လျှင် လူတစ်ဦး၏ အမည်အဖြစ်ထားခြင်း ပိုင်သည်။ အကြောင်းမှာ ကုရ်အာန်ကျမ်းတော်မြတ်တွင် سَلَامٌ عَلٰى اِلْ يَاسِيْنَ ဟု လာရှိသောကြောင့် ဖြစ်သည်။

[အိဗ်နေအာရဗီ]

ဖော်ပြပါအာယသ်တော်၏ ကျော်ကြားသည့် 'ကေရ်အသ်'မှာ إِلْيَاسِينَ ဖြစ်သည်။ သို့ရာတွင် အချို့သော 'ကေရာအသ်'များတွင် آلِ يَاسِينَ ဟုလည်း လာရှိသည်။

لِتُنْذِرَ قَوْمًا مَّآ أُنْذِرَ اٰبَآءُ هُمْ

အာရဗ် (လူမျိုးများ) ကို ဆိုလိုခြင်းဖြစ်သည်။ အဓိပ္ပာယ်မှာ 'ထိုသူတို့၏ ဘိုး၊ ဘေးများတွင် မည်သည့်သတိပေး နိူးဆော်သူ (နဗီတမန်တော်) မျှ ကာလအတန်ကြာအထိ ရောက်ရှိမလာပေ'ဟုဖြစ်သည်။ အဘ၊ ဘိုး၊ ဘေးများဟု ဆိုခြင်းမှာ နီးကပ်သော ဘိုး၊ ဘေးများကို ဆိုလိုသည်။ ၎င်းတို့၏ အမြင့်ဆုံး ဘိုး၊ ဘေးများ ဖြစ်ကြသော ဟဇရသ်အီဗ်ရာဟီးမ် عليه السلام နှင့်အတူ ဟဇရသ်အီစ်မာအီးလ် عليه السلام တို့၏ နောက်ပိုင်းတွင် နှစ်ရာစုပေါင်းများစွာ အာရဗ်တွင် မည်သည့်နဗီမျှ မရောက်ရှိခဲ့ပေ။ အမှန်စင်စစ် 'ဒအ်ဝသ်' ဖိတ်ခေါ်ခြင်းနှင့် 'သဗ်လီးဂ်'ပို့ချခြင်းသည်လည်းကောင်း၊ သတိပေးနိူးဆော်ခြင်းနှင့် သတင်းကောင်းပေး ခြင်းတို့သည်လည်းကောင်း စဉ်းဆက်မပြတ် ပုံမှန်အတိုင်း ရှိနေခဲ့ပါသည်။ ဤအကြောင်းသည် ကုရ်အာန်၏ အာယသ်တော်၌လည်း လာရှိပါသည်။ 'ဖွင့်ဆိုချက်အနှစ်ချုပ်' တွင် တင်ပြခဲ့ပြီးဖြစ်သည်။ ထို့ပြင်

اِنْ اُمَّةٍ اِلَّا خَلَا فِيْهَا نَذِيْرٌ

ဟူသော အာယသ်တော်တော်သည်လည်း ဤသည်ကိုပင် လိုလားတောင်းဆိုလျက် ရှိနေပေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ 'ရဟ်မသ်'ကရုဏာတော်တော်သည် မည်သည့်အမျိုးအနွယ် ဖြစ်စေ၊ မည်သည့်သာသနာဝင်အုပ်စုဖြစ်စေ 'ဒအ်ဝသ်'ပေးဖိတ်ခေါ်ခြင်းနှင့် انذار 'အင်န်ဇားရ်' သတိပေး နိူးဆော်ခြင်းတို့ကို မည်သည့်ခေတ်သမယ၊ မည်သည့်ဒေသတွင်မျှ ချန်လှပ်မထားခဲ့ပေ'ဟု ဖြစ်သည်။ သို့ရာတွင် နဗီတမန်တော်တို့ သင်ကြားပေးခြင်းတို့ကို ထိုနဗီတမန်တော်တို့ အရိုက်အရာခံသူများ အကြောင်း ခံဖြင့် ရောက်ရှိခဲ့ခြင်းကို နဗီတမန်တော်ကိုယ်တိုင် 'ဒအ်ဝသ်'ပေးဖိတ်ခေါ်ခြင်း၊ သင်ကြားပေးခြင်းကဲ့သို့ သက်ရောက်မှု မရှိသည်မှာ ထင်ရှားပေသည်။ ထို့ကြောင့် ဖော်ပြပါအာယသ်တော်တွင် အာရဗ်များနှင့် စပ်လျဉ်း၍ '၎င်းတို့ထံသို့ မည်သည့်သတိပေးနိူးဆော်သူ (နဗီတမန်တော်) မျှ မရောက်ရှိခဲ့' ဟု မိန့်ကြား ခြင်း ဖြစ်သည်။ ထိုသို့ ဖြစ်ခြင်းကြောင့် ၎င်းတို့၌ သက်ရောက်မှုဖြစ်သည်မှာ 'အာရဗ်နိုင်ငံတွင် များသော အားဖြင့် သင်ယူခြင်း၊ သင်ကြားပေးခြင်းနှင့် ပညာရေးနှင့်စပ်လျဉ်းသော မည်သည့်ခိုင်မာသည့် အစီအမံ မျှ မရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းတို့ ဝိသေသအမည်မှာ اُمِّيِّيْنَ 'အွန်မိယီးန်'(ပညာမဲ့များ) ဟု ဖြစ်ခဲ့သည်။

لَقَدْ حَقَّ الْقَوْلُ عَلٰٓى اَكْثَرِهِمْ فَهُمْ لَا يُؤْمِنُوْنَ ، اِنَّا جَعَلْنَا فِيْٓ اَعْنَاقِهِمْ اَغْلٰلًا ـــ ﴿الاية﴾

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် 'ကုဖွရ်'နှင့် အီမာန်ကိုလည်းကောင်း၊ 'ဂျန္နသ်'၊ 'ဂျဟန္နမ်' ကိုလည်းကောင်း၊ လမ်းနှစ်သွယ်စလုံးကို လူသား၏ ရှေ့မှောက်၌ ချပေးတော်မူပြီးဖြစ်သည်။ အီမာန်၏

ဖိတ်ခေါ်မှု အတွက် နဗီတမန်တော်များနှင့် ကျမ်းဂန်များကိုလည်း ပို့ချပေးတော်မူခဲ့သည်။ တစ်ဖန် လူသားကို မိမိ၏ အကောင်း၊ အဆိုးကို သိနားလည်နိုင်ပြီး လမ်းနှစ်သွယ်မှ တစ်လမ်းလမ်းကို ရွေးချယ်ခွင့်ကိုလည်း ပေးထားတော်မူသည်။ နဖူးစာမဲ့သူသည် စဉ်းစားဆင်ခြင်မှုကိုလည်းမပြု။ တန်ခိုးတော်အသျှင်မြတ်၏ သက်သေလက္ခဏာ အထောက်အထားများကိုလည်း စူးစမ်းလေ့လာခြင်းမရှိ။ နဗီတမန်တော်များ 'ဒအ်ဝသ်' ပေး ဖိတ်ခေါ်ခြင်းကိုလည်း နားစိုက်မထောင်ခဲ့ပေ။ တစ်ဖန် အလ္လာဟ်အသျှင်မြတ်၏ ကျမ်းတော်မြတ် အားလည်း ဂဃနဏ စဉ်းစားဆင်ခြင်ခြင်း မပြုဟုဆိုလျှင် ၎င်းသည် မိမိသဘောဖြင့် ထိုလမ်းကို ရွေးချယ်လိုက်ပြီးဖြစ်သည့်အခါ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အဖို့ လမ်းမှားများဘက်သို့ ဦးတည်စေသည့် အရာများကို ဖန်တီးပေးတော်မူလိုက်၏။ 'ကုဖ္ဖရ်'တွင် ရောက်ရှိသွားသူအဖို့ 'ကုဖ္ဖရ်'ကို ပိုမိုတိုးပွားစေမည့် လုပ်ရပ်များဖြစ်လျက် ရှိနေပေမည်။ ထိုအကြောင်းကို ခိုင်းနှိုင်း မိန့်ကြားထားသည်မှာ-

لَقَدْ حَقَّ الْقَوْلُ عَلٰٓى اَكْثَرِهِمْ فَهُمْ لَا يُؤْمِنُوْنَ

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ထိုသူတို့အနက် များစွာသော သူတို့မှာ ၎င်းတို့၏ မကောင်းမှုကို ရွေးချယ်ခြင်းအပေါ် ၎င်းတို့သည် အီမာန်သက်ဝင် ယုံကြည်ကြလိမ့်မည်မဟုသော အမိန့်တော်သည် အတည် ဖြစ်ခဲ့လေပြီ'ဟု ဖြစ်သည်။

ရှေ့တွင် ၎င်းတို့၏ အခြေအနေကို ပမာပေး၍ တင်ပြမိန့်ကြားတော်မူသည်မှာ ၎င်းတို့၏ ဥပမာသည် လည်ကုတ်တွင် ၎င်းတို့၏ မျက်နှာများနှင့် မျက်လုံးများသည် အထက်သို့ မော့၍ လန်နေပြီး အောက်ဘက်သို့ ကြည့်၍ပင် မရနိုင်သော လည်ကွင်းစွပ်ထားခြင်းခံရသူကဲ့သို့ ဖြစ်သည်။ သို့ဖြစ်ပေရာ မိမိကိုယ်ကို မိမိတို့ အန္တရာယ်ချိုင့်ခွင်းများအတွင်းသို့ မကျရောက်မိစေရန် မည်သို့မျှ ထိန်းထားနိုင်စွမ်း မရှိမည်မှာ ထင်ရှားလှပေသည်။

ဒုတိယဥပမာ ပေးထားသည်မှာ လူတစ်ဦးအား လေးဘက်လေးရံ၌ နံရံများဖြင့် ကာဆီးထားပါလျှင် ထိုသူသည် လေးဘက်လေးရံမှ အကာအဆီးများကြောင့် ပြင်ပကမ္ဘာဖြင့် အဆက်အသွယ်ပြတ်လျက် ရှိ၏။ ထိုကာဖိရ်များ၌လည်း မိမိတို့ မသိနားမလည်မှု၊ မိုက်မဲမှုနှင့် သွေဖည်ကျောခိုင်းမှု အမှန်တရားကို လက်မခံဘဲ အရွဲ့တိုက်မှုတို့က ဝန်းရံထားသည်ဖြစ်ရာ ပြင်ပမှ အမှန်တရား၏ စကားများသည် ၎င်းတို့ထံသို့ ရောက်ပင် မရောက်ရှိနိုင်တော့ချေ။

အေမာမ်ရာဇီ (ရဟ) က မိန့်ဆိုသည်မှာ အကြည့်အာရုံကို ပိတ်ပင်တားဆီးခြင်း နှစ်မျိုးရှိသည်။ တစ်မျိုးမှာ မိမိ တည်ရှိနေခြင်းကို မမြင်နိုင်ခြင်းဖြစ်သည်။ ဒုတိယတစ်မျိုးမှာ မိမိ ဘေးပတ်ဝန်းကျင်ကို မမြင်နိုင်ခြင်း ဖြစ်သည်။ ထိုကာဖိရ်များအတွက် အမှန်တရားကို မြင်နိုင်ခြင်းမှ နှစ်မျိုးစလုံး တားဆီးမှု ရှိသည်။ ထို့ကြောင့် ပထမဥပမာအရ 'လည်ဂုတ်ကို အောက်ဘက်သို့ မငုံ့နိုင်သည့်အတွက် မိမိကိုယ်ကို မိမိ မတွေ့မြင်နိုင်သူ ဖြစ်သည်။ ဤသည် ပထမတားဆီးမှုပင်ဖြစ်သည်။ ဒုတိယဥပမာအရ မိမိ၏ ဘေးပတ်ဝန်းကျင်ကို မမြင်နိုင်သူ ဖြစ်သည်။ ဤသည် ဒုတိယအတားအဆီးဖြစ်သည်။ *[ရူးဟွလ်မအာနီ]*

အများစုအဖွင့်ပညာရှင်တို့က ဖော်ပြပါအာယသ်တော်ကို ၄င်းတို့၏ 'ကုဖွရ်'သွေဖည်ငြင်းပယ်မှုနှင့် အမှန်တရားကို လက်မခံဘဲ အစွဲတိုက်မှု၏ ဥပမာပေးခြင်းသာ ဖြစ်သည်ဟု သတ်မှတ်ကြသည်။

အချို့အဖွင့်ပညာရှင်အများကမူ ဤအာယသ်တော်ကို အချို့သော ဆင့်ပြန်ချက်များအရ ဖြစ်ရပ်တစ်ခုအား တင်ပြခြင်းဖြစ်သည်ဟု သတ်မှတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် အဘူဂျဟလ်နှင့် အခြားသော လူအချို့တို့သည် ကိုယ်တော်မြတ် ﷺ အား လုပ်ကြံသတ်ဖြတ် (သို့) ဒုက္ခပေးရန် အခိုင်အမာ ရည်ရွယ်၍ ကိုယ်တော်မြတ် ﷺ ရှိရာသို့ လာခဲ့ကြသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့၏ မျက်လုံးများ အပေါ်၌ အကာအဆီး ထည့်ပေးတော်မူလေရာ ၄င်းတို့မှာ မတတ်သာတော့ဘဲ လှည့်ပြန်လာခဲ့ကြရသည်။ ဤကဲ့သို့သော ဖြစ်ရပ်များစွာ၏ အကြောင်းများသည် အိဗ်နေကစီးရ်၊ ရူးဟွလ်မအာနီ၊ ကုရ်သုဗီနှင့် မဇ္ဖဟရီ စသော အဖွင့်ကျမ်းကြီးများ၌ ဆင့်ပြန်လာရှိထားပါသည်။ သို့ရာတွင် ၄င်းတို့အနက် ဆင့်ပြန်ချက်အများစုမှာ 'ဇွအီးဖ်'များဖြစ်သည်။ ထို 'ဇွအီးဖ်'များအပေါ် အာယသ်တော်၏ သဖ်စီးရ် ဖွင့်ဆိုချက်၏ မူတည်မှုကို မပြုနိုင်ပေ။

وَنَكْتُبُ مَاقَدَّمُوْا وَاٰثَارَهُمْ

ဆိုလိုသည်မှာ 'ငါအသျှင်မြတ်သည် ၄င်းတို့ကြိုတင်ပို့နှင့်ခဲ့သော 'အအ်မာလ်'ပြုမူ ဆောင်ရွက်ချက်များကို ရေးမှတ်တော်မူမည်'ဟု ဖြစ်သည်။ 'အမလ်'ပြုကျင့်ခြင်းကို ကြိုတင်ပို့နှင့်ခဲ့သည်ဟူသော စာလုံးနှင့် ခိုင်းနှိုင်းသုံးနှုန်းလျက် 'ဒွန္နယာလောက၌ ပြုလုပ်ကျင့်ဆောင်ခဲ့သည့် ကောင်းမှု (သို့) မကောင်းမှုလုပ်ရပ်များသည် ဤဒွန္နယာလောက၌ပင် ကုန်ဆုံး ပျောက်ကွယ်သွားမည်မဟုတ်ဘဲ မိမိတို့၏ ပြုမူဆောင်ရွက်ချက်များအဖြစ် ရှေ့သို့ ကြိုတင်ရောက်နှင့်ပြီး ဖြစ်သည်။ ၄င်းတို့ဖြင့် ရှေးဘဝသက်တမ်းကို ဖြတ်သန်းရမည် ဖြစ်သည်။ ကောင်းသော ပြုမူဆောင်ရွက်ချက်များဖြစ်လျှင် 'ဂျန္နသ်'၏ ဥယျာဉ်နှင့် သာယာမှုများကို ဖြစ်ပေါ်စေမည်။ မကောင်းသော ပြုမူဆောင်ရွက်ချက်များဖြစ်လျှင် 'ဂျဟန္နမ်'ငရဲ၏ ရဲရဲတောက်မီးများ ဖြစ်သွားပေမည်။ ထို့ပြင် ထို'အအ်မာလ်' ပြုမူဆောင်ရွက်ချက်များကို ရေးသားသည်ဆိုသော အဓိကရည်ရွယ်ချက်မှာ ၄င်းတို့အား ရေးမှတ်ခြင်းဖြင့် ထိန်းသိမ်းထားရန် ဖြစ်သည်။ ရေးမှတ်ခြင်းသည်လည်း 'မှားယွင်းမှု'နှင့် 'မေ့လျော့မှု'၊ 'ပိုမိုသွားခြင်း'နှင့် 'လျော့နည်းသွားခြင်း'တို့ မဖြစ်စေရန် အကြောင်းခံတစ်ရပ်အဖြစ် ရေးမှတ်ရခြင်းဖြစ်သည်။

'အအ်မာလ်' ပြုမူ ဆောင်ရွက်ချက်များကဲ့သို့ပင် 'အအ်မာလ်' ၏ ရလဒ်များသည်လည်း ရေးမှတ်ခြင်း ခံရခြင်း

وَاٰثَارَهُمْ ၄င်းတို့၏ ပြုမူဆောင်ရွက်သည်များကို ရေးမှတ်ခြင်းခံရသကဲ့သို့ ထိုပြုမူဆောင်ရွက်ချက်များ၏ ရလဒ်များကိုလည်း ရေးမှတ်ခြင်း ခံရပေသည်။

اٰثَار ၏ အလိုသဘောမှာ 'အအ်မာလ်'ပြုမှု ဆောင်ရွက်ချက်တို့၏ ကျန်ရှိနေခဲ့သော အကျိုးဆက်ရလဒ်များကို ဆိုလိုသည်။ ဥပမာ- လူတစ်ဦးသည် လူအများကို သာသနာ့ပညာနှင့် သာသနာ့အမိန့်ပညတ်ချက်များကို သင်ကြားပေးခဲ့သည်။ (သို့) သာသနာရေးဆိုင်ရာ အကျိုးခံစားခွင့်ကို လူအများ ရရှိစေရန် သာသနာ့စာအုပ်များ၊ ကျမ်းများကို ပြုစုခဲ့သည်။ (သို့) ၎င်းမရှိသည့် နောက်ပိုင်းတွင် လူအများ အကျိုးခံစားခွင့် ရရှိစေရန် 'ဝကဖ်'အဖြစ် လှူဒါန်းခဲ့သည်။ (သို့) မွတ်စ္စလင်မ်အများ အကျိုးခံစားခွင့် ရရှိစေရန် အလုပ်တစ်ခုကို ပြုလုပ်ခဲ့သည်ဆိုလျှင် ၎င်း၏ ပြုလုပ်ကျင့်ဆောင်မှု ကောင်းကျိုး၏ ရလဒ်များ ရောက်ရှိခံစားနေရသမျှ၊ ထို့ပြင် ထိုကောင်းကျိုး၏ ရလဒ်များ ရောက်ရှိနေသရွေ့၊ ထိုကောင်းမှုအကျိုး၏ ရလဒ်အားလုံးမှာ ထိုသူ၏ 'မှတ်တမ်းစာအုပ်'တွင် ရေးမှတ်ခြင်းခံရလျက် ရှိနေပေမည်။

အလားတူ မကောင်းမှုလုပ်ရပ်များ၏ မကောင်းသော ရလဒ်သည်လည်း ဒွန်ယာတွင် ကျန်ရှိနေပေသည်။ ဥပမာ- မတရားသော ဥပဒေများ ချမှတ်ပြဋ္ဌာန်းခြင်း (သို့) လူတို့၏ အကျင့်စာရိတ္တများ ပျက်ပြားစေမည့် အသင်းအဖွဲ့များ တည်ထောင်ခြင်း၊ (သို့) လူတို့အား လမ်းမှားမှုတစ်ခုခုနှင့် မကောင်းသော လမ်းပေါ်သို့ ထည့်သွင်းလိုက်ခြင်းများ ဖြစ်သည်။ ၎င်း၏ ပြုမှုဆောင်ရွက်ချက်များ၏ အကျိုးဆက်ရလဒ် ရောက်ရှိသောနေရာ ရောက်ရှိသောအချိန်အထိ ၎င်း၏ မှတ်တမ်းစာအုပ်တွင် ရေးမှတ်ခြင်းခံရလျက် ရှိနေပေမည်။ ဤအာယသ်တော်၏ သဖ်စီးရ်၌ တမန်တော်မြတ် ﷺ ကိုယ်တော်တိုင် မိန့်ကြားတော်မူခဲ့သည်။

ဟဇရသ်ဂျရီးရ်ဗင်န်အဗ်ဒွလ္လာဟ်ဗဂျလီ ﷺ က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူခဲ့သည်မှာ-

من سنّ سنّة حسنة فله اجرها واجر من عمل بها من بعده من غير ان ينقص من اجورهم شئ ومن سنّ سنة سيئة كان عليه وزرها ووزر من عمل بها من بعده لا ينقص من اوزارهم شيئا ــ ثم تلا وَنَكْتُبُ مَا قَدَّمُوْا وَاٰثَارَهُمْ

'မည်သူမဆို ကောင်းသော နည်းလမ်းတစ်ခုကို ချမှတ်ခဲ့ပါလျှင် ၎င်းသူအဖို့ ထိုပြုကျင့်မှု၏ 'စဝါးဗ်' ကုသိုလ်ကိုလည်း ရရှိပေမည်။ ထို့ပြင် ၎င်း၏ ကောင်းမှုလမ်းစဉ်အပေါ် 'အမလ်'ပြုကျင့်သမျှသော လူတို့၏ 'စဝါးဗ်'ကုသိုလ်ကိုလည်း ရရှိပေမည်။ ထို 'အမလ်'ပြုကျင့်သူတို့၏ စဝါးဗ်ကုသိုလ်၌လည်း မည်သည့် လျော့နည်းမှုမျှ ရှိမည်မဟုတ်။ ထို့ပြင် မည်သူမဆို မကောင်းသော နည်းလမ်းတစ်ခုကို ချမှတ်ပြုကျင့်ခဲ့ပါက ၎င်းသူအဖို့ ထိုမကောင်းမှု ကျူးလွန်ခြင်း၏ အပြစ်လည်း ထိုက်ပေမည်။ ထို့ပြင် ထိုမကောင်းမှု လုပ်ရပ်အပေါ် ကျူးလွန်လျက်ရှိနေသမျှသော လူတို့၏ အပြစ်သည်လည်း ထိုသူ့အဖို့ ရလျက်ရှိနေပေမည်။ ထိုမကောင်းမှုပြုသူတို့၏ အပြစ်တွင် တစ်စုံတစ်ရာ လျော့နည်းသွားမည်ကား မဟုတ်ပေ' ဟု ဖြစ်သည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ သည်

وَنَكْتُبُ مَاقَدَّمُوْا وَاٰثَارَهُمْ

ကို ဖတ်ရွတ်တော်မူသည်။ [အိဗ်နေကဆီးရ်ကျမ်း]

آثَارَ ၏ အဓိပ္ပာယ်မှာ 'ခြေလှမ်း'ဟုလည်း လာရှိသည်။ ဟဒီးစ်တော်တစ်ရပ်တွင် 'လူသားသည် နမာဇ်ဝတ်ပြုရန် ဗလီသို့ သွားသောအခါ ၎င်း၏ ခြေလှမ်းတိုင်းတွင် ကောင်းမှုရေးမှတ်ခြင်း ခံရသည်'ဟု လာရှိသည်။

အချို့ဟဒီးစ်တော်များအရ သိရှိရသည်မှာ ဤအာယသ်တော်၌ آثَارَ ၏ အလိုသဘောမှာ ခြေလှမ်းကိုပင် ဆိုလိုသည်။ နမာဇ်၏ 'စဝါးဗ်'ကိုလည်း ရေးမှတ်ခြင်းခံရသကဲ့သို့ နမာဇ်အတွက် သွားရာတွင် လှမ်းလေသမျှ ခြေလှမ်းတိုင်းအပေါ် ကောင်းမှုတစ်ခုစီ ရေးမှတ်ခြင်းခံရသည်။ အိဗ်နေကစီးရ်သည် ဤအကြောင်းပါ ဆင့်ပြန်ချက်များအား ရိဝါယသ်ကို တင်ပြထားသည့် နေရာ၌ စုဆောင်းတင်ပြထားသည်။ ထိုရိဝါယသ်မှာ 'မဒီနာမြို့ရှိ 'မတ်စ်ဂျိဒ်ဒွေနဗဝီ'နှင့် ဝေးလံသူဆွဟာဗာများက 'မတ်စ်ဂျိဒ်ဒွေနဗဝီ' ဗလီအနီးတွင် အိမ်ဆောက်ရန် ရည်ရွယ်ကြလေသည်။ ကိုယ်တော်မြတ် ﷺ သည် ၎င်းတို့အား တားမြစ်တော်မူသည်မှာ 'လက်ရှိနေသည့် နေရာ၌ပင် နေကြပါ။ အဝေးမှ လျှောက်၍ လာကြမည်ဆိုပါက အချိန်ကုန်သည်ဟု မမှတ်ကြယူကြလေနှင့်။ ခြေလှမ်းများလေသမျှ အသင်တို့၏ 'စဝါးဗ်'ကုသိုလ်များပေမည်'ဟု ဖြစ်သည်။

ဤနေရာတွင် ၎င်းစူရာဟ်သည် 'မက္ကီ'(မက္ကာဟ်မြို့ကျ) စူရာဟ်ဖြစ်သည်။ ဖော်ပြသည့် ဖြစ်ရပ်များမှာ မဒီနာ၌ ဖြစ်သော ဖြစ်ရပ်များဖြစ်သည်ဟူ၍ စောဒကသံသယဖြစ်နိုင်သည်။

၎င်း၏ အဖြေမှာ 'အာယသ်တော်၌ 'အအ်မာလ်'၏ ရလဒ်များသည်လည်း ရေးမှတ်ခြင်းခံရသည်' ဟူသော မိမိ၏ အဓိပ္ပာယ်နှင့် ပင်သည်။ ထို့ပြင် ဤအာယသ်တော်သည် မက္ကာဟ်မြို့တော်၌ပင် ကျရောက်ခဲ့ခြင်းလည်း ဖြစ်သည်။ မဒီနာမြို့တွင် ဤဖြစ်ရပ် ဖြစ်ပေါ်လာသောအခါ ကိုယ်တော်မြတ် ﷺ သည် အထောက်အထားတစ်ရပ်အနေဖြင့် ဤအာယသ်တော်ကို တင်ပြတော်မူခြင်းဖြစ်သည်။ ထို့နောက် 'ခြေလှမ်း' ကိုလည်း ရေးမှတ်ခြင်းခံရသည့်အကြောင်း ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်တော်၌ တင်ပြထားသည်ကို မိန့်ကြားလျက် آثَار بَاقِيَه (ကျန်ရှိနေသမျှ အမြဲမပြတ် ရရှိနေမည့် ကောင်းမှု) များတွင် ထည့်သွင်းတော်မူခဲ့ခြင်း ဖြစ်သည်။ ဤနည်းဖြင့် သဖ်စီးရ်ဖွင့်ဆိုချက်နှစ်ရပ်စလုံးတွင် အပေါ်ယံ ဆန့်ကျင်ခြားနားမှုလည်း ပပျောက်သွားပေသည်။ *[အိဗ်နေကဆီးရ်]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَاضْرِبْ لَهُمْ مَّثَلًا اَصْحٰبَ الْقَرْيَةِ اِذْ جَآءَهَا الْمُرْسَلُوْنَ ﴿١٣﴾

၃၆ : ၁၃ ॥ ॥ ၎င်းပြင် (အို, နဗီတမန်တော်) 'အသင်သည် ၎င်းတို့အား ထိုမြို့သူမြို့သားတို့၏ အတ္ထုပ္ပတ္တိတစ်ခုကို ပြောပြပါလေ။ အခါတစ်ပါး၌ ထိုမြို့သူမြို့သားတို့ထံ ရစူလ်တမန်တော်များသည် ရောက်ရှိ၍ လာခဲ့ကြကုန်၏။'

إِذْ أَرْسَلْنَا إِلَيْهِمُ اثْنَيْنِ فَكَذَّبُوهُمَا
فَعَزَّزْنَا بِثَالِثٍ فَقَالُوا إِنَّا إِلَيْكُم مُّرْسَلُونَ ﴿١٤﴾

၃၆ : ၁၄ ။ ။ အကြင်အခါဝယ် ငါအသျှင်မြတ်သည် ထိုမြို့သူမြို့သားတို့ထံ (ရစူလ်တမန်တော်) နှစ်ပါးကို စေလွှတ်တော်မူခဲ့၏။ ၎င်းတို့က ထို (ရစူလ်) နှစ်ပါးစလုံးအား မုသာဝါဒီများဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် တတိယ (ရစူလ်တမန်တော်) တစ်ပါး (ကို စေလွှတ်ခြင်းအား) ဖြင့် အားအင်တိုးတက်စေတော်မူခဲ့၏။ ထိုအခါ ၎င်းတမန်တော်တို့က ကေန်စင်စစ် 'ငါတို့သည် အသင်တို့ထံ စေလွှတ်ခြင်းခံကြရသော (ရစူလ်တမန်တော်များပင်) ဖြစ်ကြသည်' ဟု ပြောကြားခဲ့ကြကုန်၏။

قَالُوا مَا أَنتُمْ إِلَّا بَشَرٌ مِّثْلُنَا وَمَا أَنزَلَ الرَّحْمَٰنُ مِن شَيْءٍ
إِنْ أَنتُمْ إِلَّا تَكْذِبُونَ ﴿١٥﴾

၃၆ : ၁၅ ။ ။ ထိုမြို့သူမြို့သားတို့က 'အသင်တို့သည် ကျွန်ုပ်တို့ကဲ့သို့ လူသားများပင် ဖြစ်ကြပေသည်။ စင်စစ် 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်သည် အသင်တို့အပေါ်၌ မည်သည့်တစ်စုံတစ်ရာကိုမျှ ချပေးတော်မူသည် မဟုတ်ပေ။ အသင်တို့သည် မုသားပြောဆိုနေကြသည်သာ ဖြစ်သည်' ဟု ပြောဆိုခဲ့ကြကုန်၏။

قَالُوا رَبُّنَا يَعْلَمُ إِنَّا إِلَيْكُمْ لَمُرْسَلُونَ ﴿١٦﴾

၃၆ : ၁၆ ။ ။ ထိုရစူလ်တမန်တော်တို့က ပြောကြားခဲ့ကြကုန်၏။ 'ကေန်မလွဲ ငါတို့သည် အသင်တို့ထံ စေလွှတ်ခြင်းခံကြရသော (ရစူလ်တမန်တော်များ) ဖြစ်ကြောင်းကို ငါတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ကောင်းစွာ သိရှိတော်မူ၏။'

وَمَا عَلَيْنَا إِلَّا الْبَلَاغُ الْمُبِينُ ﴿١٧﴾

၃၆ : ၁၇ ။ ။ သို့ရာတွင် ငါတို့အပေါ်၌မူ (အလ္လာဟ်အသျှင်မြတ်၏ အကြောင်းကြားချက်များကို အသင်တို့ထံ) ထင်ရှားစွာ ပို့ဆောင်ရန် တာဝန်မှအပ အခြားတာဝန် မရှိပြီ။

قَالُوا إِنَّا تَطَيَّرْنَا بِكُمْ ۖ لَئِن لَّمْ تَنتَهُوا لَنَرْجُمَنَّكُمْ وَلَيَمَسَّنَّكُم
مِّنَّا عَذَابٌ أَلِيمٌ ﴿١٨﴾

၃၆ : ၁၈ ။ ။ ထိုမြို့သူမြို့သားတို့က ပြောဆိုခဲ့ကြကုန်၏။ 'အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့အား အမင်္ဂလာဟု ယူဆကြကုန်၏။ (သို့ဖြစ်ပေရာ) အကယ်၍ အသင်တို့သည် (အဆုံးအမတရားတော် ပေးခြင်းကို) ရပ်စဲခြင်းမပြုကြပါလျှင်၊

မုချအမှန် ကျွန်ုပ်တို့သည် အသင်တို့အား ခဲများဖြင့် ပစ်ပေါက်၍ သတ်ကြပေမည်။ ထို့ပြင် ကျွန်ုပ်တို့ထံမှ အသင်တို့၌ ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည်လည်း ဧကန်မလွဲ သက်ရောက်မည်ဖြစ်၏။

قَالُوْا طَآئِرُكُمْ مَّعَكُمْ ۭ اَىِٕنْ ذُكِّرْتُمْ ۭ بَلْ اَنْتُمْ قَوْمٌ مُّسْرِفُوْنَ

၃၆ : ၁၉ ။ ။ (ထိုအခါ) ၎င်းရစူလ်တမန်တော်တို့က (ဤသို့) ပြောဆို (ဖြေကြား) ခဲ့ကြကုန်၏။ (အချင်းတို့) 'အသင်တို့၏ မကောင်းသော အတိတ်နိမိတ်သည် အသင်တို့၌ပင် ရှိနေပေသည်။ အသင်တို့အား အဆုံးအမတရားတော်ပေးခြင်းကို ခံခဲ့ကြရခြင်းသည် (မကောင်းသော အတိတ်နိမိတ်ပင်) ဖြစ်လေသလော။ ထိုသို့ အလျှင်းမဟုတ်။ စင်စစ်မှာ အသင်တို့သည်သာလျှင် စည်းကမ်းဖောက်ဖျက်ကြသူများ ဖြစ်ကြကုန်သည်။'

وَجَآءَ مِنْ اَقْصَا الْمَدِيْنَةِ رَجُلٌ يَّسْعٰى قَالَ يٰقَوْمِ اتَّبِعُوا الْمُرْسَلِيْنَ ۝٢٠

၃၆ : ၂၀ ။ ။ ထိုအခါ မြို့၏ အစွန်အဖျားမှ လူတစ်ယောက်သည် ပြေး၍ လာခဲ့ပြီးလျှင် (ဤသို့) ပြောကြားခဲ့လေ၏။ 'အို၊ ကျွန်ုပ်၏ အမျိုးသားတို့၊ အသင်တို့သည် ရစူလ်တမန်တော်များ၏ လမ်းကို လိုက်ကြလေကုန်။' (အဖွင့်ပညာရှင်များက ၎င်းပုဂ္ဂိုလ်မှာ သူတော်စင်ကြီး 'ဟာဗိဗ်' ဖြစ်သည်ဟူ၍ ဖွင့်ဆိုထားကြသည်။)

اتَّبِعُوْا مَنْ لَّا يَسْـَٔلُكُمْ اَجْرًا وَّهُمْ مُّهْتَدُوْنَ ۝٢١

၃၆ : ၂၁ ။ ။ 'အသင်တို့ထံမှ မည်သည့်အကျိုး (မည်သည့်အစား) ကိုမျှ တောင်းဆိုခြင်း မပြုကြသည့်အပြင် မိမိတို့ကိုယ်တိုင်လည်း တရားလမ်းမှန်ကို ရရှိသူများ ဖြစ်ကြကုန်သော သူ (ရစူလ်တမန်တော်) တို့၏ လမ်းကို အသင်တို့ လိုက်ကြလေကုန်။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် (အို၊ နဗီတမန်တော်) အသင်သည် ထို (ကာဖိရ်သွေဖည်) သူတို့အား ('ရိစာလတ်' ၏ ထောက်ခံခြင်းနှင့် ၎င်းတို့၏ 'သောင်ဟီးဒ်' နှင့် 'ရိစာလတ်' ကို ငြင်းပယ်မှုအပေါ် သတိပေးနှိုးဆော်သည့် ရည်ရွယ်ချက်ဖြင့်) မြို့တစ်မြို့သို့ ရစူလ်တမန်တော်များ ရောက်ရှိလာစဉ်က ထိုမြို့သားတို့၏ ဖြစ်ရပ်ကို ပြောပြပါလေ။

ငါအသျှင်မြတ်သည် ထိုမြို့သူမြို့သားတို့ထံ (ဦးစွာပထမ) ရစူလ်တမန်တော်နှစ်ပါးကို စေလွှတ်တော်မူသောအခါ ၎င်းတို့က ထို (ရစူလ်တမန်တော်) နှစ်ပါးကို မုသာဝါဒီများဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် တတိယ (ရစူလ်တမန်တော်) ကို စေလွှတ်ခြင်းအားဖြင့် (ထိုပထမရစူလ်တမန်တော်နှစ်ပါးကို) အင်အားတိုးစေတော်မူခဲ့သည်။ (ဆိုလိုသည်မှာ ထောက်ခံသမှုပြုရန်အတွက် တတိယရစူလ်တမန်တော်ကို ထိုမြို့တော်သို့ သွားရန် အမိန့်ပေးတော်မူခဲ့သည်။) ထိုအခါ ထိုရစူလ်တမန်တော်

တို့က (ထိုမြို့သူမြို့သားများအား) မလွဲကေန် ငါတို့သည် အသင်တို့ထံသို့ (အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ) စေလွှတ်ခြင်းခံရသူများဖြစ်သည်ဟု ပြောကြားခဲ့ကြသည်။

အသင်တို့အဖို့ 'ဟေဒါယသ်'တရားလမ်းမှန် ပြသရန်အတွက် ဖြစ်သည်။ 'သောင်ဟီးဒ်' တစ်ပါးတည်းသော အသျှင်မြတ်အား ခဝပ်ကိုးကွယ်မှု ပြုကြပါ။ ရုပ်တုများ ကိုးကွယ်ခြင်းကို စွန့်လွှတ်ကြပါဟု ဆိုလိုခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ရုပ်တုများကို ကိုးကွယ်သူများဖြစ်ကြသောကြောင့်ပင် ဖြစ်သည်။ ၎င်းကို အောက်ပါအာယသ်တော်များက ညွှန်ပြလျက်ရှိသည်။

ءَاَتَّخِذُ مِنْ دُوْنِهٖ اٰلِهَةً ـ الخ နှင့် وَمَالِيَ لَآ اَعْبُدُ الَّذِىْ فَطَرَنِىْ

ထိုသူတို့က (ထိုမြို့သူမြို့သားတို့က) အသင်တို့သည် ကျွန်ုပ်တို့ကဲ့သို့ပင် သာမန်လူသားများ (သာ) ဖြစ်ကြပါသည်။ (အသင်တို့သည် ရစူလ်တမန်တော်ဖြစ်ရန် အဆင့်မရှိသူများ ဖြစ်ကြသည်။) ထို့ပြင် (အသင်တို့၌ မည်သည့်ထူးခြားချက်များ ရှိကြပါသနည်း။ ရစူလ်တမန်တော်များ ဖြစ်သည်ဆိုသည့် စကားမှာလည်း အခြေအမြစ်မရှိပါ။ ထို့ပြင်) အနန္တကရုဏာတော်ရှင် အသျှင်မြတ်သည် မည်သည့်အရာကိုမျှ (ကျမ်းဂန်နှင့်အမိန့်ပညတ်တော် အမျိုးအစားများကို မည်သည့်အခါကမျှ) ချပေးတော်မူခဲ့သည် မဟုတ်ပါ။ အသင်တို့သည် မုသားပြောဆိုနေကြခြင်းသာ ဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။

ထိုရစူလ်တမန်တော်တို့က ဧကန်မလွဲ ငါတို့သည် အသင်တို့ထံသို့ (ရစူလ်တမန်တော်များအဖြစ်) စေလွှတ်ခြင်းခံရကြောင်းကို ငါတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ကောင်းစွာ သိရှိတော်မူပါသည်ဟု ပြောကြားကြလေသည်။

(ဤ'ကစမ်'ကျိန်ဆိုခြင်းသည် 'ရိစာလသ်'ကို အတည်ပြုရန်မဟုတ်ဘဲ အထောက်အထားများ တင်ပြပြီးသည့်နောက်တွင်လည်း ၎င်းတို့က လက်မခံကြသောအခါ နောက်ဆုံးပြောကြားသည့်အနေဖြင့် မတတ်သာတော့ဘဲ ကျိန်ဆိုပြောကြားခြင်းသာ ဖြစ်သည်။ ရှေ့တွင် ၎င်းတို့ကိုယ်တိုင်၏ မိန့်ကြားချက်များအရ သိရှိရသည်မှာ)ငါတို့၏ တာဝန်မှာမူ ရှင်းလင်းထင်ရှားစွာ (အမိန့်တော်များကို) ပို့ဆောင်ပေးရန်သာ ဖြစ်သည်။

(ရှင်းလင်းထင်ရှားမှုသည် ရှင်းလင်းပြတ်သားသော အထောက်အထားများဖြင့် ကြွေးကြော်မှုကို အတည်ပြုခြင်းအပေါ် မူတည်သည်။ ထိုအချက်ဖြင့် သိရှိရသည်မှာ ပထမဦးစွာ အထောက်အထားများကို တင်ပြပြီးဖြစ်သည်။ နောက်ဆုံး၌ 'ကစမ်'ကျိန်ဆိုခြင်းဖြစ်သည်။ အချုပ်မှာ 'ငါတို့သည် မိမိတို့၏ အလုပ်ကို ပြီးမြောက်အောင် ပြုလုပ်ပြီးဖြစ်သည်။ အသင်တို့ လက်မခံကြပါမူ ငါတို့ မတတ်နိုင်တော့ပြီ'ဟု ဖြစ်သည်)

ထိုမြို့သူမြို့သားတို့က 'ကျွန်ုပ်တို့သည် အသင်တို့အား အမင်္ဂလာဟု ယူဆကြပါသည်'ဟု ပြောဆိုကြလေသည်။ (ဤသို့ ပြောဆိုခြင်းမှာ ၎င်းတို့အပေါ် ကပ်ဆိုက်နေ၍လည်းကောင်း၊ (သို့) စကားအသစ်အဆန်းကို ကြားကြရလေသောအခါ လူတို့သည် ထိုစကားကို လက်မခံကြသော်လည်း ထိုစကားမှာ မုချကျော်ကြားနေပြီး လူအများစုတွင် ထိုစကားအကြောင်း ပြောဆိုခြင်း၊ ထိုပြောဆိုခြင်း၌ ကွဲလွဲမှုဖြစ်ခြင်းနှင့် တစ်ခါတစ်ရံ ခိုက်ရန်ဖြစ်ပွားသည်အထိ အခြေအနေများသို့ပင် ရောက်ရှိသွားသည်။ သို့ဖြစ်ပေရာ အလို

သဘောမှာ လူအားလုံးတို့တွင် ပြဿနာတစ်ခုကို ထည့်ပေးလိုက်ပြီး ယင်းပြဿနာကြောင့် ဆုံးရှုံးမှုများ ဖြစ်လာရသည်။ ဤသည်ပင် အမင်္ဂလာဖြစ်သည်။ ဤအမင်္ဂလာ၏ အကြောင်းခံသည် အသင်တို့ပင် ဖြစ်ကြသည် ဟု ဆိုလိုခြင်း ဖြစ်သည်။) အကယ်၍ အသင်တို့သည် (ဤဖိတ်ခေါ်မှုနှင့် ကြွေးကြော်မှုတို့မှ) ရပ်စဲခြင်းမပြုပါလျှင် ကျွန်ုပ်တို့သည် အသင်တို့အား ကျောက်ခဲများဖြင့် ပစ်ပေါက်၍ သတ်ကြပေမည်။ ထို့ပြင် (ကျောက်ခဲများဖြင့် မပစ်ပေါက်မီ) အသင်တို့အား ကျွန်ုပ်တို့ဘက်မှ ပြင်းပြနာကျင်ဖွယ် ဒုက္ခများ ရောက်ရှိပေလိမ့်မည်။ (ဆိုလိုသည်မှာ နည်းမျိုးစုံဖြင့် ဒုက္ခပေးမည်။ လက်မခံပါက နောက်ဆုံးတွင် ကျောက်ခဲဖြင့် ပစ်ပေါက်၍ သတ်ကြမည်ဟု ဖြစ်သည်။)

ထိုရစူလ်တမန်တော်များက ပြောကြားကြသည်မှာ အသင်တို့၏ မကောင်းသော အတိတ်နိမိတ်သည် အသင်တို့နှင့်သာ အတူရှိနေပေသည်။ (ဆိုလိုသည်မှာ အသင်တို့ ပြောဆိုသည့် မကောင်းသော အတိတ်နိမိတ်နှင့် ဒုက္ခတို့၏ အကြောင်းတရားသည် အမှန်တရားကို လက်မခံခြင်းသာ ဖြစ်သည်။ အကယ်၍ အမှန်တရားကို လက်ခံရန် တစ်ညီတည်း ဖြစ်သွားပါက ပြဿနာ အရှုပ်အထွေးများလည်း ရှိတော့မည် မဟုတ်။ ကပ်ဆိုက်ခြင်း၊ ဘေးဒုက္ခ၌ နစ်မွန်းရမှုလည်း ဖြစ်တော့မည်မဟုတ်ပေ။ မူလကနဦးက 'ဗွသ်' ကိုးကွယ်ခြင်းအပေါ် တစ်ညီတည်းဖြစ်ခဲ့ခြင်းတွင် လမ်းမှားပေါ်၌ တစ်ညီတည်းဖြစ်၍ ပြဿနာနှင့် ဆိုးကျိုးများ ရှိပေသည်။ ထိုသို့ 'ဗွသ်' ကိုးကွယ်ခြင်းကို စွန့်လွှတ်ရန် အရေးကြီးပေသည်။ ဤခေတ်ကာလတွင် ကပ်ဆိုက်ရောက်မှု မဖြစ်ခြင်းမှာ အံ့ဖွယ်ကိစ္စရပ်အဖြစ် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ အချိန်ပေး ဆိုင်းငံ့တော်မူထားခြင်း ဖြစ်သည်။ (သို့) ထိုအချိန်အထိ ထိုသူတို့အပေါ်၌ အမှန်တရားသည် ရှင်းလင်းစွာ မဖြစ်သေးသောကြောင့် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ ဥပဒေမှာ အမှန်တရားကို ရှင်းလင်းစွာ မပို့ချမီအလျှင် မည်သူ့ကိုမျှ 'အဇာဗ်' ပေးတော်မမူပေ။

حَتّٰى يُبَيِّنَ لَهُمْ مَّا يَتَّقُوْنَ

ဟု မိန့်ကြားတော်မူသကဲ့သို့ ဖြစ်သည်။ ထို့ပြင် ဤအချိန်ပေး ဆိုင်းငံ့မှု (သို့) အမှန်တရားကို ရှင်းလင်းစွာ မရရှိခြင်းသည်လည်း အသင်တို့၏ မေ့မောမှုနှင့် အသိမဲ့ခြင်းတို့ကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် အခြေအနေတိုင်းတွင် ဤမကောင်းသော အတိတ်နိမိတ်နှင့် အမင်္ဂလာတို့ ဖြစ်ပေါ်ရခြင်း၏ အကြောင်းတရားသည် အသင်တို့ကိုယ်တိုင်၏ လုပ်ရပ်များသာဖြစ်ကြောင်း သိရှိရပေသည်။) အသင်တို့အဖို့ ဆုံးမဩဝါဒပေးခံရခြင်းကိုပင် မကောင်းသော အတိတ်နိမိတ်ဟု ယူဆနေကြပါသလား။ (ဤသည်မှာ နဖူးစာကောင်းခြင်း၏ အခြေခံဖြစ်သည်။ ဤသည်မှာ လုံးဝ မကောင်းသော အတိတ်နိမိတ် မဟုတ်ပါချေ။)သို့သာမက အသင်တို့ (ကိုယ်တိုင်) သည်ပင် စည်းကမ်း (အသိဉာဏ်အရဖြစ်စေ၊ တရားတော်အရဖြစ်စေ) ဖောက်ဖျက်သူများသာ ဖြစ်ကြသည်။

(သို့ဖြစ်ပေရာ ရှရီအသ်တရားတော်အား ဆန့်ကျင်ခြင်းကြောင့် အသင်တို့အပေါ်၌ ဤမကောင်းသော အတိတ်နိမိတ်၊ အမင်္ဂလာများ ကျရောက်ခြင်းဖြစ်သည်။ အသိတရားကို ဆန့်ကျင်မှုကြောင့် အသင်တို့သည်

ဤမကောင်းသော အတိတ်နိမိတ်၏ အကြောင်းတရားကို လွဲမှားစွာ မှတ်ယူခြင်းဖြစ်သည်။) ထိုအခါ (ဤပြောဆိုနေကြသည့်အကြောင်း ပြန့်နှံ့သွားသောအခါ) လူတစ်ဦးသည် (၎င်းမှာ မွတ်စ္စလင်မ်ဖြစ်သည်) ဤမြို့၏ ဝေးလံသောနေရာမှ (ဤဖြစ်နေသော နေရာနှင့် ဝေးလံသောနေရာကို ဆိုလိုသည်။ ဤသတင်းကို ကြားရပြီး မိမိ၏ အမျိုးသားများ၏ ကောင်းကျိုးကို လိုလားလျက် ဤရစူလ်တော်များ ရောက်ရှိလာခြင်းသည် အမျိုးသားများအဖို့ အောင်မြင်မှုဖြစ်သည်။ (သို့) ရစူလ်တမန်တော်၏ ကောင်းကျိုးကို လိုလားလျက် မိမိ၏ အမျိုးသားများက သတ်ဖြတ်ခြင်း မပြုကြစေရန်) ပြေးလွှားလျက် (ဤနေရာသို့) ရောက်ရှိလာပြီး (ထိုအမျိုးသားတို့အား) ပြောဆိုသည်မှာ 'အို၊ ကျွန်ုပ်၏ အမျိုးသားတို့၊ ထိုရစူလ်တမန်တော်များ၏ လမ်းကို လိုက်နာကြလေကုန်။' (မုချဧကန်) အသင်တို့ထံမှ မည်သည့်အကျိုးအစားကိုမျှ တောင်းဆိုခြင်း မပြုကြသည့်အပြင် ၎င်းတို့ကိုယ်တိုင်သည်လည်း လမ်းမှန်တရားပေါ်၌ ရှိသူ (ရစူလ်တမန်တော်) တို့၏ လမ်းကို လိုက်ကြလေကုန်။

(ဆိုလိုသည်မှာ မိမိအကျိုးကိုသာ ကြည့်ခြင်းသည် နောက်လိုက်ပြုသည့်အတွက် အတားအဆီးဖြစ်သည်။ ထိုအချက်သည်လည်း ၎င်းတို့တွင် မရှိ။ ထို့ပြင် လမ်းမှန်တရားပေါ်၌ ရှိခြင်းသည် နောက်လိုက်မှုပြုခြင်းကို တောင်းဆိုသောအချက်ဖြစ်သည်။ ထိုအချက်သည် ၎င်းတို့၌ ရှိသည်ဖြစ်ရာ အဘယ်ကြောင့် နောက်လိုက်မှုကို မပြုရပါမည်နည်းဟု ဖြစ်သည်။)

အလ္လာဟ်အသျှင်မြတ်၏ 'သောင်ဖီးကဲ' စွမ်းအားဖြင့်

မအာရိဖွလ်ကုရ်အာန် မြန်မာဘာသာပြန် အတွဲ [၂၂]

ဤတွင် ပြီးဆုံးပါပြီ။

فَاسْأَلُوا أَهْلَ الذِّكْرِ إِنْ كُنْتُمْ لَا تَعْلَمُونَ ۝

معارف القرآن

''အသင်တို့ မသိကြပါမူ
တတ်သိသူများအား မေးမြန်း ကြလေကုန်။''